# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ





1

အတိတ်က အိပ်မက်ဟာအနာဂါတ်ရဲ့အကြောင်းကိုပြောနေပါတယ်။


2

အလွန်မှပင်အမေ့သန်တဲ့ ပညာရှိတစ်ဦးဟာ မီးရထားကိုစီးပြီးခရီးထွက်ခဲ့ပါတယ်။ မိမိဖတ်နေတဲ့စာအုပ်မှာ စိတ်အာရုံဝင်စားမှုဟာလုံးဝနှစ်မြှုပ်သွားတဲ့အတွက်လက်မှတ်စစ်အနားကိုရောက်ရှိနေတာသတိလက်လွတ် ဖြစ်သွားတယ်။ လက်မှတ်စစ်က လက်မှတ်ကိုတောင်းမှ ပြာရှိပြာယာနဲ့လက်မှတ်ကိုရှာပါတော့တယ်။ ဘယ်နေရာမှာ မှ ရှာလို့မတွေ့တဲ့အခါ 'စောင့်နေတဲ့လက်မှတ်စစ်က ဒီလိုပြောပါတယ်။ 'ရပါတယ် ဆရာကြီး လက်မှတ်ကိုတွေ့ တော့မှဘဲ စာတိုက်ကနေကျွန်တော့ဆီပို့လိုက်ပါ။ ခင်ဗျားမှာလက်မှတ်ပါတယ် ဆိုတာကျွန်တော်ယုံပါတယ်။' ' ဟာ - မင်းနားမလည်ဘူး။ ဒီလက်မှတ်ကိုမတွေ့ တွေ့အောင်ရှာရမယ်။ ဒီလက်မှတ်ကိုမှမတွေ့ရင် ငါဘယ်ကို ခရီးဆက်နေမှန်းမသိဘူး' လို့ ပညာရှိကြီးက စိုးရိမ်တကြီးနဲ့ ပြန်ပြောလိုက်ပါတယ်။

ဒီကနေ့လူသန်းပေါင်းများစွာဟာ ဘယ်လိုမေးခွန်းတွေထုတ်နေကြလဲဆိုရင် 'ဒို့ဘယ်ကိုဦးတည်နေကြတာလဲ။' အနာဂါတ်ဟာလူသားတွေအတွက် မရေရာမသေချာဖြစ်နေပါတယ်။ ကျွန်ုပ်တို့ကမ္ဘာကြီးဟာ ဘယ်ကိုသွားနေဒါ လဲဆိုပြီးမေးနေကြတယ်။ ဒါကိုလူသားတွေနားမလည်ရှာပါလား။ အနာဂါတ်နဲ့ပတ်သက်လို့ကျွန်ုပ်တို့စိတ်ပူနေစရာမလိုပါဘူး။ ရှေးခေတ်ဘုရင်တပါးရဲ့အိပ်မက်ထဲမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ဒီကမ္ဘာကြီးဘာဖြစ်လာမလဲဆိုတာ ကြိုတင်ဟောထားပြီးသား ဖြစ်တယ်။



3

(ဗီဒီယို။ ၁၀ စက္ကန့်)
သိပ္ပံပညာရှင်တွေရဲ့အဆိုအရ ကျွန်တော်တို့ညစဉ်ညတိုင်း အိပ်မက်နေကြပါတယ်။ သို့သော်လည်းများ သောအားဖြင့် မေ့ကုန်ပါတယ်။


4

သို့သော်လည်း မှတ်တမ်းတင်ထားတဲ့အိပ်မက်တွေထဲမှာ မှတ်သားစရာအကောင်းဆုံးအိပ်မက်ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ က ဗာဗုလုံတိုင်းပြည်မှာဖြစ်ခဲ့ပါတယ်။ အိပ်မက်သူကိုယ်တိုင်ကမိမိမြင်ခဲ့တဲ့ အကြောင်း အရာ များကို ကျွန်ုပ်တို့အားပြန်လည်ပြောပြခဲ့ပါတယ်။


5

ဒီအိပ်မက်အကြောင်းကို ဒံယေလအနာဂတ္တိကျမ်းအခဏ်းကြီး ၂ မှာ မှတ်တမ်းတင်ထားပါတယ်။ သို့သော်လည်း အိပ်မက်ရှင်ဖြစ်တဲ့ နေဗုခဒ်နေဇာမင်းကြီးဟာ အဲဒီအိပ်မက်ကို လုံးဝသတိမရတော့ပါဘူး။ ဒီအိပ်မက်ဟာ သာမန်အိပ်မက်မဟုတ်ဘူးဆိုတာသတိထားမိတယ်။ ဒီအိပ်မက်ကိုနားမလည်ပေမဲ့လို့ အလွန်အရေးကြီးတဲ့ အနက်အဓိပ္ပါယ်ရှိမယ်လို့ ဘုရင်မင်းကြီးကယူဆတယ်။ သူထင်တဲ့အတိုင်း မှန်ကြောင်း တွေ့ခဲ့ရတယ်။


6

ကမ္ဘာ့ရာဇဝင်ကို ပေါ်လွင်စေတဲ့ အိပ်မက်ကို ဘုရားသခင်ပေးတော်မူပါတယ်။ အထူးသဖြင့် ဥရောပနှင့် အာရှ အလယ်ပိုင်းဆိုင်ရာ ရာဇဝင်ဖြစ်ပါတယ်။ ဒီရာဇဝင်ဟာ နေဗုခဒ်နေဇာမင်းကြီးလက်ထက်မှစပြီး ကျွန်ုပ်တို့အချိန်ထိ ဖေါ်ပြတဲ့ရာဇဝင်ဖြစ်ပါတယ်။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


7

ကျွန်ုပ်တို့အတွက် အနာဂါတ်ကို ဖော်ပြထားသော ထာဝရဘုရားကိုကျေးဇူးတင်ပါ။ ဗာဗုလုံနိုင်ငံဟာ ကမ္ဘာကြီးမှာ အကျယ်ဆုံး၊ အချမ်းသာဆုံး၊ ဩဇာအာဏာအရှိဆုံး ယဉ်ကျေးသောနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါတယ်။

ဒီနိုင်ငံကိုအုပ်စိုးခဲ့သော ရှင်ဘုရင်ကြီးဟာလည်း အလွန်တန်ခိုးကြီးပြီး အင်အားသုံးတယ်။ ရန်သူဟူသမျှကို ချေမှုန်းသုတ်သင်ခဲ့ပြီး ဗာဗုလုန်ပြည်ကို တန်ခိုးအကြီးဆုံးနိုင်ငံအဖြစ်သို့ရောက်အောင်ပို့ဆောင်ခဲ့ပါတယ်။


8

နေဗုခဒ်နေဇာမင်းကြီးနန်းစံ ၂ နှစ်မှာ မိမိရဲ့နိုင်ငံဘယ်လောက်တည်တံ့ခိုင်မြဲမလဲဆိုတဲ့အတွေးနဲ့ စက်တော်ခေါ်ခဲ့တယ်။ အခြားရှင်ဘုရင်များလိုဘဲ သူလည်းဘဲ အနာဂါတ်ကိုသိလိုသော ဘုရင်မင်းတစ်ပါးဖြစ်ခဲ့ပါတယ်။

အဲဒီညမှာ ဘုရားသခင်ဟာ ကောင်းကင်ကကြည့်ပြီး အာဏာရှင်ဘုရင်မင်းမြတ်ကြီးဖြစ်တဲ့ နေဗုခဒ်နေဇာမင်း ကိုတွေ့ပြီး သူ့အားဖြင့် အနာဂါတ်ကိုဖေါ်ပြရန် ဘုရားသခင်ဟာမင်းကြီးကို အသုံးပြုခဲ့ပါတယ်။


9

ဘုရင်မင်းမြတ်ကြီးစက်တော်ခေါ်ရာမှ နိုးလာတဲ့အခါမှာတော့သူ့အတွက်စိတ်အနှောင့် အယှက်ဖြစ်ရပါတယ်။ အလွန်အရေးကြီးသောအိပ်မက်ကိုမြင်မက်ခဲ့ပေမဲ့ ဒီအိပ်မက်ကိုတော့ လုံးလုံးကြီး မေ့သွားခဲ့လို့ဖြစ်ပါ တယ်။

ဗာဗုလုန်ပြည်မှာရှိတဲ့ သူတွေဟာ အိပ်မက်ကို အရေးတကြီးထားကြတယ်။

ဒါကြောင့်လည်းဘုရင်မင်းကြီးအနေနဲ့ အိပ်မက်ကိုသော်လည်းကောင်း၊ အိပ်မက်ရဲ့အဓိပ္ပါယ်ကိုသော်လည်းကောင်း သိလိုပါတယ်။


10

နေဗုခဒ်နေဇာမင်းကြီးမှာတော့ဗေဒင်တတ် မာကုဆရာ၊ ခါလဒဲဆရာ၊ အနာဂါတ်တိဆရာများရှိပါတယ်။

ဒီအိပ်မက်အကြောင်းကို ဒီပညာရှင်များက ပြောပြနိုင်မယ်လို့ ဘုရင်မင်းမြတ်ယုံကြည်ပါတယ်။

နံနက်စောစော အချိန်မှာဘဲ ပညာရှင်များကို နန်းတော်သို့ဆင့်ဆိုခဲ့ပါတယ်။

ပညာရှိမင်းကြီးရဲ့ရှေ့တော်ရောက်လာတဲ့ အခါမှာ



11

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၃။)

' . . . ငါသည် အိပ်မက်ကိုမြင်ပြီ။ ထိုအိပ်မက်ကိုမသိ၊ နားမလည်သည်ဖြစ်၍စိတ်မအီမသာရှိသည်'

ဒံယေလအနာဂတ္တိကျမ်း ၂း၃။


12

ဒီလူတွေဟာ ဟန်ဆောင်နေသောသူတွေဖြစ်ကြပါတယ်။ အနာဂါတ်ကို သိသလိုလိုနှင့်ဟောချင်ပြောချင်တဲ့လူ တွေဖြစ်ပါတယ်။

အိပ်မက်၏အဓိပ္ပါယ်ကို အမှန်တကယ်သိတာမဟုတ်ဘဲ၊ မှန်းပြီးအဓိပ္ပါယ်ဖေါ်သူတွေဖြစ်ကြပါတယ်။

အတန်ငယ်အချိန်ဆွဲနေပြီး သူတို့ဘယ်လိုပြောသလဲဆိုရင်



13

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၄။)

'အရှင်မင်းကြီး၊ အသက်တော်အစဉ်အမြဲရှင်ပါစေ။ အကျွန်ုပ်တို့အား အိပ်မက်တော်ကိုမိန့်တော်မူပါ။ အကျွန်ုပ်တို့သည် အနက်ကိုဖေါ်ပြပါမည်

ပညာရှိများအချိန်ဆွဲနေတာကို စိတ်မရှည်တော့တဲ့အခါမှာ ရှင်ဘုရင်ကြီးက

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ



14

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၅၊၆။)
'ရှင်ဘုရင်ကလည်း ငါအမိန့်တော်ရှိပြီ။



15

ထိုအိပ်မက်နှင့်အနက်ကိုသင်တို့မဖေါ်မပြလျှင် သင်တို့ကိုအပိုင်းပိုင်းစဉ်းမည်။



16

သင်တို့အိမ်များကိုလည်း နောက်ချေးပုံဖြစ်စေမည်။



17

အိပ်မက်နှင့်အနက်ကိုဖော်ပြလျှင်၊ ဆုလပ်သပ်ပကာ၊



18

ဂုဏ်အသရေများကိုငါပေးမည်။ သို့ဖြစ်၍ အိပ်မက်နှင့်အနက်ကို ငါ့အားဖေါ်ပြကြဟု ခါလဒဲပညာရှိတို့ကို မိန့်တော်မူ၏။'
အခဏ်းငယ် ၄-၆။



19

သူတို့တွေမင်းကြီးအားအိပ်မက်ကိုသာ ပြောဘို့ရန်တောင်းဆိုကြပြန်တယ်။ ဒီအခါမှာတော့ ဒီလူတွေလုပ်ရပ်ဟာ မမှန်ကြောင်း ဘုရင် မင်းမြတ်သိသွားပါပြီ။ သူတို့ကိုချိန်းခြောက်တဲ့အခါ သူတို့ဝန်ခံကြတာကတော့



20


(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၁၀၊၁၁။)
'ခါလဒဲဆရာတို့ကလည်း အရှင်မင်းကြီး၏အမှုကိုဖြေနိုင်မည်သူ၊ မြေကြီးပေါ်မှာ တယောက်မျှမရှိပါ။



21

အဘယ်မည်သောရှင်ဘုရင်သည် ဘုန်းတန်ခိုးကြီးသော်လည်း မာဂုပညာရှိ၊ ဗေဒင်တတ်၊ ခါလဒဲဆရာတို့ကို ဤသို့မေးမြန်းလေ့မရှိပါ။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ




22

လူပကတိနှင့်မဆက်ဆံသော ဘုရားမှတပါး အဘယ်သူမျှ အရှင်မင်းကြီးရှေ့တော်၌မထုတ်မဘော်နိုင်ပါဟု လျှောက်ထားကြ၏။
ဒံယေလအနာဂတ္တိကျမ်း ၂း၁၀၊၁၁။



23

ကျမ်းစာအဆိုအရ ဘုရင်မင်းမြတ်ကြီးလဲဒေါသအမျက်ချောင်းချောင်းထွက်ပြီး သူ့ရဲ့စစ်သားတွေကို အဲဒီ ပညာရှိများအားလုံးကို သတ်ဖြတ်ရန်အမိန့်ပေးလိုက်ပါတယ်။


24

ဖြစ်ချင်တော့ ဒံယေလနှင့်အဖေါ်သုံးယောက်ဟာ အသက်ငယ်ပေမဲ့ ပညာရှိကြီးလို့သတ်မှတ်ခြင်းခံရတဲ့ အထဲမှာပါ တယ်။ ဒါပေမဲ့ ရှင်ဘုရင်ကြီးခေါ်ပြီးအိပ်မက်ကိုဖေါ်ပြခိုင်းတဲ့သူတွေအထဲမှာတော့မပါဘူး။

ရှင်ဘုရင်၏အမိန့်တော်ကိုကြားတဲ့အခါ ဒံယေလက ဘာကြောင့်ရှင်ဘုရင်၏အမိန့် ဒီလောက် လျှင်မြန် သလဲလို့ ဗာဗုလုန်ပညာရှိတွေကိုသတ်ရန်ထွက်သွားတဲ့အခါ ကိုယ်ရံတော် အာရုတ်ကို သတိပညာ နှင့် မေးမြန်းတယ်။ အိပ်မက်ကိုအဖြေပေးဘို့ အချိန်ကိုပေးပါရန်သနားခံခဲ့ပါတယ်။ နောက် ကောင်းကင်ဘုံရှင် ဘုရားသခင် ထံမှ ဉာဏ်ပညာရရှိဘို့ရန် တောင်းခံဘို့ သူ့ရဲ့သူငယ်ချင်းတွေ ကိုပြောခဲ့ပါတယ်။


25

သစ္စာရှိတဲ့အတွက် ရှင်ဘုရင်ကြီးရဲ့လေးစားမှုကို ခံခဲ့ရလို့ ဒံယေလဟာမိမိရဲ့ ဖန်ဆင်းရှင်ထံ ဆုတောင်းခွင့်ရခဲ့ပါတယ်။ တကယ့်ကြီးလေးတဲ့တာဝန်ကြီးဟာ ဒံယေလရဲ့ပခုံးပေါ်မှာ ကျရောက်ခဲ့ပါတယ်။ ဒံယေလနှင့်သူ့မိတ်ဆွေများရဲ့အသက်အန္တရာယ်သာမက ဗာဗုလုန်ပြည်မှာရှိကြကုန်သော ပညာရှိများရဲ့ အသက်အန္တရာယ်ဟာ အလွန်ကြီးမားတယ်။ ဒံယေလလဲ သူ့အိမ်ကို ပြန်ပြီးအဖြစ်အပျက်တွေကို ရှင်းလင်းတင်ပြခဲ့တယ်။


26

အသက်ကိုချမ်းသာပေးဘို့သော်၎င်း၊ ခက်ခဲနက်နဲသောအိပ်မက်၏အဓိပ္ပါယ်ကို နားလည်ဘို့ရန် ဘုရားထံ၌ ဆုတောင်းကြတယ်။ သို့မှသာလျှင်အားလုံးအသက်ချမ်းသာခွင့်ရမှာဖြစ်ကြောင်းမြတ်စွာဘုရားထံအသနား ခံပါတယ်။
တကယ့်ကိုအဓိပ္ပါယ်ရှိတဲ့ဆုတောင်းစည်းဝေးဖြစ်မှာပဲ။ ဟေဗြဲလူငယ်လေးယောက်ဟာ ဘုရင်မင်းမြတ်ကြီးရဲ့ အိပ်မက်နှင့်၎င်း၏အဓိပ္ပါယ်ကို အချိန်မစေ့မှီဖေါ်ပြဘို့ရန် ဆုတောင်းကြတယ်။
(အခဏ်းငယ် ၁၆-၁၈)


27

ဘုရားသခင်ဟာ ဒံယေလနဲ့သူ့ရဲ့ အဖေါ်များရဲ့ ဆုတောင်းသံကိုနားညောင်းတော်မူပါတယ်။ အဲဒီည မှာဘဲ အိပ်မက်ကို၎င်း၊ အိပ်မက်ရဲ့အဓိပ္ပါယ်ကို၎င်း ဒံယေလအားရူပါရုံထဲမှာဖေါ်ပြခဲ့ပါတယ်။
ဒံယေလက လည်း ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားကိုကောင်းကြီးပေးတော်မူတယ်။



28

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၂၃။)
'အကျွန်ုပ်ဘိုးဘေးတို့၏ ဘုရားသခင်အကျွန်ုပ်အား ပညာအစွမ်းသတ္တိကိုပေးသနား၍

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


29

အကျွန်ုပ်ဆုတောင်းသည်အတိုင်း ရှင်ဘုရင်၏ အိပ်မက်ကိုဖွင့်ပြတော်မူသော ကျေးဇူးတော်ကို ချီးမွမ်းပါ၏လို့ ဒံယေလမြွက်ဆိုခဲ့တယ်။(အခဏ်ငယ် ၂၃)
တွေးကြည့်ပါ။ ဒံယေလနှင့်အဖေါ်တွေဟာ ဘယ်လောက်ဝမ်းသာမလဲ။ ဒံယေလဟာ ပညာရှိတွေကို သတ်ရန် အမိန့်ချမှဲ့ အာရေရောထံသို့ပြေးသွားကြတယ်လို့ကျမ်းစာကပြောပါတယ်။


30


(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၂၄။ )
'ဗာဗုလုန်ပညာရှိတို့ကိုပယ်ရှင်းစေခြင်းငှါ၊ ရှင်ဘုရင်ခန့်ထားတော်မူသော အာရုတ်ထံသို့သွား၍


31


ဗာဗုလုန်ပညာရှိတို့ကို မလုပ်ကြံပါနှင့်။ အကျွန်ုပ်ကို အထံတော်သို့ခေါ်သွင်းပါ။ အကျွန်ုပ်သည် အိပ်မက်တော်နှင့်အနက်ကို ဘော်ပြ၍လျှောက်ပါမည်ဟုဆို၏။'
ဒံယေလအနာဂတ္တိကျမ်း ၂း၂၄


32

ဘုရင်မင်းမြတ်ထံသို့ ဒံယေလရောက်တဲ့အခါမှာ အိပ်မက်ကိုသော်၎င်း အိပ်မက်၏အဓိပ္ပါယ်ကို ရပါသလားလို့ မေးတဲ့အခါ ဒံယေလ မည်ကဲ့သို့ပြန်ဖြေပုံကိုကြည့်ရအောင်။


33


(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၂၇၊၂၈။)
ဒံယေလက ဘုရင်မင်းကြီးကို ဘယ်လိုလျှောက်တင်လဲဆိုရင် 'အရှင်မင်းကြီးမေးမြန်းတော်မူသောအရာကို ပညာရှိ၊ ဗေဒင်အတတ် မာဂုဆရာ၊ အနာဂတ္တိဆရာတွေဟာ အရှင်မင်းကြီးအားဖေါ်ပြခြင်းငှါ မတတ်နိုင်ကြပါ။


34

နက်နဲသောအရာတို့ကိုဖွင့်ပြ၍၊ နောင်ကာလ၌ဖြစ်လတံ့သောအရာတို့ကို နေဗုခဒ်နေဇာမင်းကြီးအားကြား ပြောတော်မူသော ဘုရားသခင်တဆူသည် ကောင်းကင်ဘုံမှာရှိတော်မူ၏။'
အခဏ်းငယ် ၂၇၊၂၈


35

ဘုရင်မင်းကြီးရဲ့အိပ်မက်နှင့်၎င်း၏အဓိပ္ပါယ်ကို ဖေါ်နိုင်သည့် အတွက် ဒံယေလကကိုယ့်ကိုယ်ကို ဂုဏ်မပြုပါ။ ဘုရားသာလျှင် အနာဂါတ်ကိုသိတော်မူတယ်လို့သာ အသိအမှတ်ပြုတယ်။


36

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၄၆း၉၊၁၀)
ဒံယေလဟာ ဟေရှာယအနာဂတ္တိကျမ်း ၄၆း၉၊၁၀ ကို လေ့လာသူဖြစ်ပါလိမ့်မယ်။
'ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါးအခြားသောဘုရားမရှိ။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


37

အဦးမှစ၍အဆုံးတိုင်အောင်၄င်း၊ ရှေးကာလမှစ၍မဖြစ်သေးသော အမှုအရာတို့ကို၄င်း ဘော် ပြလျက်’


38

အိပ်မက်နှင့်အိပ်မက်အဓိပ္ပါယ်ကိုပြောနိုင်ခြင်းဟာ တန်ခိုးကြီးသော ဘုရားထံမှလာပါတယ်။ ဘုရားသခင်ဟာ လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်ကဗ္ဗာရာဇဝင်ကိုနေဗုဒ်ခနေဇာမင်းကြီး
နှင့်ကျွန်ုပ်တို့အားဖေါ်ပြခဲ့တယ်။
ပထမတော့ ဒံယေလသည် ရှင်ဘုရင်ကြီးမြင်မက်ခဲ့သော အိပ်မက်၏ကျောထောက်နောက်ခံကိုပေးပါတယ်။


39

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၂၉။)
အရှင်မင်းကြီး၊ နောင်ဖြစ်လတံ့သော အရာတို့ကို ကိုယ်တော်သည် စက်တော်ခေါ်၍မြော်လင့်တော်မူ၏။


40

နက်နဲသောအရာတို့ကိုဖွင့်ပြတော်မူသော ဘုရားသည် နောင်ကာလ၌ ဖြစ်လတံ့သော အရာတို့ကို ကိုယ်တော်အားပြတော်မူ၏။’
ဒံယေလအနာဂတ္တိကျမ်း ၂း၂၉


41

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၃၁)
ဒံယေလသည် အိပ်မက်ကိုဆက်ပြောပါတယ်။
‘ကိုယ်တော်သည် ကြည့်ရှု၍ ရုပ်တုကြီးကိုမြင်တော်မူ၏။


42

ထူးမြတ်သောအရောင်အဝါနှင့်ပြည့်စုံ၍၊ ကြီးမြင့်သောထိုရုပ်တုသည် ကြောက်မက်ဖွယ်သော ပုံသဏ္ဌာန်ကိုဆောင်လျက် ကိုယ်တော်ရှေ့၌တည်ရှိ၏။’
ငယ် ၃၁



43

(ဗီဒီယို။ ၉ စက္ကန့်)
ဟုတ်တယ်။ဟုတ်တယ်။ ကြောက်စရာကောင်းတဲ့ ရုပ်ထုကြီးပါ။ အလွန်မှပင်မြင့်မားလှပါတယ်လို့ ဘုရင်မင်းကြီး ရဲ့ပြောသံကို စိတ်ကူးယဉ်ဖြင့်ကြားရပါမယ်။ ဒံယေလဟာ ရှင်းရှင်းလင်းလင်း အိပ်မက်ကိုဖေါ်ပြတဲ့အခါ၊ နေဗုဒ်ခနေဇာမင်းကြီးအနေနဲ့ ဒံယေလပြောပြခဲ့တဲ့ အိပ်မက်အတိုင်း သူမြင်မက်ခဲ့ကြောင်းသိရှိခဲ့ပါတယ်။


44

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၃၂၊၃၃)
ဒံယေလက ဆက်ပြီး ‘သူ၏ဦးခေါင်းသည်ရွှေစင်ဖြစ်၏။ ရင်ပတ်နှင့်လက်နှစ်ဘက် သည် ငွေဖြစ်၏။ ဝမ်းဗိုက်နှင့်ပေါင်နှစ်ဘက်သည် ကြေးဝါဖြစ်၏

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ



45

ခြေသလုံးနှစ်ဘက်သည် သံဖြစ်၏။ ခြေဘဝါးနှင့်ဖမိုးသည်သံတပိုင်းသရွတ်တပိုင်းဖြစ်၏။'



46

(ဗီဒီယို။ ၁၄ စက္ကန့်)
ဒံယေလက သူအိပ်မက်ထဲမှာ မြင်တဲ့အတိုင်း ရုပ်တုအကြောင်းတိတိကျကျပြောတာကို နေဗုခဒ်နေဇာမင်းက အံ့ဩစွာနားထောင်နေတယ်။
ဦးခေါင်းက တောက်ပြောင်နေတဲ့ရွှေဖြစ်တယ်။
ရင်ပတ်လက်နှစ်ဘက်ကရွှေလောက်မတောက်ပြောင်တဲ့ ငွေဖြစ်တယ်။
ဝမ်းဗိုက်နဲ့ပေါင်တွေကတော့ ကြေးဝါဖြစ်တယ်။
ခြေတံတွေက သံဖြစ်ပြီး ခြေထောက်ကတော့ သံနဲ့သရွတ်ရောစပ်ထားတာဖြစ်တယ်။



47

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၃၄၊၃၅)
'ကိုယ်တော်သည် ကြည့်ရှုတော်မူစဉ်တွင် လက်ဖြင့်မထုမလုပ်ဘဲ အလိုလိုဖြစ်သောကျောက်တလုံးသည်



48

သံနှင့်သရွတ်ဖြစ်သော ရုပ်ထု၏ခြေကိုထိခိုက်၍ ချိုးဖဲ့သည်ရှိသော်



49

သံ၊ သရွတ်၊ ကြေးဝါ၊ ငွေ၊ ရွှေတို့သည် ကျိုးပဲ့ကြေမွလျက်



50

နွေကာလ၌ကောက်နယ်တလင်းအမှုန့်ကဲ့သို့ဖြစ်သဖြင့်၊ လေတိုက်လွင့်၍သူတို့နေရာမရှိပျောက်လေ၏။'



51

(ဗီဒီယို။ ၉ စက္ကန့်)
ပြင်းထန်စွာထိမှန်သွားတဲ့အတွက် ရုပ်ထုကြီးတခုလုံး အမှုန့်ဖြစ်သွားပြီး အဲဒီအမှုန့်များဟာလေထဲကို လွှင့်စင် သွားပါတယ်၊ ပြီးနောက် ကျောက်တုံးကြီးတတုံးဟာ အရှိန်ပြင်းစွာနဲ့ ရုတ်တရက်ထွက်ပေါ်လာပြီးရုပ်ထုကြီးရဲ့ ခြေထောက် ကို ထိမှန်သွားတာကို သိတဲ့အခါမှာတော့ နေဗုဒ်ခနေဇာမင်းကြီးဟာ အံ့ဩတွေဝေသွားပါ လိမ့်မယ်။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ



52

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၃၅)
ရုပ်တုကိုထိခိုက်သောကျောက်မူကား တိုးပွါးသဖြင့် တောင်ကြီးဖြစ်၍ မြေကြီးတပြင်လုံးကိုဖုံးလွှမ်းသည်ဟု မြင်မက်တော်မူ၏။
ဒံယေလအနာဂတ္တိကျမ်း ၂း၂၉-၃၅



53

(ဗီဒီယို။ ၈ စက္ကန့်)
ရှင်ဘုရင်ကြီးအနေဖြင့် ဒီလိုပြောကောင်းပြောပါလိမ့်မယ်။ ဟုတ်ပါတယ် ဒံယေလ - လက်ဖြင့်မထုမလုပ်ဘဲ အလိုလိုဖြစ်သော ကျောက်တလုံးဟာ တိုးပွါးလာပြီး တောင်ကြီးဖြစ်လာတယ်။ မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသွားပါတယ်။

ဒံယေလဖေါ်ပြတဲ့အိပ်မက်ဟာ ဘုရင်မင်းမြတ်ကြီးမြင်ခဲ့သောအိပ်မက်နဲ့ပကတိတူပါတယ်။ ဒီလူငယ်အနေနဲ့ နေဗုဒ်ခနေဇာမင်းကြီးကိုယ်တိုင်မြင်မက်သော အိပ်မက်ကိုတိတိကျကျအစအဆုံး ဖေါ်ပြတဲ့အခါ မင်းကြီး ဘယ်လောက်အံ့ဩတွေဝေသွားသလဲဆိုတာ စဉ်းစားကြည့်ပါ။


54

ဘုရင်မင်းကြီးသတိထားမိတာကတော့ ဒီအိပ်မက်ကို ဒံယေလအား ဘယ်သူမှမပြောပြနိုင်ဘူးဆိုတာ သေချာတယ်။ ဘယ်သူတဦးတယောက်မှ အခြားတယောက်ရဲ့အိပ်မက်ကိုမပြောပြနိုင်ခဲ့ပါဘူး။
ဘုရားဖေါ်ပြလို့သာဖြစ်ရ မယ်။


55

ခုတော့ မင်းကြီးအနေနဲ့ ဒီအိပ်မက်က သူနဲ့ဘာများပတ်သက်သလဲဆိုပြီးတွေးမိလိမ့်မယ်။
တို့တွေလည်းဒီလိုဘဲတွေးမိမှာပဲ။
နေဗုဒ်ခဒ်နေဇာမင်းရဲ့အိပ်မက်က ကမ္ဘာ့သမိုင်းတလျှောက်မှာ ထင်ရှားတဲ့နိုင်ငံတွေပေါ်ပေါက်လာမှာ နဲ့ ပျောက်သုဉ်းသွားမှာနဲ့ပတ်သက်ပြီးဟောထားပါတယ်။
အိပ်မက်ထဲကဖေါ်ပြခဲ့တဲ့နိုင်ငံတွေက တကမ္ဘာလုံးမှာရှိတဲ့လူသားတိုင်း
အထူးသဖြင့်မျက်မှောက်ကာကိုတနည်းတဖုံအားဖြင့် ဩဇာလွှမ်းမှုရှိတယ်။



56

ခရစ်တော်မပေါ်မီနှစ်ပေါင်း ၆၀၀ လောက်က ရှိခဲ့တဲ့ဗာဗုလုန်နိုင်ငံကြီးရဲ့အချိန်ကစတဲ့ ရာဇဝင်သမိုင်းဟာ ဘယ်လိုအဆုံးသတ်မလဲဆိုတာ စကားအနည်းငယ်ဖြင့် ဘုရားဖေါ်ပြခဲ့တယ်။ အဆုံးမှာတော့ ဒံယေလဟာ အိပ်မက်ရဲ့အချက်အခြာကို ပြောပြပါတော့တယ်။



57

ဒံယေလဟာ ရှင်ဘုရင်ကြီးရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး ‘ကိုယ်တော်သည် ရုပ်တု၏ ရွှေဦးခေါင်းဖြစ်တော်မူ၏။’ ဒံယေလအနာဂတ္တိကျမ်း ၂း၃၈။
ဗာဗုလုန်နိုင်ငံဟာ ဦးခေါင်းရွှေအစစ်။ ဒီစကားကိုကြားလိုက်တဲ့အခါမှာ ဘုရင်မင်းမြတ်အနေဖြင့် ဘယ်လောက် စိတ်ကြေနပ်မလဲ။ ပီတိကျနေပါတယ်။


58

စစ်ရေးစစ်ရာအောင်မြင်မှုနှင့် ဗိသုကာပညာအောင်မြင်မှုတွင် ဗာဗုလုန်နိုင်ငံကို ဘယ်နိုင်ငံမျှ မသာခဲ့ပါ။ ဗာဗုလုန်နိုင်ငံကို ရွှေနိုင်ငံဖြင့် နှိုင်းယှဉ်ထားခြင်းဟာ သင့်လျော်ပါတယ် လို့ ရာဇဝင်ဆရာများက ထောက်ခံထားပါတယ်။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


59

အဆောက်အဦးများဆောက်ရာတွင် ရွှေတွေကို ဖေါဖေါသီသီသုံးပြီး မွမ်းမံထားတာတွေ့ရတယ်။ ရာဇဝင်ဆရာတဦးက ဘယ်ကဲ့သို့ဖေါ်ပြထားသလဲဆိုလျှင်


60

'ဗာဗုလုန်မြို့ဟာ အရှေ့အရပ်က ဥယျာဉ်တွင်တည်ရှိလျက် လေးဒေါင့်ညီပြီး၊ မုတ်သို့မဟုတ် ကျုံးများဖြင့် ဝိုင်းထားကြောင်း. . .


61

ကြေးဝါဖြင့်ပြုလုပ်ထားသော တံခါးများ၊ လေခါးထစ် ဥယျာဉ်များနှင့်နန်းတော်၂ခုရှိကြောင်း. . .


62

တကမ္ဘာလုံးဟာ သူမရဲ့ခြေအောက်မှာ ပြားပြားဝပ်နေပါတယ်။ 'ပြိုင်ဘက်မရှိသော ဘုရင်မ' လို့ ဗာဗုလုန်နိုင်ငံကို ခေါ်နိုင်ပါတယ်။



63

ယုရှိုင်းယား စမစ်သ် ဆိုသူကလဲဗာဗုလုန်မြို့ဟာထိုက်သင့်တဲ့အတိုင်းရွှေဦးခေါင်းနှင့်နှိုင်းယှဉ်ထားတဲ့နိုင်ငံကြီးရဲ့ မြို့တော်ကြီး ဖြစ်ကြောင်းပြောခဲ့ပါတယ်။'
ဒံယေလနှင့်ဗျာဒိတ်ကျမ်းမှ ပရောဖက်ဟောထားချက်များ - စာမျက်နှာ ၃၃၊၃၄




64

ဗာဗုလုန်မြို့မှာရှိတဲ့ လှေကားထစ်ပုံရှိသော ဥယျာဉ်တွေဟာ ကမ္ဘာ့အံ့သြဘွယ် ခုနှစ်ခုတွင်ပါဝင်ကြောင်းတွေ့ ရှိပါတယ်။


65

တကယ်လို့ဒံယေလသာ ပါးနပ်တဲ့နိုင်ငံရေးသမားတဦးဖြစ်ပြီး ဗာဗုလုန်မြို့မှာ နာမည်ကြီးချင်ရင်အိပ်မက်ရဲ့ အဓိပ္ပါယ်ကို ဗာဗုလုန်နိုင်ငံကြီးအထိ သာပြောပြပြီးရပ်ထားမှာဘဲ။
ဒါပေမဲ့ ဒံယေလဟာ ကမ္ဘာကြီးအတွက် ဘုရားပြောချင်တဲ့ သီတင်းစကားရှိတယ်။ ဒီသီတင်းစကားဟာ သူနေတဲ့အချိန်နှင့်သာကိုက်တာမကဘဲ ကမ္ဘာအဆုံးတိုင်ဖြစ်မည့် ရာဇဝင်နှင့်ကိုက်ညီပါတယ်။


66

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၃၉။)
ဒံယေလဟာ စိတ်နှိမ့်ချလျှက် ရဲရင့်စွာလျောက်သည်မှာ
'ကိုယ်တော်နောက်၌ကိုယ်တော်၏နိုင်ငံလောက်မမြတ် သောနိုင်ငံတခုသည် တည်ထောင်လိမ့်မည်။'
ဒံယေလအနာဂတ္တိကျမ်း ၂း၃၉။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ



67

ဒံယေလစကားကိုကြားလိုက်တဲ့အခါမှာတော့ စိတ်ကျေနပ်စွာ ပြုံးနေသော မျက်နှာမှာ ချက်ချင်းလိုပျက်သွားပါတယ်။ မာန အလွန်ကြီးသော ဗာဗုလုန်ဘုရင်ကြီးအနေဖြင့် အခြားတစ်နိုင်ငံပေါ်ထွန်းလာမယ်ဆိုတာ ဘယ်တုန်းကမှ မစဉ်းစားထားပါဘူး။




68

ရှေးဟောင်းသုတေသနပညာရှင်များတွေ့ရှိတဲ့ မီးနဲ့ဖုတ်ထားသော ရွှံ့ပြားလေးပေါ်မှာ ဒီလိုရေးသားထားပါတယ်။




69

'အိစာဂိလာနှင့်ဗာဗုလုန်ခံတပ်တို့အား ငါအားဖြည့်မည်။ ငါ၏နိုင်ငံသည်ထာဝရတည်ရမည်။'





70

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၄း၃၀)
ကျမ်းစာအရ နေဗုခဒ်နေဇာမင်းကြီးဟာ ကြွားဝါလျက်ဒီလို ဆိုလိုက်သတဲ့။
ဤမြို့ကားငါ့နိုင်ငံတည်ရာမြို့ကြီး' -- တဆက်ထဲမှာ ဘဲ




71

'ငါ့ရွှေဘုန်းတော်ကိုချီးမြှောက်ရာဘို့၊ ငါ့တန်ခိုးအာနုဘော်အားဖြင့် ငါတည်လုပ်သော ဗာဗုလုန်မြို့ကြီးမဟုတ်လော ဟုမြွက်ဆို၏။' ဒံယေလ ၄း၃၀။
ဒါပေမဲ့ ရွှေဖြင့်နှိုင်းယှဉ်ထားတဲ့ ဗာဗုလုန်နိုင်ငံကို လွှမ်းမိုးသွားမဲ့ နိုင်ငံတစ်နိုင်ငံ ပေါ်ထွက်လာမယ်လို့ မြတ်စွာဘုရားမိန့်တော်မူခဲ့တယ်။ တကယ်ဘဲ ဖြစ်ပျက်ခဲ့တာကို ဒံယေလမြင်ခဲ့ပါတယ်။




72

(ဗီဒီယို။ ၁၃ စက္ကန့်)
နေဗုခဒ်နေဇာ မင်းကြီး၏ မိုက်မဲလှတဲ့ မြေးတော် ဗေလရှာဇာ နန်းစံချိန်မှာ မိဒိလူမျိုး ကုရုဆိုသူသည် ဗာဗုလုန်မြို့ကို ကြာမြင့်စွာဝိုင်းရံထားပြီး




73

ရွှေနိုင်ငံဟု တင်စားခြင်းခံရတဲ့ ဗာဗုလုန်နိုင်ငံကြီးဟာ အောက်တိုဘာလ ၁၃၊ ဘီစီ ၅၃၉ မှာ မရှုမလှ ပျက်စီးခြင်းကို ရောက်ပါတော့တယ်။



74

ဗာဗုလုန်တိုင်းပြည်မပျက်မှီ နှစ်ပေါင်း ၂၀၀ ကျော်ထဲက ၄င်းမြို့ကြီးကို ဘယ်သူကဘယ်လိုဖျက်ဆီးမယ်ဆိုတာ ဘုရားကဟောထားပါတယ်။


# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


75

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၄၅း၁)
ပရောဖက်ဟေရှာယအားဖြင့် ဘုရားရှင်ဤကဲ့သို့ မိန့်တော်မူတယ်။
'အကြင်သူ၏ လက်ယာလက်ကို ငါထောက်မ၏။ ထိုသူတည်းဟူသော ကုရုမင်း၊ထာဝရဘုရားပေးတော်မူ၍ ဘိသိတ်ခံသော မင်းအားမိန့်တော်မူသည်ကား


76

အကြင်သူ၏ ရှေ့မှာ အပြည်ပြည်တို့ကို နှိမ့်ချ၍ ရှင်ဘုရင်တို့ကို တန်ဆာဆင်လျှက်၊ အတွင်းတံခါးကို မပိတ်ရ ဘဲ နှစ်ရွက်ရှိသော တံခါးကို ဖွင့်ခြင်းငှါ၊ ' ဟေရှာယ ၄၅း၁။


77

ထိုကဲ့သို့ဖြစ်ပျက်မည့်အကြောင်းကို မိဒိလူမျိုးကုရုကိုမိဒိလူမျိုးကုရုအားဖြင့် ပြည့်စုံမည့်အကြောင်း ၄င်းမမွေးဖွားမှီနှစ်ပေါင်း ၁၅၀ က မြတ်စွာဘုရားဟောကိန်း ထုတ်ထားပါတယ်။




78

(ဗီဒီယို။ ၈ စက္ကန့်)
ကုရုအနေဖြင့် မြင့်မား၍ ထူထဲလှသော နံရံကြီးကို ဖြိုဖျက်လို့မရတဲ့အခါမှာအခြားနည်းလမ်းရှာ ပါတော့တယ်။
ဗာဗုလုန်နိုင်ငံကြီးကို ဖြတ်သွားတဲ့မြစ်ရေကို လမ်းကြောင်းလွှဲလိုက်တဲ့အခါမှာ မြစ်ရေကျသွားတော့ စစ်သားများ ဟာမြို့ထဲကို ဝင်လာတယ်။ တချိန်ထဲမှာဘဲ ကြေးဝါများဖြင့်ပြုလုပ်ထားသော မြို့တွင်း၌ရှိသော တံခါးမကြီးများ ဟာ အလိုလို ပွင့်နေတာတွေ့ရတယ်။


79

ဒီအချိန်မှာ နေဗုခဒ်နေဇာမင်းကြီး ယေရုရှလင်မြို့ကို သိမ်းပိုက်စဉ်က ယူဆောင်လာသော ရွှေခွက်များဖြင့် စပျစ်ရည်ကိုသောက်လျှက် အပျော်ကြူးနေကြသော ဗေလရှာဇာမင်းကြီးနှင့်တကွ၊ မင်းညီမင်းသား၊ နန်းတွင်းသူ နန်းတွင်းသားအားလုံးကို ကုရု၏စစ်သားများဟာ မြို့တွင်းသို့ဝင်ပြီး၄င်းတို့အားသတ် ဖြတ်ခဲ့ပါတယ်။


80

ဗာဗုလုန်ရွှေနိုင်ငံပြီးတဲ့နောက် ၄င်းထက်အားနည်းသော ငွေနိုင်ငံရုပ်ထုကြီးရဲ့ ရင်ဘတ်နှင့် လက်နှစ်ဖက်ကို ပုံဆောင်တဲ့နိုင်ငံတခု ပေါ်လာမယ်လို့ ဒံယေလ ဟောကိန်းထုတ်ထားပါတယ်။


81

မေဒိ၊ ပေရသိ ညွှန့်ပေါင်းအစိုးရဟာ အလွန်တန်ခိုးကြီးသော ဗာဗုလုန်နိုင်ငံနှင့် နှိုင်းယှဉ်လို့မရ ပါဘူး။ သို့သော်လည်း အာရှအလယ်ပိုင်းကို အနှစ် ၂၀၀ လောက်အုပ်စိုးခဲ့ပါတယ်။ ငွေနိုင်ငံဖြစ်သော မေဒိ၊ ပေရသိ ညွှန့်ပေါင်း အစိုးရဟာလည်း အကန့်အသတ်ရှိတယ်လို့ဒံယေလဟောခဲ့ပါတယ်။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


82

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၃၉)
'ထိုနောက် မြေကြီးတပြင်လုံးကို အုပ်စိုးသော ကြေးဝါနိုင်ငံတည်းဟူသောတတိယနိုင်ငံတည်ထောင်လိမ့်မည်။' ဟောထားပါတယ်။
ဒံယေလအနာဂတ္တိကျမ်း ၂း၃၉
ဟောထားတဲ့အတိုင်းဖြစ်လာသလား။ တကယ်ဘဲဖြစ်လာပါတယ်။


83

အလွန်ထက်မြက်တဲ့ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားက ပေရသိဘုရင်ဖြစ်သူ တတိယမြောက်ဒါရိမင်းကြီးကို ဘီစီ ၃၃၁ အာဘဲလာဆိုသောတိုက်ပွဲမှာ နိုင်လိုက်တဲ့အခါ - ဒီကြိုတင်ဟော ထားတဲ့ကြေးဝါဖြစ်သော ဝမ်းနှင့်ပေါင်နှစ်ဘက်အကြောင်းပြည့်စုံသွားပါတယ်။ အဲဒီအချိန်မှာဘဲ တတိယနိုင်ငံဖြစ်တဲ့ ဟေလ သနိုင်ငံ ပေါ်ထွက် လာပါတယ်။


84

အလက်ဇန္ဒားဟာ အသက် ၂၅ နှစ်အရွယ်မှာ အလွန်ကျယ်ပြန့်လှသော အင်ပါယာကြီးကို အုပ်စိုးခဲ့တယ်။


85

အလက်ဇန္ဒားကို မသိသူမရှိဟု ဟေလသ ဂရိပညာရှင် အေရီယန် က ပြောခဲ့ဘူးပါတယ်။


86

သူ့ရဲ့မွေးဖွားမှုနဲ့လုပ်ရပ်တွေကို ဘုရားပြုပြင်တာဖြစ်မယ်လို့ အေရီယန် က ဆက်ပြီးပြောပါသေးတယ်။
ရာဇဝင်ဆိုင်ရာ စာကြည့်တိုက်၊ အုပ် ၁၆၊ အခဏ်း ၁၂


87

ထိုစဉ်က ဟေလသခြေလျင်တပ်သုံးသောဒိုင်းလွှားများဟာ ကြေးဝါဖြင့် ပြုလုပ်ထားတာကို တွေ့ရပါတယ်။ ဒီနေ့ ရာမှာ နေဗုခဒ်နေဇာမင်းကြီးမြင်မက်တဲ့ ကြေးနှင့်တူတဲ့ တတိယနိုင်ငံနဲ့ဆိုက်ဆိုက်မြိုက်မြိုက် တိုက်ဆိုင်နေ ပါတယ်။


88

အလက်ဇန္ဒားသက်တော် ၃၃ နှစ်မပြည့်ခင်လေးမှာ အဖျားရောဂါကြောင့် သေဆုံးခဲ့တယ်။ သူအုပ်စိုးခဲ့သော နိုင်ငံကြီးဟာလည်း အားနည်းလာပြီး အပိုင်းပိုင်းကွဲသွားတယ်။ ပြီးနောက်


89

ဇွန်လ ၂၂ ရက် ဘီစီ ၁၆၈ ခု ပေ့တ်နာ ဆိုသောတိုက်ပွဲမှာ ဟေလသလူမျိုးများ မရှုမလှ ရှုံးခဲ့တယ်။
အလက်ဇန္ဒားဘုရင်ကြီး နတ်ရွာစံပြီးနောက် ၁၉၉ နှစ်လောက်မှာ ၎င်း၏ အင်ပါယာကြီး ပြိုပျက်သွားပါတော့တယ်။
ရောမ၏ရာဇဝင်၊ အုပ်၃၊ အခဏ် ၁၀

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ



90

ဘုရားဟောထားသော ကမ္ဘာ့နိုင်ငံကြီးလေးခုမြောက်ပေါ်ထွန်းလို့လာပါပြီ။
အလွန်ကြောက်စရာကောင်းသော နိုင်ငံဖြစ်ပါတယ်။



91

ဟေလသနိုင်ငံကြီးပြိုပျက်ပြီးနောက် ပေါ်ထွန်းလာသော စတုတ္ထမြောက်နိုင်ငံကြီးဟာ အလွန်ပင် ရက်စက်ကြမ်းကြုတ်သော နိုင်ငံဖြစ်တယ်။ ဒီနိုင်ငံနှင့်ပတ်သက်လို့ ဒံယေလကဘယ်ကဲ့သို့ဖေါ်ပြထား လဲ ဆိုရင်



92

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၄၀။)
'စတုတ္ထနိုင်ငံသည် သံကဲ့သို့ခိုင်မာသော နိုင်ငံဖြစ်လိမ့်မည်။'


93

ထိုနိုင်ငံကြီးကို အုပ်စိုးသော ကဲသာဘုရင်များဟာ မိမိကိုယ်ကိုကို ဘုရားလို့ခေါ်ပြီး တိုင်းသူပြည်သားတို့အား လည်း ဘုရားတစ်ဆူကဲ့သို့ ကိုးကွယ်ခိုင်းတယ်။ နားမထောင်သူတွေကို လှလှလေး ဒုက္ခပေးတယ်။
ဒီလိုရောမအုပ်စိုးတဲ့အချိန်မှာ အလွန်အရေးကြီးသော ဖြစ်ရပ်ကြီး၂ခုပေါ်ပေါက်လာတယ်။


94

၁။ ခရစ်တော်ဗက်လင်မြို့မှာ မွေးဖွားခဲ့တယ်။ ရောမဘုရင်ခံတဦးဟာ ၂ နှစ်နှင့်၂ နှစ်အောက်ယောက်ျားလေး ဟူသရွှေကို သတ်စေပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်ကတော့ ခရစ်တော်ကို သတ်ဖို့ပါ။


95

၂။ ယုဒပြည်ကို အုပ်ချုပ်တဲ့ဘုရင်ခံတဦးဟာ ခရစ်တော်ကို သေဒါဏ်ပေးခဲ့တယ်။ ရောမစစ်သားတွေဟာ ခရစ်တော်ကို လက်ဝါးကားတိုင်မှာ တင်ပြီး ရက်စက်စွာသတ်ဖြတ်ခဲ့တယ်။ ခရစ်တော်ကို မြှုပ်ထားသော ဂူကိုလည်း သူတို့ပင်တံဆိပ်ခတ်ခဲ့ပါတယ်။
တဆက်ထဲမှာဘဲ ဒီချိန်ကစပြီး ပုရောဖက်အနာဂါတ္တိဟောပုံလေးဟာ တမျိုးပြောင်းသွားပါတယ်။
ရောမနိုင်ငံပြီး နောက် ဒီကမ္ဘာကြီးကို တနိုင်ငံထဲအုပ်စိုးတဲ့စနစ်မရှိတော့ဘူး။



96

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၄၁၊၄၃)
ဒံယေလ ဘယ်လိုရေးသားထားလဲဆိုရင် 'ရုပ်ထု၏ခြေနှင့်ခြေချောင်းတို့သည် သရွှတ်တပိုင်း၊ သံတပိုင်း ရှိသည်ကို မြင်တော်မူသည့်တိုင်း



97

အချင်းချင်းကွဲပြားသောနိုင်ငံဖြစ်လိမ့်မည်။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


98

သရွတ်နှင့်သံမရောနှောနိုင်သကဲ့သို့'


99

နိုင်ငံသားတို့သည် အခြားသော လူမျိုးသားတို့နှင့်ပေါင်းဘော်ကြလိမ့်မည်။ သူတို့သည် အချင်းချင်း ပေါင်းဘော်၍ မသင့်နိုင်ကြ။'
ဒံယေလအနာဂတ္တကျမ်း ၂း၄၁၊၄၃


100

တနည်းအားဖြင့်ပြောရရင် ပဉ္စမနိုင်ငံကြီးတနိုင်ငံပေါ်မှာမဟုတ်ဘဲ သံနှင့်တူသော ရောမနိုင်ငံထဲမှနိုင်ငံလေးတွေပေါ်ထွက်လာခြင်းကို သာဖြစ်ပါတယ်။



101

(ဗီဒီယို။ ၃ စက္ကန့်)
ရောမနိုင်ငံကြီးမှ နိုင်ငံပေါင်းများစွာပေါ်ပေါက်လာမယ်ဖြစ်တယ်။


102


နှစ်ပေါင်း ၆၀၀ ကျော်အုပ်စိုးခဲ့သော ရောမသံနိုင်ငံကြီးဟာ ယခုအကွဲကွဲအပြားပြားဖြစ်ကုန်ပါပြီ။


103

စည်းစိမ်ရစ်မူးခြင်း၊ နိုင်ငံရေးကမောက်ကမဖြစ်ခြင်း၊ စိတ်ဓါတ်ပျက်ပြားမှုများကြောင့် ရောမနိုင်ငံဟာ အင်အားလျော့ ကာ၊ မငြိမ်မသက်ဖြစ်လာတယ်။ လူရိုင်းများဟာ အေဒီ ၃၅၁ မှ ၄၇၆ အတွင်း ရောမနိုင်ငံအတွင်းသို့ ချင်းနင်း ဝင်ရောက်လာသောအခါ၊ ရောမနိုင်ငံကြီးဟာ လူရိုင်းများတို့၏ သားကောင်ဖြစ်ပါတော့တယ်။


104

ဧကရာဇ်ဘုရင် ဩဂုတ်စတင်းနန်းကျပြီး နောက်ရောမနိုင်ငံဟာ အစိတ်စိတ်အမွှာမွှာကွဲသွားပါတယ်။ ဒီအဖြစ် အပျက်ကို ရုပ်ထုကြီးရဲ့ သရွတ်နှင့်သံဖြင့်နှီးယှဉ်ထားသော ခြေဖဝါးနှင့်ခြေဖျားလေးတွေကို ပုံဆောင်ပါတယ်။


105

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၄၃)
ဖုတ်သော သရွတ်နှင့် သံရောနှောသည်ကို မြင်တော်မူသည်နှင့် လျော်စွာ နိုင်ငံသားတို့သည် အခြားသော လူမျိုးသားတို့နှင့် ပေါင်းဘော်ကြလိမ့်မည်။' ဟုဖေါ်ပြထားပါတယ်။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


106

တဆက်ထဲမှာ ဘဲ ဘယ်ကဲ့သို့ ဆက်လက်ပြီးဖေါ်ပြထားသလဲဆိုရင်
'သို့သော်လည်း၊ သရွတ်နှင့်သံမရောနှောနိုင်သကဲ့သို့၊ သူတို့သည် အချင်းချင်းပေါင်းဘော်၍မသင့်နိုင်ကြ။'

ဒံယေလအနာဂတ္တိကျမ်း ၂း၄၃
လူရိုင်းတွေ ရောမကိုဝင်ရောက်တိုက်ခိုက်တဲ့အတွက် ၄င်းနိုင်ငံဟာ အစိတ်စိတ်အမွှာမွှာကွဲသွားပါတယ်။ ဤကဲ့သို့ ကွဲသွားခြင်းကို အိပ်မက်တွင်တွေ့သော အရုပ်ကြီးရဲ့ ခြေဖဝါးဖြစ်သော သရွတ်နှင့်သံကို ပုံဆောင်တယ်။ ယနေ့ ဥရောပတွင်ရှိသော နိုင်ငံများဟာ ထိုအချိန်က ခွဲထွက်ခဲ့သော နိုင်ငံများသာဖြစ်ပါ တယ်။



107

(ဗီဒီယို။ ၆ စက္ကန့်)
ကမ္ဘာရာဇဝင်ဆရာများအနေဖြင့် လူရိုင်းဆယ်နိုင်ငံများကို အောက်ပါအတိုင်းဖေါ်ပြထားပါတယ်
အလာမန်နီ - ဂျာမန်
ဘာဂန္ဒီ - စဝေ့စ်
ဖရင့်ခ် - ပြင်သစ်
လောမ်ဘာ့ - အီတလီ
စက္ကဆင် - အင်္ဂလိပ်



108

(ဗီဒီယို။ ၆ စက္ကန့်)
စူဗီ - ပေါ်တူကီ
ဗီစီဂေါ့သ် - စပိန်
ဟေရူလီ၊အော့စ်ထရိုဂေါ့သ်၊ ဗန်ဒဲလ်များတော့ တိမ်ကောပျောက်ကွယ်သွားလို့ ဒါမှမဟုတ် အခြားသောလူမျိုးများနဲ့ရောနှော သွားခဲ့ကြတယ်။


109

ထိုနိုင်ငံတွေစည်းရုံးမှုရပြီး ကမ္ဘာကြီးကို အုပ်စိုးတဲ့နိုင်ငံတစ်နိုင်ငံ ဘယ်သောအခါမှ မဖြစ်လာနိုင်ဘူးလို့မြတ်စွာ ဘုရားဟောထားခဲ့တယ်။


110

ဥရောပတိုက်ဟာ အကွဲကွဲအပြားပြားရှိနေမယ်။ ဘယ်သောအခါမှ စုစည်း၍မဟုတ်ပါဘူး။ ဘုံဈေးကွက်နှင့်ဘုံငွေရှိသော်လည်း စည်းလုံးခြင်းတော့ ဘယ်သောအခါမျှ မရှိနိုင်ဘူး။


111

'နိုင်ငံသားတို့သည် အခြားသောလူမျိုးသားတို့နှင့် ပေါင်းဖော်ကြလိမ့်မည်။' ဟု ဘုရားဟောတော်မူတယ်။ တနည်းအားဖြင့် ပြောရမယ်ဆိုလျှင် မင်းညီမင်းသားတွေဟာ အချင်းချင်းထိမ်းမြားစုံဖက်ကြလိမ့်မယ်လို့ အဓိပ္ပါယ်ရှိပါတယ်။


112

ဒိန်းမတ်ပြည်ရှိနန်းတော်တခုတွင် ဥရောပတိုက်ရှိမင်းညီမင်းသားများ၏ မိသားစုများ၏ ဓါတ်ပုံတစ်ပုံရှိပါ တယ်။ ဒီမိသားစုတွေဟာ အားလုံးဆွေမျိုးတော်စပ်နေတာတွေ့ရတယ်။ အချင်းချင်းစုံဘက်ခြင်းဖြင့် စစ်ဘေးစစ် ရန်မှ ကာကွယ်မယ်လို့မျှော်လင့်တယ်။ သို့သော်လည်း စစ်ဘေးစစ်ရန်ကနေ ကာကွယ်လို့မရခဲ့ဘူး။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ



113

သူတို့တတွေ မတည့်ကြပါဘူး။ ဖြစ်ခဲ့တဲ့ စစ်ပွဲတွေဟာ မိသားစုစစ်ပွဲများသာဖြစ်ပါတယ်။
သူတို့ပေါင်းစပ်လို့ မရဘူးလို့ဘုရားဟောတော်မူတယ်။
ရောမအင်ပါယာကြီးကို ဗိုလ်နေမြဲကျားနေမြဲအဖြစ်သို့ရောက်အောင်ကြိုးစားခဲ့သေးတယ်။
ဒါပေမဲ့အဲဒီစည်းရုံးမှုဟာ ကြာကြာမခံဘူး။ သရွတ်နှင့်သံပေါင်းစပ်၍မရသလို
ထိုနိုင်ငံတွေလဲပေါင်းလို့မရကြပါဘူး။




114

ဥရောပတိုက်စည်းရုံးမှုရအောင် အကြိမ်ပေါင်းများစွာကြိုးစားခဲ့တာကို ဘဲကြည့်ပါ။ အပိုင်းပိုင်းကွဲနေတဲ့
ဥရောပ တိုက်ကို စည်းရုံးရန်ကြိုးစားခဲ့တဲ့ခေါင်းဆောင်တွေကဘယ်သူတွေ ဖြစ်ကြသလဲ။




115

ရှာလမိန်း အရှုံးပေးရတယ်။ ချာလ်စ် ပဥ္စမ အရှုံးပေးရမယ်။ လူဝိစ် အရှုံးပေးရတယ်။
နပိုလီယံအရှုံးပေးရတယ်။ ကိုင်ဇာ ဝီလ်ဟမ် အရှုံးပေးရတယ်။ ဟေ့တလာ လဲ အရှုံးပေးရတယ်။
အင်မတန်မှပင်ခွန်အားကြီးသောပြင်သစ်စစ်သည်တော်ကြီးဖြစ်တဲ့ ဖြစသူနသည ဟာ နူဘင ဆိုသော
ကျွန်းလေးသို့ တကျွန်းပို့ခြင်းခံရစဉ်က 'ဘုရားဟာကြီးမြတ်တော်မူတယ်။' လို့ဝန်ခံခဲ့တယ်။
ဒီလူတွေဘုရားကို အံတုလို့မရဘူး။ ဘုရားသခင်ဟာကြီးမြတ်တော်မူတယ်။




116

'သူတို့သည် 'အခြင်းခြင်းပေါင်းဘော်၍မသင့်နိုင်ကြ
ဟုဘုရားဟောတော်မူတယ်။
ကမ္ဘာကြီးကို အုပ်စိုးလိုသောသူတွေအတွက်သင့်လျော်သော သချိုင်းကမ္ပည်းဖြစ်ပါတယ်။
ဥရောပတိုက်မှာရှိကြသောနိုင်ငံများကို ပေါင်းရန်စည်းရုံးကြတယ်။ သို့သော်လဲ ထိုနိုင်ငံတွေဟာ ဘယ်လိုမှ
ပေါင်းစပ်လို့မရခဲ့ဘူး။ ဒါဘုရားဟောထားတဲ့အတိုင်းဖြစ်ပါတယ်။
အတူတကွလာကြလိမ့်မယ်။ ဒါပေမဲ့ ထိုနိုင်ငံတွေပေါင်းစပ်လို့တော့မရဘူး။




117

(ဗီဒီယို။ ၁၂ စက္ကန့်)
ဒီပရောဖက်အနာဂတ္တိဟာ နေဗုဒ်ခဒ်နေဇာမင်းကြီးအတွက်စိတ်ရှုပ်ထွေးစရာဖြစ်ပါလိမ့်မယ်။
နိုင်ငံကြီးလေးနိုင်ငံ ဟာ ဆုံးခန်းရောက်မယ်လို့ကြိုတင်ဟောထားပါတယ်။
ရောမနိုင်ငံကြီးကျဆုံးပြီးနောက် အခြားနိုင်ငံငယ်များနေရာယူမယ်လို့ဟောကိန်းထုတ်ထားပါတယ်။
ယနေ့ဥရောပအအနောက်ပိုင်းမှာ နိုင်ငံ ၇ခုရှိတယ်။ ဒီနိုင်ငံတွေဟာ အားကြီးသူကကြီး - အားနည်းသူက
အားနည်းပြီး အကွဲကွဲအပြားပြားဖြစ်နေပါတယ်။



118

ဘုရင်မင်းကြီးအိပ်မက်သော သတ္တုရုပ်ထုကြီး၏ အဓိပ္ပါယ်ပြန်ရာတွင် အဆုံးခန်းသို့ရောက်ပြီးပြန်တယ်။
ဒံယေလဟာ ပျော်ရွှင်ပြီး၊ ယုံကြည်အားကိုးစိတ်အပြည့်အဝဖြင့် ဒီလိုဆက်လက်အဓိပ္ပါယ်ဖေါ်ပြတယ်။




119

(ကျမ်းချက်။ ဒံယေလအနာဂတ္တကျမ်း ၂း၄၄၊၄၅။)
'ပျက်စီးခြင်းသို့မရောက်နိုင်သောနိုင်ငံတခုကို
ထိုမင်းကြီးများလက်ထက်၌ကောင်းကင်ဘုံရှင်ဘုရားသခင်သည် တည်ထောင်စေတော်မူမည်။'
ဆက်လက်ပြီးဘယ်ကဲ့သို့ပြောထားလဲဆိုလျှင်

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


120

ထိုနိုင်ငံသည် အခြားသော လူမျိုးလက်သို့မရောက်ရဘဲ အထက်ဆိုခဲ့ပြီးသော နိုင်ငံရှိသမျှတို့ကို ချိုးဖဲ့ဖျက်ဆီး ၍အစဉ်အမြဲတည်လိမ့်မည်။ တဆက်ထဲမှာဘဲ ဒံယေလက ဒီလိုပြောပါတယ်။


121

အိပ်မက်၏အဓိပ္ပါယ်ကား လက်နှင့်မထုမလုပ်ဘဲကျောက်တလုံးသည် တောင်ပေါ်က အလိုလိုပဲ့ကွာ၍


122

သံ၊ ကြေးဝါ၊ သရွတ်၊ ငွေ၊ ရွှေ တို့ကိုချိုးဖဲ့သည်။


123

ထိုသို့နောင်၌ဖြစ်လတံ့သော အရာတို့ကိုကြီးမြတ်တော်မူသော ဘုရားသခင်သည် အရှင်မင်းကြီးအားကြားပြော တော်မူ၏။ အနက်သည်လည်းမှန်ပါ၏ ဟုဒံယေလသည် အထံတော်၌လျှောက်ထား၏။ 'ဒံယေလအနာဂတ္တိကျမ်း ၂း၄၄၊၄၅။


124

လူသားတွေရဲ့ရာဇဝင်သမိုင်းမှာ နောက်ဖြစ်မည့်အရာတခုကတော့ ခရစ်တော်ဒုတိယကြွလာခြင်းဖြစ်တယ်။ ခရစ်တော်၏နိုင်ငံတော်တည်ထောင်မှုကို လက်နှင့်မထုမလုပ်ပဲတောင်ပေါ်က အလိုလိုပဲ့ကွာလာပြီး ရုပ်ထုကြီး ၏ ခြေထောက်ကို ထိမှန်သွားတဲ့ကျောက်ခဲနှင့်နှိုင်းထားပါတယ်။ မြတ်စွာဘုရားတည်ထောင်မည့်နိုင်ငံသည် လူသားများ၏ လက်ဖြင့် လုပ်ထားသော နိုင်ငံမဟုတ်ပါဘူး။ ဘုရား၏လက်တော်ဖြင့် တည်ထောင်သောနိုင်ငံဖြစ်ပါတယ်။ ထိုနိုင်ငံဟာလည်း မြေတပြင်လုံးကို လွှမ်းမိုးသွား မယ်ဖြစ်ပါတယ်။


125

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၁း၁၅)
ထိုအချိန်၌ပရောဖက်ဟောထားချက်ပြည့်စုံလာပါလိမ့်မယ်။ လောကီနိုင်ငံသည် ငါတို့အရှင်၏ နိုင်ငံဖြစ်လေပြီး။ သူသည်လည်း ကမ္ဘာအဆက်ဆက်စိုးစံတော်မူမည်ဟု ဆိုကြ၏။' ဗျာဒိတ်ကျမ်း ၁၁း၁၅



126

ဒီဖြစ်လာမည့်အကြောင်းအရာများကို ဒံယေလအနာဂတ္တိကျမ်းတွင်ဖေါ်ပြထားတာကို သတိပြုပါ။


127

ယေရှုရဲ့ ဒုတိယကြွလာမယ်

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ


128


ကမ္ဘာမှာရှိကြသောနိုင်ငံအားလုံးဆုံးခန်းသို့ရောက်မယ်


129


ထိုအချိန်မှ ဘုရား၏နိုင်ငံတော်တည်ထောင်မယ်


130

ထိုနိုင်ငံဟာ ထာဝရတည်မြဲတော်မူတယ်


131


ခရစ်တော်သည် ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏ သခင်ဖြစ်လာပါလိမ့်မယ်


132

ခရစ်တော်ကြွလာပြီး ထာဝစဉ်စိုးစံပါလိမ့်မယ်


133

ဒံယေလဟာ ဘုရင်ကြီး၏ထူးဆန်းသော အိပ်မက်ကို ပြောပြပြီး နောက်ဘုရားပေးသော အဓိပ္ပါယ်ကို ဖေါ်ပြသောအခါ နေဗုဒ်ခနေဇာမင်းကြီးဟာ ပလ္လင်ပေါ်မှထလာပါတယ်။
နေဗုဒ်ခနေဇာမင်းကြီးသည် နှိမ့်ချခြင်းဖြင့် ဒံယေလရှေ့ဝယ် ဒူးထောက်လျှက် ဘုန်းတော်ကြီးမားလှတဲ့ ဒံယေလ၏ ဘုရားကို ဝတ်ပြုကိုးကွယ်ပါတယ်။


134

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၂း၄၇)
'အကယ်စင်စစ် ကိုယ်တော်၏ ဘုရားသခင်သည် ဘုရားတို့၏ ဘုရား၊ ဘုရင်တို့၏ အရှင်၊ နက်နဲသောအရာတို့ ဖွင့်ပြတော်မူသော သခင်ဖြစ်တော်မူ၏'ဟု နေဗုဒ်ခနေဇာမင်းကြီးက ဒံယေလအားဖြင့် ပြောတော်မူတယ်။
အမှန်ပါပဲ၊ ဒံယေလရဲ့ဘုရား - အနာဂတ်ကာလကို လက်ဆုပ်ကိုင်ထားတဲ့ဘုရား - ကို ကျွန်ုပ်ရဲ့ ဘုရားဖြစ်စေချင်ပါတယ်


135

ခရစ်တော်မပေါ်ထွန်းမှီ နှစ်ပေါင်း ၆၀၀ လောက်က နေဗုဒ်ခနေဇာ မင်းအိပ်မက်တော်မူသော သတ္တုရုပ်ထုကြီးအားဖြင့် လာမဲ့နှစ်ပေါင်းများစွာ အတွက်ဖြစ်မည့် အကြောင်းအရာများကို ဖေါ်ပြထားပါတယ်။

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ






136

ဟုတ်ပါတယ် မိတ်ဆွေတို့။ အိပ်မက်တာလဲသေချာတယ်။ အဓိပ္ပါယ်ပြန်တာလဲမှန်တယ်။
ကျွန်တော်တို့လျှောက် ခဲ့တဲ့ ခရီးဟာလဲ အဆုံးသို့ရောက်တော့မယ်။
နောက်ဖြစ်လာမဲ့ အရာတခုကတော့ ခရစ်တော်ဟာ မိုးတိမ်ဖြင့်ကြွလာပြီး ဘယ်တော့မှ မပျက်စီးတော့မဲ့ နိုင်ငံ ကို တည်ထောင်တော်မူမယ်။




137

(ဗီဒီယို။ ၅ စက္ကန့်)
ရွှေ၊ ငွေ၊ ကြေးနှင့်သံအားဖြင့် ပုံဆောင်ထားသော နိုင်ငံတွေဟာ ကျော်လွန်ခဲ့ပြီး အထူးအံ့ဘွယ်ကောင်းမဲ့ဖြစ်ရပ်ကတော့ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းဖြစ်ပါလိမ့်မယ်။



138

ကရာနီကုန်းပေါ်က လက်ဝါးကပ်တိုင်မှ ယိုဖိတ်သော အသွေးတော်အားဖြင့် ကျွန်ုပ်တို့အတွက် သာယာသော အနာဂတ်ကို ဘုရားရှင်ပြင်ဆင်ထားပါတယ်။ ဘုရားဟောခဲ့သော အနာဂါတ်တိဟာ အချိန်အနည်းငယ်အတွင်း မှာ ပြည့်စုံခဲ့ပါတယ်။ ယခုဘုရားသခင်ဟာ ကျွန်တော်တို့အတွက် နိုင်ငံတော်ကိုပြင်ဆင်လျက်ရှိပါတယ်။




139

(ဗီဒီယို။ ၇ စက္ကန့်)
လက်ဝါးကားတိုင်ပေါ်မှာ စိုက်ထားသော သူခိုးဟာ ယုံကြည်ခြင်းအားဖြင့် လက်ခံသလို ကျွန်တော်တို့လဲ သူ့အားလက်ခံကြမယ်ဆိုလျှင် ကျွန်တော်တို့လဲနိုင်ငံတော်ကို ဝင်စားကြရပါလိမ့်မယ်။
ဒီသူခိုးဟာ ခရစ်တော်နှင့်ရင်းရင်းနီးနီးလုပ်ဘို့ အချိန်မရပါဘူး။ သူဟာ အပြစ်သားဆိုတာတော့ သူကိုယ်ကိုသူ သိတယ်။ သူလုပ်ခဲ့တဲ့ အပြစ်တွေကနေလွတ်မြောက်ဘို့လိုတယ်ဆိုတာ သူသတိထားမိတယ်။ ခရစ်တော်ကို မျှော်ကြည့်လိုက်တဲ့အခါမှ သူ၏နဖူးက သွေးတွေယိုဖိတ်နေတာကို တွေ့ရတယ်။ ဆူးတွေစူးထား တဲ့ ဒါဏ်ရာဒါဏ်ချက်တွေကြောင့်ဖြစ်တယ်။ သူခိုးရဲ့နှစ်လုံးသားကို ထိခိုက်သွားတယ်။ သူဝန်ချတောင်းပန် တယ်။ ဒီလိုအော်ပြီး အသနားခံလိုက်တယ်။




140

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၃း၄၂။)
သခင်ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့တော်မူပါ။
ဒီသူခိုးရဲ့အသနားခံတာကို ခရစ်တော်ချက်ခြင်းအာမခံချက်ပေးလိုက်တယ်။
ငါနှင့်အတူပါရဒိသုဘုံ၌ရှိလိမ့်မယ်လို့ယေရှုပြောလိုက်ပါတယ်။



141

ထိုနည်းတူစွာ သင်လဲသူခိုးကဲ့သို့အသနားခံမယ်ဆိုလျှင်
ခရစ်တော်နိုင်ငံတော်တည်လျှက်ကြွလာတော်မူတဲ့အခါ သူနှင့်အတူပရဒိသုဘုံကို ဝင်စားရပါလိမ့်မယ်။ နိုင်ငံတော်တည်ထောင်ခါနီးပါပြီး။




142

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၅း၃၄။)
ခရစ်တော်ကြွလာသောအခါသူ၏နှုတ်ခမ်းမှ ကြိုဆိုသံကို သင်ကြားပါလိမ့်မယ်။ ကမ္ဘာဦးကပင် သင်တို့အဘို့ ပြင်ဆင်သော နိုင်ငံကို လာ၍ အမွေခံကြ'။ ရှင်မဿဲခရစ်ဝင် ၂၅း၃၄

# ၁ – အနာဂါတ်ကို ဘယ်လိုသိနိုင်မလဲ



143

ဒီကမ္ဘာကြီးဟာ လူသားတွေရဲ့လက်ထဲမှာ မရှိပါဘူး။ ဘုရားလက်ထဲမှာရှိပါတယ်။ ဒါကြောင့်မို့ အနာဂတ်ကို ရဲရင့်စွာရင်ဆိုင်နိုင်ပါတယ်။ ခရစ်တော်မကြာမှီကြွလာတော့မယ်။

လက်နှင့်မထုမလုပ်သော ကျောက်တလုံးဟာ ရုပ်ထုကြီးကို မကြာခင်ထိမှန်တော့မယ်။ ဒီကမ္ဘာကြီးပေါ်မှာ ရှိကြသော နိုင်ငံတွေအားလုံးပြိုပျက်သွားမယ်။ ဘုရားသခင်ဟာ မိမိရဲ့ထာဝရနိုင်ငံကို တည်ထောင်တော့မယ် ဖြစ်ပါတယ်။



144

မြတ်စွာဘုရားကိုစိတ်ချယုံကြည်ပါ။
မြတ်စွာဘုရားကို အားကိုးစမ်းပါ။
ဘုရား၏လက်ထဲဝယ် လုံခြုံစွာနေရပါလိမ့်မယ်။
ယခုနေ့သင့်ကို ခေါ်နေတော်မူတယ်။
ယခုနေ့သင့်ကို ဖိတ်လျက်ရှိမယ်။
ယခုပင်သင့်၏ နှစ်လုံးသားကို အသနားခံနေပါတယ်။
ကျွန်တော်ကျွန်မဟာ ကိုယ်တော်ကို လုံးလုံးအားကိုးပါ။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ



1

အနာဂါတ်ကိုမကြောက်မရွံ့ရင်ဆိုင်ခြင်း


2

လှပတဲ့နွေရာသီနေ့တနေ့ မှာကိုးနှစ်သမီးနှင့်ဖခင်တို့ပင်လယ်ကမ်းခြေမှာရေကူးနေကြတယ်။ မမျှော်လင့်ဘဲပြင်းထန်တဲ့လှိုင်းလုံးတစ်ခုဟာသမီးလေးကိုအဝေးသို့ပုတ်ထုတ်လိုက်တယ် အဖေဖြစ်သူလက်လှမ်းမမှီတဲ့နေရာကိုရောက်သွား ပါတယ်။သမီးလေးကမ်းနားကိုပြန်ရောက်ဖို့အကူအညီတခုလိုလာပါတယ်။ ကံကောင်းထောက်မစွာဘဲဖခင်ကဆုံးဖြတ်ချက်တခုချလိုက်ပြီးတော့‘သမီးကိုယ်ဖော့ပြီးတော့အေးအေး ဆေးဆေး ကူးပါ။မကြောက်နဲ့။အဖေလာခဲ့မယ်။’လို့အော်ပြောလိုက်ပါတယ်။ ပြီးတော့ဖခင်ကလှေတစီးကို အလျင်အမြန်ရှာပါတယ်။ ဖခင်ဖြစ်သူကကယ်ဆယ်ရေးသမား၊ လှေတွေနဲ့အတူအဲဒီနေရာကိုပြန်ရောက် တော့သမီးကိုမတွေ့တော့ဘူး။သမီးငယ်လေး ပင်လယ်ထဲမျောပါသွားပြီ။ဒါပေမယ့်ကယ်ဆယ်ရေးအဖွဲ့ တွေသမီးငယ်ကိုတွေ့တဲ့အချိန်မှာသမီးလေးကအေးအေး ဆေးဆေးကိုယ်ဖော့ပြီးရေထဲမှာကူးခတ်နေတာတွေ့ ရတယ်။


3

‘ဘာလို့ပင်လယ်ထဲမှာ အေးအေးဆေးဆေးနေနိုင်တာလဲ’သမီးကိုမေးတဲ့ခါ‘အဖေပြောတဲ့အတိုင်းသမီးလုပ်ခဲ့တာပါ။အဖေသမီးဆီပြန်လာမှာပါ။သမီးမကြောက်ပါဘူး’ လို့ပြန်ဖြေပါတယ်။ အဲဒီအချက်ကသမီးငယ်လေးကိုအသက်ရှင်ဖို့အဓိကဖြစ်ခဲ့ပါတယ်။ခရစ်ယန်တိုင်းအတွက်အကြီးမား ဆုံးမျှော်လင့်ချက်ကတော့ အဖဘုရားသခင်ကိုယုံကြည်စိတ်ချစွာနဲ့အပြစ်ပျက်စီး မှုများမှကယ်တင်ခြင်းခံရဖို့အတွက်ဖြစ်ပါတယ်။



4

(ဗီဒီယို။ ၁၀ စက္ကန့်)
ကျော်ကြားတဲ့သိပ္ပံပညာရှင်တယောက်က
‘ဒီကမ္ဘာကြီးနောက်ထပ်နှစ်(၁၀၀၀)မခံတော့ဘူး’ လို့ကြောက်စရာ အဆိုကိုတင်ပြခဲ့ပါတယ်။
‘လူတွေကြောင့်ဖြစ်လာတဲ့လေထုညစ်ညမ်းမှုဟာ ကမ္ဘာကြီးကိုပူနွေးလာတယ်’ လို့ပြောခဲ့ပါတယ်။


5

အပူလှိုင်းဖြစ်ပေါ်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့်ရေခဲတောင်များပျော်ခြင်းကြောင့်တချို့ကကမ္ဘာကြီးဟာအခြားနည်းနဲ့ပျက်စီးသွားလိမ့်မယ်လို့ထင်မြင်ကြပါတယ်။



6

(ဗီဒီယို။ ၅ စက္ကန့်)
တချို့ကအနုမြူစစ်ပွဲများကြောင့်ကျွန်ုပ်တို့အားလုံးသေကြေပျက်စီးသွားမယ်လို့ပြောကြတယ်။


7

တချို့ကတော့အစာတွေပြတ်ပြီးအခြားရေမြေအရင်းအမြစ် တွေခန်းခြောက်သွားလိမ့်မယ်လို့ဆိုပါတယ်။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ


8

တချို့ကကြီးမားတဲ့ကြယ်တံခွန်ဒါမှမဟုတ်ဂြိုလ်များ သည်ကမ္ဘာနှင့်လာရောက်ထိခိုက်လိမ့်မည်လို့ပြောကြ
တယ်။


9

ပြီးတော့အခြားဂြိုလ်မှတပါးအမျိုးသားများကျွန်ုပ်တို့
ကမ္ဘာဆီသို့ရောက်ရှိလာပြီးဖျက်ဆီးမယ်
လို့ထင်ကြတယ်။တခြားဂြိုလ်များနဲ့ပတ်သတ်ပြီးဝမ်းနည်းစိုးရိမ်
ပူပန်စရာများရှိပါတယ်။


10

ကျွန်ုပ်တို့၁အသက်ရှင်နေထိုင်နိုင်ရန်
သေခြင်းတရား၊ပူဆွေးသောက၊ဖျားနာခြင်း၊အခြားဒုက္ခအမျိုးမျိုးနဲ့ရင်ဆိုင်နေသည့်ကြား
မှလွတ်မြောက်ဖို့ကြိုးစားနေကြတယ်။


11

ကျွန်ုပ်တို့အသက်တာဟာမလွယ်ကူလှပါဘူး။ခက်ခဲကြမ်းတမ်းပါတယ်။
တခါတရံကျွန်ုပ်တို့ဟာစိတ်ထိခိုက်နာကျင်ခြင်း၊
ငတ်မွတ်ဆာလောင်ခြင်း၊ဝတ်စားဆင်ယင်မှုချို့တဲ့ခြင်းစသည့်ဘေးဒဏ်အမျိုးမျိုး
ကိုခံစားစေရန်ဘုရားသခင်ကကမ္ဘာကြီးကိုဖန်ဆင်းတာမဟုတ်ပေမယ့်ကမ္ဘာကြီးကုန်ဆုံးစေချင်တဲ့
ဆန္ဒဖြစ်လာအောင်အသက်တာဟာခက်ခဲလှပါတယ်။ကျွန်ုပ်တို့ဟာပျော်ရွှင်သာယာသောကမ္ဘာကြီး
ကိုလိုလားကြတယ်။


12


ကောင်းပြီ၊ ချစ်မိတ်ဆွေ. .
တို့အတွက်ဝမ်းသာစရာသတင်းကောင်းရှိပါတယ်။ ဒီကမ္ဘာကြီးဟာ တနေ့ကျရင် ပျက်စီး
ကုန်ဆုံးသွားတော့မှာဖြစ်ပါ တယ်။ ဒီထက်ပိုပြီးပျော်ရွှင်သာယာဖွယ်ကောင်းတဲ့ကမ္ဘာသစ်ကြီးကို
ရောက်ရှိတွေ့မြင်ရတော့မှာပါ။


13

ကမ္ဘာကြီးဟာဘယ်အချိန်မှာပြီးဆုံးမလဲ။ အခုမှစပြီးနောက် နှစ် ၁၀၀၀ ကြာမှာလား၊ နှစ်တစ်သောင်း
လား။ ကျွန်ုပ်သေဆုံးသွားပြီးမှလား ဆိုတာသိချင်ကြတယ်။


14

ဒီကမ္ဘာကြီး ဘယ်လိုပြီးဆုံးသွားမှာလဲ။ ပုရောဖက်များ၏အနာဂတ်ဟောစကားများစွာရှိပါတယ်။



15

ဒါပေမဲ့ ပြသနာက ဘယ်ပရောဖက်ရဲ့ဟောချက်ကမှန်သလဲ။ ဟောထားတဲ့အရာများဟာ အားလုံးမှန်ကန်ရဲ့
လား။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ



16

(ဗီဒီယို။ ၁၅ စက္ကန့်)
ဒါပေမယ့်သင့်အနေနဲ့ပုရောဖက်ဟောတဲ့အရာတွေတကယ့်မှန်ကန်တဲ့ဖြစ်ပျက်ဆိုတာသင်သိရဲ့လား။
နှစ်ပေါင်းများစွာက(သို့မဟုတ်)မကြာသေးမီအချိန်က၊ ကမ္ဘာကြီးကုန်ဆုံးတော့မယ်ဆိုတာဘယ်သူမှ
အတိအကျပြောနိုင်သူမရှိပါဘူး။အံ့ဩစရာမဟုတ်ပါဘူး။
မိတ်ဆွေတို့. . ယေရှုဘုရားဖန်ဆင်းထားတဲ့အရာတွေ၊ သူ့ရဲ့နှုတ်ကပါတ်တော်တို့သည်အနာဂတ်ကိုသိသည်။
ခရစ်တော်သည်ကျွန်ုပ်တို့အားကိုးအားထားရာ
လမ်းပြရှင်ဖြစ်သည်။ ကမ္ဘာကြီးစတင်သည့်အချိန်ထက်
ကမ္ဘာကြီးပြီးဆုံးသွားခြင်းသွားခြင်းနဲ့ပတ်သတ်တဲ့အရာတွေကိုမည်သူသိသလဲ။


17

ကျမ်းစာထဲမှာယေရှုခရစ်ရဲ့အသက်တာသည်
အံ့ဩဖွယ်ကောင်းသည်။စိတ်ဝင်စားစရာကောင်း
တယ်လို့ပြောထားတယ်။တနေ့တပည့်တော်များ
သည်ခရစ်တော်ဘေးမှာလာပြီးရောမအစိုးရက
အသစ်ပြန်လည်တည်ဆောက်ထားတဲ့ဗိမာန်တော်ကိုပြတယ်။


18

ထိုဗိမာန်တော်သည်ရောမအင်ပါယာတွင်လှပတဲ့
အဆောက်အအုံတခုဖြစ်တယ်။အဆောက်အအုံကြည့်ပြီး
သွားတဲ့နောက်မှာယေရှုသည်တပည့်တော်များကို
ထိတ်လန့်ဖွယ်ရာ သတင်း စကားကိုပြောခဲ့ပါတယ်။



19

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၂)
'ယေရှုကလည်း၎င်းအရာအလုံးစုံတို့ကို
သင်တို့သည်မြင်ကြသည်မဟုတ်လော။



20

ငါအမှန်ဆိုသည်ကားမဖြိုမချဘဲကျောက်တခုပေါ်မှာတခုမျှမတည်မနေရဟုမိန့်တော်မူ၏။'
ရှင်မဿဲခရစ်ဝင် ၂၄း၂



21

၎င်းဗိမာန်တော်သည်ယုဒလူမျိုး
ထဲမှာကြီးမားသောအဆောက်အအုံဖြစ်တယ်။ယေရှုက
လုံးလုံးလျားလျားပျက်စီးတော့မယ်ဆိုတာကြိုတင်ဟောကိန်းထုတ်ထားခဲ့ပါတယ်။


22

တပည့်တော်များထိတ်လန့်သွားခဲ့ကြတယ်။
ထို့နောက်သူတို့သည်သံလွင်တောင်
ကိုသွားခဲ့တယ်။သူတို့က ယေရှုကိုဒီအကြောင်းနဲ့ပါတ်သတ်ပြီးမေးခွန်းများ
စွာမေးခဲ့တယ်။ကျွန်ုပ်တို့အားလုံးမေးသင့်တဲ့မေးခွန်းဖြစ်တယ်။


# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ



23

(ကျမ်းချက်။
ရှင်မဿဲခရစ်ဝင် ၂၄း၃)
'ထို့နောက်သံလွင်တောင်ပေါ်မှာထိုင်တော်
မူစဉ်တပည့်တော်တို့
သည်အခြားသူမပါဘဲချဉ်းကပ်၍ထိုအမှု
အရာတို့သည်အဘယ်ကာလမှဖြစ်မည်ကိုငှင်း။

---



24

ကိုယ်တော်သည်ကြွလာ၍ဤကပ်ကမ္ဘာကုန်သောပုပ္ပနိမိတ်ဖြစ်မည်ကို
ငှင်းအမိန့်ရှိတော်မူပါဟုလျှောက်ကြ၏။'
ရှင်မဿဲခရစ်ဝင် ၂၄း၃

---


25

ဒီဗိမာန်တော်ပျက်စီးသွားမယ်ဆိုရင်
ကမ္ဘာကြီးကုန်ဆုံးမယ့်ချိန်နှင့်ခရစ်တော်ကြွလာမယ့်
အချိန်ဆက်နွယ်နေတယ်လို့တပည့်တော်များသည်ယုံကြည်ကြတယ်။

---


26

မဿဲ၂၄မှာခရစ်တော်ဟာအရေးကြီးသောအချက်(၂)ချက်ပြောထားပါတယ်။

---


27

တခုကတော့ ခရစ်တော်ဒုတိယအကြိမ်ကြွလာတဲ့တနေ့မှာထာဝရတည်
မြဲတဲ့ကောင်းကင်နိုင်ငံကို
တည်ထောင်ရန်ဘုန်းတန်ခိုးနဲ့သူပြန်လာမယ်။

---



28

နောက်တချက်ကတော့ လူအများသည်အသက်ရှင်လျက်တွေ့မြင်နိုင်ပါတယ်။
အဲဒါကတော့ဘာလဲဆိုတော့ဗိမာန်တော်နှင့်
ယေရုရှလင်မြို့ဖျက်ဆီးခြင်းပင်ဖြစ်တယ်။ယေရှု
သည်ဗိမာန်တော်ဘယ်လိုဖြစ်ပျက်သွားမယ်ဆို
တာတပည့်တော်များအားပြောပြခြင်းဖြစ်တယ်။

---



29

(ကျမ်းချက်၊ မဿဲ၂၄း၁၅,၁၆)
ကျမ်းချက်၊ မဿဲ ၂၄း၁၅,၁၆ မှာကိုယ်တော်က
'ထို့ကြောင့်ပရောဖက်ဒံယေလ
ဟောသည့်အတိုင်းဖျက်ဆီးတတ်သောရွံ့
ရှာဘွယ်အရာသည်

---



30

သန့်ရှင်းသောအရပ်၌ရာန၌စိုက်နေသည်
ကိုသင်တို့မြင်ရလျှင်ကျမ်းစာကိုကြည့် သောသူသည်နားလည်ပါစေ။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ






31

ထိုသို့မြင်ရလျှင်ယုဒပြည်၌ရှိ
သောသူတို့သည်တောင်ပေါ်သို့ပြေးကြစေ။'




32

ဒံယေလအနာဂတ္တိကျမ်းထဲမှာယေရှုရှ
လင်မြို့ပျက်စီးလိမ့်မယ်လို့ဟောခဲ့တယ်။ ဒါပေမယ့်ယေရှုကပုရောဖက်ဒံယေလရဲ့သတိ
ပေးနိုးဆော်ချက်တွေမကြာမီပြည့်စုံတော့မယ်
လို့တပည့်တော်များကိုပြောခဲ့ပါတယ်။




33

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄:၁၇-၁၈)
ကိုယ်တော်က'အိမ်မိုးပေါ်မှာရှိသောသူသည်
အိမ်ထဲကဥစ္စာကိုယူခြင်းငှာမဆင်းစေနှင့်။





34

လယ်၌ရှိသောသူသည်လည်းမိမိ
အဝတ်ကိုယူခြင်းငှါနောက်သို့မပြန်စေနှင့်။




35

တနည်းအားဖြင့်ပြောရရင်၊ အသက်လွတ်အောင်ပြေးဘို့ဖြစ်တယ်။ ။ ယေရှုရှလင်မြို့ကိုတပ်တွေ
ဝိုင်းရံထားတာသူတို့မြင်သောခါမှာ
အသက်ဘေးအန္တရာယ်မှကင်းဝေးစေရန်
မြို့မှထွက်ခွာဖို့ပြောခဲ့တယ်။




36


(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၁:၂၀)
ရှင်လုကာခရစ်ဝင် ၂၁:၂၀မှာ ကိုယ်တော်က
'ယေရှုရှလင်မြို့ကိုဗိုလ်ခြေများဝန်းရံလျက်ရှိသည်
ကိုသင်တို့မြင်သောအခါ၊ထိုမြို့သည်ပျက်စီးခြင်းရောက်လုသည်ကိုသိမှတ်ကြလော့။'
ထို့နောက်သူတို့သည်စစ်သားများတပ်ချထားသည်
ကိုမြင်သောအခါထွက်ပြေးဖို့အချိန်ဖြစ်နေပြီဆိုတာသူတို့ကို
ပြောခဲ့တယ်။




37


(ကျမ်းချက်။ ရှင်လုကာခရစ်ဝင်၂၁:၂၂၊၂၄)
'အကြောင်းမူကားထိုနေ့ရက်ကာလသည်ကျမ်းစာချက်များ
ပြည့်စုံရသောဒဏ်စီရင်ခြင်းနေ့ရက်ကာလဖြစ်သတည်း။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ




38

သူတို့သည်ဓားဘေးဖြင့်ပျက်စီးခြင်းသို့ရောက်ကြလိမ့်
မည်။အခြားသောပြည်အရပ်ရပ်သို့ဖမ်းသွားကြလိမ့်မည်။



39

တပါးအမျိုးသားတို့သည်မိမိတို့အချိန်ကာလမပြည့်စုံမှီ
တိုင်အောင်ယေရှုရှလင်မြို့ကိုခြေဖြင့်နင်း ကြလိမ့်မည်။
ရှင်လုကာခရစ်ဝင်၂၁း၂၂၊၂၄



40

ခရစ်တော်ကြိုတင်ဟောထားပြီးလို့ ၃၃ နှစ်အကျော် အေဒီ ၆၆ မှာ စီးထရပ်ဆိုသူရောမမြို့ဝန်တဦး ဟာ ယေရုရှလင်မြို့သို့ရောက်ရှိလာပြီး



41

ယေရုရှလင်မြို့တွင် ပုန်ကန်ထကြွမှုကို နှိမ်နှင်းရန်ဖြစ်တယ်။ မြို့ကို ဝန်းဝိုင်းတပ်ချသော်လည်း ပြန်လည်ခုခံခဲ့ပါတယ်။



42

နောက်ဆုံးတော့ ရောမစစ်တပ်ဟာ မြို့ကို သိမ်းပိုက်ရန် အခြေအနေရှိသော်လည်း ထိုမြို့မှ ထွက်ခွာသွားပါတယ်။
(ယူစီးဘီရပ်၊ အသင်းတော်ရာဇဝင်၊ အုပ် ၃၊ အခဏ်း ၅။)



43

(ဗီဒီယို။ ၆ စက္ကန့်)
ယေရှုရှလင်မြို့ဖျက်ဆီးမယ်ဆိုတဲ့
ယေရှုပြောကြားချက်ကိုလိုက်လျှောက်သူ
များသည်ရောမစစ်သားများမြို့ကိုလာရောက်တိုက်
ခိုက်သောအခါသတ်ဖြတ်ခြင်းမခံရဘူး။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ


44

ခန့်မှန်းချက်အရလူပေါင်း၁,၁၀၀,၀၀၀ကိုကြောက်မက်ဖွယ်
ကောင်းတဲ့ပိတ်ဆို့မှုပြုလုပ်ပြီးသတ်ခဲ့တယ်။
အေဒီ ၆၆ မှာရောမစစ်သားများရောက်
လာတဲ့ခါမြို့မှထွက်ပြေးရန်
ယေရှု၏ညွှန်ကြားချက်ကိုလိုက်မ
လျှေက် သူ၊နားမထောင်သူတို့သည်သေဆုံးကြသည်။
ဒီနေရာမှာပုရောဖက်များဟောထားချက်
ကိုလေ့လာတဲ့ခါအရေးကြီးတဲ့စိတ်ထိခိုက်ဖွယ်ရာ
သင်ခန်းစာကိုရရှိခဲ့ပါတယ်။အချိန်များသည်
နိမိတ်လက္ခဏာများအားဖြင့်သတိပေးနေပါတယ်။
မယုံကြည်သူတွေဖျက်ဆီးခြင်း၊ခံနေရစဉ်မှာခရစ်တော်ကိုယုံကြည်သူများနှင့်သူ၏။
အနာဂတ်ဟောထားသောနိမိတ်လက္ခဏာကို
သိသောသူများသည်ကယ်တင်ခြင်းကိုရရှိခဲ့
ကြတယ်။ထို့ကြောင့်ဂရုမစိုက်သူနှင့်မယုံကြည်
သူများဖျက်ဆီးခြင်းကိုခံနေရစဉ် ယုံကြည်စွာလိုက်
လျှောက်သူများသည်ဖျက်ဆီးခြင်းမှကင်းဝေးလိမ့်မည်။
ထိုအရာသည်ကမ္ဘာကြီးပြီးဆုံးခါနီးအချိန်၌ဖြစ်ပေါ်လာလိမ့်မည်။



45

(ဗီဒီယို။ ၅ စက္ကန့်)
ခမ်းနားကြီးကျယ်တဲ့ဗိမာန်တော်ကြီးဘာဖြစ်သလဲ။ တိုင်းတစ်ဆိုတဲ့ရောမဗိုလ်ချုပ်ကဗိမာန်တော်ကိုမဖျက်ဆီး
ဖို့အမိန့်ပေးခဲ့တယ်။ ဒါပေမယ့်သူ့ရဲ့စစ်သားများထဲကတယောက်ကတံခါး၀
မှာမီးထွန်းပြီးပစ်ခဲ့တယ်။
ဗိမာန်တော်သည်ငရဲပြည်လိုဘဲမီးများထတောက်
လောင်ကျွမ်းပါတော့တယ်။


46

ကျောက်တုံးတခုပေါ်မှာတခုထပ်မနေတော့ဘဲပြိုကျပျက်စီးသွားပါတော့တယ်။


47

ယေရှုရှလင်မြို့မဖျက်စီးခင်အနှစ်လေးဆယ်ကယေရှုသည်
တပည့်တော်များအားဟောကြားခဲ့သောအနာဂတ်စကားသည်
လုံးလုံးလျားလျားပြည့်စုံခဲ့ပြီးပါပြီ။
ကျွန်ုပ်တို့သည်နိမိတ်လက္ခဏာများကိုဂရုမစိုက်
အလေးမထားဘဲနေသလား။ ဒါမှမဟုတ်ဂရုစိုက်ပြီးစောင့်နေသလား။ကမ္ဘာကြီးပြီး
ဆုံးရန်နီးကပ်နေပြီဆိုတာဘယ်လိုသိနိုင်မလဲ။
ယေရှုကကျွန်ုပ်တို့ကိုထင်ရှားတဲ့နိမိတ်လက္ခဏာ
များပေးခဲ့ပါတယ်။



48

ကျွန်ုပ်တို့အသက်တာရဲ့နိမိတ်လက္ခဏာအချို့ကြည့်
ရအောင်။မဿဲ ၂၄း၇မှာခရစ်တော်က-

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ




49

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၇)
'လူတမျိုးနှင့်တမျိုး၊တနိုင်ငံနှင့်
တနိုင်ငံရန်ဘက်ပြုကြလိမ့်မည်။




50

အရပ်ရပ်တို့၌အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊မြေကြီးလှုပ်ခြင်းတို့သည်ဖြစ်ကြလိမ့်မည်။'
--၂၀ရာစုနှစ်သည်သွေးစွန်းအများဆုံးသောနှစ်ဟုသမိုင်းမှာလူများသည်မှတ်တမ်းတင်ထားခဲ့ပါတယ်။





51

(ဗီဒီယို။ ၂၀ စက္ကန့်)
ဒုတိယကမ္ဘာစစ်မှာလူပေါင်း၅၀သန်းသည်ဖျက်ဆီးခြင်းခံ
ခဲ့ရတယ်။လူတို့သည်တိုက်ခိုက်မှုတွေနှင့်
မုန်းတီးခြင်းတွေကိုဆုံးစေချင်ပေမယ့်ကမ္ဘာကြီး
သည်စစ်ပွဲများရှိနေတုန်းပဲဖြစ်တယ်။
ဤအရာတွေသည်ဘုရားသခင်
ကြွလာရန်နိမိတ်လက္ခဏာတခုဖြစ်တယ်။




52

နိုင်ငံရေးသမားများသည်လည်းငြိမ်းချမ်းရေးကို
ပြောနေကြတယ်။ဒါပေမယ့်စစ်အတွက်ပြင်ဆင်နေကြတယ်။
ကျမ်းစာထဲမှာငြိမ်းချမ်းရေးနဲ့သက်ဆိုင်တဲ့အနာဂတ်
ကိုဟောထားပါတယ်။




53

(ကျမ်းချက်။ သက်သာလောနိတ်ဩဝါဒစာပထမစောင် ၅း၃)
'ငြိမ်ဝပ်ခြင်းရှိ၏၊ဘေးအန္တရာယ်နှင့်ကင်းလွတ်
၏ဟုဆိုစဉ်တွင်. . . လျင်မြန်စွာသောပျက်စီး
ခြင်းရောက်၍လွတ်ခြင်းအခွင့်မရှိရကြ။
သက်သာလောနိတ်ဩဝါဒစာပထမစောင် ၅း၃
ကျွန်ုပ်တို့သည်ငြိမ်းချမ်းရေးလို့ပြောနေကြတယ်။
ဒါပေမယ့်ငြိမ်းချမ်းရေးမရှိဘူးလူတိုင်းသည်ငြိမ်းချမ်း
ရေးကိုလိုလားကြသည်။ဒါပေမယ့်ထိုအရာတွေသည်
အပြောသက်သက်ဘဲဖြစ်တယ်။



54

ကမ္ဘာကြီးကုန်ဆုံးခါနီးမှာကမ္ဘာကြီးဖျက်ဆီး ရန်လူများသည်စွမ်းဆောင်နိုင်လိမ့်မည်ဟုကျမ်းစာထဲမှာပြော
ထားပါတယ်။




55


(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၁း၁၈)
'လူမျိုးတို့သည်အမျက်ထွက်ကြသည်ဖြစ်၍၊အမျက်တော်သည်လည်းရောက်ပါပြီ။. . .
မြေကြီးကိုဖျက်ဆီးသောသူတို့ကိုဖျက်ဆီးတော်မူ
သောအချိန်ရောက်ပါပြီဟုလျှောက်ဆိုကြ၏။'

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ




56

နယူကလီးယားဗုံးတွေတီထွင်လိုက်ချိန်မှာ
လူတွေသည်ကမ္ဘာကြီးကိုဖျက်ဆီးရန်
စွမ်းဆောင်လာကြသည်။




57

တချိန်က နယူကလီးယားလက်နက်တွေကို ကောင်းစွာ ထိန်းသိမ်းထားနိုင်ခဲ့သောလည်း
အကြမ်းဖက်သမားများက ရောင်းမယ်၊ တီထွင်မယ်၊ ခိုးယူမယ်၊ ချို့ကဝယ်ယူဖို့လိုက်ရှာနေကြတာတွေဟာ
အလွန်ပင်ကြောက်စရာကောင်းပါတယ်။




58

ကမ္ဘာတဝန်းလုံးမှာရှိသောစာကြည့်တိုက်အများဆုံးမှာ
နယူကလီးယားဗုံးကိုဘယ်လိုပြုလုပ်တယ်ဆိုတဲ့အချက်အလက်များ
ကိုမဂ္ဂဇင်းတွေထဲမှာအလေးပေးညွှန်ပြထားပါတယ်။




59

(ဗီဒီယို။ ၁၀ စက္ကန့်)ဒီပစ္စည်းကို ပိုင်သူတွေဟာ မကြာခင်ဘာလုပ်မလဲဆိုတာ တွေ့ရမယ်။
လက်ဆွဲအိတ်ထက်ပိုမကြီးပါဘူး။ နေရာတိုင်းမှာ ထောင်လို့ရတယ်။ ဒီပစ္စည်းတွေဟာ မြို့ကြီးတွေကို
ဖျက်ဆီးနိုင်တယ်။





60

နောက်ဆုံးနေ့ရက်မှာကံဆိုးမိုးမှောင်တဲ့
ဘေးအန္တရာယ်အမျိုးမျိုးကျရောက်လိမ့်
မယ်လို့ဘုရားသခင်ကပြောခဲ့တယ်။




61

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၇)
'အရပ်ရပ်တို့၌အစာခေါင်းပါးခြင်း. . .
ဖြစ်ကြလိမ့်မည်။'
ရှင်မဿဲခရစ်ဝင် ၂၄း၇



62

ပြီးတော့ကမ္ဘာ၏အစိတ်ပိုင်းအများမှာ
အစာရေစာရှားပါး၊ငတ်မွတ်ခေါင်းပါးမှုများ
ဖြစ်နေတယ်။




63

ခန့်မှန်းချက်အရတနှစ်ထဲမှာလူ၅၇သန်းအအေး
ဒဏ်ဖြင့်သော်လည်းကောင်း၊ငတ်မွတ်ခေါင်းပါးခြင်းဖြင့်ရင်ဆိုင်နေရပြီး
ထိုငတ်မွတ်ခေါင်းပါးခြင်းတို့ကြောင့်တနေ့မှာလူ ၁၅၆,၀၀၀သေဆုံးနေတယ်။


၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ



64

ကမ္ဘာပေါ်မှာရှိတဲ့လူကုဋေပေါင်းများစွာထဲမှာ ၂၀%မှာ အစာငတ်ပြတ်သေဆုံးပြီး၊ ၆၀%မှာ
အာဟာရချို့တက်နေကြတယ်။
နောက်ဆုံးကာလ၏နိမိတ်လက္ခဏာတခု
သည်အစာငတ်မွတ်ခေါင်းပါးခြင်းဖြစ်တယ်ဆိုတာယေရှုကပြောခဲ့တယ်။



65

(ဗီဒီယို။ ၅ စက္ကန့်)
လူဦးရေများလာသည်နှင့်အမျှအစားအစာထုတ်
လုပ်မှုသည်မလုံလောက်တော့ပေ။ထိုနောက်ကျယ်
ပြန့်လွန်းတဲ့ကမ္ဘာကြီးသည်အစာငတ်မွတ်ခေါင်းပါးခြင်း၊ အာဟာရဓာတ်ချို့တက်ခြင်း
လူအများဖြစ်ပွားတဲ့ဒုက္ခပြဿနာ
အမျိုးမျိုး ကိုမတွန်းလှန်နိုင်ခဲ့ပါဘူး. .
ကမ္ဘာကြီးရဲ့လူဦးရေ ၂/၃ ရှိတဲ့လူဦး
ရေသည်ဆာလောင်မွတ်သိပ်မှုကိုဖြစ်
လာတဲ့ခါမှာကျွန်ုပ်တို့သည်ကုဋေလောက်
ရှိသောသူများကိုဘယ်လိုကျွေးမွေးမလဲ။


66

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၁း၂၅)
ကမ္ဘာ၏နောက်ဆုံးနာရီချိန်လေးမှာ ဖြစ်မဲ့အရာများကို ယေရှုဖေါ်ပြထားတယ်။
"မြေကြီးပေါ်မှာလည်းလူအမျိုးမျိုးမငြိမ်မသက်
စိုးရိမ်ကြောင့်ကြခြင်း၊'
ရှင်လုကာခရစ်ဝင် ၂၁း၂၅


67

ယေရှုကပုလိပ်ကပ်ရောဂါဖြစ်လိမ့်မယ်လို့
ပြောထားတယ်။


68

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၇ )
"အရပ်ရပ်တို့၌အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊မြေကြီးလှုပ်ခြင်းတို့သည်ဖြစ်ကြလိမ့်မည်"။
ဒီနေ့ ကာလနာရောဂါကို ပုလိပ်ရောဂါ သို့မဟုတ် ထူးခြားတဲ့ရောဂါလို့အဘိဓာန်ဖွင့်ဆိုကြတယ်။


69

ယခုခေတ်ဆေးပညာသည်တိုးတက်လာသော်လည်းရောဂါများ
ကိုပပျောက်သွားအောင်မဖျက်ဆီးနိုင်ခဲ့ပေ။


70

ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ အဆုပ်ရောဂါ၊ အီဘိုလာရောဂါများ၊ ငှက်ဖျားရောဂါ၊ အဆုတ်ရောင်
ရောဂါ၊ ကာလသားရောဂါ၊ ဂိုနိုရီးယားကာလသားရောဂါ။ ကာလဝမ်းရောဂါ၊များ

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ



71

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကနေပြီးတော့
အိပ်အိုင်ဗွီရောဂါသည်လူပေါင်း(၄၀)သန်းရှိတယ်လို့ခန့်မှန်းကြတယ်။
ထိုအရာကိုပျောက်ဆုံးအောင်
မပြုလုပ်နိုင်ဘူးဆိုရင်လူတွေအားလုံးကိုသူကဖျက်ဆီးပါလိမ့်
မယ်။





72

အခြားနိမိတ်လက္ခဏာတခုကတော့ ပတ်ဝန်းကျင်သဘာဝခြင်းဘဲဖြစ်ပါတယ်။ ကျမ်းစာအရဆိုလျှင်
ကမ္ဘာကြီး ဟာ ဟောင်း
နွမ်းလာပြီး ဟေရှာယအနာဂတ္တိကျမ်း ၅၁း၆ မှာ ဘုရားက
ဒီလိုပြောတယ်။



73

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၅၁း၆ )
'မိုးကောင်းကင်ကိုမျှော်၍ကြည့်ကြလော့။မြေကြီးကို
လည်းငုံ့၍ကြည့်ကြလော့။



74

မိုးကောင်းကင်သည်မီးခိုး
ကဲ့သို့ကွယ်ပျောက်၍မြေကြီးသည်အဝတ်ကဲ့သို့ဟောင်းနွမ်းလိမ့်မည်။. . . '
ကမ္ဘာကြီးကုန်ဆုံးခါနီးပြီဖြစ်တဲ့အတွက်ကြောင့်
ကောင်းကင်နှင့်မြေကြီးအခြေအနေကို
ဒီထက်ကောင်းအောင်ဖေါ်ပြလို့
မရပါဘူး။



75

ကျွန်ုပ်တို့ခေတ်မှာကြီးမားသောမြို့ကြီးများ၏အထက်ကောင်းကင်သည်ဓာတုဗေဒအဆိပ်အတောက်များနှင့်
ပြည့်နေခဲ့ပါတယ်။ထိုလေကိုကျွန်ုပ်တို့
အဆုတ်ကရှူသွင်းနေကြတယ်။




76

လူများသည်လေထုညစ်မှုနှင့်ပတ်သတ်ပြီးသတိပေးချက်ကို
မြို့ကြီးတွေများမှာစာစောင်တွေကပ်ထားကြ
တယ်။




77

(ဗီဒီယို။ ၅ စက္ကန့်)
ရေသည်နေရာတိုင်းမှာသောက်သုံးရန်အတွက်မကောင်း
ချေ။အဘယ့်ကြောင့်ဆိုသော်ထိုအရာထဲတွင်
အန္တာရာယ်များစွာပါဝင်သောကြောင့်ဖြစ်ပါတယ်။





78

အနုမြူစွန့်ပစ်ပစ္စည်းများကိုစွန့်ပစ်ဘို့ကိစ္စက ပြဿနာကြီးဖြစ်လာတယ်။
အနုမြူဗုံးထုတ်လုပ်တဲ့စက်ရုံကအလုပ်သမားများသည်
အဆိပ်ငွေ့တွေကိုရှူရှိုက်ရတယ်။သူတို့ခံစားရတဲ့
ဝေဒနာအတွက်အခကြေးငွေကိုရရှိတယ်။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ


79

သန့်ရှင်းသောလေ၊ရေ၊စွမ်းအင်များကိုကျွန်ုပ်တို့ဘယ်နေရာကနေရနိုင်
သလဲ။အစားအစာကိုဘယ်လိုရှာဖွေ
စားသောက်ကြမလဲ။



80

(ဗီဒီယို။ ၆ စက္ကန့်)
ကမ္ဘာပေါ်မှာလူဦးရေလျှင်မြန်စွာတိုးတက်များပြားလာသည်နှင့်
အမျှလူများသည်ပြဿနာများနှင့်ရင်ဆိုင်ကြုံတွေ့နေရမှုသည်
လည်းများပြားလာသည်သဖြင့်ကမ္ဘာပေါ်တွင်ဒဏ်ရာတခုကဲ့သို့ထင် ကျန်ရစ်ခဲ့တယ်။


81

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၁း၂၅)
'ထိုအခါနေ၊လ၊ကြယ်၊နက္ခတ်တို့၌ပုပ္ပနိမိတ်ထင်ရှားလိမ့်
မည်။မြေကြီးပေါ်မှာလည်းလူအမျိုးမျိုး၊ မငြိမ်မသက်စိုးရိမ်ကြောင့်ကြခြင်း၊သမုဒ္ဒရာလှိုင်းတံပိုးကြီးခြင်း၊'



82

မြေငလျင်လှုပ်ခြင်းသည်တဖြည်းဖြည်းများပြားလာမယ်လို့ကျမ်းစာထဲမှာပြောထားတယ်၊


83

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၇)
'မြေကြီးလှုပ်ခြင်းတို့သည်ဖြစ်ကြလိမ့်မည်။'
မြေငလျင်လှုပ်ခြင်းဖြစ်ပွားတဲ့အရေအတွက်သည်ပိုမိုပြင်းထန်လာသည်ကိုကျွန်ုပ်တို့တွေ့မြင်ကြတယ်။


84

ကမ္ဘာမှာနှစ်တိုင်းမြေငလျင်လှုပ်ခြင်းသည်(၆,၀၀၀)ရှိသည်။



85


(ဗီဒီယို။ ၁၀ စက္ကန့်)
လွန်ခဲ့သောနှစ်ပေါင်း(၉၀)ကမြေငလျင်လှုပ်ခြင်းစတဲ့ကံကြမ္မာဆိုးတွေကြောင့်လူပေါင်း (၁,၅၀၀,၀၀၀)
သေဆုံး ခဲ့ရတယ်။


86

လွန်ခဲ့သောရက်အနည်းငယ်လောက်ကမြေငလျင်ကြီးကြီးမားမားတချက်တည်းဘဲလှုပ်လိုက်တာ
နဲ့လူပေါင်း (၂၀,၀၀၀) ကနေ (၃၀,၀၀၀) သေဆုံးခဲ့ကြတယ်။
မြေငလျင်လှုပ်ခြင်းသည်တိုင်းပြည်အများအပြား
တွင်ဖြစ်ပျက်လာခဲ့သည်ကိုသင်တို့သိကြပေလိမ့်မည်။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ




87

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၁း၁၁,၂၅)
သမ္မာကျမ်းစာက 'အရပ်ရပ်တို့၌ကြီးစွာသောမြေငလျင်လှုပ်ခြင်း၊ အစာခေါင်းပါးခြင်း၊ကာလနာများပြားခြင်း၊ တို့ဖြစ်ကြလိမ့်မည်။'


88

မိုးကောင်းကင်၌လည်းကြောက်မက်ဖွယ်သောအရာနှင့်ကြီးသောပုပ္ပနိမိတ်တို့သည်ပေါ်ထွန်းကြလိမ့်မည်။


89

ထိုအခါနေ၊လ၊ကြယ်၊နက္ခတ်တို့၌ပုပ္ပနိမိတ်ထင်ရှားလိမ့်မည်။


90

မြေကြီးပေါ်မှာလည်းလူအမျိုးမျိုး၊ မငြိမ်မသက်စိုးရိမ်ကြောင့်ကြခြင်း၊သမုဒ္ဒရာလှိုင်းတံပိုးကြီးခြင်း၊
ရှင်လုကာခရစ်ဝင် ၂၁း၁၁,၂၅



91

(ဗီဒီယို။ ၁၇ စက္ကန့်)
အချက်အလက်တခုကတော့လေတွေ၊လှိုင်းတံပိုးတွေပြင်းပြင်းထန်ထန်တိုက်ခတ်မယ်။
ကမ္ဘာမြေကြီးပေါ်မှာရာသီဥတုသည်အချို့ဒေသတွေမှာဖောက်ပြန်ပြောင်းလဲနေတာတွေ့ရတယ်။ပင်လယ်မှာ
လေမုန်တိုင်းတွေပြင်းထန်စွာတိုက်ခတ်မယ်။ဒီရေအတက်အကျတွေခဏ၊ခဏပြောင်းလဲဖြစ်မယ်။
လေဆင်နှာမောင်းတွေတိုက်ခတ်မယ်။လေမုန်တိုင်းတွေပြင်းထန်စွာတိုက်မယ်။
မီးတောင်ပေါက်ကွဲမှုတွေဖြစ်ပွားမယ်။
ဤအရာအားလုံးသည်ဆင်းရဲပင်ပန်းစွာအသက်ရှင်ခြင်းကိုဖြစ်စေတဲ့ကြောက်ရွံ့စရာတွေလွှမ်းမိုးသော
အရာများဖြစ်ကြတယ်။


92

ကမ္ဘာဆုံးခါနီးအချိန်နဲ့ပတ်သတ်ပြီးအခြားနိမိတ်လက္ခဏာများကိုကျမ်းစာကဖော်ပြထားသေးတယ်။
ယေရှုသည် မ္ဘာမြေကြီးကိုကြည့်သောအခါမှာ သောဒုံနဲ့ဂေါမောရမြို့တို့သည်အပြစ်နဲ့ပြည့်လျက်တည်ရှိ
နေတာကိုတွေ့တယ်။နောက်ဆုံးမှာဘုရားသခင်ကသူတို့ကိုကောင်းကင်မှမီးနှင့်ဖျက်ဆီးပစ်ခဲ့တယ်။


93

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၁၇း၂၈,၃၀)
'ထိုနည်းတူ၊လောတလက်ထက်၌လူများတို့သည်စားသောက်ရောင်းဝယ်လျက်၊ စိုက်ပျိုးလျက်၊
အိမ်ဆောက်လျက်၊ နေသကဲ့သို့၄င်း

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ


94


. . . လူသားပေါ်ထွန်းသောနေ့၌ဖြစ်လိမ့်မည်။'
ရှင်လုကာခရစ်ဝင် ၁၇း၂၈,၃၀


95


(ကျမ်းချက်။ ရှင်ယုဒဩဝါဒစာ ၁း၇)
ယုဒရေးခဲ့သော ရှင်ယုဒဩဝါဒစာ ၁း၇
'. . . ထိုနည်းတူသောဒုံနှင့်ဂေါမောရမြို့မှစ၍ပတ်ဝန်း
ကျင်၌ရှိသောမြို့တို့သည်အထက်ကဆိုခဲ့ပြီးသောလူဆိုးကဲ့ သို့မတရားသောမေတုန်ကိုအလွန်ပြု၍၊
ကိုယ်ခင်ပွန်းမဟုတ်သောသူတို့နှင့်မှားယွင်းခြင်းအမှု၌ကျင်လည်သောကြောင့်ထာဝရမီးနှင့်ကျွမ်း
လောင်ခြင်းဒဏ်ကိုခံရ၍ပုံသက်သေထင်ရှားလျက်ရှိကြ၏။'
ရှင်ယုဒဩဝါဒစာ ၁း၇


96


ပေါလုသည်ဤမြို့များ၏လူ့ကျင့်ဝတ်နှင့်ဆိုင်သောအကျင့်စာရိတ္တအခြေအနေများကိုပြောပြခဲ့ပါတယ်။


97

(ကျမ်းချက်။ ရောမဩဝါဒစာ ၁း၂၆,၂၇)
'အဘယ်သို့နည်းဟူမူကားမိန်မတို့သည်ပကတိထုံးစံကို
စွန့်၍ပကတိနှင့်ဆန့်ကျင်ဘက်ထုံးစံကိုလိုက်ကြ၏။


98

ထိုအတူယောကျ်ားတို့သည်လည်းမိန်းမနှင့်ဆက်ဆံခြင်းပကတိထုံးစံကိုစွန့်၍အချင်းချင်းကိလေသာစိတ်ပူ
လောင်သဖြင့်


99

ရှက်ကြောက်ဘွယ်သောအမှုကိုယောကျ်ားချင်း
ပြုလျက်မိမိတို့မှားယွင်းခြင်းနှင့်အလျောက်မိမိတို့ပြစ်ဒဏ်ကိုခံရကြ၏။'
ရောမဩဝါဒစာ ၁း၂၆,၂၇


100

(ကျမ်းချက်။ တိမောသေဩဝါဒစာ ဒုတိယစောင် ၃း၂-၅)
'လူတို့သည်ကိုယ်ကိုကိုယ်ချစ်သောသူငွေကိုတပ်မက်သောသူ၊
ဝါကြွားသောသူထောင်လွှားစော်ကားသောသူ။ သူ့အသရေကိုရှုတ်ချသောသူ၊
မိဘစကားကိုနားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ'

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ



101

ပကတိကြင်နာ စုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ်ကျင့်တရားကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကိုမုန်းသောသူ



102

သစ္စာကိုဖျက်တတ်သောသူ၊ သတိပေးခြင်းကိုမခံသောသူ၊ မာန်မာနနှင့်ယစ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက် သည်ထက် ကာမဂုဏ်ကိုခံစားခြင်းကိုသာ၍ နှစ်သက်သောသူ၊



103

ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူ ဖြစ်ကြလိမ့်မည်။
တိမောသေဩဝါဒစာ ဒုတိယစောင် ၃း၂-၅



104

(ကျမ်းချက်။ တိမောသေဩဝါဒစာဒုတိယစောင် ၃း၁၃)
ထိုအရာများသည်ဆိုးသွမ်းမိုက်မဲမှုကိုရစေနိုင်သလား။ ဟုတ်ကဲ့ကျွန်ုပ်ပြောရန်အလွန်ဘဲဝမ်းနည်းပါတယ်။
"ဆိုးညစ်သောသူ၊လှည့်ဖြားသောသူတို့မူကားသူတပါးကိုဌင်း၊
ကိုယ်ကိုဌင်းလှည့်ဖြား၍ဆိုးညစ်ခြင်း၌တရွေ့ရွေ့တိုးပွားကြလိမ့်မည်။'



105

ခရစ်တော်အယောင်ဆောင်နှင့်ပုရောဖက်အယောင်ဆောင်တွေလာလိမ့်မယ်လို့ယေရှုကအရေး
ကြီးသောနိမိတ်လက္ခဏာတခုကိုလည်းဟောကြားခဲ့ပါတယ်။
ခရစ်ယာန်ယောင်ဆောင်များနှင့်ပုရောဖက်အတုများသည် ကမ္ဘာ
ကြီးအားလှည့်လည်လျက်လိမ်လည်လှည့်ဖြားနေကြသည်ကိုခရစ်တော်ကသတိထားဖို့ပြောကြားခဲ့ပါတယ်။



106

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၂၃-၂၄)
'ထိုအခါသူတပါးကဤအရပ်၌ခရစ်တော်ရှိသည်။ ထိုအရပ်၌ခရစ်တော်ရှိသည်။ဟုဆိုသော်လည်းမယုံကြနှင့်။



107

အကြောင်းမူကားခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့်မိစ္ဆာပရောဖက်တို့သည်ပေါ်လာ၍။



108

ရွေးချယ်သောသူကိုပင်လှည့်ဖြားနိုင်လျှင်လှည့်ဖြားလောက်အောင်ကြီးစွာသောနိမိတ်လက္ခဏာ၊
အံ့ဘွယ်သော အမှုတို့ကိုပြကြလိမ့်မည်။
ရှင်မဿဲခရစ်ဝင် ၂၄း၂၃-၂၄

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ


109


(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၂၆)
"ထို့ကြောင့်သူတို့ကခရစ်တော်သည်တော၌ရှိသည်ဟုဆိုသော်လည်းမထွက်မသွားကြနှင့်။
တိုက်ခန်း၌ရှိသည်ဟုဆိုသော်လည်းမယုံကြနှင့်"။
ဘယ်နေရာမှသွားရန်မလိုအပ်ဘူးလို့ပြောခဲ့တယ်။
ရှင်မဿဲခရစ်ဝင် ၂၄း၂၆


110

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၂၇)
"လျှပ်စစ်သည်ရှေ့မှပြက်၍အနောက်တိုင်အောင်ထွန်းလင်းသကဲ့သို့


111

လူသားသည်ကြွလာတော်မူလတံ့။"
ရှင်မဿဲခရစ်ဝင် ၂၄း၂၇


112

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁း၇)
'မိုးတိမ်နှင့်တကွကြွလာတော်မူသည်ဖြစ်၍၊ ကိုယ်တော်ကိုထိုးဖောက်သောသူတို့နှင့်ရှိသမျှသောသူတို့သည်


113


ခရစ်တော်ကြွလာတဲ့အခါမှာသူ့ကိုကိုယ်တိုင်တွေ့မြင်ရလိမ့်မယ်။သူ့ရဲ့သန့်ရှင်းသောကောင်းကင်တမန်များနှင့်
အတူကြွလာတဲ့အခါမှာကျွန်ုပ်တို့သည်ဘာတခုမှမလိုအပ်တော့ပါ။


114

နောက်ဆုံးနှင့်အကြီးဆုံးလက္ခဏာကတော့ကမ္ဘာတခုကိုယေရှုကဝမ်းမြောက်ဖွယ်ရာသတင်းစကားပေးခဲ့တယ်။
နိမိတ်လက္ခာများအားလုံးသည်တခုတည်းအားဖြင့်သာလျှင်ပြီးပြည့်စုံမှာမဟုတ်ပေ။


115

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၁၄)
ရှင်မဿဲခရစ်ဝင် ၂၄း၁၄မှာ ခရစ်တော်က
'လူမျိုးအပေါင်းတို့အားသက်သေဖြစ်မည်အကြောင်းနိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရား
ကိုလောကီနိုင်ငံအရပ်ရပ်သမျှတို့၌ဟောရလိမ့်မည်။သို့ပြီးမှအဆုံးသည်ဖြစ်လတ္တံ့။'


116

ဗျာဒိတ်ကျမ်းထဲမှာဘုရားသခင်က ဤမြင့်မြတ်သောတရားဒေသနာအလုံးစုံ၊ကမ္ဘာကြီးပြီး
ဆုံးခါနီးဖြစ်ပျက်လက္ခဏာများကိုဖော်ပြထားပါတယ်။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ



117

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၆)
'မြေကြီးပေါ်မှာနေသောသူတည်းဟူသောအသီးသီးဘာသာစကားကိုပြောသော



118

လူအမျိုးအနွယ်ခပ်သိမ်းတို့အား



119

ထာဝရဧဝံဂေလိတရားကိုဟောရသောကောင်းကင်တမန်တပါးက'
ဗျာဒိတ်ကျမ်း ၁၄း၆

ဒီကနေ့ယဇ်ပုရောဟိတ်များဟောထားသောအနာဂတ္တိကျမ်းစကားများသည်တကယ်ပြီးပြည့်စုံတယ်ဆိုတာ၊ ဖြစ်လာတယ်ဆိုတာသင်တွေ့မြင်သိရှိသလား။ အရာတို့သည်အရာရာတိုင်းကိုဖန်ဆင်းသောထာဝရတည်မြဲသည့်နှုတ်ကပါတ်တရားတော်ကိုပြောကြားခြင်း၏အစိတ်ပိုင်းတခုဖြစ်တယ်။


120

ဘုရားသခင်ရဲ့တရားဒေသနာတော်ကိုရုပ်မြင်သံကြား၊ ရေဒီယို၊ဧဝံဂေလိတရားဟောကြားခြင်း၊ အင်တာနက်၊ တဦးချင်းဆီကိုကျမ်းစာသင်ပေးဆွေးနွေးခြင်း၊စာစောင်၊ပိုစတာများထုတ်ဝေခြင်း ဖြင့်တကမ္ဘာလုံးပျံ့နှံ့စေရန်စတင်လျက်ရှိနေပါပြီ။


121

'အသိပညာတွေတိုးပွားလာလိမ့်မယ်'လို့ဒံယေလကပြောခဲ့ပါတယ်။ကမ္ဘာ့သမိုင်း၏ကြောက်မက်ဖွယ်နောက်ဆုံးနေ့ရက်ကိုဒံယေလ၏စာအုပ်သည် ဖော်ပြထားတယ်။သိပ္ပံပညာတိုးတက်တဲ့ကမ္ဘာကြီးမှာ အသိပညာများစွာတိုးတက်ကြီးပွားလာသကဲ့သို့၎င်းကမ္ဘာ ကြီးအတွက်ဘုရားသခင်၏အစီအစဉ်ကယ်တင်ခြင်းနဲ့ ပတ်သတ်သောအသိပညာများသည်လည်းတိုးပွားလာပါလိမ့်မယ်။



122

အချိန်သည်ကုန်ဆုံးလာနေပါပြီ။အပြစ်ဟူသောအရာသည် နေဧလက်ထက်အချိန်ကကမ္ဘာကြီးကိုဖျက်ဆီးသလိုဒီ ကနေ့လည်းဖျက်ဆီးမယ်လို့ပြောထားပါတယ်။


123

ယခုနေရာတိုင်းမှာဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေအား ဖြင့်လူတို့သည်သူတို့ကိုယ်သူတို့ပျက်စီးအောင်လုပ်နေတယ်ဆိုတဲ့အထောက်အထားတွေဘဲဖြစ်တယ်။ ယေရှုသည်နောဧ၏နေ့ရက်များကိုကျွန်ုပ်တို့နေ့ရက်များနှင့်နှိုင်းယှဉ်ခဲ့ပါတယ်။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ


124

နောဧလက်ထက်ကလူများသည်အသက်ရှင်နေထိုင်ရန်အတွက်နေ့စဉ်လုပ်ငန်းများနှင့်အလုပ်များနေကြတယ်။ ဝိညာဉ်ရေးအတွက်အချိန်ကိုမပေးနိုင်ကြဘူး။



125

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄:၃၇-၃၉)
ရှင်မဿဲခရစ်ဝင် ၂၄:၃၇-၃၉မှာ ခရစ်တော်က
'လူသားသည် ကြွလာသောအခါ နောဧလက်ထက်၌ဖြစ်သကဲ့သို့ဖြစ်လိမ့်မည်။




126

ရေလွှမ်းမိုးဖြင်းမဖြစ်မှီကာလ၌ နောဧသည် သင်္ဘောထဲသို့ဝင်သောနေ့တိုင်အောင် လူများတို့သည် စားသောက်လျက်၊



127

ထိမ်းမြားစုံဘက်လျက်နေ၍၊



128

ရေလွှမ်းမိုးခြင်းရောက်သဖြင့်လူခပ်သိမ်းတို့ကိုသုတ်သင်ပယ်ရှားသည်တိုင်အောင်သတိမဲ့နေကြသည်နည်းတူ



129

လူသားသည်ကြွလာသောအခါ၌ဖြစ်လိမ့်မည်။'


130

ယေရှုသည်ဒုတိယအကြိမ်ကြွလာသောအခါနောဧနေ့ရက်များကဖြစ်ပျက်သလိုမျိုး ဖြစ်လိမ့်မည်လို့ပြောခဲ့တယ်။ လူများတွင်အချိန်များစွာရှိပါတယ်။ ဒါပေမယ့်ဘုရားသခင်အတွက်အချိန်မပေးနိုင်ကြဘူး။ ဘုရားသခင်ကိုချစ်တာထက်ကျေနပ်ပျော်ရွှင်မှုကိုသာသူတို့သည်လိုလားကြတယ်။

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ



131

သဲနာရီလေးထဲမှာရှိတဲ့နောက်ဆုံးသောသဲအမှုန်စငယ်လေးများကျလို့ကုန်လုဆဲဆဲဖြစ်နေတယ်။
ယခုလည်းကမ္ဘာကြီးကအဲဒီလိုဘဲပျက်စီးဖို့အချိန်တွေအလွန်နီးကပ်နေပါပြီ။
မကြာမီမှာဘုရားရဲ့သားတော်သည်ကောင်းကင်တမန်များခြံရံလျက်၊
ကောင်းကင်ကကြယ်များကိုထိုးဖောက်ပြီးပေါ်ထွန်းလာတော့မှာဖြစ်ပါတယ်။
ဘုရားသခင်သည်ဤကမ္ဘာကိုဖျက်ဆီးဖို့ကြွလာတာမဟုတ်ပါဘူး။
ဒါပေမယ့်သူသည်သူ၏လူများကိုအိမ်တော်သို့ခေါ်ဆောင်သွားပါလိမ့်မည်။
ထိုအိမ်သည်ကျွန်ုပ်တို့အတွက်အဆင်သင့်ရှိနေပါသည်။



132

ဒီနေ့ကမ္ဘာမှာနိမိတ်လက္ခာဏာတွေကြည့်ခြင်းအား
ဖြင့်ယေရှုခရစ်တော်ကြွလာဖို့နီးနေပြီဆိုတာကျွန်ုပ်တို့သိမြင်နိုင်ပါတယ်။
ယေရှုခရစ်ကပထမအကြိမ်ကြွလာစဉ်ကလူများဆိုးသွမ်းသလိုယခုဤကမ္ဘာကိုပြန်ကြွလာတဲ့ခါ
ပထမအကြိမ်ကြွလာစဉ်က၊ကဲ့သို့ဘဲဖြစ်လိမ့်မယ်။
ဘုရားသခင်ယေရှုခရစ်က၊ကမ္ဘာကိုဘယ်အချိန်မှာကြွလာမလဲဆိုတာလူများသိရအောင်၊
ကြွလာဖို့နီးကပ်နေပြီဆိုတာကိုဘုရားကနိမိတ်လက္ခာဏာတွေများစွာပေးခဲ့ပါပြီ။




133

(ဗီဒီယို။ ၇ စက္ကန့်)
ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကိုလူများသိစေရန်ပညာရှိကြီးများကိုစေလွှတ်ပြီးအနှစ်လေး
ထောင်ပတ်
လုံးအချိန်နာရီတွေတဖြည်းဖြည်းလည်ပတ်လျက်ရှိနေပါတယ်။



134

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁း၁၁)
ဒါပေမယ့်ဝမ်းနည်းစရာကတော့ ရှင်ယောဟန်ခရစ်ဝင်၁း၁၁
'သူသည်မိမိအရပ်ဒေသသို့ကြွလာသော်လည်း၊မိမိလူမျိုးတို့သည်သူ့ကိုလက်မခံဘဲနေကြ၏'။
သူတို့သည်ဘုရားသခင်အတွက်အဆင်သင့်မရှိကြဘူး။



135

မိတ်ဆွေ၊ မကြာမီခရစ်တော်ကြွလာတော့မယ်ဆိုတာနိမိတ်လက္ခာဏာအား
လုံးကိုသူသည်ကျွန်ုပ်တို့အားပေးခဲ့ပြီးပါပြီ။



136

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၃၃-၃၄)
'ထိုနည်းတူ၊ ထိုအကြောင်းအရာအလုံးစုံတို့ကိုမြင်ရလျှင်လူသားသည်တံခါး
ဝတိုင်အောင်အနီးသို့ရောက်တော်မူသည်ကိုသိမှတ်ကြလော့။



137

ငါအမှန်ဆိုသည်ကား၊ ယခုဖြစ်သောလူများမကုန်မီထိုအကြောင်းအရာအလုံးစုံတို့သည်ဖြစ်ကြလိမ့်မည်။'
ရှင်မဿဲခရစ်ဝင် ၂၄း၃၃-၃၄

# ၂ – သင်လျစ်လျူမရှုသင့်သောနိမိတ်လက္ခဏာများ



138

ကျွန်ုပ်တို့သည်ခရစ်တော်ကို၏အချိန်မှာလက်ခံမလား။ ဒါမှမဟုတ်သူ့ရဲ့မျှော်လင့်ချက်တွေနောက်တကြိမ်ပျက်စီးစေမှာလား။အချိန်တွေနောက်ကျနေပြီ။ လုပ်ဆောင်ရန်အလုပ်များစွာရှိသေးတယ်။နည်းနည်းဘဲကျန်တော့တဲ့အချိန်တွေကိုမကုန်ဆုံး၊မရှုံးစေပါနဲ့။



139

အလယ်အမေရိက ဆိုတဲ့သင်္ဘောတစင်းသည် နယူးယောက်ဆိပ်ကမ်း ကနေအတ္တလန္တိတ်ပနားမားတူးမြောင်း ကိုလိုက်ပါစီးနင်းမောင်းနှင်သွားတယ်။အဲဒီသင်္ဘောကပျက်စီးသွားခဲ့ပါတယ်။ တခြားသင်္ဘောကအဲဒီသင်္ဘော
ဒုက္ခရောက်တာကိုတွေ့တဲ့အခါမှာ'ဘာအကူအညီပေးရမလဲ'လို့မေးလိုက်ပါတယ်။' ကျွန်ုပ်တို့သင်္ဘောကပြန်လည်ကောင်းမွန်လာဖို့အခြေအနေမရှိဘူး။ မိုးလင်းတဲ့ထိစောင့်ရလိမ့်မယ်လို့'ပြန်ဖြေလိုက်တယ်။ သင်္ဘောထဲကိုရေတွေဝင်လာတာကိုတွေ့တဲ့အခါမှာ'ယခုလှေငယ်လေးပေါ်ကိုသင့်ရဲ့ခရီးသည်များကိုကျွန်ုပ်သယ်ယူပို့ဆောင်ကူညီပါရစေ။'လို့ပြောလိုက်တယ်။

ဒါပေမယ့်ညအချိန်တော်တော်မိုးချုပ်ပြီဖြစ်တဲ့အတွက်ကြောင့် အလယ်အမေရိကရဲ့ကပ်တိန်သည်ခရီးသည်များအပြောင်းအလဲကိုအမှောင်ထဲမှာလုပ်ခွင့်မပေးဘူး။သူကပြန်ပြောလိုက်တယ် 'မိုးလင်းထိတိုင်အောင်စောင်မယ်'။တခြားကပ်တိန်ရဲ့သတင်းစကားကိုယခုချက်ချင်းလေးလေးနက်နက်လုပ်ဆောင်သင့်ပါတယ်။

ဒါပေမယ့်သူကငြင်းပယ်ခဲ့တယ်။တညလုံးသူတို့စုဝေးပြီးစောင့်ကြတယ်။ နောက်ဆုံးမှာတော့အလယ်အမေရိက သင်္ဘောကြီးသည်နစ်မြုပ်သွားခဲ့တယ်။ လှိုင်းတံပိုးတွေကြားမှာကွယ်ပျောက်သွား တယ်။ သူတို့သည်အလင်းကိုမျှော်လင့်ပြီးစောင့်နေကြတဲ့ခါအချိန်နာရီတွေကကျော်လွန်သွားပါတယ်။ သင်္ဘောနစ်မြုပ်ပြီး၊လူတွေအားလုံးသေဆုံးခဲ့တယ်။
စောင့်ဘဲစောင့်မယ်ဆိုရင်နောက်ဆုံးမှာသေခြင်းတရားကိုရရှိမယ်။



140

ယခုသင်ကိုယ်တိုင်ဆုံးဖြတ်ချက်ချဖို့အချိန်ရောက်နေပြီ။ အလယ်အမေရိက ၏ ကပ္ပတိန်သည်မိုးလင်းထိမစောင့်ခဲ့ဘူးဆိုရင်ပြဿနာနဲ့ရင်ဆိုင်ရမှာမဟုတ်ဘူး။သူ့ရဲ့ကြေကွဲဖွယ်ရာမဟာအမှားကြီးဖြစ်တယ်။ကျမ်းစာထဲမှာဘာပြောထားလဲဆိုတော့-'ဒီနေ့သည်ကယ်တင်ခြင်းနေ့ဖြစ်တယ်။' မစောင့်ပါနှင့်။ မနှောင့်နှေးပါနှင့်။ တွန့်ဆုတ်မနေပါနှင့်။ ယခုချက်ချင်းသင်သည်ခရစ်တော်အတွက်ဆုံးဖြတ်ချက်တွေဘာ့ကြောင့်မချသေးသလဲ။ မကြာမီခရစ်တော်ကြွလာရန်အတွက်သင်ပြင်မှုတွေလုပ်ပြီးပြီလား။
ယခုချက်ချင်းသင့်ရဲ့စိတ်နှလုံးကိုဘုရားသခင်ဆီမှာအပ်နှံပြီးပြီလား။သင့်အသက်တာကိုပြင်ဆင်ပြီးပြီလား။ ကျွန်ုပ်တို့သည်ဆုတောင်းခြင်းဖြင့်ဘုရားသခင်ထံဘာ့ကြောင့်မဆက်ကပ်သေးတာလဲ။
ခရစ်တော်အကြောင်းနှင့်ပတ်ပြီး လေးလေးနက်နက်သိမယ်ဆိုရင် သင့်ရဲ့လက်ကိုမြှောက်ပြီး'မှန်ပေ၏။ သခင်။ နောက်တကြိမ်သခင်လာတဲ့ခါသခင်ကိုတွေ့ရန်အဆင်သင့်ဖြစ်ဖို့
ကျွန်ုပ်ပြင်ဆင်ထားပါမယ်'လို့ပြောပါ။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း




1

မသေနိုင်တဲ့ဘဝကိုရောက်တဲ့နေ့။




2

မေရီဟာပင်ပန်းနွမ်းနယ်နေတယ်။ တပတ်လုံးနားရတယ်ဆိုတာမရှိဘူး။ သူမဘဝဟာ လေပွေလိုဘဲ ပတ်ခြာလည် နေတယ်။ ကုန်စုံဆိုင်ကအပြန် အဝေးပြေးလမ်းမကြီးကနေ သူမရဲ့အိမ်ကိုသွားတဲ့ လမ်းကြားထဲကို ချိုးဝင်လိုက် တယ်။



3

ရုတ်တရက်ဆိုသလို ကောင်းကင်တပြင်လုံး ကြယ်ပျံတွေနဲ့လင်းထိန်သွားတယ်။



4

ဒီလိုအဖြစ်အပျက်မျိုးတခါမှ မကြုံဘူးတဲ့အတွက် ကားကိုအရှိန်သတ်လိုက်တယ်။
ရုတ်တရက်စဉ်းစားမိတာက၊ ဒါကမ္ဘာရဲ့အဆုံးဘဲလား၊ ခရစ်တော်ကြွလာတော့မယ်။
အိမ်ပြန်ပြီးငါ့သားနဲ့ ရှိနေချင်ပါရဲ့။
ဒီဗဟုသုတကိုပြန်ပြောင်းပြောပြတဲ့အခါ ကောင်းကင်တခုလုံးလင်းထိန်သွားတဲ့အချိန်လေးမှာ ခရစ်တော်ကြွ လာပြီလို့မှတ်ယူမိတယ်လို့ မေရီကဆိုပါတယ်။




5

တနေ့သောအခါ ကမ္ဘာကုန်ဆုံးမယ်လို့သင်စဉ်းစားဖူးပါသလား။ ရှိမယ်ဆိုရင် ဘယ်အချိန်ဖြစ်ပျက်မယ်လို့ သင်ယူဆပါသလဲ။ ဥက္ကာပျံအလုံးအရင်းကျရောက်မှုနဲ့အဆုံးသတ်မလား။





6

(ဗီဒီယို။ ၈ စက္ကန့်)
တချို့လူတွေက နူးကလီးယားစစ်ပွဲအားဖြင့် ကမ္ဘာဟာအဆုံးသတ်သွားမယ်လို့ ယူဆကြတယ်။



7

တချို့ကြပြန်တော့ ကမ္ဘာ့လူဦးရေအဆမတန်များလာတဲ့အတွက် အစာရိက္ခာမလောက်မငတ် ဖြစ်ပြီးငတ်မွတ်ခြင်းဘေးနဲ့ အဆုံးသတ်မယ်လို့ ယူဆထားပြန်တယ်။



8

တချို့ကြတော့လည်း ဥက္ကာပြန်တခုခုက ကမ္ဘာကိုတိုက်မိပြီး ကမ္ဘာကြီးပျက်စီးသွားမယ်လို့ ယူဆထားကြတယ်။

၃ – ကြီးစွာသောလွတ်မြောက်ခြင်း

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း



9

(ဗီဒီယို။ ၈ စက္ကန့်)ကျွန်တော်တို့နေထိုင်နေတဲ့ ကမ္ဘာကြီးဘယ်လိုပုံနဲ့အဆုံးသတ်သွားမလဲဆိုတာ
နှုတ်ကပတ်ကျမ်းစာထဲမှာ အနာဂတ္တိစကားများအားဖြင့် ဟောထားခဲ့ပါတယ်။
သတင်းကောင်းကတော့ ယနေ့လူအများစဉ်းစားတဲ့ပုံစံအမျိုးမျိုးနဲ့အဆုံးသတ်မှာမဟုတ်ပါဘူး။


10

နှုတ်ကပတ်ကျမ်းစာအရ ကမ္ဘာကြီးဟာ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းဖြင့် အဆုံးသတ်သွားမယ်လို့
ဆိုထားပါတယ်။ ကိုယ်တော်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ လောက်ကခွဲခွါခဲ့တဲ့
ဒီကမ္ဘာကိုပြန်လာမှာဖြစ်တယ်။


11

ယေရှုလာခြင်းနဲ့ပါတ်သက်ပြီး လူတွေရဲ့အမျိုးမျိုးထင်မြင်ယူဆချက်တွေဟာ စိတ်ဝင်စားစရာပါပဲ။


12

ယေရှုလာခြင်းနဲ့ပါတ်သက်ပြီး လူတွေရဲ့အမျိုးမျိုးထင်မြင်ယူဆချက်တွေဟာ စိတ်ဝင်စားစရာပါပဲ။



13

တမန်တော်ရှင်ပေါလု ထောင်ထဲမှာခေါင်းဖြတ်ကွပ်မျက်ခံဘို့စောင့်ဆိုင်းနေစဉ်ခါ



14

'မင်္ဂလာရှိသော မြော်လင့်ရာကိုငှင်း၊ ကြီးမြတ်သောဘုရားသခင်တည်းဟူသော
ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်၏ဘုန်းအသရေတော်ထင်ရှားပေါ်ထွန်းခြင်းကိုငှင်း
မြော်လင့်လျက်'


15

မိတ်ဆွေရဲ့ အသက်တာမှာ စိတ်ပျက်အားငယ်စရာတွေနဲ့ရင်ဆိုင်ကြုံတွေ့ရတဲ့အခါ ခရစ်တော်ဒုတိယအကြိမ်
ကြွလာခြင်းတည်းဟူသော မင်္ဂလာရှိသော မြော်လင့်ခြင်းဟာ အရာခပ်သိမ်းကို အဆင်ပြေစေပါလိမ့်မယ်။


16

ဓမ္မသစ်ကျမ်းမှာအပြောများဆုံးအကြောင်းအရာကတော့
ခရစ်တော်ဒုတိယအကြိမ်ပြန်ကြွလာခြင်းအကြောင်းဘဲ ဖြစ်ပါတယ်။ အခန်းငယ် (၂၅) ခုတိုင်းမှာ
ဒီအကြောင်းကိုပြောထားပါတယ်။
အရစ်တော်က တခြားအကြောင်းအရာတွေအားလုံးထက် သူပြန်လာမဲ့အကြောင်းကိုပြောထားခဲ့ပါတယ်။
ဓမ္မသစ်ကျမ်းမှာ ကျမ်းစာယုံကြည်သူတိုင်းမသိမဖြစ်တဲ့ကျမ်းချက် ၂ ချက်ရှိတယ်။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း


17

ပထမတချက်ကတော့ အားလုံးသိကြမှာဖြစ်တဲ့ ရှင်ယောဟန်ခရစ်ဝင် ၃း၁၆။ 'ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်း သို့မရောက်၊ ထာဝရအသက်ရစေခြင်းငှါ


18

ဘုရားသခင်သည် မိမိ၌တပါးတည်း သောသားတော်ကို
စွန့်တော်မူသည်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။
ဒုတိယကျမ်းချက်ကတော့ ကိုယ်တော်အသေမခံမှီ
အချိန်လေးမှာတပည့်တော်များကိုပေးခဲ့တဲ့ကတိတော်ဖြစ်ပါ တယ်။


19

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁-၃)
တဖန်တုံယေရှုက သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကိုယုံကြည်ကြလော့။
ငါ့ကိုလည်းယုံကြည် ကြလော့။


20

ငါ့အဘ၏အိမ်တော်၌နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင်မဟုတ်ကြောင်းကို သင်တို့အားငါမပြောဘဲ မနေ။


21

ငါသည်သွား၍သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တဖန်ပြန်လာ၍ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှါ


22

သင်တို့ကိုငါ့ထံသို့ သိမ်းဆည်းမည်။
ရှင်ယောဟန်ခရစ်ဝင် ၁၄း၁-၃။


23

ခေတ်ကာလတလျှောက်မှာ ခရစ်တော်ရဲ့နောက်လိုက်များအနေနဲ့ စိတ်ပျက်စရာအခက်အခဲ (သို့) သေဘေးနဲ့ ရင်ဆိုင်ရတဲ့အခါ


24

ဒီမြော်လင့်ခြင်းကတိတော်က သူတို့ကိုခိုင်ခန့်စေခဲ့ပါတယ်။

၃ – ကြီးစွာသောလွတ်မြောက်ခြင်း

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း



25

(တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၇၊၈)
သူ့ကိုခေါင်းဖြတ်သတ်သင်မဲ့ပါးကွက်အာဏာသားရဲ့လက်တလှမ်းမှာ ရှိနေစဉ်ခါ ရှင်ပေါလုက
'ကောင်းစွာသောတိုက်လှန်ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။
ယုံကြည်ခြင်းတရား ကိုစောင့်ရှောက်ပြီ။
တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၇




26

ယခုမှစ၍ဓမ္မသရဖူသည် ငါ့အဘို့သိုထားလျက်ရှိ၏။



27

ထိုနေ့ရက်တရားသဖြင့် စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကိုငါ၌အပ်ပေးတော်မူမည်။
ထိုမျှမက ပေါ်ထွန်းတော်မူခြင်းကို တောင့်တသော သူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။'
တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၇၊၈။


28

ရှင်ပေါလုက ပါးကွက်အာဏာသားကို ဒီလိုရဲရင့်စွာရင်ဆိုင်နိုင်ခဲ့တာကတော့ ခရစ်တော်ပြန်လာမယ်ဆိုတဲ့
ကတိတော်အပေါ်မှာ ယုံကြည်စွဲမြဲနေလို့ဘဲဖြစ်တယ်။


29

ဟုတ်တယ်။ ယေရှုခရစ်ပြန်လာမယ်။ ဒီကတိတော်ဟာ မိတ်ဆွေအတွက်လည်းဖြစ်ပါတယ်။ ယေရှုခရစ်တော်
ပြန်လာမယ်။


30

တပည့်တော်များက ယေရှုကြွလာမဲ့အချိန်နဲ့ကမ္ဘာကုန်ဆုံးချိန်နီးကြောင်း
ပုပ္ပနိမိတ်လက္ခဏာများကိုမေးမြန်းတဲ့ အခါယေရှုက အသေးစိတ်ရှင်းပြခဲ့ပါတယ်။



31

(ကျမ်းချက်။
ရှင်မဿဲခရစ်ဝင် ၂၄း၄။
တပည့်တော်များက ယေရှုကြွလာမဲ့အချိန်နဲ့ကမ္ဘာကုန်ဆုံးချိန်နီးကြောင်း
ပုပ္ပနိမိတ်လက္ခဏာများကိုမေးမြန်းတဲ့ အခါယေရှုက အသေးစိတ်ရှင်းပြခဲ့ပါတယ်။
'ယေရှုကလည်း သင်တို့ကို အဘယ်သူမျှမလှည့်ဖြားစေခြင်းငှါ သတိပြုကြလော့။



32

အများသောသူတို့က၊ ငါသည် ခရစ်တော်ဖြစ်၏ဟုဆိုလျက် ငါ၏အယောင်ကိုဆောင်၍ပေါ်လာသဖြင့်
လူအများတို့ကို လှည့်ဖြားကြလိမ့်မည်။'
ရှင်မဿဲခရစ်ဝင် ၂၄း၄၊၅။
အခန်းငယ် ၁၄ မှာ ယေရှုကအကျယ်တဝင့်ပြောထားပါတယ်။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း





33

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၂၄)
'အကြောင်းမူကား ခရစ်တော်၏အယောက်ကိုဆောင်သော သူနှင့်မိစ္ဆာပရောဖက်တို့သည် ပေါ်လာ၍




34

ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို ပြကြလိမ့်မည်။'



35


အတုအပကိုမခွဲခြားနိုင်ရင်တော့ အတုအယောင်ကို ခရစ်တော်လို့ထင်မြင်ယူဆမှာဖြစ်တယ်။


36

တကယ်ဘဲအယောင်ဆောင်သူက တကမ္ဘာလုံးကိုလှည့်ဖြားဘို့ ကြိုးစားအားထုတ်လိမ့်မယ်။ တန်ခိုး၊ ပုပ္ပနိမိတ် လက္ခဏာတွေသုံးစွဲပြီး လှည့်ဖြားမှာဖြစ်တယ်။


37

တကယ်ခရစ်တော်ကြွလာခြင်းဟာ တုပလို့မရပါဘူး၊ သို့သော်ကိုယ်တော်မကြွလာမှီ အတုအယောင်တွေနဲ့ လိမ်လည်မှုမခံရဘို့ အရေးကြီးပါတယ်။


38

စာတန်က ခရစ်တော်အတု၊ ပရောဖက်အတုအယောင်များအားဖြင့် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း အကြောင်းကို နားလည်မှုရှုပ်ထွေးစေမှာဖြစ်တယ်။



39

(ကျမ်းချက်။ ကောရိန်သုဩဝါဒစာ ဒုတိယစောင် ၁၁း၁၃၊၁၄။)
'အကြောင်းမူကား၊ ထိုသူတို့သည် မိစ္ဆာတမန်တော်ဖြစ်ကြတယ်။
ခရစ်တော်၏တမန်ယောင်ဆောင်၍လှည့်ဖြား တတ်သောအမှုဆောင်ဖြစ်ကြ၏။



40

ဤအမှုသည် အံ့ဩဘွယ်ဖြစ်သည် မဟုတ်။ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင် တတ်၏။
ကောရိန်သုဩဝါဒစာ ဒုတိယစောင် ၁၁း၁၃၊၁၄။

စာတန်မာရ်နတ်က ခရစ်တော်ယောင်ဆောင်ယုံမက ခရစ်တော်ကြွလာခြင်းကိုလည်းတုပလိမ့်မယ်။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း



41

(ဗီဒီယို။ ၁၃ စက္ကန့်)
မကြာခဏဆိုသလို ခရစ်တော်အယောင်ဆောင်တွေပေါ်လာလိမ့်မယ်။
သူတို့က ခရစ်တော်ဝတ်ဆင်သလိုဝတ်ဆင်နိုင်တယ်။ ချိုသာတဲ့အသံနဲ့ပြောဆိုတယ်။ ကျမ်းစာတော်မြတ်ကို ကိုးကားပြောဆိုတယ်။ သူ့တို့ကိုကြည့်ရတာ တကယ့်ကို ပညာရှိတွေပုံပေါ်တယ်။
တချို့အယောင်ဆောင်တွေက ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကို ယုံကြည်တဲ့လူတော်တော်များများကို သွေးဆောင်ဖြားယောင်းနိုင်လိမ့်မယ်။ သို့သော်သူတို့ဟာ ခရစ်တော်မဟုတ်ပါဘူး။
ကျွန်တော်ဘာကြောင့်ဒီလိုအတိအလင်းပြောရသလဲ။
ဒီလူက ခရစ်တော်ပုံပေါက်လိမ့်မယ်။ ခရစ်တော်စကားပြောတဲ့ပုံနဲ့ပြောလိမ့်မယ်။


42

သူကလူတွေကိုပျောက်ကင်းစေပြီး နိမိတ်လက္ခဏာတွေပြနိုင်လိမ့်မယ်။
သို့သော်ကျွန်တော်တို့အနေနဲ့ကိုယ်ရဲ့အာရုံခံစားမှုတွေကို စိတ်ချလို့မရဘူး။


43

အတုနဲ့အစစ်ခွဲခြားနိုင်ဘို့ တခုတည်းသောစိတ်ချရာကတော့ နှုတ်ကပတ်တော်ကျမ်းစာဘဲဖြစ်ပါတယ်။


44

လိမ်လည်လှည့်ဖြားမှုမခံရလေအောင်၊
ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းရဲ့ထူးခြားတဲ့အမှတ်လက္ခဏာများ ကိုအာရုံပြုကြစို့။


45

ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းဟာ မြင်သာတဲ့အဖြစ်အပျက်တခုဖြစ်တယ်။



46

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၂၇)
လျှပ်စီးသည် အရှေ့မှပြက်၍အနောက်တိုင်ထွန်းလင်းသကဲ့သို့၊ လူသားသည်ကြွလာတော်မူလတ့္ံ။
ရှင်မဿဲခရစ်ဝင် ၂၄း၂၇
ဗျာဒိတ်ကျမ်းချက် ၁း၇ မှာ



47

(ကျမ်းချက်။ ဗျာဒိတ်ကျမ်းချက် ၁း၇)
'ကြည့်ရှုလော့။ မိုးတိမ်နှင့်တကွကြွလာသည်ဖြစ်၍ . . . ရှိသမျှသောသူတို့သည် မြင်ရကြလိမ့်မည်။'

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း




48

အတုအယောင်တွေကနေရာတချို့မှာထင်ရှားနိုင်ပေမဲ့ တကမ္ဘာလုံးအတိုင်းအတာနဲ့
တပြိုင်နက်ထဲထင်ရှားနိုင် စွမ်းမရှိပါဘူး။


49

ခရစ်တော်ဟာ ဤလောကမှာ ဆောင်ရွက်တဲ့အမှုပြီးစီးပြီး၊ ဤလောကမှယူဆောင်ခြင်းခံယူဘို့နီးတဲ့အခါ


50

တပည့်တော်များကို သံလွင်တောင်သို့ခေါ်ဖိတ်ပြီး မှာကြားစရာများကိုမှာကြားခဲ့တယ်။ ထို့နောက်
သူတို့ရှေ့ မှာဘဲရုတ်တရက်ကောင်းကင်သို့ယူဆောင်ခြင်းခံခဲ့ပါတယ်။


51

ဒီအဖြစ်အပျက်ကို နှုတ်ကပတ်တော်က ဘယ်လိုဖေါ်ပြထားသလဲဆိုရင



52

(တမန်တော်ဝတ္ထု ၁း၉-၁၁)
'တမန်တော်တို့သည် ကြည့်ရှုလျက်နေကြစဉ် သခင်ဘုရားသည် အထက်သို့ဆောင်ယူခြင်းကိုခံတော်မူ၍
မိုးတိမ်သည်ကိုယ်တော်ကို မျက်ကွယ်အောင်ခံယူလေ၏။'



53

ထိုသို့ကြွတော်မူသည်ကို တမန်တော်တို့သည်
ကောင်းကင်သို့စေ့စေ့ကြည့်မျှော်လျက်နေကြစဉ်တွင်၊
လူနှစ်ယောက်တို့သည် ဖြူစင်သောအဝတ်ကိုဝတ်ဆင်လျက်
တမန်တော်တို့အနားမှာပေါ်လာ၍



54

အိုဂါလိလဲလူတို့၊ အဘယ်ကြောင့်ကောင်းကင်သို့မြော်ကြည့်လျက်နေကြသနည်း။



55

သင်တို့နှင့်ခွါ၍ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်
မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌
ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တဖန်ကြွလာ
တော်မူလတံ့ဟုပြောဆို၏။
တမန်တော်ဝတ္ထု ၁း၉-၁၁


# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း


56

ဘုရားသခင်စေလွှတ်တဲ့ကောင်းကင်တမန် နှစ်ပါးက ခရစ်တော်ရဲ့ဂတိတော်ဟာ
ဧကန်အမှန်ပြည့်စုံလာမယ်လို့ အာမခံပြောဆိုခဲ့တယ်။
ယေရှုကသူတို့ ဘာတွေတွေ့မြင်ရမလဲဆိုတာ အတိအလင်းပြောထားခဲ့ပါတယ်။


57

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၁း၂၇)
ထိုအခါလူသားသည် ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်
မိုးတိမ်ကိုစီး၍ကြွလာသည်ကိုမြင်ရ ကြလိမ့်မည်။


58

ယေရှုခရစ်ကြွလာတဲ့အခါ ဘယ်သူကမျှသင့်ကိုပြောပြဖို့မလိုပါဘူး၊ ကိုယ်တော်ကြွလာတော်မူတာကို သင်ရဲ့
မျက်စိနဲ့တပ်အပ်မြင်ရမှာဖြစ်တယ်။ စာတန်မာရ်နတ်က လိုက်မတုနိုင်တဲ့အရာတွေရှိပါတယ်။
ခရစ်တော်က တစုံတခုသော အရပ်မှာတိတ်တဆိတ် မကြွလာပါဘူး။


59

ခရစ်တော်က တဦးတည်းအဖော်မပါဘဲကြွလာမှာမဟုတ်ပါဘူး။
ဘုန်းတန်ခိုးအာနုဘော်နဲ့ကြွလာမှာဖြစ်တယ်။


60

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၅း၃၁။)
'လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသောကောင်းကင်တမန်အခြံအရံ
နှင့်ကြွလာတော် မူသောအခါဘုန်းရှိသောပလင်မှာထိုင်၍. . . 'ရှင်မဿဲခရစ်ဝင် ၂၅း၃၁။


61

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၃၁။)
ယေရှုက ဘာကြောင့်ကောင်းကင်တမန်များနဲ့ကြွလာရသလဲ။ အဖြေကတော့
'လူသားသည် မိမိတမန်တော်တို့ကို စေလွှတ်၍တံပိုးခရာကိုပြင်းစွာ မှုတ်စေသဖြင့်၊


62

သူတို့သည် ရွေးချယ်တော် မူသောသူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ပြေးကျင်တို့မှ
ခေါ်၍စုရုံးကြလတ္တံ့။
ရှင်မဿဲခရစ်ဝင် ၂၄း၃၁


63

မှန်ပါတယ်။ ယေရှုဟာ ကောင်းကင်တမန်အပေါင်းတို့နဲ့ကြွလာတော်မူလိမ့်မယ်။ ဒီလောက်ဆိုခရစ်တော်
ကြွလာခြင်းကို ဘာကြောင့်အတုအပလုပ်လို့ မရသလဲဆိုတာ သင်နားလည်နိုင်ပါပြီ။
ဒါပေမဲ့ယေရှုကြွလာတဲ့အခါ ဖြစ်ပျက်မဲ့ အဖြစ်အပျက်တွေကိုလည်းသိထားသင့်ပါတယ်။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း



64

ခရစ်တော်ကြွလာခြင်းဟာ သူသိရှင်ကြားအဖြစ်အပျက်တခုဖြစ်ပြီး အဲဒီအချိန်မှာ ဖြောင့်မတ်ခြင်းတရား၌ အသက်ရှင်နေထိုင်ပြီး ကွယ်လွန်သွားကြတဲ့ သန့်ရှင်းသူအပေါင်းဟာ နိုးထကြလိမ့်မယ်။




65

(သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄း၁၆)
'သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊



66

ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။'
သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄း၁၆။


67

ခရစ်တော်ကြွလာတော်မူခြင်းဟာ မြင်နိုင်ရုံမက လူတိုင်းကြားနိုင်တဲ့အဖြစ်အပျက်တခုဖြစ်ပါတယ်။
ဘုရားရှင်ရဲ့ခေါ်တော်မူခြင်းနှင့်တံပိုးခရာမှုတ်သံတွေက စူးရှလွန်းလို့
ခရစ်တော်၌သေလွန်သူတို့ကနိုးထလာပြီး
သင်္ချိုင်းကထွက်လာကြလိမ့်မည်။


68

ဂူသင်္ချိုင်းများပွင့်လာပြီး မိသားစုများပြန်လည်တွေ့ဆုံခြင်းရဲ့ပျော်ရွှင်မှုကို ဆင်ခြင်ကြည့်စမ်းပါ။


69

တကယ့်ခရစ်တော်ကြွလာတဲ့အဖြစ်အပျက်ကို စာတန်ကတုပလို့မရတဲ့အကြောင်း သင်သိမြင်ပြီမဟုတ်လား။


70

သတင်းကောင်းတွေဆက်လက်ရှိနေသေးတယ်။
အသက်ရှင်လျက်ရှိနေတဲ့ သန့်ရှင်းသူတွေကော ဘယ်လိုတွေ့ကြုံရမလဲ။



71

(ကျမ်းချက်။ သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄း၁၇)
'ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့
ရောက်စေ ခြင်းငှါ၊ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကိုခံရ

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း


72

သောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။
'သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄း၁၇



73

(ဗီဒီယို။ ၄ စက္ကန့်)
သစ္စာရှိသော အသက်ရှင်လျက်ကျန်ရှိတဲ့သူများနဲ့ သေခြင်းမှ ဘဝကူးပြောင်းလာတဲ့ ယုံကြည်သူအားလုံးဟာ လေထဲမှာ ခရစ်တော်နှင့်တွေ့ဆုံကြရမယ်။ မိသားစု အတော်များများအတွက် ဘယ်လောက်ဝမ်းမြောက်ဘွယ် ဖြစ်လိမ့် မလဲ။


74

ခရစ်တော်ပြန်ကြွလာတဲ့အခါ ဘာတွေဖြစ်ပျက်မလဲဆိုတာ ရှင်ပေါလုက အသေးစိတ်ရှင်းပြထားပါတယ်။


75

(ကျမ်းချက်။ ကောရိန်သုဩဝါဒစာပထမစောင် ၁၅း၅၁-၅၃)
'နက်နဲသောအရာတခုကို ငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။


76

နောက်ဆုံးသောတံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင် မျက်စိတမှိတ်၌


77

ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်း။


78

'ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်သို့ ဝင်စားရမည်။ ယခုမျက်မှောက်သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။'
ကောရိန်သုဩဝါဒစာပထမစောင် ၁၅း၅၁-၅၃


79

ဘုရားသခင်က ခရစ်တော်ရဲ့နောက်လိုက်တိုင်းကို ထာဝရအသက်တည်းဟူသော လက်ဆောင်ကိုပေးလိမ့်မယ်။ ဒီလက်ဆောင်မပါရင် အခြားသောလက်ဆောင်များအားလုံးဟာ တန်ဖိုးမရှိပါဘူး။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း




80

(ကျမ်းချက်။ ဖိလိပ္ပိသြဝါဒစာ ၃း၂၀၊၂၁)
'ကယ်တင်တော်မူသောအရှင်သခင်ယေရှုသည် ကောင်းကင်ဘုံမှကြွလာတော်မူမည်ဟု ငါတို့သည် မြော်လင့်လျက်နေကြ၏။ '




81

ယုတ်ညံ့သော ငါတို့၏ကိုယ်ခန္ဓာကိုပင်၊ ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူ ဖြစ်စေခြင်းငှါ အသစ်ပြင်ဆင်တော်မူလတံ့။
ဖိလိပ္ပိသြဝါဒစာ ၃း၂၀၊၂၁။
ခရစ်တော်ရဲ့ ခန္ဓာကိုယ်လိုဖြစ်မယ်။ နာကျင်မှု၊ ရောဂါဝေဒနာခံစားမှု မရှိတော့ဘူး။ ဒါထက်ဝမ်းမြောက်စရာ သတင်းမရှိတော့ပါဘူး။




82

သို့သော် အချို့လူတွေအတွက် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းဟာ သတင်းဆိုးဖြစ်လိမ့်မယ်။




83

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၆း၁၄-၁၇)
'မိုးကောင်းကင်သည် စာစောင်လိပ်ကဲ့သို့ လွင့်သွား၏။




84

တောင်များ၊ ကျွန်းများအပေါင်းတို့သည် မိမိတို့နေရာအရပ်မှ ရွေ့သွားကြ၏။




85

လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်၊ ခွန်အားကြီးသောသူမှစ၍




86

ကျွန်များ၊ လူလွတ်များ အပေါင်းတို့သည် ပုန်းရှောင်လျက်နေ၍




87

ထိုတောင်များ၊ ကျောက်များတို့ကိုခေါ်လျက် ငါတို့အပေါ်သို့ကျကြပါ။ ပလင်ပေါ်မှာ ထိုင်တော်မူသောသူ၏ မျက်နှာ . . . ကိုကွယ်ကာ၍ ငါတို့ကို ဖုံးအုပ်ကြပါ။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း



88


အမျက်တော်ထင်ရှားသော နေ့ကြီးရောက်ပါပြီတကား။ အဘယ်သူသည် ခံရပ်နိုင်မည်နည်းဟုပြောဆိုကြ၏။ ’

ဗျာဒိတ်ကျမ်း ၆း၁၄-၁၇။



89

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၆း၁၈)
‘လျှပ်စစ်ပြက်ခြင်း၊ အသံမြည်ခြင်း၊ မိုးချုန်းခြင်း၊ ကြီးစွာသော မြေလှုပ်ခြင်းဖြစ်ကြ၏။




90


မြေကြီးအပေါ်မှာ လူတို့ဖြစ်သည့်ကာလမှစ၍ ထိုသို့သောလက္ခဏာနှင့်ထိုမျှလောက် ပြင်းထန်စွာသော မြေလှုပ်ခြင်းသည် မဖြစ်စဖူး။’
ဗျာဒိတ်ကျမ်း ၆း၁၈။


91

ဒီမြေငလျင်က ကမ္ဘာအဝန်းရှိမြို့ကြီးရှိသမျှကို ပြိုလဲစေလိမ့်မယ်။ ဒီအဖြစ်အပျက်ဟာ ခရစ်တော်ဒုတိယ အကြိမ်ကြွလာတဲ့အခါ ဖြစ်တာမို့ ဘယ်သူမှရှောင်ကွင်းလို့ရမှာမဟုတ်ဘူး။


92

ယေရှုက သူကြွလာမည့်အချိန်ကို ဘယ်သူမျှမြော်လင့်ထားတဲ့ အချိန်မဟုတ်ဘူးလို့ သတိပေးထားပါတယ်။ နောက်ပြီး လူတွေက လောကပျော်မွေ့မှုတွေနဲ့ဘဲ အချိန်ကုန်နေမယ်လို့ ပြောခဲ့ပါတယ်။



93

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၃၀ )
ရှင်မဿဲခရစ်ဝင် ၂၄း၃၀ မှာ ယေရှုပြန်လာတဲ့အခါ ‘မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ငိုကြွေးမည်တမ်း’ ကြလိမ့်မယ် လို့ဆိုပါတယ်။



94

အဲဒီနေ့အတွက် အဆင်သင့် မဖြစ်တဲ့လူတွေဟာ ဒီလိုကြုံတွေ့ရမယ်လို့ ယေရှုကဆိုပါတယ်။ သူတို့ဆုံးရှုံးပြီ ဆိုတာ သူတို့သိလိုက်ကြပြီ။
ဝမ်းနည်းစရာဘဲ၊ ဒီအတွေ့အကြုံကို ရှောင်နိုင်လျက်နဲ့ မိတ်ဆွေ၊ အိမ်မက်ဆိုးတခုသာဖြစ်ခဲ့ရင်တော့ အကောင်းသားဘဲ။


95

ယေရှုကြွလာတဲ့အခါ ကြိုဆိုနိုင်ဘို့ အဆင်သင့်ရှိနေဘို့ထက် အရေးကြီးတဲ့ အရာမရှိတော့ပါဘူး။ ကျွန်ုပ်တို့ တန်ဖိုးထားတဲ့ လောကီအရာအားလုံးဟာ အထိမခံ ကြွေပန်းကန် လိုပါဘဲ။ မြေငလျင် တခါလှုပ်တာ နဲ့ သွားပါလေရော။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း




96

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၁း၃၆)
ထို့ကြောင့် သင်တို့သည် ဖြစ်လတ့်သောအမှုအရာတို့နှင့်ကင်းလွတ်၍ လူသားထံသို့ရောက်ခြင်းကို ခံထိုက်သောသူဖြစ်သည် ဟုမှတ်တော်မူမည် အကြောင်း၊




97

အစဉ်ဆုတောင်းလျက် စောင့်နေကြလော့။’
ရှင်လုကာခရစ်ဝင် ၂၁း၃၆




98

ကျွန်တော်တို့ ဘယ်လောက်အထိ သင်ယူခဲ့ပြီလဲ။ ပြန်လည်ဆန်းစစ်ကြည့်ရအောင်။




99

မှားယွင်းသော ပရောဖက်များနှင့် ခရစ်တော်အတုအယောင်များက လူတွေကို လှည့်စားလိမ့်မယ်။




100

စာတန်က အလင်းရှိသော ကောင်းကင်တမန်ကဲ့သို့ ပေါ်လာလိမ့်မယ်။





101

ဒုတိယအကြိမ်ကြွလာခြင်းဟာ လျှို့ဝှက်တဲ့ အစီအစဉ်မဟုတ်ပါဘူး။




102

လူတိုင်း မြင်ရပါလိမ့်မယ်။




103

သန့်ရှင်းသော ကောင်းကင်တမန်အားလုံးက ယေရှုနဲ့အတူလာလိမ့်မယ်။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း




104

တံဘိုးခရာမှုတ်ပြီးလာလိမ့်မယ်။





105

ကောင်းကင်တမန်မင်း အသံပေးပြီးလာလိမ့်မယ်။





106

ဖြောင့်မတ်ခြင်းတရား၌စုတေ့တဲ့လူတွေပြန်နိုးထလိမ့်မယ်။





107

ဖြောင့်မတ်ခြင်းတရား၌ကျင်လည်လျက် အသက်ရှင်သေးသောသူတို့ဟာ သေခြင်းနှင့်ကင်းလွတ်ပြီး ပြောင်းလဲခြင်းသို့ ရောက်လိမ့်မယ်။




108

ဖြောင့်မတ်သောသူအားလုံးဟာ မသေနိုင်တဲ့အဖြစ်သို့ပြောင်းလဲရကြလိမ့်မယ်။




109

မတရားသောသူရှိသမျှတို့ဟာ ခရစ်တော်ကြွလာခြင်းကြောင့် ငိုကြွေးမြည်တမ်းကြလိမ့်မယ်။




110

ပြင်းထန်သော မြေငလျင်က ကမ္ဘာကြီးကို ဖျက်ဆီးလိမ့်မယ်။




111

နောင်တမရသောသူအားလုံးဟာ ပျက်စီးဆုံးရှုံးလိမ့်မယ်။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း




112

ကလောင်အားဖြင့် မသီချယ်နိုင်တဲ့၊ စိတ်နှလုံးအားဖြင့်မကြံစည်နိုင်သေးတဲ့ အံ့ဩဘွယ် ဘုန်းတန်ခိုးနဲ့ ယေရှု ကြွလာလိမ့်မယ်။
ပန်းချီဆရာများ၊ စာရေးဆရာများက ခရစ်တော်ကြွလာခြင်းနဲ့ပါတ်သက်ပြီး
သူတို့ခံစားသိရှိသမျှတင်ပြထားတာ ကိုဖေါ်ပြလိုတယ်။



113

တစုံတဦးကမျှ မြော်လင့်မထားတဲ့ အချိန်မှာ ယေရှုပြန်လာလိမ့်မယ်။
မိုးခြိမ်းသံကဲ့သို့သော ဘုရားသခင်ရဲ့အသံတော်ဟာ မြေတပြင်လုံးမှာ ကြားရပြီး သားတော်ရဲ့ကြွလာခြင်း အချိန်နာရီကို ကြော်ငြာပါလိမ့်မယ်။



114

ကောင်းကင်ဟာစာစောင်လိပ်လိုလွင့်သွားပြီး၊ မြေကြီးတပြင်လုံးတုန်လှုပ်ပြီးတောင်များနဲ့ကျွန်းရှိသမျှတို့ဟာ မိမိတို့နေရာမှရွေ့သွားကြလိမ့်မယ်။



115

မကြာခင်မှာ အရှေ့အရပ်က လူ့ရဲ့လက်ဖဝါး တဝက်လောက်အရွယ်ရှိတဲ့တိမ်မဲကလေးပေါ်လာတာတွေ့ ရလိမ့်မယ်။



116

မိုးတိမ်ဟာ တစတစကြီးလာပြီး နီးလာလေလေ ပိုမိုတောက်ပလေလေဘဲ။ အပေါ်မှာ သက်တန့်ရောင်စုံရှိပြီး ဘုရားသခင်သားသမီးများက အံ့ဩစွာ ဆီးကြိုနေကြတယ်။



117

ကောင်းကင်တပြင်လုံးက တောက်ပနေပြီး မရေမတွက်နိုင်အောင် များပြားတဲ့ ကောင်းကင်တမန်တွေက ယေရှုကို ဝန်းရံထားတယ်။



118

ကောင်းကင်တခုလုံးဟာ ဘုန်းတော်နဲ့ပြည့်ဝနေပြီး ကမ္ဘာကို နီးကပ်လာတဲ့အခါလူတိုင်းက ရှုမြင်ရကြတယ်။
ဘယ်ဆူးသရဖူကမှ သန့်ရှင်းသောဦးခေါင်းတော်ကို မငြိုးမှိန်စေနိုင်ဘူး။ ဘုန်းတန်ခိုးနဲ့ပြည့်ဝတဲ့ သရဖူကို ဆောင်းထားတယ်။ စလွယ်တော်မှာ 'ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်' လို့ရေးသားထားတယ်။



119

မြေကြီးပေါ်၌ရှိသော ဘုရင်၊ မှူးမတ်၊ သူကြွယ်ရှိသမျှနှင့်ဗိုလ်ချုပ်အပေါင်းတို့၊ တန်ခိုးကြီးသောသူရှိသမျှ၊ ကျွန် လူလွတ်ရှိသမျှတို့ဟာ ကျောက်ဆောင်များ၊ တောင်များတို့ကို ဟစ်အော်ပြီး သိုးသငယ်ရှေ့ကနေ အကာအကွယ်ပေးဘို့ အကူအညီတောင်းခံနေကြတယ်။

၃ – ကြီးစွာသောလွတ်မြောက်ခြင်း

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း



120

ဘုရားသခင်၏လူတို့ကို ညှင်းပန်းနှိပ်စက်၊ သတ်ဖြတ်သူတို့နှင့်ခရစ်တော်ကို
ပြက်ရယ်ပြု၍ငြင်းပယ်သမျှသော သူတို့နှင့် ခရစ်တော်ကို လက်ဝါးကပ်တိုင်တင်သတ်ပါ၊
ကားတိုင်တင်သတ်ပါ လို့တောင်းဆိုသမျှသောသူရှိ သမျှတို့ဟာ သေခြင်းက ထမြောက်လာပြီး
ခရစ်တော်ရှေ့မှာ ရပ်ရမယ်။
သူတို့နှလုံးရှိသမျှ အရည်ပျော်ပြီး၊ ဒူးခိုက်ခိုက်တုန်ပြီး စိတ်ပျက်လက်ပျက် အော်ဟစ်ကြပုံကတော့




121

'ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်ပေ၏။ ကိုယ်တော်သည် မေရှိယ ဧကန်ဖြစ်၏။'



122

ယခုမှာ သူတို့သည် ကိုယ်တော်ကို ဘုန်းတန်ခိုးတော်၌မြင်ကြ၍ တန်ခိုးတော်၌လက်ယာလက်၌ ထိုင်တော်မူ
သည်ကိုမြင်ရကြလတ့်။



123

ကိုယ်တော်၏သားတော်ဖြစ်ခြင်းအရာကို လက်မခံသောသူရှိသမျှတို့သည် ပြောစရာမရှိတော့ပြီ။
ကိုယ်တော်ကို မထီမဲ့မြင်ပြု၍ပြက်ရယ်ပြုသောစစ်သားများအား ဘုရင်ကဲ့သို့ ဆူးရစ်သရဖူကိုဆောင်း
ရန်အမိန့်ပေးခဲ့သော ဟေရုဒ်မင်း ကိုတွေ့ရမယ်။



124

ကိုယ်တော်အား ဝတ်လုံနီကို ဝတ်စေသော သူ၊ ဆူးရစ်သရဖူကို ဆောင်းစေသောသူ၊ သံလျှက်ကို
ကိုင်စေသော သူနှင့်ကိုယ်တော်ရှေ့တွင်ပြက်ရယ်ပြု၍ဦးညွတ်သောသူရှိသမျှကိုလည်း မြင်တွေ့ရမယ်။



125

အသက်ပေးပိုင်ရှင်ကို ရိုက်ပုတ်သူ၊ တံတွေးထွေးသူတွေက အခုတော့ ကိုယ်တော်ရဲ့စူးရှတဲ့အကြည့်နဲ့ဘုန်း
တော်အရိပ်က လွှတ်မြောက်ဘို့ ကြိုးစားနေကြတယ်။



126

ကိုယ်တော်၏ခြေတော်နှင့်လက်တော်ကို သံနှင့်ရိုက်နှက်သော သူတို့၊ ကိုယ်တော်၏နံဘေးတော်ကို
ထိုးဖေါက် သောသူတို့သည် ထိတ်လန့်စွာဖြင့် ဒါဏ်ရာတော်များကို တွေ့မြင်ကြရမယ်။
ယဇ်ပုရောဟိတ်များနှင့်အုပ်စိုးသူတို့က ကရာနီ၏မြင်ကွင်းကို ပီပြင်စွာပြန်ပြောင်းသတိယကြတယ်။
စာတန်၏ မြောက်ပင့်မှုအောက်တွင် ကိုယ်တော်အား 'အခြားသူအားကယ်တင်၍မိမိကိုယ် မကယ်တင်နိုင်'
ဟုပြက်ရယ် ပြုပုံများကို ပြန်လည်မြင်ယောင်လာကြမယ်။



127

ကိုယ်တော်၏ခြေတော်နှင့်လက်တော်ကို သံနှင့်ရိုက်နှက်သော သူတို့၊ ကိုယ်တော်၏နံဘေးတော်ကို
ထိုးဖေါက် သောသူတို့သည် ထိတ်လန့်စွာဖြင့် ဒါဏ်ရာတော်များကို တွေ့မြင်ကြရမယ်။
ယဇ်ပုရောဟိတ်များနှင့်အုပ်စိုးသူတို့က ကရာနီ၏မြင်ကွင်းကို ပီပြင်စွာပြန်ပြောင်းသတိယကြတယ်။
စာတန်၏ မြောက်ပင့်မှုအောက်တွင် ကိုယ်တော်အား 'အခြားသူအားကယ်တင်၍မိမိကိုယ် မကယ်တင်နိုင်'
ဟုပြက်ရယ် ပြုပုံများကို ပြန်လည်မြင်ယောင်လာကြမယ်။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း



128

ခရစ်တော်နှင့်ကိုယ်တော်အားသစ္စာရှိသူတို့အား ဖျက်ဆီးခဲ့သောသူတို့သည် ယခုသူတို့၌ရှိသော ဘုန်းတော်ကို မြင်ရကြပြီ။ ထိုသူတို့သည် ထိတ်လန့်မှုအပေါင်းတို့ အကြားမှပင်သန့်ရှင်းသူတို့၏ ဝမ်းမြောက်ဘွယ် ကြွေးကြော်သံကို ကြားရမည်။



129

ဟေရှာယအနာဂတ္တိကျမ်း ၂၅း၉
ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မြော်လင့်သော ငါတို့၏ ဘုရားသခင်ပေတည်း။ ငါတို့ကို ကယ်တင်တော် မူလိမ့်မည်။



130

(ဗီဒီယို။ ၁၁ စက္ကန့်)
ပထဝီမြေကြီး၏တော်လဲသံ၊ လျှပ်စီးလက်ခြင်းနှင့်မိုးခြိမ်းသံများအကြားမှ သန့်ရှင်းသူတို့အား နိုးထဖို့ ဖိတ်ခေါ်သော ဘုရားရှင်၏သားတော်၏အသံကို ကြားရတယ်။
ကိုယ်တော်သည် ဖြောင့်မတ်သူတို့၏ ဂူသင်းချိုင်းများကိုကြည့်ရှုတော်မူ၍လက်တော်ကို ဆန့်တန်းလျက် 'ထလော့၊ ထလော့၊ ထလော့။ မြေမှုန့်၌ အိပ်ပျော်သူတို့ နိုးထကြလော့။'


131

မြေကြီးတပြင်လုံး၌ကိုယ်တော်၏အသံကိုကြားသောသေလွန်သူတို့သည် ကြား၍အသက်ရှင်ကြရလိမ့်မည်။ မြေတပြင်လုံး၌ နိုင်ငံ၊ လူမျိုးတကာတို့၏ ကြီးမားသော တပ်တော်ချီသံကို ကြားရလိမ့်မည်။


132

မြေကြီးတပြင်လုံး၌ကိုယ်တော်၏အသံကိုကြားသောသေလွန်သူတို့သည် ကြား၍အသက်ရှင်ကြရလိမ့်မည်။ မြေတပြင်လုံး၌ နိုင်ငံ၊ လူမျိုးတကာတို့၏ ကြီးမားသော တပ်တော်ချီသံကို ကြားရလိမ့်မည်။


133

အသက်ရှင်သော ဖြောင့်မတ်သူတို့သည် မျက်စိတမှိတ်၊ လျှပ်တပြက် အတွင်း ပြောင်းလဲကြလိမ့်မည်။ ဘုရားသခင်၏ အသံတော်အားဖြင့် ဘုန်းထင်ရှားခြင်း ရှိ၍ ယခုတွင် မသေနိုင်သောအဖြစ်သို့ ကူးပြောင်း၍ ထမြောက်လာသော သန့်ရှင်းသူတို့နှင့်လေထဲတွင် တွေ့ဆုံကြလိမ့်မည်။


134

ကောင်းကင်တမန်များက ကမ္ဘာအရပ်ရပ်၌ရှိသော ကိုယ်တော်၏ရွေးချယ်ခံသူတို့ကို စုရုံးစေလိမ့်မည်။ ကလေးသူငယ်များအား မိခင်များရင်ခွင်သို့ပို့ဆောင်ပေးလိမ့်မည်။


135

သေခြင်းအားဖြင့် ကြာမြင့်စွာခွဲခွါနေကြသော မိတ်ဆွေတို့သည် ဆုံတွေ့ကြ၍ခွဲခွါခြင်းမရှိတော့။ ဝမ်းမြောက် သီချင်းကျူးရင့်၍ ဘုရားသခင်၏ မြို့တော်သို့ တက်သွားကြသည်။

# ၃ – ကြီးစွာသောလွတ်မြောက်ခြင်း


136

သူတို့ကောင်းကင်သို့ တက်နေစဉ် ကောင်းကင်တမန်အပေါင်းက 'သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ ဘုန်းကြီးတော်မူသောအရှင်' ဟုကြွေးကြော်ကြလျက်၊ ကယ်တင်ခြင်းခံရသူတို့က 'ဟာလေလုယ' ဟု အသံပေးလျက် သန့်ရှင်းရာမြို့တော်သို့ ချီတက်သွားကြသည်။


137

မြို့အဝင် ကယ်တင်ရှင်က မိမိ၏နောက်လိုက်များကို အောင်မြင်ခြင်းအထိမ်းအမှတ်နှင့် အနွယ်တော်ဝင် တံဆိပ် လက်မှတ်များ အပ်နှင်းတော်မူ၏။
မရေတွက်နိုင်သော ကယ်တင်ခံသူတို့က ကိုယ်တော်အားစူးစိုက်ကြည့်ရှုကြ၍၊ လူတိုင်း ကိုယ်တော်၏ ဘုန်းတော်ကို ရှုမြင်ရလိမ့်မည်။


138

အောင်မြင်သူတို့၏ဦးခေါင်းပေါ်ထက်၌ ခရစ်တော်ကိုယ်တိုင် ဘုန်းတန်ခိုးဆိုင်ရာ သရဖူများကို အပ်နှင်းလိမ့်မည်။ သရဖူတိုင်း၌နာမသစ်နှင့် ကိုယ်တော်အား သန့်ရှင်းစေသတည်း ဟူသော ကမ္ပည်းထိုး စာတန်းများရှိလိမ့်မည်။
မဖော်ပြနိုင်လောက်အောင်
ဝမ်းမြောက်ခြင်းရှိ၍အသံတိုင်းသည်ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်ပြည့်လျှံလျက်ရှိ၏။


139

ရွေးနှုတ်ခြင်းခံရသော လူစု၏ရှေ့၌ သန့်ရှင်းသောမြို့တော်ရှိ၏။ ယေရှုက ပုလဲတံခါးများကို ဖွင့်၍ ကိုယ်တော်၏ပညတ်တော်တို့ကို စောင့်၍ ယေရှု၏ သက်သေခံချက်ကို စွဲလမ်းသောလူမျိုးတကာတို့သည် ဝင်လာကြ၏။ အာဒံ အပြစ်မပြုမီက နေအိမ်ဖြစ်ခဲ့သော ပါရဒီသုဘုံကိုမြင်တွေ့ရ၏။ သံစဉ်တကာတို့ထက် ချိုမြိန်သော အသံကိုကြားရသည်မှာ 'သင်၏တိုက်လှန်ခြင်းပြီးဆုံးလေပြီ' ဟူ၍ဖြစ်၏။



140

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၅း၃၄)
ထိုအခါ လက်ျာတော်ဘက်၌ရှိသော သူတို့အား မင်းကြီးက ငါ့ခမည်းတော်ထံကောင်းကြီးမင်္ဂလာကို ခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဘို့ ပြင်ဆင်သောနိုင်ငံတော်ကို လာ၍ အမွေခံကြလော့။
ရှင်မဿဲခရစ်ဝင် ၂၅း၃၄။


141

ဤသည်မှာ ကျွန်ုပ်တို့၏ မြော်လင့်ခြင်း၊ ကျွန်ုပ်တို့၏ ကံကြမ္မာ၊ ကျွန်ုပ်တို့ အနာဂတ်ဖြစ်၍ ခရစ်တော်နှင့် အစဉ်မပြတ်နေရကြလိမ့်မည်။
ထာဝရအသက်မရလျှင်လည်း အားလုံးဆုံးရှုံးခြင်းပေတည်း။ ကောင်းကင်နိုင်ငံတော်ကို မရလျှင် အချည်းနှီးသက်သက်ဖြစ်မည်သာ။ ခရစ်တော်ကြွလာခြင်းအတွက်ပြင်ဆင်ခြင်းမရှိပါကလည်း ရာဇဝင်၌အရေး အကြီးဆုံးသော အဖြစ်အပျက်ကြီးကို လက်လွတ်မည်ဖြစ်ပါတယ်။
ယေရှုက သင့်ကိုဖိတ်ခေါ်နေပါတယ်။ အပြစ်ဖြေခြင်းကို လက်ခံပါ။
သနားခြင်းဂရုဏာကို လက်ခံပါ။ အပြစ်ကို အောင်ဘို့ရန် လက်ခံပါ။ ထာဝရကာလကို လက်ခံပါ။
ငါ၏နိုင်ငံကို ဝင်စားကြလော့။
ကိုယ်တော်၏ဖိတ်ခေါ်ခြင်းကို ယခုတုန့်ပြန်မည်လော။ ကိုယ်တော်၏နိုင်ငံတော်၌ထာဝရအသက်ရှင်စိုးစံဖို့ အလိုရှိမယ်ဆိုရင် ယခုမတ်တပ်ရပ်ပြီး ဆုတောင်းကြပါစို့။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။



1

အသက်တာရဲ့အံ့ဖွယ်ရာများ စူးစမ်းလေ့လာကြစို့


2

သင်ပင်လယ်ကမ်းနားမှာ ရပ်နေတယ်ဆိုပါစို့။
တစ်မနက်စောစောထပြီး ကမ်းတလျှောက်လမ်းလျှောက်ရင်း ထူးဆန်းအံ့ဖွယ်ရာများ
တခုပြီးတခုတွေ့ရတယ်။
နေထွက်လာတယ်၊ လှိုင်းထနေတယ် . . .


3

သဲပြင်ပေါ်လျှောက်ရင်း ခြေရာတစုံပြီးတစုံတွေ့ရသော်လည်း ဘယ်သူကိုမှမတွေ့ရဘူး။
သည်ခြေရာတွေက ဘာပြနေတာလဲ။
မတွေ့ရပေမဲ့ သင်မရောက်ခင်တစ်ယောက်သွားခဲ့ပြီပေါ့။
နောက်တစ်ခုမေးရရင်


4

အိမ်ပြင်ထွက်ပြီးဘေးပတ်ဝန်းကျင်လေ့လာမယ်ဆိုရင် မြက်ပင်၊ သစ်ပင်၊ တောတောင်၊ ပန်း၊ စမ်းရေ၊ ကန်၊ တိရိစ္ဆာန်များတွေ့ရမယ်။


5

သင်ထနေတယ်။ ဘယ်အပေါ်ထနေတာလဲ။
မြေကြီး၊ ကမ္ဘာရဲ့မျက်နှာပြင်ဖြစ်တယ်။


6

အထက်ကိုကြည့်၊ ဘာမြင်ရသလဲ။


7

နေ့အချိန်ဆိုရင် နေ၊ ကောင်းကင်ပြင်နှင့် တိမ်တွေပေါ့


8

ညအချိန်ဆိုရင်တော့ ထောင်ပေါင်းများစွာသောကြယ်များနှင့်လပေါ့။


၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။



9

ဘယ်ကပေါ်လာတာလဲ။
သင်ကိုယ်ကော။
ဘယ်သူကသင့်ကိုဖန်ဆင်းတာလဲ။



10

တချို့က အသက်ဟာ စစချင်းရိုးရိုးဆဲလ်များကနေဖြစ်ပေါ်လာတယ်။ အဲဒီဆဲလ်သေးသေးကလေးတွေကြီးထွားလာပြီး ဆဲလ်များစုပေါင်းကာ အသက်ရှင်တဲ့သတ္တဝါလေးဖြစ်လာတယ်။
သက်ရှိငယ်လေးများနှစ်သန်းပေါင်းမြောက်များစွာကြာပြီးရင် အကောင်ငယ်ကလေးများဖြစ်သွားပြီး ပင်လယ်ကနေကုန်းပေါ်တက်လာကြတယ်။ ခြေချောင်းတွေလည်းပေါက်လာတယ်တဲ့။



11

ကမ္ဘာနှင့်သက်ရှိအရာများဖြစ်ပေါ်လာပုံတော့ ယုံကြည်ပုံခြင်းကွဲပြားခြားနားကြတယ်။
တစ်ချို့က ဖန်ဆင်းရှင်ကဖန်ဆင်းတယ်တဲ့။
ဒါဆိုဘယ်ဘုရားလဲ။



12

ယနေ့လူတွေဘုရားအများကြီးကိုးကွယ်ကြတယ်။ ဗုဒ္ဓ၊ မူဟာမက်၊ ဆဲင်တူ၊ ဟိန္ဒူဘုရားများ၊ အခြားအခြားသော ဘုရားများစ သည်ဖြင့်ပေါ့။ ကိုယ်ကိုးကွယ်ရာကို အထွဋ်အမြတ်ထားကြတယ်။



13

ဒီအားလုံးထဲမှာ တစ်ဆူကတော့ အရာခပ်သိမ်းကို ဖန်ဆင်းသော အရှင်၊ ကျမ်းစာတော်မြတ်က ဘုရားရှင်ပေါ့။
ကျမ်းစာတော်မြတ်ကနေ အရာခပ်သိမ်းကိုဖန်ဆင်းတော်မူသည့် အရှင်ဘုရားအကြောင်းလေ့လာရအောင်။



14

အိမ်တွေ့သည်အခါ ဆောက်လုပ်သူရှိကြောင်းသိရသလို။



15

လမ်းတွေ့တိုင်းလမ်းဖောက်သူရှိကြောင်းသိရပါတယ်။
လူ၊ တိရိစ္ဆာန် နှင့်ကြယ်များတွေ့သည့်အခါဖန်ဆင်းရှင်က သေချာဒီဇိုင်းထွင်ဖန်ဆင်းခဲ့တယ် ဆိုတာသိနိုင်ပါတယ်။



16

အရာခပ်သိမ်းကို ပုံသွင်းဖန်ဆင်းခဲ့သော ဘုရားအကြောင်းလေ့လာကြမယ်ဆိုရင် သူပေးထားတဲ့ကျမ်းစာအုပ်က သူ့လုပ်ငန်းကိုညွှန်ပြနေတယ်။ ဒါကြောင့် ပထမနေ့ကို လေ့လာကြစို့။



17

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁း၁။)
‘အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။’
ကမ္ဘာဦးကျမ်း ၁း၁။



18

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁း၃။)
‘အလင်းဖြစ်စေဟု မိန့်တော်မူ၍ အလင်းဖြစ်လေ၏။’
ကမ္ဘာဦးကျမ်း ၁း၃။



19

(ကျမ်းချက် ဆလိုက် ၂ ခု။ ကမ္ဘာဦးကျမ်း ၁း၄၊၅။)
‘အလင်းကောင်းသည်ကိုမြင်လျှင်၊ အလင်းနှင့်မှောင်မိုက်ကို ပိုင်းခြားခွဲထားတော်မူ၏။’
ကမ္ဘာဦးကျမ်း ၁း၄၊၅။




20

‘ညဦးနှင့်နံနက်သည် ပထမနေ့ဖြစ်လေ၏။’
ကမ္ဘာဦးကျမ်း ၁း၄၊၅။
ပထမနေ့မှာ ကမ္ဘာ၊ အလင်းနှင့်နေ့ ည သံသရာဖန်ဆင်းခဲ့တယ်။



21

(ကျမ်းချက်၊ ကမ္ဘာဦးကျမ်း ၁း၆)
တဖန် ဘုရားသခင်က၊ ရေအလယ်၌မိုးယံမျက်နှာကြက်ဖြစ်စေ၊
ရေနှင့်ရေချင်းခြားနားစေဟုအမိန့်တော်ရှိသဖြင့်၊



22

(ကျမ်းချက်၊ ကမ္ဘာဦးကျမ်း ၁း၇)
‘ထိုကဲ့သို့ဖြစ်လေ၏။’
ကမ္ဘာဦးကျမ်း ၁း၇။



23

(ကမ္ဘာဦးကျမ်း ၁း၈။)
‘မိုးမျက်နှာကျက်ကို ကောင်းကင်ဟုခေါ်ဆို၏။ ညဦးနှင့်နံနက်သည် ဒုတိယနေ့ဖြစ်လေ၏။’
ကမ္ဘာဦးကျမ်း ၁း၈။
ဒုတိယနေ့မှာကောင်းကင်ပြင်၊ မြေပေါ်ရှိရေနှင့် တိမ်တို့ကိုခွဲခြားလိုက်ပါတယ်။



24

(ကျမ်းချက်၊ ဆလိုက် ၂ ခု။ ကမ္ဘာဦးကျမ်း ၁း၉။) တတိယနေ့
‘တဖန်ဘုရားသခင်က၊ မိုးကောင်းကင်အောက်၌ရှိသောရေစုဝေးစေ၊ ကုန်းပေါ်စေဟု အမိန့်တော်ရှိသည်

၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။



25

အတိုင်း ဖြစ်လေ၏။’
ကမ္ဘာဦးကျမ်း ၁း၉။



26

‘တဖန် ဘုရားသခင်က၊ မြေသည်မြက်ပင်ကိုင်း၊ စပါးသီးကိုဖြစ်စေသော စပါးပင်ကိုင်း၊



27

မြေပေါ်မှာမျိုးစေ့ပါလျက် သစ်သီးမျိုးကိုဖြစ်စေသောသစ်ပင်ကိုင်း၊ ပေါက်စေဟုအမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။’
ကမ္ဘာဦးကျမ်း ၁း၁၁။



28

(ကျမ်းချက်၊ ကမ္ဘာဦးကျမ်း ၁း၁၃။)
‘ညဦးနှင့်နံနက်သည် တတိယနေ့ဖြစ်လေ၏။’
ကမ္ဘာဦးကျမ်း ၁း၁၃
တတိယနေ့မှာ မြေကြီးနှင့်ပင်လယ်ပေါ်လာပြီး သစ်ပင်များပေါက်လာသည်။



29

(ကျမ်းချက် ဆလိုက် ၃ ခု၊ ကမ္ဘာဦးကျမ်း ၁း၁၄၊၁၅) စတုတ္ထနေ့
‘တဖန်ဘုရားသခင်က၊ နေ့နှင့်ညဉ့်ကို ပိုင်းခြားစေခြင်းငှါ မိုးကောင်းကင် မျက်နှာကြက်၌
အလင်းအိမ်တည်စေ



30

နိမိတ်လက္ခဏာ၊ ချိန်းချက်သောအချိန်၊ နေ့ရက်အပိုင်းအခြား၊ နှစ်အပိုင်းအခြားတို့ဖြစ်စေ။



31

မိုးကောင်းကင်မျက်နှာကြက်၌တည်၍ မြေကြီးလင်းစရာ အလင်းအိမ်ဖြစ်စေဟု၊
အမိန့်တော်ရှိသည်အတိုင်းဖြစ်လေ၏။
ကမ္ဘာဦးကျမ်း ၁း၁၄၊၁၅



32

(ကျမ်းချက် ဆလိုက် ၂ ခု။ ကမ္ဘာဦးကျမ်း ၁း၁၈၊၁၉။)
‘ထိုအမှုအရာကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။’



33

'ညဦးနှင့်နံနက်သည် စတုတ္ထနေ့ရက်ဖြစ်လေ၏။'
ကမ္ဘာဦးကျမ်း ၁း၁၉။
စတုတ္ထနေ့မှာ ဘုရားရှင်က နေ၊ လ နှင့် ကြယ်များဖန်ဆင်းပေါ်ထွန်းစေခဲ့ပါသည်။



34

(ကျမ်းချက် ဆလိုက် ၂ ခု၊ ကမ္ဘာဦးကျမ်း ၁း၂၀။) ပဉ္စမနေ့
ပဉ္စမနေ့မှာ ဘာများဖန်ဆင်းသလဲ။
'တဖန်ဘုရားသခင်က၊ အသက်ရှင်၍လှုပ်ရှားတတ်သော တိရစ္ဆာန်တို့ကို ရေသည်များပြားစွာမွေးဘွားစေ။



35

ငှက်တို့လည်းမြေပေါ်မိုးကောင်းကင်မျက်နှာကြက်ပြင်ဝယ်ပျံဝဲစေဟု အမိန့်တော်ရှိ၏။'
ကမ္ဘာဦးကျမ်း ၁း၂၀။



36

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁း၂၃။)
'ညဦးနှင့်နံနက်သည် ပဉ္စမနေ့ရက်ဖြစ်လေ၏။'
ကမ္ဘာဦးကျမ်း ၁း၂၃။
ပဉ္စမနေ့၌ဘုရားရှင်က ကျေးငှက်များ၊ ငါးနှင့်ရေသတ္တဝါများဖန်ဆင်းခဲ့ပါသည်။



37

(ကျမ်းချက် ဆလိုက် ၂ခု။ ကမ္ဘာဦးကျမ်း ၁း၂၄။)
ဆဌမနေ့
ဆဌမနေ့ကတော့ လက်ရာအကြီးကျယ်ဆုံးဖြစ်တယ်။
'တဖန်ဘုရားသခင်က၊ မြေသည် အသက်ရှင်သော သတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကိုင်း၊



38

တွားတတ်သော တိရစ္ဆာန်တို့ကိုင်း၊ သားရဲမျိုးတို့ကိုင်း၊ မွေးဘွားစေဟု
အမိန့်တော်ရှိသည်အတိုင်းဖြစ်လေ၏။'
ကမ္ဘာဦးကျမ်း ၁း၂၄



39

(ကျမ်းချက် ဆလိုက် ၅ ခု။ ကမ္ဘာဦးကျမ်း ၁း၂၆။၂၇)
'တဖန်ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့်တညီ တသဏ္ဌာန်တည်းလူကိုဖန်ဆင်းကြစို့။



40

သူသည် ပင်လယ်ငါးတို့ကိုင်း၊ မိုးကောင်းကင်ငှက်တို့ကိုင်း၊ သားယဉ်တို့ကိုင်း၊

၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။


41

မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုငှင်း၊
အုပ်စိုးစေဟုအမိန့်တော်ရှိ၏။'
ကမ္ဘာဦးကျမ်း ၁း၂၆။


42


'ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဌာန်တော်နှင့်လူကိုဖန်ဆင်းတော်မူ၏။
ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ


43

လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်'


44

(ကျမ်းချက် ဆလိုက် ၂ခု။ ကမ္ဘာဦးကျမ်း ၁း၃၁။)
'ဘုရားသခင်သည်မိမိဖန်ဆင်းသမျှသော အရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၍


45

ညဦးနှင့်နံနက်သည် ဆဋ္ဌမနေ့ရက်ဖြစ်လေ၏။'
ကမ္ဘာဦးကျမ်း ၁း၃၁။
ဆဋ္ဌမနေ့၌ကုန်းသတ္တဝါများနှင့် ဖန်ဆင်းဖြင်းခံရသော အရာများတို့၏အထွတ်အထိတ်ဖြစ်သော လူသားကို ဖန်ဆင်းပါတယ်။


46

အာဒံနှင့်ဧဝတို့ အလိုလိုပေါ်ပေါက်လာတာမဟုတ်ဘဲ ဘုရားရှင်၏ပုံသဏ္ဌာန်တော်နှင့် အညီ ဘုရားက ဖန်ဆင်းကြောင်းသိရပါတယ်။


47

သူဟာ ကျွန်တော်တို့ကို ဖြစ်ပေါ်စေသောဖန်ဆင်းရှင် အင်ဂျင်နီယာ၊ ကျွမ်းကျင်လှသော ဗိသုကာကြီး ဖြစ်ပါတယ်။
သတ္တမနေ့
သတ္တမနေ့၌ဖန်ဆင်းခြင်းအားလုံးပြီးမြောက်ပြီးနားလေ၏။ သတ္တမနေ့သည်ငြိမ်ဝပ်စွာ နားသောနေ့ဖြစ်၏။


48

(ကျမ်းချက် ဆလိုက် ၃ ခု။ ကမ္ဘာဦးကျမ်း ၂း၁၊ ၂။)
'ထိုသို့ ကောင်းကင်မြေကြီးနှင့်တကွ၊ ခပ်သိမ်းသော တန်ဆာတို့သည် ပြီးစီးလျက် ရှိကြ၏။'

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။




49

'သတ္တမနေ့ရက်ရောက်လျှင်၊ ဘုရားသခင်သည် ဖန်ဆင်းသော အမှုကို လက်စသတ်တော်မူခဲ့ပြီးသည်ဖြစ်၍




50

ဖန်ဆင်းသမျှသော အမှုအရာတို့သည် ပြီးစီးပြီးမှ ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။'
ကမ္ဘာဦးကျမ်း ၂း၁၊ ၂။



51

ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။ အကြောင်းမူကား၊ ဖန်ဆင်းပြုပြင်တော်မူသော အမှုအရာ အလုံးစုံတို့သည် ပြီးစီးသောကြောင့်၊ ထိုနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။'
သတ္တမနေ့ ကိုယ်တော်ငြိမ်ဝပ်စွာနားသည့်နေ့အကြောင်းကိုတော့ နောက်တချိန်မှာ ဆွေးနွေးရအောင်။


52


ကျွန်တော်တို့အနေဖြင့် ကျွန်ုပ်တို့အပါအဝင် ဖန်ဆင်းခြင်းနှင့်ပတ်သက်လို့ အပေါ်ယံကိုတော့ ချုံးကြည့်လိုက်ရပါပြီ။


53


ဘယ်လောက်အံ့သြဖွယ်သော ဗိသုကာနှင့် ဖန်ဆင်းရှင်ဖြစ်ကြောင်း အနီးကပ်ကြည့်ကြစို့


54

လူ၏ကိုယ်ခန္ဓာကို လေ့လာမည်ဆိုရင် ပုံထွင်းသူနှင့်ပုံသွင်းသောအရှင်၏အံ့ဖွယ်ရာများကို ပြသလျက်ရှိပါတယ်။


55

လူ၏ကိုယ်ခန္ဓာနှင့်ခန္ဓာရဲ့ အစိတ်အပိုင်းလေးတစ်ခုကို လေ့လာရအောင် - မျက်စိ



56

(ဗီဒီယို။ ၁၀ စက္ကန့်)
အံ့ဖွယ်ကောင်းစွာ ပုံထွင်းထားသည့် ကျွန်ုပ်တို့ရဲ့မျက်စိ မျက်ကြည်လွှာ(ကော်နီယာ)နှင့်မှန်ဘီလူးပုံစံကို ကြည့်ပြီး ကမ္ဘာ့ခေတ်အမှီဆုံး ကင်မရာနှင့်နှိုင်းယှဉ်မည်ဆိုရင် ကလေးကစားစရာလောက်ဘဲဖြစ်သွားပါတယ်။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။


57

မျက်စိက အလင်းကိုသတင်းများအဖြစ်ပြောင်းလဲလိုက်တာကို ဦးနှောက်ကနားလည်တယ်။ ဒီလိုကိစ္စမျိုးကို ခေတ်မှီတဲ့ ဓာတ်စမ်းခန်းများမှာလည်း လက်တွေ့ပြနိုင်မှာ မဟုတ်ဘူး။


58

လူ့မျက်စိတည်ဆောက်ပုံကို လေ့လာခြင်းအားဖြင့် သူဖန်ဆင်းထားသော လှပတင့်တယ်သည့် စကြာဝဠာရှိ အရာခပ်သိမ်းကို တွေ့မြင်ခံစားစေချင်သည့်မေတ္တာတော်ရှင် ဖန်ဆင်းရှင်ကို ညွှန်ပြလျက်ရှိပါတယ်။




59

(ကျမ်းချက်၊ ဆာလံကျမ်း ၁၃၉း၄)
'အကျွန်ုပ်သည် ကြောက်မက်ဖွယ်သော လက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့်ပြည့်စုံစွာ ဖန်ဆင်းသည်ဖြစ် ၍ ကိုယ်တော်ကိုချီးမွမ်းပါမည်။



60


ပြုပြင်တော်မူသော အမှုတို့သည် အံ့ဩဘွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏စိတ်ဝိညာဉ်သည် အမှန်သိပါ၏။'
ဆာလံကျမ်း ၁၃၉း၄
လူ၏ကိုယ်ခန္ဓာ၊စိတ်နှလုံးတို့သည် အံ့ဖွယ်ကောင်းလှသောကြောင့် အလွန်တရာမှ တော်သောပုံသွင်းရှင်သာလျှင် ပုံထွင်းနိုင်မှာဖြစ်ပါတယ်။


61

စကြာဝဠာ တခွင်လုံးနှင့် အခြားသော အရာအားလုံးကိုလည်း သူ့လက်ရာဖြစ်ကြောင်း ညွှန်ပြနေသောအရာ တချို့လေ့လာကြစို့။



62

ပရောဖက်ဟေရှာယက ကျွန်ုပ်တို့အနေဖြင့် သေးငယ်သောအရာများနှင့်အချိန်မကုန်ဘဲ ကောင်းကင်ပြင်ရှိ သူ့လက်ရာများလေ့လာဘို့အားပေးထားပါတယ်။



63

(ကျမ်းချက် ဆလိုက် ၂၃။ဟေရှာယ ၄၀း၂၆)
'အထက်သို့မြော်ကြည့်ကြလော့။ ထိုအရာတို့ကို အဘယ်သူဖန်ဆင်းသနည်း။
ထိုသူသည်သူတို့အလုံးအရင်းကို အရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူ၏။



64

အလုံးစုံတို့ကို နာမည်ဖြင့်ခေါ်တော်မူ၏။ ခွန်အားကြီး၍တန်ခိုးနှင့်ပြည့်စုံတော်မူသောကြောင့်

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။






65


တစုံတခုမျှ မပေါ် ဘဲမနေရ။'
ဟေရှာယ ၄၀း၂၆


66

ကောင်းကင်ယံရှိ များစွာသောကြယ်များကြည့်ရှုဘူးသလား။
ဘယ်ကနေလာကြတာလဲလို့စဉ်းစားမိသလား။ ဘယ်လောက်များရှိသလဲဆိုတာကော ဆင်ခြင်မိသလား။


67

များပြားကြောင်း ကျွန်ုပ်တို့နားလည်အောင် ဘုရားရှင်ပုံပမာပြခဲ့ပါတယ်။
အာရပ်နှင့်ဂျူးလူမျိုးတို့၏ ဖခင်ကြီး အာဗြဟံခေါ်ပြီး ကြယ်များရေတွက်ဘို့ပြောခဲ့ပါတယ်။



68

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁၅း၅)
အာဗြဟံကို ပြင်သို့ထုတ်ဆောင်တော်မူ၍ မိုးကောင်းကင်ကို မြော်ကြည့်လော့။ ကြယ်များကို ရေတွက်နိုင်လျှင် ရေတွက်လော့။ သင်၏အမျိုးအနွယ်သည် ထိုသို့ဖြစ်လိမ့်မည်ဟု မိန့်တော်မူ
ကမ္ဘာဦးကျမ်း ၁၅း၅


69

ကမ္ဘာ့ ပင်လယ်ကမ်းနားရှိသမျှသဲတွေကို ရေတွက်နိုင်လျှင်
ကောင်းကင်ရှိကြယ်များနှင့်ပမာဏခြင်းတူလိမ့်မည် လို့နက္ခတ်တာရာ ပညာရှင်တစ်ဦးဆိုခဲ့ပါတယ်။


70

နောက်ပင်လယ်ကမ်းရောက်ခဲ့ရင် ရေပုံးပြည့်သဲရေတွက်ကြည့်ပါ။ အချိန်များများပေးဘို့လိုလိမ့်မယ်နော။
ဒါဝိတ်မင်းကြီးပြောခဲ့ပါတယ်။



71

(ကျမ်းချက် ဆလိုက် ၂၃။ဆာလံကျမ်း ၈း၃၊၄)
လက်ညှိုးတော်အလုပ်တည်းဟူသော ကိုယ်တော်၏မိုးကောင်းကင်ကိုငှင်း၊ ပြင်ဆင်တော်မူသော လနှင့်ကြယ်များ ကိုငှင်း အကျွန်ုပ်ဆင်ခြင်သော်



72

လူသည် အဘယ်သို့သော သူဖြစ်၍၊ ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။ လူသားသည် အဘယ်သို့ သောသူဖြစ်၍အကြည့်အရှုကြွလာတော်မူရသနည်း။'
ဆာလံကျမ်း ၈း၃၊၄



73


(ဗီဒီယို။ ၂၀ စက္ကန့်)
တန်ခိုးကြီးမားလှသော ထိုအရှင်သခင်သည် ကျွန်ုပ်တို့၏ ပြဿနာများကို
ဂရုစိုက်ကြောင်းအံ့ဩမိပါသလား။
သခင်ခရစ်တော်က စာကလေးများတောင်မှကိုယ်တော်မသိဘဲမပျက်စီးပါလို့
ဟောကြားခဲ့ပါတယ်။


74

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၁၀း၃၁)
ထိုကြောင့်မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက်သာ၍မြတ်ကြ၏။
ကိုယ်တော်၏ မေတ္တာစေတနာကို သိကျွမ်းရအောင် သခင်ခရစ်တော်က


75


(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၁၀း၃၀။)
'သင်တို့ဆံပင်သည်လည်း အကုန်အစင်ရေတွက်လျက်ရှိ၏။ '
ရှင်မဿဲခရစ်ဝင် ၁၀း၃၀။
ကောင်းမြတ်သောဘုရားပါလား။


76


သူ့ကိုဘဲကိုးကွယ်ဘို့ရန် ကျမ်းစာထဲကဘုရားက ဘယ်သူမို့လဲ။
ကျမ်းစာထဲက ခရစ်ယာန်တွေရဲ့ဘုရားက ဖန်ဆင်းရှင်ဘုရားဝတ်ပြုကိုးကွယ်ထိုက်တဲ့သူဖြစ်တယ်ဆိုတာ
သူကိုယ် တိုင်ပြောခဲ့ပါတယ်။


77

သူပြောတာမှန်မယ်ဆိုရင် သူဟာဖန်ဆင်းရှင်ဖြစ်သည့်အတွက် ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်ထိုက်ပါတယ်။
ခင်ဗျားသဘောတူသလား။


78

ဗျာဒိတ်ကျမ်းရေးသားပြုစုသူ သခင်ခရစ်တော်၏စေတမန်တော်ယောဟန်က ပါတ်မော(စ်) ကျွန်းမှရရှိသော
ရူပါရုံအရ ကောင်းကင်ပလ္လင်တော်ကို ရှုမြင်ခဲ့ပါတယ်။
သူ့တွေ့ရှိချက်အရ


79

'အသက်ကြီးသူ နှစ်ဆယ့်လေးပါးတို့သည် ပလ္လင်ပေါ်မှာထိုင်တော်မူသော သူ့ရှေ့၌ပြပ်ဝပ်လျက်


80

ကမ္ဘာအဆက်ဆက် အသက်ရှင်တော်မူသောသူကို ကိုးကွယ်လျက်


81

'အိုထာဝရဘုရား၊ ကိုယ်တော်သည် ဘုန်းအသရေတန်ခိုးတော်ကိုခံစားထိုက်တော်မူ၏


82

ကိုယ်တော်သည် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူပြီ။ ထိုအရာတို့သည် အလိုတော်အတိုင်း ဖန်ဆင်းခြင်းခံရကြပါ၏။'
ဗျာဒိတ်ကျမ်း ၄း၁၀၊၁၁။


83

ထိုအသက်ကြီးများတို့သည် ပလ္လင်တော်ရှေ့တွင် ချီးမွမ်းဝပ်ပြုကိုးကွယ်ကြသည်မှာ ဖန်ဆင်းရှင်ဖြစ်လို့ပါပဲ။ ကျွန်ုပ်တို့လည်း ထိုအကြောင်းကြောင့် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားကို ဝတ်ပြုကိုးကွယ်သင့်လှပါတယ်။


84

ဘုရားသခင်ဟာ ကမ္ဘာနှင့် ကျွန်ုပ်တို့အားလုံးဖန်ဆင်းရှင်ဖြစ်ပါတယ်။
ဘာအချက်များရှိသေးသလဲလို့မေးရင်တော့၊
ကျွန်ုပ်တို့ဘေးပတ်ဝန်းကျင်က ဖန်ဆင်းရှင်ဖြစ်ကြောင်းသက်သေပြလျက်ရှိကြောင်း သူကိုယ်တိုင်မိန့်မှာခဲ့ပါတယ်။


85

(ကျမ်းချက် ဆလိုက် ၂ ခု။ ရောမသြဝါဒစာ ၁း၂၀။)
'ဖန်ဆင်းတော်မူသော အရာတို့ကိုထောက်ရှုသဖြင့် မျက်မြင်မရသော ဘုရားသခင်၏အရာတို့သည်


86

ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်သည် ကမ္ဘာတည်သည့်ကာလမှထင်ရှားလျက်ရှိ၏။'
ရောမသြဝါဒစာ ၁း၂၀။
ဖန်ဆင်းခြင်းအချိန်ကစ ဘုရားသခင်ဟာ အရာခပ်သိမ်းကို ဖန်ဆင်းသောအရှင်ဖြစ်ကြောင်းသက်သေတည်လျက်ရှိပါတယ်။


87

သဲပြင်ပေါ်က ခြေရာလိုဘဲ၊ ကျွန်ုပ်တို့မတွေ့ဘူးတဲ့သူတယောက်ရှိကြောင်းသိရပါတယ်။


88

ဘေးပတ်ဝန်းကျင်မှာ တယောက်ယောက်ဖန်ဆင်းရမည့် အရာများတွေ့ရသောအခါ သဲပြင်ပေါ်က ခြေရာလို ဒီအရာများဖန်ဆင်းခဲ့သော သူတစ်ယောက်ရှိကြောင်းဖေါ်ပြလျက်ရှိပါတယ်။

၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။


89

ကျမ်းစာရဲ့ အဖဘုရားသခင်ဟာ ဖန်ဆင်းသည့်အခါမှာ သူတစ်ကိုယ်ဦးတည်းဖန်ဆင်းတာမဟုတ်ပါဘူး။


90

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁း၂၆)
'တဖန်ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းကြစို့. . . ' လို့ကမ္ဘာဦးကျမ်းက ဖေါ်ပြထားပါတယ်။
ရှင်ယောဟန်ကျမ်းက ဒါကို အကျယ်တဝန့်ဆက်လက်ဖေါ်ပြပါတယ်။


91

(ကျမ်းချက် ဆလိုက် ၃ ခု။ ရှင်ယောဟန်ခရစ်ဝင် ၁း၁-၃)
အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။


92

ထိုနှုတ်ကပတ်တော်သည် အစအဦး၌ဘုရားသခင်နှင့်အတူရှိ၏။


93


ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက်ရှိသောအရာတစုံတခုမျှမရှိ။'


94

(ကျမ်းချက် ဆလိုက် ၂ ခု။ ရှင်ယောဟန်ခရစ်ဝင် ၁း၁၄)
'နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍ကျေးဇူးတော်နှင့်၄င်း၊
သစ္စာတော်နှင့်၄င်းပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍


95

ခမည်းတော်၌တပါးတည်းသော သားတော်၏ဘုန်းကဲ့သို့သူ၏ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ။'


96

ကျမ်းစာတော်မြတ်က သုံးပါးတဆူဘုရားအကြောင်းရေးသားထားပါတယ်။ ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ နှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားတို့ဖြစ်ပါတယ်။ ယောက်တိုင်းသော သုံးပါးတစ်ဆူဘုရားတို့ဟာ သုံးပါးကွဲသော်လည်း ဆင်ခြင်ရာ၌အားလုံးထပ်တူထပ်မျှဖြစ်ကြပါတယ်။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။




97

သခင်ယေရှုက အရာခပ်သိမ်းကိုဖန်ဆင်းရာ၌ ခမည်းတော်နှင့်လက်တွဲပါဝင်လုပ်ဆောင်ခဲ့ပါတယ်။




98

(ကျမ်းချက်။ ဖေက်ဩဝါဒစာ ၃း၉)
'အလုံးစုံတို့ကို ယေရှုခရစ်အားဖြင့် ဖန်ဆင်းတော်မူသော ဘုရားသခင်၌ရှေးကာလပတ်လုံး ဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာနှင့်စပ်ဆိုင်သော သာသနာသည် အဘယ်သို့ဖြစ်သည်ကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှါ၄င်း'
စစ်၍မကုန်နိုင်သောခရစ်တော်၏ကြွယ်ဝပြည့်စုံခြင်း၏ဧဝံဂေလိတရားကို တပါးအမျိုးသားတို့အား ဟောပြော ခြင်းငှါ၄င်း၊ ထိုကျေးဇူးတော်ကို ကျွန်ုပ်တို့အား ပေးတော်မူပြီ။



99

ဘုရားရှင်သည် မိမိပုံသဏ္ဌာန်တော်နှင့်အညီလူကိုဖန်ဆင်းရုံမကဘဲ သူနေထိုင်ဘို့လှပသော စကြာဝဠာကို လည်းပေးထားတယ်။ သူ့လိုအပ်ချက်တွေကိုလည်း စဉ်းစားဆောင်ရွက်ပေးလျက်ရှိပါတယ်။



100

(ကျမ်းစာ။ ဆာလံ ၁၄၅း၁၅၊၁၆)
'ခပ်သိမ်းသော သတ္တဝါတို့သည် ကိုယ်တော်ကို မျှော်ကြည့်ကြ၍၊ အချိန်အခါမပြတ် သူတို့ကို ကျွေးမွေးတော်မူ၏။




101


လက်တော်ကိုဖွင့်၍ အသက်ရှင်သော သတ္တဝါအပေါင်းတို့ကို ရောင့်ရဲစေတော်မူ၏။'
ကျမ်းစာ။ ဆာလံ ၁၄၅း၁၅၊၁၆။


102

ဘုရားရှင်က သူဖန်ဆင်းသောအရာတို့၏လိုအပ်ချက်များ အတွက်ကြည့်ရှုစောင့်မပုံကိုကြည့်ကြစို့။ သောက်ရေကိုဘဲကြည့်ကြရအောင်။ ရှေးကာလအစကဏ္ဍဦးကအတိုင်းပင်။


103

ရေဟာ ဓာတုပစ္စည်းများနှင့်ရောနှောညစ်ညမ်းသော်လည်း နေရောင်၌အငွေ့ပျံပြီး လေထုထဲမှာ


104

ပြန်သုံးလို့ရအောင်သန့်စင်သွားပါတယ်။ အချိန်အခါအားလျော်စွာ မိုး၊
နှင်းရည်နှင့်နှင်းခဲများဖြစ်သွားပါတယ်။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။


105

ကောင်းကင်ယံ၌ကြီးမားသော ဘုရားရှင်၏ဓာတ်လုံးကြီးဖြစ်သည့် နေကိုခဏဆင်ခြင်ကြည့်ပါ။


106

နေနည်းနည်းလေးပိုကြီး၍သော်၎င်း၊ ကမ္ဘာနှင့်နည်းနည်းလေးပိုနီးရင်သော်၎င်း၊ ကျွန်ုပ်တို့၏ပင်လယ်ပြင်တခွင်လုံးငွေ့ပြန်ကုန်မှာဖြစ်တယ်။



107

နေနည်းနည်းလေးပိုငယ်လျှင် သို့မဟုတ် နေနည်းနည်းလေးပိုဝေးခဲ့ရင်
ပင်လယ်ပြင်တခွင်လုံးရေခဲဖြစ်နေမည်။ ဒီအခြေအနေနှစ်မျိုးလုံးမှာ ဒီကမ္ဘာမှာ
အသက်ရှင်လို့ရမှာမဟုတ်ဘူး
ထာဝရဘုရားရှင်မှာ အရာခပ်သိမ်းကို ဖန်ဆင်းရုံမျှမက စောင့်ရှောက်တော်မူပါတယ်။ ကျွန်ုပ်တို့
ရှုရှိုက်သော လေဟာလည်း ဘုရားရှင်ကလာသည့် လက်ဆောင်ပါ။ ကျမ်းစာတော်မြတ်က



108

(ကျမ်းချက်။ ယောဘဝတ္ထု ၁၂း၁၀)
'အသက်ရှင်သော သတ္တဝါအပေါင်းတို့၏ဇီဝအသက်နှင့် လူသတ္တဝါခပ်သိမ်းတို့၏ ထွက်သက်ဝင်သက်သည်
ဘုရားသခင်လက်တော်၌ရှိ၏။'
ယောဘဝတ္ထု ၁၂း၁၀


109

စကြာဝဠာတခွင်လုံးကို ဖန်ဆင်းတော်မူသည့် အရှင်ဘုရားက ကျွန်ုပ်တို့ ရှုရှိုက်သောလေမှ အသက်နှင့်ကျန်းမာခြင်းရှိနိုင်ဘို့ လိုအပ်လောက်သည့် မှန်ကန်သော ပုံသေအချိုးအဆကို ထားခဲ့ပါတယ်။



110

လေထု၌ရှိသင့်သော နိုက်ထရိုဂျင်၊ အောက်စီဂျင်၊ အာဂွန်နှင့်ကာဘွန်ဒိုင်အောက်ဆိုဒ် အချိုးအဆ
တိကျရှိပါတယ်။
ဒါကတော့ သူ့အလိုလိုဖြစ်နိုင်ကိန်းမရှိပါဘူး။


111

ကမ္ဘာ့သဘာဝတရားရဲ့ ထူးဆန်းမှုနှင့် ဘုရား၏ကြည့်ရှုကွယ်ကာမှုများကတော့ ပြောလို့မကုန်ပါဘူး။
ငှက်များ ရွှေ့ပြောင်းခြင်းဟာ အံ့သြဘွယ်အကောင်းဆုံးတခုဘဲ။


112

တစ်အောင်စထက်ပိုမိုပေါ့ပါးသည့် ငှက်ကလေးများ မိုင်ပေါင်းထောင်ပေါင်းများစွာ လုံးဝမရပ်ဘဲ တခါမှမသိဘူးသည့်သူ့နေရာမှန်ကိုဘယ်လိုရောက်နိုင်တာလဲ။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။



113

မိုင်ပေါင်းတစ်ထောင့်နှစ်ရာဝေးသည့် သူပေါက်ဖွားရာနေရာပင်လယ်ပြင်ခရီး မြေပုံမဲ့ ဘယ်လိုရောက်နိုင်တာလဲ။
ဘယ်အချိန်မှာ ဘယ်ကို ဘယ်လိုသွားမယ်ဆိုတာ ဘယ်လိုသိတာလဲ။



114

ဦးနှောက်ပင်အပ်လောက်ဘဲရှိသည့် ပျားငယ်ကလေးအနေဖြင့် ပျားရည်နှင့်ပျားအိမ်များ ဘယ်လိုလုပ်တတ်တာလဲ။
ဒီအရာ ဒီနှောက်ကွယ်မှာ အရာခပ်သိမ်းကို ကွပ်ကဲနေသည့် ဦးနှောက်က ဘယ်မှာလဲ။
ယောဘက မေးထားပါတယ်။



115

(ကျမ်းချက် ဆလိုက် ၃ ခု။ ယောဘဝတ္ထု ၁၂း၇-၉)
'သားမျိုးနှင့်မိုးကောင်းကင်ငှက်တို့ကို မေးမြန်းလော့။ သူတို့သည် ဟောပြောသွန်သင်ကြလိမ့်မည်။



116

မြေကြီးနှင့်ပင်လယ်ငါးတို့ကို မေးမြန်းလော့။ သူတို့သည်ပြသ၍ဥပဒေသပေးကြလိမ့်မည်။



117

ဤအမှုတို့ကို ထာဝရဘုရားစီရင်တော်မူကြောင်းကို ထိုတိရိစ္ဆာန်တကောင်မျှမသိဘဲ နေသလော။'
ယောဘဝတ္ထု ၁၂း၇-၉
ဟုတ်ပါတယ်။ ဒီအရာအားလုံးဟာ ဘုရားရဲ့ လက်ရာဘဲ။
တကယ့်တကယ်မှာ ကျွန်ုပ်တို့ရဲ့ တာဝန်နှင့် အခွင့်အရေးဖြစ်သည့် ဘုရားရှင်ကိုကိုးကွယ်ခြင်းဟာဆိုရင် သူဟာ ကျွန်ုပ်တို့ရဲ့ ဖန်ဆင်းရှင်ဖြစ်ခြင်းနှင့်အရာခပ်သိမ်းတည်ရှိခြင်းက သူ့အပေါ်မှီငြမ်းလျက်ရှိခြင်းကြောင့်ဖြစ်တယ်။




118

(ကျမ်းချက် ဆလိုက် ၂ခု။ ဆာလံကျမ်း ၁၀၀း၃)
'ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူသည်ဟု သိမှတ်ကြလော့။ ထာဝရဘုရားသည် ငါတို့ကို ဖန်ဆင်းတော်မူ၍ငါတို့၏အရှင်ဖြစ်တော်မူ၏။



119

ငါတို့သည်လည်း ထာဝရဘုရား၏လူဖြစ်ကြ၏။ အထံတော်၌ကျက်စားသောသိုးစုလည်း ဖြစ်ကြ၏။'
ဆာလံကျမ်း ၁၀၀း၃
ဘုရားရှင်က ကျွန်ုပ်တို့ရဲ့ လိုအပ်ချက်ကို နားလည်ရုံမကဘူး အဲဒီလိုအပ်ချက်တွေကိုဖြည့်ဆည်းပေးဘို့ တန်ခိုးနဲ့ကပြည့်စုံပါတယ်။



120

(ကျမ်းချက် ဆလိုက် ၂ ခု။ ယေရမိ အနာဂတ္တိကျမ်း၃၂း၁၇)
ပယောဖက်ယေရမိက 'အိုထာဝရဘုရား၊ ကိုယ်တော်သည် မဟာတန်ခိုးတော်နှင့်လက်ရုံးတော်ကို ဆန့်၍၊ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူပြီ။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။


121


ကိုယ်တော်မတတ်နိုင်သော အရာတစုံတခုမျှမရှိပါ။


122

ဘုရားရှင်အနေဖြင့် မိမိအသက်တာနှင့်စကြာဝဠာအားလုံးရှိ အရာခပ်သိမ်းကို ကိုင်တွယ်နိုင်တယ်ဆိုတာကို သိခြင်းအားဖြင့် စိတ်နှလုံးငြိမ်သက်မှုရရှိပါသလား၊
ဘယ်အရာမဆိုသေးငယ်လွန်းသည်လို့မရှိပါဘူး။ သူက အချိန်မတိုင်ခင်ကတည်းက သိထားပြီးသားပါ။


123


(ကျမ်းချက် ဆလိုက် ၂ ခု။
ဟေရှာယအနာဂတ္တိကျမ်း ၄၆း၉)
သူက 'ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါးအခြားသောဘုရားမရှိ။


124


. . . အဦးမှစ၍အဆုံးတိုင်အောင်၄င်း၊ ရှေးကာလမှ စ၍မဖြစ်သေးသော အမှုအရာတို့ကို၄င်း ဘော်ပြလျက် ငါ့အကြံတည်လိမ့်မည်။'
ဟေရှာယအနာဂတ္တိကျမ်း ၄၆း၁၀


125

ဘုရားရှင်အတွက်ခက်လွန်းသော အရာမရှိသည်ကိုသိရတာ ဘယ်လောက်ပျော်ရွှင်ဘွယ် နှင့်စိတ်ချဘွယ်ဖြစ်သလဲ။
မကသေးဘဲ အကောင်းဆုံးကတော့


126

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၄း၈)
'ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏'
ယေရှုကလည်း


127

(ကျမ်းချက်ရှင်ယောဟန်ခရစ်ဝင် ၁၆း၂၇)။
'ခမည်းတော်ကိုယ်တော်တိုင်သင်တို့ကိုချစ်
တော်မူ၏။'

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။



128

(ဗီဒီယို။ ၁၀ စက္ကန့်)
စကြဝဠာတခွင်လုံးကို ဖန်ဆင်းတော်မူသည့်ဘုရားရှင်က သင့်ကိုသတိရတော်မူတယ်ဆိုတာကို သိမယ်ဆိုရင် သင်ဝမ်းသာမှာလား။
ထာဝရဘုရား၏အဆုံးမရှိသော တန်ခိုးတော်၊ပညတ်တော် နှင့် နေရာတိုင်းရှိနှင့်သောတန်ခိုးတို့ကို စဉ်းစားလို့ နားမလည်နိုင်ပါ။ ဒါပေမဲ့ မေတ္တာဟာဆိုရင် ကျွန်ုပ်တို့နားလည်နိုင်တယ်။ ဘုရားရှင်ရဲ့ မေတ္တာတော်နှင့်ကွာစေ နိုင်တဲ့ အရာဒီကမ္ဘာတခွင်လုံးမှာမရှိဘူး။


129

(ကျမ်းချက် ဆလိုက် ၄ ခု။
ရောမ ၈း၃၈၊၃၉)
'အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊


130

မျက်မှောက်အရာဖြစ်စေ၊ နောင်ကာလသောအအရာဖြစ်စေ၊


131

အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင်ဟု ငါတို့သည် သဘောကျလျက်ရှိ၏။


132

ဤအရာများသည်ကား ယေရှုခရစ်အားဖြင့် ငါတို့ခံစားရသော အရာများဖြစ်ကြ၏။'
ရောမ ၈း၃၈၊၃၉


133

ဘုရားရှင်က ငါတို့ချစ်စရာကောင်းသော အချိန်သာမက ချစ်စရာမကောင်းသည့် အချိန်များမှာလည်း ချစ်တော်မူပါတယ်။
သင်သတိထားမိရဲ့လား။
အဖြူအမဲ၊ ယောကျ်ားမိန်းမမရွေး။ ရုပ်ချောသည်ဖြစ်စေ၊ရုပ်ဆိုးသည်ဖြစ်စေ ချစ်ပါတယ်။
ဒီလိုတန်းတူရည်တူချစ်တတ်တဲ့ မေတ္တာမျိုး ခရစ်တော်ကလွဲပြီး အခြားသူမှာ မရှိနိုင်ဘူး။


134

(ကျမ်းချက်။ ယေရမိအနာဂတ္တိကျမ်း ၃၁း၃)
'အကယ်စင်စစ် ထာဝရမေတ္တာနှင့်သင့်ကိုငါချစ်၏။'

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။


135

(ကျမ်းချက်။ ဆာလံကျမ်း ၁၀၀း၅)
ဒါဝိဒ်က ‘ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။ မေတ္တာတော်သည် ကာလအစဉ်အဆက်တည်လေသတည်း။’
ဘုရားရှင် ကျွန်ုပ်တို့ကို လက်မမြောက်ပါ။ သူဟာ ကျွန်ုပ်တို့နှင့်အစဉ်မပြတ်ရှိပြီး လုံးဝချန်ခဲ့မည်မဟုတ်။ သူ့မေတ္တာကို မယုံသင်္ကာဖြစ်မိပါက လွယ်လင့်တကူနားလည်နိုင်အောင်ဖေါ်ပြခဲ့ပါတယ်။


136

(ကျမ်းချက် ဆလိုက် ၃၃။
ယေရှာယအနာဂတ္တိကျမ်း ၄၉း၁၅၊၁၆)
‘မိန်းမသည် မိမိဘွားသောသားကို မသနားသည့်တိုင်အောင်၊ မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော။


137

အကယ်၍မေ့လျော့သော်လည်း သင့်ကိုငါမမေ့လျော့။


138

‘ငါသည် ကိုယ်လက်ဝါး၌သင့်ကိုစာထိုးပြီ။. . . ’
ယေရှာယအနာဂတ္တိကျမ်း ၄၉း၁၆


139

ဘုရားရှင်က သူ့မေတ္တာကို ပရောဖက်တွေ ကောင်းကင်တမန်တွေ စေလွှတ်ပြီးပြခဲ့ပေမဲ့ ကျွန်ုပ်တို့နားမလည်ခဲ့ကြဘူး။


140

ဒါကြောင့် သူ့သားတော်ကိုယ်တော်တိုင် စေလွှတ်ခဲ့ပြန်တယ်။ ယေရှုဟာ
ကိုယ်တော့ရုပ်လုံးနှင့်စာရိတ္တတော်ကို ဖေါ်နိုင်သောဖြူစင်တဲ့ အရှင်ဖြစ်ပါတယ်။


141

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၁၄း၉)
ယေရှုကလည်း ‘ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။’


142

ဘုရားရှင်ကျွန်ုပ်တို့အပေါ်ထားရှိသည့် မေတ္တာဂရုဏာကို နားလည်ဘို့ရန် ယေရှု၏အသက်တာကိုကျွန်ုပ်တို့လေ့လာရပါမည်။ သူက ကျွန်ုပ်တို့လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန် လူဇာတိကိုခံတော်မူခဲ့ပါတယ်။
ဆင်းရဲသားများအတွက် ကောင်းသောသတင်းဆောင်ခဲ့ပါတယ်။ စိတ်ပျက်ဝမ်းနည်းသောသူများကို ကျန်းမာစေပြီး မျက်မမြင်သူများကို မြင်စေခဲ့ပါတယ်။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။


143


ဆာလောင်မွတ်သိပ်သောသူများအား အစာပေးပြီး သူတို့နှင့်အတူစားခဲ့ပါတယ်။ အပြစ်ကိုလွှတ်ပြီး အနာဂတ် အတွက် မြော်လင့်ခြင်းပေးခဲ့ပါတယ်။


144

သူ့မျက်နှာတော်ဟာ လူသူအများအတွက် အဦးဆုံးတွေ့သည့်မျက်နှာ၊ သူ့အသံဟာ အဦးဆုံးကြားရသည့် အသံဖြစ်ပါတယ်။ သူသွားရောက်သည့်မြို့တိုင်းမှာ အသက်နှင့်ဝမ်းမြောက်ခြင်းကိုဖြန့်ဝေခဲ့ပါတယ်။ သူ့အသက်တာဟာ ကိုယ့်ကိုယ်ကို ငြင်းပယ်ပြီး အများအကျိုးဆောင်သောအသက်တာဖြစ်ပါတယ်။


145

သူခံစားခဲ့ရတဲ့ထိခိုက်နာကျင်မှုအမျိုးမျိုးနှင့် လက်ဝါးကပ်တိုင်မှာ ရိုက်နှက်ခြင်းခံရတာကို ကြည့်ခြင်းအားဖြင့် ဘုရားရှင်ရဲ့ လူသားတွေအပေါ် ထားရှိတဲ့ မေတ္တာကို သဘောပေါက်နိုင်ပါတယ်။



146

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၃း၁၆)
'ဘုရားသခင်၏သားတော်ကို
ယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကို ရစေခြင်းငှါ



147

ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။'
ယောဟန်ခရစ်ဝင် ၃း၁၆


148

ဒီစကြ်ာဝဠာရဲ့သခင်ဘယ်သူလဲ။
သူဟာ ဘုန်းတန်ခိုးနှင့်ပြည့်ဝသောအရှင်ဖြစ်ပါတယ်။
သူဟာအံ့ဖွယ်သောပေးကမ်းရှင်ဖြစ်ပါတယ်။
သူဟာ မယုံနိုင်လောက်အောင် တန်ခိုးကြီးသော အရှင်ဖြစ်ပါတယ်။
သူဟာမေတ္တာရှင်အဖြစ်ပါတယ်။



149

နှစ်အတော်များများတုံးက ကလေးငယ်တယောက်ရုတ်တရက်ဒဏ်ရာရပြီး ဆေးရုံပို့လိုက်ရပါတယ်။ အခြေအနေ မကောင်းဘူး။ ကလေးငယ်အနေဖြင့်သွေးသွင်းဘို့လိုအပ်ပါတယ်။
သွေးလှူမည့်သူရှာမတွေ့ခဲ့ပါ။
အဖေကသားနှင့်သွေးတူသည့်အတွက် သွေးလှူရန် သဘောတူလိုက်ပါတယ်။
ဆရာဝန်က အဖေ့လက်ကနေ သားလက်ကို တဆက်တည်း သွေးသွင်းစနစ်နှင့်သွင်းပေးလိုက်ပါတယ်။
မလှုပ်မရှားနိုင်လောက်အောင် ဝေဒနာခံစားနေသည့်သားလက်ထဲသို့ ပလပ်စတစ်ပိုက်လေးကနေတဆင့် သွေးစီးသွားနေရင်း အဖေဖြစ်သူက ဆရာဝန်ကို ငိုသံပါပါနဲ့
'ဆရာဝန်ရယ် သွေးအားလုံးလိုအပ်ခဲ့ရင် ကျွန်တော့်သားအတွက် ကျွန်တော် သွေးအားလုံးပေးချင်ပါတယ်။' လို့ပြောလိုက်ပါတယ်။

# ၄ – မတော်တဆကြုံကြိုက်လို့လား၊ တမင်တကာစီမံဖန်တီးထားတာလား။


150

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားကသူဖန်ဆင်းခဲ့သည့်ကမ္ဘာအပြစ်ထဲပျောက်ဆုံးနေတာတွေ့တာနဲ့၊
အရာခပ်သိမ်းကိုသားတော်၌ပေးလိုက်ပါတယ်။
ယေရှုက၊ 'အဖေ၊ သွေးအားလုံးလိုအပ်ခဲ့ရင် ယူလိုက်ပါ။ ကျွန်တော့သား၊ သမီး၊ သူငယ်ချင်းကယ်ဘို့
ကျွန်တော့သွေးအကုန်အစင်ယူလိုက်ပါ' လို့ပြောပါတယ်။


151

ဒီလောက်ကြီးမားသည့်ချစ်ခြင်းမေတ္တာ ခင်ဗျားစွန့်ရဲမှာလား။
တန်ခိုးရှင်၊ မေတ္တာတော်ရှင်ဘုရားက သင့်ကိုဖန်ဆင်းခဲ့ပါတယ်။
အပြစ်ထဲနှစ်မွန်းသွားသည့်အခါလည်း သင့်အတွက်တစ်ခုမချန်ပေးခဲ့ပါပြီ။
သင့်ကိုအံ့သြဘွယ်မေတ္တာနှင့်ချစ်ပါတယ်။
ကျွန်တော်တို့ဒီအချိန်ဆုတောင်းဘို့ ဦးညွှတ်ကြရအောင်။ ကျွန်တော်တို့လက် ကိုမြှောက်ပြီး
ဒီလိုမပြောချင်ဘူးလား။ အရှင်သခင်၊ ကျွန်ုပ်နှလုံးကို ကိုယ်တော်၏မေတ္တာအတွက် ဖွင့်ထားပါတယ်။
ဖန်ဆင်းခြင်းနှင့် ကယ်တင်ခြင်းကျေးဇူးကြောင့်ဝမ်းသာပါတယ်။
ကျွန်တော့်အသက်တာကိုယ်တော်အားအပ်နှံပါတယ်။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


1

ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


2

လွန်ခဲ့သောနှစ်အနည်းငယ်က မစ္စတာ မာရှ် ရဲ့အဒေါ်ဖြစ်သူ သေဆုံးသွားလို့ သူမရဲ့သေတမ်းစာထဲမှာ မစ္စတာ မာရှ် ရဲ့နာမယ်လည်းပါကြောင်းတွေ့ရှိရပါတယ်။ သေတမ်းစာမှာ ဒီလိုရေးထားပါတယ်။ 'ချစ်သော စတီဗင် မာရှ် ဒီမိသားစုကျမ်းစာကြီးနှင့်တကွ ပိုင်ဆိုင်တဲ့ ပစ္စည်းအချို့မင်းအတွက် အမွေထားခဲ့မယ်။

အကြွေးတွေဆပ်ပြီးတဲ့အခါမှာ ငွေရာဂဏန်းပဲကျန်တယ်။ ရှိတဲ့ငွေလေးကလည်း မကြာမီကုန်သွားတော့ မိသားစုကျမ်းစာဘဲ ကျန်တော့တယ်။ အဲဒီကျမ်းစာအုပ်ကိုလည်း အသုံးမကျဘူးဆိုပြီး ထပ်ခိုးပေါ်မှာရှိတဲ့ သေတ္တာအဟောင်းကြီးထဲမှာ ထည့်ထားတယ်။

စတီဗင် မာရှ် ဟာ အငြိမ်းစားယူပြီးနှစ်ပေါင်း ၃၀ လောက်ဆင်းဆင်းရဲရဲနေထိုင်ခဲ့ရတယ်။



3

နောက်ဆုံးတော့၊ သူ့အသက် ၉၀ လောက်ရှိတဲ့အခါမှာ သူ့သားနဲ့အတူသွားနေဘို့ဆုံးဖြတ်ခဲ့တယ်။ သူ့ရဲ့ ပစ္စည်းတွေကို ထုပ်ပိုးပြင်ဆင်နေချိန်မှာ အဒေါ်ဖြစ်သူထားခဲ့တဲ့ ကျမ်းစာကို တွေ့လို့ တရွက်ပြီးတရွက် ဖွင့်ကြည့်နေတယ်။

ဒီကျမ်းစာအုပ်ထဲမှာ ညှပ်ထားတဲ့ငွေစက္ကူတွေ နေရာတကာမှာ တွေ့ရတယ်။ မစ္စတာ မာရှ် ပြန်စစ်ကြည့်တော့ စုစုပေါင်း ဒေါ်လာ ၅၀၀၀ ကျော်ရှိနေတာကို တွေ့ရတယ်။ အဲဒီအချိန်က ငွေ ၅၀၀၀ ဆိုတာ အလွန်များပါတယ်။

သူဟာငွေးတဦးလိုနေနိုင်ရဲ့သားနဲ့ သူဟာဆင်းဆင်းရဲရဲ နေခဲ့ရတယ်။ ကျမ်းစာအုပ်ထဲမှာ ရတနာတွေရှိကြောင်း မသိခဲ့ဘူး။ ဘုရားရှင်ရဲ့နှုတ်ကပတ်တော်ထဲမှာ တန်ဖိုးရှိတဲ့ ရတနာတွေရှိကြောင်း ကျွန်တော်တို့သိသင့်ပါတယ်။

သမ္မာကျမ်းစာဟာ ထူးမြတ်တဲ့စာအုပ်ဆိုတာ လူသန်းပေါင်းများစွာက ယုံကြည်ကြတယ်။ ကျမ်းစာဟာ ဘုရားရှင် မှုတ်သွင်းထားပြီး၊ ထာဝရအသက်ရဘို့အတွက် လမ်းညွှန်ဖြစ်တယ်ဆိုတာ ယုံကြည်ကြပါတယ်။

နိုင်ငံတကာမှာ ရှိတဲ့သူတွေ၊ ဘာသာစကား အသီးသီးပြောသူတွေ၊ လူမျိုးစုတွေဟာ ဘုရားရှင်ရဲ့နှုတ်ကပတ်တော်ကို လက်ခံကြတယ်။ အသက်တာကို ပြောင်းလဲစေတယ်။ တန်ဖိုးရှိတယ်လို့ ယုံကြည်ယူဆကြပါတယ်။

အချို့ကလည်း သမ္မာကျမ်းစာအပေါ်မှာ သံသယရှိပြီး မေးခွန်းအမျိုးမျိုး ထုတ်ကြတယ်။



4

ကမ္ဘာပေါ်မှာ အရောင်းရဆုံးစာအုပ်ဟာ ကျမ်းစာလား? ယုံကြည်ရရဲ့လား။ အမှန်ကိုပြောရဲ့လား။ တိကျရဲ့လား။

အချို့ပြောတာကတော့ ကျမ်းစာအပေါ်မှာ သံသယရှိစရာအကြောင်းမရှိကြောင်း၊ အချို့ကတော့ သံသယရှိပြန်တယ်။ ဘယ်သူမှန်သလဲ။


၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။



5

အဖြေက အလွန်အရေးကြီးပါတယ်။ ကျမ်းစာမှန်ပြီး၊ ၄င်းကို ကျွန်တော်တို့မယုံကြည်ဘူးဆိုလျှင် ကျွန်တော်တို့ အတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှပါတယ်။

အကယ်လို့ ကျမ်းစာဟာမှန်လျှင် သင့်ရဲ့ကံကြမ္မာဟာ သင်ယုံကြည်တယ်၊ မယုံကြည်ဘူးဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။ ကျမ်းစာကို သင်ဘယ်လိုယုံကြည်သလဲအပေါ်မှာ မူတည်ပြီး ဘုရားကို ယုံကြည်မှာဖြစ်ပါတယ်။

ဘုရားဟာ ဘယ်လိုဘုရားလဲဆိုတာ ကျမ်းစာထဲမှာဘဲသိနိုင်ပါတယ်။ ကျွန်တော်တို့ကို ကျမ်းစာပေးထားရတဲ့ အကြောင်းရင်းကတော့ ဘုရားကိုသိဖို့ဖြစ်တယ်။


6

သမ္မာကျမ်းစာဟာ မဖြစ်နိုင်တဲ့ဘုရားအကြောင်းကို ပရောဖက်များအားဖြင့် ပို့ထားသောသီတင်းစကားအားဖြင့် သော်၄င်း၊ သားတော်ခရစ်တော် ကိုယ်တိုင်ပေါ်ထွန်းခြင်းအားဖြင့် သိနိုင်ခဲ့ပါတယ်။


7

ဒီစာအုပ်ကို သမ္မာကျမ်းစာလို့လည်းခေါ်တယ်။ ဘုရား၏နှုတ်ကပတ်တော်လို့လည်းခေါ်ပါတယ်။ ၄င်းစာအုပ် ဟာ မှန်သလား၊ မှားသလား၊ အားထားလောက်လား၊ အားထားလို့မရဘူးလားဆိုတာ ကြည့်ရအောင်။



8


(ဗီဒီယို။ ၆ စက္ကန့်)
သမ္မာကျမ်းစာကတော့ အခြားစာအုပ်တွေနဲ့မတူဘဲ တမူထူးခြားတယ်။ သီတင်းစုံတယ်။ စာကြည့်တိုက်ကြီးလို ပဲ။ ဒီစာအုပ်တအုပ်ထဲမှာ စာအုပ်ငယ် ၆၆ အုပ် ရှိပါတယ်။ ပြီးနှစ်ပေါင်း ၁၆၀၀ ကျော်ရေးခဲ့တယ်။ ဓမ္မဟောင်း မှာ ၃၉ ကျမ်းနဲ့ ဓမ္မသစ်မှာ ၂၇ ကျမ်း ရှိတယ်။


9

ဒီစာအုပ်ကို လူ ၄၅ ယောက်ရေးသားခဲ့သော်လည်း အံ့ဩစရာကောင်းလောက်အောင် သဘောခြင်းတူနေတာ တွေ့ရတယ်။ အကြောင်းရှာတော့ အခြေခံတခုဆီမှ လာကြောင်းတွေ့ရတယ်။ များသောအားဖြင့် စာရေးသူတွေ ဟာ မတွေ့ဘူးကြသော်လည်း သဘောခြင်းတူညီမှုလုံးလုံးရှိတာတွေ့ရပါတယ်။


10

အလုပ်အကိုင်တွေကလည်း မတူကြဘူး။ တံငါ၊ သိုးထိန်း၊ ရှင်ဘုရင်၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ လယ်သမား
တွေ၊ တရားဟောဆရာတွေ၊ ဆရာဝန်တဦး၊ လူအဆင့်အတန်းအမျိုးမျိုးပါတယ်။



11

(ဗီဒီယို။ ၁၃ စက္ကန့်)
အံ့ဩစရာတခုက ရေးသားချက်တွေအားလုံးဟာ သဘောခြင်းတိုက်ဆိုင်မှုရှိကြောင်းတွေ့ရတယ်။ ဒီလိုအဘောခြင်းတိုက်ဆိုင်မှုရှိခြင်းဟာ ဘာကိုအသိအမှတ်ပြုရမလဲဆိုတော့ ဘုရားသခင်ဒီစာအုပ်ကို ကျွန်တော်တို့အားပေးရခြင်းဟာ သူနှင့်ကျွန်ုပ်တို့ ဆက်သွယ်ခြင်းရှိဖို့ဖြစ်ပါတယ်။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။



12

(ကျမ်းချက်။ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၁း၂၁)
'အကြောင်းမူကား အနာဂတ္တိကျမ်းစကားသည် လူအလိုအားဖြင့်ဖြစ်ဘူးသည်မဟုတ်။
ဘုရားသခင်၏သန့်ရှင်း သောသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏တိုက်တွန်းခြင်းကို
ခံရ၍ဟောပြောကြ၏။'
ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၁း၂၁



13

(ကျမ်းချက်။ တိမောသေဩဝါဒစာဒုတိယစောင် ၃း၁၇)
'ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍



14

ဘုရားသခင်၏စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည်
အကြောင်း၊




15

ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို
ပြုတတ်၏။'
တိမောသေဩဝါဒစောင် ၃း၁၆-၁၇
ဘုရားရှင် ဘာကြောင့်စာရေးပြီး ကျွန်တော်တို့နဲ့ဆက်သွယ်ရတာလဲဆိုတော့၊ အပြစ်ကြောင့်
ကျွန်တော်တို့ဟာ အဆက်ပြတ်နေလို့ဘဲဖြစ်တယ်။


16

ဧဒင်ဥယျာဉ်မှာ လူနှင့်ဘုရားနေ့စဉ်တွေ့နေတဲ့အချိန်တုန်းက ဘုရားပြောလိုတဲ့အရာတွေကို ပရောဖက်တွေ
ရေးသားဖို့ မလိုပါဘူး။


17

အာဒံအနေဖြင့် အပြစ်ရှိကြောင်းသိတဲ့အခါမှာ ဘုရားကို ကြောက်ပြီး ပုန်းနေတယ်။ ဘုရားသခင်က
အာဒံကို ခေါ်တဲ့အခါ သူက ဒီလိုပြန်ဖြေတယ်။



18

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၁၀)
'လူကလည်း ဥယျာဉ်၌ကိုယ်တော်၏ အသံကိုကျွန်တော်ကြားလျှင်၊ အဝတ်အချည်းအစည်းရှိသောကြောင့်၊
ကြောက်၍ပုန်းလျက်နေပါသည် ဟုလျှောက်လေ၏။'
ကမ္ဘာဦးကျမ်း ၃း၁၀


19

မျက်နှာချင်းဆိုင်ဘို့မဖြစ်နိုင်တော့လို့ ဘုရားသခင်က ပရောဖက်တွေနဲ့သော်၎င်း၊
သားတော်အားဖြင့်သော်၎င်း ဆက်သွယ်ရပါတယ်။
မျက်နှာချင်းဆိုင်ဘို့မဖြစ်နိုင်တော့လို့ ဘုရားသခင်က ပရောဖက်တွေနဲ့သော်၎င်း၊
သားတော်အားဖြင့်သော်၎င်း ဆက်သွယ်ရပါတယ်။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။



20

(ကျမ်းချက်။ အာမုတ်အနာဂတ္တိကျမ်း ၃း၇)
'အကယ်စင်စစ် အရှင်ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့အား မဘော်မပြဘဲ အဘယ်အမှုကိုမျှ စီရင်တော်မမူ။'
အာမုတ်အနာဂတ္တိကျမ်း ၃း၇


21

မောရှေကို ဘုရားသခင် ယောဘဝတ္ထုနဲ့ဓမ္မဟောင်း၅ကျမ်းကိုရေးစေခဲ့တယ်။ အဲဒီဥပဒေကျမ်းတွေကို ဘီစီ ၁၅၀၀ လောက်ကရေးခဲ့တယ်။


22

ဣသရေလလူမျိုးသည် အင်အားကြီးသော နိုင်ငံကြီးဖြစ်လာပြီး လူဦးရေများပြားလာတဲ့အတွက် ၄င်းတို့နှင့် ဆက်သွယ်ရာတွင် စာရေး၍ ဆက်သွယ်ရန်လိုအပ်လာတယ်။ အက္ခရာကို တည်ထွင်ခဲ့ပြီးဖြစ်တဲ့အတွက် ဆက်သွယ်ရန် ပို၍လွယ်ကူပါတယ်။


23

လူတွေဟာ ဘုရားရှင်လက်တော်ဖြင့်ရေးသော ပညတ်တော်နှင့်မောရှေရေးသော ကျမ်းတို့ကို ဖတ်နိုင်ကြပြီး။




24

သို့သော်လည်း မေးစရာတွေအများအပြားရှိသေးတယ်။ ကျမ်းစာဟာဘုရားပေးထားတဲ့အတိုင်းမှ ဟုတ်သေးရဲ့လား။ တိကျမှန်ကန်ပြီးအားကိုးလောက်ရဲ့လား။ ၁၉၄၇ ခုနှစ်အထိ ကျွန်တော်တို့ရရှိထားတဲ့ လက်ဖြင့်ရေးသားသော ကျမ်းစာက တော့ အေဒီ ၉၀၀ လောက်က ကူးထားတာဖြစ်ပါတယ်။



25

ဟေရှာယ ပုရပိုက်ကို ကြည့်တဲ့အခါ၊ ဘီစီ ၁၂၅ လောက်ကလို့ ခန့်မှန်းရပါတယ်။ ရှေးအကြဆုံးတွေ့ရှိခဲ့တဲ့ ပုရပိုက်ထက် အနှစ် ၁၀၀၀ စောပြီး ကူးထားပုံရတယ်။ ဒီပုရပိုက်မှာ ပရောဖက် ဟေရှာယ ရေးသားထားသော စာစောင်တခုလုံးပါတယ်။



26

ဒါဟာ နှစ်ပေါင်း ၁၀၀၀ ကျော်ဖြတ်သန်းသွားခဲ့ပါပြီး။



27


ဒီစကားတလုံးကလည်း ဒီလောက်အရေးမကြီးဘူး။ သီတင်းရဲ့ အဓိပ္ပါယ်ကို လည်း မပြောင်းလဲစေခဲ့ဘူး။'

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။




28

ဆာဖရီးဒရဒ် ခမ်ရောင် ကဒီလိုပြောခဲ့ပါတယ်



29

'ခရစ်ယာန်တယောက်အနေဖြင့် မိမိလက်ထဲမှာ ရှိတဲ့ကျမ်းစာတအုပ်လုံးဟာ ဘုရားရဲ့စစ်မှန်သော နှုတ်ကပတ် တော်ဖြစ်ကြောင်း မဆိုင်းမတွဘဲပြောရဲရမယ်။



30

ဘာတခုမှပျောက်ဆုံးခြင်းမရှိဘဲ မျိုးအဆက်ဆက်ရာစုတခုပြီးတခု လက်ဆင့်ကမ်းခဲ့ပါတယ်။'




31

ဆာဖရီးဒရဒ် ခမ်ရောင် အနေဖြင့်ဒီလိုရဲရဲတွံ့စွာပြောရဲတာက သူကိုယ်တိုင်ကျမ်းစာဖြတ်သန်းသွားရတဲ့ အခြေအနေတွေ ကို သုံးသပ်တယ်။ ဒီလိုဖြတ်သန်းသွားခြင်းဟာ ကျမ်းစာရဲ့ သီတင်းစကားကို ဘယ်လိုထိခိုက်စေသလဲဆိုတာ တွေကို တသက်လုံးလေ့လာနေလို့ဖြစ်ပါတယ်။


32

လွန်ခဲ့တဲ့တစ်ရာစုကျော်လောက်ကတော့ ကျမ်းစာအပေါ်မှာ သံသယရှိပြီး မေးခွန်းတွေများစွာပေါ်ထွက်လာပါ တယ်။ သို့သော်လည်း ရှေးဟောင်းပစ္စည်းတူးဖော်လေ့လာရေးပညာရှင်တွေက ဒီဝေဖန်သူတွေကို ပါးစပ်ပိတ် စေခဲ့ပါတယ်။


33

၁၉ ရာစုနှစ်အထိတော့ ရှေးဟောင်းရာဇဝင်ကို ကျမ်းစာထဲမှာ ရေးထားသလောက်သာ သိရှိရပါတယ်။


34

ရုပ်ပုံစာအရေးအသားဖြင့် ရေးသားထားသော ရှေးဟောင်းရာဇဝင်ကို ဘယ်သောအခါမှ ဖတ်တတ်ကြမှာမ ဟုတ်ဘူးလို့ထင်ခဲ့တယ်။ အီဂျစ်တိုင်းပြည်က လူတွေလည်း မဖတ်တတ်ဘူး၊ ကမ္ဘာပေါ်မှာ ရှိတဲ့ပညာရှင်တွေ လည်း ရုပ်ပုံစာအရေးအသားကို မဖတ်တတ်ကြဘူး။


35

၁၇၉၈ ခုနှစ်မှာ နပိုလီယံဟာ စစ်သား ၃၈၀၀၀၊ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ အနုပညာရှင်များ ခြံရံလျက် အီဂျစ်တိုင်းပြည်သို့ လေ့လာရေးခရီးထွက်ခဲ့တယ်။ ဒီတိုင်းပြည် အကြောင်းကို ပိုမိုနားလည်ဖို့ဖြစ်ပါတယ်။

၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


36

သွားတဲ့နေရာတိုင်းမှာ ရှေးဟောင်းပစ္စည်းများ တွေ့ရှိရပါတယ်။ ဖတ်မတတ်သော ကျောက်စာများ၊ လှပစွာ ဆင်ယင်ထားသော ကျောက်တိုင်များ၊ နံရံတွင်ဆွဲထားသော ပန်းချီများ၊ ရုပ်ပုံစာအရေးအသားများကို လည်းတွေ့ရတယ်။ နပိုလီယံနှင့်တကွ ပညာရှင်တွေဟာ ၎င်းတို့၏ လျှို့ဝှက်ချက်ကို သိလိုကြတယ်။


37

၁၇၉၉ ခုနှစ်မှာ ရှေးဟောင်း ပစ္စည်းတွေ့ရှိမှုတွင် အရေးအကြီးဆုံးတွေ့ရှိမှုကြီးတခုရှိခဲ့တယ်။


38

နပိုလီယံရဲ့စစ်သားတဦးက အလျား ၄ပေရှည်ပြီး ၂.၅ ပေကျယ်တဲ့ ရိုဇဲထာကျောက်တုံး ဆိုသော ကျောက်တုံး ကို တွေ့ရှိခဲ့တယ်။ ဒီကျောက်တုံးပေါ်တွင် ရေးထားသော စာအားဖြင့် ရုပ်ပုံစာပေကို အဓိပ္ပါယ်ဖေါ်နိုင်ခဲ့တယ်။


39

ဒီ ရိုဇဲထာကျောက်တုံး ဟာ ယနေ့ ဗြိတိသျှပြတိုက် မှာ ရှိပါတယ်။



40

ရိုဇဲထာကျောက်တုံးဆိုသော မြို့နားမှာ တွေ့ရှိသောကျောက်တုံးပေါ်မှာ ဘာသာသုံးမျိုးဖြင့်စာရေးထားပါတယ်။




41

ရုပ်ပုံစာအရေးအသား၊ အီဂျစ်လူမျိုးတို့ရေးသောစာ နဲ့ ဂရိဘာသာ ကို ဒီကျောက်တုံးပေါ်မှာ တွေ့ရှိရတယ်။ ဂရိစာကိုတော့ ပညာရှင်တွေ အလွယ်တကူ ဖတ်နိုင်ခဲ့တယ်။ ရုပ်ပုံစာအရေးအသားကို ဖတ်ဖို့မလွယ်ဘူး။



42

ဒါနဲ့ ၁၈၂၂ နှစ်မှာ အလွန်ထက်မြက်တဲ့ ပြင်သစ်လူမျိုး ရှန် ဖရင့်စယောက် ချာပိုလီယောင် ဆိုသူဟာ ရုပ်ပုံစာ အရေးအသားကို ဖတ်နိုင်သည့်အတွက် ကမ္ဘာကြီးတခုလုံးက အံ့ဩသွားပါတယ်။


43

ဒီနည်းနဲ့ ကျယ်ပြန့်လှတဲ့ အီဂျစ်ရဲ့ရှေးဟောင်းအတိတ်ကာလတွေဟာ ကမ္ဘာ့ပညာရှင်တွေအတွက် လေ့လာနိုင်ဘို့ လမ်းပွင့်လာခဲ့တယ်။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


44


သို့သော်
အရေးကြီးဆုံးကတော့ ကြာမြင့်စွာမေ့ပျောက်နေတဲ့ အီဂျစ်သမိုင်းက ကျမ်းစာကို အတည်ပြုခြင်းဘဲဖြစ်ပါတယ်။ ကျောက်တုံးက စကားပြောမယ်လို့ကျမ်းစာက ပြောထားပါတယ်။


45

ရှေးဟောင်းပစ္စည်းတူးဖော်လေ့လာရေးပညာရှင်များက တူးလေဆွလေ ကျမ်းစာမှာ ပါတဲ့ ရာဇဝင်အထောက်အထားများဟာ ပိုခိုင်လုံလေဖြစ်ပါတယ်။


46

တဲလ်မာဒုန် ဆိုသော နေရာတွင်တွေ့ရှိခဲ့သော ရှေးဟောင်းပစ္စည်းများကြောင့် ကမ္ဘာကြီးဟာ အံ့အားသင့်သွားတယ်။ ဒီမြို့ကို ဆီးရီးယားပြည်မှာ အဲလ်ဗာလို့ခေါ်တယ်။ ဒီမြို့ဟာ ချမ်းသာကြွယ်ဝပြီး လူဦးရေအားဖြင့် ၃၀၀၀၀၀၀ ခန့်ရှိကြောင်းတွေ့ရှိရတယ်။


47

ထိုနေရာတွင်တွေ့ရှိခဲ့သော ရှေးဟောင်းပစ္စည်းများဟာ ပညာရှင်တို့အတွက် အလွန်အရေးကြီးပြီး၊ ကျမ်းစာလေ့လာသူတို့အတွက်တော့ အားတက်စရာဘဲ။


48

အဲလ်ဗာမြို့ရှိ နန်းတော် အနီးမှာ ကျောက်စာပြားပေါင်း ၁၄၀၀၀ ကို တွေ့ရှိခဲ့တယ်။ ၎င်းစာများကို စစ်ဆေးကြည့်တော့ ဘီစီ ၂၃၀၀ လောက်က ရေးသားခဲ့ကြောင်းသိရပါတယ်။

တွေ့ရှိတဲ့မှတ်တမ်းတွေဟာ ရှေးအကျဆုံး အစိုးရမှတ်တမ်းများဖြစ်ပါတယ်။ အဲလ်ဗာနိုင်ငံရဲ့ နှစ်ပေါင်း ၁၀၀ ခန့် မှတ်တမ်းတွေပါ။


49

ရာဇဝင်ဆရာအချို့က မေးကြတယ်။ မောရှေအချိန်က ရှိတဲ့ဟေဗြဲလူတွေဟာ စာရေးတတ်ကြပြီလား။ ၁၉ ရာစု အထိတော့ ဘာမျှအထောက်အထားမရှိဘူး။


50

သို့ရာတွင် အဲလ်ဗာ ကျောက်စာပြားနဲ့အခြားတွေ့ရှိခဲ့သော စာများဟာ မောရှေမတိုင်မီက ရေးသားခဲ့သော စာများဖြစ်ကြောင်းသိရတယ်။
ရှေးဟောင်းပစ္စည်းများ တူးဖော်လေ့လာရေး ပညာရှင်များက မောရှေအချိန်ထက် နှစ်ရာပေါင်းများစွာက ရှိထားသော ကျောက်စာပြားများကို လည်းတွေ့ထားပါတယ်။


51

အဲလ်ဗာ ကျောက်စာပြားကို လေ့လာကြည့်တော့ ရေးသားထားသော အရာများဟာ ဖန်ဆင်းခြင်းနှင့်ရေလွှမ်းမိုး ခြင်းဆိုင်ရာပုံပြင်များ၊ ကျမ်းစာ၌ပါသောနေရာနှင့်လူနာမည်များလည်း ပါရှိကြောင်း။ ဉပမာပြရလျှင် ဧသော၊ အာဗြဟံ၊ ဣသရေလ၊ သိနတောင်နှင့်ယေရုရှစသည့်နာမည်များကို တွေ့ရှိရပါတယ်။

၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


52

အံ့သြစရာကောင်းတာက အပြစ်မြို့များဖြစ်ကြတဲ့ သောဒုံမြို့နဲ့ဂေါမောရမြို့များ၏ နာမည်များဖြစ်ပါတယ်။ ယခင်က ဒီမြို့များ၏ အမည်ကို ကျမ်းစာထဲ၌သာတွေ့ရှိပြီး ယခုကျောက်စာပြားများကို တွေ့ရှိမှာသာ အထောက်အထားရှိလာကြောင်း။ ယခင်က ပုံပြင်လို့ထင်ကြတယ်။


53

တွေ့ရှိထားတဲ့ ရှေးဟောင်းစာပေများအကြောင်းကိုတော့ စာအုပ်တွေရေးကြမှာပါ။ ကျမ်းစာထဲမှာ ရှိသော နာမည်များဟာ အမှန်တကယ်ဘဲရှိခဲ့ကြောင်း၊ ၄င်းကျောက်စာပြားများက သက်သေထူပါလိမ့်မယ်။


54

အချို့စာရေးဆရာများက ကမ္ဘာဦးကျမ်းကို သိုးထိန်းရဲ့သီချင်းများ၊ ဒဏ္ဍာရီဆန်သော ပုံပြင်များလို့ ယူဆထား ကြတယ်။ အဲလ်ဗာ မြို့နှင့်အခြားနေရာများတွင် တွေ့ရှိသော ကျောက်စာပြားများက ကျမ်းစာကို ဝေဖန်သော စာရေးဆရာများ၏ စိတ်ကို ပြောင်းစေသည်သာမက၊ ကျမ်းစာဟာ မှန်ကန်ကြောင်း အထောက်အထားပြခဲ့ပါ တယ်။



55

(ကျမ်းစာ။ ဆာလံကျမ်း ၁၁၉း၁၆၀)
'နှုတ်ကပတ်တော်အလုံးစုံတို့သည် ဟုတ်မှန်ပါ၏။' ဆာလံဆရာက ပြောထားပါတယ်။
ဆာလံကျမ်း ၁၁၉း၁၆၀




56

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၄၅း၁၉)
ဟေရှာယအနာဂတ္တိကျမ်း ၄၅း၁၉မှာ
'ငါသည် ဖြောင့်မတ်စွာပြော၍အတည့်အလင်း ဟောတတ် သောထာဝရဘုရားဖြစ်၏။'
လို့မြတ်စွာဘုရားမိန့် တော်မူခဲ့တယ်။


57

သေသောသူပုံပြင်မပြောတော့ဘူးလို့ လူတွေပြောကြတယ်။ တကယ်တော့ သေသောသူတွေပုံပြောပါတယ်။ သူတို့ပြောတဲ့ပုံတွေဟာ ဒဏ္ဍာရီပုံပြင်များထက် စိတ်ပါဝင်စားစရာကောင်းပါတယ်။ ပျောက်ဆုံးခဲ့သော ယဉ်ကျေးမှုများမှ ပြန်လည်တွေ့ရှိသော ရှေး
ဟောင်းပစ္စည်းများနှင့်ဂူများဟာ ကျမ်းစာသည် မှန်ပြီး၊ ဘုရား၏ နှုတ်ကပတ်တော်ဟာ ယုံကြည်အားထားရကြောင်း အထောက်အကူပြုခဲ့ပါတယ်။


58

၁၉ ရာစုအထိ ပညာရှင်များက ဆီးမီးရာမစ် ဆိုသောဘုရင်မဟာ ဗာဗုလုန်မြို့ကို တည်ခဲ့တယ် လို့ယုံကြည်ကြတယ်။ ကျမ်းစာထဲမှာကတော့ နေဗုခဒ်နေဇာ မင်းက ဒီလိုပြောတယ်။



59

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၄း၃၀)
'ငါတည်လုပ်သော ဗာဗုလုန်မြို့ကြီးမဟုတ်လောဟု မြွက်ဆို၏။'
ဘယ်သူမှန်သလဲ?

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။



60

၁၈၉၉ ခုနှစ်မှာ ရောဗတ် ကိုးလ်ဒီဝေး ဟာ ဗာဗုလုန်မြို့ဟောင်းကြီးကို ထူးဖေါ်ခဲ့ရာတွင် တွေ့ရှိခဲ့သော အုတ်များမှာ နေဗုခဒ်နေဇာမင်းရဲ့ အမည်တံဆိပ်ရိုက်ထားကြောင်းတွေ့ရှိရတယ်။ ဒီအုတ်များကို မြို့နံရံနှင့် ဘုရားကျောင်းနံရံများမှ ရရှိခဲ့ကြောင်း။



61

ဗာဗုလုန်မြို့ကို တူးဖေါ်စဉ်က တွေ့ရှိခဲ့သော ကျောက်စာပြားများဟာ နေဗုခဒ်နေဇာမင်းကြီးရဲ့ အောင်မြင်မှုတွေကို မှတ်တမ်းတင်ထားပါတယ်။



62

ကျောက်စာပြားတခုတွင် နေဗုခဒ်နေဇာမင်းကြီးက အီစာဂီလာ မြို့နှင့် ဗာဗုလုန်မြို့များရဲ့ခံတပ်များကို အခိုင်အမာပြုပြီး ငါ့ရဲ့နာမည်ကို အစဉ်အမြဲတည်အောင်လုပ်မယ်။’ လို့ပြောထားပါတယ်။



63

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၄း၃၀)
‘ငါတည်လုပ် သော ဗာဗုလုန်မြို့ကြီး’ နေဗုဒ်ခနေဇာမင်းကြီးက ဝါကြွားပြီးပြောခဲ့ပါတယ်။



64

တဆက်ထဲမှာဘဲ ‘ဤမြို့ကား ငါ့နိုင်ငံတည်ရာ၊ ငါ့ရွှေဘုန်းတော်ကို ချီးမြှောက်ဘို့ ငါ့တန်ခိုး အာနုဘော်အားဖြင့် ငါလုပ်သော ဗာဗုလုန်မြို့လို့’ မိန့်တော်မူခဲ့တယ်။


65

လန်ဒန်မြို့ရှိ အီးစ်အန္ဒီးယားဟောင့် အင်စ်ကရစ်ရှင် (ဝါ) အရှေ့အိန္ဒိယကမ္ပဉ်းစာတမ်းတွင် နေဗုဒ်ခနေဇာမင်းကြီးရဲ့ ဆောက်လုပ်ရေးစီမံကိန်းများ အကြောင်းရေးသားထားပါတယ်။ ကော်ပြားက ကျမ်းစာကို ထောက်ခံတယ်လို့ ပြောနိုင်ပါတယ်။


66

ကမ္ဘာရာဇဝင်မှာ နားလည်ရန်ခက်ခဲသောအရာတခုကတော့ ဗာဗုလုန်မြို့ကို အုပ်စိုးခဲ့သော ဗေလရှာဇာမင်းကြီး ကိစ္စပါ။ သူ့ရဲ့အမည်ဟာ ကမ္ဘာရာဇဝင်မှာ မဖေါ်ပြခဲ့ဘူး။

ကျမ်းစာထဲမှာပါတဲ့ဗာဗုလုန်ဘုရင်ဗေလရှာဇာဟာ ဒံယေလရဲ့စိတ်ကူးယဉ်ဖြင့်ရေးထားတဲ့ ပုံပြင်သာဖြစ်မယ်လို့ အချို့ကပြောကြတယ်။


67


နေဗုခဒ်နေဇာကို ဆက်ခံသူ နေဗုနေဒ ကသားဖြစ်သူ ဗေလရှာဇာအား မိမိအာရပ်ပြည်ရှိ တိမာ ဆိုသော နေရာတွင် ဆယ်နှစ်ဆယ်မိုးရှိနေခိုက် ရှင်ဘုရင်အရာ၌ခန့်အပ်ထားကြောင်းတွေ့ရှိရတယ်။

၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


68

တူးဖေါ်လို့ရရှိထားသော ကျောက်စာပြားတခုတွင် ဖခင်ဖြစ်သူက ဗေလရှာဇာမင်းအား အမှန်ပင်တိုင်းပြည်ကို အုပ်ချုပ်စေကြောင်းတွေ့ရှိပါတယ်။ ကျောက်စာပြားတွင်ဒီလိုဖေါ်ပြထားတယ်။


69

'ဗေလရှာဇာ၊ ဂုဏ်သရေနှင့်ပြည့်စုံသောသား၊ ငါမှဆင်းသက်ပေါက်ဖွားသူ၊ ဘုရားကိုချစ်မြတ်နိုးစိတ်ရှိပြီး အပြစ် နှင့်ကင်းဝေးပါစေ။


70

ကောင်းကြီးမင်္ဂလာအဖြာဖြာတို့ ကြောင့် ကျေနပ်နှစ်သိမ့်မှုရှိပြီး၊ ငါရဲ့သားဦး ဗေလရှာဇာရဲ့နှလုံးသားထဲမှာ ဘုရားကို ရိုသေစိတ်ရှိပါစေ' လို့ မေတ္တာပို့ပါတယ်။
'ဘုရားသခင်က ခေတ်လူသားကိုစကားပြောနေသည်' စာမျက်နှာ ၁၅၄


71

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၁၂း၄)
ဒံယေလ အနာဂတ္တိကျမ်းရဲ့အဆုံးမှာတော့ ဒီလိုပြောထားပါတယ်။
'သင်ဒံယေလမူကား အမှုကုန်ရသည်ကာလတိုင်အောင်၊ ဤစကားတော်ကို ပိတ်၍စာစောင်ကိုတံဆိပ်ခတ်ထား လော့။


72

အများသောသူတို့သည် ထိုစာကိုကြည့်ရှုသောအားဖြင့် ပညာတိုးပွားလိမ့်မည်ဟု ပြောဆို၏။'
ဒံယေလအနာဂတ္တိကျမ်း ၁၂း၄

သိပ္ပံပညာတခုတည်း တိုးတက်တာမကဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ဟာ တိကျမှန်ကန်ကြောင်းကို သက်သေပြနိုင်တဲ့ပညာတွေလည်း တိုးတက်နေပါတယ်။


73

တူးဖေါ်လို့ရရှိထားတဲ့ ရှေး
ဟောင်းပစ္စည်းများဖြစ်သည့် အုတ်ခဲများ၊ ကျောက်စာပြားများ၊ ကမ္ပည်းနှင့်ပုံမနှိပ် ရသေးသော စာမူများဟာ ကျမ်းစာပြောသည့် အရာများ မှန်ကန်ကြောင်း ထောက်ခံနေပါတယ်။


74

သမ္မာကျမ်းစာဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ်တယ်ဆိုတဲ့ နောက်အထောက်အထားတခုကတော့ အနာဂတ်ကို ကြိုတင်ပြောနိုင်လို့သာဖြစ်ပါတယ်။


75

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၄၆း၉-၁၀)
'. . . ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


76

အဦးမှစ၍အဆုံးတိုင်အောင်၄င်း၊ ရှေးကာလမှမဖြစ်သေးသောအရာတို့ကို၄င်း၊ ဘော်ပြလျက်
ငါအကြံတည်လိမ့် မယ်။ ငါ့အလိုရှိသမျှတို့ကို ငါပြည့်စုံစေမည်ဟုဆိုလျက်'
ဟေရှာယအနာဂတ္တိကျမ်း ၄၆း၉-၁၀


77

ကန့်လန့်ကာနှင့်တူသော အချိန်ကိုဖွင့်ပြလိုက်ပြီး ကျွန်တော်တို့အနေဖြင့် အနာဂတ်ကို ရိပ်ကနဲ့ မြင်လိုက်ရခြင်းဟာ ကမ္ဘာကိုဘာပြလိုက်သလဲဆိုတော့ သမ္မာကျမ်းစာဟာ သာမန်စာအုပ်မဟုတ်ဘဲ ဘုရားရဲ့စာအုပ်ဖြစ်ကြောင်း သက်သေပြလိုက်ခြင်းဖြစ်တယ်။


78

ဗာဗုလုန်မြို့ကြီး ဘုန်းတန်ခိုးအထွဋ်အထိတ်မရောက်မှီ ဘုရား၏စာအုပ်က ၄င်းနိုင်ငံဟာ
ကျဆုံးမဲ့အကြောင်းကို ကြိုတင်ဟောကိန်းထုတ်ထားပါတယ်။


79

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၁၃း၁၉)
'တိုင်းနိုင်ငံတို့၏ အထွဋ် ခါလဒဲအမျိုးသားတို့၏ ဘုန်းအရေဖြစ်သော ဗာဗုလုန်မြို့သည်


80

ဘုရားသခင်ပျက်စီးတော်မူသော သောဒုံနှင့်ဂေါမောရမြို့ကဲ့သို့ဖြစ်လိမ့်မည်။'
ဟေရှာယအနာဂတ္တိကျမ်း ၁၃း၁၉

သမ္မာကျမ်းစာက ဒီတန်ခိုးကြီးတဲ့နိုင်ငံကို ဘယ်သူကဖြုတ်ချမလဲဆိုတာ ကြိုတင်ပြောထားပါတယ်။


81

(ကျမ်းချက်။ ယေရမိအနာဂတ္တိကျမ်း ၅၁း၁၁)
' ထာဝရဘုရားသည် မေဒိရှင်ဘုရင်တို့ကို နှိုးဆော်တော်မူပြီ။ ဗာဗုလုန်မြို့ကို ပျက်စီးမည်အကြံရှိတော်မူ၏။
'
ယေရမိအနာဂတ္တိကျမ်း ၅၁း၁၁


82

ဗာဗုလုန်မြို့ကို စစ်ပြုမဲ့ ပုဂ္ဂိုလ်အကြောင်းကို သူမမွေးခင် နှစ်၁၅၀ကတည်းကကျမ်းစာကဆိုထားတယ်။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။



83

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၄၅း၁)
'အကြင်သူ၏ ရှေ့မှာ. . . နှစ်ရွက်ရှိသောတံခါးတို့ကို ဖွင့်ခြင်းငှါ အကြင်သူ၏လက်ကျာကို ငါထောက်မ၍
ထိုသူတည်းဟူ သော ကုရုမင်း၊ ထာဝရဘုရားပေးတော်မူ၍
ဘိသိတ်ခံသောမင်းအားမိန့်တော်မူသည်ကား. . '
ဟေရှာယအနာဂတ္တိကျမ်း ၄၅း၁
ကျမ်းစာဟောထားချက်များပြည့်စုံသလား?
လုံးစေ့ပတ်စေ့ပြည့်စုံပါတယ်။



84

ဗြိတိသျှအမျိုးသားပြတိုက်ရှိ ပါရှန်ခန်းမကြီးထဲမှာ ဗာဗုလုန်မြို့ပျက်ကြီးမှ တူးဖော်လို့ရထားတဲ့ ကုရုမင်းရဲ့ ဆလင်ဒါပေါ်မှာ ၄င်းသိမ်းပိုက်သောနယ်များကို တိကျစွာရေးသားထားတာတွေ့ရပါတယ်။



85

ကျမ်းစာက ဗာဗုလုန်မြို့ပျက်စီးမဲ့ အကြောင်းကို ကြိုတင်ပြောတာမကသေးဘူး. . .
ဆက်ပြီးဘယ်ကဲ့သို့ပြော ထားလဲဆိုလျှင်




86

(ကျမ်းချက်။ ယေရမိအနာဂတ္တိကျမ်း ၅၁း၃၇)
'ဗာဗုလုန်မြို့သည် အမှိုက်ပုံ၊ မြေခွေးနေရာတွင်း၊ အံ့ဩဖွယ်ရာ၊ ကဲ့ရဲ့သံပြုရာ၊
လူဆိတ်ညံရာအရပ်ဖြစ်လိမ့်မည်။
ယေရမိအနာဂတ္တိကျမ်း ၅၁း၃၇



87

ဟေရှာယအနာဂတ္တိကျမ်း ၁၃း၂၀-၂၁
ဟေရှာယကဒီလိုရေးထားတယ်။
'အဘယ်သူမျှမနေရ။'



88

တောသားရဲတို့သည် ထိုမြို့၌အိပ်ကြလိမ့်မည်။ အိမ်တို့သည်
မြည်တတ်သောတိရစ္ဆာန်များနှင့်အပြည့်ရှိကြလိမ့် မည်။ ' ဟေရှာယအနာဂတ္တိကျမ်း ၁၃း၂၀၊၂၁။



89


တန်ခိုးကြီးသော ဗာဗုလုန်မြို့ကြီးရဲ့ ကံကြမ္မာကို ဒီလောက်မှန်ကန်အောင် ကြိုတင်ပြောနိုင်တာ
ဘုရားဘဲဖြစ်ရ မယ်။ ဩစတင် အိပ်ချ် လေးရဒ် ဆိုသူက ဒီမြို့အကြောင်းကို ဘာပြောထားသလဲဆိုရင်။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။



90

'ပုံပျက်ပန်းပျက်နေတဲ့ အမှိုက်ပုံတွေဟာ ဧကပေါင်းများစွာကို ဖုံးလွှမ်းနေပြီး အသုံးမတဲ့လို့စွန့်ပစ်ထားတဲ့ ပစ္စည်းများဟာလည်း လူသူမြင်မကောင်းအောင် အရုပ်ဆိုးကြောင်း၊



91


ဇီးကွက်များနှင့်ခွေးအတို့သာ ထိုနေရာ၌ကျက်စားလျှက်ရှိ'ကြောင်းဖေါ်ပြထားပါတယ်။
နိနဝေမြို့ နဲ့ ဗာဗုလုန်မြို့ပျက်များမှာတွေ့ရှိမှုများ ။ စာမျက်နှာ ၄၁၃




92

လမ်းဘေးက ဆိုင်းဘုတ်ကလွဲလို့ ယခင်က ကြီးကျယ်ခမ်းနားသော ဗာဗုလုန်မြို့ကြီးရဲ့ ဘုန်းကျက်သရေကို မတွေ့ရတော့ဘူး။

ပျက်စီးနေတဲ့ ဗာဗုလုန်မြို့ဟောင်းကြီးအပေါ်မှာ ဖုံးလွှမ်းနေတဲ့ အမှိုက်ပုံတွေက ဘာကို သက်သေထူလိုက်သလဲ ဆိုရင် သမ္မာကျမ်းစာရေးသူတို့ကို ဘုရားသခင်လမ်းညွှန်မှုရှိကြောင်းနှင့် သမ္မာကျမ်းစာဟာ ခိုင်လုံခြင်းရှိ ကြောင်း။



93

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၄၀း၈)
ပရောဖက်ပြောဒါကို ကျွန်တော်တို့ ထောက်ခံတယ်။
'မြက်ပင်သည် ညှိုးနွမ်းခြောက်သွေ့တတ်၏။ အပွင့်တို့လည်းကြွေတတ်၏။ ထာဝရဘုရား၏နှုတ်ကပတ်တော်မူကား ကာလအစဉ်အမြဲတည်၏ဟုဆိုသတည်း'
ဟေရှာယအနာဂတ္တိကျမ်း ၄၀း၈



94

မိတ်ဆွေတို့ တကယ်လို့မြတ်စွာဘုရားဟာ ရှေးရှေးက နိုင်ငံကြီးများရဲ့ အနာဂတ်ကို နှစ်ပေါင်းများစွာ ကြိုတင် ဟောနိုင်ခဲ့လျှင်၊ ကျွန်တော်တို့ရဲ့ အနာဂတ်ကိုလည်း ကြိုတင်ပြီးဟော နိုင်ပါတယ်ဆိုတာ သံသယရှိမှာလား၊ အကြောင်းမရှိပါဘူး။



95

အမှန်မှာ ပရောဖက်ဟောထားသော အရာတွေဟာ ဘာနဲ့တူသလဲဆိုရင် ကန့်လန့်ကာကို ဖွင့်ပြီး ဘုရားရဲ့ မျက်စိဖြင့်အနာဂတ်ကို ကြည့်လိုက်တဲ့အခါ ရှေ့ကို ဆက်လက်ရှင်သန်ရပ်တည်နိုင်ဖို့ လူသားများ ရင်ဆိုင်ရမည့် ပြဿနာတွေအတွက် ဘုရားရှင်မှာ အဖြေရှိတယ် ဆိုတာကို ရိပ်ကနဲ့ မြင်လိုက်ရခြင်းပါဘဲ။



96

ကျမ်းစာဟာ စိတ်ချရတဲ့ ရာဇဝင်ထက်သာတယ်။ တိကျမှန်ကန်တဲ့ သိပ္ပံပညာထက်လည်းသာတယ်။ ပြည့်စုံသွားတဲ့ ပရောဖက်ဟောထားချက် များထက်လည်းသာတယ်။ အကယ်၍ကျမ်းစာဟာ ထိုအရာတွေထက်မသာ လျှင် ဒီစာအုပ်ကြီးကို လူတွေ ဘာဘဲလုပ်လုပ် ကိစ္စမရှိဘူး။



97

ကျမ်းစာရဲ့အဓိကအကြောင်းအရာကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ လောက်က၊ ယေရုရှလင်မြို့အပြင်မှာရှိတဲ့ တောင်ကုန်းလေးတကုန်းအပေါ်မှာဖြစ်ခဲ့တဲ့ အကြောင်းလေးပါ။ ထူးခြားမှာကတော့ ဒီအဖြစ်အပျက်ကို ကျွန်တော်ဘယ်လိုယုံကြည်လက်ခံမလဲဆိုတဲ့အပေါ်မှာ မူတည်ပါလိမ့်မယ်။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


98

အသက်ရှင်သော ဘုရား၏သားတော် ထိုလက်ဝါးကပ်တိုင်ပေါ်မှာ အမှန်သေလား၊ မသေဘူးလား။
ကျမ်းစာထဲ မှာ ပြောထားသည့်အတိုင်း ထိုသူဟာ ဟုတ်မဟုတ်။
ကရာနီကုန်းဟာ အိပ်မက်ဆန်သော စိတ်ကူးလား၊ တကယ်အဖြစ်မှန်လား။

ဒါတွေဟာ ထူးခြားချက်ရှိတယ်ဆိုတာ ကျွန်တော်တို့ သိဘို့လိုတယ်။



99

ကျမ်းစာဟာ ဟုတ်ပါတယ်။ မှန်ပါတယ်။ အမှန်ဖြစ်ကြောင်း အခိုင်အမာပြောနိုင်တဲ့အချက်အလက်ကတော့ လူတွေရဲ့ အသက်တာကိုပြောင်းလဲနိုင်တဲ့တန်ခိုးရှိခြင်းဖြစ်ပါတယ်။ ဒီတန်ခိုးဟာ ခရစ်တော်၌ရှိသောတန်ခိုး ဖြစ်ပါတယ်။




100

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၅း၃၉။)
'ကျမ်းစာအားဖြင့် ထာဝရအသက်ကို ရမည်ဟုစိတ်ထင်နှင့်သင်တို့သည် ကျမ်းစာကို စေ့စေ့ ကြည့်ရှုကြ၏။ ထိုကျမ်းစာပင်ငါ၏ သက်သေဖြစ်၏။'
ရှင်ယောဟန်ခရစ်ဝင် ၅း၃၉။



101

ဓမ္မဟောင်းကျမ်းကို ခရစ်တော်က ပြောနေတာပါ။ ဓမ္မသစ်ကျမ်းမှ မပေါ်သေးဘဲ ဓမ္မဟောင်းကျမ်းကို ဖွင့်ကြည့်တဲ့အခါမှာ ခရစ်တော်၏ ကြွလာမည့်အကြောင်း၊ ၎င်း၏ကယ်တင်ခြင်း လုပ်ငန်းတွေကို ပရောဖက်များ က ဟော ထားတာတွေ့ရပါလိမ့်မယ်။



102

လုကာခရစ်ဝင် ၂၄း၄၄
ယေရှုက တပည့်တော်တွေကို ဒီလိုမိန့်တော်မူခဲ့ပါတယ်။
'တဖန်မိန့်တော်မူသည်ကား မောရှေ၏ ပညတ္တိကျမ်းစာ၌၎င်း၊ ပရောဖက်တို့၏ကျမ်းစာ၌၎င်း၊
ဆာလံကျမ်းစာ၌၎င်း ငါ့ကို ရည်မှတ်၍ရေးထားသမျှသော



103


အချက်တို့သည်ပြည့်စုံရမည်ဟု ငါသည် သင်တို့နှင့်အတူရှိစဉ်အခါ သင်တို့အားဟော
ပြောသောအကြောင်း အရာတို့ကား ဤအကြောင်းအရာပေတည်းဟုမိန့်တော်မူ၏။'လုကာခရစ်ဝင် ၂၄း၄၄


104

ဓမ္မဟောင်းကျမ်းက ခရစ်တော်အကြောင်း အနာဂတ်ဟောထားပြီး ဓမ္မသစ်ကျမ်းမှာတော့ ခရစ်တော်ရဲ့ အသက်တာအကြောင်း မှတ်တမ်းတင်ထားပါတယ်။

တွေ့တယ်မဟုတ်လား။ ကျမ်းစာတအုပ်လုံးဟာ ခရစ်တော်အကြောင်းကို ဖေါ်ပြထားပါတယ်။ သူဟာ ဘုရားကို ပုန်ကန်နေတာ ကမ္ဘာကြီးကို လာပြီး အဖဘုရားဟာ ဘာနဲ့တူသလဲဆိုတာ လာပြီးနေပြသွားပါတယ်။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


105

ဒါကြောင်မို့ ကျမ်းစာကို ဘုရားရဲ့အသက်ရှင်သော နှုတ်ကပတ်တရားတော်လို့ခေါ်ပါတယ်။
ရောက်ရာနေရာမှာ
အစွမ်းပြတယ်။ အသက်တာကို ပြောင်းလဲစေတယ်။ အကျင့်စာရိတ္တကို ပြောင်းလဲစေတယ်။ အားနည်းသူကို အားဖြည့်ပေးတယ်။ စိတ်ဓါတ်ကျနေသူတို့အား ခွန်အားပေးတယ်။ သေလုဆဲဆဲသူကို မျှော်လင့်ခြင်းပေးပါတယ်။

ရာဇဝင်တလျှောက်မှာ ကျမ်းစာဟာ လူများရဲ့ အသက်တာကို ပြောင်းနိုင်တယ်ဆိုတာ ထပ်တလဲလဲသက်သေ ထူခဲ့တယ်။ စိတ်တိုသူကို သဘောကောင်းသူတွေအဖြစ်သို့ ပြောင်းလဲလာနိုင်တဲ့ တန်ခိုးရှိကြောင်းတွေ့ရတယ်။


106

တပ်မက်သောသူ၊ ညစ်ညူးသောသူတို့အား ဖြူစင်ပြီးသန့်စင်စေတယ်။ အရက်သောက်သူကို အရက်ပြတ်စေပြီး၊ ခိုးတတ်သူကို မခိုးတတ်သူ၊ လိမ်တတ်သူကို မလိမ်တတ်သူအဖြစ်သို့ ပြောင်းလဲစေနိုင်တယ်။

ကြမ်းတမ်းခက်ထန်သော ရာဇဝတ်ကောင်များကိုပင် ပျော်ရွှင်သိမ်မွေ့သော ခရစ်ယာန်များအဖြစ်သို့ ကျမ်းစာ က ပြောင်းလဲစေပါတယ်။


107

အိမ်ထောင်ပျက်တော့မည့်ဆဲဆဲမှာ လင်နှင့်မယားကို ပြန်လည်သင့်တင့်ပြီး ပျော်ရွှင်တဲ့ အိမ်ထောင်ဖြစ်အောင် ဖန်တီးပေးခဲ့တယ်။

ကျမ်းစာကို နေ့စဉ်ဖတ်တဲ့ သူတိုင်း အသက်တာမှာပြောင်းလဲခြင်းရှိရမယ်။ မိတ်ဆွေ ကျမ်းစာကို ဖတ်ဖို့ အချိန် ယူပါ။ သင့်ရဲ့အသက်တာကိုလည်း ပြောင်းလဲစေလိမ့်မယ်။


108

ခရစ်တော်က လူတွေရဲ့ အသက်တာကို ပြောင်းလဲစေခဲ့တယ်။ဒါဟာ ခရစ်ယာန်ဘာသာရဲ့ အနှစ်သာရဘဲဖြစ် တယ်။ ကျမ်းစာမှာ ပြောင်းလဲစေတဲ့ တန်ခိုးရှိတယ်။



109

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၈း၃၂)
လူတွေကို ဘာကပြောင်းသလဲဆိုတာ ခရစ်တော်သိတယ်။
'သမ္မာတရားကို လည်းသိကြသဖြင့် ထိုတရားသည် သင်တို့ကိုလွှတ်လိမ့်မည်ဟု ယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏။'
ယောဟန်ခရစ်ဝင် ၈း၃၂


110

သမ္မာတရားဟာ လူတွေကို လွှတ်မြောက်စေတယ်။ ပြောင်းလဲစေတယ်။
သမ္မာတရားဟာ အရက်သမားကိုပင် ချစ်စဖွယ်ကောင်းသော ဖခင်အဖြစ်သို့ပြောင်းလဲစေတယ်။
သမ္မာတရားဟာ ဆေးစွဲသူကို ဆေးရဲ့ကျွန်ဘဝမှ လွှတ်မြောက်စေတယ်။ ဒီနေ့ ကမ္ဘာကြီးမှာ လိမ်လည်လှည့် ဖြားမှုတွေနဲ့ ပြည့်နေတယ်။ လူတွေမေးနေတာက 'အမှန်တရားဆိုတာဘာလဲ'။



111

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၁၇း၁၇)
ခရစ်တော်ကိုယ်တိုင်အဖြေပေးပါတယ်။
'ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏။'
ယောဟန်ခရစ်ဝင် ၁၇း၁၇
ကျမ်းစာ၊ ဘုရားရဲ့နှုတ်ကပတ်တော်ဟာ သမ္မာတရားဖြစ်ပါတယ်။ နှုတ်ကပတ်တော်ဟာ လူသားတို့ရဲ့စိတ်ကို ပြောင်းလဲစေပါတယ်။

၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။


112

ဘုရားရဲ့နှုတ်ကပတ်တော်ဟာ ပြောင်းလဲရန်ဆန္ဒရှိပြီး ကျမ်းစာ၌ပါသော ယေရှုခရစ်တော်ကို လက်ခံမှသာ ပြောင်းလဲနိုင်ပါလိမ့်မယ်။

ကျမ်းစာကို ဖတ်လို့သန်းပေါင်းများစွာသောသူတို့ဟာ ပြောင်းလဲကြပြီး လူသားတွေရဲ့စိတ်နှလုံးကို ပြောင်းလဲ နိုင်တဲ့တန်ခိုးလောက်ကြီးတာ ကမ္ဘာပေါ်မှာ မရှိဘူး။

မိတ်ဆွေတွေ့တယ်မဟုတ်လား။ ကျမ်းစာကို ဘာလုပ်ကြမလဲ။ ဘုရားကျောင်းကို ကိုင်သွားဖို့နဲ့ အိမ်မှာ ခင်းကျင်းပြသထားဖို့ထက်အရေးကြီးတယ်။

လိုအပ်တဲ့ အကြံပေးချက်များရှိတာထက်ပိုပြီး အရေးကြီးတယ်။ ဘုရားသခင်က ကျမ်းစာအားဖြင့် ကျွန်ုပ်တို့ကို စကားပြောနေတယ်။

ကျမ်းစာဟာ ဤကမ္ဘာပေါ်မှာရှိတဲ့ ဘုရားရဲ့သားသမီးများအတွက် မေတ္တာစာပါ။

၎င်းထဲမှာ အသက်မသေဘဲ လွတ်မြောက်ရေး၊ ဥာဝရပျော်ရွှင်ခြင်းနဲ့စိတ်ငြိမ်သက်ရေးအတွက် လျှို့ဝှက်ချက် ရှိပါတယ်။



113

(ဗီဒီယို။ ၁၂ စက္ကန့်)
ဘုရားရဲ့နှုတ်ကပတ်တော်ဟာ လူတွေရဲ့အသက်တာကို ပြောင်းလဲတဲ့ပုံပြင်လေးကိုပြောပြပါရစေ။ လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာတုန်းက ဗောင်းတီ ဆိုတဲ့ သင်္ဘောတစီးရှိခဲ့တယ်။

၁၇၉၀ ခုနှစ်မှာ သင်္ဘောကပ္ပတိန် ဗလိုက် ဆိုသူဟာ အနောက် အိန္ဒိယကျွန်းစုတွင် စိုက်ရန် ဘရက်ဒ်ဖရုဒ်သီးပင်များ ကို သယ်ဆောင်ရန်ခရီးထွက်ခဲ့တယ်။ ၎င်းအပင်များမှ အသီးတွေကို ကျွန်များစားဖို့ဖြစ်ပါတယ်။



114

(ဗီဒီယို။ ၇ စက္ကန့်)
ဗလိုက် ရဲ့ရက်စက်ကြမ်းကြုပ်မှု၊ ညံ့ဖြင်းသော ဦးဆောင်မှုနှင့်ဆက်ဆံပုံမပြေလည်မှုတို့ကြောင့် သင်္ဘောသားများဟာ ဖလက်ချာ ခရစ်ရှန် ရဲ့ ခေါင်းဆောင်မှုအောက်မှ ဗလိုက် ကို ပုန်ကန်ပါတယ်။ ဗလိုက် နဲ့ အပေါင်းပါ ၁၈ ယောက်ကို လှေငယ်ပေါ်တင်ပြီး သမုဒ္ဒရာထဲ မျှောလိုက်ပါတယ်။ ရေကြောင်း ကျွမ်းကျင်မှုကြောင့် ဗလိုက် နှင့်အပေါင်းအပါများ အင်္ဂလန်သို့ကောင်းစွာပြန်ရောက်သွားကြတယ်။



115

(ဗီဒီယို။ ၁၀ စက္ကန့်)
ဗောင်းတီ သင်္ဘောအပေါ်မှာ ရှိသော သင်္ဘောသားများအနေဖြင့် အဆင်မပြေဘူး။ ဒါနဲ့လူသူမရှိတဲ့ ပစ်ကိန်း ကျွန်းကလေးမှာ သူတို့ရဲ့ ခရီးကို အဆုံးသတ်ခဲ့ပါတယ်။



116

(ဗီဒီယို။ ၁၀ စက္ကန့်)
အစဖျောက်တဲ့အနေနဲ့ ဗောင်းတီ ဆိုတဲ့ သင်္ဘောကို မီးနဲ့ရှို့လိုက်တယ်။ တာဟီတီကျွန်းမှာရောက်ခဲ့တုန်းက ဗလိုက်ဟာ ၎င်းကျွန်းပေါ်က မိန်းမများ ကလေးများနှင့် ယောကျာ်း အချို့ကိုခေါ်ဆောင်ခဲ့ပါတယ်။

ပုန်ကန်သူတွေ အရက်ချက်နည်းသိသွားတဲ့အခါမှာ ဒီလူတွေဒုက္ခကောင်းကောင်းကြီးရောက်တော့တယ်။ တဦးကို တဦးသတ်ဖြတ်ကြရာ နောက်ဆုံး ယောကျာ်းတွေအားလုံးလိုလိုသေဆုံးကုန်တယ်။ နောက်ဆုံးမှာ ဂျွန်အေဒမ်၊ အမျိုးသမီးတစုနှင့် ကလေးတွေသာကျန်တော့တယ်။

# ၅ – ယနေ့ ဒါတွေဟာ သင့်အတွက်ဘယ်လိုအဓိပ္ပါယ်ရှိသလဲ။



117

(ဗီဒီယို။ ၈ စက္ကန့်)
ဂျွန်အေဒမ် ဟာ တနေ့မှာ ကျမ်းစာ စာအုပ်ကို သေတ္တာတလုံးတွင်တွေ့ခဲ့ပါတယ်။ ကျမ်းစာအုပ်ကြီးကို အချိန် ယူပြီး ဖတ်ရာ၊ နောက်ဆုံး၌ အကြီးအကျယ်ပြောင်းလဲမှုကြီး ဖြစ်ခဲ့ပါတယ်။

ကလေးများရဲ့ ရှေ့ရေးအတွက်သူတာဝန်ရှိကြောင်းသတိထားမိတယ်။ ကလေးများစာရေးတတ်ဖတ်တတ်ဖို့ သူကြိုးစားအားထုတ်ပြီးသင်ပေးတယ်။

ကျွန်းသူကျွန်းသားတို့ရဲ့ပြောင်းလဲမှုဟာ အံ့သြစရာပါ။ ဒီကျွန်းကို ဖြတ်သွားတဲ့ သင်္ဘောတွေ သတိပြုမိတယ်။ ဗြိတိသျှအစိုးရအနေဖြင့် စိတ်ပါဝင်စားလာတယ်။ နောက်ဆုံးမှာ တကမ္ဘာလုံးက စိတ်ဝင်စားလာပါတယ်။


118

သမ္မာကျမ်းစာက ခင်ဗျားရဲ့အသက်တာကိုလည်း ပြောင်းနိုင်ပါတယ် မိတ်ဆွေ။ ဒီကျမ်းစာကို ရေးတဲ့သူတွေကို ပဲ့ပြင်တဲ့သန့်ရှင်သောဝိညာဉ်တော်ဟာ ကျမ်းစာကို ဖတ်တဲ့သူတွေကို လည်းပဲ့ပြင်ပြီး၊ ကျွနုပ်တို့ရဲ့အသက်တာ ကိုပြောင်းလဲပါလိမ့်မယ်။

ယုံကြည်စွာဖြင့် ဘုရားရဲ့နှုတ်ကပတ်တော်ကို လေ့လာပါ။ အို သခင်၊ ကျွန်တော်လိုက်လျှောက်နိုင်ဘို့ သမ္မာတရားကိုပြပါ။ ကျွန်တော့အသက်တာတွင်ပြောင်းလဲလိုတာရှိလျှင် ဖေါ်ပြတော်မူပါ။

ကိုယ်တော်၊ ကျွန်တော်ဟာ ကိုယ်တော်ရဲ့နှုတ်ကပတ်တော်ကို ဖတ်ပြီး၊ ချစ်ဖွယ်ကောင်းသော၊ အပြစ်လွှတ်သော၊ အသက်တာကို ပြောင်းလဲသော ကယ်တင်ရှင်ကို တွေ့နိုင်ပါစေ။


119

ဟုတ်ပါတယ်မိတ်ဆွေ။ ကျမ်စာဟာ သာမန်စာအုပ်မဟုတ်ပါဘူး။ စာရေးသူကြောင့် တမူထူးခြားတာဖြစ်တယ်။

စာရေးသူကို ရိပ်ကနဲ့မြင်လိုက်ရုံနဲ့ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းဟာ မြင့်တက်လာမယ်။ သူ့ကို သိပြီး သူ့အား ချစ်မြတ်နိုး၍ အားကိုးနိုင်ပါစေ။

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



1

မေတ္တာရှင်ဘုရားသခင်ဟာ ဘာကြောင့်ဒုက္ခဆင်းရဲခြင်းကိုခွင့်ပြုရသလဲ။


2

ခလဲရာအင်ဒဆင်ဟာ ဆန်ဖရန်စစ်စကိုမြို့မှာ အိမ်ဖော်အမျိုးသမီးတဦးဖြစ်ပါတယ်။ သူဟာသိမ်မွေ့တယ်၊ ဖြောင့်မှန်တယ်။
တစ်ယောက်သောသူဆီမှာ တစ်ဆယ့်ငါးနှစ်တိုင်တိုင် အိမ်ဖော်အလုပ်လုပ်ပြီးမှပျောက်သွားပါတယ်။

သူဘယ်ကိုထွက်သွားသလဲဆိုတာ အိမ်ရှင်ခဗျာမသိရှာဘူး။
ကြည့်ရတာကတော့ သူများမမြင်အောင်ထွက်သွားတာနဲ့တူပါတယ်။
ရက်ပေါင်းများစွာရှာဖွေပြီးတဲ့နောက်မြို့တော်ရဲ့လူမှုရေးလုပ်ငန်းအဖွဲ့အစည်းမှာ ထူးထူးဆန်းဆန်းသူ့ကို တွေ့ရှိခဲ့တယ်။

ခလဲရာဟာ ဆန်ဖရန်စစ်စကိုမြို့ရဲ့အပြင်ဘက်တောင်ပေါ်ပုန်းအောင်းရာတစ်နေရာမှာ အစာငတ်ခံသေဘို့ ကြိုးစားနေပါတယ်။ သူမဘယ်လို့ပြောသလဲဆိုရင် 'ကျမသေချင်တယ်၊ ကျမဆီကထွက်သွားကြပါ'။ သူမကို တွေ့ရှိတဲ့သတင်းထောက်က သူမကိုတွေ့ဆုံမေးမြန်းတဲ့အခါ သူမဘယ်လိုပြောသလဲဆိုရင်

'ကြည့်လေ၊ ဘယ်သူမှကျမကို ဂရုမစိုက်ဘူး။ ကျမဟာ
အလုပ်လုပ်နေရတဲ့လူထောင်ပေါင်းမြောက်များစွာထဲမှ အိမ်ဖော်မတစ်ယောက်ပါပဲ၊ ကျမဘဝဟာ ဘာမှတန်ဖိုးမရှိဘူး။ ဆွေမျိုးနီးစပ်ရာ၊ မိသားစု မိတ်ဆွေလဲမရှိ၊ ကျမ တစ်ကောင်ကြွက်ဖြစ်နေတော့ ကျမအသက်မရှင်ချင်တော့ဘူး။'

'ကျမနဲ့နီးစပ်တဲ့သူတစ်ယောက်မှမရှိဘူးလို့ကျမထင်
တယ်။ စကားပြောဖေါ်လဲမရှိ၊ ရင်ဖွင့်ပြောဆိုရမဲ့လူလဲမရှိ၊ ကျမကိုသေခွင့်ပေးပါတော့၊ ကျမကိုဘယ်သူမျှဂရုမစိုက်ဘူး။'


3

'ဘယ်သူမှ ဂရုမစိုက်ဘူး' ဆိုတဲ့စကားဟာ ဒီကမ္ဘာပေါ်မှာရှိတဲ့ လူတွေရဲ့အော်ဟစ်ငိုကြွေးသံပင်ဖြစ်ပါတယ်။
မကြာခင်တုန်းက ဘုရားနဲ့ပတ်သက်ပြီး လေ့လာသုံးသပ်ချက်မှာလူတွေကို အဲဒီမေးခွန်းမေးထားပါတယ်။
'သင်ဟာ ဘုရားသခင်အားမေးခွန်းတစ်ခုမေးမယ်ဆိုရင်၊ အဲဒီမေးခွန်းဟာ ဘာမေးခွန်းဖြစ်မလဲ။'

သင်ကော ဘုရားသခင်အားမေးခွန်းတစ်ခုမေးရမယ်ဆိုရင် ဘာမေးခွန်းမေးမလဲ။
သန်းပေါင်းမြောက်များစွာလူတွေမေးမှာကတော့ -
'ဘုရားရှင် ကျနော့ကို တကယ်ဂရုစိုက်ရဲ့လား၊ ကိုယ်တော်ရှင်သိပ်ကောင်းမြတ်တယ်ဆိုရင်၊ ဒီလောကမှာ ဘာဖြစ်လို့ဖျားနာခြင်း၊ ဒုက္ခဆင်းရဲခြင်းနဲ့သေခြင်းကိုခွင့်ပြုရသလဲ။

ခေါင်းကိုက်ခြင်း၊ ဝမ်းနည်းခြင်း ဘာကြောင့်ဖြစ်ရသလဲ။

ဘာဖြစ်လို့ ငတ်မွတ်ခေါင်းပါးခြင်း၊ ရေလွှမ်းမိုးခြင်း၊ သဘာဝအန္တရာယ်နဲ့စစ်တွေဖြစ်နေရသလဲ။


4

ပတ်ဝန်းကျင်ကိုကြည့်လိုက်တဲ့အခါ ဒီကမ္ဘာမှာ အဆိုးအင်အားစုတစ်ခုကိုမြင်တွေ့နေရပါတယ်။
နေရာတကာမှာ ကြောက်စရာကောင်းတဲ့ ဝမ်းနည်းကြေကွဲမှုများ နေ့စဉ်နဲ့အမျှ ဖြစ်ပျက်နေပါတယ်။

၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



5

(ဗီဒီယို။ ၁၅ စက္ကန့်)
ဒီလောကမှာ ဖြစ်ပျက်နေတဲ့ ဝမ်းနည်းကြေကွဲဘွယ်ရာများနဲ့ ဒုက္ခဆင်းရဲခြင်းအတွက် ဘယ်သူ့မှာတာဝန်ရှိနေသလဲ။

လူတွေတော်တော်များများဟာ သူတို့တွေ့ကြုံနေရတဲ့ အခက်အခဲတွေကြောင့် ဘုရားကို အပြစ်တင်နေကြတယ်။
'ဘာကြောင့်ဘုရားသခင်ဟာ ငါ့ကိုဒီလိုလုပ်ရသလဲ' ဆိုတဲ့မေးခွန်းမျိုးမေးတာကို သင်ဘယ်နှစ်ကြိမ်ကြားဘူးပါသလဲ။



6

အကောင်းနဲ့အဆိုးတိုက်လှန်ပွဲနဲ့ပတ်သက်ပြီး သမ္မာကျမ်းစာက ဘယ်လိုဆိုထားသလဲဆိုတာကြည့်ကြပါစို့။
'ဘုရားသခင်က ဒုက္ခဆင်းရဲနဲ့ဝမ်းနည်းခြင်းတွေကို ဒီလောကထဲသို့မယူဆောင်လာဘူးဆိုရင်၊ အမှန်တကယ်တာဝန်ရှိတဲ့လူဟာဘယ်သူဖြစ်မလဲ' ဆိုတဲ့မေးခွန်းကိုသင်ကမေးလိမ့်မယ်။


7

သမ္မာကျမ်းစာက အပြစ်ရှိတဲ့အဖွဲ့အစည်းကို လက်ညိုးထိုးပြထားပါတယ်။
လယ်သမားတယောက်က မိမိလယ်ကွက်ထဲမှာ ကောင်းသောမျိုးစေ့ကိုကြဲတဲ့ပုံပြင်လေးတခုကို ခရစ်တော်ကပြောခဲ့တယ်။ ဒါပေမဲ့ အပင်များပေါက်လာတဲ့အခါမှာ


8

မကောင်းတဲ့ပေါင်းပင်များလည်း လယ်ကွက်ထဲမှာတွေ့နေရပါတယ်။



9

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၁၃း၂၇)
'ကျွန်ုပ်တို့သည် အိမ်ရှင်ထံသို့သွား၍သခင်၊ ကောင်းသောမျိုးစေ့ကို လယ်၌ကြဲသည်မဟုတ်လော



10

တောပင်တို့သည် ဘယ်ကဖြစ်သနည်း'
ပေါင်းပင်တွေဘယ်ကလာသလဲ ဆိုတာကိုသူတို့တတွေသိချင်ကြတယ်။



11

(ကျမ်းချက် ဆလိုက် ၃ ခု။
ရှင်မဿဲခရစ်ဝင် ၁၃း၃၇-၃၉)
'ကိုယ်တော်က ကောင်းသောမျိုးစေ့ကိုကြဲသောသူသည်လူသားဖြစ်၏။

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



12

လယ်ကား ဤလောကဖြစ်၏။ ကောင်းသောအစေ့ကား နိုင်ငံတော်သားဖြစ်၏။ တောမျိုးစေ့ကား နတ်ဆိုးသားဖြစ်၏။'



13

တောမျိုးစေ့ကိုကြဲသောရန်သူကား မာရ်နတ်ဖြစ်၏။'
ရှင်မဿဲခရစ်ဝင် ၁၃း၃၇-၃၉



14

ဘုရားသခင်ဟာလူတိုင်းအားချစ်ခြင်းမေတ္တာနဲ့ကြင်နာခြင်းကို ပြသရန် လုပ်ဆောင်နေတဲ့အချိန်မှာ တဘက်မှာ ဘုရားသားသမီးများရဲ့ အသက်တာမှာ ဘေးအန္တရာယ်၊ ကြေကွဲမှု၊ သေခြင်းနဲ့ဖျားနာခြင်းတွေ့ကြုံခံစားဘို့ရန်လုပ်ဆောင်ပေးတဲ့အခြားအာဏာတန်ခိုး တစ်ခုရှိသေးတယ်ဆိုတာ တွေ့ရပါတယ်။



15

မြေကြီးပေါ်မှာ ဒုက္ခဆင်းရဲခြင်းဖြစ်လာရအောင်ကောင်းကင်မှာ ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတဲ့အမှန်တရားကို သိရှိဘို့ရန် သမ္မာကျမ်းစာ၌နောက်ဆုံးကျမ်းဖြစ်တဲ့ဗျာဒိတ်ကျမ်းကဖေါ်ပြထားပါတယ်။ မကောင်းမှုရဲ့အစကိုတို့တွေရှာကြမယ်။ တခါကကောင်းကင်မှာ စစ်ဖြစ်တယ်လိုပြောရင် သင့်ကိုအံ့အားသင့် စေလိမ့်မယ်။



16

(ကျမ်းချက် ဆလိုက် ၄ခု။ ဗျာဒိတ်ကျမ်း ၁၂း၇-၉)
'ကောင်းကင်၌စစ်ဖြစ်၏။ မိက္ခေလနှင့်သူ၏ကောင်းကင်တမန်တို့သည် နဂါးကိုစစ်တိုက်ကြ၏။



17

နဂါးနှင့်သူ၏ တမန်တို့သည် စစ်တိုက်၍မနိုင်ကြ။
ကောင်းကင်၌လည်းသူတို့နေစရာမရှိ။



18

ထိုအခါဤလောကတနိုင်ငံလုံးကိုလှည့်ဖြား၍မာရ်နတ်စာတန်အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသော နဂါးကြီးကို၄င်း၊



19

သူနှင့်အတူသူ၏ တမန်တို့ကို၄င်း မြေကြီးသို့ချလိုက်ကြ၏။'
ဗျာဒိတ် ၁၂း၇-၉

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ


20

ဗျာဒိတ် ၁၂း၃၊၄ ထဲမှာ နဂါးကြီး (သို့မဟုတ်) နတ်ဆိုးကြီးကို ဘယ်လိုမိတ်ဆက်ပေးထားသလဲဆိုတာကို သတိပြုပါ။


21

(ကျမ်းချက် ဆလိုက် ၂၃။ ဗျာဒိတ်ကျမ်း ၁၂း၃၊၄)
'ကောင်းကင်၌အခြားသော နိမိတ်လက္ခဏာပေါ်လာသည်ကား၊ အဆင်းနီသောနဂါးကြီးသည် ခေါင်းခုနစ်လုံး ချိုဆယ်ချောင်းနှင့်တကွ


22

ခေါင်းပေါ်၌သရဖူခုနစ်ဆူကို ဆောင်းလျက်ရှိ၏။'


23

'သူ၏အမြီးသည် ကောင်းကင်ကြယ်သုံးစုတစုကို ဆွဲငင်၍၊ မြေကြီးသို့ချလိုက်လေ၏၊'


24

ဘုရားကိုတော်လှန်ပုန်ကန်ဘို့ လှည့်ဖြားတဲ့လူရဲ့ နောက်ကိုလိုက်တဲ့
ကောင်းကင်တမန်သုံးပုံတပုံလောက်ပါဝင် တာကိုတွေ့မြင်ရပါတယ်။
လူစီဖါခေါ်ကျဆုံးတဲ့ ကောင်းကင်တမန်ရဲ့နောက်ထပ်အကြောင်းအရာများကို လေ့လာကြပါစို့။
ဓမ္မဟောင်းထဲမှာ သူ့ကိုတုရုမင်းအနေနဲ့ ဖေါ်ပြထားပါတယ်။ သူ့အကြောင်းနဲ့ပတ်သက်ပြီး
ဒီလိုဆိုထားပါတယ်။


25

(ကျမ်းချက် ဆလိုက် ၄၃။
ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၂-၁၄)
'အရှင်ထာဝရဘုရား၏ အမိန့်တော်ကိုဆင့်ဆိုရမည်မှာ သင်သည် ထူးဆန်းသော တံဆိပ်ဖြစ်၏။
ပညာနှင့်ပြည့် စုံ၍တင့်တယ်ခြင်းအသရေလည်း စုံလင်လျက်ရှိ၏။
ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၂


26

ဧဒင်အရပ်၊ ဘုရားသခင်၏ဉယျာဉ်တော်၌နေပြီ။ . . . ကျောက်မြတ်အမျိုးမျိုးတို့ကိုဆောင်းလေ၏။
ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၃


27

သင်သည် ဖြန့်၍လွှမ်းမိုးသော ခေရုဗိမ်ဖြစ်လျက်. . . ဘုရားသခင်၏သန့်ရှင်းသော
တောင်ပေါ်မှာနေရာကျ၍

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



28

မီးတောက်သောကျောက်တို့တွင် သွားလာရ၏။'
ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၄


29

လူစီဖါဟာ အဆင်းလှသော ကောင်းကင်တမန်ဖြစ်၍ဖန်ဆင်းခြင်းခံရတဲ့ အချိန်မှာပြည့်စုံလျက်ရှိတယ်။
သူဟာဘုရားသခင်အောက်ဖြန့်၍လွှမ်းမိုးသောကောင်းကင်တမန်ဖြစ်တယ်။


30

လူစီဖါဟာ ကောင်းကင်မှာချီးမြှောက်ခြင်းခံရတဲ့ ကောင်းကင်တမန်ဖြစ်တယ်။ ဘုရားသခင်ရဲ့ဂရုဏာပလ္လင်တဘက်တချက်စီမှာ ကောင်းကင်တမန်တပါးစီရှိတယ်။ ဒီကောင်းကင်တမန်နှစ်ပါးထဲတွင် တစ်ပါးဟာလူစီဖါဖြစ်ပါတယ်။


31

သူဟာဘုရားသူ့ကို ပေးထားတဲ့ရာထူးနဲ့မကျေနပ်နိုင်ဘူး။
သူဟာ ဘုရားဖြစ်ချင်တယ်
သူနဲ့ဘုရားနီးစပ်မှုကိုထိခိုက်စေမည့်အရာတစ်စုံတစ်ခုလူစီဖါ၌ဖြစ်လာပါတယ်။ ဘုရားရှင်ဟာ လူစီဖါကို ဘယ်လိုပြောသလဲဆိုရင်



32

(ကျမ်းချက်။
ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၅)
'ဘွားသောနေ့မှစ၍သင့်အပြစ်ထင်ရှား
သောနေ့တိုင်အောင်ပြုလေရာရာ၌ထင်
ရှားလျက်ရှိ၏။




33

(ကျမ်းချက်။
ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၇)
သင်သည်ကိုယ်၌တင့်တယ်ခြင်းအသရေကြောင့် ဝါကြွားသောစိတ်ရှိလျက်၊ ဂုဏ်ထွန်းတောက်သောကြောင့် သင်၏ပညာသည် ဖောက်ပြန်လျက်ရှိလေပြီ။'
ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၇


34


ဒီအသရေတင့်တယ်ပြီး စိတ်နေမြင့်လာတဲ့ ကောင်းကင်တမန်ဟာ အတ္တဆန်လာပြီး ဘုရားသခင်နှင့်သက်ဆိုင် သော အာဏာတန်ခိုး၊ ရှိသေခံထိုက်ခြင်းတို့ကို တပ်မက်လာတယ်။
သူဟာအာဏာရှူး၊ စကြဝဠာကြီးကို စိုးမိုးဘို့ ဖန်ဆင်းရှင်ကို စိန်ခေါ်ရဲတဲ့ သတ္တိရှိလာတယ်။
သေချာနားထောင်ပါ။



35


(ကျမ်းချက် ဆလိုက် ၃ ခု။
ဟေရှာယအနာဂတ္တိကျမ်း ၁၄း၁၂-၁၄)
'အိုနံနက်သား မိုးသောက်ကြယ်၊ သင်သည် ကောင်းကင်ကကျလေပြီတကား။ မြေတိုင်အောင်ခုတ်လှဲခြင်းကို ခံရလေပြီတကား၊

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ




36

သင်ကလည်း ကောင်းကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။



37


အမြင့်ဆုံးသော ဘုရားကဲ့သို့ငါနေမည်ဟု စိတ်အကြံရှိလေပြီ။'
ဟေရှာယအနာဂတ္တိကျမ်း ၁၄း၁၂-၁၄။


38

ဒီလိုမောက်မာထောင်လွှားတဲ့စကားလုံးများ လူစီဖါရဲ့နှုတ်ဖျားမှထွက်လာတဲ့အခါ၊ စုံလင်တဲ့မေတ္တာနဲ့ကောင်းကင်ရဲ့ညီညွတ်မှုတွေဟာ သန်းပေါင်းမြောက်များစွာသော တကိုယ်ကောင်းဆန်မှုတွေဟာ အစိတ်အပိုင်းငယ်များအဖြစ်သို့ ပေါက်ထွက်ကွဲလွင့်သွားပါတော့တယ်။


39

မကြာမြင့်မှီ အချိန်ကလေးမှာဘဲ၊ သူစီဖါဟာ အခြားသော ကောင်းကင်တမန်များအထဲမှာ မကျေနပ်တဲ့ စိတ်ခံစားမှုများကို စတင်ဖြန့်ဝေတော့တယ်။
ဖြေးဖြေးနဲ့သေချာစွာဖြင့်ဘုရားရှင်ရဲ့ မေတ္တာနဲ့တရားမျှတမှုတွေကိုမှေးမှိန်အောင်လုပ်ဆောင်ခဲ့တယ်။


40

သေတ္တာတစ်ခုမှာရှိတဲ့ သစ်သီးပုပ်လို သူရဲ့တော်လှန်ပုန်ကန်မှုဟာ ကောင်းကင်မှာ အခြားသော ကောင်းကင် တမန်များဆီသို့ ပြန့်နှံ့သွားခဲ့တယ်။
ဘာဖြစ်လို့ဘုရားရှင်ဟာ စာတန်ကို အဲဒီအချိန်မှာ မဖျက်ဆီးလိုက်သလဲလို့ သင့်စိတ်ထဲမှာ ရှိလာလိမ့်မယ်။
ဘုရားသခင်ဟာသူရဲ့ ရောင်ခြည်ဖြင့်စာတန်နဲ့သူ၏နောက်လိုက်များအား တခဏခြင်းတွင်ဖျက်ဆီးပစ်နိုင်ပါတယ်။ ဒါပေမဲ့ ဘုရားသခင်ဒီလိုလုပ်လိုက်ရင် ကျန်တဲ့ကောင်းကင်တမန်များ သူ့ကိုကြောက်ကြောက်ရွံ့ရွံ့နဲ့ ကိုးကွယ်လိမ့်မယ်။


41

ဘုရားသခင်ဟာ ကျနော်တို့ရဲ့လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ရုပ်သိမ်းပြီး ကျွန်ုပ်တို့ကို စက်ရုပ်ကလေးလို ဖန်ဆင်းလိုက်တယ်လို့ ဆိုကြပါစို့။
သားသမီးရှိတဲ့လူဘယ်နှစ်ယောက်ရှိပါသလဲ။ သင်တို့တစ်ချို့သာလျှင် သားသမီးရှိကြတယ်။
သင်တို့တွေ စက်ရုပ်လိုကလေးလိုချင်ပါသလား။ သင်တို့ပြောသမျှကို နားထောင်အောင်လုပ်ပေးလို့ရတဲ့ ကလေးမျိုးလိုချင်ပါသလား။
သင်ရဲ့ကလေးဟာ မနက်အိပ်ယာကထပြီး 'ဟုတ်ကဲ့မေမေ၊ ကျနော်ထမင်းစားမယ်။' လို့ပြောလိမ့်မယ်။
'ဟုတ်ကဲ့ဖေဖေ၊ ကျနော်အိမ်ရှင်းမယ်'
သင့်မှာစက်ရုပ်ကလေးတစ်ခုရှိတယ်- အေးတဲ့သံမဏိစက်ရုပ်ကလေးပေါ့။
သင့်မှာနောက်ထပ်ကလေးမရှိတော့ဘူး။
သင်ဟာဒီလိုကလေးမျိုးကို လိုချင်သလား။ လိုချင်မှာမဟုတ်ဘူး။
ဘုရားသခင်လည်းဒီလိုသားသမီးမျိုးမလိုချင်ပါဘူး။


42

ဘုရားသခင်ဟာ ချစ်ခြင်းမေတ္တာဖြစ်တော်မူတယ်။ ဖန်ဆင်းခြင်းခံရတဲ့သတ္တဝါများ သူ့ကိုချစ်လို့ကိုးစားလို့ ဝတ်ပြုကိုးကွယ်တာကိုဘဲ သူလိုလားတယ်။

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ


43

စာတန်ဟာ ဘုရားသခင်၏ပညတ်တော်နဲ့တရားမျှတမှုကို စိန်ခေါ်တိုက်ခိုက်ခဲ့တယ်။ ဒါပေမဲ့ ဘယ်သူက အကြီးအကဲဖြစ်သလဲဆိုဒါပြဘို့ ဘုရားရှင်ဟာ ဒီဥပဒေဖြင့်အတင်းအဓမ္မမလုပ်စေဘူး။
ဖန်ဆင်းထားတဲ့အရာ မျာိးကို ကာကွယ်ဘို့ သူတို့ရဲ့ ငြိမ်ချမ်းမှုနဲ့ ပျော်ရွှင်မှုကို အာမခံပေးဘို့ ဥပဒေကိုချမှတ်ခဲ့ပါတယ်။



44

သူရဲ့ ပညတ်(ဥပဒေ)များဟာ ကျွန်ုပ်တို့ရဲ့ လုံခြုံမှုနဲ့ ကောင်းစားရေးအတွက်ကောင်းစွာစီမံထားတဲ့ မီးပွိုင့်များ နဲ့ မိုင်နှုန်းကန့်သတ်တဲ့အချက်ပြများနဲ့တူပါတယ်။
အခြားသောကောင်းကင်တမန်တို့ထက် ဂုဏ်ပြုခြင်းခံရတဲ့ လူစီဖါဟာ ဒီစကြာဝဠာကို သူ၏ဖန်ဆင်းရှင်ဘုရား သခင်ထက်ပို၍စီမံနိုင်မယ်လို့ သူ့ကိုယ်သူထင်ခဲ့တယ်။


45

ဘုရားရှင်ရဲ့ရန်သူဖြစ်တဲ့ စာတန်ဟာ သူ့ကိုယ်သူနတ်ဆိုးဘဝရောက်အောင်ဖန်တီးလိုက်တယ်။



46

(ဗီဒီယို။ ၁၀ စက္ကန့်)
ဘုရားရှင်ဟာ လူတိုင်းအားနားထောင်ခြင်းဖြစ်စေ၊ နားမထောင်ခြင်းဖြစ်စေ၊ တခုခုကို ရွေးချယ်နိုင်သော စွမ်းရည်ကို ပေးထားခဲ့ပါတယ်။
တရားမျှတမှုနဲ့ချစ်ခြင်းမေတ္တာအားဖြင့် ဘုရားရှင်ဟာ စာတန်အားဤလောကကြီးကိုဘယ်လိုစီမံအုပ်ချုပ်မလဲ ဆိုဒါ လက်တွေ့ပြသဘို့ခွင့်ပြုထားခဲ့တယ်။
ဘုရားရှင်ဟာအားလုံးအပေါ်မှာ ချစ်ခြင်းမေတ္တာရှိတယ်။ ကောင်းမြတ်တယ်ဆိုဒါ ကျွန်ုပ်တို့နားမလည်နိုင် ပါဘူး။


47

ကောင်းကင်မှာ စတင်တဲ့စစ်ဟာ မပြီးဆုံးသေးပါဘူး။ စစ်မြေပြင်သာပြောင်းလဲသွာတာပါ။
ဤကမ္ဘာမြေကြီးပေါ်မှာ အကောင်းနဲ့အဆိုးစစ်မြေပြင်ဖြစ်လာပါတယ်။
ဤကမ္ဘာမြေကိုစာတန်ဟာသူ့ရဲ့အစိုးရနဲ့သူရဲ့စီမံအုပ်ချုပ်ပုံကို လက်တွေ့ဆောင်ရွက်မဲ့နေရာဖြစ်လာပါတယ်။



48

ဘာကြောင့်ဤကမ္ဘာပေါ်မှာဖြစ်လာရသလဲ။ ကျွန်ုပ်တို့ရဲ့ ကမ္ဘာဂြိုလ်ဟာ . . .



49

(ကျမ်းချက်။ ကောရိန်သုဩဝါဒစာပထမစောင် ၄း၉)
လောကီသားများနှင့်ကောင်းကင်တမန်များမျက်မှောက်၌ပွဲဝင်သောသူများဖြစ်ကြ၏။
ကောရိန်သုဩဝါဒစာပထမစောင် ၄း၉

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ


50

ဤကမ္ဘာသည် ဖန်ဆင်းရှင်၏လက်ထဲမှာ မဖေါ်ပြနိုင်လောက်အောင်ကြီးကျယ်ခမ်းနား လှပတင့်တယ်ပြည့်စုံစွာ ဖြင့်ထွက်လာခါစပင်ဖြစ်ပါတယ်။
စာတန်လည်း ဒီလိုဘဲထင်မြင်ယူဆတယ်ဆိုဒါ သိသာထင်ရှားပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီကမ္ဘာကိုသိမ်း ပိုက်လိုက်ရင် အကျိုးရှိလိမ့်မယ်လို့ သူမြင်တယ်။
နုနယ်လှပတဲ့ဤကမ္ဘာဂြိုလ်ကို သိမ်းပိုက်ရန်စာတန်ကြိုးစားခဲ့တယ်။


51

လူသားတရပ်လုံးရဲ့ မိဦးဖဦးဖြစ်တဲ့ အာဒံနဲ့ဧဝတို့ကို စုံစုံလင်လင်ဖန်ဆင်းထားပေမဲ့ အပြစ်မလုပ်နိုင်တဲ့အခြေ အနေမျိုးကို ဖန်ဆင်းမထားပါဘူး။
သူတို့ဟာ ဘုရားသခင်ကို ချစ်ပြီး သူ့နောက်တော်သို့လိုက်ရန်ရွေးချယ်နိုင်တယ်။ ဒါမှမဟုတ် သူရဲ့ညွှန်ကြား ချက်များကို လစ်လျူရှုဘို့ရွေးချယ်နိုင်ပါတယ်။
သူတို့ရဲ့သစ္စာရှိမှုကို စမ်းသပ်ရလိမ့်မယ်။ ထိုစမ်းသပ်မှုကို သစ်ပင်တပင်မှာ ဗဟိုပြုပါတယ်။ ဘုရားရှင်က သူတို့ကို သတိပေးလိုက်တယ်။




52

(ကမ္ဘာဦးကျမ်း ၂း၁၆၊၁၇)
'ထိုဥယျာဉ်၌ရှိသမျှသောအ
ပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏



53

ကောင်းမကောင်းသိကျွမ်းသောအပင်၏အသီးကိုကား မစားရ။ စားသောနေ့၌ဧကန်အမှန်သေရမည်ဟု လူကို ပညတ်ထားတော်မူ၏။' ကမ္ဘာဦးကျမ်း ၂း၁၆၊၁၇
ကြည့်ရတာ အကျိုးအကြောင်းသင့်တဲ့တောင်းဆိုချက်ပါဘဲ။ သူတို့တတွေလုံခြုံမှုရှိတယ်လို့ခံစားမိမှာဘဲ၊ ဒါပေမဲ့ လူဟာသူ့ကိုယ်သူလုံခြုံစိတ်ချရတယ်လို့ထင်မြင်တဲ့အချိန်မှာ သူ့ကိုအကွယ်အကာမဲ့တိုက်ခိုက်ရန် အလွယ်ကူဆုံးဖြစ်ပါတယ်။


54

ဧဝလည်း ဒီအတိုင်းဘဲဖြစ်တယ်။
စာတန်ဟာ သူမကို လှည့်ဖြားဘို့သူရဲ့ထူးကဲသောတန်ခိုးကို အသုံးပြုခဲ့တယ်။ စာတန်ဟာ ထင်ထင်ရှားရှား လုပ်လေ့မရှိဘူး။ သူဟာ အလွန်လှည့်စားတတ်တယ်။ အဖွဲ့အစည်းကိုသော်၄င်း၊ လူထုကိုသော်၄င်း၊ မြွေကို သော်၄င်း အသုံးပြုလေ့ရှိတယ်။


55

ဒါကြောင့်ပေါလုဘယ်လိုပြောသလဲဆိုရင်



56

(ကျမ်းချက် ဆလိုက် ၃ ခု။
ဧဖက်သြဝါဒစာ ၆း၁၁-၁၂)
'မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆင်ကြလော့။



57

အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်၊ အထွတ် အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



58

လောကီမှောင်မိုက်၌အစိုးတရပြုလုပ်သောမင်းတို့နှင့်၄င်း၊ မိုလ်းကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်၄င်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏။'
ဧဖက်သြဝါဒစာ ၆း၁၁-၁၂


59

ဧဝဟာ လှည့်ဖြားခြင်းခံရတယ်။
စကားပြောတဲ့မြွေဆီကထွက်လာတဲ့စကားလုံးများဟာ စာတန်ဆီကလာတယ်ဆိုဒါ သူတစ်ခါမှ့ သံသယမရှိခဲ့ဘူး။
နတ်ဆိုးဟာ မြွေအားဖြင့်သူ့ကိုမေးလိုက်တယ်။


60

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၁)
'သင်တို့သည် ဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကို မစားရဟု ဧကန်စင်စစ် ဘုရားသခင်မိန့်တော်မူသလော။'
ကမ္ဘာဦးကျမ်း ၃း၁


61

(ကျမ်းချက် ဆလိုက် ၄ ခု။ ကမ္ဘာဦးကျမ်း ၃း၂-၄)
ဧဝက ဘယ်လိုပြန်ဖြေသလဲဆိုရင် 'ဥယျာဉ်၌ရှိသော အပင်တို့၏အသီးကိုစားရသောအခွင့်ရှိ၏။


62


ဥယျာဉ်အလယ်၌ရှိသော အပင်၏အသီးကိုကား


63

သင်တို့သည် မကိုင်မစားဘဲနေကြလော့။ သို့မဟုတ်သေမည်ဟု ဘုရားသခင်အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။


64

မြွေကလည်း သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။'
ကမ္ဘာဦးကျမ်း ၃း၂-၄


65

ဧဝသည် မြွေပြောတဲ့စကားကို နားထောင်နေတဲ့အချိန်မှာ မြွေပြောတာနဲ့ဘုရားသူတို့ကိုပြောခဲ့တာ မတူတာကို ကြားရတော့ သူမစိတ်ဇဝေဇဝါဖြစ်ကောင်းဖြစ်လိမ့်မယ်။ မြွေကလည်း လျှင်မြန်စွာဖြင့် ဆက်လက်ပြီး

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



66

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၅)
'အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌သင်တို့သည် မျက်စိပွင့်လင်းလျက်၊ ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတံ့သည် ကို ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။'
ကမ္ဘာဦးကျမ်း ၃း၅



67

ဘုရားသခင်ဟာ မတရားဘူးလို့စာတန်က ဆိုထားပါတယ်။ ကောင်းတဲ့အရာတချို့ကိုမပေးဘဲ ချန်လှပ်ထားတယ်။
ဘုရားသခင်ရဲ့တူချင်တာဟာ စာတန်ရဲ့တပ်မက်ခြင်းနဲ့ကျဆုံးခြင်းပါဘဲ။ အခုလဲဧဝရဲ့ နားထဲမှာလဲကောင်းသလို လိုဖြစ်နေပြီးလျှင်မြန်စွာနဲ့ဘဲ




68

(ကျမ်းချက် ဆလိုက် ၂၃။ ကမ္ဘာဦးကျမ်း ၃း၆)
'ထိုအပင်သည် စားဘွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း



69

ပညာတိုးပွားစေလိုသော၄်၊ နှစ်သက်ဘွယ်သောအပင်ဖြစ်ခြင်းကို မိန်းမသည် မြင်လျှင်၊ အသီးကိုယူ၍စား၏။'
ကမ္ဘာဦးကျမ်း ၃း၆။


70


'အာဒံကိုလည်းပေး၍ သူလည်းစား၏။'


71

အာဒံနဲ့ဧဝတို့ဟာ 'ဘုရားသခင်ကိုသစ္စာရှိမရှိ' ဆိုတဲ့စမ်းသပ်မှုကို မအောင်မြင်ခဲ့ဘူး။ မကြာခင်မီမှာဘဲ တခုခုမှားနေပြီဆိုတာ သူတို့သိလာကြတယ်။


72

စာတန်ဟာဖြစ်ခါစ ကမ္ဘာကိုပြန်ပေးဆွဲခဲ့တယ်။ ထိုအချိန်မှစပြီး သူဟာ 'ဤလောကရဲ့ဘုရင်' ဆိုတဲ့ဘွဲ့ကို ယူထားလိုက်တယ်။
တော်လှန်ပုန်ကန်သော ဂြိုလ်တစ်ခုရဲ့အုပ်ချုပ်သူ။
အာဒံနဲ့ဧဝတို့ဟာ နတ်ဆိုးရဲ့စကားကိုနားထောင်ခဲ့ပြီ။


73


ဝမ်းနည်းကြေကွဲဘွယ်နေ့တနေ့ရဲ့အဆုံးရောက်ခါနီးအချိန်တွင် ဘုရားသခင်ဟာ နေအေးသောအချိန်၌ကြွဆင်း ၍ အာဒံနဲ့ဧဝကိုခေါ်လိုက်တယ်။
ဒီနေ့ မတိုင်ခင်အာဒံနဲ့ဧဝတို့ဟာ ဘုရားသခင်နဲ့အတူတူလမ်းလျှောက်ခြင်း၊ မျက်နှာခြင်းဆိုင်စကားပြောခြင်း တို့ကိုပြုခဲ့၍ သူတို့အတွက်အပျော်ရွှင်ဆုံးအချိန်ဖြစ်ခဲ့ရတယ်။
ဒါပေမဲ့ ဒီနေ့မှာတော့ သူတို့တတွေ ချုံကြီးချုံကြားထဲကိုထွက်ပြေးတိမ်းရှောင်လိုက်တယ်။


74

နောက်ဆုံးတော့ အာဒံဟာချုံထဲက ထွက်လာပြီး ဝန်ခံလိုက်တယ်။


75

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၁၀)
'ဥယျာဉ်၌ကိုယ်တော်၏အသံကိုကျွန်တော်ကြားလျှင်၊ အဝတ်အချည်းစည်းရှိသောကြောင့် ကြောက်၍ပုန်းလျက် နေပါသည်။'
ကမ္ဘာဦးကျမ်း ၃း၁၀


76

အာဒံဟာတခါမျှမကြောက်ခဲ့ပါဘူး။ ဒါဟာအပြစ်ကြောင့်ပါဘဲ။ အပြစ်ကလူတယောက်ကို ဘုရားသခင်အား ကြောက်ဘို့လုပ်ဆောင်ပေးတယ်။


77

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၁၁)
ဘုရားသခင်ကလည်း 'မစားရဟု ငါပညတ်သော အပင်၏အသီးကို စားပြီလော' ဟုမေးတော်မူ၏။
ကမ္ဘာဦးကျမ်း ၃း၁၁။
အာဒံက


78


(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၁၂။)
'ကျွန်တော်၌အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်။'
ကမ္ဘာဦးကျမ်း ၃း၁၂။
လွန်ခဲ့တဲ့နာရီအနည်းငယ်တုံးက အာဒံဟာဧဝနဲ့အတူသေမယ်လို့ သစ္စာဆိုခဲ့တယ်။
အခုတော့ သူမကိုအပြစ်တင်တယ်။ သူမကိုဖန်ဆင်းတဲ့အတွက် ဘုရားကိုလည်းအပြစ်တင်တယ်။
အပြစ်ဟာ စုံလင်တဲ့မေတ္တာကိုလှုပ်ခါခဲ့တယ်။


79

ဧဝလည်း သူများကိုအပြစ်တင်ဖို့မနှေးကွေးပါဘူး။ ဘုရားသခင်က
သူမအားဘာတွေလုပ်ခဲ့သလဲလို့မေးလိုက်တဲ့ အခါသူမက


80

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၁၃)
'မြွေသည် ကျွန်တော်မကို လှည့်စား၍ကျွန်တော်မသည်စားမိပါပြီ။'
ကမ္ဘာဦးကျမ်း ၃း၁၃
ဧဝဟာဘုရားကိုလည်းအပြစ်တင်တယ်။ တခြားစကားနဲ့ပြောမယ်ဆိုရင် 'ကိုယ်တော်ဖန်ဆင်းတဲ့မြွေက ကျွန်မကို ဒုက္ခရောက်အောင်လုပ်တယ်။' လို့ပြောနေတယ်။


81

ထိုနေ့မှာဘဲ အာဒံနဲ့ဧဝကို သေဘို့စီရင်ခြင်းခံရတယ်။
အသက်ပင်၏အသီးကိုမစားရလေအောင် ဘုရားသခင်ဟာ အာဒံနဲ့ဧဝကို သူတို့ရဲ့ဧဒင်ဥယျာဉ်အိမ်ကနေ နှင်ထုတ်လိုက်တယ်။
မာရ်နတ်က သူတို့မသေရဘူးလို့ပြောတယ်။ ဒါပေမဲ့လို့ကျမ်းစာက

၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



82

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၅း၅)
အာဒံသည် အသက်ကိုးရာသုံးဆယ်စေ့သော် သေလေ၏။
ကမ္ဘာဦးကျမ်း ၅း၅
သူတို့ဟာ အချိန်နှောင်းစွာဖြင့် မာရ်နတ်ရဲ့ လှည့်ကွက်ကြောင့် အဖဘုရားရဲ့စကားကို မထီမဲ့မြင်ပြုခဲ့တော့ ခုလို သေလေ၏ ဆိုတဲ့စကားကိုကြားခဲ့ရတယ်။ ဒီအတွက်ကြောင့်



83

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၈း၄၄)
'မုသားစကား၌ကျင်လည်သောသူဖြစ်၏။ မုသား၏အဘလည်းဖြစ်၏။'
ရှင်ယောဟန်ခရစ်ဝင် ၈း၄၄


84

ဤလောကရဲ့ စိတ်ကြေကွဲဘွယ်နဲ့ပျက်စီးယိုယွင်းမှုတွေကြောင့်ဘုရားကို အပြစ်တင်လွယ်တတ်ပါတယ်။
ဒါပေမဲ့ တကယ့်တကယ်တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကစာတန်မာရ်နတ်ဘဲဖြစ်တယ်။



85

(ဗီဒီယို။ ၁၀ စက္ကန့်)
သူဟာဤကမ္ဘာဂြိုလ်ပေါ်မှာ ဒုက္ခယူဆောင်လာတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အပြစ်ကိုဖန်တီးတဲ့သူ၊ ဒုက္ခဆင်းရဲခြင်းကို ပေးတဲ့သူဖြစ်တယ်။
သခင်ယေရှုဟာ မာရ်နတ်နဲ့သူ၏လူကိုဒုက္ခပေးတဲ့ အကြောင်းကိုဖွင့်ပြခဲ့တယ်။


86

ဥပုသ်နေ့တနေ့၌ တရားဇရပ်တခုတွင်ခရစ်တော်သွန်သင်နေစဉ် ကျောကုန်း၍ကိုယ်ကို အလျှင်းမဆန့်နိုင်တဲ့ အမျိုးသမီးတဦးကို သတိထားမိတယ်။
ထိုမိန်းမကို ကြင်နာသနားစိတ်ရှိ၍သူမ၏ရောဂါကို ငြိမ်းစေလိုက်တယ်။


87

ကုသမှုကို ဥပုသ်နေ့၌လုပ်ဆောင်သောကြောင့် ဘာသာရေးခေါင်းဆောင်များဟာ ခရစ်တော်ကိုချက်ချင်း ပြစ်တင်ဝေဖန်လိုက်တယ်။
ဒါပေမဲ့ ခရစ်တော်ဟာ သူရဲ့လုပ်ဆောင်ချက်ကို ဘယ်လိုကာကွယ်ပြောဆိုသလဲဆိုတာ သတိပြုပါ။
ဥပုသ်နေ့မှာ ခရစ်တော်ဟာဆေးကုလို့ ဘာသာရေးခေါင်းဆောင်တွေဟာ ခရစ်တော်ကိုချက်ခြင်းအပြစ်တင် ဝေဖန်ခဲ့ကြတယ်။ ဒါကို ခရစ်တော်ဘယ်လိုပြောခဲ့လဲဆိုရင်



88

(ကျမ်းချက်။ လုကာခရစ်ဝင် ၁၃း၁၆)
'တဆယ့်ရှစ်နှစ်ပတ်လုံး စာတန်ချည်နှောင်သော အဗြဟံ၏သမီးဖြစ်သော ဤမိန်းမကို



89

ဥပုသ်နေ့၌မလွှတ်ရသလော။'
ရှင်လုကာခရစ်ဝင် ၁၃း၁၆


90

စာတန်ဟာ ဒီအမျိုးသမီးကို တဆယ့်ရှစ်နှစ်ပတ်လုံးချည်နှောင်ခဲ့တယ်လို့ယေရှုကပြောခဲ့တယ်။
စာတန်ဟာ အပြစ်ကျူးလွန်တဲ့သူဘဲ၊ ခပ်သိမ်းသောရောဂါ၊ ဒုက္ခဆင်းရဲခြင်းခေါင်းကိုက်ခြင်းနဲ့သေခြင်းရဲ့ နောက်ကွယ်မှာ ကြိုးကိုင်တဲ့သူဟာ စာတန်ဘဲဖြစ်တယ်။


91

ကျမ်းစာထဲမှာတော့ စာတန်ရဲ့နည်းပြုဟာအကြောင်းနဲ့ပတ်သက်ပြီးယောဘအခန်းကြီး ၁ ထဲ မှာ စာတန်နဲ့ ဘုရားသခင်အပြန်အလှန်စကားပြောတဲ့နေရာမှာထင်ရှားစွာဖေါ်ပြထားပါတယ်။


92


စာတန်ကျဆုံးပြီးနောက်၊ အချိန်ကာလတခုမှာ ဘုရားသခင်၏သားတို့ဟာ ဘုရားသခင်အထံတော်မှာ သွားရောက်ခစားကြတယ်။ စာတန်လည်းပါလာတယ်။
စဉ်းစားကြည့်ပါ။ 'ဘုရားသခင်၏အစည်းအဝေးမှာ' စာတန်လည်းဖိတ်ခေါ်ခြင်းမခံရဘဲပါလာတယ်။


93

(ကျမ်းချက်ဆလိုက် ၂ခု။ ယောဘဝတ္ထု ၁း၇)
'ထာဝရဘုရားကလည်း သင်သည်အဘယ်အရပ်ကလာသနည်း စာတန်အားမေးတော်မူလျှင်'
ယောဘဝတ္ထု ၁း၇
နောက်တနည်း နဲ့ပြောမယ်ဆိုရင် 'မင်းကိုဘယ်သူဖိတ်သလဲ။ မင်းမှာ အဘယ်အခွင့်အာဏာနဲ့ဒီကိုရောက်လာသလဲ'
စာတန်က ဘုရားသခင်ကိုပြန်ဖြေလိုက်တယ်။


94

'မြေကြီးပေါ်မှာ လှည့်လည်၍အရပ်ရပ်သွားလာခြင်း အမှုထဲကလာပါသည်။'
ယောဘဝတ္ထု ၁း၇
စာတန်ဟာဒီကမ္ဘာဂြိုလ်ကိုပိုင်ဆိုင်တယ်လို့ပြောပါတယ်။အာဒံရဲ့ရာထူးကိုသူလုယူလိုက်တယ်။


95

ထိုနေ့ဘုရားသခင်ထံမှာခစားတဲ့လူများလိုဘဲ အာဒံကိုဘုရားသခင်၏သားလို့ခေါ်ဝေါ်ထားပါတယ်။
(ရှင်လုကာခရစ်ဝင် ၃း၃၈)


96

အာဒံဟာ ကျွန်ုပ်တို့ကမ္ဘာရဲ့ခေါင်းဆောင်ဖြစ်သလို
သူတို့တတွေလဲအခြားကမ္ဘာများရဲ့ခေါင်းဆောင်တွေဖြစ်ကြ တယ်မဟုတ်ဘူးလား။
ဘယ်လိုဘဲဖြစ်ဖြစ် စာတန်ဒီကမ္ဘာရဲ့ခေါင်းဆောင်လို့ပြောတာဟာ မမှားပါဘူး။ ထာဝရဘုရားက စာတန်ကို ဘယ်ကဲ့သို့ပြောသလဲဆိုရင်


97

(ကျမ်းချက် ဆလိုက်၄ခု။ ယောဘဝတ္ထု ၁း၈၊၉၊၁၁)
'ငါ့ကျွန်ယောဘကို ဆင်ခြင်ပြီလော၊ မြေကြီးပေါ်မှာ သူနှင့်တူသောသူ တစ်ယောက်မျှမရှိ။

၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



98

စုံလင်ဖြောင့်မတ်ပေ၏။ ဘုရားသခင်ကိုကြောက်ရွံ့သောသူ၊
မကောင်းသောအကျင့်ကိုရှောင်သောသူဖြစ်သည်။'



99

စာတန်ကလည်း ယောဘသည်အကျိုးမရဘဲ ဘုရားဝတ်ကိုပြုသလော။




100

'ယခုမူကား လက်တော်ကိုဆန့်၍သူ၏ဥစ္စာရှိသမျှကိုထိခိုက်တော်မူလျှင်
သူသည်မျက်မှောက်တော်၌ကိုယ်တော် ကိုစွန့်ပယ်လိမ့်မည်။'
ယောဘဝတ္ထု ၁း၈၊၉၊၁၁



101

ဒါဟာစိန်ခေါ်မှုတရပ်ပါဘဲ။ ယောဘဟာ ဘုရားသခင်အပေါ်မှာသစ္စာစောင့်တာဟာ ဘုရားကိုချစ်လို့၊ ကိုးစား ယုံကြည်လို့တော့မဟုတ်ဘဲ၊ ဘုရားကသူ့ကိုကောင်းကျိုးတွေပေးလို့သာဖြစ်တယ်လို့ စာတန်ကပြောပါတယ်။



102

(ကျမ်းချက် ဆလိုက်၂ခု။ ယောဘဝတ္ထု ၁း၁၂)
'ထာဝရဘုရားကလည်း သူ၏ဥစ္စာရှိသမျှသည် သင့်လက်၌ရှိ၏။ သူ့ကိုယ်တခုကိုသာ မထိမခိုက်နှင့်ဟုမိန့်တော်မူလျှင်



103

စာတန်သည် ထာဝရဘုရားထံတော်မှထွက်သွားလေ၏
ယောဘဝတ္ထု ၁း၁၂
စာတန်ဟာ ယောဘ၏ပစ္စည်းဥစ္စာရှိသမျှကို ဖျက်ဆီးဘို့ရန် ထွက်ခွါသွားတော့တယ်။


104

ထိုးနှက်မှုသည် မကြာမီအချိန်အတွင်းမှာ ကျရောက်ပါတော့တယ်။
ပဌမ - ရှေဘအမျိုးသားများဟာ ယောဘ၏နွားများကိုလုယူ၍အစောင့်တို့ကိုလည်းသတ်လိုက်ကြတယ်။


105

ဒုတိယ - မီးသည်မိုးကောင်းကင်ကကျပြီး သိုးနဲ့သိုးကျောင်းသားများကို ဖျက်ဆီးလိုက်တယ်။

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ


106

တတိယ - ခါလဒဲလူတို့လာကြပြီး ကုလားအုပ်တို့ကိုလုယူကြတယ်။


107

စတုတ္ထ - (ကြေကွဲစရာအကောင်းဆုံးသတင်း) လေမုန်တိုင်းကြီးတိုက်ခတ်၍ယောဘ၏သားကြီး၏ အိမ်ကိုဖျက် ဆီးတယ်။ ဒီအချိန်စားသောက်ပွဲကျင်းပတဲ့ အချိန်ဖြစ်ပြီး ယောဘရဲ့သားသမီး ဆယ်ယောက်စလုံး သေကုန်ကြတယ်။


108

သနားစရာကောင်းတဲ့ ယောဘ။ သူထင်တာကတော့ ဘုရားဟာ သူ၏ပစ္စည်းအားလုံးကိုသိမ်းယူလိုက်ပြီး သူ့ကို စိတ်ကြေကွဲစေတယ်။
၄င်းအရာတွေကို မာရ်နတ်လုပ်တယ်ဆိုတာ သူမသိရှာဘူး။ ဝမ်းနည်းကြေကွဲရသည့်တိုင် ယောဘဟာ ဘုရားအပေါ်မှာ သစ္စာမပျက်ပါဘူး။


109


(ယောဘသတ္တု ၁း၂၁)
'ထာဝရဘုရားပေးတော်မူ၏။ ထာဝရဘုရားလည်းရုပ်သိမ်းတော်မူ၏။ ထာဝရဘုရား၏နာမတော်သည် မင်္ဂလာရှိ ပါစေသတည်းဟုမိန့်လေ၏။'
ယောဘသတ္တု ၁း၂၁
သူ၏ပိုင်ဆိုင်မှုနဲ့သူ့သားသမီးများကို ဖျက်ဆီးတဲ့ဝမ်းနည်းကြေကွဲမှုကို နားမလည်ပေမဲ့ ယောဘဟာ ဘုရားသခင်ရဲ့ ကောင်းမြတ်တော်မူခြင်းကို မပြောင်းမလဲ ဆက်လက်ကိုးစားယုံကြည်ခဲ့ပါတယ်။
ဒါပေမဲ့ စာတန်ဟာ မကြေနပ်နိုင်သေးဘူး။
ဘုရားသခင်ကို နောက်ထပ်စိန်ခေါ်လိုက်ပြန်တယ်။


110

(ကျမ်းချက် ဆလိုက် ၃ခု။ ယောဘဝတ္ထု ၂း၄-၆)
'စာတန်ကလည်း . . . လူသည် မိမိအသက်ကို မိမိဥစ္စာရှိသမျှကိုပေးပါလိမ့်မည်။'


111

'ယခုတဖန်လက်တော်ကိုဆန့်၍သူ့အရိုးနှင့်သူ့အသားကိုထိခိုက်တော်မူလျှင် မျက်မှောက်တော်၌ ထာဝရဘုရား ကိုစွန့်ပယ်မည်ဟု ထာဝရဘုရားကိုပြန်လျှောက်လေ၏။'


112

'ထာဝရဘုရားကလည်း သူသည်သင့်လက်၌ရှိ၏။ သူ့အသက်တစ်ခုကိုသာလွှတ်စေဟုမိန့်တော်မူလျှင်'
ယောဘဝတ္ထု ၂း၄-၆

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ


113

စာတန်ဟာ စမ်းသပ်မှုကို ဆက်လက်လုပ်ဆောင်နေပါတယ်။ စမ်းသပ်မှုပိုပြင်းထန်လာတဲ့အခါ၊ ယောဘဟာ ဘုရားသခင်ကို ဆက်လက်ပြီး သစ္စာရှိပါဦးမလား၊ ဒါမှမဟုတ် ဘုရားသခင်ကိုကျောခိုင်းလေမလား။



114

(ကျမ်းချက် ဆလိုက်၂ခု။ယောဘဝတ္ထု ၂း၇)
'စာတန်သည် ထာဝရဘုရားထံတော်မှထွက်သွား၍



115

'ယောဘ၏လက်ဘဝါးမှသည်ဦးထိပ်တိုင်အောင်ဆိုး
သော အနာစိမ်းများတိုးပေါက်စေ၏။'
ယောဘဝတ္ထု ၂း၇


116

သင့်မှာ အနာစိမ်းပေါက်ဘူးရင် အနာစိမ်းတလုံးဘယ်လောက်နာကျင်သလဲဆိုတာ သင်ခံစားရလိမ့်မယ်။ ဦးခေါင်းမှ ခြေဘဝါးတိုင်အောင် အနာစိမ်းပေါက်မယ်ဆိုရင်တော့ ဘယ်လောက်နာကျင်မလဲဆိုတာ စဉ်းစားကြည့်ပါ။


117

စာတန်ဟာ ယောဘအား သူ၏ပိုင်ဆိုင်မှု၊ သူ့သားသမီးများ၊ သူ့ကျန်းမာရေးကိုပါထိပါးလာသည့်တိုင်အောင်၊ ယောဘဟာ ဘုရားသခင်ပေါ်မှာ သစ္စာရှိမြဲရှိပါတယ်။ အံ့ဘွယ်လူသားတစ်ယောက်ပါဘဲ၊ ကျမ်းစာက ဆက်လက်ပြီး ပြောသည်မှာ



118


'ယောဘသည် ဤအမှုများနှင့်တွေ့ကြုံသော်လည်းမမှားယွင်း၊ ထာဝရဘုရားကိုလည်း အပြစ်မ တင်ဘဲနေ၏။
'

ယောဘဝတ္ထု ၁း၂၂



119

ယောဘကို ဘယ်သူဒုက္ခပေးသလဲ။
ယောဘကို ကပ်ဆိုးဆိုက်အောင်ဘယ်သူလုပ်သလဲ။
စာတန်မဟုတ်လား။



120

သူ့ရဲ့ကျွဲ နွား တိရိစ္ဆာန်နဲ့သူ့ကျွန်တွေကို ဘယ်သူသတ်သလဲ
စာတန်မဟုတ်လား

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ




121

လေပြင်းမုန်တိုင်းနဲ့ယောဘသားသမီးများကို ဘယ်သူဖျက်ဆီးသလဲ။
စာတန်မဟုတ်လား။


122


ဘုရားသခင်ဟာ ကျွန်ုပ်တို့၏သစ္စာရှိမှုနဲ့ချစ်ခြင်းမေတ္တာကိုစမ်းသပ်ဘို့ ဒုက္ခဆင်းရဲခြင်းများကို အခွင့်ပြုတတ်ပါတယ်။


123


ဒါပေမဲ့ ဒီကမ္ဘာဂြိုလ်ပေါ်မကောင်းမှုဖြစ်လာရတာ စာတန်မှာ တာဝန်ရှိပါတယ်။


124

သင်နဲ့ကျွန်ုပ်တို့ဟာ အာဏာတန်ခိုးနဲ့ဥပဒေမဲ့ဝါဒ၊ ဖန်ဆင်းရှင်နဲ့သူပုန်ခေါင်းဆောင်စာတန်တို့၏ တိုက်လှန်ပွဲ ကြီးဇာတ်လမ်းထဲမှာ ပါဝင်နေရပါတယ်။
ပွဲကြည့်ပရိသတ်တော့ မဟုတ်ပါ။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကျွန်ုပ်တို့ပါဝင်ရပါလိမ့်မယ်။


125

စာတန်ဆိုတာ ဒဏ္ဍာရီစကားမဟုတ်ဘူး။ သြဇာလွှမ်းမိုးတဲ့ အင်အားစုတခုပါဘဲ ဆိုတဲ့ယူဆချက်တွေ ရှိတဲ့ပုဂ္ဂိုလ်ကို ရင်ဆိုင်ဘို့ နဲ့ ကျွန်ုပ်တို့ကိုပြင်ဆင်မှုအားလုံးကင်းမဲ့အောင်လုပ်ဆောင်စေပါမဲ့ ကျွန်ုပ်တို့ရဲ့ရန်သူ ကြီးဖြစ်တယ်။


126

ဗျာဒိတ်ကျမ်းက ဘယ်လိုဆိုထားသလဲဆိုရင်



127

(ကျမ်းချက် ဆလိုက်၂ခု။ ဗျာဒိတ်ကျမ်း ၁၂း၁၂)
'ထိုကြောင့် ကောင်းကင်နှင့်ကောင်းကင်သားတို့ ရွှင်လန်းကြလော့။မြေကြီးနှင့်ပင်လယ်သည်အမင်္ဂလာရှိ၏။


128

အကြောင်းမူကား မာရ်နတ်သည် မိမိကာလတခဏသာရှိသည်ကို သိ၍ပြင်းစွာသော အမျက်ဒေါသနှင့်တကွ သင်တို့ရှိရာသို့ဆင်းလေပြီ ဆိုကြသည်ကိုပါကြား၏။'
ဗျာဒိတ် ၁၂း၁၂
ပေတရုလည်း ဒီသတိပေးချက်ကိုရေးသားခဲ့ပါတယ်။

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



129

(ကျမ်းချက် ဆလိုက် ၂၁၃။ ရှင်ပေတရုသြဝါဒစာပထမစောင် ၅း၈)
'သမ္မာသတိရှိလျက်မအိပ်ဘဲ စောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သော ခြင်္သေ့ကဲ့သို့



130

အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။'
ရှင်ပေတရုသြဝါဒစာပထမစောင် ၅း၈


131

စာတန်ဟာ အဆိုးဆုံးလုပ်ဆောင်ပေမဲ့၊ ဖန်ဆင်းရှင်ဘုရားသခင်ဟာ ကျွန်ုပ်တို့ထာဝရ အသက်ရရှိနိုင်ဘို့ရန် ခရစ်တော်ပါဝင်တဲ့ ပြန်လည်တည်ထောင်တဲ့ စီမံကိန်းကြီးကို ချမှတ်ခဲ့ပါတယ်။ ထိုစီမံကိန်းကြီးတွင် ခရစ်တော် ဟာ ကျွန်ုပ်တို့၏ အပြစ်ကြွေးကိုပေးဆပ်ဘို့ အသေခံရန် ဆန္ဒရှိခဲ့ပါတယ်။


132

ကျမ်းစာက စာတန်ဟာ ဟောက်သောခြင်္သေ့ကဲ့သို့ လာတယ်ဆိုထားပါတယ်။


133

စာတန်ဟာ သူငယ်တော်ယေရှုကိုဖျက်ဆီးရန် ဟေရုဒ်မင်းအားဖြင့် အလုပ်လုပ်ခဲ့တယ်။
(သူမအောင်မြင်ခဲ့ပါဘူး)



134

(ဗီဒီယို။ ၁၀ စက္ကန့်)
စာတန်ဟာ စုံစမ်းနှောက်ယှက်ခြင်းသုံးခုနှင့်တကွ ကောင်းကင်က ကောင်းကင်တမန်တပါးလို တောထဲမှာ ခရစ်တော်ကို စုံစမ်းဘို့ လာပါတယ်။ (သူမအောင်မြင်ခဲ့ပါဘူး)


135

စာတန်ဟာ ကရာနီကုန်းပေါ်မှာ ခရစ်တော်ကို ဖျက်ဆီးဘို့လူထုကြီးကို လှုံ့ဆော်ခဲ့ပါတယ်။ (သူဟာ ထာဝရရှုံး နိမ့်သောရန်သူကြီးဖြစ်သွားပါတယ်။)


136

ကရာနီကုန်းရှိပေမဲ့ ထမြောက်ခြင်းရှိပါသေးတယ်။ ဘုရားကို ကျေးဇူးတင်ပါတယ်။
သင်နဲ့ကျွန်ုပ်တို့ရဲ့ကံကြမ္မာကို ပြောင်းပြန်လှန်ဘို့ရန် ဘုရားသခင်ဟာ သားတော်ကို ပေးတယ်။
သားတော်ဟာ လဲသူ့ကိုယ်ကိုပေးအပ်ခဲ့ပါတယ်။
၄င်းဟာအောင်မြင်ခြင်း၏ အချိန်အခါဖြစ်ပါတယ်။ ထိုအချိန်ဟာ ကမ္ဘာဂြိုလ်မှာ ရှိနေတဲ့ စာတန်၏ အကျဉ်းသား အားလုံး၏ လွှတ်လပ်ရေးနေ့ဘဲဖြစ်ပါတယ်။

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ


137

ထိုနေ့၌စာတန်ရှုံးနိမ့်တဲ့ရန်သူကြီးဖြစ်ပါတယ်။ ခရစ်တော်ဟာ အသေခံတော်မူခြင်းအားဖြင့် မကောင်းမှုနဲ့ ဒုက္ခဆင်းရဲခြင်းကို ဖျက်ဆီးနိုင်တဲ့ အခွင့်အာဏာခံထိုက်တယ်။
ပေါလုက (ဟေဗြဲ ၂း၁၄) မှာ ဘယ်လိုရေးသားထားသလဲဆိုရင်



138

ဟေဗြဲသြဝါဒစာ ၂း၁၄
'ထိုသူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့် ခရစ်တော်သည် အသေခံတော်မူသောအားဖြင့်



139

သေခြင်းတရားကို အစိုးရသော သူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှါ၄င်း၊ ထိုသူငယ်တို့ ၏နည်းတူ အသွေးအသားကို ယူဆောင်တော်မူ၏။'


140

စာတန်ဟာ သူဘယ်လိုလူစားမျိုးဖြစ်သလဲဆိုတာ စကြာဝဠာတခုလုံးမှာသူ့ကိုယ်သူပြသခဲ့တယ်။
ဆက်လက်ပြီး ဒီကမ္ဘာကြီးကို ဘယ်လိုအုပ်ချုပ်မလဲဆိုတာကို ပြသနေပါတယ်။
လေဆင်နှမောင်း၊ မြေလျှင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ ပြစ်မှုကျူးလွန်ခြင်း၊ ရောဂါဘယများပြားခြင်း၊ ခေါင်းကိုက်ခြင်းနဲ့ နာကျင်မှုတွေ ဒါတွေဟာ မာန၏လုပ်ရပ်တွေဘဲ။



141

မာရ်နတ်စာတန်ဟာ ဒီအရာတွေရဲ့နောက်ကွယ်မှာ ကြိုးကိုင်တဲ့လူပါဘဲ


142

ဒီကြေကွဲ ဝမ်းနည်းဖွယ်ရာများဟာ ဘုရားလုပ်တာမဟုတ်ဘူး။ မာန၏လုပ်ရပ်တွေဘဲဖြစ်ပါတယ်။


143

သင့်အသက်တာမှာ ဝမ်းနည်းခြင်း၊ ခေါင်းကိုက်ခြင်းနဲ့ အခက်အခဲများ ရင်ဆိုင်ရလိမ့်မယ်။
သင့်အိမ်ထောင်မှာ ကလေးတစ်ယောက်ဆုံးရှုံးပြီး 'ဘုရားသခင်ဘယ်မှာလဲ' ဆိုတဲ့ မေးခွန်းကို မေးပါလိမ့်မယ်။


144

'ဘုရားသခင်ကျွန်ုပ်တို့နှင့်အတူရှိပါတယ်။' လို့ ကျမ်းစာက သွန်သင်ထားပါတယ်။ သင်ဝမ်းနည်းခြင်း၊ ခေါင်းကိုက်ခြင်း အခက်အခဲကြားထဲမှာ ဘုရားရှိပါတယ်။
မကြာမီအပြစ်၏ပြဿနာနဲ့အခက်အခဲများကို ခရစ်တော်လာရောက်ဖြေရှင်းပေးပါလိမ့်မယ်။

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ



145

သတင်းကောင်းတစ်ခုကတော့ စာတန်ပြန်ပေးဆွဲထားသော ဒီကမ္ဘာဂြိုလ်ကို မကြာခင်ပြန်လည်ကယ်တင်ခံရလိမ့်မယ်။
ဒီအသိစိတ်ကြောင့် မှားယွင်းသွားတဲ့ ဒီဂြိုလ်၏ ခရီးသည် တို့၏စိုးရိမ်ကြောင့်ကြမှုတွေကို သက်သာစေပါတယ်။
စာတန်ကို ဖျက်ဆီးဘို့ ဘုရားသခင်မှာ အကြံအစည်တခုရှိပါတယ်။ နောင်အစည်းအဝေးတွေမှာ ဒီအကြောင်းကို တိတိကျကျလေ့လာမယ်။
စာတန်အကြောင်းနဲ့ပတ်သက်ပြီး ကျမ်းစာက ဘယ်လိုဆိုထားသလဲဆိုတာကြည့်ရအောင်




146

ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၆၊၁၈
'အိုလွှမ်းမိုးသော ခေရုဗိမ်၊ မီးတောက်သော ကျောက်တို့အထဲကသင့်ကို ငါပယ်ရှင်းမည်။




147

သင့်ကိုမီးရှို့ဘို့ သင့်အလယ်၌မီးကိုငါညှိမည်။




148

သင့်ကိုမြင်သော သူအပေါင်းတို့ရှေ့မှာ၊ သင်၏ပြာကို မြေပေါ်သို့ငါချထားမည်။'
ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၈
အပြစ်နဲ့ဒုက္ခဆင်းရဲခြင်းတို့ဟာ ထာဝရပျောက်ကွယ်သွားတော့မယ်။



149

မိတ်ဆွေ၊ ယေရှုဟာ မကြာမီပြန်လည်ကြွလာတော့မယ်။ နိမ့်ကျသော ဂါလိလဲလူတစ်ယောက်လိုသော်၎င်း၊ သူတပါးကဲ့ရဲ့ခြင်း၊ တံတွေးထွေးခြင်း၊ ငြင်းပယ်ခြင်းခံရသော ပုဂ္ဂိုလ်တစ်ယောက်လို၎င်း၊ လက်ဝါးကပ်တိုင်မှာ ဆွဲထားခြင်းခံရသော အားဖြင့်၎င်းကြွလာမှာ မဟုတ်တော့ဘူး။



150


ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်၊ အုပ်ချုပ်ခွင့်အာဏာနဲ့တကွပြန်ကြွလာလိမ့်မယ်။ သူ့ကိုတွေ့ဆုံရန် ကျွန်ုပ်တို့အဆင်သင့်ရှိရပါလိမ့်မယ်။ ဒါမှမဟုတ် အဲဒီအရာကို လက်လွှတ်ဆုံးရှုံးရင် အရာရာ တိုင်းကို လက်လွှတ်ဆုံးရှုံးရလိမ့်မယ်။




151

(ဗီဒီယို။ ၁၂ စက္ကန့်)
ယနေ့ ကျွန်ုပ်တို့အတွက်ထွက်ပေါ်လာတဲ့ မေးခွန်းကတော့ 'ဘယ်သူ့ကိုယုံကြည်မလဲ'
ဘယ်သူ့နောက်ကိုလိုက်မလဲ။
မေတ္တာရှင်ဘုရားသခင်လား၊ ကျဆုံးတဲ့ကောင်းကင်တမန်လား။
ပိုင်းခြားတဲ့မျဉ်းကြောင်းများကိုဆွဲထားခဲ့ပြီ။
ကမ္ဘာကြီးတခုလုံးကို အဖွဲ့နှစ်ဖွဲ့ခွဲခြားထားလိုက်တယ်။ သင်ဘယ်အဖွဲ့ပေါ်မှာ သစ္စာရှိမလဲ။
ဘယ်သူဘက်မှာ သင်ပါဝင်မလဲ။

# ၆ – ဘာကြောင့်ဒုက္ခဆင်းရဲခြင်းများနဲ့ရင်ဆိုင်နေရသလဲ


152

မတည်မငြိမ်၊ အထီးကျန်ဖြစ်သော စိတ်နှလုံးတိုင်းကိုငှင်း၊ နာကျင်၍အပြစ်ရှိသော စိတ်ဝိညာဉ်တိုင်းကိုငှင်း၊ တော်လှန်ပုန်ကန်သော ဖြိုလ်၌ရှိသော သားသမီးအားလုံးကိုငှင်း၊ ယေရှုက မေတ္တာကရုဏာနဲကဖိတ်ခေါ်နေပါတယ်။



153

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၁၁း၂၈)
'ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။'
ရှင်မဿဲခရစ်ဝင် ၁၁း၂၈



154

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၆း၃၇)
'ငါ့ထံသို့ လာသောသူကို ငါသည် အလျှင်းမပယ်။'
ဒါဟာ အံ့ဖွယ်သတင်းကောင်းမဟုတ်ပေဘူးလား။


155

အသက်တာကြေကွဲဖွယ်ရာများ၊ ဝမ်းနည်းခြင်းများ၊ စိတ်နှလုံးကြေကွဲခြင်းများနဲ့စိတ်ပျက်ခြင်းများအလယ်၌ သခင်ယေရှုရှိနေတယ်။
သင်ယခုတွေ့ကြုံခံစားရတဲ့ ဝမ်းနည်းခြင်းများကို ယေရှုနားလည်တယ်။
ရောဂါအားဖြင့်ဖိစီးခြင်းခံနေရတဲ့ သင့်ခန္ဓာကိုယ်ဘယ်လိုဖြစ်သလဲဆိုတာ ယေရှုနားလည်သဘောပေါက်ပါတယ်။
နာကျင်မှုကိုသူသိတယ်။
သူ၏လက်တွင်လူဆိုးများသံမှိုနဲ့ရိုက်ထားတဲ့အခါ ယေရှုကြုံတွေ့ခဲ့ရပါတယ်။
သင်အထီးကျန်ဖြစ်တာကို သူသိတယ်။
စားစရာအနည်းနဲ့နေစရာအိမ်မရှိသော ဘဝမျိုးပြင် ဖုံထူတဲ့ပါလက်စတိုင်းလမ်းမပေါ်တွင် လမ်းလျှောက်ရတဲ့အခါသခင်ယေရှုဆင်းရဲခြင်းကိုတွေ့ကြုံနေခဲ့ရတယ်။ ဒီကနေ့သူ့ထံသို့လာခဲ့ပါ။
သင်အားအသစ်သောမြော်လင့်ခြင်းနဲ့ခွန်အားကိုပေးပါလိမ့်မယ်။
ဒီအရာဟာ အကောင်းဆုံးသော သတင်းဖြစ်တယ်။
သခင်ယေရှုတစ်နေ့ပြန်ကြွလာပြီး အသက်တာ၏ဒုက္ခဆင်းရဲခြင်တွေကို အဆုံးသတ်လိမ့်မယ်။
အသစ်စက်စက်ကမ္ဘာလေးတခုကို နေရာချထားဘို့သူတဖန်ပြန်ကြွလာဦးမယ်။
အပြစ်နဲ့အပြစ်သားအားလုံးဖျက်ဆီးခံရမယ်။
စာတန်ဟာ နောက်ဆုံး၌လုံးလုံးလျားလျားနှိမ်နင်းခြင်းခံရလိမ့်မယ်။ ယေရှုဟာ သင့်ကို ဘုရားသခင်၏အိမ်ထောင်မိသားစုထဲတွင် ပြန်လည်နေရာချထားပြီး၊ အသစ်သော ကမ္ဘာမြေပေါ်မှာ ထာဝရအသက်ကိုပေးလိမ့်မယ်။
ဒါပေမဲ့ ဆုံးဖြတ်ချက်ကို လုပ်ဆောင်ရလိမ့်မယ်။ သင့်၏အရှင်နဲ့သခင်ဟာ ဘယ်သူဖြစ်မလဲ။
မိတ်ဆွေ၊ သင်၏ဆုံးဖြတ်ချက်ဟာ သေရေးရှင်ရေးနဲ့အမျှ အရေးကြီးပါတယ်။
ခရစ်တော်ဟာ သင်၏ ဘုရင်အဖြစ်ယခုပင်ရွေးချယ်မည်လား
သင့်ကိုစောင့်ကြိုနေပါတယ်။ လက်တော်ဆန့်တန်း၍ 'လာပါ။ လာပါ' လို့သင့်ကို ဖိတ်ခေါ်နေပါတယ်။
'ဟုတ်ကဲ့၊ ယေရှုကိုယ်တော်ထံသို့ ကျွန်ုပ်လာပါပြီ။' လို့ဆုတောင်းရင်း သင်၏ဦးခေါင်းကို ညွတ်ပါမည်လား။

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု



1

သူဟာသင်ရဲ့အသက်တာကို ပြောင်းလဲစေနိုင်ပါတယ်။


2

လူနှစ်ဦးဟာ ရထားနဲ့ အမေရိကကို မိုင်ပေါင်းများစွာဖြတ်သန်းခဲ့ကြတယ်။ သူတို့ခရီးစဉ်ဟာ
အင်မတန်ကြာတဲ့ အတွက် ရောက်တတ်ရာရာစကားကိုသူတို့ရဲ့ စိတ်ထဲမှာပေါ်လာတဲ့အတိုင်း
ပြောကြတယ်။
သူတို့ဟာရာသီဥတုအကြောင်းတွေကိုပြောကြတယ်။
နိုင်ငံရေးအကြောင်းပြောကြတယ်။
ခလေးဘဝအတွေ့အကြုံအကြောင်း၊ မိသားစုအကြောင်းနဲ့သူတို့ဘယ်လို အိမ်ထောင်ပြုခဲ့ကြ တဲ့
အကြောင်းတွေကို ပြောခဲ့တယ်။
နောက်ဆုံးတော့ ဘာသာရေးအကြောင်းကို ရောက်သွားကြတယ်။

နှစ်ဦးထဲက တစ်ယောက်ဟာ ဘုရားမဲ့ဝါဒီဖြစ်ပြီး ကျန်တစ်ဦးကတော့ ခရစ်ယာန် ဘာသာဝင်တစ်
ဦးဖြစ်တယ်။
ပထမတစ်ဦးကတော့ ဘုရားကိုလုံးဝမယုံကြည်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။
ကျန်တစ်ဦးကတော့ ဘုရားကိုစိတ်နှလုံး အကြွင်းမဲ့ယုံကြည်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။
တစ်ဦးက ကျမ်းစာကို တစ်ခါမှ မဖတ်ဖူးဘူး။
ကျန်တစ်ဦးကတော့ ကျမ်းစာကို နေ့စဉ်မပြတ်ဖတ်ရှုတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။


3

အင်မတန်ပူပြင်းအိုက်စပ်လှတဲ့ နွေရာသီရဲ့ညနေစောင်းတနေ့မှာ ထိုသူနှစ်ဦးရဲ့
အဓိကဆွေးနွေးတဲ့အကြောင်း အရာကတော့ သခင်ခရစ်တော်အကြောင်းဘဲဖြစ်ပါတယ်။ ဘုရားကို
မယုံကြည်တဲ့ ပုဂ္ဂိုလ်ဟာ သူ့ရဲ့ခရစ်ယာန် သူငယ်ချင်းကို အင်မတန်ခက်ခဲနက်နဲပြီးအလွန်အရေးကြီးတဲ့
မေးခွန်းပေါင်းများစွာကို မေးမြန်းခဲ့ပါတယ်။ မေးခွန်းတွေကတော့

ခင်ဗျားဘာကြောင့်ခရစ်ယာန်တယောက်ဖြစ်ရသလဲ။ ပထဝီအနေအထားအရ ခရစ်ယာန်ဖြစ်လာရသလား။
ခရစ်ယာန်တိုင်းပြည်မှာ မွေးဖွားခဲ့တဲ့အတွက် ခရစ်ယာန်တစ်ဦး ဖြစ်လာတာမဟုတ်လား။
ခရစ်တော်ဟာ တခြားကျော်ကြားသောပုဂ္ဂိုလ်များထက် ဘယ်လိုပိုပြီးထူးခြားပါသလဲ။
ကိုယ်ကျင့်တရားဆိုင်ရာ ဒသနပညာရှင်တွေထက် ခရစ်တော်ဟာပိုပြီးကြီးမြတ်လို့လား။
ခရစ်တော်ရဲ့ ကိုယ်တိုင်ဖွင့်ဆိုတဲ့ အမှန်တရားတွေကို ခင်ဗျားဘယ်လို ယုံကြည်စိတ်ချနိုင်သလဲ။
ခရစ်တော်ဟာ ဧကန်မုချဘုရားဖြစ်တဲ့အကြောင်းသူပေးမဲ့ ထာဝရအသက်ဟာ အမှန်တကယ်ဖြစ်ကြောင်း
သင်ဘယ်လိုယုံကြည်သေချာသိနိုင်သလဲ။

ဘုရားမဲ့ဝါဒီ ရဲ့မေးခွန်းလေးများ ဟာ အင်မတန်ကောင်းတဲ့မေးခွန်းများဖြစ်တယ်။ ခရစ်ယာန်သူငယ်ချင်းက
အဖြေတချို့ဝေငှပေးခဲ့ပါတယ်။
ဒီမေးခွန်းအတွက် ခိုင်လုံတဲ့အဖြေတွေရှိတယ်ဆိုတာ ကျွန်တော်သံသယမရှိပါဘူး။
ဒီအဖြေတွေကိုနားလည်ခြင်းဟာလည်း ထာဝရအသက် ဖြစ်ပါတယ်။



4

ဒီကမ္ဘာလောကကြီးမှာ ကျော်ကြားလူသိများတဲ့ ပုဂ္ဂိုလ်တွေရှိကြတယ်။ သူတို့တွေဟာ
ဒီကမ္ဘာလောကကြီးကို ပိုမိုသာယာပျော်ရွှင်ချမ်းမြေ့သောနေရာဖြစ်လာရန်စွမ်းဆောင်တဲ့သူများဖြစ်ပါတယ်။

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု


5

ဘုရင်များ၊ သမ္မတများ၊ ဘာသာရေးခေါင်းဆောင်များ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ သိပ္ပံပညာရှင်များနဲ့ အနုပညာရှင်များတို့ဟာ သူတို့ရဲ့အမှတ်အသားများကို ကမ္ဘာပေါ်မှာ ထားရစ်ခဲ့ပြီး ကမ္ဘာတဝှမ်းမှာ နာမည်ကျော်ကြားသောကြသူများဖြစ်တယ်။


6

ကျော်ကြားမှုထိပ်ခေါင်းတင် နာမည်တစ်ခုရှိပါတယ်။ ကမ္ဘာ့ရာဇဝင်ကိုတောင်မှထိုပုဂ္ဂိုလ်မမွေးဖွားမှီအချိန်နဲ့ မွေးဖွားပြီးအချိန်ဆိုပြီး ပိုင်းခြားထားတယ်။ နာမည် ကတော့ ယေရှုဘဲဖြစ်ပါတယ်။ ယေရှုဆိုတဲ့နာမည်က ရာဇဝင်မှာ အကျော်ကြားဆုံးသော နာမည်ဖြစ်ပါတယ်။
ဒါပေမဲ့ သူ့ရဲ့နာမည်ကို ကြားဖူးတာနဲ့သူ့ကို တကယ်သိကျွမ်းတာကွာခြားပါသေးတယ်။


7

ဒီည သမ္မာကျမ်းစာထဲမှာရှိတဲ့ သမိုင်းဝင်ယေရှုနဲ့အပြည့်အဝမိတ်ဆက်ပေးချင်ပါတယ်။ ကဲ အစကနေပြန်စကြပါစို့။
ဒီယေရှုဟာဘယ်သူလဲ။ ဘယ်လိုသူများနဲ့ထူးခြားသလဲ။ သူဟာသာမန်သူကောင်းတစ်ယောက်ဘဲလား။ စာရိတ္တ ပြုပြင်တဲ့လူတစ်ယောက်လား။ ကိုယ်ကျင့်တရားဆိုင်ရာအတွေးအခေါ် ပညာရှင်တစ်ယောက်ဘဲလား ဆိုတာသင်စဉ်းစားနေမှာဘဲ။ သူ့ တပည့်တော်နှစ်ဦးကလဲ ဒီလိုဘဲစဉ်းစားခဲ့ကြတယ်။


8

ယေရှုထမြောက်လာတဲ့
တနင်္ဂနွေနေ့မှာသူရဲ့တပည့်တော်နှစ်ဦးကိုဧမောက်မြို့သို့သွားသောလမ်းမှာတွေ့တယ်။


9

အဲဒီအချိန်မှာ ပရောဖက်များကြိုတင်
ဟောထားတဲ့အရာတွေ လွန်ခဲ့တဲ့ရက်အနည်းငယ်အတွင်းမှာ ပြည့်စုံသွားခဲ့ ကြောင်းပြခဲ့တယ်။



10

(ကျမ်းချက် ဆလိုက် ၃ခု။ ရှင်လုကာခရစ်ဝင် ၂၄း၂၆၊၂၇)
ကိုယ်တော်ကလည်း ပရောဖက်
ဟောပြောသောစကားကိုယုံနိုင်အောင် ဉာဏ်မရှိ၊ စိတ်ခိုင်မာသောသူတို့



11

ထိုအခါမောရှေ၏ကျမ်းစာမှစ၍ပရောဖက်တို့၏ကျမ်းစာများ၌



12

ကိုယ်တော်ကိုရေးမှတ်၍ ရေးထားသမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာဘော်ပြတော်မူ၏။
ရှင်လုကာခရစ်ဝင် ၂၄း၂၅၊၂၇

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု



13

ယေရှုဟာ မေရှိယဖြစ်ကြောင်းသက်သေအထောက်အထားများတွေကို ကြည့်ကြပါစို့။



14

ဟေရှာယပရောဖက်က ခရစ်တော်မွေးဖွားမဲ့အကြောင်းနှစ်ပေါင်းများစွာ ကြိုပြီးဟောထားပါတယ်။



15

(ကျမ်းချက် ဆလိုက် ၂ခု။ ဟေရှာယအနာဂတ္တိကျမ်း ၇း၁၄)
'ထာဝရဘုရားသည် ကိုယ်တော်တိုင်နိမိတ်လက္ခဏာကိုသင်တို့အား ပေးတော်မူမည်။



16

ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလ အမည်ဖြင့်မှည့်ရတံ့။'
ဟေရှာယအနာဂတ္တိကျမ်း ၇း၁၄




17

(ဗီဒီယို။ ၅ စက္ကန့်)
ယေရှုမှာနာမည်မြောက်များစွာရှိပါတယ်။ ဧမာနွေလ၊ ယေရှု၊ ကယ်တင်ရှင်၊ ခရစ်တော်နှင့်မေရှိယတို့ဖြစ်ပါတယ်။
ယေရှုဟာ အပျိုကညာမှမွေးဖွားမယ်ဆိုတဲ့အကြောင်းသူမမွေးဖွားမှီ နှစ်ပေါင်း ၆၀၀ ကျော်ကတည်းက ပရောဖက်ဟေရှာယက ကြိုပြီးဟောထားပါတယ်။
ကောင်းကင်တမန်တပါးက ခရစ်တော်ဟာမေရှိယဖြစ်တဲ့အကြောင်း ဒီဗျာဒိတ်တော်ကိုကိုးကားပြီးပြောဆိုခဲ့ပါတယ်။
ခရစ်တော်ဟာ အပျိုကညာမာရိမှမွေးဖွားမယ်ဆိုတဲ့အကြောင်းကောင်းကင်တမန်တပါးဘယ်လို ရှင်းပြခဲ့သလဲဆို တာကို ကြည့်ကြပါစို့။



18

(ကျမ်းချက် ဆလိုက် ၂ခု။ ရှင်မဿဲခရစ်ဝင် ၁း၁၈)
'ယေရှုခရစ်သည် ဘွားမြင်ခြင်းကို ခံတော်မူသောအကြောင်းအရာဟူမူကား၊ မယ်တော်မာရိသည် ယောသပ်နှင့် ထိမ်းမြားဆောင်နှင်း၍



19

မရှက်တင်မှီတွင် သန့်ရှင်းသော ဝိညာဉ်တော်ကြောင့် ပဋိသန္ဓေစွဲနေ၏။
ရှင်မဿဲခရစ်ဝင် ၁း၁၈

၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု



20

သူမွေးဖွားမည့်နေရာ




21

(ကျမ်းချက်။ မိက္ခာအနာဂတ္တိကျမ်း ၅း၂)'အိုဗက်လင်ဧဖရတ်မြို့၊ အစိုးရသောယုဒမြို့တို့တွင် သင်သည်မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း ဣသရေလအမျိုး ကိုအုပ်စိုးရသောသခင်သည် ငါ့အဘို့သင်၏အထဲမှာ ပေါ်ထွန်းလတ့်။ ထိုသခင်သည် ရှေးကပ်ကာလမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏။ '

မိက္ခာအနာဂတ္တိကျမ်း ၅း၂
ယေရှုဟာ ဘက်လင်မြို့မှာ မွေးဖွားမယ်ဆိုတဲ့အကြောင်းကို လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀၀ ကျော်ကတည်းက ကြိုပြီး ဟောပြောထားတာ အင်မတန်ထူးခြားမှတ်သားဖွယ်ရာဖြစ်ပါတယ်။




22

(ရှင်မဿဲခရစ်ဝင် ၂း၁)
'ယုဒပြည်ဗက်လင်မြို့၌. . . ယေရှုသည် ဖွားမြင်တော်မူပြီ'
(ရှင်မဿဲခရစ်ဝင် ၂း၁)
ဓမ္မသစ်ကျမ်းက ပုရောဖက်မိက္ခာရဲ့ အနာဂတ္တိကျမ်း စကားကို ပြည့်စုံခိုင်မာစေပါတယ်။
ခရစ်တော်ဟာလူကောင်းတစ်ယောက်ထက်သော်၎င်း၊ ကိုယ်ကျင့်တရားကို သင်ပေးတဲ့ဆရာထက်၎င်း၊ ကိုယ်ကျင့်တရားဆိုင်ရာဒသနပညာရှင်များထက်သော်၎င်း သာလွန်ပါတယ်။
သူဟာသန့်ရှင်းမြင့်မြတ်သော ဘုရားသခင်ရဲ့သားတော်ဖြစ်ပါတယ်။
ပရောဖက်ဟေရှာယ ကြိုတင်ဟောပြောထားခဲ့သလို သူဟာအပျိုကညာရဲ့သားဖြစ်ပါတယ်။
သူဟာပရောဖက် မိက္ခာကြိုပြောထားသလို ဗက်လင်မြို့မှာမွေးဖွားခဲ့တယ်။



23

သမ္မာကျမ်းစာထဲက ပရောဖက်ဟောချက်များမှာ ခရစ်တော်အသက်တာရဲ့ အရေးပါအရာရောက်တဲ့ အကြောင်းအရာများကို အသေးစိတ်တိတိကျကျ နှစ် ရာကျော်ချီပြီး ကြိုပြောထားပါတယ်။
ဒီအနာဂတ္တိစကားများအားလုံးဟာ တိကျမှန်ကန်စွာပြည့်စုံခဲ့ပါတယ်။ အာဒံနဲ့ဧဝအပြစ်လုပ်တဲ့အချိန်မှာ ဘုရား သခင်မှာ ကယ်တင်ခြင်းစီမံကိန်းရှိပြီးသားဖြစ်ပါတယ်။
ဘုရားရဲ့ကြီးမားတဲ့ မေတ္တာတော်က သူ့ရဲ့သားတော်ကို ကမ္ဘာပေါ်မှာ စေလွှတ်ခဲ့ပြီး ပြည့်စုံတဲ့အသက်တာနဲ့ နေထိုင်စေခဲ့ပြီး အပြစ်သားတွေအတွက်အသေခံစေခဲ့ပါတယ်။ ကျွန်ုပ်တို့သေရမယ့်အစား ခရစ်တော်ဘုရား အသေခံခဲ့ပါပြီ။ ဒါကြောင့် ကျွန်ုပ်တို့ဟာ ခရစ်တော်ဘုရားကိုမိမိကယ်တင်ရှင်အဖြစ် လက်ခံရင် ထာဝရ အသက်ရမှာဖြစ်ပါတယ်။ ဒါကို ကယ်တင်ခြင်းစီမံကိန်းကြီးလို့ခေါ်ပါတယ်။



24

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ကျော်လောက်တုန်းက အရှေ့တိုင်းမှပညာရှိများဟာ သမ္မာကျမ်းစာတော်ကိုလေ့လာခဲ့ ကြပါတယ်။ ကြီးမြတ်တဲ့ဘုရင်တပါးပေါ်လာမယ်ဆိုတာ သူတို့ဖတ်ရှုသိရှိခဲ့ကြပါတယ်။ အဲဒီဘုရင်ပေါ်လာတော့ မဲ့အချိန်ရောက်လာပြီးဆိုတာကိုလဲသိကြပါတယ်။



25

ခရစ်တော်လာမဲ့အချိန်ကို သူတို့သိကြတယ်။ ပေါ်လာတဲ့ကြယ်ကြီးဟာလဲ အသစ်မွေးဖွားလာမဲ့ ဘုရင်ရဲ့ နိမိတ် လက္ခဏာဖြစ်တယ်ဆိုတာကို လဲ သိကြပါတယ်။
ခရစ်တော်ကို ဗက်လင်မြို့မှာ တွေ့ခဲ့ကြပြီး ရှိခိုးဝတ်ပြုခဲ့ကြပါတယ်။

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု



26

(ကျမ်းချက် ဆလိုက် ၂။ ရှင်လုကာခရစ်ဝင် ၂း၇ )
'သားဦးကိုဘွားမြင်၍အဝတ်နှင့်ပတ်ရစ်ပြီးမှ၊



27


ဧည့်သည်တည်းရာစရပ်၌ သူတို့နေစရာ မရှိသောကြောင့်၊ သူငယ်ကိုနွားစားခွက်၌သိပ်ထား လေ၏။'
ရှင်လုကာခရစ်ဝင် ၂း၇


28

တည်းခိုခန်း၌အားလပ်တဲ့အခန်းများမရှိတော့တဲ့အတွက်ခရစ်တော်ဟာ နွားစာခွက်ထဲမှာသိမ်ငယ်စွာမွေးဖွားခဲ့ ရပါတယ်။


29

သူ့မိခင်ဟာ အင်မတန်မှကြင်နာသနားတတ်သောသူဖြစ်ပါတယ်။ ဘုရားရှင်ရဲ့သားတော်ဟာ သူမအားဖြင့်မွေးဖွားလာ မယ်လို့ကောင်းကင်တမန်လာပြောတဲ့အချိန်မှာ သူမဟာ
ပျိုရွယ်သူတယောက်သာဖြစ်ပါသေးတယ်။



30

ဘုရားရှင်ရဲ့သားတော်ဖြစ်လင့်ကစား ခမည်းတော်ဘုရားနည်းတူ ဘုရားလုံးလုံးဖြစ်ပါတယ်။
သူဟာဘုရားရှင်နဲ့တန်းတူဖြစ်သော်လည်းလူသားနဲ့တူတဲ့အစေခံကျွန်၏ သဏ္ဌာန်ကို ဆောင်ယူထားကြောင်း တမန်တော်ရှင်ပေါလုကပြောခဲ့တယ်။



31

(ကျမ်းချက် ဆလိုက်၃ခု။ ဖိလိပ္ပိသြဝါဒစာ ၂း၆)
'ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ဘုရားသခင်နှင့်ပြိုင်သော အမှုကိုလုယူ ခြင်းအမှုဟူ၍ မထင်မမှတ်



32

မိမိအသရေကိုစွန့်၍အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျှက်



33

လူကဲ့သို့သောအဖြစ်၌ဘွားမြင်ခြင်းကိုခံတော်မူ ၏။'
ဖိလိပ္ပိသြဝါဒစာ ၂း၆ ၊၇

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု


34

ကျွန်ုပ်တို့နည်းတူခရစ်တော်ဟာ ကမ္ဘာပေါ်မှာ လာရောက်အသက်ရှင်နေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ခရစ်တော်ဟာ ဖြူစင်သန့်ရှင်းအပြစ်ကင်းစင်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ ထာဝရအသက်ရဖို့ရန် အသေခံနိုင်ခဲ့ခြင်းဘဲဖြစ် ပါတယ်။
ခရစ်တော်ဘုရားရဲ့အသက်တာ နောက်ဆုံး ၂၄ နာရီအတွင်းမှာ နှစ်ရာပေါင်း များစွာကတည်းက ကြိုတင်ဟော ထားသောအနာဂတ္တိစကားများ တိကျစွာပြည့်စုံခဲ့ပါတယ်။


35


ခရစ်တော်အပေါ်သစ္စာဖေါက်ခြင်းအတွက်ယုဒရှကာရုတ်အဖြစ်ကိုဥပမာကြည့်ပါ။


36

(ကျမ်းချက်။ ဆာလံကျမ်း ၄၁း၉)
'အကယ်စင်စစ် ငါယုံ၍ငါ့မုန့်ကိုစားသောအဆွေခင်ပွန်းသည် ငါ့ကိုခြေနှင့်ကျောက်သတည်း။'
ရှင်ပေတရုဟာ သခင်ခရစ်တော်ကို 'ဘယ်သူက သခင့်ကိုသစ္စာဖေါက်ပြီး ရန်သူ လက်အပ်မှာလဲ' လို့မေးတဲ့အခါမှာ


37

ယေရှုကလည်း 'ဤမုန့်တလုပ်စာကို ငါနှစ်၍ပေးသောသူဖြစ်၏။' လို့ဖြေခဲ့တယ်။
ရှင်ယောဟန် ၁၃း၂၆


38

သစ္စာဖေါက်သူကိုပေးခဲ့သောငွေကျေးတန်ဖိုး


39

'သူတို့သည်ငါ့အား အခပေးအံ့သောငှါ ငွေသုံးဆယ်ကိုချိန်ကြ၏။'
ဇာခရိအနာဂတ္တိကျမ်း ၁၁း၁၂။


40

(ကျမ်းချက် ဆလိုက် ၂၃။ ရှင်မဿဲ ၂၆း၁၄၊၁၅။)
ထိုအခါတပည့်တော်တစ်ကျိပ်နှစ်ပါးအပါအဝင်ဖြစ်
သော ယုဒရှကာရုတ်သည် ယဇ်ပရောဟိတ်အကြီးထံသို့ သွား၍


41


အကျွန်ုပ်သည် ယေရှုကို ကိုယ်တော်တို့လက်သို့အပ်လျှင် အဘယ်မျှလောက်ပေးပါမည်နည်းဟု လျှောက်သော် ထိုသူတို့က ငွေအကျပ်သုံးဆယ်ပေးပါမည်ဟု ဝန်ခံကြ၏။'

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု




42

ရိုက်နှက်ခြင်းနှင့်မတရား
ညှင်းပန်းနှိပ်စက်ခြင်းဒါဏ်ခံရသောကိုယ်တော်



43

(ကျမ်းချက် ဆလိုက် ၂၃။ ဟေရှာယအနာဂတ္တိကျမ်း ၅၀း၆)
ရိုက်သောသူတို့အားငါ့ကျောကိုငှင်း၊ နားပန်းဆံကိုနှုတ်သောသူတို့အား ငါ့ပါးကိုငှင်း ငါအပ်၏။




44

အရှက်ခွဲခြင်းနှင့်တံတွေးထွေးခြင်းမှ ငါသည် ကိုယ်မျက်နှာကိုမလွှဲ '
ဟေရှာယအနာဂတ္တိကျမ်း ၅၀း၆



45

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၆း၆၇)
'ထိုအခါမျက်နှာတော်ကို တံတွေးနှင့်ထွေးကြ၏။ လက်သီးနှင့်ထိုးကြ၏။'
ရှင်မဿဲခရစ်ဝင် ၂၆း၆၇



46

ခြေတော်နှင့် လက်တော်တို့ကို ထိုးဖေါက်ခံရခြင်း



47

(ကျမ်းချက်။ ဆာလံကျမ်း ၂၂း၁၆)
'အကျွန်ုပ်၏လက်ခြေကိုထိုးဖေါက်ကြပါပြီ။'
ဆာလံကျမ်း ၂၂း၁၆
ခရစ်တော်ဘုရားရှင်ပြန်ထမြောက်ပြီးတဲ့နောက်ခရစ်တော်ရဲ့တပည့်တစ်ယောက်အပါအဝင်ဖြစ်တဲ့ သောမတ်
ဟာခရစ်တော်တကယ်မှရှင်ပြန်ထမြောက်ခဲ့လားဆိုတာနဲ့ပတ်သက်ပြီး သံသယရှိသူတစ်ယောက်ပါ။
ဒါကြောင့် မို့လည်း သူကခရစ်တော်ရဲ့လက်တော်မှာသံမှိုနဲ့ရိုက်ထားတဲ့ အမှတ်အသားတွေ ရှိမရှိ
သိချင်ပါတယ်။



48

(ကျမ်းချက် ဆလိုက် ၂၃။ ရှင်ယောဟန်ခရစ်ဝင် ၂၀း၂၅)
'လက်တော်၌သံရိုက်ရာကိုမမြင်၊ သံရိုက်ရာချက်ကို လက်ညှိုးနှင့်မတို့မစမ်း၊ နံဖေးတော်တို့ကိုလည်း
လက်နှင့်မစမ်းသပ်ရလျှင်


# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု


49

အကျွန်ုပ် မယုံဟုဆို၏။’
ရှင်ယောဟန်ခရစ်ဝင် ၂၀း၂၅


50

မတရားသောသူနှင့်ရေတွက်ဝင်ခြင်း
ခရစ်တော်ရဲ့ဒီအနာဂတ္တိဟာ ဘယ်လိုတိုက်ရိုက်ပြည့်စုံလာခဲ့တယ်ဆိုတာကို သတိထားကြည့်ပါ။


51


(ဟေရှာယအနာဂတ္တိကျမ်း ၅၃း၁၂)
‘မတရားသောသူတို့နှင့်ရေတွက်ဝင်ခြင်းသို့
ရောက်သဖြင့်’
ဟေရှာယအနာဂတ္တိကျမ်း ၅၃း၁၂)


52

(ကျမ်းချက် ဆလိုက် ၂၃။ ရှင်မာကုခရစ်ဝင် ၁၅း၂၇၊၂၈)
‘ကိုယ်တော်နှင့်တကွ ဓားပြနှစ်ယောက်ကို လက်ယာတော်တဖက်၌တစ်ယောက်၊ လက်ဝဲဘက်၌ တစ်ယောက်
လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏။’


53


ထိုသို့မတရားသောသူတို့နှင့်ရေတွက်ဝင်ခြင်းသို့ရောက်သည်ဟူသောကျမ်းစာချက်သည်ပြည့်စုံခြင်းသို့
ရောက် သတည်း။’
ရှင်မာကုခရစ်ဝင် ၁၅း၂၇၊၂၈


54

ကိုယ်တော်ရဲ့ဝတ်လုံတော်ကို စာရေးတံချခြင်း
ခရစ်တော်အသေမခံရခင်နှစ်ပေါင်းထောင်ကျော်လောက်မှာ ခရစ်တော်ရဲ့ဝတ်ရုံတော်ဘယ်လိုဖြစ်သွားမလဲ
ဆိုတာ နဲ့ပတ်သက်ပြီး ဒါဝိတ်မင်းကြီးက ဒီလိုပြောထားခဲ့တယ်။


55

(ကျမ်းချက်။ ဆာလံကျမ်း ၂၂း၁၈)
‘ကျွန်ုပ်၏အဝတ်ကို အချင်းချင်းဝေဖန်၍ အကျွန်ုပ်အင်္ကျီကို စာရေးတံချကြ၏။’
ဆာလံကျမ်း ၂၂း၁၈


56

(ကျမ်းချက် ဆလိုက် ၃၃။ ရှင်ယောဟန်ခရစ်ဝင်၁၉း၂၃၊၂၄)
‘စစ်သူရဲတို့သည် . . . အဝတ်တော်တို့လေးပိုင်းပိုင်း၍တယောက်တပိုင်းစီယူကြလေ၏။’

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု




57

အတွင်းအင်္ကျီတော်ကား၊ မချုပ်ဘဲလျက် အထက်စွန်းမှသည် အောက်စွန်းတိုင်အောင် ရက်သော အင်္ကျီဖြစ်သောကြောင့်



58

'ထိုသူတို့က အင်္ကျီကို မဆုတ်ကြနှင့်။ အဘယ်သူယူရမည်ကို စာရေးတံချကြကုန်အံ့ဟု အချင်းချင်းဆိုကြ၏။ '
ယောဟန် ၁၉း၂၃၊၂၄။



59

ကားတိုင်ပေါ်မှ သူ့ရဲ့စကားတော်များ



60

(ကျမ်းချက်။ ဆာလံကျမ်း ၂၂း၁)
'အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။'
ဆာလံကျမ်း ၂၂း၁
ဒီဓမ္မဟောင်းကျမ်းချက်ကို ဓမ္မသစ်ကျမ်းမှာရှိတဲ့ မဿဲ ၂၇း၄၆ နဲ့ယှဉ်ကြည့်မယ်ဆိုရင်



61

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၇း၄၆)
'အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။'
လို့ဖေါ်ပြထားတာကို တွေ့ရပါတယ်။
ဒါကတော့ခရစ်တော်သက်တော်မကုန်မီ မွန်းလွဲ သုံးနာရီအချိန်လောက်က ပြောခဲ့တဲ့ စကားတော်တွေဘဲဖြစ်ပါတယ်။



62

အနာဂတ္တိဟောထားချက်အတော်များများဟာ ခရစ်တော်ရဲ့လူသားဇာတိ အနေဖြင့် မတတ်နိုင်တဲ့ အရာတွေဖြစ်ပါတယ်။



63

ကိုယ်တော်ဟာသူ့ရဲ့မွေးရပ်ဇာတိကို မစီစဉ်နိုင်ခဲ့သလို



64

ဘယ်လိုမွေးဖွားလာမလဲ

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု



65

ဘယ်လိုသစ္စာဖေါက်ခြင်းခံရမလဲ



66

သေခါနီးသူ့အပေါ်မှာ ဘယ်လိုဖြစ်ပျက်လာမလဲဆိုတာကို ဘယ်လိုမှစီစဉ်ထားလို့ မရပါဘူး။


67

သခင်ခရစ်တော်ဟာ ကိုယ်တိုင်ကြော်ငြာမောင်းခတ်သလို ဧကန်အမှန် စင်စစ်မေရှိယအရှင် သခင်ဖြစ်တော်မူပါတယ်။ သူဟာရက် စက်သောကားတိုင်ပေါ်မှာ အသေသတ်ခြင်းကိုခံရပြီး သူတစ်ပါး၏ရိုက်နှက်မှုများကြောင့် လွန်စွာသော နာကျင် ခြင်းဝေဒနာအပေါင်းတို့ကို ခံခဲ့ရတယ်။ သူ၏လက်နှင့်ခြေများမှာလည်း သံနှင့်ထိုးဖောက်ခြင်းကိုခံရပြီး ဆူးနဲ့ရက်လုပ်ထားသော သရဖူကို ခေါင်းမှာဆောင်းခဲ့ရတယ်။ ထို့အပြင်သူတပါးရဲ့ ပြောင်လှောင်ပျက်ရယ်ပြုခြင်းတို့ကိုလည်း ခံခဲ့ရရှာတယ်။


68

ဒီကမ္ဘာကြီးကို ဖျက်ဆီးဘို့နဲ့သူ့ကိုကယ်ဘို့ရန်ထောင်သောင်းမကတဲ့ ကောင်းကင်တမန်တွေကို ဆင့်ခေါ်နိုင်တဲ့အခြေအနေမှာရှိပါတယ်။ သို့သော်တချိန်ထဲမှာပင် ကျွန်ုပ်တို့အသက်နှင့်အတူ သူ၏အသက်ကို မကယ်တင်နိုင်ပါ။



69

သင့်ကိုဧကန်အမှန်ခင်မင်ပြီး အရေးထားသောသူတယောက်တလေတောင် ရှိမှရှိရဲ့လားဟု တခါတရံသင်စဉ်စား မိပါသလား။
သခင်ခရစ်တော်ဟာ သင့်ကို ဧကန်အမှန်တွယ်တာ အရေးထားပါတယ်။ သူ့ရဲ့မေတ္တာကို လွန်ခဲ့သောနှစ်ပေါင်း များစွာက ယေရုရှလင်မြို့၏ အပြင်ဘက်တောင်ကုန်းပေါ်မှာ သက်သေပြခဲ့ပါပြီ။ အံ့ဘွယ်မေတ္တာပါပဲ။
အဲဒီမေတ္တာဟာ ကျွန်ုပ်တို့၏ထောင်လွှားသောစိတ်နှလုံးကို အစိတ်စိတ်အမွှာမွှာ ကွဲစေပါတယ်။ သခင်ခရစ်တော်ဟာ သောင်းဂဏန်းရှိသော ကောင်းကင်တမန်များကို ခေါ်နိုင်ပါတယ်။ သို့သော် သူမပြုခဲ့ပါ။ ဒီလိုလုပ်မဲ့အစား ကျွန်ုပ်တို့အတွက်အသေသတ်ခြင်းကိုခံခဲ့ရှာပါတယ်။



70

အရေးကြီးဆုံးဖြစ်သောမေးခွန်းကတော့
'သခင်ခရစ်တော်သည် သင့်အတွက်ဘယ်သူလဲ? ဆိုတဲ့မေးခွန်းဘဲ ဖြစ်တယ်။


71

ကျွန်ုပ်တို့နေထိုင်သော ဤကမ္ဘာမြေပေါ်သို့ သခင်ခရစ်တော်လာရခြင်းအကြောင်းဟာ ပြည့်ဝတဲ့အသက်တာနှင့် အသက်ရှင်နေထိုင်ပြီး ကျွန်ုပ်တို့ရဲ့ အပြစ်နှင့်ဖုံးလွှမ်းနေ သော ပြည့်ဝတဲ့ အသက်တာကို အစားထိုးပေးဘို့ဖြစ်တယ်။
ကျွန်ုပ်တို့ ထာဝရအသက်ရှင်နိုင်ဘို့အတွက်ကိုယ်တော်ဟာ ကျွန်ုပ်တို့ရင်ဆိုင်ရမည့်သေခြင်း တရားကိုခံယူရင်ဆိုင်သွား ပါတယ်။
ကျွန်ုပ်တို့အတွက် အသက်စွန့်ခြင်းအကြောင်းနှင့်ပတ်သက်ပြီး သမ္မာကျမ်းစာက ဒီလို ဖေါ်ပြ ထားပါတယ်။

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု


72

(ကျမ်းချက် ဆလိုက် ၄၃။ ဟေရှာယအနာဂတ္တိကျမ်း ၅၃း၃-၇)
'သူသည်သူတစ်ပါး၏မထီမဲ့မြင်ပြုခြင်းကိုခံရ၍ လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၍ ငြိုငြင်သောသူ၊
နာကြဉ်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၍. . .


73

ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊နှိပ်စက်ခြင်းကိုခံရလေ၏။
ငါတို့၏ငြိမ်သက် ချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍
သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။


74

ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက် ကိုယ်လမ်းအသီးအသီးလိုက်သွား ကြသည်ဖြစ်၍


75


ထိုသူသည် ညှဉ်းဆဲခြင်းနှင့်နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါ ဆောင်သွားသောသိုး
သငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့ သူသည်
နှုတ်ကို မဖွင့်ဘဲနေ၏။'
ဟေရှာယအနာဂတ္တိကျမ်း ၅၃း၃-၇


76

ဤနေရာမှာ သခင်ခရစ်တော်ကိုသိုးသငယ်ဖြစ်သည်ဟုဖေါ်ပြထားပါတယ်။ ကိုယ်တော်ကို 'သိုးသငယ်'
အနေဖြင့် နှုတ်ကပတ် တော်ထဲ၌အကြိမ်ကြိမ်ဖေါ်ပြထားတယ်။


77

(ကျမ်းချက်။
ဗျာဒိတ်ကျမ်း ၁၃း၈)
ဗျာဒိတ်ကျမ်း ၁၃း၈က'ကွပ်မျက်သော သိုးသငယ်၏ အသက်စာစောင်၌ကမ္ဘာဦးကပင်စာရင်းမဝင်သော
မြေကြီးသားအပေါင်းတို့သည် သားရဲကို ကိုးကွယ်ကြ၏။'ပြောထားပါတယ်။


78

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၅း၈၊၁၂)
'အသက်ကြီးသူနှစ်ဆယ့်လေးပါးတို့သည်. . . သိုးသငယ်ရှေ့၌ပြပ်ဝပ်လျက်. . .


79

အသေသတ်ခြင်းကို ခံခဲ့ပြီးသော သိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊
ဘုန်းအာနုဘော်၊ ကောင်းကြီးမင်္ဂလာခံထိုက်တော်မူ၏ဟု ကြီးသောအသံနှင့်ပြောဆိုကြ၏။'
ဗျာဒိတ်ကျမ်း ၅း၈၊၁၂
သိုးသငယ်ဖြစ်တဲ့ယေရှုဟာ ကျွန်ုပ်တို့အားလုံးကို ထာဝရသေခြင်းမှကယ်တင်ခဲ့ပြီး ၄င်းအစား
ထာဝရအသက်ကိုပေးခဲ့ပါတယ်။

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု



80

(ကျမ်းချက် ဆလိုက် ၂ခု။ ရောမသြဝါဒစာ ၆း၂၃)
'အပြစ်တရား၏အခကားသေခြင်းပေတည်း။



81

ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား၊ငါတို့သခင်ယေရှုခရစ်အားဖြင့်ထာဝရအသက်ပေတည်း။'


82

အာဒံနှင့်ဧဝဟာ အပြစ်ကိုကျူးလွန်တဲ့အချိန်ကနေစပြီး ဘုရားသခင်နှင့်ခွဲခွါခဲ့ရပါတယ်။ ဘုရားသခင်ဟာ သူတို့ကို သာယာတဲ့ဧဒင်ဥယျာဉ်တော်နေအိမ်က မောင်းထုတ်လိုက်ပြီး အသက်ပင်ရဲ့ အသီးကိုလည်း ဆက်လက်စားခွင့်မပြုတော့ဘူး။ ဒါကြောင့် အသက်ရှင်စေနိုင်သည့်တန်ခိုးစွမ်းအားများ သူတို့မှ တဖြည်းဖြည်းလျော့ပါးသွားခဲ့ပါပြီး နောက်ဆုံးသေဆုံးရတဲ့ အထိဘဲဖြစ်ခဲ့တယ်။




83

(ကျမ်းချက် ဆလိုက် ၂ခု။ ကမ္ဘာဦးကျမ်း ၃း၂၄)
'ထိုသို့လူကို နှင့်ထုတ်ပြီးလျှင် အသက်ပင်လမ်းကိုစောင့်ရှောက်စေခြင်းငှါ မီးစက်လက်နက်နှင့်တကွ



84

ခေရုဗိမ်တို့ကို ဥယျာဉ်အရှေ့ဘက်၌ထားတော်မူ၏။'
ကမ္ဘာဦးကျမ်း ၃း၂၄


85

ဘုရားသခင်က မိမိရဲ့ ကယ်တင်ခြင်းစီမံကိန်းကို သူတို့အားပြောပြခဲ့ ပါတယ်။



86

(ကျမ်းချက် ဆလိုက် ၂ခု။ ကမ္ဘာဦးကျမ်း ၃း၁၅)
'သင်နှင့်မိန်းမကိုငှင်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကိုငှင်း ငါသည် ရန်ငြိုးဖွဲ့စေမည်။



87

သူ (ခရစ်တော်) သည် သင် (စာတန်မာန) ၏ခေါင်းကိုကြိတ်လိမ့်မည်။ သင် (စာတန်) သည် သူ (ခရစ်တော်) ၏ခြေဖနှောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု




88

ကြိတ်တယ် ဆိုတဲ့အဓိပ္ပါယ်ဟာ ဘာလဲ။



89

ဟေဗြဲစကားမှာဆိုရင် ကြိတ်တယ် ဆိုတဲ့စကားလုံးရဲ့အဓိပ္ပါယ်ဟာ ကြေမွစေသည် ဟု အဓိပ္ပါယ်ရပါတယ်။
လူတစ်ယောက်ရဲ့ ခေါင်းကို ကြေမွစေခြင်းဟာဖနှောင့်ကို ကြေမွစေခြင်းထက်ထိခိုက်မှုရှိပါတယ်။
ခရစ်တော်က စာတန်မာနကို အနိုင်ရမည့်အကြောင်းကို ဖေါ်ပြခြင်းဖြစ်ပါတယ်။
ဘုရားသခင် လူသားများကို ပြန်လည်ကယ်တင်မည့်အစီအစဉ်ကို သတိယစေဘို့ ထပ်မံအသိပေးတဲ့ အရာတစ်ခုရှိပါသေးတယ်။



90

ဘုရားသခင်ဟာ ပူဇော်သက္ကာနှင့်ဆိုင်သော စနစ်ကိုပြုလုပ်ဖွဲ့စည်းခဲ့ပါတယ်။
တနေ့မှာသူတို့အတွက်အသေခံ သွားမဲ့ဘုရားသခင်ရဲ့သိုးသငယ်အပေါ်မှာ သူတို့ယုံကြည်မှုရှိကြောင်းပြကြရမှာ ဖြစ်ပါတယ်။



91

ကျမ်းစာထဲမှာတော့ ယဇ်ပူဇော်ခြင်းစနစ်ကို ဘယ်အချိန်ကနေစခဲ့လဲဆိုတာ အတိအကျမဖေါ်ပြထားဘူး။
ဘုရားသခင်က အဝတ်အချည်းစည်းရှိတဲ့ အာဒံနှင့်ဧဝအတွက် ဝတ်လုံကို သားရေဖြင့် ပြုလုပ်ပေးခဲ့ပါတယ်။
နောက်တစ်ခန်းမှာဆိုရင် ကဣနနှင့်အာဗေလယဇ်ပူဇော်ခြင်း အကြောင်းကိုတွေ့ ရပါတယ်။



92

(ကျမ်းချက် ဆလိုက် ၂၃။ ကမ္ဘာဦးကျမ်း ၄း၄၊၅)
'အာဗေလသည်လည်း မိမိသိုးစုတွင် အဦးဖွားသော သားအချို့နှင့် သိုးဆီဥကိုဆောင်ခဲ့၍



93

ထာဝရဘုရားသည် အာဗေလနှင့်သူ၏ပူဇော်သက္ကာကို ပမာဏပြုတော်မူ၏။ '
ကမ္ဘာဦးကျမ်း ၄း၄



94

ထာဝရဘုရားသည် အာဗေလနှင့်သူ၏ပူဇော်သက္ကာကို ပမာဏပြုတော်မူ၏။ '
ကမ္ဘာဦးကျမ်း ၄း၅
အာဗေလဟာ ဘုရားသခင်ရဲ့သိုးသငယ်ကို ပုံဆောင်ထားတဲ့ သိုးကလေးကိုပူဇော်ဘို့ ယူလာပေမဲ့
ကာဣနကတော့ အဦးသီးသောမြေအသီးအနှံတွေကိုဘဲ ယူလာခဲ့တယ်။ ကာဣနရဲ့ပူဇော်ဆက် ကပ်မှုဟာ
ဘုရားသခင်ရဲ့သိုးသငယ်အသေသတ်ခြင်းခံ
ရမယ်ဆိုတာကို ယုံကြည်မှုလုံးဝမပြခဲ့ပါဘူး။



95

(ကျမ်းချက်။ ဟေဗြဲဩဝါဒစာ ၉း၂၂)
'အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ။'

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု



96

ဘုရားသခင်ကဣသရေလလူမျိုးများကိုအီဂျစ်ပြည်မှထုတ်
ဆောင်လာခဲ့တဲ့အချိန်မှာမောရှေကိုဆောက်လုပ် ခိုင်းတဲ့တဲတော်ရဲ့ဝိထုံးဓလေ့များအားဖြင့်များစွာသော
သင်ခန်းစာများကိုဣသရေလလူတို့အားသွန်သင်ခဲ့
ပါတယ်။
ဒီတဲတော်ဟာ ကောင်းကင်နိုင်ငံတော်မှာ ရှိတဲ့တဲတော်နဲ့ပုံစံတူတစ်ခုဖြစ်ပါတယ်။



97

ပသကာပွဲဟာ ဒီဝိထုံးများထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။




98

ပထမလ ၁၄ ရက်နေ့ တွင် သိုးတစ်ကောင်သတ်ပြီး ဒီသိုးရဲ့အသွေးကို သူတို့ရဲ့တံခါးတိုင်ပေါ်မှာ
သုတ်ဖို့ရန် ဣသရေလလူမျိုးတို့ကိုမှာကြားခဲ့ပါတယ်။
သူတို့မိသားစုကို ဒီသိုးသငယ်ရဲ့အသွေးတော်က ကာကွယ်စောင့်ရှောက်တယ်ဆိုတဲ့ အထိမ်းအမှတ်တခုဘဲ
ခြင်းဖြစ်ပါတယ်။



99

အဲဒီညက တံခါးတိုင်ပေါ်မှာသိုးသငယ်ရဲ့အသွေး သုတ်ထားတဲ့အိမ်တွေကို ဖျက်ဆီးတဲ့ကောင်းကင် တမန်က
မထိခိုက်စေဘဲ ကျော်လွန်သွားခဲ့တယ်။



100

ပသကာပွဲက သိုးသငယ်ရဲ့အသွေးတော်ကသာလျှင် ပျက်စီးခြင်းမှကယ်လွှတ်နိုင်တယ် ဆိုတာကို
သတိပေးပါတယ်။ ယဇ်ပူဇော်ခြင်းခံတဲ့တိရိစ္ဆာန်က အပြစ်တွေကိုမဆေးကြောပေးနိုင်ပါဘူး။
ဘုရားသခင်ကသာ သူတို့ကို အပြစ်မှ ကယ်တင်နိုင်ပါတယ်။




101

(ကျမ်းချက်။ ဟေဗြဲသြဝါဒစာ ၉း၂၆)
ခရစ်တော်သည် ‘ကိုယ်ကို ပူဇော်သောအားဖြင့် အပြစ်များကို သုတ်သင်ပယ်ရှင်းခြင်းငှါ ပေါ်ထွန်းတော်မူ၏။
’

ဟေဗြဲသြဝါဒစာ ၉း၂၆




102


(ကျမ်းချက်။ ဟေဗြဲသြဝါဒစာ ၁၀း၄)
‘အကြောင်းမူကား နွား၊ ဆိတ်၏အသွေးသည် အပြစ်ကို မပယ်နိုင်ရာ။’
ဟေဗြဲသြဝါဒစာ ၁၀း၄



103

ဗတ္တိဇံဆရာယောဟန်က ခရစ်တော်ဟာ မေရှိယဖြစ်ကြောင်းကို ဘယ်လိုဖေါ်ပြလဲဆိုတော့

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘ၀တစ်ခု



104

(ကျမ်းချက် ရှင်ယောဟန်ခရစ်ဝင် ၁း၂၉)
ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့။' ရှင်ယောဟန်ခရစ်ဝင် ၁း၂၉


105

ယဇ်ပူဇော်ခြင်းထုံးအရ အသတ်ခံခဲ့ရသော ယဇ်ကောင်များဟာ မေရှိယဖြစ်တဲ့ဘုရားသခင်ရဲ့ သိုးသငယ်ကို ပြညွှန်နေပါတယ်။
ဓမ္မဟောင်းခေတ် နှစ်ရာစုများစွာတုန်းက အသတ်ခံရတဲ့သိုးငယ်တိုင်းရဲ့ အသွေးဟာ
ခရစ်တော်ကျွန်ုပ်တို့ အတွက် သွန်းလောင်း
ခဲ့တဲ့ အသွေးတော်ကို ပုံဆောင်ထားပါတယ်။


106

ယေရှုသည် ကမ္ဘာကြီးရဲ့ကယ်တင်ရှင်ဖြစ်တယ်။
ယေရှုက အပြစ်ဖြေလွှတ်တယ်။
ယေရှုကခွင့်လွှတ်တယ်။
ယေရှုက ကျွန်ုပ်တို့တတွေကို အပြစ်ဒုစရိုက်မှကယ်တင်တယ်။
ကျွန်ုပ်တို့ဘယ်လို အသက်ရှင်နေထိုင်ရမလဲဆိုတာကို သွန်သင်တယ်။
ယေရှုရဲ့အသက်တာဟာ ကျွန်တော်တို့အတွက် ပုံသက်သေဖြစ်ပါတယ်။
ယေရှုက ကျွန်တော်တို့ရဲ့အသက်တာကို အစွမ်းတန်ခိုးပေးတယ်။
ယေရှုက ကျွန်တော်တို့ရဲ့စိတ်နှလုံးကို ပြောင်းလဲပေးတယ်။
ယေရှုက အသစ်သော အသက်တာကိုပေးတယ်။


107


၁၉၁၄ ခုနှစ် ဆရာ အာနက်ရှက်ကယ်တန် ဟာ အန္တာတိတ်သမုဒ္ဒရာကိုကျော်ဖြတ်ဘို့ ကြိုးစားနေတဲ့အချိန်မှာ ပင်လယ်ထဲမှာအက်ကွဲနေ တဲ့ ရေခဲတုံးကြီးကြောင့် 'ဇွဲ' လို့နာမည်ပေးထားတဲ့ သူ့သင်္ဘောဟာပျက်စီးသွား တယ်။ ရက်အတော်များများရေထဲမှာ မျောပါသွားပြီး ဆင်ကျွန်း လို့ခေါ်တဲ့ ကျွန်းပေါ်သို့ရောက်ရှိသွားပါတယ်။
ဆောင်းရာသီလည်း နီးကပ်လာပြီးဖြစ်တဲ့အတွက် ရှက်ကယ်တန်ကသူ့သင်္ဘောသားတွေကို ဆောင်းရာသီခံနိုင်ဘို့ နေရာပြင်ဆင်ပြီးလိုအပ်တဲ့ အစားအသောက်နဲ့ပစ္စည်းတွေကို သိုလှောင်ထားစေပါတယ်။ ဒါပေမဲ့ မကြာမှီသူသိရှိလာတာကတော့ ဘယ်သူကမှ သူတို့ကို လာကယ်နိုင်မှာ မဟုတ်ဘူးဆိုတဲ့ အချက်ကြီးဘဲဖြစ်တယ်။ သူတို့ဘယ်နေရာရောက်နေကြသလဲဆိုတာ ဘယ်သူမှမသိကြဘူး။ ဆီးနှင်း ရေခဲဖုံးလွှမ်းပြီး မုန်တိုင်းထန်လှတဲ့ အန္တာတိတ်သမုဒ္ဒရာက သူတို့ကိုကမ္ဘာကြီးနဲ့အဆက်ဖြတ်ထားတယ်။
သူတို့အတွက်တစ်ခုတည်းသောမျှော်လင့်ချက်ကတော့ သူတို့ထဲမှ တစ်ယောက်ယောက်က ကြမ်းတမ်းခက်ထန်တဲ့ သမုဒ္ဒရာကြီးကို ကျော်ဖြတ်ပြီး အကူအညီရယူဖို့ဘဲဖြစ်ပါတယ်။
ရှက်ကယ်တန် က ပေ ၂၀လောက်ရှိတဲ့ ငါးဖမ်းလှေတစင်းကို ထွင်းလိုက်ပြီး သူ့နောက်လိုက်လိုတဲ့ဆန္ဒရှိသူ ၆ယောက်ကို ရွေးလိုက်တယ်။ သူတို့ဟာဂျော်ဂျီယားတောင်ပိုင်း ကျွန်းပေါ်မှာရှိတဲ့
နော်ဝေးငါးဖမ်းဆိပ်ရောက် ဘို့ ကြောက်စရာကောင်းလှတဲ့လှိုင်းလုံးကြီးများကို ကျော်ပြီး မိုင်ပေါင်း ၈၀၀ ခရီးနှင်ရမယ်ဖြစ်ပါတယ်။

# ၇ – ကမ္ဘာကိုပြောင်းလဲစေခဲ့သောဘဝတစ်ခု



108

ဒီလိုမုန်တိုင်းအပြင်းထန်ဆုံးရာသီမှာ အမိုးအကာမဲ့လှေကလေးနဲ့ရေခဲဖုံးလွှမ်းတဲ့ သမုဒ္ဒရာပေါ်မှာ ခရီးနှင်ဘို့ ဟာလုံးဝမဖြစ်နိုင်တဲ့ပုံပေါ်နေပါတယ်။ ဒါပေမဲ့ ရှက်ကယ်တန် ဟာ သူ့လူ ၆ယောက်နဲ့ခရီးစတင်ခဲ့ပါတယ်။ ကြီးမားလှတဲ့ လှိုင်းလုံးကြီးတွေတည့်တည့်ကို လှေဦးနဲ့ထိုးဖေါက်ရင်း လေကြမ်းကြီးက သူတို့ရဲ့ရွက်ကလေးကို မစုတ်ပြဲစေဘို့ ဆုတောင်းရင်းရက်ပေါင်းများစွာ သူတို့ဟာ အမိုးပါးလေးအောက်မှာ ပူးကပ်စွာ ထိုင်ရင်းခရီး ကြမ်းနှင်ခဲ့ကြပါတယ်။
သူတို့တတွေဟာ အအေးဒဏ်ကို အရိုးချဉ်ဆီထဲအထိ အေးစိမ့်အောင်ခံစားကြရတယ်။
သူတို့ရဲ့အိပ်ယာများမှာ လည်း ရေခဲကြောင့်မာကြောနေပါတယ်။ အင်မတန်အေးတဲ့ရေခဲရေက သူတို့၏ကျောထဲကို စီးကျ လာခဲ့တယ်။ ဆာလောင်မွတ်သိပ်မှုတွေနဲ့ ကြုံတွေ့ခဲ့ရကြတယ်။ ပင်လယ်ခရီးကို စတင်ပြီး ၁၄ ရက်မြောက်နေ့မှာ အစာရေစာငတ်ပြတ်လုမြောပါးဖြစ်နေကြတဲ့အချိန်မှာ သူတို့တတွေဟာတောင်ဂျော်ဂျီယာ ရဲ့တောင်ကမ်းပါးစွန်းအမဲကလေးကို အဝေးကလှမ်းတွေ့လိုက်ကြပါတယ်။
ရှက်ကယ်တန် နဲ့ အဖေါ်တွေဟာ သူတို့ရည်မှန်းချက်ကို အကောင်အထည်ဖေါ်နိုင်ခဲ့ကြပါတယ်။ မကြာမှီမှာ ဆင်ကျွန်းမှာ ကျန်ရစ်ခဲ့တဲ့ သူတို့ရဲ့အဖေါ်တွေကို သွားကယ်ဆယ်ဘို့သင်္ဘောတစ်စီးထွက်ခွာသွားမှာဖြစ်ပါတယ်။
ဒုက္ခပင်လယ်ဝေနေတဲ့ ကျွန်ုပ်တို့ရဲ့ အခြေအနေကို ဘုရားရှင်က ငုံကြည့်လိုက်တဲ့အခါ ကျွန်ုပ်တို့ဟာ အပြစ်ဆို တဲ့ ကျယ်ပြောလှတဲ့ ပင်လယ်ကြီးရဲ့ဝိုင်းရံခံနေရပြီး လူသူမရောက်နိုင်တဲ့ကျွန်းမှာ ပိတ်မိနေတာကိုသူတို့တွေ့ရှိရ ပါတယ်။ ဒါကြောင့် အန္တရာယ်များပြားလှတဲ့ ပင်လယ်ကြီးထဲကို သူကိုယ်တိုင်ခုန်ဆင်းခဲ့ပြီး သေစေနိုင်လောက် အောင်ကြမ်းကြုတ်အေးစက်ပြီးကျယ်ပြောတဲ့လူသားတွေရဲ့ ဆိုးရွားလှတဲ့ အပြစ်ကို သူကိုယ်တိုင်ခံယူသွားခဲ့ ပါတယ်။



109

စကြာဝဠာမှာ ယေရှုနှင့်တူသော သူတစ်ယောက်မျှမရှိခဲ့ဘူး။ သူသာလျှင် ကျွန်ုပ်တို့အပြစ်သားများကို ကယ်တင်နိုင်တယ်။ သူသာလျှင် ကျွန်ုပ်တို့ရဲ့အပြစ်တွေကို ဖယ်ရှားပြီး အသက်တာကို ပြောင်းလဲပေးနိုင်ပါတယ်။ သူသာလျှင် ကျွန်ုပ်တို့ကို ထာဝရအသက်ကို ပေးပိုင်တဲ့အရှင်ဖြစ်ပါတယ်။

သင်၏လက်ကိုမြောက်ထားပြီး 'ယေရှုရှင်ကို ကျွန်ုပ်တို့ရဲ့ကယ်တင်ပိုင်ရှင်သခင်အဖြစ် ယနေ့ လက်ခံပါတယ်။ မှန်ပါတယ် သခင်။ ကိုယ်တော်ဟာ ကျွန်ုပ်အတွက် အသေခံခဲ့တာကို ကျွန်ုပ်ယုံကြည်ပါတယ်။ ဟုတ်ပါတယ် သခင်။ ကျွန်ုပ်ရဲ့အသက်တာတစ်ခုလုံးကို ကိုယ်တော်ရှင်လက်ဝယ်အပ်နှံပါတယ်။'
သင်တို့အတွက် ကျွန်ုပ်ဆု တောင်းပေးရန်လက်များကို မြောက်ထားကြပါ။

# ၁ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း




1

ထာဝရအသက်ရှင်ခြင်း၏လျှို့ ဝှက်ချက်




2

(ဗီဒီယို။ ၁၉ စက္ကန့်)
မြေကြီးတုန်လှုပ်သွားတယ်။ခွန်အားကြီးငလျှင်ဟာမြို့ ကြီးတမြို့ လုံးကိုတုန်ခါတဲ့လိုင်းနှင့်လှုပ်လိုက်ပါတယ်။ရုံးအဆောက်အဦး၊ နေအိမ်များ၊ ပြိုကျပျက်စီးကုန်တယ်။ ဆေးရုံများ၊ ကျောင်းများ နှင့် ဘုရားကျောင်း များအားလုံး ဖျက်ဆီးခံရတယ်။

ဖေဖေါ်ဝါရီလ ၂၀၀၁ ခုနှစ်၊ အယ်ဆာဗေဒိုမှာငလျှင်လှုပ်တုံးကလူပေါင်း ၃၀၀၀ နီးပါးတပြိုင်ထဲသေဆုံးခဲ့တယ်။ထောင်ပေါင်းများစွာအိုးမဲ့အိမ်မဲ့ကျန်ခဲ့တယ်။
အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများဟာနေ့ညမပြတ်မမောနိုင်မပမ်းနိုင်ပျောက်ဆုံးဒုက္ခရောက်သူများကိုအပျက်စီးကြားကရှာဖွေကယ်ထုတ်ကြတယ်။အသက်ရှင်သူအနည်းငယ်သာရှာတွေ့ကြပါတယ်။

လေးရက်ဆက်တိုက်ရှာဖွေပြီးနောက်ကယ်ဆယ်ရေလုပ်ငန်းကိုရုပ်သိမ်းရန်ပြင်ဆင်ကြတယ်။ ဒီအချိန်မှာတယောက်သောသူကလူတယောက်ရဲလက်တဖက်ကိုအပျက်စီးပုံကြားမှာတွေ့သွားတယ်။ပိုပြီးစိတ်လုပ်ရှားစေတာကတော့အဲ့ဒီလူရဲ့ လက်ဟာလှုပ်နေတယ်။
ကယ်ဆယ်ရေအဖွဲ့ ဟာအလျှင်မြန်ဆုံးကြိုးစားတူးဖေါ်ကယ်ဆယ်လိုက်တယ်။



3

ကျွန်ုပ်တို့အားလုံးအသက်ရှင်ဘို့ဆန္ဒနှင့်မွေးဖွားလာခဲ့ပါတယ်။ ကျွန်ုပ်တို့အားလုံး ဒီကမ္ဘာထဲဝင်ရောက်တဲ့အချိန်ကစ ပြီး ဒီဆန္ဒရှိကြပါတယ်။ အသက်ရှင်ခဲ့တဲ့သူအားလုံး ဒီဆန္ဒမျိုးရှိခဲ့ကြပါတယ်။
ကျွန်ုပ်တို့မှာရှိတဲ့ အကြီးမားဆုံးဆန္ဒကတော့ အသက်ရှင်ဘို့ဖြစ်ပါတယ်။ ကျွန်ုပ်တို့လူသားအားလုံးတူညီတဲ့ဆန္ဒက တော့ အသက်ရှင်လိုတဲ့ဆန္ဒဖြစ်ပါတယ်။



4

ကျွန်ုပ်တို့မှာရှိတဲ့အကြီးမားဆုံးဆန္ဒဟာ အသက်ရှင်ဘို့ဖြစ်တယ်။
ကျွန်ုပ်တို့လူသားများဟာ အတူပေါင်းစည်းနေထိုင်တာ
ဒီတူညီတဲ့အသက်ရှင်လိုသောဆန္ဒကြောင့်ဖြစ်ပါတယ်။

လူသားရဲ့အသက်ဟာခြိမ်းခြောက်မှုခံရတဲ့အခါ လူများဟာ မယုံနိုင်လောက်အောင် သူရဲကောင်းဆန်ဆန် ဒုက္ခရောက်သူများကို ကယ်ဘို့လာကြတယ်။
ဥပမာအားဖြင့် - ရေတွင်းထဲကို ခလေးတယောက်လိမ့်ကျနေတာဖြစ်စေ၊
ပင်လယ်ထဲမှာ သင်္ဘောစက်ပျက်လို့မျောနေတဲ့ ဒုက္ခရောက်သူတွေလိုဖြစ်စေ



5

အန္တရာယ်များတဲ့တောင်ကပါးမှာအားကိုးရာမဲ့နေတဲ့တောင်တက်သမါးတယောက်လိုဖြစ်စေ၊
မြေငလျှင်ကြောင့်အပျက်အစီးကြားပိတ်မိနေတဲ့ဒုက္ခသည်များလိုဖြစ်စေ၊
လူသားတဦးဦးအသက်ဘေးကြုံရင်လူတွေဟာတဦးနှင့်တဦးကူညီကယ်မကြပါတယ်။



6

မှန်တာတခုကကျွန်တော်တို့အားလုံးအသက်တာဟာအမှန်တကယ်အန္တရာယ်ဒုက္ခထဲကျရောက်နေတာကိုမစဉ်းစားခြင်ကြပါဘူး။
အန္တရာယ်ကျရောက်နေတာမကဘူးလူတိုင်း
သေဘို့ကြမ္မာဆိုးဆိုက်ရောက်နေပါတယ်။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


7

(ကျမ်းချက်။ ရောမဩဝါဒစာ ၆ း ၂၃)
'အပြစ်၏အခကားသေခြင်းပေတည်း။ဘုရားသခင်ပေတော်မူသော
ဆုကျေးဇူးတော်ကားငါတို့သခင်ယေရှုခရစ်အားဖြင့်
ထာဝရအသက်ပေတည်း'
ရောမဩဝါဒစာ ၆ း ၂၃


8

အပြစ်ဟာသေစေနိုင်တဲ့ပြင်းထန်တဲ့အဆိပ်နဲ့တူတယ်။
အပြစ်ဟာလူကိုသေစေပါတယ်။ ဘာကြောင့်လဲ- အကြောင်းကတော့
ကျွန်တော်တို့ကိုဖန်ဆင်းတော်မူသောအသက်ပေးပိုင်ရှင်ထာဝရဘုရားနှင့်ခွဲခွါလိုက်လို့ပါဘဲ။
ပြီးတော့ကျွန်တော်တို့အားလုံးအပြစ်ပြုလုပ်ဘူးတဲ့သူတွေဖြစ်တယ်။


9

(ကျမ်းချက်။ ရောမဩဝါဒစာ ၃ း ၂၃)
လူအပေါင်းတို့သည်ဒုစရိုက်ကိုပြု၍ဘုရားသခင်ရှေ့၌အသရေပျက်ကြပြီး။
ရောမဩဝါဒစာ ၃ း ၂၃


10

(ကျမ်းချက်။ ရောမဩဝါဒစာ ၃ း ၁၀ - ၁၂)
'ဖြောင့်မတ်သောသူမရှိ၊တယောက်မျှမရှိ။


11


နားလည်သူမရှိ၊ဘုရားသခင်ကိုရှာသောသူမရှိ။


12

'လူအပေါင်းတို့သည်လမ်းလွဲကြပြီး၊. . . ကောင်းသောအကျင့်ကိုကျင့်သောသူမရှိ၊တယောက်မျှမရှိ။'
ရောမဩဝါဒစာ ၃ း ၁၀ - ၁၂


13

မူရင်းမိဦးဖဦးအာဒံနှင့်ဧဝမှဆင်းသက်လာကြသောလူသား
မျိုးနွယ်အားလုံးဘုရားသခင်ရဲ့တရားတော်ကိုနားမထောင်ဘဲမိမိလမ်း
အတိုင်းဘုရားသခင်နှင့်အဆက်ဖြတ်ဘို့ရွေးချယ်ခဲ့ကြတယ်။


14

(ကျမ်းချက်။ ရောမဩဝါဒစာ ၅ း ၁၂)
ဤအကြောင်းအရာဟူမူကားအပြစ်တရားသည်တယောက်သောသူအားဖြင့်ဤလောကသို့ဝင်၍၊
အပြစ်တရားအားဖြင့်သေခြင်းတရားဝင်သည်နှင့်အညီ

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း




15

လူအပေါင်းတို့သည်အပြစ်ရှိသောကြောင့်သေခြင်းသို့ရောက်ရကြ၏။
ရောမဩဝါဒစာ ၅ း ၁၂



16

အပြစ်ရဲ့သဘာဝရလဒ်ကတော့သေခြင်းဖြစ်တယ်။
အပြစ်ကြောင့်သေတဲ့နှုန်းကတော့ ရာနှုန်းပြည့်ဖြစ်ပါတယ်။
အာဒံဟာသူရဲ့အပြစ်ကြောင့်သေရမယ်။
ဒါကြောင့်အာဒံနှင့်ဧဝကဆင်းသက်တဲ့မျိုးနွယ်အားလုံးသေရမယ်။ကျွန်တော်တို့အားလုံးပါဝင်ပါတယ်။



17

ဒါကြောင့်ကျွန်တော်တို့အားလုံးအပြစ်တွင်းနက်ထဲကျရောက်နေပါတယ်။
ထောင်ခြောက်မိပြီးအားကိုးရာမဲ့ဖြစ်နေပါတယ်။
ကယ်သူမရှိရင်သေဘို့ကံကြမ္မာဆိုးနှင့်ကြုံနေပါတယ်။
သတင်းဆိုးကကယ်သူမရှိရင်သေဘို့ကံကြမ္မာဆိုးနှင့်ကြုံမယ်။
သတင်းကောင်းကကယ်မည့်သူတယောက်ရှိတယ်။




18

(ကျမ်းချက်။ ဧဖက်ဩဝါဒစာ ၂း ၈၊၉)
ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်၊ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။



19

ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။'
ဧဖက်ဩဝါဒစာ ၂း၈၊၉
မှန်ပါတယ်၊ကျွန်တော်တို့အားလုံးအပြစ်သားဖြစ်ကြတယ်။
သံသယဖြစ်စရာမရှိဘူး။
တကိုယ်ကောင်းဆန်ပြုမူပြောဆိုတွေးခေါ်မှုတွေနှင့်အပြစ်လုပ်ကြပါတယ်။



20

နေ့စဉ်မရေတွက်နိုင်တဲ့ကျွန်တော်တို့လုပ်တဲ့အပြစ်တွေကိုစဉ်းစားကြည့်ပါ။
ကျွန်တော်တို့ပြဿနာကအပြစ်ကျူးလွန်တာမကကျွန်တော်တို့ကိုယ်တိုင်အပြစ်သားဖြစ်နေပါတယ်။



21

သေလောက်အောင်၊ဆိုးဝါးစွာနာမကျန်းဖြစ်သူဟာမိမိရဲ့ပြဿနာကိုမသိ၊
ဒါမှမဟုတ်ဆေးဝါးကုသမှုကိုမခံယူရင်သေမှာဘဲ။ ထိုနည်းတူအပြစ်သားများလည်းမိမိဝိညာဉ်ရေးအခြေအနေအတွက်အကူအညီမရယူရင်သေရမှာဖြစ်တယ်။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


22


(ကျမ်းချက်။ ဟေရှာယအနာဂါတ္တိကျမ်း ၅၉း၂)
သင်တို့ဒုစရိုက်သည်သင်တို့ကိုဘုရားသခွင်နှင့်ကွာစေပြီး။
ဟေရှာယအနာဂါတ္တိကျမ်း ၅၉း၂
ထာဝရဘုရားဟာအသက်ရဲ့မူလဖြစ်ပြီးအာဒံဟာအပြစ်လုပ်တဲ့အချိန်ကစပြီးသေရပါတယ်။
သို့သော်မေတ္တာရှင်ဘုရားဟာကျွန်တော်တို့ကိုအပြစ်ရဲ့ရလဒ်အတွက်ကယ်တင်ခြင်းရရှိဘို့မျှော်လင့်ခြင်း
ကင်းတဲ့အကြောင်းမပြောခဲ့ပါဘူး။
ဒီမှာသတင်းကောင်းရှိပါတယ်။


23

(ကျမ်းချက်။ ရောမဩဝါဒစာ ၆း၂၃)
'အပြစ်၏အခကားသေခြင်းပေတည်း။ ဘုရားသခွင်ပေးတော်မူသောဆုကျေးဇူးတော်ကားငါတို့
သခွင်ယေရှုခရစ်အားဖြင့်ထာဝရအသက်ပေတည်း'
ရောမဩဝါဒစာ ၆း၂၃


24

(ဗီဒီယို။ ၃ စက္ကန့်)
ကယ်တင်ခြင်းသည်ဆုကျေးဇူးလက်ဆောင်ဖြစ်၏။
ကျွန်တော်တို့မရထိုက်ပါဘူး။
ကျွန်တော်တို့ရဲ့ကောင်းမှုကုသိုလ်၊အလုပ်နှင့်မရယူနိုင်ပါဘူး။
အဖိုးအခပေးပြီးဝယ်ယူလို့မရပါဘူး။


25

များစွာသောလူများကကောင်းမှုကုသိုလ်လုပ်ခြင်းအားဖြင့်ဘုရားထံမှခွင့်လွှတ်ခြင်းနှင့်ထာဝရအသက်ကို
ရမယ်လို့ယုံကြည်ကြတယ်။
လူအချို့ဟာ ဆူးအိပ်ရာပေါ်ထိုင်ပြီးမိမိကိုယ်ကိုနှိပ်စက်ခြင်းနဲ့ဘုရားထံမှမျက်နှာရပြီးခွင့်လွှတ်ခြင်းခံရမယ်လို့
ယုံကြတယ်။


26

အချို့ကြတော့လည်းမိမိကိုယ်ခန္ဓာကိုနာကျင်အောင်ကြာပွတ်ရိုက်၊
သံကြိုးနှင့်ချည်နှောင်ပြီးဆူးများနဲ့ထိုးကြတယ်။


27

အချို့ကြတော့လည်းရဲရဲတောက်နေတဲ့မီးကျီခဲပေါ်ခြေဖဝါးအလွတ်နှင့်လမ်းလျှောက်ပြီးပုံမှန်
မဟုတ်သောခန္ဓာကိုယ်ညှင်း ဆဲခြင်းလုပ်ပြီးဘုရားထံမှကောင်းကြီးများကိုတောင်းခံကြတယ်။


28

အခြားယုံကြည်ချက်တခုကဘုရားကျောင်းကန်၊စေတီပုထိုးများတည်ဆောက်ခြင်း၊ သန့်ရှင်းသူများကိုကျွေး
မွေးခြင်းဖြင့်နောက်လာမည့်ဘဝအတွက်ကောင်းကျိုးဖြစ်မယ်လို့ယုံကြတယ်။

# ၁ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း




29

အချို့ကြတော့လည်းအကြီးမြတ်ဆုံးပျော်ရွှင်မှုနှင့်ဘုရားထံမှကောင်းကြီးရဘို့အကောင်းဆုံးနည်း


30

ခရစ်ယာန်များလည်းထိုနည်းတူလုပ်ကြယုံကြတာရှိတယ်။
ဘုရားကျောင်းမှန်မှန်တက်တယ်၊အလှူငွေပေးကြတယ်၊ကျမ်းစာရဲ့ရွှေပညတ်အတိုင်းလိုက်
လျှောက်တယ်။ ဒီလုပ်ဆောင်ချက်တွေအားဖြင့်ဘုရားထံမှကောင်းကြီးနှင့်ထာဝရအသက်ရ
မယ်လို့ယုံကြတယ်။ ဒါဟာတကယ်ဖြစ်နိုင်မလား။


31

လူသားများဟာခန္ဓာကိုယ်ကိုနှိပ်စက်ခြင်း၊ကောင်းမှုကုသိုလ်ပြုခြင်း၊ အလှူအတန်းပေးခြင်းအား
ဖြင့်အပြစ်လွတ်ခြင်းနှင့်ထာဝရအသက်ကိုရနိုင်ပါသလား။


32


ကယ်တင်ခြင်းကိုဝယ်ယူလို့ရသလား၊ ဒါမှမဟုတ် အားကစားရွှေတံဆိပ် ဆုတံဆိပ်များလို
ကိုယ့်ရဲ့အောင်မြင်မှုကြောင့် ရတာလား။


33

(ကျမ်းချက်။ ဧဖက်သြဝါဒစာ ၂း ၈၊၉)
ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ကိုယ်အလိုအလျောက်
ရောက်သည်မဟုတ်၊ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။


34

ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်’
ဧဖက်သြဝါဒစာ ၂း၈၊၉


35

ကျွန်တော်တို့ရဲ့ကောင်းသောအလုပ်အားဖြင့်မိမိကိုယ်ကိုမကယ်နိုင်ပါဘူး။အခမဲ့ရတဲ့ဘုရားရဲ့ဂရုဏာ၊
မေတ္တာကိုမှီခိုအားကိုးရမှာဖြစ်တယ်။
အကယ်၍ကယ်တင်ခြင်းကိုမိမိကိုယ်တိုင်လုပ်ယူလို့ရရင်ဆုကျေးဇူးလက်ဆောင်မဟုတ်တော့ပါဘူး။


36

ဆိုကြပါစို့၊သင်ရဲ့မိတ်ဆွေတဦးကစာအိတ်တအိတ်ကိုသင့်လက်ထဲပေးပြီး၊
ဒါဟာမင်းတွက်လက်ဆောင်လို့ပြောမယ်၊

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


37

စာအိပ်ဖွင့်ကြည့်တော့အထဲမှာသင်ရဲ့လုပ်အားခငွေဖြစ်နေရင်၊ ဒါကိုလက်ဆောင်လို့ပြောမလား။
လုပ်အားခငွေဖြစ်ရင်တော့လက်ဆောင်မဟုတ်ပါဘူး။


38

ဒါပေမဲ့စကြာဝဠာကိုအုပ်စိုးတော်မူသောဘုရားကဘာကြောင့်စကြာဝဠာရဲ့တထောင့်မှာရှိနေတဲ့
ဗြိုလ်ကမ္ဘာမြေက



39

(ဗီဒီယို။ ၁၂ စက္ကန့်)
လူသားများကိုဂရုတစိုက်အလေးထားရသလဲ။
ဘာကြောင့်တော်လှန်သူ တကိုယ်ကောင်းဆန်သူလူသားများကိုအပြစ်ထဲဒုက္ခခံဘို့မချန်ထားတာလဲ။



40

(ရှင်ယောဟန်ဩဝါဒစာပထမစာစောင် ၄း၈ )
အဖြေကတော့ ရှင်ယောဟန်ဩဝါဒစာပထမစာစောင် ၄း၈ မှာတွေ့ရတယ်။
ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။


41

သင်တို့ထဲ၌အချို့ဟာမိဘများဖြစ်ကြပါတယ်။


42

နေ့ညမပြတ်ဖျားပြီးငိုနေတဲ့ခလေးငယ်အပေါ်မိဘတွေရဲ့ခံစားရတဲ့စိတ်အခြေအနေကိုသိကြမှာဘဲ။
မိဘအနေနှင့်သင်ဟာခလေးနေကောင်းလာဘို့အကောင်းဆုံးကျိုးစားလုပ်ဆောင်မှာဘဲ။
ဒါပေမဲ့တိုးတက်ကောင်းမွန်လာတာမတွေ့ရဘူး၊
သင်ဟာခလေးကိုချီပြီးအခန်းထဲလမ်းလျှောက်၊သီချင်းဆိုချော့ပြီးတော့မိတ်ဆွေများရဲ့အကောင်းဆုံးအကြံ
ပေးတာတွေလုပ်တယ်။ဒါလည်းမသက်သာဘူး။
ဒါကြောင့်မေးခွန်းတခုမေးပါရစေ။
ဒီအခြေအနေမှာသင်ဘယ်လောက်ပင်ပမ်းနေပါစေ၊ဘယ်လောက်ဘဲခလေးဖျားတာကြာပါစေ၊သူ့ဖာသာသူ
ဒုက္ခခံပါစေဆိုပြီးစွန့်ပစ်လိုက်မှာလား။



43

မပစ်နိုင်ပါဘူး၊ဘာကြောင့်လဲ။
အကြောင်းကတော့အားကိုးရာမဲ့ဖြစ်နေတဲ့မိမိခလေးကိုချစ်လို့ပါ။
နာကြင်သောဝေဒနာခံစားနေရတဲ့ခလေးဟာမိမိ
ခလေးဖြစ်လို့ပါဘဲ။ ဘုရားရှင်ကလည်းဒီလိုပါပဲ။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


44

ဤကမ္ဘာပေါ်ရှိဘုရားရဲ့သားသမီးများဟာအပြစ်ရောဂါကြောင့်ဖျားနာ၊


45

ဝေဒနာနှင့်ဒုက္ခဝေဒနာခံရလို့ဘုရားရဲ့မေတ္တာဂရုဏာကိုအထူးခံစားရတာဖြစ်ပါတယ်။



46

ဘုရားသခင်ဟာတော်လှန်ပုန်ကန်တဲ့အပြစ်သားကျွန်တော်တို့ကိုဘယ်တော့မှဒီအတိုင်းထားခဲ့ပြီး၊
ဒုက္ခခံပြီးသေဘို့မချန်ထားပါဘူး။



47

(ကျမ်းချက်။ ရှင်ပေတရုဩဝါဒစာဒုတိယစာစောင် ၃း၉)


48

သင်တို့ဘယ်လောက်ဘဲကောင်းသည်ဖြစ်စေ၊ဆိုးသည်ဖြစ်စေ၊ဘုရားသခင်ဟာသင်တို့ကိုချစ်တယ်။
သင်တို့ကိုကယ်တင်ချင်ပါတယ်။သင်တို့သေဘို့ရန်ထာဝရဘုရားအလိုမရှိပါဘူး။


49

ဘယ်အခြေအနေမှာဘဲဖြစ်ဖြစ်ကျွန်တော်တို့အားလုံးအပြစ်သားတွေဘဲ။
ကျွန်တော်တို့အားလုံးဟာဘုရားကိုဆန့်ကျင်တော်လှန်ပြီးသူရဲ့ပညတ်တော်တို့ကိုချိုးဖေါက်ကြတယ်။


50

လောကအစိုးရမင်းများဟာဥပဒေချိုးဖေါက်သူများကိုကြာရှည်လွှတ်မြောက်ဘို့သည်းခံနိုင်မှာမဟုတ်ပါဘူး။


51

ဥပဒေချိုးဖေါက်သူများကိုပြစ်ဒါဏ်ချမှတ်ပေးပါတယ်။
ဘုရားရဲ့ပညတ်တော်ကိုချိုးဖေါက်ခြင်းဟာပိုပြီးအရေးကြီးပါတယ်။
ဘာကြောင့်လဲဆိုတော့အပြစ်ဟာကျွန်တော်တို့ကိုကယ်တင်ရှင်ဘုရားနှင့်ဝေးကွာစေလို့ပါဘဲ။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


52

ဘုရားသခင်ဟာထာဝရမေတ္တာရှင်ဖြစ်သလိုတချိန်ထဲမှာဖြောင့်မတ်မှန်ကန်သောဘုရားဖြစ်ပါတယ်။
သိနတောင်ပေါ်မှာဘုရားသခင်ဟာသူကိုယ်သူဤသို့ဖေါ်ပြပါတယ်။



53

(ထွက်မြောက်ရာကျမ်း ၃၄း၆၊၇)
'ထာဝရဘုရားချစ်သနားခြင်းမေတ္တာဂရုဏာနှင့်ပြည့်စုံ၍စိတ်ရှည်ခြင်း၊ကျေးဇူးပြုခြင်း၊သစ္စာစောင့်ခြင်း
နှင့်ကြွယ်ဝတော်မူထသော'



54

အထောင်အသောင်းများသောသူတို့အားသနားခြင်းကျေးဇူးတရားကိုစောင့်တော်မူထသော၊အဓမ္မပြုခြင်း၊
တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်သော်လည်း၊
အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူထသော၊


55

ဖြေရှင်းချက်မရှိဘူးလား၊ ထွက်ပေါက်မရှိဘူးလား။
ဟုတ်ပါတယ်၊ ထွက်ပေါက်ရှိပါတယ်။
မေတ္တာရှင်ဘုရားဟာကျွန်တော်တို့ကိုကယ်ဘို့ဖြူစင်ဖြောင့်မတ်သောနည်းလမ်းကိုတွေ့ခဲ့တယ်။


56

အဲဒါကတော့ကျွန်တော်တို့အသက်ရှင်ဘို့အပြစ်ရဲ့အဖိုး
အခအတွက်ကျွန်တော်တို့နေရာမှာအစားထိုးအသေခံဘို့ ပုဂ္ဂိုလ်တဦးကိုဘုရားသခင်တွေ့ရှိခဲ့ခြင်းဖြစ်တယ်။
သခင်ခရစ်တော်ရဲ့အချစ်ဆုံးတပည့်တော်ရှင်ယောဟန်က ဒီလိုဖေါ် ပြခဲ့ပါတယ်။



57

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၃း၁၆)
ထိုသားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရစေခြင်းငှါ



58


ဘုရားသခင်သည်မိမိ၌တပါးတည်းသောသား
တော်ကိုစွန့်တော်မူသည်တိုင်အောင်ဘုရားသခင်သည်လောကီသားတို့ကိုချစ်တော်မူ၏။
ရှင်ယောဟန်ခရစ်ဝင် ၃း၁၆


59

သခင်ယေရှုဟာ လူသားအဖြစ်နဲ့ ဒီကမ္ဘာလောကကြီးမှာ အသက်ရှင်နေတဲ့အခါ၊ လူတိုင်းကြုံတွေ့ရတဲ့
ပြဿနာနှင့် စုံစမ်းခြင်းကို ရင်ဆိုင်နေရပါတယ်။ သူဟာ နားထောင်ခြင်းအားဖြင့်ပြည့်စုံတဲ့ အသက်တာနဲ့
အသက်ရှင်ခဲ့တယ်။ အပြစ်မရှိသူ ယေရှုဟာ လူတိုင်းရဲ့ အပြစ်ဝန်ထုပ်ကို မိမိအပေါ်မှာ ယူတင်ပြီး
လူသားများ ထာဝရအသက်ရဘို့ လူသားတရပ်လုံးကိုယ်စားအသေခံခဲ့ပါတယ်။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း





60

(ကျမ်းချက်။ ရောမသြဝါဒစာ ၅း၁၉)
တမန်တော်ရှင်ပေါလုက ‘အကြောင်းမူကား၊
တယောက်သောသူသည်နားမထောင်သောအားဖြင့်လူများတို့သည်အပြစ်ရောက်သည်နည်းတူ



61

တယောက်သောသူသည်နားထောင်သောအားဖြင့်လူများတို့သည်ဖြောင့်မတ်ရာသို့ရောက်ရ၏။’
ရောမသြဝါဒစာ ၅း၁၉



62

ယေရှုသခင်သေခြင်းဟာထာဝရဘုရားရဲ့အမျက်တော်ကိုပြေစေဘို့မဟုတ်ပါဘူး။
ယေရှုဟာကျွန်တော်တို့ကိုအပြစ်မှကယ်တင်ဘို့အသေခံတာဖြစ်တယ်။
နောက်ပြီးဘုရားသခင်ဟာကျွန်တော်တို့ကိုသိပ်ချစ်လို့မိမိရဲ့တပါးတည်းသောသားတော်ကိုလိုလိုလားလား
စွန့်တော်မူတာဖြစ်တယ်။
ယေရှုသခင်ဟာဘုရားရဲ့ အပူဇော်ခံသိုးသငယ်ဖြစ်ပါတယ်။



63

(ဗီဒီယို။ ၂၅ စက္ကန့်)
ဘုရားရဲ့သားသ္မီးများအဖြစ်အထူးရွေးချယ်ခြင်းခံရတဲ့ဣသရေလလူမျိုးများဟာမောရှေ၏ဦးဆောင်မှုအား


64

အပြစ်သားများပူဇော်သက္ကာအဖြစ်တိရစ္ဆာန်ကိုယူလာခဲ့တယ်။
သူ၏လက်ကိုတိရစ္ဆာန်ဦးခေါင်းပေါ်တင်ပြီးသူရဲ့အပြစ်ကိုဝန်ချတယ်။
နောက်တော့ဓားကိုယူပြီးသတ်လိုက်တယ်၊
ယေရှုကိုပုံဆောင်တဲ့သိုးကလေးဟာလူ၏အပြစ်အတွက်အသေခံရတာကိုပုံ
ဆောင်တယ်။



65

မကောင်းတဲ့မြင်ကွင်းဘဲ၊ဟုတ်ပါတယ်။


66

ကျမ်းစာအချိန်ကာလကဘုရားရဲ့လူများဟာသိုးသငယ်ကိုပူဇော်ခြင်းဖြင့်ဘုရားရဲ့သား
တော်ဟာလူသားတွေရဲ့နေရာမှာအစားထိုးအသေခံမယ်ဆိုတဲ့ယုံကြည်ခြင်းကိုပြသဘို့ဖြစ်တယ်။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း




67

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁း၂၉)
ယေရှုဟာမှန်သောပူဇော်ရာယဇ်ဖြစ်ပါတယ်။သခင်ယေရှုနှစ်ခြင်းခံဘို့ကြွလာတဲ့အချိန်တုံး ကယောဟန်က--
ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့ လို့ ယောဟန်
၁း၂၉မှာပြောခဲ့တယ်။
လူအချို့ဟာသူတို့ကိုကယ်တင်မည့်အရှင်ရဲ့အသက်ကိုနုတ်ပစ်ချင်ကြတယ်။
ယေရှုဟာရိုက်နက်ခြင်း၊ပြောင်လှောင်ခြင်း၊
ကားတိုင်ပေါ်မှာအသေသတ်ခံစေခြင်းအားဖြင့်အဆိုးဆုံးပုံစံနှင့်အသတ်ခံခဲ့ရပါတယ်။




68

ကျမ်းချက်။ ရှင်ပေတရုဩဝါးစာပထမစောင် ၂း၂၂
ထိုသခင်သည်ဒုစရိုက်ကိုမပြုနှုတ်တော်၌လည်းမုသာကိုရှာမတွေ့လို့ကျမ်းစာထဲမှာဖေါ်ပြထားတဲ့ထိုသခင်ဟာ
လက်ဝါးကား တိုင် မှာအသေခံခဲ့ပါတယ်။



69

ခရစ်တော်ဟာပသခါပွဲအချိန်ကာလမှာအသေသတ်ခံခဲ့ရပါတယ်။
ဒီအချိန်ကာလကအုပ်ချုပ်သူရောမများရဲ့ထုံးစံအရ
အပြစ်ကျူးလွန်သူတဦးကိုကောင်းတဲ့ယုံကြည်မှုတခုအနေနှင့်လွတ်ပေးလေ့ရှိတယ်။
လူထုကဗာရဗ္ဗကိုလွတ်ပေးပြီးယေရှုကိုဗရဗ္ဗနေရာမှာအစားသွင်းပြီးသတ်ဘို့ရွေးချယ်ခဲ့ကြတယ်။




70

အသေခံစေခြင်းအားဖြင့်ယေရှုကိုအပြစ်သားကဲ့သို့သတ်မှတ်ခဲ့ကြတယ်။
သူခိုးနှစ်ဦးရဲ့အလယ်မှာကားတိုင်တင်စေခဲ့တယ်။
ဘုရားသခင်ဟာယေရှုအပေါ်သို့လူသားတရပ်လုံးရဲ့အပြစ်ကိုတင်တော်မူခဲ့တယ်။




71

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၇း၄၆)
'အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရားအဘယ်ကြောင့်အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း'--
လို့သခင်ယေရှုအသက်မတွက်ခင်ကြွေးကြော်တော်ခဲ့တယ်။
ကိုယ်တော်ဟာအပြစ်ကယူဆောင်လာတဲ့ခွဲခွါခြင်းကိုခံစားခဲ့ရတယ်။ ခမည်းတော်ထံမှခွဲကွာခြင်းကို
ကိုယ်တော်မ ခံရပ်နိုင်ပါဘူး။ကိုယ်တော်ရဲ့နှလုံးသားကိုကြေကွဲစေခဲ့တယ်။



72

(ကျမ်းချက်။ ရှင်မာကုခရစ်ဝင် ၁၅း၃၁)
ဤသူသည်သူတပါးကိုကယ်တင်တတ်၏။ကိုယ်ကိုမကယ်တင်နိုင်ပါတကား။
ဆိုပြီးလူထုကကြွေးကြော်ခဲ့တယ်။
ရှင်မာကုခရစ်ဝင် ၁၅း၃၁



73

ဒီအချက်ကလည်းမှန်ခဲ့ပါတယ်။
ယေရှုဟာမိမိကိုယ်ကိုမကယ်နိုင်ခဲ့သော်လည်းအခုတိုင်အောင်အခြားသူတွေကိုကယ်နိုင် ပါတယ်။

# ၁ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


74

ယေရှုခံစားထိုက်တဲ့ဆက်ဆံမှုမျိုးကိုကျွန်ုပ်တို့ရရှိဘို့၊
ယေရှုကကျွန်ုပ်တို့ခံရမည့်ဆက်ဆံမှုမျိုးကိုသူခံယူသွားပါတယ်။
သူဟာကျွန်ုပ်တို့အပြစ်တွက်စီရင်ချက်ချခံရပြီးကျွန်ုပ်တို့ကိုယ်စား
အသေခံခဲ့တာလူအားလုံးထာဝရအသက်ရရှိဘို့ဖြစ်ပါတယ်။


ဤနည်းအားဖြင့်ဘုရားသခင်ဟာကျွန်ုပ်တို့ကိုထာဝရအသက်ကိုပေးပြီး၊ တချိန်တည်းမှာဖြောင့်မတ်နိုင်ပါတယ်။
သခင်ခရစ်တော်ရဲ့ပြည့်စုံတဲ့အသက်တာနှင့်လုပ်ဆောင်ချက်အပေါ်ဘုရား
ဟာကျွန်ုပ်တို့ကိုအကျိုးခံစားခွင့်ပေးပါတယ်။ ကျွန်ုပ်တို့ရဲ့ကောင်းမှုကြောင့်မဟုတ်ပါ။



75

ကျမ်းချက်။ ဖေက်ဩဝါဒစာ ၂း၈
ရှင်ပေါလုမှတပါးအမျိုးသားများသို့ပြောစကား-
'ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ ဖေက်ဩဝါဒစာ ၂း၈

ဒီယုံကြည်ခြင်းဟာအဓိကကျတဲ့ကယ်တင်ခြင်းဖြစ်တယ်။


76

ကျွန်ုပ်တို့ကယ်တင်ခြင်းရရှိဘို့ဘာလုပ်ရမလဲလို့ရှင်ပေါလုကိုဖိလိပ္ပိထောင်မှူးကမေးတဲ့အခါ-



77

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၆း၃၁)
'သခင်ယေရှုခရစ်ကိုယုံကြည်လော့။ယုံကြည်လျှင်သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည်ကယ်တင်ခြင်းသို့
ရောက်ကြလိမ့်မည်။'
တမန်တော်ဝတ္ထု ၁၆း၃၁



78

ဘာပဲဖြစ်နေ
ပါစေ၊ယေရှုခရစ်တော်သည်ဤကမ္ဘာပေါ်မှာအသက်ရှင်ခဲ့တာကိုသဘောတူသိရှိရုံနှင့်မလုံလောက်ပါ ဘူး။
အဲ့ဒီအချက်ဟာကယ်တင်နိုင်တဲ့ယုံကြည်ခြင်းမဟုတ်ပါ။
ဒီအချက်ထက်ပိုလေးနက်တာရှိပါတယ်။



79

(ကျမ်းချက်။ ရှင်ယာကုပ်ဩဝါဒစာ ၂း၂၉)
'နတ်ဆိုးတို့သည်ယုံ၍ကြောက်ရွံ့တုန်လှုပ်ကြ၏။ 'လို့ကျမ်းစာကဆိုထားပါတယ်။


80

သခင်ယေရှုကိုယုံကြည်တယ်ဆိုတဲ့အဓိပ္ပါယ်ကလွန်ခဲ့တဲ့အနှစ်၁၉၀၀တုံးကသခင်အသေခံတာကိုသိမှတ်တာ
ထက်ပိုပါတယ်။ကျမ်းစာရဲ့မိန့်မှာချက်အရ


# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


81


(ကျမ်းချက်။ သုတ္တံကျမ်း ၃း၅၊၆)
ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့၊ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်


82


သွားလေရာရာ၌ထာဝရဘုရားကိုမျက်မှောက်ပြုလော့။ သုတ္တံ ၃း၅၊၆
သင်ထာဝရဘုရားကိုယုံကြည်ကိုးစားရဲ့လား။ အမှန်တကယ်ကိုးစားရဲ့လား။
ဘုရားသခင်ဟာသင်၏အသက်တာကိုထိန်းချုပ်ခွင့်ပေးဘို့လုံလောက်ပြီးလား။


83

ကယ်တင်ခြင်းဆိုင်ရာယုံကြည်ခြင်းဟာကျွန်ုပ်တို့ပြုမိခဲ့သမျှအပြစ်အတွက်ခရစ်တော်ရဲ့အပြည့်အဝပေး
ဆပ်လိုက်တဲ့သူရဲ့ပူဇော်ဆက်ကပ်မှုကိုယုံကြည်ကိုးစားခြင်းဖြစ်တယ်။


84

ကယ်တင်ခြင်းရရှိဘို့ အထူးဘဲလွယ်ကူပါတယ်။ ဒါပေမဲ့ လူအများစုဟာ ခက်အောင်၊
ရှုပ်ထွေးအောင်လုပ်ကြပါ တယ်။
ကျွန်တော်တို့ဖြေရမဲ့မေးခွန်းကတော့ ဖိလိပ္ပိမြို့ရဲ့ထောင်ထဲမှာ ပေါလုနဲ့သိလ
ထောင်ကျတုန်းမြေငလျင်လှုပ်ပြီး ထောင်တံခါးတွေပွင့်တဲ့အခါတုန်းက
ထောင်မှူးမေးတဲ့မေးခွန်းနဲ့ထပ်တူတပ်မျှဖြစ်ပါတယ်။


85

ကယ်တင်ခြင်းရရှိဘို့ အထူးဘဲလွယ်ကူပါတယ်။ ဒါပေမဲ့ လူအများစုဟာ ခက်အောင်၊
ရှုပ်ထွေးအောင်လုပ်ကြပါ တယ်။
ကျွန်တော်တို့ဖြေရမဲ့မေးခွန်းကတော့ ဖိလိပ္ပိမြို့ရဲ့ထောင်ထဲမှာ ပေါလုနဲ့သိလ
ထောင်ကျတုန်းမြေငလျင်လှုပ်ပြီး ထောင်တံခါးတွေပွင့်တဲ့အခါတုန်းက
ထောင်မှူးမေးတဲ့မေးခွန်းနဲ့ထပ်တူတပ်မျှဖြစ်ပါတယ်။


86

(ကျမ်းချက်။ တမန်တော်ဝတ္တု ၁၆း၃၀)
'ကယ်တင်ခြင်းသို့ရောက်အံ့သောငှါအဘယ်သို့ပြုရပါမည်နည်း။'


87

ကယ်တင်ခြင်းခံစားရရှိဘို့ရန်ကယ်တင်ခြင်းနှင့်ဆိုင်သောအဖြစ်မှန်အချက်လေးချက်ရှိတယ်။
လေးချက်သာရှိပါတယ်။

# ၁ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


88

(ကျမ်းချက်။ ဧဖက်သြဝါဒစာ ၂း၈၊ ၉)
အဖြစ်မှန် ၁။ ကယ်တင်ခြင်းသည်အခမဲ့လက်ဆောင်ဖြစ်တယ်။
ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။
ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်၊ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။
ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။
သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ။
ဧဖက်သြဝါဒစာ ၂း၈၊ ၉
အခုမေးရမည့်မေးခွန်းက - ဘာကြောင့်ကယ်တင်ခြင်းဟာအခမဲ့ဆုကျေးဇူးဖြစ်ရသလဲ။
ကျွန်တော်တို့အတွက်ဆုကျေးဇူးဖြစ်ရတဲ့အကြောင်းရင်းကဒုတိယအချက်ကိုညွှန်ပြဘို့ ဖြစ်တယ်။


89

(ကျမ်းချက်။ ရောမသြဝါဒစာ ၃း ၂၃)
အဖြစ်မှန် ၂။ ကျွန်တော်တို့အားလုံးအပြစ်သားဖြစ်ကြတယ်။
ရောမသြဝါဒစာ ၃း ၂၃
လူအပေါင်းတို့သည်ဒုစရိုက်ကိုပြု၍ဘုရားသခင်ရှေ့တော်၌အသရေပျက်ကြပြီး။


90

အမိပွါယ်ကကျွန်တော်အနေနှင့်ဆုကျေးဇူးမခံထိုက်ပါ။
ကယ်တင်ခြင်းရဘို့မထိုက်တန်ပါ။
ကျွန်တော်အပြစ်သားဆိုတာသင်တို့သိပါတယ်။
ဘုရားသခင်ရဲ့ရှေ့မှာကျွန်တော်တို့အားလုံးအသရေပျက်ပါပြီး။


91

(ကျမ်းချက်။ ရောမသြဝါဒစာ ၆း ၂၃)
အဖြစ်မှန် ၃။ ပြဿနာ၊- အပြစ်ရဲ့အမိပွါယ်ကသေခြင်းဖြစ်တယ်။

အပြစ်ရဲ့အခကားသေခြင်းပေတည်း။ ရောမ ၆း၂၃
ဒါဟာကျွန်တော်တို့အဓိကရင်ဆိုင်ရတဲ့ပြဿနာပါဘဲ။
ကျွန်တော်ဟာအပြစ်သား၊ဒါကြောင့်သေသင့်တယ်။
ဘုရားစီကဆုကျေးဇူးကိုကျွန်တော်မရထိုက်ပါ။
ဒါကြောင့်ကျွန်တော်တို့ဆုကျေဇူးကိုအခမဲ့ရရှိတယ်လို့ပြောနိုင်တာဖြစ်တယ်။
အကြောင်းကတော့ကျွန်တော်တို့အား
လုံးအပြစ်လုပ်ကြပြီးဘုရားရဲ့ရှေ့မှာအသရေပျက်ကြလို့ပါဘဲ။

ပြဿနာကအပြစ်သားတယောက်အနေနှင့်သေသင့်တယ်။
ဒါပေမဲ့ဘုရားသခင်မှာပြဿနာကိုဖြေရှင်းဘို့အဖြေရှိပါတယ်။


92

ကျမ်းချက်။ ရောမသြဝါဒစာ ၅း၈
အဖြစ်မှန် ၄။ ဖြေရှင်းချက်၊ ယေရှုသည်ကျွန်တော်တို့ကိုယ်စားအသေခံတော်မူ၏။

ရောမသြဝါဒစာ ၅း၈ မှာ - ငါတို့သည်အပြစ်ရှိစဉ်ပင်၊
ခရစ်တော်သည်ငါတို့အတွက်အသေခံတော်မူသည်ဖြစ်၍ဘုရားသခင်သည်
ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကိုငါတို့အားထင်ရှားစွာပြတော်မူ၏။
သိပ်လှတယ်မဟုတ်လား။ ခရစ်တော်ဟာအပြစ်သားကျွန်တော့အတွက်အသေခံတော်မူတယ်။
မိတ်ဆွေတို့အတွက်လည်းအသေခံတော်မူတယ်။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း




93

အဖြစ်မှန်လေးချက်ကိုပြန်ပြီးသုံးသပ်ကြပါစို့။




94

၁။ ကယ်တင်ခြင်းသည်အခမဲ့လက်ဆောင်ဆုကျေးဇူးဖြစ်တယ်။




95

၂။ ကျွန်တော်တို့အားလုံးအပြစ်သားများဖြစ်ကြတယ်။




96

၃။ ပြဿနာ -အပြစ်ရဲ့အခပေးကျွန်တော်တို့အတွက်သေခြင်းဖြစ်တယ်။




97

၄။ ဖြေရှင်းချက် -ယေရှုဟာကျွန်တော်တို့ကိုယ်စားအသေခံခဲ့တယ်။



98

ကျွန်တော်တို့အပြစ်သားများဖြစ်နေစဉ်မှာဘဲခရစ်တော်ဟာကျွန်တော်တို့အတွက်အသေခံခဲ့တယ်။
ကိုယ်တော်ကိုမချစ်ဘူးလားမိတ်ဆွေ။
ကျွန်တော်တို့အတွက်ကယ်တင်ခြင်းဆုကျေးဇူးကိုယူဆောင်လာပေးတဲ့ယေရှုသခင်ကိုမချစ်နိုင်ဘူးလား။



99

အခုသင်ကမေးမယ်၊- ကျွန်တော်ဒီဆုကျေးဇူးတော်ကိုဘယ်လိုလက်ခံရရှိနိုင်မလဲ။




100

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၃း၂၀)
ကျမ်းစာက ဗျာဒိတ်ကျမ်း ၃း၂၀ မှာအဖြေပေးထားပါတယ်။
ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။

# ၁ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


101

သင်အမှန်တကယ်ဘဲတံခါးဖွင့်ပြီးအိမ်ထဲဝင်ဘို့ခေါ်ဖိတ်မှာဘဲ။ တွေ့တယ်မဟုတ်လား၊
သခင်ယေရှုကိုလက်ခံခြင်းဟာသူယူဆောင်လာတဲ့ထာဝရအသက်ဖြစ်တဲ့ဆုကျေးဇူးကိုရရှိခြင်းဖြစ်ပါတယ်။
အင်မတန်မှကောင်းတယ်မဟုတ်လား။
ယေရှုဟာကျွန်တော်တို့နှင့်အတူလာရောက်နေလိုပါတယ်။သခင်ယေရှုကိုဖိတ်ခေါ်ကြပါစို့။


102

ဒီနည်းအားဖြင့်ဘုရားထံမှဆုကျေးဇူးကိုအခမဲ့ကျွန်တော်တို့ရရှိတာဖြစ်ပါတယ်။
ရိုးရိုးလေးဘဲကျွန်တော်တို့တုံ့ ပြန်ပြောရမှာက-
သခင်ယေရှု၊ကျေးဇူးတင်ပါတယ်။
ကျွန်တော်အသက်တာထဲကိုဝင်လာပါ။
ကျွန်တော်နှလုံးသားထဲကိုဝင်လာပါ။
ကျွန်တော်အသက်တာကိုထိန်းချုပ်တော်မူပါ။ ကျွန်တော်နှလုံးသားကိုထိန်းချုပ်တော်မူပါ။

သခင်ယေရှုဝင်ရောက်ကိန်းအောင်းတဲ့အခါ၊သခင်ကိုကျွန်တော်တို့ရဲ့မိတ်ဆွေ၊
ကယ်တင်ရှင်၊အရှင်သခင်အနေနှင့်လက်ခံတာဖြစ်တယ်။



103

သခင်ယေရှုကိုကျွန်တော်တို့ရဲ့နှလုံးသားထဲဖိတ်ခေါ်လက်ခံတဲ့အခါအရေး
ကြီးတဲ့အကြောင်းအရာနှစ်ခုဖြစ်ပေါ်လာပါ
တယ်။



104

ကိုယ်အပြစ်ကိုဖေါ်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ဒုစရိုက်ရှိသမျှတို့နှင့်ကင်းဝေးစေခြင်းငှါ



105

ဘုရားသခင်သည်သစ္စာတရားနှင့်ရှင်း၊ဖြောင့်မတ်ခြင်းတရားနှင့်ရှင်းပြည့်စုံတော်မူ၏။
ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁း၉
မိတ်ဆွေ၊အင်မတန်မှကောင်းတဲ့ဂတိတော်မဟုတ်လား။


106

ဘာဘဲလုပ်ခဲ့၊ဘာဘဲဖြစ်ခဲ့၊ ဘယ်လိုအသက်တာနှင့်ဘဲအသက်ရှင်ခဲ့ပါစေ၊
အဆိုးဆုံးကြောက်စရာအကောင်းဆုံးအပြစ်သားဖြစ်နေပါစေ၊
ကျွန်တော်တို့သခင်ယေရှုထံလာပြီးကယ်တင်ခြင်းဆုကျေးဇူးကိုအဖိုးအခမပေးဘဲရယူနိုင်ပါတယ်။


107

သမ္မာကျမ်းစာဖေါ်ပြချက်အရ သခင်ယေရှုဟာကျွန်တော်တို့ရဲ့အပြစ်များကိုအနက်ဆုံးပင်လယ်ထဲသို့ပစ်ချပြီး၊
ဘယ်တော့မှပြန်သတိမရစေတော့
ပါဘူး။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


108

မိတ်ဆွေ၊သခင်ယေရှုခွင့်လွှတ်တဲ့အခါ၊သူလုံးဝမေ့ပစ်လိုက်ပါတယ်။
ဘုရားထံအပြစ်ဝန်ချတောင်းပန်ပြီးနောက်မှအပြစ်အချို့ဟာကျွန်တော်တို့ကိုဆက်ပြီးဝန်လေးစေတယ်၊
မတော်ဘုရားခွင့်မလွှတ်နိုင်တဲ့အပြစ်အချို့ရှိတယ်လို့ခံစားမိမယ်။

ကျွန်တော်တို့ထာဝရဘုရားမိန့်တော်မူချက်ကိုယုံရမယ်။
ရှင်ယောဟန်ဩဝါဒစာ ၅း၁၀
မှာရှင်းရှင်းလင်းလင်းဖေါ်ပြထားတာက၊အကယ်၍သာထာဝရဘုရားကိုမယုံရင်၊
ဘုရားကိုလိမ်လည်သူအဖြစ်ကျွန်တော်တို့သတ်မှတ်အပြစ်တင်တာဖြစ်တယ်။


109

(ကျမ်းချက်။ ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅း ၁၀)
'ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူသည်မိမိအထဲ၌
ထိုသက်သေကိုရ၏။


110

ဘုရားသခင်ကိုမယုံသောသူမူကား၊ဘုရားသခင်ကိုမုသာအပြစ်တင်၏။


111

အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်သည်မိမိသားတော်အကြောင်း
မှာသက်သေခံတော်မူသောစကားတော်ကိုထိုသူသည်မယုံဘဲနေ၏။ ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅း
၁၀
သခင်ယေရှုကကျွန်တော်တို့အပြစ်ကိုလွှတ်မယ်လို့ဂတိပေးတဲ့အခါပြောတဲ့အတိုင်း
သူဟာတိတိကျကျလုပ်ဆောင်မှာ ဖြစ်ပါတယ်။


112

သခင်ယေရှုကကျွန်တော်တို့အပြစ်ကိုလွှတ်တဲ့အခါအပြစ်ကိုမေ့ပစ်တယ်။
ကျွန်တော်တို့လည်းအပြစ်ကိုမေ့ပစ်ရမှာဖြစ်တယ်။


113

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၃း၁၉၊ ၂၀)
တမန်တော်ဝတ္ထု၌ပေတရုပြောတဲ့စကားမှာ -
သင်တို့အပြစ်များကိုပြေစေခြင်းငှါနောင်တရ၍စိတ်ပြောင်းလဲခြင်းတို့ရောက်ကြလော့။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


114

ဒီတွေ့ရှိချက်အရကျွန်တော်တို့သွင်ယေရှုဆီလာတယ်၊ ကယ်တင်ခြင်းဆုကျေးဇူးကိုအခမဲ့လက်ခံရရှိတယ်။ ကိုယ်
တော်ကိုကျွန်တော်တို့အသက်တာ၌ဖိတ်ခေါ်တဲ့အခါပထမဆုံးသူကကျွန်တော်တို့ကိုအပြစ်လွတ်တယ်၊ သန့်ရှင်းစေ
တယ်။ ကျွန်တော်တို့ကိုသန့်ရှင်းစင်ကြယ်အောင်ဆေးကြောပြီးကျွန်တော်တို့အပြစ်ကိုအနက်ဆုံး
သောပင်လယ် ထဲကိုပစ်ချလိုက်တယ်။
သိပ်ကောင်းတယ်မဟုတ်လားမိတ်ဆွေ။
ကိုယ်တော်ရှင်ကိုကျွန်တော်တို့မချစ်နိုင်ဘူးလား။
သွင်ယေရှုကိုမိမိကယ်တင်ရှင်အနေနှင့်ကျွန်တော်တို့နှလုံးသား
ထဲဖိတ်ခေါ်တဲ့အခါအရာတချို့ဖြစ်ပေါ်လာပါတယ်။


115

သွင်ဘုရားဟာကျွန်တော်တို့အားအပြစ်ကိုအောင်နိုင်တဲ့တန်ခိုးကိုပေးတယ်၊
ခရစ်တော်နှင့်ပိုပြီးတူလာစေပါတယ်။
ကိုယ်တော်ရဲ့ခြေရာတော်အတိုင်းလျှောက်လှမ်းစေပါတယ်။
သူခိုးဟာဘယ်တော့မှမခိုးတော့ဘူး။
လိမ်တတ်တဲ့သူဟာဘယ်တော့မှမလိမ်တော့ဘူး။
အရက်သမားလည်းအရက်မသောက်တော့ဘူး။



116

(ကျမ်းချက်။ ရှင်ယောဟန်ဩဝါဒစာ ၁း၁၂)
ရှင်ယောဟန်ဩဝါဒစာ ၁း၁၂ ကိုဖတ်ကြည့်ရအောင်။



117

အခွင့်ကိုပေးတော်မူ၏။'
ဘုရားဟာကျွန်တော်တို့ကိုဘုရားသားသမီးဖြစ်ရတဲ့အခွင့်တန်ခိုးကိုပေးတယ်။စာတန်ရဲ့ထိန်းချုပ်မှုအောက်
မှာမရှိတော့ပါဘူး။ အမှောင်ထုရဲကသားသမီးများမဖြစ်တော့ပါ။


118

ကိုယ်တော်ရဲ့ခြေတော်ရာအတိုင်းလျှောက်လှမ်းဘို့တန်ခိုးကိုပေးတယ်။
ခရစ်တော်ကိုယုံကြည်ခြင်း၊ကယ်တင်ခြင်း
ဆုကျေးဇူးကိုလက်ခံခြင်းအားဖြင့်လောကကိုအောင်မြင်နိုင်တဲ့ခွန်အားတန်ခိုးကိုဘုရားသွင်ကပေးပါလိမ့်မယ်။


119

ကယ်တင်ခြင်းဆုကျေးဇူးကိုလက်ခံရရှိပြီးနောက်ကျွန်တော်တို့ခလုပ်တိုက်လဲပြီးအပြစ်ပြုမိသော်လည်း
ကိုယ်တော်ဟာကျွန်တော်တို့ကိုအကြိမ်ကြိမ်ခွင့်လွှတ်ပါလိမ့်မယ်။
နောက်ပြီးအပြစ်ကိုအောင်မြင်နိုင်တဲ့ခွန်အားတန်ခိုးကိုပေးပြီးသွင်ခရစ်တော်နှင့်ပိုပြီးတူလာစေပါတယ်။
ယုံကြည်ခြင်းရရှိဘို့၊သွင်ယေရှုကိုယုံကြည်စိတ်ချ၊အားကိုးနိုင်ဘို့ ကိုအဆင့်ဆင့်ကြီးထွားခြင်းနှင့်လေ့လာ
သင်ယူရတာဖြစ်တယ်။
ကျွန်တော်တို့မပြည့်စုံနိုင်ပါဘူး၊ဒါပေမဲ့ခွင့်လွှတ်ခြင်းခံရပါတယ်။
စာတန်ဟာကျွန်တော်တို့ရဲ့သွင်မဟုတ်ပါဘူး။
သွင်ယေရှုသာလျှင်ကျွန်တော်တို့ရဲ့သွင်ဖြစ်ပါတယ်။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


120

ယုံကြည်ဘို့ဆိုတာသခင်ယေရှုကိုယုံကြည်ကိုးစားခြင်းဖြစ်ပြီး ကယ်တင်ခြင်းဆုကျေးဇူးကိုလက်ခံတာဖြစ်တယ်။
သခင်ယေရှုဟာကျွန်တော်တို့အပြစ်တွေကိုလွှတ်ပြီးကိုယ်တော်ရဲ့ခြေတော်ရာအတိုင်း
လျှောက်လှမ်းနိုင်ဘို့ခွန်အားတန်ခိုးကိုပေးပါတယ်။


121

ကျွန်တော်တို့ရဲ့စိတ်နှလုံးတံခါးကိုခေါက်တာဖွင့်ပေးပြီး
သခင်ယေရှုကိုနှလုံးသားထဲဖိတ်ခေါ်တဲ့အခါကျွန်တော်တို့
စိတ်နှလုံးသားမှာရှိတဲ့အပြစ်အားလုံးသန့်ရှင်းစေပြီးခွင့်လွှတ်တော်မူပါတယ်။
ထို့အပြင်အပြစ်ကိုအောင်မြင်ပြီးပြောင်းလဲနိုင်တဲ့တန်ခိုးခွန်အားကိုပေးပြီး
ကိုယ်တော်နှင့်ပိုပြီးတူလာစေပါတယ်။


122

သခင်ယေရှုကျွန်တော်တို့
နှင့်အတူရှိနေတဲ့အခါထာဝရအသက်ကိုကျွန်တော်တို့အမှန်တကယ်ရရှိပြီးဆိုတာသိနိုင်ပါ
တယ်။ သင်သိပြီးလား၊
ကျွန်တော်တို့ကယ်တင်ခြင်းရပြီး သခင်ယေရှုနှင့်အမြဲအတူနေရမယ်ဆိုတာလုံးဝစိုးရိမ်စရာမလိုတော့ပါ။



123

(ကျမ်းချက်။ ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅း၁၂၊၁၃)
သားတော်ကိုရသောသူသည်အသက်ကိုရ၏။ဘုရားသခင်၏သားတော်ကိုမရသောသူမူကားအသက်ကိုမရ။



124

ဘုရားသခင်၏သားတော်ကိုယုံကြည်သောသင်တို့သည်ထာဝရအသက်ကိုကိုယ်တိုင်ရသည်ဟု



125

သိစေခြင်းငှါဤအရာများကိုသင်တို့အားငါရေး၍ပေးလိုက်၏။
ကျမ်းချက်။ ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅း၁၂၊၁၃


126

ကျွန်တော်တို့ထာဝရအသက်ရရှိပြီး
ဆိုတာကိုသခင်ယေရှုကကျွန်တော်တို့ကိုဒီနေရာဒီအချိန်မှာသိစေခြင်ပါတယ်။
သခင်ယေရှုကိုစိတ်နှလုံးသားထဲဖိတ်ခေါ်ရင်ကျွန်တော်တို့အတွက်အာမခံချက်ကိုရရှိပြီး ဆိုတာဒီနေရာဒီအ
ချိန်မှာကျွန်တော်တို့သိနိုင်ပါတယ်။
သခင်ယေရှုဟာနေရာတိုင်းမှာရှိတဲ့လူအားလုံးကိုဖိတ်ခေါ်လျက်ရှိပါတယ်။



127

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၃း၁၆)
'သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်ထာဝရအသက်ကိုရစေခြင်းငှာ၊'
ရှင်ယောဟန်ခရစ်ဝင် ၃း၁၆
မတော်သင်ဟာမြော်လင့်ချက်ကင်းနေတဲ့အပြစ်သားတယောက်အဖြစ်ခံစားမိလိမ့်မယ်။
ဒါပေမဲ့ဒီထင်မြင်ချက်ဟာမမှန်ပါဘူး။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း


128

ဒီဇင်ဘာလ ၃၁၊ ၁၉၉၅ ခုနှစ်တုံးကဝါရင့်မီးသတ်သမား ဂျွန်ကလင်စီ ဟာ
နယူးယောက်မြို့မင်ဟက်တန်မူးယစ်ဆေးဝါးဒေသရှိလွတ်လပ်နေတဲ့အဆောက်အဦးတခုမီးလောင်တဲ့နေ
ရာမှာသူ့ရဲဘော်များကိုဦးဆောင်ပြီးမီးငြိမ်းသတ်ကြတယ်။မီးဟာမထိန်းနိုင်လောက်အောင်လောင်တယ်။
မီးသတ်သမားများဟာအဆောက်အဦးထဲမှာလူတဦးတယောက်ကျန်ခဲ့မှာစိုးရိမ်ကြတယ်။
အဆောက်အဦးဟာအိုးမဲ့အိမ်မဲ့၊ဆေးစွဲတဲ့သူများ၊
အရက်သမားများ၊ပြည်တန်ဆာများအသုံးပြုနေထိုင်တဲ့နေရာဖြစ်သော်လည်းကလင်စီနှင့်အဖွဲ့သားများဟာမီး
တောက်မီးလျှံထဲတိုးဝင်ဘို့စိတ်ပိုင်းဖြတ်ပြီးရှာဖွေရေးနှင့်ကယ်ဆယ်ရေး လုပ်ငန်းကိုလုပ်ဆောင်ကြတယ်။
အဆောက်အဦးဟာမီးခိုးမီးလျှံနှင့်ပြည့်နေပြီးဘာကိုမှသဲကွဲစွာမမြင်ရပါဘူး။
မီးသတ်ရဲဘော်များဟာမိမိအသက်ကိုဂရုမစိုက်ဘဲဒီအဆောက်အဦးကိုအိမ်အဖြစ်အသုံးပြုနေတဲ့အိုး
မဲ့အိမ်မဲ့များကိုရှာဖွေကယ်တင်ကြတယ်။ပြုန်းစားကြီးအဆောက်အဦးရဲ့ဒုတိယအထပ်ဟာမီးကြောင့်ပြိုကျပြီး
ဂျွန်ကလင်စီ ကိုပိတ်မိသွား တယ်။
မီးသတ်ရဲဘော်များဟာစိတ်သောကများစွာဖြင့်မီးထဲကကပ်ဆိုက်နေတဲ့ဂွန်ကိုကယ်ဘို့ကျိုးစားကြတယ်။
ဒါပေမဲ့


129

သွင်ယေရှုရဲ့ပုံနမူနာကိုကြည့်ကြစို့။
သွင်ယေရှုဟာလုံခြုံတဲ့ကောင်းကင်အိမ်တော်ကိုထားခဲ့ပြီး၊ ဤလောကကမ္ဘာရဲ့မီးဖိုမီးလျှံထဲကိုဆင်းခဲ့ပါတယ်။
ကယ်တင်ရှင်ဟာကားတိုင်တော်ပေါ် မှာဆွဲထားခြင်းခံခဲ့ရတယ်။အပြစ်မီးဟာသူ့ကိုလုံးလုံးဝါးမျိုခဲ့တယ်။
ကျွန်တော်တို့ဟာမိမိတို့ရဲ့ကိုယ်ပိုင်ရွေးချယ်မှုများအားဖြင့်အပြစ်ပြုနေကြပါတယ်။
ကျွန်တော်တို့ဟာမိမိတို့ရဲ့အမျက်ဒေါသ၊သစ္စာမဲ့မှု၊တပ်မက်ခြင်း၊လောဘကြီးခြင်း၊သူတပါးသားမယား
ပြစ်မှားခြင်း၊လိမ်လည်ခြင်းများနှင့်လောကကိုမီးတင်ရှို့နေကြပါတယ်။
ယေရှုခရစ်တော်ကတော့ကျွန်တော်တို့အသက်ရှင်ဘို့အသေခံခဲ့တယ်။
ယေရှုခရစ်တော်ကြွလာပြီးအပြစ်ကိုမီး
နှင့်ဆေးကြောတဲ့အခါကျွန်တော်တို့ငရဲမီးလောင်ခြင်းခံရမည့်အတွေ့အကြုံ
မခံစားရဘို့ရန်သွင်ယေရှုဟာကျွန်တော်တို့ကိုယ်စား
လက်ဝါးကားတိုင်မှာအပြစ်မီးရဲ့လောင်ကြွမ်းမှုကိုခံစားခဲ့ပါပြီ။
ယနေ့ယေရှုခရစ်တော်ဟာကျွန်တော်တို့ထာဝရအသက်ရဘို့အာမခံချက်ကိုပေးဘို့အလိုရှိပါတယ်။



130

ဘာကြောင့်သင်၏စိတ်နှလုံးတံခါးကိုဖွင့်ပြီး
ကိုယ်တော်ကိုမိမိကယ်တင်ရှင်၊အသက်သခင်အဖြစ်ဝင်ရောက်ဘို့မဖိတ်
ခေါ် တာလဲ။
သွင်ယေရှုမပြုလုပ်နိုင်သောအလုပ်တခုရှိတယ်။ဒါကတော့သင့်ရဲ့စိတ်နှလုံးတံခါးကိုအတင်းအဓမ္မဖွင့်ခိုင်း
ခြင်းပါဘဲ။
ကျွန်တော်တို့အားလုံးကိုလွတ်လပ်စွာရွေးချယ်ခွင့်ပေးထားပါတယ်။
စိတ်နှလုံးတံခါးကိုကျွန်တော်တို့ကိုယ်တိုင်ဖွင့်ဘို့ဖြစ်ပါတယ်။
အကယ်၍ကျွန်တော်တို့စိတ်နှလုံးတံခါးကိုဖွင့်ပေးရင်ခရစ်တော်ဟာဝမ်းမြောက်စွာဝင်လာမှာဖြစ်ပါတယ်။
မိတ်ဆွေ၊အခုသင်ရဲ့စိတ်နှလုံးတံခါးကိုဖွင့်လိုသလား။
အချိန်မဆွဲဘဲအခုချက်ခြင်းယေရှုကိုဖိတ်ခေါ်ခြင်ပြီးလား။



131

ဒါဆိုရင်ဤဆုတောင်းချက်ကိုကျွန်တော်နှင့်အတူလိုက်ဆုတောင်းပါ။



132

အိုးအဖ၊ကျွန်တော်သည်အကူအညီလိုသောအပြစ်သားဖြစ်ကြောင်းသိပါ၏။

# ၈ –ထာဝရအသက်ရှင်ဘို့မွေးဖွါးလာခြင်း





133

သခင်ယေရှုကိုကျွန်တော်၏ကယ်တင်ရှင်၊သခင်အဖြစ်လက်ခံလိုပါ၏။




134

ကိုယ်တော်ရဲ့တံခါးခေါက်သံကိုအဖြေပေးပြီးကိုယ်တော်ကိုကျွန်တော်၏စိတ်နှလုံးထဲသို့ဖိတ်ခေါ်လိုပါ၏။




135

ကျေးဇူးပြု၍ကျွန်တော်ပြုခဲ့သမျှသောအပြစ်ကိုခွင့်လွှတ်တော်မူပါ။
ကျေးဇူးပြု၍ကျွန်တော်ရဲ့အသက်တာကိုလုံးလုံးလျားလျားထိန်းချုပ်တော်မူပါ။



136

သခင်ယေရှုကိုကျွန်တော်၏စိတ်နှလုံးထဲမှာရှိနေစေချင်ပါတယ်။
စိတ်နှလုံးကိုသန့်ရှင်းစေပြီးကိုယ်တော်အတွက်အသက်ရှင်ဘို့ကူညီတော်မူပါ။
ကျွန်တော်၏ဆုတောင်းသံကိုနားညောင်းအဖြေပေးသည့်အတွက်ကျေးဇူးတင်ပါတယ်။
သခင်ယေရှု၏နာမတော်မြတ်၌ဆုတောင်းပါ၏။ အာမင်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း



1

တရားသူကြီးဟာသင့်ဘက်မှာရှိတယ်။


2

အင်္ဂလန်ဘုရင်တပါးဖြစ်တဲ့ ပထမမြောက်ဂျိမ်း(စ်)ဘုရင်ဟာ တရားသူကြီးတခါဖြစ်ဖူးတယ်လို့ဆိုတယ်။ သူဟာ အမှုတခုရဲ့တဖက်လူတွေရဲ့တင်ပြချက်ကို သေချာစွာနားထောင်ခဲ့တယ်။ စီရင်ချက်ချဖို့ အဆင်သင့်ဖြစ်ပြီလို့သူ့ ကိုယ်သူထင်တဲ့အချိန်မှာဘဲ အခြားတဖက်ရဲ့တင်ပြချက်ကို သူနားထောင်ပြန်တယ်။

အဲဒီအခါမှာ သူဟာလုံးဝစိတ်ရှုပ်ထွေးသွားပြီး ဘယ်လိုဆုံးဖြတ်ရမှန်းမသိအောင်ဖြစ်သွားခဲ့တယ်။ ပထမမှာ အပြစ်မရှိဘူးလို့သူထင်ခဲ့တဲ့သူတွေဟာ အခုတော့အပြစ်ရှိပုံပေါ်နေတယ်။ ပထမမှာ အပြစ်ရှိတယ်လို့ သူထင် ခဲ့တဲ့လူတွေကျတော့ အခုအပြစ်ရှိပုံမပေါ်တော့ဘူး။ နောက်ဆုံးမှာ ဘုရင်ကြီးဟာစိတ်ပျက်ပြီးတရားသူကြီး အလုပ်ကိုစွန့်လွှတ်ခဲ့တယ်။

ပထမမြောက် ဂျိမ်း(စ်)ဘုရင်က ဒီလိုရေးခဲ့တယ်။ 'ငါဟာတဖက်တည်းကိုဘဲ နားထောင်တဲ့အခါအားလုံးဟာ အဆင်ပြေခဲ့တယ်။ ဒါပေမဲ့ နှစ်ဖက်စလုံးကို ငါ့ဝိညာဉ်အားဖြင့်နားထောင်ပြီးတဲ့အခါမှာ ဘယ်သူကမှန်တယ်ဆို တာကို ငါမသိတော့ပါ။'

ဇဝေဇဝါဖြစ်တဲ့ တရားသူကြီးတယောက်ဟာ ခက်ခဲတဲ့ အချိန်မှာ တိကျမှန်ကန်တဲ့ဆုံးဖြတ်ချက်ကို မလုပ်နိုင်ပါ ဘူး။
ဘုရားသခင်ဟာ မျက်နှာမလိုက်တဲ့ တရားမျှတပြီး တိကျမှန်ကန်တဲ့ တရားသူကြီးဖြစ်ပါတယ်။ သူဟာတို့တတွေကို တရားစီရင်တဲ့အခါ ဇဝေဇဝါ မသေမချာ မဖြစ်ပါဘူး။



3

(ဗီဒီယို။ ၄ စက္ကန့်)
တို့တဦးစီဟာ ဘုရားသခင်ရဲ့ရှေ့တော်မှာ အမှုရင်ဆိုင်ရမယ်လို့ကျမ်းစာက ဖေါ်ပြထားပါတယ်။



4

(ဗီဒီယို။ ၁၂ စက္ကန့်)
ယခုအချိန်မှာလည်း တို့ပြုလုပ်ခဲ့သမျှကို အစီရင်ခံတင်ပြဘို့ ဒီတရားစီရင်ခြင်းနေ့ကို ဆင့်ခေါ်ခြင်းခံနေရပါတယ်။
အသက်ရှင်နေထိုင်ခဲ့တဲ့ ယောက်ျား၊ မိန်းမအားလုံးဟာ ဘုရားသခင်ရဲ့တရားရုံး ဝက်ခြံရဲတန်းရှေ့မှာ အမှုရင်ဆိုင်ရပါမယ်။ အဲဒီတရားရုံးဟာ စကြာဝဠာတခုလုံးရဲ့ အမြင့်ဆုံးသောတရားရုံးဖြစ်ပါတယ်။
တမန်တော်ပေါလုဟာ ကမ္ဘာကြီးတခုလုံးကတက်ရောက်ရမဲ့ ချိန်းဆိုမှုကြီးအကြောင်းကို ပြောထားပါတယ်။



5

(ကျမ်းချက်။ တမန်တော် ၁၇း၃၁)
'. . . လောကီသားတို့အား စစ်ကြောစီရင်မည့်နေ့ရက်ကို ချိန်းချက်တော်မူပြီး။' တမန်တော် ၁၇း၃၁။

ဘယ်သူကိုမျှခွင့်မပြုပါ။ ဆင့်ခေါ်ခြင်းကို ဘယ်သူမှကျော်သွားလို့မရပါ။ လူတိုင်းရင်ဆိုင်ရမယ်လို့ ကျမ်းစာက ရှင်းလင်းပြတ်သားစွာဖေါ်ပြထားပါတယ်။



6

(ကျမ်းချက်။ ၂ကော ၅း၁၀)
'အကြောင်းမူကား၊ ငါတို့ရှိသမျှသည် . . . ခရစ်တော်၏တရားပလ္လင်ရှေ့၌ပေါ်လာရကြမည်။' ၂ကော ၅း၁၀။

၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း


7

တို့ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ။
တို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ။
တို့ခရစ်ယာန်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ။
ဘယ်သူဘဲဖြစ်ဖြစ်တို့ရင်ဆိုင်ရမယ်။ ဘုရားသခင်မှာ မျက်နှာသာပေးရမဲ့သူမရှိဘူး။

တို့ကိုကောင်းကင်တရားရုံးကဆင့်ခေါ်တဲ့အခါ တို့လာရမယ်။
ဘာကြောင့်လဲ။
ရှင်ပေါလုက အဖြေပေးထားပါတယ်။


8

(ကျမ်းချက်။ ရောမ ၁၄း၁၂)
'သို့ဖြစ်၍ငါတို့ရှိသမျှသည် ဘုရားသခင်စစ်ကြောတော်မူခြင်းကို ခံရကြမည်။' ရောမ ၁၄း၁၂။


9

ကောင်းကင်ရုံးတော်ရဲ့ဆုံးဖြတ်ချက်က လူတိုင်းရဲ့ဆုံးခန်းကို ထဝရတံဆိပ်ခတ်ထားမှာဖြစ်တယ်။
ဒီဆုံးဖြတ်ချက်ကို ပြန်ပြင်လို့မရပါ။ အကြောင်းမှာ အယူခံဝင်ဘို့
ဒီထက်မြင့်တဲ့တရားရုံးမရှိတော့လို့ဘဲဖြစ်ပါ တယ်။



10

(ဗီဒီယို။ ၁၅ စက္ကန့်)
သို့သော် ဆုံးဖြတ်ချက်မချမှီ (သို့မဟုတ်) စီရင်ချက်မချမှီ၊ ရုံးတင်စစ်ဆေးမှု (သို့)
စုံစမ်းစစ်ဆေးမှုပြုလုပ်ရပါ မယ်။
ကျမ်းစာအုပ်ကိုဖွင့်ပြီး ကောင်းကင်မှာရှိတဲ့ ခုံရုံး (သို့) ရုံးတင်စစ်ဆေးမှုကို ပုံဖေါ်ကြည့်ကြပါစို့။
ပရောဖက် ဒံယေလက ဒီလိုရေးသားထားပါတယ်။


11

(ကျမ်းချက်။ ဒံယေလ ၇း၉၊၁၀)
ထိုအခါ ငါကြည့်ရှုစဉ်၊ ရာဇပလ္လင်များကို တည်ထားလျက်ရှိ၍ အသက်ကြီးသော သူတဦးသည်
ထိုင်တော်မူ၏။


12

အဝတ်တော်ဟာ မိုးပွင့်ကဲ့သို့ဖြူတယ်၊ ဆံပင်တော်ဟာ ဖြူသောသိုးမွေးနဲ့တူတယ်။


13

ပလ္လင်တော်ဟာ မီးလျှံဖြစ်ပြီး ပလ္လင်တော်အောက်မှာ မီးစက်လှည်းဘီးရှိတယ်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း




14

မျက်နှာတော်မှ မီးရောင်ခြည်ထွက်လာတယ်။




15

အတိုင်းမသိများပြားသောသူတို့ဟာ အမှုတော်ကို ဆောင်ရွက်ပြီး




16

ကုဋေသန်းချီမက ရှေ့တော်မှာ ခစား၍နေကြတယ်။ တရားစီရင်ဘို့ပြင်ဆင်ထားပြီး စာအုပ်များကို ဖွင့်ထားကြ တယ်။ ဒံယေလ ၇း၉၊၁၀။



17

ဒီမှာ ဒံယေလက ဘုရားသခင်၊ ခမည်းတော် (သို့) အသက်ကြီးသူဟာ သူ့ရဲ့ထာဝရပလ္လင်တော်ပေါ်မှာထိုင်နေ ပြီး၊ ကောင်းကင်တမန်မြောက်များစွာတို့ သူ့အားဝိုင်းရံထားကြောင်းကို ရုပ်လုံးဖေါ်တင်ပြထားပါတယ်။




18

(ကျမ်းချက်။ ဒံယေလ ၇း၁၃)
ထိုအခါ ငါသည် အာရုံပြု၍၊




19

လူသားနှင့်တူသော သူတဦးသည် မိုးတိမ်ကိုစီးလျက်၊




20

အသက်ကြီးသောသူ၏ အထံတော်သို့ရောက်လာ၏။ ထိုသူကို အထံတော်ပါးသို့သွင်းကြ၏။ ဒံယေလ ၇း၁၃

# ၄ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း


21

ဒီမှာ ဘုရားရဲ့သားတော်ဟာ အသက်ကြီးသူရဲ့ရှေ့တော်မှာ ရပ်နေတာကို ပုံဖော်ထားပါတယ်။
ကမ္ဘာပေါ်မှာရှိတဲ့တရားရုံးမြင်ကွင်းနဲ့ အလွန်ဘဲတူညီနေပါတယ်။
ထိုနေရာမှာ တရားသူကြီးတဦးရှိတယ်။ သူ့ကို အသက်ကြီးသူလို့ခေါ်ပါတယ်။
သက်သေများလည်းရှိတယ်။ အရပ်အားလုံးကိုမြင်တွေ့ပြီး ရေးမှတ်ထားတဲ့ သန့်ရှင်းသော
ကောင်းကင်တမန် များဖြစ်တယ်။
မလွှင်ရှေ့မှာရပ်နေတဲ့ သူဟာသခင်ယေရှုဖြစ်ပြီး သူဟာလူသားတွေအတွက်ရှေ့နေဖြစ်တယ်။ ရှင်ယောဟန်က
ဒီလိုရေးသားထားပါတယ်။



22

(ကျမ်းချက်။ ၁ယော ၂း၁)
'ဖြောင့်မတ်တော်မူသောအရှင် ယေရှုခရစ်တည်းသူသော ငါတို့အမှုဆောင်သခင်သည်
ခမည်းတော်ထံ၌ရှိတော် မူ၏။'
၁ယော ၂း၁



23

(ဗီဒီယို။ ၅ စက္ကန့်)
'ကောင်းပြီ၊ တရားစွဲဆိုခြင်းခံရတဲ့သူကလွဲရင် ကျန်တဲ့သူတွေအားလုံးစုံနေပြီ' လို့သင်ကပြောလိမ့်မယ်။
အရေးကြီးတဲ့ အပိုင်းကိုပြောရရင်တော့ မှန်ပါတယ်။ ဒါပေမဲ့ ကျမ်းစာက
ဘာပြောထားသလဲဆိုတာကိုကြည့်ကြ ပါစို့။




24

(ကျမ်းချက်။ ဒံယေလ ၇း၁၀)
'တရားစီရင်ခြင်းငှါ ပြင်ဆင်၍စာစောင်များကို ဖွင့်ထားကြ၏။' ဒံယေလ ၇း၁၀
ထင်ရှားတာကတော့ ဒီစာစောင်တွေထဲမှာ တရားစီရင်ခြင်းခံနေရတဲ့ သူတွေရဲ့လုပ်ဆောင်ချက်တွေကို
ဖေါ်ပြ ထားတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ရှောလမုန်မင်းကြီးက ဒီလိုရေးသားထားပါတယ်။




25

(ကျမ်းချက်။ ဒေသနာ ၁၂း၁၄)
'အကြောင်းမူကား၊ ဘုရားသခင်သည် ခပ်သိမ်းသော ဝှက်ထားခြင်းမှစ၍၊ အလုံးစုံသောအမှု၊
ကောင်းမကောင်း
ရှိသမျှတို့ကို စစ်ကြော၍ တရားသဖြင့် စီရင်တော်မူလတံ့သတည်း။'
ဒေသနာ ၁၂း၁၄



26

(ကျမ်းချက်။ မာလခိ ၃း၁၆)
မာလခိက ဒီလိုဆက်ပြောထားတယ်။ 'ထိုအခါ ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့သည်တယောက်ကို
တယောက် နှုတ်ဆက်၍ပြောဆိုကြ၏။ ထာဝရဘုရားသည်လည်း နားထောင်၍ကြားတော်မူ၏။



27

ထာဝရဘုရားကို ကြောက်ရွံ့၍နာမတော်ကို အောက်မေ့သောသူတို့အဘို့၊ ရှေ့တော်တွင် စာရင်း၌မှတ်သား
လျက်ရှိ၏။' မာလခိ ၃း၁၆။
ဘုရားသခင်ဟာ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးသူ့ဆီကို ရောက်တဲ့အခါတိုင်း သူသိတော်မူတယ်။ ကျွန်ုပ်တို့က တဦး
တယောက်ကို အားပေးလိုက်တိုင်း၊ ကြင်နာမှုပြလိုက်တိုင်း သူကသိတော်မူတယ်။
ဒါဝိဒ်မင်းကြီးက ဒီမှတ်တမ်းအကြောင်းကို သိတဲ့အတွက် ဒီလိုရေးထားခဲ့တယ်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း

၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း


28

(ကျမ်းချက်။ ဆာလံ ၅၆း၈)
'အကျွန်ုပ်မျက်ရည်တို့ကို ဘူးတော်ထဲမှာထည့်တော်မူပါ။ စာရင်းတော်၌ရှိပါသည်မဟုတ်လော။' ဆာလံ ၅၆း၈
ဘုရားသခင်ဟာ သင့်အသက်တာရဲ့ အနက်ရှိုင်းဆုံးဝမ်းနည်းမှုများကို သိတော်မူတယ်။
မှန်ပါတယ်။ ဘုရားသခင်ဟာ ကျွန်ုပ်တို့ရဲ့အကြောင်းအလုံးစုံကို သိတော်မူတယ်။ ဒါဝိဒ်မင်းကြီးကလည်း ဒီလို ရေးခဲ့သေးတယ်။


29

(ကျမ်းချက်။ ဆာလံ ၁၃၉း၁၊၃၊၁၆)
'အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကိုစစ်ကြော၍သိတော်မူ၏။


30

အကျွန်ုပ်ကျင့်သော အကျင့်အလုံးစုံတို့ကိုကျွမ်းတော်မူ၏။


31

ထိုအရာတို့ကိုပြုပြင်၍ တစုံတခုမျှမရှိမှီကာလတွင်၊ ကိုယ်တော်၏စာရင်း
အကုန်အစင်မှတ်သားလျက်ရှိကြပါ၏' ဆာလံ ၁၃၉း၁၊၃၊၁၆။


32

ဘုရားသခင်ဟာ ကျွန်ုပ်တို့အကြောင်းအားလုံးကို သိတော်မူတာကြောင့်၊ သူ့အတွက်စာရင်းရေးမှတ်ထားဘို့ မလိုအပ်ပါဘူး။
စာရင်းများဟာ စကြဝဠာအတွက်ဖြစ်ပြီး၊ အမှုတိုင်းမှာ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့တရားမျှတမှုကို ထင်ရှားစွာဖေါ်ပြနိုင်ဘို့ရန်အတွက်ဖြစ်ပါတယ်။
ဘုရားသခင်ထံစာရင်းတင်ပြနိုင်မှုကို ကျွန်ုပ်တို့အလေးအနက်ထားပြီးစဉ်းစားရပါမယ်။


33

လူတိုင်းဟာ တန်ဘိုးအကြီးမားဆုံးလက်ဆောင်ဖြစ်တဲ့မိမိရဲ့အသက်တာကို ပြန်လည်စာရင်းတင်ပြရပါမယ်။
ဒီအကြောင်းနဲ့ပတ်သက်ပြီး ရှောလမုန်မင်းကြီးက အခုလိုရေးသားခဲ့ပါတယ်။


34

(ကျမ်းချက်။ ဒေသနာ ၁၁း၉)
'အချင်းလူပျို၊ အသက်ပျိုသောအခါ ပျော်မွေ့လော့။ အသက်ပျိုစဉ်ကာလတွင် စိတ်ရွှင်လန်းခြင်းရှိလော့။


35

ကိုယ်အလိုရှိရာလမ်းနှင့် ကိုယ်ဥာဏ်ပြသောလမ်းသို့လိုက်လော့။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း


36

သို့ရာတွင်၊ ထိုအမှုအလုံးစုံတို့ကို ဘုရားသခင်စစ်ကြော၍၊ သင့်ကို အပြစ်ပေးတော်မူမည်ဟု အောက်မေ့လော့။ ဒေသနာ ၁၁း၉။


37


(ကျမ်းချက်။ မဿဲ ၁၂း၃၆၊၃၇)
ရှင်မဿဲက ဒီလိုရေးထားခဲ့တယ်။ 'လူတို့သည် အကျိုးမဲ့သောစကားကို ပြောသမျှအတွက်၊ တရားဆုံးဖြတ်သော နေ့၌စစ်ကြောခြင်းကို ခံရကြလတံ့။


38

သင့်စကားများအားဖြင့် သင်သည် အပြစ်လွတ်လိမ့်မည်။ သို့မဟုတ် သင့်စကားများအားဖြင့် အပြစ်စီရင်ခြင်းကိုခံရလိမ့်မည်။' မဿဲ ၁၂း၃၆၊၃၇။


39

လူတစ်ဦးရဲ့ခန့်မှန်းချက်အရ သာမန်လူတယောက်ရဲ့တပတ်အတွင်းပြောတဲ့စကားတွေကို ရေးမှတ်ထားရင် စာမျက်နှာ ၃၂၀ ပါတဲ့ စာအုပ်အပြည့်ရနိုင်တယ်။ အနှစ် (၆၀) အတွင်းမှာ ဒီလိုစာအုပ်မျိုးအုပ်ရေ ၃၀၀၀ ကျော်ရှိလိမ့်မယ်။


40

တရားစီရင်ခြင်းနေ့မှာ သင့်ရဲ့စာကြည့်တိုက်မှာ ရှိတဲ့စာအုပ်တွေကနေပြီး ဘာတွေပြောစရာရှိမလဲ။ ထို့အပြင် သင်ပြောခဲ့တဲ့ စကားလုံးတွေရဲ့ နောက်ကွယ်မှာ ဘာဆိုလိုချက်တွေရှိသလဲဆိုတာကို မြင်ကွင်းထဲကို ဖွင့်ပြလိမ့် မယ်။


41

(ကျမ်းချက်။ ၁ကော ၄း၅)
'မှောင်မိုက်၌ဝှက်ထားသောအရာတို့ကို ပွင့်လင်းစေ၍ စိတ်နှလုံးအကြံအစည်များကို ထင်ရှားစေလတံ့. . .' ၁ ကော ၄း၅။


42

အဲဒီနေ့မှာဖျက်ထား၊ ဖုံးအုပ်ထားတဲ့အရာမရှိဘူး။ လူတွေဟာ သူတို့ရဲ့မိတ်ဆွေတွေဒါထက်မကမိသားစုတွေကို လိမ်လို့ရမယ်။ ဒါပေမဲ့ဘုရားသခင်ကို လိမ်လို့မရဘူး။ သူဟာစိတ်နှလုံးရဲ့လျှို့ဝှက်ချက်ကို ဖတ်နိုင်ပါတယ်။


43

ကျွန်ုပ်တို့ရဲ့တရားစီရင်တဲ့နေ့ရောက်လာတဲ့အခါ အခြေအနေနှစ်ခုထဲက တခုခုမှာကျွန်ုပ်တို့ ရောက်ရှိနေလိမ့် မယ်။ အခြေအနေတခုကတော့ ကျွန်ုပ်တို့ရဲ့ကျဆုံးမှုမှတ်တမ်းကို သခင်ယေရှုရဲ့အသွေးတော်အားဖြင့်ဖုံးအုပ် ထားလိမ့်မယ်။ ကျန်အခြေအနေတခုကတော့ ကျွန်ုပ်တို့ရဲ့မှတ်တမ်းဟာ ကျွန်ုပ်တို့ကို အပြစ်တင်ဘို့ရပ်တည် နေလိမ့်မယ်။ ဟုတ်ပါတယ်။ ကျွန်ုပ်တို့ဘာမှပြောဘို့မလိုပါ။ ကျွန်ုပ်တို့ရဲ့လုပ်ဆောင်မှုက ခြားနားမှုကိုပေးပါလိမ့်မယ်။

# ၈ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း




44

(ကျမ်းချက်။ မဿဲ ၁၆း၂၇)
သခင်ယေရှုကြွလာတဲ့အခါ
'သူ့အသီးသီးကျင့်သောအကျင့်နှင့်အလျောက်အကျိုးအပြစ်ကိုဆပ်ပေးတော်မူလတံ့။' လို့ဆိုထားပါတယ်။
မဿဲ ၁၆း၂၇။
ကျွန်ုပ်တို့ရဲ့ကောင်းသောအကျင့်တွေဟာ ကျွန်ုပ်တို့ရဲ့ကယ်တင်ခြင်းအတွက်အခြေခံမဟုတ်ပါဘူး။
ဘုရားသခင် ရဲ့ကျေးဇူးတော်ကသာ အခြေခံဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ရဲ့ကောင်းသောအကျင့်တွေက
ကျွန်ုပ်တို့ရဲ့စိတ် နှလုံးတွေကို ဘုရားသခင်ထံမှာ ဆက်ကပ်ထားကြောင်းကိုဖော်ပြပါတယ်။




45

မတော်ရင် သင်ဒီလိုမေးလိမ့်မယ်။ 'တို့ဟာကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရရင်
ဘာကြောင့်အလုပ်အား ဖြင့် တရားစီရင်ခြင်းခံဘို့လိုပါသလဲ။
ကောင်းသောမေးခွန်းတခုဖြစ်ပါတယ်။
မကြာသေးမှီက ဒေါက်တာ စာကေးကူဘို ဒီလိုရေးခဲ့ပါတယ်။



46

တရားစီရင်ခြင်းကို အကျင့်တရားအပေါ်မှာ အခြေခံမပြုထားရင်ဘယ်လို အဓိပ္ပါယ်ရောက်မယ်ဆိုတာ
စဉ်းစား ဆင်ခြင်ကြည့်ပါစို့။



47

ဘုရားသခင်က တို့ကိုဘာအားဖြင့်တရားစီရင်မလဲ။ တို့အသားအရောင်၊ တို့လူမျိုးစု၊ တို့လူတန်းစား၊
တို့ပညာ အရည်အချင်း၊ တို့ရုပ်ရည်၊ တို့အရည်အချင်း၊ တို့ခွန်အား



48

အသင်းတော်မှာ အသင်းဝင်ဖြစ်ခြင်း၊ ဒါမှမဟုတ်ခရစ်တော်အကြောင်းကို
ဟောပြောရုံသာပြုခြင်းအားဖြင့်လား။ ဘုရားသခင်က တို့ကိုအကျင့်တရားအားဖြင့်သာ တရားစီရင်နိုင်မယ်။
ကောင်းသောအကျင့်နဲ့ဆိုးသောအကျင့် ရယ်ပေါ့။



49

(ဗီဒီယို။ ၈ စက္ကန့်)
ကောင်းသောအကျင့်ဟာ ဘုရားသခင်နဲ့လူကိုချစ်တဲ့စိတ်နဲ့ပြည့်ဝနေတဲ့ နှလုံးသားထဲကနေပြီး
အဆက်မပြတ် ထွက်ပေါ်လာတဲ့ ရလဒ်ဘဲဖြစ်တယ်။
သခင်ယေရှုကိုချစ်တဲ့ စိတ်ကြောင့်သူ့ရဲ့နောက်လိုက်တပည့်တွေဟာ ကောင်းသောအမှုကို ပြုဘို့ဆန္ဒရှိခဲ့ကြ
တယ်။
ဒေသနာကျမ်းထဲမှာ ခြုံပြီးတော့ရှောလမုန်မင်းကြီးက ဒီလိုရေးသားခဲ့တယ်။



50

(ကျမ်းချက်။ ဒေသနာ ၁၂း၁၃၊၁၄)
'အချုပ်အခြာစကားဟူမူကား၊

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း


51

ဘုရားသခင်ကိုကြောက်ရွံ့၍ပညတ်တော်တို့ကိုစောင့်ရှောက်လော့။ ဤရွေ့ကား လူနှင့်ဆိုင်သော အမှုအရာ အလုံးစုံတို့ကို ချုပ်ခြာသတည်း။


52

အကြောင်းမူကား ဘုရားသခင်သည် အလုံးစုံသောအမှုတို့ကို စစ်ကြော၍တရားသဖြင့်စီရင်တော်မူလတံ့။' လူတဦးရဲ့ သခင်ခရစ်တော်နဲ့ဆက်ဆံမှုကို သူ့ရဲ့အကျင့်တရားနဲ့ဆုံးဖြတ်ရမှာဖြစ်တဲ့အတွက် ထိုအကျင့်တရား ကို တိုင်းထွာဘို့ရန် ရှင်းလင်းတဲ့စံရှိဘို့လိုအပ်ပါတယ်။


53

ကျွန်ုပ်တို့လောကမှာ ရှိတဲ့တရားရုံးရဲ့လုပ်ထုံးလုပ်နည်းမှာ တရားစစ်ဆေးခြင်းရဲ့ရည်ရွယ်ချက်ကတော့ပြစ်မှုတခု ကို ကျူးလွန်ခဲ့သလား၊ ဒါမှမဟုတ် ဥပဒေတခုကို ချိုးဖောက်ခဲ့ပါသလား ဆိုတာကိုသိဘို့ရန် အတွက်ဖြစ်တယ်။

ပညတ်ချက်တခုကို ချိုးဖောက်မှသာလျှင် လူတယောက်ဟာ အပြစ်ရှိပါတယ်။


54

ဘုရားသခင်ရဲ့တရားစီရင်ခြင်းမှာ ပညတ် သို့မဟုတ် စံရှိပါတယ်။ ဘယ်ဥပဒေကို အသုံးပြုသွားမလဲဆိုတာကို ရှင်ယာကုပ်က ရှင်းလင်းစွာဖေါ်ပြထားပါတယ်။


55

(ကျမ်းချက်။ ယာကုပ် ၂း၁၂)
'လွတ်ခြင်းတရားအတိုင်း စီရင်ခြင်းကိုခံရလတံ့သော သူကဲ့သို့စကားပြောခြင်း၊ အမှုပြုခြင်းကို စီရင်ကြလော့။ ' ယာကုပ် ၂း၁၂။



56

(ကျမ်းချက်။ ယာကုပ် ၂း၁၁)
ပြီးခဲ့တဲ့ကျမ်းချက်မှာ ရှင်ယာကုပ်က ပည်တော်နှစ်ပါးကို ဖေါ်ပြထားပါတယ်။ 'သူ့မယားကိုမပြစ်မှားနှင့်။' နှင့် 'လူအသက်ကို မသတ်နှင့်' တို့ဖြစ်ပါတယ်။
ဒါကြောင့် ဘုရားသခင်ရဲ့ပညတ်တော် ၁၀ ပါးကို လွတ်လပ်ခြင်းတရားလိုခေါ်ထားပြီးငင်းအားဖြင့်လူတွေရဲ့ အသက် တာကိုတရားစီရင်မှာဖြစ်ပါတယ်။



57

(ဗီဒီယို။ ၄ စက္ကန့်)
တရားစီရင်ခြင်းဟာ
သခင်ခရစ်တော်နဲ့စာတန်တို့ရဲ့ကြီးမားတဲ့တိုက်လှန်ခြင်းမှာတို့တတွေဘယ်ဖက်မှာရပ်တည် လဲဆိုတာ ကိုဆုံးဖြတ်ပေးမှာဖြစ်ပါတယ်။ သခင်ယေရှုဖက်မှာ တို့ရှိသလား။
သခင်ယေရှုကိုတို့ရဲ့အသက်တာမှာ ဦးဆောင်ဘို့ရန် အတွက်အခွင့်ပေးပြီးပြီလား။


58

ပညတ်တော် ၁၀ ပါးထဲမှာဖေါ်ပြထားတဲ့အတိုင်းသူ့ကိုအကြီးမားဆုံးသောအချစ်နဲ့ချစ်ခြင်း၊
သူ့အလိုလိုက်ခြင်း စသည်တို့ တို့မှာရှိပြီလား။
သူ့ရဲ့ခွန်အား အားဖြင့် သူ့အလိုတော်ကို လိုက်ဖို့တို့မှာ ဆန္ဒရှိပါသလား။
သူ့ရဲ့ပညတ်တော်ကို တို့ရဲ့နှလုံးသားထဲမှာ ရေးမှတ်ထားပြီးပြီလား။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း




59

နိုင်ငံတနိုင်ငံကို ခိုလှုံဘို့ဝင်ရောက်လာသူတွေဟာ ထိုနိုင်ငံရဲ့နိုင်ငံသားဖြစ်ချင်ရင် ထိုနိုင်ငံရဲ့ကတိသစ္စာကိုခံဘို့ ရန်လိုအပ်ပါတယ်။ သစ္စာရှိတဲ့နိုင်ငံသားတွေဖြစ်ဘို့နဲ့ ဥပဒေကို စောင့်ထိမ်းဘို့အတွက် ကတိပြုရပါတယ်။



60

(ဗီဒီယို။ ၁၀ စက္ကန့်)
ခရစ်ယာန်များဟာလည်းဒီနည်းအတိုင်းပါပဲ။ သူတို့ဟာ ခရစ်တော်ကိုလက်ခံပြီး သူ့နိုင်ငံရဲ့နိုင်ငံသားဖြစ်လာချင် ရင် ဘုရားသခင်က သူ့ထံတော်မှာ ချစ်ခြင်းမေတ္တာနဲ့သစ္စာခံယူပြီး သူ့အစိုးရရဲ့ ဥပဒေကို စောင့်ထိမ်းဘို့ တောင်းဆိုထားပါတယ်။


61


ဘယ်လိုဘဲဖြစ်စေ နိုင်ငံတွင်းခိုလှုံသူအားလုံးဟာ သူတို့ရဲ့ကတိစကားအပေါ် အမြဲတမ်းသစ္စာမရှိကြပါဘူး။ တချို့လူတွေကို အပြင်ပိုင်းကကြည့်ရင်သစ္စာရှိတယ်လို့ထင်ရပေမဲ့ နောက်ပိုင်းမှာ ဖျက်လိုဖျက်ဆီးဖြစ်သွားကြ တယ်။



62

ထိုနည်းတူဘဲ ခရစ်ယာန်အားလုံးဟာ ပေးထားတဲ့ကတိကို မစောင့်ကြပါဘူး။ အခုအချိန်မှာဘဲဖြောင့်မတ်ရုံနဲ့ မလုံလောက်ပါဘူး။ သခင်ယေရှုကြွလာတဲ့အချိန်အထိ သစ္စာရှိဘို့ရန် လိုအပ်ပါတယ်။

သခင်ခရစ်တော်ရဲ့နောက်လိုက်များဖြစ်တယ်လို့ ကိုယ့်ကိုယ်ကို ပြောရုံနဲ့မလုံလောက်ပါဘူး။ နားထောင်ခြင်းနဲ့ သစ္စာရှိခြင်းဖြင့် သခင်ယေရှုရဲ့ပြည့်စုံတဲ့ အသက်တာအားဖြင့် နေထိုင်ဘို့လိုအပ်ပါတယ်။



63

(ကျမ်းချက်။ မဿဲ ၇း၂၁)
သခင်ယေရှုကပြောတယ်။ 'သခင်၊ သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်းကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်။



64

ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်အလိုကို ဆောင်သောသူသာလျှင်ဝင်ရလိမ့်မည်။' မဿဲ ၇း၂၁။
အကောင်းနဲ့အဆိုး၊ ခရစ်တော်နဲ့စာတန်တို့ရဲ့တိုက်လှန်ခြင်းတခုလုံးမှာ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တအကျင့်စာ ရိတ္တအကြောင်းကို ဖေါ်ပြထားပါတယ်။


65

ပညတ်တော်ဟာ ဘုရားရဲ့ စာရိတ္တကို ရေးသားထားတဲ့စံဘဲဖြစ်ပါတယ်။ ဒီပညတ်တော်ဟာ နောက်ဆုံးတရား စီရင်ခြင်းမှာ ပေါ်လွင်ထင်ရှားစွာရှိနေလိမ့်မယ်ဆိုတာ အံ့ဩစရာ မရှိပါဘူး။


66

ဒါပေမဲ့ အံ့ဩစရာအလွန်ကောင်းပြီး ခရစ်ယာန်များ အနည်းငယ်မျှသာသိတဲ့ အရာတခုကတော့ ကောင်းကင် တရားစီရင်ခြင်းစတင်နေပြီးဆိုတဲ့ အကြောင်းအရာပါဘဲ။
ကျမ်းစာရဲ့နောက်ဆုံးစာအုပ်ဖြစ်တဲ့ ဗျာဒိတ်ကျမ်းကလည်း ဘုရားသခင်ရဲ့တရားစီရင်ခြင်းဟာ အခုအခါမှာ အမှန်တကယ်ဘဲစတင်နေပြီးဆိုတဲ့ အကြောင်းဖေါ်ပြထားပါတယ်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း




67

ဒါကြောင့် ဗျာဒိတ်ကျမ်းရဲ့နောက်ဆုံးအခန်းများမှာ ရှင်ယောဟန်က ကမ္ဘာကြီးအတွက်နောက်ဆုံးသတိပေး စကားနဲ့ဖိတ်ခေါ်ချက်ကို ဒီလိုရေးသားခဲ့ပါတယ်။


68


(ကျမ်းချက်။ ဗျာဒိတ် ၁၄း၆၊၇)
'ထို့နောက် ကောင်းကင်အလယ်၌ပျံ့ဝဲလျက်ရှိသော ကောင်းကင်တမန်တပါးကို ငါမြင်၏။


69


မြေကြီးပေါ်မှာနေသော သူတို့အားထာဝရဧဝံဂေလိတရားကို ဟောရသောအခွင့်ရှိ၏။


70


အသီးသီးသော ဘာသာစကားကို ပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အား ထိုကောင်းကင်တမန်က


71

ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသော အချိန်ရောက်လာပြီ။


72

ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့်စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသော အရှင်ကို ကိုးကွယ်ကြလော့ ဗျာဒိတ်ကျမ်း ၁၄း၆၊၇



73

သတင်းစကားက 'တရားစီရင်တော်မူသောအချိန်ရောက်လာလိမ့်မည်။' လို့မပြောဘဲ 'တရားစီရင်တော်မူသော အချိန်ရောက်လာပြီး' လို့ပြောထားတာကို သတိထားမိလိမ့်မယ်။


74

ဒီသတင်းစကားသုံးခုပါတဲ့ သတင်းစကားရဲ့ဒုတိယပိုင်းက ဘုရားသခင်ရဲ့လူတွေကို နောက်ဆုံးနေ့မှာ ပေါ်လာမဲ့မှားယွင်းတဲ့ ဘာသာတရားထဲကနေထွက်ဘို့ခေါ်နေပါတယ်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း




75

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း ၉၊ ၁၀)
'အကြင်သူသည် သားရဲနှင့်သူ၏ရုပ်တုကို ကိုးကွယ်၍ သူ၏တံဆိပ်လက်မှတ်ကို နဖူး၌ခံသည်ဖြစ်စေ၊ လက်၌ခံ သည်ဖြစ်စေ၊


76

ထိုသူသည် ဘုရားသခင်၏ဒေါသဖလား၌လောင်းသော အမျက်တော်စပျစ်ရည်စစ်ကို သောက်ရလိမ့်မည်။' ဗျာဒိတ်ကျမ်း ၁၄း၉၊၁၀။
ကောင်းကင်တမန်သုံးပါး သတင်းစကားပြောကြားပြီးနောက် ယခုဌင်း၏နောက်ဆက်တွဲ အခန်းငယ် ၁၄ နှင့် ၁၅ ကို သတိထားကြည့်ပါ။


77

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၁၄၊၁၅)
'တဖန်ငါကြည့်လျှင်၊ ဖြူသော မိုးတိမ်ရှိ၏။ လူသားတော်နှင့် တူသောသူသည် မိုယ်းတိမ်ပေါ်မှာ ထိုင်တော်မူ၏။


78

ခေါင်းတော်ပေါ်၌ ရွှေသရဖူကိုဆောင်းလျက် ထက်သောတံစဉ်ကို ကိုင်ထား၏။


79

ကောင်းကင်တမန်တပါးသည် ဗိမာန်တော်ထဲကထွက်၍မိုယ်းတိမ်ပေါ်မှာ ထိုင်သောသူကို ကြီးသော အသံနှင့် ဟစ်လေ၏။


80

ကိုယ်တော်၏ တံစဉ်ကိုလွှတ်၍ စပါးကို ရိတ်တော်မူပါ။ ရိတ်ရသော အချိန်ရောက်ပါပြီး။'


81

မြေကြီး၌ရိတ်သိမ်းစရာမှည့်ပါပြီ။ဗျာဒိတ်ကျမ်း ၁၄း၁၄၊၁၅


82

ကမ္ဘာမြေကြီးရဲ့ရိတ်သိမ်းခြင်းဟာဘာလဲ။ ဒါက ကမ္ဘာရဲ့အဆုံးပါ။ ရိတ်သိမ်းချိန်ဟာ သခင်ခရစ်တော်ရဲ့ဒုတိယအကြိမ်ကြွလာခြင်းကို ဆိုလိုပါတယ်။ သခင်ယေရှု ဒုတိယအကြိမ်မကြွလာမှီ ဘာဖြစ်ပျက်မလဲ။ ဘုရားသခင်ရဲ့ တရားစီရင်ခြင်းဘဲဖြစ်ပါတယ်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း


83

ဒီမှာ အဓိကသော့ချက်ကို ဒံယေလအနာဂတ္တိကျမ်းမှာပါတဲ့ အထူးခြားဆုံး အနာဂတ္တိစကားမှာ ဖေါ်ပြထားပါတယ်။


84

'ရက်ပေါင်း နှစ်ထောင်သုံးရာတိုင်တိုင်တည်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာဌာနကို တဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်။' ဒံယေလ ၈း၁၄
ဒီအရာဟာ ကျမ်းစာထဲမှ အချိန်နဲ့ပတ်သက်တဲ့ အရှည်လျားဆုံးအနာဂတ္တိစကားဖြစ်ပါတယ်။


85

(ကျမ်းချက်။ ယေဇကျေလ ၄း၆)
ဒီအနာဂတ္တိစကားထဲမှာ တရက်ဟာ တနှစ်နဲ့ညီမျှတယ်လို့သိရပါတယ်။ 'နှစ်အစား၌ရက်ကို ငါထားပြီး။' ယေဇကျေလ ၄း၆။ ဒါကြောင့် ရက်ပေါင်း ၂၃၀၀ဟာ နှစ်ပေါင်း ၂၃၀၀ ကိုပုံဆောင်ပါတယ်။



86

နှစ်ပေါင်း ၂၃၀၀ ဟာ ဒံယေလ အခန်းကြီး ၇၊၈ နဲ့ ၉ မှာ ဖေါ်ပြထားတဲ့ ကျယ်ပြန့်သော အနာဂတ္တိစကားရဲ့ အပိုင်းတခုအနေနဲ့ပါဝင်ပါတယ်။



87

ဒီအနာဂတ္တိစကားက ကျွန်ုပ်တို့သခင်ရဲ့ ရေနှစ်ခြင်းခံမဲ့အချိန်နဲ့ကပ်တိုင်တင်ခြင်းခံရမဲ့ အချိန်ကို အတိအကျဟောထားပါတယ်။



88

ဒီရက်ပေါင်း ၂၃၀၀ (သို့) နှစ်ပေါင်း ၂၃၀၀ အနာဂတ္တိအချိန်ကာလဟာ အာတဇေရဇ် ဘုရင် ယေရုရှလင်မြို့ နဲ့ ၄င်းရဲ့စီးပွားရေးစနစ်ကို ပြန်လည်တည်ဆောက်ဘို့ အမိန့်ပေးလိုက်တဲ့အချိန်ကနေစတင်ခဲ့ပါတယ်။
ဣသရေလလူမျိုးစုဟာ ဗာဗုလုံနိုင်ငံမှာ နှစ်ပေါင်း (၇၀) ကြာ ကျွန်ခံပြီးတဲ့နောက် သူတို့ချစ်တဲ့မြို့ကို ပြန်လည် တည်ဆောက်ဘို့ရန်အတွက် ဆန္ဒပြင်းနေကြတယ်။


89

နောက်ဆုံး ၄၅၇ ဘီစီမှာ ကြာမြင့်စွာစောင့်မျှော်နေခဲ့ရတဲ့ အမိန့်တော်ကိုဘုရင်ကြီးကချမှတ်ခဲ့တယ်။
နှစ်ပေါင်း ၂၃၀၀ ဟာ အဲဒီအချိန်က စတင်ခဲ့ပြီး အေဒီ ၁၈၄၄ မှာဆုံးခဲ့တယ်။
ကျွန်ုပ်တို့ရဲ့ ကျမ်းချက်ကို ပြန်လည်ကြည့်ကြပါစို့။ အနာဂတ္တိရက်ပေါင်း ၂၃၀၀ (သို့) နှစ်ပေါင်း ၂၃၀၀ အဆုံး မှာ ဗိမာန်တော်ကို သန့်ရှင်းစေမယ်။
ဒီဟောထားချက်ဟာ ၁၈၄၄ ခုနှစ်မှာ အဆုံးသတ်တာကို တွေ့ရပါတယ်။ ဗိမာန်တော်သန့်ရှင်းစေခြင်းဟာ ဘာအဓိပ္ပါယ်ဆောင်ပါသလဲ။


90

၁၈၄၄ ခုနှစ်မှာ ကျမ်းစာမှာဖေါ်ပြထားတဲ့ဘုရားသခင်ရဲ့တရားစီရင်တဲ့အချိန်စတင်ပါတယ်။
အချိန်နာရီထိုးသံ ကြားရပါတယ်။ ဒံယေလ ပရောဖက်ဟောထားတဲ့နှစ်ပေါင်း ၂၃၀၀ အဆုံးမှာ ဖြစ်ပေါ်မဲ့ ဗိမာန်တော်ဆေးကြော ခြင်းနဲ့ တရားစီရင်ခြင်း ဘယ်လိုပတ်သက်ပါသလဲလို့သင်မေးကောင်းမေးလိမ့်မယ်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း





91

ဗိမာန်တော်ဆေးကြောခြင်းဆိုတာဘာလဲ။ တရားစီရင်ခြင်းနဲ့ဘယ်လိုပတ်သက်ပါသလဲ။ကျမ်းစာထဲမှာ ဗိမာန်တော် နှစ်ခုကို ဖော်ပြထားပါတယ်။ တခုက မြေကြီးပေါ်မှာရှိပြီး တခုက ကောင်းကင်နိုင်ငံတော်မှာရှိပါ တယ်။


92

ဣသရေလ (ရှေးဂျူး) လူမျိုးအချိန်က လူတွေဟာ သူတို့ရဲ့ပူဇော်သကာများကိုဗိမာန်တော်သို့နေ့စဉ်ယူဆောင် လာခဲ့ကြပါတယ်။


93

အဲဒီမှာ သူတို့ရဲ့မပြစ်ကိုတင်ပြတောင်ပန်ပြီး ဘုရားရဲ့သားတော်သခင်ယေရှုအနာဂတ်တွင်မှာ အသေခံမဲ့အကြောင်း ကိုယုံကြည်ကြောင်းပြရန် သိုးသငယ်ကိုသတ်ပြီး ပူဇော်ရပါတယ်။


94

ယနေ့အချိန်မှာ တို့တွေအပြစ်လုပ်ရင် ဘုရားသခင်ထံမှာ အပြစ်လွှတ်ခြင်းခံရဘို့တောင်းပန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သခင်ယေရှုဟာ တို့တွေရဲ့အပြစ်တွေကို ပေးဆပ်ဘို့ရန်တို့နေရာမှာ အစားထိုးအသေ ခံခဲ့ပါတယ်။


95

ဘယ်လိုဘဲဖြစ်ဖြစ် ကရာနီမတိုင်မှီမှာ လူတွေပြန်လှည့်ကြည့်စရာ ဆက်ကပ်ပူဇော်ခြင်းဆိုတာ မရှိခဲ့ပါဘူး။ ဒါကြောင့် ယုံကြည်ခြင်းအားဖြင့် 'သိုးသငယ်' အသေခံမဲ့အချိန်ကို မျှော်လင့်နေခဲ့ကြပါတယ်။ အပြစ်မဲ့တဲ့ တိရိစ္ဆာန်ကို ပူဇော်ခြင်းအားဖြင့် သူတို့အတွက်လာရောက်အသေခံပြီး အပြစ်လွှတ်ခြင်းကိုပေးမဲ့ ကယ်တင်ရှင်ကို ယုံကြည်ကြောင်းအသိအမှတ်ပြုခဲ့ကြပါတယ်။


96

အဲဒီနောက်မှာ ယဇ်ပရောဟိတ်မင်းက တိရိစ္ဆာန်ရဲ့ အသွေးကို ဗိမာန်တော်ရဲ့အသန့်ရှင်းဆုံးဌာနမှာရှိတဲ့ ကုလားကာပေါ်ကို ပက်ဖြန်းလိုက်ခြင်းအားဖြင့် လူတွေရဲ့အပြစ်ကိုဗိမာန်တော်အထဲသို့ရွှေ့ပြောင်းလိုက်ပါတယ်။




97

ပြီးတော့ တနှစ်မှာ တကြိမ် အသန့်ရှင်းဆုံးပွဲတော်ဖြစ်တဲ့ အပြစ်ဖြေလွှတ်ရာနေ့ (သို့) ဗိမာန်တော်ဆေးကြော ရာနေ့ကို ကျင်းပခဲ့ကြပါတယ်။ ဣသရေလလူတွေအတွက် ထိုနေ့ဟာ တရားစီရင်ခြင်းနေ့ဘဲဖြစ်ပါတယ်။


98

ထိုပွဲနေ့မတိုင်မှီ (၁၀) ရက်ကြိုပြီး လူတွေကို သတိပေးဘို့အတွက် တံပိုးမှုတ်ပါတယ်။ ဣသရေလလူတွေ အတွက် သူတို့ရဲ့အသက်တာကို ပြန်လည်ဆန်းစစ်ပြီး နောင်တရကာ အပြစ်ဝန်ချတောင်းပန်ဘို့ရန်အချိန်ဖြစ် ပါတယ်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း



99

‘အကြောင်းမူကား သင်တို့သည် ထာဝရဘုရားရှေ့တော်၌ အပြစ်ရှိသမျှနှင့်ကင်းစင်မည်အကြောင်း




100

ယဇ်ပရောဟိတ်သည် သင်တို့ကိုစင်ကြယ်စေခြင်းငှါ၊ အပြစ်ဖြေခြင်းကို ပြုမည်။’ ဝတ်ပြုရာကျမ်း ၁၆း၃၀။



101

ယခုအခါ မြေကြီးပေါ်မှာရှိတဲ့ ဗိမာန်တော်နဲ့ ၎င်းရဲ့လုပ်ဆောင်ချက်တွေက
သခင်ခရစ်တော်ယဇ်ပရောဟိတ်မင်း အဖြစ် ကျွန်ုပ်တို့ရဲ့အပြစ်တွေကို လွှတ်ပေးနေတဲ့ ကောင်းကင်နိုင်ငံက
ဗိမာန်တော်ကို ပုံဆောင်ထားကြောင်းကို ဟေဗြဲဩဝါဒက ရှင်းလင်းစွာဖေါ်ပြထားပါတယ်။



102

(ကျမ်းချက်။ ဟေဗြဲ ၈း၁၊၂)
ရှင်ပေါလုက ဒီလိုပြောထားတယ်။ ‘ထိုသို့သော ယဇ်ပရောဟိတ်မင်းသည် ငါတို့၌ရှိ၏။
ကောင်းကင်ဘုံ၌တန်ခိုး အာနုဘော်တော်၏ ပလ္လင်လက်ျာဘက်မှာ ထိုင်နေတော်မူ၏။



103

လူမဆောင်ဘဲ ထာဝရဘုရားဆောက်တော်မူသောတဲတော်စစ်တည်းဟူသော သန့်ရှင်းရာဌါန၌
ဘုရားဝတ်ပြု သောသူဖြစ်တော်မူ၏။’ ဟေဗြဲ ၈း၁၊၂။



104

(ကျမ်းချက်။ ဟေဗြဲ ၉း၁၁၊၁၂။၂၄)
ဆက်ပြီးတော့ ဒီလိုပြောထားသေးတယ်။ ‘နောက်မင်္ဂလာအကျိုးတို့၏ ယဇ်ပရောဟိတ်မင်းဖြစ်သော ခရစ်
တော်သည်။



105

မိမိအသွေးတော်နှင့် သန့်ရှင်းရာဌါနထဲသို့ တခါတည်းဝင်တော်မူ၏။



106

ထိုသို့နှင့်အညီ မှန်သောသန့်ရှင်းရာဌါနတို့၏ ပုံဖြစ်သော

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း





107

လူတို့လက်ဖြင့်လုပ်သော သန့်ရှင်းရာဌါနထဲသို့ ခရစ်တော်သည် မဝင်ဘဲ


108


ထိုသို့နှင့်အညီ၊ မှန်သောသန့်ရှင်းရာဌါနတို့၏ပုံဖြစ်သော၊. . . ကောင်းကင်ထဲသို့ဝင်တော်မူပြီ။


109

ငါတို့အတွက်ကြောင့်၊ ယခုဘုရားသခင်၏ ရှေ့တော်၌ကိုယ်ကိုပြခြင်းငှါ၊ လက်ဝါးကပ်တိုင်၌
ခရစ်တော်အသေခံ ခြင်းဟာ ကျွန်ုပ်တို့အပြစ်အတွက်ပြည့်စုံတဲ့ အပြစ်ဖြေရာယဇ်ကို
စီစဉ်ပေးခြင်းဖြစ်ပါတယ်။


110

(ကျမ်းချက်။ ဟေဗြဲ ၇း၂၅)
'အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင်အထံတော်သို့ချဉ်းကပ်ကြ၏။


111

သူတို့ကို အစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏။' ဟေဗြဲ ၇း၂၅
စစ်မှန်သော တဲတော် (သို့) ဗိမာန်တော်ဟာ ကောင်းကင်နိုင်ငံမှာရှိပါတယ်။ မြေကြီးပေါ်မှာဖြစ်ပျက်တဲ့
အရာခပ်သိမ်းဟာ ကယ်တင်ခြင်းစီမံကိန်းမှာ ဖြစ်ပျက်တဲ့ ပုံစံကို ဖေါ်ပြထားပါတယ်။
သခင်ယေရှုဟာ အသေခံတဲ့သိုးသငယ်ဖြစ်ပါတယ်။ သခင်ယေရှုဟာ အသက်ရှင်တဲ့ ယဇ်ပရောဟိတ်ဖြစ်ပါ
တယ်။ သခင်ယေရှုဟာ ကျွန်ုပ်တို့ရဲ့ကြီးမြတ်တဲ့ ယဇ်ပရောဟိတ်မင်းဖြစ်ပါတယ်။
ဣသရေလတို့ရဲ့ ယဇ်ပရောဟိတ်မင်းက အသန့်ရှင်းဆုံးအခန်းကို တနှစ်တစ်ကြိမ်ဝင်သလိုဘဲ
သခင်ယေရှုကလဲ နောက်ဆုံးသောကာလမှာ အသန့်ရှင်းဆုံးအခန်းထဲကို ဝင်ပြီး
တရားစီရင်ခြင်းအမှုကိုဆောင်ရွက်နေပါတယ်။

တရားစီရင်တဲ့အခါ သခင်ခရစ်တော်နဲ့ကျွန်ုပ်တို့ရဲ့ ဆက်ဆံမှုနဲ့ သူ့အပေါ်မှာထားတဲ့ သဘောထားက
ကျွန်ုပ်တို့ရဲ့ ထာဝရဆုံးခန်းကို အဆုံးအဖြတ်ပေးမှာဖြစ်ပါတယ်။
သခင်ခရစ်တော်က ကျွန်ုပ်တို့ကို ကယ်တင်ဘို့အလိုရှိပါတယ်။


112

(ကျမ်းချက်၊ မဿဲ ၁၀း ၃၂၊၃၃)
သူသည် ကျွန်ုပ်တို့ကို ကယ်တင်နိုင်ဘို့ရန်အတွက် အတတ်နိုင်ဆုံးဆောင်ရွက်နေပါတယ်။ သူက
ဒီလိုပြောထား ပါတယ်။ 'အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကို ဝန်ခံအံ့၊


113

ကောင်းကင်ဘုံ၌ရှိသောငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း



114

အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကိုငါ ငြင်းပယ်မည်။' မဿဲ ၁၀း၃၂း၃၃။




115

တွေ့ပါသလား။ သင်ဟာ တရားစီရင်ခြင်းကို တယောက်တည်းရင်ဆိုင်ရမည်မဟုတ်ပါ။
ကျွန်ုပ်တို့သည် သခင်ယေရှုကိုဝန်ခံလျှင် သူသည်ခမည်းတော်ရှေ့မှာ ကျွန်ုပ်တို့အားဝန်ခံလိမ့်မည်။
ကျွန်တော်တို့ဟာ သခင်ခရစ်တောနဲ့ဆိုင်ရင် သူက ကျွန်ုပ်တို့ရဲ့ရှေ့နေဖြစ်ပါလိမ့်မယ်။ သခင်ယေရှုအားဖြင့် ကျွန်ုပ်တို့ဟာ ဘုရားသခင်ရှေ့မှာ အပြစ်မရှိသူများကဲ့သို့ရှိနေလိမ့်မယ်။



116

ကျွန်တော်တို့ရဲ့မှတ်တမ်းမှာ ကယ်တင်ရှင်ရဲ့ကောင်းတဲ့အသက်တာဘဲပေါ်နေမှာဖြစ်ပြီး ကျွန်တော်တို့ဟာ သူ့ရဲ့ပြည့်စုံတဲ့ အသက်တာအတွက်အမှတ်ရမှာဖြစ်ပါတယ်။
ဒါကြောင့်မိတ်ဆွေတို့ သခင်ယေရှုကိုချစ်ပြီး သူ့ရဲ့နောက်တော်ကို စိတ်နှလုံးအကြွင်းမဲ့လိုက်တဲ့သူတွေ အဖို့ တရားစီရင်ခြင်းနေ့ဟာ ဘာမှ ကြောက်စရာမရှိပါဘူး။
ဘာကြောင့်လဲဆိုတော့ ဝန်ချတဲ့အပြစ်တွေကို သခင်ယေရှုက သူ့ရဲ့သွန်းလောင်းခဲ့တဲ့
အသွေးတော်နဲ့ဖုံးလွှမ်း လိမ့်မယ်။
ရှင်ယောဟန်က ဒီလိုရေးသားထားခဲ့ပါတယ်။



117

(ကျမ်းချက်။ ၁ယော ၁း၇)
'ဘုရားသခင်၏သားတော်ယေရှုခရစ်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတောမူ၏။' ၁ ယော ၁း၇။




118

(ဗီဒီယို။ ၁၃ စက္ကန့်)
ကျွန်ုပ်တို့ဟာ ကမ္ဘာကြီးရဲ့နောက်ဆုံး ကာလမှာ နေထိုင်နေကြပါတယ်။ ကြွလာခြင်းမတိုင်မှီ တရားစီရင်ခြင်းဟာ ၁၈၄၄ ခုနှစ်ကတည်းက ကောင်းကင်ခုံရုံးမှာ စတင်ခဲ့ပါတယ်။




119

(ဗီဒီယို။ ဆက်လက်ပြသ)
တရားစီရင်ခြင်းဟာ အာဗေလနဲ့စတင်ခဲ့မှာသေချာပါတယ်။ သူဟာ ကမ္ဘာကြီးမှာ သေဆုံးခဲ့တဲ့ ပထမဦးဆုံး ဖြောင့်မတ်တဲ့သူတယောက်ဖြစ်တယ်။



120

(ကျမ်းချက်၊ ၁ပေ ၄း၁၇)
ရှင်ပေါလုက ဤကဲ့သို့ရေးသားခဲ့သည်။ 'ဘုရားသခင်၏ အိမ်တော်သားတို့ကိုရှေးဦးစွာ
စစ်ကြောစီရင်ရသော အချိန်ရှိပြီး။'
၁ ပေ ၄း၁၇။
နောက်တနည်းပြောရရင် တရားစီရင်ခြင်းဟာ ဘုရားသခင်ရဲ့လူများတို့ကိုယ့်ကိုကိုယ် ခေါ်တဲ့လူတွေနဲ့ အရင်ဦး စွာစတင်ပါတယ်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း




121

အာဗေလအား ရုံးတော်တင်တဲ့ရက်ကို ကျွန်ုပ်တို့စိတ်ထဲမှာ ပုံဖော်ကြည့်နိုင်ပါတယ်။
ဘုရဲ့အမှုတရားရုံးကို ရောက်လာတဲ့အခါ ဘုရားသခင်က သူ့ရဲ့ အသက်တာကို ကြည့်လိုက်တဲ့အခါ သူဟာ ဘုရားသခင်ရဲ့သိုးသငယ် အသေသတ်ခံခြင်းကို လက်ခံခဲ့ကြောင်းမှတ်တမ်းတင်ထားတာကို တွေ့ရပါတယ်။


122

ကျမ်းစာထဲမှာ မှတ်တမ်းတင်ထားတဲ့ အာဗေလရဲ့နောက်ဆုံးဆောင်ရွက်ချက်တခုကတော့ ကြွလာမဲ့ရွေးနှုတ်ရှင် အပေါ်မှာ ယုံကြည်ခြင်းကို ပြတဲ့ယဇ်ပူဇော်ခြင်းဘဲဖြစ်ပါတယ်။
ခရစ်တော်ရဲ့ အသက်တာက သူ့ရဲ့စာရင်းထဲမှာ အမှတ်ပေးထားပါတယ်။ သူ့ရဲ့အပြစ်အားလုံးကို သခင်ခရစ် တော်ရဲ့ အသွေးတော်က ဖုံးအုပ်ပေးခဲ့ပါတယ်။


123

အာဗေလရဲ့ရှေ့နေ သခင်ယေရှုက သူ့ရဲ့သံမှိုရာ အမာရွတ်နဲ့လက်တော်ကို ဆန့်တန်းပြီး ဒီလိုပြောခဲ့မယ်ဆိုတာ သေချာပါတယ်။
'အဖေ၊ ကျွန်တော့ရဲ့အသွေးတော်အားဖြင့် အာဗေလရဲ့ အကြွေးကို ပေးဆပ်ပါတယ်။'
ပြီးတော့ အာဗေလရဲ့နာမည်ကို အသက်စာစောင်ထဲမှာ ထားပါ' လို့ပြောလိုက်တဲ့အခါ မရေမတွက်နိုင်တဲ့ ကောင်းကင်တမန်များရဲ့ ဝမ်းမြောက်သံကို သင်ကြားနိုင်ပါလိမ့်မယ်။
သူ့ရဲ့နာမည်က ထိုစာအုပ်ထဲမှာ ရှိဆဲပါပဲ။
သခင်ယေရှုက ဒီလိုကတိပေးခဲ့ပါတယ်။




124

(ကျမ်းချက်။ ဗျာဒိတ် ၃း၄၊၅)
'အောင်မြင်သောသူသည် ဖြူသောအဝတ်ကို ဝတ်ဆင်လိမ့်မည်။



125

ထိုသူ၏နာမကို အသက်စာစောင်မှ ငါသည် အလျှင်းမချေ။



126

ငါ့ခမည်းတော်ရှေ့၌၎င်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌၎င်း သူ၏နာမကို ငါဝန်ခံမည်။' ဗျာဒိတ်ကျမ်း ၃း၄၊၅


127

ပြီးတော့ ကောင်းကင်တရားရုံးမှာ ယုဒရှကာရုတ်ရဲ့ အလှည့်ရောက်လာမှာသေချာပါတယ်။
ယုဒဟာ သခင်ခရစ်တော်ရဲ့ နောက်တော်ကို လိုက်ခဲ့သူ တပည့်တော်တပါးဖြစ်ခဲ့ပါတယ်။
သူကဒီလောက်ကြီးမဆိုးခဲ့ပေမဲ့ သူ့ရဲ့အသက်တာက သူ့ရဲ့အပြောကို မမှီခဲ့ပါဘူး။
သခင်ယေရှုခရစ်ကို သူအမှန်တကယ်မချစ်ခဲ့ပါဘူး။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း


128


သူဟာ အကြိမ်တော်တော်များများ ခရစ်တော်ထံသို့ ဆွဲယူခြင်းကို ခံခဲ့ရပေမဲ့ သူ့ရဲ့အားနည်းချက်တခုက
အခြားတခုကိုဖြစ်ပေါ်စေပြီး နောက်ဆုံးမှာ သူ့ရဲ့သခင်ကို ငွေအသပြာ (၃၀) နဲ့ရောင်းစားခဲ့ပါတယ်။
အဲဒီနောက်မှာ နာကျဉ်းမှုနဲ့သူ့ကိုယ်သူ ဆွဲကြိုးချအသေသတ်ခဲ့ပါတယ်။


129

သခင်ယေရှု ယုဒကို ချစ်ခဲ့ပါတယ်။ နောက်ဆုံးညစာစားပွဲမှာ ယုဒရဲ့ ဖုံပေနေတဲ့ခြေထောက်များကိုပင်
ဆေးကြောပေးခဲ့ပါသေးတယ်။
တရားစီရင်ခြင်းနေ့မှာ ယုဒအတွက် ရှေ့နေအဖြစ်ဆောင်ရွက်ပေးခဲ့ချင်ပေမဲ့


130

ယုဒရဲ့နာမည်ကို ပြန်ခေါ်တဲ့အခါ သခင်ယေရှုဘယ်လောက်ဝမ်းနည်းခဲ့မလဲ။
ကျွန်ုပ်တို့ရဲ့ဖြောင့်မတ်ခြင်းက တရားစီရင်ခြင်းနေ့မှာ ဘာမှအသုံးမဝင်ပါဘူး။
နားထောင်ပါ။



131

(ကျမ်းချက်။ ဟေရှာယ ၆၄း၆)
'ပြဲဘူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့်တူကြပါ၏။' ဟေရှာယ ၆၄း၆။


132

သခင်ခရစ်တော်ကို ဆက်ပြီးအသက်တာမှာ ပထမဦးဆုံးထားတဲ့သူများသာလျှင်
သူ့ရဲ့ဖြောင့်မတ်ခြင်းဝတ်လုံကို ဝတ်ဆင်နိုင်မှာဖြစ်ပါတယ်။
အဲဒီဝတ်လုံမပါရင် ဘယ်သူမှ တရားစီရင်ခြင်းကို လွတ်မြောက်မှာမဟုတ်ဘူး။
ဒါကြောင့် ယုဒရဲ့နာမည်ကို အသက်စာစောင်ထဲမှ ပယ်ဖျက်ခဲ့ပါတယ်။


133

ကျွန်ုပ်တို့ဟာ သိပ်ပြီးတော့ အရေးကြီးတဲ့အချိန်မှာ နေထိုင်နေကြပါတယ်။
ဣသရေလလူတွေလိုဘဲ ကျွန်ုပ်တို့ရဲ့ အသက်တာကို ပြန်လည်ရေတွက်ဘို့အချိန်ရောက်နေပါပြီ။
သခင်ယေရှုထံကျွန်ုပ်တို့ရဲ့ ဆက်ကပ်အပ်နှံခြင်းကို ဆက်လက်ထိမ်းသိမ်းဘို့လိုအပ်ပါတယ်။
ဘာကြောင့်လဲဆို တော့ တရားရုံးမှာ ဆင့်ခေါ်ခြင်းခံရဘို့ရာ ဒါဟာ ကျွန်ုပ်တို့အတွက် ဖြစ်နိုင်တဲ့
တခုတည်းသော ပြင်ဆင်မှုဘဲ ဖြစ်ပါတယ်။



134

(ကျမ်းချက်။ ဗျာဒိတ် ၂၂း၁၁)
'မတရားသောသူသည် မတရားသဖြင့်ပြုစေဦး. . .
သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး။' ဗျာဒိတ် ၂၂း၁၁
အဲဒီ အချိန်မှာ ဘဲ ဘုရားသခင်က လူတွေကို ကြာမြင့်စွာလက်ကမ်းထားခဲ့တဲ့ ဂရုဏာတရားနဲ့အပြစ်လွှတ်
ခြင်းတရားကို ပြန်ရုပ်သိမ်းသွားပါလိမ့်မယ်။
လူသားရဲ့ဘာသာစကားမှာ ဝမ်းနည်းစရာအကောင်းဆုံးစကားကတော့ ကယ်တင်ခြင်းကို ငြင်းပယ်ခဲ့တဲ့လူ၊
သခင်ယေရှုခရစ်ကို သခင်ရဲ့ရှေ့နေအဖြစ် လက်မခံခဲ့တဲ့သူတွေရဲ့ စကားတွေဘဲဖြစ်ပါလိမ့်မယ်။

# ၉ – တရားစီရင်ခြင်းကို စိတ်ချလက်ချရင်ဆိုင်ခြင်း


135

(ကျမ်းချက်။ ယေရမိ ၈း၂၀)
သူတို့က 'အသီးအနှံသိမ်းရာကာလလွန်ပြီး။ နွေကာလကုန်ပြီ။ ငါတို့သည် ကယ်တင်ခြင်းသို့ မရောက်ကြ။' လို့ပြောကြလိမ့်မယ်။
ယေရမိ ၈း၂၀
အဲဒီနောက်ပိုင်းမှာ သခင်ယေရှုကြွလာလိမ့်မယ်။


136

(ကျမ်းချက်။ ဗျာဒိတ် ၂၂း၁၂)
ငါသည် အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကို ဆောင်ခဲ့သည်ဖြစ်၍ သူအသီးသီးတို့အား မိမိတို့ အကျင့်အတိုင်း ဆပ်ပေးမည်။' ဗျာဒိတ် ၂၂း၁၂


137

မိတ်ဆွေ၊ တရားစီရင်ခြင်းနေ့မှာ သခင်ယေရှုက သင့်ရဲ့ရှေ့နေဖြစ်ဘို့ရန်အတွက်မျှော်လင့်နေပါတယ်။
ကရာနီပေါ်က သူ့ရဲ့ပေးဆပ်ခြင်းကို သင်လက်ခံဘို့ သူအလိုရှိပါတယ်။
သင့်ရဲ့ အပြစ်တွေကို သူဖုံးကွယ်ပေးနိုင်ဘို့သင့်ရဲ့ ဝန်ချခြင်းကိုသူအလိုရှိပါတယ်။
သင့်ရဲ့နာမည်ကို အသက်စာစောင်ထဲမှာ ရေးမှတ်ထားခြင်းခံရတာကို သူအလိုရှိပါတယ်။
ရှင်ယောဟန်က သန့်ရှင်းတဲ့မြို့တော်ထဲကို ဝင်မည့်သူနဲ့မဝင်မည့်သူများအကြောင်းကို ဒီလိုရေးခဲ့ပါတယ်။


138

(ကျမ်းချက်။ ဗျာဒိတ် ၂၁း၂၇)
ညစ်ညူးသောအရာ၊ စက်ဆုပ်ကွယ်သောအရာ၊ သစ္စာပျက်သောအရာ တစုံတခုမျှမဝင်ရ။


139

သိုးသငယ်၏အသက်စာစောင်၌စါရင်းဝင်သော သူတို့သာလျှင် ဝင်ရ၏။
ဗျာဒိတ် ၂၁း၂၇


140

သင့်ရဲ့စိတ်နှလုံးကို သခင်ယေရှုအား ယခုဖွင့်ပေးချင်ပါသလား။
သူ့ရဲ့နိုင်ငံတော်မှာ ဝင်နိုင်ဘို့ရန်အတွက် အတားအဆီးဖြစ်စေမဲ့အရာအားလုံးကို သင့်ရဲ့ အသက်တာက ထုတ်ပေးဘို့ရန် အတွက်သင်အလိုရှိပါသလား။ တရားစီရင်တဲ့အခါ ကျွန်ုပ်တို့နဲ့ပတ်သက်တဲ့ အကြောင်းအရာ အားလုံးကို ဘုရားသခင်က ဖေါ်ပြပါလိမ့်မယ်။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ





1

အဲဒီအရာဟာတကယ်ဘဲ ကွာခြားသလား



2

ကမ္ဘာတခုလုံးမှာရှိကြတဲ့ မြို့ကြီးပြကြီးတွေမှာ ရာဇ၀တ်မှု့တွေ တနှစ်ထက်တနှစ်တိုးတက်နေတယ်ဆိုဒါ သင်သတိပြုမိသလား။ အဲဒါက စိုးရိမ်စရာကောင်းတဲ့နည်းလမ်းတွေဖြစ်ပါတယ်။


3

တခါတုံးက လူတယောက်ဟာ ဒေါသကလဲထွက် ၀မ်းနည်းစွာနဲ့ ရဲစခန်းကိုလာခဲ့တယ်။ ရဲစခန်းရောက်တော့ သူ့ရဲ့အိမ်ကို လူတယောက်က အိမ်ကထိုက်ခုံတွေ၊ တန်ဖိုးရှိတဲ့ ပစ္စည်းတွေအားလုံးကိုဖျက်ဆီးသွားတယ်လို့ အမှုဖွင့်ခဲ့တယ်။ ဒီတော့ ရဲကမေးတယ်၊ ခင်ဗျား ဖျက်ဆီးတဲ့လူကိုတွေ့လိုက်သလား၊ အဲဒီလူက ကျနော် တွေ့လိုက်တယ်။ ရဲ က - ကဲ ဒါဆိုရင်၊ ရာဇ၀တ်မှု့လွန်ကျူးတဲ့လူဆိုးတွေရဲ့ ဓါတ်ပုံကိုပြရင် ခင်ဗျားမှတ်မိမှာပေါ့ လို့ပြောရင်း လူဆိုးတွေရဲ့မှုခင်းတွဲကိုဖွင့်ပြီး ဓါတ်ပုံတွေကို လိုက်ကြည့်ကြတယ်။


4

ဒီလိုနဲ့ဓါတ်ပုံတွေကို ကြည့်ရင်း ရဲ က ခဏလေးနေအုံး ဆိုပြီး ဓါတ်ပုံတပုံကို လက်ညှိုးညွှန်ရင်း၊
ဒီပုံကခင်ဗျားပုံ မဟုတ်လား။ ခင်ဗျားကို ဖမ်းဖို့ ၀ရမ်းတောင်ထုတ်ထားသေးတယ်။
အခုနက ဒေါသတကြီးနဲ့လာတဲ့ ရာဇ၀တ်သားဖြစ်တဲ့အိမ်ရှင်တောင်တရားမျှတဒါကိုလိုချင်တယ်။
သူကိုယ်တိုင်က ၀ရမ်းထုတ်ထားတဲ့ လူဆိုး. . .



5

အလုပ်ရုံတွေ၊ စက်ရုံတွေ၊ ကျေးရွာတွေ၊ မြို့တွေမှာ ရာဇ၀တ်မှု့၊ ဖောက်ထွင်းမှုတွေဟာ နေ့တိုင်းလိုလို တွေ့နေရမှာဖြစ်တယ်။


6

အချို့တိုင်းပြည်တွေမှာ အနိုင်ကျင့်မှု၊ တော်လှန်ပုန်ကန်မှု၊ လုယက်မှုတွေဟာ ခါတိုင်းလိုဖြစ်နေကြတယ်။
ကမ္ဘာ တခုလုံးမှာ သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဗုံးကွဲခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ဖောက်ထွင်းမှုတွေဟာ ဖြစ်ပျက်နေတာကို သတင်းစာမှာကြည့်ရင် နေ့တိုင်းလိုလိုတွေ့ရပါတယ်။
ဘာ့ကြောင့်ရာဇ၀တ်မှုတွေတိုးနေရတာလဲ. . .
ဒီလိုဥပဒေမဲ့ဖြစ်ရတာ ဘာကြောင့်လဲ. . .
ကျနော်တို့ ကမ္ဘာကြီးဟာ ဘယ်လိုကြောင့် ရာဇ၀တ်မှုတွေတိုးနေရတာလဲ။



7

အနောက်တိုင်းနဲ့ အခြားတိုးတက်နေတဲ့ တိုင်းပြည်တွေမှာ လူငယ်တွေဟာခေတ်တိုးတက်တာနဲ့အမျှ သူတို့ရဲ့ အတွေးအခေါ်တွေဟာ တိုးတက်လာတာကိုတွေ့ရပါတယ်။ အဲဒီလူငယ်တွေဟာ လောကကြီးနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို ယေဘုယအားဖြင့် လက်ခံပြီး စိန်ခေါ်နေကြတာကိုတွေ့ရတယ်။
ဘုရားသခင်က သူ့ရဲ့သားသမီးတွေကိုသူစံထားတဲ့ ပညတ်တော်အတိုင်းလိုက်နာဖို့ခေါ်နေတယ်။ လူငယ်တွေ ဟာပတ်၀န်းကျင်အဖွဲ့အစည်းရဲ့ အကျင့်စရိုက်တွေကို အတုခိုးတတ်တယ်။ ဘယ်သူဟာသူတို့တွေရဲ့ ၀ိညာဉ်ရေး မှာအတုယူစရာကောင်းသလဲ။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


8


အဖေကအလုပ်ရှုံမှာပစ္စည်းခိုး၊ သူတို့ရဲ့ အခွန်တွေကို မသမာနည်းနဲ့လုပ်၊ အမေက ကလေးဖျက်ချ။
မိဘနှစ်ပါး စလုံးဘာတခုမှခလေးတွေအတွက် အတုယူစရာမကောင်းဘူး။


9


ခလေးတွေက မိဘတွေလုပ်သမျှတွေကိုသိတယ်။
ကဲ ဒီတော့ မိဘတွေလုပ်တာ မှန်သလား မှားသလား။
ဘယ်လိုပြောမလဲ။
ကျောင်းမှာ ဆရာ၊ ဆရာမတွေသင်ကြားရေးမှာ မိဘတွေက စာရိတ္တပြုပြင်ရေးမှာ တာဝန်မရှိဘူး။ ဆရာ၊ ဆရာမတွေမှာ တာဝန်ရှိတယ်။ ဒါပေမဲ့ အနောက်တိုင်း
ကျောင်းအတော်များများမှာ လူငယ်တွေရဲ့ စာရိတ္တပြုပြင်ရေးနဲ့ပတ်သက်ပြီး ကျောင်းမှာမသွန်သင်ကြဘူး။
အချို့အသင်းတော်တွေမှာတောင် ဘုရားသခင်ရဲ့ စံဖြစ်တဲ့ စာရိတ္တနဲ့ပတ်သက်ပြီး ဒီအရာမှန်တယ်၊ မှားတယ် လို့ထိရောက်စွာမသင်ပေးကြဘူး။


10


အချို့အသင်းတော်တွေကတောင် အမှန်၊ အမှားနဲ့ပတ်သက်ပြီး ဘုရားသခင်ရဲ့ စံကအသုံးမဝင်တော့ဘူး လို့ သွန်သင်ကြတယ်။


11

ဘုရားရဲ့ပညတ်တော်တွေကို ဖျက်သိမ်းလိုက်ပြီလို့ဆိုကြတယ်။


12

ဒါမှမဟုတ် ပညတ်တော်တွေဟာ အသုံးမတည့်တော့ဘူးလို့ဆိုကြတယ်။


13

ဘုရားရဲ့ပညတ်တော်ကိုစောင့်ဘို့မဖြစ်နိုင်ဘူး လို့လည်းဆိုကြတယ်။


14

ဒီလိုပြောဆိုခြင်းကြောင့် လူတွေဟာ ကိုယ်ထင်ရာကိုယ်လုပ်နေကြတယ်။ ဒါကြောင့် အဖွဲ့အစည်းတွေမှာ အိမ်ထောင်ပျက်တွေ၊ စရိုက်ကြမ်းတဲ့ ခလေးတွေ ရာဇဝတ်မှုတွေ တိုးလာခြင်းဖြစ်ပါတယ်။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ



15

(ကျမ်းချက်။ ဟောရှေအနာဂတ္တိကျမ်း ၈း၇)
ပရောဖက် ဟောရှေရဲ့စကားထဲမှာ
'လေမျိုးစေ့ကိုကြဲ၍လေဘွေစပါးကို ရိတ်ရကြလိမ့်မည်' ရေးသားထားပါတယ်။


16

ဒီတော့ မေးခွန်းမေးရလိမ့်မယ်။ အဲဒါ ဘယ်သူက မှန်လဲ၊ မှားလဲဆုံးဖြတ်မလဲ။
အခုလိုဆိုးဝါးနေတဲ့အချိန်မှာ လူတိုင်းလိုလို အကျင့်စာရိတ္တတွေပျက်ပြားနေဒါဘယ်လို ဆုံးဖြတ်ကြမလဲ။
တကယ်လို့ ဥပဒေစံထားတာမရှိရင် ဒို့တွေဟာလူကောင်းတွေဘဲလို့ထင်နေကြမှာဘဲ။



17

(ကျမ်းချက်။ သုတ္တံကျမ်း ၁၆း၂၅)
သမ္မာကျမ်းစာက ကျနော်တို့ကို သတိပေးနေတယ်။ ကျနော်တို့ဘာအရာမှန်သလဲ၊ မှားသလဲဆိုတာမဝေဖန်တတ်လို့ဖြစ်တယ်။
'လူထင်သည်အတိုင်း မှန်သောလက္ခဏာ ရှိသော်လည်း အဆုံး၌သေခြင်းသို့ပို့သော လမ်းတမျိုးရှိ၏။'
သုတ္တံကျမ်း ၁၆း၂၅



18

(ကျမ်းချက်။ တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၃၊၄။)
ရှင်ပေါလုက ကြိုတင်ပြောထားတာကို ဖတ်ကြည့်ရအောင်။
'နောင်ကာလ၌လူတို့သည် စင်ကြယ်သော ဩဝါဒကို နာမခံနိုင်ဘဲ



19

ယားတတ်သောနားရှိလျှင် မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့လိုက်ကြ၏'




20

'သမ္မာတရားကို နားမထောင်ဘဲ ဒဏ္ဍာရီစကားကိုနားထောင်၍လွှဲသွားကြလိမ့်မည်။' တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၃၊၄။


21

ပညတ်တော်အားဖြင့် ကျနော်တို့တွေမှာ လွတ်လပ်မှုမရှိပါဘူးလို့ထင်နေကြတယ်။
ကဲ တကယ်လို့အမှားအမှန်နဲ့ပတ်သက်ပြီး ဥပဒေပညတ်တော်မရှိရင် ဘယ်လိုဖြစ်မလဲဆိုဒါ စဉ်းစားကြည့်ရအောင်။



22

ကားသွားနေတဲ့ လမ်းမကြီးမှာရှိတဲ့ မျဉ်းကျားတွေ အချက်ပြမီးတွေ၊ လမ်းပြရဲ တွေ မရှိခဲ့ရင် ဘယ်လိုဖြစ်မလဲ။

၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ



23

ဒီတော့ ဥပဒေပညတ်ချက်ဆိုဒါဘာလဲ?
ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုဒါကောသိနိုင်ပါ့မလား။?


24

လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်များများက ရာဇဝတ်မှုကင်းတဲ့အဖွဲ့ အစည်းတခုကို ဘုရားရှင်က တည်ထောင်ခဲ့တယ်။ ဘာမှပြဿနာမရှိတော့ ဘာရာဇဝတ်မှုမှမရှိဘဲ။ လုံခြုံတယ်၊ ပျော်ရွှင်စရာကောင်းတဲ့ နေရာအဖြစ်ဒီကမ္ဘာကြီးကိုတည်ခဲ့ပါတယ်။



25

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၂၀း၂)
ဣသရေလလူမျိုးတွေ သိနတောင်မှာစခန်းချတဲ့အခါ ဘုရားရှင်က သူတို့ကိုတွေ့ဘို့ ကြွလာခဲ့တယ်။ ဘုရားသခင်က ဘယ်လိုမိန့်တော်မူသလဲဆိုတော့
'ငါသည် သင်တို့ကိုကျွန်ခံနေရာ အဲဂုတ္တုပြည်မှကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။
ထွက်မြောက်ရာကျမ်း ၂၀း၂




26


(ဗီဒီယို။ ၆ စက္ကန့်)
ဘုရားရှင်က သူကိုယ်သူ 'သင်တို့ကိုကျွန်အဖြစ်မှ ကယ်နှုတ်တဲ့ ဘုရား' ဆိုပြီး ပြောတာကို တွေ့ရပါတယ်။ ထိုဘုရားသာလျှင် ဖဒိုပင်လယ်ကြီးကို နှစ်ခြမ်းခွဲခဲ့တယ်။ အဲဒီဘုရားက သူတို့ကိုကာကွယ်ပေးခဲ့တယ်။ တနည်းအားဖြင့်ပြောရရင် မင်းကိုငါစောင့်ရှောက်ခဲ့တယ်။ ငါ့ကို မင်းယုံကြည်သလားကို ခရစ်တော်ပြောခဲ့ပါတယ်။


27


ဘုရားရှင်က သူရဲ့ပညတ်တော်ကို မြွက်ကြားခဲ့တယ်။ ဒါကြောင့်လူသားတွေဟာ ဘယ် လုံခြုံစွာ၊ အေးချမ်းစွာ နေရမယ်ဆိုဒါကို သိနိုင်ကြပါတယ်။ ဒါကြောင့် လူသားတွေက ဘယ်ဟာမှန်သလဲ မှားသလဲဆိုဒါ သိနိုင် ပါတယ်။


28

ဘုရားရှင်သိနာတောင်မှာ လူသားတွေကိုပေးတဲ့ ပညတ်တော်ကိုကြည့်ကြရအောင်။
ထွက်မြောက်ရာကျမ်း ၂၀ မှာ
'ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်'


29

ရုပ်တုဆင်းတုကို ကိုယ့်အဘို့ မလုပ်နှင့်၊ ဦးမချ ဝပ်မပြုနှင့်


30

'ဘုရားရှင်ရဲ့နာမတော်ကို မှသားနှင့်မမြွက်မဆိုနှင့်'

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ



31

'ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို ကြိုးစားလုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏'



32

'သင်၏မိဘကို ရိုသေစွာပြုလော့'



33

'လူ့အသက်ကို မသတ်နှင့်'



34

'သူများသားမယားကို မပြစ်မှားနှင့်'



35

'သူ့ဥစ္စာကို မခိုးနှင့်။'




36

'သင်၏အိမ်နီးနားချင်းတဖက်၌ မမှန်သောသက်သေမခံနှင့်။'



37

'သင်၏ အိမ်နီးနားချင်း၏ အိမ်၊ မိန်းမ၊ ကျွန်ယောကျ်ား၊ မိန်းမ ကိုတပ်မက်ခြင်းမရှိနှင့်။



38

'သင်၏အိမ်နီးနားခြင်း၏ မြည်းနွား၊ ဥစ္စာ မစ္စည်းကို တပ်မက်ခြင်းမရှိနှင့်။'
ထွက်မြောက်ရာကျမ်း ၂၀ း၃-၁၇

၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ



39

(ဗီဒီယို။ ၁၀ စက္ကန့်)
ဣသရေလ လူမျိုးတွေဟာ နားထောင်ပြီး စိတ်လှုပ်ရှားလာကြတယ်။
ဘုရားသခင်ရဲ့ အလိုဆန္ဒအတိုင်း ကျနော်တို့ လိုက်လျှောက်မယ်လို့ ဆန္ဒပြုကြတယ်။


40

လူတွေဟာ မေ့နိုင်လွန်းဒါကိုသိတဲ့မြတ်စွာဘုရားရှင်တော်မြတ်က လက်ညိုးတော်နှင့် ကျောက်ပြား နှစ်ချပ်ပေါ် မှာ ပညတ်တော်ကိုရေးပေးလိုက်ပါတယ်။



41

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၃၁း၁၈)
'ထိုသို့ဘုရားသခင်သည် သိနာတောင်ပေါ်မှာ မောရှေနှင့်နှုတ်ဆက်တော်မူသည် အဆုံး၌



42

လက်ညှိုးတော်နှင့် အက္ခရာတင်သော



43


သက်သေခံချက်ကျောက်ပြားနှစ်ပြားကို ပေးတော်မူ၏။'
ထွက်မြောက်ရာကျမ်း ၃၁း၁၈


44

အဲဒီပညတ်တော်ဟာ ထာဝရတည်ရှိတဲ့ ပညတ်တော်ဖြစ်ပါတယ်။
အဲဒီပညတ်တော်ဟာ အာဒံဇဝ မတိုင်မီ ကောင်းကင်နိုင်ငံမှာ အခြေပြုထားတဲ့ မပြောင်းလဲထာဝရတည်ရှိတဲ့ ပညတ်တော်ဖြစ်ပါတယ်။


45

အဲဒီပညတ်တော်ဟာ ကောင်းကင်တမန်များနဲ့လည်းသက်ဆိုင်ပါတယ်။
သူတို့ကိုလည်း ရွေးချယ်နိုင်တဲ့ဥာဏ်ကို ဘုရားရှင်ကပေးထားပါတယ်။ ပညတ်တော်အတိုင်းလိုက်မလား၊ ပညတ်တော်ကိုချိုးဖောက်မလား။


46

စာတန်မာနနဲ့သူ့အပေါင်းပါတွေက သူတို့ကိုယ်တိုင်ပညတ်တော်ကို လုပ်ချင်ကြတယ်။ ဒါကြောင့် ဘုရားသခင်ပေးတဲ့ ပညတ်တော်ကို ဆန့်ကျင်ပုန်ကန်ကြတယ်။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ

၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ




47

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၂း၇-၉ )
ကျမ်းစာတော်မြတ်မှာ ဘယ်လိုရေးထားသလဲဆိုတော့
'ကောင်းကင်၌စစ်ဖြစ်၏။ မိက္ခေလနှင့်သူ၏ကောင်းကင်တမန်တို့သည် နဂါးကိုစစ်တိုက်ကြ၏။




48

နဂါးနှင့်သူ၏ တမန်တို့သည် စစ်တိုက်၍မနိုင်ကြ။ ကောင်းကင်၌လည်းသူတို့နေစရာမရှိ။



49

ဤလောကကြီးတခုလုံးကို လှည့်ဖြား၍မာရ်နတ်စာတန်အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသော နဂါးကြီးကို ၄င်း



50

သူနှင့်အတူသူ၏တမန်တို့ကို၄င်း မြေကြီးသို့ချလိုက်ကြ၏။'
ဗျာဒိတ်ကျမ်း ၁၂း၇-၉
ဒါပေမဲ့ ဘုရားရှင်တော်ရဲ့ ပညတ်တော်ကို သစ္စာရှိစွာလိုက်ရှောက်တဲ့ကောင်းကင်တမန်တွေက သူတို့ရွေးချယ်မှုနဲ့ အတူကောင်းကင်မှာ ကျန်ရစ်ခဲ့တယ်။




51

(ကျမ်းချက်။ ဆာလံကျမ်း ၁၀၃း၂၀)
'အမိန့်တော် အတိုင်းဆောင်ရွက်သော ကောင်းကင်တမန်တော်တို့ ထာဝရဘုရားကို ကောင်းကြီးပေးကြလော့။'
ဆာလံကျမ်း ၁၀၃း၂၀



52

အာဒံ နဲ့ ဧဝဟာ ဘုရားရှင်ရဲ့ ပညတ်တော်ကို သူတို့ဇဒင်ဥယျာဉ်မှာ နေတဲ့အခါတုံးကသိကြပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အပြစ်လုပ်ပြီးရှက်ကြောက်စိတ်ဝင်လာလို့ဖြစ်တယ်။



53

ကာဣနက စိတ်ဆိုးတယ်။ ဘာကြောင့်လဲဆိုတော့ အာဗေလရဲ့ ပူဇော်သက္ကာကိုဘုရားရှင်ကလက်ခံပြီး သူရဲ့ ပူဇော်သက္ကာကို ဘုရားရှင်က လက်မခံလို့ဖြစ်တယ်။ ဒါကြောင့် ဘုရားရှင်က သူကိုမေးတယ်။



54

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၄း၆၊၇)
'သင်သည်အဘယ်ကြောင့် စိတ်ဆိုးသနည်း။ အဘယ်ကြောင့် မျက်နှာပျက်သနည်း'

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


55

‘သင်သည် ကောင်းမွန်စွာပြုလျှင် အခွင့်မရလော။ အပြစ်ဖြေသော ယဇ်ကောင်သည် တခါးနားမှာ ဝပ်လျက်ရှိ၏။’
ကျနော်တို့ပြောခဲ့သလို ဘုရားရှင်ရဲ့ ပညတ်တော်ဟာ အဲဒီ အချိန်ကတည်းက အကျုံးဝင်နေပါတယ်။


56

(ကျမ်းချက်။ ရောမဩဝါဒစာ ၄း၁၅)
‘ပညတ်တရားမရှိလျှင် လွန်ကျူးခြင်းအပြစ်မရှိ။’
ရောမဩဝါဒစာ ၄း၁၅


57

ဝက်စတားနယူးဝေါကောလိပ်အဘိဓာန်မှာ
‘ထရန်ဂရက်ရှင်း’ ကို ပညတ်တော်ကိုချိုးခြင်း၊ တာဝန်ပျက်ကွက်ခြင်းလို့ အဓိပ္ပါယ်ရှိပါတယ်။


58

သိနာတောင်မှာ ပညတ်တော်မပေးခင်ကတည်းက ရှေးလူကြီးဖြစ်တဲ့အာဗြဟံဟာ ပညတ်တော်ကိုစောင့်ရှောက်ခဲ့တယ်။


59

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂၆း၅)
ဘုရားမိန့်မှာတော်မူသည်မှာ အာဗြဟံ နှင့် သူရဲ့ မျိုးစဉ်ဆက်ကို ကောင်းကြီးပေးမယ်။
‘အကြောင်းမူကား။ အာဗြဟံသည် ငါ့စကားကိုနားထောင်၍ ငါစီရင်မှာထားသော ပညတ်တရားအမျိုးမျိုးတို့ကို စောင့်ရှောက်သတည်း’
ကမ္ဘာဦးကျမ်း ၂၆း၅


60

သိနာတောင်ပေါ်မှာ ပညတ်တော်မပေးခင်နှစ်ပေါင်းများစွာက ယောသပ်ဟာ ဖေါတိဖ မိန်းမရဲ့ စုံစမ်းခြင်းကိုခံ ရတဲ့အခါမှာ သူဟာပညတ်တော်ကို နားလည်ကြောင်းတွေ့ရတယ်။


61

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃၉း၉)
‘ကိုယ်မယားဖြစ်သော သခင်မမှတပါး အဘယ်အရာကိုမျှကျနော်ကိုမတားမြစ်ပါ။


62

‘သို့ဖြစ်လျှင်အပြစ်ကြီးသော ဤအမှုကိုကျွန်တော်ပြု၍ ဘုရားသခင်ကိုအဘယ်သို့ ပြစ်မှားနိုင်သနည်း’
ကမ္ဘာဦးကျမ်း ၃၉း၉

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ





63

သူတပါးသားမယားကို ပြစ်မှားခြင်းဟာအပြစ်ဆိုတာ ယောသပ်ကသိတယ်။ သူဟာဘုရားသခင်ရဲ့ စံထားတဲ့ ပညတ်တော်ကိုသိလို့ ဘယ်ဟာမှန်တယ် မှားတယ်ဆိုတာပြောနိုင်တယ်။
ဒါကြောင့် သူပြတ်ပြတ်သားသား ဘုရားရှင်ရဲ့ သန့်ရှင်းတဲ့ ပညတ်တော်ကို မကျူးလွန်ခဲ့ဘူး။




64

(ဗီဒီယို။ ၄ စက္ကန့်)
ဣသရေလလူမျိုးတွေ ဘုရားသခင်ရဲ့ ပညတ်တော်ကို နားထောင်ဘို့ရန် ညွှန်ကြားခြင်းခံရပြီး သူတို့တွေ အီဂျစ်ပြည်မှာ ကျွန်အဖြစ် နှစ်ပေါင်းများစွာ ကျွန်ခံရတော့ ဘုရားရှင်ရဲ့ပညတ်တော်ကို မေ့သွားကြတယ်။



65

ဣသရေလလူမျိုးတွေ အီဂျစ်ပြည်ကနေထွက်သွားပြီး သိနတောင်မရောက်မှီ အချိန်ကလေးမှာ ဘုရားရှင်က မောရှေကို ဣသရေလလူမျိုးတွေ ပညတ်တော်ကို ချိုးဖောက်ကြပြီး သူတို့ကို ကောင်းကင်က မန္နမုန့်ကိုချပေး ခြင်းအားဖြင့် ငါဥပုသ်နေ့ကို ညွှန်ပြရမယ်လို့ ပြောခဲ့တယ်။




66

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁၆း၂၈၊၃၀)
'ထာဝရ ဘုရားကလည်း သင်တို့သည် ငါ့ပညတ်တရားများတို့ကို အဘယ်မျှကာလပတ်လုံး ငြင်းပယ်ကြလိမ့် မည်နည်း'




67

ထို့ကြောင့် လူများတို့သည် ခုနစ်ရက်မြောက်သောနေ့၌ ငြိမ်ဝပ်စွာနေကြ၏။'
ထွက်မြောက်ရာကျမ်း ၁၆း၂၈၊၃၀
စတုတ္ထပညတ်တော်ဟာ သိနတောင်မှာ မပေးမှီကတည်းက ရှိနေပါတယ်။



68

ဟုတ်ပါတယ်။ ဘုရားသခင်ရဲ့ပညတ်တော်ဟာ ဒီစကြာဝဠာအတွက်အမှန်ကန်ဆုံးထာဝရတည်ရှိတဲ့ ပညတ်တော်ဖြစ်ပါတယ်။
အမှန်တကယ်ပါဘဲ ဘုရားရှင်ဟာသူရဲ့ နိုင်ငံမှာ ပညတ်တော်နဲ့အုပ်ချုပ်ပါတယ်။




69

(ကောရိန်သုဩဝါဒစာ ပထမစောင် ၁၄း၃၃၊၄၀)
ရှင်ပေါလုက
'ဘုရားသခင်သည် ရှုန်းရင်းခတ်သောအမှုကို ပြုစုတော်မမူ'




70

'ခပ်သိမ်းသောအမှုကိုတင့်တယ်လျောက်ပတ်စွာ အစဉ်အတိုင်းစီရင်ကြလော့'
ကောရိန်သုဩဝါဒစာ ပထမစောင် ၁၄း၃၃၊၄၀

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


71

တကယ်လို့ အစိုးရမှာ ဥပဒေ ပညတ်ချက်မရှိရင် ဘယ်လုပ်ငန်းမှစည်းဝါးကျမှာမဟုတ်ဘူး။
ကလေးတွေကစားတဲ့ နေရာမှာတောင် ဥပဒေ စည်းကမ်းမရှိရင် ကစားလို့မရဘူး။


72

(ကျမ်းချက်။ ရောမသြဝါဒစာ ၂း၁၃)
သမ္မာကျမ်းက
'တရားနာသောသူသည် ဘုရားသခင်ရှေ့၌ဖြောင့်မတ်သည် မဟုတ်'


73

'တရားကျင့်သောသူသာလျှင် ဖြောင့်မတ်ရာသို့ရောက်လိမ့်မည်။'
ဘုရားရှင်ရဲ့ ပညတ်တော်ကိုသိတာက အရေးမကြီးဘူး။ အရေးကြီးတာက လက်တွေ့ စောင့်ရှောက်ဖို့ဖြစ်တယ်။


74

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၁၄း၁၅)
သခင်ယေရှုက 'ငါ့ကိုချစ်လျှင် ငါ့ပညတ်တော်တို့ကို စောင့်ရှောက်ကြလော့။' ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၅
သခင်ယေရှုက ဓမ္မဟောင်းကျမ်းကနေ အထောက်အထားယူတာဖြစ်ပါတယ်။ ပညတ်တရားအားလုံးဟာ ချစ်ခြင်းမေတ္တာ ပေါ်မှာ အခြေခံထားပါတယ်။


75

(ရှင်မဿဲ ခရစ်ဝင် ၂၂း၃၇-၄၀)
'သင်၏ဘုရားသခင်ထာဝရ ဘုရားကို သင်၏စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့်ချစ်လော့'


76

ဤပညတ်သည် ပထမပညတ်ဖြစ်၍ ကြီးမြတ်သော ပညတ်လည်းဖြစ်၏'


77

ထပ်လောင်းပြီး ခရစ်တော်က ဘယ်လိုပြောသလဲဆိုတော့
'ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ ဟူသော ဒုတိယပညတ်သည် ပထမပညတ်နှင့် သဘောတူ၏'


78

ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏ အချုပ်အခြာပင်ဖြစ်သတည်း'
ရှင်မဿဲခရစ်ဝင် ၂၂း၃၇-၄၀

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ



79

အကယ်လို့ ကျနော်တို့တွေဟာ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဥာဏ်ရှိသမျှနဲ့ချစ်ရင်




80

ကျနော်တို့ရဲ့ မေတ္တာတရားကို ပထမပညတ်လေးချက်ကိုစောင့်ရှောက်ကြမှာဘဲ။




81

ဘုရားရှင်ဟာ ကျနော်တို့အသက်တာမှာ ပထမဦးစားပေးတဲ့ ပုဂ္ဂိုလ်ဖြစ်လာမယ်။




82

သူတပါးတည်းကိုဘဲ ဝပ်ပြုကိုးကွယ်လာမယ်။




83

ဘုရားရှင်ရဲ့ နာမတော်ကို ကျနော်တို့ ရှိသေလေးစားလာမယ်။




84

ဥပုသ်တော်အပတ်တိုင်း ဥပုသ်စောင့်ခြင်းဟာ ကျနော်တို့အတွက် တကယ်လိုလားလာလိမ့်မယ်။




85

ကျနော်တို့တွေဟာ ကိုယ်နှင့်စပ်ဆိုင်တဲ့သူကို ကိုယ့်ကိုယ်ကိုချစ်သလိုအမှန်တကယ်ချစ်မယ်ဆိုရင်




86

ကျနော်တို့ မိဘတွေကိုလည်း ရှိသေလေးစားလာမယ်။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


87

အသက်ကို တန်ဖိုးထားမယ်။


88

ကိုယ်ကျင့်တရားကို စောင့်ထိန်းမယ်။


89

အခြားသူတွေပိုင်တဲ့ ပစ္စည်းတွေကို လေးစားလာမယ်


90

အခြင်းခြင်း ဆက်ဆံရာမှာလည်း ရိုးသားဖြောင့်မတ်မှုရှိမယ်။


91

တပ်မက်တဲ့ စိတ်လဲ မရှိတော့ဘူး။


92

လူတွေရဲ့ အကျင့်စာရိတ္တကိုထိန်းသိမ်းဘို့ရန် ဥပဒေတွေခန့်မှန်းခြေအားဖြင့် ၃၅သိန်းလောက်ရှိပါတယ်။


93

ပညတ်တော် ၁၀ ပါးဟာ လူတွေရဲ့ အကျင့်စာရိတ္တနဲ့လိုက်ရှောက်ဘို့က လုံလောက်ပါတယ်။
ကျမ်းစာတော်မြတ်ထဲမှာ ဘုရားရှင်ကိုယ်တော်တိုင် တဦးတည်းသာ အခုလိုပြည့်စုံလင်တဲ့ ပညတ်တော်ကို ရေးသားခဲ့တာပါ။



94

(ကျမ်းချက်။ ဆာလံကျမ်း ၁၉း၇)
'ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏'
ဆာလံကျမ်း ၁၉း၇

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


95

(ကျမ်းချက်။ ဆာလံကျမ်း ၁၉း၁၁)
'တရားစောင့်ခြင်းအကျိုးသည် ကြီးလှပါ၏'
ဆာလံကျမ်း ၁၉း၁၁


96

သမ္မာကျမ်းစာကို လေ့လာတဲ့ပုဂ္ဂိုလ် 'ဩဂတ်စတွန်' က ပညတ်တော်ဟာ ဘုရားရှင်ရဲ့ သဘာဝကို ဖေါ်ပြတဲ့ ဂုဏ်တော်လို့ရေးထားပါတယ်။


97

ယနေ့ ကျနော်တို့ပြောနိုင်တာက - ပညတ်တော် ၁၀ ပါးဟာ ဘုရားရှင်ရဲ့ မပြောင်းလဲနိုင်တဲ့ ဂုဏ်အင်္ဂါတော် ဖြစ်တယ်။


98

ပညတ်တော်ဟာ ပြည့်စုံလင်တယ်လို့ပြောထားတာက ပြောင်းလဲပေးခြင်းအားဖြင့် ပိုပြီးပြည့်စုံလင်ပါမလား။
ပညတ်တော် ဘုရားရေးထားတာထက် ပိုပြီးပြည့်စုံအောင် ဘယ်သူရေးနိုင်မှာလဲ။ ပညတ်တော်က အပြည့်စုံဆုံးပါ။။


99


(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၁၆း၁၇)
ဘုရားရှင်ကိုယ်တိုင်ပြောထားတာက
'ပညတ္တိကျမ်း၌အငယ်ဆုံးသော ဗိန္ဓုတလုံး ပျက်စီးလွယ်သည်ထက် ကောင်းကင်နှင့်မြေကြီးပျက်စီးလွယ်၏'
ရှင်လုကာခရစ်ဝင် ၁၆း၁၇
လို့ဆိုထားပါတယ်။


100

မိတ်ဆွေတို့ ပြောလိမ့်မယ် - ပညတ်တော် ၁၀ ပါးဟာ ကျနော်တို့ပျော်ရွှင်မှုတွေကို တားဆီးထားသလို ခြံထဲမှာ နေရသလိုခံစားရတယ်။
မိတ်ဆွေတို့ ဘုရားရှင်ဟာ သူ့ပညတ်တော်ကြောင့် ဘယ်သူ့ကိုမှ ဝန်ထုပ်မဖြစ်စေဘူး။ ပျော်ရွှင်မှုကိုလဲ မတားမြစ်ထားပါဘူး။


101

ကျနော်တို့တတွေ သောက အပြစ်တွေကနေ ကာကွယ်ပေးတဲ့ဒိုင်းလွှားဖြစ်ပါတယ်။
ပညတ်တော်ကြောင့် သူ့သားသမီးတွေအားလုံး လွတ်လပ်မှုနဲ့လုံခြုံဖို့ အတွက်ဖြစ်ပါတယ်။


102

(ကျမ်းချက်။ တရားဟောရာကျမ်း ၅း၂၉)
မြတ်စွာ ဘုရားရှင်ကဘယ်လိုပြောသလဲဆိုတော့
'သူတို့နှင့်သားမြေး အစဉ်အဆက်တို့သည် ချမ်းသာရမည်အကြောင်း

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


103

ငါကိုကြောက်ရွံ့၍ငါပညတ်သမျှတို့ကို စောင့်ရှောက်ချင်သော စိတ်နှင့်ပြည့်စုံကြပါစေသော’ တရားဟောရာကျမ်း ၅း၂၉


104

လမ်းတံတားတွေမှ အန္တရာယ်မဖြစ်အောင် အစောင့်တွေထားသလို ကျနော်တို့ရဲ့ အသက်တာမှာ လုံခြုံမှုနဲ့ ဘဝမှာပျော်ရွှင်မှုရရှိဘို့ ဘုရားရှင်က ပညတ်တော်ကို ကျနော်တို့ကိုပေးခြင်းဖြစ်ပါတယ်။


105

(ကျမ်းချက်။ ရောမဩဝါဒစာ ၃း၂၀) ‘သို့သော်လည်း ဘုရားရှင်က သူ့ရဲ့ပညတ်တော်ကိုပေးရတဲ့ အခြားအကြောင်းရင်းကတော့ ရောမဩဝါဒစာ ၃း၂၀ မှာ ‘ပညတ်တရားသည် ဒုစရိုက်အပြစ်ကိုထင်ရှားစေတယ်’ လို့ပြောထားပါတယ်။


106

(ကျမ်းချက်။ ရောမဩဝါဒစာ ၇း၇ )
ရှင်ပေါလုက ဘယ်လိုပြောထားသလဲဆိုတော့
ပညတ်တရားအားဖြင့်သာ အပြစ်သဘောကို ငါသိရ၏လို့ ရောမဩဝါဒစာ ၇း၇ မှာပြောထားပါတယ်။


107

‘လောဘစိတ် မရှိစေနှင့်ဟု ပညတ်တရားမဆိုလျှင် လောကသဘောကို ငါမသိ‘ ရောမဩဝါဒစာ ၇း၇


108

အခုပြောမဲ့ပုံကလေးကတော့ ကိုယ့်ကိုကိုယ်သိတ်ကိုလှတယ်လို့ယုံကြည်တဲ့ ဘုရင်မတပါးအကြောင်းပြောပြချင်တယ်။ တနေ့မှာကုန်သည် တစ်ယောက်ဟာ မင်းသမီးလေးနေတဲ့ တိုင်းပြည်ကိုလာပြီးမှန်ရောင်းတယ်။ မင်းသမီးလေးက မှန်ကိုဝယ်ပြီး ကြည့်တော့ အို၊ ငါ့ရုပ်ဟာတယ်ရုပ်ဆိုးအကျည်းတန်လှပါလားလို့ဆိုပြီး မှန်ကိုခွဲပစ်လိုက်တယ်။


109

ဘုရားရဲ့ ပညတ်တော်ဟာ မှန်တချပ်နဲ့တူပါတယ်။
မင်းသမီးလေးဟာ မှန်ကိုကြည့်တဲ့အခါစိတ်မချမ်းသာသလို ကျနော်တို့တွေဟာလဲ ပညတ်တော်ကိုကြည့်ပြီး စိတ်မချမ်းသာကြပါဘူး။


110

ဒီလိုဆိုရင် ဘုရားသခင်ရဲ့ ပညတ်တော်ကို ဖျက်ဆီးပစ်လိုက်မှာလား၊ ဒါမှမဟုတ် ကျနော်တို့အကျင့်ကို မပြောင်းလဲဘဲ ဒီတိုင်း လစ်လျူရှုထားကြမလား။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ



111

ပညတ်ဟာကျနော်တို့ရဲ့အပြစ်ကိုညွှန်ပြပါတယ်။
ကျနော်တို့တတွေဟာ ဘုရားရှင်လမ်းညွှန်ပြတဲ့ ပညတ်တော်အတိုင်းအသက်ရှင်ရင်း အပြစ်ကင်းစင်တဲ့ အသက်တာပျော်ရွှင်မှု အပြည့်အဝကိုခံစားရရှိဘို့အကူအညီပေးပါတယ်။



112

ပညတ်တော်ဟာ ကျနော်တို့ကို အပြစ်ကိုမကျူးလွန်ဘို့ တန်ခိုးမပေးပါဘူး။ ဒါမဟုတ် ကျနော်တို့ရဲ့ အပြစ်တွေကို မလွှတ်နိုင်ပါဘူး။ ကျနော်တို့ ကောင်းမှုကုသိုလ်ကိုလုပ်ခြင်းကြောင့် လွန်ခဲ့တဲ့အပြစ်တွေကို မချေဖျက်နိုင်ပါဘူး။
ကျနော်တို့တတွေဟာ ဘယ်လိုလုပ်ပြီး အပြစ်ဖြေလွှတ်ခွင့်ကိုရနိုင်မလဲ။
ပညတ်တော်ကို လွန်ကျူးခြင်းဟာ သေခြင်းဆိုတဲ့ဒါဏ်ကနေ ကျနော်တို့ကို ဘယ်လိုကယ်တင်နိုင်မလဲ။



113

ဧဒင်ဥယျာဉ်တံခါးမှာ ဘုရားသခင်ကနားမထောင်ခြင်းဟာ သေခြင်းဖြစ်တယ်လို့ တိတိကျကျသတိပေးထားပါတယ်။
ဘုရားရှင်ရဲ့ လူကိုကယ်တင်တဲ့စီမံကိန်းမှာ အပြစ်သားရဲ့ ယုံကြည်ခြင်းကို အပြစ်ကင်းမဲ့တဲ့ သိုးသငယ်ပူဇော်ခြင်း အားဖြင့်ပြသခဲ့ပါတယ်။




114

ပညတ်တော်ကို လွန်ကျူးခြင်းရဲ့ပေးဆပ်ခြင်းကတော့ အပြစ်ကင်းမဲ့တဲ့ ဘုရားသခင်ရဲ့ သားတော်ဘယ်လို အသေခံရမလဲဆိုဒါကို အာဒံနားလည်ဘို့ ဘုရားရှင်ရဲ့ ကူညီတဲ့နည်းလမ်းဖြစ်ပါတယ်။
ဘုရားသခင်ရဲ့ သိုးသငယ်ဖြစ်တဲ့ ခရစ်တော်ရဲ့သေခြင်းအားဖြင့် လူတွေရဲ့အပြစ်ကို ခံရလိမ့်မယ်လို့ ကျမ်းစာမှာပါရှိပါတယ်။



115

ပညတ်တော်ဟာ ဘယ်တဦးတယောက်ကိုမှ အပြစ်ထဲက ကယ်တင်လို့မရဒါ ခင်ဗျားတို့ကြားခဲ့ရပြီဖြစ်တယ်။




116

(ကျမ်းချက်။ ဂလာတိဩဝါဒစာ ၃း၂၁)
ရှင်ပေါလုက ဒီလိုဆိုထားပါတယ်။ 'အသက်ရှင်စေနိုင်သော ပညတ်တရားကို ပေးတော်မူသည်မှန်လျှင်




117

အကယ်စင်စစ် ထိုတရားအားဖြင့် ဖြောင့်မတ်ခြင်းကိုရလိမ့်မည်။'
ဂလာတိဩဝါဒစာ ၃း၂၁
ပညတ်တော်က ကယ်တင်ခြင်းနဲ့အပြစ်ဖြေလွှတ်ခွင့်ကို မပေးပါဘူး။ ပညတ်တော်က ဘုရားသခင်ရဲ့ ကျေးဇူးတော်ဖြစ်ပါတယ်။




118

(ကျမ်းချက်။ ရောမဩဝါဒစာ ၆း၂၃)
'အပြစ်တရား၏ အခကားသေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။'
ကယ်တင်ခြင်းဆိုတာ ပညတ်တော်ကိုစောင့်ခြင်းအားဖြင့်မရနိုင်ပါဘူး။

၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


119

(ကျမ်းချက်။ ဇဖက်ဩဝါဒစာ ၂း၈၊၉)
'ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။'


120

'ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ။'
ဧဖက်ဩဝါဒစာ ၂း၈၊၉


121


အကယ်လို့ ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းကို ရခဲ့ရင်၊ နားမထောင်တဲ့ အသက်တာနဲ့ ကျနော်တို့တွေလွတ်လပ်သွားပြီးလို့ဆိုမလား မဆိုနိုင်ပါဘူး


122

(ကျမ်းချက်။ ရောမဩဝါဒစာ ၆း၁၊၂)
ရှင်ပေါလုက 'ထိုသို့မှန်လျှင် အဘယ်သို့ပြောရမည်နည်း။ ကျေးဇူးတော်ပွားများစေခြင်းငှါ အပြစ်တရားကိုကျင့်၍နေရမည်လော။


123

ထိုသို့မနေရ။ အပြစ်တရားမှစုတေသောသူတို့သည် ထိုတရား၌အဘယ်သို့ရှင်ရဦးမည်နည်း။
ရောမဩဝါဒစာ ၆း၁၊၂
ကယ်တင်ခြင်းဟာ အပြစ်ကနေကယ်တင်ခြင်းလိုချင်သူတွေအတွက်နဲ့ ဘုရားသခင်
နိုင်ငံတော်ထဲဝင်လိုသူတွေ အတွက်ဖြစ်ပါတယ်။


124

အချို့လူတွေက ပညတ်တရားပယ်ဖျက်လိုက်ပြီးလို့ယုံကြည်ကြတယ်။ ကဲ မိတ်ဆွေ ခဏလေးစဉ်းစားကြည့်ရအောင်။


125

'ပညတ်တရားမရှိလျှင်၊ အပြစ်ရှိသည်ဟု မှတ်စရာမရှိ။ အကြောင်းမူကား အပြစ်သည် ပညတ်တော်ကိုလွန်ကျူးခြင်း' ဖြစ်၏။


126

ပညတ်တရားမရှိရင် ကျနော်တို့မှာ ကျေးဇူးတော်မလိုအပ်ဘူးပေါ့။ ကျနော်တို့က ဘုရားသခင်ရဲ့ပညတ်တော်ကိုလွန်ကျူးတဲ့အခါ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဖြစ်တဲ့ မေတ္တာဂရုဏာဟာရှိထားပြီးသားဖြစ်နေပါတယ်။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ




127

အကယ်လို့ ကျေးဇူးတော်မလိုအပ်ရင် လက်ဝါးကပ်တိုင်တော်တရားလည်း ကျနော်တို့မလိုအပ်တော့ဘူး။


128

အကယ်လို့လက်ဝါးကားတိုင်တော်တရားလည်း မလိုအပ်ရင် ကယ်တင်ရှင်လည်း မလိုအပ်တော့ဘူး။
အကယ်လို့ ပညတ်တရားမလိုအပ်ရင်၊ အပြစ်လဲရှိမှာမဟုတ်ဘူး၊ ကျေးဇူးတော်လဲမလို၊ လက်ဝါးကားတိုင်တရားလည်းမလို၊ ကယ်တင်ရှင်လည်းမလိုတော့ဘူးပေါ့။
လက်ဝါးကားတိုင်တော်မှ အသေခံပြီး၊ ကျေးဇူးတော်ကြောင့်ကျနော်တို့ရဲ့ အပြစ်ကြွေးကိုပေးဆပ်ခဲ့တဲ့ ကယ်တင်ရှင်ကို ကျနော်တို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့တွေ ပညတ်တော်ကို လွန်ကျူး ခဲ့လို့ဖြစ်ပါတယ်။
ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျနော်ဟာ ဘုရားရှင်ရဲ့ ပညတ်တော်ကို စောင့်ရှောက်ချင်တဲ့ဆန္ဒ ရှိပါတယ်။


129

အကယ်လို့ အကျဉ်းသားတယောက်ဟာ သေဒဏ် အပြစ်ပေးခြင်းကို ခံရဘို့ စောင့်နေခဲ့ရင်း


130

သူ့ကိုလည်း အပြစ်ကနေလွတ်ကင်းပြီး၊ မင်းလွတ်လပ်သွားပြီးလို့ သူကင်းလွတ်ခွင့်ပေးလိုက်တာနဲ့၊ ခင်ဗျား အခုကနေ လွတ်လပ်သွားပြီး၊ ခင်ဗျားအသက်တာဟာ တရားဥပဒေလဲ မလိုအပ်တော့ဘူးလို့ဆိုလိုပါ သလား။
ကိုယ်စိတ်ထင်တိုင်းလုပ်လို့ရမလား။
လုပ်လို့မရဘူး မိတ်ဆွေ။


131

အကြောင်းကတော့ သူဟာအပြစ်ကနေခွင့်လွှတ်ခြင်းကို ခံရတယ်ဆိုတော့ သူဟာ အစကထက် ပိုပြီး တိုင်းပြည်ရဲ့ ဥပဒေကို ပိုပြီးစောင့်ထိန်းဘို့တာဝန်ရှိတယ်။



132

အရေးအကြီးဆုံးကတော့
ဘုရားသခင်ရဲ့ ပညတ်တော်ဟာ ကျနော်တို့ရဲ့ အပြစ်ကိုညွှန်ပြနေတယ်။ ကယ်တင်ရှင်လိုအပ်နေတယ်လို့ စိတ်ထဲမှာ ခံစားလာအောင် ကူညီမစပေးနေတယ်။
ခရစ်တော်ကို ကျနော်တို့ရဲ့ ကယ်တင်ရှင်အဖြစ်လက်ခံရင် ခရစ်တော်က ကျနော်တို့အပြစ်တွေကို ခွင့်လွှတ်ဘို့ စီမံပေးတာတင်မက၊ ပညတ်တော်တို့ကို စောင့်ထိန်းနိုင်ဘို့ တန်ခိုးကိုပေးမယ်လို့ ဘုရားရှင် ကဂတိပေးထား ပါတယ်။



133

(ကျမ်းစာ။ ဟေဗြဲသြဝါဒစာ ၈း၁၀)
'ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်'
ဟေဗြဲသြဝါဒစာ ၈း၁၀

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


134

ကျနော်တို့ လုပ်ချင်တဲ့ အရာကိုလုပ်ဘို့ လွယ်ကူတယ် မဟုတ်ဘူလား။
ဘုရားသခင်ရဲ့ နောက်ကိုလိုက်ဘို့ရန် ရွေးချယ်တဲ့ သူတွေအတွက် ဘုရားရှင်က အဲဒီဂတိတော်ကိုပေးထား ပါတယ်။
ဘုရားရှင်က သူ့ရဲ့ပညတ်တော်ကို စောင့်ဘို့ နှစ်သက်တဲ့ သူတွေရဲ့ နှလုံးသားထဲမှာသူ့ရဲ့ပညတ်တော်ကို ရေးသားလိမ့်မယ်



135

(ဗီဒီယို။ ၈ စက္ကန့်)
ဒီအရာဟာလူတွေ ဘုရားရှင်ရဲ့စကားကို နားထောင်ပြီးအလိုတော်ကိုလိုက်ရှောက်ဘို့ နည်းလမ်းဟာ ဒီလမ်းတလမ်းဘဲ ရှိပါတယ်။
ခရစ်တော်ဟာအဖခမည်းတော်ကို ချစ်လို့ သူပညတ်တော်ကို စောင့်ရှောက်နိုင်ခဲ့ပါတယ်။



136

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၀)
'ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကိုစောင့်ရှောက်၍ ခမည်းတော်၏ မေတ္တာ၌တည်နေသကဲ့သို့'
ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၀



137

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၅)
'ငါ့ကို ချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့။'
ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၅



138

သခင်ခရစ်တော်ရဲ့ ကြီးမားတဲ့မေတ္တာနဲ့နားထောင်ခြင်းကို အေးမြပြီးတိတ်ဆိတ်မှောင်မိုက်တဲ့ည ဥယျာဉ်တခု ရဲ့ သံလွင်ပင်အောက်မှာ ထင်ရှားစွာတွေ့ရပါတယ်။
ဘုရားရှင်ရဲ့ သားတော်ဆုတောင်းနေတဲ့အခါ ကျဆင်းတဲ့ချွေးစက်တွေဟာ သွေးကဲ့သို့ မျက်နှာကနေ စီးလာခဲ့ တယ်။




139

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၆း၃၉)
'အကျွန်ုပ်အဘ၊ ဤခွက်သည် အကျွန်ုပ်ကို လွန်သွားနိုင်လျှင် လွန်သွားပါစေသော။ သို့သော်လည်း အကျွန်ုပ် အလိုရှိသည် အတိုင်းမဖြစ်ပါစေနှင့်'
လူသားတွေရဲ့ ကံကြမ္မာဟာ ချိန်ခွင်လျှာလို အပြစ်ကမ္ဘာကြီးဟာ ကယ်တင်ခြင်းခံရမလား ဒါမှမဟုတ် ပျောက်ဆုံး သွားမလား။


140

ဂါလိလဲပြည်သား အဲဒီလူငယ်လေးဟာ သူ့ရဲ့အသက်တာကို သူဆန္ဒအတိုင်း လူသားတွေရဲ့ အနာဂတ်ပြည်စုံ ခြင်းနဲ့ ကားတိုင်မှာ အသေခံခြင်းဖြစ်ပါ့မလား။
သူဟာ နဖူးကနေ ကျနေတဲ့ ချွေးကိုသုတ်ပြီး 'အပြစ်သားတွေဟာ သူ့အပြစ်နဲ့သူခံပါလေစေ' လို့ သူပြောနိုင် တယ်။


141

သို့မဟုတ် သူဟာ ကျနော်တို့အတွက် ကားတိုင်ကိုထမ်းနိုင်ပါတယ်။ ဒါပေမဲ့ဘုရားသခင်ဟာ ကျနော်တို့ အပြစ်များအတွက် အသေခံဘို့ ရွေးချယ်ခဲ့ပါတယ်။ သူရဲ့ အသွေးတော်သွန်းလောင်းခြင်းအား ဖြင့် ကျနော်တို့တတွေ အပြစ်ဖြေလွှတ်ခွင့် ရရှိကြတယ်။
သူအသေခံတာ ကျနော်တို့အတွက်ဖြစ်တယ်။ ဒါကြောင့် ကျနော်တို့ သူနဲ့ထာဝစဉ်နေထိုင်နိုင်ဘို့ဖြစ်ပါတယ်။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ




142


ကျနော်တို့ အပြစ်အတွက် အဘိုးအခကို ခရစ်တော်ပေးခဲ့စဉ်အခါတုန်းက ကျနော်တို့တွေဟာ ခရစ်တော်ရဲ့ ဆက်ကပ်ခြင်းအားဖြင့် အပြစ်ဖြေလွှတ်ခြင်းကို ယနေ့ခံစားရပါတယ်။


143

ကရာနီကုန်းပေါ်မှာ ရှိတဲ့လက်ဝါးကားတိုင်တော်ဖြစ်တဲ့ ခရစ်တော်ရဲ့ပေးဆပ်ခြင်းဟာ ပညတ်တော်ကို လွန်ကျူးခြင်းနဲ့ လူသားတွေကို အပြစ်ကနေကယ်တင်ဘို့ရန် ခရစ်တော်ရဲ့ စိတ်ဆန္ဒနဲ့ကျေကျေနပ်နပ် ပေးဆပ် ခြင်းဖြစ်ပါတယ်။



144

အကယ်လို့ ပညတ်တော်ကို ဖျက်သိမ်းလိုက်တယ် ဒါမှမဟုတ် ပြောင်းလဲလိုက်တယ် ဆိုရင် ခရစ်တော်အသေခံ ဘို့လိုမယ်မဟုတ်ပါဘူး။ ဒီလိုဆိုရင် ကရာနီကုန်းမှာ အသေခံဒါလည်းလိုမှာ မဟုတ်ပါဘူး။



145

ဘုရားသခင်ဟာ လူတွေရဲ့ အပြစ်ကိုလစ်လျူမရှုလို့မရပါဘူး




146

သူရဲ့ပညတ်တော်ကိုလည်း မပြောင်းလဲနိုင်ပါဘူး။



147

ဒါကြောင့် အပြစ်သားတွေဟာ ကယ်တင်ရှင်ကိုလိုတာ။
ဘုရားသခင်ရဲ့မေတ္တာဟာ ကျနော်တို့အပေါ်မှာ ဘယ်လောက်ကြီးသလဲဆိုတော့ တပါးတည်းသောသားတော် ကိုကျနော်တို့ကိုယ်စားအသေခံခဲ့တယ်။ ကျေးဇူးတော်ဟာ အလွန်ကြီးမားလှပါတယ်။



148

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၃း၁၆)
'ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊



149

ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။'
ယောဟန် ၃း၁၆

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


150

ဗျာဒိတ်ကျမ်းထဲမှာ
ဘုရားရှင်ဒုတိယအကြိမ်ကြွလာခြင်းဟာ ဘုရားရှင်နဲ့တွေ့ဘို့ ပြင်ဆင်တဲ့ သူတွေအတွက် ဘုရားရှင်နဲ့ အတူ ကောင်းကင်မြို့တော်မှာ ထာဝရစံစားရမယ်လို့ ဖေါ်ပြထားပါတယ်။


151

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၁၂)
'ဘုရားသခင်ရဲ့ ပညတ်တော်တို့ကိုငှ၊ ယေရှုရဲ့ယုံကြည်ခြင်းကိုငှ၊ စောင့်ရှောက်တဲ့ သန့်ရှင်းသူတို့ဟာ ဒီအရာမှာ သည်းခံစရာအကြောင်းရှိတယ်' လို့ဖေါ်ပြထားပါတယ်။
ဗျာဒိတ်ကျမ်း ၁၄း၁၂


152

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၁၄)
အခဏ်းငယ် ၁၄ မှာ ဘုရားသခင်က
'တဖန်ငါကြည့်ရှုလျှင် ဖြူသောမိုးတိမ်ရှိ၏။ လူသားတော်နှင့်တူသောသူသည်


153

ခေါင်းတော်ပေါ်၌ ရွှေသရဖူကို ဆောင်းလျက်၊ ထက်သောတံစဉ်ကို ကိုင်လျက်၊ မိုးတိမ်ပေါ်မှာ ထိုင်တော်မူ၏'
အဓိပ္ပါယ်ကတော့ မြေကြီးပေါ်မှာ စပါးရိတ်ဘို့ဖြစ်ပါတယ်။ တနည်းအားဖြင့် သန့်ရှင်းသူတွေကို ခေါ်ဆောင်ဘို့ဖြစ်ပါတယ်။


154

ဘုရားရှင်က ဗျာဒိတ်ကျမ်းမှာ ရှင်ယောဟန်ကို အသင်းတော်ရဲ့ ရာဇဝင်သမိုင်းဖြစ်ပျက်မဲ့အရာတွေကို ကြိုတင် ဖေါ်ပြပေးထားပါတယ်။ ဒါကြောင့် ရှင်ယောဟန်က နောက်ဆုံးစစ်မှန်တဲ့ ကျန်ကြွင်းတဲ့အသင်းတော်ကို ဒီလိုဖေါ်ပြထားပါတယ်။


155

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၂း၁၇)
နဂါးသည် မိန်းမကို အမျက်ထွက်၏။


156

ဘုရားသခင်၏ ပညတ်တော်တို့ကိုကျင့်၍ယေရှု၏သက်သေခံတော်မူချက်ကို စွဲလမ်းသောသူ တည်းဟူသော ထိုမိန်းမ၌ ကြွင်းသောအမျိုးအနွယ်ကို စစ်တိုက်ခြင်းငှါသွား၏။'
ဗျာဒိတ်ကျမ်း ၁၂း၁၇


157

သမ္မာကျမ်းစာရဲ့ နောက်ဆုံးကျမ်းမှာဖေါ်ပြထားပါတယ်။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ


158

ဘုရားသခင်ရဲ့လူတွေဟာ ဖန်ဆင်းရှင်အဖြစ်နဲ့ ရွေးနှုတ်ရှင်အဖြစ် ဘုရားရှင်ကိုချစ်ကြတယ်။ ဒါကြောင့် ဘုရားရှင်ရဲ့တောင်းဆိုချက်နဲ့ ဆန္ဒအတိုင်းလုပ်ချင်တဲ့ သူတွေဖြစ်ကြတယ်။
ဘုရားရှင်ရဲ့ ဆန္ဒအတိုင်းလုပ်ခြင်းအားဖြင့် ဘုရားရှင်ကိုချစ်ကြောင်းပြသချင်ကြတယ်။
ဘုရားရှင်ရဲ့ဆန္ဒကတော့ သူရဲ့ပညတ်တော်ကိုစောင့်ရှောက်ခြင်းဆိုဒါ နားလည်ကြတယ်။ သူတို့ကို အပြစ်ထဲက ကယ်တင်တဲ့အရှင်ရဲ့စကားတော်ကို နားထောင်ချင်ကြတယ်။
သခင်ယေရှုက လက်ကိုဆန့်ပြီး 'လာကြလော့' ယနေ့အထိခေါ်လျက်ရှိပါတယ်။ သူနဲ့အတူနေနိုင်ဘို့ရန် ကျနော်တို့ကို တန်ခိုးပေးချင်ပါတယ်။



159

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၂း၁၇)
သခင်ခရစ်တော်က ကျနော်တို့ရဲ့ အပြစ်ကိုဆေးကြောဘို့ဆန္ဒရှိတယ်။
သူဟာ တောင်းပန်တဲ့ အသံနဲ့ ခေါ်ပြီးနေပါတယ်။
ရေငတ်သောသူသည် လာပါစေ။ အလိုရှိသောသူသည် အဘိုးကို မပေးဘဲ အသက်ရေကို ယူပါစေ။
ဗျာဒိတ်ကျမ်း ၂၂း၁၇


160

တရားဟောဆရာတယောက်ဟာ မြို့တမြို့ရဲ့ ဆင်ခြေဖုံး ရပ်ကွက်တကွက်က အိမ်ကို အလည်သွားတယ်။ အိမ်ရှင်အမျိုးသမီးက ယဉ်ကျေးစွာ ဧည့်ခံပေမဲ့ ဘာသာရေးမကိုင်းရှိုင်းဘူး။ အိမ်ရှင်အမျိုးသမီးက ကျမဟာ သမ္မာကျမ်းစာနဲ့ ခရစ်ယာန်တွေကိုစိတ်မဝင်စားဘူး လို့ပြောလိုက်တယ်။ နောက်ပြီး ရှင့်ကိုညနေပိုင်းမှာ ခေါ်ရင် ရှင်ကလာနိုင်မလား၊ လာခဲ့ရင် ကျမခင်ပွန်းနဲ့ တွေ့လိမ့်မယ်။ သူကတော့ ဘာသာရေး ကို သိတ်စိတ် ဝင်စားတယ်၊ ပိုပြီးလေ့လာချင်တယ်။ ရှင့်ကို လာဘို့ကျမခေါ်ဖိတ်ပါတယ် လို့ ပြောလိုက်တယ်။
တရားဟောဆရာဟာ စနေနေ့ညနေပိုင်း အဲဒီအိမ်ကို ပြန်လာခဲ့တယ်။
အဲဒီနေ့ဟာ အလုပ်မဆင်းရတဲ့နေ့ဖြစ်တဲ့အတွက်ကြောင့် အိမ်ရှင်မိန်းမရဲ့ယောကျ်ားဟာ အလုပ်မဆင်းဘဲ ဟိုတယ် တခုမှာ သူ့မိတ်ဆွေတွေရဲ့ ကစားဝိုင်းမှာနေ့လည်မှာ ကစားပြီးညနေ အိမ်ပြန်လာတယ်။ သူဟာ စကားသိပ်များတဲ့သူဖြစ်တယ်။
သူက တရားဟောဆရာကို သူ့မှာကျမ်းစာအုပ်တအုပ်ရှိကြောင်း သူလက်ထပ်ဘို့အိမ်ကထွက်လာတဲ့ အခါမှ သူ့အမေကပေးကြောင်းပြောပြတယ်။ သူ့ကျမ်းစာအုပ်ကိုရှာဒါမတွေ့ဘဲ ဆုတောင်းတဲ့စာအုပ်တအုပ်ဘဲတွေ့ တော့တယ်။


161

သူရဲ့အသက်တာမှာ အရက်ဟာပြဿနာအကြီးမားဆုံးဘဲ။ ကစားဝိုင်းထိုင်တယ်၊ ဆေးလိပ်ကိုလဲ အမြဲလို သောက်နေတတ်တယ်။ ဒီအပြင်တခြား အကျင့်ဆိုးတွေလဲရှိသေးတယ်။ သူ့မိန်းမနဲ့မကြာခဏ စကားများပြီး အိမ်ကထွက်သွားဘို့အထိတောင်သူ့မိန်းမက စဉ်းစားထားတယ်။
သူတို့တွေရဲ့အစီအစဉ်က လင်မယားလမ်းခွဲဘို့ ဖြစ်ပါတယ်။ တဖြေးဖြေးနဲ့ ကျမ်းစာသင်ရင်း သူဟာ အရက် သိတ်မသောက်တော့ဘူး။ တနင်္လာနေ့ညနေမှာ ပြန်လည်တွေ့ပြီး ကျမ်းစာကို ဆက်လက်သင်ယူခဲ့တယ်။


162

တပတ်ပြီးတပတ် ကျမ်းစာသင်ရင်း သူ့စိတ်နှလုံးက ဝိညာဉ်တော်ပြုပြင်ခြင်းအားဖြင့် ပြောင်းလဲလာခဲ့တယ်။ တနေ့ကြတော့ တရားဟော ဆရာကိုသူ့ရဲ့ အဖြစ်မှန်ကိုပြောပြခဲ့တယ်။


163

သူဟာခရစ်ယာန်အိမ်ထောင်ကဖွားမြင်ခဲ့တဲ့သူပါ။ မိဘစကားကိုနားမထောင်ဘဲ လောကအသောက်အစားနဲ့ ပျက်စီးခဲ့တယ်။ အိမ်ကဆင်းပြီး မိတ်ဆွေတွေနဲ့ ပျော်ပါးနေခဲ့တယ်။ ပျောက်ဆုံးတဲ့သားလိုပါ။ ဘုရားကျောင်းလဲ မတက်၊ ကျမ်းစာဆိုဝေးမှဝေး၊ လုံးဝမဖတ်ခဲ့ပါဘူး။ ဘုရားရှင်ရဲ့ နာမတော်ကို မုသားနဲ့မြွက်ဆိုခဲ့ပါတယ် လို့ဆိုပြီး သူသောက်လက်စစီးကရက်ကို မီးဖိုထဲပစ်ချလိုက်တယ်။ အခုကျနော်စိတ်ပြောင်းလဲပြီး အိမ်ထောင်ရေး ဟာအဆင်ပြေသွားပါပြီး။ သူ့အမျိုးသမီးကလဲ ကျမယောကျ်ားဟာ အသောက်အစားကင်းလွတ်သွားလို့ အရင်က ဦးဂျက်မဟုတ်တော့ဘူး။ အသက်တာအသစ်နဲ့ပြောင်းလဲတဲ့ ဦးဂျက်အသစ်ဖြစ်နေပါပြီး။ တနင်္လာနေ့ ညနေဆရာကြီးကျမတို့ ဇနီးမောင်နှံကို ကျမ်းစာသင်ပေးပါ။

# ၁၀ – အမှားနဲ့အမှန်ရှိရခြင်းဟာဘာကြောင့်လဲ



164

တရားဟောဆရာက 'ကျနော့ အနေနဲ့ဘာမှမလုပ်တတ်ဘူး။ ကျမ်းစာပြောဒါကို ကျနော်ယုံကြည်ပါတယ်။
၂ကော ၅း၁၇ သူဖတ်ပြတယ်။
'လူမည်သည်ကား ခရစ်တော်၌ရှိလျှင်အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်
ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီး'
ဦးဂျက်ဟာ ဒီကျမ်းချက်ကို ဖြေးဖြေးခြင်းဖတ်. . . အသစ်သော သတ္တဝါ . . . ဦးဂျက်။
တရားဟောဆရာက ဟုတ်တယ်၊ မိတ်ဆွေ။ ဘုရားသခင်ရဲ့ သားတော်ခရစ်တော်ရဲ့
တန်ခိုးတော်တခုသာလျှင် လူသားတွေကို ပြောင်းလဲပေးနိုင်တဲ့တန်ခိုးရှိတယ်။
သင်တို့ရဲ့အသက်တာပြောင်းလဲဘို့ သခင်ယေရှုလိုချင်တယ်။ သင်ကိုကျေးဇူးတော်နဲ့ တန်ခိုးတော်အားဖြင့်
ပညတ်တော်ကို စောင့်ထိန်းဘို့ရန် လိုချင်ပါတယ်။ သင်အားနည်းပေမဲ့ ခရစ်တော်ခွန်အားပေးမယ်။
သင့်ဘဝမှာ လွန်ခဲ့တဲ့ အချိန်တုံးက ဘာဘဲလုပ်ခဲ့လုပ်ခဲ့၊ ဘုရားရှင်သင့်အပြစ်ကို ခွင့်လွှတ်ပြီး
သန့်ရှင်းစေမယ်။ ဘုရားသခင်က သင့်ကိုအသစ်သော အသက်တာနဲ့ အသက်ရှင်ဘို့ရန် ခွန်အားပေးမယ်။
သခင်ယေရှုခေါ်နေတယ်။ အိမ်တော်ကိုပြန်လာဘို့ ခေါ်နေတယ်။ သင်တိတ်ဆိတ်စွာ ဒူးထောက်ပြီး 'သခင်၊
ကျနော်/ကျမလာနေပါပြီး' လို့မပြောချင်ဘူးလား။ အခုအချိန် ပရိတ်သတ်တွေကို ဂရုမစိုက်ဘဲ
ဒူးထောက်လိုက်ပါ။
'ဟုတ်ကဲ့ သခင်ယေရှု၊ ကျနော်/ကျမ လာနေပါပြီး၊ အခုဘဲ လက်ခံတော်မူပါ သခင်'

# ၁၁ – ပိုမိုကောင်မွန်ရေးအတွက် ဖန်ဆင်းခြင်း

၁၁ – ပိုမိုကောင်မွန်ရေးအတွက် ဖန်ဆင်းခြင်း



1

သင်ရဲ့လေးနက်တဲ့လိုအင်ဆန္ဒတွေကို ဘယ်လိုဖြည့်စွက်၊ နှစ်သိမ့်မှု၊ ကျေနပ်မှုပေးမှာလဲ။


2

သင်ခန်းစာပို့ချဖို့ အချိန်မှီအောင် ဇီဝဗေဒ ပညာရှင်သောမတ်(စ်)ဟက်စလေဟာ မြင်းလှည်းကိုငှါးပြီး 'အမြန်ဆုံးမောင်းဗျာ' လို့မြင်းလှည်းသမားကိုပြောလိုက်တယ်။


3

ခရီးသည် ခိုင်းသလို မြင်းလှည်းသမားလည်း မြင်းကိုဇက်ကုန်ဖွင့် ကြာဖွတ်ဝင့်ပြီး အမြန်ဆုံးမောင်းတော့ မြင်းလှည်းဟာ မညီညာတဲ့ လမ်းပေါ်မှာ စောင်းလိုက်၊ ဆောင့်လိုက်နဲ့သွားတော့တာပေါ့။ ဟက်စလေဟာသဘောတွေကျ ပြီး ထိုင်နေရာမှ 'မြင်းလှည်းဆရာ၊ ကျုပ်ဘယ်ကိုသွားချင်လဲဆိုတာ သိလား' သတိယလို့ မေးလိုက်တော့ 'မသိပါဘူး ခင်ဗျာ၊ ဆရာခိုင်းသလို ကျနော်တော့ အမြန်နိုင်ဆုံးမောင်းဒါပါပဲ' မြင်းလှည်း သမားက ပြန်ပြောလိုက်တယ်။


4

ကနေ့ လူပေါင်းများစွာဟာလည်း ကြီးမားတဲ့အရှိန်အဟုန်နဲ့ မိမိဘဝရဲ့ ဦးတည်ရာကိုသွားနေကြတယ်။ နိုင်သူပြုံးလို့ ရှုံးသူမှိုင်နဲ့ပေါ့။ ဒါပေမဲ့ သူတို့ရဲ့ ဘဝဦးတည်ချက်ဟာ ဘာလဲဆိုဒါကို မသိကြပါဘူး။


5

ဒီပြဿနာရဲ့ အဖြေအတွက် ဘုရားရှင်က သမ္မာကျမ်းစာရဲ့ နောက်ဆုံးစာအုပ်ဖြစ်တဲ့ ဗျာဒိတ်ကျမ်း ခန်းကြီး ၁၄း၇ ထဲမှာ ယောဟန်က ဒုတိယအကြိမ်ကြွလာမည့် ခရစ်တော်ကို စောင့်မျှော်ဘို့ တိုက်တွန်းထားပါတယ်။



6

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၇)
'. . . ဘုရားသခင်ကို ကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ။



7

ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့်စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့. . . '
ဗျာဒိတ်ကျမ်း ၁၄း၇
မြို့ကြီးပေါ်က နေရာတခုကို ရှာချင်လို့မြေပုံကိုကြည့်တယ် ဆိုပါစို့။ ဒီအချိန်မှာ မြေပုံအမှားကို ကြည့်မိရင် ဘယ်လောက်များ ဒုက္ခရောက်လိမ့်မလဲ။


8

ဘယ်ဘုရားကို ရှိခိုးရမှာလဲ၊ 'ကောင်းကင်မြေကြီးနဲ့အရာခပ်သိမ်းကို ဖန်ဆင်းတဲ့ ဘုရားရှင်ကိုဝတ်ပြုပါ' 'ငါတို့တတွေရဲ့ ဘဝခရီးဟာ ဘယ်ကိုဦးတည်နေသလဲ ဆိုဒါကို အချိန်ယူပြီးစဉ်းစားပါ' လို့ ဘုရားရှင်က မိန့်မြွက်တော်မူတယ်။
ကျွန်ုပ်တို့ကို ဘုရားရှင်ဖန်ဆင်းကြောင်းသိတဲ့အချိန်မှာ ကျွန်ုပ်တို့ဘာအတွက် ဒီမှာရှိနေကြသလဲ၊ နောက်ပြီးတော့ ကျွန်ုပ်တို့ ဘယ်ကိုသွားနေကြသလဲဆိုဒါကို သိလာကြပါတယ်။

# ၁၁ – ပိုမိုကောင်မွန်ရေးအတွက် ဖန်ဆင်းခြင်း


9

ကျွန်ုပ်တို့နေထိုင်တဲ့ ကမ္ဘာကြီး စကြာဝဠာနဲ့အရာခပ်သိမ်းတို့ကို ဘုရားရှင်ဖန်ဆင်းတော်မူကြောင်းကို ကနေ့လူတွေမေ့နေကြပါတယ်။
သမ္မာကျမ်းစာကို လုံးလုံးလျားလျား အားကိုးထိုက်ပါတယ်လို့လူတချို့ပြောပေမဲ့လို့ တချို့ကမဟုတ် ပါဘူး လို့ငြင်းဆိုကြပါတယ်။
ဘယ်သူမှန်သလဲ။




10

(ဗီဒီယို။ ၆ စက္ကန့်)
ကနေ့ သန်းပေါင်းများစွာသောလူတွေက ဖန်ဆင်းခြင်းကို မယုံကြည်ကြပါဘူး။ နှစ်ကုဋေပေါင်းများစွာက သက်ရှိ ကလပ်စည်းလေးတခုဟာ ဆင့်ကဲပြောင်းလဲမှုကြောင့် ကလာပ်စည်းကနေ ပင်လယ်ရေနေ သတ္တဝါ ဖြစ်လာတယ်၊ ရေသတ္တဝါကတဆင့် ကုန်းနေသတ္တဝါဖြစ်လာပြန်တယ်၊ ထိုကုန်းနေ သတ္တဝါကနေ တဆင့် လူဖြစ်လာတယ်လို့ ယုံကြည်ကြပါတယ်။ တနည်းအားဖြင့် လူဟာဘုရားမဖန်ဆင်းဘဲနဲ့ ကိုယ့်ဟာကိုယ် ဖြစ်လာတယ်ပေါ့။


11

ဘုရားရှင်က စကြာဝဠာ၊ ကမ္ဘာနဲ့လူသားတွေကိုဖန်ဆင်းခဲ့တဲ့အကြောင်း၊ ရက်သတ္တပတ်တိုင်းပြန်ပြောင်း သတိယဖို့ ဘယ်အရာကို အထိန်းအမှတ် အနေနဲ့ ထားခဲ့သလဲဆိုတာ သင်သိပါသလား။
သမ္မာကျမ်းစာဟာ မှန်ကန်ရင် ကျွန်ုပ်တို့ရဲ့ ကံကြမ္မာနဲ့ ဘဝဟာလည်း သမ္မာကျမ်းစာကို ဘယ်လို ယုံကြည်လက်ခံသလဲ ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။
ဒါထက်မက သမ္မာကျမ်းစာအပေါ်သင်ရဲ့ လက်ခံ ယုံကြည်မှုဟာ ဘုရားရှင်အပေါ်သင်ထားရှိတဲ့ သဘောထား ကို ခြားနားစေပါတယ်။



12

အမှန်မှာတော့ ဖန်ဆင်းခြင်း ခုနှစ်ရက် ရဲ့ နောက်ဆုံးရက်ကို သူဟာဖန်ဆင်းရှင်ဖြစ်ကြောင်းလူသားတွေကို သတိပေးတဲ့ရက်အဖြစ် ဘုရားရှင် သတ်မှတ်ထားပါတယ်။
ဒါပေမဲ့ တကမ္ဘာလုံးနီးပါးရှိ လူများဟာအဲဒီနေ့ရက်ကိုမေ့နေကြပါတယ်။



13

(ဗီဒီယို။ ၁၅ စက္ကန့်)
အဲဒီအထိမ်းအမှတ်နေ့ရက်ကို လူတွေမသိလို့ဘဲ ဘုရားရှင်ဟာဖန်ဆင်းရှင်ဖြစ်ကြောင်းကိုမသိကြတော့ဘူး ပေါ့။
ဒါကြောင့်လည်းလူတွေဟာ ကမ္ဘာကြီးနဲ့စကြာဝဠာရဲ့ အခြေအမြစ်ကိုသိချင်၊ စူးစမ်းချင်လို့ လ ကမ္ဘာ ဆီလူတွေကို စေလွှတ်ကြတယ်။ ကမ္ဘာကြီးရဲ့ မူလအစတစေ့တစောင်းသိရမလားပေါ့ဗျာ။


14

အစွမ်းထက်တဲ့ နက္ခတ်တာရာကြည့်မှန်ပြောင်းကြီးတွေနဲ့စကြာဝဠာထဲကို ကြည့်ပြီးကမ္ဘာကြီးရဲ့ ဖြစ်ပေါ်လာပုံ မူလအစသဲလွန်စများ ရှာကြပါတယ်။
နှုတ်ကပတ်တော်တည်းဟူသော သမ္မာကျမ်းစာအုပ်ကို ကြည့်ကြပါစို့။ ယုံကြည်အားကိုးစရာ သက်သေ အထောက်အထား တခုတလေများတွေ့ရမလားလို့ပေါ့ဗျာ။


15

ဘာဖြစ်လို့ အားသွန်ခွန်စိုက်ငွေကုန်ခံပြီး စိတ်အားတကြီးနဲ့နှုတ်ကပတ်တော်ကို လေ့လာကြပါသလဲ။
ဒီစကြာဝဠာထဲက ကျုပ်တို့ကမ္ဘာတခုတည်းလား။ ဘာကြောင့် ဒီကမ္ဘာမှာရှိနေကြပါသလဲ။ ဘယ်လိုနည်းနဲ့ ရောက်လာကြသလဲ။ ဘယ်ကိုသွားနေကြပါသလဲ ဆိုတဲ့မေးခွန်းကြီးရဲ့အဖြေကိုရှာဖို့ဖြစ်ပါတယ်။
ဆက်လက်ရှာဖွေနေကြဆဲ။ အဖြေကတော့ ကျွန်ုပ်တို့ရဲ့ရှေ့မှာ တင်ရှိပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ဟာ ကိုယ်ဘယ်ကဖြစ်လာသလဲ ဆိုဒါကို မေ့နေကြဆဲပါပဲ။

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



16

မိမိရဲ့ဖန်ဆင်းရှင်ကိုမေ့နေတဲ့ ကမ္ဘာကြီးကို ဘုရားရှင်က ‘ငါဟာ သင့်ရဲ့ဖန်ဆင်းရှင်ဖြစ်ကြောင်းသတိယပါ၊ သင်သတိယနိုင်ဖို့ရန် အထိန်းအမှတ်ကို သင်တို့အားငါပေးခဲ့ပြီ။’ လို့မိန့်တော်မူတယ်။



17


(ဗီဒီယို။ ၅ စက္ကန့်)
လူသားတွေဟာ မိမိအလိုအလျောက်ဖြစ်လာတယ်လို့ မယုံကြည်သူတွေသွန်သင်ချိန်မှာ ‘သင်တို့ကို ငါဖန်ဆင်းတယ်။’ လို့ ဘုရားရှင် မိန့်တော်မူတယ်။


18

ဖန်ဆင်းခြင်း အထိန်းအမှတ်ဆိုတာ ဘာလဲလို့ တချို့ကမေးပါလိမ့်မယ်။
ဖန်ဆင်းခြင်းအပတ်အတွင်း တရက်စီမှာ ဘုရားရှင်ဘာတွေ ဖန်ဆင်းခဲ့သလဲဆိုတာကိုပြန်လည် သတိယပါ။


19


(ကျမ်းချက်။ ဆာလံကျမ်း ၃၃း၈၊၉)
ဖန်ဆင်းခြင်းက အံ့ဩဖို့ကောင်းပါတယ်။ ဘယ်လိုလုပ်ပြီး အချိန်တိုအတွင်းဖန်ဆင်းခဲ့ တာလဲ။ သမ္မာကျမ်းစာက အဖြေပေးထားပါတယ်။
‘ထာဝရဘုရားကို မြေကြီးတပြင်လုံးကြောက်ရွံ့စေ။လောကီနိုင်ငံသားအပေါင်းတို့သည်ရိုသေလေးမြတ်ကြစေ။


20


ဆာလံကျမ်း ၃၃း၈၊၉
အကြောင်းမူကား ထာဝရဘုရားမြွက်ဆို၍မြွက်ဆိုတော်မူသည့်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍မိန့်တော်မူသည့် အတိုင်းတည်လျက်နေ၏။’


21

ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်အားဖြင့် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူတယ် ဆိုတဲ့ အချက်ဟာ လူသားအနေ နဲ့ နားမလည်နိုင်ပါ။ ဘုရားရှင်ရဲ့နှုတ်က ထွက်တော်မူသော စကားဖြစ်စေ၊ ရေးတော်မူသော စာဖြစ်စေ တန်ခိုး တော်နှင့် ပြည့်ဝပါတယ်။


22

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂း၁)
‘ထိုသို့ကောင်းကင်မြေကြီးနှင့်တကွ ခပ်သိမ်းသော တန်ဆာတို့သည် ပြီးစီးလျက်ရှိကြ၏။ ’
ကမ္ဘာဦးကျမ်း ၂း၁



23

ခြောက်ရက်အတွင်း ကမ္ဘာကြီးကို ဖန်ဆင်းခဲ့ပြီး သစ်ပင်ပန်းပင်များလဲ စိမ့်စမ်းများနဲ့ပြည့်ဝလုပစေခဲ့တယ်။

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း


24

နေ့ နှင့် ည အတွက် နေ နဲ့ လကို ဖန်ဆင်းခဲ့ပါတယ်။


25

ဖန်ဆင်းခြင်းရဲ့အထွတ်အထိပ်အနေနဲ့ ဖန်ဆင်းထားတဲ့ အရာအားလုံးကို စောင့်ရှောက်ဖို့ မိမိပုံသဏ္ဌာန်နဲ့ အညီ လူကိုဖန်ဆင်းခဲ့တယ်။


26

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁း၂၇)
'ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဌာန် တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်၊'
ကမ္ဘာဦးကျမ်း ၁း၂၇


27


လူကိုဖန်ဆင်းပြီးတော့ ဘုရားရှင်ကဖန်ဆင်းခြင်းကို လက်စမသတ်သေးပါဘူး။ သတ္တမနေ့မှာ သူဘာလုပ်လဲဆို တာကို ကျမ်းစာထဲကကြည့်ကြပါစို့။


28


(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂း၂-၄)
'သတ္တမနေ့ရက်ရောက်လျှင် ဘုရားသခင်သည် ဖန်ဆင်းသောအမှုကို လက်စသတ်တော်မူခဲ့ပြီးဖြစ်၍


29

ဖန်ဆင်းသမျှအမှုအရာတို့သည် ပြီးစီးပြီးမှ ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။


30

ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။ အကြောင်းမူကား ဖန်ဆင်းပြုပြင်တော်မူသော အမှုအရာအလုံးစုံတို့သည် ပြီးစီးသောကြောင့် ထိုနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။


31

ဤအကြောင်းအရာကား ထာဝရအရှင်ဘုရားသခင်သည်ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသောနေ့ ဖန်ဆင်းရာကာလ၌ကောင်းကင်နှင့်မြေကြီး၏မူလအတ္ထုပ္ပတ္တိပေတည်း။'
ကမ္ဘာဦးကျမ်း ၂း၂-၄

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



32

မိမိတဆူတည်းသာ သန့်ရှင်းခြင်းပေးနိုင်တဲ့ ဘုရားရှင်ဟာ သတ္တမနေ့ကို သန့်ရှင်းစေခဲ့တယ်လို့ သမ္မာကျမ်းစာ ကဖေါ်ပြပါတယ်။



33

နေ့ရက်ကိုသန့်ရှင်းစေတယ်ဆိုဒါ သီးသန့်ဖယ်ထားဒါပါ။ ဘုရားရှင်ဟာ ဥပုသ်နေ့ကို အခြားခြောက်ရက်ထဲက နေဖယ်ထားပါတယ်။
သန့်ရှင်းတဲ့နေ့ - ဘုရားရှင်အတွက် ဆက်ကပ်ထားတဲ့နေ့ဖြစ်ပါတယ်။
နေ့ရက်တရက်နဲ့တရက် ဘာများထူးခြားချက်ရှိနိုင်မှာလည်းလို့တချို့က စောဒက တက်ကြပါလိမ့်မယ်။
သာဓကတခုကိုကြည့်ကြပါစို့


34

လက်ထပ်ပွဲတခုမှာ အမျိုးသမီးတယောက်ကို အမျိုးသားတယောက်အတွက် သီးသန့်ရွေးချယ်သတ်မှတ်ထားပါတယ်။ သင့်ရဲ့လက်ထပ်ပွဲ ဆိုကြပါစို့။ သင်ဟာလက်ထပ်မဲ့နေ့ရက်ကို ရင်တွေခုံပြီး စောင့်ကြိုနေမှာဖြစ်ပါတယ်။


35

သင်ရဲ့ဇနီးမှာညီအစ်မခြောက်ယောက်ရှိတယ်ဆိုကြပါစို့။ လက်ထပ်ပွဲ အတောအတွင်းမှာတော့ အမျိုးသမီးတဦးတည်းသာလျှင် အမျိုးသားတဦးနဲ့ပေါင်းစည်းနိုင်ပါတယ်။ သူမကို သီးသန့်ဖယ်ထားပါတယ်။ သူမဟာ ညီအစ်မခုနှစ်ယောက်ထဲမှာ ရှိမနေတော့ဘူး။
သူမကို သီးသန့် သန့်ရှင်းစေတယ်။ လက်ထပ်ပွဲမှာ ခင်ပွန်းသည် အတွက် ဆက်ကပ်ထားတယ်။


36

လက်ထပ်ပြီးတဲ့နောက် သင့်ဇနီးညီအစ်မထဲက တစ်ယောက်က 'ဘာများထူခြားဒါရှိလို့လဲ၊ ခုနှစ်ယောက်ထဲက တယောက်ယောက်ကိုယူလည်းဖြစ်ဒါပဲ။ ဒို့ညီအစ်မတွေအားလုံးကောင်းကြပါတယ်။'လို့ပြောလာလျှင်သင်ဘယ်လိုလုပ်မလဲ၊ ထူးခြားဒါရှိသလား။


37

သတို့သမီးဘက်ကကော ထူးခြားဒါရှိသလား။
တကယ်တော့ ထူးခြားပါတယ်။
ခင်ပွန်းသည် တယောက်အနေနဲ့ 'ကျုပ်ဇနီးဟာ ရွေးချယ်ထားပြီးသား၊ သန့်ရှင်းထားပြီးသား၊ ကျုပ်အတွက် ဆက်ကပ်ထား ပြီးသား' လို့ပြောမှာပါပဲ။
ထိုနည်းတူစွာပဲ - ဘုရားရှင်ဟာ ၂၄ နာရီတရက်၊ သတ္တမရက်ကို မိမိကိုယ်ပိုင်အတွက် ရွေးချယ်ခဲ့တယ်။ သန့်ရှင်းစေခဲ့တယ်။ ဖယ်ထားတယ်၊ ဆက်ကပ်ခဲ့ပါတယ်။
ဥပုသ်နေ့ဟာ ဘုရားရှင်ကောင်းကြီးပေးခဲ့တဲ့နေ့၊ သန့်ရှင်းစေတဲ့နေ့လို့ နှုတ်ကပတ်တော်က ဆိုထားပါတယ်။ ကျန်တဲ့ရက်တွေ မဟုတ်ပါဘူး။



38

(ကျမ်းချက်။ ရှင်မာကုခရစ်ဝင် ၂း ၂၇၊၂၈)
ဒီမှာခရစ်တော်ပြောခဲ့တယ်'ထိုမှတပါးဥပုသ်နေ့သည်လူအဘို့ဖြစ်၏။လူသည်ဥပုသ်နေ့အတွက်ဖြစ်သည်မဟုတ်။

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



39

သို့ဖြစ်၍လူသားသည် ဥပုသ်နေ့ကိုပင် အစိုးရသည်ဟု မိန့်တော်မူ၏'
ရှင်မာကုခရစ်ဝင် ၂း ၂၇၊၂၈


40

ကျွန်ုပ်တို့ကို ဘုရားရှင် ဖန်ဆင်းခဲ့ကြောင်းပြန်လည်သတိရဖို့ အချိန်ယူနိုင်ရန် ဥပုသ်နေ့ကို ဘုရားရှင်ပေးထား ခဲ့ပါတယ်။
ကျွန်ုပ်တို့ လူသားများနည်းတူ အခြားကမ္ဘာများအားလုံးကိုလည်း ခြောက်ရက်အတွင်း ဘုရားရှင်ဖန်ဆင်းခဲ့ပါတယ်။
ဥပုသ်နေ့တိုင်းမှာ လူသားများနဲ့ ဘုရားရှင်ထားရှိခဲ့တဲ့ ကတိက ဝတ်တရားတွေကို ပြန်လည်သတိရဖို့ရယ်၊ ကောင်းကင်မြေကြီးနှင့်တကွ အရာအားလုံးကို ၆ ရက်အတွင်း ဘုရားရှင် ဖန်ဆင်းပြီး သတ္တမနေ့မှာ နားနေတော်မူကြောင်းကို ပြန်လည်သတိယဖို့ဖြစ်ပါတယ်။


41

ဘုရားရဲ့လက်တော်နဲ့ ရေးခဲ့တဲ့ပညတ်တရားတွေကို သတိယဖို့ရန် ဘုရားရှင်အလိုရှိတော်မူတယ်။
စတုတ္ထပညတ်ကို ပညတ်တော်ဆယ်ပါးရဲ့ အလယ်ဗဟိုရ်မှာ ဘုရားရှင်ရေးထားခဲ့ပါတယ်။
စတုတ္ထပညတ်မှာ ဖေါ်ပြတဲ့ ဥပုသ်နေ့ကို လူသားများ သတိယဖို့ ဘုရားရှင်မိန့်တော်မူတယ်။
ဘာဖြစ်လို့လည်း ဆိုတော့ ခြောက်ရက်မှာ ကောင်းကင်မြေကြီး ပင်လယ်နဲ့အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ပြီး သတ္တမနေ့မှာ နားတော်မူတယ်။



42

ဖန်ဆင်းခြင်းကို ပြန်လည်အောက်မေ့ဖို့ ဥပုသ်နေ့ကိုလူတွေ အားလုံးစောင့်ထိန်းကြရင် ဒါဝင်ရဲ့ ဆင့်ကဲသီအိုရီ ယုံကြည်သူတို့ ဘုရားမဲ့တရားမဲ့ ဝါဒတို့ဆိုဒါ ရှိမှာမဟုတ်ပါဘူး။
ဥပုသ်နေ့ကို မှန်မှန်ကန်ကန် စောင့်ထိန်းကြရင် အပတ်တိုင်းမိမိတို့ရဲ့ အခြေအမြစ်နဲ့ ဖန်ဆင်းရှင်ကိုပိုမို သိကျွမ်းလာကြမှာဖြစ်ပါတယ်။
ကမ္ဘာကြီးကို အပြစ်လွမ်းမိုးသည်နှင့်အမျှ လူတွေဟာ မိမိဘယ်အခြေအမြစ်ကလာတယ် လယ်ကိုသွားနေသလဲ ဆိုဒါကို မေ့ကုန်ကြတယ်။ ဒါ့ထက်မက ဘယ်လို အသက်ရှင်ရမလဲ ဆိုဒါကိုတောင် မသိကြတော့ပါဘူး။



43

(ဗီဒီယို။ ၁၀ စက္ကန့်)
မောရှေအချိန်တုံးက ဣသရေလလူမျိုးတွေဟာ သူတို့ရဲ့ ဘုရားသခင်ကိုလုံးဝမေ့သွားကြပါတယ်။
ရုပ်တုဆင်းတုကိုးကွယ်ခြင်းမှာ နှစ်မျောနေကြတယ်။



44

ရန်သူတွေလက်ထဲက ဣသရေလလူတွေကို ထူးထူးဆန်းဆန်းသောနည်းလမ်းတွေနဲ့ ဘုရားရှင်က ကယ်တင်ခဲ့ပြီး တောတောင်ကန္တာရများဖြတ်ကျော်ကာ ကတိတော်ပြည် အထိလုံခြုံစွာပို့ဆောင်ခဲ့ပါတယ်။
တောထဲမှာတော့ ဘုရားရှင်ဟာ ဣသရေလလူမျိုးတွေကို ဥပုသ်နေ့နဲ့ဆက်သွယ်ပြီး လုပ်စေချင်တဲ့ အရာနှစ်ခု ကို ပြုလုပ်ခဲ့ပါတယ်။



45

(ဗီဒီယို။ ၁၀ စက္ကန့်)
ပထမအနေနဲ့ ဣသရေလတွေကို မိမိကြည့်ရှုတော်မူကြောင်း အဲဂုတ္တုတိုင်းပြည်ကနေ ကယ်တင်ခဲ့ကြောင်းကိုသိရန် ဘုရားရှင်သတိပေးတော်မူတယ်။
အစာလုံလောက်အောင်မသယ်နိုင်ကြတဲ့ ဣသရေလတွေဟာ ခရီးမှာ အစာကုန်လို့ ငြီးငြူကြရပါတယ်။
ဣသရေလတွေဟာ ဘုရားရှင်ရဲ့ ဂရုဏာနဲ့အံ့ဩဘွယ်ရာ မစမှုများကို အသိအမှတ်ပြုပုံမပေါ်ပေမဲ့ အစာရေစာ များကိုချပေးမြဲ ချပေးလျက်ရှိပါတယ်။

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း




46

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁၆း၄၊၅)
'ထိုအခါထာဝရဘုရားက ကြည့်ရှုလော့။ ငါသည် သင်တို့အဘို့မိုးကောင်းကင်က မုန့်မိုးကို ရွာစေမည်'


47

'လူတို့သည် နေ့တိုင်းထွက်၍ တနေ့စားလောက်အောင် သိမ်းယူလိမ့်မည်။'


48

'ငါ၏တရားအတိုင်းကျင့်မည်လော၊ မကျင့်မည်လောဟု ထိုသို့သောအားဖြင့်သူတို့ကိုငါစုံစမ်းမည်'
ထွက်မြောက်ရာကျမ်း ၁၆း၄
ဖော်ပြပါမုန့်ကို မာန္နမုန့်လို့ခေါ်ကြပါတယ်။


49

'နေ့တိုင်းသိမ်းသောအရာထက်၊ ခြောက်ရက်မြောက်သောနေ့၌ နှစ်ဆကိုသိမ်းယူ၍


50

ပြင်ရမည်ဟု မောရှေအားမိန့်တော်မူ၏'
ထွက်မြောက်ရာကျမ်း ၁၆း၅


51

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁၆း၆)
'မောရှေနှင့်အာရုံတို့ကလည်း


52

ထာဝရဘုရားသည် သင်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူမည်ဟု ယနေ့ညဦးယံ၌သင်တို့
သိကြလိမ့်မည်'
ထွက်မြောက်ရာကျမ်း ၁၆း၆



53

(ဗီဒီယို။ ၁၆ စက္ကန့်)
ညဆီးနှင်းနှင့်အတူ မာန္နမုန့်ကျလာပါတယ်။ မိုးလင်းလို့ ဆီးနှင်းအရည်ပျော်ချိန်မှာတော့ မာန္နမုန့်တွေ မြေပေါ် မှာပြည့်လျက်ရှိတော့တယ်။
နံနက်ပိုင်းတမနက်လုံးမုန့်တွေကို ကောက်ယူနိုင်ကြတယ်။ နေ့လယ်ချိန်မှာတော့ မုန့်တွေပျောက်ကုန်ပါတယ်။ ဒါပေမဲ့ တပတ်တာရဲ့ ဆဋ္ဌမမြောက်နေ့မှာတော့ ခါတိုင်းနေ့တွေထက်ထူးခြားပါတယ်။

# ၁၁ – ပိုမိုကောင်မွန်ရေးအတွက် ဖန်ဆင်းခြင်း


54

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁၆း၂၁၊၂၂)
'ထိုသူအသီးသီးတို့သည် နေ့တိုင်းမိမိတို့စားလောက်သမျှကို သိမ်းယူကြ၏။


55

နေပူသောအခါ အရေဖြစ်လေ၏


56

ခြောက်ရက်မြောက်သောနေ့၌ မုန့်နှစ်ဆတည်းဟူသော တဩမဲ့နှစ်ဩမဲစီသိမ်းရကြ၏။


57

ထိုအကြောင်းကို ပရိသတ်အပေါင်းတို့သည် မောရှေအားကြားပြောလေ၏။'


58

ထွက်မြောက်ရာကျမ်း ၁၆း၂၃
'သူကလည်း နက်ဖြန်နေ့သည် ထာဝရဘုရား၏သန့်ရှင်းသော ဥပုသ်နေ့၊ ငြိမ်ဝပ်စွာနေရသောနေ့ဖြစ်၏။ မုန့်ကိုပေါင်းချင်သည်


59

အတိုင်းပေါင်းကြလော့။ ပြုတ်ချင်သည်အတိုင်း ပြုတ်ကြလော့၊ ကျန်သောအရာကို နံနက်တိုင်အောင် စောင့်၍ သိုထားကြလော့ဟု ထာဝရဘုရားမိန့်တော်မူကြောင်းကို ပြန်ပြောလေ၏'
ထွက်မြောက်ရာကျမ်း ၁၆း၂၁-၁၃


60

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁၆း၂၅၊၂၆)
သတ္တမနေ့နှင့်ပတ်သက်၍'မောရှေကလည်း ကျန်သောအရာကို ယနေ့စားကြလော့။ ယနေ့သည် ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ယနေ့တွင်ထိုအရာကိုတော၌မတွေ့ ရ။


61

ခြောက်ရက်ပတ်လုံး သိမ်းယူရကြ၏။ ဥပုသ်နေ့တည်းဟူသော ခုနစ်ရက်မြောက်သောနေ့တွင် မရှိမတွေ့ရဟု ဆိုလေ၏။'

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



62

များသောအားဖြင့် ဘုရားစကားကိုနားထောင်ကြပေမဲ့ တချို့က ဥပုသ်နေ့မှာမာနမုန့်ကောက်ဖို့ ကောက်ကြလေရဲ့၊ ဒီကိစ္စကိုဘုရားရှင်က ဘယ်လိုပြောခဲ့သလဲ။




63

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁၆း၂၈-၃၀)
'ထာဝရဘုရားကလည်း၊ သင်တို့သည် ငါ့ပညတ်တရားများတို့ကို အဘယ်မျှကာလပတ်လုံး ငြင်းပယ်ကြလိမ့်မည်နည်း။




64

ထာဝရဘုရားသည် ဥပုသ်နေ့ကို သင်တို့အားပေးတော်မူပြီ။ ထို့ကြောင့် ခြောက်ရက်မြောက်သောနေ့၌ နှစ်ရက်အတွက်မုန့်ကိုပေးတော်မူ၏။





65

လူတိုင်းမိမိနေရာ ၌နေစေ၊ ခုနစ်ရက်မြောက်သောနေ့၌ မိမိနေရာမှ အဘယ်သူမျှ မသွားစေနှင့် ဟုမောရှေအားမိန့်အားမိန့်တော်မူ၏၊




66

ထိုကြောင့်လူများတို့သည် ခုနှစ်ရက်မြောက်သောနေ့၌ငြိမ်ဝပ်စွာနေကြ၏။'
ထွက်မြောက်ရာကျမ်း ၁၆း၂၈-၃၀



67

ဥပုသ်နေ့ကို ဖန်ဆင်းခြင်းပတ်အတွင်း ဘုရားရှင်ခန့်ထားတော်မူသလို သိနာတောင်ကိုမလာခင်
ဘုရားရှင်ရဲ့ လူများစောင့်ထိန်းခဲ့ကြတယ်။ သိနာတောင်ကတော့
ဘုရားရှင်ပညတ်တော်ဆယ်ပါးပေးခဲ့တဲ့နေရာပေါ့။



68

အဲဂုတ္တုကနေ ထွက်ပြီးသုံးလမြောက်မှာ လူတွေကိုသိနာတောင်ဆီဘုရားခေါ်သွားခဲ့ပါတယ်။
လူတွေကိုပြောဖို့ စကားတွေမောရှေကို ဘုရားရှင်ကပေးခဲ့ပါတယ်။




69

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁၉း၅၊၆)
'ထိုကြောင့် ယခုတွင်သင်တို့သည် ငါ့စကားကို အမှန်နားထောင်၍ငါ့ပဋိညဉ်ကိုစောင့်ရှောက်လျှင်

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



70

အခြားသော လူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။



71

သင်တို့သည်လည်း မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုးဖြစ်ကြလိမ့်မည်။




72

ဟူသောအမိန့်တော်ကို ဣသရေလအမျိုးသားတို့အားဆင့်ဆိုလော့ဟု မိန့်တော်မူ၏။'
ထွက်မြောက်ရာကျမ်း ၁၉း၅၊၆



73

ဘုရားရှင်ဟာ အလွန်ကြီးမြတ်တဲ့ အခွင့်အလမ်းတွေ သူ့လူများကိုပေးခဲ့ပါတယ်။
သူ့ရဲ့ဥပဒေနဲ့ပညတ်များကို လိုက်နာစောင့်ထိန်းရင် သူ့ရဲ့အထူးရွေးချယ်ထားတဲ့ သန့်ရှင်းတဲ့လူအနေနဲ့ သတ်မှတ်မှာဖြစ်ပါတယ်။
ဥပဒေများထဲမှတခုက ဘုရားနဲ့လူစပ်ကြား ဆက်သွယ်မှုပေးတဲ့ ဥပဒေဖြစ်တယ်။ ဒီဥပဒေက 'အောက်မေ့လော့' ဆိုတဲ့စကားနဲ့ စပါတယ်။



74

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၂၀း၈-၁၁)
'ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကို အောက်မေ့လော့။ ခြောက်ရက်ပတ်လုံး အလုပ်မျိုးကိုကြိုးစား၍ လုပ်ဆောင်လော့။




75

သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏



76

ထိုနေ့၌သင်မှစ၍သင်၏သားသမီး၊ ကျွန်ယောက်ျား မိန်းမ



77

တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌နေသောဧည့်သည် အာရန္တုသည် အလုပ်မလုပ်ရ။

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



78

အကြောင်းမူကား ထာဝရဘုရားသည် မိုးကောင်းကင်မြေကြီး သမုဒ္ဒရာ၊ အရပ်ရပ်၌ ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏



79

ထို့ကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကို ကောင်းကြီးပေး၍သန့်ရှင်းစေတော်မူ၏။'
ထွက်မြောက်ရာကျမ်း ၂၀း၈-၁၁



80

ဥပုသ်နေ့ဟာ ပညတ်တော်ဆယ်ပါးရဲ့နှလုံးသား သို့မဟုတ် အလယ်ဗဟိုဖြစ်တယ်။ ဖန်ဆင်းခြင်းကို အောက်မေ့ဖွယ်ရာနေ့ဖြစ်တယ်။
ကမ္ဘာဦးကတည်းကစတင်ခဲ့ပါတယ်။
ဘုရားရှင်ရဲ့ စကားကိုနားထောင်ပြီး ဥပုသ်နေ့ကို စောင့်ထိန်းရင် ကောင်းကြီးများစွာပေးဖို့ ဘုရားရှင်ဂတိပေး တယ်။




81

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၅၈း၁၃၊၁၄)
'သင်သည် ဥပုသ်နေ့ကိုမရှုတ်ချ။ ငါသန့်ရှင်းသောနေ့မှာ ကိုယ်အလိုသို့မလိုက်၊ ဥပုသ်နေ့ကို မွေ့လျော်ရာနေ့၊



82

ထာဝရဘုရားအဖို့သန့်ရှင်းသောနေ့၊ ရှိသေဘွယ်ရာနေ့ဟူ၍ခေါ်သဖြင့် ကိုယ်အမှုကိုမပြု




83

ကိုယ့်အလိုသို့မလိုက်၊ ကိုယ့်စကားကိုမပြောဘဲနေ၍



84

ထိုနေ့ကိုရှိသေလျှင် သင်သည် ထာဝရဘုရား၌ပျော်မွေ့ရလိမ့်မည်။'
ဟေရှာယအနာဂတ္တိကျမ်း ၅၈း၁၃၊၁၄
အောက်မေ့ဘွယ်ရာနေ့ကို လူတွေစောင့်ထိန်းကြလျှင် ရင်ဆိုင်နေရတဲ့ပြဿနာတွေ၊ ဘုရားကိုမေ့တာတွေ၊ အဓိပ္ပါယ်ကင်းမဲ့တဲ့ အသက်တာတွေ၊ ဒုက္ခပြဿနာတွေအားလုံးဟာပြေလည်သွားပါလိမ့်မယ်။ ကိုယ့်ဟာကိုယ် လူဖြစ်လာပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေလည်း မရှိတော့ပါဘူး။




85

(ဗီဒီယို။ ၈ စက္ကန့်)
ဝမ်းနည်းစရာကောင်းတာကတော့ လူတွေဟာဘုရားကိုမေ့ကြတယ်။ သန့်ရှင်းတဲ့နေ့မှာဘုရားကိုဝတ်မပြုကြဘူး။

# ၁၁ – ပိုမိုကောင်မွန်ရေးအတွက် ဖန်ဆင်းခြင်း


86


မမှန်သောဘုရား တွေကို အတော်ကြာကြာကိုးကွယ်ခဲ့ကြပါပြီ။ သူတို့ရဲ့ အရင်းအမြစ်တွေပျောက်နေကြပါပြီ။


87

ရာစုနှစ်များအတွင်း ဘုရားရှင်ရဲ့ ပရောဖက်များပြန်လည်သတိပေးဟောကြားတဲ့အတွက် လူတွေ ဥပုသ်နေ့ကို ပြန်လည်စောင့်ထိန်းခဲ့ကြပါတယ်။
ဥပုသ်နေ့ဟာ ယုဒလူမျိုးများအတွက်သာလျှင်ဖြစ်တယ်လို့ ဘုရားရှင်မမိန့်မြွက်ခဲ့ပါဘူးလို့ ဟေရှာယကဖေါ်ပြခဲ့ ပါတယ်။



88

ယုဒလူမျိုးတွေ မရှိခင်ကတည်းက ဥပုသ်နေ့ရှိခဲ့ပါတယ်။ ကောင်းကြီးမင်္လာကို လူတစ်မျိုးအတွက်သာ ဘုရားရှင်ပေးဘို့မရည်ရွယ်ပါဘူး။



89

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၅၆း၆၊၇)
လူမျိုးတကာကို ဥပုသ်စောင့်ဖို့ ဘုရားရှင်ဖိတ်ခေါ်နေပါတယ်။
'ဥပုသ်နေ့ . . . စောင့်ရှောက်၍ငါ၏ပဋိညာဉ်ကိုစွဲလမ်းသောသူ အပေါင်းတို့ကို




90

ငါ၏သန့်ရှင်းသောတောင်သို့ ငါဆောင်ခဲ့၍ ငါ၏ပဌနာအိမ်၌ ဝမ်းမြောက်စေမည်။



91

ငါ့အိမ်ကို လူအမျိုးမျိုးဆုတောင်းရာအိမ်ဟူ၍ခေါ်ဝေါ်ကြလတံ့။'
ဟေရှာယအနာဂတ္တိကျမ်း ၅၆း၆၊၇



92


'ယုမျိုးများရဲ့ဥပုသ်' လို့ခေါ်ထားတာ ကျမ်းစာထဲကဘယ်နေရာမှ မရှိပါဘူး။
ခရစ်တော်က ဒီနေ့ဟာလူအားလုံးအတွက်ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။



93

(ကျမ်းချက်။ ရှင်မာကုခရစ်ဝင် ၂း၂၇)
'ထိုမှတပါး ဥပုသ်နေ့သည် လူအဖို့ဖြစ်၏။ လူသည် ဥပုသ်နေ့အဘို့ဖြစ်သည် မဟုတ်။'
ရှင်မာကုခရစ်ဝင် ၂း၂၇

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



94

(ထွက်မြောက်ရာကျမ်း ၂၀း၁၀)
'သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏. . . '



95

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၁၂း၈)
ခရစ်တော်က ဘယ်လိုပြောသလဲ 'လူသားသည် ဥပုသ်နေ့ကို အစိုးရသည်ဟုမိန့်တော်မူ၏'
(ရှင်မဿဲခရစ်ဝင် ၁၂း၈)ဘာဖြစ်လို့လည်းဆိုတော့ သူဖန်ဆင်းထားတာကိုး



96

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁း၁၀)
ဒါကြောင့်လည်း ဗျာဒိတ်ယောဟန်က 'သခင်ဘုရားရဲ့နေ့' လို့ ဥပုသ်နေ့ကိုခေါ်ထားပါတယ်။
ဗျာဒိတ်ကျမ်း ၁း၁၀
ဥပုသ်နေ့ဟာ ဖန်ဆင်းရှင်ကို သတိရဖို့အတွက်သာမကပါဘူး။ ဘုရားနဲ့လူစပ်ကြားမှာ လက္ခဏာ သက်သေလည်းဖြစ်ပါတယ်။



97

(ကျမ်းချက်။ ယေဇကျေလအနာဂတ္တိကျမ်း ၂၀း၂၀)
'ငါ၏ဥပုသ်နေ့ကို သန့်ရှင်းစေကြလော့။. . . သင်တို့နှင့်ငါ့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်လိမ့်မည်။



98

ငါသည်လည်းသင်တို့၏ ဘုရားရှင်ဖြစ်ကြောင်းသိကြမည်။'
ယေဇကျေလအနာဂတ္တိကျမ်း ၂၀း၂၀
ဖန်ဆင်းခြင်းသတ္တပတ်မှာဥပုသ်နေ့ကိုသန့်ရှင်းစေသောအရှင်ဟာ အပြစ်သားများကိုသန့်စင်စေသော အရှင်ဖြစ်ပါတယ်။
ဖန်းဆင်းရှင်ဟာ ကယ်တင်ရှင်လည်း ဖြစ်ပါတယ်။




99

(ကျမ်းချက်။ ယေဇကျေလအနာဂတ္တိကျမ်း ၂၀း၁၂)
'ငါနှင့်သူတို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှါ ငါ၏ဥပုသ်နေ့ကို ငါခန့်ထား၏။'



100

ထိုမှတပါး ငါထာဝရဘုရားသည် သူတို့ကိုသန့်ရှင်းစေသည်ဟု သူတို့သည်သိမည်အကြောင်း'
ယေဇကျေလအနာဂတ္တိကျမ်း ၂၀း၁၂



101

(ဗီဒီယို။ ၁၂ စက္ကန့်)
မြေကမ္ဘာပေါ် အပြစ်မဝင်ခင်ကတည်းက ဥပုသ်နေ့ကို ဘုရားရှင်ထားခဲ့တယ်။ အပြစ်ထာဝစဉ် ပျောက်ကွယ်သွားပြီးတဲ့နောက်မှာလည်း ဥပုသ်နေ့ကို ဆက်လက်စောင့်ထိန်းကြရမှာပါပဲ

# ၁၁ – ပိုမိုကောင်မွန်ရေးအတွက် ဖန်ဆင်းခြင်း




102

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၆၆း၂၂၊၂၃)
'ငါဖန်ဆင်းသော ကောင်းကင်သစ်နှင့်မြေကြီးသစ်သည် ငါရှေ့၌တည်သကဲ့သို့




103

သင်တို့၏အမျိုးအနွယ်နှင့်သင်တို့၏နာမသည်လည်း တည်ရလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။'




104

လဆန်းနေ့နှင့်ဥပုသ်နေ့အစဉ်အတိုင်း




105

လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာကိုးကွယ်ခြင်းငှါ လာကြလိမ့်မည်ဟုထာဝရဘုရားမိန့်တော်မူ၏။'
ဟေရှာယအနာဂတ္တိကျမ်း ၆၆း၂၂၊၂၃




106

(ဗီဒီယို။ ၆ စက္ကန့်)
ဘုရားသခင်၏လူများသည် အစဉ်ထာဝရမိမိတို့ရဲ့ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်ကိုဂုဏ်ပြုသောအားဖြင့် ဥပုသ်နေ့ကို စောင့်ထိန်းကြပါလိမ့်မည်။
ကမ္ဘာကြီးပေါ်အပြစ်မဝင်ခင်ကတည်းက ဥပုသ်နေ့ကိုစောင့်ထိန်းခဲ့ပြီး ကမ္ဘာသစ်မှာလည်းစောင့်ထိန်းကြမယ်ဆိုရင် ဘုရားရှင်ရဲ့လူများဟာ အခုလည်း ဥပုသ်နေ့ကို စောင့်ထိန်းဖို့လိုတယ်ဆိုတာ မှန်တာပေါ့။



107

ဘုရားရှင်နဲ့ဥပုသ်နေ့အပေါ် ကျွန်ုပ်တို့ သံသယရှိရင် ဒီအရာတွေအပေါ်ခရစ်တော်ဘယ်လိုသဘောထားခဲ့သလဲဆိုတာ ပြန်ဆန်းစစ်ကြည့်ပါ။



108

ဥပုသ်နေ့မှာ ခရစ်တော်ဘာလုပ်ခဲ့သလဲ ဆိုတာကို ရှင်လုကာပြောပြပါတယ်။




109

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၄း၁၆)
'ကြီးပွားတော်မူရာ နာဇရက်မြို့သို့ပြန်ရောက်လျှင်

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



110

ထုံးစံတော်ရှိသည်အတိုင်း ဥပုသ်နေ့၌တရားဇရပ်သို့ဝင်၍ကျမ်းစာကိုဖတ်ရွတ်ခြင်းငှါ ထတော်မူ၏' ရှင်လုကာခရစ်ဝင် ၄း၁၆

ဒါတွေဟာ ခရစ်တော်ရဲ့ အလေ့အထလို့ကျမ်းစာက ဆိုပါတယ်။



111

ဝက်ဘ်စတာ လို့ခေါ်တဲ့ အင်္ဂလိပ်အဘိဓါန်ထဲမှာ ဥပုသ်နေ့ဟာ သတ္တမနေ့စနေနေ့ဖြစ်တယ်လို့ အနက်ဖွင့်ထားပါတယ်။



112

ဝက်ဘ်စတာ အင်္ဂလိပ် အဘိဓါန်သစ်၊ ဒုတိယအကြိမ် ပုံနှိပ်တဲ့စာအုပ်ထဲမှာ မှတ်တမ်းတင်ထားပါတယ်။



113

(ဗီဒီယို။ ၉ စက္ကန့်)
အာဒံ အချိန်နှင့်မောရှေအချိန်ကြားမှာ ဥပုသ်နေ့ကိုပြောင်းလဲတာ တို့မေ့ခဲ့တာတို့ရှိခဲ့ရင်တော့၊ သိနာတောင် ပေါ်မှာ ဘုရားရှင်ပညတ်တော်ဆယ်ပါးပြန်ရေးတဲ့အခါမှာ တခုခုတော့ဖေါ်ပြခဲ့မှာပါ။



114

(ဗီဒီယို။ ၁၁ စက္ကန့်)
မောရှေ အချိန်နဲ့ခရစ်တော်အချိန်ကြားကာလမှာ ဥပုသ်နေ့ပျောက်သွားတယ်ဆိုရင်လည်း ခရစ်တော်က အတိအလင်းဖေါ်ပြပြီး မှတ်တမ်းတင်ထားမှာပါ။



115

(ဗီဒီယို။ ၉ စက္ကန့်)
တမန်တော်များအချိန်မှာ ဥပုသ်နေ့ကိုပြောင်းလဲခဲ့မယ်ဆိုရင်လည်း သူတို့တွေ မှတ်တမ်းတင်ရေးထားကြမှာပါ။



116

(ဗီဒီယို။ ၉ စက္ကန့်)
ဥပုသ်နေ့နဲ့ပတ်သက်တဲ့ အကြောင်းတွေကို တိတိကျကျ လိုက်လျှောက်ရေးသားခဲ့တဲ့ ယုဒလူမျိုးတွေလည်း သတ္တမနေ့၊ စနေနေ့ကို ဥပုသ်အနေနဲ့စောင့်ကြတုန်းပါပဲ။

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



117

(ဗီဒီယို။ ၁၉ စက္ကန့်)
ဥပုသ်နေ့ပြောင်းလဲခြင်းနဲ့ပတ်သက်ပြီး မြေကြီးပေါ်မှာ ခရစ်တော်သက်တော်ထင်ရှားစဉ်တုံးက အငြင်းပွားမှု၊ ဆွေးနွေးမှုတွေမရှိခဲ့ပါဘူး။

ဥပုသ်နေ့ကို ဘယ်လိုစောင့်ထိန်းကြသလဲဆိုတာကိုသာ ဆွေးနွေးငြင်းခုံခဲ့ကြတာပါ။

ဟိုတုန်းက ကျမ်းတတ်ဆရာ (ဖါရိရှဲ) များသာ ဥပုသ်နေ့ကို
လူတွေစောင့်ထိန်းရခက်အောင်ကြီးလေးခက်ခဲတဲ့ ဥပုသ်နေ့ ဥပဒေတွေကို သူတို့သဘောအရ ထုတ်ပြန်ခဲ့တယ်။
ခရစ်တော်က လူလုပ်ပညတ်တွေကို ပပျောက်အောင်နဲ့ တစ်ဖက်ကလည်း
ဥပုသ်စောင့်ခြင်းရဲ့အဓိပ္ပါယ်အမှန်ကို လူတွေသိအောင်ဆောင်ရွက်ခဲ့ပါတယ်။


118

ဥပုသ်နေ့မှာလူနာတွေကိုကုသပျောက်ကင်းစေခဲ့လို့ ဖါရိရှဲများ သူ့ကိုစွပ်စွဲတဲ့အခါ၊ ခရစ်တော်က



119

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၁၂း၁၂)
'ဥပုသ်နေ့၌ကျေးဇူးပြုအပ်သည်ဟုပြန်ပြောတော်မူပြီးမှ. . '
ရှင်မဿဲခရစ်ဝင် ၁၂း၁၂



120

(ဗီဒီယို။ ၈ စက္ကန့်)
ဥပုသ်နေ့မှာ ခရစ်တော်အမှုတော်ဆောင်ရွက်ခဲ့တယ်၊ လူနာတွေကိုကုသခဲ့တယ် လို့ကျမ်းစာက ဖေါ်ပြပါတယ်။


ဥပုသ်နေ့ဟာ ကျွန်ုပ်တို့ကိုယ်စိတ်နှလုံးရွှင်ပြုံးစေဖို့ အာဃာတတရားများ၊ တကိုယ်ကောင်းဆန်ခြင်းများနှင့် အခြားအပြစ်များကနေလွတ်ကင်းစေဖို့ နဲ့ စိတ်ရဲ့ငြိမ်သက်ခြင်းရယူနိုင်ဖို့ အတွက်ဖြစ်ပါတယ်။

ဖန်ဆင်းရှင်ဘုရားရဲ့ရုပ်လုံးပုံသဏ္ဍာန် ကျွန်ုပ်တို့ကိုယ်မှာပြန်ထင်ဟပ်စေဖို့အတွက်လည်းဖြစ်ပါတယ်။
ဒီအမှုဒီလုပ်ငန်းတွေကို ခရစ်တော်ဆောင်ရွက်ခဲ့ပါတယ်။ နောက်တော့
တပည့်တော်တွေဆောင်ရွက်ခဲ့ပါတယ်။



121

(ဗီဒီယို။ ၁၁ စက္ကန့်)
ဥပုသ်စောင့်ထိန်းခြင်းရဲ့အဓိပ္ပါယ်ကို တပည့်တော်များက
ခရစ်တော်သေဆုံးတဲ့အချိန်မှာဖေါ်ပြခဲ့ကြပါတယ်။
ခရစ်တော်သေဆုံးတဲ့အခါ ကိုယ်ခန္ဓာကို ဆီလိမ်းဘို့ သူ့ရဲ့မိတ်ဆွေများ ဥပုသ်စောင့်ထိန်းပြီး
ဥပုသ်အထွက်မှာ ဘဲ ဆီလိမ်းခြင်းအမှုကိုပြုခဲ့ကြပါတယ်။



122

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၃း၅၄-၅၆)
'ထိုနေ့ကား အဘိတ်နေ့ဖြစ်၍ဥပုသ်နေ့အချိန်နီးသတည်း။'

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း





123

ဂါလိလဲပြည်မှကိုယ်တော်နှင့်အတူလာသောမိန်းမများသည် သင်္ချိုင်းတော်ကိုငှင်း၊ အလောင်းတော်ကိုအဘယ်သို့ ထားသည်ကို ၄င်းအကြည့်အရှုလိုက်လာကြ၏။



124

ထိုနောက်မှ ပြန်သွားပြီးလျှင် ဆီမွှေးနှင့်နံ့သာမျိုးကိုပြင်ဆင်၍ ပညတ်တော်အတိုင်း ဥပုသ်နေ့၌အလုပ်မလုပ်ဘဲ နေကြ၏။'
ရှင်လုကာခရစ်ဝင် ၂၃း၅၄-၅၆




125

(ဗီဒီယို။ ၈ စက္ကန့်)
ဥပုသ်နေ့မတိုင်မီရက်မှာ သူတို့ရဲ့ ခရစ်တော်ကိုအမှီပြုသည့် မျှော်လင့်ချက်များပျက်စီးခဲ့ကြတယ်။
ကားတိုင်ပေါ်မှာ ရက်စက်စွာ ခရစ်တော်အသေခံခဲ့ရကြောင်းသူတို့တွေ သက်သေခံခဲ့ကြတယ်။
သူတို့မျှော်လင့် ချက်တွေ မှန်းထားချက်တွေလည်း သင်္ချိုင်းဂူထဲမှာ မြှုပ်နှံခြင်းခံခဲ့ရပြီ။
ခရစ်တော်ရဲ့ ရုပ်ကလာပ်ကိုတော့ သူတို့ဆီလိမ်းချင်ကြပါသေးတယ်။



126

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၄း၁)
'ခုနစ်ရက်တွင် ပထမနေ့ရက် အာရုဏ်တက်သောအချိန်၌ ထိုမိန်းမတို့သည် အခြားသောမိန်းမတို့နှင့်တကွ မိမိတို့ပြင်ဆင်သော နံ့သာမျိုးကိုဆောင်လျက် သင်္ချိုင်းတော်သို့သွားကြ၏။'
ရှင်လုကာခရစ်ဝင် ၂၄း၁



127

သတိယတမ်းတဖွယ်ရာကောင်းတဲ့ ရက် (၃) ရက်မှာဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ကြည့်ကြအုံးစို့။



128

၁။ သောကြာနေ့ - ခရစ်တော်သေဆုံးခဲ့တယ်။ အမျိုးသမီးများ ဆီမွှေးနံ့သာပြင်ဆင်ခဲ့ကြတယ်။



129

၂။ စနေနေ့ (ဥပုသ်နေ့) - သင်္ချိုင်းဂူထဲမှာ ခရစ်တော်နားနေတော်မူခဲ့တယ်။ တပည့်တော်များ ဥပုသ်စောင့်ခဲ့ကြတယ်။



130

၃။
တနင်္ဂနွေနေ့ (တပတ်ရဲ့ပထမနေ့) - ခရစ်တော်ထမြောက်တော်မူခဲ့တယ်။ အမျိုးသမီးများ ခရစ်တော်ကို ဆီလိမ်းခဲ့တယ်။

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



131

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၀)
အဘိတ်နေ့မှာ ခရစ်တော်ကိုကားတိုင်ပေါ်တင်ခဲ့ကြပါတယ်။
'အမှုပြီးပြီ'
ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၀


132

သူ့ရဲ့ကယ်တင်ခြင်းလုပ်ငန်းဟာ ပြည့်စုံခဲ့ပြီ။
ဥပုသ်တနေ့လုံးသင်္ချိုင်းဂူထဲမှာ နားနေတော်မူခဲ့တယ်။



133


(ဗီဒီယို။ ၆ စက္ကန့်)
တပတ်တာရဲ့ပထမနေ့ရက်ဖြစ်တဲ့ တနင်္ဂနွေနေ့မှာ ခရစ်တော်သေခြင်းမှ ထမြောက်တော်မူတယ်။
သေဆုံးတဲ့အခါမှာတောင် ဥပုသ်နေ့ကို ခရစ်တော်စောင့်ခဲ့တယ်။ သင်္ချိုင်းဂူထဲမှာ
ဥပုသ်စောင့်အနားယူတော်မူ ခဲ့တယ်။

ကားတိုင်နားမှ မတ်တပ်ရပ်ရင်းနဲ့ ဥပုသ်နေ့ဟာ ဘယ်ရက်မဆိုမဖြစ်နိုင်ပါလားလို့တွေးမိပါတယ်။
စနေနေ့ကလွဲလို့ အခြားဘာနေ့မှ မဖြစ်နိုင်ဘူးပေါ့။

ဥပုသ်နေ့အပေါ်သဘောထားမှားခဲ့ရင်၊ ဖန်ဆင်းခြင်း၊ သိနာတောင်နဲ့ကယ်တင်ခြင်းစီမံကိန်းကိုပါ
သဘောထား မှားတာနဲ့ တူပါတယ်။



134

ဘယ်နေ့မှာ ဥပုသ်စောင့်သလဲဆိုတာဟာ အရေးထားဖို့လိုပါတယ်။ ခရစ်ယာန်စာရေးဆရာ ဂျော့ဗင်ဒီမင်က
ဘယ်လိုရေးထားခဲ့လဲဆိုတော့




135

'မေတ္တာဖြင့်အမှုဆောင်နေရင်းနဲ့ဥပုသ်နေ့ကိုရှုတ်ချနိုင်သောကြောင့် ထိုသို့မပြုမိစေရန်ရှောင်ရှားသည့်
နောက်တော်လိုက်များကို လက်ပိုက်၍ကြည့်နိုင်မည်လား။



136

ကိုယ်တော်၏အသက်တော်မစွန့်ရလေအောင် ပညတ်တော်ကို မပြုပြင်နိုင်သောကြောင့် လက်ဝါးကပ်တိုင်
ပေါ်၌ သက်တော်စွန့်တော်မူသည့် ကိုယ်တော်ကိုလက်ပိုက်၍ကြည့်နိုင်မည်လား။



137

ခရစ်တော်ရဲ့ ကယ်တင်ခြင်းဘုန်းတော်ရောင်ခြည်မှာထနေပြီး ဒါတွေဟာကိစ္စမရှိပါဘူးလို့ ကျွန်ုပ်တို့ဘယ်လို
ပြောနိုင်မှာလဲ။
'အောက်မေ့ဘွယ်ရာနေ့တနေ့' စာမျက်နှာ ၄၀

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း





138

ဖန်ဆင်းရှင်က ဥပုသ်နေ့ကိုသတိရပါလို့ပြောပေမဲ့လို့ လူအများ ကမေ့ကြပါတယ်။ ဒါတွေဟာ ဘုရားရဲ့ ရည်ရွယ်ချက် မဟုတ်ပါဘူး။
ယေရှုကတော့ ခရစ်ယာန်တိုင်းဥပုသ်နေ့ကိုအစဉ်အတိုင်း အဆက်မပြတ်စောင့်ထိန်းဘို့ မျှော်လင့်တော်မူတယ်။



139

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင်၂၄း၂၀)
'သင်တို့ပြေးရသောအချိန်သည် ဆောင်းကာလ၌မကျ၊ ဥပုသ်နေ့၌လည်းမကျမည်အကြောင်း ဆုတောင်းကြလော့'
ရှင်မဿဲခရစ်ဝင်၂၄း၂၀




140

(ဗီဒီယို။ ၆ စက္ကန့်)
ခရစ်သက္ကရာဇ် ၇၀ မှာ ယေရုဆလင်မြို့ဖျက်ဆီးခြင်းခံရသော်လည်း ခရစ်ယာန်များ ဥပုသ်နေ့ကို ဆက်လက်စောင့်ထိန်းဘို့ ခရစ်တော် မျှော်လင့်ခဲ့ပါတယ်။



141

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၇း၁၊၂)
ခရစ်တော်ရှင်ပြန်ထမြောက်ပြီးနောက်မှာလည်း တပည့်တော်များဥပုသ်စောင့်ထိန်းမြဲစောင့်ထိန်းခဲ့ကြောင်း ဓမ္မသစ်ကျမ်းက မှတ်တမ်းတင်ထားပါတယ်။
'. . . သူတို့သည် သက်သာလောနိမြို့သို့ရောက်ကြ၏။ ထိုမြို့မှာ ယုဒတရားဇရပ်ရှိ၏။'



142

'ပေါလုသည် မိမိထုံးစံရှိသည်အတိုင်း ထိုဇရပ်သို့ဝင်၍ဥပုသ်နေ့သုံးရက်တွင် ကျမ်းစာကိုအမှီပြု၍ထိုသူတို့နှင့် ဆွေးနွေးနှီးနှောသဖြင့် '
တမန်တော်ဝတ္ထု ၁၇း၁၊၂
နောက်အခြားဥပုသ်နေ့တွင် ပေါလုတရားဟောသောအခါလူအချို့တို့သူ့ကိုတရားဟောပေးရန် တောင်းဆိုကြ၏။



143

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၃း ၄၂၊၄၄)
'. . . ထိုအကြောင်းအရာကိုမိမိတို့အားနောက်ဥပုသ်နေ့၌ဟောပြောပအမည်အကြောင်း တောင်းပန်ကြ၏။'



144

နောက်ဥပုသ်နေ့၌ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို နားထောင်အံ့သောငှါ တမြို့လုံးကုန်မတတ် စည်းဝေးကြ၏'
တမန်တော် ၁၃း၄၂၊၄၄



145

တမန်တော်ကျမ်းမှာ မှတ်တမ်းတင်ချက်အရ ဥပုသ်နေ့တွင် ပေါလုတရားဟောတဲ့အကြိမ် (၈၄) ကြိမ် ရှိခဲ့ပါတယ်။

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



146

ဥပုသ်နေ့ဟာ ကမ္ဘာဦးကျမ်းကစ ဒုတိယအကြိမ်ကြွလာမည့် ခရစ်တော်ကို ကြိုဆိုနိုင်ဖို့ပြင်ဆင်နေ ကြတဲ့ ပုဂ္ဂိုလ်များအကြောင်းရေးသားထားတဲ့ ဗျာဒိတ်ကျမ်းအထိ အဆက်မပြတ် ဖေါ်ပြထားပါတယ်။




147

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၁၂)
'ဘုရားသခင်၏ ပညတ်တို့ကိုငှင်း၊ ယေရှု၏ယုံကြည်ခြင်းကိုငှင်း၊ စောင့်ရှောက်သော သန့်ရှင်းသူတို့သည် ဤအရာ၌ သည်းခံစရာအကြောင်းရှိ၏။'
ဗျာဒိတ်ကျမ်း ၁၄း၁၂




148

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၁၄း၁၅)
'ငါ့ကိုချစ်လျှင်၊ ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့' ဟုခရစ်တော်မိန့်တော်မူ၏။ ယောဟန်ခရစ်ဝင် ၁၄း၁၅
ပညတ်တော် (၁၀) ပါးထဲက တချက်ကတော့ ဥပုသ်နေ့ကိုအောက်မေ့ဘို့ပြောထားပါတယ်။




149

သတ္တမနေ့ဥပုသ်နေ့မှာ ဖန်ဆင်းရှင်ဘုရားကို ကျွန်ုပ်တို့မှန်မှန်ရှိခိုးရင်၊ ကျွန်ုပ်တို့ဘယ်ကဖြစ်လာသလဲ၊ ကျွန်ုပ်တို့နဲ့ အခြားအရာခပ်သိမ်းဖန်ဆင်းတဲ့ ဘုရားကို ဘယ်တော့မှမမေ့နိုင်ပါဘူး။



150

ဥပုသ်နေ့ကို ကျွန်ုပ်တို့မှန်မှန်စောင့်ထိန်းရင် ကျွန်ုပ်တို့ဟာဘုရားရှင်ရဲ့သားတွေ သမီးတွေဖြစ်ကြောင်းပိုမိုသိရှိ ပါလိမ့်မယ်။



151

ဘုရားရှင်ဟာ ကျွန်ုပ်တို့ကိုဖန်ဆင်းခဲ့တယ်၊ ကျွန်ုပ်တို့ကို အလိုရှိတော်မူတယ်။ ဒါကြောင့် ကျွန်ုပ်တို့ဒီမှာ ရှိနေကြတယ်ဆိုတာကို ပိုသိရပါလိမ့်မယ်။



152

ဥပုသ်နေ့ကိုသတိယပါလို့ပြောတဲ့ခရစ်တော်ဟာ တချိန်ကကားတိုင်ပေါ်မှာသံရိုက်ခံခဲ့ရတဲ့လက်ကိုဆန့်ပြီး ငါ့နောက်သို့လိုက်ပါလို့ ဖြည်းညင်းစွာနဲ့ဒီညမှာခေါ်နေပါတယ်။




153

ဖန်ဆင်းရှင်နောက်ကိုလိုက်မလား၊ ဥပုသ်နေ့ကိုစောင့်ထိန်းခြင်းအားဖြင့် ဘုရားရှင်အလိုတော်ကို နာခံမလား၊
ခရစ်တော်နဲ့တပည့်တော်များ သတ္တမနေ့ဥပုသ်ကိုစောင့်ထိန်းခဲ့သလို သင်လည်းလိုက်လျှောက်ပါမည်လား။

# ၁၁ – ပိုမိုကောင်းမွန်ရေးအတွက် ဖန်ဆင်းခြင်း



154

ဥပုသ်စောင့်ခြင်းဟာ ထိုနေ့ရက်ကို ဥပုသ်အဖြစ်သတ်မှတ်ပြီးစောင့်ထိန်းတာမျှသာမဟုတ်ပါဘူး။

- ခရစ်တော်ရဲ့ခြေတော်ရာအတိုင်းလိုက်လျှောက်ခြင်းဖြစ်ပါတယ်။
- ဧဒင်ဥယျာဉ်ထဲမှာ အာဒံနဲ့ဧဝ စောင့်ထိန်းခဲ့သလိုစောင့်ထိန်းခြင်းဖြစ်ပါတယ်။
- မောရှေအားဖြင့် ဘုရားရှင်မိန့်မြွက်တော်မူခဲ့တဲ့ ‘ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကို အောက်မေ့လော့’ ဆိုတဲ့ပညတ်ကို လိုက်လျှောက်ခြင်းဖြစ်ပါတယ်။
- ဓမ္မဟောင်းအချိန်တုံးက သက်ရှင်ခဲ့ကြတဲ့ ပရောဖက်ဟေရှာယတို့၊ ယေရမိတို့၊ ဒံယေလစောင့်ထိန်းခဲ့ တဲ့ရက်ကိုစောင့်ထိန်းခြင်းဖြစ်ပါတယ်။
- ပေတရု ယာကုပ် နဲ့ ယောဟန်တို့ ဥပုသ်နေ့တိုင်း ဖန်ဆင်းရှင်ကိုချီးမွမ်းခဲ့သလို ချီးမွမ်းခြင်းဖြစ်ပါတယ်။
- ဗျာဒိတ်ကျမ်းမှာ ဖေါ်ပြတဲ့နောက်ဆုံးကာလ အချိန်မှာကျန်ကြွင်းသောအသင်းတော်မှ အသင်းသူ အသင်းသားများ ပညတ်တော်စောင့်ထိန်းသလို စောင့်ထိန်းခြင်းဖြစ်ပါတယ်။

‘မှန်ပါတယ်။ သခင်ယေရှု၊ ကိုယ်တော်ဘက် မှာကျွန်ုပ်ရပ်တည်ပါမယ်။ ကိုယ်တော်ကို ကျွန်ုပ် ပထမနေရာတွင်ထားပါမယ်။ ကိုယ်တော်နောက်တော်သို့ အစဉ်လိုက်ပါမည်’ လို့ပြောလိုသူများ ဆန္ဒရှိသူများ ကျွန်ုပ်တို့ဆုတောင်းစဉ်လက်မြှောက်ထားကြပါ။

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ





1

သင့်အပေါ်ကျရောက်ရန်ခွင့်မပြုပါနှင့်။


2

ဒဏ္ဍာရီအဖြစ်ပျက်များသည် ကာလကြာမြင့်စွာတည်ရှိပါက ၄င်းတို့ကိုအမှန်တရားဟုအများကလက်ခံတတ်ပါ သည်။ ဥပမာပြရမယ်ဆိုရင် ဂရိအတွေးအခေါ်ပညာရှင် အရစ္စတိုတယ်က ခရစ်တော်မပေါ်ခင် နှစ်ပေါင်း ၃၅၀ခန့်က ပင့်ကူတစ်ကောင်တွင် ခြေတောက် ၆ ချောင်းရှိတယ် လေ့လာတင်ပြခဲ့တယ်။

၂၀ ရာစုရောက်တဲ့အထိတိုင် ပင့်ကူတစ်ကောင်မှာခြေထောက် ၆ ချောင်းရှိတယ်လို့လက်ခံနေကြတုန်းပါပဲ။ တစ်စုံတစ်ယောက်ကမှသေချာစွာ မရေတွက်မစူးစမ်းခဲ့ပါဘူး။ ပြီတော့ ဒီလိုပညာရှင်မျိုးကို ဘယ်သူက ယှဉ်တုပြီး စိန်ခေါ်ရဲမှာလဲ။

ကောင်းပြီ အတော်ကြာလာတဲ့အခါမှာ သဘာဝပညာရှင်၊ ဇီဝဗေဒ ပညာရှင်ကြီးတစ်ဦးဖြစ်တဲ့ လာမာတ်က ပင့်ကူရဲ့ခြေထောက် ဘယ်နှစ်ချောင်းရှိလဲဆိုတာ ရေတွက်ခဲ့ပါတယ်။ ဘယ်နှစ်ချောင်းရှိလဲ။ ရှစ်ချောင်းအတိရှိ ပါတယ်။ ဒဏ္ဍာရီအဖြစ်နဲ့ ရာစုတော်တော်ကြာမှန်ကန်နေတဲ့ အရာလေးဟာ မာတ်ရဲ့ ရေတွက်မှုအားဖြင့် ပျက်သုန်းခဲ့ရပါတယ်။


3

ဒါဆိုရင် ဘာသာရေးရဲ့ဒဏ္ဍာရီများဟာ ခရစ်ယာန်အသင်းတော်ကနေ လွဲမှားစွာ ချွတ်ချော်သွားပြီလား။ ဒီနေရာမှာ ဆိုရင် ပင့်ကူရဲ့ခြေထောက်ခြောက်ချောင်း၊ ရှစ်ခြောင်းထက်များစွာ အရေးကြီးတဲ့ အရာတစ်ခုခုကို ဖေါ်ဆောင်မိခဲ့သလား။
သန်းပေါင်းများစွာသော သူတို့ဟာ သမ္မာကျမ်းစာရဲ့ ဥပုသ်တော်နေ့အဖြစ် ရက်သတ္တပါတ်ရဲ့ ပထမနေ့ရက်ကို ယုံကြည်ပြီးတော့လက်ခံပြီး ဝတ်ပြုကိုးကွယ်နေကြပါတယ်။
ကျွန်တော်တို့ရဲ့နောက်ဆုံးအပိုင်းမှာ ကျွန်တော်တို့ တွေ့ရှိခဲ့တဲ့ အချက်ကတော့ ရက်သတ္တပါတ်ရဲ့ သတ္တမနေ့ရက်ဖြစ်တဲ့ စနေနေ့ဟာ ဘုရားသခင်၏မှန်ကန်
တဲ့ ဥပုသ်တော်နေ့ဖြစ်ပါတယ်။
ဘာနဲ့တူညီနေသလဲဆိုတော့ နှစ်ပေါင်း၂၀၀၀လုံးလုံးမှားယွင်းစွာယုံကြည်ခဲ့တဲ့ ပင့်ကူတစ်ကောင်ရဲ့ခြေထောက် ၆ ချောင်းဘဲရှိတယ်လို့သိခဲ့သလို သန်းပေါင်းများစွာသောသူတို့ဟာ ဒဏ္ဍာရီကိုသာ လက်ခံခဲ့ကြပြီး စစ်မှန်တဲ့ ဥပုသ်နေ့ကြီးကို ဖုံးကွယ်ထားခဲ့ကြပါတယ်။
အမှန်တရားကို ကွယ်ထားခဲ့ကြတယ်။
ဒီသမ္မာကျမ်းစာတင်ဆက်နေတဲ့အစီအစဉ်ကိုတက်ရောက်ရတဲ့အကြောင်းကတော့ ခင်ဗျားရဲ့စိတ်နှလုံးသားထဲမှာအမှန်တရားကို သိလိုသောဆန္ဒရှိလို့သာဖြစ်ပါလိမ့်မယ်။ ဘုရားရှင်ရဲ့နှုတ်ကပါတ်တော်က အမှန်တကယ် ဘာပြောသလဲဆိုဒါသင်သိလိုတယ်။ ဘာသာရေးခေါင်းဆောင်တွေဘာသွန်သင်နေတယ်ဆိုတာ ခင်ဗျားစိတ်ဝင် စားမှုရှိမှာမဟုတ်ပါဘူး။ ဘုရားရှင်ဘာပြောသလဲဆိုတာ ခင်ဗျားသိဘို့လိုတယ်။
လွန်ခဲ့တဲ့အစည်းအဝေးပွဲမှာ တွေ့ရှိခဲ့တဲ့ အရာတွေကို ပြန်လည်သုံးသပ်ကြည့်ရအောင်။



4

(ဗီဒီယို။ ၈ စက္ကန့်)
ဘုရားရှင်ဟာ ကျွန်ုပ်တို့အတွက် ရက်သတ္တပါတ်မှာ အထူးနေ့ရက်အဖြစ် ဥပုသ်နေ့ပေးထားတယ်ဆိုတာ ကျွန်ုပ်တို့လေ့လာခဲ့ရပြီးပါပြီ။ ဒီဥပုသ်နေ့ဟာ ဘုရားရှင်ကိုဝတ်ပြုကိုးကွယ်ဖို့နဲ့ ဘုရားရှင်ကို ဖန်ဆင်း ရှင်အဖြစ်နဲ့ပြန်လည်သတိရဘို့ဖြစ်ပါတယ်။
ရက်သတ္တပါတ်မှာ ဥပုသ်နေ့ဟာ အခြားနေ့များနဲ့မတူဘူးဆိုတာ ကျွန်တော်တို့ သိရှိလေ့လာပြီးဖြစ်ပါတယ်။
ကျွန်ုပ်တို့ဘာဆက်ပြီး လေ့လာရသလဲဆိုတော့ ဥပုသ်နေ့ဟာ ဒီကမ္ဘာမြေအချိန်မှာ စောင့်ရှောက်သည် သာမကဘဲကယ်တင်ခြင်းခံစားရတဲ့အချိန်အခါအထိ ဘုရားရှင်နဲ့တကွရှိနေချိန်မှာ စောင့်ရှောက်ရမှာဖြစ်တယ်။

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


5

ကမ္ဘာဝန်းကျင်ကို လေ့လာကြည့်တဲ့အခါ၊ များစွာသောလူများဟာ ဘုရားရှင်ကို မဝတ်ပြုမကိုးကွယ်ကြတဲ့အပြင် သတ္တမနေ့ရက်ကို ဥပုသ်နေ့အဖြစ်နဲ့မကိုးကွယ်မယုံကြည်ကြပါဘူး။
လူအများစုဟာ သမ္မာကျမ်းစာမှာဖေါ်ပြတဲ့ ဘုရားရှင်အစစ်အမှန်ကို ဝတ်ပြုကိုးကွယ်မဲ့အစား အခြားဘုရားများကို ဝတ်ပြုကိုးကွယ်ကြပါတယ်။


6

လူတွေဟာ သမ္မာကျမ်းစာရဲ့ ဘုရားရှင်ကို မဝတ်ပြုမကိုးကွယ်ကြ ပေမဲ့ အခြားအရာတွေကို ဝတ်ပြုကိုးကွယ်ကြတယ်။



7

ဒါဟာဘာဖြစ်လို့လဲ။
ဘုရားရှင်ဟာနေ့ရက်ကိုပြောင်းခဲ့သလား။
ဒါမှမဟုတ်ရင် လူတစ်ယောက်က ပြောင်းလဲလိုက်သလား။
ဒါပေမဲ့ အများစုဟာ တနင်္ဂနွေကို ဥပုသ်နေ့အဖြစ်နဲ့ ဥပုသ်စောင့်တဲ့အပြင် ဘုရားရှင်ရဲ့နေ့အဖြစ်သတ်မှတ် တဲ့အပြင် သတ္တမနေ့ဥပုသ်နေ့ထက် ပိုပြီး တနင်္ဂနွေနေ့ကို ဥပုသ်နေ့အဖြစ်လက်ခံကြပါတယ်။


8

ဘုရားရဲ့ပညတ်တော် ၁၀ ပါးဟာ မြေကြီးသားများအတွက် အထူးပေးအပ်ထား တဲ့အမှတ် လက္ခဏာဖြစ်ပါတယ်။



9

(ကျမ်းချက်။ ယေဇကျေလအနာဂတ္တိကျမ်း ၂၀း၁၂၊၁၀ ) ‘ငါနှင့်သူတို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှါ ငါဥပုသ်နေ့ကို ငါခန့်ထား၏။’



10

ငါထာဝရဘုရားသည် သူတို့ကို သန့်ရှင်းစေသည်ဟု သူတို့သည် သိမည်အကြောင်း



11

‘ငါ၏ဥပုသ်နေ့တို့ကိုလည်းသန့်ရှင်းစေကြလော့။ ငါနှင့်သင်တို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်လိမ့်မည်။



12

ငါသည် သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်သည်ဟု သင်တို့သိမည်အကြောင်း
ယေဇကျေလအနာဂတ္တိကျမ်း ၂၀း၁၂၊၂၀

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ

၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ



13

(ဗီဒီယို။ ၄ စက္ကန့်)
သမ္မာကျမ်းစာရဲ့အစကနေအဆုံးထိ ဘယ်လိုသက်သေပြထားသလဲဆိုတော့ ဥပုသ်တော်နေ့ဟာ ဘုရားရှင်ကိုယ် တော်တိုင် တည်ထောင်ထားတာဖြစ်တဲ့အပြင် ဥပုသ်တော်နေ့ဟာ ရက်သတ္တပတ်ရဲ့သတ္တမနေ့ရက်ဖြစ်တယ်။



14

(ဗီဒီယို။ ၁၀ စက္ကန့်)
ဘုရားရှင်နဲ့လူတို့ရဲ့စပ်ကြားမှာ လက္ခဏာတော်ဖြစ်တဲ့ဥပုသ်နေ့ကို ဘုရားရှင်ကိုယ်တိုင် ပြောင်းလဲပစ်လိုက်တယ်ဆိုတဲ့ အချက်ကို ကျမ်းစာထဲမှ ဘယ်နေရာမှ ဖေါ်ပြထားတာကိုမတွေ့ရှိရပါဘူး။



15

ပထမဦးဆုံးအပါတ်(၇ရက်)မြောက်သောနေ့မှာ ဘုရားသခင်ရဲ့ ဖန်ဆင်းခြင်းလက်ရာတော်ကို ပြန်လည်သတိရ ဖို့ အထိမ်းအမှတ်နဲ့ကမ္ဘာကြီးရဲ့သမိုင်းတစ်လျှောက်လုံးမှာ ပြန်လည်သတိရဖို့ဖြစ်တယ်။


16

သိနတောင်ပေါ်မှာ ဘုရားသခင်ရဲ့ ပညတ်တော် ၁၀ ပါးကိုရေးတဲ့အခါမှာ ဥပုသ်နေ့နဲ့ပါတ်သက်တဲ့ အချက်ကို ကျန်တဲ့အချက်တွေထက် အရေးကြီးထားခဲ့တယ်ဆိုတာသိရတယ်။



17

(ဗီဒီယို။ ၅ စက္ကန့်)
ဒီဥပုသ်နေ့ပညတ်တော်အားဖြင့်၊ လူဆိုတာ ကိုယ့်အလိုအလျောက် ဖြစ်ပေါ်လာတာမဟုတ်ဘူး ဆိုတာကို လူတိုင်းပြန်လည်သတိယစေပါတယ်။



18

ဘုရားသခင်ဟာ လူသားတွေကို ၇ ရက်နေ့ ဥပုသ်စောင့်စေလိုတဲ့ အကြောင်းရင်းက ကမ္ဘာကြီးကို ခြောက်ရက် အတွင်းမှာဖန်ဆင်းပြီး (၇)ရက်နေ့မှာ ငြိမ်ဝပ်စွာ နေတဲ့အကြောင်းသိစေလိုခြင်းဘဲဖြစ်ပါတယ်။



19

သတ္တမနေ့ဟာ အနားယူတဲ့နေ့ဖြစ်ပါတယ်။
ဘုရားသခင်ရဲ့ပညတ်တော်နှင့်ပတ်သက်ပြီး လူသားများတစ်စုံတစ်ခုကိုမျှ မနှုတ်ပယ်ရန်နှင့် မဖြည့်စွက်ရန် မောရှေအားဖြင့်ပြောထားပါတယ်။



20

(ကျမ်းချက်။ တရားဟောရာကျမ်း ၄း၂ )
'ငါမှာထားသော စကား၌သင်တို့သည် အသစ်မသွင်းရ၊ အလျှင်းမနှုတ်မပယ်ရ။

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


21

ငါမှာထားသည်အတိုင်း သင်တို့၏ဘုရားသခင်ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက်ရမည်။'


22

(ကျမ်းချက်။ ဆာလံကျမ်း ၈၉း၃၄)
'ငါ၏ပဋိညာဉ်တရားကိုလည်း မရှုတ်ချ၊ ငါမိန့်မြွက်သောစကားလည်း ဖောက်ပြန်ခြင်းမရှိရ။'
ဆာလံကျမ်း ၈၉း၃၄


23

သခင်ခရစ်တော်သည် သိနတောင်ပေါ်က သူပေးထားခဲ့တဲ့ ပညတ်တော်ကိုသူကိုယ်တိုင်ကလည်း ခိုင်ခံစေပြီး၊ ချီးမွမ်းဂုဏ်ပြုခဲ့ပါတယ်။ ခရစ်တော်ဟာ တောင်ပေါ်မှာ လူများကို တရားစကားပြောဆိုသွန်သင်တဲ့အခါမှာ သူဟာ ဘုရားသခင်၏ ပညတ်တရားကိုပယ်ဖျက်ဖို့ရန်လာတာမဟုတ်၊ သို့သော်ပြည့်စုံစေဖို့ရန်လာတာ ဖြစ်ကြောင်းကို ဟောပြောခဲ့ပါတယ်။


24


(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၅း၁၇၊၁၉)
နှုတ်တော်ထွက်စကားကိုသတိပြုပါ 'ပညတ္တိကျမ်း အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာသည် မဟုတ်၊ ပြည့်စုံစေခြင်းငှါ ငါလာသတည်း။' လို့ပြောထားပါတယ်။


25

ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့်မြေကြီးမပျက်စီးမှီတိုင်အောင်


26

ပညတ္တိကျမ်း၌အငယ်ဆုံးသော စာလုံးဗိန္ဒုတလုံးမျှ ပြည့်စုံခြင်းသို့မရောက်မှီ မပျက်စီးရ။


27

ထိုကြောင့် အကြင်သူသည် အငယ်ဆုံးသောပညတ်တခုကို ကိုယ်တိုင်လွန်ကျူး၍ သူတပါးတို့အားလည်း ထိုအတူသွန်သင်၏။


28

ထိုသူသည်ကောင်းကင်နိုင်ငံတော်၌အငယ်ဆုံးသောသူဖြစ်လိမ့်မည်။'
ရှင်မဿဲခရစ်ဝင် ၅း၁၇၊၁၉
ဘုရားသခင်ဟာ ပညတ်တော်ကိုပေးခဲ့စဉ်က ဘယ်လူသားကမှ ပြောင်းဖို့၊ ပြင်ဖို့မပြုဖို့ နှုတ်တော်ကနေညွှန်ကြားခဲ့ပါတယ်။

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


29

သခင်ခရစ်တော်သည် သူနှင့်အဖခမည်းတော်က သန့်ရှင်းစေပြီးကောင်းကြီးပေးသော ကမ္ဘာ့သမိုင်းမှာ ပထမဆုံး သောသတ္တမနေ့ကို ရှိသေစွာ စောင့်ရှောက်ဖို့ရန် သူကိုယ်တိုင်၏ နမူနာအားဖြင့် သိသာထင်ရှားစေခဲ့ပါတယ်။



30

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၄း၁၆)
'သခင်ခရစ်တော်သည် ကြီးပွားတော်မူရာ နာဇရက်မြို့သို့ရောက်ပြန်လျှင် ထုံးစံရှိသည်အတိုင်း



31

ဥပုသ်နေ့၌တရားဇရပ်သို့ဝင်၍ကျမ်းစာကိုဖတ်ရွတ်ခြင်းငှါ ထတော်မူ၏။'
ရှင်လုကာခရစ်ဝင် ၄း၁၆


32

ဘာသာရေးခေါင်းဆောင်များဟာ ခရစ်တော်ရဲ့တပည့်တော်များကို ဥပုသ်နေ့ကို ချိုးဖောက်တယ်လို့ပြင်းထန် စွာ အပြစ်တင် စွပ်စွဲတဲ့အခါမှာ ခရစ်တော်ကိုယ်တိုင်က အပြစ်မတင်ကြောင်း၊ သူသည် ဥပုသ်နေ့ကို ဖန်ဆင်း ရှင်ဖြစ်ကြောင်းနှင့် ဥပုသ်နေ့ကို အုပ်စိုးသူဖြစ်ကြောင်းပြောဆိုခဲ့ပါတယ်။



33

(ကျမ်းချက်။ ရှင်မာကုခရစ်ဝင် ၂း၂၇၊၂၈)
'ထိုမှတပါး ဥပုသ်နေ့သည် လူအဘို့ဖြစ်၏။ လူသည် ဥပုသ်နေ့အဘို့ဖြစ်သည်မဟုတ်။'



34

သို့ဖြစ်၍လူသားသည် ဥပုသ်နေ့ကိုပင်အစိုးရသည်ဟုမိန့်တော်မူ၏။
ရှင်မာကုခရစ်ဝင် ၂း၂၇၊၂၈


35

သခင်ခရစ်တော်ဟာ ဥပုသ်တော်နေ့ကို သူကိုယ်တိုင် ရှိသေစွာစောင့်ထိန်းတာမကဘူး၊ သူ့ရဲ့တပည့်တော်များ ကိုပါ နောင်ကာလအချိန်မှာ ကောင်းမွန်စွာ စောင့်ထိန်းနိုင်ဖို့ရန် ကြိုတင်ဆုတောင်းခိုင်းပါတယ်။



36

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၄း၂၀)
ရှင်မဿဲခရစ်ဝင် ၂၄း၂၀ မှာ သခင်ခရစ်တော်ဟာ သူ့ရဲ့တပည့်တော်များကို ဘယ်လိုတောင်းဆိုခဲ့သလဲဆိုတော့၊
'သင်တို့ပြေးရမည့်အချိန်သည် ဆောင်းကာလမကျ၊ ဥပုသ်နေ့မကျမည်အကြောင်း ဆုတောင်းကြလော့။'

၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


37

ဒီမှာခရစ်တော်က ယေရုရှလင်မြို့ဟာ ပျက်စီးခြင်းခံရမည့်အကြောင်း ခရစ်ယာန်များဟာ မြို့ထဲကနေ ထွက်ပြေးရမည့်အကြောင်းကို သူရဲ့တပည့်တော်များကိုကြိုတင်သတိပေးပြောကြားခဲ့ပါတယ်။


38


ခရစ်သက္ကရာဇ် ၇၀ ခုမှာ ရောမအင်ပါယာအားဖြင့် ယေရုရှလင်မြို့ ပျက်စီးခဲ့ရတယ်။


39

သခင်ယေရှုလက်ဝါးကပ်တိုင်မှာ အသေခံသွားသည့်အချိန်မှာ သူ့ရဲ့နောက်လိုက်သားများဥပုသ်တော်နေ့ကို ဆက်လက်စောင့်ထိန်းရန် သူမျှော်လင့်ခဲ့တယ်။


40

ရှေးခေတ်ယုဒဘာသာဝင်များက လွန်ခဲ့သော ၃၅၀၀ ခုနှစ် ထွက်မြောက်ရာကျမ်း အချိန်ကတည်းက ၇ ရက်မြောက်သောနေ့မှာ ဝတ်ပြုကိုးကွယ်ခဲ့ကြောင်း ဖေါ်ပြထားတယ်။ သူတို့နေထိုင်ခဲ့တဲ့ အချိန်ခါတုန်းက သတ္တမနေ့ရက်ဟာ ရက်သတ္တပတ်မှာ စနေနေ့ဖြစ်ပြီး ဝတ်ပြုကိုးကွယ်ရန် ဘုရားရှင်ချမှတ်ထားကြောင်း အသိအမှတ်ပြုခဲ့ပါတယ်။


41

သမ္မာကျမ်းစာဟာ ကျွန်ုပ်တို့အတွက် တစ်ခုတည်းသော မှန်ကန်သော သတင်းကိုပေးနိုင်သည့်စာစောင်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့အားလုံး ဘယ်နေ့ဟာ ၇ ရက်မြောက်သောနေ့ ဥပုသ်တော်နေ့ဖြစ်ကြောင်းကို မှန်ကန် စွာ ဆုံးဖြတ်ချမှတ်နိုင်ရပါလိမ့်မည်။
လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံခြင်းရဲ့ မှတ်တမ်းကို ဖွင့်ကြည့်မယ်ဆိုရင် ရက်သတ္တပတ် အဆုံးအဖြစ်အပျက်ကို ရှင်လုကာကျမ်းက အကျဉ်းချုပ်ထားတာကို တွေ့ရပါမယ်။


42

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၃း၅၄၊၅၆။ ၂၄း၁)
'ထိုနေ့ကား အဘိတ်နေ့ဖြစ်၍ ဥပုသ်နေ့အချိန်နီးသတည်း။'


43

ခုနှစ်ရက်တွင် ပထမနေ့ရက်အာရုဏ်တက်သောအချိန်၌ထိုမိန်းမတို့သည် အခြားသောမိန်းမတို့နှင့်တကွ မိမိတို့ပြင်ဆင်သောနံ့သာမျိုးကိုဆောင်လျှက်
သင်္ချိုင်းတော်သို့သွားကြ၏။'


44

ပြန်သွားပြီးလျှင် ဆီမွှေးနံ့သာမျိုးကိုပြင်ဆင်၍ပညတ်တော်အတိုင်း ဥပုသ်နေ့၌အလုပ်မလုပ်ဘဲနေကြ၏။

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ




45

ခုနှစ်ရက်တွင် ပထမနေ့ရက်အာရုဏ်တက်သောအချိန်၌ထိုမိန်းမတို့သည် အခြားသောမိန်းမတို့နှင့်တကွ
မိမိတို့ပြင်ဆင်သောနံ့သာမျိုးကိုဆောင်လျှက် သင်္ချိုင်းတော်သို့သွားကြ၏။'


46

'သင်္ချိုင်းတော်သို့ပြင်ဆင်ထားသောနံ့သာမျိုးကိုဆောင်လျက်ယူလာကြ၏။'
ရှင်လုကာခရစ်ဝင် ၂၃း၅၄-၅၆၊၂၄း၁။


47


ခရစ်ယာန်လောကမှာ အချို့သောခရစ်ယာန်များက သောကြာနေ့ကို
ခရစ်တော်အသေခံခြင်းအောက်မေ့ဘွယ် ရာနေ့အဖြစ်ကျင်းပကြတယ်။ အရှေ့တိုင်းသားများက
တနင်္ဂနွေနေ့ကို ခရစ်တော်ထမြောက်ခြင်းနေ့ အဖြစ်အောက်မေ့ဖွယ်ရာပျော်ပွဲရွှင်ပွဲများ
ပြုလုပ်ကျင်းပကြတယ်။


48

သမ္မာကျမ်းစာက ထိုနှစ်ရက်ရဲ့ကြားမှာ ဥပုသ်နေ့ဖြစ်ကြောင်းပြောထားပါတယ်။ ပညတ်တော်အားဖြင့်
လည်း ဖေါ်ပြ ထားပါတယ်။


49

(ဗီဒီယို။ ၄ စက္ကန့်)
ဒီစကားများဟာ ခရစ်တော်အသေခံပြီး နှစ်အတော်ကြာမှ ရေးထားခဲ့ပေမဲ့ တနင်္ဂနွေနေ့ဟာ ရက်သတ္တ
ပတ်ရဲ့ ပထမနေ့ဖြစ်ကြောင်းဆက်လက်ပြီးဖေါ်ပြတဲ့အပြင် သတ္တမနေ့ကို ဥပုသ်နေ့ဖြစ်ကြောင်း
ခေါ်ဆိုထားခဲ့ပါတယ်။ သမ္မာကျမ်းစာရဲ့မှတ်တမ်းများက တော့ ဒီနေ့နဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း
ထင်ရှားစွာ ဖေါ်ပြထားပါတယ်။


50

ထူးခြားချက်ကတော့ တမန်တော်များက ခရစ်တော်အသေခံပြီး နှစ်ကြာညောင်းသွားသော်လည်း သတ္တမနေ့
ရက်မှာ ဝတ်ပြုကိုးကွယ်ခြင်းအမှု၊ တရားဟောပြောခြင်းအမှုကို
ဆက်ပြီးကျင်းပလုပ်ဆောင်ကြောင်းဖေါ်ပြထား ပါတယ်။


51

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၃း၁၄၊၄၂၊၄၄)
သမ္မာကျမ်းစာက ရှင်ပေါလုနှင့် အဖေါ်များအန္တိအုတ်မြို့ကို အလည်အပတ်သွားသည့် အချိန်မှာ '
ဥပုသ်နေ့၌တရားစရပ်သို့ဝင်၍ထိုင်ကြ ၏။'


52

တမန်တော်ဝတ္ထု ၁၃း၁၄
'လူများတို့သည် တရားဇရပ်မှထွက်သွားကြစဉ်

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


53

ထိုအကြောင်းအရာတို့ကို
မိမိတို့အားနောက်ဥပုသ်နေ့၌ ဟော ပြောပါမည်အကြောင်း တောင်းပန်ကြ၏။


54

နောက်ဥပုသ်နေ့၌ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို နားထောင်အံ့သောငှါ တမြို့လုံးကုန်မတတ် စည်းဝေးကြ၏။' တမန်တော်ဝတ္ထု ၁၃း၄၄
ဥပုသ်နေ့တိုင်းမှာ ဘုရားကျောင်းမှာ ဝတ်ပြုကိုးကွယ်ခြင်း၊ တရားဟောခြင်း တို့ဟာ တမန်တော်ပေါလုရဲ့ အကျင့်ထုံးစံတခုဖြစ်ပါတယ်။


55


(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၈း၄)
'ပေါလုသည်လည်း ဥပုသ်နေ့မပြတ်တရားစရပ်၌ ဆွေးနွေးဟောပြော၍ ယုဒလူနှင့်ဟေလသ လူတို့ကို ဖြားယောင်းသွေးဆောင်လေ၏။' တမန်တော်ဝတ္ထု ၁၈း၄
ဒီကျမ်းပိုဒ်တွေကို ကြည့်ခြင်းအားဖြင့် ခရစ်တော်ရဲ့တမန်တော်များက ဥပုသ်နေ့ပြောင်းလဲခြင်းနှင့်ပတ်သက်ပြီး ဘာမှလုံးဝမပြောင်းကြောင်းထင်ရှားစွာတွေ့ရှိ နိုင်ပါတယ်။
ကျမ်းစာတအုပ်လုံးထဲမှာလည်း အဲလိုပြောင်းဖို့ မှတ် တမ်းမရှိပါဘူး။


56


ဓမ္မသစ်ကျမ်းရေးသားတဲ့ ပုဂ္ဂိုလ်များထဲမှာလည်း ဥပုသ်နေ့ပြောင်းလဲတယ်ဆိုတဲ့ အချက်ကို ဘယ်သူကမှ မရေး သားခဲ့ပါဘူး။ အကယ်လို့သာ ဒီလိုပြောင်းလဲမှုကြီးရှိရင်တော့ ဓမ္မသစ်ကျမ်းမှာတော့ အရေးကြီးဆုံး၊ ပထမဆုံး အချက်အနေနဲ့ ရေးသားမှာဖြစ်ပါတယ်။


57

(ကျမ်းချက်။ ဆာလံကျမ်း ၈၉း၃၄)
ဘုရားသခင်က ဘယ်လိုပြောလဲဆိုတော့ 'ငါမြွက်ဆိုသောစကားလည်း ဖောက်ပြန်ခြင်းမရှိရ။' ဆာလံကျမ်း ၈၉း၃၄
ဘုရားသခင်က သူ့ဥပဒေကိုလုံးဝမပြောင်းခဲ့ပါဘူး။ သူ့ဥပဒေပြောင်းဖို့ရန်လည်း သူ(ဘုရား)ကိုယ်တိုင်မှ အပ တခြားသူမှာ တာဝန်အခွင့်အရေးလုံးဝမရှိပါဘူး။ တနင်္ဂနွေနေ့ ကိုစောင့်ထိန်းတဲ့ပညာရှင်များကလည်း ဒီအရာတွေကို လက်ခံကြပါတယ်။



58

ဘုန်းကြီးတပါးဖြစ်တဲ့ ဂိုမ်း(စ်)ဂစ်ဗွန် က ဘယ်လိုရေးသားထားသလဲဆိုတော့ 'ခင်ဗျားအနေနဲ့ ကျမ်းစာကို ကမ္ဘာဦးကျမ်းမှဗျာဒိတ်ကျမ်းအဆုံးထိ ဖတ်ပေမဲ့လို့ တနင်္ဂနွေနေ့ကို သန့်ရှင်းစွာစောင့်ထိန်း ရမယ်ဆိုတဲ့ စာကြောင်းတစ်ကြောင်းမှ တွေ့မှာမဟုတ်ဘူး' လို့ပြောဆိုရေးသားထားပါတယ်။



59

ကျမ်းစာကတော့ ဥပုသ်နေ့ (စနေနေ့) စောင့်ထိန်းဖို့ရန် တွန်းအားဖိအားပေးထားနေပါတယ်။
(ကျွန်ုပ်တို့ဖခင်၏ယုံကြည်ခြင်း၊ စာမျက်နှာ ၁၁၁၊၁၁၂)

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


60


မက်သဒစ်အသင်းသားတစ်ယောက်ဖြစ်တဲ့ ကလိုဗစ် ဂျီ၊ ချားပဲလ် ကလည်းအဲဒီအကြောင်းကိုဘဲပြောပါတယ်။ သူကဘယ်လိုပြောလဲဆိုတော့ ‘ကျွန်တော်တို့က သတ္တမနေ့အစား ပထမနေ့ကို စောင့်ထိန်းတာဟာအမိန့်တော် ကို ပညတ်တော်ကို ဆန့်ကျင်တာဘဲဖြစ်တယ်လို့ ဆိုပါတယ်။


61

လူတစ်ယောက်က သတ္တမနေ့ဥပုသ်မှပထမနေ့သို့ပြောင်းလဲတယ်ဆိုတဲ့ အချက်ကိုကျမ်းစာထဲမှာကြိုးစားပမ်းစား လိုက်ရှာရင်လည်း အလကားပဲဖြစ်မှာသေချာတယ်။ (သက်ရှင်ရန်ဥပဒေသ ၁၀ ခု၊ စာမျက်နှာ ၆၁)


62

ကျမ်းစာထဲမှာ ခရစ်တော်နဲ့သူ့တပည့်များက သတ္တမနေ့ဥပုသ်နေ့မှအပ တစ်ခြားဥပုသ်နေ့ကို စောင့်ထိန်း တယ်လို့ လုံးဝမရေးသားခဲ့ပါဘူး။ ဒီတော့မေးခွန်းတခုရှိတယ်။ ‘တနင်္ဂနွေနေ့ကိုစောင့်ထိန်းခြင်းဟာ ဘယ်လိုလုပ် ပြီး စတင်ခဲ့သလဲ။’


63

၅ ရာစုတုန်းက သမိုင်းသုတေသီတစ်ယောက်ဖြစ်တဲ့ ဆိုကရေးတီ စကိုလာတီကတ်(စ်) ကဘယ်လိုရေးသားထား သလဲဆိုရင် ‘ကမ္ဘာပေါ်ရှိအသင်းတော်တိုင်းဟာ ပွဲတော်မင်္ဂလာကို ဥပုသ်နေ့တိုင်းမှာ ကျင်းပပြီး


64

အလက်ဇန်ဒြီးယား နဲ့ ရောမမှာရှိတဲ့ ခရစ်ယာန်များက ပွဲတော်စားခြင်းဟာ ဘိုးဘေးဘီဘင်တို့ရဲ့ ထုံးစံဖြစ် တယ်လို့ ယူဆပြီး၊ ဤကိစ္စကိုဆက်လက်ပြီး မကျင်းပတော့ပါဘူး။ (ဥပုသ်နေ့မှတနင်္ဂနွေနေ့သို့၊ စာမျက်နှာ ၃၅၊ စီ ဘီ ဟိန်း(စ))


65

အလယ်ခေတ်တုန်းက အသင်းတော်များက သတ္တမနေ့ဥပုသ်ကို စောင့်ထိန်း တယ်ဆိုတာကို အခြားသမိုင်းဆရာ များကပြောတာမကဘဲ၊ ယခုခေတ်မှာလည်းဒီအကြောင်းအရာတွေကို ကမ္ဘာ့အရပ်ရပ်မှာ စရွက်စာတမ်းများနဲ့ခေတ် မှီအောင်ထားခဲ့ကြပါတယ်။


66

မြောက်များစွာသော သမိုင်းသုတေသီများက အေ ဒီ ၇၀ နဲ့ ၁၃၅ ကြားကာလကို တဖြည်းဖြည်းပြောင်းလဲလာ တဲ့နေ့ရက်များရဲ့ အစလို့အခြေပြုသဘောထားကြပါတယ်။ အဲဒီကြားကာလဟာ ရောမလူမျိုးတွေ ယုဒလူမျိုးတွေကို ခါးခါးသီးသီး နဲ့ သွေးချောင်းစီးအောင် ညှင်းပန်းနှိပ်စက်နေတဲ့ ကြားကာလဖြစ်တယ်လို့ သမိုင်းသုတေသီများက အခိုင်အမာယုံကြည်ထားကြပါတယ်။

၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ

# ၁၂ – သန်းပေါင်းများစွာကို လွမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ



67


ရောမလူမျိုးတွေ ယုဒတွေကိုဆန့်ကျင်နိုပ်စက်မှုကြီးထွားလာခြင်းဟာ ယုဒတွေနဲ့ခရစ်ယာန်တွေအကြားဖြစ်ပျက် နေတဲ့ ပဋိပက္ခနဲ့ဆက်စပ်နေတယ်။ ဒီကိစ္စဖြစ်ရပ်ကလည်း ယုဒစာပေသမိုင်းကိုဆန့်ကျင်တဲ့အရာ အနီးရောင် စွန်းတဲ့အရာ အဖြစ်ထင်ကျန်ရစ်စေသလို ရောမနိုင်ငံအုပ်ချုပ်မှုအပေါ်မှာလည်း ယုဒတွေရဲ့ပြင်းထန်ခိုင်မာပြီး ဆန့်ကျင်လိုသော စိတ်ဆန္ဒများကိုလည်း ဖန်တီးပေးခဲ့ပါတယ်။

ဒါကြောင့်ခရစ်ယာန်များဟာ ဥပုသ်နေ့ကိုစောင့်ရင် ယုဒလူမျိုးတွေနှင့်တူမှာစိုးရိမ်တဲ့အတွက် အချို့ခရစ်ယာန်တွေဟာ ဥပုသ်နေ့မှာ သင့်တဲ့အရာများကို မလုပ်တော့ကြောင်းတွေ့ရပါတယ်။



68

'တနင်္ဂနွေနေ့ဥပုသ်စတင်စောင့်ထိန်းခြင်းဟာ ခရစ်ယာန်တွေခရစ်တော်ရဲ့ ရှင်ပြန်ထမြောက်တဲ့ တနင်္ဂနွေနေ့ကို ဂုဏ်ပြုကျင်းပတဲ့နေ့နဲ့ဆက်စပ်နေတယ်။



69

ဒါကတော့ ယုဒဘာသာမှ ခရစ်ယာန်များကို ရောမအာဏာပိုင်တွေက ခွဲခြားသိနားလည်နိုင်အောင်ကြိုးစားမှု တခုပဲဆိုတာလည်း သိနိုင်ပါတယ်။'



70

ခရစ်ယာန်တွေဘယ်လိုနည်းနဲ့ ရောမမြို့ကြီးထဲမှာ ဥပုသ်စောင့်လို့ မရအောင်လုပ်တဲ့လမ်းတစ်လမ်းဘဲဆိုတာ သိသာမြင်နိုင်ပါတယ်။ သူတို့နေတဲ့နေရာကလည်း ရောမတွေမကြိုက်နှစ်သက်တဲ့ အချက်ကတော့ အလယ်ဗဟို ကျတဲ့အတွက်ဖြစ်ပါတယ်။




71

(ဗီဒီယို။ ၇ စက္ကန့်)

အထူးသဖြင့်နားလည်ရမှာကတော့ ရောမတွေနဲ့အားပြိုင်ခြင်းဖြစ်တဲ့ ဥပုသ်စောင့်ခြင်းဟာ ရှက်ကြောက်ခြင်းမရှိ ဘိုတွက်ရယ်၊ ရောမမှာရှိတဲ့ အသင်းတော်ဟာ တပါးအမျိုးသားဖြစ်တဲ့ ရုပ်တုကိုးကွယ်ခြင်းက ပြောင်းလဲလာတဲ့ သူတွေနဲ့ ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။



72

ရောမဩဝါဒစာ ၁၁း ၁၃ မှာ ရှင်ပေါလုက ရောမမြို့မှာရှိတဲ့အသင်းတော်နှုတ်ဆက်ပုံဟာ မှတ်သားဖွယ်ရာ စိတ်ဝင်စားစရာတခုဖြစ်ပါတယ်။ 'တပါးအမျိုးသားဖြစ်သော သင်တို့အား ' (အဓိပ္ပါယ်ကတော့ စစ်မှန်သော ဥပုသ်နေ့မစောင့်သေးသည့်အတွက် ပေါလုက ၄င်းတို့အားတပါးအမျိုးသားဟုခေါ်ခြင်းဖြစ်တယ်။)



73

ဒီခရစ်ယာန်များဟာ ရုပ်တုကိုးကွယ်ခြင်းကပြောင်းလဲလာတဲ့သူတွေဖြစ်ပါတယ်။ ဥပုသ်စောင့်ခြင်းကို အမြဲကျင့် ကြံတဲ့ ယုဒခရစ်ယာန်တွေလို မဟုတ်တဲ့သူတွေဖြစ်တယ်။

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


74


ဒါပေမဲ့ ဘာဖြစ်လို့ တနင်္ဂနွေနေ့ကို အခြားသောနေ့တွေထက် 'ဥပုသ်နေ့' အဖြစ်ရွေးတာလဲ။ ဒါကတော့ မေးသင့်မေးအပ်တဲ့ အကောင်းဆုံးမေးခွန်းဖြစ်ပါတယ်။ရုပ်တုကိုးကွယ်သူများဟာ နှစ်ပေါင်းများစွာ ကတည်းက ရောမနယ်တခွင်မှာ နေကိုကိုးကွယ်သူတွေဖြစ်ပါတယ်။ နေကို ကိုးကွယ်ခြင်းအားဖြင့် နေရဲ့ နေ့ဖြစ်တဲ့ တနင်္ဂနွေနေ့ကို ဥပုသ်နေ့အဖြစ်ကိုးကွယ်လာကြပါတယ်။


75

ရောမဘုရင်ခံများဟာ သူတို့ကိုသူတို့နေဘုရားအဖြစ်ခိုင်းနှိုင်းထားပါတယ်။ သူတို့ရဲ့ငွေပိုက်ဆံကြွေများမှာ အဆောက်အုံကြီးတွေမှာ နေရဲ့အမှတ်အသားတံဆိပ်ကို ရိုက်နှိပ်ထားပါတယ်။ နောက်ပြီးဒါတွေကို ဘုရားလို့ ဝတ်ပြုကိုးကွယ်ဖို့ အမိန့်ပေးထားပါတယ်။
တချို့သောဘာသာရေးသမားကြီးများကတော့ ဘယ်လိုယုံကြည်လည်းဆိုတော့ အသင်းတော်ဟာ ရုပ်တု ကိုးကွယ်ကျင့်သုံးခြင်းအားဖြင့်လည်း ရုပ်တုကိုးကွယ်တဲ့သူတွေဟာ ခရစ်ယာန်များဘက်သို့ အမြန်ဆုံး ပြောင်းလဲလာ လိမ့်မယ်လို့ပိုမိုပြီးတော့ အဆင်ပြေလာလိမ့်မယ်လို့မျှော်လင့်ထားကြပါတယ်။ ဘာသာကြီးတခုဖြစ်လာတဲ့ အထိဒီကိစ္စကိုစုပေါင်းလုပ်ဆောင်ခြင်းဟာ ရောမနယ်ကိုအများကြီး အကျိုးဖြစ်စေခဲ့ပါတယ်။


76


ရာစုနှစ်မြောက်များစွာ တနင်္ဂနွေနေ့ကို မွန်မြတ်တဲ့နေ့ရက်တစ်ရက်လို သဘောထားပြီး မဝတ်ပြုခဲ့ကြပေမဲ့ လည်း အားလပ်ရက်တရက်ကဲ့သို့ ပြုလုပ်ကျင်းပစည်းဝေးခဲ့ကြပါတယ်။ နောက်ပိုင်းမှာတော့ ၂ ရက်စလုံးကို သန့်ရှင်းသောနေ့လို့စောင့်ထိန်းဝတ်ပြုကြပါတော့တယ်။


77

'ခရစ်ယာန်များဟာ အသိတရားမဲ့တဲ့သူတစ်စုဖြစ်လာတာမကဘဲ နဲ့ တဖြည်းဖြည်း သူတို့ရဲ့ ယုံကြည်ခြင်းပိုင်း ဆိုင်ရာမှာလည်း စိုးရိမ်စရာဖြစ်နေခဲ့ပါတယ် လို့ အပိုးစတိုလစ် ကွန်စတီကျူးရှင် အခန်း၂၃ မှာဖေါ်ပြထားပါတယ်။


78

တမန်တော်များရဲ့အသင်းတော်ဟာ ခိုင်ခိုင်မာမာနဲ့သန့်သန့်ရှင်းရှင်းရပ်တည်ခဲ့ပေမဲ့ ဒုတိယနဲ့တတိယမျိုးနွယ်စု ခရစ်ယာန်များအချိန်ရောက်တဲ့အခါမှာ



79

ဘာသာရေးညှိနှိုင်းမှုများနှင့် ဘာသာရေးဖေါက်ပြန်မှုများကို ၎င်းတို့၏အထောက်အထားများနဲ့အတူကျွန်တော် တို့တွေ့ရှိရပါတယ်။'


80

ခရစ်သက္ကရာဇ် ၃၂၁ ခု မတ်လ ၇ ရက်နေ့က ရောမအင်ပါယာကွန်စတန်တင် ထုတ်ပြန်သော တနင်္ဂနွေနေ့ ဆိုင်သောပထမဥပဒေသစ်ကြောင့် ဒီဘာသာရေးညှိနှိုင်းမှုထဲကို လူတွေဟာ အလေးပေး မျှောပါသွားကြတယ်။

# ၁၂ – သန်းပေါင်းများစွာကို လွမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


81

အင်ပါယာကွန်စတန်တင်းဟာ ရုပ်ထု ကိုးကွယ်လျက်ရှိနေတုန်းမှာပင်ဥပဒေပြုတဲ့အချက်က လေးစားကြည်ညို ဖွယ်သော တနင်္ဂနွေနေ့မှာ တရားသူကြီးများနဲ့မြို့ထဲမှာနေထိုင်ကာ ခိုလှုံသောလူတွေအားလုံးအလုပ်မှရပ်နား ပြီး ရှိတဲ့ဆိုင်တွေပါ အကုန်လုံးပိတ်ပစ်ရမယ်လို့ ဥပဒေပြုလိုက်ပါတယ်။


82

နယ်ပယ်ဒေသရှိ ပြည်သူပြည်သားတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ကိုင်ကြသူများမှာတော့ ဒီနေ့မှာ လွတ်လွတ်လပ်လပ် နဲ့ ဥပဒေဘောင်အတွင်း ဆက်လက်လုပ်ကိုင်စားသောက်နိုင်ကြပါတယ်။ ’ (ခရစ်ယာန်အသင်းတော်သမိုင်း ၁၉၀၂ အတွဲ ၃ စာမျက်နှာ ၃၈၀)


83

ခရစ်ယာန်များအနေဖြင့် တနင်္ဂနွေနေ့ကို ဥပုသ်အဖြစ်စောင့်နိုင်ဘို့ခြေလှမ်းတစ်ခုကို ရောမအသင်းတော်က လော်ဒီးရှားကောင်းစီမှာပြုလုပ်ပေးပါတယ်။ ဒီကောင်စီက ပထမဦးဆုံး တနင်္ဂနွေနေ့နဲ့ပါတ်သက်တဲ့ ဘာသာရေးဥပဒေကို ပြုလုပ်လိုက်ပါတယ်။


84

ခရစ်သက္ကရာဇ် ၃၂၅ နှစ်တွင်အသင်းတော်ဂိုဏ်းအုပ် ဆာလ်ဗစ်စတာက စနေဥပုသ်ကို တနင်္ဂနွေနေ့အဖြစ်သို့ လွဲပြောင်းကာ ထိုနေ့ကို ဘုရား၏နေ့ရက်အဖြစ် ခေါ်ဝေါ်သမုတ်လိုက်ပါတယ်။ (ဟစ္စတိုယီးယား အက္ကလီခဲတ္တီခါ၊ စာမျက်နှာ ၇၃၉) နောက်ထပ်အခြားသောလောက်ဒီးရှားကောင်စီတစ်ခုကို ခရစ်သက္ကရာဇ် ၃၆၄ခုနှစ်မှာ ကျင်းပပြုလုပ်ပြီး အောက်ပါဥပဒေများပြုလုပ်လိုက်ပါတယ်။


85

‘ခရစ်ယာန်များက ယုဒများ၏ဥပုသ်နေ့ကိုမစောင့်ရဘူး၊ ထိုနေ့ရက်မှာ အလုပ်လက်မဲ့မဖြစ်ရဘူး အလုပ်လုပ်ရမယ်။


86

သို့ပေမဲ့ ကိုယ်တော်ရဲ့နေ့တနင်္ဂနွေနေ့ကိုတော့ အထူးအလေးပေးရမယ်။ ခရစ်ယာန်များဟာ



87

ထိုနေ့မှာ အလုပ်မလုပ်ရဆိုပြီးမှ’
(အသင်းတော်ရဲ့ကောင်စီသမိုင်း အတွဲ ၂၊ စာမျက်နှာ ၃၁၆) မှာဖော်ပြထားပါတယ်။


88

သို့စေကာမူ ခရစ်ယာန်အတော်များများဟာ ခြောက်ရာစုအထိ စနေနေ့ဥပုသ်ကိုဘဲ ဆက်လက်စောင့်နေခဲ့ကြ ပါတယ်။ ဂရက်ဂိုရီဆိုတဲ့ ပုပ်ရဟန်းမင်းကြီးဟာ ဒါကို ဘယ်ကဲ့သို့ရှုတ်ချသလဲဆိုရင်

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ



89

'သတ္တမနေ့မှာ အလုပ်မလုပ်တဲ့သူတွေဟာ ခရစ်တော်၏ရန်သူဖြစ်သောပရောဖက်များလို့ပြောပါတယ်။'
(တနင်္ဂနွေဥပဒေ၊ ဥပုသ်နေ့မှတနင်္ဂနွေသို့ စာမျက်နှာ၄၃)




90

(ဗီဒီယို။ ၇ စက္ကန့်)
စိတ်ထဲမှာ သိမှတ်ဖို့အရာတစ်ခုကတော့ အဲဒီအချိန်တုန်းက ကျမ်းစာတော်မြတ်ဟာ လူတွေတွက်အရေးမကြီး တော့သလိုဘဲ။ အခုလက်ရှိအချိန်မှာလည်း ဒီလိုဘဲဖြစ်နေပြီ။ အသင်းတော်ခေါင်းဆောင်ကြီးများက ဘာသာရေးခံယူချက်များကို သာမန်အသင်းသားများအား နှုတ်စကားအားဖြင့်သာသင်ကြားပေးလာခဲ့တယ်။ဒါကြောင့်နှစ်အတန်ကြာတဲ့အခါ ကျမ်းစာရဲ့သွန်သင်ချက်နဲ့ အသင်းတော်၏ ရိုးရာဓလေ့သွန်သင်ချက်တွေကို ကွဲကွဲပြားပြား မခွဲခြားနိုင်ဘဲရောထွေးလာပါတယ်။



91

ဒါပေမဲ့ ခရစ်တော်နဲ့သူ့တပည့်တော်များ၏ သွန်သင်ပေးတဲ့အမှန်ကို အမှန်အတိုင်း ဘဲ ကောင်းကောင်းနားလည်တဲ့လူတွေရှိကြသေးတယ်။




92

ရာစုများစွာ ကျော်လာတဲ့အခါ ပရိုတက်စတင့် ဘာသာရေးပြုပြင်ပြောင်းလဲမှုဖြစ်ပေါ်လာပြီးနှုတ်ကပတ်တော် သွန်သင်ခြင်းလမ်းက မှားယွင်ကျော်တက်သွားတဲ့ ဝတ်ပြုခြင်းဆိုင်ရာများနဲ့ဓလေ့ထုံးစံများ၏ အကျိုးအကြောင်းကို အဲဒီအဖွဲ့က မေးခွန်းများမေးလာကြတယ်။




93

ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများ၏ ကြွေးကြော်သံကတော့ ကျမ်းစာနဲ့နှုတ်ကပတ်တော်တစ်ခုတည်း သာကျွန်တော်တို့ရဲ့ ယုံကြည်ခြင်းကို အုပ်စိုးသူပဲဖြစ်တယ်။



94

မီးရှို့သတ်ခြင်းခံရသည့်တိုင်အောင် ဟာစ့် နဲ့ ဂျရုန်းတို့ဟာ သမ္မာကျမ်းစာအပေါ်မှာသစ္စာရှိကြတယ်။



95


ဒါပေမဲ့လို့ ၆ ရာစုကျော်လွန်ပြီးနောက် မှန်ကန်သော ဥပုသ်နေ့ဖြစ်သော စနေနေ့ကို ရာစုနှစ်များစွာရှေးဓလေ့ ထုံးစံအောက်မှာ မြုပ်ထားခဲ့တယ်။ သမ္မာတရား၏သွန်သင်ချက်ကို ရှာဖွေသောသူလည်း အနည်းငယ်မျှ သာရှိတယ်။ခေတ်အဆက်ဆက်ကထားခဲ့သောအရာများကို အတုလားအစစ်လားမေးခွန်းမထုတ်တော့ဘဲ ဆက်လက်ပြီးလက်ခံထားကြတယ်။

၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


96


တခါတလေမှာ လူတွေဟာမေးစရာမလိုဘဲ လက်ခံခဲ့ကြပါတယ်။ ရာစုနှစ်များစွာက လူတွေဟာစကြာဝဠာ အလယ်ဗဟိုဟာနေနှင့်စကြာဝဠာတစ်ခုလုံးသည် ကမ္ဘာကို ပတ်ချာလည်ပတ်နေသည်ဖြစ်ကြောင်း ယုံကြည်လက်ခံကြပါသည် ဆိုကြပါစို့။
ကော်ပေါ်နီးကပ်ဆိုရင် ဘုရားသခင်ရဲ့ ကောင်းကင်ကြီးကို မပြောင်းခဲ့ပါဘူး သူဟာ ရှေးခေလေ့ထုံးစံတွေဟာ သိပ္ပံနည်းကျကျ အထောက်အထားမရှိကြောင်းကို ရှင်းရှင်းရိုးရိုးလေးတင်ပြသွားပါတယ်။
ကော်ပေါ်နီးကပ်ဟာ အမှန်တရားတွေကို ဖော်ပြတယ်။ တစ်ချို့သောအရာများဟာ အကြာကြီးယုံကြည်ထားလို့ အမှန်မဖြစ်လာနိုင်ဘူး။ ဘယ်ကဲ့သို့စနေဥပုသ်နေ့ကို ပြောင်းသွားသလဲ။ ကာသိုလိပ်စာရေးဆရာကြီးများပြောသွားသောစကားတွေကိုကြားလျှင် အံ့သြသွားပါမယ်။
တို့အသင်းတော်က စနေနေ့ဥပုသ်နေ့ကနေ တနင်္ဂနွေနေ့သို့ပြောင်းလဲလိုက်ခြင်းကို ဦးဆောင်ခဲ့ပါတယ်။


97

'ကာသိုလိပ်အသင်းတော်ဟာ ပရိုတက်စတင့် တို့ထက်နှစ်ပေါင်း ၁၀၀၀ လောက်ကဘုရားခိုင်းလို့


98


မြင့်မြတ်သောစနေနေ့ကိုတနင်္ဂနွေနေ့သို့ပြောင်းလဲလိုက်ပါတယ်။ '(ခရစ်ယာန်ဥပဒေ စာမျက်နှာ ၁၆)


99


ကွန်ဗာန့်စ် ခက်တစီဇမ် မှာ ကျွန်တော်တို့ဘယ်ကဲ့သို့ဖတ်ရသလဲဆိုလျှင်


100

အမေး။ ဘယ်နေ့ဟာ စစ်မှန်တဲ့ဥပုသ်နေ့ဖြစ်လဲ


101

အဖြေ။ စနေနေ့ဟာ မှန်ကန်သော ဥပုသ်နေ့ဖြစ်တယ်။


102

အမေး။ ဘာကြောင့် စနေနေ့အစားတနင်္ဂနွေနေ့ကို လိုက်နာစောင့်ရှောက်ရသလဲ။

# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ

၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ



103

အဖြေ။ ဘာကြောင့်လဲဆိုတော့ ကာတိုလစ်အသင်းတော်အနေဖြင့် စနေနေ့၏ ကိုးကွယ်ခြင်းဝတ်နှင့်ဆိုင်သော အရာများကို တနင်္ဂနွေနေ့သို့ ရွှေ့ပြောင်းစေခြင်းဖြစ် ကြောင်းပြောကြားလိုက်ပါတယ်။ ထိုကဲ့သို့ပြောင်းလဲခြင်း ကို ခရစ်သက္ကရာဇ် ၃၃၆ ခုနှစ် လောက်ဒီးရှားကောင်စီ မှာပြုလုပ်ခဲ့တယ်။



104

ဘာကြောင့်ကာတိုလိပ်အသင်းတော်ဟာ သူတို့လုပ်ချင်သလို ပြောင်းလဲပိုင်ခွင့်ရှိတယ် ဆိုတာ မေးစရာဖြစ်နေပါတယ်။ အဖြေမှာတော့ ကာတိုလိပ်အသင်းတော်မှာ ထားရှိတဲ့ဩဇာအာဏာနဲ့ ရှေး ဓလေ့ထုံးစံကြောင့်ဘဲဖြစ်တယ်။




105

ပရိုတက်စတင့်နှင့် ကာသိုလိပ်တို့စပ်ကြားမှာ အဓိကကွာဟမှုရှိသော အချက်တခုမှာ အသင်းတော်၌ရှိသော ဘာသာရေးနိုးကြားမှုမရှိခင်မှာ ဩဇာအာဏာနှင့် ရှေးဓလေ့ထုံးစံကြောင့်ဘဲဖြစ်တယ်။ မာတင်လူသာအချိန်ကြ တော့ သူဟာ ကျမ်းစာတခုတည်းကိုသာ လိုက်လျှောက်ရမည်။ အခြားသော ကာသိုလိပ်အသင်းတော်ကနေ အဖွဲ့အစည်းအားဖြင့် တည်ထောင်ထားတဲ့ ဓလေ့ထုံးစံများဟာ ရှေ့မိရိုးဖလာအပေါ်တွင် အခြေပြုကြောင်း မာတင်လူသာစိန်ခေါ်ခဲ့ပါတယ်။





106

တကယ့်အဖြစ်ပျက်တစ်ခုက ကာသိုလိပ်အသင်းတော်ဟာ ရှေးရိုးထုံးစံဓလေ့နှင့် သမ္မာကျမ်းစာ ဘယ်လိုဆက် စပ်မှုရှိသလဲဟု သေချာစွာ စဉ်းစားဆုံးဖြတ်သင့်ကြောင်း ထရန့်ကောင်စီမှာတင်ပြခဲ့တယ်။ ဒီမေးခွန်းက နောက်တော့ရှင်းသွားခဲ့တယ်။ လူထုသဘောထားကို ပြေလည်စေတဲ့စကားကို မှတ်သားထားတဲ့ အိပ်ချ် အိပ်ချ် ဟို့မန် ရဲ့စာကို သတိပြုပါ။




107

'နောက်ဆုံးတော့ ၁၅၆၂ ဇန္နဝါရီလ ၁၈ ရက် ပိုင်းလောက်မှာ တုန့်ဆိုင်း နှောင့်နှေးမှုတွေကို ဘေးဖယ်လိုက်ကြ ပါတယ်။




108

အတ်ဘီးရှော့ ယက်ဂျီယို ရဲ့မိန့်ခွန်းမှာ ပွင့်လင်းစွာပြောဆိုလိုက်တာကတော့ ကျွန်တော်တို့ကျမ်းစာထက်မိရိုးဖလာအစဉ်အလာတွေကို ပိုအလေးထားတယ်တဲ့။'
(ကန်နန် နှင့် မိရိုးဖလာ စာမျက်နှာ ၂၆၃)
ကျမ်းစာထဲမှာကတော့ ဓလေ့ထုံးစံတွေဟာ ခရစ်ယာန်ယုံကြည်ချက်ရဲ့အခြေခံဖြစ်တယ်လို့ လုံးဝဖော်ပြမထားပါ ဘူး။



109

ခရစ်တော်ဘုရားအချိန်တုန်းက ဘာသာရေးခေါင်းဆောင်တွေကို မေးခဲ့တဲ့မေးခွန်းတစ်ခုကို မှတ်မိသေးလား။




110

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၁၅း၁၉)
ယေရှုက 'သင်တို့သည် အဆက်ဆက်ခံသော နည်းဥပဒေသကို အမှီပြု၍ ဘုရားသခင်၏ ပညတ်တော်ကို အဘယ်ကြောင့်လွန်ကျူးသနည်း' လို့မေးထားပါတယ်။


# ၁၂ – သန်းပေါင်းများစွာကို လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


111


'လူတို့စီရင်သော ပညတ်တို့ကို သွန်သင်၍ နည်းဥပဒေသပေးလျက်၊ ငါတို့အချည်းနှီးကိုးကွယ်ကြ၏။'
လို့ထပ်ပြောထားပါသေးတယ်။ရှင်မဿဲခရစ်ဝင် ၁၅း၃၊၉


112


ဒါဆိုအခုပြောနေတဲ့ ပြဿနာရဲ့ အဖြေကိုတွေ့ပြီလား။
သင်ဟာ လူတွေရဲ့ ထုံးစံကိုလိုက်မလား။ ခရစ်တော်နဲ့သမ္မာကျမ်းစာရဲ့ နောက်ကိုလိုက်မလား။ ဒါကနေ့ရက်တွေနံပါတ်အမှတ်သားတွေရဲ့ ကိစ္စသက်သက်မဟုတ်ပါဘူး။
ဘယ်သူဟာသခင်လဲဆိုတာက ပြဿနာပါ။ ယေရှုခရစ်ဟာ သင်၏သခင်လား။ လူသားများ၏ မိရိုးဖလာဟာ သင်၏သခင်လား။


113


ကျွန်တော်တို့ယုံကြည်လေးစားရတဲ့ ဘာသာရေးဆိုင်ရာပညာရှင်တွေနဲ့ သူတို့ရဲ့သမိုင်းဝင်လုပ်ရပ်တွေကို အရှေ့ပိုင်းမှာ လေ့လာပြီးသွားပါပြီ။ ဒါပေမဲ့ ဒီမှာတော့ အခုခေတ်ရဲ့ ဥပုသ်တော်နေ့ကို ပြောင်းလဲရခြင်းရဲ့ အကြောင်းအချက်တွေရှိပါတယ်။


114


တချက်ကတော့ ရောမကက်သလစ် အသင်းတော်တွေက သူတို့ရဲ့ ဥပုသ်နေ့ကို
တနင်္ဂနွေနေ့ပြောင်းလဲရခြင်း ရဲ့ရည်ရွယ်ချက်ကတော့ ခရစ်တော်ရဲ့ ထမြောက်တော်မူခြင်းကို
ဂုဏ်ပြုတဲ့အနေနဲ့ဖြစ်ပါတယ်လို့ ၁၉၈၈ မှာ ထုတ်တဲ့ - ကားလ် ခက်တင်း၊ 'ကာတိုလစ်ဇမ် အင်
ဖန်ဒယ်မယ်ထဲလ်လစ်ဇမ်'၊ စာမျက်နှာ ၃၈မှာဖော်ပြထား ပါတယ်။


115

သင်တို့ရဲ့လုပ်ရပ်တွေကိုရပ်ပြီးတော့ စဉ်းစားဆင်ခြင်စေတဲ့အရာကတော့ 'စိန့် ကက်သရင်း
ကာတိုလစ်အသင်းတော် စာစောင်' မေလ ၂၁ ရက်၊ ၁၉၉၅ ရေးထားတဲ့အရာတခုဘဲဖြစ်ပါတယ်။
ဘယ်လိုရေးသားထားသလဲဆိုလျှင် အသင်းတော်ရဲ့ပြောင်ကျကျ အတင့်ရဲရဲနှင့်ပြုပြင်ပြောင်းလဲခြင်းတခုကို
တစ်ရာစုနှစ်မှာ လုပ်ခဲ့တယ်။ ပြုလုပ်ခဲ့တဲ့ ကိစ္စကတော့ သန့်ရှင်းသောနေ့နှင့်ဆိုင်ပါတယ်။ (ဆိုလိုတာက
ဥပုသ်နေ့ကို ပြောင်းခြင်းကိစ္စဖြစ်ပါတယ်။)


116

ကျမ်းစာထဲမှာ ဘာလမ်းညွှန်ချက်မှမရှိဘဲနဲ့ စနေနေ့ကနေတနင်္ဂနွေနေ့ကို အသင်းတော်ရဲ့
အာဏာအားဖြင့်ပြောင်းခဲ့တယ်။


117

ကျမ်းစာဟာ အရာအားလုံးကိုချုပ်ကိုင်လွှမ်းမိုးနိုင်တဲ့တန်ခိုးအာဏာရှိတယ်လို့ ယုံကြည်သူတိုင်းဟာ
သတ္တမနေ့ ဥပုသ်အသင်းသားဖြစ်နိုင်ပါတယ်။ ပြီးတော့ စနေနေ့ကို ဥပုသ်နေ့အဖြစ်ယုံကြည်ပြီး
စောင့်ထိန်းမှာဖြစ်ပါ တယ်။'


118


ဒံယေလရဲ့ဗျာဒိတ်တော်မှာ ဘုရားသခင်ကဒံယေလကိုချိုငယ်လေးအကြောင်းအားဖြင့်
ဒီကိစ္စကိုဖော်ပြပေးခဲ့ပါ တယ်။ ဒံယေလအနာဂတ္တိကျမ်း ၇း၂၁၊၂၅။

# ၁၂ – သန်းပေါင်းများစွာကို လွမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ



119

(ကျမ်ချက်။ ဒံယေလအနာဂတ္တကျမ်း ၇း၂၅ )'ကာလအချိန်နှင့်ပညတ်တရားကို ပြောင်းလဲစေခြင်းငှါ ကြံစည်ကြလိမ့်မည်။'
ဘုရားသခင်ရဲ့ ဥပဒေတော်ကို ပြောင်းလဲဖို့ကြံစည်မယ်။
တကယ့်ကိုဘဲပြည့်စုံလာတဲ့အနာဂတ္တိစကားပါလား။
ဒီမှာ ရှင်းလင်းစွာ ကြိုတင်ဟောကြားထားတာကတော့ ကမ္ဘာကြီးရဲ့ ဘာသာရေးနဲ့ဆိုင်တဲ့ တန်ခိုးအာဏာ၊ ဘုရားသခင်ရဲ့ဥပဒေတော်ကို ပြောင်းလဲဖို့ကြိုးစားမယ်။
ဒီနေရာမှာ ပညတ်တော် ၁၀ ပါးထဲမှ ဥပုသ်ပညတ်ကိုသာ ဖေါ်ပြလိုခြင်းဖြစ်သည်။


120

ရောမအသင်းတော်က ဒီလိုလုပ်ဖို့ရန်အကြံစည်ရှိပါတယ်။ ဒါပေမဲ့လို့ ဘုရားသခင်က ကမ္ဘာဦးမှစပြီးဒီနေ့ထိ ပြောင်းလဲခြင်းမရှိသလို ဇာဒင်ဥယျာဉ်၌ဖွဲ့စည်းထားသော စည်းမျဉ်းစည်းကမ်းများကို အမြဲတည်ရှိနေဆဲဖြစ် ပါတယ်။
ဒီအကြောင်းနှင့်ပါတ်သက်၍ လူသားတိုင်းအတွက် ဖန်ဆင်းသူကိုသာ ကိုးကွယ်ဖို့ရန် အနာဂတ်စကားက ဖေါ်ပြထားခြင်းဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ဖန်ဆင်းသူဟာလူသားများကို တရားစီရင်တဲ့သူ ဖြစ်တဲ့အတွက်ဖြစ် တယ်။


121

ခရစ်တော်ကြွလာဖို့ပြင်ဆင်ရန်နှင့် ယူဆောင်ခြင်း၌ပါဝင်နိုင်ရန် အနာဂါတ်စကားက ခေါ်တော်မူခြင်းဖြစ်ပါတယ်။ ဘုရားသခင်ရွေးကောက်ခြင်းခံရသူနှင့်ပြင်ဆင်ခြင်းရှိသော သူများဟာ ဒီလိုဖေါ်ပြထားပါတယ်။



122


(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၁၂)
'ဘုရားသခင်၏ပညတ်တို့ကိုငှင်း၊ ယေရှု၏ယုံကြည်ခြင်းကိုငှင်း၊ စောင့်ရှောက်သော သန့်ရှင်းသူတို့သည် ဤအရာ၌ သည်းခံစရာအကြောင်းရှိ၏။'
ဗျာဒိတ်ကျမ်း ၁၄း၁၂


123

ခရစ်တော်ကို ယုံကြည်လက်ခံပြီး ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ဆွဲကိုင်ကာ ပညတ်တော်အတိုင်း လိုက်လျှောက်သောသူများအတွက် မျှော်လင့်နေသောနေ့ရောက်လာပါပြီး။


124

ဟုတ်ပါတယ်။ ဘုရားသခင်က သူ့ကိုဖန်ဆင်းသူအဖြစ်၊ သတိရဖို့ရန်အတွက်နဲ့ ဥပုသ်နေ့ကို သန့်ရှင်းစွာ စောင့်ထိန်းဖို့ရန် အလိုရှိပါတယ်။
အလိုတော်တိုင်းလိုက်လျှောက်ခြင်းဟာ ကျွန်တော်တို့ဘုရားရှင်အပေါ်သစ္စာရှိခြင်းကို ပေါ်လွင်စေပါတယ်။ လူတစ်ဦးက လူသားသတ်မှတ်ထားသော ဥပုသ်နေ့ကို စောင့်ရှောက်ရာတွင် လူတိုင်းတို့၏ ရိုးရာအကျင့်ဓလေ့ များကို အားပေးခြင်းဖြစ်တယ်။
ဘုရားသခင်၏အလိုတော်ကိုတွေ့ရှိပြီးလိုက်လျှောက်ရတာပျော်စရာပါ။ ဘုရားသခင်က လူသားများရဲ့ဓလေ့ထုံးစံများနဲ့ပါတ်သက်လို့ပြောစရာရှိတယ်။




125

(ကျမ်းချက်။ ရှင်မာကုခရစ်ဝင် ၇း၆၊၇)
ဤလူမျိုးတို့က နှုတ်ခမ်းနှင့်ငါ့ကို ရိုသေကြ၏။ သို့သော်သူတို့စိတ်နှလုံးက ငါနှင့်ဝေးကွာလှ၏။'

# ၁၂ – သန်းပေါင်းများစွာကို လွမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ


126

'လူတို့စီရင်သော ပညတ်နှင့်ဥပဒေကို သွန်သင်လျက်ငါ့ကို အချည်းနှီးကိုးကွယ်ကြပါ၏။'ရှင်မာကုခရစ်ဝင် ၇း၆၊၇


127

(ကျမ်းချက်။ ရှင်မာကုခရစ်ဝင် ၇း၉)
'သင်တို့သည် အဆက်ဆက်ခံသောနည်းဥပဒေသကို ကျင့်ရသော အခွင့်ရှိစေခြင်းငှါ၊ ဘုရားသခင်၏ ပညတ်တော်ကို လျောက်ပတ်စွာ ပယ်ကြသည်တကား။'
ရှင်မာကုခရစ်ဝင် ၇း၉


128


(ကျမ်းချက်။ ရှင်မာကုခရစ်ဝင် ၇း၆၊၇) ယေရှုကဘယ်လိုပြောထားလဲဆိုရင်'
ဤလူမျိုးတို့က နှုတ်ခမ်းနှင့်ငါ့ကို ရိုသေကြ၏။ သို့သော်သူတို့စိတ်နှလုံးက ငါနှင့်ဝေးကွာလှ၏။'


129

(ကျမ်းချက်။ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅း၃။)
ကျမ်းစာ၌ 'ပညတ်တော်စောင့်ထိန်းခြင်းသည် ဘုရားသခင်ကိုချစ်ရာရောက်၏။ ပညတ်တော်တို့ကို စောင့်ခဲသည်မဟုတ်။'
ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅း၃။


130

သခင်ယေရှုက တနေ့သွန်သင်လျက်ရှိနေချိန်တွင် နားထောင်နေသောသူတို့အား ဒီလိုပြောပါတယ်။ လူတိုင်းတော့ကောင်းကင်သို့ မရောက်ရှိနိုင်ဘူး ဆက်၍ခရစ်တော်က အသီးကိုကြည့်ခြင်းအားဖြင့် အပင်ကိုသိရှိနိုင်တယ်။ ကောင်းမကောင်းကို ခွဲခြားသိနိုင် တယ်လို့ပြောပါတယ်။


131

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၇း၂၁)
'သခင်သခင်ဟုငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်ကိုဝင်ရလိမ့်မည်မဟုတ်။


132

'ငါ့ခမည်းတော်၏အလိုကိုဆောင်သောသူသာလျှင် ဝင်ရမည်ဟု မိန့်တော်မူ၏။'
ရှင်မဿဲခရစ်ဝင် ၇း၂၁


133

ဒါကတော့ရှင်းပါတယ်။ လူတစ်ယောက်ရဲ့အမူအကျင့်ကို ကြည့်လိုက်ရုံဖြင့် ဘုရားရှင်က သူ့သားသမီးဟုတ် မဟုတ်ကိုသိနေပါတယ်။
ဘုရားရဲ့ လူပဲလို့ကိုယ်ပြောယုံနဲ့တော့ မပြီးပေ။ ဘုရားရှင်ရဲ့စကားကို လိုက်လျှောက်ရမည်။
ဘုရားရှင်စကားကို နာခံသူသာလျှင် ကိုယ်တော်ရဲ့နိုင်ငံတော်ဝင်ဖို့ ဖိတ်ခေါ်ခြင်းခံရပါတယ်။

# ၁၂ – သန်းပေါင်းများစွာကို  လွှမ်းမိုးမှားယွင်းစေသောဒဏ္ဍာရီ




134

သင်ဟာ ဘုရားရှင်ကို တကယ်ချစ်မယ်ဆိုရင် အသက်တာကို ခရစ်တော်ကိုအုပ်စိုးစေရပါမယ်။ ဒီတော့ သင်လည်း ခရစ်တော်ရဲ့ အလိုတော်အတိုင်း လုပ်ဆောင်နိုင်ပြီး ဖြစ်တယ်။ ကျွန်ုပ်တို့ ဥပုသ်စောင့်တဲ့အခါမှာ ဘုရားရှင်ရဲ့ပညတ်တော်သက်သက်ကို စောင့်ထိန်းခြင်းမဟုတ်ပါဘူး။ ကိုယ်တော်ထံမှ မွန်မြတ်တဲ့ ကောင်းကြီး မင်္ဂလာကို လက်ခံရရှိဖို့လည်းဖြစ်ပါတယ်။



135

ဒီလိုမြင့်မြတ်တဲ့ ကိုယ်တော်ရဲ့ ဥပုသ်နေ့ကိုစောင့်ထိန်းခြင်းဟာ ဖန်ဆင်းရှင်ကို အောက်မေ့သတိရခြင်းနဲ့ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးဟာ ဘုရားရှင်ထံ ရောက်ရှိသွားခြင်းဘဲဖြစ်ပါတယ်။ ဥပုသ်စောင့်ခြင်းအားဖြင့် ဘုရားရှင် ကို ပိုမိုသိရှိနားလည်နိုင်ပါတယ်။
ဒီမျက်မောက်ခေတ် ကျွန်ုပ်တို့ရဲ့ အသက်တာဟာ အင်မတန်အလုပ်များပါတယ်။ လူတိုင်းလိုလို အလုပ်ကို အလုအယက် လုပ်ကိုင်နေကြပါတယ်။ လုပ်ဆောင်စရာတွေလည်း အများကြီးရှိပါတယ်။ အရာအားလုံးကို လုပ်ဆောင်ပြီးစီးနိုင်ဖို့ အချိန်က အင်မတန်နည်းပါတယ်။


136

ဒီလိုမျိုးကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်၊ အလျင်လိုမှုတွေနဲ့ပြည့်နှက်၊ စိတ်ပူပန်သောကဖိစီးမှုတွေကြား ဘုရားရှင်ဟာ ကျွန်ုပ်တို့ကို တစ်ပါတ်တာရဲ့ တစ်ရက်မှာ အနားယူဖို့ဖိတ်ခေါ်နေပါတယ်။ ဥပုသ်နေ့မှာ ဘုရားကို အာရုံပြုပြီး ဝတ်ပြုကိုးကွယ်ခြင်း၊ ဘုရားရှင်နှင့်စကားပြောခြင်း၊ ဘုရားရှင်ရဲ့စကားတော်ကို သမ္မာကျမ်းစာဖတ်ခြင်းဖြင့် နာခံခြင်းတို့ပြုလုပ်ရန် ကိုယ်တော်ရှင်ဖိတ်ခေါ်နေပါတယ်။ အပတ်စဉ် တစ်ရက် 'သီးသန့်' ကိုယ်တော်နဲ့ဆက် သွယ်ရခြင်းဟာ ကျွန်ုပ်တို့အတွက်ထူးမြတ်တဲ့အခွင့်အရေးဖြစ်ပါတယ်။
အကြောင်းအရာရှင်းလင်းစွာ သိမြင်လာအောင် မိတ်ဆွေကို ကျွန်ုပ်ရှင်းပြပါရစေ။ တစ်ဖက်မှာ အမှန်တရားရှိ နေတယ်။ တစ်ဖက်မှာ မိရိုးဖလာ ရှိနေပြန်ပါတယ်။ တစ်ဖက်မှာ သမ္မာကျမ်းစာရှိနေသလို တစ်ဖက်မှာလူတွေရဲ့ သွန်သင်မှုရှိနေပြန်ပါတယ်။


137

တစ်ဖက်မှာ ဘုရားရှင်ရဲ့ပညတ်တော်ရှိနေသလို တစ်ဖက်မှာလည်း လူတွေရဲ့ပညတ်ရှိနေပြန်ပါတယ်။ တစ်ဖက်မှာ စနေနေ့သတ္တမနေ့ဥပုသ်ရှိနေသလို ကျန်တစ်ဖက်မှာ တနင်္ဂနွေဥပုသ်ရှိတယ်။ နေ့ရက်စောင့်ထိန်း ရုံနဲ့မပြီးသေးပါဘူး။ အရေးကြီးတာကတော့ သခင်ပါဘဲ။ ဘုရားသခင်ရဲ့စကားကို နာခံမယ်လို့ပြောရုံနှင့်လည်းမပြီးသေးပေ။ ခရစ်တော်ဘုရားရဲ့ နောက်တော်ကိုလိုက်ခြင်းသာ အဓိကကျသော အချက်ဖြစ်ပါတယ်။

မိတ်ဆွေ ယခုအချိန် မှာသင်သည် တိကျသောဆုံးဖြတ်ချက်တစ်ခုချရန် လိုနေပြီ။ ထိုဆုံးဖြတ်ချက်မှာ မိရိုးဖလာအယူဆထက်၊ ဘုရားသခင်ရဲ့ အမှန်တရားကို လက်ခံမည်ဟူသော စိတ်ပြဋ္ဌာန်း ချက်ဖြစ်တယ်။ သင့်အတွက် ကျွန်ုပ်တို့အားလုံးဝိုင်းပြီး ဆုတောင်းပေးနေသလို သင့်အနေနဲ့ ခရစ်တော် ဘုရားရှင်ရဲ့ နောက်တော်ကို လိုက်ရန်ဆုံးဖြတ်စေချင်ပါတယ်။ ခရစ်တော်ရဲ့ချစ်ခြင်းမေတ္တာ သင့်ဘဝကို လွှမ်းခြုံပါစေ။

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ

၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



1

ကောင်းကင်၊ ငရဲ၊ သို့မဟုတ် ဘာမှမရှိ။


2

၁၉၅၆ ခုနှစ်တုန်းက ဗယ်လဂျီယံပိုင်ကွန်ဂိုဒေသမှာ ပြည်တွင်းစစ်ဖြစ်ခဲ့တယ်။ ဒေါက်တာ ပေါလ်ကာဆင်ရဲ့ ဆေးရုံကို သူပုန်တွေသိမ်းပိုက်ခြင်းခံရတယ်။ ဆေးရုံဝန်ထမ်းတော်တော်များများအသတ်ခံခဲ့ရတယ်။
ဒေါက်တာကာဆင်လည်း အပါအဝင်တယောက်ဖြစ်ခဲ့တယ်။ ရက်အနည်းငယ်ကြာတဲ့အခါ သူရဲ့အသက်မဲ့ ခန္ဓာ ကိုယ်ကို တွေ့ရပြီး အင်္ကျီအိတ်ဆောင်ထဲမှ ဓမ္မသစ်ကျမ်းစာတအုပ်ကို တွေ့ရတယ်။
စာမျက်နှာတွေပေါ်မှာ ရက်စွဲကို ဒေါက်တာက မှတ်တမ်းတင်ခဲ့တယ်။
အဲဒီနေ့ကတော့ သူသေနတ်နဲ့ပစ်ပြီး အသတ်မခံမီရက်ကဖြစ်တယ်။ 'ငြိမ်သက်ခြင်း' ဆိုတဲ့စာလုံးတခုကိုဘဲ ရေးခဲ့တယ်။
အဆိုးဝါးဆုံးအချိန်မှာ ငြိမ်သက်ခြင်း၊ သေခြင်းနှင့်ရင်ဆိုင်ရတဲ့အချိန်မှာ ငြိမ်သက်ခြင်းကို ကိုင်စွဲနိုင်ခဲ့တယ်။
ဘယ်အရာက ဒေါက်တာပေါလ်ကာဆင်ကို ငြိမ်သက်ခြင်းပေးခဲ့သလဲ။


3

ကျွန်တော်တို့အနေနဲ့သေခြင်းနဲ့ရင်ဆိုင်တဲ့အခါ ဒီလိုငြိမ်သက်ခြင်းမျိုးရှိနိုင်ပါ့မလား။ သေခြင်းတရားက ရိုက်နှက်လာတဲ့အခါ မလဲယိုင်သွားအောင် ဘာကကျွန်တော်တို့ကို ထိမ်းသိမ်းထားမလဲ။
သေခြင်းနဲ့ပါတ်သက်ပြီး မဖြေနိုင်တဲ့မေးခွန်းတွေအများကြီးရှိတယ်။ လူတယောက်သေတဲ့အခါ ဘာဖြစ်ပျက်သလဲ။ ကောင်းကင်လား၊ ငရဲလား (သို့) ဘာမှမဖြစ်ဘူးလား။
လူ့ရဲ့ခန္ဓာကိုယ်ဟာ ဘာဖြစ်သွားသလဲ။ အဲဒီခန္ဓာကိုယ်ထဲမှာ အသက်ရှင်တဲ့ ပုဂ္ဂိုလ်ကော ဘာဖြစ်သွားသလဲ။
လူတွေသေတဲ့အခါ သူတို့ရဲ့ရုပ်တည်မှုလုံးလုံးပျောက်ကွယ်သွားသလား။ သို့မဟုတ် တနေရာရာမှာ အသက်ရှင် နေကြသလား။


4

သေခြင်းရဲ့နာကျင်မှုဟာ ဆိုးဝါးလွန်းလို့ ကျွန်ုပ်တို့အနေနဲ့ကျွန်ုပ်တို့ချစ်တဲ့သူများ ကျွန်ုပ်တို့ကိုတကယ်ဘဲ မထားခဲ့ဘူး။ ကျွန်ုပ်တို့ရှာဖွေမယ်ဆိုရင် သူတို့နဲ့ဆက်သွယ်ဘို့နည်းလမ်းရှိမယ်လို့ယူဆကြတယ်။


5

ဒီလိုယူဆတာဟာ မှန်တယ်။ ဖြစ်နိုင်တယ်လို့အားပေးတိုက်တွန်းတဲ့အသံတွေကိုလည်းကြားနေရတယ်။
ဥပမာအနေဖြင့် နတ်ဝင်သည် ဂျိမ်းဗင်ပရပ်(ဂ်)ကို စဉ်းစားကြည့်ပါ။
သူ့ရဲ့စာအုပ်ဖြစ်တဲ့ 'ကောင်းကင်ကိုဆက်သွယ်ခြင်း (သို့) နတ်ဝင်သည်၏သေခြင်း တဘက်ရှိ အသက်တာနှင့် ဆိုင်သောသတင်းစကား' ဟာ လာရီကိန်းနဲ့တွေ့ဆုံခြင်းပြီးတဲ့အခါ အရောင်းရဆုံးစာအုပ်စာရင်းမှာ ဝင်သွားခဲ့ တယ်။


6

သေခြင်းနဲ့ပါတ်သက်ပြီး အမှန်တရားကို သိချင်ပြီး မရဏာကို ရင်ဆိုင်တဲ့အခါ ငြိမ်းချမ်းစွာနဲ့ရင်ဆိုင်လိုတယ်။



7

(ဗီဒီယို။ ၅ စက္ကန့်)
ဘုရားရှင်က ဒီအရာနှင့်ပတ်သက်ပြီး ဘာပြောထားသလဲ။ ကျွန်ုပ်တို့သေလျှင် ဘာဖြစ်ပျက်မယ်ဆိုတာ ကျမ်းစာ က တခုခုပြောထားပါသလား။
အသေအချာပြောထားပါတယ်။

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ


8

အဖြေကတော့ ယေရှုခရစ်တော်ရဲ့ထမြောက်ခြင်းမှာတွေ့ရပါတယ်။


9

ယေရှုကွယ်လွန်တဲ့အခါ ကိုယ်တော်ရဲ့မိတ်ဆွေများက သူ့ရဲ့ခန္ဓာကိုယ်ကို
ကျမ်းစာမှာဖေါ်ပြတဲ့အတိုင်းယောသပ် ရဲ့ ဂူသင်္ချိုင်းအသစ်မှာထားခဲ့တယ်။


10

ရောမနယ်စား ပိလတ်မင်းက အစောင့်တယောက်ကိုစေလွှတ်ပြီး သူရဲ့စစ်သားများက သင်္ချိုင်းအဝကို
ဆို့ထား တဲ့ ကျောက်တုံးပေါ်မှာ ရောမအမှတ်တံဆိပ်ခတ်ထားပါတယ်။
ကိုယ်တော်ရဲ့ခန္ဓာကိုယ်ကို ဘယ်သူကမျှထုတ်မယူနိုင်ပါဘူး။ တကယ်ဘဲ ခရစ်တော်ရဲ့ ခမည်းတော်ကလွဲလို့
ဘယ်သူကမျှမထုတ်ယူနိုင်ပါဘူး။


11


တနင်္ဂနွေနံနက်စောစော အမှောင်ထုဖုံးလွှမ်းနေစဉ်မှာဘဲ တောက်ပတဲ့ ကောင်းကင်တမန်တဦးဟာ
ကောင်းကင်က ဆင်းသက်လာပြီး သင်္ချိုင်းကို ပိတ်ဆို့ထားတဲ့ကျောက်တုံးကို လှိမ့်ချပြီး ခရစ်တော်ကို
ခေါ်ထုတ် ခဲ့တယ်။


12

ထမြောက်တဲ့အရှင်ဟာ သေခြင်းအပေါ်လုံးလုံးအောင်မြင်မှုနဲ့နိုးထခဲ့ပါတယ်။
ကောင်းကင်တမန်ရဲ့ဘုန်းတန်ခိုး ကြောင့် စစ်သားတွေဟာ လူသေတွေလိုဖြစ်ခဲ့ရတယ်။


13

ခရစ်တော်ရဲ့ထမြောက်ခြင်းအကြောင်းဟာ ကနဦးအသင်းတော်ရဲ့ တိုးတက်မှုစွမ်းအားတခုဖြစ်ခဲ့တယ်။
အကြောင်းကတော့ ရောမလူမျိုးတွေအတွက် သေခြင်းရဲ့တဖက်မှာ မျှော်လင့်ချက်မရှိပါဘူး။
သူတို့သိထားတဲ့အရဆိုရင် မရဏာဟာ မှောင်မိုက်နက်ရှိုင်းသောတွင်းတခုဖြစ်ပြီး
အဲဒီကနေလွတ်ထွက်လာဖို့ မျှော်လင့်ချက်မရှိတော့ပါဘူး။
ခရစ်ယာန်များအတွက် စစ်မှန်တဲ့ မျှော်လင့်ခြင်းသတင်းစကားဘဲ။ သင်္ချိုင်းဟာ အဆုံးမဟုတ်ဘူး။
ခရစ်တော်၌ သေလွန်သူတို့ဟာ တနေ့အသက်ရှင်ကြရဦးမယ်။


14

ရောမမြို့တော်မှာရှိတဲ့ ရှေးခေတ်ညှင်းပန်းမှုကို တိမ်းရှောင်တဲ့လိုဏ်ဂူတွေ အထဲမှာ တပါးအမျိုးသားများနဲ့
ခရစ်ယာန်တို့ရဲ့သေခြင်းနဲ့ပါတ်သက်တဲ့ ယုံကြည်ချက်ခြားနားမှုတွေကို ဖေါ်ပြထားတယ်။
တပါးအမျိုးသားများ ဂူသင်္ချိုင်းမှာ ရေးသားထားချက်တွေဟာ သူတို့ရဲ့မျှော်လင့်ခြင်းကင်းမဲ့မှုကိုပြတယ်။


15

ထပ်ဖန်တလဲလဲရေးထားတဲ့စာသားတွေကတော့. . .
ထာဝရနှုတ်ဆက်ခဲ့တယ် (သို့) ထာဝရတာတာဘဲ
ခရစ်ယာန်တို့ရဲ့ဂူသင်္ချိုင်းမှာရေးထားတဲ့စာသားများကို သတိပြုမယ်ဆိုရင်

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



16

နောက်တဖန်တွေ့တဲ့အထိနှုတ်ဆက်ပါတယ် (သို့) နက်ဖြန်အထိကောင်းသောညပါဘဲ။
သူတို့ရဲ့သင်္ချိုင်းဂူများ ဟာမျှော်လင့်ခြင်း၊ ရဲရင့်ခြင်းနဲ့ပြည့်ဝနေပြီး
ထမြောက်ခြင်းရဲ့နေ့ရက်ကိုစောင့်စားနေကြတယ်။




17


(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁း၁၈)
'အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည်အရင်သေသည်ဖြစ်၍၊ ကမ္ဘာအဆက်ဆက်အသက်နှင့်ပြည့်စုံ၏။




18

မရဏာနှင့်မရဏာနိုင်ငံကိုလည်း ငါအစိုးရ၏။'
ဗျာဒိတ်ကျမ်း ၁း၁၈

ခရစ်ယာန်တဦးအနေနဲ့ ဘုရားရှင်သူ့အတွက် သိုထားတဲ့အရာမသိသရွေ့ သေခြင်းတဘက်အတွက် ဘာမှ မြော်လင့်ချက်မရှိပါဘူး။



19

ကောရိန်သုဩဝါဒစာပထမစောင် အခဏ်းကြီး ၁၅ မှာ ရှင်ပေါလုက
သေခြင်းတရားနဲ့ထမြောက်ခြင်းအကြောင်းတင်ပြထား ပါတယ်။
ထမြောက်ခြင်းမရှိဘူးဆိုရင် ခရစ်ယာန်တို့အတွက် အနာဂတ်မရှိကြောင်းဆိုထားပါတယ်။




20

(ကျမ်းချကက်။ ကောရိန်သုဩဝါဒစာပထမစောင် ၁၅း၁၆-၁၈) 'သေလွန်သောသူတို့သည်
ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည် ထမြောက်တော်မမူ။'




21

ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ သင်တို့သည် ယုံကြည်သော်လည်း
အကျိုးမရှိ၊ဒုစရိုက်အပြစ်အောက် ၌ရှိကြသေး၏။




22

ထိုမှတပါး၊ ခရစ်တော်ကိုယုံကြည်၍အိပ်ပျော်သောသူတို့သည် ဆုံးရှုံးခြင်းသို့ ရောက်ကြပြီ။'
ကောရိန်သုဩဝါဒစာပထမစောင် ၁၅း၁၆-၁၈



23

ကိုယ်တော်ပြုခဲ့တော်မူတဲ့အရာကို နားလည်နိုင်ဘို့ရာရှေးဦးစွာနှုတ်ကပတ်တော်က သေခြင်းနဲ့ပါတ်သက်လို့ ဘယ်လိုပြောထားသလဲဆိုတာ နားလည်ရပါမယ်။

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ


24

လူသားကို ဖန်ဆင်းတဲ့အချိန်မှာ ဘုရားသခင်က သေစေလိုတဲ့ရည်ရွယ်ချက်နဲ့ဖန်ဆင်းခဲ့တာမဟုတ်ပါဘူး။
အာဒံကိုဖန်ဆင်းပြီးတဲ့အခါမှာ ဘုရားသခင်က သူဖန်ဆင်းတဲ့အရာတွေကိုကြည့်ပြီး အလွန်ကောင်းတယ်လို့
ကောက်ချက်ချကြောင်း ကမ္ဘာဦးကျမ်း ၁း၃၂ မှာ တွေ့ရပါတယ်။
အာဒံနှင့်ဧဝအပြစ်ထဲ မကျဆုံးမီက ဒီကမ္ဘာပေါ်မှာ သေခြင်း၊ ဖျားနာခြင်း၊ (သို့)
ပူဆွေးသောကရောက်ခြင်းများ မရှိခဲ့ပါဘူး။
ဘုရားသခင်က လူသားမျိုးနွယ်ကိုဘယ်လိုပြောထားတယ်ဆိုတာ မှတ်မိရဲ့လား။


25


(ကျမ်းချက်း ကမ္ဘာဦးကျမ်း ၂း၁၆၊၁၇)
ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကိုသိကျွမ်းရာအပင်မှတပါး၊


26


ထိုဥယျာဉ်၌ရှိသမျှသောအပင်တို့၏ အသီးကို သင်သည် စားရသော အခွင့်ရှိ၏။


27

ထိုအပင်၏အသီးကိုမူကားမစားရ။ စားသောနေ့တွင်ဧကန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏။'
ကမ္ဘာဦးကျမ်း ၂း၁၆၊၁၇။


28


ပုံပြင်နောက်ဇတ်လမ်းတကွက်ကတော့ ဝမ်းနည်းစရာပါဘဲ။ ဝမ်းနည်းကျေကွဲစရာအကြောင်းကို
ကမ္ဘာဦးကျမ်း အခန်းကြီး (၃) မှာ မှတ်တမ်းတင်ထားတယ်။


29

စာတန်ကမြွေအယောင်ဆောင်ပြီး အမျိုးသမီးကို ဘုရားစကားနားမထောင်ဘဲ တားမြစ်ထားတဲ့အသီးကို
စားဘို့သွေးဆောင်ခဲ့ပါတယ်။ ဧဝက ဘုရားသခင်တားမြစ်ထားတဲ့ အသီးကိုမစားသင့်ကြောင်း၊ စားလျှင်
သေရမှာဖြစ်ကြောင်းရှင်းပြခဲ့ပါတယ်။


30

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၄)
အဲဒီအခါမြွေက 'သင်သည် အမှန်ဧကန်သေရလိမ့်မည်မဟုတ်။' လို့ပြောခဲ့ပါတယ်။ ကမ္ဘာဦးကျမ်း ၃း၄
ဒီအချက်ဟာ သေခြင်းနှင့်ပါတ်သက်ပြီး ပထမဆုံးလိမ်ညာမှုတခုဖြစ်ပါတယ်။
ဧဝက စာတန်ကို ယုံပြီးကောင်းမကောင်းသိကျွမ်းရာအပင်ကအသီးကို စားခဲ့ပါတယ်။ ဘုရားရှင်က အာဒံနှင့်
ဧဝကို အသက်ပင်နဲ့ဝေးကွာစေခဲ့ပါတယ်။


31


ဘာကြောင့်ဘုရားရှင်က အာဒံနှင့်ဧဝကို အသက်ပင်နဲ့ဝေးကွာစေခဲ့ရတာလဲဆိုတော့

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



32

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၂၂၊၂၃)
'လူသည်ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍ ကောင်းမကောင်းသိတတ်၏။ '



33

ယခုမှာ သူသည်ထာဝရအသက်ကိုရ ခြင်းငှါ လက်ကိုဆန့်လျက်အသက်ပင်၏အသီးကို ယူ၍မစားသင့်ဟု ဆို၍



34

'လူသည် မိမိထွက်သောမြေ ၌ လုပ်ရမည်အကြောင်း



35

ထာဝရအရှင်ဘုရားသခင်သည် ဧဒင်ဥယျာဉ်ထဲက လွှတ်လိုက်တော်မူ၏။'
ကမ္ဘာဦးကျမ်း ၃း၂၂၊၂၃



36

သေခြင်းတရားဟာ လူသားတို့ထံရောက်လာရခြင်းအကြောင်းကတော့ လူဟာ အသက်ရဲ့အရင်းအမြစ်ဖြစ်တဲ့ ဘုရားရှင်ဆီက ထွက်ခွာသွားပြီးအသက်ပင်နဲ့ဝေးခဲ့ရလို့ဘဲဖြစ်တယ်။



37

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၁၈၊၁၉)
အဲဒီအချိန်မှာ ဘုရားသခင်က အာဒံကိုပြောလိုက်တာကတော့
'လယ်၌ဖြစ်သောဟင်းသီးဟင်းရွက်တို့ကိုသင်စားရမည်။



38

သင်ထွက်ရာမြေသို့မပြန်မှီတိုင်အောင် သင်၏မျက်နှာမှချွေးထွက်လျက် အစာကိုစားရမည်။



39

အကြောင်းမူကား သင်သည် မြေမှုန့်ဖြစ်၍မြေမှုန့်သို့ပြန်ရမည်ဟုမိန့်တော်မူ၏။'
ကမ္ဘာဦးကျမ်း ၃း၁၈၊၁၉။

၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ


40

ဒါဟာသေခြင်းကိုနားလည်နိုင်တဲ့သောချက်ပါ။ ဘုရားသခင်ကကျွန်တော်တို့နှင့်ထာဝရရှဲခွာ ခြင်းမှ ကာကွယ်ရန်ဘာအစီအစဉ်ရှိလဲဆိုတာ ဖေါ်ပြခြင်းဖြစ်တယ်။


41

နှုတ်ကပတ်တော်က လူဟာသူရဲ့မူလနေရာဖြစ်တဲ့ မြေမှုန့်ကိုဘဲပြန်သွားရမယ်လို့ဆိုထားပါတယ်။ ဘုရားရှင်က အာဒံကိုဘယ်လိုဖန်ဆင်းခဲ့သလဲ သတိထားမိရဲ့လား။



42

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂း၇)
'ထိုနောက် ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့်လူကိုဖန်ဆင်း၍



43

သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်သွင်းတော်မူလျှင် လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏။
'ကမ္ဘာဦးကျမ်း ၂း၇


44

ဘုရားသခင်ဟာ မြေကိုယူပြီး လူသားအတွက်ခန္ဓာကိုယ်ကို တည်ဆောက်ပေး ခဲ့တယ်။ အဲဒီအခြေအနေမှာ လူသားဟာ အသက်မဲ့တဲ့ခန္ဓာကိုယ်ကြီးအဖြစ်နဲ့ဘဲရှိပါသေးတယ်။
အသက်ရှင်သောသတ္တဝါဖြစ်ဖို့ တစုံတခုသောအရာလိုအပ်နေပါတယ်။ နှုတ်ကပတ်တော်အရ ဘုရားရှင်က အာဒံ ရဲ့နှာခေါင်းထဲသို့ ဇီဝအသက်မှုတ်သွင်းလိုက်တဲ့အခါ လူသားဟာ အသက်ရှင်သော သတ္တဝါဖြစ်လာပါတော့ တယ်။



45

(ဗီဒီယို။ ၃ စက္ကန့်)ကျွန်တော်တို့အနေနဲ့ဒီလိုညီမျှခြင်းတခုတင်ပြနိုင်ပါတယ်။
ခန္ဓာကိုယ် + ဇီဝအသက် = အသက်ရှင်သောသတ္တဝါ



46

(ဗီဒီယို။ ၃ စက္ကန့်)သေတဲ့အခါ ဒီလိုညီမျှခြင်းပြန်ရေးလို့ရပါတယ်။
သက်ရှိလူသား - ဇီဝအသက် = သက်မဲ့ခန္ဓာကိုယ်



47

(ကျမ်းချက်။ ဒေသနာကျမ်း ၁၂း၇)
ဒေသနာကျမ်းမှာ ပညာရှိကြီးက ဒီလိုဆိုထားပါတယ်။ 'ထိုကာလ၌မြေမှုန့်သည် နေရင်းမြေသို့၎င်း၊ ဝိညာဉ် သည်အရှင်ပေးတော်မူသော ဘုရားသခင့်ထံတော်သို့၎င်း ပြန်သွားရလိမ့်မည်။ ဒေသနာကျမ်း ၁၂း၇


# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ


48

ပထမဆုံးရေးသားတဲ့ကျမ်းစာစောင်လို့ယူဆရတဲ့ယောဘဝတ္ထုထဲမှာလည်း ဒီလိုဘဲရေးသားထာပါတယ်။


49

(ကျမ်းချက်း ယောဘဝတ္ထု ၂၇း၃။)
'ငါအသက်ရှင်လျက်၊ ငါ့နှာခေါင်း၌ဘုရားသခင်ပေးတော်မူသော အသက်တည်သမျှကာလပါတ်လုံး. . .
ယောဘဝတ္ထု ၂၇း၃


50


လူကိုဖန်ဆင်းတဲ့အခါ ဘုရားရှင်က ဇီဝအသက်ကိုထည့်ပေးလိုက်တာဖြစ်ပါတယ်။


51

(ကျမ်းချက်။ ဆာလံကျမ်း ၁၄၆း၃၊၄)
တခြားကျမ်းတချက်ကလည်း ဒီလိုဆိုထားပြန်ပါတယ်။
'မင်းများမှစ၍ မကယ်တင်နိုင်သော လူသားကိုမကိုးစားကြနှင့်။


52

သူသည် အသက်ထွက်၍မြေသို့ပြန်သွားတတ် ၏။ ထိုနေ့ခြင်းတွင် သူ၏အကြံစည်တို့သည် ပျက်စီးကြ၏။
ဆာလံကျမ်း ၁၄၆း၃၊၄


53

ဘုရင်ဒါဝိတ်က လူသေတဲ့အခါ ဇီဝအသက်ထွက်သွားပြီး ခန္ဓာကိုယ်က မြေကြီးပြန်ဖြစ်တယ်လို့ဆို ထားပါတယ်။


54

(ကျမ်းချက်။ ဒေသနာကျမ်း ၉း၅၊၆)
ဒီအချက်ဟာ ရှောလမုန်ရဲ့ဖွင့်ဆိုချက်နဲ့လည်း ကိုက်ညီပါတယ်။
'အသက်ရှင်သောသူသည် မိမိသေရမည်ကိုသိ၏။ သေသောသူမူကား၊ အဘယ်အရာကိုမျှမသိ။


55

အကျိုးအပြစ် ကိုလည်းမခံရ။ သူ့ကိုလည်း မေ့လျော့တတ်ကြ၏။

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



56

သူ၏ချစ်ခြင်း၊မုန်းခြင်း၊ငြူစူခြင်းလည်းပျောက်ပျက်၏။'
ဒေသနာကျမ်း ၉း၅၊၆



57

(ဗီဒီယို။ ၅ စက္ကန့်)သေတဲ့လူဟာ ဘာမှမသိတော့ဘူး။
ဘာဆိုဘာမှမသိတော့ဘူး။
ဒီအချက်ဟာ ဆာလံဆရာရေးသားထားတဲ့သေသောသူတို့ဟာ ကောင်းကင်၌ဘုရားသခင်ရဲ့ဂုဏ်တော်ကို ထောပနာပြုခြင်း မရှိဆိုတဲ့အချက်နဲ့လည်းကိုက်ညီပါတယ်။ ဒါဆိုရင်သေတဲ့သူတွေဘယ်မှာရှိမလဲ။



58

(ကျမ်းချက်။ ဆာလံကျမ်း ၁၁၅း၁၇)
ဒါဝိတ်က ရှင်းရှင်းပြောထားပါတယ်။
'သေလွန်သောသူ၊ ငြိမ်းရာထဲသို့ဆင်းသောသူရှိသမျှတို့သည် ထာဝရဘုရားကိုမချီးမွမ်းရကြ။'
ဆာလံကျမ်း ၁၁၅း၁၇



59

(ကျမ်းချက်။ ယောဘဝတ္ထု ၁၄း၁၀၊၁၂၊၁၃)
'လူမူကားသေ၍ဆွေးမြေ့တတ်၏။ လူသည် အသက်ချုပ်ပြီးလျှင် အဘယ်မှာရှိသနည်း။



60

လူသည် အိပ်ပြီးမှနောက်တဖန်မထရ။ မိုးကောင်းကင်မကုန်မဆုံးမှီတိုင်အောင် မနိုးရ။ အအိပ်အပျော်မပျက်ရ။



61

မနိုးရ။ အအိပ်အပျော်မပျက်ရ။



62

အမျက်တော်မလွန်မှီတိုင်အောင် ကွယ်ကာ တော်မူပါစေ။



63

အကျွန်ုပ်ကို အောက်မေ့စရာအချိန်ကိုချိန်းချက်တော်မူပါစေ။'
ယောဘဝတ္ထု ၁၄း၁၀၊၁၂၊၁၃

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ


64

ဘုရားသခင်ရဲ့နှုတ်ကပတ်တော်က လူသေတဲ့အခါ ဂူသင်္ချိုင်းမှာ
ထမြောက်ခြင်းနေ့ရက်တိုင်အောင်လဲလျောင်း လျက်ရှိနေမယ်လို့ အတိအလင်းပြောထားပါတယ်။


65

(ကျမ်းချက်။ ယောဘဝတ္ထု ၁၄း၁၄၊၁၅)
လူသည် သေလျှင်အသက်ရှင်ပြန်ပါလိမ့်မည်လော။ အကျွန်ုပ်ပြောင်းလဲချိန်မရောက်မှီ ပင်ပန်းစွာအမှုထမ်းရ
သောနေ့ရက်ကာလပတ်လုံးသည်းခံလျက်နေပါမည်။


66

အကျွန်ုပ်ကိုခေါ်တော်မူပါ။ အကျွန်ုပ်ပြန်လျှောက်ပါမည်။ 'ယောဘဝတ္ထု ၁၄း၁၄၊၁၅။


67


(ကျမ်းချက်။ ယောဘ ဝတ္ထု၁၇း၁၃)
ယောဘပြောတာကို သတိထားကြည့်ပါ။
သင်္ချိုင်းသည် ငါ့နေရာဖြစ်သည်ကို ငါမြော်လင့်၏။ ငါ့အိပ်ယာသည် မှောင်မိုက်၌ခင်းလျက်ရှိ၏။
ယောဘ ဝတ္ထု၁၇း၁၃


68

အခြားကျမ်းစာရေးသားတဲ့ ပုဂ္ဂိုလ်တွေပြောထားသလို
သေခြင်းကိုအိပ်ပျော်ခြင်းလို့ယောဘကရည်ညွှန်းပြောဆို ထားပါတယ်။


69

(ကျမ်းချက်။ ဆာလံကျမ်း ၁၃း၃)
ဒါဝိတ်က 'အကျွန်ုပ်၏ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်စကားကိုမျက်နှာပြု၍နားထောင်တော်မူပါ။
အကျွန်ုပ်မျက်စိကိုလင်းစေတော်မူပါ။ သို့မဟုတ်လျှင် အသေအိပ်ပျော်ခြင်းသို့ရောက်ပါမည်။ ဆာလံ ၁၃း၃
ဒါဝိတ်က သေခြင်းရဲ့အိပ်ပျော်ခြင်းနဲ့အိပ်ပျော်သွားမှာကို စိုးရိမ်ပါတယ်။
သူကဆက်လက်အသက်ရှင်လိုပါသေး တယ်။


70

(ကျမ်းချက်။ ဒံယေလအနာဂတ္တိကျမ်း ၁၂း၂)
ပရောဖက်ဒံယေလကလည်း သေခြင်းကနိုးထမဲ့သေသောသူတွေနဲ့ပါတ်သက်လို့
'ထိုကာလ၌မြေမှုန့်၌အိပ်ပျော်သောသူများတို့သည် နိုးကြလိမ့်မည်။ အချို့တို့ကား
ထာဝရအသက်ရှင်ခြင်းနှင့် ၄င်း၊ အချို့တို့ကား ရှက်ကြောက်ခြင်း ထာဝရအသရေပျက်ခြင်းနှင့်၄င်း
နိုးကြလိမ့်မည်။
ဒံယေလအနာဂတ္တိကျမ်း ၁၂း၂။


71

နှုတ်ကပတ်တော်၌ရေးသားထားတဲ့စိတ်သက်သာစရာ အကောင်းဆုံးအကြောင်းများထဲက တချက်ကတော့
လူသေရင် ဘာဖြစ်သွားမလဲဆိုတာနဲ့ပါတ်သက်နေပါတယ်။ လူသေတဲ့အခါ အသက်ပေးပိုင်ရှင် သူတို့ကိုပြန်
လည်နိုးထတဲ့အချိန်အထိ ဘာမှအနှောင့်အယှက်မရှိဘဲ ငြိမ်သက်စွာအိပ်ပျော်နေကြမှာဖြစ်တယ်။
ကျမ်းစာက သေခြင်းကိုအိပ်ပျော်ခြင်းအနေဖြင့် တင်စားထားတာထူးဆန်းနေပါသလား။

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ


72

ပရောဖက်နာသန်က ဘုရင်ဒါဝိတ်ဆီမှာ ဘုရင်ကြီးသေတဲ့အခါဘာဖြစ်မလဲဆိုတာနဲ့ပါတ်သက်ပြီး ဘယ်လိုပြော ခဲ့သလဲ။


73

(ကျမ်းချက်။ ဓမ္မရာဇဝင်ဒုတိယစောင် ၇း၁၂)
'သင်သည် အသက်ကာလစေ့၍ဘိုးဘေးတို့နှင့်အတူအိပ်ပျော်သောအခါ'
ဓမ္မရာဇဝင်ဒုတိယစောင် ၇း၁၂


74

ယေရှုခရစ်တော်ကိုယ်တိုင်က သေခြင်းကို အိပ်ပျော်ခြင်းလို့ခေါ်ထားပါတယ်။ သူ့ရဲ့မိတ်ဆွေကြီး လာဇရုသေတဲ့ အခါ ကိုယ်တော်က လာဇရုအိပ်ပျော်နေတယ်လို့ပြောခဲ့ပါတယ်။ ဗေသနိရွာမှာ ခရစ်တော်ရဲ့မိတ်ဆွေများဖြစ်တဲ့ လာဇရု၊ မေရိနဲ့မာသဆိုတဲ့ ညီအစ်ကိုမောင်နှမတသိုက်ရှိတယ်။ မကြာခဏ အလျင်းသင့်သလို သူတို့အိမ်ကို ကိုယ်တော်ကလည်ပတ်လေ့ရှိပါတယ်။


75

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၅)
ကျမ်းစာက 'ယေရှုသည် မာသကို၎င်း၊ သူ၏ညီမနှင့်လာဇရုကို၎င်းချစ်တော်မူ၏' လို့ဆိုထားပါတယ်။
ရှင်ယောဟန်ခရစ်ဝင် ၁၁း၅


76

တနေ့ယေရှုနှင့်တပည့်တော်များဟာ ဂျော်ဒန်မြစ်နားမှာရှိနေတဲ့ အခါဗေသနိက သူ့မိတ်ဆွေများဆီမှ လာဇရု အပျင်းအထန်ဖျားနေကြောင်းသတင်းရတယ်။ ဒါပေမဲ့ ယေရှုကနောက်ထပ်၂ ရက်လောက်ဆက်ပြီး အဲဒီမှာနေခဲ့တယ်။


77

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၁၁၊၁၂၊၁၄၊၁၅)
အဲဒီနောက် ယေရှုက 'ငါတို့အဆွေလာဇရုသည် အိပ်ပျော်၏။ သူ့ကိုနိုးခြင်းအလို့ငှါ ငါသွားမည်ဟုမိန့်တော်မူ ၏။' ယောဟန် ၁၁း၁၁


78

တပည့်တော်များက ဝမ်းလက်တသာနဲ့
'သခင်၊ သူသည် အိပ်ပျော်လျှင် သက်သာရလိမ့်မည်ဟုလျှောက်ကြ၏။'


79

'လာဇရုသေပြီဟုယေရှုက အတည့်အလင်းမိန့်တော်မူ၏။'

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



80

ထိုအရပ်၌ငါမရှိသည်ကိုထောက်၍သင်တို့အတွက်ငါဝမ်းမြောက်ခြင်းရှိ၏။ သူ့ဆီကို ယခုသွားကြကုန်အံ့ဟုမိန့် တော်မူ၏။' ရှင်ယောဟန်ခရစ်ဝင် ၁၁း၁၁-၁၅



81

သူတို့ဗေသနိမြို့ကိုသွားကြတယ်။ မြို့အဝင်မှာ မာသက လာကြိုနေတယ်။



82

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၁၊၂၃၊၂၄)
မာသက ယေရှုကိုတွေ့တယ်ဆိုရင်ဘဲ '. . . သခင်၊ ကိုယ်တော်ရှိတော်မူလျှင် ကျွန်မမောင်မသေပါ။'
ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၁
သူမပြောတာမှန်ပါတယ်။



83

ယေရှုကလည်း သင်၏မောင်သည် ထမြောက်လိမ့်မည်ဟုမိန့်တော်မူ၏။
မာသဘယ်လိုပြန်ပြောသလဲဆိုတော့



84

နောက်ဆုံးသောနေ့တည်းဟူသော ထမြောက်ရာကာလ၌ သူသည် ထမြောက်လိမ့်မည်ကို ကျွန်မသိပါသည်ဟု လျှောက်၏။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၃-၂၄။
မာသက လာဇရုတယောက် ကမ္ဘာအဆုံးရဲ့ ထမြောက်ခြင်းနေ့မှာ ထမြောက်လိမ့်မယ်လို့ ယုံကြည်ကြောင်း ယေရှုကို ပြောဆိုခဲ့တယ်။




85

သို့သော် ယေရှုက ဒီအဖြစ်အပျက်နဲ့အကြိုမြင်ကွင်းကို ပြောပြတယ်။



86

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅)
ယေရှုကလည်း ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။
ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။
ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅



87

ယေရှုက လာဇရုရဲ့ဂူသင်္ချိုင်းကိုရောက်တဲ့အခါ ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ယောဟန်မှတ်တမ်းတင်ထားပုံက တော့

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



88

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၃၅)
'ယေရှုသည် မျက်ရည်ကျတော်မူ၏။'
ကိုယ်တော်က လာဇရုအတွက်မျက်ရည်ကျတာမဟုတ်ပါဘူး။ ကိုယ်တော်က သူ့ကိုအသက်ရှင်စေဘို့ ဘာတာဘဲ။


89

ကိုယ်တော်က ဝမ်းနည်းကြေကွဲနေကြတဲ့ မိတ်ဆွေသင်္ဂရအပေါင်းနဲ့မိသားစုအများအတွက်သော်၄င်း၊ ခေတ်အ ဆက်ဆက်က ချစ်တဲ့သူတွေနဲ့ခွဲခွါရကြလို့ ဝမ်းနည်းပူဆွေးခဲ့ကြတဲ့ သူတွေအားလုံးအတွက်ငိုကြွေးခြင်းဖြစ်ပါ တယ်။


90

ယေရှုက သင်္ချိုင်းဂူဝကိုပိတ်ဆို့ထားတဲ့ကျောက်တုံးကြီးကို



91

ဖယ်ရှားလိုက်ဖို့ အမိန့်ပေးခဲ့ပါတယ်။




92

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၃၉)
မာသကကန့်ကွက်လိုက်တယ် 'သခင်၊ ယခုဖြစ်လျှင် နံ့လိမ့်မည်။ လေးရက်ရှိပါပြီဟုလျှောက်၏။'
ရှင်ယောဟန်ခရစ်ဝင် ၁၁း၃၉
ဟုတ်ပါတယ်။ ယေရှုကဗေသနိမြို့ကိုသွားဖို့ လေးရက်ရွှေ့ဆိုင်းခဲ့တယ်။ ဒီလိုအချိန်ဆွဲခဲ့ခြင်းကြောင့် လာဇရုသေတယ်ဆိုတာ သံသယရှိစရာအကြောင်းမရှိတော့ပါဘူး။


93

သင်္ချိုင်းဝက ကျောက်တုံးကြီးကို ရွှေ့ပြီးတဲ့အခါ ယေရှုက ကျယ်လောင်သောအသံနဲ့ 'လာဇရုထွက်၍လာလော့' လို့ခေါ်လိုက်တယ်။


94

လူတစ်ယောက်က ဘယ်လိုပြောသလဲဆိုတော့ ယေရှုက လာဇရုအမည်ကို တိတိကျကျမခေါ်ခဲ့ရင် ဒီကမ္ဘာပေါ် က သင်္ချိုင်းရှိသမျှတွေထဲက လူသေတွေထလာလိမ့်မယ်တဲ့။


95

အဲဒီနေ့မှာ ဗေသနိမှာရှိတဲ့ သူငယ်ချင်းသုံးယောက်အတွက် ဘယ်လောက်ဝမ်းမြောက်ဘွယ်နေ့တနေ့ဖြစ်လိမ့်မ လဲ။ မိတ်ဆွေတို့၊ အဲဒီနေ့ဟာ တကယ်ဘဲဝမ်းမြောက်ရွှင်မြူးဘွယ်နေ့တနေ့ပါဘဲ။

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



96

သို့သော် ယေရှုဒုတိယအကြိမ်ကြွလာပြီး ကိုယ်တော်ကို မိမိတို့ရဲ့ကယ်တင်ရှင်အဖြစ်နဲ့လက်ခံပြီးတော့
သေဆုံး သူအပေါင်းတို့ဟာ ထမြောက်ပြီးလေထဲမှာ
ကိုယ်တော်နှင့်အတူတွေ့ဆုံကြမယ့်ဝမ်းမြောက်ရွှင်မြူးဘွယ်နေ့ကြီး နဲ့ နှိုင်းယှဉ်ရင်တော့
ဘာမှမပြောပလောက်ပါဘူး။
ဒီနှစ်သိမ့်တဲ့သတင်းစကားဟာ ပထမရာစုခရစ်ယာန်များအတွက်
တမန်တော်ပေါလုရဲ့အားပေးစကားဖြစ်တယ်။



97

(ကျမ်းချက်။ သက်သာလောနိတ်ဩဝါဒစာပဌမစောင် ၄း၁၃၊၁၆)
'အိပ်ပျော်သော သူတို့၏အမှုအရာကို မသိဘဲနေစေခြင်းငှါ ငါတို့အလိုမရှိ။




98

မြော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့၊ သင်တို့သည် ဝမ်းမနည်းမည်အကြောင်း'
သက်သာလောနိတ်ဩဝါဒစာပဌမစောင် ၄း၁၆
ကိုယ်တော်ကြွလာတဲ့အခါဘာတွေလုပ်မလဲဆိုတာရှင်ပေါလုက ဒီလိုပြောထားခဲ့ပါတယ်။



99

'ဘုရားသခင်သည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရား၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်
တကွ၊



100

'ကောင်းကင်ဘုံမှဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည်အဦးထမြောက်ကြလိမ့်မည်။'
သက်သာလောနိတ်ဩဝါဒစာပဌမစောင် ၄း၁၆။



101

ရှင်ပေါလုက ယေရှုကြွလာတဲ့အခါ ဖြစ်ပျက်မဲ့အဖြစ်အပျက်များကို အသေးစိတ်တင်ပြထားပါတယ်။



102

(ကျမ်းချက်။ ကောရိန်သုဩဝါဒစာပထမစောင် ၁၅း၅၁၊၅၂၊၅၃၊၅၄၊၅၅)
'နက်နဲသောအရာတခုကို ငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ကြရမည်မဟုတ်။'



103

သို့သော်လည်း နောက်ဆုံးသောတံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင်မျက်စိတမှိတ်၌ ငါတို့ရှိသမျှသည်
ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ၊

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



104

သေလွန်သောသူတို့သည်၊ မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။
ကောရိန်သုဩဝါဒစာ ပဌမစောင် ၁၅:၅၁၊၅၂။
ရှင်ပေါလုက ကျွန်တော်တို့ဘယ်လိုပြောင်းလဲကြမလဲဆိုတာ ပြောထားတယ်။



105

ယခုမျက်မှောက်ပုပ်တတ်သော အရာသည် မပုပ်နိုင်သောအဖြစ်သို့ဝင်စားရမည်။ ယခုမျက်မှောက်သေတတ် သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။


106

ဤပုပ်တတ်သော အရာသည် မပုပ်နိုင်သော အဖြစ်သို့၎င်း၊ ဤသေတတ်သောအရာသည် မသေနိုင်သော အဖြစ်သို့၎င်း၊ ဝင်စားသောအခါ၊


107

သေခြင်းသည် အောင်ခြင်း၌နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက်ပြည့်စုံလိမ့်မည်။


108

အိုသေမင်း သင်၏လက်နက်သည်၊ အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏ အောင်မြင်ခြင်းသည် အဘယ်မှာရှိသနည်း။'
ကောရိန်သုဩဝါဒစာ ပဌမစောင် ၁၅:၅၃-၅၅။


109

ယေရှုက သူ့တပည့်တော်များအားလုံးထမြောက်ကြလိမ့်မယ်လို့ပြောခဲ့ပါတယ်။


110

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၅:၂၈၊၂၉)
ဤအမှုအရာကိုအံ့ဩခြင်းမရှိကြနှင့်။ သင်္ချိုင်း များမှာ ရှိသောသူ အပေါင်းတို့သည် သားတော်၏စကားသံကို ကြား၍


111

ထွက်ရမည့်အချိန်ကာလသည်ရောက်လတံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့၎င်း၊

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



112

ဆိုးယုတ်သောအကျင့်ကို ကျင့်သော သူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့၄င်း ထွက်ရကြလတံ့။
ရှင်ယောဟန်ခရစ်ဝင် ၅း၂၈၊၂၉။



113

စဉ်းစားကြည့်ပါ။ အကယ်၍လူတွေက သေတာနဲ့ကောင်းကင် (သို့) ငရဲကိုရောက်ကြမယ်ဆိုရင်
ဖြောင့်မတ်သူ တွေနဲ့လူဆိုးတွေအတွက် ထမြောက်ရာနေ့ဘယ်လိုအပ်တော့မလဲ။
ဘာကြောင့် ယေရှုက သူပြန်လာမဲ့အချိန်နဲ့ပါတ်သက်ပြီး ဒီလိုမိန့်တော်မူခဲ့ရတာလဲ။



114

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၂း၁၂)
'ငါသည် အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကို ဆောင်ခဲ့သည်ဖြစ်၍ လူအသီးအသီးတို့အား
မိမိတို့ အကျင့်အတိုင်း ဆပ်ပေးမည်။'
ဗျာဒိတ်ကျမ်း ၂၂း၁၂



115

တကယ်ဘဲ ရှင်းရှင်းလင်းလင်းပါပဲ။
လူတွေသေတဲ့အခါ သူတို့အခြေအနေက အိပ်နေသလိုပါဘဲ။ ပင်ပန်းဆင်းရဲခြင်းကနေ
ကိုယ်တော်ကြွလာသည့် တိုင်အောင် နားနေကြမှာဖြစ်တယ်။




116

ကိုယ်တော်ဘာကြောင့်လာရမလဲ။
ကိုယ်တော်လာရတဲ့အကြောင်းကတော့ မိမိတို့အတွက် ကိုယ်တော်ရဲ့ဆက်ကပ်ပူဇော်ခြင်းကို လက်ခံသောသူ
အားလုံးတို့ကို ထမြောက်ပြီးပေါင်းစည်းစေဘို့ဘဲဖြစ်ပါတယ်။
ကိုယ်တော်ဘက်မှာ သစ္စာရှိစွာအသက်ရှင်နေတဲ့နောက်လိုက်များကို
ကြိုဘို့လည်းယေရှုကြွလာရခြင်းဖြစ်တယ်။
ဒီသတင်းကောင်းကို နားဆင်ကြပါ။



117

(ကျမ်းချက်။ သက်သာလောနိတ်ဩဝါဒစာ ၄း၁၇)
'ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်
စေခြင်းငှါ



118

ထိုသူတို့နှင့်တကွ မိုယ်းတိမ်ပေါ်သို့ ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ
အစဉ်မပြတ်နေရ ကြလိမ့်မည်။'
သက်သာလောနိတ်ဩဝါဒစာ ၄း၁၇



119

ကယ်တင်ခြင်းခံသူအားလုံးတို့ဟာ ယေရှု၌ရှိသော ဘုန်းတော်နှင့်ပြည့်ဝတဲ့ ကိုယ်ခန္ဓာမျိုးကိုပိုင်ဆိုင်လျက်
ထာဝရအသက်ရရှိပြီး ကိုယ်တော်နဲ့အတူ ထာဝရရှိကြလိမ့်မယ်ဆိုတာ သိပြီ။

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ


120


တယောက်ယောက်ကမေးလိမ့်မယ်။ ကားတိုင်ပေါ်က သူခိုးကြီးကြတော့ ဘယ်လိုဖြစ်လိမ့်မလဲ။


121

ဒီသူခိုးကြီးနဲ့ယေရှုသူ့ကိုပေးတဲ့ဂတိတော်ကို ကျမ်းစာမှာဘယ်လိုရေးသားထားသလဲကြည့်ကြစို့။
ယေရှုဟာ ရာဇဝတ်သားများစာရင်းဝင်ဘို့အတွက် သူခိုးကြီးနှစ်ယောက်ရဲ့အလယ်မှာ
ကားတိုင်တင်သတ်ခြင်းခံ ခဲ့ရတယ်။



122

ရှင်မာကုက သူခိုးကြီးနှစ်ယောက်စလုံးက ပထမပိုင်းမှာ ကိုယ်တော်ကိုပျက်ယာယ်ပြုပြီး
တကယ်တန်ခိုးရှိမယ်ဆို ရင် သူကိုယ်တိုင်နဲ့သူတို့ကိုရော ကယ်တင်ဘို့တောင်းဆိုခဲ့ပါတယ်။
အဲဒီနောက် တယောက်သောသူက နောင်တရပြီးကယ်တင်ခြင်းအတွက် အသနားခံခဲ့ပါတယ်။



123

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၃း၄၂၊၄၃)
'သခင်ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါဟု
ယေရှုကို လျှောက်ဆို၏။'




124

'ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ ယနေ့တွင်သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ရှိလိမ့်မည်
ဟုမိန့်တော်မူ ၏'
ရှင်လုကာခရစ်ဝင် ၂၃း၄၂၊၄၃


125

ဒီကတိတော်ကို ဒီနေ့ပြန်ကြည့်ပါစို့။ တကယ်ပါမိတ်ဆွေ၊ သင့်အတွက်လည်း
ယနေ့ဒီကတိတော်ခရစ်တော်၌ရှိ နေပါတယ်။


126

ယေရှုဟာ အဲဒီနေ့မှာ ကွယ်လွန်ပြီးသင်္ချိုင်းတွင်းမှာ တနင်္ဂနွေနံနက်အထိရှိခဲ့ပေမဲ့ သင်္ချိုင်းတွင်းက
လွတ်မြောက်ဘို့အာမခံခဲ့ပါတယ်။

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



127

(ကျမ်းချက်။ ရှင်လုကာခရစ်ဝင် ၂၃း၄၃)
(ဗီဒီယို။ ၅ စက္ကန့်)မြော်လင့်ချက်ကင်းမဲ့နေတဲ့ သူခိုးကြီးအတွက် မည်မျှဝမ်းမြောက်ဘွယ်ကောင်းသော အာမခံချက်ဖြစ်ခဲ့ပါသလဲ။ လမ်းစမမြင် အမှောင်ထဲမှာ ရှိစဉ်၊ ယေရှုက သချိုင်းတဘက်၌မြော်လင့်ချက်ရှိကြောင်း ဂတိထားခဲ့တယ်။
ယေရှုကသူခိုးကို အဲဒီအချိန်အတွင်းမှာဘဲ 'ငါအမှန်ဆိုသည်မကား၊ သို့မဟုတ် ယခုငါအမှန်ဆိုသည်ကား' သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ရှိလိမ့်မည်။


128

တချို့က ယေရှုဒီသူခိုးကြီးကို ကောင်းကင်နိုင်ငံချက်ခြင်းပို့မယ်လို့ ဂတိပေးတယ်လို့ထင်မြင်ယူဆပါတယ်။ သို့သော် ကိုယ်တော်ကိုယ်တိုင်က သေတာနဲ့ကောင်းကင်နိုင်ငံကို ချက်ခြင်းမသွားခဲ့ပါဘူး။


129

ကျမ်းစာအရ ကိုယ်တော်က သောကြာနေ့မှာ ကွယ်လွန်သွားပြီး သူတပါးဂူသင်္ချိုင်းမှာ သင်္ဂြိုဟ် ခြင်းခံခဲ့ရတယ် လို့ဆိုထားပါတယ်။


130

တနင်္ဂနွေနံနက်မှာ ယေရှုက မေရီဆီမှာ ကိုယ်ထင်ရှားတဲ့အခါ သူမက ဖက်လှဲတကင်း နှုတ်ဆက်ဘို့ ကြိုးစား တဲ့အခါ ကိုယ်တော်က ကောင်းကင်နိုင်ငံသို့မတက်ရသေးကြောင်းပြောဆိုပြီးငြင်းဆိုခဲ့ပါတယ်။




131


(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၂၀း၁၇)
'ငါသည်ခမည်းတော်ထံသို့ မတက်ရသေး. . . ' ရှင်ယောဟန်ခရစ်ဝင် ၂၀း၁၇
ဒီနေ့ဟာတနင်္ဂနွေနေ့ဖြစ်ပြီး ကိုယ်တော်က ကောင်းကင်နိုင်ငံသို့မတက်ရသေးလို့ဆိုတဲ့အတွက် ယေရှုက သောကြာနေ့မှာ ကောင်းကင်မှာမရှိနိုင်ပါဘူး။


132

ကျမ်းစာက အဲဒီသူခိုးကြီးကလည်း သောကြာနေ့မှာ ကောင်းကင်နိုင်ငံမှာ မရှိကြောင်းသက်သေခံထားပါတယ်။


133

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၁-၃၃)
ထိုနေ့သည် အဘိတ်နေ့ဖြစ်၍၊ နက်ဖြန်နေ့လည်းကြီးမြတ်သော ဥပုသ်နေ့ဖြစ်သည်ကို ယုဒလူတို့သည် ထောက်၍ အလောင်းကောင်တို့ကို ဥပုသ်နေ့၌လက်ဝါးကပ်တိုင်ပေါ်မှာ မရှိစေခြင်းငှါ


134

ပိလတ်မင်းထံသို့ ဝင်ပြီးလျှင်၊ ခြေကိုချိုး၍ထိုအလောင်းကောင်တို့ကိုယူသွားရမည်အကြောင်း အခွင့်တောင်းကြ၏။'
ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၁

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



135

ထိုအခါ စစ်သူရဲတို့သည်သွား၍ ကိုယ်တော်နှင့်တကွ လက်ဝါးကပ်တိုင်မှာ ရိုက်ထားသော သူနှစ်ယောက်တို့၏ ခြေကို ချိုးလေ၏။



136

ယေရှုထံသို့ရောက်၍ အသက်မရှိကြောင်းကို မြင်လျှင် ခြေကိုမချိုးဘဲ' ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၁-၃၃။


137

စစ်သားတွေက သူခိုးကြီးနှစ်ဦးရဲ့ခြေများကို ချိုးလိုက်ကြတယ်လို့ဆိုပါတယ်။ ပြေးလို့မရအောင်ပေါ့။


138

သို့သော် ယေရှုရဲ့ခြေများကိုတော့ မချိုးပါဘူး။ အကြောင်းကတော့ ကိုယ်တော်က အသက်မရှိတော်လို့ဖြစ်ပါ တယ်။
ဒါကြောင့် ဒီနေရာမှာ သူခိုးကြီးနဲ့ခရစ်တော် နှစ်ဦးလုံးက ကောင်းကင်နိုင်ငံမှာ မရှိကြောင်းပေါ်လွင်နေပါတယ်။


139

ယေရှုဟာ ကျွန်တော်တို့ရဲ့ကယ်တင်ခြင်းနဲ့အသက်ပြန်လည်ပြုပြင်ရေးအတွက် အဘိုးအခအနေနဲ့ပေးဆပ်ခဲ့တယ်။


140

ဘုရားရှင်က လူသားများအတွက်
ပေးကမ်းတဲ့အကြီးမားဆုံးဆုလက်ဆောင်ကတော့ထာဝရအသက်နဲ့သေခြင်း ကိုအောင်မြင်ခြင်းပါပဲ။
အခြားလက်ဆောင်ဟာ ဒီလက်ဆောင်မပါဘဲ တန်ဘိုးမရှိပါဘူး။
သင်လက်ခံလိုပါသလား။


141

သင့်ရဲ့ဆုံးဖြတ်ချက်တွေထဲမှာ ဒီဆုံးဖြတ်ချက်ဟာ အကြီးဆုံးဖြစ်ပြီး သင်ရဲ့အနာဂတ်ဟာ အဲဒီအပေါ်မှာ မူတည်နေပါတယ်။

# ၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ



142

ဒီအဘိုးမဖြတ်နိုင်တဲ့ထာဝရအသက်တည်းဟူသော ဆုလက်ဆောင်ဟာ ခရစ်တော်ကို မိမိတို့ရဲ့ကယ်တင်ပိုင်ရှင် အနေနဲ့လက်ခံသူယောက်တိုင်းအတွက်ဖြစ်တယ်။
လုံးလုံးအပ်နှံလိုက်ဘို့ဘဲလိုပါတယ်။
ဆေးကြော၍ပြောင်းလဲသောနှလုံးသား၊ မာနကြီးသောနှလုံးသားကို လက်ဝါးကပ်တိုင်ခြေရင်မှာ အသစ်ပြုပြင်နိုင် တယ်။ ခရစ်တော်က ကရုဏာအားဖြင့် အားလုံးကို ဖြစ်စေခဲ့တယ်။ ဒီထက်ဘာများ လုပ်နိုင်တော့မလဲ။



143

သင်အလိုရှိမယ်ဆိုရင် ထာဝရအသက်က သင့်အတွက်ဖြစ်တယ်။



144

ကိုယ်တော်အသက်ရှင်တဲ့အတွက် ကျွန်တော်တို့မှာ သင်္ချိုင်းရဲ့တဖက်မှာ တောက်ပသောမျှော်လင့်ချက်ရှိတယ်။



145

အမေရိကန်ပြည်ထောင်စုအရှေ့ပိုင်းဒေသမြို့ကလေးတခုမှာ တရားဟောပွဲကျင်းပနေတဲ့အခိုက်၊ တညနေမှာ စိတ်ပျက်နေတဲ့လူငယ်တယောက် အစည်းအဝေးကို မထင်မှတ်ဘဲရောက်လာခဲ့တယ်။




146

အစည်းအဝေးကျင်းပနေတဲ့ နေရာက သင်္ချိုင်းကုန်းနဲ့ကပ်ရက်ဘဲဖြစ်တယ်။ အစည်းအဝေးကျင်းပတဲ့ခန်းမ ဆောင်ကို မရောက်မှီ ဒီလူငယ်က သင်္ချိုင်းမြေကို ဖြတ်လျှောက်သွားစဉ် အသက်တာရဲ့ အဓိပ္ပါယ်နဲ့ပါတ်သက် ပြီး စိတ်ထဲမှာ မေးခွန်းထုတ်ကြည့်မိတယ်။
သူဟာ အပြစ်ဖြေလွှတ်ခြင်းနဲ့စိတ်ရဲ့ငြိမ်သက်ခြင်းကို တောင်းတမိတယ်။
သေခြင်းအကြောင်းစဉ်းစားနေရင်းနဲ့ ထာဝရအသက်အတွက် အာမခံချက်ကို အရာအားလုံးထက်မျှော်လင့်တောင့်တမိတယ်။



147

အဲဒီညက တရားဟောချက်ခေါင်းစဉ်က ‘သင်္ချိုင်းတဖက်က မျှော်လင့်ခြင်း’ ဖြစ်တဲ့အတွက် လူငယ်လေးက စိတ်ဝင်တစားနားထောင်ခဲ့တယ်။ အဲဒီညမှာ သူက အသက်တာကို ခရစ်တော်ထံအပ်နှံခဲ့တယ်။
အဲဒီညမှာဘဲ ခရစ်တော်ဟာ သူ့အတွက် အသေခံတယ်၊ သေခြင်းက ထမြောက်ပြီး သူ့ကိုထာဝရအသက်ပေးမယ်လို့ လက်ခံခဲ့ပါတယ်။
အဲဒီညမှာဘဲ သူ့ရဲ့အသက်တာဟာ အသက်ရှင်သောခရစ်တော်အားဖြင့် ပြောင်းလဲသွားခဲ့တယ်။
အဲဒီညမှာ ငြိမ်သက်ခြင်းသူရဲ့ဝိညာဉ်ကိုလွှမ်းခြုံခဲ့တယ်။
အဲဒီညမှာ သူ့ရဲ့စိတ်နှလုံးထဲမှာ အသစ်သော မျှော်လင့်ခြင်းပေါ်ထွန်းခဲ့တယ်။



148

သင်လည်းဒီငြိမ်သက်ခြင်း၊ မျှော်လင့်ခြင်း၊ သင်္ချိုင်းတဖက်မှာရှိတဲ့ ထာဝရအသက်အတွက် အာမခံချက်ကို ရရှိခံ စားနိုင်ပါတယ်။
မိတ်ဆွေအနေနဲ့ ဒီအာမခံချက်ကို လိုချင်တဲ့ ဆန္ဒရှိရင် ကျွန်ုပ်တို့ဆုတောင်းပေးဘို့ မတ်တပ်ရပ်ခြင်းဖြင့် သက်သေခံပေးပါ။

၁၃ – သင်သေသောတနေ့ ဘာများဖြစ်မလဲ

# ၁၄ – သချိုင်းတဖက်မှ အသံများ




1

အသက်ရှင်နေသူများ သေလွန်သူများနှင့် စကားပြောဆက်သွယ်နိုင်ပါသလား။



2

သေလွန်သူများဟာ အသက်ရှင်ကျန်ရစ်သူများထံသို့ နာမ်ဝိညာဉ်များအဖြစ် ပြန်လာလည်ပါသလား။
သေလွန်သူများ၏ဝိညာဉ်များ အသက်ရှင်နေသူများထံပြန်လာ၍စကားပြောဆက်သွယ်နိုင်ပါသလား။
အသက်ကုန်ဆုံးချိန်မှာ ခန္ဓာကိုယ်တခုတည်းသာသေဆုံး၍ဝိညာဉ်မှာတော့ဆက်လက် အသက်ရှင်လျက်နေပါသလား။



3

မှော်အတတ်ကိုကျင့်သုံးသူ၊ နာမ်ဝိညာဉ် အယူအဆကိုယုံကြည်သူများက သေခြင်းတရားကြောင့် ကွဲသွားကြရတဲ့တို့တတွေရဲ့ချစ်ခင်သူများရဲ့ဝိညာဉ်များနှင့် တို့ကိုဆက်သွယ် ပေးနိုင်တယ်လို့ပြောတဲ့အခါ မှန်ရာကိုပြောပါသလား။



4

နောက်ပြီး သေလွန်သူများ၏ဝိညာဉ်များက အသက်ရှင်လျက်နေသူများအတွင်း ဝင်ရောက်ပိုင်စီးကာ သူတို့ရဲ့ ကိုယ်ခန္ဓာ၊ အသံ၊ စိတ်တို့ကို အသုံးပြုပြီး လုပ်လိုရာလုပ်၊ ပြောလိုရာပြောနိုင်ပါသလား။



5

အခုတို့တတွေ ဆွေးနွေးကြမယ့်အကြောင်းက တို့တတွေအားလုံးရင်ဆိုင်ကြရမယ့် အရေးကြီးဆုံးကိစ္စတွေထဲက တခုအပါအဝင်ဖြစ်တယ်။



6

ဒီကိစ္စက ဘယ်လောက်အရေးကြီးသလဲဆိုရင် သေရေးရှင်ရေးကိစ္စလို့ အမှန်ဘဲခေါ်နိုင်ပါတယ်။
တို့တတွေရဲ့ ထာဝရ ကယ်တင်ခြင်းနှင့်လည်း ပါတ်သက်နေပါတယ်။
ဒါကြောင့် ဒီကိစ္စနဲ့ပါတ်သက်ပြီးသေချာဖို့လိုပါတယ်။
တို့တတွေရဲ့ အတွေ့အကြုံတခုခုဟာ တကယ့်အစစ်အမှန်ဖြစ်သလား ဒါမှမဟုတ် မှားပြီးအန္တရာယ်မကင်း ဖြစ်နေသလားဆိုတာကို တို့ဘယ်လိုလုံးဝသေသေချာချာသိနိုင်မလဲ။



7

အဖြေကတော့ တို့တတွေအတွက် ယေရှုကအမှန်တရားကို သမ္မာကျမ်းစာထဲမှာပေးထားပါတယ်။

# ၁၄ – သချိုင်းတဖက်မှ အသံများ


8

ယေရှုဟာ တို့အားလုံးရဲ့မိတ်ဆွေဖြစ်တယ်။
သေခြင်းတရားရဲ့မည်းမှောင်တဲ့ချိုင့်ဝှမ်းထဲကို တို့ရဲ့ချစ်ခင်သူများကျရောက်ပျောက်ဆုံးတဲ့အခါ
ဘယ်လိုခံစား ရသလဲဆိုတာကို ယေရှုနားလည်တော်မူတယ်။
တို့တတွေဝမ်းနည်းကြေကွဲ မှုများကိုခံစားရတိုင်းသူကိုယ်တိုင်ခံစားရတယ်။ သူဟာဒီအရာများအားလုံးကို
ကြုံခဲ့ပြီးဖြစ်တယ်။
ဒါကြောင့်သေခြင်းတရား၊ ရှင်ပြန်ထမြောက်ခြင်း၊ ထာဝရအသက်နဲ့ပါတ်သက်ပြီးလေ့လာတွေ့ရှိဖို့
ယေရှုဘာများပြောထားသလဲဆိုတာကို သူ့ထံမှ သင်ယူကြရအောင်။
ယေရှုပြောတဲ့စကားကို ငါ့အသက်နဲ့ယှဉ်ကြည့်ကိုးစားမယ်။
ကောင်းပြီနော၊ ဒါနဲ့ပါတ်သက်ပြီး တို့တတွေသဘောတူညီချက်ရှိသလား။


9

ယေရှုကို ခင်ဗျားကျေးဇူးတင်စိတ်မရှိဘဲနေပါ့မလား။
သူဟာတို့တတွေရဲ့ ဝမ်းနည်းကြေကွဲမှုများကို သူကိုယ်တိုင်ခံစားရတယ်။



10

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၁၁း၃၅)
သမ္မာကျမ်းစာက မိတ်ဆွေတဦးရဲ့ စျာပနအခမ်းအနားမှာ 'ယေရှုသည် မျက်ရည်ကျတော်မူ၏'
လို့ပြောထားပါတယ်။
ယောဟန်ခရစ်ဝင် ၁၁း၃၅။
သူကိုယ်တိုင် သေခြင်းရဲ့မည်းမှောင်နေတဲ့ချိုင့်ဝှမ်းထဲကို ဖြတ်သွားခဲ့ပါတယ်။



11

(ကျမ်းချက်။ ဗျာဒိတ်အနာဂတ္တိကျမ်း ၁း၁၇၊၁၈)
'. . . ကြောက်ရွံ့ခြင်းမရှိနှင့်၊ ငါသည်အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။



12

အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည် အရင်သေသည်ဖြစ်၍ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်စုံ၏။



13

မရဏာနှင့်မရဏာနိုင်ငံကိုလည်းငါအစိုးရ၏။'
ဗျာဒိတ်ကျမ်း ၁း၁၇၊၁၈။
ဒါပြင် ယေရှုက အသက်ပေးပိုင်သူဖြစ်တယ်။
တို့တတွေ ကြွယ်ဝပြည့်စုံသော အသက်တာအသစ်ရရှိဖို့ ခရစ်တော်လာခဲ့တယ်။



14

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၁၀း၁၀)
'. . . ငါမူကား သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှါ
ငါလာသတည်း။'
ယောဟန်ခရစ်ဝင် ၁၀း၁၀
တို့တတွေရဲ့ အသက်ကို လုံးဝမွန်းမံပြင်ဆင်ပေးဖို့သူကတိပေးတယ်။

# ၁၄ – သချိုင်းတဖက်မှ အသံများ



15

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၁၁း၂၅)
'ယေရှုကလည်း ငါသည်ထမြောက်ခြင်းအကြောင်း အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သော သူသည် သေလွန်သော်လည်းရှင်လိမ့်မည်။'
ယောဟန်ခရစ်ဝင် ၁၁း၂၅
ယေရှုဟာ အသက်ပါရဂူဖြစ်တော်မူတယ်။
အသက်နှင့်ပတ်သက်ပြီး စကြဝဠာမှာရှိတဲ့ သူတွေအားလုံးထက်သူပိုသိတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကမ္ဘာ ပေါ်မှာ အသက်ကိုသူဖန်ဆင်းခဲ့တယ်။



16

(ကျမ်းချက်။ ယောဟန် ၁း၁-၃)
'အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည် လည်း ဘုရားသခင်ဖြစ်တော်မူ၏။



17

ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ် လျက်ဖြစ်သော အရာတစုံတရာမျှမရှိ။'
ယောဟန် ၁း၁၊၃။



18

(ကျမ်းချက်။ ကောလောသဲ ၁း၁၆)
'ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဖို့အလို့ငှါ၎င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။'
ကောလောသဲ ၁း၁၆


19

အခုဤသင်ခန်းစာတွဲမှာ လေ့လာခဲ့သမျှကို ပြန်လည်သုံးသပ်ဖို့အရေးကြီးပါတယ်။
ယေရှုက သေခြင်းတရားဟာအသက်မဟုတ်ကြောင်း၊ နောက်ပြီးသေခြင်းဟာအခြားသောပုံပန်းသဏ္ဍာန်ဖြင့် ဆက်လက်ပြီးအသက်မရှင်တော့ကြောင်း အတိအလင်းဖော်ပြခဲ့တယ်။



20

(ကျမ်းချက်။ ယောဟန် ၁၁း၁၁)
ယေရှုက သေလွန်ခဲ့သော သူ့မိတ်ဆွေနဲ့ပတ်သက်ပြီး 'ငါတို့အဆွေ လာဇရုသည် အိပ်ပျော်၏။'
ယောဟန် ၁၁း၁၁။
သူသည်သေလွန်ခဲ့သော သူတစ်ယောက်အကြောင်းကိုပြောဆိုနေခြင်းဖြစ်တယ်။
သေခြင်းတရားနဲ့ပတ်သက်ပြီး ယေရှုရှင်းပြတာကိုသတိပြုပါ - 'အိပ်ပျော်ခြင်း' ။ ၎င်းဟာကျမ်းစာထဲမှာ သေခြင်းနဲ့ပတ်သက်ပြီး အနီးစပ်ဆုံးနှိုင်းယှဉ်ထားတာဖြစ်တယ်။



21

(ကျမ်းချက်။ ယောဟန်ခရစ်ဝင် ၁၁း၁၄)
တပည့်တော်များနားလည်မမှားရလေအောင် ယေရှုက အလွယ်တကူနားလည်အောင်ပြောခဲ့သည်မှာ 'လာဇရုသေပြီ'။ ယောဟန် ၁၁း၁၄။
လာဇရုဟာ အခြားသောတစ်နေရာမှာ အခြားသော ပုံသဏ္ဍာန်နဲ့အသက်ရှင်ခဲ့ခြင်းမရှိခဲ့ပါဘူး။

# ၁၄ – သင်္ချိုင်းတဖက်မှ အသံများ


22

သူဟာကွယ်လွန်ခဲ့တယ်။ သူရဲ့ကိုယ်ခန္ဓာကို သင်္ချိုင်းထဲမှာသင်္ဂြိုလ်ခဲ့တယ်။ ရှေ့ဆက်ပြီး ယေရှုက သေလွန်ပြီးသောအခါ ရှင်ပြန်ထမြောက်ခြင်းနေ့ရက်မတိုင်မှီ အသက်မရှိတော့ကြောင်း၊ နောက်ပြီး ရှင်ပြန်ထမြောက်ခြင်းနေ့ရက်က အနာဂတ်ကာလမှာ ရှိဆဲဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြခဲ့ပါတယ်။



23

(ကျမ်းချက်။ ယောဟန် ၆း၄၀)
'သားတော်ကိုကြည့်မြင်၍ ယုံကြည်သောသူ ရှိသမျှတို့သည် ထာဝရအသက်ကိုရစေခြင်းငှါငှင်း အလိုတော်ရှိ၏။



24

ငါသည်လည်းနောက်ဆုံးသောနေ့၌ထိုသူတို့ကိုထမြောက်စေမည်ဟု မိန့်တော်မူ၏။'
ယောဟန် ၆း၄၀


25

ယေရှုဒုတိယအကြိမ်ပြန်လည်ကြွလာမဲ့အကြောင်းနှင့်ပတ်သက်ပြီး သိရှိရတဲ့အခါ တို့တတွေရဲ့ နှလုံးသားမှာ နွေးထွေးမှုကိုခံစားရတယ်။
သူ့ရဲ့ ရည်ရွယ်ချက်က ရှင်းလင်းပြတ်သားပါတယ်။ ယေရှုရဲ့ဒုတိယအကြိမ်ကြွလာခြင်းက အသက်ရှင်ခြင်းနှင့်သေခြင်းနဲ့ပတ်သက်တဲ့ အကြောင်းတရားအပေါ် ထင်ရှားတဲ့အလင်းပေးပါတယ်။ သူဘာအတွက်ပြန်လာမလဲ။



26

(ကျမ်းချက်။ ယောဟန် ၁၄း၁-၃)
'တဖန်တုံယေရှုက သင်တို့၏စိတ်နှလုံးပူပန်ခြင်း မရှိစေနှင့်။ ဘုရားသခင်ကိုယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်ကြလော့။



27

ငါ့အဘ၏အိမ်တော်၌နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အားငါမပြောဘဲ မနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။



28

ငါသည်သွား၍သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှတဖန်လာပြန်၍ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှါ



29

သင်တို့ကိုငါ့ထံသို့ သိမ်းဆည်းမည်။'
ယောဟန် ၁၄း၁-၃

# ၁၄ – သချိုင်းတဖက်မှ အသံများ



30

ထိုကြီးကျယ်သောအဖြစ်အပျက်နဲ့ပတ်သက်ပြီးယေရှုကိုယ်တိုင်ဖော်ပြခဲ့သည်မှာ



31

(ကျမ်းချက်။ မဿဲ ၂၄း၃၀-၃၁)
'ထိုအခါလူသား၏ နိမိတ်လက္ခဏာသည် ကောင်းကင်၌ထင်ရှားလိမ့်မည်။
မြေကြီးပေါ်မှာလူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြ၍



32

လူသားသည်ကြီးစွာသော ဘုန်းတန်ခိုးအာဏာတော်ကိုဆောင်လျက် မိုးတိမ်ကိုစီး၍ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်။



33

လူသားသည်မိမိတမန်တို့ကိုစေလွှတ်၍တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူသဖြင့် သူတို့သည် ရွေးချယ်တော်မူ သောသူတို့ကို အရပ်လေးမျက်နှာ



34

ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှ ခေါ်၍စုရုံးကြလတံ့။'
မဿဲ ၂၄း၃၀၊၃၁။


35

တံပိုးခရာဟာ ဘာအတွက်လဲ။ ကောင်းကင်တမန်များကောဘာအတွက်လဲ။


36

ရွေးချယ်တော်မူသော သူတို့ကိုသေခြင်းမှနိုးထရန်နှင့် သူတို့ကိုခရစ်တော်ပြင်ဆင်ထားသော ကောင်းကင်သို့ စုသိမ်းရန်အတွက်ဖြစ်တယ်။
ကိုယ်တော်ရှင်၏ကြွလာခြင်းနှင့်ပတ်သက်ပြီး မမှားယွင်းနိုင်လောက်သော အသေးစိတ်အချက်များနဲ့တကွ ဖော်ပြထားတယ်။



37

(ကျမ်းချက်။ ၁သက် ၄း၁၃-၁၈)
'ညီအကိုတို့ မျှော်လင့်ခြင်းမရှိသော အခြားသောသူတို့သည် ဝမ်းနည်းသကဲ့သို့သင်တို့သည် ဝမ်းမနည်းမည် အကြောင်း

# ၁၄ – သချိုင်းတဖက်မှ အသံများ


38

အိပ်ပျော်သောသူတို့၏အမှုအရာကို မသိဘဲနေစေခြင်းငှါ ငါတို့အလိုမရှိ။


39

ယေရှုသည် သေပြီးမှ တဖန်ထမြောက်တော်မူသည်ကို ငါတို့သည်ယုံလျှင် ထိုနည်းတူယေရှု၌
အိပ်ပျော်သောသူ တို့ကိုလည်းထိုသခင်နှင့်အတူ ဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်။


40

သခင်ဘုရား၏ဗျာဒိတ်တော်အားဖြင့် တဖန်ငါတို့ဆိုသည်ကား ဘုရားသခင်ကြွလာတော်မူသောအခါ


41

အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အိပ်ပျော်ပြီးသော သူတို့အရင်အဦးနေရာကျကြမည်မဟုတ်။


42

ဘုရားသခင်သည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊
ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်း နှင့်တကွ


43

ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူပြီး၊ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။


44

ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ဘုရားသခင်ထံတော်သို့
ရောက်စေခြင်းငှါ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကို ခံရသောအားဖြင့်


45

သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။

# ၁၄ – သင်္ချိုင်းတဖက်မှ အသံများ



46

သို့ဖြစ်၍ ဤစကားများအားဖြင့် အချင်းချင်းတယောက်ကိုတယောက် သက်သာစေကြလော့။'
သက်သာလောနိတ်ဩဝါဒစာ ပထမစောင် ၄း၁၃-၁၈။




47

ကျေးဇူးပြုပြီး ဒီမှာဖော်ပြထားတဲ့ အရေးကြီးအမှန်တရားသုံးခုကို သတိပြုပါ။



48


(၁) ယေရှုကိုယ်တိုင်ပြောခဲ့တဲ့စကားဖြစ်တယ်။
ဒါက ယေရှုကိုယ်တိုင်မိန့်ကြားခဲ့တဲ့တရားဖြစ်တဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး အငြင်းပွားစရာ အကြောင်းမရှိပါ။



49

(၂) ယေရှုဒုတိယအကြိမ်ကြွလာတဲ့အခါ အသက်ရှင်လျက်ရှိနေသောခရစ်ယာန်များဟာသေခြင်းမှ ထမြောက်သော သူတို့နှင့်အတူရှိမည်။

အသက်ရှင်နေတဲ့သူတွေဟာ ယေရှု၌သေခဲ့ပြီးတဲ့လူတွေရှေ့မှာ စောပြီးကောင်းကင်ကို မတက်ရသလို သေခဲ့ပြီးတဲ့သူတွေဟာလည်း အသက်ရှင်နေဆဲလူတွေထက်စောပြီး ကောင်းကင်ကို တက်ကြွခြင်းမရှိပါဘူး။



50

(၃) ရှင်ပြန်ထမြောက်ခြင်းနေ့မတိုင်မီအထိ သေခြင်းတရားကိုဖော်ပြရန် ယေရှုနှင့်ရှင်ပေါလုက 'အိပ်ပျော်ခြင်း' ဟူသောစကားလုံးကိုသုံးထားပါတယ်။
သခင်ယေရှုက သေခြင်းတရားဟာ အသိတရားရှိတဲ့အသက်မဟုတ်တော့ကြောင်းရှင်းလင်းစွာ ဖော်ပြထားပါတယ်။
သေခြင်း၌အသိတရားမရှိ၊ အသိတရားဟာ ဦးနှောက်၏အလုပ်လုပ်မှုကြောင့်ဖြစ်တယ်။ နောက်ပြီးတော့ သေသွားတဲ့ အခါဦးနှောက်၏လုပ်ဆောင်ချက်များရပ်စဲသွားတယ်။



51

(ကျမ်းချက်။ ဒေသနာကျမ်း ၉း၅)
ဤအကြောင်းအရာနဲ့ပတ်သက်ပြီး သမ္မာကျမ်းစာက ဤသို့ရှင်းလင်းစွာဖော်ပြထားတယ်။ 'အသက်ရှင်သော သူသည် မိမိသေရမည်ကိုသိ၏။ သေသောသူမူကား၊ အဘယ်အရာကိုမျှမသိ။'
ဒေသနာကျမ်း ၉း၅။



52

သေလွန်သူများဘယ်အရာတွေကိုဘယ်လောက်များသိသေးသလဲ။ အဘယ်အရာကိုမျှမသိ။
ဒါကြောင့် သေလွန်သွားသောသူများ အသက်ရှင်နေသူများနှင့်စကားပြော၊ အဆက်အသွယ်ပြုရန် မဖြစ်နိုင်ပါဘူး။
လူဟာ သေလွန်ပြီးမှတော့ဆက်လက်ပြီး အသက်ရှင်သေးတယ်ဆိုတဲ့ ယုံကြည်ချက် ဘယ်ကလာတာလဲ။

# ၁၄ – သင်္ချိုင်းတဖက်မှ အသံများ



53

(ကျမ်းချက်။ ယောဘ ၇း၉၊၁၀)
သေခြင်း၌အသိဉာဏ်ကင်းမဲ့ကြောင်းနှင့်ပတ်သက်၍သမ္မာကျမ်းစာက ယောဘဝတ္ထုမှာ
ရှင်းလင်းစွာဤသို့ဖော် ပြထားပါတယ်။ 'မိုးတိမ်သည် ပြယ်ပျောက်ကွယ်လွင့်သကဲ့သို့
သင်္ချိုင်းတွင်းသို့ဆင်းသောသူသည် နောက်တဖန် မတက်ရ။'
ယောဘ ၇း၉။



54

'မိမိအိမ်သို့ပြန်မတက်ရ။ သူ၏နေရင်းအရပ်သည် နောက်တဖန်သူ့ကိုမသိရ။' ယောဘ ၇း၁၀။



55

လူသေပြီးနောက်ဆက်လက်အသက်ရှင်နေသေးတယ်ဟူသောယုံကြည်ချက်သည် စာတန်မာနတ်ကိုယ်တိုင်ထံ
မှလာပါတယ်။
ဧဒင်ဥယျာဉ်မှာသူက ဧဝနှင့်ခင်ပွန်းကို လှည့်ဖြားခဲ့ပြီး သူတို့၏ဥယျာဉ်အိမ်ကိုဆုံးရှုံးစေခဲ့ပြီး အဆုံးမှာ
အသက်ကိုပင်ဆုံးရှုံးစေခဲ့တယ်။
စာတန်က ဧဝနှင့်စကားပြောဘို့မြွေကိုကြားခံအသုံးပြုခဲ့တယ်။ သူဟာ လိမ်လည်လှည့်ဖြားမှုရဲ့အရှင်သခင်
ဖြစ်တယ်။



56

(ကျမ်းချက်။ ကမ္ဘာ ၃း၄)
ဧဝက စာတန်ရဲ့ '. . . သင်တို့သည်ဧကန်အမှန်သေရမည်မဟုတ်။' ဆိုတဲ့လိမ်လည်ခြင်းကိုယုံခဲ့တယ်။
ကမ္ဘာဦးကျမ်း ၃း၄။



57

(ကျမ်းချက်။ ကမ္ဘာ ၂း၁၇)
ဒီလိမ်လည်ခြင်းဟာဘုရားရဲ့ 'စားသောနေ့တွင် ဧကန်အမှန်သေရမည်' ဆိုတဲ့ ဘုရားရဲ့မှန်ကန်တဲ့သတိပေး
ချက်ကို ထိတ်တိုက် ဆန့်ကျင်နေတာဖြစ်တယ်။ ကမ္ဘာ ၂း၁၇။
စဉ်းစားစရာအကြောင်းအရာ - ကျွန်ုပ်တို့ ဘယ်သူ့ကိုယုံမှာလဲ။



58

နတ်ဝင်သည်တဦးက 'ကွယ်လွန်သွားသော ချစ်သောသူများနဲ့အဆက်အသွယ်ပြုနိုင်တယ်' လို့ပြောခဲ့တယ်။
ဒီစကားကို နတ်ဝင်သည်အမြောက်အများက ထပ်ခါထပ်ခါပြောလေ့ရှိတယ်။
ဒါနဲ့ပတ်သက်ပြီးမှန်ပါသလား။ ဖြစ်နိုင်ပါသလား။
မမှန်ပါ။ မဖြစ်နိုင်ပါ။


59

ခရစ်တော်ရဲ့သွန်သင်ခြင်းများမှ အသက်ရှင်သူများဟာ သေသောသူများနှင့်
အဆက်အသွယ်မလုပ်နိုင်ကြောင်း အချက်ကျကျ သိရတယ်။
ဘာကြောင့်လဲ။
'သေသောသူမူကား၊ အဘယ်အရာကိုမျှမသိ။'
သူတို့ဟာအသိတရားမရှိတဲ့သေခြင်းတရားရဲ့အိပ်ခြင်းနဲ့အိပ်နေခြင်းဖြစ်တယ်။
နာမ်ဝိညာဉ်များနှင့် ဆက်သွယ်ခြင်းအကြောင်းကို သင်အတွေ့အကြုံရှိရင် သင်မေးစရာများရှိလိမ့်မယ်။

# ၁၄ – သင်္ချိုင်းတဖက်မှ အသံများ



60

'သေတဲ့သူမှာအသိတရားမရှိရင်၊ အသက်ရှင်သူများကို စကားပြောတဲ့ နာမ်ဝိညာဉ်များက ဘယ်သူတွေလဲ။'



61

သမ္မာကျမ်းစာက သူတို့ဘယ်သူတွေဖြစ်မှန်း ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။



62

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၁၃၊၁၄)
'ထိုအခါ နဂါး၏ခံတွင်းထဲကငင်း၊ သားရဲ၏ခံတွင်းထဲကငင်း၊ မိစ္ဆာပရောဖက်၏ခံတွင်းထဲကငင်း



63

ဖားကောင်ကဲ့သို့သော ညစ်ညူးသောဝိညာဉ်သုံးပါးထွက်သည်ကို ငါမြင်၏။



64

နိမိတ်လက္ခဏာတို့ကိုပြသော နတ်ဆိုး၏ဝိညာဉ်ဖြစ်သတည်း။ ထိုဝိညာဉ်သည်
လောကီတနိုင်ငံလုံးတွင်ရှိသော ရှင်ဘုရင်တို့ထံသို့ထွက်သွား၍



65

အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏နေ့ကြီး၌စစ်တိုက်ခြင်း အလို့ငှါစုဝေးစေကြ၏။'
ဗျာဒိတ် ၁၆း၁၃၊၁၄။



66

သူတို့ဘာများဖြစ်ကြသည်ကို ပြောပြရုံမက၊ သူတို့ဘယ်ကလာကြတာကို သမ္မာကျမ်းစာက
ပြောပြထားပါတယ်။



67

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၂း၇-၉)
'ကောင်းကင်၌စစ်ဖြစ်၏။ မိက္ခေလနှင့်သူ၏ကောင်းကင်တမန်တို့သည် နဂါးကိုစစ်တိုက်ကြ၏။

# ၁၄ – သချိုင်းတဖက်မှ အသံများ



68

နဂါးနှင့်သူ၏တမန်တို့သည် စစ်တိုက်၍မနိုင်ကြ။ ကောင်းကင်၌လည်းသူတို့နေစရာမရှိ။



69

ထိုအခါ ဤလောကတနိုင်ငံလုံးကိုလှည့်ဖြား၍ မာရ်နတ်စာတန်အမည်ရှိသော
ရှေးမြွေဟောင်းတည်းဟူသော နဂါးကြီးကိုငင်း



70

သူနှင့်အတူသူ၏တမန်တို့ကိုငင်း၊ မြေကြီးသို့ချလိုက်ကြ၏။'
ဗျာဒိတ်ကျမ်း ၁၂:၇-၉


71

သူတို့တွေဟာ ကျရှုံးခဲ့တဲ့ကောင်းကင်တမန်များဖြစ်ကြတယ်။ မိတ်ဆွေတို့ သတိပြုကြပါ။
သင်ပြုနိုင်သောအရာများမှ အန္တရာယ်အကြီးဆုံးသောအရာဟာ 'နာမ်ဝိညာဉ်များနှင့်ပတ်သက်သော
အရာများ ဖြစ်တယ်။
သူတို့ရဲ့တခုတည်းသောရည်ရွယ်ချက်၊ ထပ်ပြောမယ် - သူတို့ရဲ့တခုတည်းသောရည်ရွယ်ချက်မှာ
သင့်ကိုလှည့် ဖြားရန်နှင့်သင့်ကို ယေရှုထံမှဝေးကွာသွားစေရန်ဖြစ်ပြီး
အဆုံး၌သင်ထာဝရကယ်တင်ခြင်းကိုဆုံးရှုံးသွားစေရန် ဖြစ်တယ်။


72

ဒီအချက်က သင်ရဲ့ကြက်သီးမွေးကိုထ၊ သင့်ကိုကျောချမ်းသွားစေပြီး 'နာမ်ဝိညာဉ်များ' မှသင့်ကို ဝေးသွားစေ
သင့်တယ်။
သေလွန်သူများအသက်ရှင်လျက်ရှိတယ်လို့ယုံရင် သင်ဟာလှည့်ဖြားခြင်း၊ ပျောက်ဆုံးခြင်းဘေးရန်
နှင့်တွေ့ဖို့ အခွင့်အလမ်းများရှိနေသေးတယ်။ ဘာကြောင့်လဲဆိုတော့
သင်ရဲ့အတွေ့အကြုံဟာနုနယ်လွန်းသေးတယ်။


73

ဘုရားသခင်က သမ္မာကျမ်းစာမှာ နာမ်ဝိညာဉ်အတတ်များကို အသုံးပြုခြင်းသည် မှားယွင်းကြောင်းနှင့်
သေသောသူများနှင့်အဆက်အသွယ်ပြုရန် ကြိုးပမ်းမှုကို တားမြစ်ထားပါတယ်။
ဘုရားသခင်က သူရဲ့လူတို့ နတ်ဝင်သူ၊ စုန်းလုပ်သူ နှင့် ဆက်သွယ်ရန် ကြိုးပမ်းသူများအတွက်
သတိပေးထားတာကို သတိပြုပါ။



74

(ကျမ်းချက်။ ဝတ်ပြုရာကျမ်း ၁၉:၃၁)
ဝတ်ပြုရာကျမ်း ၁၉:၃၁ 'ကိုယ်ကိုကိုယ် ညစ်ညူးစေခြင်းငှါ နတ်ဝင်သူကိုမမှီဝဲရ၊ စုန်းလုပ်သူကိုလည်း
မရှာဖွေရ။



75

ငါသည် သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။'

# ၁၄ – သချိုင်းတဖက်မှ အသံများ


76

(ကျမ်းချက်။ တရားဟောရာကျမ်း ၁၈း၁၀-၁၂)
ကြသရေလလူတို့ ခါနန်ပြည်သို့မဝင်မှီ သူတို့အားညွှန်ကြားထားခဲ့သည်မှာ
'ကိုယ်ဉာဏ်နှင့်ဟောပြောသောသူ မကောင်းသောအတတ်ကိုပြုစုသောသူ၊ ပြုစားတတ်သောသူ၊
နတ်ဆိုးနှင့်ပေါင်းသောသူ၊


77

ဝိဇ္ဇာအတတ်ကို ပြုစုသောသူ၊ လူသေကိုမေးမြန်းသောသူ တစုံတယောက်မျှမရှိရ။


78

ထိုသို့ပြုတတ်သောသူအပေါင်းတို့ကို ထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူ၏။' တရားဟောရာကျမ်း ၁၈း၁၀-
၁၂။
ဘုရားသခင်က လူသေကိုမေးမြန်းတတ်သောသူသည် သူ့ရဲ့လူမျိုးကိုလမ်းလွဲစေမှာကို သိထား၍ဤသို့ပြော
ထားခဲ့တယ်။


79

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၂၂း၁၈)
'စုန်းမကိုအသက်ရှင်စေခြင်းငှါ အခွင့်မပေးရ။'
ထွက်မြောက်ရာကျမ်း ၂၂း၁၈


80

ရှောလုမင်းရဲ့နတ်ဝင်မိန်းမကိုမေးမြန်းခြင်းအတွေ့အကြုံက
သေလွန်သူများအားကြိုးစားဆက်သွယ်စကားပြော ခြင်းရဲ့ဆိုးကျိုးများကိုထင်ရှားစေပါတယ်။


81

(ကျမ်းချက်။ ရာဇဝင်ချုပ်ပထမစောင် ၁၀း၁၃)
'ထိုသို့ ရှောလုသည် ထာဝရဘုရား၏စကားတော်ကိုနားမထောင် လွန်ကျူး၍ထာဝရဘုရားကိုပြစ်မှားသော
ကြောင့်၄င်း


82

နတ်ဝင်မိန်းမကိုရှာဖွေမေးမြန်းသောကြောင့်၄င်း၊ ထာဝရဘုရားသည် သူ့ကိုကွပ်မျက်၍


83

စာတန်ကိုယ်တိုင် ယေရှု၏ အယောင်ကိုဆောင်ရန်ကြိုးစားမယ်။

၁၄ – သချိုင်းတဖက်မှ အသံများ

# ၁၄ – သချိုင်းတဖက်မှ အသံများ



84

(ကျမ်းချက်။ ၂ကော ၁၁:၁၄)
'ဤအမှုသည် အံ့ဩဘွယ်ဖြစ်သည်မဟုတ်။ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင်တတ်၏။'
၂ ကော ၁၁:၁၄


85

လူတွေက သေလွန်ပြီးသောသူနဲ့အသံရော၊ သဏ္ဍာန်ရောတူသောသူနှင့်ဘာကြောင့် စကားပြောဆက်သွယ်နိုင်တာကို သင်စဉ်းစားမိဖူးသလား။
ကျမ်းစာပြောတာကတော့ စာတန် (နှင့်သူ၏အပေါင်းအပါနတ်ဆိုးများ) က အယောင်ဆောင်ထားခြင်းဖြစ်တယ်။


86

သူတို့တွေဟာ အသက်ရှင်ခဲ့ဖူးတဲ့ သူမှန်သမျှရဲ့အယောင်ကိုဆောင်နိုင်တယ်။
လူကောင်းများပင် အဲဒီနည်းလမ်းတွေနဲ့လှည့်ဖြားခံရပြီး
စာတန်ရဲ့လက်အောက်ကိုသွတ်သွင်းခြင်းခံနိုင်ကြောင်း စဉ်းစားတဲ့အခါ ကြောက်စရာကောင်းလှပါတယ်။
သူတို့အထင်မှာတော့ ကွယ်လွန်သွားခဲ့တဲ့ ချစ်ရတဲ့သူတွေရဲ့ နှစ်သိမ့်မှုများပေါ့။


87

သမ္မာကျမ်းစာက ဒီထက်ပိုပြီးကြီးမားတဲ့ စာတန်ရဲ့ လှည့်ဖြားမှုနဲ့ပတ်သက်ပြီးဖေါ်ပြထားပါတယ်။
စာတန်ကိုယ်တိုင် ခရစ်တော်၏အယောင်ကိုဆောင်ဖို့ကြိုးပမ်းမယ်။
ခရစ်တော် ဒုတိယအကြိမ်ပြန်လည်ကြွလာခြင်းအကြောင်းနဲ့ပတ်သက်တဲ့ အမှန်တရားကို မသိသေးတဲ့ လူပေါင်း များစွာလှည့်ဖြားခံရလိမ့်မယ်။
ဒါကြောင့်မို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ယေရှုကအလေးအနက်သတိပေးထားတာ အံ့ဩစရာမဟုတ်ပါဘူး။



88

(ကျမ်းချက်။ မဿဲ ၂၄:၄၊၅)
'ယေရှုကလည်း သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေခြင်းငှါ သတိပြုကြလော့။'



89

'အများသောသူတို့က ငါသည် ခရစ်တော်ဖြစ်၏ဟုဆိုလျက် ငါ၏အယောင်ကိုဆောင်၍ ပေါ်လာသဖြင့် လူအများတို့ကို လှည့်ဖြားကြလိမ့်မည်။'
မဿဲ ၂၄:၄၊၅။
ဤအချက်ဟာ အရေးကြီးလှတယ်။


90

ဒါကြောင့် အဲဒီသတိပေးချက်ကိုဘဲ ထပ်ပြီးအဲဒီတရားဟောချက်မှာဘဲ ပြန်လည်ဖေါ်ပြထားတာတွေ့ရတယ်။



91

(ကျမ်းချက်။ မဿဲ ၂၄:၂၃-၂၅)
'ထိုအခါသူတပါးက ဤအရပ်၌ခရစ်တော်ရှိသည်၊ ထိုအရပ်၌ရှိသည် ဟုဆိုသော်လည်း မယုံကြနှင့်။

# ၁၄ – သချိုင်းတဖက်မှ အသံများ



92

အကြောင်းမူကား ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည် ပေါ်လာ၍ရွေးချယ်သောသူတို့ကိုပင် လှည့်ဖျားနိုင်လျှင် လှည့်ဖြားလောက်အောင်



93

ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို ပြုကြလိမ့်မည်။'



94

'ထိုအကြောင်းအရာတို့ကို ငါပြောနှင့်ပြီ။'
မဿဲ ၂၄း၂၃-၂၅။



95

သင် သို့မဟုတ် သင့်အသိများမှတစုံတယောက်က 'ကျွန်တော်သေဆုံးသွားတဲ့ချစ်ရတဲ့သူအသက်ရှင်တာတွေ့တယ်' လို့ပြောကောင်းပြောလိမ့်မယ်။



96

တစုံတယောက်သောသူက 'ကျွန်မရဲ့ကွယ်လွန်ခဲ့တဲ့ ခင်ပွန်းသည်နှင့်စကားပြောခဲ့တယ်' လို့ သေချာပေါက်ပြောကောင်းပြောလိမ့်မယ်။



97

နောက်တယောက်က 'ကျွန်တော့သားကို လူဆိုးသွမ်းရဲ့လက်ထဲမှာ ဆုံးရှုံးခဲ့ရတယ်။ ဒါပေမဲ့ သူ့ကိုကျွန်တော် လည်ပတ် စကားပြောတယ်။ သူက ကျွန်တော့စိတ်ကို နှစ်သိမ့်မှုများစွာပေးတယ်။' လို့ပြောကောင်းပြော လိမ့်မယ်။
ယေရှုက ဘာတွေပြောထားခဲ့လဲ။
သေသောသူများဟာ အိပ်ပျော်နေတယ်။ နတ်ဆိုးဝိညာဉ်များက ရွေးနှုတ်ထားသောသူများကိုပင် လှည့်ဖြားနိုင် ရင်လှည့်ဖြားမယ်။

လူသန်းပေါင်းများစွာ လှည့်ဖြားခံရမယ်။
ဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်ရဲ့ နှုတ်တော်ထွက်စကားထက် သူတို့ရဲ့ အထင်၊ ခံစားချက် အာရုံ နှင့် တွေ့ကြုံမှုများကို ပိုပြီးယုံကြည်အားကိုး လို့ပါပဲ။



98

ရွေးနှုတ်ခြင်းခံရသူများ ဘာကြောင့်လှည့်ဖြားခြင်းမခံရတာလဲ။
အကြောင်းကတော့ သူတို့ယေရှုကို ယုံကြည်လို့ပါပဲ။ သူတို့ရဲ့ အထင်၊ ခံစားချက်များ၊ အာရုံများ၊ တွေ့ကြုံမှုများ ထက် ဘုရားသခင်ရဲ့ နှုတ်တော်ထွက်စကားကို ယုံကြည်အားကိုးလို့ပါပဲ။

၁၄ – သချိုင်းတဖက်မှ အသံများ

# ၁၄ – သချိုင်းတဖက်မှ အသံများ





99

ဒါက စဉ်းစားစရာ အဓိကအချက်ပါပဲ။




100

ဘုရားသခင်ရဲ့ အမှန်တရားကို ကျွန်ုပ်တို့လက်ခံမလား၊




101

စာတန်ရဲ့ လိမ်ညာမှုကို ယုံကြည်မလား။



102

သမ္မာကျမ်းစာရဲ့ရေးသားထားချက်များနဲ့ မိမိတို့ရဲ့စိတ်ကို ကြံ့ခိုင်မာစေသူများသာလျှင် ကြီးကျယ်လှတဲ့ လှည့်ဖြားမှု၊ ကမ္ဘာကိုစတင်လွှမ်းမိုးနေပြီဖြစ်တဲ့ လှည့်ဖြားမှုကို ကြံ့ကြံ့ခံ ရပ်တည်နိုင်မှာဖြစ်တယ်။ အထက်က ဖေါ်ပြထားချက်များကို တို့တွေသိဖို့လိုတယ်။ ယုံဖို့လိုတယ်။
အတွေ့အကြုံ၊ ခံစားချက်၊ အမြင်အာရုံများ တို့ကိုအမှန်တရားမှ လမ်းလွဲသွားအောင် မလုပ်နိုင်သော ပြင်းပြတဲ့ ယုံကြည်ချက်မျိုးရှိရမယ်။




103

သေလုမျောပါးအတွေ့အကြုံများနဲ့ပတ်သက်ပြီး သင်စဉ်းစားဖူးလိမ့်မယ်။ သေပြီလို့ဆရာဝန်ကပြောခဲ့ပေမဲ့ သတိယပြန်ရှင်လာတဲ့အဖြစ်မျိုးနဲ့.



104

သူတို့တွေရဲ့ ဆေးရုံအခန်းရဲ့မျက်နှာကျက်ကနေဝဲပြီး အောက်မှာရှိတဲ့သူတို့ရဲ့ကိုယ်ခန္ဓာကိုငုံ့ကြည့်တဲ့ ပြောပြ ချက်မျိုးတွေပေါ့။



105

တချို့က သူတို့သေလုမျောပါး အခြေနေမှာ တောက်ပတဲ့အလင်းနဲ့ ယေရှုသို့မဟုတ် ကောင်းကင်တမန်က သူတို့ကိုလာဖို့ဖိတ်ခေါ်တာတွေ့တယ်လို့ပြန်ပြောတတ်တယ်။ တချို့က သေခြင်းရဲ့ တဖက်ကချစ်တဲ့ကွယ် လွန်သူများနဲ့တွေ့တယ်လို့ပြောတယ်။
ဘုရားရဲ့ နှုတ်ကပတ်တော်တခုတည်းဖြင့်သာ အမှားကိုတွေ့ရှိနိုင်ပြီး လှည့်ဖြားမှုမှလုံခြုံမှုရမှာဖြစ်တယ်။




106

'ငါ့မျက်စိနဲ့ငါကိုယ်တိုင်တွေ့ရင် ငါယုံမယ်' ဆိုရင်တော့ အသေအချာဘဲ လှည့်ဖြားမှုခံရမှာဖြစ်တယ်။

# ၁၄ – သင်္ချိုင်းတဖက်မှ အသံများ


107

ဘုရားသခင်ရဲ့နှုတ်ကပတ်တော် သမ္မာကျမ်းစာအစား ကျွန်ုပ်တို့ရဲ့ အာရုံခံစားချက်များ၊ စိတ်ခံစားချက်များ၊ တွေ့ကြုံမှုများအပေါ် အခြေခံပြီးဆုံးဖြတ်ချက်ချမယ်ဆိုရင် စိတ်ချဘို့မကောင်းပါဘူး။
တကမ္ဘာလုံးမှာ သေခြင်းတရားနှင့်ပတ်သက်ပြီး ယုံကြည်သွန်သင်ချက်ပေါင်းများစွာ ရှိနေတဲ့အတွက်ဖြစ်ပါတယ်။


108

ဥပမာ - ဘဝတပါးသို့ကူးပြောင်းခြင်း၊ ဝင်စားခြင်းနှင့်ပတ်သက်ပြီးလေ့လာရအောင်။
လူသေတဲ့အခါ သူဟာအခြားသောအသွင်နဲ့ပြန်လည်မွေးဖွားလာတယ်လို့သန်းပေါင်းများစွာသောလူတွေက ယုံကြတယ်။
ဘယ်ပုံစံနဲ့မွေးဖွားလာမယ်ဆိုတာကိုအတိအကျမသိပါဘူး။ နွား၊ ကြွက်၊ မြွေ စတဲ့ တိရိစ္ဆာန်အသွင်နဲ့မွေးဖွားလာဖို့ ဖြစ်နိုင်တယ်လို့ ယုံကြတယ်။


109


ဒါမှမဟုတ် တအားချမ်းသာတဲ့သူ၊ ဘုရင်၊ ဆင်းရဲသား၊ သူတောင်းစား၊ မျက်မမြင်သူ၊ နားမကြားသူ၊ မသန်စွမ်းသူ၊ နာကျင်သော သို့မဟုတ် ချည့်နဲ့စေနိုင်တဲ့ရောဂါစွဲကပ်သူအဖြစ် အခြားသောပုဂ္ဂိုလ်အသွင်နဲ့ မွေးဖွားလာနိုင်တယ် လို့ယုံကြတယ်။


110

ဟိန္ဒူဘာသာအရ အမြဲလည်ပတ်နေတဲ့ 'ဘဝသံသရာဘီး'ဆိုတာရှိတယ်။ လူသေတဲ့အခါ သူပြန်လည်မွေးဖွားလာတယ်။ ဒီလိုအဆုံးမရှိဘဲ ဒီကမ္ဘာပေါ်မှာ ထပ်ခါထပ်ခါဖြစ်နေတယ်။
လူအများဟာ ဒီအတွေးအခေါ်ရဲ့နောက်ကြောင်းကိုမသိဘဲ ဒါကိုသက်ဝင်ယုံကြည်ကြတယ်။
ဒီယုံကြည်ချက်မှာ၊ လူက အထိန်းကွပ်ရှိခြင်း၊ ရွေးချယ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း များလုပ်စရာမလို။


111

ရည်းစူးဦးတည်ချက်က ပင်ကိုယ်အရည်အသွေး၊ ရွေးချယ်မှု၊ ပျော်ရွှင်မှု နဲ့ မိတ်ဆွေသင်္ဂဟနဲ့ရှိနေတဲ့ အသိစိတ် နဲ့ရှိနေတဲ့ အသက်မဟုတ်ပါဘူး။
အဆုံးမှာ နိဗ္ဗာန်သို့ဦးတည်နေတာဖြစ်တယ်။


112

'အေးငြိမ်းသော ဗလာနတ္တိအခြေနေဖြစ်ပြီး ပင်ကိုယ်အရည်အသွေး၊ ပညာဉာဏ်၊ မှတ်ဉာဏ် နဲ့


113

'သင်' ဆိုတဲ့ ပုဂ္ဂိုလ်ကင်းမဲ့ခြင်း၊ စဉ်းစားခြင်း ချစ်ခြင်း ခံစားတတ်ခြင်း နှင့် ပျော်ရွှင်တတ်ခြင်း ကင်းမဲ့သော အခြေနေဖြစ်တယ်။'


114

ရေစက်တပေါက်ဟာ သမုဒ္ဒရာထဲမှာပျော်ဝင်ပျောက်ကွယ်သွားသလို လူပုဂ္ဂိုလ်ဟာလည်း ဘယ်သူဘယ်ဝါ မှန်းမပြောနိုင်လောက်အောင် စကြာဝဠာကြီးထဲ ပျော်ဝင်သွားတယ်။

# ၁၄ – သချိုင်းတဖက်မှ အသံများ



115

ဗုဒ္ဓတရားဟာလည်း ဒီလိုပါပဲ။
တမူထူးဒါက ကံကောင်းလို့ ယခုဘဝကနေ ‘ဘဝသံသရာ’ ကလွတ်နိုင်တယ်။



116

သွန်သင်ချက်ထားတာက မသိစိတ်ကိုထိန်းချုပ်ခြင်းအားဖြင့် လူတယောက်က မိမိရဲ့တပ်မက်စိတ်များကို ပပျောက်စေနိုင်တယ်။




117

ဒီစိတ်အခြေနေကိုရောက်ရင် နိဗ္ဗာန်ကိုတိုက်ရိုက်ရောက်သွားတယ်။




118

ဒီဘာသာနှစ်ခုမှာ အကောင်းနဲ့အဆိုးတန်ခိုးကတူညီပြီး ထာဝရကာလတည်ရှိနေမယ်လို့ယုံကြည်ကြတယ်။




119

ဘာလီကျွန်းကို ရောက်ခဲ့ရင် ’ဘာရွန်အက’ ကိုကြည့်ရှုနိုင်ပါတယ်။



120

ကြက်ဥပြုတ်နဲ့သဏ္ဌာန်ဆင်တဲ့ အဝတ်အစားကိုဝတ်ဆင်ထားတဲ့ဘာရွန်က လက်ထဲမှာထက်လှတဲ့ ဓားမြှောင်ကို ကိုင်ထားတဲ့လူခြောက်ဦးကိုရင်ဆိုင်ပြိုင်သတ်ပါတယ်။
သူတို့တွေဟာ ဒေသထွက်မူးယစ်ဆေးကိုသုံးစွဲထားတဲ့အတွက် မူးယစ်ထုံထိုင်းနေပါတယ်။



121

ဘာရွန်ကတလှမ်းတိုးရင် သူတို့တွေကနောက်ဆုတ်သွားကြတယ်။ ဘာရွန်ကအော်ပြီး လှည့်သွားရင် သူတို့တွေက သူ့နောက်ကိုပြေးပြီးလိုက်ကြတယ်။ လက်ထဲကဓားကိုလေထဲ ဝှေ့ရမ်းပြီး ဘာရွန်ကိုကြိုးစားသတ် သည့်အလားပင်။

# ၁၄ – သင်္ချိုင်းတဖက်မှ အသံများ


122

ဘာရွန်ကရပ်ပြီးသူတို့ကိုရင်ဆိုင်ဖို့လှည့်လာတဲ့အခါသူတို့ရပ်သွားကြပြန်တယ်။ ရှေ့တလှမ်းတိုးရင်သူတို့နောက်တလှမ်းဆုတ်တယ်။ ဒါကိုထိန်းချုပ်မှုမဲ့တဲ့ရုန်းရင်းခတ်တဲ့အခြေနေထိရောက်အောင် ထပ်ခါတလဲလဲ ရှေ့တိုးနောက်ဆုတ်အကြိမ်ကြိမ် အလီလီလုပ်ကြတယ်။
ဒီအခြေအနေမှာ ယောက်ျားခြောက်ဦးထဲက တစ်ယောက်နှစ်ယောက်က လက်ထဲကဓားမြောင်ကို ပစ်ပေါက်တတ်လေ့ရှိပြီး ရပ်ကြည့်သူများကို မတော်တဆခိုက်မိလေ့ရှိတယ်။
ဒီအချိန်မှာ ရွာသားတွေက အဲဒီလူခြောက်ယောက်ကို မြေပေါ်လဲသွားအောင် နပန်းလုံးပြီး သူတို့ပေါ် ရေလောင်းချကြတယ်။
နောက်ဆုံးမှာတော့ နတ်ဝင်ရာမှထွက်လာသကဲ့သို့ သူတို့တွေခေါင်းခါပြီးထလာကြပြီးနောက် သူတို့ရဲ့တဲဆီ လျှောက်သွားကြတယ်။ ဘာရွန်လည်း ဆန့်ကျင်ဘက် အရပ်ကိုလျှောက်သွားတယ်။
ဒါဘာအဓိပ္ပါယ်များရှိလဲ။
ဒါက ဘာသာရေးပွဲဖြစ်ပြီး သူတို့ရဲ့ယုံကြည်မှုကိုသရုပ်ဖော်တာဖြစ်တယ်။
ဘာရွန်က ဘုရားကိုပုံဆောင်တယ်။ လူခြောက်ဦးက မကောင်းဆိုးဝါးကိုပုံဆောင်တယ်။
ဟိန္ဒူဘာသာရဲ့ယုံကြည်မှုအရ အကောင်းနဲ့အဆိုးက ထာဝရပြိုင်ဆိုင်လုံးပမ်းနေကြတယ်။
ဘယ်သူက နိုင်တယ်ဆိုတာမရှိဘူး။ အမြဲဘဲသရေကျတယ်။


123

ဒါက သမိုင်းဆိုတာ သံသရာလည်နေတယ်ဆိုတဲ့ယုံကြည်မှုပေါ်အခြေခံတယ်။ အဆုံးမရှိ ဘယ်ကိုမှလဲမရောက် ဘဲထပ်ခါထပ်ခါ ပြန်လည်ဖြစ်ပျက်နေတယ်။
မကောင်းဆိုးဝါးကိုထာဝရချုပ်ငြိမ်းစေပြီး မြေကြီးပေါ်မှာ ဖြောင့်မတ်ခြင်းနဲ့ငြိမ်သက်ခြင်းကိုပေးမဲ့ မေတ္တာရှင် ထာဝရဘုရားကို သူတို့ယုံကြည်ချက်မှာမရှိဘူး။



124

ထမြောက်ခြင်းအကြောင်း အသက်ရှင်ခြင်းအကြောင်းဖြစ်တဲ့ယေရှုအတွက် ကျွန်ုပ်ကျေးဇူးတင်ပါတယ်။
သင်ရောကျေးဇူးမတင်ဘူးလား။
သူယူဆောင်ခဲ့တဲ့ မျှော်လင့်ခြင်းက ဘယ်လောက်ထူးဆန်းအံ့ဩဖို့ကောင်းလဲ။
မကောင်းဆိုးဝါးက အမြဲတမ်းအနိုင်ရမှာမဟုတ်ဘူး။
ရာဇဝင်သမိုင်းက မဆုံးတဲ့သံသရာလည်နေမှာမဟုတ်ဘူး။ တနေရာကိုဦးတည်နေပါတယ်။

ရာဇဝင်သမိုင်းတခုလုံးဦးတည်နေတာက ဘုရားသခင်ကလူတွေအတွက်ဖန်ဆင်းမဲ့ အပြစ်၊ ရောဂါ၊ စစ်ပွဲ၊ အစာမလုံလောက်ခြင်း၊ ဆင်းရဲခံရခြင်း နဲ့သေခြင်းကင်းတဲ့ ကမ္ဘာသစ်ကိုဦးတည်နေတာဖြစ်တယ်။


125

(ကျမ်းချက်။ ဗျာဒိတ် ၂၁း၁-၄)
'ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်းဟူမူကား၊ ရှေးကောင်းကင်နှင့်ရှေးမြေကြီး သည်ရွေ့သွားကြပြီ။


126

ထိုအခါမှစ၍သမုဒ္ဒရာမရှိ။


127

သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဘို့တန်ဆာဆင်သော မင်္ဂလာဆောင် သတို့သမီးကဲ့သို့ပြင်ဆင်လျက်၊

# ၁၄ – သချိုင်းတဖက်မှ အသံများ


128

ဘုရားသခင့်ထံတော်၊ ကောင်းကင်ဘုံမှဆင်းသက်သည်ကို ငါမြင်၏။


129

ကောင်းကင်မှကြီးသောအသံကား၊ ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။
လူတို့နှင့်အတူကျိန်းဝပ်တော် မူမည်။


130

သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည်
ကိုယ်တော်တိုင်လူတို့နှင့်အတူရှိနေ၍သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်။


131

ဘုရားသခင်သည် သူတို့၏မျက်စိ၌မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန်သေဘေးမရှိရ။


132

စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသောအရာ
တို့သည် ရွေ့သွားကြပြီ။'
ဗျာဒိတ်ကျမ်း ၂၁း၁-၄။


133

ယေရှုကိုရွေးချယ်ပြီး သင်အသစ်တဖန်မွေးဖွားခြင်းမခံလိုဘူးလား။
သေပြီးတဲ့နောက်ပိုင်းမဟုတ်ပါ။ သိတ်ပြီးနောက်ကျသွားလိမ့်မယ်။
ဘဝအဆင့်ဆင့်တပါးမှတပါး နှစ်သန်းပေါင်းများစွာပြောင်းလဲခြင်းအားဖြင့်လည်းမဟုတ်ပါ။
အခု ဒီအချိန်ဖြစ်ပါတယ်။


134

(ကျမ်းချက်။ ၁ပေ ၁း၃၊၄)
'အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သောမြော်လင့်ခြင်းအကြောင်းရှိစေခြင်းငှါ၊


135

ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သောအမွေတော်ကို ငါတို့သည်ခံရစေမည်အကြောင်း

# ၁၄ – သချိုင်းတဖက်မှ အသံများ



136

ယေရှုခရစ်ကိုသေခြင်းမှ ထမြောက်စေတော်မူသောအားဖြင့်



137

ကြီးစွာသော ကရုဏာတော်နှင့်အညီ ငါတို့ကိုတဖန်ဖြစ်ဘွားသေတော်မူသော၊



138

ငါတို့သခင်ယေရှု၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။' ၁ ပေ ၁း၃၊၄။


139

ထာဝရအသက်ကို သင်ရရှိနိုင်ပါတယ်။
ဒါက ဘုရားသခင်ကိုယ်တိုင် သင့်ကိုပိုင်ဆိုင်စေချင်တဲ့ အာမခံချက်ဖြစ်တယ်။



140

(ကျမ်းချက်။ ၁ ယော ၅း၁၁၊၁၂)
'သက်သေခံတော်မူချက် ဟူမူကား၊ ဘုရားသခင်သည် ငါတို့အားထာဝရအသက်ကို ပေးတော်မူ၍ ထိုအသက် သည်လည်း သားတော်၌ပါ၏။



141

သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကိုမရသောသူမူကား အသက်ကိုမရ။'
၁ ယော ၅း၁၁၊၁၂။
ကျွန်ုပ်တို့ ဘယ်လိုသိမလဲ။ ဘယ်လိုစိတ်ချနိုင်မလဲ။ နှုတ်ကပတ်တော်က ရှင်းလင်းစွာ -



142

(ကျမ်းချက်။ ၁ ယော ၅း၁၃)
'ဘုရားသခင်၏သားတော်ကိုယုံကြည်သောသင်တို့သည် ထာဝရအသက်ကိုကိုယ်တိုင်ရသည်ဟုသိစေခြင်းငှါ၊



143

ဤအရာများကို သင်တို့အားငါရေး၍ပေးလိုက်၏။ '
၁ ယော ၅း၁၃။
လူတိုင်းဖြေရမဲ့မေးခွန်းက 'ကျွန်ုပ်မှာ ခရစ်တော်ရှိပြီလား'
သင် ယေရှုကို ယခုအချိန်မှာ ရနိုင်ပါတယ်။

# ၁၄ – သချိုင်းတဖက်မှ အသံများ




144

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၃း၂၀)
ယေရှုက 'ငါသည် (သင့်စိတ်နှလုံး)တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။





145

အကြင်သူသည် ငါ၏အသံကို ကြား၍တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍သူနှင့်အတူ စားသောက်ရလိမ့်မည်။




146

သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်။'
ဗျာဒိတ်ကျမ်း ၃း၂၀



147

သင်ရဲ့စိတ်နှလုံးတံခါးကို အခုဖွင့်ပြီး ကိုယ်တော်ကိုဖိတ်ခေါ်ပါ။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။



1

အကောင်းဆုံးသောကျန်းမာရေးကိုဘယ်လိုရနိုင်မလဲ။


2


ကျောက်ဆောင်အစွန်းရဲ့ထိပ်မှာရှိပြီးနီလာရောင်သန်းနေတဲ့မြေထဲပင်လယ်ကိုစီး
ကြည့်လို့ရတဲ့နေရာကတော့ရှေးကျတဲ့ပေါ်တူဂီဘုန်းကြီးကျောင်းဘဲဖြစ်ပါတယ်။
ရှုမျှော်ခင်းကတော့သက်ပြင်းချရလောက်အောင်တကယ်ဘဲထူးခြားလှပတယ်။ ပြဿနာအခက်အခဲတခုက
တော့အဲဒီထိပ်ကိုရောက်နိုင်ဖို့ကရဟန်းအိုတပါးကကြိမ်နဲ့ယက်တဲ့ခြင်းတောင်းထဲထည့်ပြီးကြိုးနဲ့ဆွဲတင်မှဘဲ
ရောက်နိုင်တယ်။


3

တနေ့ကျတော့အဲဒီနေရာကိုအလည်အပတ်လာတဲ့လူတယောက်နဲ့လိုက်ပြပေး
တဲ့လူတယောက်အဲဒီနေရာကပြန်အဆင်းခြင်းတောင်းထဲဝင်ပြီး၊
ရဟန်းအိုကမညီမညာဘဲချွန်ထက်တဲ့ကျောက်စွန်းကနေလျှောချလိုက်
တယ်။
အလည်အပါလာတဲ့ပုဂ္ဂိုလ်ကလွှတ်ခနဲဘယ်လိုမေးလိုက်လဲဆိုတော့‘လူတွေဒီကြိုးကိုဘယ်လောက်ကြာ
ရင်အသစ်တချောင်းပြန်လဲသလဲ။’


4

လိုက်ပြပေးတဲ့ပုဂ္ဂိုလ်ကတကယ်စိတ်ချတဲ့အသံနဲ့ဘယ်လိုပြန်ဖြေသလဲဆိုတော့‘မစိုးရိမ်ပါနဲ့ဗျာ၊
တချောင်းပြတ်တိုင်း အသစ်တချောင်းပြန်လဲတတ်ပါတယ်။’


5

ဒီပုံပြင်အဖြစ်အပျက်ထဲမှာလိုပဲထောင်နဲ့ထောင်နဲ့ချီတဲ့လူတွေဟာကိုယ့်ရဲ့ကျန်းမာရေး
နဲ့ပတ်သတ်ရင်ကြိုတင်မသိနိုင်တဲ့အခြေအနေမှာရှိတဲ့အရာတခုလို့ဘဲသဘောထားကြတယ်။
ခုနကကြိုးပြတ်တဲ့ထိအချိန်စောင့်ဆိုင်းသလိုကျန်းမာရေးပျက်စီးတဲ့ထိလူတွေအချိန်ဆွဲကြတယ်။
နောက်ဆုံးဆိုးရွားတဲ့အခြေအနေအထိရောက်သွားတယ်။
‘ထောက်’ခနဲမြည်ပြီးပြတ်သွားတဲ့ကြိုးတချောင်းအစားထိုးလို့ရပေမယ့်ကျန်းမာရေးချို့တဲ့လာရင်တော့
ကြိုးအစားထိုးလို့ရသလိုမလွယ်ကူပါဘူး။ကျန်းမာရေးဆိုတာမျိုးကအလိုလိုရနိုင်တာမျိုးမဟုတ်ပါဘူး။ကိုယ့်
ရွေးချယ်မှုနဲ့သဘာဝတရားရဲ့ဥပဒေကိုနာခံမှုအပေါ်မူတည်နေပါတယ်။


6

မိတ်ဆွေချို့တဲ့၊တဲ့ကျန်းမာရေးရဖို့လုပ်ရမယ်ဆိုရင်ခင်ဗျားလုပ်မလား။
လူတွေကတော့တနှစ်အတွက်ကျန်းမာရေးနဲ့ပတ်သက်လာရင်ဒေါ်လာကုဋေချီပြီးအကုန်ခံကြတယ်။
ရောဂါဟာကမ္ဘာမှာကြည့်ရင်လူတွေမှာရှိတဲ့
ကြေးငွေအများဆုံးအကုန်ခံပြီးကုသတဲ့ဈေးအကြီးဆုံးအရာဖြစ်တယ်။


7

သွေးဖြူဥများတဲ့ရောဂါခံစားတဲ့ကလေးရဲ့မိဘများဒါမှမဟုတ်ရင်အဆစ်အမြစ်ကိုက်ခဲနာကြင်မှုဝေဒနာကိုခံ
စားနေရတဲ့သက်ကြီးရွယ်အိုများကိုမေးလို့ရပါတယ်။သူတို့ခင်ဗျားကိုဘယ်လိုပြောမလဲဆိုတော့ကျန်းမာ
ရေးကောင်းတာဟာတန်ဖိုးဖြတ်လို့မရဘူး။ ဒါဟာကောင်းကြီးမင်္ဂလာဖြစ်ပြီးမပျက်စီးမချင်းလူတွေတန်ဘိုးမ
ထားကြဘူး။ ပျက်စီးမှဘဲတန်ဘိုးထားကြတော့တယ်။


၁၅ – နာရီကိုပြန်လည့်လိုက်ပါ။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။




8

လူ့အသက်တနှစ်(သို့မဟုတ်‘တရက်ဟာဘယ်လောက်တန်ဘိုးရှိသလဲ။အဲလီဇဘက်ဘုရင်မ(ပထမမြောက်) သေခါနီးဘယ်လိုကြွေးကြော်မြည်တမ်းခဲ့လဲဆိုတော့‘အချိန်ကာလတခုအတွက်ငါပိုင်ဆိုင်တဲ့ပစ္စည်း အားလုံးနဲ့လဲလိုက်ချင်တယ်။’
ဒါပေမယ့်အသက်ကိုငွေနဲ့ဝယ်လို့မရပါဘူး။



9

လော့စ်အိန်းဂျလိ(စ်)မြို့ကာလီဖိုးနီးယားတက္ကသိုလ်ကပါမောက္ခဘရက်စလိုကိုးနှစ်တာကာလလေ့လာမှုတ ရပ်လုပ်ခဲ့တယ်။လူပေါင်းခုနှစ်ထောင်ကိုမေးခွန်းခုနှစ်ခုမေးပြီး၊
ကျန်းမာရေးဥပဒေကိုလိုက်လျောက်ကြတဲ့လူနဲ့မလိုက်လျောက်တဲ့လူတွေကိုနှိုင်းယှဉ်ကြည့်တယ်။




10

သူမေးလိုက်တဲ့မေးခွန်းခုနှစ်ခုကတော့-



11

၁။မင်းဆေးလိပ်သောက်လား။
၂။မင်းအရက်သောက်လား။သောက်ရင်ဘယ်လောက်အတိုင်းအတာအထိသောက်လဲ။
၃။ကိုယ်လက်လေ့ကျင့်ခန်းမှန်မှန်လုပ်ရဲ့လား။



12

၄။တညကိုမင်းဘယ်နှစ်နာရီလောက်အိပ်သလဲ။
၅။မင်းကိုယ်အလေးချိန်ဘယ်လောက်ရှိသလဲ။
၆။မင်းမနက်စာမှန်မှန်စားလား။
၇။မင်းမနက်စာနဲ့ညစာကြားမှာမုန့်ပဲသရေစာမှန်မှန်စားလေ့စားထရှိလား။
ဒီမေးခွန်းခုနှစ်ခုနဲ့ပါတ်သတ်ပြီးကောင်းတဲ့ကျန်းမာရေးအလေ့အထတကယ်လုပ်တဲ့လူဟာမလုပ်တဲ့လူထက် (၁၁) နှစ်ခွဲအသက်ပိုရှည်တယ်။



13

(၁၁) နှစ်ခွဲအသက်ပိုရှည်တဲ့အတွက်ခင်ဗျားဘာများပေးမလဲ။
ခင်ဗျားကိုအခုပြောပြတဲ့အရာတွေကတော့သတင်းစကားတွေဘဲ။ခင်ဗျားကို
ပျော်ရွှင်ကျန်းမာစေတဲ့နှစ်ကာလရယ်၊သက်တမ်းပိုမိုတိုးရှည်လာတဲ့နှစ်ကာလတွေပါတယ်။
သေသေချာချာနားထောင်တာအကျိုးရှိတယ်လို့ခင်ဗျားယူဆသလား။ဘုရားသခင်ဟာလူတွေကျန်းမာ
ပျော်ရွှင်စေဖို့စိတ်ဝင်စားမှုရှိတယ်ဆိုတာမြောက်များစွာသောလူတွေအတွက်အံ့သြစရာဖြစ်လာပါတယ်။



14

(ကျမ်းချက်။ ၃ယောဒ၊ ၂)
အချင်းချစ်သူ၊သင်၏စိတ်နှလုံးသည်ကောင်းစားသကဲ့သို့၊သင်သည်အရာရာ၌ကောင်းစားခြင်းနှင့်ကျန်းမာ ခြင်းရှိမည်အကြောင်းငါဆုတောင်း၏။
၃ယောဒ၊ ၂



15

(ကျမ်းချက်။ ယောဟန်၁၀း၁၀)
‘ယေရှုရှင်ဘာပြောခဲ့လဲဆိုတော့‘ငါမူကားသိုးတို့သည်အသက်လွတ်ရုံမျှမက၊အထူးသဖြင့်အသက်နှင့်ပြည့်စုံ စေခြင်းငှါလာသတည်း။’
ယောဟန်၁၀း၁၀

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။



16

ယေရှုဘုရားရှင်ဟာကျွန်တော်တို့ကိုသာယာ၊ပျော်ရွှင်၊ကျန်းမာတဲ့အသက်တာရစေချင်တယ်။ကျွန်တော်တို့ကို ပြည့်စုံတဲ့အသက်တာနဲ့အသက်တာနဲ့အသက်ရှင်စေချင်တယ်။



17

ကောင်းမွန်တဲ့ကျန်းမာရေးဘယ်လိုရနိုင်သလဲဆိုတာသိဖို့ဖြစ်နိုင်ပါ့မလား။ဖြစ်နိုင်တာပေါ့။ကျန်းမာစွာနဲ့အ သက်ရှင်နိုင်ရေးနဲ့ပတ်သတ်ပြီး၊ ကျမ်းစာထဲကဘုရားပေးထားတဲ့အရေးကြီးတဲ့ဥပဒေနဲ့လမ်းညွှန်မှုတွေကိုလူ တွေသတိမပြုမိကြဘူး။




18

ဥမအ့ာသိသထ
ဂျူးတွေရဲ့နေထိုင်စားသောက်ပုံနှစ်ဆယ်နဲ့ဆယ်နဲ့ချီးပြီးထူးခြားမှုကြောင့်ဆေးသုတေသနလုပ် ချင်စရာဖြစ်လာပါတယ်။ဆေးသုတေသနအရကင်ဆာရောဂါနဲ့သေဆုံးမှုဟာအခြား လူတွေထက်နည်းပြီးကပ်ကာလဖြစ်ပေါ်တဲ့ရောဂါဝေဒနာခံစားရမှုနည်းပါးတယ်။
မျိုးရိုးဗီဇကြောင့်ဒီလိုဖြစ်တာလား၊ သူတို့အထဲမှာ
ရောဂါဖြစ်ပွားမှုမရှိသလောက်နည်းပြီးအခြားဂျူးမဟုတ်တဲ့လူတွေရောဂါဖြစ်ပွားခံစားနေရတာလဲ။



19

သတိပြုဘို့ကောင်းတဲ့စိတ်ဝင်စားစရာကတော့ဒီဂျူး တွေဟာတခြားလူတွေစားသုံး သလိုစားသောက်ကြတဲ့အခါမှာကင်ဆာရောဂါနဲ့တခြားရောဂါဖြစ်ပွား နှုန်းဟာအခြားဂျူးမဟုတ်တဲ့လူတွေမှာဖြစ်သလိုအတူတူခံစားရတာတွေ့ရတယ်။ ဒါကြောင့်လျှို့ဝှက်ချက်ဟာကျန်းမာရေးနဲ့ပတ်သက်တဲ့အလေ့ထေ၊ အစာအဟာရနဲ့နေထိုင်စားသောက်မှုအ ပေါ်မှာမူတည်တယ်ဆိုတာတွေ့ရှိရတယ်။




20

(ဗီဒီယို။ ၁၀စက္ကန့်)




21

(ကျမ်းချက်။ ထွက် ၁၅း၂၆)
ဘယ်လိုပြောလဲဆိုတော့-"သင်တို့သည်သင်တို့ဘုရားသခင်ထာဝရဘုရား
၏စကားတော်ကိုစေ့စေ့နားထောင်၍နှစ်သက်တော်မူသောအကျင့်ကိုကျင့်လျှင်၄င်း၊




22

ပညတ်တော်အလိုသို့လိုက်၍စီရင်တော်မူချက်တို့စောင့်ရှောက်လျှင်၄င်း၊




23

ငါသည်အဲဂုတ္တုလူတို့၌စွဲစေသောရောဂါတစုံတခုကိုမျှသင်တို့၌မစွဲစေ။ငါသည်သင်တို့၏ရောဂါကိုငြိမ်းစေ သောဘုရားဖြစ်သည်ဟုမိန့်တော်မူ၏။' ထွက် ၁၅း၂၆-ဘာပြောသေးလဲဆိုတော့-

၁၅ – နာရီကိုပြန်လည့်လိုက်ပါ။

# ၁၅ – နာရီကိုပြန်လည်လိုက်ပါ။


24

(ကျမ်းချက်။ ထွက် ၂၃း၂၅)
'သင်တို့သည်ထာဝရဘုရားကိုဝတိပြုရမည်။သင်၏မုန့်ကိုဂုင်း၊ရေကိုဂုင်းကောင်းကြီးပေးတော်မူမည်။


25

အနာရောဂါကိုလည်းသင့်အထဲကနှုတ်ယူပယ်ရှားတော်မူမည်။' ထွက် ၂၃း၂၅
ခင်ဗျားတို့ဒီအထဲမှာပါတဲ့ထူးခြားချက်တွေ့ကြလား။
တကယ်လို့ကျွန်တော်တို့ဟာဘုရားရှင်ရဲ့ညွှန်ကြားချက်ကိုလိုက်လျှောက်မယ်ဆိုရင်ရောဂါဟာကျွန်တော်တို့အပေါ်မကျရောက်နိုင်ဘူး။
ဒါဟာတန်ဘိုးဖြတ်လို့မရတဲ့ဘုရားဆီကလာတဲ့သတင်းတရပ်ပဲ။
ဘယ်လောက်အံ့သြစရာကောင်းတဲ့ဘုရားရဲ့ဂတိတော်ဖြစ်ပါသလဲ။


26

ဂတိတော်ရဲ့ပြည့်စုံမှုနဲ့ပါတ်သက်ပြီးကျွန်တော်တို့ဆာလံဆရာကဘာပြောသလဲဆိုတော့-



27

(ကျမ်းချက်။ ဆာလံ ၁၀၅း၃၇)
"သူတို့အစုစု၌အားနည်းသောသူတစ်ယောက်မျှမရှိရ"
ဆာလံ ၁၀၅း၃၇

မတော်အီဂျစ်လူမျိုးတွေအခုဒီနေ့အချိန်မှာခံစား ရတဲ့ရောဂါမခံစားရဘူးလို့ခင်ဗျားပြောမိရင်တော့ခင်ဗျားမှားပြီး။


28

၁၉၇၅ခုနှစ်မှာကမ္ဘာအရပ်ရပ်မှာရှိတဲ့အထူးပါရဂူအဖွဲ့တဖွဲ့ဟာအင်္ဂလန်နိုင်ငံမန်ချက်စတာဆေးသိပ္ပံကျောင်းရဲ့အီဂျစ်ပြည်ကမံမီရုပ်ကြွင်းကိုဘာရောဂါခံစားရှိကြောင်းခါတ်ခွဲစူးစမ်းလေ့လာရှာဖွေခဲ့ပါတယ်။
သက္ကရာဇ်အားဖြင့်(ဘီစီ၁၉၀၀)ပတ်ဝန်းကျင်လောက်ကမံမီရုပ်ကြွင်းပါ။



29

(ဗီဒီယို ။ ၁စက္ကန့်)
တွေ့ရှိခဲ့တဲ့အရာတွေတကယ်ထူးခြားတယ်။အခုလက်ရှိလူတွေခံစားရတဲ့ရောဂါဝေဒနာမျိုးရှေးဟောင်းအီဂျစ်လူမျိုးများခံစားခဲ့ရပါတယ်။



30

(ဗီဒီယို။ ၆စက္ကန့်)
နှလုံးရောဂါ၊ကင်ဆာရောဂါ၊အကြောများမှာဖြစ်တတ်တဲ့ရောဂါ ၊အဆစ်အမြစ်မှာဖြစ်တတ်တဲ့ရောဂါ-

# ၁၅ – နာရီကိုပြန်လည်ဆိုက်ပါ။




31

(ဗီဒီယို။ ၆စက္ကန့်)
အသဲယောင်ရောဂါ၊
မေးခိုင်ရောဂါ၊ဝက်သားအထဲကပိုးကြောင့်ဖြစ်စေတဲ့ရောဂါနဲ့အခြားရောဂါတွေပါခံစားရတာတွေ့ရပါတယ်။


32

မောရှေအချိန်တုံးကအီဂျစ်တိုင်းပြည်ဟာပညာရေးနဲ့ယဉ်ကျေးမှုအချက်အချာကျပြီးတိုးတက်ပေမယ့်သူတို့ရဲ့ဆေးဝါးပညာနဲ့ကုသမှုတွေကတော့အာဖရိကတိုက်ကမှော်အတတ်စုန်းအတတ်နဲ့ဆေးကုသတဲ့သမားတော်တွေမှာရှိတဲ့ဆေးပညာတွေနဲ့ဆင်တူယိုးမှားပါဘဲ။


33


ဒ္ဓန စစေပမကျ နဘနမျဓလို့ခေါ်တဲ့နာမည်ကြီးကျန်းမာရေးစာအုပ်ကိုမောရှေမမွေးဖွားခင်သက္ကရာဇ်(ဃြ၁၅၂၂) ခုနှစ်လောက်မှာပဲအီဂျစ်ပြည်မှာရေးသားခဲ့တယ်။ရောဂါကြီးတွေ၊


34

ဆူးအချွန်အနက်ကြီးကျန်ခဲ့လို့ထုတ်လို့မရတဲ့အခါမျိုး
မှာတီကောင်သွေးနဲ့မြင်းချေးရောပြီးဆူးစူးတဲ့နေရာမှာလိမ်းကြတယ်။
ဒါ့ကြောင့်လည်းမေးခိုင်ပြီးငွေတအားကုန်ကြတာ။
မြွေကိုက်ခံရတဲ့အခါသောက်တဲ့ရေကိုရုပ်ထုအပေါ်မှာလောင်းပြန်တယ်။


35

ထိပ်ပြောင်တဲ့လူတွေအတွက်ကျတော့မြင်းတွေရဲ့ခွါကနေဖေါ်စပ်တဲ့ဆေးရယ်၊စွံပလွှန်ပင်အပွင့်ရယ်၊ခွေးရဲ့ခြေကိုဆီနဲ့ကြော်လို့ရတဲ့ဟာတွေကိုဆံပင်မပေါက်တဲ့နေရာမှာလိမ်းကြရတယ်။


36

ကျမ်းစာထဲကမှတ်တမ်းမှာတော့မောရှေဟာအီဂျစ်ပြည်ကအတတ်ပညာတွေကိုသင်ယူခဲ့ရတယ်။
ဒါ့ကြောင့်မောရှေရေးတဲ့စာတွေမှာကျန်းမာရေးနဲ့ပတ်သက်တာတွေ၊
အာမခံချက်တွေ၊တကိုယ်ရေသန့်ရှင်းမှုနဲ့
အာဟာရအကြောင်းတွေကိုမှတ်တမ်းတင်ထားတယ်။
ၘန ဏစေပမကျ နဘနမျ လို့ခေါ်တဲ့စာအုပ်မှာပါတဲ့ကုထုံးတွေတခုမှမပါပါဘူး။ အံ့သြစရာကောင်းတဲ့ကျန်းမာရေးလမ်းညွှန်တွေကိုမောရှေဘယ်ကရသလဲ။ဘုရားသခင်ဆီကရတာပါ။


37


အလယ်ရာစုနှစ်တုန်းကအနူရောဂါနဲ့အထူးသဖြင့်ကြွက်ကနေကူးပြီးဝမ်းဗိုက်အောက်ပိုင်းနဲ့ချိုင်းယောင်ပြီးသေနိုင်တဲ့ကြောက်စရာကောင်းတဲ့ကပ်ကြီးနှစ်မျိုးဖြစ်စေခဲ့ပါတယ်။


38

ဘုရားရှင်ကိုယ်တိုင်ပေးခဲ့ပြီးအီဂျစ်ပြည်ကနေထွက်မြောက်လာခဲ့ပြီးနောက်မောရှေကိုယ်တိုင်သွန်သင်ခဲ့တဲ့လူထုကျန်းမာရေးလမ်းညွှန်မှုဟာလူတွေကိုချုပ်တည်းမှုရှိစေလာခဲ့ပါတယ်။
အဲဒီကပ်တွေခံစားရတဲ့အချိန်မှာဆရာဝန်တွေဟာအသင်းတော်ခေါင်းဆောင်တွေဆီပြန်လာပြီး ကူညီတဲ့အတွက်လူသန်းနဲ့ချီပြီးအသက်ဘေးကနေလွတ်မြောက်ခဲ့ပါတယ်။

၁၅ – နာရီကိုပြန်လည်ဆိုက်ပါ။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။




39

ဂျော့စ်ရိုစ်နဲ်ဘယ်လိုရေးခဲ့လဲဆိုတော့သမားတော်တွေဘာမှလုပ်ပေးစရာမရှိခဲ့သလိုဦးဆောင်မှုကိုတော့ အသင်းတော်ကဘဲတာဝန်ယူခဲ့တယ်။




40

ဓမ္မဟောင်းကျမ်းမှာပါတဲ့တို့ထိမှုကြောင့်ရောဂါကူးစက်ပြန့်ပွါး နိုင်တဲ့သဘောကိုအခြေခံပြီးအသင်းတော်ဟာလမ်းညွှန်မှုတခုအနေနဲ့လက်ခံကျင့်သုံးခဲ့တယ်။




41

အဲဒီသဘောတရားနဲ့လက်တွေ့အကျိုးတရားကိုဝတ်ပြုရာကျမ်းထဲမှာတကယ်ရှင်းရှင်းလင်းလင်းအဓိပ္ပါယ် ဖေါ် ဆောင်ထားပါတယ်။



42

သမ္မာကျမ်းစာထဲမှာလူထုကျန်းမာရေးနဲ့ပါတ်သက်တဲ့လမ်းညွှန်ချက်တွေကိုပေးထားရဲ့နဲ့လူပေါင်းသန်း (၆၀)လောက်ဒီရောဂါနဲ့သေခဲ့တာတကယ့်ရှက်စရာကြီးပါ။




43

ကျွန်တော်တို့ရဲ့ခန္ဓာကိုယ်ဟာဘုရားကိုယ်တိုင်ပုံသွင်းခဲ့တဲ့ခန္ဓာကိုယ်ပါ။ ရောဂါနဲ့ကင်းဝေးနိုင်တဲ့နည်း လမ်းရယ်၊ ခန္ဓာကိုယ်ကိုဘယ်လိုအကောင်းဆုံးအကျန်းမာဆုံးအခြေအနေနဲ့ကိစ္စအဝဝကိုဆောင်ရွက်နိုင်ဘို့ ထိမ်း သိမ်းထားနိုင်သလဲဆိုတာကိုဘုရားရှင်သိပါတယ်။
ဘုရားရှင်ကလူတွေကိုအကန့်အသတ်မရှိအဖြစ်နိုင်ဆုံးအခြေအနေရှိတဲ့ထူးခြားတဲ့ခန္ဓာကိုယ်ကိုပေးခဲ့တယ်။ အင်မတန်သေးငယ်တဲ့အစိတ်အပိုင်းတွေပါဝင်တယ်။



44

ဘုရားကကျွန်တော်တို့ကိုဖန်ဆင်းခဲ့ပြီးကျွန်တော်တို့ကျန်း မာဘို့လိုအပ်တဲ့အရာတွေကိုဘုရားကတိတိကျကျသိတယ်။



45

လူငယ်တယောက်နှစ်ချီပြီးစုထားတဲ့ပိုက်ဆံနဲ့ပြောင်လက်နေတဲ့ကားသစ်တစီးဝယ်လာခဲ့တယ်။



46

ကြာကြာအသုံးခံဖို့အဲ့ဒီကားသစ်ကိုအကောင်းဆုံးအခြေအနေမှာထိမ်း သိမ်းထားနိုင်ဘို့ကားအစိတ်အပိုင်း ဆောက်တည်ပုံနဲ့လိုအပ်မှုအညွှန်းစာအုပ်ကိုပါရထားတယ်။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။


47

အဲ့ဒီကားကတကယ့်ဈေးကြီးတဲ့ကားဖြစ်တဲ့အတွက်ကား
ပိုင်ရှင်ကတော့ကားကိုဂရုစိုက်ထိမ်းသိမ်းထားနိုင်ဘို့အနည်းဆုံး
ဒီအညွှန်းစာအုပ်ကိုဖတ်လိမ့်မယ်လို့ခင်ဗျားတို့ထင်မိမှာဘဲ။ဒါပေမဲ့သူမဖတ်ခဲ့ဘူး။
သူစဉ်းစားမိတာကတော့စက္ကန့်ပိုင်းအတွင်းတနာရီမိုင်၆၀နှုန်းနဲ့မောင်းရင်ဘယ်လောက်ကြာလဲ။မြန်သထက်
မြန်အောင်မောင်းပြီးဘယ်လောက်မြန်မြန်ဆန်ဆန်ရပ်နိုင်သလဲသိရအောင်ဘရိတ်ဖမ်းဘို့ပဲ။
တာရာပွတ်တိုက်
ပြီးထွက်လာတဲ့စူးရှသံကိုဘဲကြားချင်နေတာ။


48


ဆီနဲ့ရေရယ်တာရာမှာရှိသင့်တဲ့လေရှိမရှိမစစ်ဆေးဘူး။ ဂရုစိုက်ပေးရင်အချိန်လည်းပေးရတာကိုး။အဲဒီအ
တွက်ကလေးနဲ့သူ့အတွက်တန်ဘိုးရှိတဲ့အချိန်ကိုအကုန်မခံနိုင်ဘူး။
ကားမောင်းတဲ့နေရာမှာဘဲနေချင်ပြီး၊ အထူးသဖြင့်လူအများစုဝေးရာနေရာကနေသူ့ကားခပ်မြန်မြန်သွား
နေတာသူများမြင်အောင်သူသွားချင်တဲ့နေရာကိုသွားဘို့ဘဲသူသိတယ်။


49

သူ့ကားဘယ်လိုဖြစ်မယ်ဆိုတာခန့်မှန်းလို့ရပါတယ်။တကယ်ဘဲကြာကြာမခံပါဘူး။အချိန်အနည်းငယ်အတွင်း
ကားပြုင်ပြင်စရိတ်ကလည်းအများကြီးကုန်ခဲ့တယ်။
ဘုရားပေးတဲ့ခန္ဓာကိုယ်ကြီးကိုလည်းဒီလိုပုံစံအတိုင်းကျွန်တော်တို့ထားသလား။ ဘုရားပေးတဲ့ညွှန်ကြားချက်
အတိုင်း ကျွန်တော်တို့လုပ်ချင်ကြမှာပါ။လိုက်နာချင်ကြမှာပါ။


50

ဆေးရုံတခေါက်တက်ရတယ်ဆိုရင်လူဟာသက်တန်းစေ့အသက်ရှင်နိုင်ဘို့မဖြစ်နိုင်တော့ဘူး။


51

ဖန်ဆင်းခြင်းအစဧဒင်ဥယျာဉ်လေးကိုပြန်သတိယဘို့ကောင်းပါတယ်။
ကျန်းမာဘို့အတွက်အာဒံနှင့်ဧဝကိုဘုရားပြောတဲ့အရာတွေကိုသတိပြုပါ။
ကျန်းမာရေးဖြစ်ထွန်းတဲ့အစာကြောင်းပြောရမယ်ဆိုရင်-အပြစ်တရား
မဝင်လာခင်ဘုရားရှင်ဟာအာဒံနှင့်ဧဝကိုကျန်းမာရေးဖြစ်စေတဲ့စုံလင်တဲ့အစာကိုစားစေခဲ့
တယ်။



52

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁း၂၉)
'ဘုရားသခင်ကလည်းကြည့်ရှုလော့၊မြေတပြင်လုံး၌စပါးသီးကိုဖြစ်စေသောစပါးပင်အမျိုးမျိုးတို့ကိုငှင်း၊



53

မျိုးစေ့ကိုဖြစ်စေသောအသီးနှင့်ပြည့်စုံသောသစ်ပင်အမျိုးမျိုးတို့ကိုငှင်းသင့်ကိုစားစရာဘို့ငါပေး၏။'
ကမ္ဘာဦးကျမ်း ၁း၂၉။

၁၅ – နာရီကိုပြန်လည့်လိုက်ပါ။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။


54

အခုခေတ်စကားနဲ့ပြောရရင်သူတို့ကိုအသီး၊ ကောက်ပဲသီးနှံနဲ့အခွံမာသစ်သီးသစ်ဥတွေကိုပေးခဲ့တယ်။


55

အဲ့ဒီဟာတွေသူတို့အတွက်စားနိုင်တဲ့အစာပဲ။ထာဝရနုပျိုနိုင်ဘို့အသက်ပင်ပေးခဲ့တယ်။
အာဒံနှင့်ဧဝအပြစ်လုပ်မိခဲ့တဲ့နောက်ပိုင်းဘုရားဟာသူတို့ကိုအသက်ပင်ရှိနေရာကနေဖယ်ထုတ်လိုက်တယ်၊
ဟင်းသီးဟင်းရွက် ကိုအစာအတွက်ပေးခဲ့ပြန်တယ်။


56

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၁၈)
'လယ်၌ဖြစ်သောဟင်းသီးဟင်းတို့ကိုသင်စားရမည်။' ကမ္ဘာဦးကျမ်း ၃း၁၈

ဒီသစ်သီး၊ ကောက်ပဲသီးနှံနဲ့အခွံမာသီးနှံသစ်ဥတွေဟာရေမလွှမ်းမိုးခင်တုန်းကလူတွေရဲ့အစာတွေဖြစ်တယ်။
အဟာရအတွက်လုံလောက်ရဲ့လား။ တကယ်လုံလောက်တာပေါ့။ အဲ့ဒီအချိန်တုံးကလူတွေရဲ့သက်တမ်းကို
ကြည့်လိုက်ပါအုံး။ ရာနဲ့ချီ ပြီးအသက်ရှင်ကြတာကိုကြည့်ပြီးစဉ်းစားလို့ရတယ်။


57


(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၅း၂၇)
ကမ္ဘာမှာအသက်အကြီးဆုံးအသက်ရှင်သွားတာမသုရှလပါပဲ။"မသုရှလသည်အသက်နှစ်ပေါင်းကိုးရာ
ခြောက်ဆယ်ကိုးနှစ်စေ့သော်သေလေ၏။'
ကမ္ဘာဦးကျမ်း ၅း၂၇


58

ရေလွှမ်းမိုးပြီးနောက်ပိုင်းလူ့သက်တန်းဟာသိသိသာသာကျဆင်းသွားခဲ့တယ်။ နောဧရဲ့သားရှေမ
အသက်(၆၀၀)နောဧရဲ့မြေးအသက်(၂၃၉)နှစ်နဲ့နောဧရဲ့မြစ်အသက်(၁၇၅)နှစ်ပဲရှည်တော့တယ်။
ဒါဝိတ်မင်းကြီးအချိန်မှာလူ့ရဲ့သက်တမ်းဟာအနှစ်(၇၀)ကိုကျဆင်းသွားတယ်။ တအားကျဆင်းသွား
တယ်လို့ခင်ဗျားမပြောဘူးလား။


59

ကမ္ဘာကြီးရေလွှမ်းမိုးမှုကြောင့်ကမ္ဘာပေါ်ကသစ်ပင်သက်တမ်းတိုးပြီးရှားပါးသွားတယ်။သင်္ဘောပေါ်မှာ
တစ်နှစ်ကျော်နေကြတဲ့နောဧနဲ့မိသားစုများအတွက်အစားအစာကုန်ခမ်းသွားခဲ့တယ်။
အဲ့ဒီအခြေအနေမရောက်မခြင်းဘုရားသခင်ဟာတိရိစ္ဆာန်အသားကိုစားခွင့်မပေးခဲ့ပါဘူး။ အပင်အား
လုံးနဲ့သားကောင်အားလုံးဟာအစာအဖြစ်လူတွေအတွက်မကောင်းပါဘူး။
လူသားတွေအတွက်စားသုံးနိုင်တဲ့သားကောင်ကိုဘုရားသခင်သတ်မှတ်ထားပေးပါတယ်။


60

ခြားနားမှုကတော့စင်ကြယ်တယ်၊မစင်ကြယ်ဘူးလို့သတ်မှတ်ထားတဲ့သားကောင်အပေါ်မှာပဲဆုံးဖြတ်တယ်။


61

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၇း၂)
'စင်ကြယ်သောသားမျိုးတမျိုးတွင်အထီးအမခုနှစ်စုံစီ၊
ကမ္ဘာဦးကျမ်း ၇း၂

# ၁၅ – နာရီကိုပြန်လည်လိုက်ပါ။



62

မစင်ကြယ်သောသားမျိုးတမျိုးတွင်အထီးအမနှစ်စုံစီ၊’
ကမ္ဘာဦးကျမ်း ၇း၂



63

ဘယ်တိရိစ္ဆာန်ဟာစင်ကြယ်တယ်၊ မစင်ကြယ်ဘူးလို့နောဧသိတယ်ဆိုတာထင်ရှားပါတယ်။



64

နောက်ပိုင်း၊ ဣသရေလလူမျိုးများကိုအီဂျစ်ပြည်ကနေကျွန်ဘဝကနေလွတ်မြောက်ဘို့ထုတ်ဆောင်လာပြီး နောက်သူတို့ရဲ့ကျန်းမာအသက်ရှည်ရေးနှင့်ပါတ်သက်ပြီးဘုရားသခင်ဟာအစားအစာအတွက်ညွှန်ကြားချက်ပေးခဲ့တယ်။ဘယ်တိရိစ္ဆာန်ဟာစင်ကြယ်တယ်၊ မစင်ကြယ်ဘူးဆိုတာခွဲထားပေးတယ်။



65

(ကျမ်းချက်။ တရားဟောရာကျမ်း ၁၄း၆)
‘ခွါကွဲပြား၍စား




66

မြုံ့ပြန်သောအသားများကိုစားရသောအခွင့်ရှိ၏။’
တရား ၁၄း၆- မှာလွယ်လွယ်ကူကူသတိရဘို့မှတ်နိုင်တဲ့အချက်နှစ်ချက်ကတော့ ၊
၁။ခွါကွဲတယ် ၂။စားမြုံ့ပြန်တယ်




67

(ဗီဒီယို။ ၁၄ စက္ကန့်)တရားဟောရာကျမ်း ၁၄း၄-၆မှာပါတဲ့စင်ကြယ်တဲ့သားကောင်တချို့ကတော့၊ နွား၊ သိုး၊ ဆိတ်၊ ဒရယ်၊
ဆတ်၊ ဂျီ၊ စိုင်၊ ဒိရှုန်၊ ဇမေရ၊အစရှိသောအကောင်တွေဖြစ်တယ်။




68

(ဗီဒီယို။ ၁၀ စက္ကန့်) အခန်းငယ် ၇နဲ့၈ မှာတော့လူအများစားတဲ့မစင်ကြယ်နဲ့သားကောင်ဖြစ်တဲ့၊
ကုလားအုပ်၊ ယုန်၊ ဝက်၊ ခွေးတူဝက်တူပါ ပါတယ်။
အရေးကြီးတဲ့လမ်းညွှန်ချက်နှစ်ချက်ကိုသတိယတယ်မဟုတ်လား။
တကယ်လို့ခွါလည်းကွဲစားမြုံ့လည်းပြန်တယ်ဆိုရင်စားဘို့ဖြစ်နိုင်တယ်။ သတိယဘို့ကောင်းတဲ့အရေးကြီးတဲ့အချက်ကတော့တချို့အကောင်တွေဟာခွါကွဲပြီးတော့စားမြုံ့မပြန်ဘူး၊
တချို့ကတော့စားမြုံ့ပြန်ပြီးတော့ခွါမကွဲဘူး။



69

ဥပမာ- ဝက်ကခွါကွဲပြီးတော့စားမြုံ့မပြန်တဲ့အတွက်မစင်ကြယ်ဘူး။
ကျမ်းစာထဲမှာဝက်အကြောင်းနဲ့ပါတ်သတ်ပြီး
တိုက်ရိုက်ပြောထားတာတွေ့ရတယ်။

၁၅ – နာရီကိုပြန်လည်လိုက်ပါ။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။



70

(ကျမ်းချက်။ ဝတ်ပြုရာကျမ်း ၁၁း၇-၈)
'ဝက်သည်ခွါကွဲပြားသော်လည်း၊ စားမြို့မပြန်သောကြောင့်သင်တို့၌မစင်ကြယ်။'



71

သူတို့၏အသားကိုမစားရ၊ အသေကောင်ကိုလည်းမထိရ၊ သင်တို့၌မစင်ကြယ်။
မစင်ကြယ်ဘူးလို့ဘုရားရှင်ပြောထားတဲ့အကောင်တွေဟာရောဂါဖြစ်စေတယ်။ဘုရားကဒီလိုခွဲခြားပေးတဲ့
အခါကောင်းတဲ့အရာတွေကိုထားခဲ့တာမဟုတ်ပါဘူး။
ဘုရားသခင်ကဘယ်အကောင်မျိုးကကျန်းမာရေးဖြစ်ထွန်းစေပြီးတခြားဘယ်လိုသား
ကောင်ကအဖျားရောဂါဖြစ်စေတယ်ဆိုတာကိုသိတယ်။




72


(ကျမ်းစာ။ ဆာလံ ၈၄း၁)
'ထာဝရဘုရားသည်-----ဖြောင့်မတ်စွာကျင့်သောသူတို့အားကောင်းသောအရာကိုငြင်းတော်မမူ။'
ဆာလံ ၈၄း၁


73


ဝက်ဟာရောဂါဖြစ်ပွားစေတဲ့သားကောင်ဖြစ်တယ်။
ဝက်စားတဲ့အစာဟာအမှိုက်ပုံကရတဲ့အစားအစာအပါအဝင်ပေါ့ဝက်ရဲ့ခန္ဓာကိုယ်အတွင်း
မှာနာရီပိုင်းအတွင်းအစာကြေနိုင်ပြီးအသားဖြစ်လာတယ်။
နွားကျတော့ဒီလိုမဟုတ်ပဲအစာကြေဘို့အဆင်သင့်အစာခြေအင်္ဂါကလုပ်ဆောင်ပေးတာတွေ့ရတယ်အသား
ဖြစ် ဘို့ ၄၈နာရီကြာတာတွေ့ရတယ်။မလိုအပ်တဲ့အရာ၊ အညစ်အကြေးတွေကိုဖယ်ထုတ်လိုက်စနစ်လည်း
ခန္ဓာကိုယ်ထဲမှာရှိနေတယ်။


74

ဝက်သားဟာမကြာခဏဆိုသလိုထြိခ်ီနာလာဖေးလို့ခေါ်တဲ့သံကောင်တမျိုးပါပြီးလူအတွက်အန္တရာယ်ဖြစ်
စေတယ်။ အဲ့ဒီပိုးပါတဲ့ဝက်သားကိုလူစားတဲ့အခါပိုးသေခဲ့တဲ့အစိတ်အပိုင်းလဲပါသွားတယ်၊
ထြိခ်ီနာလို့ခေါ်တဲ့သံကောင်ဟာအူသိမ်နံရံမှာမြုပ်နေပြီးပွားလာတော့တာပဲ။


75

အဲဒီသံကောင်မျိုးဟာနောက်ပိုင်းသွေးကြောမျှင်ကလေးတွေကနေတဆင့်တခြား
ခန္ဓာကိုယ်အစိတ်အပိုင်းတွေဆီရောက်သွားတယ်။
ထြိခ်ီနော့စစ်လို့ခေါ်တဲ့ကူးစက်ပြန့်ပွားနိုင်တဲ့ရောဂါဖြစ်လာနိုင်တယ်။ဒါကတော့စားမိတဲ့သံကောင်အရေ
အတွက်အပေါ်မှာမူတည်ပြီးတော့ဖြစ်နိုင်တယ်။မကြာခဏပဲအဲ့ဒီရောဂါကိုစစ်ဆေးရှာဖွေတဲ့အခါအဆစ်
အမြစ်ရောင်ရောဂါရယ်၊ အစာအဆိပ်မိတယ်လို့မှားပြီးဆုံးဖြတ်မိတယ်။


76

မံမီရုပ်ကြွင်းတွေကိုခွဲစိတ်ရှာဖွေစစ်ဆေးကြည့်တဲ့အခါ၊မောရှေအချိန်ကလူတွေထြိခ်ီနာလို့ခေါ်တဲ့သံကောင်
တွေဒုက္ခပေးတယ်ဆိုတာစစ်ဆေးတွေ့ရှိရတယ်။ဘုရားဟာအကောင်းဆုံးသိတဲ့အတွက်ဘုရားဖြစ်စေချင်တဲ့
အတိုင်းကိုယ့်ကိုယ်ကိုဘုရားအလိုအတိုင်းဖြစ်စေပါ။
ငါးနဲ့ပါတ်သက်ပြီးတော့လည်းညွှန်ကြားချက်တွေပေးပါသေးတယ်။



77

(ကျမ်းချကက်။ တရားဟောရာကျမ်း ၁၄း၉-၁၀)
'ရေထဲ၌နေသောတိရိစ္ဆာန်တကာတို့တွင်အယက်နှင့်အကြေးရှိသောတိရိစ္ဆာန်ကိုသာစားရ၏။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။




78

အယပ်နှင့်အကြေးမရှိသောတိရိစ္ဆာန်ကိုမစားရ။သင်တို့၌မစင်ကြယ်။' တရားဟောရာကျမ်း ၁၄:၉-၁၀





79

အင်မတန်ရှင်းပါတယ်၊ လွယ်လွယ်ကူကူမှတ်မိဘို့ လမ်းညွှန် ၂ခုကိုသတိယပါ။




80

၁။ ရေယပ်တဲ့အယပ်ရှိပြီး




81

၂။ အကြေးခွံရှိရမယ်။



82

အစိုးရကနေစစ်တပ်အတွက်ဘယ်ငါးဟာအဆိပ်ရှိပြီးလူအတွက်အသက်အန္တရာယ်ဖြစ်စေသလဲဆိုတာ
လိုမာလင်ဒါတက္ကသိုလ်ကဒေါက်တာဘရုစ်ဟောလ်စတက်ကိုသုတေသနလုပ်ပေးဘို့ပြောခဲ့တယ်။



83

လူသူမနီးတဲ့နေရာမှာသဘော်ာပျက်ပြီးသောင်တင်နေတဲ့အမှုထမ်းတွေဟာဘယ်ငါးဟာအဆိပ်ရှိပြီး
ဘယ်ငါးဟာစားလို့ရတယ်ဆိုတာသိဘို့လိုပါတယ်။
သုတေသနအားလုံးလုပ်ပြီးတဲ့ကအခါ၊ ဒေါက်စတက်ဘယ်လိုပြောသလဲဆိုတော့၊ ကုန်းတပ်ရော၊
ရေတပ်ပါလိုက်လျောက်ရမဲ့စည်းမျဉ်းဟာလွန်ခဲ့တဲ့နှစ်ပေါင်း(၃၅၀၀)လောက်ကက္ကသရေလလူမျိုးတွေကို
ဘုရားပေးတဲ့စည်းကမ်းချက်နဲ့အတူတူပဲ။




84

(ကျမ်းချက်။ တရားဟောရာကျမ်း ၁၄:၉)
'ရေ၌နေသောတိရိစ္ဆာန်တကာတို့တွင်အယပ်နှင့်အကြေးရှိသောတိရိစ္ဆာန်ကိုသာစားရ၏'လို့ပါပါတယ်။ဒီ
တိရိစ္ဆာန်တွေကိုဘယ်လိုဘယ်ပုံဖန်ဆင်းပြီး၊ ဘယ်အကောင်ကိုစားသင့်ပြီးဘယ်အကောင်ကိုဘာကြောင့်
မစားသင့်သလဲဆိုတာဘုရားသခင်သိပါတယ်။



85

ငှက်နဲ့ပါတ်သက်ရင်ကောဆိုပြီးမတော်ခင်ဗျားမေးကောင်းမေးလိမ့်မယ်။ကျမ်းစာကအရေးကြီးတဲ့ညွှန်
ကြားချက်ပေးပါသေးတယ်။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။


86

(ကျမ်းချက်။ တရားဟောရာကျမ်း ၁၄း၁၂)
'စင်ကြယ်သောငှက်အမျိုးမျိုးတို့ကိုစားရသောအခွင့်ရှိ၏။


87

မစားရသောငှက်ဟူမူကား---
ငယ် ၁၁၊၁၂


88

(ဗီဒီယို။ ၁၄စက္ကန့်)
ဘုရားရှင်ဆက်ပြောတဲ့အထဲမှာ၊ ရွှေလင်းတ၊ ပင်လယ်လင်းတ၊ လင်းယုန်၊ဒါအ၊ စွန်၊ လင်းတ၊ ကြမ်းမျိုး၊ ကျီးမျိုးရှိသမျှ၊ ကုလားအုပ်ငှက်၊ ငှက်ဆိုး၊ ဥမျိုင်း၊ သိမ်မျိုး၊ဇီးကွက်၊ ကျုဗိတ်၊ ငှက်ကျား၊ ဝံပို၊ ဝံလို၊ ကြိုးကြာ၊ တောင်နန်း၊ဒိုးကုလား၊ ဒိုးစပ်မျိုး၊ လင်းနို့တွေဖြစ်ပါတယ်။


89

(ကျမ်းချက်။ တရားဟောရာကျမ်း ၁၄း၁၉)
ဘုရားဘယ်လိုဆက်ပြောခဲ့ဆိုတော့အတောင်ရှိလျက်တွား
တတ်သောအကောင်ရှိ၍သင်တို့၌မစင်ကြယ်ဖြစ်၍အသားကိုမစားရ။'
ငယ် ၁၉


90

(ကျမ်းချက်။ ဝတ်ပြုရာကျမ်း ၃း၁၇)
ဘုရားဆက်ပြီးညွှန်ကြားတာကတော့ 'သင်တို့အမျိုးအစဉ်အဆက်တို့သည်နေလေရာရာ၌


91

ဆီဥကိုမစားရ၊ အသွေးကိုမစားရဟုထာဝရပညတ်တော်ဖြစ်သည်ဟုမိန့်တော်မူ၏။'
ဝတ်ပြုရာကျမ်း ၃း၁၇


92

အရင်ကမူရင်းဂျူးဘာသာဝင်တွေခုထိဒီညွှန်ကြားချက်အတိုင်းလိုက်ရှောက်တုံးပဲ။ တိရိစ္ဆာန်ကိုသတ်တဲ့အခါ စောက်ထိုးဆွဲထားတဲ့အတွက်သွေးတွေထွက်လာအောင်ထုတ်ပြစ်နိုင်တယ်။ အဲဒီနောက်တိရိစ္ဆာန်ကိုခုတ်ထစ်ပြီးမှကျန်တဲ့သွေးတွေထွက်လာဘို့ဆားရည်နဲ့စိမ်တယ်။


93

အဆီကိုတော့ခုတ်ထစ်လှီးဖြတ်ပြီးဖယ်ပစ်တယ်။အဆီကိုမစားကြဘူး။ လူတွေနှစ်တော်တော်ကြာကြာ ဘယ်လိုထင်သလဲဆိုတော့အဆီနဲ့ကအသွေးမစားခိုင်းတာဝိနည်းရှောင်ကြဉ်ဘို့အတွက်ဘုရားပေးခဲ့တာပဲ။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။


94

ဘယ်လိုဖြစ်ဖြစ်ခေတ်ပေါ် ရှာဖွေမှုကဘုရားရဲ့ဉာဏ်ပညာကိုအတည်ပြုထားပါတယ်။ဘုရားရဲ့စေခိုင်းချက်ဟာ အကြောင်းရှိတယ်၊ အလကားခိုင်းတာမဟုတ်ကြောင်းသိရတယ်။


95


သွေးဟာမကောင်းတဲ့အရာတွေပိုးမွှားရောဂါပိုးနဲ့ခန္ဓာကိုယ်အတွက်အကျိုးမဖြစ်စေတော့တဲ့အရာတွေကိုသယ်ဆောင်ပေးတာကိုကျွန်တော်တို့သိပါတယ်။
ရောဂါအတော်များများဟာသွေးအားဖြင့်လူတွေရဲ့ခန္ဓာကိုယ်ထဲမှာစွဲကပ်လာပါတယ်။


96

နို့ထွက်စားသောက်ကုန်နဲ့အသားဟာသွေးကြောထဲမှာခေါ် လက်စ်ထရောလ်လိုကခေါ် တဲ့အဆီကိုအမြင့်မားဆုံးဖြစ်စေတယ်ဆိုတာကျွန်တော်တို့သိပါတယ်။
ဒါဟာသွေးကြောမှာဖြစ်တတ်တဲ့ရောဂါနဲ့နှလုံးရောဂါကိုဖြစ်စေတဲ့အရေးကြီးတဲ့အချက်တစ်ချက်ပါပဲ။
တကယ်လို့များလူဟာသူ့ကိုဖန်ဆင်းတဲ့အရှင်ကိုယုံကြည်ကိုးစားပြီးအကောင်းဆုံးအစာကိုစားဘို့စိတ်ပြဌာန်းမယ်ဆိုရင်ရောဂါကိုဘယ်လောက်ကာကွယ်တားဆီးဖယ်ရှားပစ်နိုင်လိမ့်မယ်ဆိုတာစဉ်းစားကြည့်ပါ။


97

ကျန်းမာရေးအတွက်လေ့ကျင့်ခန်းလုပ်ပါ
ကျမ်းစာတော်မြတ်ထဲမှာပြောထားတာကတော့---
ဘုရားရှင်ဟာအာဒံနှင့်ဧဝကိုဖန်ဆင်းပြီးတဲ့နောက်ပိုင်းအလုပ်လုပ်ဘို့ခိုင်းတယ်။ အကျိုးဖြစ်စေတဲ့ကိုယ်လက်လှုပ်ရှားမှုနဲ့လေ့ကျင့်ခန်းလုပ်ဘို့လည်းပါတယ်။



98

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂း၁၅)
ထိုအခါထာဝရအရှင်ဘုရားသခင်သည်လူကိုယူ၍ဧဒင်ဥယျာဉ်ကိုပြုစုစောင့်ရှောက်နေစေခြင်းငှာထားတော်မူ၏။
ကမ္ဘာဦးကျမ်း ၂း၁၅


99

ကိုယ်လက်လှုပ်ရှားမှုဟာရောဂါအမျိုးမျိုးကနေကာကွယ်ပြီးလှုပ်ရှားမှုမရှိခြင်းဟာခန္ဓာကိုယ်ကိုယိုယွင်းပျက်စီးစေတယ်။


100

ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းဟာအသားအမျှင်နဲ့သွေးကြောထဲမှာရှိတဲ့ဝတ္ထုပစ္စည်းတွေရဲ့အရည်အသွေးကိုမြင့်မားတိုးတက်စေတယ်။


101

အဆုပ်ကိုသိပ်အားမစိုက်ဘဲလေများများရှူသွင်းနိုင်အောင်ဖူလုံမှုကိုပေးတယ်။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။



102

နှလုံးကိုလည်းနှလုံးတချက်ခုန်တိုင်းသွေးများများညစ်ထုတ်စေပြီးဖွလုံမှုကိုရစေပါတယ်။ အောက်ဆီဂျင်ဓာတ်ကိုထုတ်ပေးတဲ့စွမ်းအားအသားမျှင်ထဲရောက်သွားပြီးခန္ဓာကိုယ်တခုလုံး အတွက်စွမ်းဆောင်နိုင်မှုကိုတိုးတက်မြင့်မားစေတယ်။
အာဒံနဲ့ဧဝအပြစ်လုပ်ပြီးတဲ့နောက်ပိုင်းမှာတော့ပိုပြီးအားစိုက်ရတဲ့အလုပ်၊
ကိုယ်လက်လှုပ်ရှားမှုပိုလိုအပ်တဲ့အလုပ်ကိုလုပ်ဘို့ဘုရားရှင်ကပိုပြီးလုပ်စေတယ်။




103

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း၃း၁၉)
'ထာဝရဘုရားပြောတာတော့'သင်ထွက်ရာမြေသို့မပြန်မှီတိုင်အောင်၊သင့်မျက်နှာမှချွေးထွက်လျက်အစာကိုစားရမည်။'
ကမ္ဘာဦးကျမ်း၃း၁၉
ဘုရားရှင်ကိုယ်တိုင်ကဘာပြောသေးလဲဆိုတော့မြေကြီးဟာကျိန်ခြင်းအမင်္ဂလာခံရပြီးဆူးပင်အမျိုးမျိုးကိုပေါက်စေ။သင့်မျက်နှာ၌ချွေးထွက်လျက်အစာကိုစားရမည်။အခန်းငယ်၁၇။၁၈။



104

လူဟာကိုယ်လက်လှုပ်ရှားမှုလိုအပ်ကြောင်းသိတယ်ဆိုတာနဲ့ပါတ်သတ်ရင်လှုပ်ရှားမှုကခန္ဓာကိုယ်အတွက်တခုတည်းမဟုတ်ဘဲ၊ဒုက္ခပေးမှုကကာကွယ်တားဆီးထားဘို့လိုအပ်ကြောင်းကိုပါဘုရားရှင်ကြောင့်ထင်ရှားပါတယ်။ပုဂ္ဂိုလ်တဦးကဘာပြောလဲဆိုတော့'ပျင်းရိခြင်းဟာနတ်ဆိုးရဲ့အလုပ်ရုံပဲ'တဲ့။




105

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၂၀း၉)
ဘုရားရှင်ပြောတာတော့'ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့'
ထွက်မြောက်ရာကျမ်း ၂၀း၉
တကယ်လို့လူတိုင်းဟာတပါတ်မှာခြောက်ရက်အလုပ်ကြိုးစားလုပ်ရင်မတော်သူတို့တအားပင်ပမ်းပြီး
ဒုက္ခရောက်သလိုဖြစ်သွား
လိမ့်မယ်။




106

ကျွန်တော်တို့ရဲ့ခန္ဓာကိုယ်ဟာသန့်ရှင်းသောဝိညာဉ်တော်ရဲ့ဗိမာန်တော်ဖြစ်ပါတယ်။ကျွန်တော်တို့ခန္ဓာကိုယ်ဟာဘုရားရှင်အတွက်ဘယ်လောက်အရေးကြီးလဲဆိုတာကိုသိလာတဲ့အချိန်ကျမှကျွန်တော်တို့ရဲ့ခန္ဓာကိုဂရုစိုက်ဘို့တကယ်ပဲအရေးကြီးတယ်ဆိုတာကိုကျွန်တော်တို့နားလည်နိုင်ပါတယ်။




107

(ကျမ်းချက်။ ၁ကော၆း၁၉-၂၀)
တမန်တော်ပေါလုဘာပြောလဲဆိုတော့'သင်တို့ကိုယ်ခန္ဓာသည်ဘုရားသခင်ပေးသနားတော်မူသောဝိညာဉ်တော်တည်းဟူသောသင်တို့အထဲ၌ကိန်းဝပ်၍သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်ကြောင်းကိုရင်း၊




108

မိမိတို့ကိုယ်ကိုမိမိတို့မပိုင်ကြောင်းကိုရင်း၊မသိကြသလော။

# ၁၅ – နာရီကိုပြန်လည်လိုက်ပါ။


109

သင်တို့သည်အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်သောဘုရားသခင်ပိုင်တော်မူသောသင်တို့၏ကိုယ်ခန္ဓာ
နှင့်စိတ်ဝိညာဉ်အားဖြင့်ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့။'
၁ကော၆း၁၉-၂၀


110


ဖန်ဆင်းတဲ့အတွက်ကြောင့်ရယ်၊ကယ်တင်တဲ့အတွက်ကြောင့်ဘုရားကလူကိုပိုင်တယ်။


111

(ကျမ်းချက်။ ၁ကော၁၀း၃၁)
'သင်တို့သည်စားသော်၎င်း၊သောက်သော်၎င်း၊မည်သည့်အမှုကိုပြုသော်၎င်း၊
ထာဝရဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ခပ်သိမ်းသောအမှုကိစ္စတို့ကိုပြုကြလော့။'
၁ကော၁၀း၃၁
ဘုရားကိုတကယ်ချစ်တဲ့လူတိုင်းဟာသူ့ရဲ့ခန္ဓာကိုယ်ကိုဖျက်ဆီးညစ်ညူးစေတဲ့အရာတွေကိုရှောင်ရှား
ဘို့ဂရုစိုက်လိမ့်မယ်။


112

(ကျမ်းချက်။ ၁ကော၃း၁၇)
'အကြင်သူသည်ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏။ထိုသူကိုဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။



113

ဘုရားသခင်၏ဗိမာန်သည်သန့်ရှင်းရ၏။သင်တို့သည်လည်းထိုဗိမာန်တော်ဖြစ်ကြ၏။'
၁ကော၃း၁၇

မတော်ကျွန်တော်တို့ကိုယ်ကိုဘယ်လိုညစ်ညူးစေသလဲဆိုတာတွေအံ့ဩကောင်းအံ့ဩလိမ့်မယ်။
ရှင်ပေါလုဒီအရာတွေနဲ့ပတ်သတ်ပြီးရှောင်ရှားဘို့အများကြီးပြောထားတယ်။


114

(ကျမ်းချက်။ ၁ကော၆း၉-၁၀)
--အလွဲမယူကြနှင့်။မတရားသောမေထုံ၌မှီဝဲသောသူ၊ရုပ်ထုကိုကိုးကွယ်သောသူ၊သူ့မယားကိုပြစ်မှားသောသူ၊
ယောကျ်ားချင်းမေထုန်ပြုသောသူ၊


115

ထိုအမှုကိုခံသောသူ၊ သူ့ဥစ္စာကိုခိုးသောသူ၊လောဘလွန်ကျူးသော၊သေရေသေရက်နှင့်ယစ်မူးသောသူ၊
ဆဲရေးကဲ့ရဲ့သောသူ၊ အနိုင်အထက်လုယူသောသူတို့သည်ဘုရားသခင်၏နိုင်ငံတော်ကိုအမွေမခံရကြ။'
၁ကော၆း၉-၁၀

သမ္မာကျမ်းစာကအကျင့်စာရိတ္တပျက်ပြား
မှုနှင့်အကျင့်ဆိုးတွေဟာလူ့ရဲ့ခန္ဓာကိုယ်ကိုညစ်ညူးစေကြောင်းဖော်ပြထားပါတယ်။
အရက်သေစာသောက်စားခြင်းလည်းပါပါတယ်။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။


116

(ကျမ်းချက်။ သုတ္တံ ၂၀း၁)
ရှောလမုန်မင်းကြီးဘယ်လိုရေးလဲဆိုတော့‘စပျစ်ရည်သည်လှည့်စားတတ်၏။သေရေသေရက်သည်ရုန်းရင်းခတ်ပြုခြင်းအမှုကိုဖြစ်စေတတ်၏။ထိုသို့သောအားဖြင့်မှားယွင်းသောသူသည်ပညာမရှိ။’
သုတ္တံ ၂၀း၁


117

(ကျမ်းချက်။ သုတ္တံ ၂၃း၃၁း၃၃)
ဘာထပ်ပြောသေးလဲဆိုတော့‘ဖလား၌နီလျက်၊အရောင်တောက်လျက်၊အချိုအမြိန်ဝင်လျက်ရှိသောစပျစ်ရည်ကိုမကြည့်ရှုနှင့်။


118

နောက်ဆုံး၌မြွေကဲ့သို့ကိုက်တတ်၏။မြွေဆိုးကဲ့သို့နာစေတတ်၏။


119

သင့်မျက်စိတို့သည်အမျိုးပျက်သောမိန်းမတို့ကိုကြည့်ရှု၍သင့်နှလုံးသည်လည်းကောက်သောစကားကိုမြွက်ဆိုလိမ့်မည်။’
သုတ္တံ ၂၃း၃၁-၃၃


120

အရက်သေစာဟာကမ္ဘာမှာကျန်းမာရေးအတွက်အကြီးမားဆုံးပြဿနာတရပ်ဖြစ်တယ်။ ယာဉ်တိုက်မှုကိုကြည့်လိုက်ရင်တဝက်ကျော်ကျော်ဟာအရက်သောက်တဲ့ယာဉ်မောင်း ကြောင့်ဒါမှမဟုတ်အရက်နဲ့ဆက်နွယ်တဲ့အရာတွေကြောင့်ဖြစ်ပွားခဲ့တယ်ဆိုတာသိတယ်။


121

လူသတ်မှုကိုကြည့်ရင်တဝက်ကျော်ဟာအရက်ကြောင့်ဖြစ်တယ်။
သတ်တဲ့လူမဟုတ်ရင်သတ်ခံထိတဲ့လူဟာအရက်သောက်တဲ့အတွက်ဖြစ်ပါတယ်။


122

အရက်သောက်ခြင်းဟာဗီတာမင်အဟာရကိုအသုံးပြုဘို့ခန္ဓာကိုယ်ရဲ့စွမ်းဆောင်နိုင်မှုကိုထိပါးစေပြီးအရက်သောက်တဲ့အတွက်သကြားဓတ်ဟာရောဂါကိုခုခံတိုက်ခိုက်နိုင်ဘို့ခန္ဓာကိုယ်ရဲ့စွမ်းဆောင်နိုင်မှုကိုလျော့နည်းစေတယ်။


123

အရက်သောက်ခြင်းဟာအသဲကိုအဆီများစေတယ်။ အသဲမှာဖြစ်စေတဲ့အသဲရောဂါနဲ့သေဘို့ရာခိုင်နှုန်းများတယ်။သက်တမ်းလည်းအနည်းဆုံး၁၂နှစ်လောက်တိုစေတယ်။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။



124

မကြာခင်ကလေ့လာတွေ့ရှိချက်အရဘာတွေ့ရလဲဆိုတော့အရက်ဟာသွေးကြောထဲကိုဝင်သွား
ပြီးတဲ့နောက်အဲဒီကနေတဆင့်ဦးနှောက်ထဲသွေးကြောမျှင်ကနေတဆင့်ရောက်သွားတဲ့အခါဦးနှောက်ကလပ်စီး
ဟာအချိန်မရွေးသေတာပဲ။နောက်ပြီး၊



125

အရက်သောက်တဲ့မိဘတွေကရလာတဲ့ရင်သွေး



126

ခရစ်ယာန်များကိုယ်ပိုင်စဉ်းစားဉာဏ်ကိုပြည့်ပြည့်ဝဝသုံး ပြီးစာတန်ရဲ့စုံစမ်းခြင်းကိုရှောင်ရှားရမယ်။သူတို့ရဲ့
ဆုံးဖြတ်ချက်ကိုမှားယွင်းအောင်လုပ်လို့မရဘူး။ ဒါမှမဟုတ်ရင်တော့အမှားနဲ့အမှန်ကိုခွဲခြားနိုင်တဲ့စွမ်းရည်
သတ္တိရဲ့ထိန်းချုပ်မှုကိုဆုံးရှုံးသွားမှာပဲ။



127

ယေရှုရှင်ဟာလက်ဝါးကားတိုင်မှာရိုက်ထားခြင်းခံရစဉ်ကခံစားရတဲ့နာကျင်မှုဝေဒနာချုပ်ငြိမ်း
စေဘို့အစောင့်စစ်သားတွေပေးတဲ့ကိုမသုံးခဲ့ဘူး။




128

မခံမရပ်နိုင်တဲ့နာကြင်မှုဝေဒနာခံစားနေရပေမယ့်အသက်ချုပ်သည့်တိုင်စိတ်နှလုံးကိုထိုင်းမှိုင်းစေဘို့ယေရှုရှင်
ဘာတခုမှမသောက်သုံးခဲ့ဘူး။



129

ကျွန်တော်တို့မှာရှိတဲ့လူအများရဲ့အလေ့အကျင့်တွေဟာတကယ်ပဲကျန်းမာရေးကိုယိုယွင်းပျက်စီးစေတယ်။
ဆေးလိပ်သောက်တဲ့လူတွေဟာမသောက်တဲ့လူတွေထက်အဆုပ်ကင်ဆာရောဂါနဲ့သေစေနိုင်တဲ့ရာခိုင်နှုန်း
အဆမတန်များတာတွေ့ရတယ်။
ကင်ဆာရောဂါတခုတည်းဟာဆေးရွက်ကြီးရဲ့လူသတ်သမားကြီးမဟုတ်ပါဘူး။
ဆေးလိပ်အမြဲတန်းသောက်တဲ့လူဟာလုံးဝမသောက်တဲ့လူထက်နှလုံးရောဂါရနိုင်မှု၁၀၃ရာခိုင်နှုန်းပိုများတယ်။



130

အဆုပ်လေအိတ်များပျက်စီးမှုကြောင့် နှစ်စဉ်လူပေါင်း ၅၅၀၀၀ ယောက်သေဆုံးခဲ့တယ်။ ဆေးလိပ်ထဲမှာ
ပါတဲ့ နီကိုတင်းက သွေးကြောများကို ကျုံ့စေပါတယ်။



131

အကြောများမှာ အဆီပိတ်ခြင်း၊ သွေးကြောများကြုံ့ခြင်းကြောင့်၊ နှလုံး၊ လက်၊ ခြေထောက်၊ ကိုယ်ခန္ဓာရှိ
အင်္ဂါများဆီ သွေးအရောက်နည်းသွားစေတယ်။ သွေးကြောငယ်များထဲမှာ သွေးခဲရင် ရုတ်တရက်နှလုံးရပ်
သွားခြင်း၊ လေဖြတ်ခြင်းတို့ကိုဖြစ်စေနိုင်တယ်။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။


132

ဆေးလိပ်သောက်တဲ့လူဟာခန္ဓာကိုယ်နာကြင်ခံစားမှုရဲ့အရေးကြီးတဲ့ပစ်မှတ်ဘာလို့ဖြစ်ရလဲဆိုတော့ဦး
နှောက်ထဲအောက်ဆီဂျင်ဓါတ်အရောက်နည်းလို့ပဲဖြစ်ပါတယ်။


133

ကိုယ်ဝန်ဆောင်ကာလအတွင်းဆေးလိပ်သောက်တဲ့အမျိုးသမီးများဟာကိုယ့်ရင်သွေးငယ်ရဲ့သွေးကြော
များကိုယိုယွင်းပျက်စီးစေတယ်။
မွေးလာတဲ့မွေးစကလေးငယ်သေနှုန်းဟာဆေးလိပ်သောက်တတ်တဲ့မိခင်တွေမှာ ၂၇ရာခိုင်နှုန်းပိုတယ်။



134


မနှစ်ကပဲအမေရိကန်ပြည်မှာစီးကရက်သောက်တဲ့အတွက်လူပေါင်း ၅၀၀ ၀၀၀ ကျော်သေတယ်။


135

(ကျမ်းချက်။ ထွက် ၂၀း၁၃)
ဘုရားပြောတော့'လူ့အသက်ကိုမသတ်ပါနှင့်။'
ထွက် ၂၀း၁၃


136

လူတယောက်ပြောတာတော့ကိုယ့်ကိုယ်ကိုသတ်နိုင်တဲ့လူအများဆုံးလက်နက်ဟာစားမြောင်၊ဇွန်း၊
ခယင်းတဲ့မတော်ဖန်ခွက်တို့ပုလင်းတို့ပါထပ်ထည့်လို့ရအုံးမယ်။


137

စာပေ၊စာအုပ်မှတ်တမ်းတွေမှာတော့ကော်ဖီထဲမှာပါတဲ့ကေဖင်း
ဓာတ်ဟာလူကိုလှုံ့ဆော်စေတဲ့အပြင်းအဆိပ်ဆိုပြီးရေးထားပါတယ်။
(ဟယ်ရိုလ်ဒ်ရှရိုင်ယောခ်,ဆရာဝန်,သင်နှင့်သင်၏ကျန်းမာခြင်း၊အတွဲ၁၊စာမျက်နှာ၄၁၃)



138

လဘက်ရည်နဲ့ကိုလာမှာလည်းကေဖင်းဓါတ်ပါတယ်။
အဲ့ဒီအရာတွေပါတဲ့အဖျော်ရမကာတွေဟာနှလုံးရောဂါအာရုံကြောချို့တဲ့မှုနဲ့ဆီး
အိမ်မှာကင်ဆာရောဂါဖြစ်ပွားမှုတွေနဲ့ဆက်စပ်မှုရှိနေတယ်။


139

နာရီပိုင်းလောက်ပဲခြားပြီးအခန်းထဲကနေထွက်ပြီးတော့သွေးကြောထဲကိုကေဖင်းဓါတ်သွားထိုးတဲ့ခင်ဗျား
သိတဲ့လူတယောက်ကိုတော့ဆေးစွဲနေတဲ့လူလို့ခင်ဗျားခေါ်မှာပဲ။
လူအတော်များများက ဒါနဲ့ခပ်ဆင်ဆင်ပဲ ကော်ဖီနဲ့ကိုလာ များကိုစွဲနေကြတယ်။

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။


၁၅ – နာရီကိုပြန်လည့်လိုက်ပါ။


140


မှန်ကန်သောချုပ်တည်းခြင်းဟာအန္တရာယ်ဖြစ်စေတဲ့ဘယ်အရာမဆိုကိုရှောင်ရှား
မှုရယ်ကောင်းတဲ့အရာကိုမျှတစွာအသုံးပြုခြင်းလို့အဓိပ္ပါယ်ရတယ်။


141

လူတော်တော်များများဟာစားလို့ကောင်းတဲ့အစာကိုတအားစားတယ်။
ဒါဟာကမ္ဘာ့ဒေသအရပ်ရပ်မှာအဓိကကျန်းမာရေးပြဿနာဖြစ်တယ်။


142

ခန္ဓာကိုယ်ရဲ့အဆီတပေါင်မှာတမိုင်ရဲ့သုံးပုံနှစ်ပုံရှည်တဲ့သွေး
ကြောအသစ်လိုအပ်တယ်လို့ပုဂ္ဂိုလ်တဦးပြောပါတယ်။


143

ဒါ့ကြောင့်အဲ့ဒီလောက်ပိုရှည်လာတဲ့သွေးကြောကိုသွေးဖြတ်သန်း
စီးဆင်းရောက်နိုင်ဘို့နှလုံးကညစ်ထုတ်တွန်းပို့ပေးရပါတယ်။
(ဟယ်ရိုလ်ဒ်ရှရိုင်းယော့ခ်,ဆရာဝန်,သင်နှင့်သင်၏ကျန်းမာခြင်း၊အတွဲ၁,စာမျက်နှာ၃၉၅)


144

ကိုယ်ခန္ဓာအလေးချိန်ရှိသင့်တဲ့အတိုင်းအတာထက်အလေးချိန်ပိုတဲ့လူတွေရဲ့နှလုံး၊ ကျောက်ကပ်၊အသဲနဲ့
အဆုပ်တွေဟာအလုပ်ပိုလုပ်ရပါတယ်။
ဒါ့ကြောင့်အဲဒီလိုလူတွေဟာပိန်ပိန်ပါးပါးရှိတဲ့သူတို့ရဲ့မိတ်ဆွေတွေမခံစား
ရတဲ့အရောဂါ၁၆မျိုးကိုခံစားရပါတယ်။


145

အသက်တာမှာအကောင်းဆုံးပျော်ရွှင်မှုရဘို့ကျွန်တော်တို့ကိုယ်ခန္ဓာကိုယ်ကိုကောင်း
မွန်စွာဂရုစိုက်ထိန်းသိမ်းထားဘို့ဘုရားရှင်လိုလားပါတယ်။
ကိုယ့်တာဝန်ကိုယ်သိတဲ့အပြင်ကောင်းတဲ့စရိုက်ရှိပြီးပျော်ရွှင်နိုင်တဲ့လူတွေ
ဖြစ်ဘို့ဘုရားရှင်အလိုရှိတယ်။
အသက်ရှည်ကျန်းမာပျော်ရွှင်တဲ့အသက်တာကျွန်တော်တို့ရရှိဘို့ဘုရားရှင်လိုလားပါတယ်။
ဘယ်လောက်အသက်ရှည်ကျန်းမာသလဲဆိုတာကညွှန်ကြား
တွေကိုကျွန်တော်တို့ဘယ်လိုလိုက်နာသလဲဆိုတဲ့အပေါ်မှာမူတည်ပါတယ်။


146

ငြိမ်သက်အေးဆေးစွာအနားယူခြင်း၊ သောကပူပန်မှုရယ်၊နွမ်းနယ်ပင်ပန်းမှုကနေကင်းဝေးဘို့အတွက်အပန်း
ဖြေနားနေမှုလိုအပ်ကြောင်းယေရှုယုံကြည်လက်ခံပါတယ်။
လူအုပ်ကြီးနဲ့ပင်ပန်းခဲ့တဲ့နေ့တွေနောက်ပိုင်းယေရှုရှင်တပည့်တော်တွေကိုဘာပြောလဲဆိုတော့

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။


147

(ကျမ်းချက်။ မာကု၆း၃၁ )
'တော၌ဆိတ်ကွယ်ရာအရပ်သို့လာကြ။ခဏအားဖြည့်၍ငြိမ်သက်စွာနေကြဟုမိန့်တော်မူ၏။'
အလုပ်လုပ်ချိန်နဲ့ဆိတ်ငြိမ်စွာအနားယူမှုကျွန်တော်တို့မှာရှိဘို့ယေရှုရှင်အလိုရှိပါတယ်။


148

ဒါ့ကြောင့်ကျွန်တော်တို့အတွက်ဥပုသ်နေ့ကိုပေးခဲ့တယ်။ကျွန်တော်တို့မှာရှိတဲ့ပြဿနာနဲ့လုပ်ငန်းတွေမေ့ပျောက်ပြီးသူနဲ့အချိန်ပေးဘို့လိုအပ်ကြောင်းဘုရားရှင်သိတယ်။


149

သဲကန္တာရလိုနေရာမျိုးဟာအနားယူလို့ရတဲ့နေရာဖြစ်ပေမဲ့ကျွန်တော်တို့အား လပ်အနားယူချိန်မှာတော့အဲဒီနေရာမျိုးမှာသွားပြီးအပန်းဖြေဘို့မဟုတ်ပါဘူး။


150

ဘယ်လိုပဲဖြစ်ဖြစ်လူတွေ၊ဆူညံတဲ့မြို့တွေ၊ လမ်းမကြီးတွေနဲ့ဝေးတဲ့နေရာကိုရှာဘို့လိုပါတယ်။နည်းနည်းသာယာတဲ့နေရာဆိုရင်တော့ပိုကောင်းပါတယ်။


151

ဟုတ်ပါတယ်။ ဘုရားသခင်ဟာခင်ဗျားတို့ကိုဒီနေရာမှာနေစဉ်ကောင်းကင်လေးမှာနေရသလိုဖြစ်စေချင်တယ်။ရောဂါဝေဒနာတွေကပ်ဆိုးကြီးတွေပြည့်ဝတဲ့ဒီကမ္ဘာကြီးထာဝရပျက်သုန်းပြီးနောက်အသစ်ဖန်ဆင်းထားတဲ့ကမ္ဘာကြီးမှာနေဘို့အဆင်သင့်ဖြစ်စေချင်တယ်။


152

'တယ်ကောင်းပါလား'။
ကျွန်တော်အဲဒီနေရာမျိုးမှာနေချင်ပေမဲ့မကောင်းတဲ့စရိုက်တချို့ကိုစွန့်လို့မရနိုင်ဘူးလို့ခင်ဗျားပြောမှာဘဲ။
ဒီနေ့ဒီအချိန်အခါမှာခင်ဗျားတို့အတွက်ကောင်းတဲ့သတင်းစကားရှိတယ်။
ခင်ဗျားတို့မိမိကိုယ်တိုင်ကြိုးစားအားထုတ်ဘို့ဘုရားသခင်မမြော်လင့်ထားပါဘူး။


153

(ကျမ်းချက်။ ယောဟန်၁၅း၅)
တကယ်ဘဲယေရှုရှင်ဘယ်လိုပြောလဲဆိုတော့'ငါနှင့်ကွာလျှင်သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်ကြ။'
မကောင်းတဲ့မမှန်တဲ့အကျင့်စရိုက်တွေကိုကိုယ့်ခွန်အားနဲ့အောင်မြင်ဘို့ကျွန်တော်တို့မတတ်နိုင်ပါဘူး။
ကျွန်တော်တို့ရဲ့ကယ်တင်ရှင်ဟာကျွန်တော်တို့ကိုကူညီဘို့စောင့်နေပါတယ်။


154

(ကျမ်းချက်။ ဖိလိပ္ပိ၄း၁၃)
ပေါလုဘာပြောလဲဆိုတော့'ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့်ခပ်သိမ်းသောအရာတို့ကိုငါတတ်စွမ်းနိုင်၏။'
ဖိလိပ္ပိ၄း၁၃

# ၁၅ – နာရီကိုပြန်လည့်လိုက်ပါ။



155

တညကျတော့ဒီလိုမျိုးဘဲအမျိုးသမီးတယောက်ဟာဟောပြောပွဲကိုတက်ခဲ့တယ်။တရားဟောဆရာကသူ့
အနားရောက်သွားတဲ့အခါဘုရားသခင်ရဲ့မိသားစုဝင်အဖြစ်ပြန်လာဘို့ပြောခဲ့တယ်။တောက်ပဝင်းလက်တဲ့
မျက်လုံးနဲ့ဘယ်လိုပြန်ဖြေလဲဆိုတော့‘ဘုရားရဲ့မိသားစုဝင်အဖြစ်ပြန်လာချင်တယ်။
ဒါပေမဲ့ဆေးလိပ်သောက်လို့ပြန်လာလို့မရဘူး။’
တရားဟောဆရာကအဲဒီအမျိုးသမီးရဲ့နာမည်ကိုခေါ်ပြီး‘ယေရှုရှင်ခင်ဗျားဒီအကျင့်ဆိုးကိုအောင်မြင်စေ
ချင်တယ်ဆိုတာခင်ဗျားယုံလား’လို့မေးလိုက်တယ်။‘ယုံတာပေါ့’။
ဒါပေမဲ့ကျွန်မတကယ်အားနည်းလို့မတတ်နိုင်ဘူး၊ လို့ပြန်ဖြေလိုက်တယ်။
ဒါနဲ့တရားဟောဆရာက‘ကျွန်တော်ကျမ်းချက်တပိုဒ်ဖတ်ပေးလို့ရမလား’လို့ပြောခဲ့တယ်။
၁ယော၅း၁၄ကိုဖွင့်ဖတ်တော့ဘယ်လိုပါလဲဆိုရင်‘ငါတို့သည်အထံတော်၌ရဲရင့်ခြင်းအကြောင်း



156

အဲဒီကျမ်းချက်ကိုတခုပေါင်းပြီးဖတ်လိုက်တယ်။‘ဆေးလိပ်ဖြတ်ခြင်းကလွဲလို့ဘုရားသခင်ကိုသူ့အလိုတော်
အတိုင်းတောင်းခံရင်လည်းနားညောင်းမှာပဲ’။ဒါနဲ့မေရီဆီလှည့်ပြီး‘မင်းကျမ်းစာအုပ်ထဲမှာငါဒီလိုရေးမလား။
’လို့မေးလိုက်တယ်။



157

ယေရှုဘုရားရဲ့ကူညီခြင်းကြောင့်သက်တန်းရှည်၊ကျန်းမာပျော်ရွှင်တဲ့အသက်တာနဲ့အခုအသက်ရှင်ပြီးအသစ်
ဖန်ဆင်းလိုက်တဲ့ဒီကမ္ဘာကြီးမှာထာဝရတည်မြဲသောအသက်တာနဲ့ပျော်ရွှင်စွာနေထိုင်ခွင့်ကိုရနိုင်လိမ့်မယ်။
သင်တို့ရဲ့လက်ကိုယေရှုဘုရားရှင်ဆီမှာကမ်းလှမ်းလိုက်ပါ။
ယေရှုရှင်ဘုရားဟာသူ့လက်ကိုခင်ဗျားတို့ဆီကမ်းလှမ်းပြီးဆီးကြိုလျက်စောင့်နေပါတယ်။

၁၅ – နာရီကိုပြန်လည့်လိုက်ပါ။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း

၁၆ – အသစ်စတင်ပြုလုပ်ခြင်း



1

သင်အသစ်တဖန်စနိုင်ပါတယ်။



2


(ဗီဒီယို။ ၁၀ စက္ကန့်)
၁၉၉၂ခုနှစ်မတ်လမှာ မော်စကိုမြို့ရဲ့ကရင်မလင်ခန်းမကြီးမှာဓမ္မစည်းဝေးပွဲတခုကျင်းပခဲ့ပါတယ်။
စည်းဝေးပွဲတခုအပြီးသူ့ရုံခန်းထဲထိုင်နေစဉ်ရုတ်တရက်တံခါးဖွင့်လာတယ်။


3

အကြမ်းပတမ်းခံနိုင်ရည်ရှိပုံပေါ်ပြီး အသေသပ်သော မုတ်ဆိတ်မွေးရှိတဲ့ လူငယ်တယောက်က အခန်းထဲသို့ ရောက်လာတယ်။ ဒီလူငယ်ဟာ အန္တရာယ်ပြုမယ်ထင်လို့ တရားဟောဆရာက နောက်ကို ခြေတလှမ်းဆုတ်လိုက်ပါတယ်။ ဓမ္မဆရာရဲ့ ဘာသာပြန်ဟာ ရှေ့ကိုတိုးပြီး လူငယ်နှင့်ဓမ္မဆရာတို့အကြားမှာ ရပ်လိုက်တယ်။ ဒီလူငယ်ဟာ ခြေဟန်လက်ဟန်ဖြင့် ရုရှားဘာသာနဲ့စကားစပြောတယ်။ သူဟာ မော်စကိုမြို့ရဲ့ လူဆိုးဂိုဏ်းဝင် တဦး ဖြစ်ကြောင်း စကားပြန်က ပြောပြပါတယ်။ ထောင် ၂၈ ကြိမ်ကျဘူးသူဖြစ်တယ်။ သူဟာ မြော်လင့်ခြင်းကင်းမဲ့နေသူဖြစ်ပြီး အေးချမ်းမှုကို ရှာနေသူဖြစ်ပါတယ်။ ဓမ္မဆရာက ၁ယော ၁း၉ ကို အေးအေးဆေးဆေးဖတ်ပြတယ်။ 'ကိုယ်အပြစ်တို့ကိုဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ သစ္စာ နှင့် ၄င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၄င်း ပြည့်စုံတော်မူ၏။'
ဓမ္မဆရာဟာ စိတ်ပျက်နေတဲ့သူငယ်အား လက်ဝါးကပ်တိုင်၌ အပြစ်လွှတ်ခြင်းခံရတဲ့ သူခိုးအကြောင်းပြောပြပါတယ်။ ဟိုနေ့က ခရစ်တော်ဟာ သူခိုးအား အပြစ်လွှတ်သလို ဒီနေ့လဲအပြစ်လွှတ်နိုင်တဲ့ ကယ်တင်ရှင်ဖြစ်ကြောင်းပြောပြပါတယ်။ ယေရှုဟာ သင့်ကိုအပြစ်လွှတ်ဖို့ကမ်းလှမ်းနေတယ်။ သင်ကို ကယ်နှုတ်ဖို့ကမ်းလှမ်းနေတယ်။ ကယ်တင်ခြင်းကို ကမ်းလှမ်းနေတယ်။
လက်ခံပါ။ ဝမ်းမြောက်ဝမ်းသာပါ။ ဘုရားကို ချီးမွမ်းပါ။
ဒီရုရှားလူငယ်ဟာ မျက်ရည်မျက်ခွက်နဲ့ ဒူးထောက်ကာ ဘုရားကို လက်ခံခဲ့တယ်။


4

နောက်တနှစ်ကဓမ္မဆရာမော်စကိုမြို့ကိုအလည်သွားတဲ့အခါ
အဲ့ဒီလူငယ်ကိုအသင်းတော်သစ်တခုရဲ့သံစုံသီချင်း
အဖွဲ့မှာသီချင်းဆိုနေတာတွေ့ရတယ်။တချိန်ကသူခိုးကြီးငြိမ်းအေးရာရှာဖွေတွေ့ခဲ့တယ်။
ခရစ်တော်ကိုလက်ခံ
တယ်။


5

တချိန်က လူဆိုးကြီး ငြိမ်းအေးရာ ရှာတွေ့ပြီး ခရစ်တော်ကို လက်ခံခဲ့လို့ပျော်ရွှင်မှုအပြည့်အဝ ရရှိပါပြီး။
ခရစ်တော်ကို လက်ခံခဲ့လို့ ပျော်ရွှင်မှုအပြည့်အဝ ရရှိနေပါပြီး။ သမ္မာကျမ်းစာရဲ့ သွန်သင်ချက်တွေဟာ သူ့ရဲ့ အသက်တာကို ပြောင်းခဲ့ပြီး နောက် နှစ်ခြင်းခံပြီး ခရစ်တော်နောက်သို့ လိုက်ခဲ့ပါတယ်။
ဓမ္မကျမ်းစာ၌သွန်သင်သောနှစ်ခြင်းခံခြင်းဟာ ဘုရား၏ကျေးဇူးတော်ကြောင့် အသက်တာပြောင်းလဲခြင်းကို ဆိုလိုပါတယ်။ နှစ်ခြင်းခံခြင်းဟာ ခရစ်တော်၌ အသစ်သော အသက်တာနှင့်နေမယ်လို့ သက်သေခံခြင်းဖြစ်ပါ တယ်။
နှစ်ခြင်းခံခြင်းဟာ အသက်တာပြောင်းလဲခြင်းလို့ပြောရမယ်။ အသက်တာပြောင်းလဲခြင်းနှင့်ပတ်သက်လို့ အလွန်မှတ်လောက်တဲ့ဖြစ်ရပ်ကတော့ ရှောလုမှတမန်တော် ရှင်ပေါလုသို့ပြောင်းလဲခြင်းဖြစ်ပါတယ်။


6

ရှောလုဟာ ရောမမြို့သားဖြစ်သော်လည်း ယေရုရှလင်မြို့မှ ဆရာသမားကောင်းတွေနဲ့ပညာသင်ခဲ့ရပါတယ်။
ယုဒဘာသာရေး အရိုးစွဲသူတယောက်ဖြစ်ပြီး သူတို့ရဲ့ယုံကြည်မှုကို အမြဲတမ်းကာကွယ်သူတဦးဖြစ်တယ်။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း



7

ရှောလုကနေ ပေါလုလို့အမည်ပြောင်းလာသူက ဘယ်ကဲ့သို့ပြောသလဲဆိုလျှင် သူကိုယ်တိုင် ခရစ်ယာန်များကို အမြစ်ပြတ်အောင်ပါဝင်လုပ်ဆောင်ခဲ့ကြောင်း




8

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၂၂:၄-၅)
'ယောကျ်ားမိန်းမတို့ကို ချည်နှောင်၍ ထောင်ထဲမှာ လှောင်ထားလျက် အသေသတ်ခြင်းတိုင်အောင် . . . ညှဉ်းဆဲပါပြီ။'




9

. . . ဒမာသက်မြို့၌ရှိသော ထိုဘာသာဝင်သူတိုကကို ဒဏ်ခံစေခြင်းငှါ ချည်နှောင်၍ယေရုရှလင်မြို့သို့ ပို့မည် ဟုဒမာသက်မြို့သို့ အကျွန်ုပ်သွားပါ၏။'
တမန်တော်ဝတ္ထု ၂၂:၄-၅



10

ဒမာသက်မြို့သို့အသွားလမ်းမှာ ကောင်းကင်ကအလင်းတန်းကိုမြင်ပြီးမြေပေါ်မှာလဲကျခဲ့ပါတယ်။




11

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၂၂:၇၊၈)
'ေစာလု ေစာလု အဘယ်ကြောင့်ငါ့ကိုညှဉ်းဆဲသနည်းဟုအကျွန်ုပ်အား ပြောသောစကားကိုကြား'ရတယ်။




12

'သခင်၊ ကိုယ်တော်သည်အဘယ်သူနည်းဟု အကျွန်ုပ်ပြန်၍မေးလျှောက်သော်'




13

'ငါကား၊ သင်ညှဉ်းဆဲသောနာဇရက်မြို့သားယေရှုဖြစ်သတည်းဟုမိန့်တော်မူ၏။'
တမန်တော်ဝတ္ထု ၂၂:၇-၈။




14

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၂၂:၁၀)
ထိုအခါမှာ ဘဝင်မြင့်တဲ့ဖါရိရှဲက နှိမ့်ချစွာနဲ့ '
သခင်အကျွန်ုပ်သည်အဘယ်သို့ပြုပါမည်နည်းဟုလျှောက်လျှင် သခင်ဘုရားက ထလော့၊ဒမာသက်မြို့သို့သွားလော့။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း




15


သင်ဆောင်ရွက်စရာဘို့ ခန့်ခွဲစီမံသမျှတို့ကို ထိုမြို့၌ပြောလိမ့်မည်ဟုမိန့်တော်မူ၏။ 'တမန်တော်ဝတ္ထု ၂၂း၁၀


16

စောလုမျက်စိကွယ်ခဲ့ပြီးဒမာစကတ်မြို့ကအိမ်မှာနေခဲ့ရပါတယ်။


17

ဝေဒနာခံစားနေရစဉ်(၃)ရက်အတွင်းသူ့ရဲ့ဘုရားသခင်တပည့်တော်တွေကိုဒုက္ခပေးမဲ့အစီစဉ်တွေကိုပြန်စဉ်းစားမိတယ်။
ခရစ်တော်ကယ်တင်ရှင်ကိုမယုံကြည်ပါဘူး။ဘုရားသခင်ရဲ့လူတွေကိုလဲကြိမ်ဆဲတယ်။
ဒီလောက်ကြမ်းတမ်းတဲ့
စောလုရဲ့နှလုံးသားကိုဘုရားသခင်ကပြောင်းလဲစေခဲ့ပါတယ်။


18


စောလုဟာအမှန်တရားကိုဘုရားသခင်ထံတော်ကလက်ခံခဲ့တယ်။အမှောင်ထဲ(၃)ရက်နေပြီးဘုရားသခင်ကပရောဖက်အာနနိကိုသူ့ဆီသွားစေခဲ့တယ်။အာနနိကစောလုကိုပြောခဲ့တယ်။


19


(ကျမ်းချက်။ တမန်တော်ဝတ္ထု ၂၂း၁၃-၁၅)
ညီစောလု တဖန်မျက်စိမြင်ခြင်းသို့ရောက်လော့ဟုဆို၏ထိုခဏ၌အကျွန်ုပ်သည်သူ့ကိုကြည့်ရှု၍မြင်ရ၏။


20

သူကလည်း၊ သင်သည်မြင်လေသမျှ၊ ကြားလေသမျှတို့ကိုလူအပေါင်းတို့အားပြော၍ သခင်ဘုရား၏သက်သေဖြစ်ရမည်အကြောင်း



21

သင်သည် ဘုရားသခင်၏အလိုတော်ကို သိစေခြင်းငှါ၎င်း၊ ဖြောင့်မတ်တော်မူသော သူကိုမြင်၍


22


နှုတ်တော်ထွက်ကို ကြားစေခြင်းငှါ၎င်း၊ ငါတို့ဘိုးဘေးများ၏ ဘုရားသခင်သည် သင့်ကိုခန့်ထားတော်မူ၏။'
တမန်တော်ဝတ္ထု ၂၂း၁၃-၁၅
စောလုရဲ့မှားယွင်းတဲ့အသက်တာကိုမေ့ပြီးအသစ်သောအသက်တာနဲ့အသက်ရှင်ဘို့ပြောတယ်။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း



23

တမန်တော်ဝတ္ထု ၂၂း၁၆
အာနနိက ရှောလုကို 'ယခုလည်းသင်သည်အဘယ်ကြောင့်ဆိုင်းလင့်၍နေသနည်း။ ထလော့၊သခင်ဘုရား



24


ကိုပဌနာပြုလျက်ဗတ္တိဇံကိုခံ၍သင်၏အပြစ်များကို ဆေးကြောလော့ဟုဆိုပါ၏။
တမန်တော်ဝတ္ထု ၂၂း၁၆


25

ရှောလုဘုရားသခင်ကိုလက်ခံခဲ့ပြီးနှစ်ခြင်းခံတယ်၊အသစ်သောအသက်တာနဲ့အသက်ရှင်နေထိုင်သွားတယ်။
ရှောလုရဲ့မကောင်းတဲ့ဘာသာရေးအမှားအယွင်းတွေကိုသန့်စင်အောင်ဆေးကြောရပါမယ်။သန့်ရှင်းတဲ့အသက်တာရဘို့ဘုရားသခင်ရဲ့ဂရုဏာလိုအပ်ပါတယ်။


26

နှစ်ခြင်းခံပြီးနောက်ပိုင်းဘုရား သခင်ရဲ့လူတွေကိုနှိပ်စက်တဲ့စောလုဟာ
ပေါလုအဖြစ်အသက်တာကိုဘုရားသခင်
ထံအပ်နှံခဲ့ပါတယ်။


27

သင့်ဘဝမှာအတိတ်ကပြုလုပ်ခဲ့တဲ့အပြစ်တွေကိုဆေးကြောပြီးအသစ်တဖန်ရှင်သန်ချင်ပါသလား?



28

(ဗီဒီယို။ ၈ စက္ကန့်)
ဘုရားသခင်ကကျွန်ုပ်တို့အားလုံး
အတွက်ဒီအတွေ့အကြုံကိုနှစ်ခြင်းခံယူခြင်းအားဖြင့်ခရစ်တော်၌အသစ်သောအသက်တာကိုရရှိနိုင်ပါတယ်။
အပြစ်တွေကိုဆေးကြောခြင်းပုံဆောင်တဲ့နှစ်ခြင်းခံယူခြင်း
ဟာအလွန်ဝမ်းမြောက်ဘွယ်ကောင်းတဲ့မှတ်လက္ခဏာ
တခုဖြစ်တယ်။


29

နှစ်ခြင်းကို နှစ်ခြင်းဆရာယောဟန်ကစတင်ခဲ့ပြီးလူတွေကိုနောင်တရဘို့တရားဟောခဲ့ပါတယ်။
ယော်ဒန်မြစ်ကိုသွားတဲ့ကလမ်းတွေမှာနှစ်ခြင်းဆရာယောဟန်တရားကိုနားထောင်ဘို့လူတွေပြည့်နှက်နေပါတယ်။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


30

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၃း၅၊၆)
သမ္မာကျမ်းကဘယ်လိုပြောတားလဲဆိုတော့ ‘ထိုအခါယေရုရှလင်မြို့မှစ၍ယုဒပြည်သူပြည်သား၊
ယော်ဒန်မြစ်
နားမှာနေသောသူအပေါင်းတို့သည်ယောဟန်ထံသို့ထွက်သွား၍


31

မိမိတို့အပြစ်များကိုဖော်ပြလျက်ယော်ဒန်မြစ်၌ဗတ္တိဇံကိုခံကြ၏။’ ရှင်မဿဲခရစ်ဝင် ၃း၅၊၆


32

လက်သမားဆိုင်တံခါးကိုပိတ်မိခင်ကိုနှုတ်ဆက်ပြီး
ခရစ်တော်ကိုယ်တိုင်ယော်ဒန်မြစ်ကိုသွားခဲ့တယ်။
ခရစ်တော်ကိုတွေ့တဲ့အခါနှစ်ခြင်းဆရာယောဟန်ကသူ့ရဲ့တရားဟောခြင်းကိုရပ်လိုက်တယ်။


33

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁း၂၉)
နက်ဖြန်နေ့၌ယေရှုကြွလာတော်မူသည်ကိုယောဟန်သည်မြင်လျှင်၊‘ဤလောက၏အပြစ်ကိုဆောင်သွားသော
ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့။’
ရှင်ယောဟန်ခရစ်ဝင် ၁း၂၉


34

နှစ်ခြင်းဆရာယောဟန်ကအပြစ်တရားအတွက်အသက်သေခံမယ့်ခရစ်တော်ကိုသိခဲ့တယ်။
ခရစ်တော်ကနှစ်ခြင်း
ပေးဘို့တောင်းဆိုတဲ့အခါယောဟန်ချီတုံချတုံဖြစ်သွားတယ်။


35

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၃း၁၄)
‘ယောဟန်ကလည်းအကျွန်ုပ်သည်ကိုယ်တော်ထံ၌ဗတ္တိဇံကိုခံရမည်အကြောင်းရှိပါသည်. . . ’
ရှင်မဿဲခရစ်ဝင် ၃း၁၄


36


(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၃း၁၅)
‘ယေရှုကလည်းအလုံးစုံသောတရားတို့ကိုအကုန်အစင်ကျင့်သင့်သည်ဖြစ်၍ယခုအခွင့်ပေး
ပါဟုပြန်ပြောတော်မူ၏
ထိုအခါယောဟန်သည်ဝန်ခံလေ၏။
ခရစ်တော်မှာအပြစ်တစုံတရာမရှိဘူးဆိုတာနှစ်ခြင်းဆရာယောဟန်သိတယ်။
ခရစ်တော်ရှင်ကသူ့ရဲ့ယုံကြည်ချက်အတွက်သေပြစရာမလိုပါဘူး။


37


ခရစ်တော်နှစ်ခြင်းခံရခြင်းဟာလူတွေကိုပုံစံပြချင်လို့ဖြစ်တယ်။
သူ့နောက်လိုက်တွေကိုကောင်းတဲ့ပုံသက်သေပြတားချင်တယ်။
ဒါကြောင့်ယော်ဒန်မြစ်ထဲမှာယောဟန်ကခရစ်
တော်ကိုနှစ်ခြင်းပေးခဲ့တယ်။

၁၆ – အသစ်စတင်ပြုလုပ်ခြင်း

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


38


(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၃း၁၆၊၁၇)
သမ္မာကျမ်းစာကဘယ်လိုပြောတားလဲဆိုတော ‘ယေရှုသည်ဗတ္တိဇံကိုခံတော်မူပြီးလျှင်ရေပေါ်မှထစဉ်တွင်၊
ကောင်းကင်ဖွင့်လှစ်သဖြင့်


39

ဘုရားသခင်၏ဝိညာဉ်တော်သည်ချိုးငှက်ကဲ့သို့ဆင်းသက်၍ကိုယ်တော်အပေါ်၌နားတော်မူသည်ကိုမြင်ရ၍


40

ဤသူကားငါနှစ်သက်မြတ်နိုးရာ၊ငါ၏ချစ်သားပေတည်းဟုကောင်းကင်ကအသံတော်ဖြစ်လေ၏။
ရှင်မဿဲခရစ်ဝင် ၃း၁၆၊၁၇
ခရစ်တော်ယော်ဒန်မြစ်ထကဲပြန်ထွက်လာချိန်မှာဘုရားရဲ့သားတော်ဖြစ်ကြောင်းသက်သေပြနိုင်ခဲကတယ်။


41

ယေရှုက ယော်ဒန်မြစ်ရေထဲကထွက်လာပြီး အဝတ်များစိုရွှဲစေစဉ်မှာ သူ့ကို ဘုရားသခင်က လူသိရှင်ကြား
သားတော် - ဘိသိတ်ပေးခံရသောသူအဖြစ် မိတ်ဆက်ပေးခဲ့ပါတယ်။
ရှင်ပေတရုက ခရစ်တော်နှစ်ခြင်းခံခြင်းဟာသူ့ရဲ့သာသနာလုပ်ငန်းပြုလုပ်စတင်ခြင်းလို့ဆိုခဲ့ပါတယ်။


42

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၀း၃၈)
‘ထိုအကြောင်းအရာဟူမူကား ဘုရားသခင်သည်သန့်ရှင်းသောဝိညာဉ်တော်နှင့်၄င်း၊
တန်ခိုးတော်နှင့်၄င်း၊နာဇ
ရက်မြို့သားယေရှုကိုဘိသိတ်ပေးတော်မူသဖြင့်. . .


43

ထိုသူသည်ဘုရားသခင်၏အခွင့်တော်နှင့်
ကျေးဇူးပြုလျက်၊မာရ်နတ်ညှဉ်းဆဲသောသူအပေါင်းတို့အားချမ်းသာ
ကိုပေးလျက်လှည့်လည်တော်မူ၏။’
တမန်တော်ဝတ္ထု ၁၀း၃၈။
ခရစ်တော်ဘယ်သူ့ကိုမှနှစ်ခြင်းမပေးခဲ့ပေမဲ့သူ့ရဲ့တပည့်တော်တွေကိုနှစ်ခြင်းပေးခဲ့တယ်။


44

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၄း၁-၂)
‘ယေရှုသည်ယောဟန်ထက်သာ၍များသောသူတို့ကိုတပည့်တော်ဖြစ်စေ၍ဗတ္တိဇံကိုပေးကြောင်းကိုဖာရိရှဲတို့
သည်ကြားပြီးဟုသခင်ဘုရားသိတော်မူသောအခါ . . .


45

ယေရှုသည်ကိုယ်တိုင်ဗတ္တိဇံကိုပေးတော်မမူ-တပည့်တော်တို့သာလျှင်ပေးကြသော်လည်း . . .
ရှင်ယောဟန်ခရစ်ဝင် ၄း၁၊၂
ခရစ်တော်ရဲ့နောက်ဆုံးစကားက။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း



46

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၈း၁၉၊၂၀ )
'သင်တို့သွား၍လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊
ခမည်းတော်၊သားတော်၊သန့်ရှင်းသောဝိညာဉ်တော်
၏နာမ၌ဗတ္တိဇံကိုပေးကြလော့။-




47

ငါသည်သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှါဆုံးမဩဝါဒပေးကြလော့။-
ငါသည်လည်းကပ်ကမ္ဘာကုန်သည့်တိုင်အောင်သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟုတပည့်တော်တို့အားမိန့်တော်မူ၏။ ရှင်မဿဲခရစ်ဝင် ၂၈း၁၉၊၂၀


48

ခရစ်တော်ဘယ်လိုနှစ်ခြင်းပေးဘို့မှာကြားခဲ့သလဲဆိုတာသင်သိချင်
မှာပါ။ သူနှစ်ခြင်းပေးပုံအတိုင်းဖြစ်မှာသေချာပါတယ်။



49

(ကျမ်းချက်။ ဧဖက်သြဝါဒစာ ၄း၅)
ခရစ်တော်ရဲ့ စိတ်အားထက်သန်တဲ့နောက်တော်လိုက်
ရှင်ပေါလုက'သခင်တပါး၊ယုံကြည်ခြင်းတပါး၊ဗတ္တိဇံတပါး၊'
ဧဖက်သြဝါဒစာ ၄း၅



50

လက်ဝါးကပ်တိုင် နောက်ပိုင်း ဗတ္တိဇံနဲ့ပတ်သက်ပြီး အသေးစိတ်မှတ်တမ်းတင်ထားတာကိုတော့ တမန်တော်ဝတ္ထုမှာ ဖိလိပ္ပုကပေးတဲ့ဗတ္တိဇံကို နောက်ဆုံး မှတ်တမ်းတင်ထားတာတွေ့ရပါတယ်။


51

ဂါဇာကမ်းခြေပေါ်မှာလမ်းလျှောက်ရင်းနဲ့ အီသီယိုပီယားဘုရင်မရဲ့ဘဏ္ဍာတော်ထိန်း နဲ့ တွေ့ရတယ်။ သူကယေရုရှလင်မြို့က ဘုရားပွဲကိုလာတာဖြစ်ပါတယ်။


52

အဲဒီအမတ်ဟာ အိမ်အပြန်လမ်းမှာ မြင်းလှည်းကို စီးပြီး ပရိုဖက်ကို ဖတ်နေပါတာကို ဖိလိပ္ပုတွေ့တဲ့အခါ မြင်းလှည်းနောက်ကိုပြေးလိုက်ပြီး ဒီလိုမေးလိုက်တယ်။



53

(ကျမ်းခက်၊ တမန်တော်ဝတ္ထု ၈း၃၀-၃၁)
ဖိလိပ္ပုသည်ရထားသို့ပြေး၍ ပရောဖက်
ဟေရှာယ၏ကျမ်းစာ၌ဘတ်သည်ကိုကြားလျှင်ဘတ်
သောအရာကိုနားလည်ပါ၏လောဟုမေးမြန်းတော်၏။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


54

သွန်သင်ပဲ့ပြင်သောသူမရှိလျှင်အဘယ်သို့နားလည်နိုင်မည်နည်းဟုဆိုပြီးမှ


55

သူကဖိလိပ္ပုကိုမြင်းရထားစီးဘို့ခေါ်ခဲ့တယ်။ဟေရှာယ ၅၃ မှာတွေ့ရပါတယ်။
အီသီယိုးပီယား ကဖိလိပ္ပုသူ့ကိုရှင်းပြဘို့တောင်းပန်တယ်။အဲဒီကျမ်းထဲမှာခရစ်တော်အသေခံတော်မူခြင်းအကြောင်းကိုရှင်းပြထားတယ်။


56

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၈း၃၅)
ကျမ်းစာက 'ဖိလိပ္ပုကမိမိနှုတ်ကိုဖွင့်၍ထိုကျမ်းစာချက်ကိုအစွဲပြုလျက်၊ယေရှုအကြောင်းတည်းဟူသောဧဝံဂေလိတရားကိုဟောလေ၏။' လို့ပြောထားပါတယ်။
တမန်တော်ဝတ္ထု ၈း၃၅။


57

အဲဒီကျမ်းစာသင်နည်းဟာ မြင်းလှည်းပေါ်မှာ ခုန်ဆွခုန်ဆွနဲ့ အတော်ကို ဆန်းကျယ်တဲ့ သင်ပုံသင်နည်းဖြစ်မှာ ဘဲ။ ဖိလိပ္ပုက ခရစ်တော်အကြောင်းတင်မက နှစ်ခြင်းခံခြင်းရဲ့ အရေးကြီးပုံကို ရှင်းပြပြီးနောက် ရေရှိရာအရပ် ကို ရောက်တဲ့အခါ အမတ်က သူ့ကို နှစ်ခြင်းပေးဘို့တောင်းဆိုခဲ့ပါတယ်။


58

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၈း၃၆-၃၇)
'အမတ်ကလည်း ဤအရပ်တွင်ရေရှိပါ၏အကျွန်ုပ်ကိုဗတ္တိဇံမခံစေခြင်းငှါမည်သည့်အကြောင်းအရာဆီးတားပါသနည်းဟုပြောဆိုလျှင်၊
တမန်တော်ဝတ္ထု ၈း၃၆


59

ဖိလိပ္ပုက'သင်သည်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင်ခံရသည်ဟုဆိုလေ၏။'


60

အမတ်ကလည်းယေရှုခရစ်သည်ဘုရား
သခင်၏သားတော်ဖြစ်တော်မူကြောင်းကိုအကျွန်ုပ်ယုံကြည်ပါသည်ဟုဝန်ခံ၍
ငယ် ၃၇။


61

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၈း၃၈)
'ရထားကိုရပ်စေခြင်းငှါစီရင်ပြီးမှ၊ဖိလိပ္ပုသည်ထိုအမတ်နှင့်တကွရေထဲသို့ဆင်း၍ဗတ္တိဇံကိုပေး၏။'
တမန်တော်ဝတ္ထု ၈း၃၈
နှစ်ခြင်းဆရာယောဟန်ကခရစ်တော်ကိုနှစ်ခြင်းပေးခဲ့သလိုပဲဖိလိပ္ပုကလည်း အီသီယိုပီယား
အမတ်ကိုနှစ်ခြင်းပေးခဲ့ပါတယ်။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


62

တမန်တော်ဝတ္ထု ၈း၃၉
'ရေထဲကတက်ကြလျှင်၊ထာဝရဘုရား၏ဝိညာဉ်တော်သည်ဖိလိပ္ပုကိုဆောင်ယူတော်မူ၍၊ အမတ်သည် ဖိလိပ္ပုကိုနောက်တဖန်မတွေ့ကမမြင်ရ။


63

ဝမ်းမြောက်၊ဝမ်းသာခြင်းနှင့်မိမိသွားရသောလမ်းကိုသွားလေ၏။ တမန်တော်ဝတ္ထု ၈း၃၉


64

အသက်တာဟောင်းကိုရေနဲ့ဆေးကြောပြီး
ခရစ်တော်၌အသစ်သောအသက်တာနဲ့အသက်ရှင်ဘို့ဖြစ်
တယ်။ ရှေးဟောင်းအသင်းတော်များရေနှစ်ခြင်း
ယူခြင်းကိုပြုလုပ်ခဲ့ကြတယ်။


65

ဓမ္မသစ်ကျမ်းမှာ အခြားသော နှစ်ခြင်းမင်္ဂလာပေးသောနည်းအသစ်ရှိကြောင်း အထောက်အထားမတွေ့ရပါဘူး။ ဒီပုံဟာ ဖိလိပ္ပိမြို့တွင် ပဉ္စမရာစုနှစ်က ဆောက်ထားသော ရေနှစ်ခြင်းမင်္ဂလာပေးသော ရေကန်တခုဖြစ်ပါ တယ်။
ရှေးအသင်းတော်ရာဇဝင်ဆရာကြီးများနှင့် ရှေးဟောင်းသုတေသနပညာရှင်များတို့၏ အဆိုအရ


66


ရေ၌နှစ်မြှုပ်ခြင်းဟာ ၁၂ ရာစုနဲ့ ၁၃ ရာစုအထိ
နှစ်ခြင်းမင်္ဂလာပေးသောနည်းဖြစ်ကြောင်းဖေါ်ပြထားပါတယ်။


67

ခရစ်ယာန်ဘာသာပေါ်ပေါက်လာပြီးနောက် ရာစုနှစ်များစွာ ဆက်ပြီးနှင့်ခြင်း မင်္ဂလာကို ရေ၌နှစ်မြှုပ်ခြင်းဖြင့် သာပေးခဲ့ကြောင်း ဘုန်းတော်ကြီး ဂျိမ်းဂီဘွန်စ်က ရေးသားခဲ့တယ်။


68

၁၂ ရာစုနှစ်မှစပြီး ကာတိုလစ်အသင်းတော်အနေဖြင့် ရေနှစ်ခြင်းမင်္ဂလာပေးရာတွင်
ရေလောင်းခြင်းဓလေ့ကို ကျင့်သုံးနေကြောင်းတွေ့ရှိရတယ်။


69

ရေလောင်းခြင်းအားဖြင့် နှစ်ခြင်းမင်္ဂလာပေးခြင်းဟာ ရေ၌နှစ်မြှုပ်၍နှစ်ခြင်းမင်္ဂလာပေးခြင်းထက်သာပြီးလွယ်ပါတယ်။

၁၆ – အသစ်စတင်ပြုလုပ်ခြင်း

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း



70

'အဲဒီအသင်းတော်ဟာအချိန်အခါနဲ့နေရာဒေသကိုလိုက်ပြီးဒီလိုလုပ်ခြင်းဖြစ်တယ်။'
ကျွန်ုပ်တို့ ဖခင်တို့၏ယုံကြည်ခြင်း ၊၉၄ကြိမ်မြောက် တည်းဖြတ်၊ စာမျက်နှာ ၂၇၇



71

ကမ္ဘာလှည့်ခရီးသည်များဟာ တူရကီနိုင်ငံရှိ ဖဖက်မြို့က စိန့်ဂျွန်း ဘုရားကျောင်းကို လေ့လာရေးခရီးသွားကြတယ်။ တပည့်တော်ရှင်ယောဟန်အား အောက်မေ့ဖွယ်ရာ ဘုရားကျောင်းပါ။ စိတ်ပါဝင်စားစရာကောင်းတာက နှစ်ခြင်းမင်္ဂလာပေးတဲ့ရေကန်ပဲဖြစ်တယ်။ အတိုင်းအတာအားဖြင့်တော့ ၁၂ ပေ ကျယ်ပြီးတော့ ၄ ပေ နက်ပါတယ်။ ထိပ်တွင်စက်ဝိုင်းပုံရှိပြီး ရေကန်ထဲသို့ဆင်းရန် လှေကားထစ်တွေရှိကြောင်းတွေ့ရှိရတယ်။



72

ယိုင်နေသော ပီဆာမျှော်စင်ကြီးလို့ လူသိများတဲ့ ခေါင်းလောင်းမျှော်စင်ကြီးဟာ အီတလီနိုင်ငံ ပီဆာဘုရားကျောင်းကြီးရဲ့ ရှေ့မှာရှိပါတယ်။


73

အဲဒီဘုရားကျောင်းနဲ့ယိုင်နေသော ခေါင်းလောင်းစင်နှင့်အတူ ရေနှစ်ခြင်းမင်္ဂလာပေးတဲ့ ရေကန်တခုလည်းရှိပါတယ်။


74

အဲဒီနှစ်ခြင်းခံတဲ့ကန်ဟာ ၁၄ရာစုမှာတည်ဆောက်ခဲ့တယ်၊ခရစ်တော်လာပြီးနှစ်ပေါင်း
၁၃၀၀ကျော်အထိရေနှစ်
ခြင်းခံခြင်းရှိသေးတယ်။



75

ဥရောပတိုက်တွင်ရှိသော ဘုရားကျောင်းများမှာ နှင်းခြင်းပေးတဲ့ရေကန်တော်တော်များများကို တွေ့ရှိရပါတယ်။ အီတလီတနိုင်ငံထဲမှာ ၆၆ ခုတွေ့ရတယ်။ ၄ ရာစု နှင့် ၁၄ ရာစုနှစ်အကြားမှာ ဆောက်ထားတဲ့ နှစ်ခြင်းပေးတဲ့ ကန်များဖြစ်ကြောင်းသိရှိရတယ်။



76

နှစ်ခြင်းမင်္ဂလာဝိနည်းဟာဘယ်လောက်အရေးကြီးပါသလဲ?



77

နှစ်ခြင်းမင်္ဂလာခံခြင်းဟာမဖြစ်မနေလုပ်ရမဲ့အရာလား?

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


78

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၃း၅)
'ယေရှုကလည်း၊ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊


79

ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရငါအမှန်အကန်ဆို၏။ 'ရှင်ယောဟန်ခရစ်ဝင် ၃း၅


80

ခရစ်တော်ကရေနဲ့နှစ်ခြင်းခံသောသူသာလျှင်ကောင်းကင်နိုင်ငံသို့ဝင်ရမယ်လို့ပြောကြားခဲ့တယ်။


81

ခရစ်တော်ဒီအကြောင်းနဲ့ပတ်သက်ပြီး ဒီတကြိမ်တခါထဲပြောတာ မဟုတ်ပါဘူး။ ရှင်မာကုခရစ်ဝင် ၁၆း၁၆ ကို ကြည့်ပါ။


82

(ကျမ်းချက်။ ရှင်မာကုခရစ်ဝင် ၁၆း၁၆)
'ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည်ကယ်တင်တော်မူခြင်းသို့ရောက်လတံ့။'
ရှင်မာကုခရစ်ဝင် ၁၆း၁၆
နှစ်ခြင်းခံဘို့အတွက်ပထမဆုံးပြင်ဆင်ဘို့ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်လက်ခံဘို့ပါပဲ။


83

ခရစ်တော်ကိုအပြည့်အဝယုံကြည်ဘို့လိုတယ်လို့ဖိလိပ္ပုကလေးနက်စွာဆိုထားပါတယ်။
အီသီယိုးပီးယား ကဖိလိပ္ပုကိုသူနှစ်ခြင်းခံလို့ရမလားလို့မေးတဲ့အခါ။


84

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၈း၃၇)
'ဖိလိပ္ပုက၊သင်သည်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင်ခံရသည်ဟုဆိုလေ၏။'
တမန်တော်ဝတ္ထု ၈း၃၇


85

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၈း၁၉)
ယေရှုက တပည့်တော်များကို ဒုတိယခြေလှမ်းပေးခဲ့ပါတယ်။
'သွား၍. . . လူမျိုးတကာတို့ကိုငါ့ကပည့်ဖြစ်စေလျက်၊ . . . ဗတ္တိဇံကိုပေးကြလော့။
ရှင်မဿဲခရစ်ဝင် ၂၈း၁၉
ဗတ္တိဇံမတိုင်ခင် သွန်သင်ပေးခြင်းအရင်လာပါတယ်။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


86

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၈း၂၀)
ခရစ်တော်မိန့်တော်မူတာကတော့ နှစ်ခြင်းခံမဲ့သူတယောက်ကို
'. . . အားပေးသမ္မာသောပညတ်တော်တို့ကိုစောင့်
ရှောက်စေခြင်းငှါ. . . '
ဆုံးမဩဝါဒပေးဘို့ ပညတ်ထားပါတယ်။
ရှင်မဿဲခရစ်ဝင် ၂၈း၂၀


87

တနည်းအားဖြင့်ပြောရမယ်ဆိုရင် နှစ်ခြင်းမင်္ဂလာခံယူဘို့ရန် ပြင်ဆင်နေတဲ့ သူတယောက်ဟာ ခရစ်တော်ရဲ့ သွန်သင်ချက်များကို နားလည်ပြီး ထိုအရာများကို လက်ခံရမည်။
အသင်းတော်ရဲ့ သွန်သင်ချက်ကို သိရုံတင်မက နားလည်ပြီး လက်ခံဘို့ဖြစ်တယ်။


88

ရှင်မဿဲခရစ်ဝင် ၂၈း၁၉
'သင်တို့သွား၍လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊သားတော်၊သန့်ရှင်းသောဝိညာဉ်တော်၏နာမဥ္စတ္တိဇံကိုပေးကြလော့။'ရှင်မဿဲခရစ်ဝင် ၂၈း၁၉
ခရစ်တော်ထံအသက်တာကိုအပ်နှံဘို့လိုပါတယ်။
ခရစ်တော်နှင့်အတူအသက်တာကိုလျှောက်လမ်းနိုင်အောင်ကြိုး
စားအသက်ရှင်ပြီးအသက်ရှင်ရမယ်။ခရစ်တော်မကြိုက်တဲ့အသက်တာတွေကိုရှောင်ရှားရပါမယ်။


89

တတိယခြေလှမ်းကတော့ နောင်တရခြင်းဖြစ်တယ်။ ရှင်ပေတရုက


90

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၃း၁၉-၂၀)
'သင်တို့အပြစ်များကိုပြေစေခြင်းငှါနောင်တရ၍စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့။'
တမန်တော်ဝတ္ထု ၃း၁၉-၂၀
နောင်တရခြင်းရဲ့အဓိပ္ပါယ်ကတော့ ပြုလုပ်ခဲ့တဲ့ အပြစ်အတွက်ကြောင့် ဝမ်းနည်းကြေကွဲပြီးနောက်တခါ မပြစ်မှား ဘို့ စိတ်ဆုံးဖြတ်ခြင်းဖြစ်ပါတယ်။


91

ခရစ်တော်ဟာ ကျွန်ုပ်တို့ရဲ့အပြစ်ကြောင့် လက်ဝါးကားတိုင်တော်မှာ ပူဇော်ဆက်ကပ်တာကို အတွေးမျက်စိနဲ့ မြင်ခဲ့ပြီး ပျော့ပျောင်းတဲ့နှလုံးသားကနေ သံဝေဂတရားကို ဖြစ်ပေါ်လာခြင်းကြောင့်သာ နောင်တရခြင်းဖြစ်ပါ တယ်။


92

နှစ်ခြင်းမင်္ဂလာခံဖို့ ပြင်ဆင်တဲ့အခါလိုအပ်တဲ့အချက်တွေကို ပြန်ပြီးအကျဉ်းချုံးရအောင်။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း





93

၁။ လူတစ်ယောက်ဟာနှစ်ခြင်းမခံမှီ ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်လက်ခံဘို့လိုပါတယ်။



94

၂။ နှစ်ခြင်းမခံမှီ ခရစ်တော်ရဲ့အဆုံးအမ သွန်သင်ချက်တွေကိုနားလည်သဘောပေါက်ပြီး သူ့နောက်ကိုလိုက်လို တဲ့ဆန္ဒရှိရမယ်။



95

၃။ သူ့အပြစ်တွေကိုဝန်ချပြီးနောင်တရဘို့လိုပါတယ်။



96

တကယ်လို့သင့်အသက်တာကိုပြောင်း
လဲဘို့ဆန္ဒရှိတယ်ဆိုရင်အဲဒီအချက်(၃)ချက်ကိုပြည့်စုံအောင်လုပ်ပြီးနှစ်
ခြင်းခံဘို့လိုပါတယ်။
ဘုရားသခင်ရဲ့တန်ခိုးတော်ကြောင့်သင်ပြောင်း လဲပြီးအသစ်သောအသက်တာနဲ့ရှင်သန်နိုင်တယ်။



97

တချို့တလေ လူတွေက ဒီလိုမေးတတ်တယ်။ နှစ်ခြင်းခံပြီးရင် ကျနော်ဟာ အသင်းတော်နဲ့ဆိုင်သလား။ ဒါမှ မဟုတ် ခရစ်တော်၌နှစ်ခြင်းခံတာလား။
ကျမ်းစာတော်မြတ်ထဲမှာ ဘယ်လိုသွန်သင်ထားသလဲဆိုတော့ ခရစ်တော်၌နှစ်ခြင်းခံတာဟာ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာဖြစ်တဲ့အသင်းတော်မှာ နှစ်ခြင်းခံခြင်းဖြစ်တယ်။
ပင်တေကုတ္တေပွဲနေ့မှာ လူအမြောက်အများနှစ်ခြင်းခံတဲ့အကြောင်း ကျမ်းစာထဲမှာ ဒီလိုပြောထားပါတယ်။



98

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၂း၄၁-၄၂)
'ထိုစကားကိုအသင့်နှလုံးသွင်းမိသောသူတို့သည်ဗတ္တိဇံကိုခံ၍ထိုနေ့၌အရေအတွက်အားဖြင့်သုံး ထောင်မျှလောက်သောသူတို့သည်ဝင်ကြ၏'



99

'ထိုသူများသည်တမန်တော်တို့၏ဆုံးမဩဝါဒကိုခံခြင်း၊အပေါင်းအသင်းဖွဲ့ခြင်း



100

မုန့်ကိုဖဲ့ခြင်း၊ပဌနာပြုခြင်းတို့ကိုအမြဲဆောင်ရွက်၍နေကြ၏။'
တမန်တော်ဝတ္ထု ၂း၄၁-၄၂
နှစ်ခြင်းခံပြီးတဲ့အခါ ကျွန်ုပ်တို့ဟာ အထီးကျန်မဟုတ်ပဲ တမန်တော်တို့ရဲ့ သွန်သင်ချက်တွေကို ဆက်ပြီးလိုက် လျှောက်ခဲ့ကြတယ်။ သူတို့တွေဟာ ကျမ်းစာကို ယုံကြည်တဲ့အသင်းတော်ရဲ့ အစိတ်အပိုင်းတခုဖြစ်လာကြပါ တယ်။


# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


101

(ကျမ်းချက်။ ကောရိန်သုဩဝါဒစာပထမစောင် ၁၂း၁၃)
ကောရိန်သုဩဝါဒစာပထမစောင် ၁၂း၁၃မှာ
'ငါတို့ရှိသမျှသည် ဝိညာဉ်တော်တပါးတည်းအားဖြင့်တကိုယ်ထဲသို့ဗတ္တိဇံကိုခံကြ၏'
ကောရိန်သုဩဝါဒစာပထမစောင် ၁၂း၁၈ မှာ
ကိုယ်ခန္ဓာဟာဘုရားသခင်ရဲ့အသင်းတော်ဖြစ်တယ်လို့အတိအလင်းဖော်ပြထားပါတယ်။
ခရစ်တော်ကို ယုံကြည်သူတွေဟာ ခရစ်တော်နောက်ကို လုံးလုံးလျားလျားလိုက်ပါ့မယ်လို့စိတ်ဆုံးဖြတ်ပြီး ယုံကြည်သူများနဲ့ အတူဝတ်ပြုကိုးကွယ်ဘို့ ဆန္ဒရှိကြတယ်။ ခရစ်တော်ရဲ့ပညတ်တော်ကို စောင့်တဲ့ အသင်းဝင် တွေဖြစ်လာဘို့ နှလုံးသားထဲမှာ ဆန္ဒပြင်းပြနေကြတယ်။


102


(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၈း၁၉-၂၀ )
ဒါကြောင့်မို့ ခရစ်တော်က ရှင်မဿဲခရစ်ဝင် ၂၈း၁၉-၂၀ မှာ ဒီလိုပြောထားပါတယ်။
'သင်တို့သွား၍လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ခမည်းတော်၊
သားတော်၊သန့်ရှင်းသောဝိညာဉ်တော်၏
နာမ၌ဗတ္တိဇံကိုပေးကြလော့'


103

ငါသည်သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှါဆုံးမဩဝါဒပေးကြလော့။'


104

ဒီနေ့/ဒီည သင့်ရဲ့အသက်တာကို အပ်နှံဘို့ ခရစ်တော်က တောင်းဆိုနေပါတယ်။ ကျမ်းစာကို ယုံကြည်ပြီး ပညတ်တော်ကို စောင့်ရှောက်ဘို့ ခရစ်တော်က တောင်းဆိုနေပါတယ်။ ရှင်ပေါလုကို ဖိတ်ခေါ်နေသလို သင်တို့ကိုလည်း ဖိတ်ခေါ်နေပါတယ်။


105

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၂၂း၁၆)
'ယခုလည်းသင်သည်အဘယ်ကြောင့်ဆိုင်းလင့်၍နေသနည်း၊ထလော့၊သခင်ဘုရားကိုပဌနာပြုလျက် ဗတ္တိဇံကိုခံ၍၊သင်၏အပြစ်များကိုဆေးကြောလော့ဟုဆို၏။'
တမန်တော်ဝတ္ထု ၂၂း၁၆


106

တညမှာ ဂျူးလူမျိုးတို့ရဲ့ ခေါင်းဆောင်နိကောဒင်ဟာ ခရစ်တော်ဆီကိုလာပါတယ်။ သူခရစ်တော်ကို စိတ်ဝင်စားတာ သူ့အဖေါ်တွေကို မသိစေချင်ဘူး။


107

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၃း၂)
နိကောဒင်က ခရစ်တော်ကို မြှောက်ပင့်တဲ့စကားနဲ့
'ကိုယ်တော်သည် ဘုရားသခင်အထံတော်မှကြွလာတော်မူသော ဆရာဖြစ်ကြောင်းကို သိကြပါ၏ ဟုလျှောက် လေသော်

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


108

အရှင်ဘုရား ကိုယ်တော်သည် ပြတော်မူသော ဤနိမိတ်လက္ခဏာတို့ကို ဘုရားသခင်၏ အခွင့်မရှိလျှင် အဘယ်သူမျှ မပြနိုင်သည်ကို အကျွန်ုပ်သည် ထောက်၍. . . ' ရှင်ယောဟန်ခရစ်ဝင် ၃း၂
ခရစ်တော်ဟာသူ့ရဲ့နှလုံးသားကိုသိပြီး နိကောဒင်ရဲ့လိုအပ်ချက်ကို ချက်ခြင်းညွှန်ပြနိုင် ခဲ့တယ်။


109

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၃း၃)
ယေရှုက၊ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊
ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရဟုငါအမှန်အကန်ဆိုသည်ဟုပြန်၍မိန့်တော်မူ၏။


110

ယေရှုက၊ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊
ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရဟုငါအမှန်အကန်ဆိုသည်ဟုပြန်၍မိန့်တော်မူ၏။'
ရှင်ယောဟန်ခရစ်ဝင် ၃း၃


111

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၃း၄)
'နိကောဒင်ကလည်းအသက်ကြီးသောသူသည်မွေးခြင်းကိုအဘယ်သို့ခံနိုင်ပါမည်နည်း။' လို့မေးခဲ့ပါတယ်။


112

အမိဝမ်းထဲသို့တဖန်ဝင်၍မွေးခြင်းကိုခံနိုင်ပါမည်လောဟုလျှောက်၏' ရှင်ယောဟန်ခရစ်ဝင် ၃း၄


113

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၃း၅)
ယေရှုကလည်း သူဟာ ဝိညာဉ်ရေးနဲ့ပတ်သက်ပြီးပြောနေကြောင်းကို ညွှန်ပြတယ်။
'ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊


114

ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရဟုငါအမှန်အကန်ဆို၏'
ရှင်ယောဟန်ခရစ်ဝင် ၃း၅
ခရစ်တော်ဖေါ်ပြခဲ့တာကတော့ ရှင်းပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ကြောင့် လုံးလုံးကြီးပြောင်းလဲသွားတဲ့ အသက်တာဟာ နှစ်ခြင်းခံခြင်းဖြင့် ပြရပါလိမ့်မယ်။


115

နိကောဒင်ဆိုတဲ့ဖာရိရှဲဟာ ယုဒလူမျိုးဖြစ်လို့ ကောင်းကင်နိုင်ငံတော်ဝင်ရမယ်လို့ ထင်ခဲ့တယ်။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


116


ခရစ်တော်ဖော်ပြခဲ့တာကတော့ ရှင်းပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ကြောင့် လုံးလုံးကြီးပြောင်းလဲသွားတဲ့ အသက်တာဟာ နှစ်ခြင်းခံခြင်းဖြင့် ပြရပါလိမ့်မယ်။


117

ဒီအချက်ဟာအဖဘုရားသခင်နဲ့သားတော်တို့ရဲ့ကိုယ်ကျိုး
စွန့်အသက်အသေခံခြင်းကိုလူတယောက်ကလက်ခံ
ခြင်းဖြစ်တယ်။



118

ဒါဟာ ခရစ်တော်၌ဘဝအသစ်ဖြစ်ပါတယ်။



119


(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၃း၁၇)
ခရစ်တော်၌နှစ်ခြင်းခံနေတဲ့အခါ မြတ်စွာဘုရားက ဒီလိုမိန့်တော်မူခဲ့တယ်။ ‘
ဤသူကားငါနှစ်သက်မြတ်နိုးရာ၊ငါ၏ချစ်သားပေတည်းဟုကောင်းကင်ကအသံတော်ဖြစ်လေ၏’
ရှင်မဿဲခရစ်ဝင် ၃း၁၇


120

ဒီအခါမှာ သန့်ရှင်းသောဝိညာဉ်တော်က ချိုးငှက်ကဲ့သို့ ဆင်းသက်လာပြီး ယေရှုကို ဘိသိတ်ပေးပါတယ်။ ဒါကြောင့် ယေရှုဟာ ဘိသိတ်ပေးခြင်းခံရသူ ကယ်တင်ရှင် (သို့မဟုတ်) ခရစ်တော်ဖြစ်လာပါတယ်။


121

နှစ်ခြင်းခံခြင်းဟာ ခရစ်တော်ရဲ့သာသနာလုပ်ငန်းအစဖြစ်သလို ယုံကြည်သူတယောက်နှစ်ခြင်းခံခြင်းဟာ လဲ ခရစ်တော်အား ကယ်တင်ရှင်အဖြစ်လက်ခံပြီး ခရစ်တော်၌အသစ်သော အသက်တာအစဖြစ်ပါတယ်။ တဆက်ထဲမှာဘဲ ယုံကြည်သူတယောက်ဟာ နှစ်ခြင်းခံခြင်းအားဖြင့် အများရှေ့မှာ ဘယ်လိုထင်ရှားစေလဲဆို တော့ သူဟာ ခရစ်တော်နှင့်ပေါင်းစပ်ပြီး ခရစ်တော်ကို ယူတင်ဝတ်ဆင်ထားတယ်။



122


(ကျမ်းချက်။ ဂလာတိဩဝါဒစာ ၃း၂၇ )
ဂလာတိဩဝါဒစာ ၃း၂၇ က ဒီလိုပြောထားပါတယ်။
ခရစ်တော်၌ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည်ခရစ်တော်ကိုယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။



123

(ဗီဒီယို။ ၁၀ စက္ကန့်)
ခရစ်တော်ကို မိမိအတွက် ဆက်ကပ်ပူဇော်ခြင်းခံထားသူပါလို့ လက်ခံထားသူအတွက်တော့ နှစ်ခြင်းခံခြင်းဆို တာ ခရစ်တော်ရဲ့ ယဇ်ပူဇော်ခြင်းတွင် အရေးကြီးသော အချက်ကြီး (၃) ချက်ကို ယုံကြည်ကြောင်းပြခြင်း ဖြစ်ပါတယ်။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း


124

(ကျမ်းချက်။ ရောမဩဝါဒစာ ၆း၃ ၊၄)
ရောမဩဝါဒစာ ၆း၃ တွင်ရှင်ပေါလုက ဒီလိုပြောထားပါတယ်။


125

ခရစ်ယာန်တစ်ဦးနှစ်ခြင်းခံယူရာတွင် နောက်အရေးကြီးသော အချက်တခုကတော့ ရောမ ၆း၄ မှာ တွေ့ရတယ်။ 'ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏။' လို့ဆိုထားပါတယ်။ သင်္ဂြိုဟ်ခြင်း (ဝါ) မြေ၌ မြုပ်နှံခြင်းသည် ဒုတိယအရေးကြီးသော အချက်ပါ။
နောက်တတိယ အရေးကြီးတဲ့အချက်ကတော့


126


(ကျမ်းချက်။ ရောမဩဝါဒစာ ၆း၄)
'ခရစ်တော်သည်ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့်သေခြင်းမှထမြောက်တော်မူသည်နည်းတူ။


127

ငါတို့သည်လည်းအသစ်သောအသက်တာ၌ကျင်လည်ရကြသတည်း။'
ရှင်းပါပြီး။ နှစ်ခြင်းခံပြီးသောသူဟာ ဝိညာဉ်အားဖြင့်၄င်း၊ ရေအားဖြင့်၄င်း မွေးဖွားသော သူဖြစ်တယ်။


128

နှစ်ခြင်းခံခြင်းဟာ ခရစ်တော်၏သေခြင်း၊ မြုပ်နှံခြင်းနှင့် သေခြင်းမှထမြောက်ခြင်းကို ယုံကြည်ကြောင်း သက်သေခံခြင်းဖြစ်ပါတယ်။


129

(ကျမ်းချက်။ ရောမဩဝါဒစာ ၆း၁၁)
ရှင်ပေါလုက ဘယ်ကဲ့သို့ပြောသလဲဆိုရင်
'ထိုနည်းတူသင်တို့သည်အပြစ်တရားနှင့်ဆိုင်သောအရာ၌ကား၊
အသေဖြစ်သည်ဟူ၍၄င်း၊ဘုရားနှင့်ဆိုင်သောအရာ၌ကား၊
ငါတို့သခင်ယေရှုခရစ်အားဖြင့်အသက်ရှင်သည်ဟူ၍၄င်း၊ ကိုယ်ကိုကိုယ်ထင်မှတ်ကြလော့။
ခရစ်ယာန်ဖြစ်ရတာ ချစ်စရာကောင်းတယ်ဆိုတာ သင်တွေ့ပြီမဟုတ်လား။


130

မင်္ဂလာဆောင်ပွဲမှာလူနှစ်ဦးပေါင်းဘက်ဘို့သက်သေပြုကြသလို
နှစ်ခြင်းခံခြင်းဟာဘုရားနဲ့ကျွန်ုပ်တို့ပေါင်းစည်း
မှုရဲ့သက်သေဖြစ်တယ်။


131

(ကျမ်းချက်။ ဧဖက်ဩဝါဒစာ ၄း၅)
'သခင်တပါး၊ယုံကြည်ခြင်းတပါး၊ဗတ္တိဇံတပါး၊'
ဧဖက်ဩဝါဒစာ ၄း၅
အသင်းတော်အမျိုးမျိုးဟာနှစ်ခြင်းခံယူတဲ့အလေ့အထများကွာခြားကြတယ်။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း



132

တချို့ကရေဖြန်းတယ်၊တချို့ကရေလောင်းတယ်၊ တချို့ကရေနှစ်တယ်၊ဘယ်နည်းဟာမှန်သလဲ?





133

မေးစရာတခုဘဲလိုပါတယ်။ 'ခရစ်တော်ဘယ်လိုလုပ်ခဲ့သလဲ?




134

သမ္မာကျမ်းအရဆိုလျှင် ရှင်ယောဟန်ဟာ ယောဒန်မြစ်မှာ နှစ်ခြင်းခံတယ်။ ခရစ်တော် နှစ်ခြင်းခံသော အခါတွင်လည်း 'ရေမှပေါ်ထွက်စဉ်တွင်' လို့ပြောထားပါတယ်။ ရေ၌နှစ်၍နှစ်ခြင်းခံယူခြင်းဖြစ်ပါတယ်။




135

'ဗတ္တိဇို' ဆိုတဲ့ဂရိစကားဟာ ရေ၌နှစ်ခြင်းလို့ အဓိပ္ပါယ်ရှိပါတယ်။ ရေအားဖြင့် ဖုံးအုပ်ခြင်းလိုလည်း အဓိပ္ပါယ်ရပါတယ်။ အဲဒီလို နှစ်ခြင်းပေးမှ သာ ခရစ်တော်ရဲ့ သေခြင်း၊ မြုပ်နှံခြင်းနှင့်ထမြောက်ခြင်းကို ပုံဆောင်မည်ဖြစ်ပါတယ်။



136

ပေါလုနှင့်သိလတို့ကို မာကေဒေါနိပြည်သားတဦးက ဖိတ်လို့ ဖိလိပ္ပိမြို့ရောက်ရှိနေကြတယ်။



137

ပေါလုနှင့်သိလတို့တရားဟောသည့်အတွက် မြို့သူမြို့သားများ အုပ်အုပ်သဲသဲဖြစ်သွားတယ်။



138

လူအုပ်ကြီးက သူတို့ကိုတိုက်ခိုက်ခဲ့လို့ သူတို့တတွေအသက်အန္တရာယ်ရှိခဲ့ပါတယ်။ လူအုပ်ကြီးဟာ သူတို့ရဲ့ အဝတ်တွေကို ဆွဲဆုတ်ကြတယ်။ အာဏာပိုင်များက ရိုက်နှက်ခဲ့တယ်။



139

သူတို့ကိုအကျဉ်းချထားလိုက်တယ်၊လွတ်မြောက်ဘို့ဆိုတာဘယ်တော့မှမဖြစ်နိုင်တော့ဘူး။

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း



140

သူတို့ဆုတောင်းကြတယ်၊အဲဒီညမှာမြေငလျင်အကြီးအကျယ်လှုပ်ပြီးအကျဉ်းထောင်တံခါးတွေပွင့်သွားတယ်။
သူတို့ရဲ့သံချေကျဉ်းတွေဟာပြုတ်ထွက်သွားတယ်။
အကျဉ်းထောင်စောင့်ဟာအကျဉ်းတံခါးတွေပွင့်နေတာမြင်
တော့အရမ်းစိုးရိမ်သွားတယ်။ ထောင်သားတွေအားလုံး ထွက်သွားကုန်ပြီးလို့ထင်တယ်။



141

သူ့ကိုယ်သူသတ်သေဘို့ဓါးကိုပြင်လိုက်တဲ့အခါပေါလုကသူ့ကိုအော်ပြောလိုက်တယ်။




142

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၆း၂၈)
ပေါလုကလည်းကိုယ့်ကိုယ်ကိုအပြစ်မပြုနှင့်၊ငါတို့အပေါင်းတို့သည်ရှိကြ၏ဟုကြီးသောအသံနှင့်ဟစ်၍ဆို၏။
(တမန်တော်ဝတ္ထု ၁၆း၂၈)



143

ထောင်မှူးလည်း ကြောက်ရွံ့ရှိသေလေးစားစိတ်ဖြစ်ပေါ်လာတယ်။ ပေါလုနှင့်သိလတို့အား
သူဒုက္ခပေးခဲ့သော် လည်း ပေါလုနှင့်သိလတို့က နာကျည်းဒေါသဖြစ်ပြီး လက်စားချေလိုစိတ်မရှိခဲ့ပါဘူး။
ဒီလူတွေဟာ အပြစ်မရှိကြောင်း ထောင်မှူးသိတယ်။ ထောင်မှူးဟာ ညှိထွန်းထားသော မီးကို ယူပြီး၊
ထောင်အခန်းထဲကို ပြေးဝင်ပြီး ပေါလုနှင့်သိလတို့ ခြေရင်းမှာ ဒူးထောက်ခါ ခွင့်လွှတ်ဘို့ တောင်းပန်တယ်။



144

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၆း၃၀-၃၁)
သူတို့ကိုအပြင်သို့ထုပ်ပြီးလျှင်လည်း၊သခင်တို့အကျွန်ုပ်သည်ကယ်တင်ခြင်းသို့ရောက်အံ့သောငှါအ
ဘယ်သို့ပြုရပါမည်နည်းဟုလျှောက်လေ၏။



145

သူတို့ကဘယ်လိုပြန်ပြောသလဲဆိုတော့--- ထိုသူတို့ကလည်း၊သခင်ယေရှုခရစ်ကိုယုံကြည်လော့၊
ယုံကြည်လျှင်သင်နှင့်သင့်မိသားစုတို့သည်ကယ်တင်တော်မူခြင်းသို့ရောက်လိမ့်မည်ဟုပြောဆိုလျက်--



146


ထောင်မှူးဟာ သူတို့နှစ်ဦးကို အိမ်ခေါ်သွားပြီး ဒဏ်ရာဒဏ်ချက်များကို ဆေးကြောပေးခဲ့ပါတယ်။



147

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၆း၃၃)
'ထိုညဥ့်၊ထိုအချိန်နာရီ၌ပင်၊ထောင်မှူးသည်ပေါလုနှင့်သိလတို့ကိုခေါ်၍ဒဏ်ရာများကိုဆေးကြောပြီးလျှင်၊

# ၁၆ – အသစ်စတင်ပြုလုပ်ခြင်း



148

မိမိလူအပေါင်းတို့နှင့်တကွဗတ္တိဇံကိုချက်ခြင်းခံလေ၏။'---တမန်တော် ၁၆း၃၃


149

မိတ်ဆွေတို့ ဗတ္တိဇံဆိုတဲ့ အဓိပ္ပါယ်နှင့် အရေးကြီးပုံကို နားမလည်သေးလျှင်သော်၄င်း၊ ရေနှစ်ခြင်းခံပြီး ခရစ်တော်နောက်သို့ လိုက်ရန် အခွင့်မရသေးလျှင်သော်၄င်း၊ ယနေ့အာနနီက ရှောလုကိုမေးသလို ခင်ဗျားတို့ကို မေးနေတယ်။



150

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၂၂း၁၆)
ယခုလည်းသင်သည်အဘယ်ကြောင့်ဆိုင်းလင့်၍နေသနည်း၊ထလော့။
သခင်ဘုရားကိုပဋ္ဌနာပြုလျက်ဗတ္တိဇံကိုခံ၍
သင်၏အပြစ်များကိုဆေးကြောလော့ဟုဆိုပါ၏။
တမန်တော်ဝတ္ထု ၂၂း၁၆


151

ခရစ်တော်နှစ်ခြင်းခံယူစဉ်အခါမှာ ကောင်းကင်မှအသံတခုပေါ်ထွက်လာတယ်။ 'ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။' သင်လည်းဘဲ ရေဖြင့်နှစ်ခြင်းခံသောအခါမှာ 'သင်ဟာ ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း' ဆိုသော အသံကို ကြားပါလိမ့်မယ်။
ဘုရားသခင်ချစ်မြတ်နိုးလို့ ရရှိတဲ့ပျော်ရွှင်မှုလောက်ကောင်းတာ ဘာရှိသေးလဲ။
သင်နှစ်ခြင်းခံပြီးသောအခါ၊ သင်ဟာ ဘုရားနဲ့ဆိုင်တယ်ဆိုတဲ့ခံစားချက်ဖြစ်ပေါ်လာပါလိမ့်မယ်။ သင်ဟာ ဘုရားရဲ့ သားသမီးဖြစ်လာမယ်။ တနည်းအားဖြင့်ပြောရမယ်ဆိုရင် နှစ်ခြင်းခံခြင်းဟာ လက်ထပ်ထိမ်းမြားခြင်း နဲ့တူပါတယ်။ သတို့သမီးနဲ့သတို့သားတို့လက်မထပ်မှီ တဦးနဲ့တဦးချစ်ပြီးသားပါ။ လက်ထပ်ထိမ်းမြားခြင်း ကြောင့် သတို့သမီးနဲ့သတို့သားတို့ရဲ့ နှလုံးသားမှာ ချစ်စိတ်ပိုများလာတာမဟုတ်ပါဘူး။
လက်ထပ်ထိမ်းမြားခြင်းဆိုတာ တဦးကိုတဦးက ချစ်ပါတယ်လို့ လူသိရှင်ကြားဖေါ်ပြခြင်းသာဖြစ်ပါတယ်။ မိဘဆွေမျိုးများနှင့် မိတ်ဆွေများတို့ရှေ့မှာ ရာသက်ပန်ပေါင်းမယ်လို့ စိတ်ဆုံးဖြတ်လိုက်ခြင်းကို ဆိုလိုတယ်။
နှစ်ခြင်းခံခြင်းဟာလည်း ဒီလိုဘဲဖြစ်တယ်။ နှစ်ခြင်းခံလို့ ဘုရားကို ပိုချစ်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရေနှစ်ခြင်းခံရတဲ့အကြောင်းရင်းကတော့ ဘုရားကိုချစ်နေလို့သာဖြစ်ပါတယ်။
နှစ်ခြင်းခံခြင်းဟာ ဆွေမျိုးမိတ်ဆွေတို့ရှေ့တွင်သော်၄င်း၊ အသင်းတော်ရှေ့မှာ သော်၄င်း၊ ကျွန်တော်ဟာ မြတ်စွာဘုရားကို စိတ်နှလုံးဆက်ကပ်တယ်။ ခရစ်တော်ကို ချစ်တယ်ဆိုတာကို ဖေါ်ပြခြင်းသာဖြစ်ပါတယ်။
ဒီလိုစိတ်နှလုံးဆက်ကပ်လိုက်တဲ့အခါမှာ အတိတ်ကဖြစ်ခဲ့တဲ့ အရာတွေကိုမြှုပ်နှံလိုက်တယ်။
ရေနဲ့နှစ်ခြင်းခံသလို ပဲ။ ပြီးနောက်ရေမှထလာသလို အသစ်သော အသက်နှင့်ဆက်လက်ပြီး ခရစ်တော်၌အသက်ရှင်ခြင်းဖြစ်ပါ
တယ်။
အတိတ်ကဖြစ်ခဲ့တဲ့အရာတွေ ပျောက်သွားမယ်။ မြှုပ်ထားမယ်။ ဘယ်အခါမှ ပြန်မပေါ်လာတော့ဘူး။
ဘုရားရဲ့ ဂတိတော်ကတော့ သန့်ရှင်းသော ဝိညာဉ်တော်ဟာ ကျွန်ုပ်တို့ရဲ့ အသက်တာကို ခရစ်တော်ရဲ့ အသက်တာနှင့် တူစေမယ်။ အချို့လူတွေအချိန်ဆွဲနေတယ်။ အချို့က နောက်ပြန်ဆုတ်ကြတယ်။
သူတို့အဆင်သင့်မရှိကြသေး ဘူး လို့ ယူဆကြတယ်။
ရေနှစ်ခြင်းခံခြင်းဟာ ပြည့်စုံခြင်းကိုဖေါ်ပြတာမဟုတ်ပါဘူး။ ဆက်ကပ်တဲ့ အသက်တာကိုပြခြင်းသာဖြစ်ပါ
တယ်။
ဒီနေ့ ရှင်ယေရှုက သူကဲ့သို့ရေ၌နှစ်ခြင်းခံရန်မေတ္တာရပ်ခံနေတယ်။ အတိတ်က အပြစ်တွေကြောင့် စိုးရိမ်ပူပန် မနေပါနဲ့။ သင့်အပြစ်များကို လွှတ်ရန် ကမ်းလှမ်းလျှက်ရှိတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ဟာ သင်၏ အသက်တာကို အသစ်တဖန်ပြုပြင်ပါလိမ့်မယ်။
ခရစ်တော်နောက်သို့လိုက်ပါမယ်လို့ ယခုပြောမလား။ ခရစ်တော်ရှေ၌နှစ်ခြင်းခံသည် နည်းတူ ခင်ဗျားလည်း နှစ်ခြင်းခံလိုလျှင် ဒီခန်းမကြီးရဲ့ရှေ့သို့ကြွပါ။ သင့်အတွက် အထူးဆုတောင်းပေးမယ်။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



1

ကမ္ဘာ့အကြီးဆုံးလိမ်လည်လှည့်ဖြားမှုကြီး။



2

(ဗီဒီယို။ ၁၉ စက္ကန့်)
၁၉၆၀ မှာ ကမ္ဘာ့အကြီးဆုံးစာရင်းဝင် လိမ်လည်လှည့်ဖြားမှုကြီးတခု ဖြစ်ခဲ့ပါတယ်။ ပန်းချီဆွဲရာမှာ အင်မတန် တော်တဲ့ ပြင်သစ်လူငယ်ဒေးဗစ်စတိန်းဟာ နာမည်ကြီးသူတွေဆွဲခဲ့တဲ့ ပန်းချီကားချပ် ၄၀၀ ကို တုပဆွဲပြီး အစစ်အနေနဲ့ လိမ်လည်ခဲ့ပါတယ်။
ပီကားဆို ရဲ့ပန်းချီကားချပ် အတုတွေ၊ ချာဂေါ၊ ရိမ်းနော်၊ ဗန်ဂိုးတို့ရဲ့ လက်ရာကို တုခဲ့ပါတယ်။
ထင်ပေါ်ကျော် ကြားတဲ့သူတွေရဲ့လက်ရာကို တုပဆွဲပြီး အစစ်နဲ့ဝေခွဲလို့မရနိုင်အောင် ပန်းချီဆရာများရဲ့ လက်မှတ်ကိုပါတုပထိုးထားခဲ့ပါတယ်။
အဲဒါတွေကတော့ ပြောင်မြောက်လှတဲ့ လိမ်ငြာမှုတွေပေါ့။ ဒါတွေကို အစစ်အမှန်လို့သတ်မှတ်မိခဲ့ကြတယ်။




3

(ဗီဒီယို။ ၉ စက္ကန့်)
ယနေ့ထိ ဒီအတုရေးဆွဲထားတာတွေထဲက ၁၁၀ ပဲတွေ့ရှိဖော်ထုတ်နိုင်ခဲ့ပါတယ်။ စတိန်းဟာ တုပလိမ်ညာမှုကြောင့် ၁၉၇၂ ခုနှစ်မှာ အဖမ်းခံရပြီး ပြင်သစ်နိုင်ငံ၊ ပါရီမြို့မှာ ရှိတဲ့ စင်းစင်းထောင်ထဲကို ချလိုက်ပါတယ်။ ၁၉၈၀ မှာ တော့ သူပြန်လွတ်လာပါတယ်။ ထောင်ထဲမှာ ရှိစဉ်အခါ စတိန်းရဲ့စိတ်နှလုံး ပြောင်းလဲသွားပြီး ကိုယ့်ကိုယ်ပိုင်ပန်းချီပဲဆွဲဖို့ ဆုံးဖြတ်ခဲ့ပါတယ်။




4

(ဗီဒီယို။ ၁၂ စက္ကန့်)
ယနေ့မှာ သူဟာ ကမ္ဘာသိတဲ့ ပန်းချီအနုပညာရှင်၊ လှည့်လည်ဟောပြောပို့ချနေရသူ တယောက်ဖြစ်နေပါပြီ။ သူဘာတွေဟောပြောပို့ချမှာလဲ။ သူသိပ်ကျွမ်းကျင်ခဲ့တဲ့ အတုအယောင်တွေကို ဘယ်လိုတွေ့မြင်သိနိုင်မလဲ ဆိုတာကိုပေါ့။
စတိန်းဖော်ပြခဲ့တဲ့ အတုအယောင်ကိုတွေ့မြင်ဖို့ အမြဲတမ်းမလွယ်ကူဘူးဆိုတာကို လက်ခံရမှာပါ။ ဘယ်လောက်ကျွမ်းကျင်နေပါစေ၊ သူတပါးကို လိမ်ငြာရာမှာ အင်မတန်တော်ခဲ့သော်လည်း



5

(ဗီဒီယို။ ၇ စက္ကန့်)
လိမ်ညာမှုရဲ့ဘိုးအေကြီး စာတန်နှင့်နှိုင်းယှဉ်လျှင် တောသူငယ်လေးအဆင့်ဘဲကျန်ပါတယ်။ လိမ်ညာမှု၊ မသမာမှု၊ အတုအယောင် လှည့်စားမှု တွေမှာတော့ စာတန်နတ်ဆိုးဟာ ပြိုင်ဘက်ကင်းပါတယ်။ စာတန်က ပေါ်ပေါ်ထင်ထင် မလုပ်ဘူး။
သူ့ရဲ့လိမ်ညာလှည့်ဖြားမှုတွေကို ကိုယ်တိုင်မပြုလုပ်ဘူး။ အခြားသူတွေ တန်ခိုးအာဏာရှိသူတွေကို ကိုယ်စားအဖြစ် အသုံးချပါတယ်။ အကယ်၍ဘုရားရဲ့ရန်သူအဖြစ် ထင်ထင်ပေါ်ပေါ် နေလျှင် ခရစ်ယာန်တွေကို သိပ်ပြီးလှည့် ဖြားနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် သူလျှို့ဝှက်လှုပ်ရှားတယ်။ ဘာသာရေး အရေခြုံပြီး ရုပ်ပြောင်း ရုပ်လွဲနဲ့လှည့်စားပါတယ်။


6

အမှန်တရားထဲကို အမှားတွေနဲ့ထိုးသွင်းရောနှောပြီး လူတွေကို ဘုရားမှန်ကိုးကွယ်ရာမှ သွေဖယ်သွားစေပါ တယ်။ ဒီနည်းကတော့ သူ့အတွက်နှစ်ထောင်ပေါင်းများစွာကတည်းကတစိုက်မတ်မတ်ကျင့် သုံးလာတဲ့ နည်းပါ။


7

ဘုရားရှင်ဟာကျွန်တော်တို့ကို ဒီလူလိမ်လူညာကြီးရဲ့ လက်ထဲ ပစ်မထားခဲ့ပါဘူး။ သို့သော် သမ္မာကျမ်းစာ အား ဖြင့်နောက်ဆုံးသော ကာလအချိန်ရဲ့ လိမ်လည်လှည့်စားခြင်းကို သတိပေးထားပါတယ်။

၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ


8

သမ္မာကျမ်းစာအရ သားရဲသည် ပင်လယ်ပြင်မှထွက်ပေါ်လာသည်ကို ဒံယေလကိုယ်တိုင် အိပ်မက်ခဲ့တယ်။




9

(ကျမ်းချက်။ ဒံယေလ ၇း၂၊ ၃)
'ငါဒံယေလသည် ညဉ့်အခါ အာရုံပြု၍ မိုးကောင်းကင်လေးမျက်နှာ၌လေတို့သည် မဟာသမုဒ္ဒရာပေါ်မှာ အချင်းချင်းတိုက်ကြလျှင်



10

သဏ္ဍာန်ချင်းမတူသော သားရဲလေးကောင်တို့သည် သမုဒ္ဒရာထဲက ထွက်လာကြ၏။'
ဒံယေလ ၇း၂၊ ၃


11

ပင်လယ်ထဲမှ သားရဲထွက်လာပါသည်။ ဘာအဓိပ္ပါယ်ဆောင်ပါသလဲ။




12

ဒီကြိုတင်ဟောပြောထားတဲ့ အချက်ကဘာကိုပုံဆောင်ပါသလဲဆိုတာ သမ္မာကျမ်းအားဖြင့် ကြည့်ရအောင်။
ပထမအနေနဲ့ အိပ်မက်ထဲမှာ ရေဆိုတာပါရှိနေတယ်။




13

(ကျမ်းချက်။ ဗျာဒိတ် ၁၇း၁၅)
ဗျာဒိတ် ၁၇း၁၅ အရ - 'ယခုမြင်၍ပြည်တန်ဆာထိုင်သောရေကား၊ အသီးသီးဘာသာစကားကိုပြောသော လူအမျိုးမျိုးအစုစု ဖြစ်သတည်း။'
ဒီအခန်းစာပိုဒ်မှာပဲ ဘုရားရှင်က ဒံယေလကို သားရဲဟာ ဘာကိုပုံဆောင်ပါသလဲဆိုတာကိုပြောထား ပါတယ်။



14

(ကျမ်းချက်။ ဒံယေလ ၇း၁၇၊ ၂၃)
'ဤသားရဲလေးကောင်တို့သည် မြေကြီးပေါ်မှာပေါ်လတ့်သော နိုင်ငံလေးပါးဖြစ်၏။'



15

စတုတ္ထသားရဲဟာ မြေကြီးပေါ်မှာ အခြားသောနိုင်ငံရှိသမျှတို့ထက် ထူးခြားသော စတုတ္ထနိုင်ငံဖြစ်တယ်။
ဒံယေလ ၇း၁၇၊ ၂၃
သားရဲဟာ တိုင်းပြည် သို့မဟုတ် ဘုရင်အဖြစ်ပုံဆောင်ကြောင်းကို ဘုရား၏နှုတ်ကပတ်တော်က ရှင်းလင်းစွာဖေါ်ပြထားတယ်။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



16

ကမ္ဘာ့လူအစုအဝေးကြီးမှထွက်ပေါ်လာသော သားရဲကိုတည်ရှိလာမဲ့ တိုင်းပြည်တပြည်နဲ့ပုံဆောင်ထားပါတယ်။ ဒံယေလ ၇း၃ မှာ ဘယ်လိုဖေါ်ပြထားတာကို သတိပြုကြည့်ပါ။



17

(ကျမ်းချက်။ ဒံယေလ ၇း၃)
'သဏ္ဌာန်ချင်းမတူသော သားရဲလေးကောင်တို့သည် သမုဒ္ဒရာထဲကထွက်လာကြ၏။



18

(ကျမ်းချက်။ ဒံယေလ ၇း၄)
ပထမသားရဲသည် ခြင်္သေ့နှင့်တူ၏။ ရွှေလင်းတအတောင်လည်းရှိ၏။
ဒံယေလ ၇း၄



19

(ကျမ်းချက်။ ဒံယေလ ၇း၅။)
ဒုတိယသားရဲသည် ဝံနှင့်တူ၏။ တဘက်၌ကိုယ်ကိုကိုယ် ချီကြွ၏။



20

ပါးစပ်၌နံရိုးသုံးချောင်းကို ကိုက်လျှက်ရှိ၏။' ဒံယေလ ၇း၅။



21

(ကျမ်းချက်။ ဒံယေလ ၇း၆) 'တဖန်ငါကြည့်ရှုပြန်၏။ ကျားသစ်နှင့်တူသောသားရဲတကောင်သည်ထင်ရှား၏။ ကျောပေါ်မှာငှက်အတောင် လေးခုရှိ၏။' ဒံယေလ ၇း၆



22

(ကျမ်းချက်။ ဒံယေလ ၇း၇) 'ထိုအခါ ငါသည် အာရုံပြုစဉ်၊ ကြီးစွာသောခွန်အားနှင့်ပြည့်စုံ၍ အလွန်ကြောက်မက်ဘွယ်သော စတုတ္ထ သားရဲသည် ထင်ရှားသည်။



23

ကြီးစွာသော သံသွားလည်းရှိ၏။ ကိုက်စားချိုးဖဲ့၍ကြွင်းသော အရာကိုခြေဖြင့်နင်းချေ၏။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



24

သူသည် အရင်သားရဲရှိသမျှတို့ထက် ထူးခြား၏။ ချိုဆယ်ချောင်းလည်းရှိ၏။' ဒံယေလ ၇း၇


25

တိရိစ္ဆာန်ရုံလိုပါပဲလား။ သားရဲတကောင်စီဟာ သာမန်ရိုးရိုးအကောင်တွေ မဟုတ်ဘူးဆိုတာကိုသင်သတိထားမိလိမ့်မယ်။
သူတို့အားလုံးထူးခြားတဲ့ စရိုက်သွင်ပြင်လက္ခဏာ ရှိကြပြီး အဲဒါတွေက ကျွန်ုပ်တို့ရဲ့အိပ်မက်ကို နားလည်စေပါတယ်။


26

ဒံယေလက သူမြင်မက်တဲ့သားရဲ ၄ကောင်ကို ပုံဖေါ်ရာမှာ သူမြင်မက်ခဲ့တဲ့ သတ္တုလူသားကြီး ဘုရင်ကြီးနေဗုခဒ်နေဇာ အကြောင်းကို သတိရမှာမလွဲပါ။
အိပ်မက်နှစ်ခုစလုံးက ရှေးဟောင်းအင်ပါယာ ၄ခုနှင့်ပတ်သက်ပုံဆောင်ထားပါတယ်။



27

(ဗီဒီယို။ ၆ စက္ကန့်)
ဗာဗုလုံ နှင့်အစပြုပြီး၊ နောက်မေဒိနှင့်ပေရသိ အင်ပါယာ၊ ဂရိ၊ ရောမအင်ပါယာ


28

ခရစ်တော်ကြွလာခြင်းနှင့်ထာဝရနိုင်ငံတော်တည်ထောင် ခြင်းဖြင့် အဆုံးသတ်ထားပါတယ်။


29

သားရဲတကောင်စီ (သို့) တိုင်းပြည်တခုစီ မြေပြင်လူအစုအဝေးမှထွက်ပေါ်လာပုံကို ပြန်လည်ကြည့်ကြပါစို့။



30

(ကျမ်းချက်။ ဒံယေလ ၇း၄)
'ပထမသားရဲသည် ခြင်္သေ့နှင့်တူ၏။ ရွှေလင်းတအတောင်လဲရှိ၏။ ငါကြည့်ရှု၍နေစဉ် သူ၏အတောင်ကို နုတ်ကြ၏။



31

မြေမှကိုယ်ကို ချီကြွလျက် လူကဲ့သို့ခြေဖြင့်မတ်တပ်ရပ်၍ လူစိတ်သဘောကိုလည်းရ၏။' ဒံယေလ ၇း၄

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ


32

ပထမဦးဆုံးအင်ပါယာဖြစ်တဲ့ ဗာဗုလုန် (ရုပ်ထုကြီး၏ အမြင့်ဆုံးရွှေခေါင်းနှင့်လဲနိူင်းသည်) ကို သားရဲတို့ရဲ့ ဘုရင်ခြင်္သေ့နဲ့ပုံဆောင်ထားခြင်းကို ဘာကပိုပြီး ပီပြင်စေနိုင်အုံးမှာလဲ။


33

ရှေးဟောင်း ဗာဗုလုန် သားတွေကလည်း ခြင်္သေ့ကို သူတို့ရဲ့ အင်ပါယာအထိမ်းအမှတ်အနေနဲ့ သုံးကြတယ်။
လင်းရုံအတောင်ပါတဲ့ ခြင်္သေ့ရုပ်အထိမ်းအမှတ် ပစ္စည်းတွေကို ရှေးဟောင်းပစ္စည်းတူးဖေါ်လေ့လာရေးပညာရှင်တွေက ဗာဗုလုန် မြို့ဟောင်း အပျက်အစီးတွေထဲက တွေ့ရှိကြတယ်။


34

ခြင်္သေ့ဟာ ခွန်အားကြီးပြီး အားလုံးကို အောင်နိုင်သလို၊ နေဗုခဒ်နေဇာရဲ့ စစ်ရေးအောင်နိုင်မှုတွေကို မည်သူမှ မမှိန်နိုင်ပါ။
ဗာဗုလုန် အင်ပါယာကြီးလျင်မြန်စွာ ကျယ်ပြန့်လာပြီး တန်ခိုးကြီးလာသည်ကို အဓိပ္ပါယ်ရှိစွာ လင်းရုံ၏ တောင်ပံဖြင့်ပုံဆောင်ထားတယ်။
ဘုရားရှင်ဟာ ဗာဗုလုန် ကို ဒီခြင်္သေ့နှင့်ပုံဆောင်ထားသည်ကို သတိမူပါ။



35

(ကျမ်းချက်။ ယေရမိအနာဂတ္တိကျမ်း ၄း၇)
' ခြင်္သေ့သည် မိမိနေရာခြုံထဲက ထွက်လာပြီ။ ' ခြင်္သေ့သည် မိမိနေရာခြုံထဲက ထွက်လာပြီ။ တိုင်းနိုင်ငံကို ဖျက်ဆီးသောသူသည် လမ်း၌လာဆဲရှိ၏။



36

သင်၏မြို့တို့သည် လူမနေနိုင်အောင်ပျက်စီးခြင်း သို့ ရောက်ကြလိမ့်မည်။'
ယေရမိအနာဂတ္တိကျမ်း ၄း၇


37

မာနထောင်လွှား၊ ဝါကြွားတဲ့ ဗာဗုလုန် ဘုရင်ဟာ သူတိုင်းပြည်ထာဝရတည်တံ့လိမ့်မယ်လို့ထင်ခဲ့ပါတယ်။ အခြားတိုင်းပြည်က တက်လာပြီး ကမ္ဘာကို အုပ်ချုပ်မယ်ဆိုတဲ့ အတွေးမျိုးသူတွေးမိပုံမပေါ်ပါဘူး။ သူ့ရဲ့ အဆောက်အအုံတွေပေါ်မှာ ထာဝရတည်တံ့ပါစေလို့ ကမ္ပည်းစာတမ်းရေးထားပါတယ်။



38

(ဗီဒီယို။ ၄ စက္ကန့်)
အောက်တိုဘာ ၁၃၊ ဘီစီ ၅၃၉ မှာ - ဗာဗုလုန် (ဒံယေလ ၏အိပ်မက်တွင် ရုပ်ထုကြီး ရွှေဖြင့်ပြုလုပ်ထားသောဦးခေါင်း၊ တောင်ပံ ၂စုံပါသော ခြင်္သေ့ ကို ပုံဆောင်ထားသော တိုင်းပြည်) သည် ဂုဏ်သိက္ခာမဲ့စွာ ချုပ်ငြိမ်းသွားခဲ့ပါတယ်။



39

ဒုတိယသားရဲဖြစ်တဲ့ ဝက်ဝံကိုယ်စားပြုထားသော တိုင်းပြည် (သို့) အင်ပါယာကတော့ အောင်နိုင်လာခဲ့သော မေဒိ-ပေရသိ ပင်ဖြစ်ပါတယ်။ သတ္တုရုပ်ထုကြီး၏ငွေဖြင့် ပြုလုပ်ထားသော လက်မောင်းနှင့်ရင်ဘတ်ကို ပုံဆောင် သောတိုင်းပြည်ဖြစ်ပါတယ်။
ဒံယေလ၏ အိပ်မက်ထဲတွင် ဝက်ဝံသည်

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



40

(ကျမ်းချက်။ ဒံယေလ ၇း၅)
တဘက်၌ကိုယ်ကိုကိုယ် ချီကြွ၏။ ပါးစပ်၌နံရိုးသုံးချောင်းကို ကိုက်လျက်ရှိ၏။
ဒံယေလ ၇း၅



41

ဒံယေလ၏အိပ်မက်တွင် ဝက်ဝံပါးစပ်တွင် နံရိုးသုံးချောင်းကိုက်ထားသည်ဟု ဖေါ်ပြသော်လည်း သမ္မာကျမ်းစာ က အနက်အဓိပ္ပါယ်မဖေါ်ထုတ်ထားပါ။



42

သို့သော်ငြားလည်း ကျမ်းတတ်ပညာရှင်အများစုက ဒီနံရိုးသုံးချောင်းကိုယ်စားပြုထားသည်မှာ



43

မေဒိ-ပေရသိ စစ်တပ်များ အောင်နိုင်ခဲ့သော-
လိုင်ဒီယာ၊ ဗာဗုလုံ နှင့်အီဂျစ်တို့ဖြစ်သည်ဟု ယုံကြည်ထားပါတယ်။



44

ပေရသိနိုင်ငံဟာ နှစ်ပေါင်း၂၀၀အုပ်စိုးခဲ့ပါတယ်။ ခွန်အားတောင့်တင်းမှု၊ ရက်စက်ကြမ်းကြုတ်မှု တွေရှိပေမဲ့လည်း ဘုရားရှင်က ဒံယေလကို နောက်ထပ်သားရဲ (သို့) တိုင်းပြည်တပြည်ပေါ်ထွက်လာအုံးမည်ဆိုတာကို အသိပေးခဲ့ပါတယ်။




45

(ကျမ်းချက်။ ဒံယေလ ၇း၆)
'တဖန်ငါကြည့်ရှုပြန်၏။ ကျားသစ်နှင့်တူသော သားရဲတကောင်သည် ထင်ရှား၏။ ကျောပေါ်မှာ ငှက်အတောင် လေးခုရှိ၏။



46

ခေါင်းလေးလုံးနှင့်ပြည့်စုံ၏။ အုပ်စိုးရသော အခွင့်လည်းရှိ၏။'
ဒံယေလ ၇း၆


47

နေးကွေးစွာ သွားတတ်တဲ့ ဝက်ဝံဟာ လျင်မြန်လှတဲ့ ကျားသစ်ကို မယှဉ်နိုင်သလို ပေရသိစစ်တပ်ဟာ အရှိန်အဟုန်ကြီးမားစွာ လျင်မြန်စွာ ချီတက်လာတဲ့မဟာ အာလက်ဇန္ဒြားကို တားဆီးဘို့ မတတ်နိုင်ဘူး။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



48

(ဗီဒီယို။ ၄ စက္ကန့်)
နေဗုခဒ်နေဇာ၏ အိပ်မက်ဟောကိန်းထဲမှ ကြေးနီနှင့်ပြုလုပ်ထားသောဝမ်းဗိုက်နှင့်ပေါင်အားဖြင့် ပုံဆောင်သော တိုင်းပြည် သည် ဂရိဖြစ်သကဲ့သို့ ဒံယေလ၏အိပ်မက်ထဲမှ တတိယတိုင်းပြည်အဖြစ် ပုံဆောင်ထားသောကျားသစ်သည် လည်း ဂရိပင်ဖြစ်တယ်။


49

တောင်ပံ ၄ ခုသည် အလက်ဇန္ဒားမင်း၏ လျင်မြန်ကြီးမားလှသောအောင်မြင်မှုများကိုပုံဆောင်ခြင်းဖြစ်တယ်။
သူဟာ ပါးရှန်းဘုရင် ဒါးရီယပ်တတိယကို ဘီစီ ၃၃၁ အာဗဲလာစစ်ပွဲမှာ အနိုင်ရခဲ့ပြီး ၁၂ နှစ်တာအတွင်း ကမ္ဘာအကြီးမားအကျယ်ပြန့်ဆုံးသော အင်ပါယာကြီးရဲ့ မင်းဖြစ်လာခဲ့ပါတယ်။ ကမ္ဘာမှာဒီလောက်ကျယ်ပြန့်တဲ့ အင်ပါယာယနေ့မရှိသေးပါ။ ကျားသစ်ရဲ့ဦးခေါင်း၄လုံးကတော့ဂရိအင်ပါယာအစိတ်အပိုင်း/ပြည်နယ် ၄ခုကို ဆိုလိုပါတယ်။



50

(ကျမ်းချက်။ ဒံယေလ ၈း၂၂)
တိုင်းပြည်ကြီးတခုမှ တိုင်းပြည် ၄ခုပေါ်လာပါမည်။ ဒံယေလ ၈း၂၂


51

ကမ္ဘာ့သမိုင်းကလည်း ဂရိအင်ပါယာကြီးလေးပိုင်း တကယ်ကွဲသွားခဲ့ကြောင်းဆိုထားပါတယ်။
အလက်ဇန္ဒားဘုရင်သည် သူအနိုင်ရခဲ့တဲ့ အာဘဲလာစစ်ပွဲကြီးအပြီး (၇) နှစ်အကြာ သူ့အသက် ၃၂ မှာ နတ်ရွာစံခဲ့တယ်။
သူ့ကို မမြုပ်နှံမှီကပင် ဆွေတော်မျိုးတော်တွေကြား၊ စစ်ခေါင်းဆောင်တွေကြားမှာအာဏာလုပွဲစတင်နေပါပြီ။
နောက်ဆုံးတော့ အလက်ဇန္ဒား၏ဗိုလ်ချုပ်ကြီး ၄ ဦးက အင်ပါယာကိုခွဲဝေအုပ်ချုပ်ပါတော့တယ်။




52

(ဗီဒီယို။ ၉ စက္ကန့်)
သားရဲကျားသစ်ရဲ့ဦးခေါင်းလေးလုံးက ခစန္ဒာ၊ လိုင်စီမခူစ်၊ တိုးလမဲလ်၊ ဆီလီစပ် တို့ဖြစ်ပါတယ်။



53

လူတွေဟာ ဦးခေါင်းတလုံးထဲရှိတာတောင် တနေရာသို့ ဦးတည်သွားရတာ မလွယ်ပဲ။ ဦးခေါင်း၄လုံးရှိလျှင်တော့ ဘယ်လိုဖြစ်မယ်ထင်ပါသလဲ။
ကမောက်ကမ၊ ဖရိုဖရဲ၊ ထိန်းမရသိမ်းမရပဲပေါ့။
ဦးခေါင်းတလုံးစီက နံပါတ်တစ်ပဲဖြစ်ချင်တယ်။ ဂရိအင်ပါယာမှာ တကယ်ပဲဒီလိုဖြစ်နေပါတယ်။
အလက်ဇန္ဒားနောက်တက်လာတဲ့ ဗိုလ်ချုပ်ကြီး ၄ ယောက်ဟာ တကိုယ်ကောင်းဆန်ကြတယ်။ တဦးထဲအုပ်ချုပ်မင်းလုပ်ဖို့ကြံရွယ်ကြတယ်။


54

'တစ်ဦးနှင့်တစ်ဦး ရန်ဆောင်နေကြပြီး၊ ခိုက်ရန်ဖြစ်ပွားမှုတွေနဲ့ လုံးပန်း ရှုပ်ထွေးနေကြလို့ အင်ပါယာကြီး ဆုတ်ယုတ်သွားပါတယ်။' အလက်ဇန္ဒားသည်ဂရိတ်၊ စာမျက်နှာ ၄၉၄

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



55

ဒီအပိုင်း လေးပိုင်းမှာ မတည်မငြိမ်ဖြစ်၊ ဆက်လက်တိုက်ခိုက်နေကြယင်း နောက်ဆုံးမှာတော့ ဇွန်လ ၂၂ ရက်၊ ၁၆၈ ဘီစီမှာ ဖြစ်ပွားတဲ့ ပိုက်ဒနာစစ်ပွဲမှာ အလက်ဇန္ဒားတည်ထောင်လာခဲ့တဲ့ အင်ပါယာဟာ ၄၄ နှစ်အကြာမှာ ချုပ်ငြိမ်းပြီးဆုံးသွားပါတယ်။ (အခန်း ၁၀၊ စာအုပ် ၃၊ ရောမသမိုင်း)


56

ဒံယေလပြောခဲ့သလို ဂရိအင်ပါယာနောက်တက်လာမဲ့ စတုတ္ထသားရဲကော ဘယ်လိုလဲ။


57

ကောင်းကင်တမန်က ဒံယေလကို ဒီစတုတ္ထတိုင်းပြည်သည် အခြားတိုင်းပြည်ထက် ထူးခြားလိမ့်မည်ကို ပြောခဲ့ ပါတယ်။
ဒီတိုင်းပြည်ကို ပုံဆောင်ထားသော သားရဲဟာ အလွန့်အလွန်တန်ခိုးအာဏာကြီး၍ကြီးမားလှတဲ့ သံသွားဖြင့် သားကောင်ကို ဖျက်ဆီးတတ်ပါတယ်။
သူတို့ရဲ့ ရက်စက်ကြမ်းကြုတ်ပုံ၊ ဆိုးသွမ်းသောအာဏာတွေက တော့ ပုံထဲမှာအတိုင်းပဲ


58

ရောမအင်ပါယာ အာဏာရလာပုံကို ဒါထက်သင့်တော်တဲ့ဖော်ပြမှုတွေ ရှာမတွေ့ပါဘူး။


59

ရောမအင်ပါယာဟာ ယခင်ကအင်ပါယာတွေထက် ပိုပြီးရက်စက်တယ်။ ပိုပြီးရိုင်းစိုင်းကြမ်းတမ်းပါတယ်။ ရှုံးသွားတဲ့တိုင်းပြည်တခုလုံးကို ဖျက်ဆီးတတ်ပြီး (သို့) သူတို့ပြည်သူပြည်သားတွေကို ကျွန်အဖြစ်ရောင်းစား ကြပါတယ်။



60

(ဗီဒီယို။ ၄ စက္ကန့်)
ဒီကြောက်ရွံ့ဖွယ်ကောင်းလှတဲ့ သားရဲမှာ သံသွားကြီးတွေရှိသလို သတ္တုရုပ်ကြီးရဲ့စတုတ္ထတိုင်းပြည်ဟာလဲ သံခြေ ထောက်က ပုံဆောင်ထားပါတယ်။
ဒံယေလအား ဒီကြောက်မက်ဖွယ်ကောင်းလှတဲ့ သားရဲကို အထူးစိတ်ဝင်စားစရာဖြစ်စေတာက သူ့ရဲ့ချို ဆယ်ချောင်းပါပဲ။



61

(ကျမ်းချက်။ ဒံယေလ ၇း၈)
'ထိုချိုတို့ကို ငါကြည့်ရှုစဉ်၊ ချိုများအလယ်၌ချိုငယ်တချောင်းသည် ပေါက်ပြန်၏။



62

ထိုချိုငယ်ရှေ့မှာ အရင်ချိုသုံးချောင်းကို အမြစ်နှင့်တကွ နှုတ်လေ၏
ဒံယေလ ၇း၈

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



63

(ကျမ်းချက်။ ဒံယေလ ၇း၂၄) ထိုနိုင်ငံ၌ပေါက်သောချိုဆယ်ချောင်းသည် ပေါ်လာလတ္တံ့သော မင်းကြီးဆယ်ပါးဖြစ်၏။' ဒံယေလ ၇း၂၄



64

(ဗီဒီယို။ ၄ စက္ကန့်)
ဒံယေလရဲ့စိတ်ထဲမှာ ရုတ်တရက်ဆိုသလို ရောမအင်ပါယာကို ဆယ်ပိုင်းခွဲပြီးပုံဆောင်ထားတဲ့ ခြေချောင်း ၁၀ ချောင်းကို ပြန်သတိယမှာ မလွဲပါဘူး။



65

(ဗီဒီယို။ ၄ စက္ကန့်)
အေဒီ ၄၇၆ မှာ ရောမအင်ပါယာကြီးဟာ ဥရောပမြောက်ပိုင်းမှလူရိုင်းတွေရဲ့လက်ချက်နဲ့တော်တော်ပျက်စီးသွားပါတယ်။ ဒီအဖွဲ့တွေထဲက ယနေ့ဥရောပမှာနိုင်ငံ (၇) နိုင်ငံအနေနဲ့တည်ရှိနေပါသေးတယ်။


66

သို့သော်လည်း ဒံယေလကိုစိတ်အဝင်စားဆုံးဖြစ်စေတာကတော့ချိုငယ်(၁၀)ချောင်းကြားကထိုးထွက်လာပြီး သုံးချောင်းကို နုတ်ပစ်ကာ အာဏာတန်ခိုးကြီးထွားလွမ်းမိုးလာတဲ့ ချိုငယ်လေးကိုပါပဲ။



67

(ကျမ်းချက်။ ဒံယေလ ၇း၈)
ဒံယေလ သတိထားမိတဲ့ အချက်ဟာ
'ထိုချိုငယ်သည် လူမျက်စိကဲ့သို့သော မျက်စိနှင့်၄င်း၊ ကြီးစွာသော စကားကိုပြောတတ်သော နှုတ်နှင့်၄င်း ပြည့်စုံ၏။' ဒံယေလ ၇း၈။


68

ချိုငယ်လေးက ဒံယေလကိုစိတ်ပူပန်သောကဖြစ်စေတယ်။



69

(ကျမ်းချက်။ ဒံယေလ ၇း၁၅)
'ငါဒံယေလသည် ကိုယ်ခန္ဓာတုန်လှုပ်၍ ထိုရူပါရုံကြောင့် စိတ်ပူပန်ခြင်းရှိလျှင်'
ဒံယေလ ၇း၁၅


70

ဒီချိုငယ်လေးရဲ့ ရေးသားဖေါ်ပြထားပုံအတွက် ဘာကြောင့်ဒံယေလကို စိတ်ပူပန်စေပါသလဲ။

၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



71

(ကျမ်းချက်။ ဒံယေလ ၇း၂၁၊၂၅)
ဘာကြောင့်လဲဆိုတော့ 'ထိုချိုငယ်သည် သန့်ရှင်းသူတို့ကိုစစ်တိုက်၍နိုင်လေ၏။



72

အမြင့်ဆုံးသော ဘုရားကိုဆန့်ကျင်ဘက်ပြု၍ ကြီးစွာသော စကားကိုပြောလိမ့်မည်။'



73

အမြင့်ဆုံးသော ဘုရား၏သန့်ရှင်းသူတို့ကို ညှင်းပန်းနှိပ်စက်လိမ့်မည်။ ကာလအချိန်နှင့် ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှါ ကြံစည်လိမ့်မည်။



74

တကာလ၊ နှစ်ကာလ၊ ကာလတဝက်ပတ်လုံး သူသည်အခွင့်ရလိမ့်မည်။'
ဒံယေလ ၇း၂၁၊၂၅။


75

ဒံယေလအနေနဲ့ ဒီတခါကြိုတင်ဟောပြောမှုသည် အရင်လို ရိုးရိုးလောကီ ရာဇဝင်မဟုတ်ပဲ၊ ဘုရားရှင်၏ ဘက်တော်သားများနှင့်ပတ်သက်နေသည်ကို သတိမူမိပါတယ်။


76

ဒီချိုငယ်သည် ဘုရားသခင်၏သန့်ရှင်းသောသူတို့အား စစ်တိုက်နိုင်၍အချိန်အပိုင်းတခုအထိသန့်ရှင်း သူတို့ အပေါ်အောင်နိုင်နေခဲ့ပါသည်။
ထင်ရှားသိသာတဲ့အချက်ကတော့ လိုက်လံဖမ်းဆီးနှိပ်စက်တဲ့ တန်ခိုးအာဏာနှင့်ဒီတန်ခိုး အာဏာပိုင်တဲ့ သူတွေ ကို ကိုယ်စားလှယ်အဖြစ်စာတန်ကသုံးပြီးဘုရားရှင်၏ဘက်တော်သားများ၊ဘုရားရှင်ရဲ့အမှန်တရား နှင့် ဘုရားရှင်ကို တိုက်ခိုက်ပါတယ်။



77

(ကျမ်းချက်။ ဒံယေလ ၇း၂၈)
ဒံယေလက'ငါဒံယေလသည် စိတ်ပူပန်ခြင်းသို့ရောက်၍



78

မျက်နှာ ညှိုးငယ်ခြင်းရှိ၏။ သို့သော်လည်း၊ မြင်ရသော အာရုံများကို စိတ်နှလုံးထဲ၌သိုထား၏။ '
ဒံယေလ ၇း၂၈

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



79

ဒီချိုငယ်လေးဟာ ဘယ်သူလဲ?



80

ဒီချိုငယ်လေးအကြောင်းနဲ့ရာဇဝင်သမိုင်း ဘယ်လိုပြည့်စုံမှန်ကန်လာတယ်ဆိုတာကိုသိရန်သမ္မာကျမ်းစာကို လေ့လာဆန်းစစ်ကြပါစို့။
ဒံယေလဖေါ်ပြချက်အရ စတုတ္ထသားရဲ (သို့) စတုတ္ထအင်ပါယာဖြစ်သော ရောမအင်ပါယာအကြောင်းကို အောက်ပါအတိုင်းဖေါ်ပြထားပါတယ်။


81

(ကျမ်းချက်။ ဒံယေလ ၇း၇)
'ကြီးမားသော ခွန်အားပြည့်စုံ၍အလွန်ကြောက်မက်ဖွယ်သော စတုတ္ထသားရဲသည် . . . ချိုဆယ်ချောင်းလဲ ရှိ၏။'
ဒံယေလ ၇း၇


82

(ဒံယေလ ၇း၂၄)
ဒံယေလ ၇း၂၄ အရ 'ချိုဆယ်ချောင်းသည် ပေါ်လတ္တံ့သော မင်းကြီးဆယ်ပါးဖြစ်၏။'


83

စတုတ္ထအင်ပါယာနောက်မှာ အခြားအင်ပါယာတက်လာမဲ့အစား ရောမအင်ပါယာမှ တိုင်းပြည် ၁၀ ခု ဖြစ်ပေါ် လိမ့်မည်ဟု ကြိုတင်ဟောထားခဲ့ပါတယ်။
ရာဇဝင်အရ ဒံယေလ၏ ကြိုတင်ဟောပြောပြချက်တွေမှန်ကန်ကြောင်းအတည်ပြုလို့ရပြီ။


84

သမိုင်းဆရာတွေရဲ့ ပြောကြားချက်အရ အေဒီ ၄၇၆ မှာ ရောမအင်ပါယာခွဲထွက်မှုတွေအားလုံးပြီးဆုံးပြီ။
အင်္ဂလိပ်သမိုင်းဆရာ အက်ဝပ် အီးလ္လိုက်ရဲ့ စာအုပ် ဟိုးရစ် အပိုခဲလ်လစ်တီကေး တွင် လူရိုင်းမျိုးစု များ က အေဒီ ၃၅၁-၄၇၆ တွင် ရောမအင်ပါယာကို ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးကြောင်းဖေါ်ပြ ထားပါတယ်။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ


85

(ဗီဒီယို။ ၂၀ စက္ကန့်)
အောက်ပါစာရင်းတွင် ဖေါ်ပြထားတာတွေကတော့ ဂျာမန်နစ်လူမျိုးစုအမည်များနှင့် ထိုလူမျိုးစုများကို ယနေ့ခေါ်ဆိုသော အမည်များဖြစ်ပါတယ်။

အလာမန်နီ ----- ဂျာမန်
ဘာဂန်ဒီယန် ----- ဆွစ်
ဖရန့်ဖ် ----- ပြင်သစ်
လောင်ဘတ် ----- အီတလီ
စက္ကစွန် ----- အင်္ဂလိပ်
စူဗီ ----- ပေါ်တူဂီ
ဗစ်စီဂို ----- စပိန်
ဟယ်ရူလီ ----- မျိုးတုန်းပျောက်ကွယ်
အော့စထရိုဂို့ ----- မျိုးတုန်းပျောက်ကွယ်
ဗန်ဒေါ ----- မျိုးတုန်းပျောက်ကွယ်


86

ဒါတွေဟာ ဒံယေလမြင်မက်ခဲ့တဲ့ စတုတ္ထသားရဲ၏ချိုငယ် ဆယ်ချောင်းပင်ဖြစ်ပါတယ်။ ကြိုတင်ဟောထားချက်အရ - ချိုငယ်သည် ဤချိုဆယ်ချောင်း တနည်းအားဖြင့်ရောမအင်ပါယာမှခွဲထွက်သွားသောတိုင်းပြည်များနောက်တွင် တန်ခိုးအာဏာရရှိလာမည်ဖြစ်သည်။


87


(ကျမ်းချက်။ ဒံယေလ ၇း၂၄)
ထိုနိုင်ငံ၌ပေါက်သော ချိုဆယ်ချောင်းသည် ပေါ်လတံ့သော မင်းကြီးဆယ်ပါးဖြစ်၏


88

သူတို့နောက် အခြားသော မင်းကြီးပေါ်လာလိမ့်မည်။ အရင်မင်းကြီးထက် ထူးခြား၍သုံးပါးတို့ကို နှိမ့်ချလိမ့်မည်။
ဒံယေလ ၇း၂၄


89

အေဒီ ၄၉၃ တွင် ဟေရူးလီမျိုးစုသည် ဧကရာဇ်ဇီနို၏နှိမ်နှင်းခြင်းကိုင်း


90

နောက်ဧကရာဇ်တဦးဖြစ်သော ဂျပ်စတင်နီယန်သည် အေဒီ ၅၃၄ တွင် ဗန်းဒေါကို ၄င်း၊ အေဒီ ၅၃၈ တွင် အော့စထရိုဂို့တို့ကို၄င်း အမြစ်ပြတ်သုတ်သင်ခဲ့သည်။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



91

ယင်းသို့ဖြင့် ဒံယေလ၏ကြိုတင်ပြောထားချက်မှ ချိုသုံးချောင်းသည် အရင်းမှနှုတ်ခံရပြီး ရောမအသင်းတော်သည် လည်း တန်ခိုးအာဏာတကယ်ပင်ကြီးထွားပါတော့သည်။



92

ဒီအချိန်ဟာ ဂျပ်စတီနီက အမိန့်ဒီဂရီပြဋ္ဌာန်းပြီး ဘီရှော့ (သို့) ပုပ်ရဟန်းမင်းကို အနောက်ရောမရဲ့ သာသနာ ခေါင်းဆောင်အဖြစ် တင်မြှောက်နေချိန်ဖြစ်ပါတယ်။
ဒံယေလကလည်း ချိုငယ်သည် အခြားရှိခဲ့သော တိုင်းပြည်နှင့် မတူထူးခြားမည်ဟု ကြိုတင်ပြောခဲ့ပါတယ်။



93

(ကျမ်းချက်။ ဒံယေလ ၇:၂၄)
'အရင်မင်းကြီးထက် ထူးခြား၍
ဒံယေလ ၇:၂၄ သည် ဤထူးခြားသော သားရဲကို ဆိုလိုသည်။ အမှန်တကယ်ဆိုညွှန်းပါသည်။


94

အရင်ဖော်ပြခဲ့သော တိုင်းပြည်များသည် နိုင်ငံအုပ်ချုပ်ရေးအာဏာသက်သက်သာဖြစ်သော်လည်း ဤချိုငယ်မှာ နိုင်ငံအာဏာရယူကိုင်စွဲသော အသင်းတော်ဖြစ်တယ်။


95

ပရိုတက်စတင့်ပြုပြင်ရေးသမားက အလယ်ခေတ်ရောမဘုရင်ဂျီအသင်းသည် ဒံယေလ ၇ မှ ချိုငယ်ပင်ဖြစ်ကြောင်းပြောဆိုသကဲ့သို့ ကြိုတင်ဟောထားချက်များကလည်း ဤကဲ့သို့ပင်မလွဲဧကန်အမှန်ညွှန်းပြထားတယ်။



96

(ကျမ်းချက်။ ဒံယေလ ၇:၂၁)
'ထိုချိုသည် သန့်ရှင်းသောသူတို့ကို စစ်တိုက်၍နိုင်လေ၏'
ဒံယေလ ၇:၂၁



97

(ကျမ်းချက်။ ဒံယေလ ၇:၂၅)
'သန့်ရှင်းသူတို့ကို ညှင်းဆဲနှိပ်စက်လိမ့်မည်' ဟု ဒံယေလ ၇:၂၅ တွင်ဖော်ပြထားတယ်။


98

အဲဒီအသင်းတော်သည် အလယ်ခေတ်တုန်းက ဘာသာရေးညှင်းဆဲမှုများပြုခဲ့ပါသလား။
စိတ်မကောင်းစရာပါပဲ။ ပြုခဲ့ပါတယ်။
မေးမြန်းဖမ်းဆီး ချုပ်နှောင်ခြင်းကိုင်း၊ ဟိုးလီခရူးဆိတ်၊ ပြင်သစ်ပရိုတက်စတန့်များကိုင်း၊ အားဘီဂျင်းစစ်များ ကိုင်း၊ နှစ်သုံးဆယ်စစ်ပွဲကိုင်း၊ ကိုယ်ခန္ဓာကိုဆွဲဆန့် ညှင်းပန်းခြင်းများကိုင်း၊ မြေအောက်အကျဉ်းစခန်း ချထားခြင်းများကိုင်း၊

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ


99

မားမားမတ်မတ်ရပ်တည်အသက်ပေးသွားကြသော အာဇာနည်များကိုလောင်ကျွမ်းသော မီးတောက်မီးလျှံများသည်ငှင်းအမှောင်လွှမ်းသောရာစုနှစ်များ
တွင်အာဏာအထွတ်ထိပ်ရောက်ရှိနေသောရောမဘုရင်ဂျီအသင်း တော်၏
လုပ်ဆောင်ချက်ကွင်းဆက်များဖြစ်ပါတယ်။
ဒီအပြင် ချိုင်ယ်၏ သိပ်အရေးကြီးတဲ့ထူးခြားချက်ကို တွေ့ရှိပါသေးတယ်။


100

(ကျမ်းချက်။ ဒံယေလ ၇း၂၅)
ကြိုတင်ဟောပြောချက်အရ ' ကာလအချိန်နှင့်ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှါ ကြံစည်လိမ့်မည်။'
ဒံယေလ ၇း၂၅
ရောမအသင်းတော်ဟာ ဘုရားရဲ့မြင့်မြတ်တဲ့ ပညတ်ကိုပြောင်းလဲပစ်ဖို့ ကြိုးပမ်းခဲ့ပါသလား။


101


ဟုတ်ကဲ့ပါ၊ ဥပုသ်နေ့ကို မူလ စနေနေ့မှတနင်္ဂနွေသို့ ပြောင်းလဲခဲ့ပါတယ်။


102

နောက်ဆုံးသွင်ပြင်လက္ခဏာဖြစ်တဲ့ ဘုရား၏သန့်ရှင်းသူတို့ကို ညှင်းပန်းနှိပ်စက်တဲ့ ကြာချိန်ကိုတိတိကျကျလေ့လာကြည့်မယ်ဆိုရင်


103


(ကျမ်းချက်။ ဒံယေလ ၇း၂၅)
'တကာလ၊ နှစ်ကာလ၊ ကာလတဝက်ပတ်လုံး သူသည် အခွင့်ရလိမ့်မည်။'ဒံယေလ ၇း၂၅
ဒီအချက်တွေမှာ ကျမ်းသင်္ကေတတွေ ပိုမိုပါရှိနေပါတယ်။


104

တချိန် (သို့) တကာလ ဝေါဟာရဆိုလိုသည်မှာ တနှစ်ဖြစ်ပြီး နှစ်ကာလဆိုသည်မှာ (၂) နှစ် (သို့) ၇၂၀ ရက် ဖြစ်သည်။
ကာလတဝက် ဝေါဟာရ၏ဆိုလိုရင်းမှာ နှစ်ဝက် (သို့) ၁၈၀ ရက်ဖြစ်ပါတယ်။ တကာလ (၃၆၀ရက်)၊ နှစ်ကာလ (၇၂၀ရက်) နှင့် ကာလတဝက် (၁၈၀ရက်) တို့ကိုပေါင်းသောအခါ ဟောကိန်း ၁၂၆၀ ရက် (သို့) နှစ်ကိုရမည်။


105

(ကျမ်းချက်။ ယေဇကျေလအနာဂတ္တိကျမ်း ၄း၆)
ယေဇကျေလအနာဂတ္တိကျမ်းအရ ဟောကိန်းထုတ်သောအခါ တရက်သည် ၁ နှစ်ဟုဆိုလိုသည်။ 'နှစ်အစားရက်ကိုငါထား၏။' ယေဇကျေလအနာဂတ္တိကျမ်း ၄း၆
သမိုင်းအဖြစ်အပျက်ကလည်း ဒီအချိန်ကာလကို တိတိကျကျ အတည်ပြုစေပါတယ်။



106

ရောမအသင်းတော်ဟာ သူ့ကိုပုန်ကန်တဲ့မျိုးနွယ်စု ဆယ်စုထဲကနောက်ဆုံးအစုဖြစ်တဲ့ အော့စထရိုဂိုတ့ကို အေဒီ၅၃၈ မှာ နှိမ်နင်းပစ်လိုက်ပြီး သူရဲ့ ခရစ်ယာန်ဘာသာရေးအာဏာနှင့် နိုင်ငံရေးအာဏာတွေကို လွတ်လွတ်လပ်လပ်ကျင့်သုံး ကြီးထွားလာစေခဲ့တယ်။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ


107


နှစ်ပေါင်း၁၂၆၀အတိပြည့်တဲ့အချိန်၁၇၉၈ခုနှစ်မှာနပိုလီယန်၏ဗိုလ်ချုပ်ကြီးဘာသီယာကရောမအသင်းတော်ရဲ့ အာဏာကို ချိုးနှိမ်ပစ်လိုက်ပါတယ်။


108

ကျွန်ုပ်တို့ ဒံယေလအနာဂတ္တိကျမ်း ၇ မှာ ကြိုတင်ဟောထားချက်နှင့် စတုတ္ထသားရဲမှထွက်ပေါ်လာသော ချိုငယ်အကြောင်းကို လေ့လာအပြီးမှာ အောက်ပါအချက်တွေဟာ ဘာအာဏာတန်ခိုးလဲဆိုတာ ကျွန်ုပ်တို့ သိရပါတယ်။ ဒီအချက်တွေကိုကြည့်ရအောင်


109

၁။ ချိုငယ်သည် ရောမအင်ပါယာမှ ခွဲထွက်ပြီးအနောက်ဥရောပမှ တိုင်းပြည် ၁၀ ခုမှထွက်ပေါ်လာမည်။ ဒံယေလ ၇း၈။


110

၂။ ချိုငယ်လေးတန်ခိုးကြီးလာတာနဲ့အမျှ အခြားရှိနှင့်ပြီးသားတိုင်းပြည် (၃) ခုကို အမြစ်ဖြုတ် လိုက်တယ်။ ဒီ တိုင်းပြည် (၃) ခုက ဟေရူးလီ၊ အော့စထရိုဂို့ နှင့်ဗန်းဒေါတို့ဖြစ်ပါတယ်။ ဒီ ၃ နိုင်ငံ ဟာ အာရီယန် ယုံကြည်ကြပြီး ပုပ်ရဟန်းမင်းကို အသင်းတော်၏အကြီးဆုံးအဖြစ် လက်မခံတဲ့တိုင်းပြည်တွေဖြစ်တယ်။ ဒံယေလ ၇း၈


111

၃။ ဟောထားချက်အရ ချိုငယ်သည် အခြားချိုများတည်ရှိပြီးမှ ပေါ်ထွက်လာမည်။ ဒံယေလ ၇း၂၀။ ဆိုလိုသည်မှာ ဒီချိုငယ်တိုင်းပြည်သည် အေဒီ ၄၇၆ နောက်ပိုင်းမှတည်ထောင်သည်။


112

၄။ သူ့တန်ခိုးအာဏာသည် အခြားတိုင်းပြည်နှင့်ကွာခြားမည်။ နိုင်ငံရေးနှင့်ဘာသာရေးတွဲနေသောတိုင်းပြည်ဖြစ် သည်။ ဒံယေလ ၇း၂၄


113

၅။ (ကျမ်းချက်။ ဒံယေလ ၇း၂၁၊၂၅)
ချိုငယ်သည် သန့်ရှင်းသူတို့ကို ဖမ်းဆီးနှိပ်စက်ညှင်းဆဲမည်။
'ငါကြည့်ရှု၍နေစဉ် ချိုငယ်သည် သန့်ရှင်းသူတို့ကို စစ်တိုက်၍နိုင်လေ၏။' ဒံယေလ ၇း၂၁၊၂၅


114


၆။ (ကျမ်းချက်။ ဒံယေလ ၇း၂၅)
သူ့အာဏာဖြင့် 'ကာလအချိန်နှင့်ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှါ ကြံစည်လိမ့်မည်။' ဤအဓိပ္ပါယ်ကို တနည်းအားဖြင့်ဆိုရသော် အဲဒီအသင်းတော်က သူ့ကိုယ်သူဘုရားသတ်မှတ်ထားသောအချိန်နှင့်ပညတ်တရား များကို ပြောင်းလဲနိုင်စွမ်းရှိသည်ဟုထင်မှတ်သည်။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ




115

၇။ (ကျမ်းချက်။ ဒံယေလ ၇း၂၅)
ကြိုတင်ဟောထားချက်အရ ဒီအာဏာရှင်သည် နှစ်ပေါင်း ၁၂၆၀ ကြာအာဏာလွှမ်းမိုးနေမည်။ သမ္မာကျမ်းစာ လည်းပြောထားပါတယ်။ 'တကာလ၊ နှစ်ကာလ၊ ကာလတဝက်ပတ်လုံးသူသည် အခွင့်ရလိမ့်မည်' ဒံယေလ ၇း၂၅


116

ဒီကြိုတင်ဟောထားချက်ကိုကြည့်ပြီး အချိန်ကိုက်၊ နေရာကိုပြောထားတဲ့အတိုင်း ပြည့်စုံခဲ့တဲ့အာဏာရခဲ့တဲ့ အာဏာပိုင်က တခုပဲရှိပါတယ်။ ရောမဘုရင်ကျိပဲဖြစ်ပါတယ်။


117

ယခု ဒံယေလ၏ကြိုတင်ဟောထားချက်၏အထွတ်အထိပ်ကို ခုန်ကျော်ကြည့်ကြပါစို့။ ဘုရားရှင်ရဲ့ ဘက်တော် သားများအတွက် ပျော်ရွှင်ဘွယ်ရာအဆုံးသတ်ထားတာရှိပါတယ်။


118

ရူပါရုံထဲတွင် ဒံယေလကကြည့်နေစဉ်မှာ ဒီအာဏာပိုင်ဟာ မြေပြင်မှာ နိုင်ငံရေးနှင့်ဘာသာရေး လွှမ်းခြုံဆုပ်ကိုင်နိုင်ဖို့ ကြိုးပမ်းပါတယ်။


119

သူ့အာရုံက ရုတ်တရက်ဆိုသလို မြေကြီးမှကောင်းကင်သို့ ရွှေ့သွားတယ်။



120

(ဒံယေလ ၇း၉၊၁၀)
'ထိုအခါ ငါကြည့်ရှုစဉ်၊ ရာဇပလ္လင်များကို တည်ထားလျက်ရှိ၏။ အသက်ကြီးသောသူတဦးသည် ထိုင်တော်မူ၏။



121

အဝတ်တော်သည် မိုးပွင့်ကဲ့သို့ ဖြူ၏။ ဆံပင်တော်သည် ဖြူသောသိုးမွေးနှင့်တူ၏။



122

ပလ္လင်တော်သည် မီးလျှံဖြစ်၏။ ပလ္လင်တော်အောက်၌မီးစက်လှည်းဘီးရှိ၏။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ




123

မျက်နှာတော်မှ မီးရောင်ခြည်ထွက်လေ၏။


124

အတိုင်းမသိ များစွာသော သူတို့သည် အမှုတော်ကို ဆောင်ရွက်၍


125

ကုဋေသင်္ချေမက ရှေ့တော်၌ခစား၍နေကြ၏။ တရားစီရင်ခြင်းငှါ ပြင်ဆင်၍စာစောင်များကို ဖွင့်ထားကြ၏။' ဒံယေလ ၇း၉၊၁၀။


126

အသက်ကြီးသောသူဟုလည်း ခေါ်ဆိုတော်မူသော ခမည်းတော်ဘုရားက ကြီးကျယ်မြင့်မြတ်သန့်ရှင်းသော ပလ္လင်တော်ပေါ်မှာ ထိုင်နေကြောင်းကို ဒံယေလတွေ့တော်မူတယ်။


127

(ကျမ်းချက်။ ဒံယေလ ၇း၂၂)
ဒီအရေးပါတဲ့ ဖြစ်ရပ်ကို ဒံယေလက ဘယ်လိုဖေါ်ပြသလဲဆိုတာ သတိထားပါ။ 'အသက်ကြီးသောသူသည် ရောက်လာလျှင်' ဒံယေလ ၇း၂၂
ယခုမှာတော့ တရားစီရင်ခြင်းစတင်ရန် အသင့်ဖြစ်နေပါပြီ။


128

(ကျမ်းချက်။ ဒံယေလ ၇း၁၀)
'တရားစီရင်ခြင်းငှါ ပြင်ဆင်၍စာစောင်များကို ဖွင့်ထားကြ၏။' ဒံယေလ ၇း၁၀
သန့်ရှင်းသူတို့ကို စစ်တိုက်အနိုင်ယူညှဉ်းဆဲခဲ့သောချိုငယ်အာဏာကိုဘုရားရှင်ကိုယ်တိုင်ကောင်းကင်တခွင်မှာ အပြစ်စီရင်နေပုံကို ဒံယေလအားပြသပါတယ်။
စီရင်ချက်ပြစ်ဒဏ်ချမှတ်တာကိုလည်း ဒံယေလတွေ့မြင်ရပါတယ်။


129

(ဒံယေလ ၇း၂၆)
'ထိုနောက်မှတရားစီရင်ခြင်းဖြစ်လိမ့်မည်။ ထိုအခါသူ၏တန်ခိုးအာဏာကိုနှုတ်၍


130

ရှင်းရှင်းဖျက်ဆီးကြလိမ့်မည်။' ဒံယေလ ၇း၂၆

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ


131

ထို့နောက် ခမည်းတော်ဘုရားမှတရားစီရင်ခြင်းအစပြုရန် အသင့်ဖြစ်ပြီး နောက်ပိုင်းမှာ အင်မတန်ထူးမြတ်သော၊ အင်မတန်လှပသော ဖြစ်ရပ်ကို ဒံယေလတွေ့ရသည်။


132

(ဒံယေလ ၇း၁၃)
'ထိုညဉ့်အခါ ငါသည် အာရုံပြု၍လူသားနှင့်တူသော သူတဦးသည် မိုးတိမ်ကိုစီးလျှက်


133

အသက်ကြီးသူ၏ အထံတော်သို့ရောက်လာ၏။ ထိုသူကို အထံတော်ပါးသို့ သွင်းကြ၏။' ဒံယေလ ၇း၁၃


134


'အများနှင့်မတူ ထူးခြားသူတဦး' လူသားဟုခေါ်သူဟာ ဘယ်သူလဲ။ ထာဝရဘုရားသူကြီးရှေ့တော်သို့ အပ်နှင်း ခြင်းခံရသူက ဘယ်သူလဲ။


135

ယေရှုက ထိုသူသည် သူပင်ဖြစ်ကြောင်းကို ဓမ္မသစ်ကျမ်းတွင် အကြိမ် (၄၀) မက ဖေါ်ပြထားပါတယ်။ အံ့အားသင့်နေတဲ့ သူ့တပည့်တော်တွေကို


136

(ကျမ်းချက်။ မဿဲခရစ်ဝင် ၁၇း၂၂၊၂၃)
ယေရှုက 'လူသားကို လူတိုကလက်သို့အပ်နှံရသော အချိန်နီးပြီး


137

သူတို့သည် သတ်ကြလိမ့်မည်။ သုံးရက်မြောက်သောနေ့၌ထမြောက်လိမ့်မည် ဟုတပည့်တော်တို့အား မိန့်တော်မူ၏။'
မဿဲခရစ်ဝင် ၁၇း၂၂၊၂၃
သစ္စာဖောက်ယုဒကို ယေရှုကလဲ


138

(ကျမ်းချက်။ လုကာ ၂၂း၄၈)
'သင်သည် နမ်းခြင်းကိုပြုလျက် လူသားကိုအပ်သလောဟုမေးတော်မူ၏။' လုကာခရစ်ဝင် ၂၂း၄၈
သို့သော်လည်း အရေးအကြီးဆုံး သောစကားကို ခရစ်တော်က တရားစီရင်နေတဲ့ အမြင့်ဆုံးသော ရာဇ်ပရောဟိတ်အားပြောလိုက်သည်မှာ

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



139

(ကျမ်းချက်။ မဿဲခရစ်ဝင် ၂၆း၆၄)
'နောင်ကာလ၌လူသားသည် တန်ခိုးတော်၏ လက်ျာဘက်၌ထိုင်လျက်




140

မိုးတိမ်ကိုစီး၍ကြွလာသည်ကို သင်တို့မြင်ရကြလတ္တံ့ ဟုမိန့်တော်မူ၏။'
မဿဲခရစ်ဝင် ၂၆း၆၄
ဒီနေရာမှာ ယေရှုဟာသူ့ကိုယ်သူ ဒံယေလ၏ ရူပါရုံမှ လူသားအဖြစ်မှန်ကန်စွာဝန်ခံပြီး မိုးတိမ်ကိုစီး၍ကြွလာမည့်သူဖြစ်ကြောင်းဖေါ်ပြပါသည်။


141

ခရစ်တော်သည် သူ့အားရှေ့နေ၊ ဖြန်ဖြေသူအဖြစ် လက်ခံသောအပြစ်သားအားလုံးအတွက် တရားခွင်တွင်ရင် ဆိုင်ပေးရန် လာရောက်ပါသည်။
တရားခွင်မှာ ကျွန်ုပ်တို့အတွက် ရှေ့နေအဖြစ်ဆောင်ရွက်ကာ မည်သည့်အမှုမှမရှုံးနိုမ့်ပါဘူး။
အမှုတွဲများကိုဖွင့်ထားသည်ဟု ကျမ်းချက်ကပြောပါသည်။



142

(ဒံယေလအနာဂတ္တိကျမ်း ၇း၁၀)
'ရှေ့တော်၌ခစား၍နေကြ၏။ တရားစီရင်ခြင်းငှါ ပြင်ဆင်၍ စာစောင်များကို ဖွင့်ထားကြ၏။' ဒံယေလ ၇း၁၀ နောက်ဆုံးပိုင်း


143

အမှုတွဲစာစောင်ထဲတွင် ကျွန်ုပ်တို့၏နေ့စဉ် အသက်တာနှင့်ပတ်သက်သော ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ပါဝင်မည်ဖြစ်သည်။ ထိုအထဲတွင် ဘုရားပေးထားသောအခွင့်ရေးများကို ကျွန်ုပ်တို့မည်ကဲ့သို့အသုံးချသည်ကိုလဲ မှတ်တမ်းတင်ထားပါတယ်။


144

တကယ်လို့ကျွန်ုပ်တို့တတွေဟာ ခရစ်တော်ကို ကယ်တင်ရှင်သခင်အဖြစ်လက်ခံထားမည်ဆိုလျှင် ဘုရားရှေ့စီရင်ချိန်ရောက်လျှင် ခရစ်တော်က ရှေ့သို့လာပြီး သူသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်၊
သူ့အသက်စွန့်ခဲ့ခြင်း သည် ကျွန်ုပ်တို့ ကျူးလွန်သော အပြစ်များအားလုံးကို ဖယ်ရှားပစ်ပြီဖြစ်ကြောင်း တရားဝင်လူသိရှင်ကြား ထုတ်ဖေါ်ကယ်တင်ပေလိမ့်မည်။


145

ထိုနေ့ထိုအချိန်အခါတွင် ကောင်းကင်စာရင်းတွင်ရှိသော ကျွန်ုပ်တို့၏ညစ်ညမ်းသောအသက်တာမှတ်တမ်းအစား သူ၏အပြစ်ကင်းမဲ့သော အသက်တာကနေရာယူကာ ဘုရားရှင်သည်လည်း ခရစ်တော်အားဖြင့်ကျွန်ုပ် တို့ရရှိထားသော အပြစ်ကင်းသော အသက်တာမှတ်တမ်းကိုသာ ကြည့်ရှုတော့မည်။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



146

ကျွန်ုပ်တို့ထာဝရအသက်ကိုရမည်။ ကျွန်ုပ်တို့လုပ်ဆောင်အောင်မြင်သောကြောင့် လုံးဝမဟုတ်ပဲ ကျွန်ုပ်တို့အ တွက် ကားတိုင်ပေါ်မှ အသက်စွန့်ပေးခဲ့သော ခရစ်တော်ကြောင့်သာဖြစ်တယ်။ ဖြစ်နိုင်ဘွယ်ရာတခုမှာ - ဒံယေလသည် ချိုငယ်နှင့်နောက်ဆုံးတွင်ချိုငယ်ဘာဖြစ်သွားမည်ကို အထူးစိတ်ဝင်စား သဖြင့် ဖြစ်လတ့်သော အခြေအနေကို ယခုပင်ကျော်ပြီး အစနှင့်အဆုံးတခုလုံးကို ကြိုတင်ဖော်ပြထားသော် လည်း တကယ်တမ်းမှာ တရားစီရင်ခြင်း မစတင်မှီ အချိန်အခါတွင် ဖြစ်ပျက်ရန်ရှိပါတယ်။



147

ကမ္ဘာပေါ်တွင် အရေးကိစ္စများ၊ အသေးစိတ်စီစစ်ပြီးသောအခါ ဘုရားသခင်၏ထာဝရတည် တံ့သော နိုင်ငံတော်သို့ မည်သူတို့ပါဝင်ရမည်ကို ဆုံးဖြတ်သည်။ ထိုနိုင်ငံကို ခရစ်တော်အား စိုးမိုးအုပ်ချုပ်ခွင့်ကို ပေးလိုက်တယ်။




148

(ကျမ်းချက်။ ဒံယေလ ၇း၁၄)
'ထိုသူသည် နိုင်ငံနှင့်တကွ အာဏာစက်တန်ခိုးကိုရ၏။





149

အသီးသီးအခြားခြားသော ဘာသာစကားကိုပြောသော လူမျိုးတကာတို့ကို အုပ်စိုးစေခြင်း





150

အာဏာစက်တော်သည် ကမ္ဘာအဆက်ဆက်တည်၏။




151

နိုင်ငံတော်သည် ပျက်စီးခြင်းသို့မရောက်နိုင်ရာ။'
ဒံယေလအနာဂတ္တိကျမ်း ၇း၁၄
ဤနိုင်ငံတော်၏ကောင်းသတင်းကို ဆက်လက်၍ဒံယေလပြောသည်မှာ -




152

(ကျမ်းချက်။ ဒံယေလ ၇း၂၇)
'ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွ အာဏာစက်ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသောဘုရား၏ သန့်ရှင်း သောအမျိုးသားတို့သည် ရကြလိမ့်မည်။'
ဒံယေလ ၇း၂၇။
ဘုရား၏ဘက်တော်သားများ၊ ဘုရားတွင် သန့်ရှင်းသူများတို့သည် ဤထာဝရတည်တံ့သောနိုင်ငံကို ခရစ်တော်နှင့် အမွေခွဲဝေရရှိပိုင်ဆိုင်ကြမည်။

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ



153

(ကျမ်းချက်။ ဒံယေလ ၇း၁၈)
'အမြင့်ဆုံးသောဘုရား၏သန့်ရှင်းသူတို့သည် နိုင်ငံကိုသိမ်းယူ၍ ကမ္ဘာအဆက်ဆက် စံစားကြလတံ့ဟု အနက် အဓိပ္ပါယ်ကိုကြားပြော၏။'
ဒံယေလ ၇း၁၈



154

ဤအပိုင်းသည် နေဗုခဒ်နေဇာ၏ အိပ်မက်မှ ထိန်းချုပ်မှုကင်းမဲ့သော ကျောက်တုံးက ရုပ်ထုကြီး၏ ခြေကို ပြင်းထန်စွာဝင်ဆောင့်သော အပိုင်းဖြစ်သည်။




155

(ကျမ်းချက်။ ဒံယေလ ၂း၃၅)
'ရုပ်တုကိုထိခိုက်သောကျောက်မူကား၊ တိုးပွားသဖြင့် တောင်ကြီးဖြစ်၍ မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသည်'
ဒံယေလ ၂း၃၅။
ဤအလားတူသော ကြိုတင်ဟောပြောချက်နှစ်ခုမှာ - နေဗုခဒ်နေဇာ ၏ အိပ်မက်ဖြစ်သော ရုပ်ထုကြီး အကြောင်းနှင့်


156

ဒံယေလ၏အိပ်မက်ဖြစ်သော သားရဲအကြောင်းဟာ ဘုရားသခင်ကနေ ကမ္ဘာကြီး၏ သမိုင်းကို ရှေးဟောင်း ဗာဗုလုန်မှစ၍ယေရှု မိုးတိမ်စီး၍ကြွဆင်းလာကာ သူ၏ တရားမျှတမှု၊ မေတ္တာတရားတို့နှင့် ပြည့်စုံသော ထာဝရနိုင်ငံတော်ကို တည်ထောင်သည်အထိကို အကျဉ်းချုပ်ဖေါ်ပြခြင်းဖြစ်ပါတယ်။


157

ယနေ့ကျွန်ုပ်တို့သည် သံနှင့်သရွံ့ရောသော ခြေထောက်အချိန်အခါတွင် သက်ရှင်နေထိုင်နေကြပါတယ်။
ကမ္ဘာနှင့်ကမ္ဘာသူကမ္ဘာသားတို့အတွက် အချိန်အနည်းငယ်သာ ကျန်ပါတော့ပါတယ်။
ဒီကြိုတင်ပြောကြားချက်များဖြင့် ကျွန်ုပ်တဦးစီကို ဘုရားရှင်က သတင်းပေးနေပါပြီ။


158

ရာစုများစွာ ကြိုတင်ပြီး ကမ္ဘာကြီး၏သမိုင်းကို ကျမ်းခေါင်းစဉ်တိုနှစ်ခုက ရှင်းလင်းဖေါ်ပြနိုင်ခြင်းဟာ ထူးခြားလှပါ တယ်။ စဉ်းစားကြည့်ပါ။ ရှေးလွန်လေပြီးသောအခါက
ဗာဗုလုန်ပြည်မှာဒံယေလအားပေးခဲ့သောအိပ်မက်သည် ဘုရားရှင်ကလူသားများကို အလွန့်အလွန် ချစ်ကြောင်းပြသခြင်းပင်ဖြစ်ပါတယ်။


159

ယေရှုရှလင်မြို့ပျက်စီးနေသည်ကိုတွေ့လား။
ဘုရား၏လူ အစ္စရေးတွေ ဘာဘီလုန်မှာ ဖမ်းထားကြတယ်။
ခက်ထန်ကြမ်းတမ်းတဲ့အခြေအနေတွေပါ။
သို့သော် ဒီအခြေအနေဆိုးချိန်မှာတောင် ဘုရားကဒံယေလကိုပြောပါတယ်။ 'ငါသည် အရာခပ်သိမ်းကို ထိန်းချုပ်နေပါသည်။'

# ၁၇ – အတုအယောင်ကိုဘယ်လိုတွေ့မြင်နိုင်မလဲ


160

ဘုရင်များ ပေါ်လာပြီးပျောက်ကွယ်သွားမည်။
အင်ပါယာကြီးများတန်ခိုးအာဏာလွှမ်းမည်။ ကျဆုံးသွားမည်။ သို့သော် မြေကြီးပေါ်မှာ ရှိသော
ငါ၏သူငယ် များ ကို ငါဘယ်တော့မှ မမေ့ သူတို့စီမံကိန်းကိုလည်း ဘယ်တော့မျှမမေ့။
တနေ့သော အချိန်တွင် အားလုံးပြည့်စုံမှန်ကန်လာလိမ့်မည်။

မိတ်ဆွေတို့ - မင်းတပါးပြီးတပါး တိုင်းပြည်တခုပြီးတခု ပေါ်လာပြီးပြန်ပျောက်ကွယ်သွားကြပြီ။
သားရဲနှင့်ရုပ်တုကြီးတို့နှင့် ပတ်သက်သော ကြိုတင်ဟောထားချက်များလည်း ပြည့်စုံလုနီးပြီ။
မကြာမီ ယေရှုသည် ကြွလာ၍အာဒံနှင့်ဧဝတို့ဆုံးရှုံးခဲ့သော ကမ္ဘာကို ပြန်လည်ပိုင်ဆိုင်လွှမ်းမိုးအုပ်ချုပ်ရန်
တရားစီရင်ခြင်းကို ဆောင်ရွက်တော့မည်။


161

ကိုယ်တော်သည် ဤလောကတွင်ရှိသော မိမိ၏သားသမီးတို့အား ဘုရားရှင်က
ဘုန်းတန်ခိုးနှင့်ကြွလာတဲ့အခါ မှာ ပါဝင်ဘို့အလိုရှိတယ်။
ထိုကြီးကျယ်မြင့်မြတ်သောနေ့တွင် ကျွန်ုပ်တို့၏ ကယ်တင်ရှင်သခင်ကိုဖူးတွေ့ကြမည်။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း



1


သားရဲတံဆိပ်ဘယ်လိုရှောင်ရမှာလဲ။


2

နေ့ထူးနေ့မြတ်တခုလို့ပဲ ခေါ်ရမှာပေါ့။ နေဗုဒ်ခနေဇာမင်းကြီးက သူ့အပေါင်းပါများနှင့် ပွဲကြီးတခုကျင်းပ
တယ်။ တော်တော့် စိတ်တက်ကြွစရာကောင်းသည့်ပွဲကြီး။


3

ဗာဗုလုန်ပိုင်နယ်အတွင်းလူကြီးလူကောင်းများအားလုံးဖိတ်ထားတယ်။
သူမြော်လင့်စောင့်စားခဲ့သည့်အချိန်အခါ၊ အသက်ရှင်သရွေ့ သတိယအောက်မေ့မည့်နေ့ရက်ပါပဲ။


4

မကြာခင်က ထူးဆန်းတဲ့အိပ်မက်မက်ခဲ့တယ်။ သတ္တုအမျိုးမျိုးနှင့်ပြုလုပ်ထားသည့်ရုပ်ထု။


5

သူဘာမှန်းသတိမရလို့ ဒံယေလက သူ့အိပ်မက်အနက်အဓိပ္ပါယ်နှင့်အိပ်မက်ကိုပါဖေါ်ပြပေးခဲ့တယ်။
တခြားကိစ္စ သူ့စိတ်ထဲမဝင်တော့ဘူး။



6

သူက ရွှေနှင့်ပြုလုပ်ထားသည့်ခေါင်း။
သူ့နိုင်ငံဟာ ဒီကမ္ဘာမှာ ပြိုင်ဘက်မရှိတည်ရှိနေမယ်။
အခုတော့ ဗာဗုလုံနိုင်ငံတော်ဘယ်လောက်ကြီးကြယ်ခန်းနားသလဲ၊ ရှင်ဘုရင်ကိုယ်တိုင်က ဘယ်လောက်မြင့်
မြတ်သလဲဆိုတာ လူတိုင်းသိမြင်လာရမယ်။


7

သူစိတ်တက်ကြွပြီး သူ့လူတွေကို ရွှေရုပ်ထုကြီးထုပေးဘို့အမိန့်ပေးလိုက်တယ်။


8

ရုပ်ထုကြီးရဲ့ဦးခေါင်းတင်မက တကိုယ်လုံးကို ရွှေနဲ့မွမ်းမံထုလုပ်ထားတယ်။
လူတိုင်းအံ့သြငေးမောကြတယ်။ သည်လိုလုပ်ခြင်းအားဖြင့် သူ့နိုင်ငံတော် ဘယ်လောက်ကြီးကျယ်ခန်းနား
ကြောင်း ထာဝရကာလတည်မည့်နိုင်ငံဖြစ်ကြောင်းကမ္ဘာကိုပြသည့်သဘောပေါ့။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း


9

ရှင်ဘုရင်ထုလုပ်ခိုင်းသည့်ရွှေရုပ်ထုကြီးဆက်ကပ်ဂါဝရပြုအစီအစဉ်မှာ တတိုင်းပြည်လူကြီး များ စုံစုံညီညီ တက်ရောက်ခဲ့ကြပါတယ်။



10

လူတွေငြိမ်သက်လာပြီး တံပိုးခရာသံထွက်လာတယ်။
သံတော်ဆင့်တယောက်က ကျယ်လောင်စွာ



11

(ကျမ်းချက်။ ဒံယေလ ၃း၄-၆)
ဒံယေလ ၃း၄-၆
'အသီးသီးအခြားခြားသော ဘာသာစကားကိုပြောသော လူအမျိုးမျိုးတို့



12

တံပိုးခရာ၊ စောင်း၊ ပုလွေ၊ တယော၊ ပတ်တာ အစရှိသော တူရိယာမျိုးတီးမှုတ်ခြင်းအသံကိုကြားသောအခါ



13

ဒီရွှေရုပ်ထုကို ပြပ်ဝပ်ကိုးကွယ်ရကြမည်။



14

နေဗုဒ်ခတ်နေဇာမင်းကြီးတည်ထားတော်မူသော ရုပ်ထုကို



15

မပြပ်ဝပ်မကိုးကွယ်ဘဲနေသောသူမည်သည်ကား



16

မီးလောင်လျက်ရှိသော မီးဖိုထဲသို့ချက်ချင်းချပစ်စေဟု အမိန့်တော်မြတ်ရှိသည်ဟု ဟစ်ကြော်၏။'
ဒံယေလ ၃း၄-၆

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း

၁၈ – ထာဝရတံဆိပ်ခတ်ခြင်း


17

တေးသံများကြားရသည့်အခါ
လူသူအားလုံးပြပ်ဝပ်ပြီးရုပ်ထုကြီးကို ကိုးကွယ်ကြတယ်။ အော် အားလုံးနည်းပါးပေါ့။


18

ပြပ်ဝပ်ကိုးကွယ်ကြသော လူများကြားမှာ ဟေဗြဲလူမျိုးဖြစ်ကြသည့် ရှာဒရက်၊ မေရှက် နှင့်
အဗေဒနေဂေါတို့က ဘုရားရှင်ရဲ့စကားကို ငြင်းပြီး ရုပ်ထုကို ကိုးကွယ်ရတာကို ငြင်းဆန်ခဲ့တယ်။
ဒီဖြစ်စဉ်ရှင်ဘုရင်နားတော်ပေါက်ကြားခဲ့ပါတယ်။




19

(ဗီဒီယို။ ၃ စက္ကန့်)
သူ့အာဏာငြင်းဆိုမှုကို စိတ်ဆိုးစွာဖြင့် ငြင်းဆန်သူအားရှေ့တော်တွင် ဆောင်ခဲ့ဘို့ မိန့်ကြားခဲ့ပါတယ်။



20

(ဗီဒီယို။ ၃ စက္ကန့်)
ဒီဟေဗြဲ လူသုံးယောက်တွေ့တာနဲ့တပြိုင်တည်းဘဲဘယ်သူဘယ်ဝါဖြစ်ကြောင်း
ရှင်ဘုရင်ကသိရှိနားလည်သဘောပေါက်ပါ တယ်။ ဉာဏ်ပညာထက်မြက်ပြီး
အစွမ်းသတ္တိနဲ့ပြည့်စုံသူတွေဖြစ်ပါတယ်။



21

(ဗီဒီယို။ ၂ စက္ကန့်)
သူတို့တွေက လွန်ခဲ့သည့်အချိန်တွေမှာ ပေးထားသည့် တာဝန်ကို ကောင်းမွန်ကျွမ်းကျင်စွာဆောင်ရွက်ခဲ့
သည့် သူများဖြစ်သည့်အတွက် သူတို့ကို နောက်တကြိမ်ခွင့်ပေးချင်သည့် ဆန္ဒနှင့် သူတို့ကို
နာမည်နှင့်ခေါ်ပြီး


22

(ကျမ်းချက်။ ဒံယေလ ၃း၁၅)
‘တေးသံများကြားသည့်အခါ


23

ရုပ်ထုကြီးကို ပြပ်ဝပ်ကိုးကွယ်ရင်. . . မကိုးကွယ်ရင်


24

မီးအိုင်ထဲပစ်ခြင်းခံရမည်။ ဒံယေလ ၃း၁၅။
ရှင်ဘုရင်အနေနှင့်တစ်ခါအမိန့်ပေးပြီးဆိုရင် အမိန့်အတိုင်းလုပ်ရမည်။ ဒါမှမဟုတ်ရင် သူအများရဲ့ ရှေ့မှာ
မျက်နှာပျက်စရာဖြစ်လာမယ်။

# ၁၈ – ထာ၀ရတံဆိပ်ခတ်ခြင်း


25


ရှာဒရက်၊ မေရှက်နှင့်အဗေဒနေဂေါ တို့ကတော့ မီးဖိုကြီးထဲက မီးလျှံကို တွေ့နေရပါတယ်။
ရှင်ဘုရင်လုပ်ဘို့ပြောသည့် ကိစ္စတော့ သံသယရှိစရာအကြောင်းမရှိပါဘူး။


26

သူတို့ဘာလုပ်ရမှာလဲ။ ခင်ဗျားသာဖြစ်ခဲ့ရင်ကော ဘာလုပ်မှာလဲ။
ဘုရားရဲ့အမိန့်ကို လွန်ဆန်ရမှာလား။
သည်လိုအခြေအနေမျိုးရောက်နေမှတော့ တခါဦးချလို့ဘာများထူးမှာလဲလို့ အလွယ်ကလေးပါဘဲလို့
ပြောလိမ့် မယ်။ သူတို့အသက်နှင့်လုံး၀ပတ်သက်လာတာကိုး။
ရှင်ဘုရင်ကို လေးစားမှုပြခြင်းဟာ အရေးကြီးဆုံးမဟုတ်ဘူးလား။



27

သူတို့စိတ်ထဲဒါတွေ၀င်ပုံမပါဘူး။ ငယ်ကတည်းက ဘုရားရှင်ရဲ့ ပညတ်တော်နှင့်သွန်သင်ချက်ရရှိခဲ့သည့်
လူတွေဘဲ။ ပညတ်တော်ထဲမှာ ဘယ်လိုရေးထားသလဲဆိုတော့



28

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၂၀း၄၊၅)
'ရုပ်ထုဆင်းတုကို ကိုယ့်အဘို့မလုပ်နှင့်



29

ဦးမချ၀ပ်မပြုနှင့်။ ' ထွက်မြောက်ရာကျမ်း ၂၀း၄၊၅။
အေးအေးဆေးဆေးနှင့်မနှောင့်နှေးဘဲ သူတို့ပြန်ပြောတဲ့စကားကတော့



30

(ကျမ်းချက်။ ဒံယေလ ၃း၁၆-၁၈)
'အို နေဗုဒ်ခဒ်နေဇာမင်းကြီး၊ ဒီကိစ္စမှာ ကျွန်ုပ်တို့ အဖြေပေးစရာမလိုပါဘူး။



31

ဒီကိစ္စမှာ ကျွန်ုပ်တို့ကိုးကွယ်သည့်အရှင်က ကျွန်ုပ်တို့ကို မီးဖိုမှကယ်နိုင်ပါတယ်။



32

အရှင်မင်းကြီးလက်မှလည်းကယ်တင်လိမ့်မယ်။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း





33

မကယ်ခဲ့ရင်လည်း ကျွန်ုပ်တို့ကတော့ အရှင်မင်းကြီးရဲ့ ဘုရားများကို ကိုးကွယ်မှာ မဟုတ်ဘူးဆိုတာ အသိပေးပါရစေ။



34

ကျွန်ုပ်တို့ အရှင်မင်းကြီးတည်ထားတဲ့ ရွှေရုပ်ထုကြီးကို လည်းကိုးကွယ်မှာမဟုတ်ဘူး။
ဒံယေလ ၃း၁၆-၁၈
သည်နောက်ပိုင်းဖြစ်ရပ်သည်ကတော့ စိတ်ဝင်စားစရာ တော်တော်ကောင်းပါတယ်။
ရှင်ဘုရင်ကြီးလည်းစိတ်ဆိုးပြီး အစကထက်ပိုပြီး မီးဖိုကြီးကိုခုနှစ်ဆပူစေဘို့အမိန့်ပေးလိုက်တယ်။


35


ရှာဒရက်၊ မေရှက် နှင့် အဗေဒနေဂေါ တို့ကို ကြိုးနှင့်တုပ်ပြီး မီးဖိုကြီးထဲသို့ပစ်ချဘို့ရန် အမိန့်ပေးလိုက်တယ်။ မီးပူဟပ်လို့ ပစ်ချသည့်စစ်သားသုံးယောက်တောင်နောက်ပြန်လဲသေသွားရှာတယ်။


36

ရှင်ဘုရင်ကြီးက ချက်ချင်းမီးဖိုကြီးနားပြေးလာပြီး
သူ့အကြံပေးအရာရှိများအားအော်ကြီးဟစ်ကြယ်နှင့်ပြောလိုက် တာက ‘မီးလျှံထဲမှာ လူလေးယောက်လမ်းလျှောက်နေတာ သူတွေ့တယ်။ တစ်ယောက်က ဘုရားရဲ့သားတော်နှင့် တူလိုက်တာ’။


37

ကျွန်ုပ်တို့ဘုရားဟာ မီးဖိုထဲမှာ ကျွန်တော်တို့နှင့်အတူရှိတယ်။ သူဟာအစွမ်းထက်တန်ခိုးကြီးသည့်ကယ်တင်ရှင်ဘဲဖြစ်ပါတယ်။


38

နေဗုဒ်ခနေဇာက သည် ဟေဗြဲလူသုံးယောက်ကို မီးဖိုထဲကထွက်လာဘို့မိန့်တော်မူသည့်အခါ
သူတို့သုံးယောက်သား ခြေမွေးမီးမလောင်လုံးဝမီးအနံ့မရဘဲထွက်လာခဲ့ကြတယ်။
ရွှေရုပ်ထုကြီးကိုသတိရတော့မှာမဟုတ်ဘူး။ သည်လူသုံးယောက်ရဲ့ အဖြစ်အပျက်က နှစ်အတော်ကြာကြာ သူများရဲ့ ပြောမြဲစကားတစ်ရပ်အဖြစ်နဲ့ကျန်ရစ်ခဲ့မှာပါဘဲ။


39

သူတို့ရဲ့ ဘုရားက မီးလျှံထဲက ကယ်နှုတ်ခဲ့တယ်။ သူ့ကို ယုံကြည်ကိုးစားသည့်သူများအတွက် ဘုရားရှင်ရဲ့ မေတ္တာနှင့်ကွယ်ကာဆောင်မမှုရဲ့ ကြီးကျယ်ခြင်းရဲ့သက်သေသာဓကတစ်ခုပေါ့။
နောက်နောင်ကျွန်ုပ်တို့လည်း ဘယ်လိုဝတ်ပြုရမည်လို့ ညွှန်ကြားမည့်လူပေါ်လာလိမ့်ဦးမှာဘဲ။
ဒီဟေဗြဲသုံးယောက်လိုဘဲ ဝတ်ပြုမှုနှင့် စပ်လျဉ်းပြီး သေခြင်းဘေးကို ကျွန်ုပ်တို့ကြုံရဦးမဲ့အချိန် ရောက်လာမှာဘဲ။


40

‘အခုတော့ ဘယ်သူကမှ ကျွန်တော်တို့ကို ဘယ်လိုဝပ်ပြုရမည်ကို မပြောသည့်အတွက် ဝမ်းသာလိုက်တာ လို့ပြောမိလိမ့်မယ်။
သူများအမိန့်ပေးသလို ဝပ်မပြုလို့အသေသတ်ခံမည်ဆိုတာတော်တော့ကို ကြောက်စရာကောင်းမှာ။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း


41

ကြီးကျယ်တဲ့ ဒုက္ခဆင်းရဲခြင်းဟာ ကျွန်တော်တို့ကဆီကို အကြာခင်ရောက်လာလိမ့်မယ်ဆိုတာ ကျမ်းစာတော်မှာ ဗျာဒိတ်ပေးထားတာသိသလား။



42

ဒီဟေဗြဲလူသုံးယောက်လိုဘဲ ကမ္ဘာနောက်ဆုံးအချိန်မှာ အသက်ရှင်တဲ့လူယောက်တိုင်းက ရွေးချယ်ရမဲ့ အချိန်ရောက်လာမှာ ဖြစ်ပါတယ်။
ကျွန်ုပ်တို့ရဲ့ အသက်တာ နောက်ဆုံးအတွက် ထာဝရဆုံးဖြတ်ချက်ဖြစ်လိမ့်မယ်။


43

ဗာဗုလုန်နိုင်ငံရဲ့ရှင်ဘုရင်ကြီးကတော့ ကိုးကွယ်ဘို့ ရုပ်တုလုပ်လိုက်တယ်။
ဒီကိစ္စရဲ့အဓိကသော့ချက်ကတော့ ကိုးကွယ်ခြင်းပါဘဲ။
ဒုတိယပညတ်တော်ဖြစ်သည့် ရုပ်ထုကိုးကွယ်ခြင်းတာမြစ်ချက်က စစ်မှန်တဲ့ဘုရားကို ကိုးကွယ်ခြင်းနှင့် မစစ်မှန်တဲ့ ဘုရားကိုးကွယ်ခြင်းအကြား သစ္စာရှိမရှိဆန်းစစ်ခြင်းပါဘဲ။
အစကထက်ပိုပြီး မီးခုနှစ်ဆ ပူအောင်လုပ်ခဲ့ပါတယ်။
ခက်ခဲရာကာလအားလုံးမှ အခက်ခဲဆုံးအချိန်ဖြစ်ပါတယ်။
အသင်းတော်နှင့်အစိုးရပူးပေါင်းပြီးသူတို့ရဲ့ အာဏာဖိဆန်မှုဟာ သေခြင်းပင်ဖြစ်ပါတယ်။
နောက်တချိ ကမ္ဘာ့တန်ခိုးကြီးအာဏာရှင်တစ်ဦးအားဖြင့် အသင်းတော်နှင့်အစိုးရကို ပူးပေါင်းမည်လို့ ဘုရားက ဗျာဒိတ်ကျမ်းမှာ ဖေါ်ပြထားပါတယ်။
ဒီကိစ္စအဓိက အချက်အချာကတော့ ကိုးကွယ်ခြင်းကိစ္စပါဘဲ။
သေဒဏ်ချမှတ်သည့်နောက်ဆုံးဘေးဒဏ်တည် ကြည်မှုအဆုံးကဖြစ်ကတော့ ပညတ်တော်ဘဲဖြစ်ပါတယ်။



44

ဗျာဒိတ်ကျမ်း မှာ အရေးကြီးဆုံးအသိပေးချက်ကိုတွေ့နိုင်ပါတယ်။ ဘုရားရှင်ကိုယ်တော်တိုင် အရေးတကြီးထား ပါတယ်။ ဘုရားရှင်က ဘယ်လိုမိန့်မြွက်ထားသလဲဆိုတော့



45

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၃း၉)
'နားရှိသည့်လူကြားပါစေ။' ဗျာဒိတ်ကျမ်း ၁၃း၉။
ဒီအရေးကြီးလှသည့် ဒီသတင်းစကားကို နားထောင်ကြပါစို့။



46

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၉၊၁၀)
'သားရဲကိုကိုးကွယ်ပြီး သူ့အမှတ်တံဆိပ်ကို နဖူးသို့မဟုတ်လက်မှာ ရရှိသောသူသည်



47

ဘုရားသခင်၏ဒေါသဖလား၌

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း





48

လောင်သော အမျက်တော်စပျစ်ရည်စစ်ကိုသောက်ရလိမ့်မည်။



49


သန့်ရှင်းသော ကောင်းကင်တမန်တို့ရှေ့၊ သိုးသငယ်ရှေ့တွင်၊ ကန့်နှင့်ရောသော မီးထဲမှာ ပြင်းစွာသော ညည်းဆဲခြင်းကို ခံရလိမ့်မည်။' ဗျာဒိတ်ကျမ်း ၁၄း၉၊၁၀။


50

ဒီဗျာဒိတ်ကျမ်းကို လူတိုင်းဖတ်ပြီး သတိနဲ့နေဖို့ကတော့သားရဲသို့မဟုတ်သူ့အမှတ်တံဆိပ်နှင့်လုံးဝ မပတ်သက်ဘဲ ရှင်းရှင်းနေဘို့ပါဘဲ။


51

နောက်ဆုံးသောနေ့မှာ လူနှစ်စုဘဲခွဲမှာဖြစ်ပါတယ်။
ဘုရားသခင်ကိုတည်ကြည်ပြီးပညတ်တော်အတိုင်း လိုက်လျှောက်သည့်အဖွဲ့နှင့်သားရဲ့ကို ကိုးကွယ်ပြီးသူ့အမှတ်တံဆိပ် ရသော အဖွဲ့ဖြစ်ပါတယ်။



52

သားရဲ သို့မဟုတ် သူ့အမှတ်တံဆိပ်ရရှိသူများကြီးစွာသော ဒုက္ခခံရမယ်။
ယေပြလူငယ်သုံးယောက်နေဗုဒ်ခတ်နေဇာရှေ့မှာ ထသည့်အချိန်အခါလိုဘဲ ကြီးကျယ်သည့် အချိန်အခါဖြစ် မည်။



53

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၃း၁၆၊၁၇)
'ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည် လက်ျာ လက်၌ ဖြစ်စေ၊ နဖူး၌ဖြစ်စေ တံဆိပ်လက်မှတ်ကို ခံစေခြင်းငှါ၄င်း၊



54

ထိုတံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏နာမဖြစ်စေ၊ နာမ၏အရေအတွက်ဖြစ်စေ၊ တခုခုကိုမခံသော သူတယောက်မျှ မရောင်းမဝယ်စေခြင်းငှါ၄င်း စီရင်၏။'
ဗျာဒိတ်ကျမ်း ၁၃း၁၆၊၁၇


55

နောက်ဆုံးမှာ သားရဲနှင့်သူ့ရုပ်ထုကို မကိုးကွယ်သောသူတိုင်း သေဒဏ်ချမှတ်ခြင်းခံရမည်။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း




56

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၃း၁၅)ဗျာဒိတ်ကျမ်း ၁၃း၁၅ မှာ
ဒုတိယသားရဲအကြောင်းကိုဖေါ်ပြထားပါတယ်။
သားရဲ၏ရုပ်တုသည် စကားပြောနိုင်မည်အကြောင်းနှင့်





57

မိမိကို မကိုးကွယ်သောသူရှိသမျှတို့ကို သတ်ခြင်းငှါ ပြုနိုင်မည်အကြောင်း ရုပ်တု၌အသက်ကို
သွင်းပေးရသော အခွင့်ကို လည်းရ၏။ဗျာဒိတ်ကျမ်း ၁၃း၁၅



58

သားရဲကို မကိုးကွယ်ရင်ရောင်းဝယ်ခွင့်မရယုံမက အသေသတ်ခြင်းခံရမည်လို့ လူတွေက ပြောတယ်။



59

ဘုရားကတော့ 'သားရဲကို ကိုးကွယ်ရင်ဘုရားရဲ့ဒေါသဖလားကစပျစ်ရည်စစ်ကို သောက်ရမယ်'
လို့ပြောထားပါတယ်။



60

လောကလူသားတိုင်း အခက်ခဲဆုံးသောဆုံးဖြတ်ချက်ကို ချရမှာဘဲ။
လူဆိုးများပေါ် လောင်းချမည့်ဘုရားရဲ့ စီရင်ချက်များဟာ ဘာလဲ။
ဗျာဒိတ်ကျမ်းမှာ အဖြေရှိပါတယ်။




61

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၅း၁)
'တဖန်တုံ၊ ဘုရားသခင်၏အမျက်တော်ကို ပြီးစီးစေသော နောက်ဆုံးဘေးဒဏ်ခုနှစ်ပါးရှိသော




62

ကောင်းကင်တမန်ခုနှစ်ပါးတည်းဟူသော၊ ကောင်းကင်၌အံ့ဘွယ်သော နိမိတ်ကြီးနှင့်အခြားတပါးကို
ငါမြင်ရ၏။
ဗျာဒိတ်ကျမ်း ၁၅း၁



63

ဘေးဒဏ်ခုနှစ်ပါးရဲ့နောက်ဆုံးသုံးပါးကတော့ သားရဲနှင့်သူ့ကို ကိုးကွယ်သော သူများအားရည်ရွယ်ထားပါ
တယ်။ ဘုရားကတော့ သူ့စီရင်ချက်များကို အသိမပေးဘဲ မရောက်စေရပါဘူး။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း





64

ဒါဘုရားရဲ့ထူးကဲမှုတစ်ခုဖြစ်ပါတယ်။
သားရဲတံဆိပ်က ဘယ်လိုရှောင်ရမည်ဆိုတာကို လူတိုင်းသိရှိနားလည်ဘို့အခွင့်အရေးမရမချင်း ဘေးဒဏ်ခုရှစ်ပါးကို လူသားများအပေါ်ကျရောက်မှာမဟုတ်ဘူး။




65

သူရဲ့နောက်ဆုံးသတိပေးချက်က ဗျာဒိတ်ကျမ်းကောင်းမွန်စွာနားလည်နိုင်ဘို့သော့ချက်ကိုပေးထားပါတယ်။
ပြင်ဆင်မှုမရှိဘဲ ကြုံစရာအကြောင်းမရှိပါဘူး။ သားရဲသြဇာအာဏာဘာလဲဆိုတာကို သိပြီး သူ့အမှတ်တံဆိပ်ကို ဘယ်လိုရှောင်ရှားမည်ဆိုတာ ကောင်းမွန်စွာနားလည်ဘို့ အရေးကြီးလှပါတယ်။



66

ဗျာဒိတ်ကျမ်းထဲက ကြိုတင်ဟောထားချက်တစ်ခုနဲ့ သားရဲရဲ့အာဏာဆက်အကြောင်းဖတ်ရအောင်။




67

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၃း၁-၈)
တမန်တော်ယောဟန်က ‘ပင်လယ်နား၌သဲပေါ်မှာ ငါရပ်၍ သားရဲတကောင်ဟာ ပင်လယ်ထဲကတက်လာတာ ကို သူမြင်တယ်။’



68

ထိုသားရဲသည် ခေါင်းနှစ်ခုနှစ်လုံးနှင့်ချိုဆယ်ချောင်းနှင့်ချိုများပေါ်တွင် သရဖူများသော်ငှင်း



69

ခေါင်းများပေါ်တွင်လည်း ဘုရားသခင်၏ နာမတော်ကို ရှုတ်ချသော နာမရှိ၏။



70

ထိုသားရဲသည် ကျားသစ်နှင့်တူ၍ သူ့ခြေများသည် ဝံချေကဲ့သို့ဖြစ်၏။



71

သူ၏နှုတ်သည်လည်း ခြသေ့်နှုတ်ကဲ့သို့ဖြစ်၏။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း



72

နဂါးသည် မိမိတန်ခိုးနှင့်မိမိပလ္လင်ကို သော်၎င်း၊ ကြီးစွာသော အာဏာစက်ကို ၎င်း၊ သားရဲ၌အပ်ပေး၏။
ဗျာဒိတ်ကျမ်း ၁၃း၁၊၂



73

သားရဲခေါင်းတစ်လုံးသည် သေအောင်ကွက်မျက်ပြီးသကဲ့သို့ဖြစ်၍



74

သေစေသောဒဏ်ချက်သည် ပျောက်လျက်ရှိ၏။ မြေကြီးသားအပေါင်းတို့သည် သားရဲနောက်သို့လိုက်၍ အံ့ဩကြ၏။



75

ထိုသားရဲ၌အာဏာစက်ကို အပ်ပေးသောနဂါးကို ကိုးကွယ်ကြ၏။



76

သားရဲကိုလည်းကိုးကွယ်၍၊ အဘယ်သူသည် သားရဲနှင့်တူသနည်း။



77

အဘယ်သူသည် သူ့ကို စစ်ပြိုင်နိုင်သနည်း ဟုပြောဆိုကြ၏



78

ထိုသားရဲသည်လည်း မြေကြီးစွာသော စကားကို၎င်း၊ ဘုရားသခင်ကိုပြစ်မှားသော စကားကို၎င်း၊ ပြောတတ်သော နှုတ်နှင့်ပြည့်စုံ၍



79

လ လေးဆယ်နှစ်လပတ်လုံး စီရင်သော အခွင့်ကိုရ၏။
ဗျာဒိတ်ကျမ်း ၁၃း၃-၅။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း



80

ဘုရားသခင်ကို ပြစ်မှားသော စကားအားဖြင့် နာမတော်နှင့်တဲတော်ကိုင်း




81

ကောင်းကင်သားတို့ကိုင်း၊ ပြစ်မှားခြင်းငှါ နှုတ်ကိုဖွင့်ထား၏။



82

သန့်ရှင်းသူတို့ကို စစ်တိုက်၍နိုင်ရသောအခွင့်ကိုရ၏။



83

အသီးအသီးဘာသာစကားကို ပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့ကို အုပ်စိုးရသော အခွင့်ကိုလည်းရ၏။



84

ကွပ်မျက်သော သိုးသငယ်၏အသက်စာစောင်၌ ကမ္ဘာဦးကပင် စာရင်းမဝင်သော




85

မြေကြီးသားအပေါင်းတို့သည် သားရဲကို ကိုးကွယ်ကြ၏။ဗျာဒိတ်ကျမ်း ၁၃း၆-၈


86

ဒီအနာဂတ်စကားကို ကျွန်ုပ်တို့တချက်ပြီးတချက်ကြည့်ကြရအောင်။
ဒီမှာလည်း ဘုရားရှင်က ကမ္ဘာကြီးရဲ့အနာဂတ်ဖြစ်စဉ်ကို ပုံဆောင်ခြင်းနှင့် ပြည့်နှက်လျက်ရှိပါတယ်။


87

သားရဲက ဘာကို ပုံဆောင်တာလဲ။
ဒံယေလ အခန်းကြီး ၇ အားဖြင့် သားရဲက အာဏာစက်ကိုသော်၄င်း၊ နိုင်ငံကိုသော်၄င်း ပုံဆောင်ပါတယ်။
ဒီဗျာဒိတ်ကျမ်းမှာ ဒံယေလရဲ့သားရဲလေးကောင်ကို တွေ့ရပါတယ်။ ဒီလိုသားရဲဘယ်မှာမှ တွေ့ဘူး မှာ မဟုတ်ဘူး။
ဒံယေလရဲ့သားရဲလေးကောင်ကို ပြန်လေ့လာရင် ဒီသားရဲရဲ့ ဩဇာအာဏာကိစ္စပိုနားလည်လာလိမ့်မည်။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း




88

ခြင်္သေ့ကြီးက ဘာကို ပုံဆောင်တာလဲ။
ဟုတ်ပါတယ်၊ ဗာဗုလုံပါ။




89

ဝက်ဝံ?
ဟုတ်ပြီ၊ မှန်တယ်။ မေဒိပေရသိပေါ့။



90

ကျားသစ်ရော?
ရောမ၊ ဟုတ်ပြီ။




91

ကြောက်မက်ဘွယ်ကောင်းသည့်ချိုဆယ်ချောင်းနှင့်သားရဲကော?
ခင်ဗျားတို့ကောင်းကောင်းမှတ်မိတယ်။ ဟုတ်တယ်၊ ရောမနိုင်ငံတော်ကို ပုံဆောင်ပါတယ်။


92

ဗျာဒိတ် ၁၃ က သားရဲဟာ ဒီသားရဲလေးကောင်ရဲ့ နောက်ဆက်တွဲ အာဏာစက်။
ဒီမှာ တော်တော်မှတ်သားလောက်သည့်အရာတစ်ခုတွေ့ရပြီ။ ဒီအချက်အလက်အားလုံးနှင့်ပြည့်စုံသည့်
အာဏာစက်တစ်ခုတည်းဘဲရှိတယ်။
ကျမ်းစာနှင့်ကမ္ဘာ့သမိုင်းက နေ သေသေချာချာနားလည်နိုင်ပါတယ်။



93

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၃း၂)
နဂါးက သူ့အာဏာ၊ သူ့ပလ္လင်နှင့်ကြီးစွာသော ဩဇာအာဏာပေးလိုက်တယ်။
နဂါးက စာတန်ကို ပုံဆောင်ပါတယ်။
ကျမ်းစာတော်မြတ်က ဘယ်လိုရေးထားသလဲဆိုတော့



94

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၂း၇-၉)
‘ကောင်းကင်၌စစ်ဖြစ်၏



95

နဂါးကြီးပစ်ချခြင်းခံရ၏။ မြွေဆိုး၊ နတ်ဆိုး၊ တစ်ကမ္ဘာလုံးကိုလှည့်ဖြားသောစာတန်
ဗျာဒိတ်ကျမ်း ၁၂း၇-၉

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း



96

စာတန်ကတော့ ကိုယ်တိုင်ကိုယ်ကျလူများမြင်နိုင်အောင်တော့မပါဘူး။ နောက်ကွယ်မှာ ကိုယ်စားပြုပြီး သူ့အာဏာစက် အားဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။
စာတန်နှင့်အသင်းတော်ကြားစာတန်ရဲ့လုပ်ဆောင်ချက်များကို ဗျာဒိတ်ကျမ်းကဖေါ်ပြပါတယ်။




97

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၂း၃-၅)
ကောင်းကင်၌အခြားသော နိမိတ်လက္ခဏာပေါ်လာသည်ကား အဆင်းနီသောနဂါးကြီးသည်




98

ခေါင်းခုနှစ်လုံးနှင့်ချိုဆယ်ချောင်း၊ ခေါင်းပေါ်က သရဖူခုနှစ်လုံး




99

သားဖွားတော့မည်အမျိုးသမီးနှင့် သူ့ရှေ့ကနဂါးသည် အကြံနဲ့ရပ်လျက




100

သားဖွားတာနဲ့ မျိုချဘို့အသင့်ပြင်ထားတယ်။




101

အမျိုးသမီးက လူသားအားလုံးကို သံလှံတံတော်နှင့် အုပ်ချုပ်မည့်သားကိုဖွားလေ၏။




102

ထိုသားတော်ကို ဘုရားသခင့်ထံသို့၎င်း၊ ပလ္လင်တော်သို့၎င်း ချီယူတော်မူ၏။
ဗျာဒိတ်ကျမ်း ၁၂း၃-၅



103

သားတော်က ဘယ်သူလဲ။
သခင်ခရစ်တော်ဖြစ်တယ်။
စာတန်က သခင်ခရစ်တော်ကို သတ်ဖြတ်ဘို့ အာဏာစက်များအားဖြင့် အမျိုးမျိုး ကြိုးစားခဲ့တယ်။
အဖြစ်အပျက်ကဒီလို။
ခရစ်တော်ဖွားမြင်သည့်အချိန်မှာ ဘယ်လူမျိုးတွေနဲ့ နတ်ဆိုးကပူးပေါင်းပြီးဆောင်ရွက်တာလဲ။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း



104

သခင်ခရစ်တော်ဖွားမြင်သည့်အချိန်မှာ စီဇာဘုရင်များက ရောမနိုင်ငံကို အုပ်စိုးခဲ့ကြောင်းရာဇဝင်သမိုင်းမှ တွေ့ရှိရပါတယ်။


105

ဟေရုဒ်မင်းက သခင်ခရစ်တော်ကို သတ်ဘို့ရန် ဗက်လင်မြို့ရှိ နှစ်နှစ်အောက်ကလေးအားလုံး သတ်ဘို့ အမိန့်ပေးခဲ့ပါတယ်။


106

ရောမဘုရင်ခံ ပွန်တီယပ်ပိလတ်က ခရစ်တော်အသေသတ်ခံဘို့ရန် အမိန့်ချခဲ့ပါတယ်။


107

ရောမစစ်သားတွေက သူ့ကို လက်ဝါးကပ်တိုင်မှာ သတ်ခဲ့ကြတယ်။ စာတန်က ရောမလူများမှ တဆင့် ခရစ်တော်ကို ဖျက်ဆီးရန်ကြိုးစားခဲ့ကြပါတယ်။


108

ခရစ်တော်က အနာဂတ်ဟောထားသည့်အတိုင်း ပြန်လည် ထမြောက်ခဲ့တယ်။
ဒါ ဒီက ကျမ်းစာရဲ့အနာဂတ္တိစကားများဟာ ခင်ဗျားတို့ ယုံကြည်ထိုက်တယ်လို့ဆင်ခြင်မိရဲ့လား?


109

အနာဂတ္တိစကားမှာ ရောမက ဩဇာအာဏာ၊ ပလ္လင်နှင့်ကြီးစွာသော အာဏာစက်ကို သားရဲအားပေးလိုက်တယ်။



110

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၃း၂)
ဒီအနာဂတ္တိစကားဟာရောမအုပ်စိုးမှုနဲ့ဘဲပြည့်စုံသွားသလား?
နောက်ပြီးဘယ်သူ့ဆီပေးလိုက်တာလဲ။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း


111

နှစ်ပေါင်းရာနှင့်ချီပြီး ရောမအသင်းတော်က
'ကွန်စတန်တင်းရဲ့ အမွေဆက်' စာတမ်းစာချုပ်တစ်ခုကို အသုံးပြုလျက်ရောမမြို့တော်အပေါ် သြဇာအာဏာပြလျက်ရှိပါတယ်။ တကယ်တော့ ရောမအရှေ့ပိုင်းနှင့်အနောက်ပိုင်းကို နိုင်ငံရေးနှင့်ဘာသာရေးဖြင့်တွဲဘက်အုပ်ချုပ်ပိုင်ခွင့်ဆိုတာ မမှန်ပါဘူး။
ဒီစာချုပ်ကို အမှီပြုပြီး နိုင်ငံတစ်ခုအနေဖြင့်သော်၄င်း၊ ပါပါရဟန်းမင်းကို ရှင်ဘုရင်အရာ၌၄င်း တင်ထားတာပါ။


112

အေဒီ ၃၀၀ အတွင်းမှာ ကွန်စတန်တင်က သူမြို့တော်ကို ဘန်ဇင်းတဲအမ်းသို့ပြောင်းပြီး ကွန်စတန်တင်နိုပယ် လို့ သူ့နာမကို အစွဲပြုပြီး နာမည်ပြောင်းခဲ့ပါတယ်။


113

ကွန်စတန်တင်းက သူထွက်သွားသည့်အချိန်မှာ သူ့ပလ္လင်ကို ရောမဂိုဏ်းချုပ်ကိုပေးလိုက်သည့်အခါ သူက အသင်းတော်ခေါင်းဖြစ်လာပြီး ရာဇပလ္လင်နှင့်ရှင်ဘုရင်ဖြစ်လာပါတယ်။ နိုင်ငံရေးနှင့်ဘာသာရေးပေါင်းပြီး နိုင်ငံကို အုပ်စိုးခဲ့ပါတယ်။


114

ဗာတီကင်မြို့တော်ဟာ ရောမနိုင်ငံရဲ့ အလယ်ဗဟိုလ်မှာတည်ရှိပြီး ရောမအင်ပါယာရဲ့ရုံးဆိုက်ရာမြို့တော်ဖြစ်လာပါတယ်။


115

ရောမအသင်းတော်က အခုထိပါဘဲ။ ဘာသာရေးခေါင်းဆောင်အဖြစ် သာမကဘဲ နိုင်ငံရေးခေါင်း ဆောင်လည်းဖြစ်နေဆဲပါ။ ကမ္ဘာနိုင်ငံအားလုံးနီးပါးက ဗာတီကင်မြို့တော်သို့သံတမန်များစေလွှတ်ကြပါတယ်။


116

အနာဂတ္တိစကားကတော့ လူပုဂ္ဂိုလ်ကို ပြောတာမဟုတ်ဘဲ ဘာသာရေးမဟုတ်ဘဲ အဖွဲ့အစည်းတစ်ခု၊ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းတခုကို ညွှန်နေတာပါ။


117

ဘုရားကို ရိုးရိုးသားသား ဝတ်ပြုတဲ့သူအမြောက်အများထဲမှာ အခုခင်ဗျားနားလည်သည့် အာဏာစက်အကြောင်း မသိသေးသော လူအမြောက်အများရှိ နေပါတယ်။


118

အနီးကပ်လေ့လာသည့်အခါတော့ ဗျာဒိတ်၁၃ မှာ သားရဲနှင့် ဒံယေလ ၇ မှာ ပါတဲ့ ချိုငယ်လေးတို့ရဲ့ ပုံဆောင်ချက် သူ့အာဏာစက်နှင့်ထပ်တူဖြစ်ကြောင်းသိရပါ တယ်။

၁၈ – ထာဝရတံဆိပ်ခတ်ခြင်း

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း




119

ပရောဖက်ယောဟန်ဖော်ပြထားချက်အရ ဒီသားရဲအာဏာစက်က သီးခြားအမှတ်အသားရှိပြီး လူသားများအပေါ် အာဏာနှင့်လုပ်ဆောင်မှာဖြစ်ပါတယ်။




120

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၃း၁၆၊၁၇)
ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ အကြီးအငယ်ရှိသမျှတို့သည် လက်ျာလက် ၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ တံဆိပ်လက်မှတ်ကို ခံစေခြင်းငှါ၄င်း၊




121

ထိုတံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏နာမဖြစ်စေ၊ နာမ၏အရေအတွက်ဖြစ်စေ၊ တခုခုကို မခံသောသူ တယောက်မျှ မရောင်းမဝယ်စေခြင်းငှါ စီရင်၏။
ဗျာဒိတ်ကျမ်း ၁၃း၁၆၊၁၇



122

ကျမ်းစာအရဒီသားရဲအမှတ်တံဆိပ်ဟာ ဘုရားအုပ်စိုးမှုကို ပုန်ကန်ခြင်း သို့မဟုတ် မတည်ကြည်ခြင်းအမှတ်အသားပါ။ ကျမ်းစာက ဒီသားရဲရဲ့အမှတ်တံဆိပ်မရသည့် အခြားလူတစုဖော်ပြထားတယ်။



123

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၁၂)
'ဘုရားသခင်ပညတ်တော်ကိုသော်၄င်း၊ ယေရှုယုံကြည်ခြင်းကို ၄င်း၊ စောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤအရာ၌သည်းခံစရာအကြောင်းရှိ၏။
ဗျာဒိတ်ကျမ်း ၁၄း၁၂




124

မမှားမိနှင့်၊ အရေးကြီးသည့်ဆုံးဖြတ်ချက်က ဘုရားသခင်ရဲ့ပညတ်တော်ကိုလိုက်နာမှုအပေါ် အခြေခံတယ်။ တချို့က သားရဲအမှတ်တံဆိပ်ရပြီး တချို့က ပညတ်တော်ကို စောင့်လျက် ခရစ်တော်ယုံကြည်ခြင်း၌သစ္စာရှိကြပါတယ်။




125

ဘုရားရဲ့လူများကလည်း အမှတ်တံဆိပ်ရကြမည်။ ဒါက ဘုရားရဲ့ အမှတ်အသား သူ့တံဆိပ်တော်ပေါ့။



126

သူ့ကို ယုံကြည်ကိုးစားသော သူများနဖူးမှာရှိရမှာ။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း


127

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၇း၂၃)
'အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်ပါသော ကောင်းကင်တမန်တပါးသည် အရှေ့မျက်နှာက တက်လာသည်ကို ငါမြင်၏။


128

သူသည်လည်း မြေနှင့်ပင်လယ်တို့ကို ညှင်းဆဲရသော အခွင့်ရှိသော ကောင်းကင်တမန်လေးပါးကို အသံလွှင့်၍


129

ငါတို့ဘုရားသခင်၏ကျွန်တို့ကို နဖူး၌တံဆိပ်မခတ်မှီ တိုင်အောင် မြေ၊ ပင်လယ်၊ သစ်ပင်တို့ကို မညှင်းဆဲပါနှင့် ဟု


130

ကြီးသောအသံနှင့် ကြွေးကြော်လေ၏။
ဗျာဒိတ်ကျမ်း ၇း၂၃


131

ဒီတံဆိပ်ကျွန်တော်လိုချင်တယ်၊ ခင်ဗျားကော?
ဒီလောက်အရေးကြီးတာ တခြားဘာမှမရှိဘူး။
နောက်ဆုံးရွေးချယ်ခြင်းက ဘုရားရဲ့တံဆိပ်တော်နှင့် သားရဲရဲ့ အမှတ်တံဆိပ်ပါ။
ဘုရားရဲ့တံဆိပ်တော်နှင့်တံဆိပ်တုပေါ့။
ဘုရားရဲ့တံဆိပ်တော်အမှတ်အသားကို နားလည်ရင် သားရဲက အာဏာစက်ပေးတဲ့တံဆိပ်တုကို ကျွန်ုပ်တို့သိလာနိုင်မှာဖြစ်တယ်။ ဘုရားက သူ့အမှတ်အသားနှင့် တံဆိပ်ကိုတော့ ဖေါ်ပြထားပါတယ်။


132

(ကျမ်းချက်။ ယေဇကျေလ ၂၀း၁၂)
'ထိုမှတပါး ငါထာဝရဘုရားသည် သူတို့ကိုသန့်ရှင်းစေမည်ဟု သူတို့သည် သိမည်အကြောင်း၊ ငါနှင့်သူတို့စပ် ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှါ၊ ငါ၏ဥပုသ်နေ့ကို ငါခန့်ထား၏။
ယေဇကျေလ ၂၀း၁၂


133

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၃၁း၁၃)
ထွက်မြောက်ရာကျမ်း ၃၁း၁၃ မှာ ဘုရားရှင်က ဘယ်လိုမြွက်ကြားထားသလဲဆိုတော့
'ငါသည် သင်တို့ကိုသန့်ရှင်းစေသော ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိစေခြင်းငှါ၊


134

ငါနှင့်သူတို့၏ သားစဉ်မြေးဆက် စပ်ကြား၌ လက္ခဏာသက်သေဖြစ်ဘို့ရာ

# ၁၈ – ထာ၀ရတံဆိပ်ခတ်ခြင်း




135

ငါ့ဥပုသ်နေ့ကို စင်စစ်စောင့်ရကြမည်။' ထွက်မြောက်ရာကျမ်း ၃၁း၁၃




136

ဘုရားက ဥပုသ်နေ့ဟာ သူ့အမှတ်အသားလက္ခဏာဖြစ်တယ်လို့ဖော်ပြထားပါတယ်။
သားရဲက ဘယ်လိုပြောသလဲဆိုတော့ ဒီအမှတ်အသားလက္ခဏာဟာ သူ့ရဲ့ အာဏာစက်ပေါ်မှာ
တည်တယ်ဆို တာဘာလဲ။




137

ကလ်သိုလိပ်ကလ်သစီစမ်မှာဖော်ပြထားသည့်အတိုင်း၊
အမေး၊ အသင်းတော်က ပွဲနေ့နှင့်သန့်ရှင်းရာနေ့များ ဘယ်လိုသတ်မှတ်ပိုင်ခွင့်ရှိတယ်လို့ပြောပါသလဲ?




138

အဖြေ၊ ဥပုသ်နေ့ကို တနင်္ဂနွေနေ့သို့ပြောင်းလိုက်ပြီး ခရစ်ယာန်တို့က သိုက်သိုက်မြိုက်မြိုက်
လိုက်လျှောက်ကြ တယ်။




139

တနင်္ဂနွေနေ့ကို စောင့်၍အခြားပွဲနေ့များကို ချီးဖေါက်ခြင်းဖြင့် သူ့တို့ကိုယ်တိုင်ပြောင်းပြန်ဆံခတ်ဖြစ်ကြပြီ။




140

အမေး၊ အသင်းတော်က ပွဲများထုံးဖွဲ့ချက်များလုပ်နိုင်ဘို့ အာဏာရှိကြောင်းဘယ်လိုပြသနိုင်မှာလဲ?



141

အဖြေ၊ ဒီသြဇာအာဏာမရှိရင် တပတ်တာရဲ့ ပထမနေ့ကို ဥပုသ်နေ့အဖြစ်ပြောင်းရွှေ့သတ်မှတ်လို့ရမလား။



142


စနေနေ့ သတ္တမနေ့၊ ဥပုသ်နေ့ကကျမ်းစာအရ ပြောင်းလဲဒါမှမဟုတ်ဘဲ

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း



143

တနင်္ဂနွေနေ့ဟာ ရောမအသင်းတော်ရဲ့ ဘာသာရေးသြဇာအာဏာရှိကြောင်း ပြသည့်အမှတ်အသားအဖြစ် ပြောင်းလဲခြင်းဖြစ်ပါတယ်။ သူပြောင်းလိုက်တာဖြစ်ကြောင်းလည်း ဝန်ခံထားပါတယ်။
(စနေနေ့မှတနင်္ဂနွေနေ့သို့) မကသေးဘဲ





144

ဒါက သူ့ရဲ့ဘာသာရေးမှာ သြဇာအာဏာရှိကြောင်းပြသခြင်းဖြစ်ပါတယ်။
(ူနအအနမ်မသာ ယ.်.ႈသာဗျယ ယ့ညေခနူသမ အသ ယမေိငည္ဌငဘာဘာသည္ဃယ ဥခအသဘနမ ၂၈ယ ၁၈၉၅. )
ဒါက သူ့ရဲ့ဘာသာရေးသြဇာအာဏာကို ပရိုတက်စတင့်ဂိုဏ်းဝင်တို့ကို သူ့မှာ အခွင့်အာဏာရှိကြောင်း ပြတဲ့ စိန်ခေါ်ချက်ဖြစ်ပါတယ်။





145

(ဗီဒီယို။ ၂ စက္ကန့်)
ကျမ်းစာ၏ဥပုသ်တော်နေ့မှအခြားသော လူတည်ထားသောနေ့





146

(ဗီဒီယို။ ၅ စက္ကန့်)
လူ့လုပ်ရိုးလုပ်စဉ်၊ ရိုးရာဓလေ့နဲ့ ရောမအသင်းတော်



147

(ကျမ်းချက်။ ဒံယေလ ၇း၂၅)
ဒံယေလက 'ဒီသားရဲက ကာလအချိန်နှင့်ပညတ်တရားတို့ကိုပြောင်းလဲခြင်းငှါကြံစည်လိမ့်မည်' လို့ ကြိုတင်ဟောကြား ထားပါတယ်။
ဒံယေလ ၇း၂၅



148

(ကျမ်းချက်။ ဒံယေလ ၈း၁၂)
'သမ္မာတရားကို မြေသို့နှိမ့်ချမည်။ အောင်မြင်မည်။ ' လို့လည်း ဟောထားပါတယ်။



149

စာတန်က လူတိုင်းသားရဲအမှတ်တံဆိပ်ရဘို့ အတွက်အာဏာကို အသုံးပြုလိမ့်မည်လို့လည်းဟောထားပါတယ်။




150

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၃း၁၆၊၁၇)
ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံသောသူ၊ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည် လက်ျာလက်၌ ဖြစ်စေ၊ နဖူး၌ဖြစ်စေ၊ တံဆိပ်လက်မှတ်ကို ခံစေခြင်းငှါ၄င်း

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း


151

ထိုတံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏နာမဖြစ်စေ၊ နာမ၏အရေအတွက်ဖြစ်စေ၊ တခုခုကို မခံသောသူ တယောက်မျှ မရောင်းမဝယ်စေခြင်းငှါ ၄င်း စီရင်၏။
ဗျာဒိတ်ကျမ်း ၁၃း၁၆၊၁၇


152

ဟောထားသည့်အတိုင်းဖြစ်ဘို့ရန်လည်း အစိုးရအာဏာပိုင်များနှင့် ပူးပေါင်းပြီး အမှတ်တံဆိပ်ယောက်တိုင်း ရရန်ဆောင် ရွက်သွားမည်။
ဘုရားက ကွက်ကွက်ကွင်းကွင်း ဟောထားတာကို သတိပြုကြပါ။


153

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၃း၁၈)
'ဉာဏ်ရှိသောသူသည် သားရဲ၏အရေအတွက်ကို ရေတွက်စေ။ လူ၏အရေအတွက်ဖြစ်၏။


154

ခြောက်ရာခြောက်ဆယ်ခြောက်လည်းဖြစ်၏။
ဗျာဒိတ်ကျမ်း ၁၃း၁၈


155

'သားရဲ၏အရေအတွက်' ဆိုတာဘာလဲ။ ခင်ဗျားမေးလိမ့်မည်။ လူများလည်းမေးနေကြမေးခွန်းပါ။



156

ကယ်သိုလိပ်အသင်းတော်အဖြေပေးခိုင်းမယ်ဆိုရင်
လာတင်ဘာသာဟာ ကယ်သိုလိပ်အသင်းတော်ရဲ့အများနားလည်တဲ့ဘာသာစကားဖြစ်တယ်။
ပါပါရဟန်းမင်းကလည်း ကယ်သိုလိပ်ရဲ့ တရားတော်အရ အသင်းတော်တခုလုံးကို လည်းပုံဆောင်ပါတယ်။



157

သူ့ဘွဲ့နာမတခုက ဋ္ဌယဏ္ဍူ ဳိ နူ
အဓိပ္ပါယ်ကတော့ 'ဘုရားရဲ့သားတော်ကိုယ်စား' ပေါ့။



158

ကယ်သိုလိပ်ဘာသာဝင်တွေက တွေလို့ရသည့် အသင်းအဖွဲ့ကတွေ့လို့ရသည့် ခေါင်းဆောင်ရှိရမည်လို့ ယုံကြည်ကြတယ်။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း




159

(ဗီဒီယို။ ၉ စက္ကန့်)
လာတင်စာလုံးရဲ့နံပါတ်နှင့် လွယ်လွယ်ကူကူတွက်ယူနိုင်တယ်။
ဋ္ဌငခမေငကျ ် ငူငင ိ နင
ဋ္ဌငခမေငကျ ၅ယ၁ယ၁၀၀ယ၀ယ၀ယ၁ယ၅ယ၀ = ၁၁၂
် ငူငင ၀ယ၁ယ၅၀ယ၁ယ၁ = ၅၃
ိ နင ၅၀၀ ၀ ၁ = ၅၀၁
=၆၆၆

ရောမအသင်းတော်ကသားရဲ့အာဏာရှင်ဖြစ် ကြောင်းဒီအချက်ကပြတ်ပြတ်သားသားဖော်ပြပါတယ်။


160

ဘုရားရဲ့နှုတ်တော်ထွက်မှလာသောအနာဂတ်တိစကား
ကနေကျွန်ုပ်တို့သိရှိနိုင်ဒါကတော့အချိန်ရောက်လုနီးပြီးမ
ကြာတော့ဘူးဘုရားရှင်ရဲ့ပညတ်ချက်ကိုတိုက်ရိုက်ဗီဆန်ပြီး
ပဌမနေ့ရက်တနင်္ဂနွေနေ့ကိုလူတိုင်းမဖြစ်မနေစောင့်ရမည့်အချိန်ရောက်တော့မည်။


161

တနင်္ဂနွေနေ့ ကိုနားရာနေ့ နှင့်ကိုးကွယ်ရာနေ့ အဖြစ်စောင့်ဘို့ ရန်ဖိအားပေးဖို့အသင်းခေါင်းဆောင်များ ဆီရေးထားတဲ့ (ဏသစန`သ့ည ဏကျေူ ) ရဲ့ဝေစာထွက်ခဲ့ပါပြီ။ ဒါကကျမ်းစာဥပုသ်နေ့ ထက်တနင်္ဂနွေနေ့ စောင့်ဘို့ အတွက်ခြေလှမ်းခြင်းတစ်ခုဖြစ်တယ်။


162

နိုင်ငံတော်ခေါင်းဆောင်များ
အနေဖြင့်တကယ်ဖြစ်လာအောင်ဆောင်ရွက်ဘို့တိုက်တွန်းချက်ပါလိုက်သေးတယ်။
ခင်ဗျားကြားဘူးပြီးလား။အနာဂတ်တိအတိုင်းဘဲနော်။


163

လူအများမေးနေကြတဲ့မေးခွန်းတစ်ခုကတော့ လက်ရှိသားရဲတံဆိပ်ရတဲ့သူရှိသလား။မရသေးပါဘူး။
တယောက်မှမရသေးပါဘူး။အသင်းတော်တိုင်းမှာဘုရားကိုအမှန်ယုံကြည်သူရှိပါတယ်။


164

လောကရေးရာအရသားရဲတံဆိပ်ကိုမဖြစ်ဖြစ်အောင်ယူခိုင်း
သည့်အခါယောက်တိုင်းကပညတ်တော်ကိုစောင့်
လျက်ဘုရားအလိုတော်အတိုင်းလိုက်မှာလား။အစားထိုးထားသည့်နေ့ကိုဘဲစောင့်မှာလား။
သည်အချိန်ကျမှသားရဲတံဆိပ်ရမရသိရမှာ။
လူတိုင်းကဘုရားစကားနားထောင်မလားလူစကားနားထောင်မလားဆိုတာစစ်ဆေးခြင်းဘဲ။
နေကိစ္စမဟုတ်ဘဲအရှင်သခင်ကိစ္စဖြစ်သွားတယ်။


165

(ကျမ်းချက်။ ရောမ ၆း၁၆)
ရှင်ပေါလုဘယ်လိုပြောထားသလဲဆိုတော့ အကြင်သူ၏အထံ၌ အစေခံကျွန်ဖြစ်ခြင်းငှါ သင်တို့ဝင်
၍အစေခံ၏။

၁၈ – ထာဝရတံဆိပ်ခတ်ခြင်း

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း



166

ထိုသူသည် သေခြင်းနှင့်ယှဉ်သော အပြစ်တရာဖြစ်စေ



167

ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့်ယှဉ်သော နားထောင်ခြင်းတရားဖြစ်စေ၊ သင်တို့၏ သခင်ဖြစ်သည်ကို မသိကြ သလော။
ရောမ ၆း၁၆



168

ကမ္ဘာ့လူသားတိုင်းကအရေးကြီးသည့်အချိန်ကိုရင်ဆိုင်ရတော့မည်။
သားရဲတံဆိပ်မရှိသူတိုင်းရောင်းဝယ်ခွင့်မရ
သည့်အချိန်အခါ ရောက်တော့မယ်။


169

ပထမလာမှာကတော့ ငြင်းပယ်သောသူတွေကို သတ်ဖို့အမိန့်နဲ့သားရဲတံဆိပ်ရသူများအတွက်တော့ ဘေးဒဏ်ခုနှစ်ပါး။ဘာကြောင့်ဒီကိစ္စအရေးကြီးသလဲဆိုတာ ခင်ဗျားသိသလား။ ဘာကြောင့် အဲဒါဟာ အရေးကြီးပြီး ဘုရားရှင်ကို အခုရွေးချယ်ဂုဏ်ပြုရမှာလဲ။



170

ဘုရားကို ဂုဏ်ပြုဘို့ရန် အတွက် ရွေးချယ်တဲ့ သူတွေဘုရားရှင်ရဲ့တံဆိပ်ခံခြင်းကို ခံရမဲ့ သတင်းကောင်းရှိပါတယ်။



171

(ကျမ်းချက်။ ယေရှာယ ၃၃း၁၆
)သူတို့အတွက်ကတော့ရောင်းဝယ်နိုင်မယ်မဟုတ်ပေမယ့်သူတို့အတွက်ရေနှင့်အစာကတော့သေချာပြီးသားပါလို့ဘုရားရှင်မိန့်မှာခဲ့ပါတယ်။
ယေရှာယ ၃၃း၁၆



172

(ကျမ်းချက်။ ဆာလံ ၉၁း၅-၈ )
ကမ္ဘာပေါ်ကျရောက်မည့်ဘေးဒဏ်များနှင့်ပတ်သက်လို့ဘုရားမိန့်မှာချက်ရှိပါတယ်။
'ညအခါဖြစ်တတ်သောဘေးကိုဝင်းနေ့အချိန်၌ပြစ်တတ်သောမြှား ကိုဝင်း။



173


မှောင်မိုက်ထဲမှာလည်တတ်သောကာလနာကိုဝင်းမွန်းတည့်အချိန်၌ဖျက်ဆီးတတ်သောဥပဒ်ကိုဝင်းသင်မ ကြောက်ရ။

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း




174

သင်၏အနားမှာလူတစ်ထောင်သင်၏လက်ယာဘက်မှာလူတစ်သောင်းလဲသော်လည်းသင့်ကိုမထိခိုက်ရ။'




175

သင်သည်ကိုမျက်စိနှင့်ကြည့်၍မတရားသောသူတို့၌ရောက်ရသောအပြစ်ကိုမြင်ရုံမျှသာရှိလိမ့်မည်။
နောက်ဘာ
ဖြစ်အုံးမှာလဲဆိုရင်ကျမ်းစာတော်မြတ်က




176

(ကျမ်းချက်။ ဆာလံ ၉၁း၉-၁၁)



177

သင်၌မကောင်းသောအနိဋ္ဌရုပ်မကပ်မရောက်သင့်နေရာသို့ဘေးဥပဒ်မချဉ်းရ။



178

သွားလေရာရာ၌သင့်ကိုစောင့်ရှောက်စေခြင်း
ငှါကောင်းကင်တမန်တို့အားသင့်အဘို့မှာထားတော်မူသည်ဖြစ်၍' ဆာလံ ၉၁း၉-၁၁ သူ
.ကိုရွေးချယ်သောသူတို့အဖို့အံ့ဖွယ်သောကတိဘုရားပေးထားပါတယ်။




179

(ကျမ်းချက်။ ဒံယေလ ၁၂း၁)
'ထိုကာလ၌သင့်အမျိုးသားချင်းတို့၏အမှုကိုစောင့်သောအရှင်ကြီးမိက္ခေလသည်ပေါ်လာလိမ့်မည်။



180

လူမျိုးတစ်စုံတစ်မျိုးမျှဖြစ်သည်ကာလမှစ၍ထိုကာလတိုင်အောင်မဖြစ်စဖူး
သောဒုက္ခကပ်ကာလသည်ရောက်လိမ့်မည်။



181

ထိုကာလအခါစာစောင်၌စာရင်းဝင်သမျှသောသင်၏အမျိုးသားချင်း
တို့သည်ကယ်လွတ်ခြင်းသို့ရောက်ကြလိမ့်
မည်။'
သားရဲကိုအောင်သောသူများကိုယောဟန်ကရူပါရုံ၌တွေ့ရသည်မှာ

# ၁၈ – ထာဝရတံဆိပ်ခတ်ခြင်း



182

(ကျမ်းချက်။ ဗျာဒိတ် ၁၅း၂)မီးနှင့်ရောသောဖန်ရေကန်ကဲ့သို့ရှိသည်ကိုလည်းမြင်ရ၏။သားရဲနှင့်ရုပ်း



183

သူ၏နာမအရေအတွက်နှင့်ရုပ်းလွတ်၍အောင်မြင်သောသူတို့သည်




184

ဘုရားသခင်၏စောင်းတော်တို့ကိုကိုင်လျှက်ဖန်ရေကန်နားမှာရပ်နေကြသည်ကိုငါမြင်ရ၏။'
အခုအချိန်၌ပင်ဘုရားရှင်ကသူ၏မှန်ကန်သောနောက်လိုက်များကိုမိန့်တော်မူသည်မှာဘာသာရေးအတုအယောင်မှထွက်၍သူကိုလုံးလုံး လျှားလျှားလိုက်ကြပါ။



185

ဗျာဒိတ် ၁၈း၄ 'ငါ၏လူမျိုးတို့သူ၏အပြစ်တို့ကိုဆက်ဆံခြင်း
နှင့်ရုပ်းသူ၏ဘေးဒဏ်များကိုခံခြင်းနှင့်ရုပ်းကင်းလွတ်အံ့သောငှါ



186

သူ၏အထဲကထွက်ကြလော့။'ဗျာဒိတ် ၁၈း၄


187

ဘုရားနောက်လိုက်ဖို့ဆုံးဖြတ်ကြပါ။ ဟေဗြဲလူသုံးယောက်တို့ကိုသတိယပါ။
ရဲရင့်စွာမဆိုင်းမတွဘဲဘုရားဘက်ကိုဆုံးဖြတ်ချက်ချလိုက်ကြတယ်။


188

ဒီအစည်းအဝေးမှာဘုရားရှင်ကသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သင့်ကိုသင့်ကိုပြောနေပါတယ်။ ကမ္ဘာကြီးရဲ့တပ်မက်ကိုငြင်းဆန်ပြီး ဘုရားရှင်ကြွလာတဲ့အချိန် အဆင်သင့်ဖြစ်ဘို့ နောက်ဆုံးအချိန် ဘုရားရှင်ခေါ်ဖိတ် နေပါတယ်။ ဘုရားရှင်ကို ဘဝလမ်းတစ်လျှောက်လုံးလိုက်ဘို့ ရွေးချယ်ထားသူများကို သနှင့်အတူ အိမ်တော်ကိုခေါ်ဆောင်ယူဖို့ရန်လာတော့မှာဖြစ်ပါတယ်။
ဟေဗြဲ လူသုံးယောက်လိုဘဲဘုရားနှင့်မှန်ကန်တဲ့သမ္မာတရားအတွက်ဒီညမှာဆုံးဖြတ်ချက်ချမချချင်ဘူး လား?

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု



1

သင်ရဲ့စုဆောင်းသိမ်းဆည်းထားတဲ့ငွေဟာ ဘယ်လောက်လုံခြုံသလဲ။


2

ခရစ်တော်က ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး သူပြောပြတဲ့ဥပမာစကား ၃၈ ခုမှာ ၁၆ ခုပါပါတယ်။

မဿဲ၊ မာကု၊ လုကာ၊ ယောဟန်ကျမ်းစာစောင်တွေမှာ အခန်းငယ် ၂၈၈ ခုတိုင်းမှာ အခန်း ၁၀ ခန်းက ငွေရေးကြေးရေးနဲ့ပတ်သက်ပြီးပါရှိပါတယ်။

သမ္မာကျမ်းစာတအုပ်လုံးမှာ ဆုတောင်းခြင်းနဲ့ပတ်သက်တာ အခန်းငယ်ပေါင်း ၅၀၀၊ ယုံကြည်ခြင်းနဲ့ပတ်သက်တာ အခန်းငယ် ၅၀၀၊ ငွေရေးကြေးရေးနဲ့ပတ်သက်တာ အခန်းငယ်ပေါင်း ၂၀၀၀ လောက်ပါရှိပါတယ်။

ငွေရေးကြေးရေးဟာ ဘုရားသခင်အတွက်အရေးကြီးတဲ့ ကဏ္ဍတခုဖြစ်ပါတယ်။ ဘုရားရှင်က ကျွန်တော်တို့တွေကိုဒီငွေရေးကြေးရေးကဏ္ဍနဲ့ပတ်သက်ပြီး စိတ်မပူပန်ရန်မြွက်ကြားထားပါတယ်။ ဘုရားရှင်က ကျွန်တော်တို့လိုအပ်ချက်တွေကို စီမံပေးတဲ့အရှင်ကို ကိုးစားဘို့အလိုရှိပါတယ်။



3

လူအတော်များများငွေရေးကြေးရေးပြဿနာတွေကြောင့် စိုးရိမ်ပူပန်ပြီး ရှိနေပါတယ်။ သူတို့လိုအပ်တဲ့အရာတွေအတွက် ဝယ်ဘို့ငွေလုံလောက်မှုမရှိကြဘူး။ သူတို့တွေရဲ့အနာဂတ်ရေးအတွက်ပူပန်နေကြတယ်။


4

သူတို့တွေဟာ အလုပ်ကနေ အနားယူတဲ့အခါမှာ သူတို့ရရှိတဲ့ငွေကလုံလောက်ပါ့မလား။ အသက်ကလဲကြီးလာ၊ ရောဂါဘယကလည်းထူနေခဲ့ရင်ကော ဘယ်လိုဖြစ်ကြမလဲ။

လူတွေဟာ အတည်တကျရှိဘို့နဲ့ ထာဝရတည်ရှိတဲ့ အရာတွေကို ရှာဖွေနေကြတယ်။
ပစ္စုပ္ပန်နဲ့အနာဂတ်လုံခြုံမှုကို ဘယ်မှာတွေ့နိုင်မလဲ။


5

ဘုရားသခင်က ကျွန်တော်တို့တွေကို ပစ္စုပ္ပန်နဲ့အနာဂတ်အရေးအတွက် စိုးရိမ်ပူပန်ဘို့ မလိုလားပါဘူး။ ကျွန်တော်တို့တတွေဟာ ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ရင် ဘာဘဲဖြစ်ဖြစ် စိုးရိမ်ပူပန်စရာမလိုပါဘူး။


6

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၆း၃၁၊၃၂)
'အဘယ်သို့စားသောက်ရအံ့နည်း၊ အဘယ်လို့ဝတ်အံ့နည်းဟူ၍ မစိုးရိမ်ကြနှင့်။


7

ထိုအရာများကို သင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သိတော်မူ၏။ ရှင်မဿဲခရစ်ဝင် ၆း၃၁၊၃၂
ကျွန်တော်တို့အတွက် ဘုရားရှင်ရဲ့ထာဝရလုံခြုံမှုအစီအစဉ်ကို ကြည့်ကြရအောင်။


# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု


8


အဲဒီအရာတွေဟာ ဒေင်ဥယျာဉ်က အစပြုခဲ့တယ်။


9

ကမ္ဘာမြေကြီးမှာရှိတဲ့ အရာတွေအားလုံးကို ဘုရားရှင်ကဖန်ဆင်းခဲ့ပါတယ်။


10

သိပ်လှပတဲ့နေထွက်နဲ့နေဝင်ဆည်းဆာတွေအားလုံးကို ဘုရားရှင်က ဖန်ဆင်းထားတဲ့လက်ရာတွေဖြစ်ပါ
တယ်။


11

ဆီးနှင်းဖုံးအုပ်နေတဲ့ တောင်တွေ၊ လှပတဲ့ရေအိုင်တွေကို ဘုရားဖန်ဆင်းတယ်။


12

လှပတဲ့ပန်းပွင့်ကလေးတွေဟာလည်း ဘုရားရှင်ရဲ့လက်ရာတွေပါဘဲ။


13

အရသာနဲ့ပြည့်ဝတဲ့ အသီးအနှံအမျိုးမျိုးကို ဘုရားရှင်ဖန်ဆင်းခဲ့တယ်။


14

ငှက်ကလေးများသီဆိုသံများ၊ သတ္တဝါများအော်မြည်သံများ၊ ရေထဲကရောင်စုံငါးကလေးတွေအားလုံးဟာ
သာယာလှပခမ်းနားတဲ့ ဘုံတခုလိုဖြစ်နေတယ်။


15

ဘယ်လောက်သာယာပြည့်စုံတဲ့နေရာလဲ။ ဘုရားရှင်က အာဒံနဲ့ဧဝကို ပေးထားတာ ပျော်ရွှင်စရာကောင်းပါ
တယ်။

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု

၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု


16

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂း၈)
'ဧဒင်ဥယျာဉ်ကိုစိုက်ပျိုးပြီးလျှင် ဖန်ဆင်းတော်မူသောလူကို ထိုဥယျာဉ်၌နေရာချတော်မူ၏'ကမ္ဘာဦးကျမ်း ၂း၈


17

ခဏလေးစဉ်းစားကြည့်ရအောင်။ ဘုရားရှင်က အာဒံနဲ့ဧဝကို ဥယျာဉ်အိမ်အဖြစ်ပြုလုပ်ပြီး၊ အလွန်လှပတဲ့ကမ္ဘာကြီးကို ဒီလိုအံ့သြဖွယ်ဖန်ဆင်းခဲ့တယ်။


18

အခု ကမ္ဘာကြီးမှာရှိတဲ့ အိမ်နဲ့အရင်ကမ္ဘာဦးအစက ဥယျာဉ်အိမ်ကိုဘယ်လိုမှ နှိုင်းယှဉ်လို့မရပါဘူး။ ဘုရားရှင်က အာဒံနဲ့ဧဝကိုလှပချစ်စရာကောင်းတဲ့အိမ်ကိုတောင်မကဘူး၊ ချိုမြွေတဲ့သစ်သီးတွေကိုလည်း စားဘို့ပေးထားပါတယ်။


19


(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁း၂၉)
သင်တို့စားစရာဘို့ အပင်မှ အသီးများကိုပေးထားတယ်လို့ပြောထားပါတယ်။


20

အပင်တိုင်းမှာ အသီးအမျိုးစုံကို စားစရာဘို့ပေးထားပါတယ်။ကမ္ဘာဦးကျမ်း ၁း၂၉


21

အာဒံနဲ့ဧဝတို့အိမ်ငှါးခပေးစရာမလို၊ အမြတ်ခွန်လည်းပေးစရာမလို၊ အိမ်ကိုဖေါက်ထွင်းခိုးမဲ့သူခိုးအတွက်ပူပန်စရာမလို။ အိမ်ကိုသော့ခတ်ဘို့လည်းမလို။ သောကပူပန်ခြင်းကင်းဝေးခဲ့ကြရတယ်။


22

သူတို့တွေဟာ မအို၊ မနာ၊ မသေ၊ ကျန်းမာတဲ့ကိုယ်ခန္ဓာနဲ့ ဘုရားသခင်ရဲ့ အတိုင်းမရှိကြီးမားတဲ့မေတ္တာနဲ့ ရစ်ပတ်ပြီးပျော်ရွှင်မှုအပြည့်အဝကို ခံစားကြရတယ်။ ဒီလိုသူတို့ခံစားရတဲ့ ကောင်းကြီးမင်္ဂလာကို ဘုရားရှင်က ကျွန်တော်တို့ကိုလည်းခံစားစေချင်တယ်။ ဒါကြောင့် ဘုရားရှင်က ဒီလိုမြွက်ကြားခဲ့ပါတယ်။


23

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁း၂၈)
'အချင်းတို့၊ များပြားစွာမွေးဘွားကြလော့။'
ကမ္ဘာဦးကျမ်း ၁း၂၈။

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု



24

ကျွန်ုပ်တို့တတွေဟာ ဘုရားသခင်ရဲ့ ဘဏ္ဍာထိန်းများ



25

ဘုရားရှင်ရဲ့ဆန္ဒကတော့ ကျန်းမာပျော်ရွှင်တဲ့ အိမ်ထောင်တွေဖြစ်ဘို့ ဒီကမ္ဘာလောကကြီးကိုဖြစ်စေချင်တယ်။
ဘုရားရှင်က လူသားအားလုံးကို အလုပ်လုပ်ပြီး ပျော်ပျော်ရွှင်ရွှင်နေဘို့ အလိုဆန္ဒရှိပါတယ်။



26

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁း၂၈)
ဘုရားရှင်က အာဒံနဲ့ဧဝကို ဘယ်လိုပြောသလဲဆိုတော့
'အသက်ရှင်၍မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုငှင်း အုပ်စိုးကြလော့။'




27

မြေပေါ်မှာရှိတဲ့သားငှက်အပေါင်းကို အုပ်စိုးခွင့်ပေးထားပါတယ်။



28

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂း၁၅)
ဒီအခါ ထာဝရအရှင်ဘုရားသခင်ဟာ လူကိုယူပြီးဧဒင်ဥယျာဉ်ကို ပြုစုစောင့်နေဘို့ထားတော်မူတယ်။
ကမ္ဘာဦးကျမ်း ၂း၁၅



29

ဘုရားရှင်ဟာ အရာခပ်သိမ်းသော အရာကိုပိုင်ဆိုင်ပါတယ်။ လူကို ဘုရားဖန်ဆင်းတဲ့အရာကို ထိန်းသိမ်းစောင့်ရှောက်ဘို့အပ်ထားပါတယ်။



30

(ကျမ်းချက်။ ဆာလံကျမ်း ၂၄း၁)
'ထာဝရဘုရားသည် မြေကြီးနှင့်မြေကြီးတန်ဆာကိုငှင်း၊ လောကဓာတ်နှင့်လောကသားတို့ကိုငှင်း ပိုင်တော်မူ၏။'
ဆာလံကျမ်း ၂၄း၁



31

(ကျမ်းချက်။ ဆာလံကျမ်း ၅၀း၁၀၊၁၁)
'တောတိရစ္ဆာန်ရှိသမျှတို့နှင့်တထောင်သော တောင်ပေါ်မှာ ရှိသော တိရစ္ဆာန်တို့သည် ငါ၏ဥစ္စာဖြစ်ကြ၏။'

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု




32

'တောင်ပေါ်မှာနေတတ်သော ငှက်အပေါင်းတို့ကိုငါသိ၏။ တောသားရဲတို့သည် ငါ၌ရှိကြ၏။'
ဆာလံကျမ်း ၅၀း၁၀၊၁၁။



33

အဲဒါက ကျွန်တော်တို့အစွမ်းသတ္တိရှိသမျှကို အသုံးချပြီး ငွေရှာဘို့ပေးထားတာပါ။
ကျွန်တော်တို့တကယ်ပိုင်တဲ့ ပစ္စည်းတွေမဟုတ်ပါဘူး။ ဘုရားရှင်က ဖန်ဆင်းရှင်ဖြစ်ပြီး၊ ကျွန်တော်တို့
အသက်တာအတွက် ပိုင်ဆိုင်ခွင့်ပေးထားတာဖြစ်တယ်။





34

(ကျမ်းချက်။ တရားဟောရာကျမ်း ၈း၁၈)
'သင်၏ဘုရားသခင်ထာဝရဘုရားကိုသာ အောက်မေ့ရမည်။ အကြောင်းမူကား စည်းစိမ်ရတတ်သောအစွမ်း
သတ္တိကို ဘုရားသခင်ပေးတော်မူ၏။'
တရားဟောရာကျမ်း ၈း၁၈




35

သို့မှသာ 'သင်၏ဘိုးဘေးတို့အားကျိန်ဆိုတော်မူတဲ့ ပဋိညာဉ်တရားတော်ကို ယနေ့ကဲ့သို့တည်စေမယ်'
လို့ရေးထားပါတယ်။
တရားဟောရာကျမ်း ၈း၁၈




36

ဝက်စတာ အဘိဓာန်အသစ်မှာ 'ဘဏ္ဍာစိုး' ဆိုတဲ့စကားလုံး အဓိပ္ပါယ်က တဦးပိုင်ဆိုင်သော ပစ္စည်းဥစ္စာ၊
ကြေးငွေတွေကိုကြီးကြပ်စောင့်ရှောက်ခြင်းလို့ အဓိပ္ပါယ်ရပါတယ်။
အကယ်လို့ တဦးတယောက်ကို ဘဏ္ဍာစိုးတာဝန်ပေးလိုက်ရင် သင်ကဘယ်လိုဖြစ်စေချင်တာလဲ။
ကျမ်းစာတော်မြတ်ထဲမှာ အာဒံကို ဘုရားရှင်က ဘယ်လိုမှာကြားထားသလဲဆိုတော့၊




37

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂း၁၆၊၁၇)
'ထာဝရဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတပါး၊ ထိုဥယျာဉ်၌ရှိသမျှသော
အပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏။



38

ထိုအပင်၏အသီးကို မစားရ



39

စားသောနေ့တွင်ဧကန်အမှန်သေရမည်ဟု လူကို ပညတ်တော်မူ၏။'
ကမ္ဘာဦးကျမ်း ၂း၁၆၊၁၇။

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု



40


(ဗီဒီယို။ ၂၀ စက္ကန့်)ဘုရားရှင်က လူရဲ့မေတ္တာနဲ့သူ့အပေါ်ဘယ်လောက်သစ္စာရှိသလဲဆိုတာ စမ်းသပ်တော်မူပါတယ်။ အခြားအသီးပင်တွေရဲ့ အသီးကိုစားခွင့်ရှိတယ်။ ဒါပေမဲ့ အဲ့ဒီကောင်းမကောင်းသိတဲ့အပင်အသီးကို စားခွင့်မပေးပါဘူး။
သူတို့တွေဟာ စကားတော်ကို နားထောင်ခဲ့ရင် ဘုရားရှင်ဟာ သူတို့တွေရဲ့ပိုင်ရှင်ဆိုတာ အသိအမှတ်ပြုတာဘဲ။ သူတို့တတွေ ဘုရားရှင်ပေါ်သစ္စာရှိရင် ထာဝရ မအိုမနာ၊ မသေတဲ့ ကမ္ဘာကြီး အဖြစ်ရပ်တည်နေမှာပါ။
အာဒံနဲ့ဧဝကျဆုံးသွားတဲ့အခါ၊ အရာခပ်သိမ်းထာဝရ ပျော်ရွှင်မှုတွေ မအို၊ မနာ၊ မသေနိုင်တဲ့ဖြစ်ရပ်တွေဟာ ဖေါက်ပြန်လာခဲ့ရတယ်။ ဘုရားရှင်နဲ့ထာဝရဆက်သွယ်မှုတွေအားလုံး ပျက်သုန်းခဲ့ရတော့တယ်။


41

သူတို့တွေဟာ ဘုရားပေါ်မှာ သစ္စာမဲ့ခဲ့လို့ အပြစ်ရဲ့ကျွန်အဖြစ်ကို ရောက်ခဲ့ရတယ်။ အဲဒီအဖြစ်အပျက်ရဲ့နောက်ကွယ်မှာတော့ ကမ္ဘာကြီးကို ထာဝစဉ်စိုးမိုးဘို့ကြိုးစားနေတဲ့ စာတန်မာနတ်နဲ့သူ့ကောင်းကင်တမန်တွေက အကျေနပ်ကြီးကျေနပ်နေတော့တယ်။


42

သခင်ယေရှုမမွေးဖွားမှီတိုင်အောင် စာတန်မာနတ်က လွတ်လွတ်လပ်လပ် သူဒီအပြစ်ကမ္ဘာကြီးကို စိုးမိုးလာခဲ့တယ်။


43

စာတန်မာနတ်ရဲ့အကြံအစည်က ဘုရားသခင်ရဲ့သားတော် သခင်ယေရှုကို သူအာဒံနဲ့ဧဝတို့ကို အလွယ်ကလေးနဲ့ လှည့်ဖြားသွေးဆောင်နိုင်လိမ့်မယ်လို့ အစီအစဉ်ဆွဲထားသူပါ။
စာတန်မာနတ်က သခင်ခရစ်တော်ရက်ပေါင်း ၄၀ အစာရှောင်ဆုတောင်းပြီးတာက စောင့်ပြီး အပိုင်သွေးဆောင်ဘို့စောင့်နေပါတယ်။



44

(ကျမ်းချက်။ ရှင်မဿဲ ၄း၈၊၉)
'စာတန်မာနတ်က ခရစ်တော်ကို အမြင့်ဆုံးတောင်ပေါ်ကို ခေါ်သွားပါတယ်။



45

တကမ္ဘာလုံးမှာရှိတဲ့တိုင်းပြည်နိုင်ငံတွေ ဘုန်းစည်းစိမ်ကို ပြပြီး



46

ကိုယ်တော်သည် ငါ့ကိုညွတ်ပြပ် ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်လို့ဆိုတယ်။
ရှင်မဿဲ ၄း၈၊၉

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု


47

စာတန်မာနတ်သွေးဆောင်တာ မအောင်မြင်ခဲ့ဘူး။ စာတန်မာနတ်ပြတဲ့ အရာတွေဟာ သူပိုင်တဲ့ကမ္ဘာ၊ တိုင်းနိုင်ငံ၊ ဘုန်းစည်းစိမ်တွေမဟုတ်ပါဘူး။ သူဟာ ဘုရားသခင်ဖန်ဆင်းထားတဲ့ ကမ္ဘာကြီးကို မတရားခိုးနေတဲ့ စာတန်မာနတ်ပါ။ သခင်ခရစ်တော်ဟာ သူ့ခမည်းတော်နဲ့ဆက်သွယ်မှုကို သူ့ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး။


48

နောက်ဆုံးစာတန်မာနက ခရစ်တော်ကို လက်ဝါးကပ်တိုင်မှာ အောင်မြင်ဘို့ကြိုးစားပေမဲ့မအောင်မြင်ခဲ့ဘူး။ သခင် ခရစ်တော်သာ စာတန်မာနတ်ကို လက်ဝါးကားတိုင်မှာ အနိုင်ယူခဲ့တယ်။ သခင်ခရစ်တော် အသေခံခြင်းအားဖြင့်၊ ထာဝရဆုံးရှုံးနေတဲ့ ကမ္ဘာကြီးကို ပြန်လည်ရှင်သန်စေခဲ့တယ်။


49

အရာခပ်သိမ်းဟာ လူသားများအတွက် ဘုရားပေးတဲ့ ဆုကျေးဇူးတွေပါပဲ။ လူသားတွေဟာ ဘုရားရှင်ကို ချစ်ချစ် မချစ်ချစ် လူသားတွေရဲ့ အသက်နဲ့ လူသားတွေရဲ့ ပိုင်ဆိုင်မှုတွေအားလုံးဟာ ဘုရားရှင်ပိုင်ပါတယ်။


50


ဘုရားရှင်ဟာကျနော်တို့ရဲ့ ဖန်ဆင်းရှင်ဒင်မက သူက ကျွန်တော်တို့ရဲ့ ရွေးနှုတ်ရှင်လည်းဖြစ်ပါတယ်။ အာဒံနဲ့ဧဝလို ကျွန်တော်တို့တတွေဟာလည်း ဘုရားသခင်ရဲ့ ဘဏ္ဍာစိုးများဖြစ်ကြပါတယ်။ ကျွန်တော်တို့ကို စိတ်ချတော်မူပါတယ်။ ကဲ ဒီတော့ ကျွန်တော်တို့ ဘုရားရှင်က ဘာဖြစ်ဘို့ လိုအပ်သလဲ။


51

(ကျမ်းချက်။ ၁ ကော ၄း၂)
'ဘဏ္ဍာစိုးမည်သည်ကား သစ္စာရှိရမည်။'
၁ ကော ၄း၂


52

ကျွန်ုပ်တို့ဟာ အသက်ဖြစ်တဲ့ ဘုရားပေးတဲ့ဆုကျေးဇူးကို ခံစားရတဲ့ ဘဏ္ဍာစိုးတွေဖြစ်ပါတယ်။
ဘုရားပေးတဲ့ကြီးမြတ်ဆုံးဆုကျေးဇူးဟာ ကျွန်တော်တို့အသက်ဘဲဖြစ်ပါတယ်။
ရှင်ပေါလုက ဘယ်လိုပြောထားသလဲဆိုတော့


53

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၇း၂၄၊၂၅)
'လောကမှစ၍လောကဓာတ်၌ရှိလောသမျှသောအရာတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်သည်


54


ခပ်သိမ်းသော သူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်းသောအရာတိုကို ပေးတော်မူ၏။'
တမန်တော်ဝတ္ထု ၁၇း၂၄၊၂၅

၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု


55

ကျွန်တော်တို့ရဲ့အသက်ကို ဘုရားရှင်ကပေးတော်မူပါတယ်။ ကျွန်တော်တို့ရဲ့နှလုံးခုန်တာတွေ၊ ရှူရှိုက်တဲ့လေ၊ ကိုယ်ခန္ဓာမှာလည်ပတ်နေတဲ့သွေးတွေအားလုံးဟာ ဘုရားရှင်ပေးတဲ့ဆုကျေးဇူးတွေပါပဲ။


56

(ကျမ်းချက်။ ရောမ ၁၂း၁ ) ရှင်ပေါလုက
'ညီအစ်ကိုတို့ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သော လက္ခဏာနှင့်ပြည့်စုံသော ယဇ်ကိုသင်တို့သည် ပူဇော်၍


57

မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သော ဝတ်ကို ပြုမည့်အကြောင်း' ရောမ ၁၂း၁
'အသက်ရှင်သောဆက်ကပ်ခြင်း' ဆိုတာဘာလဲ။ ကျွန်တော်တို့ကိုယ်ခန္ဓာကို ဘုရားရှင်ထံဆက်ကပ်အပ်နှံခြင်း၊ ကျွန်တော်တို့အသက်တာကို ဘုရားရှင်အလိုတော်အတိုင်းလုပ်စေလိုခြင်းဖြစ်ပါတယ်။


58

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၀း၃၈ )
သခင်ယေရှုဟာ ဘုရားသခင်အခွင့်နဲ့ ကျေးဇူးပြုတော်မူတယ်။
တမန်တော်ဝတ္ထု ၁၀း၃၈


59

တကိုယ်ကောင်းမဆန်တဲ့ သခင်ယေရှုဟာ ကျွန်တော်တို့အတွက် စံနမူနာယူထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။


60

ကျွန်ုပ်တို့ဟာ ဘုရားပေးတဲ့အချိန်ရဲ့ ဘဏ္ဍာစိုးများဖြစ်ကြတယ်။ ကျွန်တော်တို့ ငွေရေးကြေးရေးကို ထိန်းသိမ်းဘို့တင်မကဘူး ကျွန်တော်တို့အချိန်ကို တန်ဖိုးထားထိန်းသိမ်းဘို့ လိုအပ်ပါတယ်။


61

(ကျမ်းချက်။ ဆာလံကျမ်း ၉၀း၁၂)
'အကျွန်ုပ်တို့သည် ပညာတရားကို နှလုံးသွင်းမိမည်အကြောင်း၊ ကိုယ်နေ့ရက် ကာလကို ရေတွက်နိုင်စေခြင်းငှါ သွန်သင်တော်မူပါ။
ဆာလံကျမ်း ၉၀း၁၂



62

(ဗီဒီယို။ ၆ စက္ကန့်)အချိန်ကို ဖြုန်းတီးခြင်းဟာ အသက်တာကို ဖြုန်းတီးခြင်းဘဲဖြစ်ပါတယ်။ ဘုရားရှင်က လူအသီးသီးကို ပေးထားတဲ့ အချိန်ကို သုံးဘို့စွမ်းရည်ပေးထားပါတယ်။ ဒါကို မဖြုန်းသင့်ပါဘူး။ ဘုရားရှင် လူတိုင်းကို အချိန်တူညီစွာပေးထားပါတယ်။ ကိုယ်ရွေးချယ်မှုနဲ့ကိုယ်သုံးကြတယ်။

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု



63

ဘုရားရှင်က ကျွန်တော်တို့ကိုပေးထားတဲ့ အချိန်ကို ပညာရှိစွာအသုံးပြုဖို့ဖြစ်ပါတယ်။ ဘုရားရှင်က ကျွန်တော်တို့ဘုရားရှင်ပေးတဲ့ ဥပုသ်တော်နေ့ကို သီးခြားသတ်မှတ်ပြီးစောင့်ထိန်းဖို့အလိုရှိပါတယ်။ အဲဒီဥပုသ်တော်နေ့ဟာ ဘုရားရှင်ကို ကျွန်တော်တို့ ဖန်ဆင်းရှင်အဖြစ် အသိအမှတ်ပြုတဲ့ သတ္တမနေ့ ဥပုသ်တော်နေ့ဖြစ်ပါတယ်။


64

ကျွန်တော်တို့ရဲ့အချိန်ကို ဘုရားရှင်က ပိုင်ဆိုင်တယ်ဆိုရင် ဘုရားပေးတဲ့ ဥပုသ်နေ့ကို ကော လူက မစောင့်ထိန်းသင့်ဘူးလား။ ဝတ်မပြုသင့်ဘူးလား။
ဘုရားရှင်က လောကနဲ့ပတ်သက်တဲ့ အလုပ်တွေကို မလုပ်ဘဲ အဲဒီနေ့မှာ ဘုရားရှင်က ဖန်ဆင်းရှင်၊ ရွေးနှုတ်ရှင်အဖြစ် ဘုရားရှင်ကို သတိရအောက်မေ့ဖို့ရန်ဖြစ်ပါတယ်။



65

ကျွန်ုပ်တို့ဟာ ဘုရားပေးထားတဲ့ စွမ်းရည်များရဲ့ ဘဏ္ဍာစိုးများဖြစ်ကြတယ်။ဘာစွမ်းရည်တွေရှိလို့ ထိန်းသိမ်းရမဲ့တာဝန်ရှိသလဲလို့မေးရင် ကျနော်မှာ ဘာစွမ်းရည်မှ မရှိဘူး လို့ သေသေချာချာ မစဉ်းစားဘဲဖြေလိမ့်မယ်။


66

ယနေ့ ကမ္ဘာကြီးမှာ လူတွေမှာ သီချင်းဆိုနိုင်တဲ့ စွမ်းရည်၊ တူရိယာများကို တီးမှုတ်တတ်တဲ့ စွမ်းရည်၊ ပန်းချီ၊ အဝတ်အစား ချုပ်လုပ်မှု၊ စာရေးတတ်တဲ့ စွမ်းရည်တွေအမျိုးမျိုးရှိကြပါတယ်။


67

ဘုရားရှင်က ကျွန်တော်တို့ရဲ့စွမ်းရည်ကို မထိန်းချုပ်ထားပါဘူး။
ကျွန်တော်တို့တတွေဟာ ဘုရားပေးထားတဲ့ဘဏ္ဍာတည်းဟူသော အသက်တာ၊ အချိန်၊ အစွမ်းသတ္တိ နဲ့ ပိုင်ဆိုင်မှုတွေကို တန်ဖိုးရှိရှိ ထိန်းသိမ်းဖို့လိုအပ်ပါတယ်။
တနေ့မှာ ဘုရားရှင်က ကျနော်တို့ စွမ်းရည်ကို ဘယ်လိုအသုံးချသလဲဆိုတာမေးပါလိမ့်မယ်။ တကိုယ်ကောင်းမဆန်တဲ့ ခရစ်တော်က သူ့နောက်ကိုလိုက်ဖို့ခေါ်နေပါတယ်။




68

(ကျမ်းချက်။ တမန်တော် ဝတ္ထု ၁၀း၃၈)
ခရစ်တော်ဟာ ‘သူအပေါင်းတို့အား ချမ်းသာကိုပေးလျက် လှည့်လည်တော်မူ၏။’ တမန်တော် ဝတ္ထု ၁၀း၃၈။ ကျွန်တော်တို့လည်းဘဲ ခရစ်တော်လို လူအပေါင်းတို့ကို ချမ်းသာပေးပြီး လှည့်လည်ဖို့ မိန့်တော်မူပါတယ်။


69

ကျွန်တော်တို့ရဲ့ အစွမ်းသတ္တိတွေဟာ သူတပါးက ချီးမွမ်းဖို့မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ စွမ်းရည်တွေဟာ သူတပါးကို ကူညီမစဖို့ဖြစ်ပါတယ်။




70

(ကျမ်းချက်။ ၁ ကော ၄း၇)
ရှင်ပေါလုက ‘သူတပါးလက်မှ မခံမယူဘဲ အလိုအလျောက်ရသော အရာတစုံတခုမျှ သင်တို့၌ရှိသလော။’

၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု



71

'သူတပါးလက်မှခံယူသည်မှန်လျှင်၊ မခံမယူသကဲ့သို့ အဘယ်ကြောင့် ဝါကြွားသနည်း။'
၁ ကော ၄း၇


72

ကျွန်တော်တို့တတွေဟာ ဘုရားပေးထားတဲ့ ကြေးငွေတွေကို ထိန်းသိမ်းတဲ့ ဘဏ္ဍာစိုးတွေဖြစ်ကြပါတယ်။


73

(ကျမ်းချက်။ ရှင်မဿဲ ၆း၃၃)
'ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့။'
ရှင်မဿဲ ၆း၃၃


74

ကျွန်တော်တို့ခံစားရတဲ့ ကောင်းချီးမင်္ဂလာထဲက အချို့ကို ဘုရားသခင်ဆီကို ပြန်လည်ဆက်ကပ်ဘို့ နှုတ်ကပတ်တော်ထဲမှာ ဖေါ်ပြထားပါတယ်။



75

(ဗီဒီယို။ ၁၁ စက္ကန့်)တခါက အာဗြဟံရဲ့တူ လောတကို ရန်သူတွေကက ဖမ်းဆီးသွားကြတယ်။ အာဗြဟံဘုရားရှင်ဆီမှာ ဆုတောင်းပြီး အာဗြဟံက သူ့လူတွေနဲ့သွားကယ်ခဲ့တယ်။ လောတရဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေ အားလုံး ပြန်ရခဲ့တယ်။


76

အာဗြဟံဟာ သောဒုံမြို့နားမှာ သူ့လူတွေနဲ့စခန်းချတဲ့အခါ သောဒုံဘုရင်က သူ့ကိုလာတွေ့ပြီး ယူသွားခဲ့တဲ့ ဘဏ္ဍာပစ္စည်းတွေနဲ့ သူဖမ်းသွားတဲ့ လူတွေကို ပြန်အပ်နှံခဲ့တယ်။
အာဗြဟံက ငြင်းဆိုခဲ့တယ်။ အာဗြဟံက သူ့အတွက်ဘာမှမယူပါ။
ဘုရားသခင်ရဲ့ ယဇ်ပရောဟိတ် မင်း မာလခိဇေဒက်က အာဗြဟံကို ကောင်းကြီးပေးပြီး စားစရာပေးခဲ့တယ်။


77

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁၄း၂၀ )အာဗြဟံကလည်း သူရဲ့ဆယ်ဖို့တဖို့ကို အဲဒီယဇ်ပုရောဟိတ်မင်း မာလခိဇေဒက် ကို ပေးအပ်ခဲ့တယ် ။
ကမ္ဘာဦးကျမ်း ၁၄း၂၀


78

အာဗြဟံဟာ သူ့ရဲ့တူ လောတကို ဘုရားသခင်ရဲ့ အကူအညီအမအစနဲ့ ရန်သူ့လက်က ကယ်တင်နိုင်ခဲ့ ဘို့ ဘုရားရှင်ဟာ သူကို ကောင်းကြီးပေးတဲ့ အရှင်အဖြစ်အသိအမှတ်ပြုတဲ့အနေနဲ့ဖေါ်ပြခြင်းဖြစ်ပါတယ်။

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု


79

နှစ်ပေါင်းတရာငါးဆယ် လွန်တဲ့အချိန်မှာ အာဗြဟံရဲ့မြေးကလည်း ဒီနည်းအတိုင်းဘဲ ဘုရားကို ကျေးဇူးတင်တာကို တွေ့ရှိရပါတယ်။
ယာကုပ်ဟာ သူ့ရဲ့ အကိုစိတ်ဆိုးတာကို သိတာနဲ့ချက်ချင်းသူဟာ သားဦးအရာကို မတရားလုယူတာကို လည်းသိတယ်။ ဘုရားရှင်ကြိုက်မှန်းလည်းသိတယ်။ ဘုရားရှင်သူ့ကို အပြစ်လွတ်မှာ မဟုတ်ဘူးဆိုတာကို သိပေမဲ့ သူဘုရားသခင်ရဲ့ ကွယ်ကာမှုကိုလည်း လိုချင်နေတယ်။


80

ဒီလိုဖြစ်တာကို သူ့ဘုရားသခင်ဆီ ဝန်ချတောင်းပန်ပြီး စိုးရိမ်ပူပန်တဲ့စိတ်နဲ့ မြေကြီးပေါ်မှာ လှဲပြီး အိပ်ချ လိုက်တယ်။



81

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂၈း၁၂၊၂၂ )
မြေကြီးပေါ်မှာ လှေကားထောင်ပြီး အဖျားပိုင်းဟာ မိုးကောင်းကင်ထိရောက်နေတယ်ဆိုတဲ့ အိပ်မက်ကို မြင်မက်တယ်။



82

ဘုရားသခင်ရဲ့ကောင်းကင်တမန်တွေဟာ အဲဒီလှေကားနဲ့ဆင်းလိုက်တက်လိုက် လုပ်နေတာကို တွေ့ရတယ်။
ကမ္ဘာဦးကျမ်း ၂၈း၁၂
ယာကုပ်က အိပ်ရာက နိုးတော့၊ ဘုရားရှင်ရဲ့ ဂတိတော်နဲ့ကွယ်ကာစောင့်မမှုကို သူသိရှိလာတယ်။



83

ဒါကြောင့် သူစိတ်ကဘုရားရဲ့ကျေးဇူးတော်ကို ထိတွေ့ခံစားရပြီး ကမ္ဘာဦးကျမ်း ၂၈း ၂၂ မှာ ‘ပေးသနား တော်မူသမျှတို့ကို ဆယ်ဘို့တဘို့ပူဇော်ပါမယ်လို့ သစ္စာပြုခဲ့တယ်။


84

ဒါဝိတ်အရှင်မင်းကြီးက ဒီအတိုင်းတောင်းဆိုနေတာကို တွေ့ရှိရပါတယ်။



85

(ကျမ်းချက်။ ဆာလံကျမ်း ၁၁၆း၁၂)
‘ငါ၌ထာဝရဘုရားပြုတော်မူသော ကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ဆပ်မည်နည်း။’
ဆာလံကျမ်း ၁၁၆း၁၂
ကျွန်တော်တို့ရဲ့အသက်တာမှာ ဘုရားပေးတဲ့ ကောင်းကြီးမင်္ဂလာတွေဖြစ်တဲ့ ပျော်ရွှင်တဲ့ မိသားစု၊ ကျန်းမာရေး၊ ငွေရေးကြေးရေး အတွက် ဘုရားရှင်ကို ဘယ်လိုကျေးဇူးတင်ရမလဲဆိုတာကိုကော စဉ်းစား မိရဲ့လား။
ကျွန်တော်တို့ ဘုရားရှင်ကို ကျေးဇူးတင်ပါတယ် ဆိုတာ နဲ့ကော ဖူလုံရဲ့လား။
ဘုရားပေးတဲ့အရာတွေအားလုံးကို ထိန်းသိမ်းဘို့လိုအပ်ပါတယ်။

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု


86

ယာကုပ်ကတော့ သူ့ရဲ့ အဘိုးဖြစ်တဲ့ အာဗြဟံလို သူပိုင်တဲ့ပစ္စည်းတွေထဲက ဆယ်ဘို့တဖို့ကို ဘုရားရှင်ဆီ ဆက်ကပ်ဘို့ သူပြောတာတွေ့ရပါတယ်။


87

ဝတ်ပြုရာကျမ်းထဲမှာ ဆယ်ဖို့တဖို့ကို ဖော်ပြထားတာတွေ့ရပါတယ်။ ကြည့်ကြရအောင်။



88

(ကျမ်းချက်။ ဝတ်ပြုရာကျမ်း ၂၇း၃၀ ) 'စပါးဖြစ်စေ၊ သစ်သီးဖြစ်စေ၊ မြေကဖြစ်သမျှသော အသီးအနှံဆယ်စုတစုသည် ထာဝရဘုရား၏ ဘဏ္ဍာတော်ဖြစ်၏။



89

ထာဝရဘုရားအဘို့သန့်ရှင်းရမည်။'
ဝတ်ပြုရာကျမ်း ၂၇း၃၀


90

ဘုရားသခင်ပေးတဲ့ ကောင်းကြီးမင်္ဂလာနဲ့ ဘုရားရှင်ဟာ ဖန်ဆင်းရှင်ဖြစ်တဲ့ အနေနဲ့ကျေးဇူးတင်စွာနဲ့ ဆယ်ဖို့တဖို့ကို ဘုရားရှင်ဆီ ပြန်လည်ဆက်ကပ်ခြင်းဖြစ်ပါတယ်။
ဆယ်ဖို့တဖို့ကို ဘယ်လိုသုံးမလဲ။



91

(ကျမ်းချက်။ တောလည်ရာကျမ်း ၁၈း၂၁ )
'လေဝိသားတို့သည် ပရိသတ်စည်းဝေးရာတဲတော်အမှုကို ဆောင်ရွက်သော ကြောင့် သူတို့အမွေခံစရာ ဣသရေလအမျိုးသားတို့၏




92

ဥစ္စာ ဆယ်ဘို့တဘို့ကို ငါပေးပြီ။'
တောလည်ရာကျမ်း ၁၈း၂၁


93


သမ္မာကျမ်းစာထဲမှာ ဆယ်ဖို့တဖို့ဟာ ဘုရားရဲ့အမှုတော်အတွက် ထောက်ပံ့တယ်ဆိုတာ တွေ့ရပါတယ်။

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု




94

(ကျမ်းချက်။ ၁ ကော ၉း၁၃၊၁၄။)
ရှင်ပေါလုက ဒီလိုရှင်းပြထားပါတယ်။
'ဓမ္မကိစ္စအမှုတို့ ဆောင်ရွက်သော သူတို့သည် ဗိမာန်တော်ကို အမှီပြု၍စားရသည်ကို ၄င်း၊ ယဇ်ပူဇော်ခြင်း



95

အမှုကို ဆောင်ရွက်သော သူတို့သည် ယဇ်ပလ္လင်နှင့်ဆက်ဆံ၍စားရသည်ကို ၄င်း သင်တို့မသိသလော။



96

ဧဝံဂေလိတရားကို ဟောသောသူတို့သည် ဧဝံဂေလိတရားကို အမှီပြု၍အသက်မွေးရမည်အကြောင်း သခင်ဘုရား၏ပညတ်တော်မှုချက်ရှိ၏။'
၁ ကော ၉း၁၃၊၁၄။


97

ဘုရားရှင်က အတွေးအမြင် ကျဉ်းမြောင်းတဲ့ ဖါရိရှဲနဲ့ ကျမ်းတတ်ဆရာတွေကို ဆယ်ဖို့တဖို့ ပေးနည်းစနစ်ကို ပြောထားတာလည်းတွေ့ရတယ်။



98

(ကျမ်းချက်။ မဿဲ ၂၃း၂၃)
'ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား ပင်စိမ်း၊ စမွတ်၊ ဇီယာ၊ အသီးအရွက်တို့ကို ဆယ်ဖို့တဖို့ လှူကြသည်တွင် တရားသဖြင့်စီရင်ခြင်း




99

သူတပါးကို သနားခြင်း၊ သစ္စာစောင့်ခြင်းတည်းဟူသော ပညတ်တရားတွင်လေးသောအရာတို့ကိုကားလှပ်၍ ထားကြ၏'
မဿဲ ၂၃း၂၃


100

ကျွန်တော်တို့ဆယ်ဖို့တဖို့ကို ဘယ်လောက်ထိပေးနိုင်မလဲ။ အချို့သူတွေကတော့၊ ဘုရားရှင်ဟာ သူတို့ကို ကယ်တင်ရှင်၊ စောင့်ထိန်းသော အရှင်အဖြစ်ဆုံးဖြတ်ချက်ထားပြီးပေးတာကို တွေ့ရပါတယ်။


101

တကယ်ပါပဲ။ အဲဒီပုဂ္ဂိုလ်တွေရဲ့အသက်တာမှာ ထူးဆန်းအံ့သြဘွယ်ကောင်းတဲ့ အဖြစ်အပျက်တွေကို ကြုံတွေ့ရပါတယ်။
တချို့သူတွေက ဆယ်ဖို့ကိုးဖို့ကို ဘုရားရှင်ကို ဆက်ကပ်တာတွေ့ရပါတယ်။
အဲဒါဟာ သူတို့တွေရဲ့ ငွေရေးကြေးရေးလုံခြုံမှုနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်ဖြစ်ပါတယ်။


# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု


102

အချို့သူတွေက မေးကြပါတယ်။ ‘ဆယ်ဖို့တဖို့ဟာ ယုဒလူမျိုးအတွက်ဘဲမဟုတ်လား။ ‘ ဒီတော့ ကျွန်တော်တို့ မေးမယ်။ ကောင်းကင်က ကောင်းကြီးမင်္ဂလာဟာ ယုဒလူမျိုးတွေအတွက်ဘဲလား။’


103

တခါက ‘ဂျင်း’လို့ခေါ်တဲ့သူငယ်လေးတစ်ယောက်က သူသစ္စာရှိရှိနဲ့ ဆယ်ဖို့တဖို့ပေးလှူခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာ အများအပြားသူခံစားရတယ်။


104

ဒါကြောင့် သူဘုရားရှင်နဲ့အမှုတော်အတွက် အလှူတော်ငွေကို  ဆယ်ဖို့တဖို့အပြင်အများကြီးပေးလှူဒါန်းခဲ့တယ်။


105

တခါက အိ(ဒ်) လို့ခေါ်တဲ့ လူငယ်ဟာ ရောင်းဝယ်ကောင်းတဲ့ အချိန်ဖြစ်တဲ့ စနေနေ့မှာ ဆိုင်ပိတ်ပြီး အခြားအချိန်မှာ ရောင်းဝယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့တယ်။ သူ့ရဲ့ သစ္စာရှိမှုကြောင့် သူ့စီးပွားရေးဟာ တိုးတက်ခဲ့တယ်။


106

အဲဒီပုဂ္ဂိုလ်မျိုးတွေဟာ ဘုရားသခင်ရဲ့ ဂတိတော်ကို ယုံကြည်လက်ခံခဲ့လို့ မာလခိကျမ်းမှာ ဖေါ်ပြတဲ့ အတိုင်း


107

(ကျမ်းချက်။ မာလခိ ၃း၁၀)
‘ဆယ်ဘို့တဘို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့အိမ်တော်၌စားစရာရှိစေခြင်းငှါ ပြုကြလော့။


108

ငါသည် မိုးကောင်းကင်ပြတင်းပေါက်တို့ကို ဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင်


109

သွန်းလောင်းမည် မသွန်းလောင်းမည်ကို ထိုသို့စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏။’
မာလခိ ၃း၁၀

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု


110

ဘုရားရှင်က ဆယ်ဘိုကတဘို့ဟာ သန့်ရှင်းရမယ်။ ဘုရားရှင်က သူ့ရဲ့ဘဏ္ဍာကို ထိန်းတဲ့ ကျွန်တော်တို့တတွေဟာ သစ္စာရှိမရှိ စမ်းသပ်တာဖြစ်ပါတယ်။ ဘုရားရှင်ကို ကျွန်တော်တို့ရဲ့ဥစ္စာပစ္စည်းဘဏ္ဍာကို ပိုင်ဆိုင်တဲ့ အရှင်သခင်အဖြစ်၊ ကျွန်တော်တို့ ဂုဏ်ပြုမပြုစမ်းသပ်တာဖြစ်ပါတယ်။


111

ကျွန်တော်တို့ ဆယ်ဖို့တဖို့ ပေးဖို့ ငြင်းပယ်ရင်တော့ ကျမ်းစာအရ ကျွန်တော်တို့ဘုရားသခင်ရဲ့ ဘဏ္ဍာကို လုယူတဲ့ ချစ်သူဖြစ်လာမည်။




112

(ကျမ်းချက်။ မာလခိ ၃း၈)
ကျွန်တော်တို့ဟာ ဘယ်လိုလုယူတာလဲလို့မေးရင် ဆယ်ဘို့တစ်နဲ့ ပူဇော်သက္ကာတို့ကို လုယူကြပြီ။
မာလခိ ၃း၈


113

ကျွန်တော်တို့ဝင်ငွေဆယ်ဘို့တဘို့နဲ့ (သို့) ဝင်ငွေရဲ့ ဆယ်ပုံတပုံဟာ ဘုရားပိုင်ပါတယ်။
ဘုရားရှင်ကို သစ္စာရှိရှိပေးဘို့လိုပါတယ်။




114

(ကျမ်းချက်။ ရှင်လုကာ ၆း၃၈)
'သူတပါးအားပေးကြလော့။ ပေးလျှင် သူတပါးသည် သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်ရုံမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့်သင်တို့ရင်ခွင်၌ပေးကြလိမ့်မည်။'
ရှင်လုကာ ၆း၃၈


115

အမှုတော်လုပ်ငန်းအတွက် ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး ဘုရားရှင်က အစီအစဉ်ရေးဆွဲထားတာ အတော်ကောင်းပါတယ်။
သူရဲ့သားသမီးတွေ စိုးရိမ်ကြောင့်ကြစရာမလိုဘဲ ဘုရားရှင်ကို သူတို့စိတ်စေတနာအလျောက်ပေးလှူဒါန်းဘို့ တောင်းဆိုထားပါတယ်။


116

မိတ်ဆွေတို့မေးမှာဘဲ။ ဘုရားရှင်က ရွှေ၊ ငွေ၊ တိရစ္ဆာန်တွေ၊ မြေယာတွေအားလုံးပိုင်ဆိုင်ရဲ့သားနဲ့ ဘာကြောင့် ငွေကိုတောင်းတာလဲ။
ဆယ်ဖို့တဖို့ဟာ ဒီကမ္ဘာမှာရှိတဲ့ ဘုရားရှင်နဲ့ အမှုတော်လုပ်ငန်းစီမံကိန်းမှာ သုံးဘို့ငွေဖြစ်ပါတယ်။


117

ထီပေါက်တဲ့ငွေ၊ ဖဲကစားလို့နိုင်တဲ့ငွေတွေကို ဘုရားရှင်က မတောင်းဆိုပါဘူး။ ဘာကြောင့်လဲဆိုတော့ မသန့်ရှင်းလို့ဖြစ်ပါတယ်။

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု




118

ဘုရားရှင်တောင်းဆိုတာ လုပ်အားကနေရတဲ့ ဝင်ငွေထဲကဖြစ်ပါတယ်။




119

ဥပမာ - လူတစ်ယောက်ရဲ့ဝင်ငွေကျပ်တထောင်ဆိုပါတော့။




120

ဘုရားရှင်ကို ဝင်ငွေရဲ့ ဆယ်ဘို့တဘို့ဖြစ်တဲ့ ကျပ်တစ်ရာကို ဘုရားရှင်ဆီဆက်ကပ်ရမယ်။




121

တကယ်လို့ဝင်ငွေကျပ်တစ်ရာဖြစ်ခဲ့ရင်




122

ဘုရားရှင်ထံကျပ်တစ်ဆယ်ဆက်ကပ်ရမယ်။
ဒါက ပိုပြီးတရားတယ်မဟုတ်ဘူးလား။



123

ကျွန်တော်တို့များများဆက်ကပ်လေလေ ဘုရားရှင်က ကျွန်တော်တို့ကို များများပေးလေ ဖြစ်ပါတယ်။
ကျွန်တော်တိုကခါတိုင်းပေးတာထက် ပိုပြီးလက်ခံရရှိပါတယ်။
ဆယ်ဘို့တဘို့ပေးရခြင်းဟာ ဘုရားရှင်က ကျွန်တော်တို့ကို ပေးခဲ့တဲ့ကောင်းကြီးမင်္ဂလာနဲ့ ကူညီမစမှု ကျေးဇူးဂရုဏာတရားတွေကို ပြန်လည်ဂါဝရပြုခြင်းဖြစ်ပါတယ်။
ဒါမှကျွန်တော်တို့တွေမှာ လောဘစိတ်၊ အတ္တစိတ်ကင်းမှာဖြစ်ပါတယ်။



124

ဒါမှကျွန်တော်တို့တွေဟာ အခြားသူတွေကို စာနာတတ်လာမယ်။ ကျွန်တော်တို့ခံစားရတဲ့ ဘုရားသခင်ရဲ့ ကောင်းကြီးမင်္ဂလာတွေကိုသူတပါးတွေမျှဝေခံစားဘို့ပေးနိုင်မယ်။ ဒါမှကျွန်တော်တို့တွေဟာ သခင်ယေရှုရဲ့ စာရိတ္တနဲ့ပိုပြီးတူလာမယ်။ ခရစ်တော်၌ကျွန်တော်တို့စာရိတ္တဟာ ပိုပြီးခိုင်မာလာမယ်။
သခင်ယေရှုက ဒီလိုဥပမာကို ဆောင်ပြီးမိန့်တော်မူခဲ့ပါတယ်။



125

တခါတုန်းက လယ်သမားတစ်ယောက်ရှိတယ်။ သူရဲ့လယ်ကစပါးအတွက်တိုးတော့ သူရဲ့စပါးကျီဟာလည်း ပြည့်နှက်ပြီးနေတယ်။ စပါးတွေက အလျှံပယ်ဘဲ။ သူအခက်တွေ့နေပြီး သူရဲ့ပိုတဲ့စပါးတွေကို ဆင်းရဲသားတွေကို ပေးမယ်လို့ထင်သလား။ မပေးဘူး။ သူစပါးကျီတွေကို ထပ်ချဲ့ပြီးထားဘို့ သူကြံစည်ခဲ့တယ်။

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု



126

သူ့ကိုယ်သူဘယ်လိုပြောသလဲဆိုတော့



127

(ကျမ်းချက်။ ရှင်လုကာ ၁၂း၁၈-၂၁)ငါ့တိုက်များကို ဖျက်ပြီးကျယ်တဲ့ တိုက်တွေကို တည်ပြီးမှ ငါ့ရဲ့အသီးအနှံဥစ္စာရှိသမျှတွေကို သိုထားမယ်။



128

ငါ့ဝိညာဉ်ကိုလည်း အချင်းဝိညာဉ် သင်ဟာ နှစ်ပေါင်းများစွာသုံးဆောင်ဘို့ ဥစ္စာတွေကိုသိုထားပြီး ငြိမ်ဝပ်စွာနေပါ။ စားသောက်ပါ။ ပျော်မွေ့ပါလို့ပြောဘို့ အကြံရှိတယ်။
ရှင်လုကာ ၁၂း၁၈၊၁၉



129

ဘုရားသခင်က အချင်းလူမိုက်၊ အခုညဉ့်မင်းရဲ့ ဝိညာဉ်ကို ရုပ်သိမ်းတဲ့ အချိန်ရောက်မယ်။



130

ဒါကြောင့် မင်းပြင်ဆင်သိုထားတဲ့ ဥစ္စာကိုဘယ်သူပိုင်မလဲလို့ အဲဒီပုဂ္ဂိုလ်ကို ပြောလိုက်ပါတယ်။



131

ထို့အတူကိုယ့်အဘို့ဘဏ္ဍာများကို ဆည်းပူးပြီး ဘုရားသခင်ရှေ့မှ ဆင်းရဲတဲ့သူဟာ ဒီပုဂ္ဂိုလ်နဲ့တူတယ်လို့မိန့်တော်မူခဲ့တယ်။
ရှင်လုကာ ၁၂း၂၀၊၂၁



132

ဒီလယ်သမားဟာ သူခံစားရတဲ့ကောင်းကြီးမင်္ဂလာဟာ ဘယ်ကရတာလဲဆိုတာ မသိလို့ဖြစ်ပါတယ်။
သူ့ရဲ့ဖန်ဆင်းရှင်ကို သူသစ္စာရှိရှိပြန်လည်ပြီး ဆက်ကပ်ဘို့ အသိအမှတ်မပြုလို့ဖြစ်ပါတယ်။
မိဘမဲ့ မုဆိုးမ၊ အိမ်မရှိသူတွေ ဆင်းရဲတဲ့သူတွေကို မေ့ထားလို့ဖြစ်ပါတယ်။
သူတယောက်ထဲအတွက်ဘဲ စဉ်းစားတဲ့ အတ္တသမားဖြစ်လို့ဖြစ်ပါတယ်။



133

(ကျမ်းချက်။ ရှင်မဿဲ ၆း၂၁)
'အကြင်အရပ်၌သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့သင်တို့ကစိတ်နှလုံးရောက်တတ်၏။' ရှင်မဿဲ ၆း၂၁
ခရစ်တော်က ကျွန်တော်တို့ပိုင်ဆိုင်မှုမှာ ကျွန်တော်တို့စိတ်နှလုံးရောက်မှာကို အထူးအလေးပေးတာ တွေ့ရပါတယ်။ ကျွန်တော်တို့တွေ ဘုရားသခင်ကို မဆက်ကပ်ခဲ့ရင် ဘုရားရှင်ထံတော်ပါးကနေ ဝေးကွာတာတင်မကဘူး ထာဝရအသက်ပါဆုံးရှုံးနိုင်ပါတယ်။

၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု


134

(ကျမ်းစာ။ ရှင်မဿဲ ၁၆း၂၆)
'လူသည်ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။
မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း။
ရှင်မဿဲ ၁၆း၂၆


135

အခုခေတ်မှာ လူတွေဟာ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးတွေနဲ့ အလုပ်တွေများနေကြလို့
သူတို့ခံစားရတဲ့ ကောင်းကြီး မင်္ဂလာဘယ်ကလာသလဲဆိုတာကိုတောင် စဉ်းစားကြမှာ မဟုတ်ဘူး။




136


(ဗီဒီယို။ ၆ စက္ကန့်)
သူ့ကို အပြစ်ထဲကရွေးနှုတ်ခဲ့တဲ့ အရှင်ကို ပြန်လည်စဉ်းစားဘို့တောင်မေ့လျော့နေပြီး၊
သူရဲ့ဘုရားရှင်ကိုတောင် သူရဲ့စွမ်းရည်၊ ကြေးငွေနဲ့အချိန်ကိုပေးပြီး ဂုဏ်ပြုဘို့တောင်မေ့နေကြတယ်။
ဒါတွေဟာ ကျွန်တော်တို့အတွက်နေ့စဉ် သတိပေးဘို့လိုအပ်ပါတယ်။


137

ကျွန်တော်တို့ချစ်တဲ့သူအတွက် ကျွန်တော်တို့နှလုံးသားမှာ နေရာရှိပါတယ်။


138

ကျွန်တော်တို့ချေးငှါးထားတဲ့အရာဟာ ကျွန်တော်တို့ရဲ့ ပိုင်ဆိုင်မှုမဟုတ်ပါ။


139

ကျွန်တော်တိုကအသက်တာတောက်ပြောင်လာဘို့ ဘုရားရှင်ကို အပ်နှံထားပါ။


140

အိုဘုရားရှင်၊ ကျွန်တော်တို့ကို သိစေပါ။ သိစေပါ။
ကျွန်တော်ချစ်တဲ့ဘုရားရှင်

# ၁၉ – သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု



141

အရာခပ်သိမ်းဟာ ဘုရားရှင်ထံကလာတဲ့ ဆုကျေးဇူးတွေပါ။
ကျွန်တော်တို့ရဲ့အသက်တာလည်း ဘုရားဆီကလာတဲ့ဆုကျေးဇူးတွေပါ။
ကျွန်တော်တို့ကျန်းကျန်းမာမာနေထိုင်ရတာလည်း ဘုရားဆီကလာတဲ့ ဆုကျေးဇူးတွေပါ။
ကျွန်တော်တို့ရဲ့အသက်ဟာလည်း ဘုရားဆီကလာတဲ့ဆုကျေးဇူးတွေပါ။
ကျွန်တော်တို့နေ့စဉ် စားနေတဲ့ အစားအစာ၊ အဝတ်အစား၊ နေအိမ်တွေဟာလည်း ဘုရားဆီက လာတဲ့ ဆုကျေးဇူးတွေပါ။
ဒီတော့ ကျွန်တော်တို့ပြန်ပြီး ပြောဘို့ကတော့၊ အိုဘုရားရှင်။ ကျွန်တော်တို့ကို ဒီအရာတွေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။
မိတ်ဆွေတို့ကောဒီလိုပြောချင်ကြမလား။ 'အိုဘုရားရှင်၊ ကျွန်တော်ရဲ့ဥစ္စာဘဏ္ဍာနဲ့ကျွန်တော်ရဲ့အသက်တာမှာ ကိုယ်တော်ကို ဦးစားပေးပါတယ်။
ဒီလိုပြောချင်တဲ့မိတ်ဆွေတွေရှိခဲ့ရင် ကျွန်တော်တို့လက်ကိုမြှောက်ပြပါ။ ဆုတောင်းရအောင်။

သင်မဆုံးရှုံးနိုင်သောစုဆောင်းမှု – ၁၉

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း



1

ဒီလွတ်လပ်မှုကို ကျွန်ုပ်တို့ယနေ့ဘယ်နေရာမှာ တွေ့နိုင်မှာလည်း?


2

ဒီအဖြစ်အပျက်လေးကတော့ ရှေးခေတ်ဂရိအချိန်အခါက အမှန်တရားကိုရှာဖွေချင်တဲ့လူငယ်လေး တစ်ယောက် အကြောင်းဘဲဖြစ်တယ်။

သူတို့ရဲ့မြို့မှာရှိတဲ့ပညာအရှိဆုံးလူကြီးထံမှာချည်းကပ်ပြီး လေ့လာစုံစမ်းခဲ့တယ်။
လူငယ်လေးက လူကြီးကိုဘာမေးသလဲဆိုတော့ ပညာရှိကြီးခင်ဗျား၊ အမှန်တရားကို ဘယ်လိုရှာမလဲဆိုတာကိုပြောပြပါလား။ ကျွန်တော့ကိုလမ်းညွှန်ပေးစမ်းပါ။
အသက်ကြီးပြီးပညာရှိတဲ့သူက ထပြီးတော့ လမ်းစတင်လျှောက်ပါတော့တယ်။ လူငယ်လေးက နောက်က လိုက်ပါတယ်။ သူတို့ဟာ မြို့ရဲ့လမ်းမကြီးကို ဖြတ်ကျော်လျှောက်ပြီးနောက် ပင်လယ်ကမ်းခြေကို ရောက်သွားတယ်။
လူကြီးဟာ ရေထဲကိုဆက်လျှောက်သွားတယ်။
ရေခါးလောက်ထိရှိတဲ့နေရာရောက်သွားတဲ့အခါမှာလူငယ်လေးကို ဘာပြောလဲဆိုတော့ မင်းရဲ့လက်ကို ခေါင်းပေါ်တင်ထားလိုက်ပါ။ ပြီးတာနဲ့ လူကြီးဟာလူငယ်လေးကို ရေထဲမြုပ် သွားအောင်တွန်းလိုက်ပါတယ်။ ရေထဲမှာ လေမှုရှုလို့မရတာကိုး။ သုံးကြိမ်တိုင်အောင်လုပ်တဲ့အခါမှာ လူငယ်က ပညာရှိကို ဘာပြောလဲဆိုတော့ 'ကျွန်တော်က အမှန်တရားကို ရှာဖွေနေတာလေဗျာ'လို့ပြောလိုက်တာတယ်။
ဒါနဲ့ပညာရှိက ဘယ်လိုတုန့်ပြန်လိုက်သလဲဆိုတော့ မင်းရေထဲမှာမင်းလေကိုရှာသလို တောင့်တသလို အမှန်တရားကို တွေလိမ့်မယ်။ အမှန်တရားကိုယေရမိ ပရောဖက်က ဘာပြောလဲဆိုတော့ ဘုရားရှင်ဟာ အမှန်တရားကို တင်းကျပ်စွာကိုင်မထားပါဘူး။



3

(ကျမ်းချက်။ ယေရမိ ၂၉း၁၃)
'ငါ့ကိုရှာသော အခါစိတ်နှလုံးအကြွင်းမဲ့ရှာလျှင်တွေ့ကြလိမ့်မည်။'
ယေရမိ ၂၉း၁၃)
ဒါပေမဲ့ တချို့သော သူများဟာ မှားယွင်းသောနေရာတွေမှာ ရှာဖွေနေကြတယ်။


4

ကျွန်တော်တို့မွေးဖွားလာတဲ့အခါမှာ တဦးစီရဲ့အထဲမှာ ဘုရားရဲ့ပုံသဏ္ဍာန်ပါတယ်လို့ပြောလေ့ရှိကြတယ်။

လူတွေဟာမိမိမှာ မရှိတဲ့အရာတခုအတွက်ပြင်းထန်သောလိုအင်ဆန္ဒနဲ့မွေးဖွားလာကြတယ်။
မဖေါ်ပြနိုင်တဲ့လိုအပ်ချက်နဲ့လိုချင်တဲ့အရာတခုခုကို ကျွန်တော်တို့ ရှာနေပုံပေါ်တယ်။



5

ဒါကြောင့် ကျွန်ုပ်တို့ရဲ့အသက်တာမှာ ကျော်ကြားမှု၊ မူးယစ်ဆေးဝါး၊ အရက်၊ ရာထူးရာခံ၊ ဇိမ်ကျကျနေနိုင်တဲ့ အရာတွေ၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများကို ရှာဖွေခဲ့ကြတယ်။ ဒါပေမဲ့လို့ ဒီအရာတွေဟာ အဆုံးမှာ ကျေနပ်မှုမပေးနိုင်ဘူး ဆိုတာ သိလာလိမ့်မယ်။


6

ဒီလိုဘဝကနေ လွတ်မြောက်ဘို့ အခွင့်အရေးကတော့ အိပ်မပျော်တဲ့ အထီးကျန်တဲ့ညတွေမှာ ရှေးအတိတ်ကာလက ပရောဖက်များရဲ့ ပဲ့တင်ရိုက်ခတ်သံတွေနဲ့စိတ်ချောက်ချားစေတဲ့မေးခွန်းများကို ပြန်လည်သတိရ ဆန်းစစ်ဘို့ဘဲဖြစ်တယ်။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း


7


(ကျမ်းချက်။ ဟေရှာယ ၅၅း၂ )
'အစာမဟုတ်သောအရာအဖို့ သင်တို့ငွေကို၎င်း၊ အမွတ်မပြေနိုင်သောအရာအဖို့ သင်တို့ဥစ္စာကို၎င်း၊ အဘယ်ကြောင့်ကုန်စေသနည်း။'
ဟေရှာယ ၅၅း၂
ခရစ်တော်ဘုရားဟာ တခဏသာ ကျေနပ်မှုရရှိနိုင်မဲ့ ပိုင်ဆိုင်တဲ့ အရာများကိုသိပါတယ်။


8

(ကျမ်းချက်။ လုကာ ၁၂း၁၅)
'ထိုမှတပါး လောဘ လွန်ကျူးခြင်းကိုသတိနှင့် ကြည်ရှောင်ကြလော့။ အကြောင်းမူကား စည်းစိမ်ရှိပြား သော်လည်း စည်းစိမ်၌ အသက်မတည်ဟု မိန့်တော်မူ၏။'လုကာ ၁၂း၁၅


9

ဒီနေ့လူတွေရဲ့ဟာ တန်ခိုးအာဏာကို လိုခြင်နေကြတယ်။ ဒါဟာမဆန်းပါဘူး။


10

ဧဒင်ဥယျာဉ်အချိန်ကတည်းက လူဟာ ဘုရားရဲ့အလိုကိုလိုက်ရမည့်အစား၊ ကိုယ့်အလိုကို လိုက်ဖို့ရွေးချယ်တယ်။ ရွေးချယ်မှုရဲ့ ရလဒ်ဟာ ထာဝရအသက်ကိုဆုံးရှုံးခြင်းဘဲဖြစ်ပါတယ်။ ဒီဆုံးရှုံးခြင်းကို ဘုရားကလွဲရင် ဘယ်သူမှအစားမဖြည့်ပေးနိုင်ပါဘူး။


11

ဣသရေလအမျိုးသားများတောထဲမှာ လှည့်လည်နေရတဲ့အချိန်အခါ ဘုရားရှင်ဟာ သူတို့ကို ဆာလောင်မွတ်သိပ်စေတယ်။ သူတို့ဟာ ဘုရားရှင်ကို အမှန်တကယ်လိုအပ်တယ်ဆိုတာကို
ဘုရားရှင်သိစေခြင်တဲ့အတွက်ကြောင့်ဘဲ။ ဘုရားရှင်ဟာ မောရှေအားဖြင့် ဘာပြောလဲဆိုရင်တော့


12

(ကျမ်းချက်။ တရားဟောရာကျမ်း ၈း၃)
'ထိုသို့သင့်ကို အငတ်အမွတ်ခံစေတော်မူသောအခါ သင်သည် ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဘူးသော မန္နနှင့်ကျွေးမွေးတော်မူသဖြင့်


13

လူသည် မုန့်အားဖြင့် အသက်ကိုမွေးရသည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည် ကိုသိစေတော်မူ၏။'


14

'ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။'
တရားဟောရာကျမ်း ၈း၃

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း




15

တောင့်တမှုလေးတွေ စိတ်ထဲမှာပေါ်ပေါက်လာခြင်းကိုလည်း ဘုရားရှင်ခွင့်ပြုပုံပေါ်တယ်။ အဲ့ဒီလို ဆန္ဒတွေ ပေါ်လာတဲ့အခါမှာ ကျွန်တော်တို့က လက်ဆန့်ပြီးတောင်းတယ်။ ဘုရားက ကျွန်တော်တို့ရဲ့လိုအင်ဆန္ဒကို ဖြည့်ပေးတယ်။





16

ဒီနေ့ဘာသာရေးမှာစိတ်ဝင်စားမှုတွေ တော်တော်များများတွေ့ရတယ်။ အဖွဲ့အစည်းတွေ မထားတော့ဘဲ ပေါင်းစည်းကြဖို့ဦးစားပေးပြောနေကြတယ်။ ဒီဘာသာတွေအကြောင်းနဲ့အသင်းတော်တွေရဲ့ အကြောင်းကို ပိုမိုလေ့လာနေကြတယ်။



17

မြောက်များစွာသော အသင်းတော်များဟာ ကမ္ဘာနဲ့အဝန်း လျှင်မြန်စွာပြန့်ပွားလျက်ရှိနေပါတယ်။
အသင်းတော်အသီးသီးကလည်း သူတို့ဟာ ဘုရားရွေးချယ်ခြင်းကို ခံရတဲ့ အထူးလူမျိုးများဖြစ်တယ်၊
အမှန်တရားကို တကမ္ဘာလုံးကိုဖြန့်ဝေရမယ်လို့ယုံကြည်တယ်။
ဒါပေမဲ့သူတို့ရဲ့ကြေညာမှုတွေဟာ အမှန်တရားကို သိသာထင်ရှားအောင်ဖော်ပြခြင်းမဟုတ်ပါဘူး။





18

ကျမ်းစာကို အခြေခံတယ်လို့ပြောဆိုနေပေမဲ့လို့သူတို့ရဲ့သွန်သင်ချက်တွေဟာ ကျမ်းစာနဲ့ မကိုက်ညီပါဘူး။




19

ရိုးသားတဲ့ လူသားတွေအဘို့ ဘယ်အရာဟာ အမှန်တရားလည်းဆိုတာကို ယူဆဆုံးဖြတ်ရမှာ ခက်ခဲမှု ရှိနေကြပါတယ်။ ဒါကြောင့် ဘုရားရှင်ဟာ သူရဲ့ရွေးချယ်ထားတဲ့အဖွဲ့ကို ဒီနေ့မှာ အသင်းတော်အနေနဲ့ အထူးအဖွဲ့စည်းကို ဖွဲ့စည်းထားပါတယ်။ ရှင်ပေါလု ရေးသားချက်ကိုကြည့်မယ်ဆိုရင် -




20

(ကျမ်းချက်။ ဧဖက်သြဝါဒစာ ၄း၄ )
'သင်တို့ကို ခေါ်တော်မူခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ခြင်းတစ်ပါးထဲသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ၊ ကိုယ်တစ်ကိုယ် ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏။



21


သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါ



22


ခပ်သိမ်းသော ငါတို့၏အဘဖြစ်သောဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။' ဧဖက်သြဝါဒစာ ၄း၄-၆

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း



23

(ကျမ်းချက်။ တိမောသေသြဝါဒစာ ၃း၁၅)
သင်သည် ဘုရားသခင်၏ အိမ်တော်၌အဘယ်သို့ကျင့်ကြံပြုမူရမည်ကို သိရှိစေခြင်းငှါ ဤလို့ငါရေးပေးလိုက်၏။



24

ထိုအိမ်ကား အသက်ရှင်တော်မူသော ဘုရားသခင်၏အိမ်တော်ဖြစ်၏။ ထိုအသင်းတော်ကား သမ္မာတရား၏ အမှီတကဲဖြစ်၏။ သမ္မတရား၏တည်ရာလည်းဖြစ်၏။

တိမောသေသြဝါဒစာ ၃း၁၅

ရှင်ပေါလုရှင်းလင်းစွာတင်ပြချက်ကတော့ ယနေ့ဘုရားရှင်ရဲ့အသင်းတော်ဟာဆိုရင် အမှန်တရား၏ ထောင့်တိုင်ဖြစ်ပြီးတော့၊ ဒီလိုမှန်ကန်မှုရှိမရှိ အသင်းတော်ကို ဘယ်လိုစံချိန်နဲ့ချိန်ထိုးပြီးရှာဖွေမလဲဆိုတာ ဖေါ်ပြပါတယ်။


25

ဂိုဏ်းဂဏ အဖွဲ့အစည်း၊ ခရစ်ယာန်အဖွဲ့အစည်းများစွာရှိနေပါတယ်။ အမှားအမှန် ဘယ်လိုခွဲခြားကြလဲ။ မှားယွင်းမှုများကို ဘာသာရေးအဖွဲ့များစွာထဲက အမှန်ကို ဘယ်လိုထုတ်ဖေါ်ကြမလဲ။


26

ချစ်သောမိတ်တွေ ခရစ်တော်ဘုရားရဲ့ နှုတ်ကပတ်တော်အားဖြင့် ရှုတ်ထွေးမှုမရှိပါဘူး။ သေချာတာကတော့ ဒီများစွာသော ဂိုဏ်းဂဏများအားဖြင့်၊ ယုံမှားမှုတွေရှိနိုင်တယ်။ ခရစ်တော် အသေမခံမှီ တောင်းခဲ့တဲ့ ဆုတောင်းချက်အားဖြင့်သိနိုင်ပါတယ်။ ခရစ်တော်ရဲ့ဆုတောင်းခြင်းအားဖြင့် ဘယ်လိုသိနိုင်လဲဆိုတော့။



27


(ကျမ်းချက်။ ရှင်ယောဟန် ၁၇း၂၁)
ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြည်မည်အကြောင်း၊ ထိုသူ အပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်



28

အဘကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့
ထိုသူအပေါင်းတို့ သည် ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှါ ဆုတောင်း၏။'
ရှင်ယောဟန် ၁၇း၂၁

ခရစ်တော်ဘုရားရှင်ရဲ့ လိုလားမှုဟာ သူ့ရဲ့ နောက်ကိုလိုက်တဲ့ သူများဟာ မေတ္တာတရားအားဖြင့် ပြန်လည်စည်းလုံးညီညွတ်မှုရှိဘို့ဘဲဖြစ်ပါတယ်။ ခရစ်တော်ရှင်ဟာ အသင်းတော်ကိုမကွဲပြားစေလိုပါဘူး။




29

(ကျမ်းချက်။ ၁ ကော ၁၂း၂၅)
ကိုယ်ခန္ဓာ၌အခြင်းခြင်းကွဲပြားမှုမရှိဘဲ
၁ ကော ၁၂း၂၅


# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း


30


ဒါပေမဲ့ ရှင်ပေါလုက ဖောက်ပြန်ခြင်းနဲ့ အတူသင်းကွဲခြင်း လာမယ်လို့ ပြောထားပါတယ်။


31


(တမန်တော်ဝတ္ထု ၂၀း၂၈-၃၀)
ထို့ကြောင့် သင်တို့သည် ကိုယ်ကို သတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့်ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှါ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့ကို အအုပ်ချုပ်ခန့်ထား တော်မူသော သိုးစုတစ်စုလုံးကိုလည်း သတိနှင့်ကြည့်ရှုကြလော့။


32

အကြောင်းမူကား ငါမရှိသည်နောက်၊ ကြမ်းတမ်းသော တောခွေးတို့သည် သိုးများကို မသနားဘဲ၊ သင်တို့အထဲ သို့ ဝင်မည်ကိုငှင်း၊ တပည့်တော်များကို သွေးဆောင်ခြင်းငှါ မှားသောစကားကိုပြောတတ်သော သူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်ကို ငှင်းငါသိ၏။


33


ထို့ကြောင့် စောင့်ရှောက်၍နေကြလော့။ ငါသည် သုံးနှစ်ပတ်လုံးနေ့ညမပြတ် လူအပေါင်းတို့ကို မျက်ရည်နှင့် တကွ ဆုံးမ၍ နေကြောင်းကို အောက်မေ့ကြလော့။


34

တပည့်တော်များကို သွေးဆောင်ခြင်းငှါ မှားသောစကားကို ပြောတတ်သောလူတို့သည် သင်တို့အထဲ၌ ပေါ်လာမည် ကိုငှင်းငါသိ၏။ တမန်တော်ဝတ္ထု ၂၀း၂၈-၃၀


35

အသင်းတော်သမိုင်းရာဇဝင်ကို ပြန်လှန်ကြည့်တဲ့အခါ အမှန်တကယ်ဘာဖြစ်ခဲ့သလဲဆိုတာကို တွေ့ရှိရမယ်။ မှားယွင်းသောဆရာများပေါ်ပေါက်လာမယ်။ သူတို့ရဲ့ သွန်သင်ချက်တွေနောက်လိုက်ပြီး အသင်းတော်ကနေ ထွက်ခွာသွားကြပါတယ်။
အခြားသောသူများအငြင်းပွားကြတယ်။ ခရစ်တော်အကြောင်းကို သွန်သင်ခြင်းကနေထွက်ခွာသွားပြီးတော့ နောက်လိုက်နေတဲ့သူတွေဟာ အမှန်တကယ်ကျဆုံးခဲ့တယ်ဆိုတာကို သိရှိခဲ့ရပါတယ်။ ဒါပေမဲ့ ဘုရားရှင်ဝယ်သစ္စာရှိတဲ့အသင်းတော်က ကျန်ရှိနေသေးပါတယ်။


36

ဒါပေမဲ့တခြား သူများဘာပြောလဲဆိုတော့ 'အသက်ရှင်ချိန်လေးမှာ အသင်းတော်တိုင်းရဲ့ သွန်သင်ချက်တွေကို လိုက်ပြီး လေ့လာနေမယ်ဆိုရင် မှန်ကန်တဲ့ဘုရားရှင်ရဲ့ အသင်းတော်ကိုဘယ်လိုတွေ့နိုင်မှာလဲ။
အသင်းတော်အမှန်ကို တွေ့ဘို့လွယ်ပါတယ်။ ဒါကတော့ဘုရားရှင်ရဲ့လမ်းဖြစ်ပါတယ်။


37

အစိုးရအာဏာပိုင်များရဲ့အဆိုအရ ငွေအတုနှင့်အစစ်ကို အလွယ်တကူခွဲလို့ရတယ်လို့ပြောပါတယ်။ ဘာကြောင့် ခွဲခြားနိုင်သလဲ။ ငွေအစစ်ရဲ့လက္ခဏာကို နိုက်နိုက်ချွတ်ချွတ်လေ့လာတဲ့အတတ်ကြောင့်ဖြစ်ပါတယ်။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း


38

သူတို့တွေဘာကိုဘဲသိလဲဆိုတော့ ငွေစက္ကူမှာ ပြုလုပ်ထားတဲ့ စက္ကူမျှင်တွေအရောင်ပေါင်းစုံ ပုံနှိပ်ထားတဲ့ မှင်ရောင်တွေ၊ ပြီးတော့ နံပါတ်စဥ်တွေဟာဆိုရင် အက္ခရာစဥ်လိုက်ဖြစ်ပြီး မှန်ကန်စွာပြုလုပ်နေကြတယ်။ (ငွေရဲ့ ရေစီးကြောင်းကိုဖေါ်ပြနေခြင်းဖြစ်တယ်။)
သူတို့ဟာ ငွေစက္ကူ(ပိုက်ဆံ) ကိုကြည့်တာနဲ့ တပြိုင်နက် အခိပ္ပါယ်ရှိစွာ ခွဲခြားသိနိုင်တဲ့ အပြင် လျှင်မြန်စွာနှိုင်း ယှဥ်လို့ရပါတယ်။ ဒီနေရာမှာ ထူးခြားချက်တစ်ခုမေ့လျော့သွားခဲ့မယ်ဆိုရင် ဒါဟာ အတုဖြစ်သွားပါ လိမ့်မယ်။



39

အမှန်တရားဆိုတာဟာလည်း ဒီအချက်တွေနဲ့တူတူပါဘဲ။


40

အခြားသောအသင်းများ၏သွန်သင်ချက်တွေကို ကြာရှည်စွာလေ့လာရန်မလိုပါဘူး။ တကယ်လို့ ဘုရားရှင်၏ မှန်ကန်တဲ့ အသင်းတော်ရဲ့ထူးခြားချက်တွေကို သိထားရင် ထူးခြားချက်တွေကိုတော့ ကျမ်းစာမှာ ဖေါ်ပြထား ပါတယ်။

ဘယ်အသင်းတော်ဟာမှန်တဲ့အသင်းတော်ဖြစ်တယ်ဆိုတာ ခန့်မှန်းနေစရာမလိုပါဘူး။ ဘုရားရှင်ဟာ နှုတ်ကပတ် မှာ အချက်အလက်တွေပြည့်စုံစွာဖေါ်ပြထားပြီးဖြစ်ပါတယ်။



41

(ကျမ်းချက်။ အာမုတ် ၃း၇)
အကယ်စင်စစ်အရှင်ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့အား မဖေါ်ပြဘဲ အဘယ်အမှုကိုမျှ စီရင်တော် မမူ။
အာမုတ် ၃း၇



42

ဗျာဒိတ်ကျမ်းဟာ ကျမ်းစာထဲမှာရှိသော ပရောဖက်အနာဂတ္တိကျမ်း၏ အကျဥ်းချုပ်ဖြစ်ပါတယ်။ ဗျာဒိတ်ကျမ်း ဟာ နောက်ဆုံးဖြစ်ပျက်မဲ့အကြောင်းအရာများကို အတွင်းကျကျလူသားတို့အားဖေါ်ပြထားပါတယ်။ ကမ္ဘာ့ရာဇ ဝင်၏ နောက်ဆုံးနေ့မှာ ဖြစ်ပျက်မည့် ဖောက်ပြန်မှုတွေ၊ ရှုတ်ထွေးပွေလီမှုတွေရှိမည့်အကြောင်းဖေါ်ပြထားပါ တယ်။

ဗျာဒိတ်ကျမ်းဟာ ခရစ်တော်၏အသင်းတော်နဲ့စာတန်တို့အကြားကွဲလွဲမှု(ပဋိပက္ခ) ရှိမည့် အကြောင်းဖေါ်ပြ ထားတယ်။

ဗျာဒိတ်ကျမ်းအခန်း ၁၂ ဆိုလျှင် အသင်းတော်၏ ရာဇဝင်ကို ခရစ်တော်အချိန်မှ ကမ္ဘာဆုံးသည်တိုင်အောင်ဖြစ် ပျက်မည့် အကြောင်းအရာများကို ကွက်ကွက်ကွင်းကွင်းမြင်ရအောင် ဖေါ်ပြထားတယ်။



43

(ကျမ်းချက်။ ဗျာဒိတ် ၁၂း၁၊၂)
ကောင်းကင်၌ကြီးစွာသောနိမိတ်လက္ခဏာဟူမူကား၊ မိန်းမတစ်ဦးသည် နေကိုဝတ်လျက်၊ လကို ခြေဖြင့်နင်းလျက်



44

မိမိခေါင်းပေါ်၌ကြယ် ၁၂ လုံးဖြစ်ပြီးသော သရဖူကို ဆောင်းလျှက်ပေါ်လာ၏။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း




45

ထိုမိန်းမသည် ကိုယ်ဝန်ဆောင်၍ ဖွားအံ့သောဝေဒနာပြင်းသောကြောင့်အော်ဟစ်လေ၏။
ဗျာဒိတ် ၁၂း၁၊၂


46

ဘုရားရှင်ဟာ ရုပ်ပုံအနေနဲ့ဘာဖော်ပြထားသလဲဆိုရင် အဖြူရောင်ဝတ်ဆင်ထားတဲ့ အမျိုးသမီး၊ နေကို ဝတ်ဆင်ထားတယ်။ ပြီးတော့ လပေါ်မှာ ရပ်တယ်။ ကြယ်ဆယ့်နှစ်လုံးပါတဲ့ သရဖူကို ဆောင်းထားတယ်။ ဒီအဓိပ္ပါယ် အားလုံးဟာ ဘာတွေလဲ။
ပရောဖက်ယေရမိ ဘယ်လိုရေးထားလဲဆိုရင်တော့၊ကျမ်းစာထဲကအနာဂတ္တိဟောပြောထားတဲ့သန့်ရှင်းသော အမျိုးသမီးဟာဆိုရင် ဘုရားသခင်၏လူများဖြစ်တဲ့အပြင် ဘုရားသခင်၏အသင်းတော်ဖြစ်ပါတယ်။
တဆက်ထဲမှာဘဲ ယေရမိကဘာပြောသလဲဆိုရင်


47

(ကျမ်းချက်။ ယေရမိ ၆း၂)
'အဆင်းလှ၍နူးညံ့သိမ်မွေ့သော သူတည်းဟူသော ဇိအုန်သတို့သမီးကို ငါဖျက်ဆီးမည်။'
ဘုရားရှင်ဟာ ဟောရှာယအားဖြင့် ဇိအုန်ဟာ ဘယ်သူလဲဆိုတာကို ကြည့်ရအောင်


48

(ကျမ်းချက်။ ဟောရှာယ ၅၁း၁၆)
'သင်သည် ငါ၏လူမျိုးဖြစ်၏ ဟုဇိအုန်မြို့ကိုပြောစေခြင်းငှါငှင်း'ဟေရှာယ ၅၁း၁၆
အထက်ပါ ကျမ်းချက် ၂ ချက်၏ ကွာခြားချက်ကို ကြည့်တဲ့အခါမှာ ဘုရားရှင်ဟာ ဒီသန့်ရှင်းသော အမျိုးသမီး ဟာဆိုရင် ဘုရားရှင်ရဲ့ မှန်ကန်သော အသင်းတော်ဖြစ်ပါတယ်။ ရှင်ပေါလုဟာဆိုရင်လည်း ဒီနည်းအတိုင်းဘဲ ကောရိန်သုအသင်းတော်ကို ဖော်ပြရာမှာ သီလနဲ့ပြည့်စုံတဲ့သတို့သမီးကညာဆိုတဲ့စကား ကို အသုံးပြုပြောဆိုထားတာတွေ့ရပါတယ်။


49

(ကျမ်းချက်။ ၂ ကောရိန်သု ၁၁း၂)
'အကြောင်းမူကား ငါသည် သင်တို့ကို သီလနှင့်ပြည့်စုံသော သတို့သမီးကညာကဲ့သို့ ခရစ်တော်အား ဆက်ဆံအံ့သောငှါ သင်တို့ကို လင်တစ်ဦးနှင့်ထိမ်းမြားဆောင်နှင်းပြီးဖြစ်သောကြောင့် ဘုရားသခင်၏ အလိုတော် အတိုင်း စိုးရိမ်သော စိတ်နှင့်သင်တို့ကို စောင့်ရှောက်လျက်နေ၏။' ၂ ကောရိန်သု ၁၁း၂


50

(ကျမ်းချက်။ ဗျာဒိတ် ၁၇း၃-၅)
နောက်တစ်ဖန်ရှင်ယောဟန်ဟာ ဆိုရင် အခြားသောမိန်းမတစ်ဦးကို ထပ်မံဖော်ပြပါတယ်။ ဗျာဒိတ်ကျမ်း ၁၇ မှာ ပြည့်စုံစွာဖော်ပြထားပါတယ်။
ဘုရားသခင်၏အသရေတော်ကို ရှုတ်ချသော နာမတို့နှင့် အပြည့်ရှိသော သားရဲနီပေါ်မှာထိုင်လျက်ရှိသော မိန်းမတစ်ဦးကို ငါမြင်၏။ ဗျာဒိတ် ၁၇း၃-၅


51

ထိုမိန်းမသည် အဝတ်နီအဝတ်မောင်းကိုဝတ်လျက်၊ ရွှေတန်ဆာ၊ ကျောက်မျက်တန်ဆာ၊ ပုလဲတန်ဆာကို ဆင်လျက်ရှိ၏။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း



52

စက်ဆုပ်ရွံရှာဖွယ်သောအရာနှင့်၄င်း၊ မိမိမတရားသောမေထုန်၏ညစ်ညူးခြင်းနှင့်၄င်း၊ ပြည့်သောရွှေဖလားကို ကိုင်လျက်ရှိ၏။




53

နဖူး၌အက္ခရာတင်သောဘွဲ့မူကား




54

နက်နဲသောအရာဗာဗုလုန်မြို့ကြီး၊ ပြည့်တန်ဆာတို့၏အမိ၊ မြေ၌စက်ဆုပ်ရွံရှာဘွယ်သော အရာတို့၏ အမိပေတည်း။
ဗျာဒိတ် ၁၇း၃-၅)




55

ဒီမသန့်ရှင်းသောမိန်းမနဲ့ပါတ်သက်ပြီးတော့ ပုံဆောင်ထားတဲ့အရာကတော့ မှားယွင်းသော အသင်းတော်ဖြစ်ပါ တယ်။ ခရစ်တော်ဘုရားရှင်ကို မယုံကြည်တဲ့အသင်းတော်၊ သမ္မာကျမ်းစာရဲ့အမှန်တရားကို တွန်းလှန်တဲ့ အသင်းတော်ဖြစ်ပါတယ်။
ရှင်ယာကုတ်က ဘာဆက်ပြောထားလဲဆိုတော့ ဘုရားရှင်၏သွန်သင်ချက်ကို ငြင်းပယ်ပြီး လောကနှင့် ဆက်သွယ်ခြင်းဟုပြောဆိုထားပါတယ်။



56

(ကျမ်းချက်။ ရှင်ယာကုပ် ၄း၄)
မတရားသော မေထုန်၌မှီဝဲသော ယောကျ်ားမိန်းမတို့ လောကီမိတ်သဟာယသည် ဘုရားသခင်နှင့်ဆန့်ကျင် ဖက်ဖြစ်ကြသည်ကို မသိကြသလော။ ဤလောကနှင့်မိတ်သဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ ရန်သူဖြစ်၏။
ရှင်ယာကုပ် ၄း၄



57

ကျဆုံးသောအမျိုးသမီး ဘာကိုပုံဆောင်သလဲဆိုရင်မှားယွင်းသောအသင်းတော်ဖြစ်ပြီး၊ စင်ကြယ်သောအမျိုး သမီးဟာဆိုရင် စစ်မှန်သော အသင်းတော်ဖြစ်ပါတယ်။ တစ်ဖန်ဆက်လက်ပြီး သန့်ရှင်းသော အမျိုးသမီးကို ကြည့်ကြပါစို့။

သန့်ရှင်းသောအမျိုးသမီး = စစ်မှန်သောအသင်းတော်
မှားယွင်းသောအမျိုးသမီး = မှားယွင်းသောအသင်းတော်



58

(ကျမ်းချက်။ ဗျာဒိတ် ၁၂း၂-၄)
'ထိုမိန်းမသည် ကိုယ်ဝန်ဆောင်၍ဘွားအံ့သောဝေဒနာပြင်းသောကြောင့်၊ အော်ဟစ်လေ၏။



59

နဂါးသည် ထိုသားကို ကိုက်စားမည့်အကြံနှင့်မိန်းမရှေ့၌ရပ်နေ၏။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း



60

သားကို ဖွားသောမိန်းမသည် သွားသောအခါ နဂါးသည် ထိုသားကိုကိုက်စားမည့်အကြံနှင့် မိန်းမရှေ့၌ ရပ်နေ၏။ '
ဗျာဒိတ် ၁၂း၂၄
မိန်းမရှေ့မှာရပ်ပြီး ဖွားလာတဲ့သားကို ကိုက်စားမဲ့ နဂါးက ဘယ်သူလဲ



61

(ကျမ်းချက်။ ဗျာဒိတ် ၁၂း၇-၉)
'ကောင်းကင်၌စစ်ဖြစ်၏။ မိကေလနှင့်သူ၏တမန်တို့သည် နဂါးကို စစ်တိုက်ကြ၏။ နဂါးနှင့်
သူ၏တမန်တို့သည် စစ်တိုက်၍မနိုင်ကြ။



62

ကောင်းကင်၌လည်း သူတို့နေစရာမရှိ။



63

သူနှင့်အတူ၊ သူ၏တမန်တို့ကို၎င်း မြေကြီးသို့ချလိုက်ကြ၏။
ဗျာဒိတ် ၁၂း၇-၉



64

သူနှင့်အတူ၊ သူ၏တမန်တို့ကို၎င်း မြေကြီးသို့ချလိုက်ကြ၏။
ဗျာဒိတ် ၁၂း၇-၉



65

(ကျမ်းချက်။ ဗျာဒိတ် ၁၂း၅)
ထိုမိန်းမသည် လူမျိုးတကာတို့ကို သံလှံတံနှင့်အုပ်စိုးလတ့်သော သားယောကျ်ားကိုဖွားမြင်၏။



66

ထိုသားကို ဘုရားသခင်ထံတော်သို့၄င်း၊ ပလ္လင်တော်သို့၄င်း ချီယူတော်မူ၏။'
ဗျာဒိတ် ၁၂း၅



67

သမိုင်းရာဇဝင်ကိုပြန်ကြည့်ရင် တစ်ဦးတည်းသောသားဖြစ်သူလူမျိုးတကာတို့ကိုသံလှံတံနှင့်အုပ်စိုးသော သူဟာဘယ်သူလဲ ပြီးတော့ ဘုရားသခင်၏ ပလ္လင်တော်သို့ချီဆောင်ခြင်းခံရတဲ့သူဟာဆိုရင် ခရစ်တော် ဖြစ်ပါတယ်။
ဒီနေ့မှာ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကို ပြောဆိုနေကြပါတယ်။

# ၂၀ – အမုန်တရားအားဖြင့် လွတ်လပ်ခြင်း


68

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၉း၁၅)
'လူမျိုးတို့ကို ဒဏ်ခတ်စရာဘို့ထက်သောသံလျက်သည် ခံတွင်းတော်ထဲကထွက်၏။ သူတို့ကို သံလှံတံတော်နှင့် အုပ်စိုးတော်မူမည်။ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရားသခင်၏ဒေါသ အမျက်တော် ၏ စပျစ်သီးနယ်ရာ တန်ဆာကို ဖိနင်းတော်မူမည်။


69

သံလှံတံတော်နှင့်အုပ်စိုးတော်မူမည်။'
ဗျာဒိတ်ကျမ်း ၁၉း၁၅
ရှင်ပေါလုက ခရစ်တော်ဟာဆိုရင် ဘုရားရှင်၏ ပလ္လင်သို့ချီဆောင်ခြင်းခံရတယ်လို့ဖေါ်ပြပါတယ်။


70

(ကျမ်းချက်။ ဧဖက်သြဝါဒစာ ၁း၂၀)
'ထိုတန်ခိုးတော်ကား ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူ၍ ခရစ်တော်၌ပြုပြင်သော မဟာတန်ခိုး အာနုဘော်အရှိန်ကဲ့သို့ဖြစ်၏။'
ဧဖက်သြဝါဒစာ ၁း၂၀


71

ကောင်းကင်မှာဖြစ်တဲ့စစ်ဟာဆိုရင် ကျွန်ုပ်တို့ကမ္ဘာပေါ်သို့ရွှေ့လျှောလာခဲ့တယ်။ စာတန်ဟာ ခရစ်တော်ရဲ့ အသက်ကို ရယူဖို့ရန်အတွက် ခရစ်တော်မမွေးဖွားခင်အချိန်မှာဆိုရင် ရောမအင်ပါယာရဲ့အာဏာကို အသုံးချ ခဲ့တယ်။
ရောမအင်ပါယာရဲ့အာဏာပိုင်ဖြစ်တဲ့ ဟေရုဒ်မင်းကြီးဟာ နှစ်နှစ်အောက်ယောကျ်ားလေးများကို သတ်ဖို့ အမိန့်ထုတ်ပြန်ခဲ့တယ်။ သို့သော်လည်း ကောင်းကင်တမန်များအားဖြင့် မာရိနဲ့ယောသပ်ကို ခရစ်တော်ဘုရားရှင်လေးနဲ့အတူ အီဂျစ်သို့ထုတ်ဆောင်ခဲ့ပါတယ်။


72

မာနဟာဆိုရင် ခရစ်တော်၏အမှုတော်အတွက်နှောင့်ယှက်ဖျက်ဆီးဖို့ကြိုးစားခဲ့တယ်။ အပြစ်ကမ္ဘာကို ကယ်တင် မဲ့ စီမံကိန်းကြီးပျက်စီးစေဖို့အတွက်ဖြစ်ပါတယ်။ ခရစ်တော်ဘုရားရှင်ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်း အားဖြင့် စာတန်ဟာ ဆိုရင် တိုက်ပွဲမှာအနိုင်ရမယ်လို့ထင်ခဲ့တယ်။ ဒါပေမဲ့ ခရစ်တော်ရဲ့ ဂူသ်ချိုင်းက ရှင်ပြန် ထမြောက်ခြင်းဟာဆိုရင် စာတန်မာနကို ဆုံးရှုံးစေခဲ့တယ်။


73

ခရစ်တော်ရှင်ပြန်ထမြောက်ပြီး ခမည်းတော်ဘုရားရှင်ထံချီဆောင်ခြင်းကိုခံရတယ်။ အတိအကျ ကြိုတင်ပြော ထားတဲ့ အနာဂတ္တိစကားပြည့်စုံခဲ့တယ်။ ခရစ်တော်ဘုရားရှင်ကို စုံစမ်းခြင်းမှာ စာတန် ကျဆုံးခဲ့တယ်။ စာတန် ဟာ မိန်းမဘက်ကို ပြန်လှည့်လာခဲ့တယ်။ တစ်နည်းအားဖြင့် ခရစ်တော်ရဲ့ အသင်းတော် ကို တိုက်ခိုက်ဖို့ဖြစ် တယ်။


74

အားလုံးထဲက များစွာသောတမန်တော်များ အာဇာနည်သေခြင်းအားဖြင့် သေဆုံးခဲ့ရတယ်။ မိဘကို နာကျင်စေချင်တယ် ဆိုရင်တော့ သားသမီးများကို နာကျင်အောင်ပြုလုပ်ခြင်းဟာ မိဘကို နာကျင်အောင် လုပ်ခြင်းဘဲဖြစ်ပါတယ်။
စာတန်ဟာ ခရစ်တော်ကို အနိုင်မရခဲ့ပါဘူး။
ခရစ်တော်ဘုရားရှင်ဟာ ကောင်းကင်ရွှေပြည်ရောက်ရှိသွားပါပြီး။
ဒါကြောင့် စာတန်ဟာဆိုရင် ခရစ်တော်ရဲ့ နောက်လိုက်တွေကိုဘဲ တိုက်ခိုက်ဖို့ အကောင်းဆုံးပြင်ဆင်ပါပြီး။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း





75

တမန်တော်ရှင်ပေါလုဟာဆိုရင် ရောမမြို့ပြင်မှာ ဦးခေါင်းဖြတ်ခြင်းကိုခံခဲ့ရပါတယ်။ ခရစ်ယာန်များစွာဟာ မိမိတို့ရဲ့ ယုံကြည်ခြင်းအတွက် ခရစ်တော်ဘုရားရှင်အတွက် အသက်ပေးဆပ်ခဲ့ရပါတယ်။ သူတို့ရဲ့သွေးများစွာ ဟာဆိုရင် သမိုင်းတလျှောက်လုံးမှာ သွေးတော်နဲ့မော်ကွန်းရေးထိုးခဲ့ပါတယ်။



76

တမန်တော်များအသက်ရှင်တဲ့ အချိန်မှာတော့ အသင်းတော်ဟာအမှန်ဖက်မှာ ရပ်တည်ခဲ့ပါတယ်။ တမန်တော်များမရှိတော့တဲ့နောက်မှာ အချို့ခရစ်ယာန်တွေဟာ စေ့စပ်မှုတွေပြုလုပ်ပြီးမှားသောသွန်သင်ချက်တွေကို အသင်းတော်ထဲသို့ ယူဆောင်လာပါတယ်။



77


၂ ရာစုအဆုံးပိုင်းလောက်မှာဆိုရင် အသင်းတော်တော်တော်များများ ပုံစံအသစ်နဲ့လုပ်ဆောင်လာတာတွေ့ရှိရ တယ်။



78

ဝါရင့်တမန်တော်များသေဆုံးသွားပြီးနောက်ရိုးသားဖြူစင်တဲ့သွန်သင်ချက်တွေလည်း ပျောက်ဆုံးသွား ပါတယ်။

နခဥူနျူငျေအငခဥ္ဘန္ဒူနမေခ့ စ. ၅၁


79

၄ ရာစုရောက်တဲ့အခါမှာ အင်ပါယာကွန်စတင်တင်းဟာဆိုရင် ရောမအင်ပါယာရဲ့တပါးအမျိုးသားယုံကြည်ချက်ဖြစ်တဲ့ရောမဘာသာနဲ့ ခရစ်ယာန်ဘာသာတို့ပေါင်းစပ်ပြီး ကြီးကျယ်တဲ့ ဘာသာတရားအသွင် လုပ်ဆောင် ဖို့ရန် ကြိုးစားခဲ့ပါတယ်။


ခရစ်ယာန်ဘာသာရေပန်းစားလာတယ်။ မိစ္ဆာ ဒိဋ္ဌိအယူဝါဒရှိသူတွေ နှစ်ခြင်းခံပြီး ခရစ်ယာန်တွေဖြစ်လာ တယ်။ မှားသောသွန်သင်ချက်တွေသူတို့နဲ့အတူပါလာတယ်။

မှားတဲ့အယူအဆတွေကြောင့် ရည်ရွယ်ချက်တွေတောင်ပျောက်ဆုံးရတော့မဲ့ အခြေနေတွေဖြစ်လာခဲ့တယ်။



80

ရာဇဝင်ဆရာတဦး၏အဆိုအရ ခရစ်ယာန်ဖြစ်လာတဲ့သူတွေဟာ ဘုရားတရားမရှိသောသူတွေနဲ့ဘာမှမထူးဘူး။ သူတို့ရဲ့အတွေးအခေါ်တွေ၊ အကျင့်ဓလေ့တွေဟာ ယခင်အတိုင်းဘဲ။ ဒီလူတွေအသင်းတော်ထဲဝင်လာလို့ ဘုရားတရားမရှိသူတွေကုန်သွားမှာမဟုတ်ဘူး။



81

ဘာသာတရားမရှိသူတွေအစုလိုက် အပြုံလိုက်နှစ်ခြင်းခံပြီးခရစ်ယာန်ဖြစ်လာကြတယ်။ သူတို့ရဲ့ မကောင်းတဲ့ဩ ဇာညှောင်းမှုကြောင့် ယခင်ကရှိထားတဲ့ခရစ်ယာန်တွေပါစိတ်ပျက်ပြားပြီး အားချိနဲ့ခဲ့ပါတယ်။

ယနညအကမငနျ သ် ယ့မငျေအငညေငအေပါ ဗ ယသညခငျန ံငျအသမပယ စ. ၅၈.

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း


82

သို့သော်ငြားလည်း အဲဒီအချိန်တောတွင်းမှာဘဲ ခရစ်ယာန်များစွာဟာဆိုရင် သူတို့ရဲ့ယုံကြည်ခြင်း သစ္စာရှိခြင်း အားဖြင့် ဘုရားရှင်ရဲ့အမှန်တရားအတွက် ကာကွယ်ခဲ့ကြတယ်။ မှားယွင်းမှုကို အဝင်မခံခဲ့ဘူး အသင်းတော် အတွက်မားမားမှတ်မှတ်ရပ်တည်ခဲ့တယ်။
သူတို့ရဲ့အမှန်တရားကိုဘာနဲ့မှလဲ မယူနိုင်ခဲ့ပါဘူး။ များစွာသောသူများဟာ အမှန်တရားအတွက်ရပ်တည်မှုကြောင့် အသေသတ်ခြင်းခံခဲ့ရတယ်။
မကြာခင်မှာ နိုင်ငံတော်ဘာသာကကျင့်သုံးတဲ့ အရာဟူသမျှကို မလိုက်လျှောက်သူအားရောမဘုရင်များက သေဒါဏ်ဥပဒေများထုတ်ခါ ယုံကြည်သူတို့ကိုနှိပ်စက်ကြတယ်။


83

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၂း၁၃)
ရှင်ယောဟန်ဘာဖော်ပြခဲ့သလဲဆိုတော့ 'ထိုနဂါးသည် မြေကြီးသို့ကိုယ်ကျသည်ကို သိမြင်လေသော် သားယောက်ျားကို ဖွားမြင်သောမိန်းမကိုညှဉ်းဆဲ၏။
ဗျာဒိတ်ကျမ်း ၁၂း၁၃
အဲဒီမိန်းမဘာဖြစ်သွားလဲ


84

(ကျမ်းချက်။ ဗျာဒိတ် ၁၂း၁၆)
မြေကြီးသည်မိန်းမကိုမစ၍ မိမိခံတွင်းကိုဖွင့်ပြီးလျှင် နဂါး၏ခံတွင်းထဲက ထုတ်ပစ်သောမြစ်ရေကိုမြိုလေ၏။


85


မိန်းမသည် အရက် ၁၂၆၀ ပတ်လုံးတော၌ကျွေးမွေးခြင်းကိုခံရမည် အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောအရပ်သို့ပြေးလေ၏။'
ဗျာဒိတ် ၁၂း၁၆
ဘုရားရှင်ဘယ်လိုဖော်ပြသလဲဆိုရင်တော့ သူရဲ့သားသမီးများ၊ လူများဟာဆိုရင် နှစ်ပေါင်း ၁၂၆၀ ပတ်လုံး နှိပ်စက်ညှင်းပန်းခဲ့ကြတယ်။
ကျွန်ုပ်တို့ရဲ့ အမှန်တွေ့ရှိထားတာက ကျမ်းစာတွင် တရက်ဟာတနှစ်နှင့်ညီမျှပါတယ်။


86

(ကျမ်းချက်။ ယေဇကျေလအနာဂတ္တိကျမ်း ၄း၆)
'နှစ်အစား၌ရက်ကိုငါထားပြီး။'
ယေဇကျေလအနာဂတ္တိကျမ်း ၄း၆


87

ဘုရားရှင်၏သစ္စာရှိသော နောက်လိုက်လူများဟာဆိုရင်ကြိုတင်ပြောထားသောဗျာဒိတ်တော်အားဖြင့် နှစ်ပေါင်း ၁၂၆၀ ပုန်းလျှိုနေခဲ့ကြပါတယ်။


88

သမိုင်းဟာဆိုရင် သမ္မာကျမ်းစာမှန်ကန်ကြောင်းဖွင့်ပြထောက်ခံခဲ့ပါတယ်။
`ကျအငညငညေ ဆိုသောရောမဘုရင်ဟာ မိမိ၏စစ်ဗိုလ်ချုပ်ကြီး နှြ္တမေကျ ကိုစေလွှတ်ကာ ရောမအသင်းတော်ကို ဆန့်ကျင်ဘက်ပြုနေသည့် ဗမငညေ ဘာသာဝင်နှစ်နိုင်ငံကို အပြတ်တိုက်ခိုက်စေခဲ့တယ်။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း



89

ဗမငည ဘာသာဝင်ဖြစ်သောနိုင်ငံနှစ်ခုကို အေဒီ ၅၃၈ မှ ဖျက်ဆီးခဲ့ပြီးနောက်`ကျအငညငည ဆိုသော ရောမဘုရင်ဟာရောမမြို့ရှိ ဂိုဏ်းအုပ်ကြီးကို ရောမအသင်းတော်၏ ခေါင်းဆောင်အဖြစ်ခန့်ထားလိုက်ပြီး၊ အမှား ကိုပြုပြင်သူဟူ၍ အမည်တွင်စေပါတယ်။ ကွဲပြားသောအယူအဆကို သည်းမခံသောအချိန်ဖြစ်တယ်လို့ မှတ်တမ်းတင်ထားပါတယ်။


90

သစ္စာရှိသောခရစ်ယာန်များဟာဆိုရင် အမှန်တရားကိုမြတ်နိုးဖက်တွယ်ပြီးတော့ဘုရားကကြိုတင်ဖေါ်ပြထားခဲ့ တဲ့အတိုင်း သူတို့ယုံကြည်ခြင်းအတွက် တခုတည်းသောနည်းကတော့ထွက်ပြေးပုန်းရှောင်ဖို့ဘဲဖြစ်တယ်။ ဗျာဒိတ်ကျမ်းမှာ ဖေါ်ပြချက်အတိုင်း မိန်းမဟာ တောထဲသို့ပြေးတယ်လို့ဖေါ်ပြပါတယ်။


91

ဝေဒင်စီများ၊ အဲလ်ဘစ်ဂျင်များနှင့်အခြားသစ္စာရှိသော ခရစ်ယာန်များအီတလီမြောက်ပိုင်းရှိ အဲလ်စ်တောင်တန်းများနှင့်ပြင်သစ်ပြည်တောင်ပိုင်းသို့ထွက်ပြေးတိမ်းရှောင်ကြပြီး ဟူဂေနော (ကါကနညသအျ) တွေဟာ ပြင်သစ်ပြည်အနှံ့အပြားမှာရှိကြတယ်။ ဒီလူတွေဟာ လူနေခေါင်းပါးသောချိုင့်ဝှမ်းများ၊ ဝေးလန်သောဂူများနှင့် တောင်ကုန်းများပေါ်တွင်နေထိုင်ကြတယ်။
ရာဇဝတ်ကောင်တွေကိုလိုက်လံသတ်ဖြတ်သလို တောနင်းရှာကာ သတ်ဖြတ်ကြတယ်။
မြောက်များစွာအသက် ရှုံးကြတယ်။
သူတို့ရဲ့ အပြစ်က ဘာလဲ။ ခရစ်တော်ရဲ့သွန်သင်ချက်တွေကို မစွန့်ပယ်လို့ဖြစ်ပါတယ်။


92

သန်းပေါင်းများစွာသောခရစ်ယာန်များ သူတို့ရဲ့ယုံကြည်ခြင်းအတွက် အသက်ပေးခဲ့ကြရတယ်။သမိုင်းဆရာများရဲ့တွက်ချက်မှုအရဆိုရင် သန်း၅၀ထက်ပိုများလိမ့်မယ်ဖြစ်ပါတယ်။ များစွာသောသူများဟာအာဇာနည်သေခြင်းအားဖြင့် သေဆုံးသော်လည်းဘဲ၊ သူတို့ဘယ်သူ့ကိုယုံကြည်လဲဆို တာသိတယ်။ ဘုရားသခင်ရဲ့နောက်ကိုလိုက်ခြင်းအလိုတော်ကို ဝန်ခံခြင်းဘဲဆိုတာသိနေကြတယ်။


93

အဆုံးမှာအမှန်တရားအောင်ပွဲခံပြီးသမ္မာကျမ်းစာကို လူတွေများစွာဖတ်ရှုနိုင်တဲ့ဘာသာနဲ့ ထုတ်ဝေလာကြပါပြီး။ ကမ္ဘာအရပ်ရပ်မှာ ပုံနှိပ်စက်ကြီး တွေတီထွင်လာကြပြီးထုတ်လုပ်လာကြပါတယ်။ဘုရားရှင်ရဲ့အမှန်တရားဟာဆိုရင် ကြာရှည်စွာ ပုန်းလျှိုနေလို့မရခဲ့ပါဘူး။ ခုချိန်မှာဆိုရင် အားလုံးဖေါ်ပြခြင်းကိုခံရပါပြီး။


94

ဘုရားရှင်ရဲ့နှုတ်ကပါတ်တော်ကို ဘာသာရေးပြုပြင်ပြောင်းလဲဖေါ်ထုတ်သူများထွက်ပေါ်လာခဲ့ပါတယ်။ ဟပ်စ် နဲ့ ဂျရုန်းတို့ဘဲဖြစ်ပါတယ်။ သို့သော်လည်း သူတို့ဟာမီးရှို့သတ်ခြင်းခံခဲ့ရပါတယ်။


95

အခြားသူများကတော့ မာတင်လူသာ၊ ဝီးကလစ်၊ နဲ့ တိုင်ဒေးတို့ဟာဆိုရင်လည်းဘဲ ညှင်းပန်းနှိပ်စက်ခြင်းကိုခံခဲ့ ရပါတယ်။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း


96

သို့သော်လည်းဘဲ အမေရိကကိုတွေ့ရှိခြင်းအားဖြင့် လွတ်လပ်မှုကိုရရှိသွားပါတယ်။
ညှင်းပန်းနှိပ်စက်ခြင်းခံနေရ တဲ့ခရစ်ယာန်များတွက်ခိုလှုံရာရပါတယ်။



97

နိုင်ငံသစ်ဖြစ်တဲ့ အမေရိကန်ဟာဆိုရင် နိုင်ငံရေးနဲ့ဘာသာရေးလွတ်လပ်ခွင့်ရရှိတဲ့ အခြေခံ အုတ်မြစ်ချ ဖြစ်ပါတယ်။



98

(ဗီဒီယို။ ၁၀ စက္ကန့်)
ဗျာဒိတ်ကျမ်း ၁၂ မှာဖော်ပြထားတဲ့ ညှင်းပန်းနှိပ်စက်မှုများဟာဆိုရင် ၁၇၉၈ လောက်မှာပြီးဆုံးသွားခဲ့ပါတယ်။ စစ်ဗိုလ်ချုပ်ကြီးနပိုလီယံဟာ ဆိုရင် ဗိုလ်ချုပ်ကြီး ဘာသီယာအား ပုပ်ရဟန်းမင်းကိုနေရာကနေ ချလိုက်တဲ့ အတွက်ဘဲဖြစ်တယ်။ ၅၃၈ ခုနှစ်မှာ စခဲ့တဲ့ ညှင်းပန်းနှိပ်စက်မှုဟာ နှစ်ပေါင်း၁၂၆၀ တိတိကြာပါတယ်။


99

ပရောဖက်ဟောထားသော အချိန်အတိုင်းအတာကုန်ဆုံးသွားသော်လည်း မြတ်စွာဘုရားအပေါ်မှာ သစ္စာရှိသောလူတစုဟာ၊ ကျမ်းစာနှင့်ကျမ်းစာထဲမှာ သွန်သင်ချက်များကို စွဲကိုင်လျက်ရှိပါတယ်။
စာတန်မာနဟာ ကျန်ရှိနေသောအသင်းတော်အပေါ်မှာ ဒေါသထွက်မည့်အကြောင်း ပရောဖက်ကကြိုတင်ဟောထားပါတယ်။



100


(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၂း၁၇)
'နဂါးသည် မိန်းမကိုအငြိုးထား၍။ ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍


101

ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသော သူတည်းဟူသော ထိုမိန်းမ၏ ကျန်ကြွင်းသော အမျိုးအနွယ်ကို စစ်တိုက်ခြင်းငှါသွား၏။'
ဗျာဒိတ်ကျမ်း ၁၂း၁၇


102

ကျန်ကြွင်းသော အရာဆိုတာဟာ ကြီးမားသောအရာကနေ ကျန်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုပါဘဲ ဘုရားသခင်ရဲ့ ကျန်ကြွင်းသောအသင်းတော်ဆိုတာဟာခရစ်တော်ဘုရားရှင် တစ်ဖန်ပြန်လည်မကြွလာခင် အချိန်မှာ သစ္စာရှိစွာ ရပ်တည်မဲ့အနည်းငယ်သောအဖွဲ့ အသင်းတော်ကို ဆိုလိုခြင်းဘဲဖြစ်ပါတယ်။


103

ဒီကျမ်းချက်ကို တိကျစွာဘာသာပြန်ရမယ်ဆိုလျင်
'မာနသည် ဒေါသအမျက်ထွက်၍ နောက်ဆုံးအသင်းတော်အားစစ်တိုက်ခဲ့ပါသည်။' စာတန်ဟာဒေါသထွက်တယ်။ အကြောင်းရင်းကတော့ ကျန်ကြွင်းသူတွေဟာ နောက်ဆုံးသော နေ့မှာ ဘုရားအပေါ်မှာသစ္စာရှိမှု နဲ့ ဘုရား၏အမှန်တရားကို ကိုင်ဆောင်ထားသည့်အတွက်ဖြစ်ပါတယ်။


# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း


104

ရှင်ယောဟန်အနေဖြင့် နောက်ဆုံးသောနေ့တွင်ကျန်ကြွင်းမည့်အသင်းတော်ထူးခြားချက် ၂ ခုအားဖြင့် သိနိုင် ကြောင်းဖေါ်ပြထားပါတယ်။ 'နဂါးသည် မိန်းမကို အမျက်ထွက်၍. . . ထိုမိန်းမ၌ကြွင်းသော အမျိုးအနွယ်ကို စစ်တိုက်ခြင်းငှါသွား၏။


105

ဘုရားရှင်ရဲ့ပညတ်တော်ကိုစောင့်သောသူတွေဖြစ်တယ်။
(ဗျာဒိတ် ၁၂း၁၇) မှာဆိုရင် ခရစ်တော်ဘုရား၏ သက်သေခံတော်မူချက်ကို စွဲလမ်းသော သူများတွေဘဲ ဖြစ်ပါတယ်။ ဒီကျန်ကြွင်းသော သူများစာဆိုရင်ဘုရားရှင်ရဲ့ပညတ်တော်အားလုံးကိုစောင့်ရှောက်သော သူများ ဘဲဖြစ် ပါတယ်။


106

ပြီးရင် ခရစ်တော်ဘုရားရဲ့ သက်သေခံတော်မူချက်ကို စွဲလမ်းသောသူများတွေဘဲဖြစ်ပါတယ်။


107

သို့သော်လည်းဘဲ အသင်းတော် တော်တော်များများဟာ ဘုရားရှင်ရဲ့ ပညတ်တော်အားလုံးကို လိုက်လျှောက်ဘို့သွန်သင်တယ်မဟုတ်ဘူးလားလို့မေးပါလိမ့်မယ်။
ဒီကနေ့ဘာသာရေးအဖွဲ့အစည်းတော်တော်များများဟာဆို အသင်းသားများကိုဘယ်လို သွန်သင်လဲဆိုတော့ ဘုရားရှင်ရဲ့ သွန်သင်ချက် အားလုံးထဲက တစ်ချို့ကို မယုံကြည်ဖို့သွန်သင်ကြပါတယ်။
ဥပမာအားဖြင့် တစ်ချို့သောအဖွဲ့အစည်းများဟာဆိုရင် ရုပ်တုရှေ့မှာဆိုရင် ဦးညွှတ်ကြပါတယ်။
တစ်ချို့ကတော့ ဘုရားရှင်ရဲ့ နာမတော်ကို ဖယ်ရှားထားကြပါတယ်။


108


(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၂၀း၈-၁၀)
ဘာသာရေးလောကမှာဆိုရင် ဘုရားရှင်ရဲ့ ဖန်ဆင်းခြင်းရဲ့အထိမ်းအမှတ်ဖြစ်တဲ့ဥပုသ်နေ့ပါတဲ့ စတုတ္ထပညတ်ဟာ ပျောက်ဆုံးနေပါ တယ်။ ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုအောက်မေ့လော့။


109

ခြောက်ရက်ပတ်လုံး အလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။


110

သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။'
ထွက်မြောက်ရာကျမ်း ၂၀း၈-၁၀


111

(ကျမ်းချက်။ ဗျာဒိတ် ၁၂း၁၇)
နောက်ဆုံးကျန်ကြွင်းတဲ့အသင်းတော်ဟာဆိုရင် ဘုရားရှင်ရဲ့ပညတ်တော်ကို စောင့်ရှောက်တာသာမကဘဲ ဆက်ပြီးအနာဂတ္တိစကားအားဖြင့် ဘယ်လိုပြောလဲဆိုရင်သခင်ခရစ်တော်ရဲ့သက်သေခံချက်တွေကို စွဲလမ်း သော သူများဖြစ်တယ်လို့ (ဗျာဒိတ် ၁၂း၁၇) မှာ ဆိုရင်ပြောထားပါတယ်။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း


112

(ကျမ်းချက်။ ဗျာဒိတ် ၁၉း၁၀)
'ပရောဖက်ဟောပြောသောသက်သေခံချက်သဘောသည် ယေရှု၏သက်သေခံချက်ဖြစ်၏'



113

နောက်ဆုံးသောနေ့မှာ ကျန်ခဲ့မည့်အသင်းတော်ဟာဝိညာဉ်တော်ဆုကျေးဇူးရရှိပြီး၊ ဝိညာဉ်တော်နဲ့ရေးသားထားချက်များနှင့်ပြည့်စုံကြောင်း ဝိညာဉ်ဆုကျေးဇူးနှင့်ပတ်သက်ပြီး နောင်တွင်ပိုမိုလေ့လာမယ်။ နောက်ဆုံးနေ့ မှာ ကျန်ခဲ့မဲ့ အသင်းတော်ဟာ ထူးခြားသောကွာခြားချက်တွေရှိပါတယ်။


ဘုရားရဲ့လူတွေဟာ ဧဝံဂေလိသီတင်းစကားကို ဟောသူတွေဖြစ်ပါလိမ့်မယ်။ခရစ်တော်ဟာထိုအသင်းတော်ကိုဟောခိုင်းသည့်အတွက်ဖြစ်ပါတယ်။


114


(ကျမ်းချက်။ မဿဲ ၂၈း၁၉၊၂၀)
'သင်တို့သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်


115

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။


116

ငါသည် သင်တို့အားပေးသမျှသော ပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒပေးကြလော့။


117

ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟုတပည့်တော်တို့အား မိန့်တော်မူ၏။'
မဿဲ ၂၈း၁၉၊၂၀


118

ကမ္ဘာကြီးအားထာဝရဧဝံဂေလိသတင်းစကားဟောရမည့်အကြောင်းကို ဗျာဒိတ်ကျမ်း ၁၄ မှာကောင်းကင်တမန် သုံးပါးကောင်းကင်မှပြန်သန်းနေတာဖြင့်ပုံဆောင်ထားကြောင်းတွေ့ရပါတယ်။

ကောင်းကင်တမန်သုံးပါး၏ ပထမအပိုင်းမှာ အမှန်တရား၂ခုအကြောင်းဦးစားပေးပြီး ဖေါ်ပြတာကို တွေ့ရတယ်။


119

(ကျမ်းချက်။ ဗျာဒိတ် ၁၄း၆၊၇)
'မြေကြီးပေါ်မှာနေသောသူတည်းဟူသော

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း



120

အသီးသီးဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အား



121

ဧဝံဂေလိတရားကိုဟောရသော ကောင်းကင်တမန်တပါးက



122

ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။  တရားစီရင်တော်မူသောအချိန်ရောက်လာပြီ။



123

ကောင်းကင်မြေကြီး၊ သမုဒ္ဒရာစမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသော အရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသော အသံနှင့်ပြောဆို၍ ကောင်းကင်အလယ်၌ပျံဝဲလျက်ရှိသည်ကိုငါမြင်၏။
ဗျာဒိတ် ၁၄း၆၊၇



124

ဒီသတိပေးချက်ဟာဆိုရင် ကမ္ဘာကြီးရဲ့နောက်ဆုံးအချိန်ခါမှာ နေထိုင်ကြတဲ့သူများ သတိရစေဖို့အတွက်နဲ့ တရားစီရင်ရာနေ့ရောက်ရှိလာမှာဖြစ်ကြောင်း ပြောထားခြင်းဖြစ်ပါတယ်။
အဓိက သတိရစေရမဲ့အချက်က ဘာဖြစ်သလဲဆိုတော့ ဘုရားရှင်ရဲ့ ဖန်ဆင်းခြင်းတန်ခိုးအထိမ်းအမှတ်ဖြစ်တဲ့ သတ္တမနေ့ဥပုသ်ဘဲဖြစ်ပါတယ်။
ဒုတိယပိုင်း ကဏ္ဍအနေနဲ့ကောင်းကင်တမန် ၃ ပါး သတင်းစကားကို အခန်းငယ် ၈ မှာ တွေ့ရှိရပါတယ်။




125

(ကျမ်းချက်။ ဗျာဒိတ် ၁၄း၈)
အခြားသော ကောင်းကင်တမန်တပါးက ဘာပြောလဲဆိုတော့ ကြီးမားသောမြို့ကြီးဖြစ်တဲ့ ဗာဗုလုန်မြို့ကြီး ပြိုလဲ ပြီ လို့ပြောပါတယ်။



126

မိမိမတရားသောမေထုန်၏ အဆိပ်အတောက်ဟူသော စပျစ်ရည်ကို လူအပေါင်းတို့အားတိုက်လေပြီ။'
ဗျာဒိတ်ကျမ်း ၁၄း၈။
အထက်ဖော်ပြပါ သီတင်းဟာ ဘုရားသခင်လူတို့အားရှုပ်တွေးပွေလီနေသော ဘာသာရေးလောကကြီး ထဲခွဲထွက် လာဖို့ဖြစ်ပါတယ်။
နောက်ဆုံးလည်းဖြစ်၊ အလေးနက်တည်ကြည်ဆုံးလည်းဖြစ်သော ပန်ကြားချက်ကတော့ တတိယမြောက် အနာဂတ္တိစကားမှာပါရှိပါတယ်။



127

(ကျမ်းချက်။ ဗျာဒိတ် ၁၄း၉၊၁၀)
တတိယကောင်းကင်တမန်ကဆက်လိုက်လာပြီးနောက် ကြီးမားသော အသံနဲ့ဘာပြောသလဲဆိုတော့

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း




128

‘အကြင်သူသည် သားရဲနှင့်သူ၏ ရုပ်တုကိုကိုးကွယ်၍ တံဆိပ်လက်မှတ်ကို နဖူး၌ခံသည်ဖြစ်စေ၊ လက်၌ခံသည် ဖြစ်စေ ’



129

‘ထိုသူသည် ဘုရားသခင်၏ ဒေါသဖလား၌လောင်းသော အမျက်တော်စပျစ်ရည်စစ်ကို သောက်ရလိမ့်မည်။’ ဗျာဒိတ်ကျမ်း ၁၄း၉၊၁၀



130

ကမ္ဘာကြီးကို ဘယ်လိုသတိပေးနေသလဲဆိုတော့ သားရဲနှင့်၎င်း၏ရုပ်တုမကိုးကွယ်ရန်နှင့် သားရဲ၏တံဆိပ်လက်မှတ် ကိုလက်မခံ ရန်ပြောနေပါတယ်။



131

(ကျမ်းချက်။ ရှင်ယောဟန် ၁၀း၁၆)
‘ဤသိုးခြံသို့မဝင်သော အခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကို ငါဆောင်ခဲ့ရမည်။



132

သူတို့သည်လည်း ငါ့စကားသံကိုနားထောင်သဖြင့် သိုးခြံတခု၊ သိုးထိန်းတစ်ပါးတည်းရှိရလိမ့်မည်။’ ရှင်ယောဟန်ခရစ်ဝင် ၁၀း၁၆။



133

အခြားအသင်းတော်တွေမှာ ဘုရားရှင်၏သစ္စာရှိသောနောက်လိုက်တွေရှိပါတယ်။ တနေ့သောအခါမှာ သိုးတစုထဲရှိမယ်။စစ်မှန်သောအသင်းတသင်းသာရှိမယ်။ခရစ်တော်မိန့်တော်မူတာကတော့၎င်း၏သိုးများကို အခြားသိုးစုတွေ အထဲမှ ခေါ်ထုတ်မယ်။ သူသွန်သင်ထားတဲ့အတိုင်းမလိုက်လျှောက်တဲ့အသင်းတော်တွေ အထဲ ကပေါ့။



134

(ကျမ်းချက်။ ဗျာဒိတ် ၁၈း၄)
ဗျာဒိတ်ကျမ်းကိုရေးတဲ့ ရှင်ယောဟန်က ဘာကိုကြိုတင်ပြောကြားခဲ့သလဲဆိုရင် ‘အခြားသောကောင်းကင် အသံကား၊ သူ၏အထဲကထွက်လာကြလော့။



135

သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်၎င်း၊ သူ၏ဘေးဒဏ်များကို ခံခြင်းနှင့်၎င်းကင်းလွတ်အံ့သောငှါ။ ’ ဗျာဒိတ်ကျမ်း ၁၇း၄။
နောက်ဆုံးအချိန်ခရစ်တော်မကြွလာမှီလေးမှာ သစ္စာရှိသော ဘုရား၏နောက်လိုက်များကို ရှုပ်ထွေးပွေလီနေသော ဘာသာရေးလောကကြီးမှ ခေါ်ထုတ်တော်မူမယ်။ ဒီလူတွေဟာ ဘယ်လိုလူတွေလဲ ဆိုတာ သင်သိချင်သိပါလိမ့်မယ်။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း




136


(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၄း၁၂၊၁၄)
ဘုရားသခင်၏ပညတ်တို့ကိုငှင်း၊ ယေရှု၏ယုံကြည်ခြင်းကိုငှင်း၊ စောင့်ရှောက်သော သန့်ရှင်းသူတို့သည် ဤအရာ၌သည်းခံစရာ အကြောင်းရှိ၏။


137


တဖန်ငါကြည့်လျှင် ဖြူသောမိုးတိမ်ရှိ၏။ လူသားတော်နှင့်တူသောသူသည်


138

ခေါင်းတော်ပေါ်မှာ ရွှေသဖူကိုဆောင်းလျက်ထက်သောတံစဉ်ကို ကိုင်လျက်မိုးတိမ်ပေါ်မှာ ထိုင်တော်မူ၏။
ဗျာဒိတ်ကျမ်း ၁၄း၁၂၊၁၄


139


သမ္မာကျမ်းစာမှာ ဖေါ်ပြထားတဲ့ ဘုရားရှင်ရဲ့နောက်ဆုံးနေ့ရက်မှာ ကျန်ကြွင်းတဲ့အသင်းတော်ရဲ့ ထူးခြားချက် တွေကို ပြန်လည်သုံးကြစို့။


140


ဘုရားရှင်ရဲ့ ကျန်ကြွင်းသော အသင်းတော်ဟာဆိုရင် ဘယ်အချိန်မှာထွက်ပေါ်လာသလဲဆိုတော့ ညှင်းဆဲနှိပ် စက်ခြင်းရဲ့ အဆုံးသတ်တဲ့ အချိန်ဖြစ်တဲ့ ၁၇၉၈ ခုနှစ်ဖြစ်ပါတယ်။


141

သူတို့တွင်ခရစ်တော်ကိုယုံကြည်ခြင်းရှိသည့်အပြင် ဘုရားရဲ့ပညတ်တော်အားလုံးကို စောင့်ရှောက်တဲ့ သူတွေဖြစ်ပါတယ်။


142

သူတို့ဟာဆိုရင် ခရစ်တော်တစ်ဖန်ပြန်ကြွလာမယ်ဆိုတဲ့ အထူးသတိပေးစကားဗျာဒိတ်ကျမ်းမှာဖေါ်ပြထားတဲ့ အရာများကို ကြေညာပြီးစကားဖြန့်ဝေသောသူများဖြစ်ပါတယ်။ ခရစ်တော်ကြွလာဖို့ရန်ပြင်ဆင်စေသောသူများ ဖြစ်ပါတယ်။


143

သူတို့ဟာဆိုရင် ဝိညာဉ်ဆုကျေးဇူးခံစားတဲ့သူတွေဖြစ်ပြီး ဝိညာဉ်တော်နဲ့ရေးသားထားတဲ့ စာစောင်များကို ရရှိ ထားတဲ့ သူများဖြစ်ပါတယ်။

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း


144

အသင်းတော်တိုင်းကို တစေ့တစောင်းပြန်ကြည့်လိုက်မယ်ဆိုရင်


145

အတုနှင့်အစစ်ကိုခွဲခြားနိုင်ရန် ဘုရားရှင်၏ နှုတ်ကပတ်တော်မှာပါရှိပါတယ်။ သမ္မာကျမ်းစာ၌ ဖေါ်ပြထားတဲ့ ထူးခြားချက်များမပါဘူးဆိုလျှင် မှားသော အသင်းတော်များကို ဖယ်ပစ်ဖို့လွယ်ပါတယ်။

မတော်လျှင် ခင်ဗျားအနေဖြင့် ဒီရှုပ်ထွေးပွေလီနေတဲ့ဘာသာရေးလောကကြီးထဲမှာ ဘုရား၏စစ်မှန်သော နောက်ဆုံးအသင်းတော်ကို ရှာဖွေကောင်းရှာဖွေနေပါလိမ့်မယ်။

ကျွန်တော်ဘယ်လိုယုံကြည်သလဲဆိုရင် စစ်မှန်သောအသင်းတော်ဟာ တခုဘဲရှိတယ်။ ဒီအသင်းတော်ဟာ ကျမ်းစာကိုယုံတယ်။ သတ္တမနေ့ဥပုသ်ကို စောင့်တယ်။ ခရစ်တော်ကို အဓိထားတယ်။ ကမ္ဘာအနှံ့ခရစ်တော် ဒုတိယကြွလာခြင်းကို ဟောပြောတဲ့အသင်းဖြစ်ရမယ်။

ဒါကြောင့်မို့ကျွန်တော်ဟာ သတ္တမနေ့ကို စောင့်ပြီးခရစ်တော်ကိုမျှော်လင့်နေတဲ့သူဖြစ်ပါတယ်။ ကျွန်တော်ဘယ် လိုယုံကြည်လဲဆိုလျှင် ဒီအသင်းတော်ဟာ စစ်မှန်သော အသင်းတော်တွင်ရှိသင့်တဲ့ လက္ခဏာ ထူးခြားချက်တွေ ရှိကြောင်း


146

မှတ်သားဖွယ်ကောင်းသော ပရောဖက်အနာဂတ္တိကို လေ့လာသောအခါမှာ၊ သင်ဘာတွေ့မလဲဆိုလျှင် ဘုရားရှင် မှာ အထူးသီတင်းရှိတယ်။ ထိုသီတင်းစကားကို ကမ္ဘာအနှံ့ဖြန့်ဘို့ရန် အထူးရွေးချယ်ထားတဲ့လူတွေရှိတယ်။ သမ္မာကျမ်းစာတွင်ပါသော အချက်အလက်တွေကို သိတာနဲ့မလောက်သေးဘူး။


147

ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းရဘို့ရန် ခရစ်တော်နှင့်အတူလမ်းလျှောက်ဖို့လိုသလို၊ သင့်အနေဖြင့် ဘုရားဖေါ်ပြ ထားသော အမှန်တရားကိုလိုက်ရန် ခွဲထွက်လာဖို့လိုပါတယ်။ ခရစ်တော်ဘယ်ကဲ့သို့ပြောထားလဲဆိုတာကြည့် ရအောင်



148

(ကျမ်းချက်။ ရှင်ယောဟန် ၁၃း၁၇)
'ဤအရာများကိုသင်တို့သိ၍ သိသည့်အတိုင်းကျင့်လျှင် မင်္ဂလာရှိကြ၏။'
ရှင်ယောဟန် ၁၃း၁၇

# ၂၀ – အမှန်တရားအားဖြင့် လွတ်လပ်ခြင်း



149

သင့်အသက်တာမှာ အရေးကြီးဆုံး ဆုံးဖြတ်ချက်ကိုချရန် ဘုရားရှင်ဖိတ်ခေါ်နေတယ်။
ယခုဟောပြောနေချိန်မှာ ကြားရတဲ့ အရာတွေဟာ ဘုရားထံမှ လာသော နှုတ်ကပတ်တော်ဖြစ်တယ်ဆိုတာ သင်ယုံသလား။
ယခုဟောပြောနေချိန်မှာ သင်ကြားရတဲ့အရာတွေဟာ အမှန်တရားတွေဆိုတာ သင်ယုံကြည်သလား။
သန့်ရှင်းသော ဝိညာဉ်တော်ဟာ သင်၏စိတ်နှလုံးကို တိုက်တွန်းနှိုးဆော်နေတယ်ဆိုတာ သင်ယုံကြည်ပါသလား။
ဘုရားရှင်၏နှုတ်ကပတ်တော်ကို ကြားတဲ့အခါမှာ ဘုရားရှင်၏အမှန်တရားကို သိတဲ့အခါမှာ သန့်ရှင်းသော ဝိညာဉ်တော်ဟာ ဆုံးဖြတ်ချက်ကို ချစေပါတယ်။
ကိုယ်တော်ကျွန်တော်ဟာ ကိုယ်တော်ရဲ့နှုတ်ကပတ်တော်ကို လက်ခံပါတယ်လို့ သင်မပြောချင်ဘူးလား။
ခရစ်တော်ရှင်ဘုရားကျွန်တော်ကိုယ်တော်အမှန်တရားနောက်သို့လိုက်လိုပါတယ်။ ခရစ်တော်ရှင်ဘုရား ကျွန်တော်မျိုးဟာဖြင့် ဝိညာဉ်တော်နှိုးဆော်ချက်ကို လက်ခံပါတယ်။ ကိုယ်တော်နောက်တော်သို့လိုက်ပါမယ်။
အမှန်တရားလမ်းကို လိုက်ရန်ကျွန်တော်ရွေးချယ်ချင်ပါတယ်။
အကယ်၍သင်ဟာ ဒီအတိုင်းစိတ်ဆုံးဖြတ်တယ်ဆိုလျှင် ယခုဆုတောင်းဖို့ရန် မတ်တပ်ရပ်ပါ။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ



1

ထာဝရဘုရားဟာ မိမိပရောဖက်များအားဖြင့်ယနေ့တိုင်စကားပြောနေပါတယ်။


2

ကမ္ဘာကြီးရဲ့နေရာအချို့မှာ သိပ္ပံပညာရှင်များက အလွန်အားကောင်းတဲ့ရေဒီယိုအဝေးကြည့်မှန်ပြောင်းများကိုအသုံးပြုပြီး ကမ္ဘာ့အပြင်ဘက်လဟာပြင်မှ အသံများကို နားထောင်နေကြပါတယ်။


3

သူတို့မျှော်လင့်ထားတာကတော့တနေ့နေ့မှာအခြားကမ္ဘာမှာရှိတဲ့ဉာဏ်ရည်မြင့်မားတဲ့သက်ရှိသတ္တဝါတွေဆီက သတင်းစကားကို သူတို့ကြားရမယ်လို့ဆိုတာပါဘဲ။


4

ကမ္ဘာမြေသို့လွန်ခဲ့တဲ့နှစ်ပေါင်း
များစွာမှယနေ့တိုင်သတင်းစကားဟာလာနေတယ်ဆိုတဲ့အထောက်အထားရှိနေပါတယ်။ ဒါပေမဲ့
လူအနည်းငယ်သာ အဲဒီသတင်းစကားကိုနားထောင်ကြတယ်။
ဤကမ္ဘာဂြိုဟ်ရဲ့ ဖန်ဆင်းရှင်ထံမှလာတဲ့ သတင်းဖြစ်ပါတယ်။
မိမိကို တော်လှန်သောသားသမီးများကို ပြန်လည်ရရှိဘို့ ကြိုးစားနေတဲ့ဘုရားထံမှလာသော မေတ္တာသတင်းဖြစ်ပါတယ်။



5

ဤကဲ့သို့ဘုရားသခင်နှင့်လူသားကြားမှာကွဲကွာခြင်းဟာကနဦးက မရှိခဲ့ပါဘူး။
ဤကမ္ဘာဂြိုဟ်ပေါ်မှာ အရာခပ်သိမ်းလှပစွာစတင်ခဲ့ပါတယ်။ဘုရားသခင်ရဲ့ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းခဲ့တဲ့ ပြည့်စုံကုံလုံတဲ့ လူသားနှစ်ဦးအတွက်ပြည့်စုံတဲ့ကမ္ဘာဖြစ်ခဲ့တယ်။



6

(ဗီဒီယို။ ၇ စက္ကန့်)
သူတို့ရဲ့ဉယျာဉ်အိမ်တော်မှာဘုရားသခင်လာရောက်ပြီး သူတို့နဲ့မျက်နှာခြင်းဆိုင်စကားပြော၊လမ်းလျှောက်ခဲ့ပါတယ်။
အေးချမ်းတဲ့ညနေဆည်းဆာအတူတကွလမ်းလျှောက်တာတွေကိုစဉ်းစားကြည့်စမ်းပါ။


7

ဒီလိုသာယာပျော်ရွှင်ဘွယ်ကောင်းစွာ အတူတကွရှိနေနိုင်ဘို့ ဘုရားသခင်အစီအစဉ်ရှိခဲ့တယ်။ သူတို့ကို ကွဲကွာစေမဲ့အရာမရှိခဲ့ဘူး။ နှစ်သက်ဘွယ်ကောင်းတဲ့ လည်ပတ်မှုတွေဖြစ်ခဲ့ကြမယ်။


8

ဝမ်းနည်းစရာကောင်းတာကတော့ ဒီလိုမေတ္တာနဲ့အတူတကွရှိနေတဲ့ ဆက်ဆံရေးက ကျမ်းစာအခန်းကြီးနှစ်ခန်းစာဘဲကြာရှည်ခံခဲ့တယ်။

၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


9

ကမ္ဘာဦးကျမ်း အခန်းကြီး ၃ မှာ ကြေကွဲစရာအဖြစ်အပျက်ကို ပြောထားတယ်။ အာဒံနှင့်ဧဝ အပြစ်လုပ်ခဲ့ကြတယ်။


10

ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝတဲ့ဘုရားသခင်ရဲ့ဥပဒေကို ဆန့်ကျင်ပုန်ကန်ကြတယ်။ အပြစ်ဟာ ကွဲကွာစေတယ်။ အပြစ်နဲ့ဘုရားသခင်ဟာမတွဲဖက်နိုင်ပါဘူး။ အာဒံနှင့်ဧဝဟာ ဘုရားနှင့်တိုက်ရိုက်ဆက်သွယ်ခြင်း၊ မိတ်သဟာယဖွဲ့ခြင်း မပြုနိုင်တော့ပါဘူး။


11

သူတို့ဟာ ဘုရားသခင်ရဲ့စကားအစားမြွေတည်းဟူသော လူစီဖာရဲ့စကားကိုနားထောင်ခဲ့တယ်။ ဒါဟာ အပြစ်ဘဲဖြစ်ပါတယ်။



12

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၈)
ကျမ်းစာဖေါ်ပြတာက - 'နေအေးသော အချိန်တွင် ထိုဥယျာဉ်၌ထာဝရအရှင်ဘုရားသခင်ကြွတော်မူသော အသံကို



13

လူလင်မယားတို့သည်ကြားလျှင် အထံတော်မှလွှတ်စေခြင်းငှါ



14

ဥယျာဉ်အပင်တို့၌ပုန်းကွယ်လျက်နေကြ၏။' ကမ္ဘာဦးကျမ်း ၃း၈

အာဒံနှင့်ဧဝဟာ ပုန်းနေခဲ့တယ်။
ဘုရားသခင်ကို မျက်နှာခြင်းမဆိုင်ချင်ကြတော့ဘူး။
ပုန်းရှောင်ဘို့ဘဲ ဆန္ဒရှိနေတယ်။ ဒါဟာ အပြစ်ရဲ့ ဆောင်ရွက်ချက်ဖြစ်တယ်။


15

အပြစ်ဟာ ဘုရားသခင်နှင့် လူ၊ လူလူချင်းစပ်ကြားမှာရှိတဲ့ မေတ္တာရှေ့ထားတဲ့ဆက်ဆံရေးကို ပျက်ပြားစေခဲ့တယ်။



16

(ကျမ်းချက်။ ဟေရှာယ ၅၉း၂။)
ပရောဖက်ဟေရှာယရေးသားထားတာက 'သင်တို့ ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီး

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ

၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ



17

သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ။' ဟေရှာယ ၅၉း၂။
ဟုတ်ပါတယ်။ အပြစ်ဟာကျွန်တော်တို့ကို ဘုရားသခင်နှင့်ကွာစေပါတယ်။
ဒါပေမဲ့ ဘုရားသခင်ရဲ့ မေတ္တာတော်နှင့်မကွာစေနိုင်ပါဘူး။
ဘုရားသခင်ဟာ အပြစ်သားတွေနဲ့ အဆက်မပြတ်ဆက်သွယ်နိုင်မဲ့နည်းလမ်းကို တွေ့ရှိခဲ့ပါတယ်။
ချစ်ခြင်းမေတ္တာဟာအမြဲတမ်းဆက်သွယ်နေနိုင်မဲ့ နည်းလမ်းကို ရှာပါတယ်။


18

ထာဝရဘုရားသခင်ဟာ ဤကမ္ဘာရှိမိမိရဲ့သားသမီးများနှင့်ဆက်သွယ်နိုင်ဘို့ အခြားသောနည်းလမ်းတခု ကို တည်ထောင်ခဲ့တယ်။ ဒါကတော့ လမ်းပြခြင်း၊ သွန်သင်ခြင်း နဲ့ သူ့ရဲ့ အကြံအစည်များကို ဖေါ်ပြခြင်းဖြစ်ပါတယ်။
ဘုရားသခင်က လူသားများအား မိမိရဲ့မေတ္တာနဲ့ အကြံအစည်ကို ဖေါ်ပြဘို့ အားကိုးယုံကြည်ရတဲ့ ကိုယ်စားလှယ် ယောကျ်ား၊ မိန်းမတို့ကိုရွေးချယ်ခဲ့တယ်။


19

ဘုရားသခင်ရွေးချယ်ခဲ့တဲ့ပုဂ္ဂိုလ်တွေထဲမှာ မောရှေ၊ မေရိယမ်၊ ရှမွေလ၊ ဧလိယ၊ ဟုဒ၊ ဒီဘိုးရာ၊ ဟေရှာယ၊ ယေရမိနှင့်အခြားသောသူများပါပါတယ်။


20


ပရောဖက်နှင့်ပရောဖက်မများဟာ ဘုရားသခင်ရဲ့ကိုယ်စားလှယ်ပြောရေးဆိုခွင့်ရှိသူတွေဖြစ်ကြပါတယ်။


21

ဤနည်းအားဖြင့်
'သင့်ကိုငါချစ်တယ်။ သင့်ကို ဂရုစိုက်တယ်။ သင့်ကိုကူညီရန် ငါ့မှာ အကြံအစည်ရှိတယ် လို့ဘုရားသခင်က ပြောနေပါတယ်။'


22

သခင်ဘုရားနှင့်ကျမ်းစာထဲက ပုဂ္ဂိုလ်တွေတွေ့ဆုံစကားပြောခဲ့တဲ့ကြောင်း ကျမ်းစာထဲမှာ အတော်များများမှတ်တမ်းတင်ထားပါတယ်။
ဒါပေမဲ့ ဧဒင်ဥယျာဉ်ထဲမှာ ဘုရားသခင်နှင့်အာဒံ၊ ဧဝတို့စကားစမြည်ပြောရင်းမိတ်သဟာယဖွဲ့ခဲ့တာတွေ နဲ့ မတူပါဘူး။


23

တခါတရံ ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၄င်း၊ တခါတရံသန့်ရှင်းသော ကောင်းကင်တမန်များအားဖြင့်၄င်း၊ တခါတရံ မိမိတမန်တော်အဖြစ်ရွေးချယ်တော်မူသောလူများ မှတဆင့် စကားပြောခဲ့ပါတယ်။
လူသမိုင်းရဲ့ပထမနှစ်ပေါင်း ၂၅၀၀ ချိန်အတွင်းက ဘုရားထံမှလာသောဗျာဒိတ်တော်ကိုရေးသားမှတ်တမ်းတင်ထားတဲ့ အထောက်အထားတွေရှာဖွေတွေ့ရှိခြင်းမရှိခဲ့ပါ။
ဘုရား၏အကြောင်းသွန်သင်ခြင်းခံရသူများဟာ ဘုရားထံမှသတင်းစကားကို နှုတ်စကားအားဖြင့်ဝေငှကြပါတယ်။
ဘုရားသခင်က မိမိလူတို့နဲ့ဆက်သွယ်ရာမှာ အသုံးအများဆုံးနည်းလမ်းကတော့

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


24

(ကျမ်းချက်။ အာမုတ် ၃း၇)
သန့်ရှင်းသော ဝိညာဉ်တော်လုပ်ရှားခြင်းအားဖြင့် ပရောဖက်၊ ပရောဖက်မ များဟာ ဘုရားအတွက်စကားပြောတဲ့နည်းလမ်းဘဲဖြစ်ပါတယ်။
ဒါဟာအံ့ဩစရာမဟုတ်ပါဘူး။ ကျမ်းစာမှာအတိအလင်း ပြထားတာက 'အကယ်စင်စစ် အရှင်ဘုရား ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့အားဖြင့် မဘော်မပြဘဲ အဘယ်အမှုကိုမျှစီရင်တော်မမူ။' အာမုတ် ၃း၇။


25

ပရောဖက်များကဘယ်လို ဘုရားသခင်ထံမှ သတင်းစကားလက်ခံရရှိခဲ့ကြသလဲဆိုတာ လေ့လာမှတ်သားရအောင်။


26

(ကျမ်းချက်။ ၂ ပေ ၁း ၂၁။)
'အကြောင်းမူကား၊ အနာဂတ္တိစကားသည် လူအလိုအားဖြင့်ဖြစ်ဘူးသည်မဟုတ်။


27

ဘုရားသခင်၏သန့်ရှင်းသောသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏။'
၂ ပေ ၁း ၂၁
နောဧလက်ထက်ရေလွှမ်းမိုးခြင်းမတိုင်မှီအချိန်ကတည်းကဘုရားသခင်ရဲ့ ပရောဖက်တွေရှိခဲ့တယ်။


28

(ကျမ်းချက်။ ယုဒဩဝါဒစာ ၁၄)
ဧနောက်က ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို ကြေငြာခဲ့တယ်။ 'အာဒံမှဆင်းသက်၍ ခုနှစ်ဆက်မြောက်သော သူ ဧနောက်က


29

အတိုင်းမသိများစွာသောမိမိသန့်ရှင်းသူတို့နှင့်တကွကြွလာတော်မူလိမ့်မည်ဟု ပရောဖက်ပြု၍ဟောပြောလေ၏။'
ဧနောက်ဟာ ပထမဦးဆုံးပရောဖက်ပြုသူဖြစ်ကြောင်းကျမ်းစာမှာ ဖေါ်ပြထားပါတယ်။
ဒါပေမဲ့အခြား ပရောဖက်များလည်းရှိပါတယ်။


30

(ကျမ်းချက်။ တမန်တော် ၃း ၂၁။)
ကျမ်းစာက ပြောတယ်။'ကမ္ဘာဦးမှစ၍သန့်ရှင်းသောပရောဖက်ဆရာတော်တို့နှုတ်ဖြင့်ဘုရားသခင် ဗျာဒိတ်ထား တော်မူ၏။'
ကမ္ဘာကြီးကို ရေလွှမ်းမိုးပြီးပျက်မဲ့အကြောင်း အခြားပရောဖက်တဦးဖြစ်တဲ့နောဧက နှစ် ၁၂၀ ကြိုဟောခဲ့ပါတယ်။


31

ရေလွှမ်းမိုးပြီးနောက် ပရောဖက်၊ ပရောဖက်မများပေါ်လာတာတွေ့ရှိရပါတယ်။
မေရိယန်၊ ဒီဘိုးရာ၊ ယေရမိ၊ ယေဇကျေလ နှင့်အခြားသောပရောဖက်ပေါ်ခဲ့ပါတယ်။
သူတို့ဟာ ဖြောင့်မတ်ခြင်းတရားကိုသင်ကြားနေတဲ့ဆရာများဖြစ်ကြပါတယ်။ သူတို့ဟာ ဘုရားသခင်အတွက်စကားပြောပေးတဲ့ ကျင့်ဝတ်ဆိုင်ရာနဲ့ ဝိညာဉ်ရေးဆိုင်ရာလမ်းပြသူ၊ သူများဖြစ်ပါတယ်။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ

၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


32

ဘုရားသခင်က သူရဲ့အလိုတော်ကို ပရောဖက်၊ ပရောဖက်မများထံသို့တခါတရံရူပါရုံ ပေးခြင်းအားဖြင့်၄င်း၊ အိပ်မက်အားဖြင့်၄င်း နှုတ်ကပါတ်တော်အားဖြင့်၄င်းဖေါ်ပြပါတယ်။ သိုသော်သန့်ရှင်းသောဝိညာဉ်တော်က အမြဲတမ်းပါဝင်နေပါတယ်။



33

(ကျမ်းချက်။ တောလည်ရာကျမ်း ၁၂း၆)
ကိုယ်တော်က
'သင်တို့တွင် ပရောဖက်ရှိလျှင်၊ ငါထာဝရဘုရားသည် ထိုသူ၌ထူးဆန်းသော ရူပါရုံအားဖြင့်ကိုယ်ကိုပြမည်။



34

သို့မဟုတ် အိပ်မက်အားဖြင့် ဗျာဒိတ်ပေးမည်။' တောလည်ရာကျမ်း ၁၂း၆။
ဘုရားသခင်ရဲ့တမန်များဟာတခါတရံ ဘုရားသခင်အတွက် စကားပြောရန်ညွှန်ကြားခံရပါတယ်။
တခါတရံတော့ဘုရားထံမှ သတင်းစကားကို မှတ်တမ်းတင်ရေးသားရပါတယ်။ တကယ်တော့ သမ္မာကျမ်းစာအုပ်ဟာ ပရောဖက်များရဲ့သာသနာပြုလုပ်ဆောင်ချက်တွေရဲ့ရလဒ်တခုဖြစ်ပါတယ်။
ရေးသားသူပရောဖက်တိုင်းဟာ ဘုရားသခင်ရဲ့ အကြံအစည်တော်အစိတ်အပိုင်းတခုဖြစ်ပါတယ်။



35

အားလုံးဟာ သန့်ရှင်းသော ဝိညာဉ်တော်တိုက်တွန်းတော်မူခြင်းအားဖြင့်ပြောဆိုရေးသားခဲ့ပါတယ်။
ဘုရားသခင်ဟာ သူတို့မှတဆင့် သူရဲ့သားသမီးများထံမေတ္တာစာကိုပို့ပေးခဲ့ပါတယ်။



36

ဤနည်းအားဖြင့် ဘုရားသခင်က
'သင့်ကိုငါချစ်တယ်။ သင်ကိုအမြဲတမ်းဆက်သွယ်နေချင်တယ်လို့ပြောနေပါတယ်။
အထူးသဖြင့် ကျွန်ုပ်တို့နှင့် အတူမျက်နှာခြင်းဆိုင်မိတ်သဟာရဖွဲ့ရမယ့်အချိန်အခါကို
မျှော်လင့်စောင့်စားနေတယ်ဆိုတာကို ကျွန်ုပ်တို့ကိုသိစေချင်တယ်။


37

ဓမ္မသစ်ကျမ်းရေးသောသူများဖြစ်တဲ့
မဿဲ၊ မာကု၊ လုကာ၊ ယောဟန်၊ ပေါလု၊ ယာကုပ်၊ ပေတရု၊ ယုဒတို့အားလုံးဟာ ဘုရားသခင်ရဲ့
အကြံအစည်တော်ရဲ့ အစိတ်အပိုင်းများဖြစ်ပါတယ်။
အားလုံးမှာပရောဖက်ပြုတဲ့ ဆုကျေးဇူးရှိပါတယ်။
ဟုတ်ပါတယ်။ ထိုစဉ်က ဘုရားသခင်အတွက်စကားပြောပေးသောအခြားသူများလည်း ရှိခဲ့ပါတယ်။
ရှိမုန်၊ အာကဘတ်စ်၊ အာနာဘတ်၊ အာန



38

(ကျမ်းချက်။ တမန်တော် ၂၁း၉)

နှင့်ပရောဖက်ပြုဟောပြောတဲ့ ဖိလိပ္ပုရဲ့သမီး ၄ ယောက်တို့ဖြစ်တယ်။ (တမန်တော် ၂၁း၉)
သူတို့အားလုံးဟာ ကိုယ်တော်ရဲ့အလိုတော်ကိုဖေါ်ပြဘို့နဲ့ ကနဦးခရစ်ယာန်များကို အားပေးနှစ်သိမ့်ဘို့
ဘုရားသခင်ရဲ့အသုံးတော်ခံ ကိရိယာတန်ဆာပလာများဖြစ်ခဲ့တယ်။


39

အဲဒီနောက် ယေရှုကြွလာပြီး ဘုရားသခင်ဟာ ဘယ်လိုပုဂ္ဂိုလ်ဖြစ်တယ်ဆိုတာကို နှုတ်အားဖြင့်သော်၄င်း၊
လက်တွေ့အားဖြင့်၄င်း ဖေါ်ပြခဲ့ပါတယ်။
ဘုရားသခင်ရဲ့မေတ္တာနဲ့စိတ်ဝင်စားမှုကို အထိရောက်ဆုံးဖေါ်ပြဆက်သွယ်ပေးနိုင်တဲ့တဦးတည်းသော
ပုဂ္ဂိုလ်ဖြစ်ခဲ့တယ်။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


40

ရာစုနှစ်ပေါင်းတထောင့်ကိုးရာကျော်ကြာညောင်းခဲ့ပေမဲ့ ကားတိုင်ခြေရင်းမှာဒူးထောက်ပြီး ကမ္ဘာကြီးရဲ့ ကယ်တင်ရှင်ကို သေစွာခံဘို့၊ ဆက်ကပ်ပေးဆပ်ဘို့ ဆုံးဖြတ်ချက်ချတဲ့ယောက်ျား၊ မိန်းမ၊ လူကြီးလူငယ်ရှိနေဆဲပါ။
ယေရှုက ကောင်းကင်ကိုပြန်ကြွသွားတဲ့အခါ မိမိရဲ့နောက်လိုက်များကိုအားပေးနှစ်သိမ့်ဘို့ ဆုလက်ဆောင်များကိုပေးခဲ့တယ်လို့ ကျမ်းစာကဆိုထားပါတယ်။


41

(ကျမ်းချက်။ ဧဖက်သြဝါဒစာ ၄း၈။)
'ထိုသို့နှင့်အညီ၊ ကျမ်းစာလာသည်ကား၊ မြင့်သော အရပ်သို့တက်ကြွတော်မူသဖြင့်၊ များစွာသော သူတို့ကို ဘမ်းသွားတော်မူ၍ လူတို့အားဆုလာဘ်များကိုပေးတော်မူသည်ဟုလာသတည်း။'
ဧဖက်သြဝါဒစာ ၄း၈
အဲဒီဆုလာဘ်တွေက ဘာတွေလဲ


42

(ကျမ်းချက်။ ဧဖက် ၄း၁၁-၁၅။)
နှုတ်ကပတ်တော်က ' လူအချို့တို့ကို တမန်တော်အရာ၌၄င်း၊ အချို့တို့ကို ပရောဖက် အရာ၌၄င်း၊ အချို့တို့ကို သာသနာပြုအရာ၌၄င်း၊ အချို့တို့ကို သင်းအုပ်ဆရာ၊ ဆရာ အရာ၌၄င်းခန့်ထားပေါ်မူ၏။'
ဧဖက် ၄း၁၁


43

ယေရှုက ဘာကြောင့်ဒီဆုကျေးဇူးတွေကို အသင်းတော်အတွက်လက်ဆောင်ပေးဘို့ ရွေးချယ်ခဲ့သလဲ။ ငယ် ၁၁ မှာ 'ခရစ်တော်ရဲ့ကိုယ်တော်ကိုတည်ဆောက်၍ဓမ္မဆရာ၏အမှုကိုပြုတတ်မည်အကြောင်း သန့်ရှင်းသူတို့ကိုပြင်ဆင်ခြင်းအလို့ငှါ ' လို့ဆိုထားပါတယ်။


44

ဘယ်လောက်ကြာကြာဒီဆုကျေးဇူးတွေက အသင်းတော်မှာရှိနေမလဲ။ ' ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၄င်း၊ ဘုရားသခင်၏သားတော်ကိုသိကျွမ်းခြင်းသို့၄င်း တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်း


45

ပမာဏအရပ်တည်းဟူသော ကြီးရင့်သောသူ၏အဖြစ်သို့ရောက်ကြသည့်တိုင်အောင်ဖြစ်သတည်း။' ငယ်၁၃ ကျမ်းစာအရ ဝိညာဉ်ဆုကျေးဇူးတွေက အသင်းတော်ကိုတည်ငြိမ်မှုပေးပြီး ယုံကြည်သူတွေကို အင်အားရှိစေမည်လို့သိရပါတယ်။


46


'အကြောင်းမူကား၊ သူတပါးတို့သည် လူပရိယာယ်နှင့်အပြစ်သို့သွေးဆောင်ခြင်းငှါ လှည့်ဖြားပြောဆိုသဖြင့် ငါတို့သည် နောက်တဖန်


47

ခပ်သိမ်းသောသြဝါဒလေတိုက်၍ ဖရိုဖရဲလွင့်သွားသော သူငယ် မဖြစ်ဘဲလျက်။'
ပရောဖက်ပြုခြင်းကျေးဇူးဟာ ရှင်ပေါလုပြောတဲ့ ဝိညာဉ်ဆုကျေးဇူးများစာရင်းမှာဘယ်နေရာမှာ ရပ်တည်နေသလဲဆိုတာ သတိပြုပါ။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ





48

(ကျမ်းချက်။ ၁ ကော ၁၂း၂၈)
'ဘုရားသခင်သည် ပထမအရာ၌ တမန်တော်တို့ကိုင်၄င်း၊ ဒုတိယအရာ၌ပရောဖက်တို့ကိုင်၄င်း
အသင့်တော်၌ခန့်ထားတော်မူ၏။' ၁ ကော ၁၂း၂၈။



49

ပရောဖက်ပြုခြင်းဆုကျေးဇူးသည် ဆုလဒ်များထဲ၌ဒုတိယနေရာမှာတည်ရှိပါတယ်။ သို့ပေမဲ့လည်း။
အသင်းတော်ကောင်းမွန်စွာ လုပ်ရှားတည်ရှိနိုင်ရန် အရေးကြီးဆုံးသော ဆုလဒ်တစ်ခုဖြစ်တယ်။


50

တမန်တော်ရှင်ပေါလုသည် ဝိညာဉ်ဆုကျေးဇူးနဲ့ပတ်သက်ပြီး လူရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းများနဲ့နှိုင်းယှဉ်
ထားပါတယ်။

- ကိုယ်ခန္ဓာတခုလုံးကောင်းမွန်စွာ လုပ်ရှားသွားလာနိုင်ရန် မျက်စိ၊ ဦးခေါင်း၊ ပါးစပ်နှင့်အခြားသော ကိုယ်ခန္ဓာအစိတ်အပိုင်းများက တာဝန်အသီးသီးလုပ်ဆောင်ကြပါတယ်။
- ထိုနည်းတူအသင်းတော်သည်လည်းဘဲဖြစ်တယ်။
- ဥပမာ ရှုပါရုံမြင်သောသူမရှိရင် အသင်းတော်သည် မျက်ကန်းနဲ့တူပါတယ်။



51

(ကျမ်းချက်။ သုတ္တံ ၂၉း၁၈)
'ဗျာဒိတ်တော်မရှိလျှင် လူတို့သည် အကျိုးနည်းဖြစ်ကြ၏။ တရားတော်ကို စောင့်သောသူမူကား မင်္ဂလာရှိ
၏။'
သုတ္တံ ၂၉း၁၈


52

ဒါပေမဲ့ သင်ဒီလိုမေးကောင်းမေးပါလိမ့်မယ်။ သခင်ခရစ်တော် ကောင်းကင်သို့ပြန်တက်ကြွပြီးနောက်
တမန်တော်များအားလုံးသေပြီးတဲ့အခါဒီပရောဖက်ဆုလဒ် ဘာဖြစ်သွားသလဲ။


53

လူမျိုးဆက်သိပ်မများခင်မှာဘဲ အသင်းတော်က ပေါ့ပေါ့ဆဆနဲ့လျော့ရဲလာပြီး ဘုရားသခင်နဲ့သူရဲ့
ပညတ်တော် အပေါ်သစ္စာပျက်သွားခဲ့တယ်။
ပရောဖက်ယေရမိမှတ်တမ်းထဲမှာ ဣသရေလလူမျိုးများ ဘုရားသခင်ကို ကျောခိုင်းသွားတဲ့နောက်
ဘာဖြစ်သွားသလဲဆိုတာကိုရေးမှတ်ထားတယ်။။



54

(ကျမ်းချက်။ ယေရမိမြည်တမ်းစကား ၂း၉)
'တရားတော်မရှိ၊ ပရောဖက်တို့သည် ထာဝရဘုရား၏ ဗျာဒိတ်တော်ကို မခံမရကြ။'
ယေရမိမြည်တမ်းစကား ၂း၉။


55

ရှေးခေတ်အသင်းတော်က ကျမ်းစာလာ အခြေခံအမှန်တရားများကိုပစ်ပယ်ပြီး ရုပ်ထုဆင်းတုကို
ကိုးကွယ်တဲ့အခါ တစ်ယောက်ပြီး တယောက် ဝိညာဉ်ဆုလဒ်ပေးရန် ငြင်းပယ်ခြင်းခံရပါတော့တယ်။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


56

အမှောင်လွှမ်းသော ခေတ်ချိန်(သို့မဟုတ်) အသင်းတော်သည် ယုံကြည်ချက် သွေဖယ်သွား တဲ့အချိန်မှာ သမ္မာကျမ်းစာများ ဘုန်တော်ကြီးကျောင်းရဲ့ ရာဇပလ္လင်ပေါ်မှာ ချည်နှောင်ခြင်းခံရတဲ့အချိန်ဖြစ်တယ်။ ထိုကျမ်းစာများဟာ ဟေဗြဲ၊ ဟေသလ နဲ့ လက်တင် ဘာသာများအားဖြင့် ရေးသာထားတယ်။


57

သာမန်လူများကျမ်းစာအုပ်ပိုင်ဆိုင်ခွင့်၊ ဖတ်ရှုခွင့်မရခဲ့ပါ။ ဘုန်းတော်ကြီးများသာလျှင် ကျမ်းစာဖတ်ရှုခွင့်ရပါတယ်။ ဘုန်းတော်ကြီးများသာ ကျမ်းစာအနက်အဓိပ္ပါယ် ဖွင့်ဆိုပြောဆိုခွင့်ရပါတယ်။ ခရစ်ယာန်ယုံကြည်သူအနည်းငယ်မျှသာလျှင် သမ္မာကျမ်းစာနဲ့ ကျမ်းစာလာ အမှန်တရားကို စွဲမြဲစွာ ကိုင်စွဲထားပါတယ်။

ငြင်းပန်းနှိပ်စက်မှုတွေကြားထဲမှာ သူတို့ရရှိထားသော သမ္မာကျမ်း စာအပိုင်းအစလေးတွေကို ဝေငှရင်း သာသနာပြုလုပ်ငန်းကိုဆက်လက်ဆောင်ရွက်ခဲ့ကြတယ်။

ဝွါန်ဟပ်စ်၊ လုသာနဲ့ဝိုင်းကလစ်(ဖ်)မတိုင်မှီအချိန်ကတည်းက သူတို့တတွေဟာပြုပြင်ပြောင်းလဲမှုမျိုးစေ့ ကိုချခဲ့ကြပြီ။



58

(ဗီဒီယို။ ၈ စက္ကန့်)
မာတင်လုသာနဲ့ အခြားသော ပုဂ္ဂိုလ်များကသမ္မာကျမ်းစာကို သာမန်လူများဖတ်ရှုနိုင်ရန် ဘာသာစကားအမျိုးမျိုးဖြင့် ဘာသာပြန်ဆိုခဲ့ကြတယ်။ ငြင်းပန်းနှိပ်စက်ခြင်းရှိခဲ့ပေမဲ့ အဲဒီအရာက သမ္မာကျမ်းစာကို လူတွေ ပိုပြီးဖတ်ချင်လာအောင် လှုံ့ဆော်ပေးခဲ့တယ်။


59

လူတွေသမ္မာကျမ်းစာကို လေးလေးနက်နက် ရှာဖွေဖတ်ရှုလာတဲ့အခါမှာ ရာစုနှစ်ပေါင်းများစွာ တိမ်မြုပ် နေတဲ့ သမ္မာတရားကို တွေ့ရှိခဲ့ပါတယ်။ ထိုသမ္မာတရားများက လူသားများရဲ့အာရုံကိုဆွဲဆောင်ပြီး ဘာသာရေးနိုးကြားထကြွမှုဖြစ်ပေါ်စေပါတယ်။


60

ဒီအချိန်အခါမှာ ဘာသာရေးလှုပ်ရှားမှုတရပ်ဖြစ်ပေါ်လာခဲ့တယ်။ ထိုလှုပ်ရှားမှုကို နှစ်ခြင်းခရစ်ယာန်အသင်း၊ မက်သဒစ်အသင်း၊ ပရက်ဘက်တေးရီးရန်း အသင်းနဲ့အခြား ခရစ်ယာန်အဖွဲ့အစည်းများမှ ဆက်ကပ်မှုအားကြီးတဲ့ ခရစ်ယာန်များနဲ့ဖွဲ့စည်းထားပါတယ်။ သူတို့ဟာ သမ္မာကျမ်းစာရှာဖွေလျက်အလင်းတရားရရှိဘို့ဆုတောင်းလျက်နေကြပါတယ်။



61

သူတို့တတွေ ကျမ်းစာကိုရှာဖွေရင်း ဘုရားသခင်ရဲ့ စတုတ္ထပညတ်ချက်မှာသူ့ရဲ့ဖန်ဆင်းခြင်းနေ့ရက်အဖြစ် ကြီးမြတ်တဲ့သတိယအောက်မေ့ဖွယ်ရာနေ့ရက်တရက်ကိုသတိရရန် သူ့ရဲ့ဖန်ဆင်းခြင်းနေ့ရက်အဖြစ် သူ၏သားသမီးများကို တောင်းဆိုထားပါတယ်။
ဗျာဒိတ်ကျမ်းကို ဖတ်ရှုတဲ့အခါ နောက်ဆုံးကာလဘုရားသခင်ရဲ့လူတို့ အကြောင်းဖော်ပြထားပါတယ်။


62

(ကျမ်းချက်။ ဗျာဒိတ် ၁၄း၁၂)
'ဘုရားသခင်၏ ပညတ်တို့ကိုငှ၊ ယေရှု၏ယုံကြည်ခြင်းကိုငှ၊ စောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤအရာ၌သည်းခံစရာအကြောင်းရှိ၏။' ဗျာဒိတ် ၁၄း၁၂။
အခြားကျမ်းစာပိုဒ်များကိုလေ့လာတဲ့အခါ ဘုရားသခင်ရဲ့ပညတ်တော်အလုံးစုံကို စောင့်ရှောက်ခြင်းမှာ ကျမ်းစာရဲ့ဥပုသ်တော်နေ့ကိုစောင့်လျှောက်ခြင်းလည်း ပါဝင်ကြောင်းခံစားသိမြင်လာခဲ့ကြတယ်။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ





63

ဖန်ဆင်းခြင်းရဲ့အောက်မေ့ဖွယ်ရာနေ့ရက်ကို သူတို့လက်ခံပြီးတဲ့နောက် ဥပုသ်တော်နေ့ဆိုင်ရာသမ္မာတရားကိုကမ္ဘာတဝှမ်းကြေညာသွားပါတယ်။




64

(ဗီဒီယို။ ၁၁ စက္ကန့်)
ပရောဖက်ပြုခြင်းဆုလဒ်အကြောင်းက ဘာလဲ။ ဥပုသ်တော်နေ့ကို စောင့်ထိန်းသော နောက်ဆုံးကာလဘုရားရဲ့သားသမီးများ အထဲမှာ ဘုရားသခင်က အထူးပရောဖက်ပြုခြင်းကျေးဇူးကိုပေးခဲ့သလား။
ဘုရားသခင်၌ ထူးခြားသော အရာတစ်စုံတစ်ခုရှိ သလား။
ဘုရားသခင်က ဒီမျိုးဆက်အတွက် ထူးခြားတဲ့သတင်းစကားရှိတယ်ဆိုတာအကြောင်းမလျှော်ညီဘူးလို့ပြောမလား။ ယနေ့အသက်ရှင်နေတဲ့သူတွေအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ကြောင့်အဆက်အသွယ်ရှိနေချင်တာမဟုတ်ပါလား။



65

(ကျမ်းချက်။ ယောလ ၂း၂၈၊၃၁)
'ထိုနောက်မှ လူမျိုးတကာတို့အပေါ်သို့ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။



66

သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်။ အသက်ကြီးသော သူတို့သည် နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ်သော သူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်။




67

ထာဝရဘုရား၏ ကြောက်မက်ဘွယ်သောနေ့ရက်ကြီးမတိုင်မှီဖြစ်လိမ့်မည်' ဟု ယောလ ၂း၂၈၊၃၁မှာ ဖေါ်ပြထားပါတယ်။



68

ဘုရားသခင်ပြောထားချက်တွေကို သတိပြုပါ။ ဘုရားသခင်ရဲ့ကြောက်မက်ဖွယ်သောနေ့ရက် (သို့မဟုတ်) သခင်ခရစ်တော် ဒုတိယအကြိမ်မကြွလာခင် အချိန်ကလေးမှာ ဒီအရာတွေအရင်ဖြစ်ပျက်လိမ့်မယ်။
ကမ္ဘာ့သမိုင်းရဲ့နောက်ဆုံးအချိန်မှာဘုရားသခင်ရဲ့သားသမီးတွေကြားမှာ ပရောဖက်ပြုခြင်းဆုကျေးဇူးရှိရပါမယ်။
ရှင်ပေါလုကကောရိန်သု အသင်းတော်ကိုစာရေးသားတဲ့အခါ ဘုရားသခင်နောက်လိုက်တွေနဲ့ပါတ်သက်လို့ ဒီလိုပြောထားခဲ့တယ်။



69

(ကျမ်းချက်။ ၁ ကော ၁း၇)
'ထို့ကြောင့် သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ ပေါ်ထွန်းတော်မူခြင်းကို မြော်လင့်၍နေစဉ်၊ ဆုတော်တစုံတခုမျှမလျော့ဘဲ စုံလင်လျက်ရှိကြ၏။'
၁ ကော ၁း၇

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ



70

အထက်ကတွေ့ရှိခဲ့တဲ့အတိုင်း နောက်ဆုံးကာလ ဘုရားသခင်ရဲ့သားသမီးများရှိအပ်တဲ့အကျင့်စာရိတ္တကတော့ 'ယေရှု၏သက်သေခံတော်မူချက်ကို စွဲလမ်းသောသူ၊ ဘုရားသခင်၏ ပညတ်တော်တို့ကို ကျင့်သောသူများဖြစ်သည်။' ဗျာဒိတ်ကျမ်း ၁၂း၁၇



71

သန့်ရှင်းသူများတို့၏ သည်းခံခြင်း




72

ဘုရားသခင်၏ပညတ်တော်ကို စောင့်ထိန်းခြင်းနှင့်




73

ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသောသူများဖြစ်တယ်။




74

(ကျမ်းချက်။ ဗျာဒိတ် ၁၉း၁၀)
'ပရောဖက်ဟောသောစကားချက်သဘောသည် ယေရှု၏သက်သေဖြစ် သတည်း။' လို့ ကျွန်ုပ်တို့သိရှိရပါတယ်။

တနည်းပြောရမည်ဆိုရင် 'ယေရှု၏သက်သေခံချက်ဆိုတာပရောဖက်ပြုခြင်းဆုကျေးဇူးအားဖြင့် ယေရှုခရစ်အကြောင်းကို သက်သေခံခြင်းဘဲဖြစ်ပါတယ်။
ဗျာဒိတ်ကျမ်းအရ နောက်ဆုံးကျန်ကြွင်းသော အသင်းတော်ဟာ သခင်ခရစ်တော်ကို ယုံကြည်ခြင်း၊ ဘုရားသခင်ရဲ့ပညတ်အလုံးစုံစောင့်ထိန်းခြင်း နဲ့ ပရောဖက်ပြုခြင်းဆုကျေးဇူး မင်္ဂလာ ခံစားရခြင်း စတဲ့ကြိန်အင်္ဂါလက္ခဏာနဲ့ပြည့်စုံရမှာဖြစ်ပါတယ်။



75

ဟုတ်ပါတယ်။ ကျွန်ုပ်တို့ကို အဖဘုရားသခင်အမြဲဆက်သွယ်လိုပါတယ်။ ဒီမျိုးဆက်အတွက်ကိုယ်တော်ထံမှာပြောစရာအကြောင်းအရာ တစ်စုံတရာရှိနေတုန်းပါပဲ။



76

ဒါပေမဲ့ သင့်မှာမေးစရာရှိပါလိမ့်မယ်။ 'လှည့်စားမှုတခုမဖြစ်နိုင်ဘူးလား။ ဘုရားသခင်ရဲ့ပရောဖက်အမှန်ဖြစ်ကြောင်း (သို့မဟုတ်) ပရောဖက်အတုအယောင်ကို ဘယ်လိုခွဲခြားသိမြင်နိုင်မှာလဲ။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


77

လိမ်လည်လှည့်စားမှုဆိုတာခြင်းဆိုတာ အမြဲရှိနိုင်ပါတယ်။ ရာဇဝင်သမိုင်းတလျှောက်လုံးမှာ ပရောဖက်အတုအယောင်နဲ့အမှန်အကန်တွေပေါ်ထွန်းခဲ့ပါတယ်။ စစ်မှန်သော ပရောဖက်တွေကိုသိရှိနိုင်တယ်ဆိုရင် ပရောဖက်အတုအယောင်တွေရန်ကို ပူစရာမရှိပါဘူး။


78

သမ္မာကျမ်းစာကစစ်မှန်တဲ့ပရောဖက်ရဲ့ထူးခြားတဲ့အမှတ်လက္ခဏာများကိုထင်ထင်ရှားရှားဖေါ်ပြထားပါတယ်။


79

စစ်မှန်သောပရောဖက်ရဲ့သတင်းစကားဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ ပညတ်တော် နဲ့ အပြည့်အဝကိုက်ညီမှုရှိရပါမယ်။


80

(ကျမ်းချက်။ ဟေရှာယ ၈း၂၀)
'တရားတော်ကိုငှင်း၊ သက်သေခံတော်မူချက်ကိုငှင်း နားထောင်ကြကုန်အံ့။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင် သူတို့၌အာရုဏ်မတက်သေး '
ဟေရှာယ ၈း၂၀


81

စစ်မှန်တဲ့ပရောဖက်ရဲ့ကြိုတင်ဟောပြောချက်များဟာအမြဲတမ်းပြည့်စုံမှုရှိရပါမယ်။


82

(ကျမ်းချက်။ ယေရမိ ၂၈း၉)
'သူ၏စကားပြည့်စုံသောအခါ စင်စစ်ထာဝရဘုရားစေလွှတ်တော်မူသော ပရောဖက် ဖြစ်ကြောင်း ထင်ရှားလိမ့်မည်။' ယေရမိ ၂၈း၉။


83

စစ်မှန်သောပရောဖက်ဟာ အသင်းတော်ကိုဆောက်တည်ဖို့ ဟောပြောပါတယ်။ ဘုရားသခင်က ပရောဖက်ပြုခြင်း ဆုလဒ်ပေးရခြင်းအကြောင်း တစ်ခုမှာ အသင်းတော် အတွက် တည်ဆောက်စရာဖြစ်ဖို့ဖြစ်တယ်။ စစ်မှန်သော ပရောဖက်ဟောကြားချက်ကိုတွေ့ရှိ ဘို့ရန် စစ်မှန်သော အသင်းတော်ကိုရှာဖွေရမှာဖြစ်ပါတယ်။ သူတို့တစ်ခုနှင့်တစ်ခုဆက်နွယ်နေပါတယ်။


84

(ကျမ်းချက်။ ၁ ကောရိန်သု ၁၄း၃၊၄။)
'ပရောဖက်ပြုသော သူမူကား၊ တည်ဆောက်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ သက်သာခြင်း အလို့ငှါ လူတို့အားဟောပြော၏။'

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


85

'ရောဖက်ပြုသောသူမူကား အသင်းတော်ကို တည်ဆောက်၏။'
(၁ ကော ၁၄း၃၊၄)


86

စစ်မှန်သော ပရောဖက်ဟာ သခင်ခရစ်တော် ဘုရားသားဖြစ်ကြောင်းနဲ့ လူသားများအားလုံးရဲ့ ကယ်တင်ရှင်ဖြစ်ကြောင်းချီးမြောက်ပါလိမ့်မည်။


87

(ကျမ်းချက်။ ၁ ယော ၄း၁၊၂)
'ချစ်သူတို့ ခပ်သိမ်းသော စိတ်ဝိညာဉ်တို့ကို မယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။


88

အကြောင်းမူကား မိစ္ဆာ ပရောဖက်အများတို့သည်ဤလောကသို့သွားကြပြီ။'


89

'လူဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်ခံသော ဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့် စပ်ဆိုင်၏။'
၁ ယောဟန် ၄း၁၊၂


90

စစ်မှန်သော ပရောဖက်သို့ပရောဖက်မကိုသူ၏အသက်တာနဲ့လုပ်ဆောင်ချက်များအားဖြင့်သိ ဖြစ်နိုင်ပါတယ်။


91

(ကျမ်းချက်။ မဿဲ ၇း၁၆-၁၈)
'ထိုသူတို့၏ အကျင့်ကို ထောက်၍သူတို့ထောက်၍သူတို့၏သဘောကိုသိကြလိမ့်မည်။


92

ကောင်းသောအပင်သည် မကောင်းသောအသီး၊ မကောင်းသောအပင်သည် ကောင်းသောအပင်သည် ကောင်းသောအသီးကို မသီးနိုင်။' မဿဲ ၇း၁၆-၁၈။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


93

အထက်ပါ ကျမ်းချက်များအခြေခံခြင်းအားဖြင့်၊ ဘုရားသခင်ရဲ့ပရောဖက်လို့မိမိကိုယ်ကိုဝန်ခံသူတိုင်းဟာ စစ်မှန်သော ပရောဖက် မဟုတ်နိုင်ကြောင်းထင်ထင်ရှားရှားသိမြင်နိုင်ပါတယ်။


94

စစ်မှန်သောပရောဖက်ရဲ့သတင်းစကား၊ သူ့ရဲ့အသက်တာနဲ့ အပြုအမူအားလုံးဟာ သမ္မာကျမ်းစာထဲက ပရောဖက်ဟောကြားချက်များကို အထောက်အကူဖြစ်ရမည်။ ဘုရားရဲ့သန့်ရှင်းသော နှုတ်ကပါတ်တော် ရှိ ဘုရားရှင်ရဲ့သွန်သင်ချက်နဲ့ အမိန့်တော်များကို ထောက်ခံအားပေးရမယ်။

ဒါကြောင့် ဘယ်သူကပဲဘုရားသခင်အတွက်သတင်းစကားဟောကြားတယ်ဆိုစေကာမူစစ်ဆေးလို့ရပါတယ်။

စစ်ဆေးအောင်မြင်တယ်ဆိုရင် ဘုရားသခင်ကို ကျေးဇူးတင်ပါ။
မအောင်မြင်ဘူးဆိုရင်တော့ သခင်ခရစ်တော်ရဲ့ သတိပေးစကားအရ သတိထားပေတော့။


95

ဘုရားသခင်ဟာ သူ့ရဲ့လူတို့နဲ့ဘယ်လိုနည်းနဲ့ဆက်သွယ်ဘို့ရွေးချယ်ခဲ့သလဲဆိုတဲ့အကြောင်းဝေငှပါရစေ။ အချိန်ကတော့ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာဖုန်းကွယ်နေတဲ့သမ္မာတရားကို ကမ္ဘာသူကမ္ဘာသားများ သိအောင်ပြောကြားတဲ့အချိန်ဖြစ်တယ်။ ၁၉ ရာစု အစောပိုင်းကြီးကျယ်တဲ့ ဘာသာရေး နိုးကြားမှုကြီး ဖြစ်ပေါ်နေတဲ့အခါသမယဖြစ်တယ်။
သမ္မာကျမ်းစာဖတ်ရှုလေ့လာခြင်းနှင့် ဆုတောင်းခြင်းဖက်မှာ စိတ်ဆန္ဒ ပြင်းပြတဲ့အချိန်ဖြစ်တယ်။
အထူးသဖြင့် ဒံယေလကျမ်းနဲ့ဗျာဒိတ်ကျမ်းရှိ ပရောဖက်ဟောကြားချက်များကို ပိုပြီး စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာကြတယ်။


96

သစ္စာရှိသောသမ္မာကျမ်းစာလေ့လာသူတို့ကဒီအနာဂတ္တိစကားများကို လေ့လာပြီးသုံးသပ်လိုက်တာကတော့ သူတို့အချိန်မှာ သခင်ခရစ်တော်ကြွလာမယ်လို့ဖြစ်ပါတယ်။


97

သူတို့ဆက်ပြီး လေ့လာသည့်အခါ ၁၈၄၄ ခုနှစ် အောက်တိုဘာ ၂၂ရက် မှာ သခင်ခရစ်တော်ကြွလာမည် လို့ နေ့ရက်သတ်မှတ်လိုက်တယ်။ ဒါပေမဲ့လည်း အောက်တိုဘာ ၂၂ ကျော်လွန်သွားခဲ့ပြီး ဘုန်းတန်ခိုး အာနုဘော်နဲ့ကြွလာမဲ့ယေရှုမရောက်လာခဲ့ပါဘူး။


98

အင်မတန်ခါးသည်းတဲ့အတွေ့အကြုံတခုဖြစ်ခဲ့တယ်။
ပြောင်လှောင်ပြက်ရယ်ပြုခြင်းနဲ့မှားယွင်းစွာ အထင်မြင်သေးခံရမှုများရှိခဲ့ပါတယ်။

၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ



99

(ဗီဒီယို။ ၈ စက္ကန့်)
ထိုနောက်ပိုမိုဆုတောင်းပြီး ဆက်လက်လေ့လာတဲ့အခါ သူတို့တွေ့ရှိတဲ့ခုနှစ် သင်္ကရာဇ် မှန်ကန်ကြောင်းနဲ့ အဖြစ်အပျက်သာလျှင် မှားယွင်းကြောင်းသိရပါတယ်။
ဒံယေလ ၇း၁၄ ဖေါ်ပြထားသော 'ဗိမာန်တော်' ဟာ ဒီကမ္ဘာကြီးဖြစ်မည်လို့ထင်ခဲ့ကြခြင်းတယ်။ ဒီနေရာမှာ သူတို့ထင်မြင်ယူဆချက် မှားခဲ့ကြတယ်။
ကမ္ဘာကြီးကို မီးနဲ့ဆေးကြောမည့်အစား ကောင်းကင်ဗိမာန်တော်ကို ဆေးကြောခဲ့တယ်။
ဒီအကြောင်းအရာဟာ နောက်ဆုံးဘုရားသခင်ရဲ့ စာရိတ္တတော် နှင့်အုပ်ချုပ်မယန္တရားမှာဟာကွက် မရှိကြောင်းထင်ရှားစေမဲ့အဖြစ်အပျက်ပါဝင်ခဲ့တယ်။


100

လူတွေက ကြိတ်ချေခြင်းခံစားရပါတယ်။
စိတ်ပျက်မှုဟာမခံမရပ်နိုင်လောက်အောင်ခံစားရပါတယ်။ သို့ပေမဲ့လည်းမေတ္တာရှင်ဖဘုရားသခင်ဟာ သမ္မာတရားကြိုးစားရှာဖွေနေသူများကို ဘယ်သောအခါမှ မျှော်လင့်ချက်ကင်းမဲ့စွာ မထားခဲ့ပါဘူး။
အရေးကြုံတဲ့ကာလအခါ မျှော်လင့် ခြင်း ယုံကြည်သူများကိုဘုရားပစ်မထားခဲ့ပါဘူး။
ကိုယ်တော်ကမိမိသားသမီးတို့ကိုဂရုစိုက်ကြောင်း၊ အမြဲတမ်းမေတ္တာရှိကြောင်းနဲ့ ကူညီလိုကြောင်းကို သိစေချင်ပါတယ်။ ဒါကြောင့် ဒီအရေးကြုံတဲ့အချိန်မှာ သူ့ရဲ့သားသမီးများကို ပရောဖက်ပြုခြင်း ဆုလဒ်ကို ပြန်လည်ပေးအပ်ဘို့ရွေး ချယ်ခဲ့တယ်။
ဒီအကြောင်းအရာဟာအစကနေ ညို့ကွင်းပုံပြင်တခုဖြစ်ခဲ့တယ်။


101

ဘုရားသခင်ရဲ့အမှုတော်အောင်ပွဲသဘင်ကို ရူပါရုံအားဖြင့် ၁၇ နှစ်အရွယ်ချိနဲ့တဲ့ အမျိုးသမီးတစ်ယောက် အားရွေးချယ်ပြီးပြခဲ့တယ်။ စိတ်ပျက်ဝမ်းနည်းခြင်းနေ့ရက်ကြီး ဖြစ်ပြီးသည့် နောက် ၁၈၄၄ ခုနှစ် အောက်တိုဘာ ၂၂ တွင် အယ်လင်ဟာမွန်ဆိုသည့် မိန်းမငယ်တစ်ယောက်ဟာ ပထမ ဦးဆုံးရူပါရုံမြင်တွေ့ ခဲ့ပါတယ်။
ရူပါရုံထဲမှာ မြော်လင့်ခြင်းလူစုများအလွန်ထွန်းလင်းတောက်ပသောရောင်ခြည်၏လမ်းပြမှုအောက်၌ ခရီးသွားကြကြောင်းတွေ့ရှိရတယ်။


102

နောင်တချိန်တွင် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကိုမြော်လင့်သောသူများဖြစ်လာကြမည့် ကျန်ကြွင်း သော ယုံကြည်သူလူနည်းစုအတွက် ခွန်အားဖြစ်စေသော သတင်းကောင်းတစ်ရပ်ပင် မဟုတ်ပါလား။


103

ဒီမိန်းမပျိုလေးဟာနောင်တွင် မြော်လင့်ခြင်းအသင်းတော်၏ ကနဦးယုံကြည်သူဂျိမ်း(စ်)ဝှိုက် နဲ့လက်ထပ် ခဲ့ပြီးနောက် အယ်လင်ဝှိုက်အမည်တွင်ခဲ့ပြီး သူမ၏ ခေါ်တော်မူခြင်းအပေါ် သစ္စာရှိသူတစ်ယောက်ဖြစ်ခဲ့ တယ်။
အနှစ် ၇၀ ကျော်ဘုရားသခင်အတွက် ဟောပြောခြင်း၊ စာပေရေးသားခြင်း၊ သွန်သင်လမ်းပြခြင်းနဲ့ အကြံဥာဏ်ပေးခြင်းများပြုလုပ်ခဲ့ပါတယ်။
သူမ၏ အမှုဆောင်ခြင်းနှင့်ဘာသာရပ်အမျိုးမျိုးတို့တွင် ကျွမ်းကျင်ပိုင်နိုင်မှုက ကျွန်ုပ်တို့ ကို အံ့အားသင့်စေသော်လည်း သူမ၏ အကြီးမားဆုံးလုပ်ရပ်မှာ 'ယောကျ်ားနှင့်မိန်းမများကို နှုတ်ကပတ်တော်တည်းဟူသော အလင်းတော်ကြီးဆီသို့ပို့ဆောင်ခြင်းပဲဖြစ်တယ်။



104


သူမက 'ကျမ်းစာကို လစ်လျူရှုကြသဖြင့် ဘုရားသခင်က ယောကျ်ားနှင့်မိန်းမများ အလင်းတော်ကြီး (သမ္မာကျမ်းစာ) ဆီသို့ပို့ဆောင်ရန် အလင်းငယ်ကိုပေးရကြောင်း' ရေးသားထားပါတယ်။
စာပေအားဖြင့် အမှုတော်ဆောင်ခြင်း၊ စာမျက်နှာ ၁၂၅

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ



105

သွန်သင်ချက်မေးခွန်းအာလုံးကိုနောက်ဆုံးအဖြေပေးနိုင်သောစာအုပ်သည် သမ္မာကျမ်းစာဘဲဖြစ်ကြောင်းကို သူမ အသိအမှတ်ပြုပြောကြားခဲ့တယ်။
ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ကဲ့ရဲ့ဝေဖန်တဲ့ သူတွေဆီ သူမစာရေးတဲ့အခါ



106

'ကျမ်းစာဖေါ်ပြထားသည့်အတိုင်းယုံကြည်ပါ။ ကျမ်းစာမှန်ကန်မှုကို အလေးထားပြီးအပြစ်ရှာ ဝေဖန်ခြင်းရပ်ဆိုင်းပြီး နှုတ်ကပတ်တော်ဖေါ်ပြထားသည့်အတိုင်း နားထောင်ခြင်း ရှိရင်



107

သင်တို့အထဲက တစ်ယောက်မှ မပျောက်ဆုံးနိုင်ပါဘူး' ရေးသားခဲ့တယ်။
ရွေးချယ်ထားသော သတင်းစကားများ၊ စာအုပ် ၁၊ စာမျက်နှာ ၁၈။



108

ဘယ်အမျိုးသမီးစာရေးဆရာကမှ ဘာသာရေးနဲ့ဆိုင်တဲ့ စာအုပ်များ၊ မဂ္ဂဇင်းဆောင်ပါးများ၊ စာအုပ်ငယ်များ၊ လက်ကမ်းစာစောင်ငယ်များနှင့် ကိုယ်ပိုင်စာများ သူမလောက်ထုတ်ဝေခြင်းမရှိခဲ့ပါ။
သူမအသက်တာတလျှောက်လုံး ဘုရားဆီက ရရှိသော အကြံဉာဏ်များ၊ သတင်းစကားများတို့ကို ဘုရားသခင်ကို ယုံကြည်သော သားသမီးများကို တဆင့်ပြန်လည်ဝေငှခဲ့ပါတယ်။



109

သူမစာစောင်များမှာ အောင်မြင်သော ခရစ်ယာန်၏အသက်တာ၊ အစားအစာနှင့်အာဟာရဓာတ် အသုံးပြုပုံ၊ ကျန်းမာရေးစာအုပ်၊ ကိုယ်ဝန်ဆောင်မိခင်များစောင့်ရှောက်နည်း၊ မူးယစ်ဆေးဝါး အကြောင်း ပတ်သက်သည့်စာအုပ်၊ ထိမ်းမြားခြင်းနှင့်အိမ်ထောင်ရေး၊ လူငယ်လမ်းညွှန်၊ ပညာရေးစာအုပ်နှင့်အခြား စာအုပ်များ ပါဝင်ပါတယ်။
လွန်ခဲ့သောအချိန်အနှစ် ၁၀၀ ကျော် သူမရေးထသားထားသောအကြောင်းအရာများဟာ ယခုခေတ်သစ် သိပ္ပံပညာရှင်များ စမ်းသပ်မှုတွေ့ရှိချက် အရ မှန်ကန်ကြောင်း တွေ့ရှိရပါတယ်။
သူမရဲ့သတင်းစကားများကို ပါမောက္ခများ၊ ဆရာဝန်များ၊ ဋီကာဆရာလက်သစ်များနှင့် အခြားသော အာဏာပိုင်ခေါင်းဆောင်ကြီးများက အသုံးပြုကြကြောင်းသိရပါတယ်။




110

ဒေါက်တာ ကလိုက်အမ် မက်ကေးဆိုသူ ကော်နဲ တက္ကသိုလ် အာဟာရဓာတ်ဌါနဆိုင်ရာ ပါမောက္ခကြီး က အယ်လင်ဂျီဝှိုက်ရဲ့ စာပေများကို သူအသုံးပြုကိုးကားခဲ့တဲ့အကြောင်းကတော့ ကိုယ်ခန္ဓာတခုလုံးကို နာလည်းစေတဲ့ အာဟာရဓာတ် လမ်းညွှန်ချက်တွေဖြစ်လို့ပါပဲ။
ဩဇာကမင့် သဘာ ညော် မောညေါ်ယ ပြေ ၁၉၅၈



111

လွန်ခဲ့သော ၁၈၆၄အချိန်ကတည်းက အယ်လင်ဝှိုက်က ' ဆေးရွက်ကြီးသည် အလွန်လှည့်ဖြားတတ်၍ အသက်အန္တရာယ်ပေးသည့် အဆိပ်အတောက်ကြီးတစ်ခုဖြစ်ကြောင်း၊


# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


112


ပို၍ဆိုးဝါးသည့်အချက်မှာ ဆေးရွက်ကြီးသည် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို တဖြည်းဖြည်းထိခိုက်စေ၍ အန္တရာယ်ဟုမထင်မှတ်ရသောကြောင့်ဖြစ်သည်။'


113

သို့စေကာမူ ၁၉၅၇ ခုနှစ် ရောက်မှသာ အမေရိကန် ကင်ဆာကု အဖွဲ့အစည်း နှင့် နှလုံးရောဂါကု အဖွဲ့ကြီးက ဆေးလိပ်သောက်ခြင်းသည် အဆုတ်ကင်ဆာဖြစ်စေသည်ဟု ကောက်ချက်ချခဲ့တယ်။ သူမအသက်ရှင်စဉ်အခါက ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များသူမကို မေးခွန်းမေးချင်ပါလိမ့်မယ်။ ထိုစဉ်အခါက ဆေးရွက်ကြီးနှင့် စီးကရက်သောက်ခြင်းသည် အဆုတ်ရောဂါ ကိုပျောက်ကင်းစေတယ်လို့ ထင်မြင်ယူဆခဲ့ကြတယ်။


114

၁၉၀၅ ခုနှစ်က ကင်ဆာရောဂါနှင့်ဆိုင်သော ပိုးမွှားများအကြောင်း မစ္စစ်ဝှိုက်ရေးသားခဲ့ပါတယ်။ သူမဘယ်လိုကောက် ချက်ချသလဲဆိုရင် 'လူတွေ က အဆုပ်ရောဂါ (တီဘီရောဂါ) နှင့်ကင်ဆာပိုးပါသော အသားများကိုစားသုံး နေကြကြောင်း၊


115

အဆုတ်ရောဂါ၊ ကင်ဆာရောဂါနဲ့ အခြားသော သေစေတတ်သော ရောဂါများသည် ထိုသို့အားဖြင့် တခုနှင့်တခု ကူးစက်နေကြပါသည်။'
ပျော်ရွှင်ကျန်းမာ ဒို့သာသနာ၊ စာမျက်နှာ ၃၁၃။




116

မှန်ပါတယ်။ ဒီနေ့အချိန်မှာ မှန်ကန်တဲ့အသုံးအနှုန်းဖြစ်တဲ့ ဗိုင်းရပ်ရောဂါပိုးလို့ခေါ်ပါတယ်။ ၉၃ နှစ်ကြာပြီးနောက် နယူး(စ်)ဝိ မဂ္ဂဇင်းမှာ ' ဗိုင်းရပ်ရောပါပိုးများသည် ကင်ဆာဖြစ်စေသည်။' လို့ ဆောင်းပါးတပုဒ် ပါလာခဲ့ပါတယ်။




117

ကာလီဖိုးနီးယားတက္ကသိုလ်က နိုဘယ်ဆုရ ဗိုင်းရပ်ဗေဒကျွမ်းကျင်သူ ဒေါက်တာ ဝင်းဒဲစတန်လေက



118

'ဗိုင်းရပ်ရောဂါပိုးများသည် လူသားတွေရှင်ဆိုင်ရသော ကင်ဆာအမျိုးမျိုးကိုဖြစ်စေသော အဓိက အကြောင်းရင်း တခုဖြစ်တယ်' လို့ ဆိုပါတယ်။
--နူတျတနနုယ`ကညန ၁၈ယ ၁၉၅၆.


119

၁၉၀၂ ခုနှစ်အချိန်မှာ အယ်လင်ဝှိုက်ကဆန်ဖရန်စစ္စကို နဲ့ အုတ်ကလန်မြို့များသို့ ဘုရားသခင်အကြည့်အရှုကြွလာမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုမြို့တို့သည် သောဒုံနဲ့ဂေါမောရကဲ့သို့ ဖြစ်လာကြောင်း သတိပေးခဲ့ပါတယ်။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ



120

တကယ်ဘဲ ၁၉၀၆ ခုနှစ် ဧပြီလ ၁၈ ရက် နံနက် ၅း၁၂ အချိန်မှာ ဆန်ဖရန်စစ္စကိုမှာ ငလျင်ဒဏ်အကြီး အကျယ်ခံရခဲ့တယ်။ အနာဂတ်စကားတကယ်မှန်ကန်ပါတယ်။
ကြိုတင်ဟောထားသည့်အတိုင်းတကယ်ပြည့်စုံသွားတယ်။

သူမ၏အားနည်းသောကိုယ်ခန္ဓာနဲ့ အသက်တာမှာ သူမရင်ဆိုင်ခဲ့ရသော အတားအဆီးများကို ထည့်သွင်း စဉ်းစားတဲ့အခါ မစ္စစ်ဝိုက်ရဲ့ အောင်မြင်မှုတွေဟာ ပိုပြီးအံ့ဩဘွယ်ဖြစ်ပါတယ်။


121

တချို့သောသူများက အယ်လင်ဝိုက်ဟာ ဘယ်လိုလူစားမျိုးပါလိမ့်။ သူမဘာနဲ့တူပါသလဲလို့ တွေးမိကြပါလိမ့်မယ်။
၁၈၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့ အချိန်ဆီကို ကျွန်ုပ်တို့ပြန်ပြောင်းကြည့်ရပါလိမ့်မယ်။


122

အဲဒီနေ့မှာ အမွှာညီမ အယ်လစ်ဇဘက် နဲ့ အယ်လင်တို့ဟာ မိန်းပြည်နယ်၊ ဂိုဟမ် ရွာကလေးတရွာမှာ မွေးဖွားခဲ့ပါတယ်။ မိဘများကတော့ ယူနစ် နဲ့ ရောဘတ်ဟာမွန် တို့ဖြစ်ကြတယ်။


123

သူမအသက် ၉ နှစ် အရွယ်မှာ သူမအသက်တာကို ထာဝရပြောင်းလဲစေမ အဖြစ်အပျက်တစ်ခုဖြစ်ပျက်ခဲ့ ပါတယ်။ သူမကျောင်းကအပြန်မှာအတန်းဖေါ်တစ်ယောက်က ပစ်လိုက်တဲ့ ကျောက်ခဲတုံးကြောင့် ပြင်းထန်စွာဒါဏ်ရာ ရရှိသွားပါတယ်။


124

သုံးပတ်လုံးလုံး သူမမေ့မြောနေပါတယ်။ ကျောင်းကိုလဲ ဆက်တက်လို့မရ တော့ပါ။ ကြာကြာ အသက်မ ရှင်နိုင်တော့တဲ့ အခြေအနေမျိုးရောက်သွားခဲ့တယ်။ မူလတန်းကျွတ်တဲ့အထိတောင်သူမကျောင်းမနေခဲ့ရ ပါဘူး။


125

သူမအသက်ကြီးလာသည့်အခါ အသက် ၉ နှစ် အရွယ်တုန်းက အဖြစ်အပျက်ကို ပြန်တွေးကြည့်ပြီး သူမစိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ ညီအစ်ကို မောင်နှမများနှင့်အတူမကစား နိုင်တဲ့အဖြစ်၊ ကျောင်းမတက်နိုင်တဲ့အဖြစ်တွေဟာ ရင်နာစရာပါဘဲ။

သို့သော် သူမအသက်တာတဆင့်ကုန်ဆုံးတော့မည့်အချိန်မှာ အခြားအဆင့်ကို စခဲ့ပါတယ်။ အယ်လင်ဝိုက် တယောက် ကျမ်းစာအုပ်ကို အလွန်သင်ယူလိုသော သူတယောက်ဖြစ်လာခဲ့တယ်။ သူမဟာတောစခန်းများ၊ ဘာသာရေး ပြန်လည်နိုးကြားအစီးအဝေးပွဲများနဲ့ ရက်တိုတရားဟောပွဲများတက်ရောက်နားထောင်ခဲ့သည်။


126

မိန်းပြည်နယ် ဘတ်(စ်)တန် မြို့တွင် ကျင်းပသောမက်သဒစ်အသင်းတော်ရဲ့ တောစခန်းတက်ရောက်ခဲ့ပြီး ၁၈၄၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှာ သူမ နှစ်ခြင်း မင်္ဂလာခံယူခဲ့တယ်။ မက်သဒစ်အသင်းသူတစ်ယောက် ဖြစ်သွားပါတယ်။

၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


127

ထိုနောက် အယ်လင်နဲ့ သူမမိသားစုများ မိန်း ပြည်နယ် ပေါ့တလန်မြို့မှာ ကျင်းပသော စည်းဝေးပွဲများ တက်ရောက်ခဲ့တယ်။ တရားဟောတဲ့ ပုဂ္ဂိုလ်ကတော့ ဝီလျံမေးလားဖြစ်ပြီး အရင်က စစ်ဗိုလ်ဖြစ်ခဲ့ပြီး သမ္မာကျမ်းစာကို စိတ်နှလုံးအကြွင်းမဲ့လေ့လာဖတ်ရှုနေသူဖြစ်တယ်။
သူက ခရစ်တော်မကြာမီကြွလာမည့်အကြောင်း သက်သေခံဟောပြောတဲ့အတွက် သူနဲ့သူရဲ့နောက်လိုက်တွေကို 'မြော်လင့်သူများ' (သို့) 'မေးလားနောက်လိုက်များ' လို့ ကင်းပွန်းတပ်ကြတယ်။ ဟာမွန်မိသားစုကလည်း မေးလားရဲ့သတင်းစကားမှန်ကန်မှုကို ယုံကြည်လက်ခံခဲ့ပါတယ်။


128

၁၈၄၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက် စိတ်ပျက်စရာနေ့ရက်ကြီး ဖြစ်ပြီး နောက်သူတို့မိသားစုလဲ တောတော် အထိနာခဲ့ပါတယ်။ အယ်လင်လည်းပဲ အလွန်စိတ်ပျက်ခဲ့တယ်။ သူမငိုပြီး ဆုတောင်းခဲ့တယ်။ အဖြေရဖို့ရန် ကျမ်းစာကို အခြားသော မြော်လင့်ခြင်းပုဂ္ဂိုလ်များနည်းတူ လေ့လာဖတ်ရှုခဲ့ပါတယ်။
ထို့စဉ်အခိုက် ဘုရားသခင်ကမိမိ၏ပရောဖက်မအဖြစ် ခေါ်တော်မူပါတယ်။ ကိုယ်ကာယကိုကြည့်မယ်ဆိုရင် ပရောဖက်မ ဖြစ်နိုင်သော အခြေအနေမရှိနိုင်ပါ။ သူမအသက် ၁၇ နှစ်သာရှိသေးပြီး အဆုပ်ရောပါနှင့် နှလုံးရောဂါ ဝေဒနာများခံစားရသော အချိန်ဖြစ်တယ်။
မည်သို့ဆိုစေကာမူ ၁၈၄၄ ခုနှစ်ဒီဇင်ဘာလ အချိန်မှာ ဘုရားသခင်က ရူပါရုံအားဖြင့်အယ်လင်နဲ့စကားပြောဖို့ရွေးချယ်ခဲ့ပါတယ်။ သူမကိုယ်ပိုင်စကားနဲ့ ရူပါရုံမှာ မြင်ခဲ့သော အရာအားလုံး ပြန်ပြောနိုင်ပါတယ်။


129

ကျွန်မရူပါရုံမြင်ရသည့်အချိန်မှာ ဘုရားသခင်က ကျွန်မကို အလင်းပေးခဲ့တယ်။ ဒီသတင်းစကားကို ယူသွားရန်ကျွန်မကိုဖိတ်ခေါ်ခဲ့ပါတယ်။ဒါပေမဲ့ကျွန်မနောက်တွန့်သွားခဲ့တယ်။ကျွန်မအသက်ငယ်သေးတယ်။ ကျွန်မပြောရင်လူတွေလက်ခံမယ်မထင်ဘူးလို့ စဉ်းစားမိခဲ့တယ်။
နူနည္ .၂အေန႔နအအနမ ၃ယ ၁၈၄၇


130

ဘုရားသခင်ခေါ်တော်မူခြင်းနဲ့မထိုက်တန်ကြောင်း၊ ကိုယ်ကာယအားဖြင့်လည်း အားလုံးပြောင်းခံစားမိသော်လည်း ယုံကြည်ခြင်းအားဖြင့် လက်ခံ၍ တသက်တာလုံးလုပ်ဆောင်ခဲ့ပါတယ်။


131

အယ်လင်နဲ့ သူမခင်ပွန်း ဂျိမ်း(စ်)ဝှိုက်တို့ အတူတကွလုပ်ဆောင်ရင်း ဘုရားသခင်ပေးသော အလင်းတရားများကို သူတပါးအားဝေငှခဲ့သည်။


132

သူတို့ရဲ့ဆက်ကပ်ခြင်းနဲ့အောင်မြင်ခြင်းအကြောင်းကို သူမရေးခဲ့သော စာများစွာထဲမှာဝေငှထားခဲ့ပါတယ်။ သူမရဲ့အသက်တာတလျှောက်လုံးမှာ ကိုယ်ကို ဆက်ကပ်သောခရစ်ယာန်၊ဘုရားသခင်ရဲ့မမောပမ်းနိုင်သော အစေခံ ကျွန်နှင့်တာဝန်ကျေပွန်သောမိခင်တစ်ယောက်ဖြစ်ခဲ့ပါတယ်။
သူမမိသားစု၊ သူမခင်ပွန်းသည်နှင့် ကမ္ဘာပေါ်မှာ ထောင်သောင်းမကသောလူများစွာတို့က သူမကို ချစ်ခင်ခဲ့ကြပါတယ်။



133

၁၈၈၁ ဩဂုတ် ၆၊ မီချီဂန်ပြည်နယ် ဘက်တဲခရိမှာ မှာ သူမခင်ပွန်းသည်ဂျိမ်းဝှိုက်ကွယ်လွန်ခဲ့ပါတယ်။ သူမရဲ့ယောကျ်ားဂူသင်္ချိုင်းနံဘေးမှာ ထပြီး လွန်ခဲ့သော ၃၅ နှစ်ကြာကြာအတူတူ ဆက်ကပ်လုပ်ဆောင်ခဲ့သော အမှုတော်ကို ဆက်လက်ဆောင်ရွက်သွားမယ်လို့ သစ္စာဒါန်ချခဲ့ပါတယ်။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ


134

သူမရဲ့အကောင်းဆုံး ဝိညာဉ်ရေးအပါဆုံးအချို့စာပေများ သူမ ယောက်ျား ကွယ်လွန်သည့်နောက် ရေးသားခဲ့တယ်။ သူမဆက်ပြီး ၃၄ နှစ် လုံးလုံး တစ်ယောက်ထဲ လုပ်ဆောင်ခဲ့တယ်။
သူမရဲ့ ပရောဖက်ပြုခြင်းအမှုအားဖြင့် နိုင်ငံတော်တော်များများရောက်ရှိသွားခဲ့တယ်။ သခင်ဘုရားဦးဆောင် ညွှန်ပြခဲ့သည့်အတိုင်း ယုံကြည်သူအသင်းသူ/သား များကို ရောက်သည့်နေရာတိုင်းမှာ လမ်းညွှန်ခြင်း၊ သွန်သင်ဆုံးမခြင်း နှင့် အကြံပြုပြောဆိုခြင်းများလုပ်ခဲ့ပါတယ်။



135

သူမရဲ့အသက်တာနဲ့ လုပ်ငန်းအားလုံး ၁၉၁၅ ခုနှစ် ဇူလိုင်လ ၁၆ရက်မှာ ချုပ်ငြိမ်းသွားပါတယ်။
သူမအသက် ၈၇ နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့တယ်။
သူမရဲ့ခင်ပွန်း ဂူသင်္ချိုင်းနံဘေးမှာ မြုပ်နှံပါတယ်။ သူမသေပြီးရက်သတ္တပတ်အနည်းငယ်မှာ သတင်းစာ တစောင်မှာ ဒီလိုရေးသားထားပါတယ်။



136

'သူမရဲ့ဝိညာဉ်ရေးနဲ့ပတ်သက်ပြီး မာနထောင်လွှားခြင်းမရှိ။
လောကချမ်းသာကြွယ်ဝမှုကိုလည်းသူမမရှာခဲ့။
သူမအသက်တာနှင့်လုပ်ဆောင်ချက်များသည် ပရောဖက်မနဲ့ထိုက်တန်လျော်ညီပေ၏။
အမေရိကန်ဆက်ခံသူများတွင် အလေးစားထိုက်ဆုံးသော ပုဂ္ဂိုလ်တဦးပေတည်း။'
၍န ြွတ ့သမူ့ညိနစနညိနညအယ ဗကါကျအ ၂၃ယ၁၉၁၅


137

ဟုတ်ပါတယ်။ သူမရဲ့အသံတိတ်သွားပြီးဖောင်တိန်လည်းအနားယူပါပြီ။ ဒါပေမဲ့တန်ဖိုးမဖြတ်နိုင်သော သူမရဲ့ အကြံပေးစာများ၊ ဆိုဆုံးမစကားများ၊ ညွှန်ကြားချက်စာများနှင့် အားပေးစကားစာပေများ က ဘုရားသခင်ရဲ့သားသမီးများကို ဆက်ပြီး နောက်ဆုံးအောင်မြင်ခြင်းပန်းတိုင်ရောက်သည့်အထိ ဆက်လက်၍ လမ်းပြပို့ဆောင်နေပါလိမ့်မည်။


138

သူမလောကအတွက် ချန်ထားခဲ့တဲ့ အရာကတော့ စကြဝဠာကိုဖြတ်၍လာတဲ့ ဘုရားသခင်ရဲ့ မေတ္တာ သတင်းစကားပဲဖြစ်တယ်။ မေတ္တာရှင်ဘုရားသခင်က သခင်ယေရှုကြွလာသည်တိုင်အောင် မိမိရဲ့ သားသမီးများနဲ့ ဆက်သွယ်နေချင်ပါတယ်။
ကျွန်ုပ်တို့အားလုံး သခင်ခရစ်တော်တဖန်ပြန်ကြွဆင်းလာတဲ့အခါ ထွန်းတောက်သော ဘုန်းရောင်ခြည် ရှေ့ မှောက်မှာ ဘုရားသခင်နှင့်မျက်နှာခြင်းဆိုင် ဖူးမျှော်မိတ်သဟာယဖွဲ့ရတဲ့အခါအလင်းငယ်မှေးလေးဟာ မှေးမိန်သွားပါလိမ့်မယ်။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ



139

လွန်ခဲ့သော နှစ်ပေါင်းများစွာတုန်းက တောင်အာဖရိကတိုက် နြွခုလညေ့ူညေဲ သဲကန္တာရကြီးထဲမှာ ့ငုကဘင ဆိုတဲ့ ရှေးခေတ်ချုံပုတ်သားတစ်ယောက်ရှိတယ်။

သူကတနေရာပြီးတနေရာ လှည့်လည်သွားလာပြီးခြေသလုံးအိမ်တိုင်သမားတယောက်ဖြစ်တယ်။
ချမ်းအေးလှသော ဆောင်းဥတု တစ်ညမှာ သူ့တဲကလေးထဲ ဝင်ပြီးအိပ်ဖို့ရန်ပြင်ဆင်နေသည်။
ရုတ်တရက်ဆိုသလို ညရဲ့အမှောင်ထုကြီး ကွယ်ပျောက်သွားပြီး နေ့အချိန်ထက် ထွန်းလင်းတဲ့ အလင်းကြီး တစ်ခုပေါ်လာပါသည်။ ထွန်းလင်းတောက်ပသည့်ပုဂ္ဂိုလ်တစ်ဦးက သူ့ထံပေါ်လာပြီး 'စာအုပ်' နဲ့လူတွေကို ရှာဖို့ပြောခဲ့တယ်။
ဘုရားသခင်ကို ကိုးကွယ်ဝတ်ပြုသူများကို ရှာဖွေရမယ်။
ဒါဘာကိုဆိုလိုသလဲဆိုတာ ဆာကူရာ နားမလည်ပါဘူး။ ဘယ်လိုစာအုပ်မျိုးလဲ။ တွေ့ရင်ကောဖတ်နိုင်ပ့ါ မလား။

ချုံပုတ်လူသားများရဲ့ ဘာသာစကားဟာ အခြားသော အာဖရိက မျိုးနွယ်စုများရဲ့ ဘာသာစကားနဲ့ မတူကြပါဘူး။ တခါမှ စာပေအနေနဲ့ မထုတ်ဖေါ်ခဲ့ပါဘူး။

သို့သော်၊ သူ့ထံပေါ်လာတဲ့ 'တောက်ပတဲ့ပုဂ္ဂိုလ်' ဆာကူးဘား အခေါ်အရ ကောင်းကင်တမန်က 'စာအုပ်ဟာ စကားပြောမယ်။ သင်သည်ဖတ်နိုင်လိမ့်မယ်လို့'ပြောပါတယ်။

ဘန်တူးလယ်သမားများရဲ့တဲကိုရောက်တဲ့အခါ စာအုပ်ထဲကလူများသိသလားလို့မေးကြည့်ခဲ့ပါတယ်။
ထိုပုဂ္ဂိုလ်က ချုံပုတ်လူသားက သူတို့ရဲ့ဘန်တူးစကားကို တတ်တာကြားရတော့ လန့်ဖြန့်သွားပြီး သူ့ရဲ့ တရားဟောဆရာဆီ ခေါ်ဆောင်သွားပါတယ်။
တရားဟောဆရာက ဆာကူးဘားရဲ့ဇတ်လမ်းကို အရမ်းစိတ်ဝင်စားသွားတယ်။
'မင်းရဲ့ခရီးစဉ်ဟာ ပြီးဆုံးသွားပါပြီ။' လို့ပြောလိုက်တယ်။
ဆာကူးဘားက အလွန်ပျော်ရွှင်သွားခဲ့တယ်။ ဒါပေမဲ့ အဲဒီညမှာ တောက်ပတဲ့ပုဂ္ဂိုလ်ကပေါ်လာပြီး ဒီလူတွေက သင်ရှာနေတဲ့ လူတွေမဟုတ်ကြောင်းပြောပြတယ်။
သူဟာ ဥပုသ်စောင့်တဲ့ အသင်းတော်နဲ့သင်းအုပ်ဆရာမိုရေးကိုရှာရမယ်ဖြစ်ပါတယ်။
သင်းအုပ်ဆရာ မိုရေးမှာ စာအုပ်နဲ့အခြားစာအုပ်ကိုးအုပ်ဖြစ်တဲ့ စာအုပ်အညိုရောင်လေးအုပ်ရှိပါတယ်။
နောက်တနေ့မှာ ဆာကူးဘာက လက်ခဏာတစုံတခုပြဘို့ ဆုတောင်းတယ်။ ဆာကူးဘား ခရီးသွားဘို့ လမ်းညွှန်လိုပါတယ်။
ခရီးသွားတဲ့အခါ ကောင်းကင်မှာ မိုးတိမ်တခုပေါ်လာပါတယ်။ ဆာကူးဘားက အဲဒီနောက်ကို ခုနှစ်ရက်တိုင်တိုင် လိုက်ခဲ့ပါတယ်။
ရွာတခုပေါ်ရောက်တဲ့အခါ မိုးတိမ်ကပျောက်သွားခဲ့တယ်။
အဲဒီမှာ ဆာကူးဘားက သင်းအုပ်ဆရာ မိုရေးကို မေးတဲ့အခါမှာ ချက်ချင်းသူ့အိမ်ကိုလမ်းညွှန်လိုက် ပါတယ်။

ဆာကူးဘားက သူ့ရဲ့အဖြစ်အပျက်ကို ပြောပြလိုက်တဲ့အခါ သင်းအုပ်ဆရာမိုရေးက သူရဲ့ နွမ်းရိနေတဲ့ ကျမ်းစာကို ထုတ်ယူလိုက်တဲ့အခါ 'အဲဒါဘဲ' လို့ ဘာကူးဘားက အော်ဟစ်လိုက်တယ်။ 'အဲဒါဘဲ'။ ဒါပေမဲ့ တခြားကိုးအုပ်ဖြစ်တဲ့ စာအုပ်လေးအုပ်ကောလို့မေးလိုက်ပါတယ်။

အဲဒါကတော့ အယ်လင်ဝှိုက်ရေးသားထားတဲ့ အသင်းတော်အတွက်ဩဝါဒစာကိုးအုပ်တွဲကို နောက်ပိုင်း လေးအုပ်တွဲအဖြစ်ပေါင်းစုထားတာဖြစ်တယ်။
ဆာကူးဘားရဲ့ရှာဖွေမှုအဆုံးသတ်သွားပါပြီ။ စာအုပ်ထဲကလူတွေကိုရှာဖွေတွေ့ရှိပါပြီ။ဥပုသ်နေ့ကိုစောင့်ပြီး ပရောဖက်ပြုခြင်းကို ရရှိခံစားသူများဖြစ်တယ်။ မကြာမီသူနဲ့မိသားစုများ ခရစ်တော်ကို လက်ခံပြီးနှစ်ခြင်းခံ ယူခဲ့တယ်။ သူ့လူမျိုးများအတွက်သာသနာပြုတဦးဖြစ်လာခဲ့တယ်။ ဘုရားသခင်ဟာ အံ့ဩဘွယ်နည်းလမ်း များကို အသုံးပြုပြီး လူတွေကို မှန်ကန်တဲ့ အသင်းတော်ဆီယနေ့ပို့ဆောင်ပေးနေပါတယ်။
ဒီအဖြစ်အပျက်ကို ကြားသိရတာဟာ မတော်တဆမဟုတ်ပါဘူး။ ဆာကူးဘားလို သင်ဟာ လမ်းညွှန်ခြင်းခံ ရပါတယ်။ ဘုရားသခင်က သူ့ရဲ့သမ္မာတရားထဲသို့ သင့်ကိုလမ်းပြနေပါတယ်။ ဘုရားသခင်က သင် အနာဂတ်ကို ရင်ဆိုင်နိုင်ဘို့ သတ္တိကို ပေးနေပါတယ်။

နှစ်ပေါင်းများစွာ သမ္မာတရားကို ရှာဖွေနေတယ်ဆိုရင်ဖြင့် ဒီနေ့သင့်ရဲခရီးရှည်ကြီးဟာ ပြီးဆုံးသွားပါပြီ။ လမ်းဆုံးကို ကိုယ်တော်ရှင်က ဦးဆောင်လမ်းပြခဲ့တာဖြစ်တယ်။ သင်လည်း ဆာကူးဘားလို 'အဲဒါဘဲ။

# ၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ

ဘုရားသခင်ရဲ့အသင်းတော်ဖြစ်တယ်။’ လို့အော်ဟစ်နိုင်ပါပြီ။

ယေရှုရဲ့သက်သေခံချက်ကိုစွဲလမ်းပြီး ဘုရားသခင်ရဲ့ ပညတ်တော်တို့ကိုစောင့်ရှောက်တဲ့ လူစုနဲ့ပူးပေါင်းလိုပါသလား။ ဘုရားသခင်ရဲ့နောက်ဆုံးကာလ လူစုနဲ့ပေင်းစည်းလိုပါသလား။ ဒီဆက်ကပ်မှုကို အသေအချာစဉ်းစားပါ။ သင့်အသက်တာရဲ အရေးကြီးဆုံး ဆုံးဖြတ်ချက်တခုဖြစ်နိုင်ပါတယ်။

၂၁ – ကြယ်တာများတဖက်မှလာသောသတင်းစကားများ

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ



1

မှန်ကန်တဲ့အသင်းတော်ကို သင်ဘယ်လိုရွေးချယ်မလဲ။


2

ဘာဖြစ်လို့အသင်းတော်ဂိုဏ်းခွဲတွေများရသလဲလို့ သင်စဉ်းစားဘူးပါသလား။
လူတော်တော်များများက စဉ်းစားကြတယ်။
အသင်းတော်တိုင်းလိုလိုက သူတို့မှန်တယ်လို့ဟောကြပြောကြတယ်။
ဘုရားအမှန်ကို ကိုးကွယ်တဲ့အသင်းတော်ဟာ ဘယ်ဟာဘာလိမ့်လို့မေးခွန်းထုတ်ပြီးစဉ်းစားဘူးပါသလား။


3

မိတ်ဆွေ - သမ္မာကျမ်းစာမှာအဖြေမှန်ရှိတယ်။
ဘုရားရဲ့နှုတ်ကပတ်တော်ဟာ ပွေလီရှုပ်ထွေးနေတဲ့ အမှားနဲ့အမှန်သိသာထင်ရှားစေပါတယ်။



4

ဒါကြောင့် ယခုကျွန်ုပ်တို့လေ့လာမည့်ခေါင်းစဉ်က ‘ဘာဖြစ်လို့အသင်းတော်ဂိုဏ်းကွဲတွေများရသလဲ’ ဖြစ်ပါတယ်။



5

(ကျမ်းချက်။ အာမုတ် ၃း၇)
နှုတ်ကပတ်တော်က ဘယ်လိုပြောထားသလဲဆိုတော့
‘အကယ်စင်စစ် အရှင်ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့အား မဘော်မပြဘဲ အဘယ်အမှုကိုမျှ စီရင်တော်မမူ။’ လို့ရေးထားပါတယ်။
အာမုတ် ၃း၇




6

(ဗီဒီယို။ ၄ စက္ကန့်)
နှုတ်ကပတ်တော်မှာ ရှိနေရင်တော့ ကျွန်ုပ်တို့အထွေအထူးစဉ်းစားစရာမလိုတော့ ပါဘူး။
နှုတ်ကပတ်တော်အတိုင်းယုံဘို့ဘဲဖြစ်ပါတယ်။
နှုတ်ကပတ်တော်ထဲမှာ မပါရင် မယုံကြည်ဘို့ပါပဲ။


7

အခုသင်ခန်းစာကိုလေ့လာဘို့ သမ္မာကျမ်းစာရဲ့နောက်ဆုံးစာအုပ်ဖြစ်တဲ့ ဗျာဒိတ်ကျမ်းကို လေ့လာကြပါစို့။
ဗျာဒိတ်ကျမ်းအခန်းကြီး ၆ မှာ မြင်းလေးကောင်အကြောင်းကိုပြောထားပါတယ်။


8

ဒီမြင်းလေးကောင်းဟာ ခရစ်ယာန်အသင်းတော်ရဲ့ ကွဲပြားခြားနားတဲ့အချိန်ကာလကို ပုံဆောင်ပါတယ်။
ဒီအချိန်ကာလတွေအားဖြင့် ယခုကွဲပြားခြားနားနေတဲ့အသင်းတော်တွေကို တွေ့နေရပါတယ်။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ



9

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၆း၁)
'သိုးသငယ်သည် တံဆိပ်ခုနစ်ချက်တွင် တစ်ချက်ကိုဖွင့်သောအခါ ငါကြည့်လျှင်၊ '



10

'မိုယ်းကြိုးသံမြည်သကဲ့သို့ သတ္တဝါလေးပါးတွင် တစ်ပါးကလာ၍ကြည့်လော့ဟု ဆိုသည်ကို ငါကြား၏။'
ယခုခရစ်ယာန်အသင်းတော်ရဲ့ ရာဇဝင်တွေကို ဒီဗျာဒိတ်ကျမ်းအခန်းကြီး ၆ မှာ တွေ့ရပါတယ်။




11

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၆း၂)
'ထိုအခါ ငါကြည့်လျှင် မြင်းဖြူတစ်စီးရှိ၏။ မြင်းစီးသောသူသည် လေးကိုကိုင်၏။
သူ၌သရဖူကိုပေးတော်မူ၏။



12


အောင်မြင်လျက်ငင်း၊ အောင်မြင်ခြင်းငှါထွက်သွား၏။'
ဗျာဒိတ်ကျမ်း ၆း၂


13

ဒါကြောင့် မြင်းဖြူကို ပုံဆောင်တဲ့ ပထမအသင်းတော်ဟာ ဖြူစင်သော ယုံကြည်ခြင်းရှိတာကို ပုံဆောင်ထားပါတယ်။


14

ခရစ်တော်ကောင်းကင်ပေါ်ပြန်တက်သွားပြီးပြီးခြင်း မြေကြီးပေါ်မှာ ကျန်ရှိနေတဲ့ တပည့်တော်တွေ၊ ယုံကြည်သူ တွေ ဟာ တစ်ပါးအမျိုးသားတွေကြားမှာ ရင်တထိတ်ထိတ်နဲ့ အသက်ရှင်နေခဲ့ကြရပါတယ်။



15

တပည့်တော်တွေဟာ ခရစ်တော်နဲ့အတူတူ နေထိုင်သွားလာခဲ့ကြတယ်။
ခရစ်တော်ရှင်ပြန်ထမြောက်တာကိုလည်း တွေ့ခဲ့ကြရတဲ့အတွက် ယုံကြည်ခြင်းအပြည့်နဲ့ သတ္တိတွေရှိခဲ့ကြတယ်။
ကိုယ်တော် ကောင်းကင်တက်သွားတာကို သူတို့တွေ့ခဲ့တယ်။
နောက်တဖန် ပြန်လာမယ်ဆိုတာကိုလည်း သူတို့အတိအလင်းသိတယ်။ ကိုယ်တော်ရဲ့ ဂတိတော်ကို စိတ်နှလုံး အကြွင်းမဲ့ယုံကြည်ကြတယ်။


16


ကမ္ဘာအနှံ့ ဧဝံဂေလိသတင်းကို တက်တက်ကြွကြွ၊ သတ္တိရှိရှိနဲ့ ကြွေးကြော်ခဲ့ကြတယ်။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ




17

(ကျမ်းချက်။ ကောလောသဲ ၁း၂၀-၂၃)
အမှန်မှာတော့ ဧဝံဂေလိသတင်းစကားကို ယခုကမ္ဘာအနှံ့ဟောကြားခဲ့ပါတယ်။ ပေါလုကဘယ်လို ပြောလဲဆိုတော့
'အထက်က ဘုရားသခင်နှင့်ကွာရှင်း၍ ဆိုးယုတ်သော အကျင့်ကို ကျင့်သဖြင့်၊ စိတ်နှလုံး၌ရန်သူဖြစ်သော သင်တို့ကို




18

ကိုယ်ခန္ဓာတော်၌အသေခံတော်မူသောအားဖြင့်၊ ယခုမိဿဟာယဖွဲ့စေခြင်းငှါ ၄င်း အလိုရှိတော်မူ၏။




19

အကြောင်းမူကား ကောင်းကင်အောက်၌ရှိသမျှသော ဝေနေယျသတ္တဝါတို့အားဟောပြောသဖြင့်




20

သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိတရား၏မျှော်လင့်ခြင်းမှမရွေ့လျော့ဘဲ




21

တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြလျှင်၊



22

သန့်ရှင်းစင်ကြယ်လျက် အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက်ရှိသော



23


သင်တို့ကိုရှေ့တော်၌ဆက်သမည်အကြောင်းတည်း။'
ကောလောသဲ ၁း၂၁-၂၃။



24

(ကျမ်းချက်။ တမန်တော် ၅း၁၄)
'သခင်ဘုရား၌ယုံကြည်သော ယောကျ်ားမိန်းမအပေါင်းတို့သည် သင်းဝင်ကြ၏။'
တမန်တော် ၅း၁၄
နေ့စဉ်လူပေါင်းထောင်ချီနှစ်ခြင်းခံယူတယ်လို့ တမန်တော် ဝတ္ထုက မှတ်တမ်းတင်ပါတယ်။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ



25

(ကျမ်းချက်။ တမန်တော် ၂း၄၇)
'ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။'
တမန်တော် ၂း၄၇
အသင်းတော်ဟာ ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်ပါတယ်။


26

ခရစ်တော်အားဖြင့် လူများစွာနှစ်ခြင်းခံခဲ့ကြတယ်။
ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်တဲ့ အသင်းတော်မှာ နှစ်ခြင်းခံယူခဲ့ကြပါတယ်။
ရှေးတမန်တော်များက ခရစ်တော်ပေါ်သစ္စာရှိဖို့အရေးကြီးပါတယ်။
ယေရှုအကြောင်းကို မသွန်သင်ဖို့မပြောဖို့ တပည့်တော်များသတိပေးခြင်းခံခဲ့ရတယ်။



27

(ကျမ်းချက်။ တမန်တော် ၅း၂၉)
'ပေတရုနှင့်အခြားသောတမန်တော်တို့ကလည်း၊
လူ၏စကားထက်ဘုရားသခင်၏စကားတော်ကိုနားထောင်သင့် ပါ၏။'
တမန်တော် ၅း၂၉။
လူ၏ထုံးတမ်းစဉ်လာထက် ဘုရားသခင်၏အလိုတော်အတိုင်းလုပ်ဖို့အရေးကြီးပါတယ်။


28

ခရစ်တော်နဲ့အတူနေခဲ့ကြလို့ သူတို့ခရစ်တော်အပေါ်သစ္စာရှိကြတယ်။ ခရစ်တော်ယုံကြည်သလို သူတို့ယုံကြည်ပြီး ခရစ်တော်သွန်သင်သလို သူတို့သွန်သင်ခဲ့ကြပါတယ်။


29

တပည့်တော်များ ခရစ်တော်ကို ယုံကြည်သစ္စာရှိခဲ့သလို ယနေ့ ကျွန်ုပ်တို့လည်း ဒုတိယအကြိမ်ကြွလာမည့် ခရစ်တော်ပေါ်ယုံကြည်သစ္စာရှိဖို့လိုအပ်ပါတယ်။

ကယ်တင်ခြင်းနဲ့ယှဉ်သော သတင်းစကားကို မိတ်ဆွေသူငယ်ချင်း၊
အိမ်နီးနားခြင်းနဲ့ကမ္ဘာအနှံ့ဟောပြောနိုင်တဲ့ ယုံကြည်ခြင်းဟာ ခရစ်တော်စေခိုင်းတော်မူချက်ကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။



30

ပထမအောင်မြင်သောအသင်းတော်ကို မြင်းဖြူနဲ့ပုံဆောင်ထားပါတယ်။ ဒီအသင်းတော်က အေဒီ ၁၀၀ လောက်မှာ အဆုံးသတ်ခဲ့တယ်။


31

ဒုတိယတံဆိပ်ကိုဖွင့်လိုက်တဲ့အခါ ရှင်ယောဟန်ဘာမြင်သလဲ။



32

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၆း၄)
ထိုအခါ မြင်းဖြူတစီးထွက်၍ စီးသောသူသည် ငြိမ်ဝပ်ခြင်းကိုမြေကြီးက ရုပ်သိမ်းခြင်းငှါငှင်း။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


33

မြေကြီးသားတို့ကို အချင်းချင်းအသေသတ်စေခြင်းငှါ ၎င်း အခွင့်ရ၏။ သူ၌ထားကြီးကို ပေးတော်မူ၏။’ သွေးစွန်းတဲ့ယုံကြည်ခြင်းကို တွေ့ရပါတယ်။


34

အေဒီ ၁၀၀ အလွန်မှာ ခရစ်ယာန်များဟာ ရောမအစိုးရနဲ့ အလျှင်းမသင့်ဘဲ အသတ်ခံရသူတွေ၊ ရောမအင်ပါ ယာတခုလုံးမှာရှိတဲ့ဇာတ်ရုံကြီးများမှာခြင်္သေ့စာကျွေးခြင်းခံရတဲ့သူတွေအကြောင်းအများရှိခဲ့ပါတယ်။


35


ခရစ်ယာန်အသင်းတော်အတွက် အလွန်ဆိုးရွားတဲ့ အချိန်ဖြစ်တယ်။ အသင်းတော်ကတော့တိုးတက်လျက်ပါ။ အသင်းတော်ရာဇဝင်ဆရာတဦးက ဘယ်ကဲ့သို့ပြောထားလဲဆိုရင် ခရစ်ယာန်တို့ရဲ့အသွေးဟာ မျိုးစေ့နဲ့တူကြောင်း၊ ခရစ်တော်အတွက်အသက်စွန့်ခဲ့တာဟာ မျိုးစေ့လေး တွေစိုက်ထားတာနဲ့တူတယ်။ အပင်သစ်လေး တွေဟာ ပျောက်သွားတဲ့အပင်လေးတွေရဲ့နေရာကို ပြန်ယူပါတယ်။

ရောမအင်ပါယာကြီးတခုလုံးသို့ကယ်တင်ခြင်း သတင်းစကားပြန့်နှံ့သွားတယ်။ အဲဒီအချိန်က သိခဲ့တဲ့ကမ္ဘာကြီး တခုလုံးသို့ သတင်းပြန့်သွားပါတယ်။



36


မြင်းနီဟာ အသွေးစွန်းတဲ့ ယုံကြည်ခြင်းကို ပုံဆောင်တယ်။
ဒုတိယတံဆိပ်ဟာ အေဒီ ၁၀၀ - ၃၂၃ မှာ ရှိတဲ့ခရစ်ယာန်အသင်းတော်ကို ပုံဆောင်တယ်။


37

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၆း၅)
ခရစ်တော်ဟာ တတိယတံဆိပ်ကို ဖွင့်လိုက်တယ်။ ခရစ်ယာန်အသင်းတော်တွေရဲ့ တတိယ အချိန်ကာလဖြစ်တယ်။
‘တတိယတံဆိပ်ကိုဖွင့်သောအခါ၊ တတိယ သတ္တဝါက လာ၍ကြည့်လော့ ဟုဆိုသည်ကို ငါကြား၏။’


38

’ထိုအခါ ငါကြည့်လျှင် မြင်းနက်တစီးရှိ၏။ မြင်းစီးသောသူသည် ချိန်ခွင်ကိုကိုင်၏။’ ဗျာဒိတ်ကျမ်း ၆း၅


39

မြင်းနက်ဆိုတာ သဘောတူညီနိုင်းတဲ့အသင်းတော်၊ အလျှော့ပေးထားတဲ့အသင်းတော်၊ သိပ်ပြီး သန့်ရှင်းဖြူစင်ခြင်းမရှိ သော အသင်းတော်ကို ပုံဆောင်တယ်။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


40

(ကျမ်းချက်။ တမန်တော်ဝတ္ထု ၂၀း၂၉၊၃၀။)
'အကြောင်းမူကား၊ ငါမရှိသည့်နောက်၊ ကြမ်းတမ်းသော တော်ခွေးတို့သည် သိုးများကို မသနားဘဲ သင်တို့အထဲသို့ဝင်မည်ကို ငှင်း


41

တပည့်တော်များကို သွေးဆောင်ခြင်းငှါ၊ မှားသောစကားကိုပြောတတ်သော လူတို့အထဲ၌လည်း ပေါ်လာမည် ကို ငှင်း ငါသိ၏။'
တမန်တော်ဝတ္ထု ၂၀း၂၉၊၃၀
ခရစ်ယာန်အသင်းတော်အတွက် အလွန်ဝမ်းနည်းစရာပါ။


42

မသန့်သော ယုံကြည်ခြင်းဝင်လာတဲ့အခါ (ဝါ) မိစ္ဆာဒိတ္ထိအယူဝါဒနှင့်ခရစ်ယာန်တို့ယုံကြည်ခြင်း ပေါင်းစပ်ထား သောအချိန်ဖြစ်တယ်။
ဒံယေလက ဒီလိုကြိုတင်ဟောကိန်းထုတ်ထားပါတယ်။


43

(ကျမ်းချက်။ ဒံယေလ ၈း၁၂)
'အပြစ်များသောကြောင့် နေ့ရက်အစဉ်ပြုသောဝတ်နှင့်တကွ ဗိုလ်ခြေကိုလည်း ထိုချိုသည်ရ၍


44

'. . သမ္မာတရားကို မြေသို့နှိမ့်ချ၏။ ထိုသို့ပြု၍အောင်မြင်ခြင်းသို့ရောက်လေ၏။'
ဒံယေလ ၈း၁၂



45

ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် သာလျှင်ကယ်တင်ခြင်းကို ရတယ်ဆိုတဲ့ အမှန်တရားဟာ အခုပျောက်ဆုံး နေပါတယ်။
ခရစ်တော်အားဖြင့် ကယ်တင်ခြင်းရတယ်ဆိုတဲ့နေရာမှာ အသင်းတော်ရဲ့တောင်းဆိုချက်များအားဖြင့် ကယ်တင်ခြင်းရမယ်ဆိုတဲ့အရာက နေရာယူနေပါတယ်။


46

မှတ်မိပါလိမ့်မယ်။ ကယ်တင်ခြင်းဆိုတာ အခမဲ့လက်ဆောင်ပါလို့ သမ္မာကျမ်းစာက ဆိုထားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့၊ ကျွန်တော်တိုကဟာ အပြစ်သားတွေ၊ ကယ်တင်ခြင်းနဲ့မထိုက်တန်ပါ။ ကျွန်ုပ်တို့နဲ့ ထိုက်တန်တာက သေခြင်းပါ။ ဒါပေမဲ့ ဘုရားသခင်ရဲ့ဆုကျေးဇူးကတော့ ထာဝရအသက်ပါ။


47

တို့အပြစ်ရှိရက်နဲ့ ခရစ်တော်က ကျွန်ုပ်တို့အတွက်အသေခံတော်မူတယ်။


48

ဆုကျေးဇူးကို ရဖို့၊ ကျွန်ုပ်တို့က ခရစ်တော်ကို စိတ်နှလုံးထဲ ဖိတ်ခေါ်ဘို့ လိုအပ်ပါတယ်။


49

ကျွန်ုပ်တို့ အပြစ်အားလုံးကို ဖြေလွှတ်မယ်။


50


ဒုတိယအဆင့်အနေနဲ့ အပြစ်လုပ်ခြင်းကနေရပ်တန့်ဖို့ ခွန်အားပေးမယ်။ သူ့ရဲ့ခြေရာတော်အတိုင်းလိုက်လျှောက်နိုင်တဲ့တန်ခိုးကိုလည်းပေးမယ်။


51

ခရစ်ယာန်များဟာ မိမိတို့ရဲ့ယုံကြည်ခြင်းကို လောကရဲ့ယုံကြည်ခြင်းတွေနဲ့ လိုက်လျောညီထွေအောင်လုပ်လိုက် တဲ့အခါကျတော့ထာဝရအသက်ရရန်လွယ်ကူတဲ့နည်းလမ်းအစားလောကအသင်းတော်တွေရဲ့တောင်းဆိုမှုတွေ က နေရာယူလာပါတယ်။


52

ဘုရားရှင်ရဲ့ကျေးဇူးတော် ပလ္လင်ဆီကို တိုးဝင်ချဉ်းကပ်ပြီး သမ္မာကျမ်းစာအရ မိမိအပြစ်ကိုဝန်ချတောင်းပန်ရင် အပြစ်လွှတ်ခြင်းခံရမယ်ဆိုတဲ့ နေရာမှာ လောကခရစ်ယာန်တွေရဲ့ ခံယူချက်ဖြစ်တဲ့ ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ပေးဆက်ဖို့ လိုအပ်တယ်ဆိုတဲ့ အချက်ကဝင်လာပါတယ်။


53

(ကျမ်းချက်။ ၁ ယောဟန် ၁း၉)
ဒါပေမဲ့ သမ္မာကျမ်းစာက 'ကိုယ်အပြစ်တို့ကိုဝန်ချတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှ နှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ငှင်း၊ ဖြောင့်မတ်ခြင်းတရား နှင့်ငှင်း ပြည့်စုံတော်မူ၏။'
၁ ယောဟန် ၁း၉


54

ခရစ်ယာန်တွေက ဘုရားရှင်ရဲ့ ပလ္လင်ဆီကို သင်တို့ကိုယ်တိုင်သွားလို့မရနိုင်ပါ။ ယဇ်ပုရောဟိတ်ကနေ တဆင့် သွားရမယ်လို့သွန်သင်ကြပါတယ်။
ဒါနဲ့ကယ်တင်ခြင်းဆိုတဲ့ အရာက အတော်ခက်ခဲလာပါတယ်။
လူတွေက ဒီခက်ခဲတဲ့အယူဝါဒတွေကို လက်ခံလာကြမယ်။ ဘာဖြစ်လဲဆိုတော့ နှုတ်ကပတ်တော်ကို ဖယ်ထား ကြပါတယ်။

၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


55

သွန်သင်ချက်ကတော့ ဘုရားရဲ့ပညတ်တော်ကို ဆန့်ကျင်ပါတယ်။ အမှန်မှာ ဒီအချိန်တုန်းက သမ္မာကျမ်းစာရှိဖို့လိုအပ်ပါတယ်။ ထိုအချိန်တုန်းက စာပုံနှိပ်တိုက်မရှိသေးတော့ သမ္မာကျမ်းစာအုပ်ရဲ့ တစ်ပိုင်းတစ်စလေးတောင်မှ တွေ့ဘို့မလွယ်ကူလှပါဘူး။

လူတွေအများကြီးက အဲဒီအသင်းတော်ရဲ့သွန်သင်ချက်ကို လက်ခံခဲ့ကြတယ်။
စစ်မှန်တဲ့ခရစ်ယာန်ယုံကြည်ခြင်းက တော့ ပျက်သုဉ်းခဲ့ရတယ်။


56

သမ္မာကျမ်းစာရဲ့ ပညတ်တော်ဆယ်ပါးထဲက သွန်သင်ချက်တစ်ခုဖြစ်တဲ့ဖန်ဆင်းရှင်ဘုရားကို သာကိုးကွယ်ရမယ် ဆိုတဲ့နေရာမှာ လောကရဲ့သွန်သင်ချက်ဖြစ်တဲ့သစ်သားရုပ်ထု၊ ကျောက်ရုပ်တုကိုးကွယ်ခြင်းတို့က နေရာယူလာ ခဲ့ကြတယ်။



57

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၂၀း၄၊၅)
'အထက်မိုးကောင်းကင်၌၎င်း၊



58

အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း




59

ရှိသောအရာနှင့်ပုံသဏ္ဌာန်တူအောင် ရုပ်တုဆင်းတုကို ကိုယ်အဘို့မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်။
အကြောင်းမူ ကား ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟုယုံလွယ်သောဘုရား၊



60

ငါ့ကိုမုန်းသောသူတို့၏အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သောဘုရား။'
ထွက်မြောက်ရာကျမ်း ၂၀း၄၊၅။


61

ရုပ်တုကိုးကွယ်ခြင်းကတော့ အသင်းတော်ထဲကို တစ်ဖြည်းဖြည်းနဲ့ရောက်လာခဲ့တယ်။
ပညတ်တော်ကတော့ ဖန်ဆင်းရှင်ကိုသာကိုးကွယ်ရမယ်လို့ အတိအလင်းဖေါ်ပြထားပါတယ်။


62

တတိယအနေနဲ့အသင်းတော်ထဲချဉ်းနင်းဝင်ရောက်လာတဲ့အရာကတော့ စတုတ္ထပညတ်ထဲက ဖေါ်ပြတဲ့ ဝတ်ပြုတဲ့နေ့ဘဲဖြစ်ပါတယ်။
သမ္မာကျမ်းစာထဲက ဒံယေလရဲ့တွေ့ရှိချက်ကို သတိထားကြည့်ကြစို့။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


63

(ကျမ်းချက်။ ဒံယေလ ၇း၁၅)
'ငါဒံယေလသည် ကိုယ်ခန္ဓာတုန်လှုပ်၍ ထိုရူပါရုံကြောင့် ပင်ပန်းခြင်းရှိလျှင်။'
ဒံယေလ ၇း၁၅


64

ကွန်စတိုင်တိန်းရှင်ဘုရင်ကြီးက ပထမဦးဆုံးတနင်္ဂနွေနေ့ ဥပဒေကို ဝတ်ပြုခြင်းနေ့ပြောင်းလဲခြင်း (တပတ်၏ သတ္တမနေ့ စနေနေ့မှ တစ်ပတ်၏ ပထမနေ့ တနင်္ဂနွေနေ့သို့) ဖြင့် အမိန့်ထုတ်ခဲ့တာကို ကျွန်ုပ်တိုက တွေ့ခဲ့ကြပါတယ်။


65

(ကျမ်းချက်။ ယောဟန် ၁၄း၁၅)
ခရစ်တော်မိန့်တော်မူဒါကို သတိယပါ။
'ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့။'
ယောဟန် ၁၄း၁၅
အဲဒီအချိန်တုန်းက ခရစ်ယာန်များ ခရစ်တော်အပေါ်ထားရှိတဲ့ ချစ်ခြင်းဟာ လျော့နည်းလာပါတယ်။
ခရစ်ယာန်အများဟာ ဘုရား၏ ပညတ်ထက် လောကရဲ့ဓလေ့ထုံးတမ်းကို ပိုလိုက်လျှောက်ကြပါတယ်။


66

အသင်းတော်တွေဟာ ဥပုသ်နေ့ကိုပြောင်းလဲဘို့ ကမ်းလှမ်းချက်ကို လက်ခံပြီး ဥပုသ်နေ့ဝတ်ပြုမည့် ရက်ကို ပြောင်းဘို့ ကြိုးစားခဲ့ပါတယ်။
၁၉၉၅ ခု မေလ ၂၁ ရက်တုန်းက စိန့်ကက်သရင်း ကာသိုလိပ်အသင်းတော်စောင့်ရှောက်သူများက ဘာပြောလည်းဆိုတော့


67

အထင်ရှားဆုံးနှင့်အဆိုးရွားဆုံးအသင်းတော်လုပ်ဆောင်မှုဆိုင်ရာပြောင်းလဲမှုကတော့ ပထမရာစုနှစ်မှာ ဖြစ်ပျက်ခဲ့ပါတယ်။


68

ပြောင်းလဲမှုကတော့ သန့်ရှင်းတဲ့ဥပုသ်နေ့စနေနေ့ကို တနင်္ဂနွေနေ့သို့ပြောင်းလိုက်ခြင်းပါပဲ။
ဒီပြုပြင်ပြောင်းလဲ မှုကိုတော့ သမ္မာကျမ်းစာတော်မြတ်ရဲ့သွန်သင်ချက်အတိုင်း မဟုတ်ဘဲ အသင်းတော်တစ်ခုက အာဏာနဲ့ပြောင်း လိုက်ခြင်းဖြစ်ပါတယ်။


69

သမ္မာကျမ်းစာသာဘဲ ဒီလိုပြောင်းလဲမှုကို ပေးနိုင်တဲ့တန်ခိုးရှိတယ်လို့ ယုံကြည်သူများကတော့ သတ္တမနေ့ဥပုသ်အသင်းသားဖြစ်ပြီး စနေနေ့မှာ ဥပုသ်စောင့်ထိန်းကြမှာပါ။


70

တနင်္ဂနွေနေ့ရက်သတ္တပတ်ရဲ့ ပထမနေ့ကို ဥပုသ်နေ့အဖြစ်စောင့်ထိန်းခြင်းကတော့ သမ္မာကျမ်းစာအတိုင်း မဟုတ်ပါဘူးလို့ ကျမ်းတတ်ပုဂ္ဂိုလ်များက ဝန်ခံကြပါတယ်။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


71

ဒီပြောင်းလဲမှုကြီးကို ရောမဧကရာဇ်ကွန်စတိုင်တင်းက အေဒီ ၃၂၀ မှာ ပြောင်းလဲမှုကိုပြုပြီး အသင်းတော်များ က လက်ခံခဲ့ကြပါတယ်။


72

မိတ်ဆွေ၊ သမ္မာကျမ်းစာအတိုင်းပြုမူဆောင်ရွက်လိုရင်တော့၊ ခုလိုချိန်ခါမျိုးမှာ သတ္တမနေ့ဥပုသ်အသင်းသား တစ်ဦးဖြစ်ဘို့ပါပဲ။ ဘုရားရှင်ရဲ့သန့်ရှင်းတဲ့ ဥပုသ်နေ့နေရာမှာ သာသနာမလူများရဲ့နေ့ကို ဝတ်ပြုရာနေ့က အစားထိုးထားတယ်လေ။


73


'အရှေ့တိုင်းအသင်းတော်ရာဇဝင်' ဆိုတဲ့စာအုပ်စာမျက်နှာ ၁၈၄ မှာ ပြောထားတာက ကွန်စတိုင်တင်းငွေဒင်္ဂါးပြားရဲ့ တစ်ဖက်မှာ ယေရှုခရစ်တော်ရဲ့နာမည်ကို အက္ခရာတင်ထားပြီး တစ်ဖက်မှာတော့ နေဘုရားရုပ်ကို ထွင်းတာတွေ့ရပါတယ်။


74

ကမ္ဘာနှင့်လူသားတွေကို အလင်းနှင့်အပူပေးတဲ့နေမင်းကြီးရဲ့အာဏာတန်ခိုးကို မလွန်ဆန်နိုင်တဲ့ သဘောပေါ့။ စိတ်ဝင်စားစရာမကောင်းပေဘူးလား။


75


ဒီအရာတွေနဲ့ပတ်သက်ပြီး ပညတ်တော်ဆယ်ပါးမှာ ဘုရားရှင်က အတိအလင်းဖေါ်ပြထားသည်မှာ


76

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၂၀း၁၁)
'အကြောင်းမူကား၊ ထာဝရဘုရားသည် မိုယ်းကောင်းကင်မြေကြီး သမုဒ္ဒရာ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍


77

သတ္တမနေ့၌ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရားသည် သတ္တမနေ့ကို ကောင်းကြီးပေး၍ သန့်ရှင်း စေတော်မူ၏။'
ထွက်မြောက်ရာကျမ်း ၂၀း၁၁


78

ထင်ရှားတာကတော့ ဘုရားရှင်သူရဲ့သားသမီးတွေကို သတ္တမနေ့ဥပုသ်ကို စောင့်ထိန်းစေချင်ပါတယ်။ နောက်ကြောင်းပြန်ပြီး ကျမ်းစကားရဲ့ အဆိုအမိန့်ကို ကြည့်ယင်

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ







79

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၂း၃)
'ထိုသတ္တမနေ့ရက်ကို ဘုရားရှင်သည် ကောင်းကြီးပေး၍သန့်ရှင်းစေတော်မူ၏။'




80

'အကြောင်းမူကား၊ ဖန်ဆင်းပြုပြင်တော်မူသော အမှုအရာအားလုံးတို့သည် ပြီးစီးသောကြောင့် ထိုနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။'
ကမ္ဘာဦးကျမ်း ၂း၃




81

တကယ်လို့ ဘုရားရှင်ဖန်ဆင်းရှင်ဟာ




82

တစ်နေ့ကိုကောင်းကြီးပေးရင်




83

တစ်ရက်ကိုသီးသန့်ဖယ်ထားခဲ့ရင်





84

တစ်ရက်ရက်ကို အခြားရက်တွေထက်သန့်ရှင်းစေရင် မိတ်ဆွေ ဒီနေ့ကို ပြောင်းလဲဖို့လူတွေအခွင့်အာဏာမရှိ ပါဘူး။
ဝတ်ပြုခြင်းဆိုင်ရာရွေးချယ်မှုတစ်ခုဖြစ်သွားတာပေါ့။ လူတွေရဲ့ ဓလေ့ထုံးစံကို လိုက်မလား ဒါမှမဟုတ်ဘုရားရှင် မိန့်မှာတော်မူသလို လိုက်လျှောက်မလား။




85

အဲဒီအချိန်ကတော့ ယုံကြည်ခြင်းဆိုင်ရာ ညှိနှိုင်းတဲ့အချိန်ဖြစ်ပါတယ်။ ယုံကြည်ခြင်းဆိုင်ရာ ညှိနှိုင်းခဲ့တာကတော့ အေဒီ ၃၂၃ ကနေ အေဒီ ၅၃၆ အထိဖြစ်ပါတယ်။



86

ယခုကျွန်ုပ်တို့တစ်တွေ အသင်းတော်ရာဇဝင်အချိန်အခါရဲ့ စတုတ္ထ အပိုင်းမှာရှိနေပါတယ်။ မဲ့နေသောအရောင်ရှိတဲ့ မြင်းကို ပုံဆောင်တာပေါ့ဗျာ။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


87

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၆း၇၊၈)
'စတုတ္ထတံဆိပ်ကိုဖွင့်သောအခါ၊ စတုတ္ထသတ္တဝါက လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။


88

ထိုအခါငါကြည့်လျှင်၊ မြင်းမွဲတစ်စီးရှိ၏။ မြင်းစီးသောသူသည် မရဏာဟူသော အမည်ရှိ၏။ မရဏာ နိုင်ငံသည် ထိုသူနောက်သို့လိုက်လေ၏။


89

သူသည် မြေကြီးလေးစိတ်တစိတ်ကို အစိုးရ၍ ထားဘေး


90

မွတ်သိပ်ခြင်းဘေး၊ နာ၍သေဘေး၊ မြေသားရဲဘေးအားဖြင့် သတ်ပိုင်သောအခွင့်ကိုရ၏။'
ဗျာဒိတ်ကျမ်း ၆း၇၊၈


91


စတုတ္ထတံဆိပ် -- ယုံကြည်ခြင်းအသေ
ယခုအချိန်ဟာ အသင်းတော်နဲ့အစိုးရအာဏာပူးပေါင်းလုပ်ဆောင်ချိန်ဖြစ်တယ်။
သန့်ရှင်းတဲ့ ရောမအင်ပါယာကြီးဟာ အပြည့်အဝတိုးတက်ဖွံ့ဖြိုးနေပါတယ်။ နိုင်ငံတော်အာဏာနဲ့ ဘာသာရေးကို ပူးပေါင်းနိုင်တာတောင်မက နိုင်ငံရေးကိုပါ ဦးဆောင်နေပါပြီ။


92

ဒီကောက်နုတ်ချက်ကိုစဉ်းစားကြည့်ပါ။
'ရောမအင်ပါယာထဲမှာ ခရစ်ယာန်အသင်းတော်ဟာ ရုပ်တုကိုးကွယ်သူများနေရာမှာ ခရစ်ယာန်သာသနာအဖွဲ့ အစည်းတစ်ခုအနေနဲ့တည်ထောင်နိုင်ခဲ့ပါတယ်။


93

အမှောင်ခေတ်တုန်းကတော့ ခရစ်ယာန်များဟာ ရုပ်တုကိုးကွယ်ခြင်းမှ နောင်တရပြောင်းလဲပြီး နှစ်ခြင်းခံခဲ့တဲ့ ပုဂ္ဂိုလ်တွေဖြစ်ခဲ့ပါတယ်။
အသင်းတော်ရာဇဝင်၊ ၂ ရာစုနှစ် သင်ခန်းစာ ၂၊ အပိုင်း ၇ မှာ


94

အဲဒီအချိန်အခါတုန်းက သာမန်လူများ ကျမ်းစာဖတ်ခွင့်မရဘူးဆိုတာကို သတိပြုပါ။
ကျမ်းစာကို ခွင့်ပြုချက်မရှိဘဲ ဖတ်ရင် ဥပဒေကို ချိုးဖောက်ရာရောက်တယ်။ ပုံနှိပ်စက်တွေလည်း မတည်ထွင်ခဲ့ ရသေးဘူး။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


95

ရိုးရာဓလေ့ရဲ့နောက်ကို သာလူတွေလိုက်ကြတယ်။
ဘုရားကျောင်းထဲ၊ အသင်းတော်ထဲရောက်လာတဲ့ သာသနာပလူတွေရဲ့ ဓလေ့ထုံးတမ်းကိုလိုက်လျှောက်ကြတယ်။
ဒါကတော့ ရာဇဝင်ထဲမှာ မှတ်တမ်းတင်ထားပါတယ်။




96

(ဗီဒီယို။ ၇ စက္ကန့်)
အဲဒီအချိန်တုန်းက တခုတည်းသော အသင်းတော်ကတော့ ရောမအသင်းတော်ပဲဖြစ်ပါတယ်။
နောက်တော့ ဘယ်သူတစ်ဦးတစ်ယောက်ကမှ အသင်းတော်ကို ဝေဖန်ပြစ်တင်မှု မပြုခဲ့ပါဘူး။
ကာသိုလိပ်အသင်းတော်မှာ ဘုန်းကြီးတွေမယ်သီလရှင်တွေနဲ့ ယုံကြည်သူတွေအများရှိကြပါတယ်။
သူတို့တွေ လည်း ခရစ်တော်ကို ချစ်ပြီး အမှန်တရားကို ရှာတဲ့သူတွေပါ။
အရေးကြီးတာကတော့ ကျွန်ုပ်တို့ဘယ်မှာ ရှိနေသလဲ။ ဘာကြောင့်လဲဆိုတာကိုသိဘို့ပါပဲ။


97

အချိန်ကတော့ ကြောက်စရာကောင်းလောက်အောင် ယုံကြည်ခြင်းဆိုင်ရာ ညှိနှိုင်းကြပြီး ဘုရားရှင်၏ သားသမီး များနှိပ်စက်ညှင်းပန်းခြင်းခံရတဲ့ အချိန်ဖြစ်ပါတယ်။



98

ဒါကြောင့်မို့လည်း အဲဒီအချိန်တွေကို ‘အမှောင်ခေတ်’ လို့ ခေါ်ထားပါတယ်။
ခရစ်ယာန် သန်းပေါင်း ၅၀ ဟာ မိမိယုံကြည်ခြင်းကြောင့် အသတ်ခံခဲ့ကြရပါတယ်။



99

ညှိနှိုင်းမှုဆိုင်ရာ အဆင့်များကိုကြည့်ပါ။



100

ထုံးတမ်းစဉ်လာ



101

နောင်တရခြင်း

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ



102

အသင်းတော်ထဲကို အပြစ်လွှတ်တဲ့လက်မှတ်တွေဝင်ရောက်လာခဲ့တယ်။ ငွေရှိရင် လက်မှတ်တွေကို ဝယ်ပြီး ငရဲထဲ ရောက်နေတဲ့ မိတ်ဆွေတွေကိုတောင်မှ ကယ်တင်နိုင်ပါတယ်။
သင်ကိုယ်တိုင်လည်းသေပြီးတဲ့နောက် ငရဲမရောက်နိုင်အောင် အပြစ်လွှတ်တဲ့ လက်မှတ်ကို ဝယ်နိုင်ပါတယ်။
ဒါတွေဟာ ခရစ်ယာန်အသင်းတော်ထဲရောက်လာတဲ့ သာသနာပလူတွေရဲ့ ယုံကြည်ခြင်းပုံစံဖြစ်ပါတယ်။



103

နှုတ်ကပတ်တော်ထဲမှာ ငရဲလေးဆိုတာမရှိပါဘူး။
အသင်းတော်ထဲမှာ ဂိဏ်းဂဏအုပ်ချုပ်သူနှင့်မိမိတို့ရဲ့ ယူဆယုံကြည်မှုတွေချင်းနင်းဝင်ရောက်လာသလို ရုပ်ထုတွေလည်း ဝင်ရောက်ခဲ့ကြပါတယ်။
ဘုရားရှင်ရဲ့ အမှန်တရားတွေ ထာဝစဉ်ပဲ ချေဖျက်ခြင်းခံရတော့မှာလား၊ မေးစရာရှိပါတယ်။
မဟုတ်ပါဘူး။ မှန်ကန်ခြင်းတည်းဟူသော အလင်းဟာ အမှောင်ကို ဖြိုခွင်းပြီးရောက်လာမှာပါ။
အမှောင်ခေတ်တုန်းက ပျောက်ဆုံးသွားခဲ့တဲ့ အမှန်တရား၊ အလင်းတရားကို ခြေရာခံပြီး ပြန်လည်ဖေါ်ထုတ်လို့ရပါတယ်။



104

ပြုပြင်ပြောင်းလဲမှုအချိန်မှာ ခရစ်တော်ရဲ့စစ်မှန်တဲ့ ယုံကြည်ခြင်းကို ပြန်လည်ဖေါ်ထုတ် မှုတွေစတင်ခဲ့ပါပြီ။


105

၁၄၀၀ ခုနှစ်များ အမှောင်ခေတ်တွင်းအမှန်တရားအတွက် ပထမခြေလှမ်း လှမ်းခဲ့သော သူများမှာ ဝေါလ်ဒင်းစီယန်၊ ဂျွန်ဟပ်စ် နှင့် ဂျွန်ဝိုက်ကလစ်ဖ်တို့ ဖြစ်ကြပါတယ်။


106

၄င်းတို့ဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ်တဲ့ ကျမ်းစာကို ပြန်လည်တွေ့ရှိခဲ့ကြတယ်။ ကျမ်းစာဟာ အလွန်အရေးကြီးတယ်။ ဘုရားရဲ့နှုတ်ကပတ်တော်၊ ဘုရားရဲ့လမ်းစဉ္စနတ်တဲ့စာများ ကျမ်းစာထဲမှာ မတွေ့ရှိရင် ငါတို့အသက်တာမှာ လမ်းညွှန်ရှိမှာ မဟုတ်ဘူး။


107

အီတလီမြောက်ပိုင်းမှာ ကျမ်းစာကို ယုံကြည်တဲ့ ဝေါလ်ဒင်းစီယန် ရဲ့ရာဇဝင်သမိုင်းကို ပြန်လည်တွေ့ရှိရတယ်။ ဝေါလ်ဒင်းစီယန်များဟာ ကျမ်းစာကို လက်ဖြင့်ရေးပြီး သူတို့ရဲ့သားသမီးများကို အပိုဒ်လိုက်ပေးတယ်။
ဒီကလေးတွေဟာ ဒီကျမ်းစာပိုဒ်လေးတွေကို အင်္ကျီထဲမှာ ချုပ်ပြီး ဥရောပတိုက်ရှိမြို့ကြီးများဆီကို သွားပြီး ဈေး၊ တက္ကသိုလ်တွေကို သွားပြီး ကျမ်းချက်များကို မိတ်ဆွေများအား ဝေငှတယ်။


108

တကယ်လို့ မိသွားရင်တော့ ကြီးလေးတဲ့အပြစ်ကိုခံရတယ်။ မီးရှို့သတ်ခြင်းဘဲ။ ဒီလိုနဲ့အသက်ပေါင်းများစွာ ဆုံးရှုံးရပေမဲ့လို့ ဝေါလ်ဒင်းစီယန်များဟာ ဒါကိုအခွင့်အရေးတခုလို့ယူဆပြီး ဘုရားရဲ့ အလုပ်ဆက်လက်ရှင်သန်ဘို့ဘဲလို့ယူဆတယ်။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


109

ဝေါလ်ဒင်းစီယန်များ နောက် ပရပ်မှ ဂျွန်ဟဒ်စ် အမည်ရှိတဲ့ ကျမ်းစာကျောင်းသားတယောက် ဘာသာရေး ကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ သူနဲ့အတူ ဂျရွန်းဟာ အသင်းတော်၊ လူရဲ့စကားကို နားထောင်ခြင်းထက် ဘုရားစကားကို နားထောင်ခြင်းဟာ ပိုအရေးကြီးကြောင်းသိရှိပါတယ်။


110

သူတို့ရဲ့ယုံကြည်မှု၊ ဘုရားပေါ်နားထောင်မှုကြောင့်၊ အသင်းတော်ရဲ့ထုံးတမ်းစဥ်လာကို မလိုက်လျှောက်ဘဲ မီးရှို့ သတ်ခြင်းခံရတယ်။ သူတို့ရဲ့ပြာများကို မြေထဲပင်လယ်ထဲကို မျှောလိုက်တယ်။


111

ဟဒ်စ် နဲ့ ဂျရွန်း မီးရှို့အသတ်ခံရပြီးနောက် ဂျာမနီတိုင်းပြည်မှ မာတင်လူသာ (မြေအငည ူကအ့နမ) ဟာ ကျမ်းစာထဲမှာ ကယ်တင်ခြင်းဟာ ကျေးဇူးတော်ကြောင့်သာရရှိကြောင်း တွေ့ရှိတယ်။


112

အချို့ကမေးကြတယ်။ ူကအ့နမ ဟာ အမှောင်ခေတ်က ပျောက်သွားတဲ့ အမှန်တရားတွေကို ဘာကြောင့် အားလုံးပြန်မတွေ့တာလဲ။ ကျမ်းစာကဘာပြောသလဲ။



113

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၆း၁၂)
‘သင်တို့အားငါပြောစရာစကားအများရှိသော်လည်း၊ သင်တို့သည် ယခုမခံနိုင်ကြ။’
ရှင်ယောဟန်ခရစ်ဝင် ၁၆း၁၂



114

ကျမ်းစာထဲမှာ ပျောက်ဆုံးသွားတဲ့ အမှန်တရားများကို ပြန်တွေ့ဖို့ရန် အချိန်ယူရမယ်။ အမှောင်ခေတ်မှာ ခရစ်တော်ရဲ့ယုံကြည်ခြင်းပျောက်သွားဖို့ နှစ်ရာချီပြီးကြာပါတယ်။ ထိုနည်းတူစွာဘဲ ပြန်တွေ့ဘို့ဆို တာလည်း ကြလိမ့်မယ်။


115

လူသာ သေဆုံးတဲ့အခါမှာ သူ့ကိုယုံကြည်သူတွေက ူကအ့နမညေ အသင်းကိုတည်ထောင်ခဲ့တယ်။ သူတို့ထင်တာက ပြန်လည်ပြုပြင်ပြောင်းလဲရေးဟာ လူသာ နဲ့အဆုံးသတ်တယ်လို့ထင်ကြတယ်။


116

ဂျာမနီကနေ ဆွစ်ဇာလန်ပြည်၊ ဂျနီဗာမြို့သို့ ခရီးထွက်ရန် ဂျွန်ခဲလဗင်း (သ့ည ယငူလငည) ဆိုသူကို တွေ့မယ်။ သူဟာ ကျမ်းစာကို လေ့လာသူဖြစ်တယ်။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ



117

ကျမ်းစာကို လေ့လာရာမှ သူတွေ့ခဲ့တဲ့ အရာကတော့ ခရစ်ယာန်တွေဟာ ဂရုဏာနဲ့ အပြစ်လွတ်ခြင်းကို ရရှိတာအပြင်၊ အသက်တာမှာခရစ်တော်၌ ကြီးထွားခြင်းရှိရမယ်ဆိုတဲ့ အချက်ဘဲ။



118

ယငူလငည အနေဖြင့် ကြီးထွားခြင်း၊ သန့်စင်စေခြင်း လို့လည်းခေါ်ပါတယ်။ ခရစ်တော်ကို ကျွန်တော်တို့ လက်ခံပြီးတဲ့နောက် သူက ကျွန်တော်တို့အား အပြစ်ကို အောင်နိုင်တဲ့တန်ခိုးကို ပေးတယ်။



119

ယငူလငည သေ ဆုံးပြီးတဲ့အခါမှာ သူ့ကို ယုံကြည်သူတွေက သူ့ရဲ့သွန်သင်ချက်တွေကိုယူပြီး ဏမန္နျဘပအနမငညေ ဆိုသော အသင်းကို တည်ထောင်ခဲ့ပါတယ်။ တွေ့လား၊ အမှောင်ခေတ်က ပျောက်ဆုံးသွားတဲ့ အမှန်တရားကို တဖြေးဖြေးပြန်တွေ့နေတယ်။



120

ယငူလငည မရှိတော့တဲ့နောက်ပိုင်းမှာ ဥရောပမြောက်ပိုင်းမှာရှိတဲ့ ခရစ်ယာန်တွေဟာ။ ကျမ်းစာကို ဆက်ပြီး လေ့လာပြီးတော့ ဘယ်လိုကောက်ချက်ချလဲဆိုလျှင် မွေးခါစကလေးများကို ရေဖြန်းမဲ့အစား



121

ခရစ်တော်၏နမူနာကိုယူပြီး မိမိ၏ဆုံးဖြတ်ချက်နဲ့ရေ၌နှစ်ခြင်းခံသင့်ကြောင်းသွန်သင်ခဲ့တယ်။ ဒီလိုသွန်သင် သူတွေကို တော့ ဗညဘေစေအဂျအျ လို့ခေါ်ကြတယ်။



122

သခင်ခရစ်တော်နှစ်ခြင်းခံသလိုရေ၌နှစ်ခြင်းခံခြင်းဟာ အလွန်အရေးကြီးသော အမှန်တရားဖြစ်ပါတယ်။ အပြစ်၌ သေပြီးဘုရားနဲ့အတူ အသက်ပြန်ရှင်ခြင်းကို ပုံဆောင်တယ်။ ဒီသွန်သင်ချက်ဟာ အမှောင်ခေတ်မှ ပျောက်ဆုံးရတယ်။




123

(ကျမ်းချက်။ ရောမဩဝါဒစာ ၆း၃၊၄)
'ယေရှု၌ဗတ္တိဇံကို ခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်ဟု သင်တို့မသိသလော။'




124

'ထို့ကြောင့် အသေခံတော်မူခြင်း၌ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူသင်္ဂြိုဟ်ခြင်းကိုခံကြ၏။'

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


125

'အကြောင်းမူကား ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှထမြောက်တော်မူ သည်နည်းတူ၊ ငါတို့သည်လည်း အသစ်သော အသက်၌ကျင်လည်ရကြသတည်း။'
ရောမသြဝါဒစာ ၆း၃၊၄


126

ခရစ်တော်လို နှစ်ခြင်းခံဖို့ရန်၊


127

ယေရှုကို သိရမယ်


128

အပြစ်ကို ဝန်ချတောင်းပန်ရမယ်


129

ပြီးနောက် ခရစ်တော်ကို ကယ်တင်ရှင်အနေဖြင့် လက်ခံရမယ်။ ခရစ်တော်နောက်သို့လိုက်ပြီး ခရစ်တော်ကဲ့သို့ နှစ်ခြင်းခံယူတဲ့အတွက် ဗညဘေစေအေဂျအျ တွေအများအပြား အသက်ဆုံးရတယ်။


130

နှစ်ခြင်းအသင်းတော်ဟာ ဒီလိုအခြေအနေကစခဲ့ပါတယ်။


131

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၂၈း၁၈၊၁၉)
'ယေရှုသည် အနီးအပါးသို့ ချဉ်းကပ်တော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။


132

သင်တို့သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်

၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


133

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ဗတ္တိဇံကို ပေးကြလော့။’
ရှင်မဿဲခရစ်ဝင် ၂၈း၁၈၊၁၉။


134

ခရစ်တော်သည် မိမိ၏အသင်းတော်ကို လောကသို့သွားပြီး လူတို့အားသွန်သင်ပြီး နှစ်ခြင်းပေးရန် တပည့်တော်များအားခိုင်းပါတယ်။
ပြုပြင်ပြောင်းလဲချိန်က ရှိခဲ့တဲ့ နှစ်ခြင်းအသင်းတော်ဟာ ခရစ်တော်ခိုင်းတာကို ကျွန်တော်တို့လိုက်လျှောက်သလို သူတို့လိုက်လျှောက်ခဲ့တယ်။


135

ဘာသာရေးပြုပြင်ပြောင်းလဲတဲ့ ခေါင်းဆောင်တွေဟာ အမှောင်ခေတ်က ပျောက်ကွယ်သွားတဲ့ အမှန်တရားတွေ ကို တဖန်ပြန်တွေ့ကြတယ်။
ဒီအမှန်တွေကို ပြန်တွေ့တဲ့ခေါင်းဆောင်တွေရဲ့ နောက်လိုက်တွေဟာ ပင်မအသင်းတော်ကို ဆန့်ကျင်သည့် အသင်းများ (ဏမသအနျှအညေအ) ဖြစ်သည့် ူကအ့နမညျေ၊ ဏမနျှဘပအနမငညျေ နှင့် နှစ်ခြင်းအသင်းများ ပေါ်ထွက်လာပါတယ်။


136

အင်္ဂလန်တိုင်းပြည်တွင်`သ့ည္ဂနျှနပ ဆိုသူဟာ ကျမ်းစာကို လေ့လာခဲ့တယ်။


137

သူရဲ့ညီဖြစ်သူဟာ ဓမ္မသီချင်းတွေကိုရေးသားစပ်ဆိုတယ်။ ဒီသီချင်းတွေကို ဘုရားကျောင်းမှာဆိုသင့်တယ်လို့ ယုံကြည်ခဲ့တယ်။
သူတို့ဘယ်လိုယုံကြည်သေးလဲဆိုရင် ကယ်တင်ခြင်းဟာ လက်ဆောင်၊ ဘုရားကို နားထောင်ရမယ်။ နှစ်ခြင်းခံရမယ်။ ကျေးဇူး ဂရုဏာ ၌ ကြီးထွားခြင်းရှိရမယ်။ ပြီးနောက် နှုတ်ကပတ်တော်ကို အခြေပြုပြီး သန့်ရှင်းခြင်းရှိရမယ်။
သူတည်ထောင်ခဲ့တဲ့အသင်းတော်ကိုတော့ နြအ့သိဂျအ လို့ခေါ်ပါတယ်။


138

တောင်အမေရိကတိုက်၊ ဥရောပတိုက်နဲ့မြောက်အမေရိကတိုက်များမှာ ရှိတဲ့ သူတွေဟာ ခရစ်တော်ဒုတိယကြွ လာခြင်းကို လေ့လာနေကြပြီး။


139

မြောက်အမေရိကတိုက်မှာရှိတဲ့ျငူငဘေ ငြူနမ ဆိုသူကတော့ ရှင်ယောဟန် ၁၄ မှာ ပါတဲ့ ခရစ်တော်ရဲ့ ဂတိတော်ကို လေ့လာတယ်။ ဒံယေလကျမ်းနဲ့ ဗျာဒိတ်ကျမ်းတို့မှာ ပါတဲ့ ပရောဖက်အနာဂတ္တိကြွလာမဲ့ အကြောင်းပိုမိုနားလည်သဘောပေါက်လာတယ်။



140

သူ့ရဲ့သွန်သင်ချက်တွေကို ဘယ်မှာအခြေခံသလဲဆိုတော့




141

(ဝဲလ်ဒင်းစီယန်) ဝေါလ်ဒင်းစီယန် ကျမ်းစာနဲ့ပတ်သက်တဲ့သွန်သင်ချက်များ



142

(ဟပ်စ်) ဟဒ်စ် သွန်သင်သောနားထောင်ခြင်း



143

(လူသာနမ) လူသာ သွန်သင်သော ဂရုဏာတော်




144

ယခုလည်း သွန်သင်သော ဝိညာဉ်ရေး၌ကြီးထွားခြင်း



145

ဗည်ဘေစေအေဗျအျ များသွန်သင်တဲ့ ရေဖြင့်နှစ်ခြင်းခံခြင်းမင်္ဂလာ



146

ဝှူးစလေ သွန်သင်သည့် သန့်ရှင်းခြင်းတို့ကို၊ ဝီလျံမေလာ မီလာ က သူသွန်သင်သော ခရစ်တော်ဒုတိယကြွလာရန်နီး လာပြီးဆိုတဲ့ အကြောင်းကို ထပ်ပေါင်းပြီးသွန်သင်ခဲ့ပါတယ်။


147

မီလာ မရှိတော့တဲ့နောက် ခရစ်တော်ကြွလာခြင်းအကြောင်းကို ဆက်လက်ပြီး သွန်သင်ကြတယ်။ သူရဲ့မိတ်တွေများကလည်း အရေးကြီးတဲ့ သွန်သင်ချက်တွေကို တွေ့ရှိခဲ့တယ်။ ဥပမာ လူဟာ သေတဲ့အခါ ခရစ်တော်၌အိပ်ပျော်လျှက်ရှိပြီး ထမြောက်သောနေ့ကို စောင့်လျှက်ရှိကြောင်း ကျမ်းစာသွန်သင်ထားတာကတော့ ရှင်းပါတယ်။ လူဟာသေပြီးနောက် ထမြောက်သောနေ့အထိ သင်္ချိုင်းမှာ အိပ်လျက်ရှိမယ်။ ချစ်သောသူတွေနဲ့ တဖန်ပြန်တွေ့ဆုံရမှာ ဘယ်လောက်ပျော်စရာလဲ။


148

ခရစ်တော်ဒုတိယကြွလာမယ်လို့ ယုံကြည်သူတွေဟာ ကျမ်းစာမှတွေ့ရှိတဲ့ အရာတွေကြည့်ရအောင်။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


149


၁။ သေခြင်းဟာအိပ်ပျော်ခြင်းနှင့်တူကြောင်း။


150

၂။ ခရစ်တော် ဒုတိယအကြိမ်ကြွလာခါနီးပြီး


151

၃။ ထမြောက်သောနေ့မှာ သေသောသူတွေကို ခရစ်တော်က ထမြောက်စေမယ်။


152

(ကျမ်းချက်။ သက်သာလောနိတ်ဩဝါဒစာ ပထမစောင် ၄း၁၆)
'သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှာ ကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။' ၁ သက်သာလောနိတ် ၄း၁၆


153

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၅)
၂၄ငွေဧ ငြိနမ မရှိတော့တဲ့နောက် ခရစ်တော် ဒုတိယကြွလာခြင်းကို ယုံကြည်သူတို့ဟာ ရှင်ယောဟန် ခရစ်ဝင် ၁၄း၁၅ မှာ တွေ့ရတဲ့ခရစ်တော်ရဲ့စကားကို ပြန်တွေ့ကြတယ်။ 'ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့် ရှောက်ကြလော့။'

ခရစ်တော်နှင့်ပြေလည်သော ဆက်သွယ်မှုရှိရမယ်။ သူ့ကိုချစ်တဲ့အတွက် သူ့ရဲ့ပညတ်တော်တို့ကို စောင့်မယ်။
တချို့တဝက်မဟုတ်ဘူး။ အားလုံးကိုစောင့်မယ်။


154

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၁၅း၉)
ယေရှုဘာပြောသလဲဆိုတာသတိပြုပါ။
'လူတို့စီရင်သော ပညတ်တို့ကိုသွန်သင်၍ နည်းဥပဒေသပေးလျက်ပင်၊ ငါ့ကို အချည်းနှီး ကိုးကွယ်ကြ၏။' သိပ်မှန်ပါတယ်။ လူတွေဟာ လူတို့စီရင်သော ပညတ်များနဲ့ နည်းဥပဒေသများကို သွန်သင်နေကြတယ်။



155

လူတွေဘာဘဲပြောနေပြောနေ၊ အရေးမကြီးဘူး။ ဘုရားပြောတာက အရေးကြီးတယ်။

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ



156

ဝတ်ပြုကိုးကွယ်ခြင်းနဲ့ပတ်သက်လာရင် ဘုရားကိုသာသူသီးသန့်ထားသော ဥပုသ်နေ့မှာကိုးကွယ်ရအောင်။ ကျွန်တော်တို့အတွက်ဘုရားပေးတဲ့နေ့ပါ။
ဒီအမှန်တရားတွေ ကျမ်းစာတွင်ပြန်လည်တွေ့ရှိသောအခါ ယုံကြည်သူတို့ဟာ စည်းရုံးလာကြပြီး သတ္တမနေ့ဥပုသ်အသင်းကိုဖွဲ့စည်းကြပါတယ်။
ယေရှယအနာဂတ္တိကျမ်း ၅၈း၁၃၊၁၄။
ချိုးဖေါက်ခြင်းခံရသော ဘုရား၏ပညတ်တော်ကို ပြုပြင်မည့် လှုပ်ရှားမှုပေါ်လာမယ်လို့ ကြိုတင်ဟောထားပါတယ်။
ဥပုသ်နေ့နဲ့ပတ်သက်လို့ ကျမ်းစာက ဒီလိုပြောထားတယ်။



157

(ကျမ်းချက်။ ယေရှာယအနာဂတ္တိကျမ်း ၅၈း၁၃၊၁၄)
'သင်သည်ဥပုသ်နေ့ကို မရှုတ်ချ၊ ငါသန့်ရှင်းသော နေ့မှာ ကိုယ်အလိုသို့မလိုက်။



158

ဥပုသ်နေ့ကိုမွေ့လျော်ရာနေ့၊ ထာဝရဘုရားအဘို့ သန့်ရှင်းသောနေ့၊ ရိုသေဘွယ်သောနေ့ဟူ၍ခေါ်သဖြင့်



159

ကိုယ်အမှုကိုမပြု၊ ကိုယ်အလိုသို့မလိုက်၊ ကိုယ်စကားကိုမပြောဘဲနေ၍ထိုနေ့ကိုရိုသေလျှင်



160

သင်သည်ထာဝရဘုရား၌ပျော်မွေ့ရလိမ့်မည်။



161

မြေကြီးပေါ်မှာမြင့်သော အရပ်တို့ကိုငါစီးစေ၍



162

သင့်အဘယာကုပ်၏အမွေဥစ္စာနှင့်ငါကျွေးမည်ဟု ထာဝရဘုရား၏ နှုတ်ကပတ်တော်ထွက်အမိန့်တော်ရှိ၏။'

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


163

ထိုနေ့မှာ အလုပ်မလုပ်ရန်ဘုရားတားမြစ်တော်မူတယ်။ ကိုယ့်အလုပ်ကို မလုပ်ရဘူး။
ထိုနေ့မှာ ကိုယ့်အကျိုးကိုမရှာရဘူး။


164

ထိုနေ့ဟာ သန့်ရှင်းသောနေ့။
ဥပုသ်နေ့မှာ ဘုရားကို ဦးစားပေးရင် ပျော်ရွှင်မှုရရှိပါလိမ့်မယ်။
ဥပုသ်နေ့ဟာပျော်စရာကောင်းတဲ့နေ့ပါ။
အဲဒီနေ့မှာ အထူးကောင်းကြီးမင်္ဂလာကို ခံစားရလိမ့်မယ်။
အဲဒီနေ့က အလုပ်မလုပ်ဘဲနဲ့ ရတဲ့နေ့ဖြစ်ပါတယ်။
ကိုယ်တော်ဟာ ကျွန်ုပ်တို့အားမြေကြီးပေါ်မှာ မြင့်သောအရပ်တို့ကို စီးစေမယ်။
အကယ်၍ ကျွန်တော်တို့ဟာ ကိုယ်တော်ကို ဦးစားပေးမယ်၊ ကိုယ်တော်နောက်ကိုလိုက်မယ်၊ ဥပုသ်နေ့ကို သန့်ရှင်းစွာထားမယ်ဆိုရင် ခံစားရမဲ့ကောင်းကြီးမင်္ဂလာများဟာ ရေတွက်လို့ကုန်မှာမဟုတ်ဘူး။



165

ကျမ်းစာမှာ ဘုရားပေးသောအမှန်ဟူသမျှ စာတန်က အတုရှိတယ်။


166

မြတ်စွာဘုရားမိန့်တော်မူတာကတော့ ကျွန်တော်တို့သေတဲ့အခါအိပ်နေသလိုဘဲ။ စာတန်ပြောတာကတော့ လူသေရင် ကောင်းကင်၊ ငရဲ သို့မဟုတ် ငရဲကလေးကို ရောက်မယ်လို့ပြောပါတယ်။


167

ဘုရားပြောတာက နှစ်ခြင်းပေးလျှင် ရေ၌မြှုပ်ရမယ်။ စာတန်ပြောတာကတော့ ရေနဲ့ဖြန်းရင်ရတယ်။
ဘုရားပြောတာက ကျန်းမာရေးနဲ့ဆိုင်သော အမှန်တရားကို ကျွန်ုပ်တို့အားပေးတယ်။ စာတန်ပြောတာက အဲဒါတွေ ဖျက်လိုက်ပြီးတဲ့။
အမှန်ဟူသမျှအတွက် အတုရှိတယ်။ ဒါကြောင့် ရှုပ်ထွေးပွေလီမှုတွေဖြစ်ပေါ်လာပါတယ်။



168

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၈း၂)
ဗျာဒိတ်ကျမ်းမှာ ဒီအကြောင်းနဲ့ပတ်သက်ပြီး ပြောထားတယ်။ 'သူသည်ကျယ်သောအသံနှင့်ကြွေးကြော်၍ ဗာဗုလုန်မြို့ကြီးပြိုလဲပြီ။



169

နတ်ဆိုးနေရာဖြစ်လေပြီ။ ညစ်ညူးသောဝိညာဉ်မျိုး၏ကွင်းဖြစ်လေပြီ။ ညစ်ညူး၍စက်ဆုပ်ဘွယ်သော ငှက်မျိုး၏ မှီခိုရာဖြစ်လေပြီ။' ဗျာဒိတ်ကျမ်း ၁၈း၂။
ဗာဗုလုန်ရဲ့အဓိပ္ပါယ်ဟာ ဘာသာရေးရှုပ်ထွေးခြင်းဖြစ်ပါတယ်။


# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ


170


(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၈း၄)
‘အခြားသောကောင်းကင်အသံကား၊ ငါ၏လူမျိုးတို့


171

သူ၏အပြစ်တို့ကို ဆက်ဆံခြင်းနှင့်၄င်း၊ သူ၏ဘေးဒဏ်များကို ခံခြင်းနှင့်၄င်း ကင်းလွတ်အံ့သောငှါ၊ သူ၏အထဲ က ထွက်ကြလော့။’ ဗျာဒိတ်ကျမ်း ၁၈း၄။


172

ဘုရားသခင်ဟာ သူရဲ့လူများကို ရှုပ်ထွေးခြင်းကထွက်လာဖို့ဖိတ်ခေါ်နေတယ်။ ဗာဗုလုန်ရဲ့အပြစ်ထဲမှာ မပါဝင်ဘို့။ မိတ်ဆွေတို့ ခရစ်တော်ဟာ ယခုသင့်ကိုခေါ်နေတယ်။ ခရစ်တော်ဘက်မှာ ရပ်တည်ဘို့ အချိန်ရောက်ပြီ။


173

(ကျမ်းချက်။ တမန်တော် ၂၆း၁၇)
‘ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဘုရားသခင်ကိုလည်းချီးမွမ်း၍လူအပေါင်းတို့ရှေ့မှာမျက်နှာ ပွင့်လန်းခြင်း အခွင့်ကိုရကြ၏။ ကယ်တင်ခြင်းသို့ ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေ တော်မူ၏။’
တမန်တော် ၂း၄၇


174

(ကျမ်းချက်။ ၁ ကောရိန်သု ၁၂း၁၃)
‘အကြောင်းမူကား ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ လူလွတ်ဖြစ်စေ


175

ငါတို့ရှိသမျှသည် ဝိညာဉ်တော်တပါးတည်းအားဖြင့် တကိုယ်တည်းထဲသို့ ဗတ္တိဇံကို ခံကြ၏။’
၁ ကောရိန်သု ၁၂း၁၃


176

(ကျမ်းချက်။ ၁ ကောရိန်သု ၁း၁၈)
‘အကြောင်းမူကား၊ ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏။


177

ကယ်တင်ခြင်းသို့ရောက်သောငါတို့၌ထိုတရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။’
၁ ကောရိန်သု ၁း၁၈

# ၂၂ – များလိုက်တဲ့ရွေးချယ်စရာတွေ



178

ဒီနေ့ညလေ့လာချက်တွေက ခရစ်တော်ရဲ့အသက်တာနဲ့သူရဲ့သွန်သင်ချက်တွေဟာ အမှန်တရားကိုဖေါ်ပြနေတယ်။ သူ့နောက်ကိုလိုက်ဘို့ သူအလိုရှိတယ်ဆိုတာ သိနိုင်တယ်။
သမ္မာကျမ်းစာနဲ့သမိုင်းကိုလေ့လာခြင်းအားဖြင့် ခရစ်တော်ဟာ သူရဲ့လူမျိုးတွေကို သူမူလအစထဲက သွန်သင်ထားတဲ့အမှန်တရားဆီကို ပြန်ပြီး ပို့ဆောင်နေတာတွေ့ရတယ်။ ခရစ်တော်ဟာ ဘာသာရေး ရှုပ်ထွေးမှု ထဲကနေ သူရဲ့သန့်ရှင်းတဲ့လုပ်ဆောင်ချက်ကနေ အမှန်တရားထဲကို ပို့ဆောင်နေတယ်။
ကောင်းကင်တမန်များရဲ့ ဖိတ်ခေါ်သံကို အခုမတုံ့ပြန် (အဖြေမပေး) ချင်ဘူးလား။
'ငါ၏လူမျိုးတို့ သူမထဲကထွက်လာပါ။' သင်ဟာ ဒီနေ့ ဘုရားရဲ့ပညတ်တော်ကို စောင့်ပြီး ခရစ်တော်ရဲ့ ယုံကြည်ခြင်းမျိုးရှိတဲ့သူတွေမဖြစ်ချင်ဘူးလား။
ဗာဗုလုန်ထဲကထွက်လာဘို့ အမှန်ကိုလုပ်ဘို့ ကျွန်တော်တို့ကို ခေါ်ဖိတ်နေတယ်။ ခရစ်တော်ကို မချစ်ဘူးလား။ ခရစ်တော်မကြာခင်ပြန်လာပြီး သူပြင်ဆင်ထားတဲ့ အိမ်ကို ကျွန်တော်/ကျွန်မတို့ကိုခေါ်သွားတော့မယ်။ ခရစ်တော်နောက်ကိုမလိုက်ချင်ဘူးလား။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး




1

နောက်ဆုံးသောကပ်ရောဂါ (၇) မျိုးရန်မှ ဘယ်လိုလွတ်မြောက်နိုင်မလဲ။


2

အချိန်အခါကတော့ ၁၄၄၅ ဘီစီ နေရာကတော့ အဲဒီအချိန်ကယဉ်ကျေးမှုအဆင့်အတန်းအမြင့်ဆုံးဖြစ်တဲ့ အဲဂုတ္တုတိုင်းပြည်မှာ ဖြစ်ပါတယ်။
နှစ်ပေါင်း ၂၁၅ နှစ်ကြာမျှ အစ္စရေးတွေဟာ ခါးသီးလှတဲ့ကျွန်ဘဝကိုဖြတ်ကျော်ခဲ့ရတဲ့ ရာစုနှစ် နှောင်းပိုင်း ဖြစ်ပါတယ်။
ယောသပ်နှင့်ခင်မင်ကျွမ်းဝင်ခဲ့တဲ့ ဖါရောဘုရင်ကတော့ သေဆုံးသွားတာ အလွန်ကြာညောင်းခဲ့ပါပြီ။


3

အသစ်တက်လာသော အစိုးရမင်းက လျင်မြန်စွာတိုးပွါးအင်အားကြီးလာတဲ့ အစ္စရေးတွေကို နိုင်ငံတော်လုံခြုံရေး အတွက် အန္တရာယ်ရှိတယ်ဟုယူဆပြီး စစ်မက်ဖြစ်ပွါးခဲ့ရင် ဒီအစ္စရေးတွေရန် သူဘက်ပါသွားမှာကို စိုးရိမ်ကြပါ တယ်။
ဒါကြောင့်ဘဲ အစ္စရေးတွေကို ကျွန်အဖြစ်သတ်မှတ်ပြီး အီဂျစ်တွေရဲ့ ကြမ်းတမ်းဖိနှိပ်မှုအောက်မှာ ကျွန်အဖြစ် အတင်းအကြပ်ပို့ပါတော့သည်။ သို့သော်လည်း ကျမ်းစာပြောသည်မှာ


4

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁း၁၂)
'သို့သော်လည်း နှိပ်စက်ခြင်းကိုခံရသည်အတိုင်း


5


တိုးပွါးများပြားလျက်ရှိကြ၏။' ထွက်မြောက်ရာကျမ်း ၁း၁၂


6

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၂း၂၃၊၂၄)
'. . . ဣသရေလ အမျိုးသားတို့လည်း အစေကျွန်ခံရသောကြောင့် ညည်းတွား ငိုကြွေးကြ၏။


7

ထိုသို့အစေခံ၍ငိုကြွေးသောအသံသည် ဘုရားသခင်ထံတော်သို့ရောက်လေ၏။


8

သူတို့၏ညည်းတွားမြည်တမ်းခြင်းအသံကို ဘုရားသခင်ကြားတော်မူလျှင် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့်ပြုခဲ့ဘူး သောပဋိညာဉ်ကိုအောက်မေ့တော်မူ၏၊' ထွက်မြောက်ရာကျမ်း ၂း၂၃၊၂၄။

၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



9

ဘုရားသခင်နှင့်အာဗြဟံတို့ပဋိညာဉ်ပြုထားသော
အာဗြဟံနှင့်သူ၏နောင်လာနောက်သားအဆက်အနွယ်တို့ကို လွတ်မြောက်ပို့ဆောင်တော်မူပြီးဟူသော ပဋိညာဉ်ကို ပြုခဲ့ကြသည့်နှစ်ပေါင်း ၄၀၀ မျှကြာခဲ့ပြီးဖြစ်သည်။ ယခု မှာတော့ အချိန်ရောက်လာပါပြီ။ ဘုရားက အသင့်ရှိနေပါတယ်။ လွတ်မြောက်စေရေးအတွက်အသင့်ပြုလုပ်ထားပါတယ်။



10

ဘုရားနဲ့မောရှေတို့ဟာ နန်းတော်ကြီးထဲမှာ ခမ်းနားလှတဲ့ ပိရမစ်အရိပ်အောက်မှာ တွေ့ဆုံခဲ့ကြတာမဟုတ်ဘဲ မိဒျန်သဲကန္တာရထဲက မီးလောင်နေတဲ့ ချုံပုတ်ဘေးမှာ တွေ့ဆုံခဲ့ကြပါတယ်။




11

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၃း၇၊၈)
'ထာဝရဘုရားကလည်း အဲဂုတ္တုပြည်၌ရှိသောငါ၏လူတို့ခံရသော ညှင်းဆဲခြင်းကို ငါစေ့စေ့မြင်ခဲ့ပြီ။



12

သူတို့ကိုစေခိုင်းသော သခင်တို့ကြောင့် သူတို့မြည်တမ်းသောအသံကို လဲ ငါကြားခဲ့ပြီ။ သူတို့နာကျဉ်းခြင်း ဝေဒနာကို ငါသိ၏။




13

သူတို့ကို . . . ပို့ဆောင်ခြင်းငှါ ငါဆင်းလာပြီ။' ထွက်မြောက်ရာကျမ်း ၃း၇၊၈။
မောရှေနှင့်ပြောဆိုရာတွင် ဘုရားက -



14

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၃း၁၀)
'ထို့ကြောင့်ယခုသွားလော့ . . . သင့်ကိုဖါရောဘုရင်ထံသို့ငါစေလွှတ်မည်ဟုမိန့်တော်မူ၏။



15

သင်သည် ငါ၏လူဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်မည်အကြောင်း '
ထွက်မြောက်ရာကျမ်း ၃း၁၀



16

မောရှေနန်းတော်မှထွက်ခွါခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကြာရှိပြီ။ အဲဂုတ္တု စကားကို နှစ်ပေါင်း ၄၀ ကြာမျှပြောခဲ့ သော်လည်း တကယ်တမ်းမှာ သဲကန္တာရကြီးထဲမှာ တယောက်ထဲ သိုးကျောင်းနေခဲ့ရပါတယ်။ အဲဂုတ္တု မင်းသားတပါးဖြစ်စဉ်က ရှိခဲ့တဲ့မာန်တွေ၊ ကိုယ်ကိုအထင်ကြီးမှုတွေ ပျောက်ကွယ်နေပါပြီ။
ကျမ်းစာအရ

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



17

(တမန်တော်ဝတ္ထု ၇း၂၂)
'မောရှေသည်လည်း အဲဂုတ္တုအတတ်ပညာအားလုံးတို့ကိုသင်၍နှုတ်သတ္တိ၊ လက်သတ္တိရှိ၏။' တမန်တော်ဝတ္ထု ၇း၂၂


18

သို့ရာတွင် သဲကန္တာရထဲမှ နှိမ့်ချခြင်းကို မောရှေသင်ခဲ့ပါတယ်။ သိုးကျောင်းခြင်းအားဖြင့် စိတ်ရှည်ခြင်းနှင့်နူးညံ့ သိမ်မွေ့ခြင်းကိုလည်းသင်ခဲ့ရပါတယ်။
ယခုအချိန်မှာ ဣသရေလတွေကို ဖခင်သဖွယ်ကြည့်ရှုစောင့်ရှောက်ပို့ဆောင်ရန် မောရှေအသင့်ဖြစ်ပြီဟု ဘုရား သခင်ကယူဆပါတယ်။
စိတ်နှလုံးနှိမ့်ချစွာပဲ လောလောဆယ်သူ့အတွက် မဖြစ်နိုင်ချေရှိတဲ့ အထူးတာဝန်ကို ဘုရားရဲ့ညွှန်ကြားချက် အတိုင်းလက်ခံပါတယ်။


19

အလွန်ကြီးကျယ်လှတဲ့တာဝန်ကို မောရှေဆောင်နိုင်ရန်ဘုရားက အဲဂုတ္တု မှာ ကျွန်ခံနေရတဲ့ မောရှေအစ်ကို ဖြစ်သူ အာရုံအားမောရှေကို သွားကြိုရန်ညွှန်ကြားလိုက်ပါတယ်။
အာရုံကိုမောရှေစိတ်ဓာတ်မြင့်စေဖို့အတွက်ပဲ မောရှေအနေနဲ့အီဂျစ်စကားကို မပြောသည်မှာကြာလှုပြီဖြစ် တဲ့အတွက်မောရှေအားပြောရေးဆိုခွင့်ရှိသူအဖြစ်လည်း ခန့်ထားလိုက်ပါတယ်။


20

ဘုရားသခင်စေလွှတ်တော်မူတဲ့ သံတမန်နှစ်ဦးအဖြစ် ညီအစ်ကိုနှစ်ယောက် ဖါရောဘုရင်ရဲ့နန်းတော်ထဲကို ဝင်သွားပါတယ်။ သူတို့ဟာ ဘုရားနာမတော်အားဖြင့်ပြောကြားပြီး ဘုရားသခင်၏ဘုန်းအာနုဘော်ကိုလဲ ဖေါ်ပြကြတယ်။
ထူးခြားတဲ့အခြင်းအရာကို ဝင့်ဝါဂုဏ်တက်နေတဲ့ ဘုရင်အတွက် ထူးဆန်းသလို စူးစိုက်ကြည့်မိမှာပါ။
သို့သော် လည်း ရှေ့တော်မှာ ရပ်နေတဲ့ ညီအစ်ကိုနှစ်ယောက်၊ တယောက်က တောကပါလာတဲ့ ခပ်နွမ်းနွမ်း သိုးကျောင်း သားလက်ထဲမှာ သိုးထိန်းတုတ်၊ နောက်တယောက်ကလည်း ဟောဘရူးကျွန် ပြီးတော့ သူတို့ရဲ့ တန်ခိုးတော်ကို ကြွေးကြော်နေကြတယ်။
အာရုံကနေပြီးတော့ သူ့လူမျိုးတွေကို လွှတ်ဖို့ဘုရားကတောင်းဆိုကြောင်းကို ပြောတဲ့အခါမှာ ဖါရောဘုရင်က စိတ်မရှည်စွာပဲ ရှုံးရှုံးရှဲရှဲဖြစ်ပါတော့တယ်။



21

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၅း၂)
'. . . ထာဝရဘုရား၏ စကားကိုနားထောင်၍ဣသရေလအမျိုးသားတို့ကို ငါလွှတ်စေခြင်းငှါ ထိုဘုရားက အဘယ်သူနည်း။



22

ထိုဘုရားကို ငါမသိ။ ဣသရေလအမျိုးသားတို့ကို ငါမလွှတ်ဟုဆိုလေ၏။'
ထွက်မြောက်ရာကျမ်း ၅း၂
ထောင်ပေါင်းများစွာသော ကျွန်တွေရဲ့လုပ်အားကိုဖါရောဘုရင်ကအဆုံးရှုံးမခံချင်တာသေချာပါတယ်။
အာရုံရဲ့ တောင်းဆိုချက်ကို ပိုပြီးတင်းကျပ်ဖိနှိပ်မှုနဲ့တုံ့ပြန်ပါတယ်။
ဘုရင်က ဣသရေလတွေကို ပိုပြီးခိုင်းပါတော့တယ်။


23

ဒါပေမဲ့မကြာခင်မှာ ထောင်လွှားတဲ့ဖါရောဘုရင်ကို သူဟာဘယ်ဘုရားလဲ၊ သူရဲ့တန်ခိုးတော်တွေကို သိစေတော့မှာ ဖြစ်ပါတယ်။
ဖါရောဘုရင်ကို မောရှေနှင့်အာရုံက သူ့လူမျိုးတွေမလွှတ်မချင်း ဘုရားကနေပြီး ကဒ်ရောဂါတစ်ခုပြီးတခု အီဂျစ်လူတွေအပေါ်မှာ သက်ရောက်စေလိမ့်မယ်ဆိုတာ သတိပေးထားပါတယ်။
အဲဒီမှာ ဖါရောမင်းအတွက်ဘုရားသခင်ရဲ့သတင်းက

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



24

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၇း၁၇)
'. . . ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို သင်သည်အဘယ်သို့သိရမည်နည်းဟူမူကား . . .'
ထွက်မြောက်ရာကျမ်း ၇း၁၇


25

ကပ်ဆိုးကြီး ကျရောက်ရန်သိပ်မကြာတော့ပါ။
ဆယ် ခုတိတိဖြစ်ပါတယ်။
ကပ်ဆိုးတခုပြီးတခု မလာခင်မောရှေနှင့်အာရုံသည် ဖါရောမင်းက ဣသရေလတွေကို လွှတ်ဖို့ရွေးချယ်ရန်မျှော် လင့်ချက်ဖြင့်ဖါရောမင်းအားရောက်လာတော့မည့်စီရင်ခြင်းကို ကြိုတင်သတိပေးထားပါတယ်။
ဒီဆိုးရွားလှတဲ့ ဘေးဒုက္ခမှသူနှင့်သူ့ပြည်သားတွေ မခံစားရအောင်ဖြစ်ပါတယ်။
သို့သော် ဖါရောမင်းက သူ့စိတ်အတိုင်းအတိုင်းတဇွတ်ထိုးပဲ။ ဒီလိုနဲ့ဘုရားရဲ့ဂတိအတိုင်း အနိုင်းမရှိတဲ့ဘေးဒုက္ခကြီးဟာ အီဂျစ်လူတွေအပေါ်ကျရောက်လာပါတော့တယ်။




26

(ဗီဒီယို။ ၉ စက္ကန့်)
ပထမ အီဂျစ်တွေဘုရားတခုအနေနဲ့ကိုးကွယ်တဲ့ မြစ်ရေသည် အာရုံကတုတ်ဖြင့်ရိုက်လိုက်သောကြောင့် သွေးအဖြစ်ပြောင်းသွားတယ်။
ငါးတွေအားလုံးသေသွားတယ်။ အီဂျစ်ပြည်မှာရှိတဲ့ ရေတွေအားလုံး (၇)ရက်ကြာမျှ သွေးဖြစ်သွားကြတယ်။


27

နောက်ကပ်ဆိုးတခုက မြေတပြင်လုံး ဖားတွေနှင့်ပြည့်နှက်သွားတယ်။ သန်းချီသောဖားတွေဟာ အစာပေါ်မှာ ၄င်း အိပ်ယာထဲမှာ၄င်း နေရာတကာမှာ ပြည့်နှက်နေပါတယ်။
ခေါင်းမာတဲ့ ဘုရင်ကတော့ ဣသရေလတွေကို သွားခွင့်မပြုသေးပါဘူး။


28

သန်းကပ်ဆိုးထပ်လာပါတယ်။ ဒါပေမဲ့ စိတ်ကြီးဝင်နေတဲ့ ဘုရင်က အစ္စရေးတွေကို မလွှတ်သေးပါဘူး။
ပထမ ကပ်ဆိုးသုံးခုက ဟေဘရူး နှင့်အီဂျစ်တွေပေါ်မှာ ကျရောက်ကြောင်းသတိထားမိလိမ့်မယ်။
သို့သော်ကျန် တဲ့ကပ်ဆိုး (၇) ခုကတော့ အီဂျစ်တွေပေါ်မှာပဲ ကျရောက်တော့မှာဖြစ်ပါတယ်။



29

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၈း၂၂၊၂၃)
'ငါ၏လူတို့နေရာ ဂေါရှင်ပြည်ကို ထိုနေ့၌ငါခြားနားစေ၍ ယင်ရဲမရှိရ။



30

ငါသည် မြေကြီးအလယ်၌ထာဝရဘုရားဖြစ်ကြောင်းကို သင်သိစေခြင်းငှါ

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



31

ထိုသို့ငါ၏ လူတို့နှင့် သင်၏လူတို့ကို ငါခြားနားစေမည်။ နက်ဖြန်နေ့ ၌ ထိုနိမိတ်ထင်ရှားလိမ့်မည်ဟု. . .'
ထွက်မြောက်ရာကျမ်း ၈း၂၂၊၂၃။


32

နောက်ကဒ်ဆိုးက ယင်ကောင်။ ဖါရောမင်းအိမ်တော်တွင်ပြည့်သွား၏။


33

ယင်ကောင်နောက်တွင် ကြောက်မက်ဖွယ်ကောင်းသော ကူးစက်ရောဂါပြန့်နှံ့သွားပါတော့တယ်။
လယ်ကွင်းရှိ တိရိစ္ဆာန်အားလုံးသေကြေပျက်စီးကုန်ပါတယ်။
ဒီအချိန်မှာတော့ ဖါရောမင်းက သိလိုစိတ်ပြင်းပြနေပါတယ်။ ဟေဗြဲလူတွေရဲ့တိရိစ္ဆာန်တွေရောသေကြပါ
သလား သို့မဟုတ် လွတ်မြောက်ပါသလား ဆိုတာကိုပေါ့။



34

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၉း၇)
'ဖါရောဘုရင်သည် လူကိုစေလွှတ်၍ သရေလအမျိုးသားတို့၏တိရိစ္ဆာန်တကောင်မျှမသေကြောင်းကို. . .



35

သို့သော်လည်း နှလုံးခိုင်မာပြန်၏။ ဣသရေလလူတို့ကို မလွှတ်ပဲနေလေ၏။' ထွက်မြောက်ရာကျမ်း ၉း၇



36

ဆဌမမြောက်ကဒ်သည် လူနှင့်တိရိစ္ဆာန်အပေါ်တွင် အနာစိမ်းများ ပေါက်စေတယ်။ ဒါပေမဲ့
ဣသရေလလူတွေ ကိုလွှတ်ပေးဘို့ ဘုရင်က ခေါင်းမာနေဆဲပါ။


37

နောက် အနာဂတ်ဟောထားရာမှာ မိုးသီးကျရောက်ခြင်း ကဒ်ဆိုးပင်ဖြစ်တယ်။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



38

(ဗီဒီယို။ ၈ စက္ကန့်)
သို့ရာတွင် မိမိကိုယ်နှင့်တိရိစ္ဆာန်တို့ကိုကာကွယ်ထားသောသူတို့သည် မသေရဟုဘုရားသခင်က ဂတိပေးထားပါတယ်။
ဒီသတင်းဟာ အလျင်အမြန်ပဲပြန့်နှံ့သွားပါတယ်။ အီဂျစ်လူမျိုးအများအပြားဟာလဲ သူတို့ကိုယ်နှင့် သူတို့ရဲ့တိရိစ္ဆာန်တွေကို ကာကွယ်ထားကြပါတော့တယ်။
မိုးသီးများ မိုးကြီးနှင့်လျှပ်စစ်လျက်ပြီး ကျလာပါတော့တယ်။ ဒီအတွက် မကာကွယ်ထားသူတွေကကတော့ အားလုံးသေကြရပါတယ်။

---



39

(ဗီဒီယို။ ၁၈ စက္ကန့်)
အီဂျစ်လူမျိုးတွေက ဒီကမ္ဘာကြီးဟာ အသက်ရှင်တော်မူတဲ့ဘုရားလက်ထဲမှာရှိကြောင်း ထင်ထင်ရှားရှားမြင်ရပါ ပြီ။ သူတို့ရဲ့လုံခြုံရေးဟာလည်း ဒီဘုရားစကားကိုနားထောင်ခြင်းပါပဲဆိုတာသေသေချာချာသိကြပါပြီ။

ခဏတဖြုတ်အနေနဲ့ ဖါရောဘုရင်က ဘုရားရှင်ရဲ့ စကားကိုနားထောင်ပြီး သူ့လူမျိုးတွေကို သွားခွင့်ပြုဖို့ ပေါ့ပေါ့တန်တန် စဉ်းစားအကြံဝင်လာပါတယ်။ ဒါပေမဲ့ ကဒ်ဆိုးကြီးအရှိန်လျော့သွားတာနှင့် သူ့ရဲ့ကောင်းသောအကြံတွေလဲ ပြောင်းကုန်ပါတော့တယ်။

---



40

(ဗီဒီယို။ ၁၉ စက္ကန့်)
မောရှေက ဖါရောဘုရင်ကို ဣသရေလတွေကို သွားခွင့်မပြုသေးဘူးဆိုရင်တော့ မရေမတွက်နိုင်တဲ့ ဂျိုင်းကောင် တွေနောက် ကဒ်ဆိုးအနေနဲ့ကျရောက်လိမ့်မယ်လို့ သတိပေးပါတယ်။
နောက်ထပ်ကျရောက်မဲ့ ကဒ်ဆိုးတွေနဲ့ချောက်ချားနေပြီဖြစ်တဲ့ ဖါရောဘုရင်ရဲ့အကြံပေး မှူးမတ်တွေ အားကျွန်တွေကိုလွတ်ဖို့တင်ပြကြပေမဲ့ ဘုရင်ကတော့ငြင်းပယ်မြဲငြင်းပယ်နေပါတယ်။
ကြိုတင်ဟောထားသည့်အတိုင်း ဂျိုင်းကောင်တွေလာပါတော့တယ်။

---


41

နောက် သုံးရက်ကြာမျှ အမှောင်ထုဖုံးလွှမ်းပါတယ်။ မှောင်လွန်းလို့ အမှောင်ထုကိုပင်လက်ဖြင့်စမ်းကြည့်ရတယ်။ ဒါပေမဲ့ ဖါရောဘုရင်က ကောင်းကင်ဘုံဘုရားရှင်ကို ဖီဆန်တုန်းပါပဲ။

---


42

မောရှေကနေ အီဂျစ်တွေပေါ်မှာ ကျရောက်မဲ့ နောက်ဆုံးကဒ်ဆိုးကို ပေါ့ပေါ့တန်တန် မထားဘို့ပြောကြားလိုက် တယ်။
သုတ်သင်မည့်ကောင်းကင်တမန်က ညဉ့်သန်းခေါင်မှာ ဖြတ်သွားပြီးအီဂျစ်လူနှင့်တိရိစ္ဆာန်တို့၏ အဦးဆုံးမွေးသူတို့ကိုသတ်ဖြတ်မည်လို့ အတိအလင်းပြောထားတယ်။

---



43

(ဗီဒီယို။ ၁၅ စက္ကန့်)
ဤတစ်ကြိမ်မှာလည်း ဟေဗြဲလူတွေကိုချမ်းသာပေးမယ်။ ဒါပေမဲ့လို့ ဒီတကြိမ်မှာ ဟေဗြဲဖြစ်ရုံမျှ၊ ဂိုရှင်အရပ်မှာ နေရုံနဲ့လွတ်မြောက်ရန် မလုံလောက်ဘူး။
ဒီသေဒဏ်ပေးခြင်းကို ရှောင်ဘို့ မိသားစုတိုင်းဟာ သိုးကိုသတ်ပြီးသွေးကို တခါးတိုင်တွင်ပက်ဖြန်းထားရမည်။ ဘုရားရှင်ကို ယုံကြည်ပြီးသစ္စာစောင့်သိကြောင်း အထိမ်းအမှတ်အနေဖြင့် ပြုလုပ်ရမည်။
ဘုရားရှင် ဂတိပေးထားသည်မှာ -

---



44

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁၂း၁၃)
‘. . . ထိုအသွေးကိုငါမြင်သောအခါ သင်တို့ကို ငါလွှန်သွားမည်။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး


45


ထိုသို့အဲဂုတ္တုပြည်ကို ငါသည် ဒဏ်ခတ်သောအခါ ဖျက်ဆီးခြင်းဘေးဥပဒ်သည် သင်တို့ကို မသင့်မရောက်ရ။' ထွက်မြောက်ရာကျမ်း ၁၂း၁၃


46

အဲဒီညမှာ ဘာစိတ်ဝင်စားစရာမြင်ကွင်းရှိပါသလဲ။
ထောင်ပေါင်းများစွာသော ဟေဗြဲမိသားစုများနှင့်အီဂျစ်မိသားစုတွေက လက်တဖက်မှသစ်ကိုင်းကိုင်ပြီး နောက် လက်တဖက်က သိုးသွေးထည့်ထားတဲ့ ဇလုံနဲ့တံခါးကိုပက်ဖျန်းနေတဲ့ သူတို့ရဲ့ဖခင်ကိုကြည့်နေကြမှာပါပဲ။
အထူးသဖြင့် သားဦးတွေက သေသေချာချာကြည့်နေမှာ ကို စဉ်းစားရင်မြင်ယောင်နိုင်ပါတယ်။


47


(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၁၂း၂၉)
'သန်းခေါင်အချိန်၌ထာဝရဘုရားသည် နန်းထိုင်သောဖါရောဘုရင်၏သားဦးမှစ၍


48

ထောင်ထဲမှာ အချုပ်ခံရသော သူ၏သားဦးတိုင်အောင် အဂုတ္တုပြည်၌ရှိသမျှကိုငှင်း၊


49

တိရိစ္ဆာန်တို့၏သားဦးရှိသမျှကိုငှင်း ဒဏ်ခတ်တော်မူ၏။'
ထွက်မြောက်ရာကျမ်း ၁၂း၂၉


50

ဒါပေမဲ့ ဘုရားရှင်၏ညွှန်ကြားချက်အတိုင်းနားထောင်ပြီး တံခါးတိုင်မှာ သွေးပက်ဖျန်းသော အိမ်တအိမ်မျှ မသေဆုံးရဘူး။


51

ကျယ်ပြောလှတဲ့ အီဂျစ်တပြည်လုံးရဲ့ ငိုကြွေးမြည်တမ်းမှုကိုကြားနိုင်ပါတယ်။
ကြောက်ရွံ့ထိတ်လန့်ဒူးတုန်နေတဲ့ ဖါရောမင်းဟာ ဟေဗြဲတို့ရဲ့ ဘုရားကို အမိပွါယ်မဲ့ပေါ့ပေါ့တန်တန်လျစ်လျူ ရှုခဲ့တာကို ပြန်သတိယပါတော့တယ်။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



52

(ကျမ်းချက်။ ထွက်မြောက်ရာကျမ်း ၅း၂)
'ထိုဘုရားစကားကို နားထောင်၍ ဣသရေလ အမျိုးတို့ကို ငါလွှတ်စေခြင်းငှါ
ထိုဘုရားကားအဘယ်သူနည်း'
ထွက်မြောက်ရာကျမ်း ၅း၂
ခုတော့သူသိပြီ။ စိတ်နှလုံးနှိမ့်ချလျက် ဣသရေလလူတွေ အီဂျစ်ကနေ အမြန်ထွက်သွားဖို့ ဖါရောဘုရင်နှင့် သူ၏မှူးမတ်တွေက ဒီညီအစ်ကိုနှစ်ယောက်လို တောင်းဆိုပါတော့တယ်။ သူတို့ပါသေကုန်မှာကို ကြောက်ရွံ့၍နေကြတယ်။




53

(ဗီဒီယို။ ၁၁ စက္ကန့်)
ညသန်းခေါင်အချိန်မှာ ဘုရားရှင်ကို သူတို့ရဲ့လွတ်မြောက်ခြင်း အရှင်အဖြစ်ရွေးခဲ့သူများဟာ လွတ်မြောက်သွားကြပါတယ်။
ဘုရားရှင်မိန့်ကြားတော်မူတဲ့အတိုင်း သူတို့တတွေဟာ ထိုအချိန်အတွက်ပြင်ဆင်ထားခဲ့ကြပါတယ်။
ဖိနပ်အသင့်၊ အဝတ်အသင့်ဖြင့်သူတို့တတွေဟာ မဟာလွတ်လပ်ခြင်းအတွက် အသင့်ရှိနေကြပါတယ်။
သူတို့ တတွေဟာဂတိတော်ထားရာမြေဆီသို့ ချီတက်နေပါပြီ။



54

ကောင်းပါပြီ။ သင့်အနေနှင့်စိတ်ဝင်စားစရာ ပုံပြင်အဖြစ် သဘောထားမိလိမ့်မယ်။ သို့သော် ယခုနှစ်ဆယ်ရာစုမှာ မှီတင်းနေထိုင်တဲ့ ကျွန်ုပ်တို့အတွက် အဘယ်ကဲ့သို့အရေးကြီးပါသလဲ။
အရေးမကြီးတော့ပါဘူးထင်စရာရှိသည်။ သို့သော် တကယ်တမ်းမှာ ပို၍ပင်အရေးကြီးပါသည်။



55

ဓမ္မသစ်ကျမ်းမှာ နောက်ဆုံးသောကာလတွင်ဖြစ်ပျက်မည့်အရာများအသေးစိတ်ဖေါ်ပြထားတာကို ထူးထူးခြားခြားတွေ့ရပါတယ်။
ဒီအနာဂတ်ဟောထားချက်များသည် ပိုမိုကြီးကျယ်ဖျက်ဆီးမဲ့ ကပ်ဆိုးတွေကျအုံးမှာ ကြည်လင်ပြတ်သားစွာသိစေပါတယ်။



56

ကျမ်းစာ၏အနာဂတ်ဟောထားချက်အရ သမိုင်းတခါပြန်လည်အုံးမည်။ ကပ်ဆိုး (၁၀) ခုမဟုတ်ဘဲ (၇) ခုနှင့် ဘုရား၏လူတို့လွတ်မြောက်ကြမည်။ အီဂျစ်မှမဟုတ်တော့ဘဲ ကမ္ဘာကြီးမှ ဗီဆန်ခြင်းဖြစ်ပါတယ်။



57


အီဂျစ်တို့ပေါ်ကျရောက်သော ကပ်ဆိုးမြင်ရပြီးမှသူတို့၏ လွတ်မြောက်ခြင်းမရမှီ ဒုက္ခဝေဒနာကို ဣသရေလ တို့ ကြုံကြုံခဲ့သကဲ့သို့



58


ဘုရားရှင်၏လူတို့လည်း ခရစ်တော်မကြွလာခင် ယုတ်မာသောသူတို့အပေါ်ကျရောက်သောကပ် (၇)ခုကိုမြင်ရ ကြလိမ့်မည်။
ပရောဖက် ဒံယေလက ဒုက္ခကာလကိုဖေါ်ပြရာမှာ

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



59

(ဒံယေလအနာဂတ္တိကျမ်း ၁၂း၁)
'ထိုကာလ၌သင့်အမျိုးသားခြင်းတို့၏ အမှုကိုစောင့်သောအရှင်မင်းကြီး၊ မိက္ခေလသည် ပေါ်ပေါက်လာလိမ့်မည်။'



60

လူမျိုးတစုံတမျိုးမျှဖြစ်သည်ကာလမှစ၍ ထိုကာလတိုင်အောင် မဖြစ်စဖူးသော ဆင်းရဲဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်။



61

ထိုကာလအခါ စာစောင်၌စာရင်းဝင်သော သင်၏အမျိုးသားချင်းတို့သည် ကယ်လွတ်ခြင်းသို့ ရောက်ကြလိမ့်မည်။ ဒံယေလ ၁၂း၁



62

ထာဝရတည်သော သတင်းစကားကို ကမ္ဘာအနှံ့သို့ဟောရလိမ့်မည်။
ဒုတိယကောင်းကင်တမန်၏ သတင်းစကားဖြစ်သော 'ဗာဗုလုန် သို့မဟုတ် မှားယွင်းသော ကိုးကွယ်ခြင်းတို့မှ ထွက်ခဲ့လော့' ကို ကြားသိစေခဲ့ပြီး
လူသားများအားလုံးကို တတိယကောင်းကင်တမန်က အတိအလင်းပြောကြားသည်မှာ



63

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း၁၄း၉-၁၀)
'အကြင်သူသည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၏။ သူ၏တံဆိပ်လက်မှတ်ကို နဖူး၌ခံယူသည်ဖြစ်စေ၊ လက်၌ ခံယူသည်ဖြစ်စေ




64

ထိုသူသည် ဘုရားသခင်၏ဒေါသဖလား၌ လောင်းသော အမျက်တော်စပျစ်ရည်စစ်ကို သောက်ရလိမ့်မည်။'
ဗျာဒိတ်ကျမ်း ၁၄း၉-၁၀




65

ကျမ်းစာဖော်ပြချက်များထဲမှ ဒီအချက်ဟာ ထိတ်လန့်ဘွယ်ရာအကောင်းဆုံးတချက်ဖြစ်တယ်။ ဒါပေမဲ့လို့ဒီ ထိတ်လန့်ဖွယ်ရာများဟာ လူသားထံသို့မတင်ပြရသေးမီသော်၎င်း၊ လူသားတို့ကို ဘုရား၏ ပညတ်တော်နှင့်လူတို့ပြုသော ပညတ်နှစ်ခု မရွေးချယ်စေမီသော်၎င်း၊ တဦးဦး တယောက်ယောက် သားရဲ၏ အမှတ်တံဆိပ်ကို လက်ခံ မခံမီသော်၎င်း၊ ဘုရား၏ အမျက်တော်စပျစ်ရည်ကို မသောက်မီ၎င်း တိုင်အောင် လူသားထံသို့မကျရောက်နိုင်သေးပေ။



66

သို့သော် ထိုအရာများပြီးမြောက်သောအခါ ဂရုဏာတံခါးသည် လူသားများအတွက် ထာဝရပိတ်မည်ဖြစ်ပါတယ်။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



67

သို့နှင့်လေးနက်သော ကြေငြာချက်ကို ပြုလုပ်သည်မှာ ‘မတရားသောသူသည် မတရားသဖြင့်ပြုစေဦး။ ညစ်ညူးသောသူသည် ညစ်ညူးစေဦး။’



68


ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး၊ သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး။’ ဗျာဒိတ်ကျမ်း ၂၂း၁၁


69

ကောင်းကင်ပေါ်တွင် ယဇ်မရောဟိတ်မင်းကြီး အဖြစ် ကျွန်ုပ်တို့အတွက်ဆောင်ရွက်ပေးသော ခရစ်တော်၏လုပ် ငန်းများပြီးဆုံးသွားပါပြီ။ အမှုတွဲများအားလုံးကို ထာဝရအသက် (သို့) ထာဝရသေခြင်းဟု ဆုံးဖြတ်ထားပါတယ်။
ဘုရားသခင်၏ဂရုဏာတံခါးသည် ပိတ်ပြီ။
ဒီအချိန်တွင် ဒံယေလဟောထားခဲ့သော ဘေးဒုက္ခကာလကို ကမ္ဘာမြေရှိ လူသားတို့ကြုံတွေ့ခံစားနေချိန်ဖြစ်တယ်။


70

မိတ်ဆွေ ဘုရားသခင်ဟာ မိမိ၏လူတို့ ကပ်ရောဂါမကျော်သွားမချင်းထိုအထဲမှ ဆွဲနှုတ်ယူမှာမဟုတ်ဘူး။ ကမ္ဘာ ဆုံးသည့်တိုင်အောင် သူတို့ဒီမှာနေကြမှာ။ ဣသရေလလူတွေကိုကပ်ရောဂါကျစဥ်ကကာကွယ်ပေးသလိုသူရဲ့လူတွေကို အကာအကွယ်ပေးမယ်။ ဒုက္ခဆင်းရဲခြင်းတွေကို တော့ ရင်ဆိုင်ရလိမ့်မယ်။ ထိုအချိန်ဟာ လူတိုင်း အတွက် ဒုက္ခရောက်ရာကာလကြီးဖြစ်ပါလိမ့်မယ်။


71

မိတ်ဆွေ ကမ္ဘာ့သမိုင်းရဲ့ ဤအချိန်အခါကို တောက်ပစွာဖေါ်ပြပေမဲ့ တကယ့်မှုရင်းကိုတော့ မမှီပါဘူး။ ဆိုးယုတ်သောသူများ ဘုရား၏အမျက်တော် စပျစ်ရည်ကို သောက်သုံးနေကြပါတယ်။ ဆိုးရွားလှတဲ့ဘေးဒုက္ခကာလသည် ယေရှုသူ၏လူများကို ကယ်တင်ရန် မကြွလာမည် ဖြစ်ပျက်မှာကို ယောဟန် အားကြိုမြင်ထားစေပါတယ်။




72

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၅း၁)
‘ဘုရားသခင်၏ အမျက်တော်ကို ပိုပြီးစီးစေသောနောက်ဆုံးဘေးဒဏ် ခုနှစ်ပါးရှိသော



73

ကောင်းကင်တမန် ခုနှစ်ပါးတည်းဟူသော ကောင်းကင်၌အံ့ဘွယ်နမိတ်ကြီး အခြားတပါးကို ငါမြင်၏။’ ဗျာဒိတ်ကျမ်း ၁၅း၁
ထပ်မံ၍ယောဟန်ရေးသည်မှာ



74

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၁)
‘ဗိမ္ဗာန်တော်ထဲက ကြီးသောအသံကား၊ သွားကြလော့။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



75

ဘုရားသခင်၏ အမျက်တော်ဖလား ခုနှစ်လုံးကို မြေကြီးပေါ်သို့သွန်းလောင်းကြလော့’ ဗျာဒိတ်ကျမ်း ၁၆း၁



76

သို့သော်
‘ကောင်းကင်တမန် ခုနှစ်ပါး လူယုတ်မာတွေအပေါ် သွန်းလောင်းလိုက်သော ဘေးဒဏ် ခုနှစ်မျိုးဟာ ဘာတွေလဲလို့ သင်မေးသည်။’
မေးသင့်သောမေးခွန်းဖြစ်ပါတယ်။
ဘေးဒဏ် အကြောင်းများ ဖတ်ရှုရာတွင် အီဂျစ်ပေါ်သို့ကျရောက်ပုံနှင့် ဆင်တူကြောင်း သင်သတိထားမိမည်။
ပထမကောင်းကင်တမန်နှင့်ပတ်သက်၍ ရှင်ယောဟန်ပြောထားသည်များကို ဖတ်ရှုရအောင်။



77

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၂)
‘ပဌမသူသည်သွား၍မိမိဖလားကို မြေကြီးပေါ်သို့သွန်းလောင်းလျှင်



78

သားရဲ၏တံဆိပ်လက်မှတ်ကို ခံ၍သူ၏ရုပ်တုကို ကိုးကွယ်သော



79

လူတို့၌အလွန်ဆိုးသော အနာစိမ်းပေါက် လေ၏။’ ဗျာဒိတ်ကျမ်း ၁၆း၂


80

ထိုအနာစိမ်းများအီဂျစ်တို့ဘေးဒဏ် (၇)မျိုးခံရစဉ်က အနာစို အနာစိမ်းများနှင့် တူနိုင်ဖွယ်ရှိသည်။
သို့မဟုတ် အနာစိမ်းနာသကဲ့သို့နာမည်။


81

ဘေးဒဏ်ကြီးရဲ့ အကျိုးသက်ရောက်မှုကို သင်စိတ်ကူးကြည့်နိုင်ပါ့မလား။
ကျောင်းတွေပိတ်ကုန်မယ်။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး


82

စက်ရုံတွေလည်း ရပ်ကုန်မယ်။ စတိုးဆိုင်တွေလဲဖွင့်နိုင်မှာ မဟုတ်။


83

ဆေးရုံမှာတော့ အရေးပေါ်ကုသဖို့အတွက် လူနာတွေပြုံနေမယ်။ ဆရာမတွေနဲ့ ဆရာဝန်တွေကိုယ်တိုင်က ဒီရောဂါကို ခံစားနေရမှာဖြစ်တယ်။
လူတွေ ဒီအနာရောဂါတွေကို ခံစားနေရတုန်းမှာ နောက်ဘေးဒဏ်တခုတိုက်ရိုက်ဆက်လာမယ်။


84

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၃)
'ဒုတိယကောင်းကင်တမန်သည် မိမိဖလားကို ပင်လယ်ပေါ်သို့ သွန်းလောင်းလျှင် ပင်လယ်သည် လူသေရဲ့ အသွေးကဲ့သို့အသွေးဖြစ်၏။ ပင်လယ်၌အသက်ရှင်သော သတ္တဝါအပေါင်းတို့သည် သေကြ၏။'
ဗျာဒိတ်ကျမ်း ၁၆း၃။


85

သေကြေနေတဲ့ပင်လယ်သတ္တဝါများကမ်းစပ်မှာ ရောက်လာစုပုံနေမှာ မမြင်ရက်စရာ၊ အနံ့ဆိုးတွေမခံနိုင်လောက်အောင်ပင်
လူတွေလဲ တယောက်ပေါ်တယောက်ကျော်နင်းချော်လဲ ဝရုန်းသုန်းကားနဲ့ ပင်လယ်ကမ်းခြေမှထွက်ပြေးကုန်လိမ့်မယ်။
တတိယဘေးဒဏ်သည်လည်း ဒုတိယဘေးဒဏ်နှင့် အတော်တူပါတယ်။


86

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၄)
'တတိယကောင်းကင်တမန်သည် မိမိဖလားကိုမြစ်ပေါ်သို့၎င်း၊ စမ်းရေတွင်းပေါ်သို့၎င်း သွန်းလောင်းလျှင် ထိုအရာတို့သည် အသွေးဖြစ်ကြ၏။' ဗျာဒိတ်ကျမ်း ၁၆း၄


87

စိတ်ကူးကြည့်လိုက်။ လူတယောက်ရေသောက်ဖို့ပိုက်ခေါင်းဖွင့်လိုက်တယ်။ ရေအစားသွေးတွေပန်းထွက်လာတယ်။ ဘာတွေထပ်ပြီး ဆိုးဆိုးရွားရွား ဖြစ်ဦးမလဲ။ ဒါထက်ဆိုးရွားတာရှိနိုင်သေးတော့လား။
ဘေးဒဏ် (၇) ပါးသည် အင်မတန် ဆိုးရွားကြောက်မက်ဖွယ်ကောင်းသည်။ သို့သော် ဘုရား၏တရားမျှတမှုကိုသည် အပြစ်ဆိုဖွယ်ရာနှင့်ကင်း၏။ ဒီအတွက် ကောင်းကင်တမန်မြွက်ဆိုသည်မှာ


88

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၅-၆)
'ကောင်းကင်တမန်ကလည်း ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော အရှင်၊ ကိုယ်တော်သည် ဤသို့တရားစီရင်တော်မူသည့် အမှုမှာ ဖြောင့်မတ်တော်မူ၏။


89

ထိုသူတို့သည် သန့်ရှင်းသောသူတို့၏အသွေး၊ ပုရောဖက်တို့၏အသွေးကို သွန်းလောင်းကြသည်ဖြစ်၍

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး


90


သူတို့ အားအသွေးကို တိုက်တော်မူပြီ။' ဗျာဒိတ်ကျမ်း ၁၆း၅-၆။
ဒီအချိန်မှာတော့ လူယုတ်မာတွေ အသေအလဲရေငတ်နေကြပါတယ်။ သွေးမှလွဲ၍သောက်စရာမရှိ သေဖိုပင်ရှိ တော့တယ်။
ဖြောင့်မတ်စွာကျင့်ကြံသောသူအတွက် ဂတိတော်ထားသည်မှာ


91

(ကျမ်းချက်။ ဟေရှာယ ၃၃း၁၆)
'. . . ထိုသူအား အစာကိုအစဉ်ပေးရလိမ့်မည်။ သောက်ရေလည်း မပြတ်ရ။' ဟေရှာယ ၃၃း၁၆


92

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၈-၉)
ထို့နောက် ကျမ်းစာပြောသည်မှာ စတုတ္ထကောင်းကင်တမန် သူ၏ဖလားကို သွန်းလိုက်ရာ
'စတုတ္ထကောင်းကင် တမန်သည် မိမိဖလားကိုနေပေါ်သို့ သွန်းလောင်းလျှင် နေသည် လူတို့ကိုမီးလောင်ရသော အခွင့်ကိုရ၏။'


93

'ပူအားကြီးသောအရှိန်ဖြင့် လူတို့သည် လောင်ခြင်းကိုခံရ၍ထိုဘေးဒဏ်တို့ကို အစိုးပိုင်တော်မူသော ဘုရားသခင်၏နာမတော်ကို ကျိန်ဆဲကြ၏။


94

ဘုရားသခင်ကို ချီးမွမ်းခြင်းအလို့ငှါ နောင်တမရကြ။' ဗျာဒိတ်ကျမ်း ၁၆း၈၊၉။
ထိုနောက်ပဉ္စမကောင်းကင်တမန်က သူ၏ဖလားကို သားရဲ၏ ဌါနချုပ်ပေါ်သွန်းလောင်းလိုက်သည်။


95

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၁၀-၁၁)
'ပဉ္စမကောင်းကင်တမန်သည် မိမိဖလားကို သားရဲ၏ပလ္လင်ပေါ်သို့သွန်းလောင်းလျှင်၊ သူ၏နိုင်ငံသည် မှောင်မိုက်အတိဖြစ်လေ၏။


96

နိုင်ငံသားတို့သည် ပင်ပန်းအားကြီးသည်နှင့် မိမိတို့လျှာကို ကိုက်ခဲကြ၏။


97

မိမိတို့ခံရသော ဝေဒနာနှင့်အနာစိမ်းများကြောင့် ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်ကို ကျိန်ဆဲကြ၏။'

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



98

မိမိတို့၏အကျင့်ကိုလည်း နောင်တမရကြ။' ဗျာဒိတ်ကျမ်း ၁၆း၁၀၊၁၁။



99

ဒီကျမ်းချက်ကိုကြည့်ခြင်းအားဖြင့် ဘေးဒဏ်များသည် နေရာအနှံ့ဖြစ်မည် မဟုတ်ပါ။ ခံစားရသည်နှင့်လည်း ချက်ခြင်းသေသွားခြင်းမရှိကြောင်းသိရပါတယ်။ အကြောင်းမှာ ပဉ္စမဘေးဒဏ်ကို ခံရသောသူများသည် ပထမ ဘေးဒဏ်ကို ဆက်လက်ခံစားနေရသော သူများဖြစ်ကြောင်းတွေ့ရသည်။
ဘေးဒဏ်များ တပြိုင်နက် မကျရောက်ဘဲ တခုပြီးတခုကျရောက်ကြောင်းသူတို့ရဲ့ အကျိုးအဆက်ကို ကြည့်ခြင်းဖြင့် ထင်ရှားပါတယ်။
ဆဌမပြစ်ဒဏ်သည် မဟာတိုက်ပွဲ အာမဂေဒုန်ပင်ဖြစ်သည်။



100

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၁၂-၁၄)
'ဆဌမကောင်းကင်တမန်သည် မိမိဖလားကို ဥဖရတ်မြစ်ကြီးပေါ်သို့သွန်းလောင်းလျှင်



101

အရှေ့မျက်နှာဘုရင်တို့သွားရာလမ်းကို ပြင်ဆင်စေခြင်းအလို့ငှါ ထိုမြစ်ရေသည် ခန်းခြောက်လေ၏။



102

ထိုအခါ နဂါး၏ခံတွင်းထဲကငှင်း၊



103

သားရဲ၏ခံတွင်းထဲကငှင်း၊ မိစ္ဆာပုရောဖက်၏ခံတွင်းထဲကငှင်း၊ ဘားကောင်ကဲ့သို့သော ညစ်ညူးသော ဝိညာဉ် သုံးပါးထွက်သည်ကို ငါမြင်၏။




104

နိမိတ်လက္ခဏာတို့ကိုပြသော နတ်ဆိုး၏ဝိညာဉ်ဖြစ်သတည်း။



105

ထိုဝိညာဉ်တို့သည် လောကီတနိုင်ငံလုံးတွင်ရှိသော ရှင်ဘုရင်တို့ထံသွား၏


106


အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏နေ့ကြီး၌စစ်တိုက်ခြင်းအလို့ငှါ စုဝေးစေကြ၏'
ဗျာဒိတ်ကျမ်း ၁၆း၁၂-၁၄
ဗျာဒိတ်ကျမ်း ၁၆း၁၆ ဆိုသည်မှာ


107


(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၁၆)
'ဟေဗြဲဘာသာအားဖြင့် အာမေဂေဒုန်အမည်ရှိသော အရပ်၌စုဝေးစေကြ၏။'
တကမ္ဘာလုံး၌ုတိုက်ပွဲနှင့်ပါတ်သက်ကြရသည်။
ယောဟန်ရေးထားသည်မှာ


108

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၉း၁၁၊၁၄-၁၅)
'ထိုအခါ ကောင်းကင်ဘုံဖွင့်လှစ်လျက်ရှိသည်ကို ငါမြင်လျှင်၊ မြင်းဖြူရှိ၏။


109


မြင်းစီးသောသူသည် သစ္စာဟူသောအမည်၊ သမ္မာတရားဟူသောအမည်ရှိသည်။ ထိုသူသည် တရားသဖြင့်စီရင် တတ်၏။ တရားသဖြင့်စစ်တိုက်တတ်၏။'


110

'ကောင်းကင်ဗိုလ်ခြေတို့သည် မြင်းဖြူကိုစီးလျက် စင်ကြယ်သောပိတ်ချောဖြူကို ဝတ်လျက်နောက်တော်သို့လိုက် ကြ၏။'


111

'လူမျိုးတို့ကိုဒဏ်ခတ်စရာဘို့ ထက်သောသန်လျက်သည် ခံတွင်းတော်ထဲကထွက်၏။


112

အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏ ဒေါသအမျက်တော်၏ စပျစ်သီးနယ်ရာ တန်ဆာကို ဖိနင်းတော်မူမည်။'
ဗျာဒိတ်ကျမ်း ၁၉း၁၁၊၁၄၊၁၅


113

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၁၇-၁၈၊ ၂၀-၂၁)
'သတ္တမကောင်းကင်တမန်သည် မိမိဖလားကို အာကာသကောင်းကင်ပေါ်သို့သွန်းလောင်းလျှင်

၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး



114

ပြီးပြီဟုကြီးသောအသံသည် ကောင်းကင်ဗိမာန်တော်၌ရှိသော ပလ္လင်တော်ထဲကထွက်၏



115

လျှပ်စစ်ပြက်ခြင်း၊ အသံမြည်ခြင်း၊ မိုးချုန်းခြင်း၊ ကြီးစွာသော မြေလှုပ်ခြင်းဖြစ်ကြ၏။



116

ကျွန်းရှိသမျှတို့သည် လွင့်ပြေးကြ၏။ တောင်များတို့သည် ကွယ်ပျောက်ကြ၏။



117

အချိန်အခွက်တဆယ်ရှိသော မိုယ်းသီးသည် ကောင်းကင်က လူတို့အပေါ်သို့ကျလေ၏။



118


ထိုမိုယ်းသီးဘေးဒဏ်အလွန်ကြီးသည်ဖြစ်၍ လူတို့သည် မိုယ်သီးဘေးဒဏ်ကြောင့် ဘုရားသခင်ကို ကျိန်ဆဲကြ၏။'
ဗျာဒိတ်ကျမ်း ၁၆း၁၇-၁၈၊၂၀-၂၁။


119

ပညာရှင်များက မိုးသီးတလုံးလျှင် ၅၆ ပေါင်လေးမည်ဟုယူဆကြသည်။
မိုယ်းသီးမုန်တိုင်းကြောင့်ဖြစ်ပေါ်မည့် အပျက်အစီးကို မည်သူမျှ ခန့်မှန်းနိုင်မည်မဟုတ်ပါ။


120

ကျမ်းစာတော်မြတ်ပြောထားတာကတော့ သခင်ခရစ်တော်ကိုယ်တိုင် ကောင်းကင်ဗိုလ်ခြေအခြံအရံများနဲ့ အတူကြွလာပြီး သူ့ရဲ့လူတွေကို ပုန်ကန်ထကြွနေတဲ့ ဂြိုလ်ကမ္ဘာမှ ကယ်နှုတ်တော်မူမယ်။


121

သို့သော် ဘေးဒဏ်များကျခါနီးတွင် ဘုရားသခင်၏ အကာအကွယ်တကယ်ရရှိအောင်ဘယ်လိုလုပ်ရမှာလဲ။
နည်းလမ်းတခုသာရှိပါတယ်။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး




122

အီဂျစ်တွင်နောက်ဆုံးဘေးဒဏ်ကို လွတ်မြောက်သွားကြသူများကိုကြည့်လျှင် သူတို့တတွေဘုရားအပေါ်မှာ သစ္စာရှိမှု ယုံကြည်မှုပြသည့် အနေနှင့်သိုး၏ အသွေးကို တခါးတိုင်တွင် ပက်ဖျန်းကြပါတယ်။ သုတ်သင်မည့်ကောင်းကင်တမန်ဖြတ်သွားသောအခါ ပျက်စီးခြင်းမှ လုံခြုံစွာနေခဲ့ရပါတယ်။ သူတို့တတွေဟာ ဘုရား၏ညွှန်ကြားချက်ကို လိုက်နာကြပြီးလိုအပ်သော ပြင်ဆင်မှုကိုလည်း ပြုလုပ်ထားကြပါတယ်။


123

နောက်ထပ်တခါ ဘုရား၏လူများက ဘုရာ၏သိုးသငယ်ကို သူတို့အတွက်ယဇ်အနေဖြင့်လက်ခံပြီး သူ၏သွေးတော်အားဖြင့် အပြစ်များကို ဆေးကြောခွင့်ပြုသောအခါ သူတို့ကို ဤဘေးဒဏ်တို့မှ လွတ်မြောက်စေမည်။


124

ကျွန်ုပ်တို့၏ အသက်တာပုံစံဖြင့် ယနေ့ကျွန်ုပ်တို့ မည်သည့်ဘက်တွင် ရှိသလဲဆိုတာ ပေါ်လွင်နေပါတယ်။ ဘုရားဘက်သို့မဟုတ်ပုန်ကန်တဲ့နတ် တမန်ဘက်မှာရှိတာလား။
မိတ်ဆွေ၊ သုတ်သင်ရှင်းလင်းဖျက်ဆီးမည့်ကောင်းကင်တမန် အလုပ်စပြီးမှ နေရာပြောင်းမည်ဆိုပါက သိပ်နောက်ကျသွားလိမ့်မည်။
ရဏာတံခါး ထာဝစဉ်ပိတ်လိုက်ပြီ။ ဘုရားဖက်မှာသင်မနေဘူးလား။ အသွေးတော်အားဖြင့် အကာအကွယ်အောက်မှာ ယခုမနေဘူးလား။
လူတို့ရည်ရွှတ်သောဝမ်းနည်းစရာအကောင်းဆုံးစကားကို ယေရမိ ၈း၂၀မှာတွေ့နိုင်ပါတယ်။



125

(ကျမ်းချက်။ ယေရမိ ၈း၂၀)
'အသီးအနှံသိမ်းရာကာလလွန်ပြီး နွေကာလကုန်ပြီ။ ငါတို့သည်ကယ်တင်ခြင်းသို့မရောက်ကြ။'


126

ပုံပြင်ကတော့ ဩစတျေးလျ သစ်ခုတ်သမားတဦးဟာတောစပ်မှာ အိမ်လေးတလုံးဆောက်နေတယ်။ မခန်းနားပေမဲ့ သူအတွက်ကတော့ နေစရာအိမ်ပေါ့။ တနေ့မှာ အလုပ်မှအိမ်သို့ပြန်ရောက်လာသောအခါ


127

သူ့အိမ်ကလေးဟာ မီးလောင်ကျွမ်းပြီး ပြာအပုံအနေနဲ့ ကြေကွဲအံ့အားသင့်စွာ တွေ့လိုက်ရတယ်။ ကျန်ရှိနေတာတွေက မီးသွေးဖြစ်သွားတဲ့တိုင်တွေ၊ သတ္တုတချို့မီးကျွမ်းထားလို့မည်းနေပါတယ်။ သူ့ကြက်ခြံရှိရာ ဘက်ကိုသွားမိတယ်။


128

တွေ့ရတာတွေကတော့ မီးလောင်တဲ့ပြာပုံ၊ ခာတ်ကြိုးတွေပါ။
လေးတွဲစွာဖြင့် အကျိုးအပဲ့တွေကြားမှ အကြောင်းမဲ့ရှုပ်တိုက်လျှောက်နေရာမှ အောက်ကိုစူးစိုက်ကြည်လိုက်တော့ မီးလောင်းထားတဲ့ ကြက်မွေးတွေ ကိုကန်ဖွကြည့်လိုက်တယ်။ ဘာဖြစ်သွားလဲလို့ သင်ထင်ပါသလဲ။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး


129

အမွေးနုနုလေးနဲ့ ကြက်ပေါက်လေး လေးကောင်ထွက်လာပါတယ်။ ချစ်ခြင်းမေတ္တာကြီးမားလှတဲ့ ကြက်အမေမ ကြီးရဲ့တောင်ပံဟာ အကာအကွယ်ပေးခဲ့ပါတယ်။
နှုတ်ကပတ်တော်ထဲတွင် သာယာနာပျော်ဘွယ်အဖြစ်ဆုံး၊ အဓိပ္ပါယ်အလေးနက်ဆုံး မှာ ဘုရားသခင်က သူ၏ သားသမီးများအတွက် ဘေးဒဏ်ကာလတွင် အရာခပ်သိမ်းပြုလုပ်ပေးလိုလှကြောင်း ဖေါ်ပြချက်ပင်ဖြစ်ပါတယ်။


130

(ကျမ်းချက်။ ဆာလံကျမ်း ၉၁း၁၊၄)
'အမြင့်ဆုံးသောဘုရား၏ ကွယ်ကာရာဌာနတော်၌နေသောသူ


131

အနန္တတန်ခိုးရှင်၏ အရိပ်ကို ခိုရလိမ့်မည်။


132


'အတောင်တော်အမွေးနှင့် ဖုံးအုပ်တော်မူ၏'လို့လည်းပြောထားပါတယ်။


133


သစ္စာတော်သည် သင်၏ဒိုင်းလွှားဖြစ်လိမ့်မည်။' ဆာလံကျမ်း ၉၁း၁၊၄
မှန်ပါတယ်။ ဘုရား၏နောက်တော်သို့လိုက်၍ရွေးချယ်သောသူတို့အဖို့ ဘုရားသခင်က အံ့ဩဘွယ်ကောင်းလှ သောအာမခံချက်ထားပေးပါတယ်။


134

(ကျမ်းချက်။ ဆာလံကျမ်း ၉၁း၅-၁၁)
'ညဉ့်အခါဖြစ်တတ်သော ဘေးကိုင်း၊ နေ့အချိန်၌ပစ်သောမြှားကိုင်း


135

မှောင်မိုက်ထဲမှ လည်တတ်သော ကာလနာကိုင်း၊ မွန်းတည့်ချိန်၌ဖျက်ဆီးတတ်သော ဥပါဒ်ကိုင်း သင်သည်မကြောက်ရ။


136

သင်၏အနားမှာ လူတထောင်၊ သင်၏လက်ျာဘက်မှာ လူတသောင်းလဲသော်လည်း သင့်ကို မထိမခိုက်ရ။

# ၂၃ – လာမည့်ဘေးဒုက္ခကိုကျော်လွှားနိုင်ရေး




137

သင်သည် ကိုယ်မျက်စိနှင့်ကြည့်၍ မတရားသောသူတို့၌ရောက်သော အဖြစ်ကိုမြင်ရုံမျှသာရှိလိမ့်မည်။


138

ထာဝရဘုရားသည် ငါ၏ခိုလှုံရာဖြစ်တော်မူ၏ဟု
သင်သည်ဆို၍အမြင့်ဆုံးသောဘုရား၌နေရာကျသောကြောင့်


139

သင်၌မကောင်းသော အနိဌရုပ်မကပ်မရောက်။ သင့်နေရာသို့ဘေးဥပါဒ်မချဉ်းရ။


140

ကောင်းကင်တမန်တို့အား သင့်အဘို့မှာထားတော်မူသည်'
ဆာလံကျမ်း ၉၁း၅-၁၁



141

(ဗီဒီယို။ ၁၅ စက္ကန့်)
ဒါထက်ခိုင်မာသော အာမခံချက်ရှိပါဦးမလား။
ဘေးဥပါဒ်ကျသောအခါတန်ခိုးကြီးမားသော အတောင်တော်အောက်မခိုဝင်ချင်ဘူးလား။
ပုန်းခိုစရာနေရာလုံးဝ မရှိတော့သောအခါ ကောင်းကင်ဘုံမှရှိတဲ့သင့်ခမည်းတော်က သင့်ကို
ဒုက္ခရောက်စဉ်မှကယ်တင်ကာကွယ်ဖို့ လိုလိုလားလားရှိပါတယ်။


142

သင်အသက်တာကို အပ်နှံမည်ဆိုလျှင် ကြက်မကြီးက ကြက်ကလေးတွေကို အတောင်အောက်မှာ
ကာကွယ်ထားသလို ဘုရားက သင့်ကို ကာကွယ်ထားမယ်။
သင်၏ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်ပါတယ်။ ကျွန်တော်ပြောရပါတယ်။ ဘုရားကတော့ သင့်အတွက်
သူပဲဆုံး ဖြတ်ပေးချင်တယ်။ သူနှင့်အတူထာဝရ အသက်ရှင်နေထိုင်သွားဖို့ သို့သော်
သူမဆုံးဖြတ်ပေးနိုင်ပါဘူး။
သင့်အတွက်ဆုံးဖြတ်ချက်ကို သင်တဦးတည်းသာ လုပ်နိုင်ပါတယ်။
မစောင့်နဲ့၊ အချိန်မဆွဲတော့နဲ့။ ခုဆုံးဖြတ်လိုက်ပါ။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း



1

စာတန်သွေးဆောင်ခြင်းမရှိတော့တဲ့အချိန်


2

အာတိတ်စက်ဝိုင်းကိုလေ့လာစူးစမ်းတဲ့ အဖွဲ့တဖွဲ့ဟာ ရိက္ခာတွေကုန်ခါနီးနောက်ဆုံးလက်ကျန်ကို စားသောက် ပြီးသွားပြီ။ သူတို့ရဲ့လောင်စာဆီတွေလဲနည်းနေပြီ။
အအေးဓာတ်က ပိုလာပြီး ကိုယ်တွေအေးစက်နေပါပြီ။
အားလုံးဟာ အဆိုးဆုံးကို ရင်ဆိုင်ဘို့ ပြင်ဆင်နေပါတယ်။
မကြာခင်သူတို့သေရတော့မယ်။
ဒီလိုလက်လျှော့နေတဲ့အချိန်မှာ


3

မိုးကုတ်စက်ဝိုင်းမှာ လွင့်လာတဲ့ မီးခိုးတန်းတခုကို တယောက်ကတွေ့လိုက်တယ်။
တယောက်က ရေဒီယိုဆက်သွယ်ရေးစက်ကနေအချက်ပြလိုက်တယ်။
သူတို့ကိုကယ်တင်မဲ့သူတွေလာနေပါပြီ။
အဲဒီမီးခိုးတန်းကလေးက စောင့်ဆိုင်းနေဘို့အားပေးမှုလေးတခုပါ။
သူတို့ရဲ့ဒုက္ခအခက်အခဲတွေ မကြာခင်ကျော်လွှားနိုင်တော့မယ်။
သူတို့ကိုကယ်မဲ့ အသက်ကယ်ယာဉ်ကို မကြာခင်တွေ့ပြီး အိမ်ကိုပြန်ရတော့မှာပါ။



4

ဗျာဒိတ်ကျမ်းထဲကလို မကြာခင် ကျွန်ုပ်တို့ကိုလာပြီး ကယ်တင်တော့မယ်။
အပြစ်ဒုက္ခထဲက မကြာခင်လွတ်မြောက်တော့မယ်။
စာတန်မာနတ်ကတော့ အကျဉ်းချခံရတော့မယ်။
ကျွန်ုပ်တို့လွတ်မြောက်ပြီး စာတန်ကတော့ ချုပ်နှောင်ခံရလိမ့်မယ်။
ကျွန်ုပ်တို့ကောင်းကင်မှာ ခရစ်တော်နဲ့တွေ့ဆုံမဲ့အချိန်စာတန်က ကမ္ဘာကြီးမှာ သံကြိုးနဲ့ခတ်ပြီး အကျဉ်းချခံရပါ မယ်။
ကျွန်ုပ်တို့ ထာဝရအသက်ကိုရပြီး စာတန်နဲ့အပေါင်းပါတွေ ထာဝရဖျက်ဆီးခြင်းကိုခံရမယ်။



5

(ဗီဒီယို။ ၁၃ စက္ကန့်)ရုံဖန်ရံခါ တချို့နေရာတွေမှာ မဖြစ်နိုင်တဲ့နှစ်ရှည်ထောင်ဒဏ်များကို တရားသူကြီးများအနေဖြင့် ပေးတတ်ပါ တယ်။ ဒါဘာကိုပြသလဲဆိုရင်တော့ လူအသိုင်းအဝိုင်းက ဒီရာဇဝတ်ကောင်အပေါ် မခံမရပ်နိုင်ဖွယ်အပြုအမူ အမျိုးမျိုးအပေါ်မှာ ဒေါသထွက်ကြောင်းပြတာဖြစ်တယ်။
သုံးသက်ထောင်ဒဏ်ချတာမျိုးတွေ၊ အသက် ၆၀ ကျော်မှ ထောင်ဒဏ် ၉၉ နှစ်ပေးခံရတာမျိုးတွေရှိပါတယ်။


6

ဒါဟာ တရားသူကြီးကသော်၄င်း၊ တရားရုံးကသော်၄င်း၊ အသိုင်းအဝိုင်းက လွန်ကြူးခံသော ရာဇဝတ်မှု အပေါ်မကျေနပ်မှုဖြစ်ပြီး အကြီးအကျယ်ဒေါသထွက်ကြောင်းကို ပြခြင်းဖြစ်တယ်။


7

မကြာမီတရားသူကြီးက ရာဇဝတ်ကောင်းတဦးအပေါ်မှာ နှစ်ပေါင်း ၁၀၀၀ နှစ်ရှည်ထောင်ဒဏ် ချတော့မယ်ဆိုတာ သင်သတိထားမိရဲ့လား။ သူဟာ ထောင်ဒဏ်ရဲ့ရက်တိုင်း ကိုခံရမယ်။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း


8

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၀း၁-၃ )ကျမ်းစာရဲ့ရေးသားချက်အရ 'တဖန် ကောင်းကင်တမန်သည်
အနက်ဆုံးသောတွင်း၏ သော့နှင့်သံကြိုးကြီးကို ကိုင်လျက်ကောင်းကင်က ဆင်းသက်သည်ကို ငါမြင်၏။


9

ရှေးမြွေဟောင်း၊ မာရ်နတ်စာတန်တည်းဟူသော နဂါးကို ကိုင်ဘမ်း၍ အနှစ်တထောင်ချည်နှောင်လေ၏။


10

အနှစ်တထောင်မကုန်မှီတိုင်အောင်၊ လူအမျိုးမျိုးတို့ကို မလှည့်ဖြားရမည်အကြောင်း၊


11

အနက်ဆုံးသောတွင်းထဲသို့ ချပစ်လှောင်ထား၍ တံဆိပ်ခတ်လေ၏။


12

အနှစ်တထောင်ကုန်ပြီးမှ တဖန်ခဏလွှတ်ရဦးမည်။'
ဗျာဒိတ်ကျမ်း ၂၀း၁-၃


13

ကမ္ဘာပေါ်မှာ ရှိသမျှရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တဲ့ စကြဝဠာတခုလုံးမှာ နာမည်အကြီးဆုံး
ရာဇဝတ်ကောင် ကြီးကို ဘုရားက ဘယ်လိုကိုင်တွယ်မယ်ဆိုတာ တွေ့ရမယ်။
ဒီရာဇဝတ်ကောင်ကြီးဟာ မကြာမှီနှစ်ပေါင်း ၁၀၀၀ ထောင်ချခံရမှာပါ။ စုတ်ပြတ်ပြီး ပျက်စီးနေမဲ့နေရာမှာ
နှစ်ပေါင်း ၁၀၀၀ နေရမယ်ဖြစ်ပါတယ်။
နှစ်ပေါင်း (၁၀၀၀) အပြစ်ဒါဏ်ကို မကြာခင်စာတန်ခံရမှာပါ။
စကြာဝဠာ တခုလုံးရဲ့ အဆိုးဝါးဆုံးအပြစ်ဒါဏ် နှစ်တထောင်ကိုခံရမည်။
ဒီလိုအချိန်ကိုနှစ်ပေါင်း ၁၀၀၀ (ဝါ) မိလေနိကပ်ကာလလို့ခေါ်ပါတယ်။


14

မိလေနီကာလဆိုတာဘာလဲ?

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း




15

ဒီနှစ်ပေါင်း ၁၀၀၀ ကာလကို မိလေနိကာလ ဆိုတဲ့ လေတင်ဘာသာအရ မီလီ ဆိုတာ ၁၀၀၀ လို့ အဓိပ္ပါယ်ရှိပြီး အန္နမ် ကိုတော့ နှစ်လို့ဆိုလိုပါတယ်။


16

အနာဂါတ်ဟောကြားချက်အရ စာတန်မာရ်နတ်ဟာ အကျဉ်းချခံရမယ်။



17

နှစ်ပေါင်း ၁၀၀၀ အကျဉ်းချခံရမယ်။ ပြီးနောက် ခေတ္တပြန်လွှတ်ပေးမယ်။
ဒီလိုပြန်လွှတ်ပေးရတဲ့အကြောင်းက တော့ စာတန်ဟာ နှစ်ပေါင်း ၁၀၀၀ အကျဉ်းချခံရသော်လည်း မရှိကြောင်းကမ္ဘာကို ပြဖို့ဖြစ်တယ်။
ဒီပရောဖက်အနာဂတ္တိစကားကို ကောင်းစွာ နားလည်ပြီးငှင်း၏အရေးကြီးပုံကို သိဖို့ရန် ဒီအနာဂတ္တိစကားဟာ ဘယ်လိုစပြီးဘယ်လိုဆုံးပုံနဲ့ ဒီကာလအတွင်းမှာ ဘာတွေဖြစ်သလဲဆိုတဲ့အကြောင်းကို ရှာကြည့်ရမယ်။



18

ကျွန်တော်ကြေညာချက်တခုလုပ်မယ်။ ပြီးနောက် ကျွန်တော်ပြောခဲ့တဲ့ အရာဟာ မှန်ကြောင်းအထောက်အထား ပြမယ်။ နှစ်ပေါင်း ၁၀၀၀ ဟာ ထမြောက်ခြင်းနှစ်ခုကြားမှာရှိမယ်။



19

၁။ နှစ်ပေါင်းတထောင်ရဲ့ ချိန်ရဲ့အစမှ ထမြောက်တာကတော့ အသက်ရှင်ခြင်းသို့ဖြစ်ပြီး



20

၂။ နှစ်ပေါင်းတထောင်ရဲ့အဆုံးမှာထမြောက်ခြင်းကိုတော့ ကျိန်စာထိသော ထမြောက်ခြင်းလို့ခေါ်ပါတယ်။



21

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၅း၂၅)
တပည့်တော်များကို သေခြင်းနဲ့ပတ်သက်ပြီးသွန်သင်ရင်း ခရစ်တော်က ‘ငါအမှန်အကန်ဆိုသည်ကား၊ အချိန်ကာလသည် လာ၍ယခုပင်ရောက်လျက်ရှိ၏။’

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း



22

'သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကိုကြား၍၊ ကြားသောအားဖြင့် အသက်ရှင်ရမည်။' ယောဟန် ၅း၂၅။
သေလွန်သောသူတွေဟာ သူ့အသံကို ကြားတဲ့အခါမှာ ထမြောက်လာမယ်။
သေသူတွေအားလုံးထမြောက်လာ မယ်။
ကျွန်တော်သိတယ်။ တချို့တော့အံ့အားသင့်မယ်။ ဘာကြောင့်လဲဆိုတော့ အချို့က ထင်တယ်၊ သန့်ရှင်းသောသူ တွေဟာ ထမြောက်မယ်လိုကထင်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ခရစ်တော်ပြောတာကို နားထောင်ကြည့်ပါ။



23

(ကျမ်းချက်။ ယောဟန် ၅း၂၈၊၂၉)
ဤအမှုအရာကို အံ့ဩခြင်းမရှိကြနှင့်၊ သင်္ချိုင်းများမှာ ရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကို ကြား၍



24

ထွက်ရမည့်အချိန်ကာလရောက်လတ့ံ။ ကောင်းသောအကျင့်ကိုကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့၄င်း၊



25

ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့၄င်း ထွက်ရကြလတ့ံ။'
ရှင်ယောဟန်ခရစ်ဝင် ၅း၂၈၊၂၉



26

(ဗီဒီယို။ ၄ စက္ကန့်) ရှင်ပြန်ထမြောက်ခြင်းနှစ်မျိုးကို သတိပြုပါ။
ပထမထမြောက်ခြင်းက ကောင်းသောသူတွေရဲ့ ထမြောက်ခြင်း၊
ဒုတိယ ထမြောက်ခြင်းက အပြစ်ဒါဏ်ခံရဘို့ထမြောက်ခြင်း။


27

ပထမထမြောက်ခြင်းနဲ့ပတ်သက်ပြီး သမ္မာကျမ်းစာက ဘာပြောထားသလဲဆိုတာကို ကြည့်ရအောင်



28

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၀း၅၊၆)
'ဤထမြောက်ခြင်းကား၊ ပဌမထမြောက်ခြင်းဖြစ်သတည်း။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း




29

ပဌမထမြောက်ခြင်းကို ဝင်စားသောသူသည် မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူဖြစ်၏။
ထိုသို့သောသူသည် ဒုတိယသေခြင်း၏ လက်နှင့်ကင်းလွတ်လျက်


30

ဘုရားသခင်၏ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ ယဇ်ပုရောဟိတ်ဖြစ်၍ အနှစ်တထောင်ပတ်လုံး ခရစ်တော်နှင့်
အတူစိုးစံရကြလိမ့်မည်။'
ဗျာဒိတ်ကျမ်း ၂၀း၅၊၆


31

ဒီအချက်ဟာ ပေါလုက သက်သာလောနိအသင်းသားတွေကိုပြောတဲ့စကားနဲ့တူပါတယ်။
ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကို ပေါလုက ရှင်းပြထားတယ်။


32

(ကျမ်းချက်။ သက်သာလောနိတ်ဩဝါဒစာ ပဌမစောင် ၄း၁၆၊၁၇)
'ဘုရားသခင်သည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏တန်ပိုးတော်ကို
မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍


33

ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။


34

ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌
သခင်ဘုရားထံတော်သို့ရောက်စေ ခြင်းငှါ ထိုသူတို့နှင့်အတူ
မိုယ်းတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့်


35

သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။' ငယ် ၁၆၊ ၁၇


36

ဘယ်လောက်အံ့ဩစရာကောင်းတဲ့ ရှင်ပြန်ထမြောက်ခြင်းလဲ။
ခရစ်တော်၌သေလွန်သောသူများ ပထမထမြောက်ပြီး ကောင်းကင်လေထုထဲမှာ ခရစ်တော်နဲ့ဆုံကြမယ်။


# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း


37

(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅)
အဲဒီနေ့မှာ ခရစ်တော်ရဲ့ 'ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်' ဂတိတော် ပြည့်စုံလာပါလိမ့်မယ်။
ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅


38

ဟုတ်တယ်။ အမှန်တရား၌သေလွန်သော သူများဟာ ခရစ်တော်ပြန်ကြွလာတဲ့အခါ သူတို့ရဲ့ သင်္ချိုင်းတွေကနေ ရှင်ပြန်လာလိမ့်မယ်။


39

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၂၆း၁၉)
ပရောဖက်ဟေရှာယက 'မြေမှုန့်၌နေသောသူတို့၊ နိုး၍သီချင်းဆိုကြလော့။. . . မြေသည်လည်း မိမိသချိုင်းသား တို့ကို ထုတ်ဘော်ရပါလိမ့်မည်။' လို့ဖော်ပြထားတယ်။
ဘယ်လောက်ပျော်ရွှင်စရာနေ့ဖြစ်မလဲ။


40

သေဆုံးသွားတဲ့ကလေးတွေနဲ့ မိခင်တွေပြန်တွေ့ကြမယ်။
အကြင်လင်မယားတွေပြန်တွေ့ကြမယ်။
သေဆုံးသွားတဲ့သားသမီးနဲ့မိဘတွေပြန်တွေ့ကြမယ်။
အဲဒီမြင်ကွင်းထက်ကောင်းတဲ့ မြင်ကွင်းရှိပါ့မလား။


41


(ကျမ်းချက်။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၂၊၃)
အဲဒီအချိန်မှာ ခရစ်တော်ပေးခဲ့တဲ့ ဂတိတော် 'သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှါ ငါသွား၏။


42

ငါသည် သွား၍သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍


43

ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှါ သင်တို့ကိုငါထံသို့သိမ်းဆည်းမည်။
ရှင်ယောဟန်ခရစ်ဝင် ၁၄း၂၊၃
ကယ်တင်ခြင်းခံရသူတွေဒီမှာ ထောင်စုတခုနေရလိမ့်မယ်။


44

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၀း၆)
တို့တွေ ဘာတွေလုပ်ကြမှာလဲ။ ရှင်ယောဟန်က 'ပဌမထမြောက်ခြင်းကိုဝင်စားသောသူသည် မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူဖြစ်၏။ ထိုသို့သောသူသည် ဒုတိယသေခြင်း၏လက်နှင့်ကင်းလွတ်လျက်၊

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း




45

ဘုရားသခင်၏ယဇ်ပရောဟိတ်၊ ခရစ်တော်၏ယဇ်ပရောဟိတ်ဖြစ်၍ အနှစ်တထောင်ပတ်လုံး ခရစ်တော်နှင့် အတူစိုးစံရကြလိမ့်မည်။' ဗျာဒိတ်ကျမ်း ၂၀း၆။
ခရစ်တော်နဲ့သူ့နောက်လိုက်များရဲ့ ပျော်ရွှင်စရာမိတ်သဟာယဖွဲ့မှုကို ရှင်ယောဟန်က ရှင်းပြထားပါတယ်။




46

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၀း၄)
'ပလ္လင်များကိုလည်းငါမြင်၏။ ပလ္လင်ပေါ်မှာ ထိုင်သောသူတို့သည် တရားစီရင်ရသော အခွင့်ကိုရကြ၏။' ဗျာဒိတ်ကျမ်း ၂၀း၄။
အနန္တ ဉာဏ်တော်၊ အနန္တတန်ခိုးနှင့်ပြည့်စုံသော စကြာဝဠာရဲ့ဘုရားသခင်က အင်အားချိနဲ့တဲ့ လူယောကျာ်း၊ လူမိန်းမတွေကို ကျဆုံးသွားသော ကောင်းကင်တမန်များနှင့်ကယ်တင်ခြင်းကို မခံစားရသော လူသားများကို တရားစီရင်ဘို့ လုပ်ငန်းကြီးမှာ ထည့်ဝင်အသုံးပြုတာဖြစ်တယ်။





47

(ကျမ်းချက်။ ကောရိန်သုဩဝါဒစာပထမစောင် ၆း၂၃)
ရှင်ပေါလုက 'သန့်ရှင်းသူတို့သည် လောကီနိုင်ငံကို တရားစီရင်မည်ဟု မသိကြသလော။. . .




48

ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်မည်ဟု မသိကြသလော။'
ကောရိန်သုဩဝါဒစာပထမစောင် ၆း၂၃




49

ဘုရားဟာ တရားမျှတသော ကောင်းမြတ်တော်မူတယ်ဆိုတာလက်ခံလာကြမယ်။
စာတန်ဟာ ဘုရားသခင်ရဲ့ မကောင်းမှုဆိုတာ လူတွေကိုပြဘို့ကြိုးစားတယ်။
ဒီနှစ်ပေါင်း (၁၀၀၀) ဟာ စကြာဝဠာ တခုလုံးရှေ့မှာ ဘုရားသခင်ဟာကြီးမြတ်ကြောင်းပေါ်လွင်လိမ့်မယ်။
ဒါပေမဲ့၊ ဆိုးသွမ်းတဲ့လူတွေကို ဘယ်လိုတရားစီရင်မလဲ။
ခရစ်တော်ပြန်ကြွမလာခင် သူတို့တွေသူတို့တွေ တရားစီရင်ခြင်းခံခဲ့ရပြီမဟုတ်လား။



50

ကောင်းကင်ကိုရောက်တော့ ကယ်တင်ခြင်းခံရမယ်လို့ တထစ်ချသင်မျှော်လင့်ထားတဲ့ သူတွေကို မတွေ့ဘူး။
ဒီသူတွေဟာ ထာဝရပျောက်ဆုံးခြင်းသို့ ရောက်သွားပြီးလို့ သိလာတဲ့အခါမှာ သင်ဘယ်လိုတုံ့ပြန်မလဲ။
သင်ဟာ ဘုရားရဲ့တရားမျှတမှုကို မေးခွန်းထုတ်ကောင်းထုတ်ပါလိမ့်မယ်။



51

နှစ်တထောင်အတွင်းလူတစ်ယောက်စီရဲ့မှတ်တမ်းကို ဖွင့်တဲ့အခါ လျှို့ဝှက်ချက်ကို သိလာလိမ့်မယ်။
ဘုရားသခင်ရဲ့ မေတ္တာနဲ့ကြင်နာတရားဟာ အားလုံးအတွက် မျှတပါတယ်။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း



52

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၆း၇)
မှတ်တမ်းတွေကို စစ်ဆေးလေ့လာတဲ့သူတိုင်း တခုတည်းသောတုံ့ပြန်မှုကိုပေးကြလိမ့်မယ်။
'အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရဘုရားသခင်၊ ကိုယ်တော်စီရင်တော်မူခြင်း အရာတို့သည် ဟုတ်မှန် ဖြောင့်မတ်ကြပါ၏'
ဗျာဒိတ်ကျမ်း ၁၆း၇


53

အဲဒီအချိန်မှာ ကယ်တင်ခြင်းကိုလက်မခံတဲ့သူတွေဘာဖြစ်မလဲ။
ဗျာဒိတ်ကျမ်း ၁၉ က ဒုတိယအကြိမ်ကြွလာတဲ့အခါ ဘယ်သူတွေဖျက်ဆီးခံရမလဲဆိုတာ ပြောထားပါတယ်။



54

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၁၉း၂၁)
'ကြွင်းသောသူတို့သည် မြင်းစီးတော်မူသောသူတို့၏ ခံတွင်းတော်ထဲကထွက်သော



55


'သန်လျက်နှင့် ကွပ်မျက်ခြင်းကို ခံရကြ၏။' ဗျာဒိတ်ကျမ်း ၁၉း၂၁


56

မယုံကြည်သူတွေလဲ ခရစ်တော်ဒုတိယအကြိမ်ကြွလာတဲ့အခါ ဘုန်းတော်ရှေ့မှာ မရပ်တည်နိုင်ပါဘူး။


57

ကောင်းကင်တမန်တပါး ခရစ်တော်ရဲ့ သင်္ချိုင်းဂူကိုဖွင့်တဲ့အခါ ရောမစစ်သည်များ သေဆုံးသွားကြသလို ဖြစ်မှာပါ။



58

(ကျမ်းချက်။ ယေရမိအနာဂတ္တိကျမ်း ၂၅း၃၃)
သမ္မာကျမ်းစာက 'ထိုအခါ ထာဝရဘုရားကွပ်မျက်တော်မူခြင်းကိုခံရသောသူတို့သည် မြေကြီးတဘက်မှတဘက် တိုင်အောင် နှံ့ပြားကြလိမ့်မည်။



59

သူတို့ကို မမြည်တမ်းရ၊ မစုမပုံရ၊ မသင်္ဂြိုဟ်ရ၊ မြေပေါ်မှာမစင်ကဲ့သို့ဖြစ်လိမ့်မည်။'
ယေရမိအနာဂတ္တကျမ်း ၂၅း၃၃။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း


60

ခရစ်တော်ဒုတိယအကြိမ်ကြွလာတဲ့အခါ ဖြောင့်မတ်သူတွေရှင်ပြန်ထမြောက်ပြီး မိုးကောင်းကင်မှာ ခရစ်တော်နဲ့ ဆုံတွေ့ကြမယ်။



61

ကယ်တင်ခြင်းမခံရသူတွေ ဒီအလင်းရောင်မြင်တဲ့အခါ ကိုယ့်ကိုယ်ကိုသေကြောင်းကြံကြမယ်။ တချို့ကမေးလိမ့်မယ်။ သင်္ချိုင်းထဲမှာရှိတဲ့ ဆိုးသွမ်းသူတွေရော။ အဖြေကို ဗျာဒိတ် ၂၀ မှာ တွေ့ရတယ်။



62

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၀း၅)
'ကြွင်းသောလူသေတို့သည် ထိုအနှစ်တထောင်မကုန်မှီ အသက်မရှင်ရကြ။ . . .'


63

ဉာဏ်စမ်းရည်စမ်းသပ်သည့် ပဟေဠိကို အကွက်ဖေါ်လို့ရပြီး။ ခရစ်တော်ကြွလာတဲ့အခါမှာ ဘာဖြစ်မလဲဆိုတာ ရုပ်လုံးပေါ်လာပါပြီ။


64

ဒီအဖြစ်အပျက်တွေဟာ ခရစ်တော်ကြွလာတဲ့အခါ အမှန်ဖြစ်ပျက်လိမ့်မယ်။


65

၁။ ယေရှုသည် သန့်ရှင်းသောကောင်းကင်တမန်အားလုံးနှင့် ပြန်ကြွလာမယ်။ (မဿဲ ၂၅း၃၁)


66

၂။ ခရစ်တော်၌သေလွန်သူတို့သည် အဦးထမြောက်ကြလိမ့်မယ်။
(၁ သက် ၄း၁၆)


67

၃။ အသက်ရှင်လျက်ရှိသော ကယ်တင်ခြင်းခံရသူတို့သည် ခရစ်တော်နှင့်မိုးယံးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရပြီး သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေကြလိမ့်မယ်။ (၁ သက် ၄း၁၇)

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း




68

၄။ ကယ်တင်ခြင်းခံရသူတို့ဟာ ခရစ်တော်နှင့်အတူ အိမ်တော်သို့သွားကြပြီးနောက် သူနှင့်အတူ နှစ်ပေါင်းတထောင် စိုးစံကြမယ်။ (ဗျာဒိတ် ၂၀း၄၊၆)



69

၅။ ကယ်တင်ခြင်းမခံရသောသူတို့ဟာ ခရစ်တော်ရဲ့ကြွလာခြင်းဘုန်းရောင်ခြည်အားဖြင့် သေကြရမယ်။ (ယေရမိ ၂၅း၃၃)



70

၆။ သေခြင်း၌ရှိသော ဆိုးသွမ်းသူများဟာ နှစ်ပေါင်း ၁၀၀၀ မဆုံးမခြင်း မထမြောက်ကြပါ။ (ဗျာဒိတ် ၂၀း၅)




71

၇။ စာတန်ကို နှစ်ပေါင်း (၁၀၀၀) သံကြိုးနဲ့ ခတ်ပြီး အကျဉ်းချထားတယ်။ ဘယ်သူ့ကိုမှ လှည့်ဖြားလို့ မရတော့ဘူး။ (ယေရမိ ၄း၂၃-၂၆)



72

ဖြောင့်မတ်သူတွေ ကောင်းကင်မှာရှိပြီး၊ ဆိုးသွမ်းသူများအားလုံး သေနေကြမယ်။
တယောက်မှ ကမ္ဘာပေါ်မှာ မရှိတော့ဘူး။
နေရာတိုင်းမှာ ပျက်စီးခြင်းတွေတွေ့နေရမယ်။ (ယေရမိ ၄း၂၃-၂၆)



73

ကမ္ဘာကြီးဟာ စာတန်ရဲ့ အကျဉ်းချခံ ထောင်ကြီးတခုဖြစ်မယ်။
ကျမ်းစာအရ စာတန်ဟာ တွင်းကြီးထဲမှာ နှစ် (၁၀၀၀) ဒါဏ်ခတ်ခြင်းခံရမယ်။
ပတ်ဝန်းကျင်အခြေအနေက သူ့အားနှစ်တထောင် ချည်ထားတဲ့အတွက် ဘယ်သူ့ကိုမှ သွေးဆောင်ဖျက်ဆီးလို့ မရနိုင်တော့ဘူး။



74

စာတန်နောက်ကိုလိုက်တဲ့ လူတွေလဲ သူတို့ရဲ့သင်္ချိုင်းအသီးသီးမှာ နှစ်တထောင်ပြီးတဲ့ အထိနေရလိမ့်မယ်။



75

ကယ်တင်ခံရသူတွေ ခရစ်တော်နဲ့ နှစ် (၁၀၀၀) အတူရှိမယ်။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း


76

စာတန်မာနတ်ဟာ သူ့စုံစမ်းဘို့ သူ့ရဲ့နတ်ဆိုးတွေသာ ရှိတော့မယ်။ သူ့ရဲ့နောက်လိုက်တွေဟာလည်း သူ့လိုဘဲဆိုးမြဲဆိုးနေကြမှာပါ။


77

ကမ္ဘာကြီးဟာ သူ့ရဲ့အကျဉ်းထောင်တခုဖြစ်လာမယ်။ အာဒံနဲ့ဧဝကို
စာတန်မာနတ်လှည့်ဖျားသွေးဆောင်ပြီးတော့ ဒီကမ္ဘာကြီးအုပ်စိုးရန်ကြိုးစားပါတယ်။ သူဟာ
ဘယ်လိုစိုးမိုးအုပ်ချုပ်သူလဲဆိုတာတွေ့ရပါလိမ့်မယ်။


78

(ကျမ်းချက်။ ဗျာဒိတ် ၂၀း၃)
ဗျာဒိတ်ကျမ်း ၂၀း၃ မှာ ပြောထားတာကို သင် သတိယလိမ့်မယ်။
'အနက်ဆုံးသောတွင်းထဲသို့ ချပစ်လှောင်ထား၍ တံဆိပ်ခတ်လေ၏။


79

အနှစ်တထောင်မကုန်မှီတိုင်အောင် လူအမျိုးမျိုးတို့ကို မလှည့်ဖြားရမည်အကြောင်း



80

အနှစ်တထောင်ကုန်ပြီးမှ တဖန်ခဏလွှတ်ရဦးမည်။
အနက်ဆုံးသောတွင်း ဟုဆိုရာတွင် အဘတ်ဆို့စ် ဆိုသောစကားကို သုံးထားပါတယ်။
ဓမ္မဟောင်းကျမ်းတွင် ×စကားဟာ ဘယ်လိုအဓိပ္ပါယ်ရှိသလဲဆိုလျှင် ပူပ်ထွေးပွေလီသောကမ္ဘာကြီးကို
ဆိုလိုပါတယ်။


81

(ကျမ်းချက်။ ယေရမိ ၄း၂၃)
ငါသည် မြေကြီးကိုကြည့်ရှု၍ လွတ်လပ်လဟာဖြစ်၏။ မိုယ်းကောင်းကင်ကိုလည်း ငါကြည့်ရှု၍ အလင်းမရှိ။
'

ယေရမိ ၄း၂၃။



82

ကမ္ဘာကြီးဟာ အခြေမရှိတဲ့ တွင်းနက်ကြီးဖြစ်တယ်။ မှောင်မိုက်ဖုံးလွှမ်းနေမယ်။ ယေရမိပရောဖက်က
အဲဒီအချိန်မှာ ကမ္ဘာကြီးကို ဘယ်လိုမြင်ခဲ့သလဲ။


83

(ကျမ်းချက်။ ယေရမိ ၄း၂၄၊၂၅)
'တောင်တို့ကိုလည်း ငါကြည့်ရှု၍ သူတို့နှင့်တကွ ကုန်းရှိသမျှတို့သည် တုန်လှုပ်လျက်နေကြ၏။'

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း



84

ငါကြည့်ရှု၍ လူမရှိ။ မိုယ်းကောင်းကင်ငှက်အပေါင်းတို့သည် ပြေးကြပြီ။'
ယေရမိ ၄း၂၄၊ ၁၅
လူတဦးတယောက်မှမရှိဘူးဆိုတာရှင်းပြခဲ့တယ်။



85

(ကျမ်းချက်။ ယေရမိ ၄း၂၆)
'ငါကြည့်ရှု၍ ဝပြောသောပြည်သည် တောဖြစ်လေပြီ။



86

မြို့များတို့သည် ပြိုပျက်လျက်ရှိကြ၏။ ထာဝရဘုရားရှေ့ ပြင်းစွာသော အမျက်တော် ရှေ့၌ ထိုသို့သော အခြင်း အရာတို့သည် ဖြစ်ရကြ၏။' ငယ် ၂၆၊၂၇



87

ဒီလိုနေရာမျိုးမှာ ဘယ်သူနှစ်ပေါင်းတထောင်အားလပ်ခွင့်ယူချင်မှာလဲ။
စာတန်မာရ်နတ်နဲ့သူရဲ့ဆိုးသွမ်းသူတွေ ဘာမျှလုပ်စရာမရှိဘဲ၊ အမှောင်ထဲမှာ လမ်းလျှောက်နေကြမယ်။
ဒီကမ္ဘာ ကြီးဟာ အထီးကျန်ဖြစ်နေမယ်။ ဒါဟာ ပုန်ကန်မှုရဲ့ရလဒ်ပါ။



88

နှစ်ပေါင်းတစ်ထောင်အတွင်း ဘာတွေဖြစ်မလဲဆိုတာပြန်ပြီးသုံးသပ်ကြည့်မယ်။



89

၁။ ကမ္ဘာကြီးက ပျက်စီးခြင်းကို ရောက်မယ်။



90

၂။ ကယ်တင်ခြင်းမခံရတဲ့ သူတွေ ခရစ်တော်ဒုတိယအကြိမ်ကြွလာတဲ့ အခါမှာတောက်ပသော ရောင်ခြည်ကြောင့်သေကုန်ကြမယ်။



91

၃။ ကယ်တင်ခံရသူတွေ ခရစ်တော်နဲ့အတူကောင်းကင်မှာ အတူရှိမယ်။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း


92

၄။ စာတန်ဟာ သူ့ရဲ့ မကောင်းမှုအတွက် အမှောင်ထဲမှာ ချည်နှောင်ထားခြင်း ခံရမယ်။


93

စာတန်ပြောင်းလဲမလား။
နောက်လိုက်တွေရောပြောင်းလဲမလား။
နောက်လိုက်တွေ စာတန်နောက်ကိုဆက်လိုက်မလား။
ခရစ်တော်နောက်ကို လိုက်ကြမလား။
ဘုရားသခင်ရဲ့နှစ် (၁၀၀၀) အချိန်က စာတန်နဲ့သူရဲ့နောက်လိုက်တွေကို အခွင့်အရေးပေးတယ်ဆိုတာ စကြဝဠာ တခုလုံးကို ပြသခြင်းပါဘဲ။
ဒီဆုံးဖြတ်ချက်ကတော့ ပြောင်းမှာမဟုတ်ပါဘူး။ သူတို့ရဲ့သခင်နောက်ကိုဘဲလိုက်ကြမှာပါ။


94

သူတို့ အခွင့်အရေးအခါတထောင်ရသော်လည်း ကယ်တင်ခြင်းစီမံကိန်းကို လက်ခံမှာ မဟုတ်ဘူး။


95

သူတို့ရွေးချယ်မှုများအကြောင်း သမ္မာကျမ်းစာက ဘယ်လိုပြောထားလဲ။


96

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၀း၇၊၈)
ဗျာဒိတ်ကျမ်း ၂၀း၇၊၈ ကဒီလိုပြောပါတယ်။
'ထိုအနှစ်တထောင်ကုန်ပြီးမှ စာတန်သည် ထောင်ထဲကလွတ်သော အခွင့်ကိုရ၍


97

မြေကြီးလေးမျက်နှာပေါ်မှာ နေသော လူအမျိုးမျိုးတို့ကို လှည့်ဖြားအံ့သောငှါ၊


98

စစ်တိုက်ဘို့စည်းဝေးစေခြင်းငှါ ၄င်း တက်လိမ့်မည်။' ဗျာဒိတ်ကျမ်း ၂၀း၇၊၈
ဒီလူစုဘယ်ကလာသလဲဆိုတာ သင်တွေးနေလိမ့်မယ်။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း


99

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၀း၅) ဒီကျမ်းချက်အရ
'ကြွင်းသောလူသေတို့သည် ထိုအနှစ်တထောင်မကုန်မှီ အသက်မရှင်ရကြ။ . . .'


100


အာဒံအချိန်ကစတဲ့ ဆိုးယုတ်သူတွေဖျက်ဆီးခံရဘို့အတွက် ပြန်ရှင်ကြလိမ့်မယ်။ ကယ်တင်ခြင်းမရလို့ သေတဲ့လူတွေဟာ နှစ်ပေါင်း ၁၀၀၀ အဆုံးမှာ အပြစ်ဒဏ်စီရင်ခြင်းခံရမဲ့ ထမြောက်ခြင်း သို့ ထမြောက်လိမ့်မယ်။ အာဒံအချိန်မှာ ခရစ်တော်ဒုတိယကြွလာတဲ့အထိရှိခဲ့တဲ့ ဆိုးသွမ်းသူတွေဟာ ဒီအချိန် မှာ ထမြောက်ကြမယ်။ လူတွေဘယ်လောက်များမလဲဆိုတာကြည့်ပါ။


101

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၀း၈)
ရှင်ယောဟန်ပြောထားတာက 'အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှများသော'
ဗျာဒိတ်ကျမ်း ၂၀း၈


102

တချိန်ထဲမှာ သန့်ရှင်းတဲ့ယေရုရှလင်မြို့သစ်၊ သန့်ရှင်းသူတို့နဲ့ခရစ်တော်ဟာ ကမ္ဘာကြီးကို ပြန်လာကြမယ်။ မြို့ကြီးဟာ စာတန်ရဲ့ဖျက်ဆီးခံရာပစ်မှတ်ဖြစ်မယ်လို့ ကျမ်းစာက ဆိုထားတယ်။


103

(ကျမ်းချက်။ ဗျာဒိတ် ၂၀း၇၊၈)
'ထိုအနှစ်တထောင်ကုန်ပြီးမှ စာတန်သည် ထောင်ထဲက လွတ်သောအခွင့်ကိုရ၍


104

. . . မြေကြီးလေးမျက်နှာပေါ်မှာနေသော လူအမျိုးမျိုးတို့ကို လှည့်ဖြားအံ့သောငှါ. . .


105

စစ်တိုက်ဘို့စည်းဝေးစေခြင်းငှါငှင်း တက်လိမ့်မည်။'
ဗျာဒိတ်ကျမ်း ၂၀း၇၊၈။


106

ယခုစာတန်နှင့်ဆိုးသွမ်းသော ကောင်းကင်တမန်တွေဟာ လူဆိုးတွေကို သွေးဆောင်ရန်ထွက်သွားကြတယ်။ စာတန်ဟာ လုံးဝမပြောင်းလဲပါဘူး။ ဆိုးယုတ်သူတွေဟာ ယေရုရှလင်မြို့သစ်ကို အားသုံးပြီးသိမ်းပိုက်ရန် ကြံစည်နေတယ်။ ဒါဟာ ကမ္ဘာကြီးရဲ့နောက်ဆုံးတိုက်ပွဲကြီးဖြစ်ပါလိမ့်မယ်။ စာတန်ဟာ လူဆိုးများကို ဦးဆောင် ပြီးမြို့တော်ရှိရာသို့ချီတက်လာတယ်။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း


107

သမ္မာကျမ်းစာက ဘာဖြစ်မလဲလို့ပြောထားချက်ကိုဖတ်ရအောင်။


108

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၀း၉)
'ထိုသူများတို့သည် မြေကြီးမျက်နှာပေါ်သို့တက်၍ သန့်ရှင်းသူတို့၏တပ်ကိုင်း၊
ချစ်ဖွယ်သောမြို့တော်ကိုင်း၊
ဝိုင်းကြ၏။


109

ထိုအခါ ဘုရားသခင့်ထံတော်က ကောင်းကင်မှမီးကျ၍သူတို့ကိုမျိုလေ၏။'
ဗျာဒိတ်ကျမ်း ၂၀း၉။


110

စစ်ပွဲကြီးပြီးသွားတဲ့အခါ စာတန်ဘာဖြစ်သွားမလဲ။
ကျမ်းစာအဆိုအရ


111

(ကျမ်းချက်။ ဗျာဒိတ် ၂၀း၁၀၊၁၄၊၁၅)
'သူတို့ကိုလှည့်ဖြားသောမာရ်နတ်ကိုလည်း ကန့်နှင့်ရောနှောသော မီးအိုင်ထဲသို့ ချပစ်လျှင်


112

ထိုအခါ မရဏာနှင့်မရဏာနိုင်ငံကို မီးအိုင်ထဲသို့ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းပေတည်း။


113

အသက်စာစောင်၌စာရင်းမဝင်သော သူရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ချပစ်လေ၏။'
ဗျာဒိတ်ကျမ်း ၂၀း၁၀၊၁၄၊၁၅။
ရှင်ပေတရုက ဒီမီးလျှံကို သူ့ရဲ့ ရူပါရုံမှာ မြင်တွေ့ခဲ့တယ်။


114

(ကျမ်းချက်။ ၂ ပေ ၃း၁၀)
'. . . မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓာတ်တို့သည်
ပူအားကြီး
၍ ပျက်ကြလိမ့်မည်။

# ၂၄ – စာတန်ကိုသံကြိုးဖြင့်ချည်နှောင်အကျဉ်းချခြင်း



115

မြေကြီးမှစ၍မြေကြီးပေါ်မှာ ပြုလုပ်သမျှသော အရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။
၂ ပေ ၃း၁၀။
စာတန်နဲ့သူ့နောက်လိုက်ဆိုးသွမ်းသူတွေ ထာဝရပျက်စီးသွားမယ်။



116

ကျွန်ုပ်တို့ရဲ့ဆွေမျိုးမိတ်ဆွေတွေ ထာဝရပျက်စီးသွားကြမယ်။
ကျွန်ုပ်တို့ ဝမ်းနည်းကြမယ်။



117

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၁း၄)
သတင်းကောင်းတခုကတော့
'ဘုရားသခင်သည် သူတို့၏မျက်စိ၌မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန်သေဘေးမရှိရ။



118

စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသောအရာတို့သည် ရွှေ့သွားကြပြီ။'
ဗျာဒိတ်ကျမ်း ၂၁း၄။


119

အစဉ်ထာဝရစံစားရမယ်လို့ဘုရားရှင်ဟာ ကယ်တင်ခြင်းခံရတဲ့သူတွေကို သိထားတော်မူတယ်။ လူသားတွေအနေဖြင့် ဘယ်သောအခါကမျှ အတွေးတောမကြုံဆခဲ့တဲ့ တင့်တယ်လှပသော ပါရတီသုဘုံကို ဘုရင်နောက်တော်သို့လိုက်သူအပေါင်းတို့အတွက် ပြင်ဆင်လျက်ရှိတယ်။

အမှန်မှာ ဆိုးသွမ်းသူတွေဟာလည်း ဒီနိုင်ငံကို ဝင်စားဘို့ဖြစ်ပါတယ်။ သို့သော်လည်း သူတို့တတွေ ခရစ်တော် ကို ကယ်တင်ရှင်အနေဖြင့် လက်မခံကြဘူး။

မိတ်ဆွေ သင်ဟာ ဘယ်အစုမှာ ပါမလဲ။ နောက်မကျမှီရွေးချယ်ပါ။

နှစ်ပေါင်းတထောင်အစလေးမှာ ရွေးချယ်မယ်ဆိုရင်လည်းနောက်ကျမယ်။ သင်ရုတ်တရက်သေဆုံးသွားလျှင်လည်း နောက်ကျနေပြီ။

သင်ဟာ ဖြောင့်မတ်သူတွေနှင့်အတူရှိခြင်တယ်ဆိုရင် တော့ ခရစ်တော်ကို ယနေ့ဘဲလက်ခံပါ။


120

ခရစ်တော်အားစိတ်နှလုံး လုံးလုံးလျားလျားဆက်ကပ်မယ်ဆိုလျှင် ရှေ့သို့ကြွခဲ့ပါ။ သင့်အတွက် ဆုတောင်းပေး လိုပါတယ်။ သင်ဟာ စုံစမ်းခြင်းထဲမှာ ရုံးကန်နေရတယ်ဆိုလျှင်၊ ရှေ့သို့ထွက်ခဲ့ဘို့ သင်တို့အတွက်ဆုတောင်း ပေးလိုပါတယ်။

လာပါ ယခုလာပါ။ ကျွန်ုပ်တို့ဆုတောင်းသံကို ဘုရားရှင်နားညောင်းတော်မူမယ်။ သူအဖြေပေးပါလိမ့်မယ်။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ



1

ကောင်းကင်နိုင်ငံ အမှန်တကယ်ရှိပါသည်။


2

ပုံပြင်လေးသည် မြို့နေမိန်းကလေးတစ်ယောက်အကြောင်းကိုဖော်ပြထားသည်။ မြို့ပြ၏တောက်ပသော မီးအလင်းရောင်များသည် အထက်ကောင်းကင်ယံ၌လင်းလဲ့နေ၍ကြယ်ကလေးများကို ရှုမြင်ခွင့်သူမခမျာ မရရှိခဲ့ပေ။
တစ်ခုသော နွေရာသီ၌မိခင်နှင့်အတူတောကျသောနေရာဒေသတစ်ခု၌ အပျော်ခရီးထွက်ခွင့်ကိုရရှိခဲ့သည်။


3

ညအချိန်ရောက်သောအခါ၊ ကောင်းကင်ယံမှကြယ်ကလေးများသည် စိန်များသဖွယ်လင့်လဲ့တောက်ပနေပါသည်။ ထိုလှပသော ကြယ်ကလေးများကို သူငယ်မသည် တအံ့တသြငေးမောကြည့်နေမိသည်။
ကြယ်ကလေး များ၏ အလှအပသည် သူမ၏ အာရုံတစ်ခုလုံးကို လွှမ်းခြုံထားလေတော့သည်။
ကောင်းကင်ယံကို နောက်တစ်ကြိမ်ပြန်မော့ကြည့်ပြီး မိခင်ဖြစ်သူကို စကားပြောလိုက်တယ်။ အို မေမေ၊ ပြောင်းပြန်တဘက်မှကြည့်နေတာတောင် ကောင်းကင်ယံဟာ ဒီလောက်တောင်လှပတယ်ဆိုရင် တည့်တည့် မတ်မတ်ဘက်ကကြည့်ရင်ဘယ်လောက်လှလိုက်မလဲ။



4

(ဗီဒီယို။ ၅ စက္ကန့်)
ခေတ်အဆက်ဆက်ပင် ကောင်းကင်ယံ၏ အလှအပများသည် လူယောကျ်ားမိန်းမတို့၏ အာရုံကို ဖမ်းစားမိခဲ့ တယ်။ ကောင်းကင်ဟာ ဘာနှင့်တူပါသလဲ။ တကယ်ကောရှိရဲ့လား။ ရှိတယ်ဆိုရင်ဘယ်မှာလဲ။
ကောင်းကင် နိုင်ငံဟာ ဘာနဲ့များတူနိုင်မှာလဲ။


5

အချို့လူတွေ ကောင်းကင်နိုင်ငံရှိတယ်ဆိုတာမယုံကြည်ကြဘူး။ အချို့မှာ တော့ကောင်းကင်သုံးထပ်၊ နောက်ပြီးခုနှစ်ထပ် ရှိတယ်လို့ပြောကြသေးတယ်။
သေတာနဲ့ကောင်းကင်ရောက်တယ်လို့ပြောကြတဲ့လူလည်းရှိသေးတယ်။


6

တချို့က စစ်ကြောခြင်းနေရာတစ်ခုကိုပထမအရင်ရောက်ပြီးမှ နောက်မှကောင်းကင်ရောက်သွား တယ်လို့ ယူဆကြတယ်။


7

အချို့ကြတော့လည်း ကောင်းကင်နိုင်ငံဆိုတာတကယ်ရှိတာမဟုတ်ဘူး၊ လူသားတွေရဲ့ စိတ်ကူးယဉ် တစ်ခုပါဘဲ။


8

လူတိုင်းကောင်းကင်နိုင်ငံရောက်ပြီးတော့ မိမိတို့ရဲ့အသကခရီးစဉ်ကို အဆုံးသတ်ကြမယ်လို့ ယုံကြည်သူတွေရှိကြ တယ်။
လူအနည်းငယ်သာ ကောင်းကင်နိုင်ငံရောက်မည်ဟု တချို့ယုံကြည်ကြတယ်။
ရှုပ်ထွေးပွေလီနေပါတယ်။ ခံယူချက်တွေကွဲပြားနေကြတယ်။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ




9

(ဗီဒီယို။ ၇ စက္ကန့်)
ဘာဖြစ်လို့ကောင်းကင်နဲ့ပတ်သက်တဲ့ ယူဆချက်တွေကွဲပြားရသလဲ။ ကျမ်းစာထဲမှ အဖြေမှန်ရရှိရဲ့သားနဲ့ လူတွေဘာဖြစ်လို့ခြားနားတဲ့ခံယူချက်တွေရှိရတာလဲ။



10

ကောင်းကင်နိုင်ငံအကြောင်းကို သမ္မာကျမ်းစာ၌စုံလင်စွာဖော်ပြတယ်ဆိုတာ သင်သိပါသလား။ ကောင်းကင် အကြောင်းကို သိရှိလို့ဘုရားသခင် အလိုတော်ရှိပါတယ်။ ဒါမှလည်း မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေကို ကျွန်ုပ်တို့ ချနိုင်ပါလိမ့်မည်။
ကောင်းကင်နိုင်ငံသည် ဘုရားသခင်လူသားတွေအတွက် လျှို့ဝှက်စွာထားသော နေရာမဟုတ်ပါ။



11

ကြီးကျယ်ခမ်းနားသော အဆောက်အဦးကြီးများ၏ တံခါးပေါက်တိုင်း၌သော့ခလောက်နှင့်ကိုက်ညီသော သောများရှိကြတယ်။




12

အဆောက်အဦးပိုင်ရှင်ထံမှာတခါးပေါက်တိုင်းကိုဖွင့်နိုင်သော မဟာသော့တစ်ချောင်းရှိတယ်။




13

ကောင်းကင်နိုင်ငံ၏နက်နဲသော အကြောင်းအရာများကိုဖွင့်ရန် ဘုရားရှင်ထံ၌မဟာသော့ တစ်ချောင်း ရှိပါတယ်။ အဲဒီသော့ က သမ္မာကျမ်းပါပဲ ကျွန်ုပ်တို့အတွက် အားထားရဆုံးအရာဖြစ်တယ်။

ကံအားလျော်စွာဖြင့် ကျွန်ုပ်တို့ဟာ လူတို့၏ တွေးတောယူဆမှုနည်းနာများကို အားထားစရာမလိုတော့ဘူး။ ကောင်းကင်နိုင်ငံနှင့်ပတ်သက်လို့ကျွန်ုပ်တို့ရှုပ်ထွေးစရာမလိုတော့ဘူး။




14

ဒီအကြောင်းအရာနှင့်ပတ်သက်ပြီးတမန်တော်ပေတရုကဒီလိုရေးသားထားပါသည်။



15

(၂ ပေတရု ၁း၁၉)
'ထိုမှတပါးသာ၍မြဲမြံသော အနာဂတ္တိစကားတော်သည် ငါတို့၌ရှိသေး၏။
စိတ်နှလုံးထဲ၌အာရုံတက်၍ကြယ်နီပေါ်ထွန်းသည်
ကာလတိုင်အောင်



16

ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ထွန်းလင်းသော ဆီမီးကဲ့သို့မှတ်၍သင်တို့သည် အမှီပြုသင့်ကြ၏။'
(၂ ပေတရု ၁း၁၉)

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ



17

ကောင်းကင်နိုင်ငံက ဘယ်မှာရှိမှာကို
ကောင်းကင်နိုင်ငံက ဘာနဲ့တူမှာကို
ကောင်းကင်နိုင်ငံတော်ရဲ့ မြို့တော်က ဘယ်မှာရှိမှာကို
လူတွေက အဲဒီမှာ ဘာလုပ်ကြမှာကို
လူတွေက ဘာနဲ့တူကြမှာကို
ကယ်တင်ခြင်းခံစားရသူတွေ ဘယ်မှာနေကြမှာကို
မြို့တော်က ဘယ်လိုပုံပန်းသဏ္ဌာန်ရှိမှာကို
ဘုရားသခင်က နှုတ်ကပတ်တော်မှာ ဖော်ပြထားပါတယ်။





18

ယခုကျွန်တော်တို့ ဘုရားသခင်ရဲ့အဓိကသော့ဖြစ်တဲ့နှုတ်ကပတ်တော်ကို ဖတ်ပြီး သူ့ရဲ့နောက်တော်သို့လိုက် လျှောက်တဲ့ လူသားတွေအားလုံးအတွက် အနာဂတ်မှာ ဘာတွေပြင်ထားသလဲဆိုတာ ကြည့်ကြရအောင်။



19

သမ္မာကျမ်းစာအုပ်ရဲ့ နောက်ဆုံးကျမ်းဖြစ်သည့် ဗျာဒိတ်ကျမ်းထဲမှာ ထာဝရဘုရားသခင်ဟာ ရှင်ယောဟန်ကို နောက်အနာဂတ်မှာ ဖြစ်ပျက်မည့်အရာတွေကို ဖော်ပြထားပါသည်။ ရှင်ယောဟန်ကလည်း ဘုရားသခင်ဖော် ပြခဲ့သည့်အရာတွေမှာ သူဘာတွေတွေ့မြင်ခဲ့တယ်ဆိုတာကို အတိအလင်းဖော်ပြထားတာတွေ့ရမှာဖြစ်ပါတယ်။





20

(ကျမ်းချက်။ ဗျာဒိတ်ကျမ်း ၂၁း၁၊၂)
'ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား၊ ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွှေ့သွားကြပြီ။'




21

'ထိုအခါမှစ၍သမုဒ္ဒရာမရှိ'။




22

'သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်ဆာဆင်သော မင်္ဂလာဆောင် သတို့သမီးကဲ့သို့ ပြင်ဆင်လျက်




23

ဘုရားသခင့်အထံတော် ကောင်းကင်ဘုံမှဆင်းသက်သည်ကို ငါမြင်၏။'
(ဗျာဒိတ်ကျမ်း ၂၁း၁-၂)

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ



24

ကောင်းကင်နိုင်ငံတော်ကြီးဟာ ပျော်ရွှင်ခြင်းတရားတွေ၊ ချစ်ခြင်းတရားတွေနဲ့ ပြည့်စုံလို့နေပါတယ်။ သတို့သမီးကညာဟာ သူရဲ့သတို့သားအတွက် အကောင်းဆုံးမင်္ဂလာနေ့ လေးဖြစ်အောင်ပြုလုပ်သကဲ့သို့ ဖြစ်နေပါလိမ့် မယ်။



25

အဲဒီသာယာလှတဲ့ ကောင်းကင်နိုင်ငံတော်ကြီးကို ယောဟန်တစ်ယောက်တည်းတွေ့မြင်ခဲ့ရတာ မဟုတ်ပါဘူး။ ခေတ်အဆက်ဆက်က ဘုရားသခင်ရဲ့ ပရောဖက်ကြီးများအားလုံးတွေ့မြင်သိရှိခဲ့ပြီးဖြစ်ပါ တယ်။




26

(ကျမ်းချက်။ တမန်တော် ၃း၂၀၊၂၁)
သင်တို့အဘို့အလို့ငှါ ခန့်ထားတော်မူသော ယေရှုခရစ်ကို စေလွှတ်တော်မူမည်အကြောင်း. . .




27

ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပရောဖက် ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ပေးထားတော်မူသော ထိုကပ်ကာလာ၊ အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလမရောက်မှီတိုင်အောင်




28

ကောင်းကင်ဘုံသည် ထိုခရစ်တော်ကို ခံယူသိမ်းဆည်းရမည်။
တမန်တော် ၃း၂၀၊၂၁





29

ဘုရားသခင်က ဘာတွေကို ပြန်လည်ပြင်ဆင်ပေးမှာလဲ။
ဘုရားသခင်ဟာ အာဒံနှင့်ဧဝတို့ရဲ့ ဆုံးရှုံးသွားခဲ့ရတဲ့အရာအားလုံးကို ပြန်လည်ပေးမှာဖြစ်ပါတယ်။
ကမ္ဘာကြီးဟာ ဖန်ဆင်းခါစ ဘုရားသခင်ရဲ့လက်ရာတော်အတိုင်း ခမ်းနားခြင်း၊ ပြည့်စုံခြင်း၊ လှပခြင်း စသည့် လူသားတွေရဲ့ ဘာသာစကားတွေနဲ့ဖော်ပြလို့မရအောင်ပြည့်စုံလှပခြင်းတို့ကို ဘုရားသခင် ပြန်လည်ပေးမှာဖြစ် ပါတယ်။



30

ဖန်ဆင်းရှင်ကိုယ်တိုင် ဒီဇိုင်းဆွဲပြီး အလှတန်ဆာဆင်ထားတဲ့ ဧဒင်ဥယျာဥ်ဟာ ပါရတိသုဘုံဖြစ်ပြီး အာဒံနှင့်ဧဝ တို့ရဲ့အိမ်လည်းဖြစ်ပါတယ်။ ဘုရားသခင်ဟာ သူတို့အားကမ္ဘာကြီးကိုအုပ်စိုးစေတယ်။



31

သူတို့သည် ကျန်းမာခြင်း၊ချစ်ခြင်းမေတ္တာ၊ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံသည်မကပဲဘုရားရှင် ကိုယ်တော် တိုင်နှင့်လည်းမျက်နှာချင်းဆိုင်မိတ်သဟာယ ပြုခွင့်ရပါသည်။
အရာရာအားလုံးငြိမ်းချမ်းပြီးကွဲပြားမှု မရှိခဲ့ပါ။ သူတို့မှာ ဖျားနာခြင်းမရှိ၊ သေခြင်းတရားမရှိ။
ဘုရားရဲ့ညွှန်ကြားချက်အမိန့်ကိုလည်း ရွေးချယ် နားထောင်ခွင့်ရှိပါတယ်။


# ၂၅ – အကောင်းဆုံးသည် မလာသေးပါ


32

ဘုရားရှင်၏ ညွှန်ကြားချက်အမိန့်မှာ 'ဧဒင်ဥယျာဉ်အလယ်၌ရှိသော အပင်၏ အသီးကို မစားနှင့်။ စားသောနေ့၌ဧကန်သေမည်။'


33


သို့သော် ထိုအပင်၏အသီးကို ရွေးချယ်စားခဲ့ပါတယ်။ သူတို့ဟာချစ်ခြင်းမေတ္တာနဲ့ပြည့်ဝတဲ့ဘုရား၏စကားထက် လိမ်ညာပုန်ကန်၊ ရက်စက်တဲ့ တမန်ဖြစ်သော စာတန်မာနတ်၏ စကားကို နားထောင်ခဲ့ပါတယ်။


34


နောက်ပိုင်း၌ ပထမဆုံးသူတို့၏ အသက်ရှင်နေထိုင်မှုတွင် အရှက်၊ အကြောက်အပြစ်များဝင်လာခဲ့ပါတယ်။
၎င်းဟာ ကမ္ဘာဂြိုလ်နဲ့သမိုင်းမှာ ကြီးမားသည့်ဝမ်းနည်းကြေကွဲဖွယ် တစ်ခုဖြစ်ခဲ့ပါတယ်။
ကမ္ဘာကိုအုပ်ချုပ်ရသောအခွင့်ကို၄င်း၊ အသက်ပင်၏အသီးကို စားခွင့်တွေအားလုံးလွှတ်သွားတယ်။


35

သူတို့တွေထာဝရအသက်ကို လက်လွှတ်ခဲ့ရတယ်။ သူတို့၏ပျော်ရွှင်ခြင်း၊ ချစ်ခြင်း၊ ဖန်ဆင်းရှင်နှင့် အတူမိတ်သဟာယဖွဲ့ခြင်းကိုလည်း အဆုံးသတ်ခဲ့ရတယ်။ ကျွန်ုပ်တို့၏ ပြည့်စုံတဲ့ ဒီကမ္ဘာကြီးဟာအပြစ်တရားကြောင့် ပျက်စီးယိုယွင်းသွားတယ်။
ကမ္ဘာပေါ်မှာ ရောဂါကြောင့်ဝမ်းနည်းခြင်း၊ စိတ်ဝေဒနာခံစားခြင်းနှင့် သေခြင်းတရားဝင်လာခဲ့ပါတယ်။
အာဒံနှင့်ဧဝဟာ သခင်များမဟုတ်တော့ဘဲ၊ ကျွန်များဖြစ်လာပါတယ်။


36

(ကျမ်းချက်။ ရောမဩဝါဒစာ ၆း၁၆)
သင်သည် မည်သူရဲ့အစေခံဖြစ်သည်ကို သင်သိသလားလို့ ရှင်ပေါလုကမေးထားတယ်။


37

သင်တို့သည် သင်နားထောင်သောသူ၏အစေခံဖြစ်ပါတယ်။
သို့သော် ချစ်ခြင်းမေတ္တာဘုရားရှင်ဟာ သိထားပြီးဖြစ်ပါတယ်။ မြွေဆိုးဟာ အာဒံနှင့်ဧဝကို လိမ်လည်ခဲ့တယ်။ ဘုရားရှင်ဟာသူတို့ကိုအလွန်မှပင်ချစ်သည့်အတွက်သူ့သားသမီးများကိုမြော်လင့်ချက်ကင်းမဲ့စွာမထား ရက်ခဲ့ပါ။


38

ဧဒင်ဥယျာဉ်၏အပေါက်ဝ၌ ဘုရားရှင်သည် အာဒံနှင့်ဧဝကို ဂတိပေးခဲ့သည်မှာ မိန်းမ၏ အမျိုးအနွယ်ဖြစ်သော သူ့ရဲ့သားတော်သည်လာ၍ အသေခံခြင်းအားဖြင့် သူတို့ကို ဘုရားရှင်၏ မိသားစုဝင်ဖြစ်ဖို့ ထာဝရအသက်ရတို့ လာသိမ်းဆည်းမည်ဖြစ်ပါသည်။


39

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၃း၁၅)
'သင်နှင့်မိန်းမကို ၄င်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကို၄င်း၊ ငါသည် ရန်ငြိုးဖွဲ့စေမည်။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ



40

သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။'



41

လူသားများဟာ ဤကမ္ဘာမြေကြီးပေါ် မှာ တိုးပွားများပြားလာခဲ့သည်နှင့်အမျှ အပြစ်သည် လည်း ထိုကဲ့သို့ တိုးပွားလာခဲ့ပါတယ်။ လူသားတွေဟာ ဘုရား၏ကတိတော်ကို မေ့ကုန်ကြပြီး။



42

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၆း၅)
လူတွေဆိုးသွမ်းလာပြီးညစ်ညမ်းလာတာကို "မြေကြီးပေါ်မှာ လူအပြစ်ကြီး၍



43

သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည်အစဉ်မပြတ်ဆိုးညစ်ခြင်း
သက်သက် ရှိကြောင်းကို ဘုရားသခင်သိမြင်တော်မူလျှင်'
ကမ္ဘာဦးကျမ်း ၆း၅


44

နောက်ဆုံးတွင် ဘုရားရှင်သည် ဆိုးသွမ်းသူတို့အားရေဖြင့်ဖျက်ဆီးခဲ့ပြီး၊ ကောင်းသောသူတို့ကိုကယ်ဆယ်ခဲ့တယ်။
ရှစ်ယောက်သာ အသက်ရှင်ကျန်ကြွင်းခဲ့ပါတယ်။
ရေလွှမ်းမိုးပြီးလို့ ခေတ်အဆက်ဆက်အတော်ကြာသောအခါမှာ လူသားတွေတဖန်ပျက်စီးလာပြန်တယ်။


45

သန့်ရှင်းသူများ ကမ္ဘာပေါ်မှာ ဆက်လက်ရှိသွားဘို့ရန်၊ ဘုရားသခင်သည် အာဗြဟံနှင့်သူ၏မိသားစုအား ဘုရား တရားမရှိ၊ အကျင့်ပျက်သော ခါလဒဲပြည်သားတို့နေသည့် ဥရမြို့မှထွက်လာဘို့ ခေါ်တော်မူတယ်။ အဲဒီမြို့မှာ ဆက်နေရင် အာဗြဟံနှင့်မိသားစုအားလုံးပျက်စီးကုန်မှာသေချာတယ်။



46

(ကျမ်းချက်။ ကမ္ဘာဦးကျမ်း ၁၂း၁-၂)
'ထာဝရဘုရားသည် အာဗြဟံကို ခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဘော်များထဲက ထွက်ပြီးလျှင်၊ ငါပြလတ့်သော ပြည်သို့သွားလော့။



47

ငါသည် သင့်ကို လူမျိုးကြီးဖြစ်စေမည်။ ငါကောင်းကြီးပေး၍သင်၏နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းကြီးခံရသော သူဖြစ်လိမ့်မည်။'
ကမ္ဘာဦးကျမ်း ၁၂း၁-၂

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ



48

အာဗြဟံဟာ ခါလဒဲပြည်ရှိ ဇိမ်ရှိသောအိမ်ကို စွန့်ချင်တဲ့ဆန္ဒရှိပါတယ်။
သူဘယ်ကိုသွားရမှန်းမသိသော်လည်း၊ မြတ်စွာဘုရားဟာ သူ့အတွက် ဘာပြင်ဆင်ထားပေးသလဲဆိုတာ သူရိပ်မိတယ်။



49

(ကျမ်းချက်။ ဟေဗြဲ ၁၁း၉-၁၀)
'ဂတိတော်နှင့်စပ်ဆိုင်သော ပြည်၌ယုံကြည်ခြင်းအားဖြင့် ဧည့်သည်ဖြစ်၍နေ၏။



50

ထိုဂတိတော်ကို အမွေခံရသော အဘော်အဘက်တည်းဟူသော ဣဇာက်၊ယာကုပ်တို့နှင့်အတူတဲ၌နေလေ၏။



51

အကြောင်းမူကား ဘုရားသခင်သည် တည်ထောင်ပြုစုတော်မူသော ခိုင်ခံ့မြဲမြံသော မြို့ကို မြော်လင့်သတည်း။'
ဘုရားသခင်သည် အာဗြဟံအားအာဒံနှင့်ဧဝမှပျောက်ဆုံးသွားသော သူ၏ သားသမီးများအတွက် ဂတိပေးခဲ့ပါ တယ်။



52

ခေတ်အဆက်ဆက်ပရောဖက်တွေဟာ မူလအခြေနေအတိုင်းပြန်လည်ရောက်ရှိစေဘို့ ယုံကြည်ကြတယ်။
ကျမ်းစာထဲမှာ ယုံကြည်သူတွေရဲ့ အမည်ကို မှတ်တမ်းတင်ထားပါတယ်။



53

ဟေဗြဲအခန်းကြီး ၁၁ ၌ အာဗြာဟံ၊ ဧနောက်၊ အာဗေလ၊ ဣဇာက်၊ ယာခပ်၊ ဒါဝိဒ်နှင့်ရှမွေလတို့သည် ယုံကြည် ခြင်း၌ကြီးမားခဲ့သော လူများဖြစ်တယ်။ အာဒံနှင့်ဧဝတို့ကျရှုံးခဲ့သော်လည်း ဘုရားရဲ့ဂတိတော်များအား ယုံကြည်သူတွေဖြစ် ကြပါတယ်။
ကျမ်းစာက ဒီအာဇာနည်များအကြောင်းကို ဘာပြောသလဲဆိုတာကြည့်ပါ။



54

(ကျမ်းချက်။ ဟေဗြဲ ၁၁း၁၃-၁၆)
ဤသူအားလုံးသည် ဂတိတော်နှင့်စပ်ဆိုင်သော အကျိုးကျေးဇူးကို မခံရဘဲ၊ အဝေးက မြော်မြင်လျှက် စိတ်နှလုံးနှင်ဘက်ယမ်းလျက် မိမိတို့သည် မြေကြီးပေါ်မှာ တကျွန်းတနိုင်ငံသားဧည့်သည် အာဂန္တုဖြစ်သည်ကို ထင်ရှားစွာ ဝန်ခံလျက်ယုံကြည်ခြင်းစိတ်နှင့်သေလွန်ကြ၏။



55

သို့သော် သူတို့၏ ကောင်းသောဆုံးဖြတ်ချက်တခုကြောင့် ကောင်းကင်နိုင်ငံတော်၌ ဘုရားရှေ့မှာ ရှက်ကြောက် ခြင်းမရှိပဲ ထာဝရဘုရားကိုလည်း သူတို့၏ဘုရားဟု ခေါ်ဆိုရကြမည်။
ဘုရားသခင်သည်လည်း သူတို့၏ ဘုရားဟူ၍ ခေါ်ဝေါ်ခြင်းကို ရှက်တော်မမူ။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ




56

သူတို့နေရာဘို့မြို့ကိုတည်ထောင်တော်မူပြီ။
ဟေဗြဲ ၁၁း၁၃-၁၆


57

ခရစ်တော်ကြွလာမည့်အကြောင်းနှင့်ပတ်သက်လို့ ဟောပြောသောပရောဖက်တို့တွင် အကြီးဆုံးဖြစ်သော ဟေရှာယက မူလအခြေအတိုင်းပြန်လည်ရောက်ရှိဘို့ ကိစ္စနှင့်ပတ်သက်ပြီးအလွန်စိတ်ပါဝင်စားစရာ ကောင်း အောင်ဖေါ်ပြထားပါတယ်။
ဟေရှာယကို ဘုရားရှင်ဘာဖေါ်ပြသလဲဆိုတာကြည့်ရအောင်။




58

(ကျမ်းချက်။ ဟေရှာယ ၆၅း၁၇)
'ကြည့်ရှုလော့။ မိုးကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ငါဖန်ဆင်းမည်။'



59

အရင်မိုးကောင်းကင်နှင့်မြေကြီးကို မအောက်မေ့ရ။ နှလုံးမမှတ်မိရ။



60

(ဟေရှာယ ၆၀း၁၈)
'သင်၏ပြည်၌အနိုင်အထက်ပြုခြင်းအသံကို နောက်တဖန်မကြားရ။ သင်၏နယ်အတွင်းတွင် လုယက်ဖျက်ဆီးခြင်း မရှိရ။



61

သင်၏မြို့ရိုးကို ကယ်တင်ခြင်းဟူ၍၎င်း၊ မြို့တံခါးတို့ကို ချီးမွမ်းခြင်းဟူ၍၎င်း သမုတ်ရလိမ့်မည်။'



62

(ဗီဒီယို။ ၁၈ စက္ကန့်)
စဉ်းစားကြည့်ပါ။ အကြမ်းဖက်မှုတွေမရှိတော့ဘူးတဲ့။ ငြိမ်းချမ်းမှုနှင့်ညီညွတ်မှုသာရှိမယ်လို့ဆိုထားပါတယ်။
အံ့သြဘွယ်ရာသီတင်းမဟုတ်ဘူးလားဗျာ။
ဟိုနေရာမှာတော့ မိမိကိုယ်ကို ကာကွယ်ဘို့ လက်နက်တွေမလိုတော့ပါဘူး။
မဒိမ်းကျင့်သူတွေ၊ သူခိုးတွေ မရှိတော့ပါဘူး။
ဘယ်လောက်အံ့သြဖွယ်ကောင်းသလဲ။ ရွှေဖြင့်လုပ်ထားတဲ့ လမ်းတွေပေါ်မှာ လျှောက်ကြမယ်။
လုယက်မှုတွေ၊ တိုက်ခိုက်မှုတွေ အတွက်ပူစရာမလိုတော့ပါဘူး။ ပရောဖက်ပြောတာရှိပါသေးတယ်။
နားထောင်ကြည့်ပါ။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ



63

(ကျမ်းချက်။ ဟေရှာယ ၁၁း၆)
'တောခွေးသည် သိုးသငယ်နှင့်အတူနေလိမ့်မည်။ ကျားသစ်သည် ဆိတ်သငယ်နှင့် အတူအိပ်လိမ့်မည်။



64

လူသူငယ်သည် သူတို့ကို ပို့ဆောင်လိမ့်မည်။'
ဟေရှာယ ၁၁း၆



65

ယခုနားထောင်လိုက်လျှောက်ခြင်းသည် တစ်နည်းအားဖြင့် ကျမ်းစာက ဒီကမ္ဘာဂြိုလ်ဟာ
နောက်ဆုံးပြန်လည်သိမ်းဆည်း ချိန်၌ မူရင်းအလှအပကဲ့သို့ဖြစ်မည်။



66

(ကျမ်းချက်။ ဟေရှာယ ၃၃း၂၄)
'မြို့သားကလည်း၊ ငါနာသည်ဟုမဆိုရ။'
လေဖြတ်တယ်ဆိုတာမရှိဘူး။ ကင်ဆာရောဂါလဲမရှိဘူး၊အားလုံးကျန်းမာအစဉ်ရှိကြလိမ့်မယ်။



67

(ကျမ်းချက်။ ဟေရှာယ ၃၅း၅)
'ထိုအခါ မျက်စိကန်းသော သူတို့သည် မျက်စိပွင့်လင်းကြလိမ့်မည်။'
မျက်စိကန်းခဲ့၍တဖန် မျက်စိပြန်မြင်သော သူ၏ဆန္ဒကတော့ ခရစ်တော်ရဲ့မျက်နှာကို ဖူးမျှော်ခြင်းဘဲ
ဖြစ်ပါတယ်။ မျက်မမြင်သူတွေအတွက် ထိုနေ့ဟာ ကျက်သရေနှင့်ပြည့်ဝသောနေ့ကြီးဖြစ်ပါလိမ့်မယ်။



68

(ဟေရှာယ ၃၅း၅၊၆)
'. . . နားပင်းသော သူသည် နားပင်းခြင်းနှင့်လွတ်ကြလိမ့်မည်။'



69

'ခြေဆွံ့သောသူတို့သည် ဒရယ်ကဲ့သို့ ခုန်ကြလိမ့်မည်။'
ဘီးဖြင့်သွားသော လှည်းမလိုတော့ပါ။ ချိုင်းထောက်များမလိုတော့ပါ။ လူတိုင်းသည် ပြည့်စုံသော
ခန္ဓာကိုယ်ရှိ ကြမည်။



70

(ကျမ်းချက်။ ဟေရှာယ ၃၅း၆)
'. . . စကား အ သော သူတို့သည် သီချင်းဆိုကြလိမ့်မည်။'
ထိုသူတို့သည် စကားပြောနိုင်ရုံတင်မကသေးဘဲ၊ သီချင်းဆိုကြလိမ့်မယ်။ ထိုနေ့ရက်ဟာ ဘယ်လောက်
ထိပျော်ရွှင်စရာကောင်းသလဲ။ ဤသတင်းစကားဟာ အံ့ဩဖွယ်သတင်းအဖြစ်အပျက်
ပင်ဖြစ်ပါတယ်။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ


71

(ကျမ်းချက်။ ဟေရှာယ ၃၅း၁)
'တောနှင့်လွင်ပြင်သည် ဝမ်းမြောက်လိမ့်မည်။ ဆိတ်ညံသောအရပ်သည်လည်း ရွှင်လန်း၍နှင်းပွင့်ကဲ့သို့ အပွင့်ပွင့်လိမ့်မည်။'
ကမ္ဘာသစ်ဟာ အံ့သြဘွယ်နေရာဖြစ်ပါလိမ့်မယ်။


72

(ကျမ်းချက်။ ဟေရှာယ ၆၅း၂၁-၂၂)
'ထိုသူတို့သည် ကိုယ်ဆောက်သော အိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်သော စပျစ်ဥယျာဉ်အသီးကို စားကြလိမ့် မည်။


73

ထိုသူတို့သည် အိမ်ကို ဆောက်၍အခြားသော သူနေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကို စိုက်၍ အခြားသော သူစားရမည်မဟုတ်။


74

ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍ ရွေးကောက်သော သူတို့သည် အချည်းနှီးမလုပ် မဆောင်ရကြ။'
ဟေရှာယ ၆၅း၂၁-၂၂


75

ကောင်းကင်ဟာ နေရာတနေရာပါ။ လူတွေလဲတကယ်ရှိမယ်။ ကိုယ်စီနာမည်ရှိကြလိမ့်မယ်။ တဦးကိုတဦးပြန် သိကြလိမ့်မယ်။


76

(ကျမ်းချက်။ ဟေရှာယအနာဂတ္တိကျမ်း ၆၆း၂၂၊၂၃)
'ငါဖန်ဆင်းသောကောင်းကင်သစ်နှင့်မြေကြီးသစ်သည် ငါ့ရှေ့၌တည်သကဲ့သို့


77

သင်တို့၏အမျိုးအနွယ်နှင့်သင်တို့၏နာမသည်လည်း တည်ရလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။'
ဟေရှာယအနာဂတ္တိကျမ်း ၆၆း၂၂


78

လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာ ကိုးကွယ်ခြင်းငှါ လဆန်း နေ့နှင့် ဥပုသ်နေ့

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ


79

အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။
ဘုရားသခင်နှင့်သူ၏လူများအတွက် ထိုကောင်းကင်သစ်သည် ပျော်ရွှင်ဖွယ်ကောင်းသောနေရာ၊ ဝမ်းမြောက်ဝမ်းသာ ဖွယ်ရာကောင်းသည့်နေရာဖြစ်လိမ့်မည်။



80

ဟေရှာယ အနာဂတ္တိကျမ်း ၃၅း၁၀
'ထာဝရဘုရားကယ်လွှတ်တော်မူသော သူတို့သည် ပြန်လာ၍ သီချင်းဆိုလျှက်ထာဝရ ဝမ်းမြောက်ခြင်း သရဖူကို ဆောင်းလျက် ဇိအုန်မြို့သို့ရောက်ကြလိမ့်မည်။



81

ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကိုရကြ၍ ဝမ်းနည်းခြင်းနှင့် ညည်းတွားခြင်းသည် ပြေးသွားရလိမ့်မည်။'
ဟေရှာယ အနာဂတ္တိကျမ်း ၃၅း၁၀


ကြားရတာစိတ်ဝင်စားစရာမကောင်းဘူးလား။


82

ကယ်တင်ခြင်းခံရသောသူအသီးသီးတို့သည် ဥပုသ်နေ့၌သန့်ရှင်းသော မြို့တော်တွင် အပေါင်းအသင်းမိတ်ဆွေ များနှင့်အတူ ချီမွမ်းခြင်းများနှင့် သီချင်းဆိုပြီး ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ဖွယ်ကောင်းသည့် အံ့ဩဖွယ် ကောင်းသော အခန်းအနားများကို ကျင်းပကြလိမ့်မည်။


83


ကျွန်ုပ်တို့တဦးစီအတွက် ယေရှုအိမ်တွေဆောက်ထားပါလိမ့်မယ်။ ဟေရှာယပရောဖက်အဆိုအရ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း အိမ်တွေဆောက်ကြလိမ့်မယ်။
ကျွန်တော်တို့ကိုယ်တိုင်ဆောက်သောအိမ်ဟာမြို့တော်၏ အပြင်ဘက်မှာရှိပြီး ရက်သတ္တပတ်၏ အားလပ်ရက် များမှ ကမ္ဘာသစ်၏မြို့တော်သို့ ပြန်လာပြီးမြို့တော်၌ရှိသော ကျွန်တော်တို့အိမ်မှာ နေကြလိမ့်မယ်။



84

(ဗီဒီယို။ ၇ စက္ကန့်)
ကျမ်းစာတွင်ဖော်ပြထားတဲ့ကောင်းကင်ကတော့ရှင်းပါတယ်။ ဘုရားသခင်ဟာ ကောင်းကင်သစ်နှင့်မြေကြီး သစ်ကို ဖန်ဆင်းပါလိမ့်မယ်။ သန့်ရှင်းသော ယေရုရှလင်မြို့သစ်ဟာ မြတ်စွာဘုရားရှိရာ ကောင်းကင်မှ ဆင်းသက်လာပါလိမ့်မယ်။

ကျွန်တော်တို့နေတဲ့ ကမ္ဘာကြီး၊ ပုန်ကန်ထကြွခဲ့တဲ့ ကမ္ဘာကြီး၊ အပြစ်ထဲသို့ကျခဲ့တဲ့ ကမ္ဘာကြီးဟာ စကြဝဠာကြီးရဲ့ မြို့တော်ကြီးဖြစ်ပါလိမ့်မယ်။ ခင်ဗျားအံ့အားသင့်စရာကောင်းပါလိမ့်မယ်။ ဒီကမ္ဘာကြီးဟာ ကယ်တင်ခြင်း ခံရသူတွေရဲ့ အနာဂတ်နေစရာအိမ်ဖြစ်ပါလိမ့်မယ်။ ခရစ်တော်ဒီလိုပြောခဲ့ပါတယ်။


85

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၅း၅) 'စိတ်နှုးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကားထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့။' ရှင်မဿဲခရစ်ဝင် ၅း၅
ပြည့်စုံကြွယ်ဝသော ကမ္ဘာသစ်ကြီး အဖြစ်သို့ဘုရားသခင်က ပြုပြင်ပြောင်းလဲလိမ့်မည်။ ထိုကမ္ဘာကြီးသည် အံ့ဩချီးမွမ်းဖွယ်ကောင်းသော လက်ရာဖြစ်လိမ့်မည်။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ




86

သခင်ခရစ်တော်ကောင်းကင်ဘုံသို့ မတက်ကြွသွားခင် သူ၏တပည့်တော်များနှင့် နောက်လိုက်များကို ပေးခဲ့သော အံ့ဩဘွယ် ကတိတော်များကို သင်ပြန်လည်သတိယပါ။




87

ရှင်ယောဟန်ခရစ်ဝင် ၁၄း၁-၃
'တဖန်တုံယေရှုက၊ သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်ကြလော့။




88

ငါ့အဘအိမ်တော်၌နေစရာအခန်းအများရှိ၏။
သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အားငါမပြောဘဲမနေ။




89

ငါသည်သွား၍သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍





90

ငါရှိရာအရပ်၌သင်တို့သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်။'
ယောဟန် ၁၄း၁-၃




91

(ကျမ်းချက်။ ရှင်မဿဲခရစ်ဝင် ၆း၁၀)
ယေရှုက သူ့တပည့်တော်များကို ဆုတောင်းခြင်းဘယ်လိုသင်ပေးသလဲဆိုရင်
'နိုင်ငံတော်တည်ထောင်ပါစေ သော။ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။'ရှင်မဿဲခရစ်ဝင် ၆း၁၀
ဒီနေရာမှာ ယေရှုက ကျွန်ုပ်တို့အား ဆုတောင်းစေလိုတာကတော့ မူလအခြေသို့ပြန်ရောက်အောင်ဘဲဖြစ်ပါတယ်။



92

ရှင်ယောဟန်ပတ်မောစ်ကျွန်းမှာရှိစဉ်က ရူပါရုံထဲမှာ တွေ့ခဲ့တဲ့ ကြီးကျယ်ခမ်းနားတဲ့မြို့ကြီးကို ကြည့်ရအောင်။ ရှင်ယောဟန်အနေဖြင့် ၎င်းမြို့ကြီးရဲ့ ကြီးကျယ်ခမ်းနားပုံကို ဖေါ်ပြရန်စကားရှာမတွေ့ဖြစ်နေတယ်။




93

(ကျမ်းချက်။ ၁ ကော ၂း၉)
'လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး'လို့ဆိုထားပါတယ်။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ


94

ဘုရားသခင်ကို ချစ်သောသူတို့အတွက်ဘုရားရှင်ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ လူတော်တော်များများက နောက်ကျမ်းချက် တခုကု ဖတ်ရန်ပျက်ကွက်ကြတယ်။ ဘယ်လိုပြောထားလဲကြည့်ရအောင်။


95

(ကျမ်းချက်။ ကောရိန်သု ဩဝါဒပထမစောင် ၂း၁၀)
'ထိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အားဖော်ပြတော်မူ၏။'


96

ဒီအရာများကို ကျွန်တော်တို့ဖတ်နိုင်ဖို့ရန် ရေးထားပေးတဲ့ ပရောဖက်များအား ဘုရားသခင်က ဝိညာဉ်တော်အားဖြင့် သူတို့အပေါ် ဖေါ်ပြတာကို ကျွန်တော်တို့တွေ့နိုင်ပါတယ်။ ဖေါ်ပြထားတာတွေဟာ မစုံလင်ပါဘူး။ တဝက်မျှသာရှိပါသေးတယ်။


97

မိတ်ဆွေတို့၊ ဒီအံ့ဩဖွယ်မြို့တော်အကြောင်းကိုရှင်ယောဟန်ပြောတဲ့အခါမှာ မယုံနိုင်လောက်အောင်အံ့ဩဘွယ် ကောင်းလှပါတယ်။ သို့သော်လည်း နှုတ်ကပတ်တော်ကတော့ ရှင်ယောဟန်တွေ့ခဲ့တာတွေကို အောက်ပါအတိုင်း ဖေါ်ပြထားပါတယ်။



98

(ဗီဒီယို။ ၁၁ စက္ကန့်)
ယောဟန်က ဘာတွေ့လဲဆိုတော့ ပင်လယ်ကြီးမရှိတော့တဲ့ ကောင်းကင်သစ်နဲ့မြေကြီးသစ်ကို တွေ့တယ်လို့ ပြောထားပါတယ်။ ထို့ပြင် သူက သန့်ရှင်းတဲ့မြို့တော် ကောင်းကင်မှ ဆင်းသက်တာကိုလည်းမြင်ပါတယ်။ အဲဒီ မြို့အကြောင်းသူဘယ်လိုပြောသေးလဲဆိုတော့


99

(ဗျာဒိတ် ၂၁း၁-၃၊ ၁၁၊ ၁၇၊ ၂၁)
'ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့် ရှေးမြေကြီး သည် ရွေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ။ဗျာဒိတ် ၂၁း၁


100

သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဘို့တန်ဆာဆင်သော မင်္ဂလာဆောင် သတို့သမီးကဲ့သို့ပြင်ဆင်လျက်၊ ဘုရားသခင့်အထံတော် ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။ 'ဗျာဒိတ် ၂၁း၂


101

'ကောင်းကင်မှကြီးသောအသံကား ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူကျိန်းဝပ်တော်မူ မည်။ သူတို့သည် ကိုယ်တော်၏ လူဖြစ်ကြလိမ့်မည်။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ



102

ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်။ ’
ဗျာဒိတ်ကျမ်း ၂၁း၃



103

‘ထိုမြို့၏အရောင်အဝါသည် ကျောက်သလင်း၊ နဂါးသွဲ့ကဲ့သို့၊ အမြတ်ဆုံးသော ကျောက်မျက်မွန်နှင့် တူ၏။ ’

ဗျာဒိတ်ကျမ်း ၂၁း၁၁



104

မြို့ရိုးဒုကိုတိုင်း၍ တရာလေးဆယ်လေးတောင်ရှိ၏။’ (အခန်းငယ် ၁၇)



105

‘တံခါးတဆယ့်နှစ်ရွက်အသီးအသီးတို့သည် ပုလဲတပြားစီဖြင့်ပြီး၍ ပုလဲတဆယ်နှစ်ပြားဖြစ်ကြ၏။’
(အခန်းငယ် ၂၁)



106

(ဗျာဒိတ် ၂၁း၁၂၊၂၁၊၂၇)
‘ကြီးမြင့်သောမြို့ရိုးလည်းရှိ၏။ တံခါးတဆယ်နှစ်ပေါက်ရှိ၏။ ထိုတံခါးတဆယ်နှစ်ပေါက်၌
ဣသရေလအမျိုးအနွယ်တစ်ဆယ့်နှစ်မျိုး၏နာမတို့ကို ရေးထားလျက်ရှိ၏။’



107

‘မြို့လမ်းမသည် ကြည်လင်သောဖန်ကဲ့သို့သော ရွှေစင်ဖြစ်၏။ ’ (အခန်းငယ် ၂၁)



108

‘ထိုမြို့သည် နေ၏အရောင်၊ လ၏အရောင်ကို အလိုမရှိ။ အကြောင်းမူကား၊ ဘုရားသခင်၏ ဘုန်းတော်သည်
ထိုမြို့ကို လင်းစေ၏။ သိုးသငယ်သည်လည်း ထိုမြို့၏ ဆီမီးဖြစ်၏။ (အခန်းငယ် ၂၃)



109

(ဗျာဒိတ် ၂၂း ၁၊၂၊ ၅)
‘ကျောက်သလင်းကဲ့သို့ကြည်လင်၍ ဘုရားသခင်နှင့်သိုးသငယ်၏ ပလ္လင်တော်ထဲက ထွက်သော
အသက်ရေစီး ရာမြစ်ကို ကောင်းကင်တမန်သည် ငါ့အားပြလေ၏။’

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ



110

'ထိုမြစ်နှစ်ဘက်၌လည်း အသက်ပင်ရှိ၏။ ထိုအသက်ပင်သည် အသီးတဆယ်မျိုးကို သီးတတ်၏။
မိမိအသီးကို လည်း လတိုင်းပေးတတ်၏။'



111

'ထိုမြို့၌ညဥ့်မရှိ။'ဗျာဒိတ် ၂၂း၅
သိုးသငယ်နှင့် ဘုရားသခင်၏ ပလ္လင်တော် ယေရုရှလင်မြို့တော်သစ်၌ရှိမည်။'



112

ဗျာဒိတ် ၂၂း၃
'နောက်တဖန် ကျိန်ခြင်းဘေးတစုံတခုမျှမရှိ၊ ထိုမြို့၌ဘုရားသခင်နှင့်သိုးသငယ်၏ ပလ္လင်တော်ရှိ၍. . .'
အံ့ဩဖွယ်အကောင်းဆုံးဆုလဒ်ကို ဗျာဒိတ် ၂၂း၄ မှာ တွေ့နိုင်ပါတယ်။



113

(ကျမ်းချက်။ ဗျာဒိတ် ၂၂း၄)
'ဘုရားသခင်သည် သူတို့၏မျက်စိ၌မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေး မရှိရ။
စိတ်မသာညည်းတွားခြင်း



114

အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။' ဗျာဒိတ် ၂၂း၄
သန့်ရှင်းတဲ့မြို့ကြီးဟာ ဘယ်လောက်ကျယ်သလဲဆိုတာ စဉ်းစားမိရဲ့လား။



115

(ကျမ်းချက်။ ဗျာဒိတ် ၂၁း၁၆)
ယောဟန်က ဒီမြို့ရဲ့ အကျယ်အဝန်းတိကျစွာဖေါ်ပြထားပါတယ်။ 'မြို့သည် စတုရန်းလေးထောင့်ဖြစ်၏။
အနံအလျားအတူတူဖြစ်ပါသည်။



116

ထိုသူ (ကောင်းကင်တမန်) သည် ကျူလုံးနှင့်မြို့ကို တိုင်း၍ ယူဇနာတရာနှစ်ဆယ်စီရှိ၏။'
(ဗျာဒိတ် ၂၁း၁၆)



117

တဖါလုံနှင့် အင်္ဂလိပ်မိုင် ၁/၈ တူညီပါတယ်။ ထို့ကြောင့် ၁၂၀၀၀ ဖာလုံဟာ ၂၄၀၀ ကီလိုမီတာ ပတ်ပတ်
လည်နှင့်တူညီမှာဖြစ်ပါတယ်။ ရှေးမြို့ကြီးများတိုင်းတဲ့အခါမှာ သူ့မြို့ရိုးအပြင်ဘက်ကနေ တိုင်းတာပါတယ်။
ထို့ကြောင့် ဒီမြို့ကြီးဟာ တဖက်နဲ့တဖက် အကွာအဝေး ခန့်မှန်းချက်အရ ၆၀၀ ကီလိုမီတာ သို့မဟုတ်
၃၇၀ မိုင်ရှိနိုင်ပါတယ်။
သင်ဟာ ဒီမြို့ကြီးက ကယ်တင်ခြင်းရတဲ့ လူစုအတွက် လုံလောက်ပါမလားလို့ စဉ်းစားမိပါလိမ့်မယ်။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ


118

တိုကျိုမြို့တော်ဟာ လူပေါင်းသန်း ၃၅ နီးပါးနေထိုင်သောမြို့ဖြစ်တယ်။



119

နယူးယောက်မြို့တော်မှာလည်း လူပေါင်း သန်း ၂၀ ကျော်နေထိုင်တယ်။


120

ဆိုးလ် နဲ့ မက္ကဆီကို စီးတီးမှာကျတော့ တမြို့မှာ လူသန်း၂၀ နီးပါးစီလူနေထူထပ်တယ်။



121

သချ်ာပါရဂူ တစ်ယောက်က ဘယ်လိုယုံကြည်သလဲဆိုတော့ ယေရုရှလင်မြို့သစ်မှာ နှစ်ကုဋေသော လူတွေနေ ထိုင်နိုင်ဘို့အိမ်တွေရှိမယ်။ တစ်နည်းအားဖြင့် အဲဒီနေရာကို ရောက်ချင်တဲ့သူတိုင်းအတွက် အခန်းတွေရှိမယ်လို့ ဆိုလိုခြင်းပဲဖြစ်ပါတယ်။ ဒီလိုအံ့ဘွယ်နေရာမှာ ကျွန်တော်တို့ဘာတွေများ အလုပ်များနေမှာလဲ။



122

(ဗီဒီယို။ ၁၅ စက္ကန့်)
အိုခြင်း၊နာခြင်း၊သေခြင်း၊ ရာဇဝတ်မှုတွေရောဂါဆိုးတွေမရှိတော့ဘူး၊ ငြိမ်းချမ်းပျော်ရွှင်မှုတွေသာရှိမယ်။
ထာဝစဉ် သာယာအေးချမ်းမယ်။
အဲဒီနေရာမှာ တို့ရဲ့ အိမ်ကို တို့ကိုယ်တိုင်ဆောက်ပြီး ကိုယ်စိုက်တဲ့ သစ်ပင်တွေရဲ့အသီးကို ပြန်စားရမယ်။
ဘယ်လောက် ပျော်စရာကောင်းမလဲ။


123

တို့ရဲ့ဖန်ဆင်းရှင်ခရစ်တော်ဘုရားက တို့နဲ့အတူရှိပြီးတော့ တို့နားမလည်နိုင်ခဲ့တဲ့ ဖန်ဆင်းခြင်းအကြောင်းကို တို့တတွေအားလုံးအတွက် သူရှင်းပြပေးမယ်။ ဒီနေရာမှာ အသစ်သော အရာတွေကို သင်ယူရမည်။ တို့သွားလိုသောနေရာကို လွပ်လပ်စွာသွားနိုင်လိမ့်မယ်။


124

ချစ်ခင်သူတွေနှင့်သော်လည်းကောင်း၊ မိတ်ဆွေများနှင့်သောငင်း၊ မိတ်သဟာယဖွဲ့ရန်အချိန်ရှိမယ်။
ဥပုသ်နေ့ ရောက်တိုင်း ကောင်းကင်တမန်တွေနဲ့အတူတကွ
ဘုရားရှင်အားသံကုန်ဟစ်ပြီးချီးမွမ်းသီချင်းဆိုကြမယ်။ အဲ့ဒီ အချိန်ဟာ ဘုရားရှင်နဲ့မိတ်သဟာယဖွဲ့ဖို့ အထူးအချိန်ဖြစ်လိမ့်မယ်။ ကောင်းပါပြီး။ ခင်ဗျားအနေဖြင့် မေး ကောင်းမေးပါလိမ့်မယ်။ အဲဒီနေရာကို ရောက်နိုင်တယ်ဆိုတာ ဘယ်လိုသိမှာလဲ။
အဖြေကတော့ လွယ်ပါတယ်။
သမ္မာကျမ်းစာကတော့ဒီလိုပြောထားတယ်။

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ


125

(ကျမ်းချက်။ ဂလာတိ ၃း၂၉) ‘သင်တို့ဟာ အာဗြဟံရဲ့မျိုးဆွေ၊ ခရစ်တော်ဘုရားရဲ့ သားသမီးတွေဖြစ်မယ်ဆိုရင် ဒီအမွေ ကို သင်တို့ ဂတိတော်အတိုင်း ရရှိကြမယ်တဲ့။
ဂလာတိ ၃း၂၉


126

တနည်းအားဖြင့် ပြောရရင် ခရစ်တော်ဘုရားကို သင့်ရဲ့ကယ်တင်ရှင်အဖြစ်လက်ခံမယ်ဆိုရင် ဘုရားရှင်ဟာ အာဗြဟံကို ပေးထားတဲ့ဂတိတော်ဟာ ခင်ဗျားအတွက်လည်းဖြစ်ပါလိမ့်မယ်။ ကျမ်းစာကိုဆက်လက်လေ့လာလျှင် စိတ်ဝင်စားဖွယ်ကောင်းတဲ့အရာတွေတွေ့ရပါလိမ့်မယ်။


127

ပထမ အခန်း ၃ ခန်းမှာ ဘုရားရှင်ဟာ ဒီကမ္ဘာကို ဘယ်လိုဖန်ဆင်းခဲ့လဲနောက်ပြီး အာဒံနှင့်ဧဝအတွက် ပါရဒိ သုဘုံ ကို ဘယ်လိုဖန်ဆင်းခဲ့လဲ။ ဒါပေမဲ့ ဝမ်းနည်းစရာက အာဒံနဲ့ဧဝအတွက် ဒါတွေအားလုံးပျောက်ကွယ်ခဲ့ရ ပါတယ်။


128

ကျမ်းစာရဲ့နောက်ဆုံးအခန်း ၃ ခန်းမှာ အာဒံနဲ့ဧဝ တို့အတွက် ဆုံးသွားတဲ့ အိပ်မက်တွေကို ဘုရားရှင်က တို့တတွေအတွက်ပြန်ပြီး ရရှိဘို့ ထူထောင်မယ်ဆိုတဲ့ အခန်း ပါဘဲ။ ဒါကတော့ အမှန်တရားပဲဖြစ်ပါတယ်။


129

လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက သိုးတွေကိုတင်ဆောင်တဲ့သင်္ဘောတစင်းဟာ မြောက်ဘက်ပင်လယ်ပေါ်မှာ မြူနှင်းတွေထဲ ကွယ်ပျောက်သွားခဲ့တယ်။ သုံးရက်တာ သင်္ဘောဟာ ဦးတည်ရာမရှိဘဲ မျောနေခဲ့ပါတယ်။ သင်္ဘောပေါ်မှာ ရှိတဲ့သိုးတွေ ဟာ သင်္ဘောပေါ်မှာ တင်လာတဲ့ မလတ်ဆတ်တော့တဲ့ ကောက်ရိုးတွေကို မစားတော့ပဲရှိနေကြတယ်။ သင်္ဘောထဲအနံ့လှောက်သွားပြီးတော့ အော်သံတွေပြုလုပ်နေကြတယ်။ ဘာ-ဘာ-ဘာ ဆိုပြီးအဆက်မပြတ်အော်ကြတယ်။ ဘာကြောင့်လဲ။ သူတို့တွေ အရမ်းအံ့သြကြတယ်။ မကြာခင် မြူနှင်းတွေ ပျောက်ကွယ်သွားခဲ့ပါတယ်။ စကော့တလန်ကမ်းခြေနဲ့သိပ်မဝေးမလှမ်းမကမ်းမှာဘဲ သင်္ဘောဟာ ဆိုက်ခဲ့ပါတယ်။ သိုးတွေဟာ ကမ်းခြေတဝိုက်မှာ ပေါက်ရောက်တဲ့ မြက်ပင်တွေရဲ့အနံ့အသက်ကို ရပုံပေါ်ပါတယ်။ သူတို့ဟာ မြက်အဟောင်းတွေကို မစားချင်တော့ဘူး။ ညှင်းဆန်ကြတယ်။ သူတို့ရဲ့ သခင်တွေကလည်းကြိုးစားပြီးကျွေးရှာတယ်။ ဒါပေမဲ့ သိုးတွေဟာ လုံးဝ မစားဘဲရှိနေကြတယ်။



130

(ဗီဒီယို။ ၇ စက္ကန့်)
အဲဒီလိုဘဲ ကောင်းကင်အနံ့အသက်ကို ကျွန်ုပ်တို့ရတဲ့အခါမှာ လောကမှာရှိတဲ့စားပေးသင့်တာတွေကို ဆင်ခြင်မယ်။ ထာဝရဆိုတဲ့အနံ့ကို ကျွန်ုပ်တို့ရတဲ့အခါမှာ ဘယ်နေရာမဆိုသူ့နေရာနဲ့သူ အဆင်သင့်ရှိနေကြမယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ ဒီနေရာကို မျှော်နေကြတယ်။ ထာဝရကမ်းခြေရောက်ဖို့ တို့မျှော်လင့်နေကြတယ်။
ကောင်းကင်နိုင်ငံကို သင်ငံ့လင့်နေပါသလား။ အဲဒီကိုရောသင်ရောက်လိုပါသလား။
ခရစ်တော်နဲ့အတူကောင်းကင်မှာ ထာဝရနေဖို့ သင်ဆန္ဒရှိပါသလား။
ဟုတ်ပါတယ်။ ကိုယ်တော်နဲ့ အတူကျွန်ုပ်နေလိုပါတယ်။ ကိုယ်တော်နှင့်အတူထာဝရကာလပတ်လုံး နေလိုပါတယ်။


131

(ကျမ်းချက်။ ဗျာဒိတ် ၂၂း၁၇)
ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟု ဆိုကြ၏
ဗျာဒိတ် ၂၂း၁၇

# ၂၅ – အကောင်းဆုံးသည် မလာသေးပါ


132

အချိန်မရွှေ့ပါနှင့်။ သင်လည်းဘဲ ဘုရားစီစဉ်ထားတဲ့ အံ့ဘွယ်ကောင်းသော မြို့တော်ကို အမွေခံရန်ပါဝင်နိုင်ပါ တယ်။ ခရစ်တော်ကို သင်၏စိတ်နှလုံးထဲသို့ဖိတ်ခေါ်ပါ။ ကောင်းကင်နိုင်ငံတော်ဟာ သင်ရဲ့အိမ်ဖြစ်ပါလိမ့်မယ်။